
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com 31375348



ဒေါ်အောင်စေပိုင် စီစဉ်ဖန်တီးသည်

မဂ္ဂဇင်း

၂၀၁၃ ခုနှစ်၊ ဇူလိုင်လ
အတွဲ(၈)၊ အမှတ်(၁)

ကျေးဇူးရှင်မိဘနှစ်ပါးအား ရိုသေမြတ်နိုး
လက်ဆယ်ဖြာထိပ်မှာမိုး၍
ရှိခိုးပူဇော်ကန်တော့ပါ၏။

**သက်တော်မြဲဂါထာ**

အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊
ယံ ပရူပက္ကမေန တထာဂတံ ဇီဝိတာ ဝေါရောပေယျ၊
အနုပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ။
ဧတေန သစ္စဝဇ္ဇေန သောတ္ထိ မေ ဟောတု သဗ္ဗဒါ။

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ... ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ... ဒို့အရေး |
| အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး | ... ဒို့အရေး |

### ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်ဓာတ်အကျင့်စာရိတ္တမြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com






# မာတိကာ

## ဘာသာရေးဘုရားသမိုင်း


- ရှင်ပင်ထိန်လင်း ဘုရားစေတီ ... ချစ်မင်းသု ၇
- ဒန်ပေါ့ဟွာင်းတရုတ်ဗုဒ္ဓဘာသာ ဂူလိုဏ်များ ... ကိုအေးမြင့်(ရေး/သု) ၁၃
- မြို့ရိုးဒွါရကျောင်းတိုက်ရှိ ဆုတောင်းပြည့်စေတီ ... မင်းတိုင်ပင်(မြရောင်မြေ) ၅၀
- ပေါ်တော်မူဘုရားနှစ်ဆူနှင့်အတူ ဦးခိုက်ဖူးမြော်မည် ... သတိုးဖြူ ၆၀
- သင်္ဂဇာ ဆုတောင်းပြည့်စေတီတော်နှင့်. . . . . ... ခင်ခင်ဝင်း(မောရဝတီ) ၆၇
- မန္တလေးတောင်ပေါ်မှ ဦးခန္တီကောင်းမှုတော်စေတီများ ... ချစ်မင်းသု ၁၀၆


## ဘာသာရေးသုတ/ရသဆောင်းပါး


- ရွှေဥမင်ဆရာတော်ဘုရားကြီးရဲ့ ဓမ္မလမ်းညွှန်စကား ... ဓမ္မလုလင် ၁၈
- တကယ့်ဗုဒ္ဓဘာသာနှင့် သစ္စာလေးပါးတရားတော် ... မေတ္တာရှင်(ရွှေပြည်သာ) ၂၀
- ငြိမ်းချမ်းစွာအတူတကွနေထိုင်ရေး ... ဓမ္မာစရိယဦးငွေးလှိုင် ၃၄
- ချင်းတောင်တန်း ခန္တီနိတောင်ကြီးပေါ်က. . . . . ... ရဲရဲထွန်း(ဟသ်ာတ) ၄၄
- ဘုန်းကြီးဆိုသောသီချင်း ... သုခ ၆၃
- ဗဟု သုစရ တေဒင်ဘွဲ့ထူးရ ... ဝေယံဦး ၇၄
- သောတာပန်မျက်ရည် ... သိန်းသူ ၉၀
- ထူးထူးခြားခြား လေးဝတၳုများ ... ဦးအေးကို(ယမုံနာ) ၁၀၀
- ဗုဒ္ဓ၏အစောပိုင်းကာလ သာဝကစွာဝုံတော် ... လှကျော်ညွန့်(ရေကင်း) ၁၂၅
- သာသနာ့ဘုရားဒါယကာ ကြွယ်တစ်ပွင့်. . . . . ... ဗေဒသုတေသီဆရာမျိုး ၁၃၆
- ပေးခြင်း ယူခြင်း ဆိုသည်မှာ ... မောင်မိုးဦး ၁၅၄
- ဥစ္စာစွဲအဝယ်ဘုံသား ... ကိုသက်ရှည် ၁၆၆


## မန္တန်၊ ဂါထာ၊ ကျင့်စဉ်


- ဘုရား(၇)ဆူ အဓိဋ္ဌာန်ယူဖို့ ... ခေတ္တရာဆရာကျော် ၃၉
- ဗုဒ္ဓစာပေ၊ ဂါထာမန္တန်နှင့်. . . . . ... ကိုရွှေမြသန်း(သမိုင်း) ၄၆
- မာလနှင့်ပါပ မီးကွင်းမန္တန် ... မင်းကြည်ဖြူ ၇၃
- ၇ရက်သားသမီးများအတွက် ... ရောမြေကျော်ဝေ ၁၀၃
- ရသေ့ကြီးဦးခန္တီ၏. . . . . ... တင့်ထူး(ဇေယျဝတီ) ၁၁၃
- မဟာလျှင်ကာဂါထာ ... အောင်ကောင်းမြ(သာကေတ) ၁၄၀
- ဘေးအန္တရာယ်အပေါင်းမှ. . . . . ... ကျော်သန်းစံ ၁၅၇


## တိုင်းရင်းဆေး


- စပါးမင်းဂမုန်း၊ ပန်းနာရောဂါအတွက် ဆေးဖော်သုံး ... ပေါ်လွင်ဦး(ရေး) ၁၁၈
- ဆီးချိုကိုပျောက်စေတဲ့ ရုံးပတီသီး ... သျှင်ထွေး(သန်လျင်) ၂၂၃
- ဒန့်သလွန်ရဲ့ ဆေးဖက်ဝင် အစွမ်း ... မောင်ဝေအေး ၂၃၅
- မာလကာပင် တိုင်းရင်းဆေးအသုံး ... ကျော်တင့်ဆွေ ၂၅၄
- ပိန်သူများဝဖြိုးလာစေရန် ... ဝင်းဇော်(သုံးဆယ်) ၂၉၇
- မျက်ရိုးကိုက်၊ မျက်ရည်ပူကျ. . . . . ... နတ်မောက်မှတ်ကျောက် ၃၃၄


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

## ဗုဒ္ဓဝင်ရသ


- အလက်ာသားတို့ရဲ့ စိတ်ထား ... ကိုချမ်း(ဆေး-၂) ၂၉
- ဝေမာနိကဗိမာန်ရှင် ... နန္ဒာမိုးကြယ် ၅၆
- ငယ်သေးတယ်လို့ အရွယ်မရွေးပါနဲ့ ... ပန်းတနော်နောင်လတ် ၇၇
- နှောင်ကြိုးမဲ့ ... မြင့်မြတ်ကျော်ခေါင် ၈၁
- အမှောင်ခွင်း၍လမင်းသာ ... သာဓုမြေဘုန်းရှိန် ၁၈၅


## အထွေထွေသုတ၊ ရသဆောင်းပါး


- ပဲခူး ကလျာဏီသိမ်တော် ... တင်နိုင်တိုး ၂၇
- ရှကွစိုးနတ်အား ယှဉ်ပြိုင်ရင်ဆိုင်ခဲ့သူ ... ချစ်ဆိုင် ၈၅
- နက္ခတ်သိပ္ပံအမြင်နှင့်..... ... ဦးဇေယျာကို ၁၂၀
- စာအုပ်စင် ... သုတအဖွဲ့ ၁၄၇
- အောင်ထူးဆန်း ... သက်နှင်းဆွေ(ပုပ္ပါး) ၁၈၁
- မတ္တရာဆရာကြီး အဘချစ်ရာ၏..... ... မိုးကျော်ကျော် ၂၀၄
- အောင်ပန်းမြို့လေးမှသည်..... ... ဦးခန့်(အင်းစိန်) ၂၀၄
- မြက်ကိုပဲစားတော့မယ် ... ဒေဝသူရဆိပ်ခွန် ၂၂၇
- ထူးဆန်းထွေလာ ဤကမ္ဘာ ... မောင်လင်းအောင် ၂၄၂
- မှတ်သိပ်ခြင်း အတုနဲ့အစစ် ... ရွှေဥဒေါင်း ၂၆၃
- တရားသုံးပါး အဓိကထား ... ညီအောင်ပြည့် ၂၇၆
- ရိနတ်ရေကန်(သို့မဟုတ်)..... ... ကိုစော(စစ်ကိုင်း) ၂၈၉


## ဂမ္ဘီရဆန်းကြယ်ဝတ္ထုများ


- မယ်တော်ချောင်းက မရဏအော်သံ ... ဆုမွန်ဦး(ဟသ်ာတ) ၁၃၀
- ကျွန်းလုလင်ပင်အနီးမှာ..... ... မင်းဟိန်းထိဝ် ၁၄၆
- နတ်သက်ကြွေ ... ဂါဦးနွန်ကို ၁၆၀
- ပဋ္ဌာန်းဆက်အကျိုးပေး ... အေးမောင်မောင်စန်း ၁၇၄
- ခမဲပြင်ဇာတ်လမ်း ... မြရာပင်မောင်တင်ယုံ ၁၉၀
- ဂမ္ဘီရအင်းတစ်ချပ်နှင့် အံ့ဖွယ်ဖြစ်ပုံများ ... ဆန်းဝင်းအောင်မြေ ၂၀၈
- အုတ်ခဲတစ်လုံး ... မောင်မြင့်မား(ဘိုကလေး) ၂၁၈
- ညောင်ပင်ကြီးနှင့် တောကြောင်ကလေးများ ... ထွန်းတောက် ၂၂၈
- ကံကွက်ကျား ... သန့်စင်မွန် ၂၃၆
- ဘသြဘာနှင့် နန်းထိုင်ဂမုန်းအန္တရာယ် ... မောင်လှယဉ်(မော်လမြိုင်) ၂၄၂
- မိုက်ကြွေးမိုက်ပြစ် ... ရိရိဌေး ၂၅၆
- မြွေဟောက်ဂလဲ့စား ... စိုးဝေ ၂၇၁
- သေမင်းကို ဖျက်ရယ်ပြုသူ ... ဘနှင်း(မြန်မာပြန်) ၂၇၉
- အပ ... ကောင်းသော် ၂၈၅
- ရှကွစိုးမီးလား၊ သရဲမီးလား ... မောင်တင်ကြွယ်(ပြည်) ၂၉၉
- ထူးဆန်းသောဇီးကွက်ရုပ်လက်စွပ် ... မြသိန်း ၃၀၇
- လူဆိုးထိန်းမောင်ကြီးနှင့်..... ... မကြွေးညိုစိမ့် ၃၁၃
- လွမ်းဖွယ်ချစ်သူမောင်နှံ ... ကိုမောင်သန်းဝင်း ၃၂၉



www.burmeseclassic.com

www.burmeseclassic.com


**အယ်ဒီတာချုပ်**
မောင်ညိုအေး (ပန်းတော)
**တာဝန်ခံအယ်ဒီတာ**
ကိုကိုလှ(ကမာမြေ)
**မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း**
ဟိန်းမင်းဇော်
**ကွန်ပျူတာစာစီ**
စန်းစန်းထွေး၊ A7 Group
**ကြော်ငြာနှင့် ဖြန့်ချိရေး** - [illegible]
**ပြင်ပဆက်သွယ်ရေး** - [illegible]
**မျက်နှာဖုံးစာလုံးဒီဇိုင်း** - [illegible]
**မျက်နှာဖုံးပန်းချီ** - မောင်မြင့်ငွေ
**အတွင်းသရုပ်ဖော်ပန်းချီ**
ဝင်းသိန်း၊ မောင်မြင့်ငွေ၊ ရန်နိုင်ဦး၊ သန့်စင်၊ ရဲရင့်နိုင်၊ အောင်နိုင်လတ်၊ ကျော်ဦး၊ စတွေ၊ ကျော်စိုးညိန်း၊ ဆူးထက်အောင်၊ ပညတ်၊

**တန်ဖိုး** - (၂၂၀၀)ကျပ်
**အုပ်ရေ** - (၅၀၀)

**ထုတ်ဝေသူ**
ဦးညီစော်ထွန်း ([illegible])
**[illegible]**
[illegible]
[illegible]
ဖုန်း - ၇၃၀၅၀၄၇၁။
**အတွင်းဖလင်** - ကိုမျိုးညွန့် (A7 Group)
**စာအုပ်ချုပ်** - ဦးတင်လှ
**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
ဒေါ်တျင်ယုံ(ကောင်းစံပုံနှိပ်တိုက်)၊
အမှတ်(၂၇၉/ခ)၊ ၄၀-လမ်း၊
အမှတ်(၉)ရပ်ကွက်၊ ကျောက်တံတား။

| | |
|---|---|
| မန္တလေး | ထွန်းဦးစာပေ |
| | နဂါးစာပေ |
| ရှမ်းတောင်၊ ကယား | မိလျံနာစာပေ |
| မော်လမြိုင် | ကျော်ကျော် |
| ပြည် | သုခ၊ နေစေး |
| နေပြည်တော် | မြတ်ရွှေတောင်စာပေ |
| နေပြည်တော်ပျဉ်းမနား | ဖြိုးဝေလွင်စာပေ |
| ပဲခူး | သဇင် |
| ဟင်္သာတ | တာလေးမောင် |











## အဆောင်၊ အစီအရင်၊ ယတြာ

- ဘေးမသီကံစွမ်းစရာ ... သုတေသီဆရာငြိမ်း ၁၇၁
- ဆဗွတ်ကြီးအုပ်ပါညီကောင်း၏နေရပ်ရှာ ... ကိုနေဦးမောင်(ပခုက္ကူ) ၁၉၅
- တစ်ကိုယ်တည်းသာ နေပါရစေတော့တွယ် ... ဦးအောင်မြိုင် ၁၉၇
- ဘယ်သူ့အတွက် ယတြာလဲ ... သန်လျင်မောင်ကျောက်ခဲ ၂၅၁
- သားသမီးဆိုး ငြိမ်ဝပ်စေနည်းတစ်ထွေ. . . . . ... အောင်လံထူဆရာဟိန်း ၂၆၉
- အကြံပြုစာမျက်နှာ ... ခေတ္တရာဆရာကျော် ၂၈၃
- ဘယ်အရွယ်မှာထီပေါက်မလဲ ... ညီညီသွင် ၃၁၁

## အသုံးချပညာရပ်များ

- ၂၀၁၃၊ ဇူလိုင်လအတွက် လိုအင်ဆန္ဒပြည့်ဝ
အောင်မြင်စေမည့် (ကား၊ကုး၊ဖွင့်)နဝင်းယတြာအစီအရင်များ. . . ဆရာမြတ်ထွဋ်ခေါင် ၁၉၉
- ဘဝပုဏ္ဏာအဖြေရှာ ကဏ္ဍ ... ဆရာတက္ကသိုလ်စိုးမိုးနိုင် ၂၄၈
- နာမက္ခရဆန်း ... ဂမ္ဘီရဆရာလှမျိုး ၂၆၇
- ၂၀၁၃၊ ဇူလိုင်လ၊ တြင်းရုပ်အဟောစာတမ်းများ ... ဓမ္မာစရိယဦးအောင်ကျော်မိုး ၃၀[illegible]
- ၂၀၁၃၊ ဇူလိုင်လ၊ ကောင်းကင်ဂြိုဟ် ရပ်တည်မှု
၁၂ ရာသီ လဂ်ပိုင်ရှင်တို့၏ နက္ခတ်ကံကြမ္မာ ... ဦးဇေယျာကို ၃၁၉
- ၂၀၁၃၊ ဇူလိုင်လ၊ ၁၂ ရာသီခွင်နှင့် သင့်ကံတရား ... တက္ကသိုလ်စိုးမိုးနိုင် ၃၃၅

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




စကျင်ကျောက်တုံးငယ်ပေါ်မှ ပေါ်တော်မူရုပ်ပွားတော်
ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊


www.burmeseclassic.com

www.burmeseclassic.com

# အင်းဝ တံတားဦးမြို့နယ် ပုဏ္ဏားခြံရွာရှိ

# ရှေးဟောင်းသမိုင်းဝင် ရှင်ပင်ထိန်လင်းဘုရားစေတီ

ချစ်မင်းသူ






၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂ရက်နေ့မှာ ကျရောက်မယ့် မြေငူကျေးရွာနှင့် ပုဏ္ဏားခြံကျေးရွာတို့မှာ ကျင်းပမယ့် ရှေးဟောင်းသမိုင်းဝင် ရှင်ပင်ထိန်လင်းဘုရားပွဲတော်ကို နွှဲပျော်ဖို့ ပန်းချီ ကိုထွန်းအောင်က မိမိတို့ ဇနီးမောင်နှံကို ခေါ်ပါသည်။ ခေါ်သည်မှာ စားစရိတ်၊ သောက်စရိတ်၊ လမ်းစရိတ်ကအစ ကိုထွန်းအောင်က အကုန်အကျခံသည်ဆိုတော့ကာ မိမိတို့ဇနီးမောင်နှံ လိုက်သွားရပါတော့သည်။ တကယ်တော့ မြေငူကျေးရွာက ပန်းချီ ကိုထွန်းအောင်၏ မွေးဖွားရာ ဇာတိမြေသို့ ကိုထွန်းအောင်ခေါ်၍ ရောက်ခဲ့ဖူးသည်မှာ သည်တစ်ကြိမ်နှင့်ဆို နှစ်ကြိမ်ရှိပေပြီ။

သည်လိုနှင့် ရန်ကုန်မှ နိုဝင်ဘာ ၃၀ရက်နေ့ညတွင် မန္တလေးသို့ လိုက်ခဲ့ကြသည်။ နောက်တစ်ရက် ၃၁ရက်နေ့ မိုးလင်းတော့ မန္တလေးရောက်ကြသည်။ ကိုထွန်းအောင်၏ အစ်ကိုက မန္တလေးဘူတာမှ လာ၍ ဆီးကြိုနေပြီး အင်းဝ တံတားဦးမြို့နယ်၊ မြေငူကျေးရွာထိ ကားဖြင့် လိုက်ပါပို့ဆောင်ပေးပါသည်။ ကိုထွန်းအောင်၏ ကြိုတင် စီစဉ်ထားချက်များ



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com



သည်။

၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ရက်နေ့ (၁၃၇၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ရက်)ရောက်လာသည်။ ထိုနေ့နံနက်ပိုင်းကတည်းက ရွာထဲမှာ စည်ကားနေသည်။ လူအသွားအလာများပြားလာကာ ဘုရားပွဲကျင်းပမည့် ပွဲခင်းနေရာတွင် နေရာဦးသူများဖြင့် စည်ကားလျက်ရှိသည်။ မြေငူရွာထဲတွင် ရှင်ပင်ချမ်းသာဘုရားကြီး ရှိသည်။ မိမိတို့က ထိုရှင်ပင်ချမ်းသာဘုရားကြီး၏ ဘုရားပွဲတော်ဟု အောက်မေ့မိသည်။ မဟုတ်။ ရှင်ပင်ထိန်လင်းဘုရားပွဲတော်ဟု ဆိုသည်။ ရှင်ပင်ထိန်လင်းဘုရားက ဘယ်မှာလဲဟု မေးတော့မှ ပုဏ္ဏားခြံရွာမှာဟု ပြောသည်။ သည်လိုဆိုလျှင် ရှင်ပင်ထိန်လင်းဘုရားကို သွားဖူးချင်သည်ဟု ကိုထွန်းအောင်ကို ပူဆာတော့ ကိုထွန်းအောင်၏ညီ ဦးဇင်း ဦးဥတ္တရက နွားလှည်းစီစဉ်ကာ လိုက်ပို့ပေးသည်။ ဦးငွေအောင်က လှည်းမောင်းပေးသည်။

မကြာမီ ရှင်ပင်ထိန်လင်းစေတီရှိရာ ရှင်ပင်ထိန်လင်းကျောင်းတိုက်သို့ ရောက်ရှိကြသည်။ ရှင်ပင်ထိန်လင်းကျောင်းတိုက်ကြီး၏ ပဓာန နာယက ဆရာတော်ကြီးက ပြုံးရွှင်စွာ



ကား ဖုန်းတစ်လုံးဖြင့် ကွက်တိဖြစ်နေသည်မို့ ဝမ်းသာကြည်နူးရသည်။


မန္တလေးကို ခြေချပြီးသည့်နောက်ပိုင်း အညာလေကို ရှူရှိုက်ရင်း အညာမြင်ကွင်းသစ်ရင်ခွင်မှာ မိမိတို့ ငေးမောကြည့်ရှုမဆုံးဖြစ်ရခြင်းနှင့်အတူ ရင်မှာလည်း လန်းဆန်းသွားရသည်။

မြေငူရွာထဲ ဝင်ရောက်လာတော့ ဟိုအိမ်သည်အိမ်တို့မှာ လှုပ်လှုပ်ရှားရှားဖြင့် လူဝင်လူထွက်များနေကြသည်ကို မြင်တွေ့ရသည်။ ကိုထွန်းအောင်၏ မွေးစားမိခင်အိမ်တွင် တည်းခိုရန် ရောက်ရှိတော့လည်း အိမ်သူအိမ်သားများမှာ လှုပ်လှုပ်ရှရှဖြင့် မုန့်ဖက်ထုပ်များ ထုပ်နေသည်ကို တွေ့ရသည်။ မေးစမ်းကြည့်တော့ မနက်ဖြန် ဘုရားပွဲအတွက်ဟု သိရသည်။ သူတို့ရွာ၏ ဓလေ့မှာ ဘုရားပွဲရက်ဆိုလျှင် ဟိုရွာဒီရွာမှ ဘုရားပွဲလာ ဧည့်သည်များ လာရောက်ကြသည်။ ထိုအခါမျိုးတွင် ဧည့်ခံကျွေးမွေးရန် မုန့်ဆီကြော်၊ မုန့်ဖက်ထုပ်၊ နန္ဒင်းမကင်း စသည့်မုန့်များကို တစ်ရွာလုံး လုပ်ထားလေ့ရှိကြောင်း သိရသည်။ တကယ်လည်း အိမ်တိုင်းစေ့ မုန့်လုပ်နေသည်များကို တွေ့ခဲ့ရသည်။ ထိုနေ့က ဘုရားပွဲရက် မဟုတ်သေး၍ မိမိတို့အဖွဲ့ အေးအေးဆေးဆေး အနားယူကြ

www.burmeseclassic.com

www.burmeseclassic.com







ဆီးကြိုသဖြင့် ဦးစွာ ဆရာတော်ကြီးကို ကန်တော့ကြပြီးနောက် ရှင်ပင်ထိန်လင်းစေတီတော်မြတ်ကြီး၏ သမိုင်းကို မေးမြန်းလျှောက်ထားရာ ဆရာတော်ကြီးက ပြောလည်းပြော၊ ရှင်ပင်ထိန်လင်းစေတီတော်မြတ်ကြီး၏ သမိုင်းစာအုပ်ကို ထုတ်ပေးတော်မူပါသည်။ ရှင်ပင်ထိန်လင်းစေတီတော်မြတ်ကြီး၏ သမိုင်းစာအုပ်ကို ဖတ်ရှုကြည့်ရာ ရှေးဟောင်းသမိုင်းဝင်စေတီတစ်ဆူဖြစ်ကြောင်း သိရပါသည်။ ရှင်ပင်ထိန်လင်းစေတီတော်မြတ်ကြီး၏ သမိုင်းကား ဤသို့တည်း။

◆◆◆

ပုဂံခေတ် နရပတိစည်သူမင်းကြီးလက်ထက်တွင် ထင်ရှားကျော်ကြားသော ပေါင်းလောင် ရှင်မဟာကဿပ မထေရ်မြတ်ကြီးသည် သီဟိုဠ်သို့ သာသနာတော်စုံစမ်းရင်း ဘုရားဖူးကြွတော်မူပါသည်။ ထိုသို့ ကြွရောက်တော်မူရာတွင် သီဟိုဠ်ကျွန်း၊ အနုရာဓမြို့ မဟာဝိဟာရကျောင်းတော်၌ သီတင်းသုံးတော်မူပါသည်။ ထိုအခါ ပေါင်းလောင်ရှင် မဟာကဿပ မထေရ်ကြီးအား အကျင့်သီလ၊ သမာဓိကို ကြည်ညိုလေးစားစွာဖြင့် ရှေးရာမမင်းမှ စတင်ကာ နန်းတော်ဦးတွင် မင်းအဆက်ဆက် ကိုးကွယ်လာသော ဗုဒ္ဓဓာတ်တော်များမှ ဓာတ်တော် ၃၇ဆူနှင့် ဗုဒ္ဓမြတ်စွာဘုရား၏ မေးရိုးတော်ဓာတ်နှစ်ဆူအပါအဝင် ဓာတ်တော်ပေါင်း ၃၉ဆူကို အနုရာဓဘုရင် သီရိသယ်ဗောဓိပရက္ကမ မဟာရာဇမင်းကြီးမှ လှူဒါန်းတော်မူပါသည်။

ပေါင်းလောင်ရှင် မဟာကဿပ မထေရ်ကြီးသည် ပုဂံပြည်သို့ ရောက်သောအခါ အဆိုပါ ဓာတ်တော်များကို မြန်မာပြည်အနှံ့အပြားသို့ ဓာတ်တော်စေတီများ တည်ထားလိုကြောင်း၊ ပုဂံပြည့်ရှင် နရပတိစည်သူမင်းကြီးအား အမိန့်ရှိ



www.burmeseclassic.com

www.burmeseclassic.com

တော်မူခဲ့လေသည်။ သာသနာပြု မင်းကောင်းမင်းမြတ် နရပတိစည်သူမင်းကြီးသည် ဝမ်းသာကြည်နူးစွာ လက်ခံတော်မူ၍ သမက်တော် အနန္တသူရိယအမတ်(မင်းနန်သူ)ကို တာဝန်ပေးတော်မူပါသည်။ လိုအပ်သော အုတ်ဖိုး၊ လက်ခ၊ ဝတ္ထုကံကြွေးများကိုလည်း ထုတ်ပေးတော်မူပြန်ပါသည်။ ထို့အတူ သားတော် ထီးလိုမင်းလိုမင်းလက်ထက်တွင်လည်း ဆက်လက်၍ အားပေးပံ့ပိုးမှု ပြုတော်မူခဲ့ပါသည်။ ကျောက်စာ၊ ပေစာအထောက်အထားများအရ သာသနာတော်နှစ် ၁၇၃၉ခု၊ သက္ကရာဇ် ၅၅၇ ခုနှစ်မှ စတင်ကာ သီဟိုဠ်ကျွန်း အနုရာဓမြို့မှ ပင့်ဆောင်လာခဲ့သော ဓာတ်တော်များဖြင့် ပေါင်းလောင် ရှင်မဟာကဿပ မထေရ်မြတ်ကြီးသည် တောကျောင်းများ ဆောက်တည်ခြင်း၊ သိမ်တော်များ သမုတ်ခြင်းနှင့်အတူ ဓာတ်တော်စေတီပေါင်း ၃၇ဆူကို တည်ထားတော်မူခဲ့ပါသည်။


ရေးခေတ် အလယ်ကျွန်းရွာ၊ ယခု တံတားဦးမြို့နယ်၊ မြေငူ ပုဏ္ဏားခြံကျေးရွာ(ကျွန်းရွာ)တွင် မဟာကဿပ မထေရ်ကြီးသည် မိမိမွေးဖွားရာမြို့ “ထီးလင်းမြို့”ကို ယူကာ “ရှင်ပင်ထီးလင်း”အမည်ရှိ စေတီတော်တစ်ဆူကို တည်ထားတော်မူခဲ့ပါသည်။ ကုန်းဘောင်ခေတ် အလောင်းမင်းတရားကြီးသည် ရှင်ပင်ထီးလင်းစေတီတော်မြတ်အား မြေမှ ရွှေထီးတိုင် ရွှေလုံးတော်ပြည့် ရွှေချပြုပြင် ပူဇော်တော်မူခဲ့ရာ ရွှေရောင်ဝင်းလက်စွာ ထိန်လင်းသပ္ပာယ်တော်မူသဖြင့် မူလ ရှင်ပင်ထီးလင်းဘွဲ့တော်မှ ရှင်ပင်ထိန်လင်းဘွဲ့တော်အမည်ပြောင်းကာ ထင်ရှားစွာ ကိန်းဝပ် စံပယ်တော်မူခဲ့သော စေတီတော်မြတ်ကြီးဖြစ်သည်။

ရှင်ပင်ထိန်လင်းစေတီတော်သည် မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ ဆင်တဲ ၅ရွာစာရင်းဝင် မြေငူကျေးရွာအုပ်စု၊ ပုဏ္ဏားခြံကျေးရွာတွင် ကိန်းဝပ် စံပယ်လျက် တည်ရှိပါသည်။ မြေငူနှင့် ပုဏ္ဏားခြံမှာ ရွာချင်းဆက်စပ်လျက် ရှိပါသည်။ ပုဏ္ဏားခြံကျေးရွာ တည်ရှိနေရာသည် ရေးပုဂံခေတ် အနော်ရထာမင်းကြီးလက်ထက်တော်ကပင် တပါယ်ရွာ၏ အရှေ့ဘက်တွင် ကျွန်းကြီးများ ပေါ်ထွန်းလျက်ရှိပါသည်။ အနော်ရထာမင်းစော တိုင်းခန်းလှည့်လည်လာစဉ် ထိုကျွန်းကြီးတွင် ကွန်းထောက်စခန်းချ ခေတ္တရပ်နားသည်ဟု သမိုင်းအထောက်အထားများ ရှိပါသည်။ ထို့ပြင် အနော်ရထာမင်းကြီးမှ ကျန်စစ်သားအပေါ် မဏိစန္ဒာနှင့် အထင်မှား၍ ကြိုးတုပ်ပြီး အရိန္ဒမာလှံဖြင့် ပစ်ပေါက်ရာ လူကို မထိဘဲ ကြိုးကို ထိသဖြင့် ကျန်စစ်သား ထွက်ပြေးလွတ်မြောက်သွားခဲ့ရာ









www.burmeseclassic.com

www.burmeseclassic.com



တွင် ကျန်စစ်သားသည် အလယ်ကျွန်းရွာ၏ အရှေ့ဘက် မင်းဝံတောင်ညွန့်ကုန်းမြေတွင် ပုန်းအောင်းနေခဲ့ရသည်။ ထိုစဉ် နောက်မှ ဖမ်းဆီးရန် လိုက်ပါလာသည့် ခြေလျင်တပ်သား များသည် ကျန်စစ်သား ပုန်းအောင်းနေရာအနီးမှ ရှောင် ကွင်းသွားသဖြင့် ကျန်စစ်သားမင်း လွတ်မြောက်ခဲ့ရပါသည်။

ထို့ကြောင့် ကျန်စစ်သားမင်း ပေါက္ကံပြည့်ရှင်ဖြစ်လာ သောအခါ သက္ကရာဇ် ၄၂၇ခုနှစ်တွင် ထိုပုန်းအောင်း လွတ် မြောက်ခဲ့ရသောနေရာ ကျောက်ဖျာကို အောင်မြေဟု သတ် မှတ်ကာ ထိုကုန်းမြေပေါ်တွင် မဟာဆုတောင်းပြည့် ထီးလှိုင် ရှင်စေတီကို တည်ထားကိုးကွယ်ခဲ့ပါသည်။ ထိုကုန်းမြေကို အောင်မြေကုန်းဟု သတ်မှတ်ကာ ကမ္ပည်းတင်တော်မူပါ သည်။ အလယ်ကျွန်းရွာ(ပုဏ္ဏားခြံရွာ)သည် ထိုအောင်မြေ ကုန်းတည်ရာနှင့် အလှမ်းမဝေးသော အနောက်ဘက်တွင် တည်ရှိပါသည်။

သာလွန်မင်းတရားကြီးလက်ထက် သက္ကရာဇ် ၁၀၀၆ ခုနှစ်၊ ပြာသိုလဆန်း ၆ရက်၊ နှစ်ချက်တီးအချိန်တွင် မြေကြီး လျှင်ပြင်းစွာလှုပ်၍ ပခန်း၊ အမြင့်၊ တလုတ်၊ အင်းဝ အနောက်ဘက် အလယ်ကျွန်းရွာ(ရှင်ပင်ထီးလင်းစေတီရှိရာ) အရပ်များမှ မြေများ ကွဲ၍ ရေထွက်သည်။ မြစ်ငယ်တွင် ငါးများ မှူးမော်၍ ရေပေါ်တွင် ပေါ်ကြသည်ဟု သမိုင်းတွင် ပါရှိပါသည်။

ထို့ပြင် ပုဏ္ဏားဥယျာဉ်တွင် နေသော ဟံသာဝတီ တလိုင်းတို့အား သစ္စာခံပေးခဲ့သည်။ ထိုအကြောင်းများကို ထောက်ထား၍ ဟံသာဝတီ တလိုင်းတို့ကို သစ္စာပေးထား ခဲ့ခြင်းကြောင့် ပုဏ္ဏားခြံဟု အမည်တွင်ခဲ့ပါသည်။ အလောင်း မင်းတရားကြီးသည် ဟံသာဝတီ တလိုင်းတို့ ဖျက်ဆီးသွားခဲ့ သော အင်းဝနေပြည်တော်ဝန်းကျင်ရှိ ဘုရား၊ ပုထိုး၊ ကျောင်း၊ တန်ဆောင်း၊ ဇရပ်များကို ပြန်လည်ပြုပြင်တော်မူခဲ့ပါသည်။ ထို့အပြင် ဟံသာဝတီ တလိုင်းတို့ တပ်စခန်းချ နေထိုင်သွားခဲ့ သော ရှင်ပင်ထီးလင်းစေတီတော်မှာလည်း ပျက်စီးယိုယွင်း ခဲ့ရသည်။ ထိုစေတီတော်သည် ဧရာဝတီမြစ်ကမ်းပါး၌ တည် ရှိသဖြင့် ရေတိုက်စားခြင်းခံရ၍ ဒုတိယမြောက် ကုန်းဘောင် မင်းဆက် အလောင်းမင်းတရားကြီး၏ ကုသိုလ်တော်အဖြစ် ဒုတိယနေရာသို့ ရွှေ့ပြောင်းတည်ထားခဲ့ရပါသည်။ ထိုစဉ်က ပုဏ္ဏားခြံရွာအရှေ့မြောက်က ရှင်ပင်ထီးလင်းစေတီတော်၊ ခရမ်းပေါက်ရွာက ကျောင်းတို့ကို ဝိုင်းဝန်းညီညွတ်စွာ ရွှေလုံး တော်ပြည့် ပူဇော်လှူဒါန်းခဲ့ကြပါသည်။

သက္ကရာဇ် ၁၂၂၁ ခုနှစ်သို့ ရောက်သောအခါ မင်းတုန်း မင်းတရားကြီးသည် ရှေးဘေးလောင်းတော်၊ ဘိုးလောင်းတော် တို့၏ ကုသိုလ်တော် ဘုရားပုထိုးများတွင် ဆွမ်းလောင်းပွဲတော် များ ပြုလုပ်၍ ပွဲတော်ရက် သတ်မှတ်ပြဋ္ဌာန်းတော်မူပါသည်။ ရှင်ပင်ထိန်လင်းစေတီတော်မြတ်ကြီးသည် ရတနာပုံခေတ် က စတင်၍ နှစ်စဉ် ပွဲတော်နှစ်ကြိမ်လှူဒါန်းပူဇော်ခဲ့ရာ သမိုင်း ဝင် စေတီတော်တစ်ဆူဖြစ်ပါသည်။ သက္ကရာဇ် ၁၃၄၃ခုနှစ် ရောက်သောအခါ ဧရာဝတီမြစ်ရေတိုက်စားမှုခံခဲ့ရသည်။ ထို့ ကြောင့် ၁၃၄၃ခုနှစ်၊ ဝါဆိုလဆန်း ၈-ရက်နေ့တွင် ဆရာ တော်ကြီး ဦးကောဝိဒကိုယ်တိုင် ဦးဆောင်၍ ဂေါပကအဖွဲ့ ဝင် လူကြီးများ ရွေးချယ်ဖွဲ့စည်းကာ ဘုရားနေရာ၊ ကျောင်း နေရာကို ရွေးချယ် ရွှေ့ပြောင်းခဲ့ကြသည်။

ထိုသို့ စေတီတော်မြတ်ကြီး ရွှေ့ပြောင်းတည်ထား ပူဇော်ရာတွင် မူလစေတီတော်အတွင်းမှ ၂လက်မ၊ ၃လက်မ အရွယ် ငွေစေတီတော် ၂၆ဝနှင့် ဘုရားဖူးတော်မူခန်း၊ ပရိ နိဗ္ဗာန်ပြုခန်း၊ ဓာတ်တော်များနှင့် ကြေးဆင်းတုများကို ပြန် လည် ဌာပနာကာ ရွှေဗောဓိပင်၊ ငွေဗောဓိပင်များကိုလည်း ပြန်လည်ဌာပနာတော်မူခဲ့ပါသည်။ ဤသို့ သမိုင်းဝင် ရှင်ပင် ထိန်လင်းစေတီတော်မြတ်ကြီးကို ဖူးမြော်ခဲ့ရသဖြင့် ပီတိ သောမနဿဖြစ်ခဲ့ရပါသည်။ ကိုထွန်းအောင်ကိုလည်း ကျေးဇူး တင်နေမိသည်။ ထိုနေ့ညက အညာဘုရားပွဲဈေးကို လျှောက် လည်ကြည့်ရှုခဲ့ရသည်။ သည်တစ်သက် မမေ့ရက်စရာပင်။ နောင်နှစ်ခါ ဘုရားပွဲတော်တွင် မိမိတို့ ပါဝင်ဆင်နွှဲခွင့်ရပါစေ ဟု ဆန္ဒပြု ဆုတောင်းရင်း ဤဆောင်းပါးကို ရေးသားပူဇော် အပ်ပါသည်။

* * *

မင်းသူ



www.burmeseclassic.com


www.burmeseclassic.com

# ဒန်ဟွောင်း တရုတ်ဗုဒ္ဓဘာသာ ဂူလိုဏ်များ

ကိုအေးမြင့် (မဟာဝိဇ္ဇာ၊ ရှေး-သု)

ကမ္ဘာကြီးရဲ့ နေရာဒေသအစိတ်အပိုင်းများစွာမှာ သဘာဝ ရေမြေအနေအထားအလိုက် ကျောက်တောင်တွေ၊ ကုန်းမြင့်တွေ၊ လွင်ပြင်တွေနဲ့ မြစ်တွေ ချောင်းတွေ ရှိနေရဲ့၊ အဲဒီဒေသတွေမှာ နေထိုင် ကျက်စားသူတွေမှာလည်း ယုံကြည်ရာကိုးကွယ်ရာ ဘာသာအယူအဆတွေနဲ့ပါ။ ပြီးတော့ ဒေသခံတွေမှာလည်း ဖန်တီးတတ်တဲ့ အနုပညာ၊ လက်မှုပညာတွေဟာ လူမျိုးအလိုက် ကွဲပြားခြားနားမှုတွေနဲ့အတူ ကွန့်မြူးလို့၊ ဒီလိုနဲ့ သူတို့ လုပ်ဆောင်နိုင်သမျှ အနုလက်ရာ စွမ်းပကားနဲ့ သူတို့ အလေးထားရတဲ့ ဘာသာတရားကို ပူဇော်ဝတ်ပြုဖို့ ဆင်းတုရုပ်တုတွေ၊ ဘုရားကျောင်းနဲ့ တန်ဆောင်း၊ ဇရပ်တွေကို ရှိတဲ့ ပစ္စည်းတွေ သုံးပြီး ရနိုင်တဲ့ နေရာကောင်းတွေမှာ ထုဆစ် ဖန်တီးကြပါတော့တယ်။







www.burmeseclassic.com

www.burmeseclassic.com





အဲဒီလိုလှပ်ရပ်တွေရဲ့ ရလဒ်အဖြစ် အမှာခံ ကျောက်ဆောင်၊ ကျောက်သား၊ ကျောက်ဂူတွေမှာ အယူဝါဒဆိုင်ရာ ရှေးဟောင်းအမွေအနှစ်တွေ ထင်ကျန်ရစ်တော့တာပါပဲ။ တရုတ်ပြည်တစ်ဝှမ်းမှာလည်း အဲဒါမျိုးတွေ တစ်ပုံတစ်ပင်ပေါ့။ ခေတ်ကာလတွေ ပြောင်းလဲသွားပေမယ့် ရာသီဥတုတွေ ပူလိုက်အေးလိုက်ဖြစ်ချိုး တိုက်စား ဝါးမြိုခဲ့ပေမယ့် တင်ကျန်ရစ်နေတာတွေလည်း များစွာကျန်နေသေးရဲ့။ အဲဒီထဲကမှ တစ်ချိန်သောကာလက လွှမ်းမိုးဖြစ်တည်ခဲ့တဲ့ ဗုဒ္ဓဝါဒရဲ့ ပြယုဂ်အချို့ကို တင်ပြချင်ပါတယ်။

**ပိုးလမ်းမကြီးရဲ့ တစ်နေရာမှာ**

ဒန်ဟွောင်းမြို့ကြီး(Dunhuang-city)ဟာ တရုတ်ပြည်အနောက်ပိုင်း၊ ဂန်စုရှန်ပြည်နယ်(Gansu sheng province) အနောက်ဘက်ပိုင်းမှာ တည်ရှိပါတယ်။ (The Gansu-Xinjiang)သဲကန္တာရဒေသရဲ့ အိုအေးစစ်လေးမှာ တည်ရှိတာမို့ ဒါဟာ အနောက်ဘက်စွန်း နယ်မြေကန့်သတ်ရာလည်းဖြစ်တယ်။ ရှေးခေတ် တရုတ်လူမျိုးတွေဟာ ပိုးလမ်းမ(The Silk Road)တစ်လျှောက် တရုတ်ပြည်အလယ်ပိုင်း(Central Asia)ကို ဖြတ်ပြီး အခြေသွားချကာ နေထိုင်ခဲ့ကြတာပါ။ ဒန်ဟွောင်းဟာ အနောက်တိုင်းက နိုင်ငံခြားသားကုန်သည်တွေ တရုတ်အုပ်ချုပ်ရေးနယ်မြေထဲကို ဝင်ရောက်ပြီး ပထမဆုံး ကုန်သွယ်ရေးလုပ်တဲ့ မြို့လည်း ဖြစ်ခဲ့ပါတယ်။ ဒီမြို့မှာ ထင်ရှား ကျော်ကြားလှတဲ့ မော်ဂွာ (Mogao Caves)ဂူတွေ ရှိနေလို့ ကမ္ဘာ့ကုလသမဂ္ဂ ယဉ်ကျေးမှုနဲ့ သိပ္ပံပညာနကြီးဖြစ်တဲ့ ယူနက်စကို (UNESCO) အဖွဲ့ကနေ ၁၉၈၇ ခုနှစ်မှာ ကမ္ဘာ့အမွေအနှစ်ဒေသ (World Heritage Site)အဖြစ် သတ်မှတ်ပြီး ထိန်းသိမ်းစောင့်ရှောက်မှု ပေးစေခဲ့တဲ့ ကမ္ဘာကျော်နေရာလည်း ဖြစ်ပါရဲ့။

ရှေးခေတ်တုန်းက ဒန်ဟွောင်းဟာ အာရှရဲ့ ထင်ရှား ကျော်ကြားလှတဲ့ သမိုင်းဝင် ပိုးလမ်းမကြီး(The Silk Road)ရဲ့ လမ်းခွဲနှစ်ခုဆုံရာမှာ တည်ရှိခဲ့တယ်။ တာရိမ်းချိုင့်ဝှမ်း (The Tarim Basin)ကို မြောက်ဘက်နဲ့ တောင်ဘက်ကနေ ပတ်လာတဲ့ လမ်းတွေဆုံရာပေါ့။ ဒါဟာ ပထမပိုင်းတုန်းကတော့ တရုတ်တွေရဲ့ ဟန်မင်းဆက်(The Han Dynasty) (၂၀၆ ဘီစီအီး၊ ၂၂၀စီအီး)ချုပ်ကိုင်မှုအောက်မှာပါ။ ဒုတိယ ဘီစီအီးကာလအကုန်လောက်ခေတ်၊ နယ်မြေချဲ့ထွင်ခဲ့စဉ်ကာလ အတွင်းက ဖြစ်ပါတယ်။ ၁၁၁ ဘီစီအီးမှာ အုပ်ချုပ်သူ တစ်ယောက်က(Jiuquan Prefecture)စီရင်စုကနေ သီးခြားခွဲထွက်ပြီး ဒီနေရာမှာ တည်ထောင်လိုက်တယ်။ မွန်ဂိုတွေ ရန်က ကာကွယ်ဖို့၊ ခုခံရေးလမ်းကြောင်းကို မြောက်ဘက်အထိ တည်ဆောက်ခဲ့တယ်။ အဲဒီမှာ အရွယ်အစားအသင့်အတင့်ရှိတဲ့ စစ်တပ်တစ်ခုလည်း တပ်စွဲစေခဲ့တယ်။ ဟန်ဗဟိုအာဏာ(Han central power) ယိုယွင်းပျက်စီးသွားတဲ့အခါ ဒန်ဟွောင်းဟာ ၄-၅ ရာစု စီအီးမှာတော့ တစ်ကြိမ်တစ်ပျက်

www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်မှု ရှိလာခဲ့ပါတယ်။ ဂန်စု (Gansu)ကို ဗဟိုပြုပြီး ဘုရင့်နယ်မြေရဲ့ အစိတ်အပိုင်းအဖြစ် အောင်မြင်စွာ ဖြစ်စေခဲ့တယ်။ အဲဒီခေတ်တစ်လျှောက်လုံးမှာ ဒန်ဟွောင်းဟာ အရေးကြီးတဲ့ ယာဉ်တန်းရပ်နား စခန်းချရာမြို့နဲ့ အာရှအလယ်ပိုင်း ကုန်သွယ်မှုရဲ့ ဗဟိုဌာနအဖြစ် တည်ကျန်ရစ်ပြီး နေခဲ့တယ်။

၅ရာစုနောက်ပိုင်းမှာတော့ (The Bei)(မြောက်ပိုင်း)-(Wei dynasty)မင်းဆက် (၃၈၆-၅၃၄၊ ၅၃၅)က ဒန်ဟွောင်းကို ပြန်ပြီး တရုတ်အုပ်ချုပ်ရေး(Chinese domination) အောက်ကို (Guazhou prefecture)(၅၂၆)စီရင်စုရဲ့ အထိုင်ဒေသအဖြစ် သွင်းယူခဲ့တယ်။ ၆၁၈ ခုနှစ်မှာတော့ ဒီဒေသဟာ တန်မင်းဆက်(The Tang dynasty)(၆၁၈-၉၀၇) အောက်ကို ရောက်ရှိသွားပြန်ပါတယ်။ ၆၁၉ ခုနှစ်မှာ သူတို့က စီရင်စုနယ် (The Prefecture Shazhou)လို့ အမည်ပေးခဲ့တယ်။ ဒီဒေသဟာ ၇၈၁ခုနှစ်အထိ တန်(Tang administration) အုပ်ချုပ်ရေးအောက်မှာပဲ ကျန်ရှိနေခဲ့တာ တိဗက်(The Tibetans)တွေလက်ထဲ ကျရောက်သွားချိန်အထိပါ။ တိဗက်ပြည်နယ် ပြိုပျက်ခဲ့တဲ့ ၈၄၈ခုနှစ်မှာ ဒန်ဟွောင်းလည်း တန်အုပ်ချုပ်ရေးအောက်ကို အမည်ခံအဖြစ် ပြန်ရောက်သွားတယ်။ ဒါပေမယ့် တကယ်တော့ ဒေသခံအုပ်ချုပ်သူများလက်ထဲမှာပဲ ရှိနေဆဲပါ။ ၁၂၀၆ ကနေ ၁၃၆၈ ခုနှစ်အတွင်း တရုတ်ပြည်ကို အုပ်စိုးခဲ့တဲ့ မွန်ဂိုတွေထဲက (Yuan dynasty)မင်းဆက်ဟာ ၁၂၇၇ခုနှစ်မှာ မြို့ကို သိမ်းလိုက်ပြန်တယ်။ မွန်ဂိုအုပ်စိုးမှုတွေ ကျဆုံးသွားပြီးနောက်မှာ မင်မင်းဆက်(The Ming Dynasty)(၁၃၆၈-၁၆၄၄ခုနှစ်)က ခံတပ်တစ်ခုတည်ဆောက်ခဲ့တယ်။ ဘာပဲဖြစ်စေ ၁၅ရာစုနှစ်မှာ ဒန်ဟွောင်းကို တာဖန်(The Turfan Kingdom)မင်းတွေက ဆက်လက် အုပ်ချုပ်ပြန်ပြီး စွန့်ပစ်ခဲ့ကြရပြန်တယ်။





www.burmeseclassic.com

www.burmeseclassic.com

ဒီဒေသဟာ(Uighuristan)ရဲ့ အစိတ်အပိုင်းတစ်ခုအဖြစ် ၁၇၂၃ ခုနှစ်အထိ(The Qing dynasty) မင်းဆက်(၁၆၄၄-၁၉၁၁၊ ၁၂)အုပ်စိုးမှုအောက်မှာ ရှိနေခဲ့တယ်။ ၁၇၆၀ ခုနှစ်မှာလည်း မြို့သစ်တစ်မြို့ကို ဒေသနေရာဟောင်းရဲ့ အရှေ့မြောက်ဘက်မှာ မြို့ပြအုပ်ချုပ်မှုနဲ့ ဖွဲ့စည်းတည်ထောင်ခဲ့ပါသေးတယ်။ ၁၉၈၇ ခုနှစ်မှာ ဒန်ဟွောင်းမြို့တော်ရယ်လို့ ယခင်က ဒန်ဟွောင်းစီရင်စု(Dunhuang county)ကို အစားထိုး တည်ထောင်လိုက်ပါတယ်။

လှည့် ခရီးသည်တွေအကြိုက် ထင်ရှားကျော်ကြားတဲ့ နေရာတွေပါ။ ၁၉၈၇ခုနှစ်မှာတော့ ကြီးမားတဲ့ ရုပ်ရှင်အခမ်းအနားဆက်တင်တစ်ခုကို မြို့ရဲ့ အနောက်တောင်ဘက် ၁၆မိုင်(၂၅ကီလိုမီတာ)လောက်မှာ တည်ဆောက်ခဲ့ကြတယ်၊ ဒန်ဟွောင်းရှေးဟောင်းမြို့ တည်ရှိရာ အနီးမှာပေါ့။ အဲဒါဟာ အရေးပါတဲ့ ရုပ်ရှင်နဲ့ ရုပ်မြင်သံကြားထုတ်လုပ်ရာဌာနဖြစ်လာသလို ခရီးသွားတွေအတွက်လည်း ခေတ်စား လူကြိုက်များလှတဲ့ ဆွဲဆောင်မှုတစ်ခုပေါ့။ အချို့သော အသေးစား



## ကုန်သွယ်ရေးဗဟိုဌာနအဖြစ်မှ ခရီးသွားလုပ်ငန်းဌာနများသို့

၁၉၇၀ ခုနှစ်အစောပိုင်းမှာတော့ ကုန်သွယ်ရေးဗဟိုဌာနအဖြစ် ဒန်ဟွောင်းရဲ့ အရေးပါမှုဟာ အတော့်ကို အများကြီး လျော့ကျသွားခဲ့ပါပြီ။ (Xinjiang)ရဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ(The Uygur Autonomous Region) ဒေသကို ဖြတ်ပြီး အဝေးပြေးလမ်းမနဲ့ မီးရထားလမ်းတည်ဆောက်ကတည်းက မြို့ကို ဖြတ်ပြီး မြောက်ပိုင်း အန်းဇီ(Anxi)အထိ ဆက်သွယ်ထားပါတယ်။ ဘာပဲဖြစ်ဖြစ် ခရီးသွားလုပ်ငန်းတွေကတော့ ၁၉၈၀ နှစ်များအလယ်လောက်ကတည်းက ဖြစ်ထွန်းနေပါပြီ၊ (The Mogao Caves)ဂူတွေအပြင် မြို့ရဲ့ အနောက်မြောက်ပိုင်းကနေ ရှေးဟောင်း(Yumen)နဲ့ (Yangguan)တွေကို ဖြတ်ပြီး မဟာတံတိုင်း(the Great Wall)ရဲ့ အနောက်ဘက်စွန်းက ဂိတ်ပေါက်တွေဆီလည်း သွားနိုင်ပါတယ်။

သူ့ရဲ့ အနောက်တောင်ဘက်အရပ်မှာ ရှိတဲ့ ကလေးတွေရဲ့ ရယ်သံလိုလို အသံတွေ မြည်နေတဲ့ (Gurgling Sand) သဲခုံကြီး(The Mingsha Dunes)ဟာလည်း ကမ္ဘာ



လုပ်ဆောင်မှု စက်မှုလုပ်ငန်းလေးတွေကိုလည်း ကမ္ဘာလှည့် ခရီးသည်တွေအတွက် ဝန်ဆောင်မှုပေးဖို့ ဖွဲ့စည်းတည်ထောင်ထားစေခဲ့ပါတယ်။ အဝေးပြေး လမ်းမကြီးတွေကိုလည်း အဲဒီမြို့ကနေ အရှေ့တောင်ဘက် ယာယီမြို့တော်(Lanzhou) က နေလာတဲ့ ပင်မ ရထားလိုင်းအထိနဲ့ အနောက်မြောက်

www.burmeseclassic.com

www.burmeseclassic.com

ဘက်က(Urilmqi)မှာ ရှိတဲ့ (Xinjiang)အထိ ဆက်သွယ်ပေးထားတယ်။ ဒန်ဟွေ့ဝှမ်းမှာ မြို့ရဲ့ အရှေ့ဘက်က မြို့တွေဆီကို သွားဖို့ ပြည်တွင်း လေကြောင်းလိုင်းတွေ ပြေးဆွဲတဲ့ လေယာဉ်ကွင်းလည်း ရှိပါတယ်။

**ရှေးဟောင်း မော်ဂွာ(The Mogao Caves)ဂူများ**

ဒန်ဟွေ့ဝှမ်းဟာ ၃၆၆ စီအီးကနေ ၁၃ရာစုအစောပိုင်း (The Xi (Western) Xia dynasty)ဧမင်းဆက်ကျဆုံးတဲ့ အချိန်အထိ ဗုဒ္ဓဘာသာရဲ့ ဗဟိုချက်မ ဌာနဖြစ်ခဲ့ပါတယ်။ ဒါဟာ အာရှအလယ်ပိုင်း ဘုရင့်နိုင်ငံတွေကနေ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးတွေနဲ့ သာသနာပြုအဖွဲ့တွေ ဝင်ရောက်ရာ ပင်မနေရာများက တစ်ခုလည်းဖြစ်တယ်။ ဒါ့အပြင် ၃၆၆ခုနှစ်မှာတော့ အဲဒီဗုဒ္ဓဘာသာဝင်တွေဟာ ဒီနေ့အခါမှာ မော်ဂွာဂူ (The Mogao Caves)တွေလို့ ကျော်ကြားနေတဲ့၊ ဗုဒ္ဓ တစ်ထောင်ဂူများ (The Caves of the Thousand Buddhas-Qianfo Dong)လို့လည်း ခေါ်ကြတဲ့ ဂူများထဲက ပထမဆုံးဂူကို စတင် ဖန်တီး တည်ထောင်ခဲ့ကြပါတယ်။ အဲဒီခေတ်က စလို့ ဒီမြို့ဟာ ဆက်လက်ပြီး ဗုဒ္ဓဘာသာတွေရဲ့ အဓိက ဗဟိုဌာနဖြစ်လာပြီး ဗုဒ္ဓဘာသာဘုရားဖူးတွေ လာရောက် ဖူးမြော်ရာလည်း ဖြစ်လာခဲ့တယ်။ အဲဒီမှာ များစွာသော ဗုဒ္ဓဘာသာအစုအဖွဲ့တွေလည်း များစွာရှိပြီး ဒေသခံ လူမှုအဖွဲ့အစည်းတွေအပေါ်မှာ ကြီးမားတဲ့ အခန်းကဏ္ဍကနေ လွှမ်းမိုးနေခဲ့ကြတယ်။ အောင်မြင်မှု အာဏာရ ရှိခဲ့တဲ့ အုပ်ချုပ်သူလူ တန်းစားတွေအပေါ်မှာလည်း ဩဇာသက်ရောက်လို့ သူတို့ကို ဗုဒ္ဓသာသနာကို ကူညီထောက်ပံ့မှုပေးသူ ဒါယကာတွေ ဖြစ်စေခဲ့ပါတယ်။

ဂူဘုရားကျောင်းတွေထဲက တစ်ခုမှာတော့ ၆သောင်းလောက်ရှိတဲ့ ၅ရာစုကနေ ၁၁ရာစုအတွင်းက လက်ရေးစက္ကူကျမ်းစာ(Manuscripts)တွေ၊ ပုံနှိပ်မှတ်တမ်းတွေနဲ့ အပိုင်းအစတွေကို နံရံတွေမှာ ကပ်ထားတာ ပေါပေါများများ (၁၀၁၅)ခုလောက်ကို တွေ့ခဲ့ရတယ်။ ၁၉၀၀ ခုနှစ်မှာ ရှာဖွေတွေ့ရှိမှုအရတော့ ဒီစုဆောင်းထားတာတွေဟာ ဗုဒ္ဓဘာသာ တစ်ခုတည်းကသာ မဟုတ်ဘဲ (Daoist, Zoroastrian) နဲ့ (Nestorian scriptures)ကျမ်းတွေ ဘာသာရေးကျမ်းစာတွေလည်း ဖြစ်နေကြတာကို တွေ့ခဲ့ကြရတယ်။ သို့သော်လည်းပဲ များစွာသော လက်ရေးစာပေ(The manuscripts) နဲ့ မှတ်တမ်း(documents)တွေဟာ နိုင်ငံခြားသားတွေကို ရောင်းစားလိုက်ကြလို့ ခုတော့ ဂူတွေမှာ ခွာမရနိုင်တဲ့ နံရံဆေးရေးပန်းချီ(mural painting)တွေ ပုံတော်တွေနဲ့ ကျောက်ဆစ် ရုပ်တုတွေသာ ကျန်ရစ်ရှိနေရပါတော့တယ်။



မော်ဂွာဂူအမှတ် (၂၅၇)မှာတော့ ၈ရာစုခေတ်လက်ရာ ဗုဒ္ဓဘာသာ "ဇာတက"ဇာတ်တော် သရုပ်ဖော် နံရံဆေးရေးပန်းချီ(fresco painting)များ ရှိနေပါတယ်။ အဲဒါတွေထဲကမှ သမင်ပုံတွေ အများကြီး ပါဝင်နေတဲ့ သမင်ဇာတ်တော် (Deer Jataka)တွေ၊ မော်ဂွာဂူအမှတ် (၂၇၂)မှ ငါးရာစုခေတ်လက်ရာဖြစ်တဲ့ ဇာတ်တော်များကို သရုပ်ဖော် နံရံဆေးရေးပန်းချီ(mural painting)များမှ ဗောဓိသတ္တဘုရားလောင်း (Bodhisattva)ပုံတော်တွေဟာ ထင်ရှား ကျော်ကြားလှပါတယ်။ မဟာယာန ဗုဒ္ဓဘာသာအယူ လွှမ်းမိုးခဲ့တဲ့ တရုတ်ပြည်မို့ ဘုရားလောင်းပုံတော်တွေကို ပိုလို့ ရေးဆွဲခဲ့တာ ဖြစ်မှာပါ။ ဆေးရောင်တွေဟာ ခေတ်ကာလနဲ့ ရာသီဥတုရဲ့ တိုက်စားမှုကြောင့် လွင့်ပါးသင့်သလောက် လွင့်ပါးခဲ့ပေမယ့် သမိုင်းကြောင်းကိုတော့ သက်သေခံနေဆဲပါ။ အနုပညာအရ၊ သမိုင်းဖြစ်စဉ်အရ၊ ဘာသာအယူအဆအရ တန်ဖိုးရှိလှတဲ့ သက်သေခံ ပစ္စည်းတွေပေါ့။

အဲဒီဒေသရဲ့ အနီးအနားမှာ ရှိတဲ့ မော်ဂွာ(The Mogao complex)ဝင်းကြီးအတွင်းက များစွာသော ဂူ ၅၀၀လောက်ကိုတော့ ၁၉၄၉ ခုနှစ်နောက်ပိုင်းမှာ ပြည်သူလူထုတွေအတွက် လေ့လာကြည့်ရှုဖို့ တာဝန်ရှိသူတွေက ဖွင့်လှစ်ပေးခဲ့ပါတယ်။ ပြည်တွင်းပြည်ပက ယုံကြည်ကိုးကွယ်သူတွေ၊ လေ့လာသူတွေ အများအပြားလာရောက်ခဲ့ကြတယ်။

တစ်ချိန်က ယုံကြည်ကိုးကွယ်မှုအရ သဒ္ဓါတရားနဲ့ အနုပညာလက်ရာတွေ ပေါင်းစပ်ပြီး ဖန်တီးခဲ့သမျှဟာ ခုတော့ တစ်ခေတ်တစ်ခါရဲ့ သမိုင်းသက်သေတွေ ဖြစ်နေကြောင်းပါ။

* * *

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး–သု)

စာကိုး


- "Dunhuang."Encyclopædia Britannica, 2012


www.burmeseclassic.com

www.burmeseclassic.com

# ရွှေဥမင် ဆရာတော်ဘုရား၏ ဓမ္မလမ်းညွှန်စကား

ဓမ္မလုလင်



ဒီတစ်ပတ်မှာလည်း ရွှေဥမင် ဆရာတော်ဘုရားကြီးက တပည့် ဒကာ၊ ဒကာမများကို မိန့်ကြား လမ်းညွှန်တဲ့ ဓမ္မလက်ဆောင်စကားကို မျှဝေပေးလိုက်ပါတယ်။

ဆရာတော်ကြီးကတော့ "စင်ကြယ်မှု အဆင့်ဆင့်"လို့ အမည်ပေးထားပါတယ်။ စာဖတ်ပရိသတ်များ နှလုံးစိတ်ဝမ်းထဲမှာ စွဲစွဲမြဲမြဲ ဖတ်ရှုမှတ်သားသင့်တဲ့ အဖိုးတန် ဓမ္မစကားတွေပါပဲ။

## စင်ကြယ်မှုအဆင့်ဆင့်

စိတ်ကလေး အေးအေး၊ နှလုံးအေးအေးထားနိုင်မှ၊ တစ်စတစ်စ ပူပန်မှုတွေ ငြိမ်းပြီးတော့ စင်ကြယ်မြင့်မြတ်တဲ့ဆီ ရောက်သွားရမယ်။

*** စင်ကြယ်ရမှာက ဘာတွေလဲ။**

- ကိုယ်လည်း စင်ကြယ်ရမယ်။
- နှုတ်လည်း စင်ကြယ်ရမယ်။
- စိတ်လည်း စင်ကြယ်ရမယ်။
- အသိအမြင်လည်း စင်ကြယ်ရမယ်။

ကိုယ်၊ နှုတ် စင်ကြယ်တာ သီလပဲ။

**သီလဝိသုဒ္ဓိ** - သီလဝိသုဒ္ဓိဖြစ်မှ စိတ်မှာ နီဝရဏတွေ ကင်းစင်လို့ စိတ်စင်ကြယ်မှု စိတ္တဝိသုဒ္ဓိဖြစ်မယ်။ စိတ္တ ဝိသုဒ္ဓိ ဖြစ်မှ အသိအမြင်စင်ကြယ်မှု ဒိဋ္ဌိဝိသုဒ္ဓိဖြစ်သွားမယ်။ အသိ အမြင်စင်ကြယ်ချင်ရင် စိတ်စင်ကြယ်ရမယ်။ စိတ်စင်ကြယ် ချင်ရင်လည်း ကာယကံ၊ ဝစီကံ စင်ကြယ်ရတယ်။

သီလဝိသုဒ္ဓိဖြစ်မှ စိတ္တ ဝိသုဒ္ဓိဖြစ်၊ စိတ္တ ဝိသုဒ္ဓိဖြစ်မှ ဒိဋ္ဌိ ဝိသုဒ္ဓိဖြစ်မယ်။ စိတ်ပိုင်းဆိုင်ရာ ဝိသုဒ္ဓိတွေ၊ အယူအဆတွေ စင်ကြယ်သွားမယ်။ အသိအမြင်တွေ စင်ကြယ်သွားမယ်။

အဲဒီလို စင်ကြယ်သွားသလောက် စင်ကြယ်မြင့်မြတ်တဲ့ စိတ်ထားတွေ ဖြစ်သွားမယ်။

အဲဒီလို စင်ကြယ်တဲ့ စိတ်တွေ ဖြစ်လာအောင် ခန္ဓာက ဖြစ်ခိုက်…ဖြစ်ခိုက်လေးတွေကို ရှုမှတ်ရမယ်။ ပေါ်လာတယ်၊ သိလိုက်တယ်၊ ချုပ်ပျက်သွားတယ်။ ကြားတိုင်းသိ၊ သိတိုင်း ပျက်နေတယ်။ ဖြစ်ပေါ်လာတာရော၊ ပေါ်တိုင်းသိတဲ့ စိတ်ကလေးရော၊ ပေါ်တာရော၊ ရုပ်ရော နာမ်ရောဟာ ဖြစ်ပေါ်လာလိုက်၊ ရင့်ရော်ပျက်စီးသွားလိုက်။ ဒါတင်ပဲလား၊ အားလုံးပါပဲ။ ရင့်ရော်မှု၊ ပျက်စီးမှုတွေကတော့ အကုန်လုံး ရှိနေတာပဲ။

ရှေးက အခုလို စက်ခေတ်မဟုတ်တော့ မြင်းရထားတွေနဲ့ သွားရတယ်။ အင်မတန် လှပဆန်းကြယ်အောင် ပြုပြင်ထားတဲ့ ဘေးလောင်းတော်၊ ဘိုးလေးဘင်းတော်တွေ



www.burmeseclassic.com

www.burmeseclassic.com

လက်ထက်က အလွန်ဆန်းပြားတဲ့ မင်းစီး ရထားတွေဟာ တစ်စတစ်စနဲ့ အိုမင်း ယိုယွင်းလာတယ်။

မင်းစီး ရထားတွေ တစ်စတစ်စနဲ့ အိုသွားကြသလို၊ ကိုယ်ခန္ဓာဟာလည်း ဒီလိုပဲ တစ်နေ့တခြား အိုမင်းရင့်ရော် လို့သွားတယ်။ အဲဒီလို အိုမင်းရင့်ရော် ပျက်စီးမယ့် ကိုယ်ခန္ဓာက မအိုမနာ မသေတဲ့ အမြိုက်နိဗ္ဗာန်တော်ကြီးရအောင် ဖော်ထုတ်နေတာပါပဲ။ တရားအားထုတ်တယ်ဆိုတာ ဒါပါပဲ။

*** အမြိုက်တော်ရအောင် ဘယ်လိုလုပ်မှာလဲ။**

သီလစင်ကြယ်မှု၊ စိတ်စင်ကြယ်မှု၊ အသိအမြင်စင်ကြယ်မှုအဆင့်ဆင့်။

**ကင်္ခါဝိတရဏ ဝိသုဒ္ဓိ** - အကြောင်းကောင်းကြောင့် အကျိုးကောင်းတွေ ဖြစ်နေကြတယ်။ ဘယ်သူ ဘယ်သူက မှ မ,စလို့ မရဘူး။ ကောင်းတဲ့ အကြောင်းကြောင့် ကောင်းတဲ့ အကျိုးဖြစ်တာ အမှန်ပဲ။ မကောင်းတဲ့ အကြောင်းကြောင့် မကောင်းတဲ့ အကျိုးဖြစ်တဲ့ အမှန်ပဲလို့ ယုံမှားကင်းသွားတယ်။ အဲဒီလို ယုံမှားကင်းတဲ့ ဉာဏ်တွေ ဖြစ်လာတယ်။

**မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ** - တစ်ခါတစ်ခါ တရားတွေ ရင့်ကျက်လာရင် သတိ၊ သမာဓိဉာဏ်တွေ၊ အသိဉာဏ်တွေ ရင့်ကျက်လာရင် ကိုယ်တွေ၊ စိတ်တွေ ငြိမ်းချမ်းလို့ ကြည်လင်ပေါ့ပါးနေတယ်။ ချမ်းသာလိုက်တာလို့ တစ်သက်တစ်ကိုယ် တစ်ခါမှ မကြုံဘူးတဲ့၊ တရားအား မထုတ်တဲ့ သာမန်လူတွေ၊ နတ်တွေ မခံစားထိုက်တဲ့ ချမ်းသာ သုခတွေ၊ သာမန်ချမ်းသာနဲ့ မတူ မကြုံဘူးတဲ့ အတွေ့အကြုံ မျိုးတွေကိုလည်း ကြုံလာရတယ်။

ဆိတ်ငြိမ်တဲ့ ဇရပ်၊ ဂူ၊ ကျောင်းထဲဝင်ပြီး အားထုတ် သူတွေမှာ သာမန် လူ၊ နတ်တွေ မခံစားနိုင်တဲ့ သမာဓိနဲ့ စပ်တဲ့ ချမ်းသာထူးတွေ၊ အသိဉာဏ်နဲ့ စပ်တဲ့ ချမ်းသာထူး တွေ ခံစားရတယ်တဲ့။ အဲဒါတွေကို ဒါပဲ မဂ်ထင်ပါရဲ့၊ ဖိုလ် ထင်ပါရဲ့၊ နိဗ္ဗာန်ထင်ပါရဲ့လို့ တစ်ခါတစ်ခါ ဉာဏ်ပေါ်မှာ ထင်ယောင်ထင်မှားဖြစ်တယ်။

တော်တော်လေး အားထုတ်မှုအရှိန်ရလာတော့ သူဟာ သူ "သြော်… ဒီဟာနဲ့ မပြီးသေးဘူး။ ရှေ့ဆက်ပြီး အားထုတ် ရဦးမှာပဲ" လို့။

အဲဒီလို ဒါ မဂ်အစစ်မဟုတ်သေးဘူးလို့ လမ်းမှန်၊ လမ်းမှား ခွဲခြားဝေဖန်တဲ့ ဉာဏ်ဖြစ်ပေါ်လာတယ်။

ဒီလိုသိတာဟာ တစ်ဆင့်အားဖြင့် ဉာဏ်စင်ကြယ် သွားတယ်လို့ ဆိုပါတယ်။

**ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ** - ဒီ မဂ္ဂင်အကျင့်သာလျှင် အို-နာ-သေ လွတ်တဲ့ နိဗ္ဗာန်ရောက်ကြောင်းအစစ်အမှန် ပဲလို့ နိုင်နိုင်မြဲမြဲ အသိအမြင်စင်ကြယ်သွားတယ်။ အကျင့် လမ်းစဉ်နဲ့ ပတ်သက်ပြီးတော့ ဇဝေဇဝါနဲ့ ဟိုဟာ ဟုတ်နိုးနိုး၊ ဒီဟာ ကောင်းနိုးနိုး မရှိတော့ဘူး။

ဒီ သတိကပ်ပြီး ရှုမှတ်နေတဲ့ လမ်းစဉ်၊ ဒီ မဂ္ဂင်ရှစ်ပါး လုံး ပါဝင်နေတဲ့ ဒီ သတိပဋ္ဌာန်အကျင့်လမ်းဟာ နိဗ္ဗာန် ရောက်ကြောင်း လမ်းမှန်ပဲလို့ မှန်မှန်ကန်ကန် အမြင်စင် ကြယ်သွားတယ်။ ဒါ အကျင့်လမ်းနဲ့ ပတ်သက်ပြီး အမြင်စင် ကြယ်သွားတာပဲ။

ပဋိပဒါဉာဏ ဒဿန ဝိသုဒ္ဓိပေါ့။

◆◆◆

နောက်ဆုံးပိတ်ကျတော့ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေ ကို မြင်ရင်းမြင်ရင်းနဲ့ "သြော်…ဖြစ်နေတဲ့ ဇာတိကြောင့် အိုမင်းရင့်ရော်တဲ့ ဇရာရှိနေတာပဲ။ မွေးမှုရှိနေလို့ သေမှုရှိနေ တာပဲ။

ဒီဖြစ်မှု၊ ပျက်မှုတွေ နှိပ်စက်နေလို့လည်း ဒီသံသရာ ဝဋ်ဆင်းရဲကြီး မဆုံးနိုင်တာပဲ။ ဒီဖြစ်မှု၊ ပျက်မှုတွေ မရှိရင် ကောင်းမှာပဲ။

ဖြစ်ပျက်တွေ မြင်ပြီးတော့ ဖြစ်ပျက်တွေပေါ်မှာ မဖြစ် ချင်တော့ဘူး။ မုန်းတီးလာတယ်။ ဖြစ်ချင်ရင် ဖြစ်နေမှာပဲ။ မဖြစ်ချင်ရင် မဖြစ်တော့ဘူး။ အဲဒီ သစ္စာလေးပါးလမ်းစဉ်ပေါ် သူရောက်သွားတော့တယ်။ ဖြစ်ပျက်နေတာက ရုပ်နာမ်ဓမ္မ ပဲ။ သင်္ခါရပဲ။

မဖြစ်မပျက်တာ အသင်္ခတနိဗ္ဗာန်ပဲလို့ သူ သဘော ပေါက်သွားတော့တယ်။ ဉာဏ်ထိုးထွင်းမိသွားတယ်။

အဲဒီလို မဂ်ဉာဏ်နဲ့ စပ်ပြီး၊ နိဗ္ဗာန်နဲ့ စပ်ပြီး ယုံမှား ကင်းစင်သွားတယ်။

ဉာဏဒဿန ဝိသုဒ္ဓိဆိုတာ နိဗ္ဗာန်စပ်တဲ့ ဉာဏ်အမြင် စင်ကြယ်သွားတယ်။ ပညာပိုင်းဆိုင်ရာ စင်ကြယ်မှုခေါ်တယ်။

ကိုယ်နှုတ်တွေ စင်ကြယ်ရမယ်။ စိတ်တွေ စင်ကြယ်ရ မယ်။ အသိဉာဏ်တွေ စင်ကြယ်သွားရမယ်။

စင်ကြယ်မှ ဝိသုဒ္ဓိဖြစ်မယ်။ ဝိသုဒ္ဓိဖြစ်မှ ဝိမုတ္တိဖြစ်မယ်။

အကျဉ်းချုံးလိုက်တော့ ဝိသုဒ္ဓိနဲ့ ဝိမုတ္တိပဲ ရှိတယ်။

အဲဒီနှစ်ခု ပိုင်နိုင်အောင် ကြိုးစား။

(ရွှေဥမင် ဆရာတော်ဘုရားကြီး)။


* * *

ဓမ္မလုလင်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

■

ယခင်လမှ အဆက်...

## အရှုံးမရှိသော ဒဿန

အမေးအဖြေကို မဖော်ပြမီ ဘာသာဝင်အားလုံးအတွက် အရှုံးမရှိသော ဒဿနတစ်ခုကို ပေးချင်၏။ သံသရာ တစ်လျှောက်လုံးနှင့် ပတ်သက်သော ဘာသာရေးကိစ္စတွင် ကံစမ်းမဲနှိုက်သလို ပစ္စည်းတစ်မျိုးမျိုးပေါက်ချင် ပေါက်၊ မပေါက်ချင် ဗလာဟု ပေါ့ပေါ့တန်တန် သဘောမထားသင့်ချေ။ ကံစမ်းမဲမှာ ဗလာဖြစ်သွား၍ မိမိအတွက် ဘာမျှ မထိခိုက်သော်လည်း ဘာသာရေးတွင် ဗလာဖြစ်သွားလျှင်ကား မိမိအတွက် တစ်သံသရာလုံး နစ်မွန်းရမည်ဖြစ်၏။

ကျွန်ုပ်တို့ ဂေါတမမြတ်စွာဘုရားကား ပွင့်ပွင့်လင်းလင်း ရိုးရိုးသားသားပင် ပြောကြား၏။ သတ္တဝါတွေကို ကောင်းတဲ့ နေရာရောက်အောင် ငါဘုရား မကယ်တင်နိုင်။ ငါဘုရားသည် လမ်းမှန်ကို ညွှန်ပြရုံသာ ရှိသည်။

ကောင်းသော ကုသိုလ်ကံကို ပြုလုပ်သောသူသည် ကောင်းသော အကျိုးကို ခံစားကြရမည်။ မကောင်းသော အကုသိုလ်ကံကို ပြုလုပ်သောသူများသည် မကောင်းသော အကျိုးကို ခံစားကြရမည်။

ယာဒိသံ ဝပ္ပတေ ဗီဇံ

တာဒိသံ ဟရတေ ဖလံ

ကလျာဏကာရီ ကလျာဏံ

ပါပကာရီစ ပါပကံ။

ချိုသော မျိုးစေ့ကို စိုက်ပျိုးလျှင် ချိုသောအသီးကို ဆောင်ရမည်(စားရမည်)။ ခါးသော မျိုးစေ့ကို စိုက်ပျိုးလျှင် ခါးသောအသီးကို ဆောင်ရမည်(စားရမည်)။ ထို့အတူ ကောင်းသောအမှုကို ပြုလုပ်လေ့ရှိသောသူသည် ကောင်းသော အကျိုးကို ခံစားရမည်။ မကောင်းသောအမှုကို ပြုလုပ်လေ့ရှိသောသူသည် မကောင်းသော အကျိုးကို ခံစားရမည်။

ဤကား ဗုဒ္ဓ၏ ပွင့်လင်းပြတ်သားသော ဟောကြားချက်ဖြစ်၏။ ဗုဒ္ဓ၏ ဟောကြားချက်ကား လိုက်နာသူအတွက် အရှုံးမရှိသော ဒဿနတစ်ခုပင် ဖြစ်၏။ ဒါန၊ သီလ၊ ဘာဝနာဟူသော ကုသိုလ်ကောင်းမှုများကို ပြုလုပ်ထားသူသည် တမလွန်ဘဝသို့ ရောက်သောအခါတွင် ကယ်ဆယ်သော ဘုရား တကယ်ရှိသည်ဆိုလျှင်လည်း ကောင်းတာများကို ပြုလုပ်ထားသူဖြစ်သောကြောင့် ရှေးဦးစွာ အကယ်ဆယ်ခံရမည်သာ ဖြစ်၏။

ကယ်ဆယ်သောဘုရား မရှိဘူးဆိုပါကလည်း မိမိပြုထားသော ကုသိုလ်ကောင်းမှုများက မိမိကို ပြန်လည်စောင့်ရှောက်မည်ဖြစ်သောကြောင့် အားငယ်စရာ မရှိပေ။ နောင်တမလွန်ဘဝကျမှ ကယ်ဆယ်ရမည့်ဘုရားကို အားကိုးပြီး ကုသိုလ်ကောင်းမှု မပြုလုပ်ခဲ့သောသူသည် တမလွန်ဘဝရောက်လျှင် မိမိယူဆခဲ့သလို ဘုရားရှင်က လာမကယ်လျှင်ကား မိမိသာ နစ်မွန်းတော့မည်ဖြစ်၏။

ယခုဖြစ်ရပ်နှင့် ပတ်သက်၍ ဆက်စပ် စဉ်းစားစရာ ကောင်းသော ဇာတ်တော်တစ်ခုကို အမှတ်ရမိ၏။

ဇာတ်လမ်းအကျဉ်းမှာ ကုန်သည်တစ်ထောင်တို့သည် သင်္ဘောပျက်ပြီး လူသူမနီးသော ကျွန်းကြီးတစ်ကျွန်းပေါ်သို့ ရောက်သွားကြ၏။ ထိုကျွန်းကြီးပေါ်တွင် သီးပင်စားပင်နှင့် သောက်ရေများ ကောင်းကောင်းရသဖြင့် လူငါးရာစီ အုပ်စုခွဲပြီး နေကြ၏။ အုပ်စုတစ်စုတွင် ဘုရားအလောင်း ပညာရှိက ဦးဆောင်၏။

ကျန်အုပ်စုတစ်စုတွင် ဒေဝဒတ်အလောင်း လူမိုက်က ဦးဆောင်၏။ တစ်ရက်တွင် အရက်သောက်တတ်သူများက သစ်သီးမျိုးစုံကို အရက်ချက်ပြီး စိတ်ကြိုက် သောက်ကြ၏။ မူးရူးလာသောအခါ အညစ်အကြေးများကို ကျွန်းကြီးပေါ်တွင် ထင်သလို စွန့်ပစ်ကြ၏။ ကျွန်းမှာ စောင့်ကြပ်နေထိုင်သော နတ်များသည် အမျက်ဒေါသပြင်းစွာထွက်ပြီး လာမည့် လပြည့်ညတွင် ပင်လယ်ရေများကို ကျွန်းဖုံးသည်အထိ တက်စေပြီး ကျွန်းပေါ်ရှိ လူများကို သတ်ဖြတ်ပစ်ရန် ဆုံးဖြတ်လိုက်ကြ၏။

ထိုအခါ သနားတတ်သော နတ်သားတစ်ပါးက လူအများ မြင်သာအောင် ကိုယ်ထင်ပြပြီး လပြည့်ညတွင် ပင်လယ်ရေများ ကျွန်းကို ဖုံးလွှမ်းလိမ့်မည်။ ယခုကတည်းက လှေများ၊ ဖောင်များ အသင့်ပြုလုပ်ထားကြပါဟု တိုက်တွန်း နှိုးဆော်ပြီး ပျောက်သွား၏။ တစ်ဖန် အသနားအညာတာကင်းသော နတ်သားတစ်ပါးကလည်း ကိုယ်ထင်ပြ၍ ဤကျွန်းပေါ်သို့ ရေဖုံးလွှမ်းခြင်းဟူသည် တစ်ကြိမ်တစ်ခါမှ မဖြစ်ခဲ့ဘူးချေ။ ဖြစ်လည်း မဖြစ်နိုင်။ ထို့ကြောင့် မည်သည့်လှေမှ ပြုလုပ်စရာမလိုဘဲ အရင်အတိုင်း လွတ်လပ်ပျော်ရွှင်စွာ နေနိုင်ကြသည်ဟု ပြောပြီး ပျောက်သွားပြန်၏။

လာမည့် လပြည့်နေ့ညတွင် ကျွန်းကြီးတစ်ခုလုံးကို ရေများ ဖုံးလွှမ်းမည်၊ မဖုံးလွှမ်းမည်မှာ မသေမချာဖြစ်နေ၏။ လူအများမှာ မည်သည့်နတ်သား၏ စကားကို ယုံကြည်ရမည် မသိ ဖြစ်နေ၏။ ရေလွှမ်းမည်၊ မလွှမ်းမည်မှာ မသေချာသော



www.burmeseclassic.com

www.burmeseclassic.com

အခါ လေ့လုပ်ဖို့၊ မလုပ်ဖို့မှာလည်း မရေရာဖြစ်ရပြန်သည်။ ဒေဝဒတ်အလောင်း ခေါင်းဆောင်နှင့် နောက်လိုက်များကား ဉာဏ်ပညာမရှိသောကြောင့် ဒုတိယ နတ်သား၏ စကားကို လက်ခံပြီး လေ့မထွင်းဘဲ၊ မလုပ်ဘဲ နေကြ၏။

ဘုရားအလောင်း၏ နောက်လိုက် ငါးရာတို့ကလည်း ဒေဝဒတ်တို့၏ အဖွဲ့သားများကဲ့သို့ လေ့မထွင်း၊ ဖောင်မဖွဲ့ဘဲ သက်သာစွာ နေချင်ကြ၏။ ထိုအခါ ဘုရားအလောင်းက သေချာရေရာသည့် အရှုံးမရှိသော ဒဿနတစ်ခုကို ယခုလို ပေး၏။

နတ်သားနှစ်ယောက်တွင် စကားနှစ်ခွန်းဖြစ်နေ၍ မည်သူမှု သေချာမသိနိုင်။ ထို့ကြောင့် လပြည့်နေ့ရောက်မှသာ ရေဖုံးလွှမ်းမည်၊ မဖုံးလွှမ်းမည်ကို သေချာသိနိုင်ကြမည်။ ငါတို့ တစ်တွေသည် ဒုတိယနတ်သား၏ စကားကို ယုံကြည်ပြီး လေ့မလုပ်ဘဲ နေကြလျှင် လပြည့်ညရောက်ပါက ရေမတက်လျှင် တော်သေး၏။ ရေတက်လာလျှင်ကား ငါတို့တစ်တွေသာ အသက်ဆုံးရှုံးကြမည်ဖြစ်သည်။

ထို့ကြောင့် လေ့မလုပ်သော နည်းလမ်းသည် အသက်အတွက် မသေချာ မရေရာသော နည်းလမ်း၊ အရှုံးရှိသော နည်းလမ်းသာ ဖြစ်သည်။ ထို့ကြောင့် ပထမ နတ်သား၏ သတိပေး စကားအတိုင်း လေ့လုပ်ကြမည်။ လေ့ကို ကြိုတင် လုပ်ထားလျှင် လပြည့်ညတွင် ရေမတက်ပါကလည်း ကိစ္စ မရှိ။ နောင် သွားရေးလာရေးကိစ္စများအတွက် အသုံးဝင်မည်။ ရေတက်လာလျှင်ကား ငါတို့တစ်တွေ၏ အသက်ကို အသင့် လုပ်ထားသော လေ့များကသာ ကယ်ဆယ်နိုင်မည်။

ထို့ကြောင့် လေ့ကို ကြိုတင်လုပ်ထားသော နည်းလမ်းသည် ငါတို့တစ်တွေအတွက် အသက်မသေစေရန် သေချာ ရေရာသော နည်းလမ်း၊ အရှုံးမရှိသော နည်းလမ်းသာဖြစ်သည်။

လပြည့်နေ့ညရောက်သောအခါ ရေများ တက်လာသဖြင့် ဒေဝဒတ်အလောင်းနှင့် အပေါင်းပါ ငါးရာတို့သည် ရေနစ်သေဆုံးကြရပြီး ဘုရားအလောင်းနှင့် အပေါင်းပါ ငါးရာကား အသင့်လုပ်ထားသော လေ့များကြောင့် အသက်ချမ်းသာ ရာရကြ၏။ ထို့ကြောင့် မည်သည့်ဘာသာဝင်မဆို ဒါန၊ သီလ၊ ဘာဝနာဟူသော လေ့ကိုကား ဧကန်မုချ ပြုလုပ်ထားသင့်ကြ၏။

ရေတက်မည်၊ မတက်မည် ဆိုသည်မှာ မသေချာ မရေရာသကဲ့သို့ သေပြီးနောက်မှ မိမိဘာသာနှင့် ဆိုင်ရာ ဘုရားက ကယ်ဆယ်မည်ဆိုသည်မှာ မသေချာ မရေရာသော နည်းလမ်းသာဖြစ်၏။ ကမ္ဘာပေါ်ရှိ လူဦးရေသန်းပေါင်း ခြောက်ထောင်ကျော်တွင် သေပြီးနောက်မှ ဘုရားက ကယ်တင်မှုကို လက်တွေ့ ကြုံဖူးသူတစ်ယောက်မှ မရှိချေ။ စာတွေ့ ဖြင့်သော် လည်းကောင်း၊ တစ်ဆင့်ကြားဖြင့်သော် လည်းကောင်း ဟောပြောနေကြခြင်းဖြစ်သည်။

ထိုဟောပြောနေသူများကိုယ်တိုင်လည်း ဘုရားက ကယ်၊ မကယ် ဆိုသည်ကို သေပြီးနောက်မှ သေချာပေါက် သိကြမည်ဖြစ်၏။ ထို့ကြောင့် ဒါန၊ သီလ၊ ဘာဝနာဟူသော ကုသိုလ်ကောင်းမှုများကို ပြုလုပ်မထားလျှင် သေသောအခါ ဘုရားက ကယ်လျှင် တော်ပါသေး၏။ မကယ်လျှင်ကား မိမိသာ ဒုက္ခရောက်ရမည်ဖြစ်၏။ ဒါန၊ သီလ၊ ဘာဝနာဟူသော ကုသိုလ်တရားများကို ပြုလုပ်ထားလျှင်ကား ဘုရားက ကယ်တင်လျှင်လည်း သူတော်ကောင်းတရားများကို ပြုလုပ်ထားသူဖြစ်၍ တခြားသူများထက် ပို၍ကယ်တင်ခြင်းကို ခံယူရမည်ဖြစ်၏။

ဘုရားက ကယ်တင်မှု မပြုလျှင်လည်း မိမိပြုထားသော ကုသိုလ်ကောင်းမှုများက မိမိကို ကယ်တင် စောင့်ရှောက်မည်ဖြစ်၏။ ထို့ကြောင့် မိမိအတွက် အရှုံးမရှိသော နည်းလမ်းကား ဒါန၊ သီလ၊ ဘာဝနာဟူသော ကုသိုလ်တရားများကို ကြိုတင်ပြုလုပ်ထားခြင်းပင် ဖြစ်၏။

အရှုံးမရှိသော ဒဿနကို ဖော်ပြပြီး၍ ယခုအခါ သုတလုလင်၏ အမေးနှင့် ဗုဒ္ဓ၏ အဖြေတို့ကို ဖော်ပြပေအံ့။

**မေး။** လူသားချင်း တူပါလျက် တချို့က အသက်တိုပြီး တချို့က အသက်ရှည်ကြသည်မှာ အဘယ်ကြောင့်ပါနည်း။

**ဖြေ။** ဘုရားရှင်မှန်သမျှသည် ကရုဏာတရားရှိသူများသာ ဖြစ်ကြ၏။

သတ္တဝါတို့သည် မိမိတို့ကိုယ်ကို မိမိတို့ ဖန်ဆင်းကြခြင်းဖြစ်၏။ ထိုဖန်ဆင်းသူကား ကံပင်ဖြစ်၏။ စေတနာကို ကံဟု ခေါ်၏။ ထို့ကြောင့် စေတနာကောင်းလျှင် ကံကောင်းမည်။ စေတနာဆိုးလျှင် ကံဆိုးမည်ဟု ဆိုကြခြင်းဖြစ်၏။ အသက်တိုသောသူသည် သူတစ်ပါး၏ အသက်ကို သတ်ဖြတ်ခဲ့သောကြောင့် ဖြစ်၏။ အသက်ရှည်သောသူသည် သူတစ်ပါး၏ အသက်ကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ခဲ့သောကြောင့်ပင် ဖြစ်၏။

သူတစ်ပါးအသက်ကို သတ်ခြင်းသည် စေတနာဆိုးဖြစ်၏။ ထိုစေတနာဆိုးက ဖြစ်ရာဘဝတွင် အသက်တိုအောင် ပြုလုပ်ခြင်းဖြစ်၏။ သူတစ်ပါးအသက်ကို ရှည်စေခြင်းသည်



www.burmeseclassic.com

www.burmeseclassic.com

“

ကံမျက်စိဖြင့် ကြည့်မည်ဆိုလျှင် သူဌေးသားသည်
အရင်ဘဝများက ဒါနပြုခဲ့၏။
ထိုဒါနကုသိုလ်က ချမ်းသာသော မိဘဝမ်းထဲ ပို့ပေး၏။
သို့သော် သူသည် သီလမရှိခဲ့။ သူတစ်ပါး၏ အသက်တို့ကို
များစွာသတ်ဖြတ်ခဲ့၏။ ထိုစေတနာဆိုး၊ ကံဆိုးများက
၁၈နှစ်အရွယ် ငယ်ငယ်လေးနှင့် သေစေရန်
အသက်ကယ်မည့် လေအိတ်များကို
ကြံဖန်ဖောက်ခွဲပစ်လိုက်ခြင်းသာဖြစ်၏။

စေတနာကောင်းကြောင့် ဖြစ်၏။ ထိုစေတနာကောင်းသည် ဖြစ်ရာဘဝတွင် အသက်ရှည်အောင် ပြုလုပ်ပေးခြင်းဖြစ်၏။

ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့ မန္တလေးကျောင်းတိုက်တွင် ရှင်ပြုအလှူပွဲတစ်ခုပြုလုပ်စဉ်က သက်တော်ရှည် ဆရာတော်ကြီးတစ်ပါး ကြွလာဖူး၏။ ငယ်ဖြူမဟုတ်။ တောထွက်တစ်ပါးပင်ဖြစ်၏။ အသက် ၉၀မှ ရဟန်းပြုသည်။ ထိုအချိန် (၂၀၀၀ ခုနှစ်)ကပင် ၁၄၀ါရှိနေရာ အသက် ၁၀၄နှစ်ဖြစ်၏။ ယခု (၂၀၀၄ ခုနှစ်)ဆိုလျှင် (၁၀၈)နှစ်ရှိပြီဖြစ်၏။ ရွှေပြည်သာမြို့ ၅/၄ ရပ်ကွက်၊ အင်ကြင်းပန်းခြံတွင် နေထိုင်ကြသော ဦးကျော်ဝင်း+ဒေါ်လှလှဝင်း(ထ/၁/ရွှေပြည်သာ)တို့၏ ဖခင်ဖြစ်၏။ အသက် ၆၀/၇၀ အရွယ်မှာပင် တဖြုတ်ဖြုတ်သေနေကြသော ဆုတ်ကပ်ခေတ်ထဲတွင် ထိုဦးပဉ္စင်းကြီးက (၁၀၈)နှစ်အရွယ်ထိ အသက်ရှည်ခြင်းမှာ သူတစ်ပါးအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခဲ့သောကြောင့်ပင် ဖြစ်၏။

ရန်ကုန်မြို့မှ အချမ်းသာဆုံး စာရင်းဝင် သူဌေးကြီးတစ်ဦး၏ သားတစ်ယောက်သည် အရက်မူးပြီး ကားကို တရကြမ်းမောင်းလာသည်။ သူ၏ အသက်မှာ ၁၈နှစ်ခန့်သာရှိသေးသည်။ သူတစ်ပါးကားနှင့် တိုက်မိ၍သော် လည်းကောင်း လမ်းချော်၍သော် လည်းကောင်း ကားမှောက်သွားလျှင်လည်း သူ့အတွက် စိုးရိမ်စရာမရှိ။ အဘယ်ကြောင့်နည်း။ သူမောင်းလာသော နောက်ဆုံးပေါ် ကားကြီးတွင် လျှို့ဝှက် အသက်ကယ် လေအိတ်များ ကားအတွင်းပိုင်းတွင် အပြည့်ပါ၏။

ကားတစ်စုံတစ်ခုဖြစ်၍ မှောက်သည်နှင့် လေအိတ်များက အလိုအလျောက်ထွက်လာပြီး ကားအတွင်းရှိ လူများကို မာသော အရာဝတ္ထုနှင့် မထိခိုက်မိအောင် ကြားခံအဖြစ် တားဆီးထားမည်ဖြစ်သည်။ ထို့ကြောင့်လည်း သူဌေးသားက အကြောက်အရွံ့မရှိ မောင်းနှင်နေခြင်းဖြစ်သည်။ အရှိန်များလွန်းသဖြင့် မထိန်းနိုင်ဘဲ မျက်နှာချင်းဆိုင်မှ လာသော ကားတစ်စီးကို ဝင်တိုက်မိ၏။ သူ့ကားသည် လမ်းဘေးသို့ ထိုးကျပြီး မှောက်သွား၏။

သက်ဆိုင်ရာများ ရောက်လာ၍ ကားတံခါးကို ဖွင့်ကြည့်လိုက်သောအခါ သူဌေးသားသည် ကားနံရံနှင့် ဆောင့်မိပြီး အတွင်းကြေ,ကြေကာ သေနေပြီကို တွေ့ကြရ၏။ အရေးပေါ် လျှို့ဝှက် လေအိတ်များ ထွက်မလာခြင်းကြောင့် သေရသလော။ မဟုတ်ပေ။ ကားမှောက်သည်နှင့် လေအိတ်များက သူဌေးသား၏ အသက်ကို ကယ်ရန် ထွက်လာကြပါ၏။ သို့သော် ကားစီယာတိုင်ရှိ လက်ကိုင်ဖွင်းတွင် သူဌေးသားကိုယ်တိုင် အလှတပ်ထားသော သမင်ချိုများက ထွက်လာသော လေအိတ်များကို ထိုးဖောက်ပစ်လိုက်သောကြောင့်တည်း။

အပေါ်ယံ ကြည့်မည်ဆိုလျှင် သမင်ချိုများက လေအိတ်ကို ဖောက်ခွဲပစ်လိုက်သောကြောင့် သူဌေးသား သေရခြင်းကို တွေ့မည်ဖြစ်၏။ ကံမျက်စိဖြင့် ကြည့်မည်ဆိုလျှင် သူဌေးသားသည် အရင်ဘဝများက ဒါနပြုခဲ့၏။ ထိုဒါနကုသိုလ်က ချမ်းသာသော မိဘဝမ်းထဲ ပို့ပေး၏။ သို့သော် သူသည် သီလမရှိခဲ့။ သူတစ်ပါး၏ အသက်တို့ကို များစွာသတ်ဖြတ်ခဲ့၏။ ထိုစေတနာဆိုး၊ ကံဆိုးများက ၁၈နှစ်အရွယ် ငယ်ငယ်လေးနှင့် သေစေရန် အသက်ကယ်မည့် လေအိတ်များက ကြံဖန်ဖောက်ခွဲပစ်လိုက်ခြင်းသာ ဖြစ်၏။

**မေး။** လူသားချင်းတူပါလျက် တချို့ အနာရောဂါပေါ်များပြီး တချို့က အနာရောဂါကင်းရှင်းကြသည်မှာ အဘယ့်ကြောင့်ပါနည်း။

**ဖြေ။** သူတစ်ပါးကို နာကျင်အောင် ညှဉ်းဆဲခဲ့သူများသည် အနာရောဂါများ၍၊ ညှဉ်းဆဲခြင်းမှ ရှောင်ကြဉ်ခဲ့သူများသည် အနာရောဂါကင်းရှင်းသည်။ ဗုဒ္ဓဒေသနာအရ အသက်ရှည် ကျန်းမာလိုလျှင် သူတစ်ပါးအသက်ကို သတ်ခြင်း၊



www.burmeseclassic.com

www.burmeseclassic.com

[illegible] ဖြစ်ကြောင်းမှာ ရောဂါဖြစ်ရခြင်း ဖြစ်၏။ အကျိုးဖြစ်သောတရားမှာ [illegible] အသက်တိုခြင်း၏ အကျိုးဖြစ်တရား ရောဂါများ ဖြစ်၏။ အကြောင်းတရားတို့ကို ပယ်သတ်လိုက်ခြင်းပင် ဖြစ်၏။

[illegible] ဖော်ထုတ်ထားသော ဆေးဝါးများသည် အကျိုးသတ်တရားဖြစ်၏။ အကျိုးသတ်တရားဟူသည် ရောဂါဖြစ်ပေါ်လာခြင်း၏ အကြောင်းတရားကို မပယ်သတ်နိုင်ဘဲ အကျိုးတရားဖြစ်ပေါ်လာသည့် ရောဂါကိုသာ ပျောက်အောင် ကုသနေရခြင်းကို ဆိုလိုခြင်းဖြစ်၏။ ဥပမာအားဖြင့် အစားအစာကို မတန်တဆ စားသော အလေ့အထကြောင့် လူတစ်ယောက်သည် အစာမကြေ၊ ရင်ပြည့်ရင်ကယ်ရောဂါ မကြာခဏဖြစ်နေ၏။

ဆေးသိပ္ပံနည်းအရ ဝမ်းထဲတွင် ပြည့်လာသောအခါ အစာများ ကြေအောင်သာ ဆေးတိုက်မည်ဖြစ်၏။ အစာမကြေရောဂါဖြစ်ခြင်း၏ အဓိကအကြောင်းဖြစ်သည့် အစားလောဘကြီးသော အကျင့်ကို ဖျောက်နိုင်းဖို့ သိမည်မဟုတ်ပါ။ ထို့ကြောင့် ဆေးမည်မျှလောက်တိုက်တိုက်,ထိုးထိုး အစားကြီးနေသမျှ အစာမကြေသော ရောဂါကား ဆက်ဖြစ်နေမည်သာဖြစ်၏။ ဗုဒ္ဓနည်းအရ အစာမကြေရောဂါဖြစ်ခြင်း၏ အဓိကအကြောင်းဖြစ်သည့် အစားကြီးသည့်အကျင့်ကိုသာ ဖျောက်နိုင်းမည်ဖြစ်၏။

အစားကြီးသော အကျင့်ပျောက်သည်နှင့် အစာမကြေရောဂါသည် ဘယ်သောအခါမှ ဖြစ်တော့မည်မဟုတ်ပေ။ ထို့ကြောင့် ယခုခေတ်တွင် နှလုံးရောဂါပျောက်သော ဆေးမဖော်နိုင်မီမှာပင် ကင်ဆာရောဂါက ထပ်ပေါ်လာ၏။ ကင်ဆာရောဂါပျောက်ဆေးမပေါ်မီမှာပင် သွေးတိုးရောဂါက ပေါ်လာပြန်၏။ သွေးတိုးရောဂါပျောက်ဆေး မပေါ်မီမှာပင် ဆီးချိုရောဂါက ပေါ်လာပြန်၏။ ထိုရောဂါများတွက် မနိုင်မနင်းဖြစ်နေစဉ်မှာပင် အေအိုင်ဒီအက်(စ်)ရောဂါ၊ ဆား(စ်)ရောဂါ၊ ကိုမားရောဂါတို့က ဆက်ပေါ်လာ၏။ ထို့ကြောင့် အသက်ရှည်ပြီး ရောဂါကင်းလိုသူများသည် ဗုဒ္ဓနည်းအတိုင်း သူ့အသက်ကို သတ်ခြင်းမှ လည်းကောင်း၊ သူတစ်ပါးကို ညှဉ်းဆဲခြင်းမှ လည်းကောင်း ရှောင်ကြဉ်သင့်ပါ၏။

**မေး။** လူသားချင်းတူပါလျက် တချို့က အရုပ်ဆိုး၍ တချို့က ရုပ်လှကြသည်မှာ အဘယ်ကြောင့်ပါနည်း။

**ဖြေ။** အမျက်ဒေါသကြီးခဲ့သူများ အရုပ်ဆိုး၍၊ ဒေါသကင်းပြီး မေတ္တာပွားသူများ ရုပ်ရည်ချောမောလှပသည်။

**မေး။** လူသားချင်းတူပါလျက် တချို့က အခြွေအရံပေါများပြီး တချို့က အခြွေအရံမရှိဘဲ တစ်ယောက်တည်း အထီးကျန်နေရသည်မှာ အဘယ့်ကြောင့်ပါနည်း။

**ဖြေ။** မိမိထက် စည်းစိမ်ဥစ္စာ၊ ရာထူး အာဏာသာသူများအပေါ် မနာလို ဝန်တိုဖြစ်ခဲ့သူများ အခြွေအရံနည်းပါးပြီး ကိုယ့်ထက် အစစအရာရာသာသူများအပေါ် မုဒိတာဖြင့် ဝမ်းမြောက်ခဲ့သူများ အခြွေအရံပေါများသည်။

**မေး။** လူသားချင်းတူပါလျက် တချို့က ပစ္စည်းဥစ္စာပေါများချမ်းသာကြသည်မှာ အဘယ်ကြောင့်ပါနည်း။

**ဖြေ။** လှူဒါန်းပေးကမ်း စွန့်ကြဲခဲ့သူများ ပစ္စည်းဥစ္စာပေါများချမ်းသာ၍ မပြုခဲ့သူများ ဆင်းရဲမွဲတေသည်။

ချမ်းသာချင်စိတ်ရှိတာခြင်းလည်း တူ၊ စီးပွားရှာတာခြင်းလည်း တူပါလျက်၊ တချို့က အဆင်ပြေ ချမ်းသာပြီး၊ တချို့က အဆင်မပြေ မချမ်းမသာကြခြင်းမှာ ဒါနရှိမှု၊ မရှိမှုတို့၏ ကွာခြားမှုကြောင့်ပင် ဖြစ်၏။ အင်္ဂုတ္တိုရ်ပါဠိတော်တွင် မိမိပြုခဲ့သည့် ဒါနစေတနာအလိုက် စီးပွားဖြစ်ထွန်း အမြတ်ကျန်ပုံကို ဗုဒ္ဓဟောကြားထားသည်မှာ တိကျ သေချာလှ၏။ တချို့လူသည် စီးပွားရေးလုပ်သည့်အခါ သိန်းတစ်ထောင်မြတ်မည်ဟု ထင်ထားသော်လည်း အဆင်ပြေပြီး သိန်းနှစ်ထောင်ကျော် မြတ်သွား၏။

ထိုသူသည် အရင်ဘဝက အလှူခံ ပုဂ္ဂိုလ်ကို တစ်ရာဖိုး လှူမည်ဟု ပြောထားသော်လည်း တကယ်လှူသောအခါ စေတနာပိုပြီး နှစ်ရာဖိုးလှူခဲ့သောကြောင့်ဖြစ်သည်။ လူတစ်ယောက်ကား စီးပွားလုပ်ရာ သိန်းတစ်ထောင်မြတ်မည်ဟု ခန့်မှန်းထား၏။ ခန့်မှန်းသည့်အတိုင်း သိန်းတစ်ထောင်ပင် မြတ်၏။ ထိုသူသည် အရင်ဘဝက ဒါနပြုစဉ် အလှူခံပုဂ္ဂိုလ်ကို တစ်ရာဖိုးလှူမည်ဟု ပြောထားပြီး ပြောခဲ့သည့်အတိုင်း တိကျစွာ တစ်ရာဖိုး လှူခဲ့သောကြောင့်ဖြစ်၏။

လူတစ်ယောက်သည် စီးပွားရှာရာ၌ သိန်းတစ်ထောင် မြတ်မည်ဟု ကြံစည်ထား၏။ တကယ်မြတ်သောအခါ သိန်းငါးရာသာ မြတ်၏။ ထိုသူသည် အလှူခံကို တစ်ရာဖိုး လှူမည်ဟု ပြောထားပြီး တကယ်လှူသောအခါ စေတနာလျော့သွားပြီး ငါးဆယ်ဖိုးသာ လှူခဲ့သောကြောင့် ဖြစ်၏။ လူတစ်ယောက်သည် စီးပွားရှာသောအခါ သိန်းတစ်ထောင်မြတ်မည်ဟု တွက်ထား၏။ အလုပ်ပြီးသောအခါ မမြတ်သည့်အပြင် အရှုံးပေါ်၏။ ထိုသူသည် အလှူခံကို တစ်ရာဖိုးလှူမည်ဟု ပြောထားပြီး နောင်အခါ စေတနာပျက်ပြီး မလှူခဲ့သောကြောင့်ဟု ဗုဒ္ဓက ဟောကြားတော်မူခဲ့၏။

**မေး။** လူချင်းတူပါလျက် အမျိုးယုတ်ခြင်း၊ အမျိုး



www.burmeseclassic.com

www.burmeseclassic.com

မြတ်ခြင်းဟူ၍ ကွဲပြားရသည်မှာ အဘယ့်ကြောင့်ပါနည်း။

**ဖြေ။** မာနကြီးပြီး ဂါရဝ၊ နိဝါတကင်းသူသည် ဖြစ်ရာဘဝ၌ အမျိုးယုတ်၍၊ မာနကင်းပြီး ဂါရဝ၊ နိဝါတရှိသူသည် အမျိုးမြတ်ဖြစ်သည်။

**မေး။** လူချင်းတူပါလျက် တချို့က ဉာဏ်ထိုင်းပြီး၊ တချို့က ဉာဏ်ကောင်းသည်မှာ အဘယ့်ကြောင့်ပါနည်း။

**ဖြေ။** မိမိ မသိတာကို မေးမြန်းတတ်သူများသည် ဖြစ်ရာဘဝ၌ ဉာဏ်ကောင်းပြီး၊ မမေးမြန်းသူများ ဉာဏ်ထိုင်းသည်။

ဤအမေးအဖြေများကို သဘာဝကျကျ ပြောပြတတ်မှုကြောင့် မဝင်း၏ ခင်ပွန်းသည် ဗုဒ္ဓဘာသာသို့ ဝင်ရောက်လာခဲ့သလို၊ စာရှုသူများသည်လည်း ဤဆောင်းပါးကို ဖတ်ရှုပြီး တကယ့်ဗုဒ္ဓဘာသာဝင်ဖြစ်ကာ မိမိနှင့် သက်ဆိုင်သူများကို ဗုဒ္ဓဘာသာအဖြစ်သို့ ပါအောင် သမာသမတ်ကျစွာ ဆွဲဆောင်နိုင်ကြပါစေ။

**မှတ်ချက်။** သရဏဂုံသုံးပါးအကြောင်းကို ကျွန်ုပ်တို့ ရေးသားသော "မျက်ရည်မကျခင် သိစေချင်"၊ "သရဏဂုံ အစွမ်း အံ့မခန်း"၊ "မြန်မာတို့၏ အသက်" စာအုပ်တို့တွင် ဖတ်ရှုနိုင်သည်။

## သစ္စာမသိမှု အဝိဇ္ဇာ၏ နှိပ်စက်ပုံ

အန္ဓဗာလ ပုထုဇဉ်ဘဝမှ အန္ဓပုထုဇဉ်ဘဝ မရောက်အောင် အဝိဇ္ဇာက တားဆီး ဖုံးလွှမ်းထား၏။

အန္ဓပုထုဇဉ်ဘဝမှ ကလျာဏ ပုထုဇဉ်ဘဝ မရောက်အောင် အဝိဇ္ဇာကပင် တားဆီး ဖုံးလွှမ်းထား၏။

ကလျာဏ ပုထုဇဉ်ဘဝမှ စူဠသောတာပန် ပုထုဇဉ်ဘဝမရောက်အောင် အဝိဇ္ဇာကပင် တားဆီး ဖုံးလွှမ်းထား၏။

စူဠသောတာပန် ပုထုဇဉ်ဘဝမှ မဟာသောတာပန်ဘဝ မရောက်အောင် အဝိဇ္ဇာကပင် တားဆီး ဖုံးလွှမ်းထား၏။

သောတာပန်ဘဝမှ သကဒါဂါမ်ဘဝ မရောက်အောင် အဝိဇ္ဇာကပင် တားဆီး ဖုံးလွှမ်းထား၏။

သကဒါဂါမ်ဘဝမှ အနာဂါမ်ဘဝ မရောက်အောင် အဝိဇ္ဇာကပင် တားဆီး ဖုံးလွှမ်းထား၏။

အနာဂါမ်ဘဝမှ ရဟန္တာဘဝ မရောက်အောင် အဝိဇ္ဇာကပင် တားဆီး ဖုံးလွှမ်းထား၏။

ရဟန္တာဘဝရောက်မှပင် လူသားသည် အဝိဇ္ဇာ၏ စက်ကွင်းမှ လွတ်၏။ သစ္စာလေးပါး မသိမှု အဝိဇ္ဇာသည် လူသားကို ရဟန္တာဘဝသို့ မရောက်ရန် တားဆီးဖို့အတွက် ဘဝကို လိုချင်တပ်မက်မှု တဏှာနှင့် ငါ့ရုပ်၊ ငါ့နာမ်၊ ငါ့ခန္ဓာဟု ထောင်လွှားမှု မာနတရားတို့၏ ကူညီပံ့ပိုးမှုကို ရယူ၏။ ထိုမောဟ၊ တဏှာ၊ မာန၊ ကိလေသာသည် ထုထည်ကြီးမားများပြားကျယ်ဝန်း၏။

ထိုတရားများကို လေးပုံစီ ပုံပြီး မဂ်လေးပါးက အစဉ်အတိုင်း တစ်ပုံစီ ပယ်သတ်ရ၏။ အရဟတ္တမဂ်ကျမှ အကုန်ကုန်၏။ ထိုကိလေသာတွေ အားလုံးကုန်ပြီး ရဟန္တာဖြစ်မှ ဗုဒ္ဓအလိုကျကြောင်း ဓမ္မပဒပါဠိတော်ဂါထာ အမှတ်(၂၇၁၊ ၂၇၂)၌ ဗုဒ္ဓက ယခုလို ဟောကြားထား၏။

နသီလဗ္ဗတမတ္တေန၊ ဗာဟုသစ္စေဝပန။
အထဝါသမာဓိလာဘေန၊ ဝိဝိတ္တသယနေနဝါ။
ဖုသာမိနေက္ခမ္မသုခံ၊ အပုထုဇ္ဇနသေဝိတံ။
ဘိက္ခုဝိဿာသ-မာပါဒိ၊ အံ-ပတ္တော အာသဝက္ခယံ။

ရဟန်း…သင်သည် ရဟန္တာအဖြစ်သို့ မရောက်သေးဘဲ သီလစင်ကြယ်ရုံမျှ၊ ဓုတင်ဆောင်နိုင်ရုံမျှဖြင့် စိတ်ချလက်ချနေခြင်းသို့ မရောက်လင့်။

ပိဋကတ်သုံးပုံဆောင်နိုင်သည့်တိုင်အောင် အကြားအမြင်များရုံမျှဖြင့်လည်း စိတ်ချလက်ချ နေခြင်းသို့ မရောက်လင့်။

ဈာန်သမာပတ်ရှစ်ပါးကို ရရုံမျှဖြင့်လည်း စိတ်ချလက်ချနေခြင်းသို့ မရောက်လင့်။

ဆိတ်ငြိမ်သော တောရကျောင်း၌ နေနိုင်ရုံမျှဖြင့်လည်း စိတ်ချလက်ချ နေခြင်းသို့ မရောက်လင့်။

ပုထုဇဉ်တို့ မမှီဝဲနိုင်သော အနာဂါမိ ဖိုလ်ချမ်းသာကို တွေ့နိုင်၊ ရောက်နိုင်သည်ဟူ၍လည်း စိတ်ချလက်ချနေခြင်းသို့ မရောက်လင့်။

ရဟန္တာအဖြစ်သို့ မရောက်အောင် အဝိဇ္ဇာ၏ တားဆီးခြင်း၊ ဖုံးလွှမ်းခြင်း ခံရသည်မှာ သစ္စာလေးပါးကို မသိမှုကြောင့်ဖြစ်၏။ သစ္စာလေးပါးကို သိသည်နှင့် အဝိဇ္ဇာသည် ကွယ်ပျောက်ရမည်ဖြစ်၏။ သစ္စာလေးပါးကို သိရာ၌ အဆင့်နှစ်ဆင့်ရှိ၏။ အဆင့်နှစ်ဆင့်ကား အနုဗောဓအသိနှင့် ပဋိဝေဓအသိပင် ဖြစ်၏။

အနုဗောဓသိဟူသည် ဆရာဖြစ်သူ ဟောကြားပြသရေးသားသည့်အတိုင်း ဆရာ၏ ဉာဏ်ကို အစဉ်လိုက်ပြီး သိခြင်းဖြစ်၏။ အနုဗောဓသိကို အခြေခံကာ ကိုယ်တိုင်ရှုပွားပြီး မဂ်ဖိုလ်ရသည်အထိ ထိုးထွင်း၍ သိသွားခြင်းကို ပဋိဝေဓသိဟု ခေါ်၏။ အနုဗောဓသိကို ရပြီးမှ ပဋိဝေဓသိကို ရနိုင်သည်ဖြစ်ရာ အနုဗောဓသိ ရရှိအောင် ဝိပဿနာတရားမျိုးစုံကို


www.burmeseclassic.com

www.burmeseclassic.com

နာကြားပြီး ဝိပဿနာတရားစာအုပ်မျိုးစုံကို ဖတ်ရှုရမည်ဖြစ်၏။

**သစ္စာလေးပါးသရုပ်၊ အဓိပ္ပာယ်၊ ကိစ္စ၊ အရကောက်**

သစ္စာဟူသည် အမှန်ဟု အဓိပ္ပာယ်ရ၏။ ထိုသစ္စာသည် ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာဟု လေးပါးရှိ၏။

ဒုက္ခသစ္စာဟူသည် - ဆင်းရဲခြင်းအမှန်။
သမုဒယသစ္စာဟူသည် - ဆင်းရဲသို့ ရောက်ကြောင်းအမှန်။
နိရောဓသစ္စာဟူသည် - ဆင်းရဲချုပ်ရာအမှန်။
မဂ္ဂသစ္စာဟူသည် - ဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်အမှန်။

ဤကား သစ္စာလေးပါး၏ သရုပ်(အရေအတွက်)နှင့် အဓိပ္ပာယ်တည်း။

ဒုက္ခသစ္စာသည် - ပရိညာတဗ္ဗကိစ္စရှိ၏။ မမြဲ ဆင်းရဲ အစိုးမရဟု သိရမည့် တရား။
သမုဒယသစ္စာသည် - ပဟာတဗ္ဗကိစ္စရှိ၏။ ပယ်သတ်ရမည့် တရား။
နိရောဓသစ္စာသည် - သစ္ဆိကာတဗ္ဗ ကိစ္စရှိ၏။ ဆိုက်ရောက်ရမည့် တရား။
မဂ္ဂသစ္စာသည် - ဘာဝေတဗ္ဗကိစ္စရှိ၏။ ပွားများရမည့် တရား။

ဤကား သစ္စာလေးပါး၏ ပြုလုပ်ရမည့်ကိစ္စတည်း။

ဒုက္ခသစ္စာအရ - လောကီစိတ်(၈၁)၊ လောဘကြဉ်စေတသိက်(၅၁)၊ ရုပ်(၂၈)။
သမုဒယသစ္စာအရ - လောဘစေတသိက်ကို ရ၏။

ဤကား သစ္စာလေးပါး၏ အရကောက်တည်း။

**မဂ္ဂင်တရား ကိုယ်ရှစ်ပါး**

(၁) သမ္မာဒိဋ္ဌိ - မှန်စွာသိခြင်း(ပညာစေတသိက်ကို ရ၏)။
(၂) သမ္မာသင်္ကပ္ပ - မှန်စွာကြံစည်ခြင်း (ဝိတက် စေတသိက်ကို ရ၏)။
(၃) သမ္မာဝါစာ - မှန်စွာပြောဆိုခြင်း(သမ္မာဝါစာ စေတသိက်)။
(၄) သမ္မာကမ္မန္တ - မှန်စွာပြုလုပ်ခြင်း (သမ္မာကမ္မန္တ စေတသိက်)။
(၅) သမ္မာအာဇီဝ - မှန်စွာအသက်မွေးခြင်း (သမ္မာအာဇီဝ စေတသိက်)။
(၆) သမ္မာဝါယာမ - မှန်စွာအားထုတ်ခြင်း(ဝီရိယစေတသိက်)။
(၇) သမ္မာသတိ - မှန်စွာအမှတ်ရခြင်း (သတိစေတသိက်)။
(၈) သမ္မာသမာဓိ - မှန်စွာ တည်ကြည်ခြင်း (ဧကဂ္ဂတာစေတသိက်)။

**သမ္မဝါစာဖြစ်အောင် ဤစကားလေးမျိုးကို ရှောင်**

(၁) မုသာဝါဒ - လိမ်ညာ၍ ပြောဆိုခြင်း။
(၂) ပိသုဏာဝါစာ - ကုန်းတိုက်စကားပြောဆိုခြင်း။
(၃) ဖရုသဝါစာ - ကြမ်းတမ်းရုန့်ရင်းသော စကားကို ပြောဆိုခြင်း။
(၄) သမ္ဖပလာပ - အကျိုးမရှိသော အပြိန်အဖျင်း စကားကို ပြောဆိုခြင်း။

**သမ္မာကမ္မန္တဖြစ်အောင် ဤအမှုသုံးခုကို ရှောင်**

(၁) ပါဏာတိပါတ - သူ့အသက်ကို သတ်ခြင်း။
(၂) အဒိန္နာဒါန - သူတစ်ပါးဥစ္စာကို ခိုးယူခြင်း။
(၃) ကာမေသုမိစ္ဆာစာရ - ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်ခြင်း။

* သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပသည် ပညာမဂ္ဂင်၊ အဘိဓမ္မာပိဋကတ်။
* သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိသည် သမာဓိမဂ္ဂင်။
* သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝသည် သီလမဂ္ဂင်၊ ဝိနယပိဋကတ်၊ သုတ္တန္တပိဋကတ်။

သိက္ခာသုံးပါးတွင် သီလသိက္ခာကို ဖြည့်ဆည်းလျှင် သီလသိက္ခာတစ်ခုသာ ရ၏။ သမာဓိသိက္ခာနှင့် ပညာသိက္ခာ အလိုလိုပါမလာ။ သမာဓိသိက္ခာကို ဖြည့်ဆည်းလျှင် သီလသိက္ခာ တစ်ခါတည်း ပါလာ၏။ ပညာသိက္ခာ ပါမလာ။ ပညာသိက္ခာကို တရားနာရင်း၊ တရားထိုင်ရင်း၊ တရားဆွေးနွေးရင်း ဖြည့်ဆည်းလိုက်လျှင်ကား သမာဓိသိက္ခာနှင့် သီလသိက္ခာ တစ်ပါတည်း ပါလာပြီး မဂ်ဖိုလ်ကို ချက်ချင်းရသွား၏။

(ရှေ့လ ဆက်လက်ဖော်ပြပါဦးမည်)

* * *

မေတ္တာရှင်(ရွှေပြည်သာ)




www.burmeseclassic.com

www.burmeseclassic.com

# ပဲခူး ကလျာဏီသိမ်တော်

■ တင်နိုင်တိုး ■



ပဲခူးသို့ ဘုရားဖူးသွားတိုင်း ရွှေသာလျောင်းဘုရား မရောက်မီ ကလျာဏီသိမ်တော်ကို ဖြတ်သန်းသွားရပါသည်။ အမည်က ထူးထူးခြားခြား စိတ်ဝင်စားစရာမို့ တစ်ခါတစ်ရံတော့ ကလျာဏီသိမ်တော်သို့ ဝင်ရောက်လေ့လာဖြစ်ခဲ့သည်။ ကလျာဏီသိမ်တော်ကား ဓမ္မစေတီမင်း၏ ကုသိုလ်တော်ဖြစ်သကဲ့သို့ ဓမ္မစေတီကျောက်စာကိုလည်း သိမ်တော်အနီး၌ တွေ့ကြရသည်။

ပဲခူး ကလျာဏီသည် သီဟိုဠ်(ယခု သီရိလင်္ကာ) ကလျာဏီနှင့် ဆက်စပ်လျက်ရှိသည်။ သီဟိုဠ်တွင် ကလျာဏီမြစ်ခေါ် မြစ်ကြီးရှိပါသည်။ ယင်းကလျာဏီမြစ်သိမ်တွင် ပဲခူး ဟံသာဝတီမှ ရဟန်းတော်အချို့ အသစ်တစ်ဖန် ရဟန်းခံခဲ့ဖူးပါသည်။ ကလျာဏီသည် သီဟိုဠ်-မြန်မာဆက်ဆံရေးနှင့်လည်း ဆက်စပ်လျက်ရှိနေသည်။ ဟံသာဝတီဘုရင်များသည် ဘာသာတရားရှိသေကိုင်းရှိုင်းနေကြသူများဖြစ်ရာ သီဟိုဠ်-မြန်မာနိုင်ငံအကြား ဘာသာရေးအပေါ် အခြေခံလျက် ဆက်သွယ်မှု ရှိခဲ့ပါသည်။

ဓမ္မစေတီမင်းလက်ထက်တွင် အမတ်ကြီး နှစ်ဦးနှင့် သံဃာတော် ၂၂ပါးတို့ သီဟိုဠ်သို့ သွားရောက်ခဲ့ကြသည်။ ဓမ္မစေတီမင်းက ဟံသာဝတီနေပြည်တော်တွင် သီတင်းသုံးနေထိုင်ကြသော ရဟန်း သံဃာအချို့အား ဗုဒ္ဓမြတ်စွာ ရေသုံးသပ်တော်မူရာ ကလျာဏီမြစ်၌ မဟာဝိဟာရဝါသီ ရဟန်းမြတ်တို့အနွယ် ရဟန်းတို့ထံမှ ရဟန်းအဖြစ် ခံယူကြရန် လျှောက်ထားခဲ့သောကြောင့်ဖြစ်သည်။


ဤသို့ဖြင့် သံဃာတော် ၂၂ပါးကို ရွေးချယ်ပြီး အမတ်ကြီး စိတြတမန်နှင့် ရာမတမန်တို့အား ဦးဆောင်ကာ သင်္ဘောနှစ်စင်းဖြင့် သီဟိုဠ်သို့ စေလွှတ်လိုက်လေသည်။ ၂၁၊ ဇန်နဝါရီ ၁၄၇၆ တွင် အမတ် ရာမတမန် ဦးစီးသော ရွက်သင်္ဘောက သံဃာတော် ၁၁ပါးနှင့်အတူ ဟံသာဝတီဆိပ်မှ ထွက်ခွာသွားပါသည်။ ထို့အတူ နောက်တစ်နေ့ဖြစ်သော ဇန်နဝါရီလ ၂၂ရက်နေ့တွင် အမတ် စိတြတမန် ဦးစီးသည့် ရွက်သင်္ဘော ဟံသာဝတီမှ သံဃာတော် ၁၁ပါးနှင့်အတူ ထွက်ခွာသွားပြန်ပါသည်။

စိတြတမန် ဦးစီးသော ရွက်သင်္ဘောက တစ်လနီးပါးအကြာ ၁၆၊ ဖေဖော်ဝါရီ ၁၄၇၆ တွင် ကလမ္ဗုဆိပ်(ယခု ကိုလံဘို)သို့ ရောက်လာသည်။ ရက်သတ္တတစ်ပတ်အကြာ ဖေဖော်ဝါရီလ ၂၃ရက်နေ့တွင် သီဟိုဠ်ဘုရင်က အမတ်



www.burmeseclassic.com

www.burmeseclassic.com



စိတြတမန်ကို လက်ခံ တွေ့ဆုံပါသည်။ ထိုစဉ် ဓမ္မစေတီမင်း၏ ရာဇသံ သဝဏ်လွှာကို ဖတ်ကြားခဲ့သည်။ အမတ် ရာမတမန် ဦးစီးသော ရွက်သင်္ဘောမှာမူ မုန်တိုင်းမိပြီး ၃၊ မတ်၊ ၁၄၇၆ တွင် သီဟိုဠ်နိုင်ငံအစွန်အဖျား ဝလ္လိရွာကလေးသို့ ရောက်သွားပါသည်။ ထိုမှတစ်ဆင့် ၁၃၊ ဇွန်၊ ၁၄၇၆တွင်မှ မင်းနေပြည်တော်သို့ ရောက်ရှိခဲ့ကြ၏။

ဇွန်လ ၁၆ရက်နေ့တွင် သံဃာတော် ၂၂ပါး ကလျာဏီမြစ်အတွင်း ရေသိမ်ဝင် ပဉ္စင်းခံကြသည်။ ယင်းနောက် ရာမတမန်အဖွဲ့ သီဟိုဠ်မှ ပြန်လည်ထွက်ခွာလာခဲ့ရာ ၂၀၊ ဩဂုတ်၊ ၁၄၇၆တွင် ဟံသာဝတီသို့ ပြန်ရောက်ကြသည်။ စိတြတမန်တို့အဖွဲ့က အပြန်ခရီးတွင် အကွဲကွဲအပြားပြား ဖြစ်ခဲ့ကြသည်။ သံဃာသုံးပါးက လမ်းခရီးတွင် ပျံလွန်ခဲ့ကြသည်ဟု ဆိုသည်။ နောက်ဆုံး ဟံသာဝတီပြန်ရောက်ကြတော့ ဓမ္မစေတီမင်းက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါသည်။ ယင်း ရဟန်းတော်များ သမုတ်သည့်သိမ်ကို "ကလျာဏီသိမ်"ဟု အမည်ပေး၍ ၁၄၇၉ခုနှစ်တွင် ဓမ္မစေတီမင်းက ကလျာဏီသိမ်အနီး၌ ဖြစ်ပျက်သမျှ အကြောင်းအရာများကို ကျောက်စာရေးထိုး မှတ်တမ်းတင်ခဲ့သည်။

ကလျာဏီကို သီဟိုဠ်ဘာသာဖြင့် "ကလဏီယ"ဟု ခေါ်ဆိုသည်။ ဗုဒ္ဓမြတ်စွာ သက်တော်ထင်ရှားရှိစဉ်က ကလဏီယမြစ်၌ ရေသုံးသပ်တော်မူခဲ့ကြောင်း အဆိုရှိပါသည်။ နာဂဒီပ(သီဟိုဠ်မြောက်ပိုင်း)၏ အရှင်သခင် "မဏိအက္ခိကမင်း"မှ တောင်းပန်လျှောက်ထား၍ ဗုဒ္ဓမြတ်စွာ ကြွရောက်တော်မူလာခဲ့ခြင်းဖြစ်သည် ဆို၏။ ကလဏီယမြစ်နံဘေး၌ ကလဏီယမြို့တော်ကြီး တည်ရှိခဲ့သည်။ ဘီစီ ၂၆၇ က ဒေဝါနံပိယမင်း၏ ညီတော် ဥတ္တိယသည် ကလဏီယတွင် မင်းပြုခဲ့ဖူး၏။

ဥတ္တိယဘုရင်သည် မဏိအက္ခိတမင်း၏ ကုသိုလ်တော် ကလျာဏီစေတီအား ပြုပြင်ခဲ့သူဖြစ်သည်။ ထို့ပြင် ဝိဟာရကျောင်းကြီးတစ်ဆောင်ကိုလည်း ဆောက်လုပ်လှူဒါန်းခဲ့သည်။ သံဃာတော်များအားလည်း ပစ္စည်းလေးပါး ထောက်ပံ့ပေးခဲ့သည်။ သူ၏ မြေး "ကလနီတိဿမင်း"လက်ထက်တွင် မင်းဆရာတော် အဘယထေရ်အပေါ် အထင်အမြင်လွဲမှားကာ စီရင်ခဲ့သည်ဟု ဆိုပါသည်။ ဝိဇယဗာဟုမင်း(၁၂၂၀-၁၂၂၄)လက်ထက်တွင် စေတီတော်ကို ပြန်လည်မွမ်းမံခဲ့သည်။

ကလျာဏီစေတီ၏ အဝင်မုခ်ဦးက ကလျာဏီမြစ်ကို မျက်နှာမူထားပါသည်။ စေတီတော်ကို ထုံးသင်္ကန်းကပ်လှူထား၏။ စေတီတော်အနီးတွင် ကလျာဏီကျောင်းတော်ကြီး တည်ရှိပါသည်။ ယင်းကျောင်းတော်ကြီး၏ အတွင်းနံရံထက်၌ ဗုဒ္ဓဖြစ်တော်စဉ်အပါအဝင် အရှင်မဟိန္ဒထေရ်ပုံတော်တို့ကို ရေးဆွဲထား၏။ မဏိအက္ခိတဘုရင်လက်ထက် ဗုဒ္ဓမြတ်စွာ သီဟိုဠ်သို့ ကြွချီတော်မူလာပုံ နံရံဆေးရေး ပန်းချီကြီးက စိတ်ဝင်စားဖွယ်ဖြစ်ပါသည်။

သီဟိုဠ် ကလဏီယသည် ပဲခူး ဟံသာဝတီ ကလျာဏီ၏ အခြေပြုရာဖြစ်၏။ ကလျာဏီသိမ်တော်ကို ဝန်ကြီးချုပ်ဦးနုလက်ထက်တွင် ပြုပြင်တည်ဆောက်ခဲ့ကြောင်း သိရှိရပါသည်။

* * *

တင်နိုင်တိုး

ကျမ်းကိုး

- မြန်မာသီရိလင်္ကာ သာသနာဆက်သွယ်ရေး(ပါဠိ)။
- လက်ဘဒီပမှတ်တမ်း(ဦးကောဝိဒ-မြိတ်)သူရှဋ-၂၀၁၂ဇန်နဝါရီ)။

www.burmeseclassic.com




# ဆိုချမ်း (ဆွေး-၂)

## လက်ဂသားတို့ရဲ့ ခိတ်ထား လက်ဂမင်းတို့ရဲ့ ရင်တွင်းစကား

သီရိလင်္ကာကျွန်းလေးဟာ အိန္ဒိယတိုက်ကြီးရဲ့ တောင်ဘက်စွန်း၊ အရှေ့ခပ်ယွန်းယွန်းက အိန္ဒိယသမုဒ္ဒရာအတွင်းမှာ သီးခြားရပ်တည်နေတာပါ။ ကမ္ဘာ့မြေပုံမှာကြည့်လိုက်ရင် အိန္ဒိယကျွန်းဆွယ်ရဲ့ အဖျားမှာ မိုးစက်ပုံ စိန်ပွင့်နားသံသီးလေး ဆွဲထားသလို တွဲလောင်း

www.burmeseclassic.com

www.burmeseclassic.com

လေးပေါ့။ အမှန်တကယ်လည်း အဲဒီ သီရိလင်္ကာနိုင်ငံလေးဟာ ရတနာတွေအပြည့်နဲ့ ရတနာကျွန်းလေးဖြစ်ပါတယ်။ တောရိုင်းတိရစ္ဆာန် ဆင်ကြီးတွေ၊ ကျားသစ်တွေ ပေါတဲ့ တောတောင်ရေမြေတွေ၊ အေးမြတဲ့ စိမ့်စမ်းရေတံခွန်တွေ၊ မြစ်တွေ၊ တောင်တန်းတွေ၊ နှစ်ပေါင်း ၂၅၀၀ကျော်တဲ့တိုင် မပျက်စီးသေးတဲ့ ရှေးဟောင်းမြို့ပြယဉ်ကျေးမှုနဲ့ ကြွယ်ဝတဲ့ အမွေအနှစ်မြို့ဟောင်းတွေ၊ ထူးဆန်းတဲ့ ရိုးရာဓလေ့တွေ၊ တောက်ပပြီး ထည်ဝါတဲ့ အဆင်တန်ဆာ ဝတ်စားဆင်ယင်မှုတွေနဲ့ ကျေးလက်အနု ပညာလက်မှု ပစ္စည်းတွေစတဲ့ ရတနာများ ရှိနေလေရဲ့။ ဒါ့အပြင် ကျော်ကြားထင်ရှားတဲ့ ကျောက်မျက်ရတနာများလည်း ဒီကျွန်းမှာ အမှန်တကယ်ထွက်ရှိနေပါတယ်။ (Smithsonian Institute)မှာ ကမ္ဘာ့အကြီးဆုံး နီလာကြီး (World's largest Sapphire)အဖြစ်ပြသထားတဲ့ (Logan Sapphire Brooch)ကြီးကလည်း သီရိလင်္ကာနိုင်ငံက ထွက်တဲ့ သီဟိုဠ်နီလာပြာ(Ceylon blue sapphire)ကြီးပါပဲ။ (၄၂၂ ·၉၉)ကာရက်မျှရှိတဲ့ နီလာကြီးပေါ့။ အဲဒီ သီဟိုဠ်ကျွန်းမှာ ကမ္ဘာ့အလှပဆုံး ရိုးရာဓလေ့ပွဲတော်တစ်ခုဖြစ်တဲ့ ဆင်ပေါင်းများစွာ၊ အကအခုန်မျိုးစုံနဲ့ မီးပွင့်ရောင်စုံ ထွန်းညှိပြီး လှည့်လည်တဲ့ ကန္ဒီ-ဗုဒ္ဓမြတ်စွယ်တော်လှည့်ပွဲလည်း ရှိနေလေရဲ့။

မြို့တော် ကိုလံဘိုကတော့ နွေနဲ့ မိုးသာ ရာသီဥတုနှစ်ခုရှိပြီး ဆောင်းရာသီပျောက်ဆုံးနေတဲ့ ထူးခြားတဲ့ မြို့ကြီးပါ။ ဆောင်းရာသီရှိတဲ့ မြောက်ဘက်ပိုင်းဒေသ နာဂဒီပ (Nagadipa)အရပ်များမှာတော့ "ရမာယန"ဇာတ်တော်လာ ဟာနုမာန်တို့ ဆယ်တဲ့ ကျောက်တန်းနဲ့ သမိုင်းဝင်နေရာတွေ ရှိနေပြန်ပါတယ်။ မင်္ဂလာပါ(Arubowun)လို့ စာတန်းလေးတွေ ချိတ်ဆွဲကြိုဆိုတဲ့ ကိုလံဘို လေဆိပ်ကို ဝင်လိုက်တာနဲ့ လူ့ပြည်က ကောင်းကင်ဘုံတစ်ခုကို ရောက်သွားသလို သာယာစိုပြည်တဲ့ ကျွန်းနိုင်ငံလေးပါ။ ထူးခြားဆန်းပြားတဲ့ ရိုးရာဟန် ဝတ်စားဆင်ယင်မှုတွေကလည်း လေဆိပ်က ထွက်တာနဲ့ စတင်မိတ်ဆက်နေလေရဲ့။

ပြီးတော့ သီရိလင်္ကာဟာ ဗုဒ္ဓဘာသာသမိုင်းမှာ ထေရဝါဒဗုဒ္ဓသာသနာရဲ့ ပုခက်တော် (The Cradle of Buddhism)လို့ တင်စားခေါ်ရလောက်တဲ့ နေရာပါ။ သိဒ္ဓတ္ထဘုရားလောင်းမွေးဖွားခဲ့ရာ၊ ဂေါတမဘုရားပွင့်တော်မူရာ မဇ္ဈိမဒေသမှာ ဗုဒ္ဓသာသနာတော် မှေးမှိန်ပျောက်ကွယ်ခဲ့ပေမယ့် သီဟိုဠ်ကျွန်းမှာတော့ အသောကမင်းကြီးရဲ့ ကျေးဇူးနဲ့သာသနာတော်ဟာ ဆက်လက်ကြီးထွား ရှင်သန်သွားခဲ့တာပါ။

သီဟိုဠ်ကျွန်းရဲ့ သမိုင်းဖြစ်တဲ့ ဒီပဝံသ(Dipavamsa)နဲ့ သီဟိုဠ်နန်းစဉ်မှတ်တမ်း မဟာဝံသ(Mahavamsa)ကျမ်းများမှာတော့ ဗုဒ္ဓသာသနာဟာ ဒီကျွန်းကို ခရစ်ကြိုနှစ် ၃ရာစု၊ ဒေဝါနံပိယတိဿမင်း (ဘီစီ ၂၄၇-၂၀၇) စိုးစံစဉ်ကာလမှ စပြီးရောက်ရှိခဲ့ကြောင်း ဖော်ပြထားတယ်။ အဲဒီအချိန်မှာ အနုရာဓပူရဟာ သီဟိုဠ်ကျွန်းရဲ့ မြို့တော်ပေါ့။ အိန္ဒိယနိုင်ငံ၊ မဇ္ဈိမဒေသမှ မောရိယမင်းဆက်ရဲ့ တန်ခိုးအကြီးဆုံးနဲ့ အကျော်ကြား အထင်ရှားဆုံးဖြစ်တဲ့ သီရိဓမ္မာသောကမင်းကြီးမှ သီဟိုဠ်ကျွန်းကို သားတော် ရှင်မဟိန္ဒကို စေလွှတ်ပြီး သာသနာပြုခဲ့ခြင်းပါ။ ဘုရားပွင့်တော်မူရာ ဗုဒ္ဓဂယာရှိ ဗောဓိပင်မှ လက်ျာကိုင်းကိုလည်း ပင့်ပြီး သီဟိုဠ်ကျွန်းမှာ စိုက်ပျိုးထားခဲ့ကြပါတယ်။ ယနေ့ထက်တိုင် ကမ္ဘာ့သက်တမ်းအရှည်ဆုံး သမိုင်းကြောင်းအတိအကျရှိတဲ့ သစ်ပင်အဖြစ် ဂျပန်နိုင်ငံရဲ့ အကူအညီနဲ့ အနုရာဓပူရမြို့ဟောင်းမှာ ရှင်သန်နေဆဲပါ။

အရှေ့နဲ့ အနောက် ဖြတ်သန်းကုန်သွယ်ရာ လမ်းကြောင်းပေါ်မှာ ရှိနေပြီး သာယာစိုပြည်လှတဲ့ သီဟိုဠ်ကျွန်းဟာ ပေါ်တူဂီ၊ ဒတ်ချ်နဲ့ ဗြိတိသျှနယ်ချဲ့တို့ရဲ့ စိုးမိုးအုပ်ချုပ်မှုကိုလည်း ခံခဲ့ရပြန်ပါတယ်။ သီရိလင်္ကာနိုင်ငံဟာ အေဒီ ၁၅၀၅ခုနှစ်မှစပြီး ကိုလိုနီနယ်ချဲ့တို့လက်အောက် ကျဆင်းခဲ့ရတာပါ။ ပေါ်တူဂီလက်အောက်မှာ ၁၅၃ နှစ်၊ ဒတ်ချ်တို့လက်အောက်မှာ ၁၅၈နှစ်နဲ့ အင်္ဂလိပ်လက်အောက်မှာတော့ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးတဲ့အထိ နေခဲ့ကြရပါတယ်။ ဒီလိုနဲ့ နှစ်ပေါင်း ၄၅၀နီးပါး သူ့ကျွန်ဘဝရောက်ခဲ့လေရဲ့။ ဒေသခံဗုဒ္ဓဘာသာဝင်များကတော့ အုပ်ချုပ်သူများရဲ့ အခြားဘာသာအသီးသီးက ဘာသာရေးအနှောင့်အယှက်မျိုးစုံ ထိုးဖောက်မှုအဖုံဖုံကြုံခဲ့ရပေမယ့် ကြံ့ကြံ့ခံနိုင်ခဲ့ပါတယ်။ ဒါ့အပြင် သီရိလင်္ကာဟာ ယနေ့အထိ ဘာသာရေးလွတ်လပ်ခွင့် အပြည့်ရှိတဲ့ နိုင်ငံပါ။

ဒေဝါနံပိယတိဿမင်းနောက်မှာ ဗုဒ္ဓသာသနာတော်ကို အားပေးချီးမြှောက်ခဲ့တဲ့ မင်းကတော့ ဒုဋ္ဌဂါမဏိမင်း (ဘီစီ ၁၀၁-၇၇)ပဲ ဖြစ်လေရဲ့။ သူ့လက်ထက်မှာ အိန္ဒိယတောင်ပိုင်း၊ အမရာဝတီနယ်က အန္ဓြခေတ်နှောင်း ဗုဒ္ဓဘာသာယဉ်ကျေးမှု အနုပညာရပ်များလည်း သီဟိုဠ်သို့ ပြန့်ပွားရောက်ရှိခဲ့ပါတယ်။ ဒါ့ကြောင့်လည်း အနုရာဓပူရမြို့တော်တစ်ဝိုက်မှာ ယနေ့တိုင် ဒါဂိုဘ(Dagoba)လို့ ခေါ်တဲ့ စေတီ(ထူပါ)များ အများအပြားကို တွေ့နိုင်တာပါ။ ရုဝန်ဝေလိလို့ ခေါ်တဲ့ မဟာစေတီတော်ကြီးကတော့ အထင်ရှားဆုံးပါ။ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com

ထုပါကြီးအနီးမှာ ဗုဒ္ဓဆင်းတုတော်များ၊ ကျောက်ရုပ်တုများ အပြင် ကြေးသွန်းရုပ်တုများ၊ အခြား ကျောက်မျက်ရတနာတို့ဖြင့် ထုလုပ်ထားတဲ့ ဆင်းတုများကိုလည်း ယနေ့တိုင် အများအပြား တူးဖော်ရရှိနေလေရဲ့။

အဲဒီလို ဗုဒ္ဓသာသနာကို ချီးမြှောက်တဲ့ သာသနာပြုမင်းဖြစ်ပေမယ့် သူ့ရဲ့ ထူးခြားမှုတစ်ခုကိုလည်း သတိပြုမိပါတယ်။ အနုရာဓပူရမြို့ဟောင်းက မြန်မာဘုန်းတော်ကြီးကျောင်းရဲ့ ကျောခြင်းကပ်လမ်း၊ ဝဲဘက် တစ်နေရာမှာရှိတဲ့ စေတီသဏ္ဌာန်အုတ်ပုံကြီးက ဒုဋ္ဌဂါမဏိမင်းရဲ့ သဘောထားကြီးမြင့်မှုကို သက်သေပြနေလို့ပါ။ နိုင်ငံရေးမှာ ပြိုင်ဖက်ဖြစ်ပေမယ့် လူမှုရေးအရ ထူးခြားမွန်မြတ်တဲ့ လူသားတစ်ဦးကို လေးစားပြီး အလေးထား အသိအမှတ်ပြုမှုကို ဖော်ပြနေတာဖြစ်ပါတယ်။ အဲဒီအုတ်ပုံနေရာဟာ သာသနာသက္ကရာဇ် ၃၀၂ ခုနှစ်မှာ ဒုဋ္ဌဂါမဏိမင်းနဲ့ စစ်ခင်းပြီး အရှုံးကြီး ရှုံးကာ ဧဠာရကျေးမင်းဘဝ နိဂုံးချုပ်ခဲ့တဲ့ နေရာပေါ့။ ဧဠာရကျေးမင်းဟာ အိန္ဒိယပြည်တောင်ပိုင်း စောဠ(Chola)တိုင်းသား လူမျိုးခြားဖြစ်ပါတယ်။ ဒုဋ္ဌဂါမဏိမင်းလို သီဟိုဠ်ကျွန်းသား ဆင်ဟာလီလူမျိုး မဟုတ်ပါဘူး။

အဲဒီလို လူမျိုးခြား၊ ဘာသာခြားဖြစ်ပေမယ့် အနုရဓပူရနေပြည်တော်ကို ဒေဝါနံပိယတိဿမင်းကြီးနောက် ခုနစ်ဆက်မြောက်မင်းအဖြစ် ဒေသခံ တိုင်းရင်းသားမဟုတ်ဘဲ အုပ်စိုးနိုင်ခဲ့ပါတယ်။ ၄၄ နှစ်တိုင်တိုင် လာရောက်အုပ်စိုးတန်ခိုးကြီးခဲ့တဲ့ ဒီဧဠာရကျေးမင်းကို သီဟိုဠ်သားစစ်စစ်ဖြစ်တဲ့ ဒုဋ္ဌဂါမဏိမင်းသားက သူ့ရဲ့ကောင်းတစ်ကျိပ်တို့နဲ့အတူ စစ်ခင်းပြီး အကြွင်းမဲ့ သုတ်သင်နိုင်ခဲ့ပါတယ်။ ဒုဋ္ဌဂါမဏိမင်းဟာ ရဲစွမ်းသတ္တိရှိပြီး အမျိုး၊ ဘာသာ၊ သာသနာကို စောင့်ရှောက်နိုင်ခဲ့တဲ့ မင်းဖြစ်ခဲ့ပေမယ့် ဧဠာရကျေးမင်းကလည်း ဗုဒ္ဓဘာသာဝင် မဟုတ်ပေမယ့်လည်း သူအုပ်ချုပ်နေတဲ့အတွင်းမှာ ဒေသခံ သီဟိုဠ်သားတွေကို ကျောသားရင်သား မခွဲခြား၊ အဂတိ မလိုက်စားဘဲ ညီမျှသော ဓမ္မတာသီလမြဲ့လို့ သီဟိုဠ်ရာဇဝင်မှာ ထင်ရှားခဲ့လေရဲ့။ အဲဒါကြောင့်လည်း ဒီကျေးမင်းကို သုတ်သင်ကာ သီဟိုဠ်ကျွန်းကို အုပ်ချုပ်မင်းလုပ်နိုင်ခဲ့တဲ့ ဒုဋ္ဌဂါမဏိမင်းကြီးဟာ ရန်သူဖြစ်ခြားလည်း ဧဠာရကျေးမင်းကို လေးစားခဲ့ပါတယ်။ ကျေးမင်းရဲ့ အလောင်းကို ကြီးကျယ်ခမ်းနားစွာ မီးသဂြိုဟ်ပေးခဲ့တယ်။ အမှတ်အသားဖြစ်စေရန်လည်း ရန်သူ့ ပြာပုံနေရာမှာ ဂူဆောက်လုပ်စေခဲ့တယ်။ အဲဒီဂူပေါ်မှာ စေတီတည်လိုက်ပြီး အမှတ်တရ ဂုဏ်ပြုခဲ့ပြန်ပါတယ်။ အဲဒီစေတီဟာ မြို့တော်ရဲ့ တောင်ဘက်မှာ ရှိလို့ ဒက္ခိဏထူပ၊ ဧဠာရမင်း သင်္ဂြိုဟ်နေရာမှာ ရှိလို့ ဧဠာရဂူဘုရား စတဲ့ အမည်နှစ်မျိုးတွင်ခဲ့ပါသတဲ့။

ဒါ့အပြင် သီဟိုဠ်ကျွန်းက အခြားသော မင်းညီမင်းသားများ ဒီနေရာရောက်တိုင်းလည်း အရိုအသေပေးတဲ့ အနေနဲ့ ဝေါယာဉ်၊ ဆင်၊ မြင်း၊ ရထားစီးလာရင် ဆင်းပြီး လမ်းလျှောက်သွားလာစေခဲ့တယ်။ တူရိယာများ တီးမှုတ်လာရင်လည်း အတီးအမှုတ်တွေ ရပ်ပြီး ငြိမ်သက်စွာ နေပေးကြရတယ်။ ယခုခေတ်မှာ လှည့်လည်ပွဲများ ပြုလုပ်ရင်တောင် ဒီနေရာရောက်ရင် ရပ်တန့်ကြရပါသတဲ့။ ရန်သူကိုပင် အမုန်းမပွားဘဲ ရန်သူ့အရည်အချင်းကို လေးစား အသိအမှတ်ပြုတဲ့ ဒုဋ္ဌဂါမဏိမင်းကြီးကို အထင်ကြီးမိသွားပါတယ်။ မင်းကြီးရဲ့ စိတ်ထားဟာ ခေတ်မီနေလေရဲ့လို့လည်း အံ့သြရပါတယ်။

ပေါ်လောနရုဝမြို့ဟောင်းကို ရောက်တော့ ရှေးဟောင်းနယ်မြေအဝင်၊ ရှေးဟောင်းသုတေသနယဉ်ကျေးမှု ပြတိုက်ကြီးက အထွက်မှာ ဟိုဘက်ကမ်း သည်ဘက်ကမ်း မမြင်ရလောက်အောင် ကျယ်တဲ့ ကန်ကြီးတစ်ခုကို ဘွားခနဲ တွေ့လိုက်ရပါတယ်။ "ပရက္ကမဗာဟုမင်းသမုဒ္ဒရာ"(Parakrama Samudraya)လို့ ကားဆရာ မစ္စတာ ဆူဒတ်က ပြောပြတယ်။ ပရက္ကမဗာဟုမင်းကြီး(King Parakramabahu) ဆည်ခဲ့တဲ့ အဲဒီ ကန်တော်ကြီးဟာ လူလုပ် သမုဒ္ဒရာ(Man-made lake)ပါပဲ။ အမွန်မြစ်ကို ဖြတ်ကာ ဆည်ပြီး တည်ထားတဲ့ တစ်ဖက်ဆည်ကန်ကြီးပါတဲ့။ ကန်ရိုးအရှည် ၉မိုင်၊ အမြင့်ပေ ၄၀၊ ထိပ်ဝ ပေ ၂၀ကျယ်တယ်။ လယ်ဧက ၆၀၀၀ကို ရေပေးနိုင်တယ်လို့ သိလိုက်ရတယ်။ မင်းကြီးတူးဖော်ပေးခဲ့တဲ့ ဆည်ကြီး၊ ကန်ကြီးတွေဟာ ရေပေးရေးစနစ်၊ ဆည်မြောင်းစနစ်များ ကောင်းမွန်လှတယ်လို့ ထင်ရှားလှပါတယ်။ ဟန်ပြမဟုတ်ဘဲ တကယ်ခိုင်မာ သပ်ရပ်ကောင်းမွန်အောင် လုပ်ခဲ့လို့ နေမှာပါ။ ကန်ပေါင်ပေါ် ကားနဲ့ဖြတ်မောင်းရင်း ဒီမျှ ကြီးမားပြီး ပင်လယ်သမုဒ္ဒရာတမျှ ကျယ်တဲ့ ကန်ကြီးကို အံ့သြရပါတယ်။ ရှေးခေတ် သီဟိုဠ်မင်းတွေရဲ့ ဆည်မြောင်းတာတမံအတွက် ဆောင်ရွက်ချက်တွေက ချီးကျူးလောက်ဖွယ်ဖြစ်ပါတယ်။ ယခုတိုင် မကောမပျက်အောင် ထိန်းသိမ်းနိုင်ခဲ့တဲ့ ယနေ့ခေတ်အုပ်ချုပ်သူများကိုလည်း ချီးကျူးရပါရဲ့။

"ပရက္ကမဗာဟု"မင်းကြီးပြောခဲ့တဲ့ ရင်တွင်းစကားတစ်ရပ်ကလည်း ကျော်ကြား ထင်ရှားပြီး မှတ်သားစရာကောင်းလှပါတယ်။

"မိုးကောင်းကင်က ကျဆင်းလာတဲ့ ဘယ်ရေတစ်စက်

www.burmeseclassic.com

www.burmeseclassic.com

တစ်ပေါက်ကမှ လူသားတွေရဲ့ ကောင်းကျိုးတစ်စုံတစ်ရာ မပြုဘဲ ပင်လယ်ထဲ အလဟဿ စီးဆင်းမသွားရဘူး"

တဲ့။ တကယ်မှတ်သားလောက်ပါပေရဲ့။ ကန်ကြီး အလွန်က ရေးဟောင်းနယ်မြေတစ်နေရာမှာတော့ ကျောက်တောင်စွယ်ကို ထွင်းထုထားတဲ့ ကျောက်ထွင်းရုပ်တုကြီး တစ်ခုရှိပါတယ်။ ရုပ်တုရှင်ကတော့ ကောင်းသတင်းအထွေထွေနဲ့ နာမည်ကျော်ကြားလှတဲ့ ပရက္ကမဗာဟုမင်း (Parakramabahu)ကြီးပါ။ မဟာဝံသခေတ်မှာ ဒုဋ္ဌဂါမဏိမင်း၊ စူဠဝံသခေတ်မှာ ပရက္ကမဗာဟုမင်းလို့ သီဟိုဠ်ရာဇဝင်မှာ မဟာ(The Great)ဆိုတဲ့ ဝိသေသနပုဒ် တပ်ဆင်ဂုဏ်ပြုပြီး အထူးချီးကျူးကြရတဲ့ မင်းတရားကြီး နှစ်ပါးရှိလေရဲ့။ ဒီမင်းကြီးတွေဟာ မြန်မာပြည်က ပုဂံရာဇဝင်လာ အနော်ရထာမင်းစော၊ ဟံသာဝတီ ဆင်ဖြူရှင် ဘုရင့်နောင်မင်းတရားကြီးတွေလိုပဲ စံတင်လောက်အောင် ကြီးကျယ်မြင့်မားတဲ့ ဘုရင်တွေပါ။ စူဠဝံသကျမ်းဆရာက ပရက္ကမဗာဟုမင်းကြီးရဲ့ ဘုန်းရည်ကံရည်၊ တိုင်းပြုပြည်ပြု၊ သာသနာပြုပုံကို ဂါထာပေါင်း ၁၇၇၀ကျော်နဲ့ သီကုံးဖွဲ့ဆိုခဲ့တယ်။ အိန္ဒိယတောင်ပိုင်းကို တက်ရောက် တိုက်ခိုက်နိုင်တဲ့အထိ စွမ်းရည်ရှိပြီး



ဘုန်းတန်ခိုးကြီးမားခဲ့သူပါ။ ပရက္ကမဗာဟုမင်းကြီး ကိုးပါးရှိခဲ့ရာမှာ ပဌမမြောက်ဖြစ်ပြီး ကျန်မင်းများထက်လည်း ဘုန်းကံကြီးမား သာလွန်လို့ "ပဌမ မဟာပရက္ကမဗာဟုမင်းကြီး"လို့ ခေါ်ဝေါ်သမုတ်ခဲ့ကြတယ်။

ပရက္ကမဗာဟုမင်းလက်ထက်မှာ သီဟိုဠ်ကျွန်းနေရဟန်းအားလုံးကို ရွှေမြို့တော်ဆင့်ခေါ်ပြီး ဝိနိစ္ဆယခုံရုံးများနဲ့လည်း စစ်ဆေး ဆုံးဖြတ်စေခဲ့ပါတယ်။ ပါရာဇိက အမှုထင်ရှားသူများကိုတော့ လူဝတ်လဲစေခဲ့တယ်။ မူလအစကတည်းက ရဟန်းမထိုက်ခဲ့သူများကိုလည်း ပြန်လည်ရဟန်းခံစေပါတယ်။ ဒါ့အပြင် အာပတ်သင့်တဲ့ ပုဂ္ဂိုလ်များကိုလည်း ဒေသနာကံ၊ ဝုဋ္ဌာနကံဖြင့် လည်းကောင်း၊ ဂရုကအာပတ်(သံဃာဒိသေသ်)သင့်တဲ့ ရဟန်းများကို ဝတ်ဆောက်တည်စေပြီး လည်းကောင်း ကုစားစေခဲ့ပါတယ်။ အဲဒီတုန်းအခါက ဝိနိစ္ဆယခုံရုံးများမှာ ဝိနည်းမိုရ်အဖြစ် ဆောင်ရွက်တော်မူခဲ့ကြတဲ့ ဆရာတော်ကြီးများကတော့ သာရတ္ထဒီပနီဋီကာကျမ်းပြု အရှင်သာရိပုတ္တရာမထေရ်၊ ဋီကာကျော်ကျမ်းပြု အရှင်သုမင်္ဂလသာမိ၊ အဘိဓမ္မတ္ထသင်္ဂဟကျမ်းပြု အရှင်အနုရုဒ္ဓါနဲ့ အဘိဓာန်ကျမ်းပြု ရှင်မောဂ္ဂလာန်မထေရ်တို့ပဲ ဖြစ်ကြပါတယ်။

ဘုရားရှင်ရဲ့ ကိုယ်ခန္ဓာတော်မှ ဖြစ်ပေါ်လာခဲ့တဲ့ ဓာတ်တော်များ ပေါင်းစု ကိန်းဝပ်နေတယ်ဆိုတဲ့ ရုဝဏ်မလိစေတီတော်ကြီးကိုလည်း ရောက်ရှိ ဖူးမြော်ခဲ့ရတယ်။ စေတီတော်ကြီးရဲ့ ဒါယကာကတော့ ဘီစီ ၂ရာစုခေတ်မှာ အုပ်ချုပ်မင်းလုပ်တော်မူခဲ့တဲ့ ဘုရင် ဒုဋ္ဌဂါမဏိ(King Dutugemununi)ပါ။ ဒုဋ္ဌဂါမဏိဟာ ရောဟဏ(Rohana)မှ ကာကဝဏ္ဏတိဿ(Kakavanna Tissa)ရဲ့ သားတော်ဖြစ်ပါတယ်။ သူဟာ စဉ်းပိုင်း သီဟိုဠ် ဗုဒ္ဓဘာသာသမိုင်းရဲ့ ကြီးမြတ်လှတဲ့ အမျိုးသား သူရဲကောင်းကြီးလည်း ဖြစ်ပါတယ်။ ပြည်ပထိုးနက်မှုများကို တွန်းလှန်ပြီး ဗုဒ္ဓသာသနာကို လွတ်လပ်စွာ ပွင့်လန်းလာအောင် စည်းလုံးလုပ်ဆောင်နိုင်ခဲ့သူပါ။ အဲဒီမင်းကြီးရဲ့ စစ်ကြွေးကြော်သံက "ဘုရင့်နိုင်ငံတော်အတွက် မဟုတ်၊ ဗုဒ္ဓသာသနာတော်အတွက်ဖြစ်သည်။ 'Not for kingdom, but for Buddhism' တဲ့။ အဲဒါကပဲ ဆင်ဟာလီတို့ရဲ့ အမျိုးသားရေးဝါဒအစဖြစ်ခဲ့ပါတယ်။ ဆင်ဟာလီမျိုးနွယ်(Sinhalese race)တစ်စုလုံးဟာ ဂါမဏိလုလင်ပျိုရဲ့ အောင်လံ တံခွန်အောက်မှာ စုရုံးတိုးဝင်ခဲ့ကြတယ်။ ကျန်းမာလန်းဆန်းပြီး နုသစ်တဲ့ သွေးတွေဟာ ဗုဒ္ဓသာသနာအတွက် ဟစ်ကြွေးပြီး စီးဆင်းလာတော့တယ်။ သူ့ခေတ်သူ့အခါ



www.burmeseclassic.com

www.burmeseclassic.com

အလျောက် ဒေသစွဲနဲ့ အမျိုးသားရေးစိတ်ဓာတ်တို့ ပေါင်းစပ်ပြီး ဆင်ဟာလီတစ်မျိုးလုံး နိုးထလာကြတာပါ။

(ဘီအီး ၇၉၄-၇၉၆)မှာ နန်းတက်ခဲ့တဲ့ ဘုရင်သီရိသံဃဗောဓိ(Siri Sanghabodhi)ဟာလည်း ထူးခြားတဲ့ မင်းတစ်ပါးဖြစ်ပါတယ်။ သူ့လက်ထက်မှာ တစ်ကျွန်းလုံးတွင် မိုးခေါင်တော့ မင်းကြီးဟာ စေတီတော်ရင်ပြင်တော်မှာ လဲလျောင်းပြီး "မိုးရေ မစိုစွတ်ခဲ့သမျှ ဤနေရာမှ ငါမထ၊ သည်မှာပင် အသေခံအံ့"လို့ အဓိဋ္ဌာန်လိုက်တော့ ကျွန်းအနှံ့တွင် မိုးများ ရွာကျလာစေခဲ့တယ်တဲ့။ သူ့လုပ်ရပ်ဟာ သိပ္ပံနည်းမကျဘူးလို့ ထင်စရာဖြစ်ပေမယ့် ပြည်သူပြည်သားများရေ့မှာ မားမားမတ်မတ်ရပ်ပြီး ခေါင်းခံချင်ခဲ့၊ တာဝန်ယူချင်ခဲ့တဲ့ စိတ်ဓာတ်ကိုတော့ လေးစားရမှာပါ။

အနုရာဓပူရမြို့ဟောင်းမှာ "ပြုတ်သီးတစ်တောင့် စေတီ"ဆိုတဲ့ ထူးခြားတဲ့ စေတီတစ်ဆူလည်း ခုထိ ရှိနေပါတယ်။ အနုရာဓပူရရဲ့ အနောက်တောင်ဘက်ယွန်းယွန်း၊ ရေကန်ကြီးနံဘေးမှာပါ။ အမြင့်ဉာဏ်တော် ၅၇ပေနဲ့ လုံးပတ် ၅၆၈ပေ ရှိပါတယ်။ စေတီက ဗိသုကာပညာမှာရော၊ ကြီးမားမှုမှာပါ ဘာမှမထူးခြားပေမယ့် စေတီတော်ရဲ့ သမိုင်းကတော့ ထူးဆန်းနေလေရဲ့။ ဒါလည်း ဒုဋ္ဌဂါမဏီမင်းရဲ့ ကောင်းမှုတော်ပါပဲ။

ဒုဋ္ဌဂါမဏီမင်းကို ထမင်းခွံ့ မင်္ဂလာလုပ်တဲ့ ငယ်စဉ်အချိန်ကတည်းကပဲ နတ်ရွာစံ ဖခမည်းတော် "ကာကဝဏ္ဏတိဿ"မင်းကြီးက "သံဃာတော်များအား အဦးအဖျားမလှူဒါန်းဘဲ တစ်စုံတစ်ရာစားခဲ့ဖူးခြင်း ရှိမရှိ ဆင်ခြင် စဉ်းစားကြည့်ရန်" တဖွဖွဆုံးမတော်မူခဲ့တယ်တဲ့။ သူကိုယ်တိုင်ကလည်း သံဃာတော်တွေကို ဆက်ကပ်လှူဒါန်းမှု မပြုဘဲ မည်သည့်အစားအစာကိုမျှ မစားပါဘူးလို့ သိတတ်စ အရွယ်ကတည်းက စပြီးအဓိဋ္ဌာန်ပြုခဲ့ဖူးသူပါ။ တမီလ်းများနဲ့ စစ်ပွဲအပြီးမှာတော့ မကြာခင် စစ်အတွင်းက ဖြစ်ပျက်ခဲ့ပြီး သူမေ့ဖျောက်မရနိုင်တဲ့ မကောင်းမှုတစ်ခုကို သတိရသွားတယ်။ စစ်တိုက်နေစဉ်ကာလ တစ်ခုသော နံနက်စာမှာ သံဃာတော်တွေကို ဦးမချ၊ မကပ်မလှူမိဘဲ ပြုတ်သီးတစ်တောင့်စားမိခဲ့တာကိုပါ။ အဲဒီလို သူ့ကျူးလွန်ခဲ့တဲ့ ပေါ့လျော့မှု၊ မကောင်းမှုပြစ်ဒဏ်က ကင်းလွတ်ပါစေခြင်းငှာ မိမိကိုယ်ကို ဒဏ်ခတ် အပြစ်ပေးတဲ့အနေနဲ့ ဒီစေတီနဲ့ ကျောင်းတိုက်တွေကို လှူတော်မူခဲ့တာပါ။

သဒ္ဓာတိဿမင်းကြီးရဲ့ သားတော် ဝဋ္ဋဂါမဏိအဘယမင်း(ဝဋ္ဋဂံဗာဟု)(King Vadagamani)ဟာ သာသနာတော်နှစ် ၄၄၀ပြည့်မှာ ပထမအကြိမ် နန်းတက်တော်မူခဲ့တယ်။ နန်းစံ ၅လအကြာမှာ စောဠတိုင်းသား ကျေးကုလားတွေ လာရောက် တိုက်ခိုက်ကြတာ ခံရတယ်။ တစ်ပြိုင်နက်ထဲမှာဘဲ သီဟိုဠ်ကျွန်းတောင်ပိုင်း ရောဟဏနယ်က ဗြဟ္မာဏတိဿ(ဗြာဟ္မဏတီယ) သူပုန်ကြီးကလည်း ပုန်ကန်ထကြွကာ တောင်ပိုင်းမှ မြောက်ပိုင်း နေပြည်တော် အနုရာဓအထိ မြို့ရွာများကို တိုက်ခိုက်သိမ်းယူလာခဲ့တယ်။ ဒါ့အပြင် မိုးလေဝသမမှန်ဘဲ မိုးခေါင်လို့ အစာအာဟာရရှားပါးပြီး ဒုဗ္ဘိက္ခန္တရကပ် အငတ်ဘေးကြီးလည်း ဆိုက်ခဲ့တယ်။ အဲဒီအချိန်များဟာ တိုင်းပြည်ရဲ့ အရှုပ်ထွေးဆုံးကာလများဖြစ်လို့ သာသနာတော်လည်း မှောင်ကျ မှေးမှိန်လာတော့တယ်။ ရဟန်းတော် ထောင်ပေါင်းများစွာ ပျံလွန်တော်မူခဲ့ကြတယ်။ ရဟန်းတော် ၇၀၀ကတော့ ဇမ္ဗူဒိပ်ကျွန်း အိန္ဒိယပြည်ဘက်ကို ဖောင်သင်္ဘောခရီးနဲ့ ပြေးရှောင်ပြီး ဓမ္မဝိနယကို နှုတ်တက် အာဂုံဆောင်ပြီး နေကြရတယ်။ ရဟန်းတော် ၆၀ကျိပ်ကတော့ မလယဇနပုဒ်အနီးက ကျောက်ဂူတွေမှာ ခိုအောင်းနေထိုင်ပြီး သစ်သီး၊ သစ်ဥ၊ သစ်ရွက်၊ သစ်မြစ်တို့ကိုသာ မှီဝဲနေခဲ့ကြတယ်။ ဇီဝိတိန္ဒြေမျှတစေရုံမျှ အခြေအနေမှာပဲ မိမိတို့ လေ့ကျက်ရာ နိကာယ်များကို မမေ့မပျောက်အောင်သာ ရွတ်ဖတ်နေကြသတဲ့။ ဆာလောင်ခြင်းပြင်းလာလို့ ခန္ဓာကိုယ် မခံ့ကျန်းတဲ့အခါ သဲပုံကြီးကို အလယ်မှာ ပုံထားပြီး လှည့်ပတ်ဝန်းရံထိုင်ရင်း၊ ပရိယတ်စာပေပိဋကတ်တော်များကို စိတ်ထဲမှာသာ နှလုံးသွင်းနေကြရတယ်။ အစာမရှိလို့ လေပူထလာတဲ့အခါ ဗိုက်အောက်ကို သဲပုံ သဲထုပ်ခုပြီးနေကြတယ်။ ခန္ဓာကိုယ်ပင်ပန်းမှုကို မငဲ့အားဘဲ သာသနာတော်ကို အသက်နဲ့လဲပြီး ဆောင်ရွက်တော်မူကြတာပါ။ အဲဒီဘေးတွေက လွတ်လို့ စစ်ကြီးပြီးဆုံးတဲ့အခါ ရဟန်းတွေဟာ အလောဟဂူမှာ စုရုံးပြီး စတုတ္ထသင်္ဂါယနာတင်ကြပါသတဲ့။ သီဟိုဠ်မင်းတွေသာမက သီဟိုဠ်သား ရဟန်းတော်တွေဟာလည်း မိမိတို့ ယုံကြည်ချက်အတွက် အသက်ကို မငဲ့ဘဲ ပြင်းပြတဲ့ စိတ်နဲ့ ဆောင်ရွက်တော်မူကြတာဟာဖြင့် လေးစားဖို့ ကောင်းလှပါတော့တယ်။

* * *

ကိုချမ်း(ဓေး-၂)

စာကိုး

- Walpola Rahula, History of Buddhism in Ceylon (The Anuradhapura Period) Buddhist Cultural Centre, 1993.

www.burmeseclassic.com

www.burmeseclassic.com



မေတ္တာဖြင့် ညီညွတ်ငြိမ်းချမ်းရေးကို အစဥ်
တော်မူသော မြတ်စွာဘုရား။ ထိုမြတ်စွာဘုရား၏
မှောက်၌ ထိုမြတ်စွာဘုရားရှင်၏ တပည့်သား
မြတ်စွာဘုရားရှင်အား ဆန့်ကျင်ခဲ့ကြဖူး၏။

မြတ်စွာဘုရားရှင် ကိုးဝါမြောက် ကောသမ္ဗီ၌
သာသနာပြုစဥ်က ဖြစ်၏။ ကောသမ္ဗီ၌ ဗုဒ္ဓသာသ
ထူးထူးခြားခြား ပြန့်ပွားခဲ့သည်။ "ဃောသက" စသော
ကြီး သုံးဦးတို့က ဦးဆောင်၍ ကျောင်းတိုက်ကြီးသ

# ငြိမ်းချမ်းစွာ အတူတကွနေထိုင်ရေး

## ကောသမ္ဗီအဓိကရဏ်းကြီးမှရလဒ်

## ဓမ္မာစရိယဦးဌေးလှိုင်

illustrationbyshweaungkyaw34@gmail.com

ဆောက်လုပ်ကာ အပြိုင်အဆိုင် သ
အားပေးကြစဥ် ဆန့်ကျ
အမွေခံတော်များ
ထိုးနက်လာကြ
မာဂဏ္ဍီ
ကြီးက လူမိုက်
ငွေအသပြာ
ဘုရားရှင်
စဥ် ဆဲရေး
ရန်ပြုလာစေခဲ့
ရှင်တော်မြတ်၏
မေတ္တာဝါဒသည် ပို၍
ပြောင်လာစေသကဲ့သို့
သည်။

ဘုရားရှ
တွင်

www.burmeseclassic.com

www.burmeseclassic.com

ရဟန်းအချို့ကပင် ဘုရားရှင်၏ ...ဆုံးအမ)ကို နှမ်းညှိုးစေခဲ့ကြပြန်သည်။ ...မပြည့်သေးသော သာဝကများကြောင့် ...တော်သည် အခိုက်အတန့် အားဖြင့် ...ောင်ဖြစ်ခဲ့ရသော်လည်း ထိုဆန့်ကျင် ဘက် ...များကြောင့်ပင် ဗုဒ္ဓသာသနာ မေတ္တာဝါဒ သည် ...က်ပြောင်လာခဲ့ပေသည်။

**ပြာသာဒ်မီးလောင်**

...သက "သူဌေး ဆောက်လှူသော ယောသိတာ ...မြတ်စွာဘုရား သီတင်းသုံးတော်မူစဉ် ဝိနည်း ...နှင့် သုတ္တန်ဆောင် ရဟန်းနှစ်ပါးသည် တပည့် ...နှင့် အသီးသီးနေထိုင်ကြ၏။

...နေသောအခါ သုတ္တန်ဆောင် ရဟန်းသည် ဝစ္စ ...သို့ ဝင်ပြီးနောက် သန့်သက်ရေခွက်၌ ရေကြွင်း ...ပြီး အမှတ်တမဲ့ ထွက်လာခဲ့၏။ ထိုအခိုက် ...ောင် ရဟန်းဝင်သွားသောအခါ ရေခွက်ကို တွေ့ ...ထွက်လာပြီးနောက်...

...ှင်... သန့်သက်ရေကြွင်းကို သင် ချန်ထားခဲ့ ...ဤသို့ထားလျှင် အာပတ်သင့်သည်ကို မသိဘူးလား" ...ဆောင် ရဟန်းက မေးလျှင် မသိ၍ ထားခဲ့မိပါ ...သားစွာ ဝန်ခံလျှောက်၏။ အာပတ်သင့်လျှင်လည်း ...ကြား ကုစားပါမည်"ဟု ဝန်ခံချက်ပေးလေ၏။

...လျော့ပြီး ထားခဲ့မိလျှင် စေတနာမပါ၍ အပြစ် ... ဝိနည်းဆောင် ရဟန်းက ဆုံးဖြတ်ပြောဆိုသဖြင့် ...ောင် ရဟန်းမှာ အပြစ်မရှိဟုပင် ယူဆပြီးနေလိုက် ...ဝိနည်းတော်အရကား မည်သို့ဖြစ်စေ ဒုက္ကဋ် ...သင့်သည်သာ ဖြစ်၏။ ဝိနည်းဆောင် ရဟန်းကား ... ဝန်ခံလျှောက်ထား၍ အာပတ်မသင့်ဟု ရိုးသားစွာ ...နေသော သုတ္တန်ဆောင် ရဟန်းအား "အာပတ်သင့် ...သင့်မှန်းပင် မသိ"ဟု မိမိတပည့်များအား ပြောရာမှ ...ချင်းချင်း ရှုတ်ချ ပြောဆိုနေကြ၏။ သုတ္တန်ဆောင် ...ကြားလေလျှင်...

...ဤဝိနည်းဆောင် ရဟန်းမှာ အစက အာပတ်မသင့် ...ပြီးမှ ယခု အာပတ်သင့်သည်ဟု ပြောပြန်သည်။ ...ဆောင် ရဟန်းသည် မုသားစကားပြောကြား၏" ...ဟု မိမိတပည့်များအား ချေပပြောဆိုရာမှ တပည့် ...ချင်း အငြင်းပွားကာ ဝိနည်း သံဃာစုက သုတ္တန် ...အား နှင်ထုတ်သော ဝိနည်းကံပွဲ(ဥက္ခေပနီယကံ)ကို ပြုလုပ်ကြ၏။

ကျေးလက်တောရွာအထိ အသီးသီးသဘော တူရာ သံဃာများကို စည်းရုံးကာ အငြင်းပွားကြ ကုန်၏။

ထိုအခါ မြတ်စွာဘုရား ကြားသိတော် မူ၍ နှစ်ပက္ခလုံးအား သံဃာမကွဲပြား အောင် နေထိုင်နည်းများ၊ သံဃာညီညွတ်ရေး တရားများကို ဟောကြားတော်မူရလေ သည်။ သို့ရာတွင် ဘက် လိုက်သည်ဟု ထင် လျှင် ထင်သူမှာ နစ်နာမည်စိုး တော်မူသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



တတ်ယောင်မာန်မသော ဝိနည်းရဟန်း၊ ငါတို့ဆရာ အမှန်ဟု ဘက်လိုက်သော နောက်လိုက်များ မည်သူ့အားမျှ အပြစ်တင်တော်မမူဘဲ ညီညွတ်အောင်သာ ဆုံးမတော်မူ၏။ သို့သော် ရတော်မမူလေ။

မြို့ရွာအတွင်း ဆွမ်းစားရေပ်၌ပင် ကိုယ်ထိလက်ရောက် ငြင်းခုန် ခိုက်ရန်ဖြစ်ကြကုန်၏။ ထိုအခါ "ဒီဃာဝုဇာတ်တော်" ကို ဟောတော်မူရပြန်လေသည်။

**ဒီဃိတိ ကောသလမင်းကြီး၏ သေတမ်းစာ**

ရှေးအခါက ဗာရာဏသီပြည် ဗြဟ္မဒတ်ခေါ်သော ကာသိမင်းသည် အင်အားကြီးနိုင်ငံဖြစ်၍ ဒီဃိတိခေါ်သော ကောသလမင်းမှာ အားနည်းသော နိုင်ငံငယ်ရှင်ဖြစ်သည်။

တစ်နေ့သောအခါ ကာသိမင်းသည် ကောသလနိုင်ငံကို တိုက်ခိုက်သိမ်းယူ၏။ ကောသလမင်းမှာ ကြိုတင် သိရှိ၍ မိဖုရားကြီးနှင့်အတူ ထွက်ပြေးကာ ဗာရာဏသီပြည် အစွန်အဖျား အိုးဖုတ်တဲ၌ ရုပ်ဖျက်၍ ပရိဗိုဇ်ရဟန်းလုပ်နေကြသည်။ ထိုသို့နေစဉ် ဒီဃာဝုခေါ် သားတစ်ယောက်ဖွားမြင်ရာ သားတော်အား မင်းဘေးမှ ကင်းဝေးစေရန် မိမိတို့နှင့် ခွဲခွာ၍ မြို့အပြင်၌ ထားကာ ပညာသင်စေ၏။

ပညာသင်ယူ တတ်မြောက်သော အရွယ်သို့ ရောက်သောအခါ မိဘများထံ ကန်တော့ရန် သွားရာ ရန်သူ ကာသိမင်းက သတင်းအရ မိဘနှစ်ဦးကို ဖမ်းဆီး၍ ကွပ်မျက်ရန် မြို့တွင်း လေးပြင်လေးရပ်သို့ လှည့်လည်ခေါ်ဆောင်၍ ညှဉ်းဆဲနေချိန်ဖြစ်၏။

မိဘနှစ်ပါးအား လက်ပြန်ကြိုး တုပ်နှောင်ထား၍ ဦးခေါင်းများကိုလည်း ရိတ်ကာ လမ်းဆုံတစ်ခုမှ တစ်ခုသို့ ရိုက်ပုတ်ခေါ်ဆောင်သွားသည်ကို မြင်တွေ့ရ၏။ ရဝတ်တရက် စိတ်သောကကို အောင့်အည်း၍ အများပြည်သူတို့နှင့် ရောယောင်ကာ တိုးဝှေ့ ကြည့်ရှုနေစဉ် ဒီဃိတိကောသလမင်းကြီးသည် သားတော်ကို မြင်လျှင် သေခါနီးနောက်ဆုံး ဆုံးမစကားရှေးခွန်းကို ရေရွတ်ပြောဆိုနေတော့၏။

(၁) ချစ်သား ဒီဃာဝု…သင်သည် အရှည်ကိုလည်း မကြည့်လင့်။

(၂) အတိုကိုလည်း မကြည့်လင့်။

(၃) ချစ်သား ဒီဃာဝု… ရန်တုံ့မူသဖြင့် ရန်တို့သည် မငြိမ်းနိုင်ကုန်။

(၄) ချစ်သား ဒီဃာဝု…ရန်တုံ့မမူမှသာ ရန်တို့သည် ငြိမ်းကုန်၏။

မင်းကြီး ရေရွတ်မြည်တမ်းနေသည်ကို ကြားရသော အခါ မင်းချင်းများက…

"ဘယ်မှာလဲ…သင့်သား ဒီဃာဝု၊ သင် ရူးများနေသလား"

ဟု မေးမြန်းကြရာ…

"ငါ မရူးဘူး။ ပညာရှိတဲ့လူ သိလိမ့်မယ်"

ဟု ပြောဆိုကာ သုံးကြိမ်သုံးခါ ရေရွတ်နေတော့၏။

နောက်ဆုံး မြို့တောင်ဘက်၌ မင်းနှင့် မိဖုရားကြီး နှစ်ဦးလုံးအား ခုတ်ထစ် ပိုင်းဖြတ်ကာ အစောင့်လူ ချထား၍ မင်းချင်းများ ပြန်သွားကြ၏။ သားတော် ဒီဃာဝုလည်း အစောင့်လူများအား အရက်သေစာတိုက်ကျွေး၍ မိဘနှစ်ပါးကို ကောင်းစွာ မီးသင်္ဂြိုဟ်လျက် ဦးချ ကန်တော့နေစဉ် ကာသိမင်းကြီးလည်း နန်းတော်တံခါးမှ အမှတ်မထင် မြင်ရလေရာ "ငါ့ရန် မအေးသေး"ဟူ၍ ထိတ်လန့်နေတော့သည်။

တစ်နေ့သောအခါ ကာသိမင်းကြီး နံနက်မိုးသောက်ယံ စောစောထခိုက် မင်း၏ ဆင်တင်းကုပ်မှ သာယာသော သီချင်းဆိုသံနှင့် စောင်းသံကို ကြားတော်မူ၍ နှစ်သက်တော်မူသဖြင့် ရှေ့တော်သို့ ခေါ်စေ၏။ ဆင်ထိန်းကြီးထံ မကြာမီကမှ ပညာသင်ရောက်လာသော လုလင်ပျိုတစ်ဦးဖြစ်နေသည်။ ထိုလုလင်ပျိုမှာ ဒီဃာဝုမင်းသားပင်တည်း။ သို့သော် မင်းကြီးကား မသိ။ မင်းသားလည်း မင်းလို မင်းကြိုက် အလိုက်သင့် ခ,စားနေ၏။ နောက်မှ အိပ်ခြင်း၊ ဦးစွာ အိပ်ရာထခြင်း စသော ကျင့်ဝတ်ကောင်းများကြောင့် သက်တော်စောင့် ရာထူးအထိ တိုးတက်ချီးမြှင့်ခံရသည်။ လက်စားချေရန် အခွင့်ကောင်းပင် ဖြစ်၏။

မင်းသားကား စိတ်ကူးမျှ မထည့်ချေ။

တစ်နေ့တွင် စစ်တပ်များ ခြံရံ၍ တောကစားထွက်တော်မူရာ မင်းကြီးစီးသော ရထားကို ဒီဃာဝုမင်းသားက မောင်းနှင်ရ၏။ တဖြည်းဖြည်း စစ်တပ်နှင့် ဝေးကွာသွားအောင် မောင်းနှင်ရာ မင်းကြီးက ရထားကို ရပ်၍ နားနေ ဆိုင်းငံ့ရန် အမိန့်တော်ရှိသဖြင့် သစ်တစ်ပင်ရင်း၌ ရထားချွတ်ကာ ရပ်နားလိုက်သည်။

မင်းကြီးလည်း ခရီးပန်းသဖြင့် တင်ပျဉ်ခွေထိုင်သော မင်းသား၏ ပေါင်ပေါ်၌ပင် ချက်ချင်းအိပ်ပျော်သွား၏။

ထိုအခိုက် မင်းသားသည် ရုတ်တရက် (ခမည်းတော်၊ မယ်တော်တို့၏ မျက်နှာကို မြင်ယောင်လာကာ) စိတ်နှိုး ဝင်လာသဖြင့် သန်လျက်အိမ်မှ သန်လျက်ချွတ်ကာ ကာသိမင်းကြီးအား သတ်ရန် ကြံစည်မိလေ၏။ ချက်ချင်းပင်



www.burmeseclassic.com

www.burmeseclassic.com

"ချစ်သား ဒီဃာဝု၊ သင်သည် အရှည်ကိုလည်း မကြည့်လင့်" သော ခမည်းတော် သေခါနီးက ဆုံးမစကား လေးခွန်းကို ကြားယောင်လာသဖြင့် သက်ပြင်းချကာ သန်လျက်ကို ပြန်သွင်းထားလိုက်သည်။ ဤနည်းဖြင့် သုံးကြိမ်တိုင်တိုင် ချီတုံချတုံဖြစ်နေရာ၏။

ကာသိမင်းလည်း တဖျပ်ဖျပ် လန့်ထိတ်ကာ စိတ်သေနှ့် ကြောက်ရွံ့ပြီး အိပ်ရာမှ လူးလွန့်ထသဖြင့် မင်းသားက အကျိုးအကြောင်းလျှောက်တင်လျှင်...

"ဒီဃိတိကောသလမင်းရဲ့ သားတော်က ငါ့ကို သန်လျက်နှင့် လိုက်လို့ ပြေးလွှားနေရတယ်"

ဟု အမှန်အတိုင်း မိန့်တော်မူ၏။

မင်းသားလည်း "ဒီဃာဝုဆိုတာ ငါပဲ"ဟု ကြိမ်းဝါးကာ မင်းကြီး၏ ဆံပင်ကို လက်တစ်ဖက်ဖြင့် ဆွဲကိုင်၍ သန်လျက်ဖြင့် ချိန်ရွယ်လျက်...

"သင်သည် ကောသလနိုင်ငံကို သိမ်းပိုက်ပြီး ငါ၏ ခမည်းတော်၊ မယ်တော်တို့ကိုလည်း သတ်ဖြတ်ခဲ့ပြီ။ ယခု ငါ လက်စားချေရမည့်အလှည့်ဖြစ်သည်"

ဟု ပြောလျှင် မင်းကြီးမှာ အလွန်ကြောက်ရွံ့သွား၏။ မင်းသား၏ ခြေရင်း၌ ဝပ်စင်းကာ အသက်ချမ်းသာပေးပါရန် တောင်ပန်းရာ၏။ မင်းသားလည်း ရုတ်တရက် သတိရကာ-

"အရှင်မင်းကြီးကသာ ကျွန်ုပ်၏ အသက်ကို ချမ်းသာပေးနိုင်ပါသည်"

ဟု ပြောဆိုရာ...

"ချစ်သား ဒီဃာဝု...ထိုသို့ဖြစ်လျှင် သင်ကလည်း ငါ့အသက်ကို ချမ်းသာပေးပါ။ ငါကလည်း သင့်အသက်ကို ချမ်းသာပေးပါမည်"

ဟု တစ်ဦးနှင့် တစ်ဦး မေတ္တာချင်းယှက် ဖက်လဲတကင်း တရင်းတနှီး လက်ဆွဲနှုတ်ဆက်ကာ မနှိပ်စက်၊ မပြစ်မှားရေး ကတိသစ္စာကို ကျိန်ဆိုကြလေသည်။

နေပြည်တော်ရောက်၍ နောက်တစ်ရက် ညီလာခံ၌ မင်းကြီးက...

"အချင်းတို့...ယခုအခါ ဒီဃိတိကောသလမင်း၏ သားတော် ဒီဃာဝုမင်းသားကို တွေ့ခဲ့လျှင် အသို့ပြုလုပ်ကြမည်နည်း"

ဟု မေးတော်မူရာ မှူးမတ် သေနာပတိတို့သည် လက်သီးလက်ရုံးတန်းကာ မည်သို့မည်ပုံ နှိပ်စက်သတ်ဖြတ်မည့်အကြောင်း မျက်နှာလိုအားရ အသီးသီး သံတော်ဦးတင်ကြ၏။

**မေတ္တာကြောင့် နန်းတက်ရသော ဒီဃာဝု**

ထိုအခါ မင်းကြီးက ဒီဃာဝုအား လက်ညှိုးညွှန်ပြ၍...

"ဒီဃာဝုမင်းသားဟူသည် သူပင်ဖြစ်ကြောင်း၊ ငါတို့ အချင်းချင်း အသက်ပေးအပ် မြတ်နိုးကြပြီဖြစ်သည့် အကြောင်း"

ညီလာခံ၌ ကြေညာလိုက်ရာ အားလုံး အံ့အားသင့်ကုန်ကြလေသည်။ ထို့နောက် မင်းကြီးက ဆက်၍ ဒီဃာဝုအား သူ့ဖခင် သေခါနီးက မှာထားခဲ့သည့် ဆုံးမစကားလေးခွန်း အကြောင်းကို အဓိပ္ပာယ်အကျယ်ရှင်းပြရန် မိန့်တော်မူ၏။

ညီလာခံသဘင်၌ ဒီဃာဝုမင်းသားလည်း အောက်ပါအတိုင်း ရှင်းပြ သံတော်ဦးတင်လေသည်။

(၁) အသက်နှင့် ထပ်တူ မြတ်နိုးအပ်ပါသော အရှင်မင်းကြီး...အရှည်ကိုလည်း မကြည့်လင့် ဆိုသည်မှာ ရှည်မြင့်စွာ ရန်ကို မပြုလင့်(ရန်စကို မရှည်စေလင့်)ဟု ဆိုလိုပါသည်။

(၂) အတိုကိုလည်း မကြည့်လင့် ဆိုသည်မှာ အဆွေခင်ပွန်းတို့နှင့် အချိန်တိုတောင်းစွာ မိတ်မပျက်စေလင့်(မိတ်စကို မတိုစေလင့်)ဟု ဆိုလိုပါသည်။

(၃၊ ၄) ရန်တုံ့မူသဖြင့် ရန်တို့သည် မငြိမ်းနိုင်ကုန်။ ရန်တုံ့မမူမှသာ ရန်တို့သည် ငြိမ်းကုန်၏ ဆိုသည်မှာ အရှင်မင်းကြီးသည် အကျွန်ုပ်တို့၏ ပြည်စည်းစိမ်နှင့်တကွ ခမည်းတော်၊ မယ်တော်များအား ညှဉ်းပန်း သတ်ဖြတ်ခဲ့သူဖြစ်သည်ဟု ရန်ငြိုးသိုကာ အခွင့်ကို ချောင်း၍ ကျွန်ုပ်က လုပ်ကြံခဲ့ပါလျှင် ရှုံးသည်ပင် ဖြစ်ပါသည်။ သို့သော်လည်း အရှင်မင်းကြီးကို လိုလားသူများက ကျွန်ုပ်ကို အခွင့်ရာ၍ နှိပ်စက်သတ်ဖြတ်ကြမည်သာ ဖြစ်ပါသည်။ တစ်ဖန် ကျွန်ုပ်၏ အကျိုးကို လိုလားသူများကလည်း ထိုသူတို့ကို ထပ်မံ နှိပ်စက်သတ်ဖြတ်ကြမည်သာ ဖြစ်ပါသည်။

"ယခုမူကား အရှင်မင်းကြီးကလည်း ကျွန်ုပ်အားအသက်ချမ်းသာပေးအပ်ခဲ့ပါပြီ။ အကျွန်ုပ်ကလည်း အရှင်မင်းကြီးအား အသက်ချမ်းသာပေးအပ်ခဲ့ပါပြီ။ နှစ်ပြည်ထောင်ရန်စသည် ဤနေရာ၌ အကြွင်းမဲ့ ဇာတ်သိမ်း၍ ငြိမ်းအေးကြရပါပြီ။ ထို့ကြောင့် အကျွန်ုပ်၏ ခမည်းတော် သေခါနီးကာလ (ရန်မလိုမှ ရန်ပြီသည်၊ ရန်လိုလျှင် ရန်ပိုသည်) အမျက်မသို ရန်မလိုမှ ငြိမ်းအေးချမ်းသာမည်ကို ရည်ရွယ်၍ မှာထားခဲ့ခြင်းဖြစ်ပါသည်"

ဟု သံတော်ဦး တင်လိုက်ရာ ကြားရသူအားလုံး ထို

www.burmeseclassic.com

www.burmeseclassic.com

မြောက်ကြလေ၏။

ကာသိမင်းကြီးလည်း ဒီဃာဝုမင်းသားအား ခမည်းတော် အရိုက်အရာ ကောသလနိုင်ငံတော်ကို အပ်နှင်း၍ မင်းပြုစေခဲ့လေသည်။ မိဘ၏ စကားကို လိုက်နာကာ ပညာရှိသူဖြစ်၍ သမီးတော်နှင့်ပင် ထိမ်းမြားပေးလေသည်။

ဤကား ဒီဃာဝုမင်းသားအကြောင်းဖြစ်၏။ (ဝိနည်းမဟာဝဂ္ဂ ပါဠိတော် ကောသမ္ဗကက္ခန္ဓက၊ ပဉ္စကနိပါတ် ဒီဃီတိကောသလဇာတ်၊ နဝကနိပါတ်ကောသမ္ဗိက ဇာတ်တို့၌ လာရှိ၏။)

မြတ်စွာဘုရားရှင်သည် ငြင်းခုန် ခိုက်ရန်ဖြစ်သော ရဟန်းများအား ဤဒီဃာဝုဇာတ်ကြောင်းကို သာဓကတင်တော်မူ၍...

"ရဟန်းတို့..လက်နက်စွဲကိုင်သော ထိုမင်းများသော်မှလည်း ဤသို့ ခွင့်လွှတ်သည်းခံကာ နှစ်သိမ့်ကျေအေးမှု ရရှိကြပေသေးသည်။ သင်တို့ကား ကောင်းခြင်းသုံးဖြာနှင့် ပြည့်စုံစွာ ဟောကြားအပ်သော ငါဘုရား သာသနာတော်၌ ရဟန်းအဖြစ် ဝင်ရောက်လာကြသူများ ဖြစ်ပါလျက် ခွင့်လွှတ်သည်းခံကာ နှစ်သိမ့်ကျေအေးမှု မရှိကြလျှင် ထိုသည်းမခံနိုင်ခြင်း၊ မကျေအေးနိုင်ခြင်းသည် ဤသာသနာတော်၌ တင့်တယ်ပါတော့မည်လော(သာသနာကျက်သရေ ညှိုးနွမ်းတော့မည်သာ ဖြစ်ချေသည်)ဟု ငြိမ်းချမ်းစွာ နေထိုင်နည်းများကို ထပ်ခြည်းတလဲလဲ ဟောပြောဆုံးမတော်မူ၏။

ထိုအခါ ရဟန်းတစ်ပါးက ထ၍ ရှိခိုးပြီးလျှင်...

"တရားရှင်ဖြစ်တော်မူသော ဘုန်းတော်ကြီးသော မြတ်စွာဘုရား...ဆိုင်းငံ့တော်မူပါ။ (ဖလသမာပတ်ဖြင့်) ချမ်းသာကြောင့်ကြမဲ့ နေတော်မူပါ ဘုရား။ တပည့်တော်တို့သည် ငြင်းခုန်ခိုက်ရန်ပြုခြင်းဖြင့် ထင်ရှားကြပါလိမ့်မည်"

ဟု (ဘုရားရှင် ပင်ပန်းတော်မူမည်ကို စိုးရိမ်၍) လျှောက်ထားလိုက်၏။ မကြာမီ ကိုယ်လုပ်တာ ကိုယ်ခံစားရမည်ဟု ဆိုလိုပေသည်။

မြတ်စွာဘုရားရှင်လည်း အသိပေး ဆုံးမ၍ ရတော့မည် မဟုတ်သည်ကို မြင်တော်မူ၍ နေရာမှ ထကာ ဖယ်ခွာကြွသွားတော်မူ၏။ ထို့နောက် နံနက်ကာလ ကောသမ္ဗီမြို့တွင်းသို့ ဆွမ်းခံကြွ၍ ဆွမ်းကိစ္စပြီးလျှင် ဃောသိတာရုံကျောင်းတော်ရှိ မိမိအိပ်ရာ နေရာတော်များကို ကိုယ်တော်တိုင်သိမ်းဆည်းကာ သပိတ်တစ်လုံး၊ သုံးထည်သော သင်္ကန်းမျှဖြင့် တစ်ကိုယ်တော်တည်း ကြွသွားတော်မူရန် စီစဉ်တော်မူ၏။ မည်သူ့အားမျှ အသိမပေး။ မည်သည့်အဖော်မျှ ခေါ်တော်မမူ။

မကြာမီ ဂန္ဓကုဋီကျောင်းတော်မှ ဆင်း၍ သံဃာပရိသတ်ရှိရာ ကြွတော်မူပြီးလျှင် မတ်တတ်ရပ်တော်မူလျက် နောက်ဆုံး ဆုံးမခြင်းအားဖြင့် ဂါထာ ၁၀ပုဒ်ကို နိဂုံးချုပ် ဟောပြတော်မူလေသည်။

"ဤရဟန်းအပေါင်းသည် အော်ကြီးဟစ်ကျယ် မဖွယ်မရာ တစ်သဘောတည်းပင်ဖြစ်၍ မည်သူတစ်ဦးတစ်ယောက်ကမျှ ငါ့ကြောင့် သံဃာကွဲပြားရ၏။ ငါမိုက်လေခြင်း"ဟု မထင်မှတ်ကြ။

"ကိုယ်နှုတ်သရမ်း ကမ္မဋ္ဌာန်းလက်လွှတ်ကာ ပညာရှိဟန်ဆောင်လျက် တဖောင်ဖောင် ရန်စကားပြောကြား၍သာ နေကြဘိ၏။ အပြစ်ရှိ၏ဟု မထင်ကြ။ ရန်ငြိုးဖွဲ့နေကြသမျှ ရန်တုံ့မူနေကြသမျှ အချိန်ရှိတိုင်း သေမင်းထံပါး သွားနေရသည်ဟု မသိကြသမျှ ရန်မငြိမ်း။

ကြမ်းကြုတ်ခက်ထန် ရန်သူအချင်းချင်း မင်းတို့ပင်လျှင်လည်း ချစ်ခင်ညီညွတ်စွာ ငြိမ်းချမ်းစေ့စပ် သင့်မြတ်ကြပေသေး၏။ ဘုရားသားတော်ဖြစ်သော သင်တို့အား အဘယ့်ကြောင့်လျှင် ချစ်ခင်ညီညွတ်စွာ ငြိမ်းချမ်းစေ့စပ် သင့်မြတ်မှု မဖြစ်ဘဲ ရှိကြရအံ့နည်း။

သတိရှိသောသူသည် သီလ၊ သမာဓိ၊ ပညာရှိသော တရားကျင့်ဖော်ကို ရနိုင်လျှင် ထိုသူနှင့် အတူတကွ ရွှင်ပျဝမ်းမြောက်စွာ ကိလေသာ ဘေးရန်ကို တွန်းလှန်နိုင်အောင် နေထိုင်ကျင့်ကြံရာ၏။ ထိုတရားကျင့်ဖော်မျိုး မရနိုင်လျှင်ကား တိုင်းပြည်ကို စွန့်ခွာသော မင်း၊ အသင်းအပင်းမှ ရှောင်ခွာသော ဆင်ပြောင်ကြီးကဲ့သို့ တစ်ကိုယ်တည်း တောမှာ နေထိုင်ကျင့်ကြံရာ၏။

"ဧကဿ စရိတံ သေယျော၊
နတ္ထိ ဗာလေ သဟာယတာ"

အဖော်မမှီး တစ်ကိုယ်တည်း နေထိုင်ကျင့်ကြံရခြင်းက မြတ်သေး၏။ သူမိုက်၌ အဖော်ပြုသင့်သော သီလ၊ သမာဓိ၊ ပညာ(သဟာယ်ချင်း အရည်အချင်းများ)မရှိချေ။

(လူမိုက်နှင့် အတူနေ၍ အကျိုးမရှိ)။

* * *

ဓမ္မာစရိယဦးဒွေးလှိုင်

ဆရာကြီး ဓမ္မာစရိယ ဦးဒွေးလှိုင်၏ "မေတ္တာဝါဒ(မြတ်ဗုဒ္ဓဝိဟာရအဖွင့်)"စာအုပ်မှ ကူးယူဖော်ပြခြင်းဖြစ်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com


# ဘုရားခုနစ်ဆူ

## အာဇာနည်ယူဇိုး ?

■ ခေတ္တရာ ဆရာကျော် ■



အရှင်သီဝလိ



လေးကျွန်းမြင့်မိုရ်ဘုရားကြီး


ရွှေတောင် ရဟန္တာရှစ်ဆယ် ရေးဟောင်း မဟာသိမ်တော်ကြီးကျောင်းတိုက်ကြီးနှင့် မှဲ့ရှင် ဆရာတော်ကြီး၏ အကြောင်း တစေ့တစောင်းကို မကြာခဏဆိုသလို ကျွန်တော်ရေးသားတင်ပြပေးခဲ့ဖူးပါတယ်။ အထူးသဖြင့် ဂမ္ဘီရ ဆန်းကြယ်နှင့် ဂမ္ဘီရမဂ္ဂဇင်းတို့၌သာ ရေးသားခဲ့ခြင်းဖြစ်ပါတယ်။ ဒါကလည်း ထိုမဂ္ဂဇင်းကြီး၏ ဝိုင်းတော်သားများနှင့် အကြောင်းသင့်၊ အကျိုးခံ၊ ပဋ္ဌာန်းဆက်နေခြင်းကြောင့် ဖြစ်မယ်ထင်ပါတယ်။

ယခု တင်ပြပေးချင်သေးတာကတော့ ထိုရဟန္တာ ရှစ်ဆယ် သာသနိကနယ်မြေကို အကြောင်းအမျိုးမျိုးဖြင့် ရောက်လာကြသူများ အကျိုးထူးနိုင်ကြစေဖို့ မှဲ့ရှင်ဆရာတော် ဦးခေမာစာရ(ရဟန္တာရှစ်ဆယ် မဟာသိမ်တော်ကြီးကျောင်း ပဓာန နာယက)၏ လမ်းညွှန်မှုဖြစ်သော စရဏကျင့်စဉ်ကို ဖော်ပြပေးလိုရင်း ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သိမ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်


တကယ်တမ်းတွင် ရွှေတောင်မြို့ ရဟန္တာရှစ်ဆယ် ရေးဟောင်း မဟာသိမ်တော်ကြီးကျောင်းတိုက်တည်ရာ နေရာဌာနဟာ နယ်နယ်ရရ နေရာမဟုတ်ပါ။

ဗုဒ္ဓယဥ်ကျေးမှုအမွေအနှစ်များ စစ်စစ်မှန်မှန်ရှိရာ၊ ထိန်းသိမ်းရာ၊ သိုမှီးရာ ဘဏ္ဍာတိုက်ကြီးသဖွယ်ဖြစ်သည့် ဗုဒ္ဓနှင့် သာဝကအားလုံးတို့၏ ဓာတ်တော်၊ မွေတော်များ ကိန်းဝပ်စံပယ်ရာ ဓာတ်တော်တိုက်ကြီးနှင့် ဘဏ္ဍာတိုက်ကြီးသဖွယ်ဖြစ်သော အရှင်မဟာကဿပ ရဟန္တာမထေရ်မြတ်ကြီး၏ အနာဂတဉာဏ်ဖြင့် ဆင်ခြင်ပြီး အဇာတသတ်မင်းနှင့်တကွ လျှို့ဝှက် ဓာတ်တော်ဌာပနာတိုက်ကြီးဟု အသိအမှတ်ပြုနိုင်သော၊ မြန်မာတွင်သာမက၊ ကမ္ဘာကြီး၌ပင် တစ်နေရာတည်း ထူးခြားစွာ ဖြစ်ထွန်းတည်ရှိနေသည့် ဗုဒ္ဓအောင်မြေ ဟိတ်ကောင်းအမှန် ပွင့်ထွန်းရာ နေရာထူးကြီးသာ ဖြစ်ပါတယ်။

ဤသို့ ထူးမြတ်လှစွာသော နေရာထူး၊ နေရာမြတ်သို့ ရောက်လာကြသူများမှာ အကြောင်းမဲ့ ရောက်လာကြခြင်း မဟုတ်ပါ။ ကံဆက်၊ ဓာတ်ဆက်၊ ဘဝဆက်၊ ပဋ္ဌာန်းဆက်၊ ဆွေဆက်မျိုးဆက်များ ရှိနေသောကြောင့်သာ ရောက်လာကြခြင်းဖြစ်ပါတယ်။

အတိတ်က ဤနေရာတွင် ကုသိုလ်ကံဆက်ခဲ့၍ ယနေ့ ဤနေရာတွင် ကုသိုလ်ကံဆက်ရန် ရောက်လာကြခြင်းသာ ဖြစ်ပါတယ်။

ယနေ့၌ ကျေးဇူးတော်ရှင် မှဲ့ရှင်ဆရာတော်ကြီးဟာ ဓာတ်တော်တိုက်နှင့် ရဟန္တာရှစ်ဆယ် ရုပ်ပွားတော်အဆူဆူ မဟာသိမ်တော်ကြီးတို့အား ခေတ်အဆက်ဆက် ပျောက်ကွယ် တိမ်မြုပ်နေရာမှ သီလ၊ သမာဓိ၊ ပညာဂုဏ်တို့အပြင် ရှေးဘုန်းရှေးကံ ပါရမီအရှိန်အဟုန်တို့ဖြင့် ဖော်ထုတ်နိုင်ခဲ့ပြီး လိုအပ်သော သာသနာပြုလုပ်ငန်းများကို ပစ္စုပ္ပန်တွင် အားထုတ်ကြိုးပမ်း သာသနာပြုမှုကြောင့် ဘုရား၊ စေတီ၊ ကျောင်း၊ ကန်၊ ဇရပ်၊ သိမ်တော်မြတ်တို့နှင့် လမ်းဟောင်း ပြုပြင် လမ်းကောင်းထွင်၍ အစားလည်း ကျွေး၊ တရားလည်း ပေးရုံမက၊ ထိုနေရာထူး နေရာမြတ်မှ ခုနစ်ရက်သားသမီးများကို စောင့်ကြိုနေလျက် ရှိပါတယ်။



သိမ်တော်ဟောင်းပြုပြင်ပုံ

www.burmeseclassic.com

www.burmeseclassic.com

ဘာအကြောင်းကြောင့်ပါလဲ။


အကြောင်းမှာ ဤနေရာထူး၊ နေရာမြတ်သို့ တကူးတက ရောက်လာကြသူများ အကျိုးမဲ့ အချည်းနှီးဖြစ်မှာစိုး၍ ဖြစ်ပါတယ်။

## ခုနစ်ဆူဘုရား အဓိဋ္ဌာန်ထား

ထို့ကြောင့် ဆရာတော်ကြီးဟာ ခုနစ်ရက်သားသမီးတပည့် ဝေနေယျတို့ကို ဩဝါဒထား၍ ဘုရားငါးဆူပွင့်ထွန်းလျှင်...

* သဗ္ဗညုတ၊ ဓမ္မရသ၊ ဝိမုတ္တိရသတို့ကို ကိုယ်ပိုင်ခံစားလိုလျှင်...
* လောကီ၊ လောကုတ် မယုတ်တိုးပွား အကျိုးများလိုလျှင်...

ရောက်တုန်းရောက်ခိုက် အလဟဿ မဖြစ်စေဘဲ ဤသာသနာ့နယ်မြေအတွင်းရှိ ဘုရားခုနစ်ဆူတွင် ဂုဏ်တော်ကိုးပါးကို ပုတီးစိပ်၍ ကသိုလ်ယူ၊ ကုသိုလ်ဆက်ပါဟု တိုက်



အဓိဋ္ဌာန်ဝင်ရမည့် ဘုရားများ

စေပြီး တူးဖော်ရာမှ တွေ့ရှိသော ဘုရားနှစ်ဆူဖြင့် ခုနစ်ဆူသော ဘုရားတို့တွင် အဓိဋ္ဌာန်ဂုဏ်တော်ပွားစေမည် ဖြစ်ပါတယ်။ သို့မှသာ ဤနေရာထူးသို့ ရောက်ရကျိုးနပ်မှာ ဖြစ်ကြောင်း မိန့်မြွက်ပါတယ်။

* စိုးရိမ်ပူဆွေး ငိုကြွေးနေရခြင်းမှ လွန်မြောက်လိုလျှင်...
* ကိုယ်ဆင်းရဲ၊ စိတ်ဝမ်းနည်းခြင်းမှ ချုပ်ငြိမ်းလိုလျှင်...
* ယထာဘူတဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရယူလိုတွန်းပါရစေ။ ဤသည်မှာလည်း ကျွန်ုပ်၏ သဘောထားမဟုတ်ပါ။ ဆရာတော်ကြီး၏ ဩဝါဒ စကားပင်ဖြစ်ပါတယ်။

## ဘုရားခုနစ်ဆူ ဟိတ်တော်ယူဖို့

ဘုရားခုနစ်ဆူမှာ...

**(၁) ဝန်ချဘုရား(ဝန်ချစေတီ)။** ကျွန်ုပ်တို့သည် သံသရာအဆက်ဆက်မှ ယနေ့ထိ သိ၍ လည်းကောင်း၊ မသိ၍ လည်းကောင်း၊ ကျေးဇူးရှိကြသော ခင်ပွန်းကြီးဆယ်ပါးတို့အပေါ်၌ လွန်ကျူးခဲ့သမျှသော အပြစ်တို့ကို

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတော်ဖွင့်လျက် ရဟန္တာ

ကြေရန်၊ ချေရန် လိုအပ်သည့်ဖြစ်ရာ ဝန်ချစေတီတွင် ဝန်ချတောင်းပန်ပြီး ပုတီးတစ်ပတ်စိပ်ရပါမည်။

**(၂) ကင်းဘုရား(ကင်းစေတီ)။** ကျွန်ုပ်တို့မှာ အပြင်ရန်သူဘေး(ရန်သူမျိုးငါးပါး)၊ အတွင်းရန်ဘေး(လောဘ၊ ဒေါသ၊ မောဟ)တို့ဖြင့် အမြဲတမ်း ရင်ဆိုင်နေကြရလေရာ သတိဟူသော တရားဖြင့် ကင်းစောင့်သကဲ့သို့ မိမိကိုယ်ကို စောင့်ကြည့်ရန်၊ အကဲခတ်ရန်၊ သုံးသပ်ရန်၊ ဆင်ခြင်ရန်၊ ပြုပြင်ရန် လိုအပ်မည်ဖြစ်ပါတယ်။ သို့မှသာ ရန်သူဘေးမှ ကင်းဝေးပြီး အန္တရာယ်ကင်းနိုင်ပါမယ်။ ထို့ကြောင့် ထိုပဒ်တ်ကို ယူလျက် အတွင်းရန်၊ အပြင်ရန်တို့ဘေးမှ ကင်းဝေးစေခြင်းအလို့ငှာ ကင်းဘုရား(ကင်းစေတီ)တွင် ပုတီးတစ်ပတ်စိပ်ရပါမယ်။


**(၃) ဆွေးနွေးဘုရား(ဆွေးနွေးစေတီ)။** မပြတ်ဆွေးနွေးစည်းဝေးခြင်းနှင့် တစ်ဦးနဲ့ တစ်ဦး ညီညွတ်ကြခြင်းသည် ကြီးပွားကြောင်းတရားဟူ၍ ဘုရားရှင် ဟောတော်မူပါတယ်။

ကျွန်ုပ်တို့ဟာ လောကကြောင်း အောင်မြင်ရန် ဖြစ်စေ၊ လောကုတ္တရာကြောင်း အောင်မြင်ရန် ဖြစ်စေ၊ တစ်ဦးနဲ့ တစ်ဦး၊ တစ်မိသားစုနှင့် တစ်မိသားစု၊ တစ်ဖွဲ့နှင့် တစ်ဖွဲ့ ဆွေးနွေးတိုင်ပင်ကြရပါတယ်။ ဤသို့ ဆွေးနွေးတိုင်ပင်ရာ၌ အဆင်ပြေမှုများ ဖြစ်ရန် လိုပါတယ်။ အဆင်ပြေရန်အတွက်လည်း ဆွေးနွေးကြခြင်းဖြစ်ပါတယ်။ ထိုပဒ်တ်ကို ယူကာ ဆွေးနွေးစေတီမှာ ပုတီးတစ်ပတ်စိပ်ရပါတယ်။

**(၄) ရွှေဘုန်းပွင့်ဘုရား(ရွှေဘုန်းပွင့်စေတီ)။** လောကီကောင်းကျိုး ရွက်ဆောင်ရာ၌ ဖြစ်စေ၊ လောကုတ္တရာကောင်းကျိုး ရွက်ဆောင်ရာ၌ ဖြစ်စေ၊ ဘုန်းကံမြင့်မားရန် လိုပါတယ်။ ဘုန်းကံမြင့်မားလာချိန်တွင် ဆေးစက်ကျရာ အရုပ်ထင်သကဲ့သို့ လုပ်တိုင်းဖြစ်၊ ကြံတိုင်း ဖြစ်ရပါတယ်။ ထို့ကြောင့် ထိုပဒ်တ်ကို ယူကာ ရွှေဘုန်းပွင့်စေတီမှာ ပုတီးတစ်ပတ်စိပ်ရပါမယ်။

**(၅) ရွှေနန်းတော်ဘုရား(ရွှေနန်းဝင်စေတီ)။** အပြစ်များကို ဝန်ချပြီး အတွင်းအပြင် သတိကင်းစောင့်လျက် ညီညီညွတ်ညွတ် စည်းဝေးဆွေးနွေးကာ ဘုန်းကံဖွင့်ပြီးဖြစ်၍ လောကီအောင်နန်း၊ လောကုတ္တရာအောင်နန်းကို တက်လှမ်း စံဝင်ရပေမည်။ ထိုပဒ်တ်ကို ယူကာ ရွှေနန်းဝင်ဘုရား၌ ပုတီးတစ်ပတ်စိပ်ရပါမယ်။

**(၆) ရွှေပလ္လင်ပေါ်ဘုရား(ရွှေပလ္လင်စေတီ)။** ရွှေနန်းဝင်ခဲ့ပြီးပါက အောင်စခန်း၊ အောင်လမ်း၊ အောင်နန်းသို့ ရောက်





အရှင်ခေမာစာရ



www.burmeseclassic.com

www.burmeseclassic.com





နေပြီဖြစ်ရာ ရွှေပလ္လင်ပေါ်သို့ တက်ရောက်ရပေပြီ၊ သို့ဖြစ်ရာ ထိုဟိတ်ကို ယူ၍ ရွှေပလ္လင်ပေါ်စေတီတွင် ပုတီးတစ်ပတ်စိပ်ရပါမယ်။

**(၇) သက်ရှည်ကျန်ဘုရား(သက်ရှည်ကျန်စေတီ)။**

ကျွန်ုပ်တို့အနေဖြင့် လောကီကောင်းကျိုးများ လုပ်ဆောင်ရာတွင် ဖြစ်စေ၊ လောကုတ္တရာကောင်းကျိုးများ ရွက်ဆောင်ရာတွင် ဖြစ်စေ၊ အောင်မြင်ရန်မှာ ကျန်းကျန်းမာမာနှင့် အသက်ရှည်ရန် လိုအပ်ပါတယ်။ ထို့ကြောင့် အသက်ရှည်ကြီးဟိတ်ကောင်းခတ်လျက် သက်ရှည်ကျန်စေတီတွင် ပုတီးတစ်ပတ်စိပ်ရပါမယ်။

ဤသို့ဖြင့် စုစုပေါင်း ပုတီးခုနစ်ပတ်စိပ်ရပါမယ်။ ထိုသို့စိပ်ပြီးမှ ဤနယ်မြေမှ လိုရာခရီးဆက်ပါက အောင်မြင်မှုများ တသီကြီးရနိုင်ပါမယ်။ ထိုနေ့အဖို့ အဓိပ္ပာယ်ပြည့်ဝသောလူသားလည်း ဖြစ်သွားပါပြီ။ အထူးအဓိပ္ပာယ်ထား၍လည်း ရက်ရှည်လာပြီး အဓိဋ္ဌာန်ယူနိုင်ခြင်းဖြင့် ထူးကဲသော အောင်မြင်မှုများကို လက်တွေ့ မျက်တွေ့ ရနိုင်ပါလိမ့်မယ်။

ပုတီးစိပ်ကျင့်ပွားရန် ဂုဏ်တော်ကိုးပါးပုတီးစိပ်မှာ အောက်ပါအတိုင်း ဖြစ်ပါကြောင်း။

ဩောင်း နမော ဗုဒ္ဓါယ သောဘာဂဝါ ဣတိပိအရဟံ (ပုတီးတစ်လုံးချ)။

ဩောင်း နမော ဗုဒ္ဓါယျ သောဘာဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ(ပုတီးတစ်လုံးချ)။

ဩောင်း နမော ဗုဒ္ဓါယျ သောဘာဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော(ပုတီးတစ်လုံးချ)။

ဩောင်း နမော ဗုဒ္ဓါယျ သောဘာဂဝါ ဣတိပိ သုဂတော (ပုတီးတစ်လုံးချ)။

ဩောင်း နမော ဗုဒ္ဓါယျ သောဘာဂဝါ ဣတိပိ လောကဝိဒူ (ပုတီးတစ်လုံးချ)။

ဩောင်း နမော ဗုဒ္ဓါယျ သောဘာဂဝါ ဣတိပိ အနုတ္တရော ပုရိသ ဓမ္မသာရထိ(ပုတီးတစ်လုံးချ)။

ဩောင်း နမော ဗုဒ္ဓါယျ သောဘာဂဝါ ဣတိပိ သတ္တာဒေဝမနုဿာနံ(ပုတီးတစ်လုံးချ)။

ဩောင်း နမော ဗုဒ္ဓါယျ သောဘာဂဝါ ဣတိပိ ဗုဒ္ဓေါ (ပုတီးတစ်လုံးချ)။

ဩောင်း နမော ဗုဒ္ဓါယျ သောဘာဂဝါ ဣတိပိ ဘဂဝါ (ပုတီးတစ်လုံးချ)။

စုစုပေါင်း ပုတီး (၇)ပတ်စိပ်ပါ။

* * *

ဓေဿရာဆရာကျော်

www.burmeseclassic.com

www.burmeseclassic.com

ချင်းတောင်တန်း ခန္တီနိတောင်ကြီးပေါ်က

# အလင်းတန်းကြီးနှင့် ဟိမဝန္တာတောင်တာ ဝိဇ္ဇာဝိုရ်များ

■ ရဲရဲထွန်း (ဟသ်ာတ) ■



နယ်ခြား တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ(အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)သည် ချင်းပြည်နယ် ခန္တီနိတောင်ကြီးပေါ်တွင် တစ်ပါးတည်း တောရဆောက်တည် သီတင်းသုံးစဉ်က တွေ့ကြုံခဲ့ရသော ထူးဆန်းအံ့ဩဖွယ်ရာ အချင်းအရာများဖြစ်ပါသည်။ ထိုအကြောင်းအရာများကို ဆရာတော်ကြီးက ၎င်း၏ ချမ်းမြေ့စွာ ဘဝနေနည်းစာအုပ်တွင် ထည့်သွင်းရေးသားထားသည်ကို တွေ့ရပါသည်။ စာရေးသူမှ ကြည်ညိုသဒ္ဒါပွားနိုင်ရန်နှင့် ထိုဖြစ်စဉ်များလောက်တွင် အမှန်တကယ်ရှိနေကြောင်း သိသာထင်ရှားစေရန် ထုတ်နုတ် တင်ပြခြင်းဖြစ်ပါသည်။

တစ်နေ့သဋ္ဌ ညချမ်းအချိန်အခါ ဆရာတော်ကြီး စကြံလျှောက် ပရိတ်ရွတ်နေစဉ် ကျောက်တောင်ကြီးပေါ်မှာနေတဲ့ တောစောင့်နတ်ကြီးသည် ဝတ်ဖြူစင်ကြယ် ဝတ်ဆင်လျက် သာမန်လူသားအသွင်ဖြင့် ရောက်ရှိလာတတ်သည်။ ဆရာတော်ကြီးထံ ဖြကြိမ်တိုင်တိုင် လာရောက်ဖူးမြော်ပြီး "အခြားအရပ်သို့ ကြွမသွားရန်နှင့် ဤတောဌ်သာ အမြဲသီတင်းသုံးနေတော်မူပါ" ဟု တောင်းပန်လျှောက်ထားသည်။

တောင်စောင့်နတ်ကြီး ထွက်ခွာသွားပြီးနောက် ခန္တီနိတောင်ကြီးတစ်ခုလုံး အလင်းရောင်ကြီး ဝင်းထိန်လင်းလက်လျက် တဖြည်းဖြည်းပျောက်ကွယ်သွားလေ့ရှိသည်။ ထိုအချင်းအရာကို ဂေါ်ရခါးရွာသားများနှင့် ဖလမ်းမြို့သူမြို့သားတို့ သတင်းထူးအဖြစ် ပြောဆိုခဲ့ကြ၊ ဆရာတော်ထံ သတင်းမေး

www.burmeseclassic.com

www.burmeseclassic.com

ကြနှင့် ထိုသတင်းသည် ချင်းတောင်တန်းတစ်ခုလုံး ပျံ့နှံ့ခဲ့ပါသည်။

ထို့နောက် ထူးဆန်းသော ဖြစ်စဉ်မှာ ဟိမဝန္တာမှ ဝိဇ္ဇာမိုရ်များ လာရောက်ကြခြင်းဖြစ်ပါသည်။ ပထမအကြိမ်တွေ့သူမှာ ဝတ်ဖြူစင်ကြယ်နှင့် အရပ်မြင့်မြင့် ပိန်ပိန်ပါးပါး ပုဂ္ဂိုလ်တစ်ဦးဖြစ်ပြီး၊ သူကိုယ်တိုင်က "တပည့်တော် ဝိဇ္ဇာမိုရ် ဦးကျော်ဖြစ်ကြောင်း"မိတ်ဆက်စကားဆိုပါသည်။

နံနက်စောစော အရုဏ်ဦးအချိန် ဆရာတော်ကြီးမှ အိပ်ရာမှ နိုးသော်လည်း မထသေးဘဲ ဗုဒ္ဓါနုဿတိ၊ အာနာပါနဿတိဖြစ်စေ၊ မေတ္တာ ကရုဏာ ဘာဝနာကို ဖြစ်စေ၊ တစ်ခုခု နှလုံးသွင်း ပွားများနေချိန်တွင် ကျောင်းသခ်မ်းအတွင်းသို့ ဝင်ရောက်လာခြင်းဖြစ်သည်။ ဆရာတော်ကြီးမှာ အိပ်ရာထက်မှာပင် လဲလျောင်းနေရာက ကိုယ်အထက်ပိုင်း စောင်ခြုံလုပ်ပြီး ကိုယ်အောက်ပိုင်း ခြေဆင်းလျက် စောင်ခြုံထားသည့်အနေအထားဖြစ်သည်။

ထိုသို့ စကားပြောကြရင်း ဝိဇ္ဇာမိုရ် ဦးကျော်က "ဆရာတော် အလိုရှိလျှင် ညာဘက်ပေါင်တစ်ဖက်ချင်း မနာကျင်စေဘဲ အရင်းက ဖြတ်ပြီးလဲရန်"စကားဆိုသော်လည်း ဆရာတော်ကြီးက ငြင်းပယ်ခဲ့သည်။ ထို့နောက် ဝိဇ္ဇာမိုရ် ဦးကျော်က...

"ဗုဒ္ဓါနုဿတိကို ဆက်လက်၍ အားထုတ်တော်မူပါ။ ဒီတောကြီး တောင်ကြီးပေါ်မှာ ဗုဒ္ဓါနုဿတိဘာဝနာပွားများသူ မရှိကြပါ။ တောတွင်းက နတ်တွေက ဆရာတော်ကြီးရဲ့ ပရိတ်ရွတ်ဆိုသံကို အမြဲကြားနာချင်ပါတယ်။ ဒီနေရာ၌ အမြဲနေတော်မူပါ"

ဟု လျှောက်တင်ပြီး ထိုနေရာမှတင် ခဏချင်း ပျောက်ကွယ်သွားပါသည်။

♦♦♦

ဒုတိယအကြိမ် ဟိမဝန္တာ ဝိဇ္ဇာမိုရ်နှစ်ဦး ရောက်ရှိလာပုံမှာ ဆရာတော်ကြီး နံနက်စောစော အရုဏ်ဦးအချိန်တွင် ယခင် ဝိဇ္ဇာမိုရ် ဦးကျော်ကဲ့သို့ အိပ်ရာကုတင်နံဘေး၌ ရပ်လျက်သား တွေ့မြင်ရသည်။ ထိုသူတို့၏ ပုံသဏ္ဌာန်မှာ ဟိမဝန္တာတောကြီးထဲ၌ နေထိုင်လေ့ရှိကြသော တောလူသဏ္ဌာန်နှင့် တစ်ထေရာတည်း တူညီကြသည်။ သို့သော် ၎င်းတို့ကိုယ်မှာ အဝတ်မပါသော်လည်း နူးညံ့သော အမွေးနုကလေးများ တစ်ကိုယ်လုံး ဖုံးအုပ်ထားသည့်အတွက် လုံခြုံမှုရှိကြသည်။ ထိုလူနှစ်ဦးမှာ ဟိန္ဒူစတန်နီ စကားဖြင့် ရင်းနှီးစွာ ပြောကြသည်။ ဆရာတော်ကြီးက...

"ဘာကိစ္စ လာကြသလဲ"

ဟု မေးကြည့်ရာ ၎င်းတို့က...

"ဖူးတွေ့ချင်လို့ပါ"

ဟု ပြန်ဖြေကြသည်။

"ဗုဒ္ဓါနုဿတိပွားများပါသလား။ ဒီမှာပဲ အမြဲနေထိုင်ပါ"

ဟု လျှောက်ထားပြီး ကျောင်းသခ်မ်းအတွင်းမှ ပြန်လည်ထွက်ခွာသွားကြသည်။

တတိယအကြိမ် လာရောက်သူမှာ ယခုခေတ် စစ်ဗိုလ်အဝတ်အစားနှင့်ဖြစ်သည်။ နံနက်စောစော ကောင်းကင်မှ ရဟတ်ယာဉ်သံ ကြားသဖြင့် ဆရာတော်ကြီးက အပြင်သို့ ထွက်ကြည့်သည်။ ထူးဆန်းစွာ ကောင်းကင်မှ ရဟတ်ယာဉ်မပါ၊ လူကိုယ်ချည်း အသံမြည်၍ ဆင်းသက်လာပြီး မတ်တတ်ရပ်လျက်ပင် ရှိခိုး နှုတ်ဆက်သည်။ ထိုသူမှ ဗမာစကားဖြင့်-

"ဆရာတော် ဦးဥတ္တမဆိုတာ အရှင်ဘုရားဟုတ်ပါသလား"

ဟူ၍ မေးရာ ဆရာတော်ကြီးက ဟုတ်မှန်ကြောင်းနှင့် ဘာကိစ္စရှိပါသလဲ"ဟု မေးမြန်းရာ...

"ဖူးတွေ့ချင်လို့ပါ"

ဟု ပြန်လည်လျှောက်ထားသည်။ ထို့နောက် စစ်ဗိုလ်ဝိဇ္ဇာက...

"ဗုဒ္ဓနုဿတိ ကမ္မဋ္ဌာန်းစီးဖြန်းပါသလား၊ ဆက်ပြီးပွားများတော်မူပါ။ ဒီမှာပဲ အမြဲနေတော်မူပါ"

ဟု လျှောက်တင်ပြီး "ခွင့်ပြုပါ"ဟူ၍ ရှိခိုးရင်း ရုတ်ချည်းကောင်းကင်သို့ ပျံတက်သွားသည်ကို မျက်မြင်တွေ့ရသည်။

ထူးခြားသည်မှာ နတ်ကြီးများ လာလျှင် ညချမ်းအချိန်ဖြစ်ပြီး ဝိဇ္ဇာများ လာလျှင် နံနက်အရုဏ်တက်ချိန် လာလေ့ရှိသည်။ ထူးဆန်းသော အချက်များမှာ ဗုဒ္ဓါနုဿတိပွားများရန်နှင့် သည်တောင်ပေါ်တွင် အမြဲသီတင်းသုံးရန် လျှောက်ထားပုံချင်း တူညီနေကြသည်ကို သတိပြုမိပါသည်။

သို့ဖြစ်၍ ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့သည် ဆရာတော်ကြီး၏ ခန္တီနံတောင်ကြီးပေါ်က အဖြစ်အပျက်အတွေ့အကြုံများကို ယုံကြည်သဒ္ဓါသက်ဝင်ကြရန် အရေးကြီးပါသည်။ အထူးသဖြင့် မိမိတို့၏ အသက်ခန္ဓာတည်ရှိနေသရွေ့ ဘဝတစ်ခုကို မည်သို့နေထိုင် ကျင့်ကြံရမည်ကို ဝိပဿနာဉာဏ်ဖြင့် ဆင်ခြင်တွေးခေါ်ပြီး ဘဝနေနည်းကို လက်တွေ့ကျကျ အသုံးချနိုင်ပါစေသတည်း။

* * *

ရဲရဲအွန်း(ဟားဗတ်)



www.burmeseclassic.com

www.burmeseclassic.com



# ဗုဒ္ဓစာပေပါ ဂါထာ မန္တန်နှင့် ဝိဇ္ဇာဂရုကျင့်စဉ်

ကိုရွှေမြသန်း(သမိုင်း)

www.burmeseclassic.com

www.burmeseclassic.com

■

"ဂါထာတစ်သောင်း အင်းကောင်းတစ်ကွက် ဆေးတစ်စက်"ဟူသော ဆိုရိုးစကားနှင့်အညီ အချို့သော ကိစ္စရပ်များ၌ ဂါထာ မန္တန်အစွမ်းဖြင့် ပြီးမြောက်ပြည့်စုံသွားသည်ကို ပြောမယုံ၊ ကြုံဖူးမှ သိ ဆိုသကဲ့သို့၊ ကိုယ်တွေ့ ဖြစ်ရပ်မှန်များနှင့် ကြုံတွေ့ကြရမှသာ ယုံကြည်ရသည်အထိ ထူးဆန်းအံ့ဖွယ်ရှိလှသည်မှာ ဂါထာ မန္တန်တို့၏ မမြင်ရသော အစွမ်းသတ္တိပင် ဖြစ်၏။

ဤသို့ အစွမ်းသတ္တိရှိသော ဂါထာ မန္တန်များကို ဗုဒ္ဓစာပေမှ လက်ခံပါရဲ့လားဟု အမေးပြုလာသူများ ရှိကြပါ၏။ ထိုသူများအား ဗုဒ္ဓစာပေမှ မပယ်ရှားခဲ့ပါဟုသာ ဖြေဆိုရပါလိမ့်မည်။ နေတ္တိပါဠိတော်(မြန်မာပြန်)တွင် "ဆံဖြူ သွားကြွေ၊ သားရေတွန့်လိပ်၊ တရိပ်ရိပ်ယိုယွင်းသည့် အိုခြင်း။ ရင့်ခြင်းအမှု၏ ဆံမဖြူ သွားမကြွေ၊ အသားအရေ မတွန့်လိပ်အောင် ကြံဆောင် ကုစားခြင်းအမှုကို ဆေးဝါးမန္တန်ပြုလုပ်ခြင်းဟု တတ်ကောင်းသာတည်း"ဟု ဆို၏။

ဤသို့ ဆိုပြီးမှ "သေခြင်းတစ်ပါး၊ ဤတရားကိုမူ မသေရအောင် မကြံဆောင်၊ မကုစားနိုင်ကြောင်း"ကို ဆက်လက်၍ ဖော်ပြထားလေ၏။ သို့ဖြစ်ပါ၍ သွားကျိုးခြင်း၊ ဆံဖြူခြင်း၊ အရေတွန့်ခြင်း အစရှိသည်တို့နှင့် မမြင်ရသော ဘေးအန္တရာယ်အမျိုးမျိုးတို့မှ မကြုံမတွေ့ မရှိရလေအောင် ဂါထာမန္တရား အတတ်ပညာအကျင့်အမျိုးမျိုးတို့ဖြင့် ကြံဆောင် ကုစား၍ ဘေးအန္တရာယ်ကို ရှင်းနိုင်ကြောင်းမှာ ထင်ရှားနေပါ၏။

ဗုဒ္ဓမြတ်စွာဘုရားသည် နန္ဒအား ဒွတ္တိံသာကာရကမ္မဋ္ဌာန်းကို ပေး၍ ဤမန္တန်ကို ရွတ်လျှင် နတ်သမီးများကို ရလိမ့်မည်ဟူ၍ လည်းကောင်း၊ ဝင်္ဂီသ၊ စန္ဒာဘ စသောသူတို့အားလည်း ဤကား ဗုဒ္ဓမန္တန်မည်၏ဟူ၍ လည်းကောင်း၊ ဖြဟ္မဏခေတ်နှင့် လျော်ညီစွာ ဒွတ္တိံသာကာရ တရားတို့ကိုပင် ဂါထာမန္တန်ဟူ အမည်တပ်ခဲ့ပါသေး၏။

ဤကဲ့သို့ မြတ်စွာဘုရားနည်းတူပင် ရှေးရဟန္တာပုဂ္ဂိုလ်တို့မှ မောဂ္ဂလိပုတ္တတိဿအလောင်း စသည်တို့အား ဗုဒ္ဓမန္တန် သင်ကြားရန်ဟု ဆိုကာ သာသနာအတွင်းသို့ သွတ်သွင်းခဲ့ပေသေး၏။

ဘုရားလောင်း တက္ကသိုလ်ဆရာကြီးသည့် စူဠပန္ထကအလောင်း ဉာဏ်လေးသည့် တပည့်အား ဂါထာမန္တန်တစ်ပုဒ်ကိုသာ သင်ကြားပေးကြောင်းနှင့် သဥ္ဇီဝအား သူသေကို အသက်သွင်းသော ဂါထာမန္တန်ကို သင်ကြားပေးဖူးကြောင်းတို့ကို ဓမ္မအဋ္ဌကထာ၊ ဇာတ်အဋ္ဌကထာတို့၌ တွေ့ရှိရပါသည်။

ထို့အပြင် ဂါထာမန္တန်တို့၏ အစွမ်းကို ဗုဒ္ဓစာပေရှိ သံယုတ်အဋ္ဌကထာတွင် လူတစ်ယောက်ကို အဆိပ်ပြင်းထန်သော မြွေကိုက်ရာ အလွန်တတ်မြောက်လိမ္မာသည့် ဆေးဆရာကြီးထံ သွားပြကြ၏။ ဆရာကြီးက ပထမဦးစွာ အန်ဆေးကို ကျွေး၍···

"ဉုံ···အောက်ဂဠုန်၊ အထက်နဂါး သွားဟ"(ဟေတ္ဌာဂရုဠော ဥပရိနာဂေါ)ဟု ဂါထာမန္တန်ကို ပြောင်းပြန် မန်းလိုက်ရာ မြွေဆိပ်သည် တဖြည်းဖြည်းတက်၍သွား၏။ မျက်စိသို့ရောက်မှ တစ်ဖန်အမှန်အတိုင်း···

"ဉုံ···အထက်ဂဠုန် အောက်နဂါး သွားဟ"(ဥပရိဂရုဠော ဟေတ္ဌာ နာဂေါ)ဟု မန်းလိုက်ပြီး နားရွက်နားမှ အနိုးဖြင့် မှုတ်၍ တုတ်ဖြင့် အသာအယာသပ်ချလိုက်မှ မြွေဆိပ်သည် မူလ ကိုက်သောနေရာသို့ ပြန်ရောက်လေသည်။ ထို့နောက်မှ ရေမိုးချိုးစေပြီး ဆေးလိမ်း၍ လွှတ်လိုက်သည်ဟု ဖော်ပြပါရှိခြင်းဖြင့် ဗုဒ္ဓစာပေမှ ဂါထာမန္တန်၏ အစွမ်းအား အသိအမှတ်ပြုထားခြင်းပင် ဖြစ်၏။

"

ဂါထာမန္တန်တို့ဟူသည် ဗုဒ္ဓဝါဒီသုံး

လုံးလုံးမဟုတ်လင့်စေကာမူ

ပစ်ပယ်စရာမဟုတ်ဟုလည်း

ယူဆသင့်ကြောင်း ရေးသားတင်ပြရင်းဖြင့်

ဂါထာမန္တန်တို့အား လိုအပ်ရာတွင်

အသုံးပြုသည့်အခါ၌ ပို၍ အစွမ်းထက်စေမည့်

မိမိကိုယ်တိုင်ပင် ယုံကြည်နိုင်လောက်အောင်

သိန္ဒိထူးတို့ကို ရရှိပိုင်ဆိုင်စေမည့်

ဝိဇ္ဇာစရဏကျင့်စဉ်ကိုပါ အလျဉ်းသင့်ပါသဖြင့်

ရေးသားဖော်ပြလိုက်ပါ၏



www.burmeseclassic.com

www.burmeseclassic.com

ဤတွင် ဂါထာ မန္တန်တို့၏ အစွမ်းထက်စေခြင်းတွင် ဂါထာမန္တန်တို့ကို သုံးစွဲရာ၌ အာရုံပြုနည်း မှန်ကန်တည့်မတ်ဖို့လည်း လိုအပ်လှပါသည်။ သို့ဖြစ်ပါ၍ ယုံမှားဖွယ်ရာ မရှိနိုင်သည့် အာရုံပြုနည်းကို ဖော်ပြပါဦးမည်။

ဂါထာ မန္တန်တို့၌ "ဥုံ"၊ "သွားဟ"စသည်တို့မှာ ဟိန္ဒူဘာသာမှ ဆင်းသက်လာသည့် အသုံးများပင် ဖြစ်၏။ ဂါထာမန္တန်တို့၏ မူရင်းသည်ပင် ဟိန္ဒူဗြဟ္မဏဘာသာမှ လာခြင်းဖြစ်၍ ဂါထာမန္တန်ရွတ်လျှင် "ဥုံ"တို့ "သွားဟ"တို့သည်လည်း မကင်းနိုင်ချေ။

သို့သော် "ဥုံ"ဟူသည်မှာ "အ-ဥ-မ"ဟူသော ဟိန္ဒူဗြဟ္မဏတို့၏ သရဏဂုံအသုံးကို ရည်ရွယ်သဖြင့် မိမိတို့ ဗုဒ္ဓဘာသာဝင်များအနေဖြင့် အကြောင်းအားလျော်စွာ ဂါထာမန္တန်များကို သုံးစွဲရာ၌ ဥုံနေရာတွင် ဥုံဟုဆိုတိုင်း ရတနာသုံးပါးဖြစ်တဲ့ ဘုရား၊ တရား၊ သံဃာကို ရည်စူး အာရုံပြုပေးလျှင် အလွန်ကောင်းမွန်၍ အစွမ်းထက်ပေမည်။

"သွားဟ"ဆိုလျှင်လည်း သု-အာဟပုဒ်ဖြတ်ပြီး ကောင်းစွာ ဟောကြားတော်မူသော ဘုရားရှင်၏ တရားတော်ပမာ၊ ဂါထာမန္တန်တို့သည်လည်း တန်ခိုးရှိကြောင်း ယူဆနိုင်လျှင် မိမိတို့၏ ကိုးကွယ်ရာသည်လည်း မပျက်၊ ဂါထာမန္တန်သည်လည်း အစွမ်းထက်လိမ့်မည်ဖြစ်ကြောင်းကို ယုံကြည်မှားဖွယ်ရာ မရှိနိုင်ပေ။

သို့ဖြစ်ပါ၍ ဂါထာမန္တန်တို့ဟူသည် ဗုဒ္ဓဝါဒီသုံး လုံးလုံး မဟုတ်လင့်စေကာမူ ပစ်ပယ်စရာမဟုတ်ဟုလည်း ယူဆသင့်ကြောင်း ရေးသားတင်ပြရင်းဖြင့် ဂါထာမန္တန်တို့အား လိုအပ်ရာတွင် အသုံးပြုသည့်အခါ၌ ပို၍ အစွမ်းထက်စေမည့်၊ မိမိကိုယ်တိုင်ပင် မယုံကြည်နိုင်လောက်အောင် သိဒ္ဓိထူးတို့ကို ရရှိပိုင်ဆိုင်စေမည့် ဝိဇ္ဇာစရကျင့်စဉ်ကိုပါ အလျဉ်းသင့်ပါသဖြင့် ရေးသားဖော်ပြလိုက်ပါ၏။

**ဝိဇ္ဇာစရကျင့်စဉ်**

(၁) တစ်ယောက်တည်း နေတတ်အောင်၊ နေနိုင်အောင် ကြိုးစားရမည်။ ဝစီပိတ်တော့ မဟုတ်။ တတ်နိုင်သမျှ စကားနည်းအောင် နေရမည်။ ကိုယ်က ဘာကိစ္စပဲဖြစ်ဖြစ် စပြီး စကားမပြောနှင့်။ တစ်ပါးသူက မေးလာမှ၊ စကားမပြောရင် မဖြစ်မှ ပြန်ပြီးပြောရမည်။ ဒီကျင့်စဉ်သည် လွယ်မယောင်နဲ့ တကယ်လက်တွေ့ ကျင့်ကြည့် လုပ်ကြည့်တော့ ခက်သည်။ တစ်ယောက်တည်း မငြီးမငွေ့ နေနိုင်တယ်ဆိုတာ တရားရှိမှ နေလို့ရသည်။ သာသနာပြု သတ္တဝါကယ်တယ်ဆိုတဲ့ လောကီဂိုဏ်းဆရာကြီးတွေကို ကိုယ်တွေ့ မြင်ခဲ့ဖူးသည်။ သူတို့ဟာ သူတို့တပည့်၊ သူတို့အသိုင်းအဝန်း ပရိသတ်နဲ့ အသိုင်းအဝိုင်းလည်း မရှိရော သူတို့လည်း မနေတတ် မထိုင်တတ်ဖြစ်နေတာ တွေ့ရသည်။ အဲဒါမျိုးတွေကို ရှောင်ရှားရမည်။

၂။ မိမိ တစ်နေ့တာ စားသောက်ရမည့် အာဟာရ အပေါ်မှာ တဏှာ မစွဲလမ်းရဘူး။ ဘာကို စားသောက်ချင်တယ်။ ဘာကို ချက်ထားပါလို့ မဖြစ်စေရဘူး။ တွေ့ရာကြုံရာကိုသာ အာဟာရအဖြစ် စားသုံးနိုင်အောင် အလေ့အကျင့်ပြုထားရမည်။ စားသုံးတဲ့ အာဟာရတွေကလည်း အရသာမရှိတာဖြစ်လေ ပိုကောင်းလေပဲ။ အဓိက,က ဝိစိကိစ္ဆနည်းလေ ပိုကောင်းလေပဲ ဖြစ်သည်။

၃။ အသက်ရှူထုတ်တဲ့အခါမှာ ဝင်သက်ကို အရဟံလို့ မှတ်ရမည်။ ထွက်သက်ကို ဗုဒ္ဓေါလို့ မှတ်ရမည်။ ဝင်သက်ထွက်သက် တစ်ကြိမ်တိုင်းကို လက်ချိုးပြီး မှတ်ရမည်။ ၁၀ကြိမ်ပြည့်ရင် ပုတီးတစ်လုံးချစိပ်ရမည်။ (၁၀၈)လုံးပုတီးနဲ့ တစ်နေ့ကို အနည်းဆုံး ပုတီးတစ်ပတ်ရအောင် စိပ်ရမည်။ ရက်ပေါင်း (၁၀၈)ရက်တိတိ အဓိဋ္ဌာန်နဲ့ အခုပြောတဲ့အတိုင်း နေပြီး ပုတီးမပျက်မကွက် စိပ်နိုင်ရင် သိဒ္ဓိထူးရပြီသာ ဖြစ်သည်။

(ယခု စာရေးသူ တင်ပြသည့် ဝိဇ္ဇာစရကျင့်စဉ်သည် ခရစ်တော်ကို အကြောင်းပြု၍ ရေးထိုးထားသော သက္ကရာဇ် အေဒီ ၁၉၅၀ ပြည့်နှစ်တွင် ရွှေတိဂုံဘုရား အထက်ပစ္စယံ၌ အဘ အောင်မင်းခေါင်ကိုယ်တိုင် တိုးတိုးတိတ်တိတ် ချီးမြှင့်တော်မူခဲ့သော ဝိဇ္ဇာစရ ပထမအခြေခံကျင့်စဉ်ပင်ဖြစ်၏။)။

* * *

ကိုရွှေမြသန်း(သမိုင်း)

မှီငြမ်း

- ရဝေထွန်း၏ ဗုဒ္ဓစာပေနှင့် ဂါထာမန္တန် (ဗုဒ္ဓမေ္မလောက စာစောင်)။
- မင်းဂွတ်၏ မဟာဂန္ဓာရီကျင့်စဉ်ကျမ်း။



www.burmeseclassic.com

www.burmeseclassic.com



မြို့ရှိုးဒွါရကျောင်းတိုက်ရှိ ဆင်းတုတော်
ရောဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့။

www.burmeseclassic.com

www.burmeseclassic.com

# မြို့ရိုးဒွါရကျောင်းတိုက်ရှိ ဆုတောင်းပြည့်စေတီ

■ မင်းတိုင်ပင် (မြရောင်မြေ) ■



ယခုတစ်ခေါက် ရေကြည်ပြန်ရောက်တော့ မြို့ရိုးဒွါရကျောင်းတိုက်ဆရာတော် ဦးဣန္ဒာသီရိထံ ဦးစွာ ဝင်ရောက်ဖူးမြော်ခဲ့၏။ ကျောင်းတိုက် မုခ်ဦးကြီး ဝင်လိုက်သည်နှင့် ကျောင်းပရိဝုဏ်အတွင်း ဝါးသယ်၊ သစ်သယ်၊ အုတ်သယ်သူတွေကို တွေ့နေရတယ်။ ဒါနဲ့ ဆရာတော် သီတင်းသုံးရာတိုက်ကျောင်းကို ကြည့်လိုက်တော့လည်း သော့ခတ်ထားတယ်။ မိုးကုတ်ကျောင်းမှာလည်း ဒီလိုပါပဲ၊ ဆွမ်းစားကျောင်းကို စာရေးသူနှင့် သားတို့ မော်တော်ဆိုင်ကယ်ရပ်ပြီး ဦးဇင်းကြီးကို မေးမိတယ်။

"ဦးဇင်းကြီး. . .ဆရာတော် ရှိပါသလား ဘုရား"

"ရှိပါတယ် ဒကာကြီး။ ဟိုဗောဓိပင်ဆီမှာ ရှိတ[illegible] ကဲ - ကိုရင် လိုက်ပို့လိုက်ပါ"

"မှန်ပါ့ ဘုရား"


သိမ်ကျောင်းကျော်တော့ ရေကန်ကြီးနားက ဖြတ်[illegible] ရတယ်။ နွေအပူရှိန်ကြောင့် ရေတွေလည်း ခန်းခြော[illegible] ဒါနဲ့ သီဟိုဠ်ဗောဓိပင်ကြီးဆီ ရောက်တော့ အုတ်[illegible] နဲ့ မဟာရံတံတိုင်း လုပ်ကာထားတယ်။ [illegible]ပြင်တော်[illegible] မှာ ကျောက်ပြားတွေ၊ ကြွေပြားတွေ [illegible]ကွက်ချ ခင်း[illegible]



www.burmeseclassic.com

www.burmeseclassic.com

ာယ်။ မြတ်စွာဘုရားလေးဆူ စံကျောင်းတော်နှင့် မုခ်ဦးလေး
ာက်မှာ သီတင်းသုံးနေတယ်။ ရုပ်ပွားဆင်းတုတော်များက
ကျောင်များဖြစ်ပြီး ဉာဏ်တော် ၃တောင်ကျော်လောက် မြင့်
ယ်။ ထိုအနီးမှာတော့ လင်းလွန်းပင်၊ ဗောဓိပင်တွေ၊ ရေကန်
တွေ အသည်းပုံ ရေကန်၊ ထိုင်စရာ ထိုင်ခုံတွေနဲ့ တော်တော်
လှပတင့်တယ်နေတာကို မြင်ရတော့ စာရေးသူ ရင်ထဲ
တော်တော်ဝမ်းသာမိတယ်။ ပန်းမျိုးစုံတို့ကလည်း အရောင်စုံ
ပွင့်ကြ ဖူးကြနဲ့ပါ။



"ဟာ···ဒကာကြီး၊ ဒီနေ့တော့ ထူးခြားတယ်။ ဒီမှာ ဘုရားပြန်တည်မလို့ မဏ္ဍပ်ဆောက်နေတာ။ အတော်ပဲ"

"မှန်ပါ့ဘုရား၊ ဝမ်းသာပါတယ်"

"မောင်ဇေ··· တော်တော်ကြီးပြီးပဲ၊ ဘယ်တုန်းက ပြန်ရောက်လဲ"

"တပည့်တော် ၂၄ရက်နေ့ကပါ ဘုရား"

"ကဲ - တစ်ခါတည်း ဒီနေ့ မဏ္ဍပ်ဆောက်မယ်၊ အလှူခံမယ်၊ ဟိုစေတီဟောင်းကို ပြန်ပြုပြင်မယ်။ ကျုပ် အမိဋ္ဌာန်ပြုထားတယ်"

"မှန်ပါ့ ဘုရား၊ အမိန့်ရှိပါဦး ဘုရား"


"ဒကာကြီး···ဘုရားသမိုင်းကို စပြီးပြောရရင်တော့ ဟိုးအတိတ်သမိုင်း ကျုပ်သိသလောက် ပြောမှ ဖြစ်မယ်ထင်တယ်။ ဒီရေကြည်မြို့ဟာ ရှေးယခင်တုန်းက မွန်တွေ နေတယ်။ အခေါ်ကတော့ ကျိုက်တမော်တဲ့။ မြန်မာမင်းလက်ထက်ကျတော့ ပန်းတော ရေကြည်တဲ့ဗျ။ မြို့တည်မယ့်နေရာမှာ ပန်းပင်တွေ အလွန်ပေါလို့။ မြို့ကို ပတ်စီးတဲ့ ဝန်မြစ်လက်တက်ချောင်းက အလွန်ရေကြည်လို့ သက္ကရာဇ် ၆၀၂ခုနှစ်မှာ သမုဒ္ဒဃောသ၏ မိဖုရား ဥမ္မာဒန္တီ မင်းသမီးက ဒီချောင်းရေကို မှန်ကြည့်သလို ကြည့်ပြီး ခေါင်းဖြီး လိမ်းခြယ်တယ်။ ဒါကြောင့်လည်း ကြည်လှတဲ့ ရေရယ်လို့ ပြောလို့ အမတ်ကြီးက "ရေကြည်"လို့ ပြောင်းခေါ်တယ်တဲ့။ ဒီပါတဲ့ ကျောက်မှာ တွေ့ရတယ်။ အဲ···သက္ကရာဇ် ၉၀၇ ခုနှစ်၊ ၁၅၄၅ ခုနှစ်၊ တပင်ရွှေထီးလက်ထက်က စခေါ်တယ်လို့ သိရတယ်။ အဲဒီတုန်းက ပန်းတော ရေကြည်မြို့ကို မြို့စားတွေ၊ သူကြီးတွေ အုပ်ချုပ်ခဲ့တယ်။ အခွန်အကောက်တွေလည်း ဆက်သရတယ်တဲ့။ သက္ကရာဇ် ၁၁၄၅ခုနှစ်နဲ့ ၁၁၄၆ ခုနှစ်မှာ ဒီပန်းတောမြို့ သူကြီး နန္ဒရဲခေါင်၊ တစ်နည်း မြို့စားက တင်သွင်းတဲ့ စစ်တမ်းမှာ လေ့လာတွေ့ရှိခဲ့တယ်။ နယ်နယ်ရရမြို့တော့ မဟုတ်ခဲ့ဘူး။ ရာဇဝင်ရှိတဲ့ မြို့ကြီးတဲ့"

"ဒါဆို တပည့်တော် ကြားဖူးတဲ့ ပုသိမ် ၃၂မြို့စား



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာလား ဘုရား"

"မှန်တယ်။ ပန်းတော နယ်နိမိတ်က အနောက်ဘက်ဆို ရခိုင်ရိုးမ၊ တောင်ဘက်ဆိုရင် ပုသိမ်၊ မြောက်ဘက်ဆိုရင်လည်း ဟင်္သာတ၊ အရှေ့ဘက်ဆို ဓနုဖြူ၊ ခဲဘောင်၊ အကျယ်ကြီးပဲ။ အဲဒီရွာတွေက အခွန်အကောက်တွေကို ဒီမြို့စား နန္ဒရဲခေါင်ကို ဆက်သရတယ်။ ကျောက်တိုင်လေးတိုင်နဲ့ နယ်နိမိတ် သတ်မှတ်ထားတယ်။ ရေခွန်၊ မြေခွန်တွေလည်း ကောက်တယ်တဲ့"

"နောက်တော့ ဘယ်သူတွေ ဆက်အုပ်ချုပ်သေးလဲ ဘုရား"

"နန္ဒရဲခေါင်က သူ့လက်ထက်မတိုင်ခင် ရာဇဘတ္တ ကြီးစိုးတယ်တဲ့။ သူ့သား ငနေသာ၊ ပြီးတော့ ငသာ ကြီးစိုး ပြီးမှ ယခု သူက နန္ဒရဲခေါင်ဆိုတော့ ဖြစ်တော့မှာပေါ့။ သက္ကရာဇ် ၁၁၀၈ ခုနှစ်၊ စစ်ကိုင်းမင်းလက်ထက်ရောက်တော့ ရေကြည်မြို့ကို ပဲ့နင်းကြီး ဦးကျော်လှ အုပ်ချုပ်တယ်တဲ့။ ပဲ့နင်းဆိုတော့ လှေတွေကို အုပ်ချုပ်ရတာနဲ့ တူတယ်။ အဲဒီတော့ လှေထားတဲ့ နေရာကို ခု "လှေတော်ရုံရွာ"လို့ ခေါ်တာ။ အဲဒီမှာ ကျွန်းတိုင်ကြီးတွေ၊ အုတ်ခုံကြီးတွေ ခုတောင်ရှိသေးတယ်။ ဟိုဘုရားက အုတ်ချပ်ကြီးတွေ ကြည့်ပါဦး"

"ဒါဆို ဒီမြို့ပေါ်က ဘုရားတွေက ဘယ်သူ့လက်ထက်ကျမှ တည်တာလဲ ဘုရား"

"ပြောမယ်။ ယခင် ရေကြည်ချောင်းက ငဝန်မြစ်နဲ့ တစ်ဆက်တည်း ဖြစ်ပုံရတယ်။ သမုဒ္ဒဃောသနဲ့ ဥမ္မာဒန္တီ မင်းသမီးတို့က ပန်းတော၊ ကျိုက်တမော့မှာ ထူပါရုံ ဆိုတဲ့ စေတီကို စတည်ထားတယ်။ တစ်ပြိုင်နက် ယခု ဒီပါရုံစေတီကလည်း ထူပါရုံလို့ ခေါ်တယ်။ ယခုတစ်ဖန် ထူပါရုံစေတီလည်း တည်ထားတယ်။ နောက် လှေတော်ရုံစေတီ၊ ပဲ့နင်းစေတီလည်း တည်ထားတယ်။ ကျုပ်မှတ်မိသလောက်၊ လေ့လာရသလောက် နန်းတော်ဦးမှာ တည်ထားတဲ့ နန်းဦးစေတီ၊ မြို့ဝင်စေတီနှစ်ဆူလည်း ရှိတယ်။ အဲဒါ ပျောက်နေတယ်။ ထူပါရုံစေတီနဲ့ ဒီပါရုံစေတီက ပဲ့နင်းကြီး ဦးကျော်လှမှ ထီးပြန်တင်ကြောင်း သိရတယ်။ ဒါ့အပြင် လှေတော်ရုံဘုရားကိုလည်း ထီးတင်စေပြီး ကမ္ပည်းထိုးခဲ့တယ်။ ဒီတော့ နှစ်ပရိစ္ဆေဒတွေ ကြာပြီး ပြိုပျက်နေတဲ့ စေတီဟောင်းတွေကို ၁၂၇၅ ခုနှစ်က တစ်ကြိမ်၊ ၁၃၁၀ခုနှစ်က တစ်ကြိမ် ထပ်ပြီး ထီးတော်သစ်တွေ တင်လှူခဲ့တယ်။ ဒကာကြီး ဦးတင်မြင့်ကိုတော့ မှတ်မိကောင်း မှတ်မိမယ်"

"အရှင်ဘုရား···နန်းတော်တည်ဆောက်ခဲ့တယ်ဆိုတဲ့ အကြောင်း မိန့်ပါဦး ဘုရား"


"ယခု ဗထူး ဥလမ်း၊ ထန်းတောကျောင်းလောက်ရှေ့လောက်မှာ အိမ်ဆောက်ရင်း အုတ်ရိုးကြီးကို တူးမိကြတယ်။ ဘယ်လောက်ရှည်မယ်လို့ ခန့်မှန်းလို့ မရဘူး။ ကြာကန်ရွာဘက်ကို ညွှန်နေတယ်။ ရှေးလက်ကြမ်း အုတ်ရိုးကြီးတွေ။ တစ်တောင်လောက်ကို ရှည်တယ်။ ဖြက်ကလည်း ကျယ်တယ်"

"မှန်ပါ ဘုရား။ ယခုတည်ထားမယ့် ဘုရားက ဘယ်လို ထူးခြားမှုတွေ ရှိနေပါသလဲ ဘုရား"

"ဒကာကြီး မှတ်မိပါလိမ့်မယ်။ ရေကြည်ဘုရားကြီးကုန်းသုသာန်ကို မြို့သန့်ရှင်း သာယာရေးအတွက် ဟိုဘုရားကြီးကုန်းက တောင်လယ်ကို ဖို့တော့ ဒီသုသာန်ကို ချုံရှင်းဂူတွေ ဖျက်ပြီးတော့ နာနာဘာဝတွေကို ကားနဲ့ တင်ပို့တယ်။ ဟောဒီ ထန်းပင်ညီနောင်က နေဝင်ရီတရော မသွားရဲတဲ့နေရာ"

"မှန်ပါ ဘုရား။ မှတ်မိပါတယ်။ တကယ့်ဖြစ်ရပ်ထူးတွေလည်း ရှိခဲ့ပါတယ်"

"အေးလေ၊ ဟို မြေထိုးစက်တွေနဲ့ ထိုးပြီးတော့ မြေလှန် ချုံရှင်းရင်း ယခု စေတီအုတ်ပုံကြီးပေါ် ချုံတွေ ပတ်နေတယ်။ ဘယ်သူမှ စေတီရှိမှန်း မသိဘူး။ စက်ထိုးတဲ့ စက်






www.burmeseclassic.com

www.burmeseclassic.com

ဆောင်းဆရာက နောက်ဆုံးကျန်တဲ့ ချုံကို စက်နဲ့ ထိုးတော့ ကျက်သေသွားတယ်။ နှစ်ကြိမ် သုံးကြိမ်ဖြစ်တော့ အောက်ဆင်းပြီး ကြည့်တယ်။ ဒီတော့မှ အုတ်ပုံကြီးကို တွေ့တော့ ဆက်မထိုးဘဲ ထားရတယ်။ သူလည်း ဘုရားဟောင်းဆိုတာကို သိရတယ်။ ဟိုဘက်က ဒကာကြီး ခုမြင်နေရတဲ့ စေတီနဲ့ လမ်းရဲ့ တစ်ဖက်တစ်ချက်စီမှာ ရှိတယ်။ မြို့ဝင်စေတီဆိုတာများ ဖြစ်နေရော့သလားပဲ။ နောက် နန်းဦးစေတီလည်း ဖြစ်နိုင်တာပဲလေ"



"မှန်ပါ ဘုရား။ ထူးခြားချက်ရှိပါတယ်။ သမိုင်းဆိုတာတော့ ရှိနေမြဲပါ ဘုရား"

"ကဲ - ဒကာကြီး၊ ဟိုဗောဓိပင်ကြီးမှာလည်း ထူးခြားချက်ရှိတယ်"

"မိန့်ပါဦး ဘုရား"

"ကျုပ် သီဟိုဠ်ဗောဓိပင်ကြီးကို ချုံတွေ ရှင်း၊ အုတ်တွေ ပုံပြီးတော့ ယခုလို ပရိဝုဏ် မဟာရံ တံတိုင်းကြီး တည်ဆောက်ခဲ့ချိန် အဓိဋ္ဌာန်တစ်ခုပြုလုပ် ဆုတောင်းခဲ့တယ်။ ကျုပ်တို့ ကြားဖူးခဲ့တာ ညောင်ပင်ကြီးအောက် ညောင်ပင်လေးပေါက်တဲ့ ထုံးစံမရှိဘူးနော်။ ဒီမှာ တွေ့လား၊ ခုဆိုယခင် ဆရာတော်ကြီး သုံးဆက်ရှိမှပဲ"

"မှန်ပါ့ ဘုရား။ ပေါက်တယ်လို့တော့ မတွေ့ဘူးပါဘူး ဘုရား"

"အဲဒါ စေတီတိုက်တော်မှူးတယ်လို့ မြတ်စွာဘုရား မိန့်ကြားခဲ့တယ်။ စေတီလေးမျိုးမှာ ဓာတု၊ ဥဒ္ဒိဿ၊ ပရိဘောဂ၊ ဓမ္မဆိုတာလေ၊ အဲဒါ ထိုက်တယ်။ ဒီဗောဓိပင်က သီဟိုဠ်ကနေ ပင့်ဆောင်လာတာ။ ရှေးဆရာတော်ကြီးလက်ထက်က နှစ်ပေါင်း ရာကျော်နေပြီ။ မဟာဗောဓိပင်ကြီးရဲ့ ကိုယ်ပွား၊ အပင်ကြီးအောက်မှာ အပင်လေးတွေ ရာဂဏန်းမက ပေါက်လာတယ်။ ကျုပ်က ကိုးကွယ်ချင်၊ စိုက်ပျိုးချင်တဲ့ အပင်တွေကို ပေးတာ။ ဟိုမှာ နှစ်ပင်ကျန်နေတယ်။ ထူးခြားတာပဲ။ ဟိုလင်းလွန်းပင်ကလည်း အသီးလေးလုံး သီးနေပြီ"

"တော်တော်ထူးခြားပါတယ် ဘုရား။ စေတီက ဘယ်လောက် ဉာဏ်တော်မြင့်မှာပါလဲ ဘုရား"

"ကိုးနဝင်း ဆုတောင်းပြည့်စေတီ။ ရွှေတိဂုံစေတီပုံတော်တူ တည်ထားမှာပါ။ အောက်က အုတ်ခုံက တော်တော်မြင့်မှာဆိုတော့ ဖိနပ်တော်ပေါ်မှာ အုတ်ခုံကြီး၊ အဲဒီပေါ်မှာ တည်မှာ။ အဲဒီမှာ ကျုပ် အိန္ဒိယ ဗုဒ္ဓဂယာက ပင့်ဆောင်လာတဲ့ ဗုဒ္ဓရုပ်ပွားတော်များနဲ့ ဓာတုစေတီတော်များကို ဌာပနာသွင်း ပူဇော်ပါမယ်။ ဉာဏ်တော်ကတော့ ၉တောင်ပါပဲ။ အုတ်မိုးပ

www.burmeseclassic.com

www.burmeseclassic.com

တော်နဲ့ဆို အတောင် ၂၀လောက် ရှိမှာပါ"

"ဆရာတော့်ဘဝဖြစ်စဉ် ထေရုပ္ပတ္တိကို မိန့်ကြားပါဦး ဘုရား"

"ကျုပ်က ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ ကညင်ငူ ရွာသစ်ရွာက ခမည်းတော် ဦးမောင်ကြီး၊ မယ်တော် ဒေါ်အသွဲ့တို့က ၁၃၁၅ခုနှစ်၊ နှောင်းတန်ခူးလဆုတ် ၄ရက်၊ တနင်္ဂနွေနေ့မှာ မွေးဖွားပါတယ်။ မွေးချင်းသုံးယောက်အနက် ဩရသသားဖြစ်ပါတယ်။

ရတနာကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စတိဝံသနှင့် ဦးသာသနာဘိဝံသ၊ ဦးဉာဏာဘိဝံသ၊ အနောက်ပြင် ချမ်းသာကြီးတိုက် ဦးဇောတိကာဘိဝံသတို့ထံ အကြီးတန်း၊ စာချတန်းတို့ကို သင်ကြားခဲ့ပါတယ်။ အဲဒီမှာ အကြီးတန်း အောင်မြင်ခဲ့ပါတယ်။ နောက်တော့ ဆရာတော်ကြီး ဦးသုမန ဘဝနတ်ထံ ပျံလွန်တော်မူပြီးနောက် ကျုပ်ကို သံဃနာယကမှ ၁၃၅၆ ခုနှစ်၊ ယခု မြို့ရိုးဒွါရကျောင်းတိုက်၊ သာသနာ့တာဝန်ကျောင်းတိုက် ဆရာတော်ဖြစ်ခဲ့ပါတယ်။




ငယ်စဉ်တုန်းက ကညင်ငူ ရွာသစ်ကျေးရွာ ပညာရာမ ကျောင်းဆရာတော် ဦးပညာဝံသထံမှာ ပညာသင်ခဲ့တယ်။ ၁၄နှစ်သားအရွယ်မှာ သာသနာ့ဘောင်ဝင်ခဲ့တယ်။ ဟင်္သာတ မြို့ ကြာကန်ကျောင်းဆရာတော် ဦးသုမင်္ဂလထံမှာ အခြေပြု မူလတန်း(ငယ်/လတ်/ကြီး)အစိုးရစာမေးပွဲဖြေဆိုအောင် မြင်ခဲ့ပါတယ်။ ၁၃၁၅ခုနှစ်၊ တန်ခူးလဆုတ် ၁၀ရက်၊ ကြာသပတေးနေ့၌ ပညာရာမကျောင်းဆရာတော်အား ဥပဇ္ဈာယ် ပြုလို့ မိဘနှစ်ပါး ပစ္စယာနုဂ္ဂဟ ခံယူကာ သာသနာ့ဘောင် ရဟန်းအဖြစ် သွတ်သွင်းခဲ့ပါတယ်။ ဒီနောက်မှာ မန္တလေးမြို့ စကုတိုက်၊ မင်္ဂလာအေးကျောင်းဆရာတော် ဦးဝိသာရဒ (နိုင်ငံတော်ဩဝါဒ စရိယ)ထံတွင် သီတင်းသုံးခဲ့ပါတယ်။ စာသင်စာချ ဆရာတော်များက မိုယ်းကောင်းတိုက်၊ သိန်းသန်း

ထိုနှစ်မှာပင် တိုင်းသံဃနာယက အတွင်းရေးမှူးအဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့ပါတယ်။ အစိုးရစာမေးပွဲ ငယ်၊ လတ်၊ ကြီးများတွင် ကြီးကြပ်ရေးတာဝန်၊ ထူပါရုံစေတီတော် မြတ်ကြီး၏ ဩဝါဒစရိယ၊ သီတာရုံစေတီတော်ကြီး၏ နာယက၊ ယခု ၂၀၀၉ခုနှစ်မှစလို့ အနောက်ချောင်း ဒွါရကိုဏ်း ကြီး၏ တိုင်းသံဃနာယကအဖွဲ့ ဥက္ကဋ္ဌအဖြစ် ပေးအပ်တာဝန် ယူခဲ့ပြီး တရားဟော ဓမ္မကထိကအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ ကျောင်းတိုက်အတွင်း ရဟန်း၊ ကိုရင်ငယ်များအား စာချ စာမေး ဆောင်ရွက်ပေးနေပါတယ်"


"ဆရာတော်…နိုင်ငံပြင်ပ သာသနာပြု ကြွခဲ့ပါသေး လား ဘုရား"

"ယခင်နှစ် အင်ဒိုနီးရှားနိုင်ငံ၊ ပရာဗာမြို့မှာ ရွှေတိဂုံ



www.burmeseclassic.com

www.burmeseclassic.com



စေတီပုံတူတည်ထားသည့် ဘုရားအနေကဇာတင်ပွဲနဲ့ ထေရ ါဒဗုဒ္ဓဘာသာညီလာခံသို့ ကြွရောက်ခဲ့ပါတယ်။ ယခုနှစ်မှာ တော့ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်အရ ညီတော် ဥာနာစက္ကနှင့်အတူ ကြွရောက်ခဲ့ပါတယ်"

"ဆရာတော်လက်ထက်မှာ သာသနိကအဆောက် အအုံများ ပြုပြင်ခဲ့တာ ရှင်းပါဦး ဘုရား"

"ကျုပ် ဒီကျောင်းကို ၁၃၅၆ ခုနှစ်က ရောက်ပါတယ်။ ချုံနွယ်ပိတ်ပေါင်းတွေနဲ့ ထူထပ်နေတဲ့ ဒီခြံကြီးကို တဖြည်း ဖြည်းရှင်း၊ ပျက်စီးနေတဲ့ ဆွမ်းစားကျောင်းရဲ့ အမိုးအကာတွေ ခြစားနေတာကို ပြန်ပြင်၊ အခန်းတွေ တိုးချဲ့ သိမ်ကျောင်း ပြုပြင်၊ ဘုရားကျောင်း ဗောဓိပင် အုတ်ခင်း၊ ရင်ပြင်တော် ပြင်၊ နတ်လမ်းစကြံ၊ မုခ်ဦးကြီးဆောက်၊ အုတ်တံတိုင်း ကာရံတာက ၅၂ခန်း၊ ဒို့ပြင် ထူပါရုံစေတီတော်ကြီး လုံးပတ် တော် ရွှေသင်္ကန်းကပ်ခြင်း၊ ဗုဒ္ဓဝင် ရုပ်လုံးတော်များ တည် ဆောက်၊ သံဃာတော်အပါး ၂၀ကျော်ကို နေ့ဝါ၊ ညဝါ ငယ်/လတ်/ကြီး စာမေးပွဲတွေ ဝင်ရောက်ဖြေဆိုခဲ့ပါတယ်။ ဒါတော့ ကျုပ်တို့ သာသနာပြုလုပ်ငန်းတွေပဲ ဖြစ်ပါတယ်"

"မှန်လှပါ ဘုရား။ ရှေ့ဆက် သာသနာပြုလုပ်ငန်းများ ဆထက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေ ဘုရား"

"ကဲ - ဒကာကြီး၊ ပြည့်စုံလောက်ပါပြီ။ မင်္ဂလာအချိန် ည်း ရောက်ပြီမို့ မလျှာပ်ထူကြရအောင် ငါးပါးသီလ ခံယူ ကြ။ ပြီးတော့ မေတ္တာပို့ကြမယ်။ လိုရာဆုတောင်းကြပေါ့"

အားလုံး လက်အုပ်ချီလျက် ငါးပါးသီလခံယူဆောက် တည်ကြပြီး မေတ္တာပို့ အမျှဝေခဲ့ကြပါတယ်။

♦♦♦

ဆရာတော်၏ သာသနာပြုခရီးမှာ မဖိတ်ဘဲ ရောက် လာတဲ့ စာရေးသူအဖို့ အလွန်ဝမ်းသာမိပါတယ်။ ဆရာတော် နှင့် စာရေးသူတို့က ၁၃၅၆ခုနှစ်မှာ ရေကြည်မြို့ရှိး ဒွါရ ကျောင်းတိုက်ဆရာတော် မရှိသည့်အတွက် သရက်တော ဆရာတော်ကြီး ဦးဇနက(သီရိပရဝဓမ္မာစရိယ)နှင့်အတူ စာရေးသူတို့ မိသားစုက မန္တလေးမြို့ စကုတိုက် မင်္ဂလာအေး ကျောင်း၌ သီတင်းသုံးတော်မူသည့် ယခုဆရာတော် ဦးဣန္ဒာ သီရိအား သွားရောက် ပင့်ဆောင်ခဲ့ခြင်းဖြစ်ပါတယ်။ ဆရာ တော်က အလွန်အေးဆေးတယ်။ သည်းခံခြင်းတရားနှင့် ပြည့်စုံသူဖြစ်တယ်။ သာသနာ့တာဝန်များကို အမြဲတမ်း မပျက်မယွင်းဆောင်ရွက်သည့် ဆရာတော်တစ်ပါးဖြစ်ပါတယ်။ မကြာခင်ကလည်း ကျန်းမာရေးမကောင်းသဖြင့် ဆေးရုံတက် ဗိုက်ခွဲ၍ ကုသခဲ့ရပါသေးတယ်။ ဒါပေမယ့်လည်း မိမိကျန်းမာ ရေးကိုပင် အလေးမထားဘဲ နေပူထဲ၊ မိုးရွာထဲမှာ ကျောင်း တိုက် ဝေယျာဝစ္စကို အမြဲတမ်း ဆောင်ရွက်နေခြင်းသည် ဆရာတော်၏ လုံ့လ ဝီရိယထက်သန်မှုက သာသနာပြု လုပ်ငန်းများ ပြုလုပ်နေခြင်းက သက်သေခံနေပါတယ်။

ယခုဆို မြို့ရွာဒွါရကျောင်းတိုက်ကြီးကို အလွန် ခမ်းနားထည်ဝါစွာ မြင်တွေ့နိုင်ပါတယ်။ ကျုံပျော်-ရေကြည် ကားလမ်းမပေါ်တွင် တည်ရှိနေတဲ့ ဒီကျောင်းတိုက်ကြီးသည် ကျောင်းနှင့် ဘုရား ပန်းတင့်နေမှာ အမှန်၊ ကြည်ညိုဖွယ်ရာ အမှန်ပင် ဖြစ်နေပါ၏။ လမ်း၏ တစ်ဖက်တစ်ချက်တွင် ရွှေရောင်တဝင်းဝင်းနှင့် သပ္ပာယ်တင့်တယ်စွာ စံတော်မူသည့် စေတီတော်နှင့်အတူ နောက်ထပ် ပွင့်ထွန်းလာမည့် ဤဆု တောင်းပြည့် ကိုးနဝင်းစေတီတော်ကို ဖူးမြော်ကြည်ညိုရလျှင် ဖြင့် မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်များ၏ ရင်ထဲမှာ ကြည်နူး ချမ်းမြေ့မှု ခံစားရမည်မှာ အမှန်ပင်ဖြစ်ပါလိမ့်မယ်။

* * *

မင်းဆိုင်ပင်(မြဲရောင်ခြေ)



www.burmeseclassic.com

www.burmeseclassic.com

# နန္ဒာမိုးကြယ်

## ဝေမာနိကဗိမာန်ရှင်

ကာလပဘုရားရှင် လက်ထက်တော်အခါကဖြစ်၏။

ထိုကာလဝယ် ရှိသားသော၊ စိတ်သဘောထား ကောင်းမွန်သော၊ ဖြူစင်သန့်ရှင်းသော အမျိုးသမီးတစ်ဦး ရှိလေ၏။ သူမကို တင်စားညွှန်းဖွဲ့ရလျှင် မသွေးမပြုရသေးသော တန်ဖိုးရှိ ကျောက်မျက်ရတနာကောင်း ပမာ ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့တွင် ထိုအမျိုးသမီးသည် ဗုဒ္ဓဘာသာဝင် အမျိုးသမီးနှင့် အဆွေခင်ပွန်းဖြစ်လေ၏။ ထိုဗုဒ္ဓဘာသာဝင် အမျိုးသမီး၏ ဗုဒ္ဓဆိုင်ရာ ဗဟုသုတများအား သွန်သင်ညွှန်ပြပေးမှုကြောင့် သူမသည်လည်း ဗုဒ္ဓဘုရားရှင်၏ သမီးတော် ဗုဒ္ဓဘာသာဝင် အမျိုးသမီးတစ်ဦးဖြစ်လာခဲ့လေ၏။ သို့ဖြင့် သူမသည် သီလကို ဆောက်တည်၏။ ဒါနအမှုကို ပြု၏။ တရားဘာဝနာတို့ကို ကျင့်ကြံပွားများ အားထုတ်၏။ သူမ၏ စီးပွားရေးအခြေခံမှာလည်း တောင့်တင်း ကောင်းမွန်လှသည့်အတွက် သတ္တုဝါအပေါင်းတို့ ချမ်းသာကြောင်းကို ရှေးရှုလျက် တံတားခင်းခြင်း၊ ရေတွင်းရေကန်များကို တူးဖော်ခြင်း၊ ခရီးသွား အာဂန္တုများ နားနေတည်းခိုရန် ဇရပ်များ ဆောက်လုပ်ခြင်း၊ သံဃာတော်များ သီတင်းသုံးရန်အတွက် ကျောင်းသင်္ခမ်းများကို ဆောက်လုပ်လှူဒါန်းခြင်း ပြုလေ၏။

ဒါနဟူသည် သံသရာအတွက် ရိက္ခာကောင်းဖြစ်သကဲ့သို့ နတ်ရွာနိဗ္ဗာန်သို့ သွားရောက်ရာ စောင်းတန်းသဖွယ်လည်း ဖြစ်၏။ သည့်အတွက် ထိုကျောင်းအမ၊ ဇရပ်အမ၊ တန်ဆောင်းအမ၊ ရေတွင်းရေကန်အမ၊ တံတားအမသာ ကွယ်လွန်ခဲ့ပါလျှင် နတ်ရွာ နတ်ဘုံ၊ သို့တည်းမဟုတ် နိဗ္ဗာန်နန်းသို့ ဖြောင့်တန်းနေပြီဟု ယူဆစရာဖြစ်ပေ၏။

သို့ရာတွင် သူမအဖို့ ခြောက်ပစ်ကင်း သဲလဲစင်တော့ မဟုတ်ခဲ့။

♦♦♦

ဘဝတစ်ခုကို ပြည်ဖုံးကားချပြီးသည့်နောက် သူမဘဝ ဖြစ်လာရသည်ကား နတ်ပြည်မဟုတ်။

ဟိမဝန္တာတောအုပ်ကြီးအတွင်း အဖော်ကင်းမဲ့လှစွာသော "ဝေမာနိက ပြိတ္တာ"ဖြစ်ခဲ့ရလေ၏။

အတိတ်ဘဝက ပြုပြုသမျှ ကုသလတို့၏ အကျိုးကြောင့် ပြာသာဒ်ကျောင်းကြီးနှင့်တကွ ရွှေဘုံရွှေနန်းကြီးပေါ်၌ စံမြန်းရပါသော်လည်း နှလုံးဘဝင်အတိမှာတော့ ပြုံးရွှင်စရာ မရှိခဲ့။ ဝေမာနိက ပြိတ္တာဖြစ်ရသော သူမအဖို့ ပြိတ္တာပင်ဖြစ်လင့်ကစား၊ အခြားအခြားသော ပြိတ္တာများကဲ့သို့ ရုပ်ပျက်ဆင်းပျက်နှင့် ကြောက်မက်ဖွယ် ကောင်းလှစွာသော ပြိတ္တာမျိုး မဟုတ်ဘဲ အဆင်းသဏ္ဍာန်အားဖြင့် လွန်စွာသိမ်မွေ့လှပ၏။ အခြားအခြားသော ပြိတ္တာများကဲ့သို့ နှာခေါင်းရှုံ့စရာ အပုပ်နံ့တထောင်းထောင်းနှင့် ပြိတ္တာမျိုးမဟုတ်။ မွှေးရနံ့တထုံထုံ ဝတ်မှုန်တို့ စီခြယ်သသော ပြိတ္တာမသာလျှင် ဖြစ်၏။

ထိုမျှမကသေး။ အခြားအခြားသော ပြိတ္တာများကဲ့သို့ အဝတ်မပါ၊ ဗလာကိုယ်ထီး၊ အရှက်နည်းသည့် ပြိတ္တာမမျိုး မဟုတ်။ ဒေဝစ္ဆရာ နတ်ကညာတို့ကဲ့သို့ ဆင်ယင်ထုံးဖွဲ့သည့် အတိုင်း ခန္ဓာကိုယ်တစ်ခုလုံးအား နတ်သမီးတို့၏ အဆင်တန်ဆာများဖြင့် ထုံးဖွဲ့ထားသော လှရုံဝန်းခ ပြိတ္တာမသာလျှင် ဖြစ်ချေ၏။

သို့ရာတွင် သူမ၌ အဖော်မရှိ။ ပြာသာဒ်ကျောင်းကြီးများ ဆောက်လုပ်လှူဒါန်းခဲ့သည့် ကုသိုလ်ကောင်းမှုအစုစုတို့ကြောင့် ပေါ်ထွန်းလာရသော ဉာဏ်မာန်ကြီးဝယ် ပြည့်စုံစွာ နေထိုင်ရပါသော်ငြား တစ်ကိုယ်တည်းဖြစ်နေခဲ့ရသည့်အတွက် ငြီးငွေ့ဖွယ်ကောင်းလှစွာ ခြောက်ကပ်ကပ်ကြီးဖြစ်နေရလေတော့၏။

သူမမှာ မျက်စိ၊ နား၊ နှာ၊ လျှာအင်္ဂါတို့ စုံလင်လှသည် ဆိုသော်ငြား စကားပြောစရာ အဖော်သဟဲ မရှိလေသည့်အတွက် အ-အသဖွယ် ဖြစ်နေရလေ၏။ သည့်အတွက် စကားပြောစရာ အဖော်ကို တောင့်တနေမိသည်။ အထူးသဖြင့် ကြင်ဖော်မှာ ကြင်ဖော်ဖက်ကာယနှင့် လည်ယှက်ကာ တူယှဉ်နွှဲရသည့် ယောကျ်ားအဖော်ကို တမ်းတမ်းတတဖြစ်နေမိလေ၏။ ကျွဲသည် ညွန်ရှိပါမှ၊ ဟင်္သာသည် ရေကန်ရှိပါမှ၊ ရဟန်းသည် တရားရှိပါမှ မွေ့လျော်ဖွယ်ကောင်းသကဲ့သို့၊ မိန်းမသည်လည်း ယောကျ်ားရှိပါမှ မွေ့လျော်ဖွယ်ကောင်းပါလိမ့်မည်။ သည့်အတွက် သူမသည် "အဗ္ဗန္တရ"သရက်သီးဖြင့် ယောကျ်ားအဖော်ရအောင် ကြံဆောင်လေတော့၏။

သူမသည် ဂင်္ဂါမြစ်ကမ်းမှနေ၍ အဗ္ဗန္တရ သရက်သီးတို့အား တစ်လုံးပြီး တစ်လုံး မြစ်အတွင်းသို့ ဖြုတ်ခြွေ မျှောချလေ၏။

"ငါဖြုတ်ခြွေချလိုက်တဲ့ သရက်သီးကို စားသုံးမိတဲ့သူတွေဟာ ရသတဏှာစွဲလမ်းပြီး သရက်သီးရှာဖို့ လိုက်လာလိမ့်မယ်။ အဲသည်အခါကျရင် ငါတောင့်တနေတဲ့ ဆန္ဒတွေ ပြည့်ပြီပေါ့"

သည်သို့သော ဆန္ဒဖြင့် ဖြုတ်ခြွေ မျှောလိုက်သော အဗ္ဗန္တရ သရက်သီးတို့သည် မြစ်ရေစီးကြောင်းအတိုင်း စီးမျှော သွားလေတော့သည်။

♦♦♦

ဗာရာဏသီမြို့ရှိ ရေချိုးဆိပ်မှာတော့ ရေချိုးသူ၊ အဝတ်လျှော်ဖွပ်သူ၊ ရေခပ်သူများဖြင့် စည်ကားလျက်ရှိနေ၏။

လူရွယ် လုလင်ပျိုတစ်ယောက်ကား ရေချိုးဆိပ်သို့ ရေချိုးရန် လာခဲ့သော်ငြား လူအများ ရေချိုးရာတွင် မချိုးဘဲ အထိပ်ဆိပ်၌ ရေချိုးကာ ကူးခတ်ကစား၏။ ရေငုပ်သည့်အခါ ငုပ်၏။ ရေငုပ်ရာမှ ဘွားခနဲ ပြန်ပေါ်လာသည့်အခါ အရာဝတ္ထု



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုက သူ့နဖူးကို တိုက်သွားလေရာ သေချာစွာ ကြည့်မိသည့်အခါတွင် သရက်သီးဖြစ်နေ၏။ သည့်အတွက် သရက်သီးကို ဆယ်ယူပြီး နမ်းကြည့်ရာ ထူးကဲလှစွာ မွှေးကြိုင်နေမှုကို ခံစားသိရှိရလေ၏။ ထို့နောက် ကမ်းပေါ် တက်၍ စားကြည့်လေ၏။

"ဟာ…တော်တော့်ကို ရသာထူးကဲလှတဲ့ သရက်သီးပါပဲလား။ ငါ့ဘဝသက်တမ်းတစ်လျှောက် သည်လို ထူးကဲတဲ့ သရက်သီးမျိုး သည်တစ်ခါပဲ စားဖူးသေးတယ်"

မှန်ပေစွ။ သရက်သီး၏ ပြဇာဓာတ်အဟုန်ကြောင့် အစွမ်းသတ္တိတို့ တိုးပွားလာခဲ့၏။ ဆာလောင်မှုမှန်သမျှ ငြိမ်းအေးသွားခဲ့၏။ ရုပ်ဆင်းသဏ္ဌာန်တို့မှာ ကြည်လင်လာခဲ့၏။ ကိုယ်သင်းရနံ့တို့မှာလည်း မွှေးပျံ့လာသလိုလို။

လုလင်ပျိုအဖို့ သရက်သီးအပေါ် ရသတဏှာတို့ ကပ်ငြိသွားခဲ့လေပြီ။ ချင်ခြင်းတို့ တပ်လာခဲ့ချေပြီ။

"သည်အသီး မြစ်ထဲ မျောလာတာကို ထောက်ရင် သည့်အပင်ဟာ အထက်တစ်နေရာရာမှာ ရှိလိမ့်မယ်ဆိုတာ သေချာတယ်။ သည်အသီးကို ငါ မတွေ့တွေ့အောင် ရှာမယ်။ ယောက်ျားတံခွန် လူ့ရည်ချွန်ရင် ကောင်းကင်က ကြယ်ကိုတောင် မရရအောင် ဆွတ်နိုင်ရမှာပေါ့"

လုလင်ပျိုလည်း အဗ္ဗန္တရ သရက်သီး၏ ရသညို့ချက်ကြောင့် ဗာရာဏသီပြည်မှ ဂင်္ဂါမြစ်ကြောင်းအတိုင်း ဆန်တက်ခဲ့လေ၏။ သရက်သီး၏ အစွမ်းသတ္တိက သူ့အား အမောလုံ့စေခဲ့၏။ အဆာပြေစေခဲ့၏။ တောင်အသွယ်သွယ် တောအထပ်ထပ်ကို ဖြတ်သန်းရသော်ငြား ပင်ပန်းခြင်းလည်းမရှိခဲ့။

သို့ဖြင့် လုလင်ပျိုသည် မြင့်ညိုတောင်စောင်းရှိ ရသေ့ကျောင်းသင်္ခမ်းသို့ ရောက်ရှိသွားခဲ့လေ၏။ ရသေ့ကို ဖူးတွေ့ပြီးသည့်နောက် လာရင်းကိစ္စကို လျှောက်ထားမေးမြန်းတော်မူလေ၏။

"အရှင်ရသေ့…တပည့်တော်ကို အဗ္ဗန္တရ သရက်သီး ရှိတဲ့နေရာ ညွှန်ကြားပေးတော်မူပါ ဘုရား"

"ဒကာ လုလင်…ငါ့ရဲ့ ကျောင်းသင်္ခမ်းကနေ မြောက်စူးစူးအရပ်ကို သွားပါ။ အဲသည်အခါကျရင် မြစ်ငယ်တစ်ခုကို တွေ့လိမ့်မယ်။ အဲသည်မြစ်ကြောင်းအတိုင်း ဆန်တက်သွားမယ်ဆိုရင် တောင်စောင်းကြီးတစ်ခုကို တွေ့ရလိမ့်မယ်။ အဲသည်တောင်စောင်းကြီးကနေ နှစ်ယူဇနာလောက် ဆန်တက်သွားမယ်ဆိုရင် အဗ္ဗန္တရ သရက်တောကိုရောက်ပြီပေါ့"

"တင်ပါ့ ဘုရား"

လုလင်ပျိုလည်း ဝမ်းသာအားရဖြစ်သွားတော့၏။ ထိုနောက် ရသေ့အား ရှိသေစွာ ရှိခိုးလျက် သရက်သီးဇောဖြင့် အားတက်သရော ခရီးရှေ့ဆက်ခဲ့လေ၏။

◆◆◆

လုလင်ပျိုအဖို့ ရှင်ရသေ့၏ လမ်းညွှန်မှုကြောင့် ရောက်လိုရာအရပ်သို့ ရောက်ခဲ့ပါချေပြီ။

သို့သော် သရက်သီးကိုကား မတွေ့။

တွေ့လိုက်၊ မြင်လိုက်ရသည်ကား မလှမ်းမကမ်းရှိ သစ်ပင်အောက်မှ မိုးနတ်ဒေဝီတစ်ပါးဖြစ်နေ၏။ ထိုမိုးနတ်ဒေဝီကား အခြားမဟုတ်။ ယောက်ျားအဖော်ကို တမ်းတရည်မျှော်လျက်ရှိသော ဝေမာနိက ဗိမာန်ရှင် ပြိတ္တာမပင် ဖြစ်လေသတည်း။ သည်မြင်ကွင်းကို မြင်တွေ့လိုက်ရသော လုလင်ပျိုအဖို့ သရက်သီးကို မေ့လျော့သွားကာ မိုးနတ်ဒေဝီအပေါ်၌ ချစ်ခင် နှစ်သက် တပ်မက်စိတ်များ တဖွားဖွားဖြစ်ပေါ်လာခဲ့မိလေ၏။ သို့ဖြင့် တထိတ်ထိတ်လှိုက်ခုန်သော ရင်အစုံဖြင့် ဗိမာန်ရှင်မ ရှိရာသို့ တရွေ့ရွေ့ချဉ်းကပ်လာခဲ့မိလေ၏။ ဗိမာန်ရှင်မသည်လည်း လုလင်ပျိုအား နေရာမှထကာ ကြိုဆိုသည့်ဟန်ပန်ဖြင့် ကြွကြွရွရွ လှလှပပအနေအထားဖြစ်နေလေ၏။

မျက်လုံးချင်းက ရင်အစုံတို့အား ထိုးဖောက်ကာ ချစ်ခြင်းစကားတွေကို အသံတိတ် ပြောဆိုနေမိကြလေပြီ။

ခဏအတွင်းမှပင် ဗာရာဏသီပြည်သား လုလင်ပျိုနှင့် ဗိမာန်ရှင် ဒေဝီပျိုတို့သည် အသည်းချင်းထပ် ရင်ချင်းအပ်ကာ မပြယ်သော မေတ္တာဓာတ်၊ အချစ်ဓာတ်များ လွှမ်းပတ်လျက် ရေအိုင်ကြီးနံဘေးရှိ ဗိမာန်ထက်သို့ တက်လှမ်းခဲ့ကြပေပြီ။

သည့်နောက်မှာတော့ ချစ်ခွန်းတွေ သီဖွဲ့မိကြပြီး မွှတ်သိပ်လှစွာ ရမ္မက်ခိုးတွေ ဝေ့ဝဲစွာဖြင့် ကာမစည်းစိမ်ကို တငြိမ့်ငြိမ့် သာယာညင်းပျောင်းစွာ ခံစားနေမိကြလေတော့သည်။

◆◆◆

လုလင်ပျိုအဖို့ နတ်ဒေဝီအလှတစ်ပါးနှင့် ထူးကဲလှစွာ စည်းစိမ်ခံစားရသည့်အတွက် အကျေနပ်ကြီး ကျေနပ်နေမိ၏။ ဗိမာန်ရှင်မလည်း ထိုကဲ့သို့ပင်။

"အို…အလှသခင် ဗိမာန်ရှင်မ၊ သင့်ရဲ့ ဘုန်းသမ္ဘာဟာ ကြီးမားလှပါပေရဲ့။ ကန်တော်တွင်း ဆင်းတဲ့ စောင်းတန်းတွေဆိုတာကလည်း ရွှေတွေနဲ့ တဝင်းဝင်း။ ပန်းရနံ့တွေဆိုတာကလည်း တသင်းသင်း တလှိုင်လှိုင်နဲ့၊ သိပ်ကို သာယာတဲ့ ရှုမြင်ကွင်းတွေပါပဲလား။ ဘယ်ကိုပဲ လှမ်းကြည့်ကြည့် သီရိကျက်သရေ ဖြာလို့၊ ဝေလို့"

လုလင်ပျိုအဖို့ အရာရာသည် တအံ့တဩနှင့် ငေးမော



www.burmeseclassic.com

www.burmeseclassic.com

စရာတဲ့။ သူ့အဖို့ ဗိမာန်ရှင်မ၏ အလှ၊ ဗိမာန်ရှင်မ၏ ထူးခြားဆန်းပြားသည့် နတ်ဘုံ နတ်နန်း၊ ဗိမာန်အနီးမှ ရေကန်သာ အလှအပ။ ဒါတွေကို ခံစားမဝဖြစ်ရင်း ဘုံရိပ်သာဝယ် ချစ်ရည်လူးကာ ကြည်နူးနေမိလေတော့၏။ ထိုသို့ ကာမ စည်းစိမ်ကို မွေ့သိပ်စွာ ခံစားနေရင်းမှ ဗိမာန်ရှင် ပြိတ္တာမသည် စဉ်းစားနေမိလေသည်။

"သူနဲ့ ငါဟာ အမျိုးဇာတ်အားဖြင့် တူကြသူတွေ မဟုတ်ပေဘူး။ တကယ်လို့ သူကွယ်လွန်သွားပြီဆိုရင် ငါတို့ရဲ့ အချစ်ဇာတ်လမ်းက တစ်ခန်းရပ်သွားပေတော့မယ်။ အဲသည်အခါ ငါ့မှာ ရှေးကလိုပဲ တစ်ယောက်တည်း အထီးကျန်ဘဝနဲ့ နေရလိမ့်ဦးမယ်။ သည်တော့ သူနဲ့ ငါ ယာယီအနိုက်အတန့်ခွဲပြီး ထာဝရ တူယှဉ်ပေါင်းဖော်ရဖို့အတွက် တစ်ခုခုကို ကြိုတင်လုပ်မှ တော်လိမ့်မယ်"

သည်သို့ စဉ်းစားမိပြီးလေသော် သူမ၏ အကြံအစည်ကို ဗာရာဏသီပြည်သား ချစ်လင်အား ဖွင့်ဟပြောဆိုလိုက်လေ၏။

"အမောင်···အမောင်နဲ့ ကျွန်မတို့ ရေရှည်ထာဝရ ပျော်ပျော်ရွှင်ရွှင်နေသွားကြရလေအောင် ကျွန်မ အကြံပြုချင်ပါတယ်။ တိုက်လည်း တိုက်တွန်းချင်ပါတယ်။ သည်မယ် အမောင်···ကုသိုလ်ကောင်းမှုဆိုတာ ဘဝကူး တံတားတစ်ခုပါပဲ။ ဟောသည် ဗိမာန်ကြီးပေါ်မှာ ကျွန်မတို့မောင်နံ့ ရေရှည်ပျော်ပျော်ကြီး စံစားနိုင်ကြရအောင် လူ့ပြည်ရှိရာ ပြန်သွားပြီး ကောင်းမှုကုသိုလ်ဒါနတွေ ပြုပါလား အမောင်ရယ်။ ပြီးတော့ အမောင် တစ်ခုသတိပြုဖို့က စိတ်ရဲ့ ဦးတည်ချက်ပါ။ ငါဟာ ဒီဗိမာန်ကြီးမှာ ဖြစ်ရမယ်။ ငါ ဒီဗိမာန်ကြီးပေါ် ရောက်ရမယ်လို့ စိတ်ကို စူးစူးနစ်နစ်ထားပြီး ဆုတောင်းပါ။ သည်လိုမျိုး ကုသိုလ်ပြုမယ်ဆိုရင် အမောင်နဲ့ ကျွန်မတို့ဟာ သံသရာဆုံးအောင် အတူတကွနေသွားကြရပါလိမ့်မယ်။ အဲဒါကြောင့် အမောင်ဟာ လူ့ပြည်ကို သွားလို့ ကောင်းမှုကုသိုလ်တွေ ပြုပါနော်။ အမောင် ကျွန်မဆီ ပြန်ရောက်လာမယ့်အချိန်ကို စောင့်ကြိုနေပါ့မယ်"

သည်လိုမျိုး ဗိမာန်ရှင် ပြိတ္တာမက အကောင်းမြင်ဝါဒဖြင့် တိုက်တွန်းလေသော် လုလင်ပျိုလည်း···

"မှန်ပါပေရဲ့ ရှင်မရယ်။ အမောင် ရှင်မ ပြောတာကို သက်ခံတယ်။ ခုပဲ ဒီက ပြန်မယ်။ လူ့ရွာကို ပြန်ရောက်တာနဲ့ ကုသိုလ်ကောင်းမှုတွေ ပြုတော့မယ်။ ကုသိုလ်ပြုပြီးတိုင်းလည်း သည်ဗိမာန်ကြီးရှိရာ ပြန်လာရပါစေ။ သည်ဗိမာန်ကြီးမှာ ရှင်မနဲ့ အမောင်တို့ မကွဲမကွာ မခွဲမခွာနေကြရပါစေလို့ ဆုတောင်းမယ်၊ သိလား"

ဟူ၍ ပြောဆိုဝန်ခံလေ၏။ သို့ဖြင့် လုလင်ပျိုလည်း ဗာရာဏသီပြည်သို့ ပြန် ရောက်ခဲ့လေ၏။

ပြန်ရောက်သည်ရှိသော် ဗိမာန်ရှင်မ၏ စကားအတိုင်း ကောင်းမှုကုသိုလ်တို့ကို ပြုလုပ်၏။ ပြုလုပ်ပြီးသည့်အခါတိုင်းမှာလည်း ဆုတောင်း၏။ ဗုဒ္ဓနည်းကျကျ စိတ်စေတနာအချိုးကျစွာဖြင့် တောင်းသောဆု ဖြစ်လေရကား ထိုလုလင်ပျိုသေလွန်သောအခါ ၎င်း၏ တောင့်တချက်အတိုင်း ဝေမာနိကပြိတ္တာမ၏ ဗိမာန်သို့ ပြန်လည်ရောက်ရှိသွားကာ နှစ်ဦးပေါင်းစပ်သည့် ဘဝတစ်ခုကို တည်ဆောက်ကြလေ၏။

♦♦♦

တစ်နေ့မှာတော့ဖြင့် ရှင်မောဂ္ဂလာန်ကိုယ်တော်ကြီးသည် ဒေသစာရီလှည့်လည်ရင်းမှ ပြိုးပြိုးပြက်ပြက် လင်းတလက်လက်ဖြင့် တောက်ပလျက်ရှိသော ဗိမာန်အဆောက်အအုံကို လည်းကောင်း၊ ဗိမာန်ရှင် ဝေမာနိက ပြိတ္တာမကိုလည်းကောင်း တွေ့မြင်ရလေရာ မေးမြန်းတော်မူခဲ့၏။ ဗိမာန်ရှင် ဝေမာနိက ပြိတ္တာမလည်း မခြွင်းမချန် အဖြစ်မှန်ကို လျှောက်ထားလေ၏။

ရှင်မောဂ္ဂလာန်ကိုယ်တော်ကြီးလည်း ထိုအရပ်မှ ဖယ်ခွာခဲ့ပြီး သာဝတ္ထိပြည်သို့ ရောက်လေသော် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး စံပယ်တော်မူလျက်ရှိသည့် ဘုရားရှင်ထံဝင်ရောက်ဖူးမြော်ကာ မိမိတွေ့မြင်ခဲ့ရသော ဗိမာန်ရှင် ဝေမာနိက ပြိတ္တာမ၏ အဖြစ်ကို လျှောက်ထားတော်မူလေ၏။ ထိုအခါ ဘုရားရှင်လည်း တရားနာ ပရိသတ်အပေါင်းတို့အား လူ့ဘဝက ဘုရားကျောင်းကန်၊ တန်ဆောင်း ပြာသာဒ်အစရှိသဖြင့် ကုသိုလ်ကောင်းမှုအစုစုကို ပြုလုပ်ခဲ့သည့်အတွက် ထိုကောင်းမှုကုသိုလ်အကျိုးကို ခံစားရသည့် ဗိမာန်ရှင်မ၏ ကြောင်းရာထုပ္ပတ္တိကို မိန့်မြွက်ကာ ဒေသနာတရားကို ဟောကြားတော်မူလေ၏။

ဒေသနာတော်ဆုံးလေသည်ရှိသော် တရားနာကြားကြရလေသော ပရိသတ်အပေါင်းတို့လည်း သံဝေဂအသီးသီးရကြလျက် ကုသိုလ်ဘာဝနာများ အားထုတ်ကြသည်ရှိသော် ကောင်းကျိုးလိုရာသို့ ဆိုက်ရောက်ကြပါလေတော့သတည်း။

* * *

နန္ဒာမိုးကြယ်

ကျမ်းကိုး

- ပေတဝတ္ထု။
- စူဠဝဂ်မှ ရထကာရပေတိဝတ္ထု။




www.burmeseclassic.com

www.burmeseclassic.com

# ပေါ်တော်မူဘုရားနှစ်ဆူနှင့်အတူ ဦးခိုက်ပူဇော်မှာမညီ

သတိုးဖြူ

ကျွန်တော့်ရဲ့ Face book စာမျက်နှာပေါ်မှာ တက်လာတဲ့ သတင်းတွေထဲက ဘုရား၊ စေတီ၊ ပုထိုးနဲ့ ပတ်သက်တာတွေကို မျှဝေပေးဖို့ စိတ်ကူးပေါ်လာပါတယ်။ ဒါကြောင့်ပဲ ဂမ္ဘီရဆန်းကြယ်နဲ့ လိုက်ဖက်မယ်လို့ ထင်တဲ့ သတင်းနဲ့ ဓာတ်ပုံမှတ်တမ်းတွေကို တင်ပြပေးလိုက်ပါတယ်။



ပထမဆုံး ဖော်ပြပေးမယ့် သတင်းနဲ့ ဓာတ်ပုံကတော့ ဂေါတမမြတ်စွာဘုရားရဲ့ အရိုးတော် ဓာတ်တော်များအကြောင်းပါပဲ။ ဂေါတမမြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် တေဇောဓာတ်လောင်ကျွမ်းရာမှ ကြွင်းကျန်ရစ်သော ပုလဲဖြူရောင်အဆင်းရှိ အရိုးတော်မှ ဓာတ်တော်များကို ဖူးတွေ့ကြရမှာပါ။ ပုံမှာ ဖူးတွေ့ရတဲ့ ဓာတ်တော်များဟာ အခုအခါမှာတော့ ဆရာကြီး ဂိုအင်ကာ ဦးဆောင်ပြီး ဆောက်လုပ်ပူဇော်တဲ့ အိန္ဒိယနိုင်ငံရှိ ကမ္ဘာ့ဝိပဿနာစေတီတော်ကြီးမှာ ဌာပနာထားကြောင်း သိရှိရပါတယ်။





ဒုတိယသတင်းတစ်ပုဒ်ကတော့ လမ်းခင်းရန်အတွက် ကျောက်စရစ် ဂေါ်ထိုးရာမှ စကျင်ကျောက်တုံးငယ်မှာ ဗုဒ္ဓဆင်းတုတော်ပုံကို ဖူးတွေ့ရတဲ့ သတင်းပါ။

မြစ်ကြီးနားမြို့ လယ်ကုန်ရပ်ကွက်မှာ နေတဲ့ ကိုမောင်မြင့်၊ မနှင်းဝေတို့ ဇနီးမောင်နှံမှ ကံထိုက်လို့ ရခဲ့တဲ့ စကျင်ကျောက်တုံးလေးပါ။ မြစ်ကြီးနားမြို့ လယ်ကုန်ရပ်ကွက်၊ သောင်ဦးကျောင်းတိုက် ဆရာတော် ဦးဥတ္တရရဲ့ တာဝန်ပေးကူညီတောင်းခံမှုအရ ရပ်ကွက်တွင်း လမ်းခင်းရန်၊ ဧရာဝတီမြစ်အတွင်းမှ သဲ၊ ကျောက်များကို သူတို့ဇနီးမောင်နှံ ဂေါ်ထိုးစုဆောင်းခဲ့ကြပါတယ်။

၃-၅-၂၀၁၃ ရက်နေ့မှာတော့ ဖြက်အကျယ် [illegible] အမြင့် ၃လက်မခန့်ရှိတဲ့ အဖြူရောင် စကျင်ကျောက်တုံး



www.burmeseclassic.com

www.burmeseclassic.com

တစ်တုံးကို ဖယောင်းတိုင် တင်ထွန်းဖို့ အိမ်သို့ ယူဆောင်ခဲ့ကြပါတယ်။

ညအချိန်မှာ ဖယောင်းတိုင် တင်ထွန်းပြီး စကားဝိုင်းဖွဲ့ပြောနေကြချိန်မှာ ကျောက်တုံးအတွင်းမှ ရောင်ပြန်လွှတ်သကဲ့သို့ မြင်တွေ့ကြရပါတယ်။ ဒါကြောင့်ပဲ ကျောက်တုံးကို စင်ကြယ်အောင် ဆေးကြောတယ်။ ပြီးတော့ ရတနာပစ္စည်းဆိုင်မှ ကော်ပတ်နဲ့ အချောတိုက်ချွတ်ကြပါတယ်။

အဲဒီအခါမှာ ကျောက်တုံးမျက်နှာပြင်ပေါ်မှာ ညာဏ်တော် တစ်လက်မ ပတ်လည်ခန့် ဗုဒ္ဓဆင်းတုတော်နဲ့ ကြာမောက် ကြာလှန်ပုံတွင် ထက်ဝယ်ဖွဲ့ခွေကာ ပလ္လင်နဲ့အတူ နောက်မှီရာ စက်တော်ရာပုံ ၂၄ပစ္စည်းပဋ္ဌာန်းဒေသနာတော်ပုံကို တွေ့ကြရပါတယ်။

ဒါကြောင့်ပဲ ဆရာတော် ဦးဥတ္တရရဲ့ဩဝါဒကို ခံယူပြီး မေလ ၆ရက်နေ့က စတင်ကာ၊ နေအိမ်မင်္ဂလာမှာ အပူဇော်ခံထားရှိပါတယ်။ သက်ဝင်ယုံကြည် ဖူးမြော်သူများဖြင့် စည်ကားလှကြောင်း သိရပါတယ်။



တတိယအနေနဲ့ ကျွန်တော့်စိတ်အာရုံကို အံ့ဩကြည်နူးမှုပီတိဖြစ်စေတဲ့ ပေါ်တော်မူဘုရားပုံပါပဲ။ ထူးဆန်းမှုနဲ့အတူ အံ့ဩ ကြည်ညိုစရာကောင်းတဲ့ ပေါ်တော်မူ သုံးဆင့်ရှယ်ဘုရားဆင်းတုတော်ဖြစ်ပါတယ်။ ကျောက်ဆည်မြို့ကို ရောက်ခဲ့ရင် ဖူးတွေ့နိုင်တယ်လို့လည်း ဆိုထားပါတယ်။






စတုတ္ထမြောက် ကြည်ညို ဖူးမြော်ခွင့်ရမှာကတော့ ရှမ်းပြည်နယ်တောင်ပိုင်းက ဒုတိယ ပုဂံလို့ တင်စားခေါ်ဝေါ်ကြတဲ့ မိုးနဲမြို့မှာ ရှိတဲ့ စေတီ၊ ပုထိုးအချို့ပါပဲ။ ပြီးခဲ့တဲ့ ၂၀၁၂နှစ်၊ သင်္ကြန်တုန်းက လှိုင်လင်မှာ ဒုလ္လဘ ရဟန်းသွားဝတ်ဖြစ်ပါတယ်။ ဒုတိယ ပုဂံလို့ ခေါ်တဲ့ မိုးနဲကို အရောက်သွားဖို့ အကြောင်းမဖန်ခဲ့ပါဘူး။ နမ့်ဆန်အထိသာ ရောက်ခဲ့ပြီး လှည့်ပြန်ခဲ့ရပါတယ်။ အခုတော့ Face book ပေါ်က သူငယ်ချင်း "နိုင်းရင့်နွေ"ရဲ့ ကောင်းမှုကြောင့် ဖူးမြော်ဖြစ်ပါတယ်။

ဒေဝီ ၁၂ပါးဂူကတော့ တောင်တက် စောင်းတန်းလေးများ တည်ရှိသလို၊ အပေါ်က ရှုခင်းကလည်း သာယာလှပပါတယ်။ အောက်ဘက်ကို ပြန်ဆင်းရင် ဂူထဲဝင်မယ့် ရေမ်း



www.burmeseclassic.com

www.burmeseclassic.com




လေးကို တွေ့ရမယ်လို့ ဆိုပါတယ်။ ဒီဂူနဲ့ ပတ်သက်တဲ့ ပါးစပ်ရာဇဝင်ကတော့ ဒီဂူထဲမှာပဲ မင်းသမီး ၁၂ပါးက ဘီလူးမ ရန်ကနေ တိမ်းရှောင်ရင်း နေထိုင်သွားကြတယ်လို့ ဆိုပါ တယ်။

ဂူထဲမှာ တချို့နေရာတွေက ကျယ်သလို၊ ကျဉ်းမြောင်း နက်ရှိုင်းတဲ့ ချောက်တွေလည်း ရှိပါသတဲ့။ ကျွမ်းကျင်တဲ့ လမ်းပြမပါရင် အန္တရာယ်များလွန်းတယ်လို့ နှင်းရင့်နွေက ဆိုထားပါတယ်။

မိုးနဲမြို့ ဆင်တောင်ပေါ်က စေတီပုထိုးများကလည်း ကြည်ညိုဖူးမြော်လို့ မဝနိုင်အောင် ဖြစ်မိပါတယ်။ ဆင်တောင် ပေါ်ကနေပြီး မိုးနဲတစ်မြို့လုံးကို စီးပြီး မြင်နိုင်ပါတယ်။ ဆင် တောင်လို့ အမည်တွင်ရခြင်းကတော့ ဆင်ခံဘုရားတွေ ကြောင့်ပဲ ဖြစ်ပါတယ်။ ရှေးလက်ရာအတိုင်း မပြုပြင်ဘဲ ထားတဲ့ စေတီမှာ ဆင်တစ်ကောင်ကို တွေ့နိုင်သလို၊ ရွှေ ရောင်လွှမ်းနေတဲ့ စေတီအောက်က ကျောက်တုံးတွေကြား မှာလည်း ဆင်တစ်ကောင် တိုးထွက်နေတာကို မြင်တွေ့ ကြရမှာပါ။

* * *

သတိုးမြို့



www.burmeseclassic.com

www.burmeseclassic.com

ဂုဏ်ကြီးဆိုသော
သီချင်း



www.burmeseclassic.com

www.burmeseclassic.com

၁၉၂၂ ခု၊ ကျွန်ုပ် ၁၂နှစ်သားခန့်က ကျွန်ုပ်၏ ဘွားအေနှင့်အတူ စစ်ကိုင်း ဒိစတြိတ်၊ မြင်းမူမြို့အနီး၊ ငန်းမြာကြီးမြောင်ဆိုသော အထက်မြို့တစ်မြို့သို့ အလည်ရောက်သွားဖူးသည်။ ကျွန်ုပ်၏ ဘွားအေမှာ ၎င်းရွာဇာတိဖြစ်သော်လည်း အနှစ် ၅၀နီးပါး ထိုရွာမှ ခွဲခွာလာရပြီးမှ အောက်အရပ်မြစ်ဝကျွန်းပေါ်တွင် ကျွန်ုပ်တို့တစ်တွေ လူဖြစ်လာရခြင်းဖြစ်၏။

ဘွားအေကြီးမှာ လာ၍ တွေ့ကြသော မြို့ခံ လူများနှင့် ဆုံမိတိုင်း ဆွေမျိုးရာဇဝင်စပ်ဆက်ကာ ဝမ်းနည်းဝမ်းသာ ခေါင်းချင်းဆိုင်၍ ငိုပွဲဆင်ကြသည်ကို တွေ့ရလေသည်။ ကျွန်ုပ်မှာကား မရောက်ဘူးသောမြို့သို့ အလည်လာရခြင်းနှင့် တစ်အိမ်လျှင် ထမင်းတစ်နပ်ကျ လိုက်လံ၍ စားရခြင်းကို ဝမ်းသာရတော့သည်။ ၎င်းမှအပ ဘုရားဖူးလိုက်ပို့ခြင်း၊ ရပ်နီးရွာနီးများသို့ လည်ပတ်ရခြင်းတို့သည်လည်း အတော်မြူးထူးစရာကောင်းလှသည်။

ဘွားအေကြီး ဆွေစပ်မျိုးစပ်ကောင်းမှုကြောင့် မြို့သူကြီးဖြစ်သူလည်း အမျိုး၊ ကြွယ်ပိုးကြွယ်ဝ မြေပိုင်ရှင်များလည်း အမျိုး၊ ကုန်သည်ပွဲစား အရောင်းအဝယ်သမားများလည်း အမျိုး၊ လူဆင်းရဲ ကူလီ ပခုံးထမ်း နွားလှည်းကြမ်းမောင်းသူများလည်း အမျိုး၊ သူခိုးဘိန်းစား လူတေလူပေ ထန်းရည်သမားများလည်း အမျိုး၊ တစ်ရွာလုံးလိုလို အမျိုးချည်းဖြစ်နေတော့လေပြီ။

တစ်နေ့သော် ရွာဦး ဘုန်းကြီးကျောင်းသို့ ဘွားအေနှင့် အတူ အရပ်ထဲမှ အမျိုးတစ်စုအပြင် တည်းခိုရင်း အိမ်သားများပါ သွားကြပြန်သည်။

"အခုသွားမယ့် ဘုန်းကြီးကျောင်းရော ကျွန်တော်တို့ရဲ့ အမျိုးပဲလား"

ဟု ကျွန်ုပ်က မေးမိသောအခါ ဘွားအေကြီးသာမက၊ လိုက်ပါလာသူများကပါ ဝိုင်း၍ ရယ်ကြသည်။

"အေး၊ ဒါလည်း တို့နဲ့ အမျိုးပဲကွယ်"

ဟု ဘွားအေက ကျေနပ်စွာ ပြောပြန်သည်။

"ဒါပေမယ့် ဘုန်းကြီးက ဒေါသကြီးတယ်။ ရိုက်လည်း ရိုက်တယ်။ တစ်ရွာလုံး သူ့ကို ကြောက်ရတယ်။ ကလေးတွေ မပြောနဲ့၊ မိဘတွေကိုတောင် ခေါ်ရိုက်တတ်တယ်။ ဒါကြောင့် ငါ့မြေးက မဆော့ရဘူး။ စကားလည်း မများရဘူး နော်"

ဟု ဆက်၍ သတိပေးပြန်သည်။

ကလေးဘဝအတွက် ဤစကားမျိုးသည် အမင်္ဂလာ စင်စစ်ဖြစ်တော့သည်။ ဘုန်းကြီးကျောင်းပေါ်သို့ တက်၍ ဘုန်းကြီးအား တွေ့ဆုံ ဦးခိုက်မိသောအခါ လမ်းတွင် သတိ ပေးသော စကားမှာ များစွာယုတ္တိရှိကြောင်း သိနိုင်သည်နှင့် ထ၍ပင် ပြေးချင်စိတ်ပေါက်မိသည်။

"ဟဲ့…ဘယ်သူ့တွေလဲ"

ဟု ဝေါက်ငမ်းသော အသံနှင့် တင်းမာခက်ထန်သော အမူအရာနှင့် အသက် ၇၀နီးပါး ကျန်းမာသန်စွမ်း၍ စိတ် မြန်ကိုယ်မြန်ရှိသည့် ဘုန်းတော်ကြီးမှာ ဘွားအေပြောသည့် အမျိုးဘုန်းကြီးပင် ဖြစ်တော့သည်။

ဘုန်းကြီးမှာ တစ်ခါတစ်ခေါက် လာရောက်သော ဧည့်သည်ဟူ၍ ကျွန်ုပ်၏ ဘွားအေကိုပင် ဦးစားမပေး၊ လော ကွတ်မလုပ်၊ ယခုမှ သူ့ကျောင်းကို လာရလေသလော ဟု ဒေါပါပါ ကြိမ်းဝါးလိုက်သေးသည်။ ကျွန်ုပ်မှာ မျက်နှာသာ ပေးသော ဆွေမျိုးအလယ်၌သာ ကြီးပြင်းလာခဲ့ရသူဖြစ်သော ကြောင့် ပုဆစ်ဒူးတုပ်၍ မလှုပ်မယှက်နေရသောအချိန်မှာ အတော်အကျဉ်းအကျပ်နှင့် တွေ့နေရလေသည်။ ထို့ကြောင့် မြန်မြန်သာ ပြန်ချင်လင့်ကစား စကားလက်ဆုံကျနေသော ဘွားအေကြောင့် အခက်တွေ့နေရပြန်သည်။ ဘွားအေအား ကြိတ်၍ ပူဆာမိသည်။ တစ်ခါနှစ်ခါကား ဘုန်းကြီးက ဘာ မပြော။ နောက်ဆုံး တစ်ခါကား…

"ဟာ…ဒီအကောင်ငယ်ကလေး၊ ဘာဖြစ် ဒီလောက် လောဆော်နေရသတုန်း။ ငါ ထ,ရိုက်လိုက် ကော့သွားပြန်ရော့မယ်"

ဟု ဒေါသနှင့် ကြိမ်းဝါးလိုက်တော့သည်။ ထိုအခါ ဘွားအေက ကျွန်ုပ်ကို နှစ်သိမ့်၍ ချော့မော့လေသည် သို့လင့်ကစား ကျွန်ုပ် ဘုန်းကြီးရှေ့တွင် မနေလိုတော့ ထို့ကြောင့် ယောင်လည်ယောင်ပတ်နှင့် ကျောင်းအောက်သို့ ဆင်းခဲ့သည်။ ကျောင်းမှာ ကျွန်းတိုင်ကြီးများဖြင့် အခိုင်အ ဆောက်ထားသော ရှေးကျောင်းကြီးဖြစ်ရာ အတော်မြင့်မား လှသည်။ ကျောင်းအောက်တွင် ကျွန်းသား ခုတင်၊ ကွပ်ပျစ် များ ရှိလေရာ တစ်ယော်က်တည်းထိုင်၍ လွတ်လပ် နေခွင့်ထိုင်ခွင့်ရပေတော့သည်။

လေးဘက်လေးတန်လိုလို မျှော်ကြည့် တောင်တန်းကြီးများ မှိုင်းမှိုင်းမှုံမှုံနှင့် တွေ့ရလေ လွတ်လ



www.burmeseclassic.com

www.burmeseclassic.com

ခြင်းအရသာနှင့် ပေါင်း၍ နှစ်ထောင်းအားရဖြစ်လာတော့သဖြင့် စိတ်လိုက်မာန်ပါ သီချင်းတစ်ပုဒ်ကို ခပ်ကျယ်ကျယ်အော်၍ ဆိုလိုက်မိသည်။

ထိုသီချင်းကား အခြားမဟုတ်။ ကျွန်ုပ်တို့မြို့ဇာတိ ဆရာကြီး ဦးပြုံးချိုရေးသော "တေးဘုမ္မာ"ဟူသည့် သီချင်းပင် ဖြစ်တော့သည်။ ရေးက ကျိုက်လတ်သူ၊ ကျိုက်လတ်သားမှန်လျှင် ၎င်းသီချင်းကို မကြားဘူးသူ မရှိ။ အလွတ်မရသူ အတော်နည်းပါးခဲ့သည်။

အထူးသဖြင့် ကျွန်ုပ်ဘွားအေ၏ မောင်တော်သူ အဘိုးလေးမှာ ဦးပြုံးချိုအား စောင်းပညာသင်ကြားပေးခဲ့သူဖြစ်သဖြင့် ဦးပြုံးချိုကိုယ်တိုင် ကျွန်ုပ်တို့အိမ်သို့ နေ့တိုင်းလိုလို လာခဲ့သည်။ ထိုသီချင်းကို ဆို၍ အတီးကျင့်သည်ကို ကျွန်ုပ်မှတ်မိသည်။ ထိုအတွက် ကြားရဖန်များ၍ ကျွန်ုပ်မှာ အလွတ်ရနေခဲ့သည်။

"တေးဘုမ္မာ အနိစ္စ ဒုက္ခ အနတ္တတရားမရလို့ များလှတဲ့ သံသရာ ကာမောဃာ ထဝေါဃာ ဒိဋ္ဌောဃာ အဝိဇ္ဇောဃာ စိတ်မောဟာ မကင်းတာ အရင်းခံသူ တဏှာ"

သီချင်းတစ်ပုဒ်လုံး၏ သုံးပုံတစ်ပုံလောက်အရောက်တွင် ကျောင်းသားတစ်ယောက် ဘုန်းကြီးအမိန့်နှင့် ကျွန်ုပ်ကို လာ၍ခေါ်တော့သည်။ မူလကတည်းက ကြောက်ရွံ့သဖြင့် ကျောင်းအောက်သို့ ပြေးလာသူကို ယခုကဲ့သို့ ခေါ်သောအခါ ကျွန်ုပ်တွင် ဒိချင်လောက်အောင် စိတ်ဆင်းရဲရသည်။ ကျောင်းပေါ်သို့ ရောက်၍ ကြည့်လိုက်သောအခါ ကျွန်ုပ်၏ ဘွားအေက ပြုံး၍ကြည့်နေသည်။ ဘုန်းကြီးကလည်း သတိထား၍ အကဲခတ်နေပုံရသည်။ မျက်နှာမှာ ယခင်ကလောက် မခက်ထန်လှ။

"ဟော့ကောင်···မင်းဆိုနေတာ ဘာသီချင်းလဲ"

ကျွန်ုပ်မှာ သီချင်းအမည်ကို မသိ။ "တေးဘုမ္မာ"သီချင်းဟူ၍သာ အမှတ်ပြုခဲ့ခြင်းကြောင့် ၎င်းအတိုင်းသာ ပြန်ဖြေလိုက်ရသည်။ ဘုန်းကြီးက သီချင်းဆိုတာ မကြိုက်၍ ရိုက်ဦးတော့မှာလားဟုလည်း စိုးရိမ်မိပြန်သည်။

"ကဲ - အစက ပြန်ဆိုစမ်းပါဦးကွ။ ငါ နားထောင်စမ်းပါရစေ"

ဤသို့ ပြောကာမှ ကျွန်ုပ်၏ ခံတွင်းတွင် အသံတွေ ပျောက်ကုန်တော့သည်။ ဆို၍ ပြရမည်မှာ အတော်ဝန်လေးနေတော့သည်။ ငါများလို့ သီချင်းဆိုမိလေခြင်းဟု ဒေါသဖြစ်မိတော့သည်။

ဤအတွင်း ဘုန်းကြီးက အမိန့်ပေးပြန်သည်။ ဘွား



အေကြီးကလည်း ချော့၍ တိုက်တွန်းသည်။ ထို့ကြောင့် ပြီးလျှင် ပြီးရောသဘောနှင့် အသံထစ်ထစ် တုန်တုန်ယင်ယင် ဆိုပြနေရသည်။ ကျွန်ုပ်ဆိုစဉ်က ဘာတစ်ခွန်းမှ မပြောဘဲ မလှုပ်မယှက်နေခဲ့သော်လည်း သီချင်းဆုံးသွားသောအခါ ဘုန်းကြီးက "အင်း"ဟု အင်းရှည်ကြီးဆွဲကာ ညည်းလိုက်ပါသည်။

"ငါ့မြေးက ဒီသီချင်းရတာ အတော်သားပဲ"

ဤတစ်ခါ ကျွန်ုပ်ကို ဘုန်းကြီးက ဆွေမျိုးစပ်၍ ချီးမွမ်းလိုက်သောကြောင့် ကျွန်ုပ် အတော်သွေးကြီးသွားမိပါသည်။ ဘွားအေကြီးကလည်း ကျေနပ်သွားသလို ပြုံး၍ ပြလိုက်ပါသည်။

"ကဲ···တေးဘုမ္မာ ဆိုတာ မင်း ဘာသိသလဲကွ"

ကျွန်ုပ်မှာ သွေးကြီးသွားမိ၍ မျက်နှာမှ အပြုံးမပျက်သေးမီ ပြဿနာတစ်ခုနှင့် ဘောအောင့်အောင် အထိုးခံလိုက်ရပါတော့သည်။ ကျွန်ုပ် အဓိပ္ပာယ်ကို လုံးဝ မသိ။

ကျွန်ုပ်က မသိ၍ မဖြေသောအခါ ဘုန်းကြီးက ကွမ်းခြွေကို ဆယ်၍ မျက်နှာပြင်လိုက်ပြီးလျှင်···

"တေးဘုမ္မာဆိုတာ တေဘုမ္မက ကာမရူပ-အရူပဟု အသုံးရပ် ဘုံသုံးထပ်မှာ ဆိုတဲ့ ဘဝ ဝင့်သုံးပါးလို့ ပြောတာ မှတ်ထား။ ကဲ - နောက်ထပ် အနိစ္စ ဒုက္ခ အနတ္တ ဆိုတာရော မင်းသိရဲ့လား"

"အနိစ္စ - အမြဲမရှိ၊ ဒုက္ခ - ဆင်းရဲခြင်း၊ အနတ္တ- ငါမဟုတ်"

ဟု ကျွန်ုပ်က ဘွားအေ၏ ညည်းသံကို ကြားဖူးသောကြောင့် အလွယ်တကူ ဖြေလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

"အေး၊ ဟုတ်ပြီ။ ကဲ - ကာမောယာ - ဘာဝေါယာ- ဒိဋ္ဌောယာ-အဝိဇ္ဇောယာ ဆိုတာတွေရောကွာ"

ကျွန်ုပ်မှာ ဝိုချင်၍လာတော့သည်။ ဘာတွေကို မေးနေသည်မသိ။ ဘာတွေကို ဖြေရမည်လဲ မသိ။ ထိုအတွင်း ဘွားအေကြီးက မျက်နှာလိုအားရနှင့်···

"ပြောလိုက်လေ၊ ပြောလိုက်"

ဟု အလိုက်ကမ်းဆိုးမသိ ကျွန်ုပ်ကို ဝင်၍ တိုက်တွန်းသံကို ဘုန်းကြီးက သေသေချာချာကြည့်၍ ဘွားအေဘက်သို့ လှည့်လာပြီးလျှင်···

"ကဲ - နင်ရော ပြောစမ်း"

ဟု မေးပါတော့သည်။

"ဒါတွေတော့ တပည့်တော်မ မသိပါဘူး ဘုရား"

ဟု ဝန်ခံမှ ဒေါထလာလျက်···

"နင်တို့ဟာ မြန်မာမဟုတ်၊ ဗုဒ္ဓဘာသာမဟုတ်သလိုပဲ။ ကာမောဃ - ဘာဝေါဃ - ဒိဋ္ဌောဃ - အဝိဇ္ဇောဃ ဆိုတဲ့ ဩဃလေးပါးကို ဆိုတာ။ အဲသည် ဝဲဩဃထဲ လည်နေကြတာဟာ လက္ခဏာရေးသုံးပါးကို တကယ်မသိလို့၊ တကယ်မကြောက်လို့၊ တကယ်လွတ်အောင် မကျင့်လို့ အဝိဇ္ဇာ-တဏှာ ဒွေမူလာနီ ဆိုတဲ့ မိုက်ကန်းတာရယ်၊ စွဲလမ်းတာရယ်၊ အဲသည်အရင်းခံတွေကြောင့် ဖြစ်နေတာကို ပြောတာ။ နင်တို့ဥစ္စာ ဒီသီချင်းကို ဆိုနေတာ ဘာနဲ့တူသလဲဆိုတော့ ခွေးပါးစပ်က နတ်စကားပြောနေတာကျနေပြီ။ နင်တို့ ဒီသီချင်းကို ဆိုရင် သဂြိုဟ်ကို သင်ဦး။ သဂြိုဟ် မသိရင် မဆိုနဲ့။ ဒါ နင်တို့ ဆိုဖို့ သီချင်းမဟုတ်ဘူး။ တို့လို ဘုန်းကြီးတွေ ဆိုဖို့။ ကဲ - ငါ့ကို ကူးပေးခဲ့စမ်း"

ဘယ်လို ဘုန်းကြီးပါလိမ့်ဟု ကျွန်ုပ်တွေးမိသည်။ သို့သော် ကျွန်ုပ်မှာ မငြင်းရဲ၊ ဘုန်းကြီးပေးသော ကော်ပီစာအုပ်ပေါ်တွင် ကျွန်ုပ် အလွတ်ရသော ထိုသီချင်းကို အစအဆုံးရေးပေးလိုက်ရလေသည်။ ကျွန်ုပ်ကူးနေစဉ်အတွင်း ၎င်းသီချင်းကို အနုပဋိလောမ လုပ်နေလိုက်သည်မှာ ကျွန်ုပ် နားမလည်သော စကားများဖြစ်သဖြင့် ငြီးငွေ့စရာကြီးပင် ကောင်းတော့သည်။

"ဒီပြင် ဖေတော့်-မောင်တော့် သီချင်းတွေ ဆိုမယ့်အစား ဒီသီချင်းတွေကို ဆိုနေတာက နင်တို့ အကျိုးရှိမယ်။ သိအောင် ကြိုးစား။ တတ်အောင် ကြိုးစား။ ဒါ့ထက် ဒီသီချင်းကို ရေးတဲ့ မောင်ပြူးချိုဆိုတာက ဘယ်အရွယ်လောက်ရှိပြီလဲ"

ဟု မေးမြန်းသဖြင့်···

"လေးဆယ်ကျော်လောက်ပဲ ရှိပါသေးတယ် ဘုရား"

ဟု ဘွားအေက ဖြေသည်။

"အိမ်း···မလိမ္မာရင် အတော်မိုက်မယ့် လူပဲ"

ဟု ညည်းလိုက်ပြန်သည်။

"ဘာဖြစ်လို့လဲ ဘုရား"

"ဟဲ့ - ဒီလောက်တတ်တဲ့အကောင် မိုက်ရင် ဘယ်သူက သူ့ကို ဆုံးမလို့ ရဦးမှာလဲ။ လောကမှာ မသိတဲ့လူကိုသာ လိမ္မာအောင် ဆုံးမရတာ လွယ်တာ။ သိတဲ့ လူမိုက်ဆိုရင် မလိမ္မာနိုင်တော့ဘူးကွယ်"

ဟု ပြောရင်း ရယ်ရာ ဘွားအေကပါ ရော၍ရယ်လေသည်။

အမှန်မှာ ကျွန်ုပ်သိသလောက် ဦးပြူးချိုအကြောင်းတွင် ဘုန်းကြီးပြောသကဲ့သို့ပင် စွပ်စွဲထိုက်သည်။ ဆရာကြီးသည် ပညာကြောင့် မာနကြီးသည်။ စိတ်မြန်ကိုယ်မြန်၊ ပြောလွယ်ဆဲလွယ်၊ ရိုက်လွယ်အောင် ဒေါသကြီးသည်။ တစ်ဖက်သားကို ခွပြောတတ်သည်။ သည်းခံခြင်းသဘောတရားသည် ဆရာကြီး၌ ခေါင်းပါးလှသည်။ ရန်ကုန်တွင် သတင်းစာတိုက် သုံးလေးတိုက်၌ အယ်ဒီတာလုပ်ခဲ့ဖူးရာ စကားပြောမတည့်၍သော် လည်းကောင်း၊ သူရေးချင်တာ မရေးရ၍ လည်းကောင်း၊ နေ့မဆိုင်း ညမဆိုင်း အလုပ်မှ ထွက်ခဲ့ရကြောင်း ကျွန်ုပ်ကြားဖူးလေသည်။

သူရေးသော သီချင်းကား အလွန်နုသော အဘိဓမ္မာ သီချင်း။ သူ့စိတ်ကား မဟုတ်မခံတတ်သော စစ်သူကြီးစိတ်မျိုး။

သို့သော် ယခုခေတ်တွင် ဦးစွာပထမ မဟာဂီတကျမ်းကို သန့်ရှင်းအောင် သုတ်သင်ပြုစု ရိုက်နှိပ်သွားသော ကျေးဇူးကား ဂီတပညာသည်မှန်သမျှတို့၏ မမေ့နိုင်သော ပုဂ္ဂိုလ်ကြီးဖြစ်တော့သည်။ ကျွန်ုပ်တို့ အရွယ်မရောက်တရောက်ပင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့ရှာသည်။ တေးဘုမ္မာသီချင်းကို ထိုစဉ်ကတည်းက ကျွန်ုပ် လေးစားလာခဲ့ရာ တစ်နေ့ထက်တစ်နေ့ ပို၍အနှစ်သာရကို သုံးဆောင်ရကောင်းမှန်း သိခဲ့သည်။ ကျွန်ုပ်ထက် သိသူများက ကျွန်ုပ်ထက် ပို၍ချီးကျူးကြရသည်။ ထို့ကြောင့် ဂန္ဓဗ္ဗရ အကျော်ဆရာတော်၊ သံဃာတော်များပင် လက်ခံသော ဓမ္မဂီတကို ပြုစွမ်းနိုင်ခဲ့သည့် မဟာဂီတဆရာကြီး ဦးပြူးချိုအား ဤဆောင်းပါးဖြင့် လေးစားပါ၏။ ကြည်ညိုပါ၏။ ဂုဏ်ပြုပါ၏။

* * *

သုခ



www.burmeseclassic.com

www.burmeseclassic.com

သင်္ဂဇာ ဆုတောင်းပြည့် စေတီတော်နှင့်

# စိန်တုံး မီဖုရားကြီး

ခင်ခင်ဝင်း(မောရဝတီ)



**မော်လမြိုင် ရှုခင်းလေးဆစ်**

မော့တမော့ ပက်ပါ သကြံန်၊
ကျွန်းတောင်ဝန်းခရုံဂူနှင့်၊
သယမ္ဘူ ကျိုက်ရှင်စောတို့၊
တင့်မော ရောင်စုံကြွေ၊
ကိန်းမွေ့တည်ရာ၊ ပွန်ဇလိုင် ရစ်ဝိုင်းလို့၊
ကျွန်းယက္ခရုံကာတယ်၊ မာယာဘုံတန်ခိုင်း။
ထရံဘွေ့ ချမ်းမြေ့ကြည်စိမ့်စေ၊
မြိုင်မော်မြေဆွေအစုံတို့၊
ခင်မင်ပုံ မေ့ကျန်ကောင်းပေဘု၊
နှောင်းဘဝတိုင်။

ကုန်းဘောင်ခေတ် စာဆိုအကျော်အမော်များ စာရင်းတွင် အပါအဝင်ဖြစ်သော ကင်းဝန်မင်းကြီး (အဂ္ဂမဟာသေနာပတိ ဝန်ရှင်တော် သတိုးမဟာ မင်းလှစည်သူ)သည် ပြင်သစ်ပြည်သို့ သံတမန်အဖြစ် သွားရသောအခါ သံအရာရှိငယ်များနှင့်အတူ ၁၂၃၅ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅၉



www.burmeseclassic.com

www.burmeseclassic.com






တွင် ရတနာပုံ နေပြည်တော်မှ ရန်ကုန်သို့ ခရီးစထွက်လာခဲ့သည်။ တန်ခူးလဆန်း ၃ရက်နေ့တွင် ရန်ကုန်မှ မော်လမြိုင်မြို့သို့ ခရီးထွက်ရာ နောက်နေ့တွင် မော်လမြိုင်သို့ ရောက်ခဲ့သည်။ မော်လမြိုင်မြို့၏ စိတ်နှလုံး ကြည်မွေ့ဖွယ် ရှုခင်းများနှင့်အတူ မြို့တော်သူ မြို့တော်သားတို့၏ လောကွတ်ပျူငှာပုံများကိုလည်း တွေ့ခဲ့ရသည်။ လတန်ခူးဖြစ်၍ နှစ်ဆန်းတစ်ရက်နေ့အထိ ရေကစားပြီး ပတ်ဝန်းကျင်ရွာများရှိ တန်ခိုးကြီး ဘုရားစေတီများသို့ နေ့အလိုက် ဘုရားဖူး၊ ရေကစားပုံကို ကြုံခဲ့ဟန်တူသည်။ ရှေးဟောင်း ခရုံဂူ၊ အတ္တရံမြစ်၊ ဘီလူးကျွန်း စသည့် သာယာမှုများကိုလည်း မြင်တွေ့ခဲ့ဟန်တူသည်။ ဘဝဆက်တိုင်း မေ့နိုင်ရန်ပင် ခက်ကြောင်း အထက်ပါ "မော်လမြိုင် ရှုခင်းလေးဆစ်"ကဗျာကို ရေးသားမှတ်တမ်းတင်ခဲ့ပါသည်။

စာရေးဆရာ တက္ကသိုလ် ဘုန်းနိုင်မှလည်း မော်လမြိုင်၏ အလှကို ခံစားရေးဖွဲ့ခဲ့ဖူးပါသည်။


ထို့ပြင်တစ်ဝ ဗုဒ္ဓမြတ်စွာ နှစဉ်ကာလ (၁၃၆)ဘဝ၊ ထိုထိုကာလတွင်…

အစကြိုးကြာ၊ ဆယ့်ခြောက်ခါနှင့်၊
ဟင်္သာ ၉ဖြစ်၊ ၆ဖြစ်ခါ နို၊
ကျီးညို ၃ခါ၊ သံသာကျူးဟိတ်၊ ကရဝိတ်-၅၊
လေးကား ကိန္နရီ၊ စာမရီ-၁၅၊
မျောက်ကား ၁၀၊ ဆင်ဝယ် ၁၁၊
နွားဖြစ် ၁၄၊ ဧကေ သိန္ဓဝ၊
ကျွဲအင်္ဂနှင့်၊ သံဩ သံညောင်း၊ ဥဒေါင်း ၂ခါ၊
သာလိကာ သတ္တာ၊ ဒွါဒသ ကြက်၊ ဝက်ကား ၁၃၊
ပေါင်းရုံးများစွာ၊ တစ်ရာသုံးဆယ့်ခြောက်၊
ဖြစ်ဝယ်၌ အန္တရာယ်တီ၊ ဘေးမရှိသည်၊
မုနိမြတ်လောင်း ဖြစ်တော်ပေါင်းဟု…။

"အဘယဇာတက" ဘုရားရှိခိုးအတိုင်း မြတ်စွာဘုရားနှစဉ် တစ်ခုသော ဟင်္သာမင်းဘဝ မော်လမြိုင်မြို့ပတ်ဝန်းကျင်တွင် နေထိုင်ခဲ့ဖူးကြောင်း မြတ်စွာဘုရား ဒေသစာရီကြွချီတော်မူလာစဉ် ကျိုက်သလွံတောင်တော်မြတ်နှင့် ခေါင်းဆေး


www.burmeseclassic.com

www.burmeseclassic.com



ကျွန်းသို့ ရောက်သောအခါ အမှတ်တရ မိန့်ကြားခဲ့သည်။ ဤသည့်မှစ၍ မော်လမြိုင်မြို့၏ အမှတ်တံဆိပ်သည် ဟင်္သာ မင်းပုံဖြစ်ခဲ့သည်။

အရပ်စကား၊ ဇာတ်စကားအရ ဘုရားအလောင်း ဥဒေါင်းမင်းဖြစ်စဉ်ကလည်း နေထိုင်ခဲ့ဖူးကြောင်း အဆိုရှိပါသည်။ ထိုစဉ်က "မောရဝတီ"ဟု အမည်တွင်ပြီး ၎င်းမှ "မောရမြိုင်"၊ ထိုမှတစ်ဆင့် "မော်လမြိုင်"ဖြစ်လာကြောင်း ကြားဖူးခဲ့ပါသည်။

ပျူခေတ်တွင် တူးဖော်ရရှိသော အုတ်များကို တွေ့ရှိရသည့်အတွက် ပျူခေတ်နှင့် တစ်ဆက်တည်း (သို့မဟုတ်) ၎င်းထက်စောသော ရှေးဟောင်း မြို့ကြီးတစ်မြို့ ဖြစ်ခဲ့ဖူးကြောင်း ရှေးဟောင်းသုတေသနအဖွဲ့များ. ကွင်းဆင်းသိရှိထားပြီး ဖြစ်ပါသည်။


ဤကဲ့သို့ သမိုင်းအစဉ်အလာရှိသော မော်လမြိုင်မြို့သို့ မင်းတုန်းမင်းခေတ်မှစ၍ မန္တလေးမြို့နှင့် မြန်မာပြည်တစ်ပြည်လုံးတွင် နေတစ်ဆူ၊ လတစ်ဆူပမာ ထွန်းပြောင်တော်မူခဲ့သော သင်္ဃာ ဆရာတော်ဘုရားကြီးနှင့် ဘုရားဒါယိကာမ၊ ကျောင်းဒါယိကာမ စိန်တုံး မိဖုရားကြီးတို့သည် မော်လမြိုင်မြို့ ကျိုက်သလ္လံတောင်ရိပ်ကို ခို၍ သက်ဆုံးတိုင် ခေါင်းချ သာသနာပြုသွားကြပုံများမှာ မော်လမြိုင်မြို့၏ ကောင်းခြင်းအဖြာဖြာ သာယာချမ်းမြေ့စရာများကြောင့်ပင် ဖြစ်ပါသည်။

ဤကဲ့သို့ သမိုင်းဝင် အမှတ်အသားအကြောင်းအရာများ အခိုင်အမာရှိပါသော်လည်း သေသောသူ ကြာလျှင်မေ့ မဖြစ်စေဖို့ ယနေ့ မသိမမီလိုက်သူများနှင့် ထိတွေ့စေလိုသော ဆန္ဒကြောင့် ကျွန်မသည် လေ့လာမှတ်သား ဖတ်ကြားမေးမြန်း၍ ဆရာတော်ဘုရားကြီး၏ ဆုံးမစကား၊ ဘုရာကျောင်းဇရပ်၊ မပြတ်ကျင့်ကြံ၊ စုန်ဆန်ကူးခတ်၊ ပြုအပ် သာသနာများကို အားကျဂုဏ်ယူ နမူနာပြုစရာများ လေ့လာရေးသားကာသိုလ်ပွားအပ်ပါသည်။

♦♦♦

အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ တည်ထောင်ခဲ့သော ကုန်းဘောင်မင်းဆက် ၁၁၁၄ခုနှစ်မှ ၁၂၄၇ခုနှစ်ထိ မင်းဆက် ၁၁ဆက်၊ နှစ်ပေါင်း ၁၃၃နှစ် ရှည်ကြာ၍ သီပေါမင်း လက်ထက်တွင် အဆုံးသတ်ခဲ့လေသည်။

၁၁၈၁ ခု၊ ဗဒုံမင်း(ဘိုးတော်ဘုရား)နတ်ရွာစံသည်အထိ





www.burmeseclassic.com

www.burmeseclassic.com

ကုန်းဘောင်ခေတ် လျှမ်းလျှမ်းတောက် ထိပ်ဆုံးရောက်ခဲ့သည်။ စစ်ကိုင်းမင်း နန်းတက်သည့် ၁၁၈၁ခုမှ စ၍ ကုန်းဘောင်ခေတ် ကံကြမ္မာမှေးမှိန်စ ပြုလာပြီး ၁၁၈၅ခု၊ တပေါင်းလဆန်း ၆ရက်တွင် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲ စတင်ဖြစ်ပွားပြီး ထိုစစ်ပွဲတွင် မြန်မာတို့ အရေးနိမ့်ခဲ့ရသည်။ ရန္တပို စာချုပ်ရေးထိုး၍ မြန်မာတို့က အင်္ဂလိပ်တို့အား ရခိုင်နှင့် တနင်္သာရီနယ်များကို ပေးလိုက်ရလေသည်။

၁၁၉၉ ခု၊ ကဆုန်လပြည့်ကျော် ၁၂ရက်နေ့တွင် ညီတော် သာယာဝတီမင်းကို ထီးနန်းလွှဲပြောင်းပေးပြီး ၁၂၀၈ ခုနှစ်၊ သာယာဝတီမင်း နတ်ရွာစံသော် သားတော် ပုဂံမင်း နန်းတက်သည်။ ပုဂံမင်းလက်ထက်တွင် အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲဖြစ်ပွားပြန်ရာ မြန်မာတို့ အရေးနိမ့်ပြန်သည်။ တိုင်းပြည်၏ အောက်ပိုင်းကို အင်္ဂလိပ်တို့လက်အောက်သို့ ပေးအပ်လိုက်ရပြန်သည်။

၁၂၁၄ ခုနှစ်တွင် ပုဂံမင်း နန်းစွန့်၍ ညီတော် မင်းတုန်းမင်း နန်းတက်ခဲ့သည်။ ပဉ္စမ သင်္ဂါယနာတင် ဘုရင် မင်းတုန်းမင်းတရားသည် သာသနာပြု မင်းတရားကြီးဖြစ်ကြောင်း မြန်မာ့သမိုင်းတွင် ထင်ပေါ် ကျော်ကြားသူဖြစ်သည်။





သာသနာရေးနှင့် ပတ်သက်၍ ပြည်တွင်းပြည်ပ သာသနာပြုခဲ့ကြောင်း အထောက်အထားများ အနိုင်အမာရှိပါသည်။

ပြည်ပ သာသနာအဖြစ် ၁၂၃၆ခုနှစ်တွင် အိန္ဒိယပြည် ဗုဒ္ဓဂယာသို့ သံအဖွဲ့တစ်ဖွဲ့စေလွှတ်၍ မဟာဗောဓိပင် စေတီကြီးကို ပြင်ဆင်ရန် နှစ်ထပ် အုတ်ဇရပ်ကြီးတစ်ဆောင်ကိုလည်း ဆောက်လုပ်လှူဒါန်းခဲ့သည်။ သီဟိုဠ်(သီရိလင်္ကာ)ရှိ ဗုဒ္ဓ၏ စွယ်တော်စင်္ဂ တင်လှူရန် ဘေးတော် အလောင်းမင်းတရားကြီး ဆင်တော်မူသည့် ကျောက်စိ စလွယ်တော်နှင့် အလောင်းမင်းတရားကြီး၏ မိဖုရားခေါင်ကြီး ဆင်တော်မူသည့် ကျောက်စီ ရွှေသားဘယက် တန်ဆာတော်များကို လှူတော်မူသည်။

ဤသို့ ထီးရိုးနန်းစဉ်အဖြစ် ထားခဲ့သော အဖိုးတန် ရတနာများကို ဘေးတော်များကိုယ်စား လှူပေးသည့်အပြင် မင်းတုန်းမင်း နန်းစံသက် ၂၆နှစ်အတွင်း သာသနာပြု လှူဒါန်းမှုစုစုပေါင်းမှာ ၂၂ကုဋေ ၆သန်းကျော်မျှ ရှိသည်ဟု သိရပါသည်။ မင်းတုန်းမင်း၏ သာသနာရေး သဒ္ဒါတရားများကိုလည်း မှန်းဆနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မင်းတုန်းမင်းလက်ထက်တွင် သုဓမ္မာ သာသနာပြု ဆရာတော်ကြီး ရှစ်ပါးရှိခဲ့ပါသည်။

(၁) ပြည်ဆရာတော်၊

(၂) မဏ္ဍလာဆရာတော်၊


(၃) မောင်းထောင်ဆရာတော်၊

(၄) သက်ပန်းဆရာတော်၊

(၅) စလင်းဆရာတော်၊

(၆) စံကျောင်းဆရာတော်၊

(၇) သင်္ဂဇာဆရာတော်၊



(၈) ပခန်းဆရာတော်တို့ ဖြစ်ခဲ့ကြပါသည်။

ထိုဆရာတော်ရှစ်ပါးတို့သည် ဥပုသ်နေ့တိုင်း မန္တလေးဆောင်ခြေရှိ သုဓမ္မာဇရပ်သို့ ကြွရောက်ပြီး သာသနာရေးများကို တိုင်ပင်စီရင်ခဲ့ရလေသည်။ ပထမပြန် စာပြန်ပွဲကြီးများကိုလည်း နှစ်စဉ် နယုန်လဆန်း ၈-ရက်နေ့မှ ဝါခိုလဆန်း ၈-ရက်နေ့အထိ ခမ်းနားစွာ ကျင်းပမြဲဖြစ်သည်။ ထိုစဉ်က စာပြန်ပွဲသဘင်သို့ ကြွရောက်ချီးမြှင့်သော ရဟန်း ပရိသတ်တို့သည် ဘုရား၊ တန်ဆောင်း၊ ကျောင်း၊ ဇရပ်တို့ ပြည့်လျှံ၍မက တဲပေါင်းများစွာထိုး၍ ပေးခဲ့ရကြောင်း စည်ကားသိုက်မြိုက်ခဲ့ကြောင်း မှတ်သားခဲ့ရပါသည်။

သုဓမ္မာ သာသနာပြု ဆရာတော်ကြီး ရှစ်ပါးအနက် တစ်ပါးအပါအဝင်ဖြစ်သော သင်္ဂဇာ ဆရာတော်သည် စစ်ကိုင်းခရိုင်၊ မြိုင်မြို့နယ်၊ ပေါက်ချောင်းရွာ၌ ၁၁၇၇ ခုနှစ်၊ နယုန်လဆန်း ၁၄ရက်နေ့တွင် ဖွားမြင်တော်မူပြီး ငယ်မည်မှာ မောင်ပိုဖြစ်ပါသည်။ သက်တော် ၁၃နှစ်တွင် ရှင်သာမဏေ ဝတ်ပြီး ဘွဲ့တော်မှာ "အရှင်အဂ္ဂဓမ္မာ လင်္ကာရ" ဖြစ်ပါသည်။ ဥပဇ္ဈာယ်ဆရာတော်မှာ ပုစွန်ချောင်း၊ ရွာကျောင်းဆရာတော် ဦးကောဏ္ဍည ဖြစ်သည်။ သင်္ဂဇာဆရာတော်၏ သာသနာပြုပုံ အကျဉ်းချုပ်မှာ...

ဦးကောဏ္ဍညထံတွင် သမ္မာန်ခြောက်ပါးနှင့် ကစ္စာယနကျမ်းကို သင်ကြားလေ့လာသည်။ သဲအင်းဆရာတော် (သူရိယာဘိဝံသ သီရိပဝရ လင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာ ဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ)ထံတွင် ပျားတရ ထည်ဝတ်ရည် ပိဋကတ်သင်ယူ ဆွတ်ခူးခဲ့သည်။ အင်းဝမြို့တွင် ဖြစ်သည်။

ထီးလင်းဆရာတော်(သူရိယာ ဘိဝံသ သီရိသဒ္ဓမ္မ မဟာဓမ္မရာဇာဓိ ရာဇဂုရုဘွဲ့တံဆိပ်တော်ရ)ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘဝ ဒုလ္လဘသို့ ရောက်ရှိတော်မူသည်။

သဲအင်းဆရာတော်ထံတွင် ရဟန်းဖြစ်ပြီး သုံးဝါတိုင်

www.burmeseclassic.com

www.burmeseclassic.com

တိုင် ပညာသင်ကြားတော်မူသည်။

သလုံးဆရာတော် ဦးစန္ဒိမာ(ရွှေဘိုအနောက်ဘက်ရှိ သလုံးရွာ)ထံတွင် အခြေခံ ပရိယတ် ပဋိပတ်ကို အမြတ်တနိုး လုံ့လပြုကာ တစ်ဝါသင်ကြားခဲ့သည်။

အမရပူရမြို့ မြောက်ပြင် ပေါင်းလဲတိုက် ဦးသီရိမာလာထံတွင် တစ်ဝါ သီတင်းသုံးကာ စာပေပို့ချ သာသနာပြုခဲ့သည်။

ပုဇွန်ချောင်းရွာ၊ သစ်တောစာရေး လှူဒါန်းသောကျောင်းတွင် နှစ်ဝါ သီတင်းသုံး၍ သာသနာပြုသည်။

ရှားစောင်းတောရကျောင်း၌ တစ်ဝါ သီတင်းသုံး၍ သာသနာပြုသည်။

ဆရာရင်း ကောဏ္ဍညမထေရ်၏ ကျောင်းတိုက်ရှေ့တွင် သစ်ကုန်သည်တစ်ဦး ဆောက်လုပ် လှူဒါန်းသော ကျောင်းတွင် ကြွရောက် သီတင်းသုံး၍ "ဓာတွတ္ထဒီပက" ကျမ်းကို စီရင်ပြုစုတော်မူခဲ့သည်။

ထိုကျောင်း၌ပင် မေဓာ ဘိဝံသ သဒ္ဓမ္မပါလက ဝိဇေ မဟာဓမ္မရာဇာဓိ ရာဇဂုရုဘွဲ့တံဆိပ်တော်ရ ပြည်ဆရာတော်ကြီး တောင်းပန်၍ "ဝိမတိ ဝိနောဒနီ"အမည်ရှိသော ဝိနည်းဋီကာကိုလည်း စီရင်ရေးသားတော်မူသည်။ ထိုစဉ် ဆရာတော်၏ သက်တော်မှာ ၃၅နှစ်ရှိပြီဖြစ်သည်။

သရက်ချောင်းတောရနှင့် ဒဟတ်ချောင်းတောရတို့တွင် တစ်ဝါစီ သီတင်းသုံး၍ သာသနာပြုခဲ့သည်။

လင်းလွန်းတောရတွင် နှစ်ဝါ သီတင်းသုံး၍ သာသနာပြုခဲ့သည်။

ဇာတိ ပေါက်ချောင်းရပ်ရွာဟောင်းတွင် ကြွရောက်၍ ကျောက်ဒိုးတောရ၌ နှစ်ဝါ သီတင်းသုံး၍ သာသနာပြုတော်မူသည်။

စစ်ကိုင်းတောင်ရိုး ကောဏ္ဍညချောင်နှင့် လောကမှန်ကင်းချောင်များ၌ တစ်ဝါစီ သီတင်းသုံးသောအခါ မင်းတုန်းမင်းက သံဃာတော် ၄၀ကျော် သီတင်းသုံးနိုင်သော ကျောင်းကို ပြည်လုံးအုံ့ လော်ကား ထောင်ကဲ (မင်းလှဇေယျကျော်သူ)အား အမြန်ဆောက်လုပ်ခိုင်းပြီး သံတော်ဆင့် မိုင်းနိုင်မြို့စား မင်းလှသီရိဇေယျာသူနှင့် မင်းလှစည်သူတို့ကို ကိုယ်စားတော်လွှတ်၍ ရေစက်သွန်းချ ကပ်လှူခဲ့သည်။

အင်းဝမြို့ နမောကျောင်းတိုက်၌ သီတင်းသုံးနေတော်မူသောအခါ မင်းတုန်းမင်းက မန္တလေးအနောက်ပြင် သင်္ဂဇာ အမည်တွင်သော ချောင်းကမ်းထိပ်၌ အဆန်းတကြယ် တင့်တယ် ကောင်းမွန်စွာ ဆောက်လုပ်အပ်သော ကျောင်းကို ကပ်လှူခဲ့သည်။ ထိုအချိန်မှစ၍ "သင်္ဂဇာ ဆရာတော်" ဟု ထင်ရှားတော်မူခဲ့သည်။ အဂ္ဂမဟာ လင်္ကာရ ကဝိဇေ မဟာဓမ္မရာဇာဓိ ရာဇဂုရု ဟူသော ဘွဲ့တံဆိပ်တော်ကိုလည်း ဆက်ကပ်တော်မူခဲ့သည်။

သင်္ဂဇာရာမကျောင်းတိုက်တွင် လေးဝါမျှ သီတင်းသုံးတော်မူပြီလျှင် စိန်တုံး မိဖုရားက ရတနာပုံ နေပြည်တော်မှ အရှေ့မြောက်ယွန်းတွင် ဝဇီရာ ရာမ ကျောင်းတိုက်ကြီးကို ကပ်လှူကိုးကွယ်ခြင်းကို ခံယူတော်မူသည်။

သင်္ဂဇာ ဆရာတော်သည် သင်္ဂဇာရာမကျောင်းတိုက်နှင့် ဝဇီရာ ရာမကျောင်းတိုက်တို့တွင် ခြောက်ဝါ သီတင်းသုံး သာသနာပြုပြီး ဝဇီရာ ရာမကျောင်းတိုက်ကို တပည့်ရင်းချာ



သီရိသဒ္ဓမ္မဓဇ ရာဇာဓိ ရာဇဂုရု တံဆိပ်တော်နာမခံ ဆရာတော် အရှင်ပညာသီရိအား လည်းကောင်း၊ သင်္ဂဇာရာမကျောင်းတိုက်ကို တပည့်ရင်းချာ ဓမ္မစာရီနွာဘိ သီရိဓဇမဟာ ဓမ္မရာဇာဓိ ရာဇဂုရု တံဆိပ်တော် နာမခံသော ဆရာတော်အား လည်းကောင်း လွှဲအပ်တော်မူခဲ့ပြီး ကြက်ထောင့်ရွာအနီးသို့ ကြွရောက်တော်မူပြီး ခြောက်ဝါအရ တောဓလေ့ဖြင့် တောရဆောက်တည် သာသနာပြုနေတော်မူသည်။

♦♦♦

စိန်တုံး မိဖုရားကြီးဆိုသူမှာ မင်းတုန်းမင်း၏ မိဖုရား ၄၆ပါးတွင် တစ်ပါးအပါအဝင်ဖြစ်ပြီး ဒေဝီဘွဲ့ခံ အမြင့်ဆုံး မိဖုရားကြီးအဆင့်တွင် ရှိသည်။ ၎င်းသက် ၁၈နှစ်အရွယ်တွင် မင်းတုန်းမင်း၏ မိဖုရားမြှောက်ခြင်း ခံရပြီး ၁၂၁၆ခုနှစ်တွင် မင်းတုန်းမင်းက "သီရိသုပဘာ ရတနာဒေဝီ"ဘွဲ့ကို ပေးအပ်နှင်းတော်မူခဲ့သည်။ ဒေဝီဘွဲ့တပ်ခံရသော ပထမအဆင့်မြင့်

စာ(၉၅သို့)



www.burmeseclassic.com

www.burmeseclassic.com

# ဗာလ နှင့် ပါပ
# မီးကွင်းမန္တန်

■ မင်းကြည်ဖြူ ■

လူမိုက်နှင့် မိုးကြိုးသည် သဘောချင်း တူ၏။ မိုးကြိုးသည် လောင်မီးကျအောင် လုပ်သကဲ့သို့ လူမိုက်သည်လည်း လောင်မီးကျအောင် လုပ်တတ်၏။ မိုးကြိုးတွင် စက်ကွင်းရှိသကဲ့သို့ လူမိုက်မှာလည်း စက်ကွင်းရှိ၏။ လူမိုက်စက်ကွင်းမိသွားသော ပုဂ္ဂိုလ်များမှာ နစ်နာပျက်စီးမှုများစွာဖြင့် ဘဝဆုံးကြရ၏။

မဇ္ဈိမဒေသတွင် သမန်းမြက်ကို စင်ကြယ်သော အမှတ်သားအဖြစ် အလွန်အလေးအမြတ်ပြုကြ၏။ ထိုမျှ ဖြူစင်မြင့်မြတ်သော သမန်းမြက်သည်ပင် ငါးပုပ်သားပုပ် ထုပ်စရာဖြစ်သွားပါက မသိုးမသန့် အနံ့မကောင်းဖြစ်သွားရကြောင်း မြတ်စွာဘုရားဟောတော်မူပါ၏။

ဗလံ နပဿေ န သုဏေ၊
နစ ဗာလေန သံဝသေ၊
ဗာလေနာလာပ သလ္လာပံ၊
နကရေ နစရောစယေ။

ဗာလံ - လူမိုက်ကို၊ နပဿ - မမြင်ရလို။ နသုဏေ- လူမိုက် ဘယ်မှာရှိသည်ဟူသော သတင်းကိုပင် မကြားလို။ ဗာလေန - လူမိုက်နှင့်၊ နသံဝသေ - အပေါင်းအသင်းမလုပ်ရလို။ ဗာလေန - လူမိုက်နှင့်၊ အာလာပ သလ္လာပံ - စကားစမြည်ပြောဆိုမှုကိုပင်၊ နကရေ - မပြုရလို။ ဗာလံ - လူမိုက်ကို၊ နစရောစယေ - မကြည်ဖြူ၊ မနှစ်မြို့က်၊ မကြိုက်ရပါလို၏။

အိမ်တစ်အိမ်တွင် လူတစ်ယောက် မိုက်မဲပါက တစ်အိမ်သားလုံး ဒုက္ခရောက်ကြရ၏။ တစ်ရွာတွင် လူတစ်ယောက် မိုက်မဲပါက တစ်အိမ်သားလုံး၊ တစ်ရွာလုံး ဒုက္ခရောက်ကြရ၏။ တစ်ခါတစ်ရံတွင် ဆိုးရွားမိုက်မဲသော လူတစ်ယောက်ကြောင့် တစ်နိုင်ငံလုံး၊ တစ်ကမ္ဘာလုံး ဒုက္ခရောက်ကြရ၏။ ထို့ကြောင့် လူမိုက်ကို မမြင်ရပါလိုသောဆုများ ပြည့်အောင် "ဗာလနှင့် ပါပ" မီးကွင်းမန္တန်ကို မှန်မှန်ရွတ်ဆိုသင့်ပါ၏။

လူမိုက်နှင့် ဝေးခြင်းသည် ရန်သူနှင့် ဝေးခြင်းမည်၏။ မီးနှင့် တူသော လူမိုက်နှင့် ဝေးရန် ဤဗာလနှင့် ပါပမီးကွင်းမန္တန်ကို ရွတ်ဆိုရုံမျှဖြင့် လူမိုက်နှင့် တူသော မီးဘေးမှ လွတ်ကင်းချမ်းသာစေပါသည်။ ယုံကြည်စွာ ဖတ်ကြပါကုန်။

* * *

မင်းကြည်ဖြူ



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူ နေထိုင်သော ရန်ကင်းတိုက်ခန်းမှာ မြေညီ ထပ်တွင်ဖြစ်ပြီး ရှေ့တွင် ခြံခတ်ထားကာ ခြံထဲတွင် အနားယူ စာရေး၊ စာဖတ်လေ့ရှိပါသည်။ တနင်္ဂနွေနေ့ ကျောင်းပိတ်ရက် မှာ အတူနေ တူမနှစ်ဦးဖြစ်သော အကြီး ယုကေခိုင်နှင့်



www.burmeseclassic.com

www.burmeseclassic.com

အငယ် ပိုးကေခိုင်တို့က စာရေးသူအနားသို့ ရောက်ရှိလာ ပြီ...

"ဘဘ...ပိုးပိုးတို့ကို ပုံပြောပြလေ"

"အသက်က ၁၄နှစ်၊ ပညာက ရှစ်တန်း၊ ဒါလည်း ပုံပြောခိုင်းနေပြန်ပြီ။ ဘဘက တော်ရုံနဲ့ ပုံမပြောတတ်ဘူး။ နဆို သမီးတို့က အရွယ်လေးတွေ၊ အသိတရားလေးတွေ တိုးလာပြီဆိုတော့ ဘုရားရှင်လက်ထက်က ဥဇ္ဇေနီရွာ ဆိုတဲ့ ကျွန်မလေးအကြောင်း ပြောပြမယ်။ ပိုးပိုး နားထောင်မှာ လား"

"နားထောင်ချင်တယ် ဘဘ"

"သမီးလည်း နားထောင်ချင်တယ်"

"ကဲ - တစ္စမနှစ်ယောက်က ဒီနားမှာ ထိုင်။ အခုပြော မှာက ပုံပြင်မဟုတ်ဘူးနော်။ တကယ့်အဖြစ်အပျက်ပဲ။ အခု ပြောမယ့် ခါးကုန်းမလေးက ခါးက ကုန်းတဲ့အပြင် အရုပ်က ဆိုးသေးတယ်၊ နောက်ပြီး သာမာဝတီ မိဖုရားရဲ့ ကျွန်မလေး"

"ဘဘရယ်...ဘာတစ်ခုမှ မကောင်းပါဘူး။ ပိုးပိုးက ဒီလိုဘဝမျိုးနေရမှာ ကြောက်တယ်။ ပိုးပိုးက ဟိုဘဝက ကောင်းမှုကုသိုလ်တွေ လုပ်ထားလို့ ဒီဘဝ လှနေတာပဲ။ မမနဲ့ဆို ပိုးပိုးက ပိုတောင်လှသေး။ လှတဲ့အပြင် အသားက ဖြူတယ်။ ဆံပင်အရှည်က တင်ပါးအောက် ရောက်တော့မယ်။ ညီမလေးက လှနေသားပဲ"

"ခိုင်ခိုင်ကတော့လေ ကိုယ့်ညီမကို အမွှန်းတင်လိုက် တာ လွန်ပါရော"

"ပိုးပိုးက သိပ်လှချင်တာ။ အားအားရှိ မှန်ကြည့်ရတာ အမော"

"ကဲ - နားထောင်ကြ၊ အဲဒီ ခါးကုန်းမလေးက တစ်နေ့ တစ်နေ့ သာမာဝတီ မိဖုရားအတွက် ပန်းဆိုင်မှာ ပန်းဝယ်ရ တယ်။ ပန်းဝယ်ရင် မိဖုရားက ရှစ်ပဲဖိုးဝယ်ခိုင်းတယ်။ သူက လေးပဲဖိုး ဝယ်ပြီး လေးပဲဖိုး ခိုးထားတယ်လေ"

"ဟင်း...အကျင့်က မကောင်းပါလား"

"ဟုတ်တယ် ပိုးပိုး။ ဒါနဲ့ တစ်နေ့မှာ ပန်းဆိုင်ဆီ ပန်းသွားဝယ်တော့ ပန်းသည်က သူ့အိမ်မှာ အလှူလုပ်တယ်။ တရားပွဲပြီးမှ ပန်းရောင်းမယ်ဆိုတော့ ခါးကုန်းမလေးက တရား နာတယ်လေ။ မြတ်စွာဘုရားက တရားဟောတယ်။ တရား နာရင်းနဲ့ ခါးကုန်းမလေးက သောတာပန်တည်သွားတယ်"

"သောတာပန်ဆိုတာ ဘာလဲ ဘဘ"

"သောတာပန်ဆိုတာ အပါယ်လေးဘုံ မကျတော့ဘူး။ အပါယ်လေးဘုံကို ပိုးပိုး သိလား"

"ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တဲ့"

"ဟုတ်တယ်။ ပြီးတော့ ဘုရားကို တကယ်ယုံတယ်။ တရားကို တကယ်ယုံတယ်။ သံဃာကို တကယ်ယုံတယ်။ ငါးပါးသီလလည်း လုံတယ်။ အဲဒါကို သောတာပန် အင်္ဂါ လေးပါးလို့ ခေါ်တယ်"

"ခါးကုန်းမလေးက တော်သားပဲ"

"ဟုတ်တယ် ခိုင်ခိုင်။ ဘုရားဟောတဲ့ တရားတော်ကို တစ်လုံးမကျန် သိတယ်ဆိုပဲ။ ခိုင်ခိုင်ရော ရပါ့မလား"

"စာတောင် အတော်ကျက်ရတာ၊ မလွယ်ဘူး ဘဘရဲ့"

"ခါးကုန်းမလေးက ငါးပါးသီလလုံတယ်ဆိုတော့ ခိုးတာဝှက်တာ မလုပ်ရဲတော့ဘူးလေ။ တရားပွဲပြီးသွားလို့ ပန်းဝယ်တဲ့အခါ လေးပဲဖိုး မဝယ်တော့ဘဲ ရှစ်ပဲဖိုး ဝယ်လိုက် တယ်"

"သူတော်ကောင်းမလေးဖြစ်သွားတာပဲနော်။ အတုယူ ရမယ်"

"ဟုတ်တယ် ခိုင်ခိုင်။ ဒါနဲ့ နန်းတော်ထဲ ပြန်ရောက် တော့ သာမာဝတီ မိဖုရားက ဒီတစ်ခေါက် ပန်းဝယ်တာ ပန်းတွေက များလှချည်လား။ ဘယ်လိုလဲလို့ မေးတော့ ခါးကုန်းမလေးက အမှန်အတိုင်းပြောပြတယ်။ မလိမ်တော့ ဘူး။ သာမာဝတီ မိဖုရားက အကြောင်းစုံသိရတော့ လေးပဲဖိုး ခိုးတာ အပြစ်မမြင်ဘဲ မြတ်စွာဘုရားဟောတဲ့ တရားတော် ကို နာချင်လွန်းလို့ ခါးကုန်းမလေးကို မေးတယ်။ မှတ်မိ သလောက် တရားကို ပြန်ဟောပြပါလားဆိုတဲ့အခါ ခါးကုန်းမ လေးက ဟောပြမယ် ပြောတယ်။ ဒါနဲ့ ခါးကုန်းမလေးကို ရေချိုး၊ အမွှေးနံ့သာတွေ လိမ်း၊ အဝတ်အစားအသစ်တွေ ဝတ်၊ အစားကောင်းတွေ ကျွေးမွေးပြီး အဆောင်တံခါးပိတ် လို့ တရားဟောရတယ်။ ခါးကုန်းမလေးက တရားဟောဖို့ ပလ္လင်ပေါ် တက်ပြီး ဟောတယ်။ သာမာဝတီ မိဖုရားနဲ့ အမျိုးသမီး ငါးရာဟာ သောတာပန်တည်သွားကြတယ်။ ခါးကုန်းမလေးကို ကျေးဇူးတင်လို့ ကျွန်ဘဝကနေ လွတ် မြောက်ခွင့်ပေးလိုက်တယ်"

"ဒါနဲ့ ဘဘ...ခါးကုန်းမလေးက ဘာဖြစ်လို့ ကျွန် ဖြစ်ရတာလဲ။ ပြီးတော့ ဘာလို့ ခါးကုန်းပြီး အရုပ်ဆိုးရတာ လဲ။ ဘုရားဆီမှာ တရားနာတော့ တရားတော်ကို သိလွယ် တတ်လွယ်ဖြစ်တာ ဘာ့ကြောင့်လဲဟင်"

"ခိုင်ခိုင်က မေးတော့လည်း ဖြေရမှာပေါ့။ အဲဒါပဲ၊ မသိရင် မေး၊ မစင်ရင် ဆေးတဲ့။ ကိုယ် မသိရင် မေးရတယ်။ အဲဒါမှ ဗဟုသုတတိုးတယ်။ မှတ်ထားနော် ပိုးပိုး"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ပါ ဘဘ ဦးကိုလတ်"

"ကျွန်ဖြစ်ရတာ ဘာ့ကြောင့်လဲဆိုတော့ ကဿပ ဘုရားရှင်လက်ထက်မှာ သူက သူဌေးအမျိုးသမီးဖြစ်ခဲ့ဖူးတယ်။ သူ့အိမ်ကို "ရှင်သာမဏေရီ"ဆိုတဲ့ ကိုရင်မလေး ကြွလာတယ်။ ဒီခေတ်မှာဆို သီလရှင်ဆရာလေးပေါ့။ သူက သူဌေးသမီးလေးဆိုတော့ ခုနက ပြောတဲ့ ကိုရင်မလေးကို သနပ်ခါးတုံးလေး ယူပေးပါဦး၊ နှုတ်ခမ်းနီလေး ယူပေးပါဦး ဆိုပြီး ခိုင်းခဲ့ဖူးတယ်"

"သီလရှင်ပဲ ဆိုပါစို့။ သီလရှင်ကို ရိုရိုသေသေ ရှိခိုးရမယ်။ လှူစရာရှိ လှူမယ်။ ဒါပဲဟာကို။ အတော်ဆိုးတာပဲ"

"မာနကိုး။ ချမ်းသာရင် မာနက ရှိကြတယ် ခိုင်ခိုင်ရဲ့။ သူက ရင်းနှီးနေတဲ့၊ ခင်နေတဲ့သဘောတွေးပြီး ခိုင်းတာလေ။ အပြစ်က မနေဘူး။ ကိုယ့်ထက် အသက်ကြီးသူ မိဘတို့၊ ဘကြီး၊ ဦးကြီး၊ အဒေါ်၊ အစ်ကို၊ အစ်မတွေကို မခိုင်းမိအောင် ကြိုးစားရမယ်။ ခိုင်းရင် သူများဆီမှာ ကျွန်ဖြစ်တယ်။ ကျွန်ဖြစ်ချင်လား ပိုးပိုး"

"မဖြစ်ချင်ဘူး ဘဘ"

"ခါးကုန်းပြီး အရုပ်ဆိုးတာကတော့ ရှေးရှေးဘဝက။ ရှေးရှေးဘဝကဆိုတော့ မြတ်စွာဘုရား မပွင့်သေးတဲ့ ခေတ်။ အဲဒီမှာ သူက ဗာရာဏသီပြည်၊ ဗြဟ္မဒတ်မင်းရဲ့ နန်းတော်ထဲက နန်းတွင်းသူတစ်ယောက်ဖြစ်ခဲ့ဖူးတယ်။ တစ်နေ့မှာ နန်းတော်ထဲကို ပစ္စေကဗုဒ္ဓါ ဘုရားငယ် ရှစ်ဆူကြွလာပြီး ဆွမ်းခံတယ်။ ဆွမ်းခံပြီး ပြန်ကြွတဲ့ ဘုရားငယ် ရှစ်ဆူထဲမှာ အသက်ကြီးပြီး ခါးကုန်းနေတဲ့ တစ်ဆူပါလာတယ်။ ဆွမ်းခံပြီး ပြန်ကြွတာကို သူက ခါးကုန်းတဲ့ ပုံစံလုပ်ပြီး လှောင်ပြောင်ခဲ့ဖူးတဲ့ အကျိုးပဲ။ အဲဒီ အကုသိုလ်အကျိုးဆက်ဟာ ဥတ္တရာဘဝမှာ ခါးကုန်းပြီး အရုပ်ဆိုးရတယ်လေ။ မြင့်မြတ်တဲ့ ပုဂ္ဂိုလ်၊ အသက်ကြီးတဲ့ ပုဂ္ဂိုလ်တွေကို မလှောင်ပြောင်ရဘူး။ ဒီဘဝလှောင်ပြောင်ရင် နောင် တမလွန်ဘဝတွေမှာ အရုပ်ဆိုးတယ်။ တချို့ရှိတယ်၊ သူများ မလှရင် ကဲ့ရဲ့တာတို့ အသားမည်းသူ တွေ့ရင် ကျီးကန်းလို့ခေါ်ပြီး လှောင်ပြောင်တာတို့၊ စကားမပြောတတ်သူကို ငအ၊ နားမကြားသူကို နထိုင်းလို့ ခေါ်ပြီး လှောင်ပြောင်တာ ခံရတာပဲ။ သူများကို လှောင်ပြောင်ရင် သတိထားရမယ်"

"ဟုတ်ကဲ့ပါ ဘဘ၊ ပိုးပိုးမှတ်ထားပါ့မယ်"

"တရားတော်ကို သိလွယ်၊ တတ်လွယ်ဆိုတာကရော ဘဘ"

"ဗာရာဏသီပြည် နန်းတော်ထဲက နန်းတွင်းသူဘဝကိုပဲ ပြန်ကောက်ရလိမ့်မယ် ခိုင်ခိုင်။ ဘုရားငယ် ပစ္စေကဗုဒ္ဓါ ရှစ်ဆူက ဆွမ်းခံကြွလာတော့ နွားနို့နဲ့ ထမင်းရောထားတဲ့ နို့ဃနာဆွမ်းပူပူကြီးတွေကို သပိတ်ထဲ ထည့်ပြီး လောင်းလှူလိုက်တယ်။ အငွေ့တထောင်းထောင်းနဲ့ ထမင်းပူပူကြီးဆိုတော့ သပိတ်က ပူနေတယ်။ ကိုယ်တော်ကြီးတွေမှာ အကိုင်ရခက်နေ့ သပိတ်ကို ဟိုလှည့်ဒီလှည့်၊ ဟိုရွှေ့ဒီရွှေ့ ကိုင်နေရတယ်။ အဲဒါကို မြင်တဲ့ ဥတ္တရာလောင်းလျာ နန်းတွင်းသူလေးက ကရုဏာတရားဖြစ်ပြီး လက်မှာ ဝတ်ထားတဲ့ လက်ညှိုးလောက်ရှိတဲ့ လက်ကောက်တွေထဲက ရွှေလက်ကောက်ကြီး ရှစ်ကွင်းကို ချွတ်ပြီး တစ်ပါးတစ်ခုစီ သပိတ်ခြေအဖြစ် လှူလိုက်တယ်။ အဲဒီအကျိုးကျေးဇူးကြောင့် ဘုရားရှင်ရဲ့ တရားတော်ကို နာကြားရာမှာ တစ်လုံးမကျန် သိလွယ် တတ်လွယ်တဲ့ ဉာဏ်ကို ရရှိသွားတာပဲ။ ပြီးတော့ ဘုရားရှင်က ဗဟုသုတရေ တေဒဂ်ဘွဲ့ထူးကို ချီးမြှင့်ပေးသနားသေးတယ်။ ဒီခေတ် နိုင်ငံတော်က ပေးတဲ့ သာသနာရေးဆိုင်ရာ ဘွဲ့တွေလိုပေါ့။ ဒါပေမယ့် ဘုရားရှင်ပေးတဲ့ တေဒဂ်ဘွဲ့က ပိုမြင့်တယ်။ ဒီဇာတ်ဝတ္ထုမှာ ဆင်ခြင်စရာ၊ မှတ်သားစရာ အတုယူစရာတွေ အများကြီးပဲ။ ပြီးတော့ ဒီဂေါတမဘုရားသာသနာမှာ ဥတ္တရာက နံပါတ်(၁) သောတာပန်ဖြစ်တာ"

"ဟုတ်ကဲ့ပါ ဘဘ။ သမီးတို့အဖို့ ဗဟုသုတဖြစ်စေပါတယ်"

"ကောင်းတယ် သမီး။ ခိုင်ခိုင်က ညီမလေး ပိုးပိုးကို ထပ်ဆင့် ရှင်းပြဦး။ ပိုးပိုးက ငယ်သေးတော့ သိတာ ရှိသလို မသိတာလည်း ရှိလိမ့်မယ်"

"ဟုတ်ကဲ့ပါ ဘဘ"

"ကဲ···ဘဘလည်း စာရေးလိုက်ဦးမယ်"

စာရေးသူလည်း မပြီးပြတ်သေးသော စာမူကို ဆက်လက်ရေးသားနေမိပါသည်။


* * *

ဓေယံဦး



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

"ဟာ..."

အိမ်ရှင်တွေဖြစ်တဲ့ ပုဏ္ဏားနဲ့ ပုဏ္ဏေးမရဲ့ တအံ့တသြဖြစ်ပြီး နှုတ်ဖျားက ထွက်သွားကြတဲ့ စကားသံက ပြိုင်တူ။ သူတို့လင်မယား အံ့သြမယ်ဆိုလည်း အံ့သြစရာ။

အိမ်ထဲက ခုံမြင့်တွေနဲ့ ထိုင်နေကြတာက အသက် ၇နှစ်အရွယ် ကိုရင်ငယ်လေးတွေ။ သူတို့နားမှာ ထိုင်နေတာက ကိုရင်လေးတွေရဲ့ ဘိုးအေလောက်ရှိတဲ့ ပုဏ္ဏားအိုကြီး။ ဒီပုဏ္ဏားအိုကြီးက အိမ်ထဲကို ဝင်လာပြီး ထိုင်ပါလို့ ခင်းထားပေးတဲ့ "မဟာရဟာနေရာ"ဆိုတဲ့ မြင့်မြတ်ကောင်းမွန်တဲ့ နေရာမှာ မထိုင်ဘူး။ သူ့မြေးတွေလောက်သာ ရှိကြတဲ့ ကိုရင်လေးတွေရဲ့ ရှေ့ ကြမ်းပြင်ပေါ်မှာ ထိုင်တယ်။ ထိုင်ပြီး ကိုရင်လေးတွေကို ရိုရိုသေသေ လေးလေးမြတ်မြတ်နဲ့ ကန်တော့လိုက်တာများ ထိခြင်းငါးပါးနဲ့ကို ညီလို့။

အဲဒီကတည်းက အဲဒီ ပုဏ္ဏားအိုကြီးကို အိမ်ရှင်ပုဏ္ဏားလင်မယားက အထင်မကြီးတော့တာ။ ဘာလဲ၊ ကိုယ့်မြေးတွေလောက်ရှိတဲ့ ကိုရင်လေးတွေကို ကန်တော့တာ ပုဏ္ဏားကြီး စိတ်မမှန်ဘဲ ရူးနေလို့ ထင်တယ်ဆိုတဲ့ အထင်နဲ့ အထင်မကြီးတာ။ အထင်သေးတာ။

ဒါကြောင့် အဲဒီပုဏ္ဏားကြီးကို အိမ်ထဲက ထွက်လို့ နှင်ခဲ့တာ။ ပုဏ္ဏားကြီးက နားမကြားသလိုပဲ။ မတုန်မလှုပ်နဲ့။ အိမ်ရှင် ပုဏ္ဏားက ပုဏ္ဏားကြီးရဲ့ ပခုံးကို ကိုင်ပြီး ဆွဲထုတ်တယ်၊ ပုဏ္ဏားကြီးက မလှုပ်ဘူး။ လက်နှစ်ဖက်ကိုင်ဆွဲပြီး ထုတ်တယ်၊ မလှုပ်ဘူး။ ချိုင်းက မ,ပြီး ဆွဲထုတ်တယ်၊ မလှုပ်ဘူး။ ဒီလောက်တောင် မလှုပ်ရမလားဆိုပြီး အိမ်ရှင် ပုဏ္ဏားလင်မယားက ပုဏ္ဏားကြီးရဲ့ လက်တစ်ဖက်စီကို ဆွဲထုတ်တယ်။ ဆွဲထုတ်တာမှ သူတို့ဇနီးမောင်နှံက အိမ်ရဲ့ ခြေကျော်တံခါးမကြီးအပြင်ဘက်ကို ရောက်ကြရော။ သူတို့ ဆွဲကိုင်ထားတဲ့ ပုဏ္ဏားကြီးရဲ့ လက်နှစ်ဖက်ကတော့ အိမ်အပြင်ကို ပါလာတာပေါ့။

ဒီတော့ ပုဏ္ဏားအိုကြီး အိမ်အပြင်ကို ပါလာပြီအထင်နဲ့ လင်မယားနှစ်ယောက်က မျက်နှာတွေကို နောက်ဘက်ပြန်လှည့်ပြီး ကြည့်လိုက်တော့ ပုဏ္ဏားအိုကြီးရဲ့ ကိုယ်ခန္ဓာက စောစောက အိမ်ထဲမှာ ထိုင်နေတဲ့ အနေအထားအတိုင်း။ လှုပ်တောင် မလှုပ်ဘူး။ သူတို့ လက်ဆွဲလို့ ပါသွားတာက ရှည်လျားတဲ့ ပုဏ္ဏားအိုကြီးရဲ့ လက်မောင်းနှစ်ဖက်။

အဲဒါကို တွေ့လို့ ပုဏ္ဏားနဲ့ ပုဏ္ဏေးမတို့ တအံ့တသြဖြစ်ပြီး ဟာခနဲ အသံထွက်သွားကြတာပါ။

♦♦♦

အဲဒီဖြစ်စဉ်ရဲ့ အစက ဒီလို။

ဒီလိုဆိုပေမယ့် အဲဒီအကြောင်းမပြောခင် ဆွမ်းနှစ်မျိုးရှိတဲ့အကြောင်း ရှင်းပြပါရစေ။ ဒါက အဲဒီဖြစ်စဉ်နဲ့ ပတ်သက်နေလို့ပါ။

ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ဆိုတဲ့ ပစ္စည်းလေးပါးမှာ ပါတဲ့ ဆွမ်းနှစ်မျိုးမှာ တစ်မျိုးက "ပုဂ္ဂလိကသံဃိက"ဆိုတဲ့ ဆွမ်း။ သံဃာအားလုံးကို လှူတဲ့ ဆွမ်း။ ဘယ်သံဃာပဲ ဘုဉ်းပေး ဘုဉ်းပေး လှူပါတယ် ဘုရားဆိုတဲ့ စိတ်နဲ့ နေ့စဉ် လောင်းလှူတဲ့ ဆွမ်း။

နောက်တစ်မျိုးက "သံဃိက"ဆွမ်း။ မိမိရည်မှန်းတဲ့ သံဃာတော်တစ်ပါး၊ ဒါမှမဟုတ် သုံးလေးငါးပါး စတဲ့ သံဃာတော်သာ၊ သံဃာတော်များသာ ဘုဉ်းပေး သုံးဆောင်တော်မူဖို့ လောင်းလှူတဲ့ ဆွမ်းဖြစ်ပါတယ်။

တစ်ခါက မြတ်စွာဘုရားသခင်ဟာ သာဝတ္ထိပြည်မွန်ဇေတဝန်ကျောင်းတော်ပေါ်မှာ ရဟန်းတော်များကို အသက် ၇နှစ်အရွယ်သာ ရှိသေးကြတဲ့ သာမဏေငယ် လေးပါးတစ်နည်းအားဖြင့် ကိုရင်လေးပါးကို အကြောင်းပြုတဲ့ တရားဟောကြားတော်မူခဲ့ဖူးပါတယ်။

အဲဒီအချိန်တုန်းက သာဝတ္ထိပြည်မှာ သံဃာလေးပါးစသာ ဆွမ်းကပ်လှူနိုင်တဲ့ ပုဏ္ဏားလင်မယားရှိသတဲ့။ တစ်နေ့တော့ သံဃာလေးပါးကို ဆွမ်းကပ်လှူဖို့ အိမ်ရှင် ပုဏ္ဏေးမကြီးက ဆွမ်းချက်တာပေါ့။ ဆွမ်းချက်ပြီးတော့ လင်ယောက်ျားဖြစ်တဲ့ ပုဏ္ဏားကို ဇေတဝန်ကျောင်းတော်ကို သွား၊ မဟာလူကကိုယ်တော်ကြီးတွေဆိုတဲ့ အသက်အရွယ်ကြီးပြီး သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာနဲ့ ပြည့်စုံတဲ့ သံဃာတော်ကြီးလေးပါးကို ဆွမ်းဘုဉ်းပေးဖို့ ပင့်ခဲ့လို့ ခိုင်းခဲ့တယ်။

ပုဏ္ဏားလည်း ဇနီး ပုဏ္ဏေးမ ခိုင်းလိုက်တဲ့အတိုင်း ဇေတဝန်ကျောင်းတော်ကို သွားပြီး သံဃာလေးပါး ဆွမ်းဘုဉ်းပေးဖို့ ပင့်ပါတယ်။ ပင့်တုန်းကတော့ သံဃာတော်ကြီးလေးပါးပါပဲ။ ရလာတော့ သာမဏေဆိုတဲ့ ကိုရင်လေးပါး။ ကိုရင်ဆိုတာတောင်မှ အသက်ကြီးတဲ့ ကိုရင်ကြီးတွေ ရတာမဟုတ်ပါဘူး။ အသက် ၇နှစ်သာ ရှိကြသေးတဲ့ ကိုရင်လေးတွေပဲ ရလာတာ။

အိမ်ပြန်ရောက်တော့ ပုဏ္ဏေးမက မကျေနပ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com

မကျေနပ်ပေမယ့် ပင့်လာပြီးကာမှ ကိုရင်လေးတွေကို ကျောင်းတော်ကိုသာ ပြန်ကြွကြပါ ဘုရားလို့ ပြန်လွှတ်လို့ ဘယ်ဖြစ်မလဲ။ ဒီတော့ ထိုင်ဖို့ နေရာပေးရတယ်။ ထိုင်ဖို့ နေရာပေးရတာက မပေးချင် ပေးချင်နဲ့။ သံဃာတော်ကြီးတွေ ကြွလာမယ်အထင်နဲ့ ကျကျနန နေရာထိုင်ခင်း ပြင်ဆင်ပေးထားတဲ့ မဟာရဟာနေရာ ဆိုတဲ့ မြင့်မြတ်တဲ့ နေရာမှာ မဟုတ်ပါဘူး။ ဒီနေ့ခေတ်စကားနဲ့ ပြောရရင် ကတ္တီပါ ကော်ဇောခင်းတဲ့ နူးညံ့သိမ်မွေ့တဲ့ နေရာမှာ မဟုတ်ဘူး။ ခုံမြင့်လေး လေးလုံးချပေးပြီး ထိုင်ခိုင်းတာ။ ထိုင်ခိုင်းထားတာ နံနက် ၇နာရီခွဲလောက်ကတည်းက။ သောက်ရေတို့၊ ရေနွေးကြမ်းတို့ ဘာမှမကပ်လှူဘဲ ဒီအတိုင်း ထိုင်ခိုင်းထားတာ။

ပုဏ္ဏေးမက သူ့ယောက်ျား ပုဏ္ဏားကို ပြောတယ်။ ဒီ ကိုရင်ငယ်ငယ်လေးတွေချည်းပဲတော့ ဆွမ်းမကပ်လှူနိုင်ဘူး။ ဇေတဝန်ကျောင်းတော်ကို ထပ်သွား၊ သံဃာတော်ကြီး တစ်ပါးရအောင် ပင့်ခဲ့၊ အဲဒီ သံဃာတော်ကြီးပါမှ ဆွမ်းကပ်လှူမယ်ဆိုတော့ ပုဏ္ဏားလည်း ဇေတဝန်ကျောင်းတော်ကို သွားရပြန်တာပေါ့။ ဒီတစ်ခါ ရလာတာက အရှင်သာရိပုတ္တရာ။

ကြွရောက်လာတဲ့ အရှင်သာရိပုတ္တရာက ပုဏ္ဏားလင်မယားအိမ်ရောက်တော့ ဆွမ်းကပ်လှူဖို့ ပြင်ဆင်ထားတဲ့ ဆွမ်းဟင်းတွေနဲ့ ဆွမ်းပန်းကန်တွေကို မြင်တယ်။ ဆွမ်းပန်းကန်က လေးချပ်တည်း။ ဆွမ်းအုပ်၊ ဆွမ်းချိုင့် အပိုမတွေ့ရတာနဲ့ ငါ ဆွမ်းအလှူခံရင် ဟောဒီ ကိုရင်လေးတွေ ဆွမ်းဒုက္ခရောက်တော့မှာပဲလို့ တွေးပြီး ကျောင်းတော်ကို ပြန်ကြွသွားပါတယ်။

ရှင်သာရိပုတ္တရာက ဆွမ်းအလှူမခံ၊ ဆွမ်းဘုဉ်းမပေးဘဲ ကျောင်းတော်ကို ပြန်ကြွသွားတာကြောင့် အိမ်ရှင် ပုဏ္ဏေးမက သူ့ခင်ပွန်း ပုဏ္ဏားကို ဇေတဝန်ကျောင်းတော်ကို တတိယအကြိမ်ပြန်သွား၊ တခြား သံဃာတော်ကြီးတစ်ပါးပါးကို ရအောင် ထပ်ပြီး ပင့်ခဲ့လို့ ခိုင်းပြန်တာပေါ့။ ပုဏ္ဏားကလည်း မယားခိုင်းတဲ့အတိုင်း ဇေတဝန်ကျောင်းတော်ကို သွားပြီး သံဃာတော်တစ်ပါးပင့်ရပြန်သတဲ့။

ဒီတစ်ခါရလာပြန်တာက အရှင်မောဂ္ဂလာန်။ ပုဏ္ဏားလင်မယားအိမ်ရောက်တော့ အရှင်မောဂ္ဂလာန်က သာမဏေလေးတွေ၊ ကိုရင်လေးတွေကို ဆွမ်းရပြီလားလို့ မေးပြန်ပါတယ်။ မေးတယ်ဆိုတာက နေ့ဆွမ်းဘုဉ်းပေးဖို့ အချိန်လွန်မှာ စိုးလို့။ ဘာလို့ဆိုတော့ ပုဏ္ဏားက သူတို့အိမ်ကနေ ဇေတဝန်ကျောင်းကို သုံးခေါက်တိတိ ခြေလျင်လျှောက် အသွားအပြန်လုပ်ရတာဆိုတော့ အသွားနဲ့ အပြန် ခြောက်ခေါက်။ အချိန်က တော်တော်ရောက်နေပြီ။ ဒါကြောင့် အရှင်မောဂ္ဂလာန်က သာမဏေလေးပါးကို ဆွမ်းရပြီးကြပြီလားလို့ မေးတာ။

ကိုရင်လေးတွေက "မရသေးပါဘူး ဘုရား"လို့ ပြန်လျှောက်ထား ဖြေကြားတော့ အရှင်မောဂ္ဂလာန်လည်း ရှင်သာရိပုတ္တရာလို ငါဆွမ်းအလှူခံရင် ဒီကိုရင်လေးတွေ ဆွမ်းရမှာ မဟုတ်တော့ပါဘူးလို့ တွေးပြီး ပုဏ္ဏားလင်မယားရဲ့ ဆွမ်းကို အလှူမခံဘဲ ပြန်ကြွသွားပါတယ်။

အဲဒီအခါ ပုဏ္ဏေးမက ဇေတဝန်ကျောင်းတော်က သံဃာတော်တွေ ဒီလောက်တောင်ဖြစ်နေရင် မပင့်နဲ့တော့၊ အသက်အရွယ်ကြီးပြီး ပညာရှိတဲ့ ပုဏ္ဏားကြီးတစ်ယောက်ကိုပဲ သွားပင့်တော့လို့ ပုဏ္ဏားကို ခိုင်းပြန်သတဲ့။ ပုဏ္ဏားလည်း ပုဏ္ဏားတွေ စုစုဝေးဝေးရှိတဲ့ ဆွေးနွေးပွဲနေရာကို သွားခဲ့တယ်ဆိုပဲ။ အဲဒီမှာ ပုဏ္ဏားအားလုံးက တလေးတစားမျိုးရှိနေတဲ့ ပုဏ္ဏားအိုကြီးတစ်ယောက်ကို မြင်တာပေါ့။ မြင်တာနဲ့ ဆွမ်းစားကြွဖို့ ပင့်ဖိတ်ခေါ်ခဲ့တာပေါ့။ ပုဏ္ဏားအိုကြီးကလည်း မငြင်းဘဲ လိုက်ပါခဲ့ပါတယ်။

လိုက်ပါလာတဲ့ ပုဏ္ဏားအိုကြီးက ပုဏ္ဏားလင်မယားရဲ့ အိမ်ကို ရောက်တယ်ဆိုရင်ပဲ ခုံမြင့်လေးတွေပေါ် ထိုင်နေကြတဲ့ ကိုရင်လေးပါးကို ထိခြင်းငါးပါးနဲ့ ရှိရှိသေသေ ကန်တော့လိုက်တော့တာပါပဲ။

အဲဒီကတည်းက ပုဏ္ဏားလင်မယားက ပုဏ္ဏားအိုကြီးကို အရူးကြီးလို့ထင်ပြီး အိမ်ထဲက နှင်ထုတ်တာ။ ဆွဲထုတ်တာ။ ပုဏ္ဏားတစ်ယောက်တည်း ဆွဲထုတ်လို့ မရတာနဲ့ ပုဏ္ဏေးမပါ နှစ်ယောက်သား ပုဏ္ဏားအိုကြီးရဲ့ လက်တစ်ဖက်စီကို ဆွဲပြီး အိမ်ပြင်ထုတ်တာ။ အိမ်ပြင်ကို ထွက်တော့ ထွက်လိုက်လာပါတယ်။ အဲဒါက ပုဏ္ဏားကြီးရဲ့ ကိုယ်ခန္ဓာ မဟုတ်ဘူး။ ရှည်ထွက်လာတဲ့ ပုဏ္ဏားကြီးရဲ့ လက်မောင်းတံတွေ။ ဒါကို မြင်လို့ လင်မယားနှစ်ယောက် ဟာခနဲ တအံ့တဩဖြစ်တာ။

◆◆◆

အဲဒီတော့မှ ပုဏ္ဏားအိုကြီးက သူဟာ တကယ့်ပုဏ္ဏားအိုကြီးမဟုတ်ဘဲ သိကြားမင်းဖြစ်တဲ့အကြောင်း၊ သိကြားမင်းပုံသဏ္ဌာန်အသွင် ပြန်ပြောင်းပြပြီး…

ကိုရင်လေးပါး၊ သာမဏေလေးပါးကို အထင်မသေးနဲ့။ သာမဏေလေးပါးက သာမဏေကျော်တွေ ဖြစ်တယ်။ သူတို့က အရှင်သာရိပုတ္တရာရဲ့ တပည့်လေးတွေ။ တစ်ပါးက ကိုရင်သံကိစ္စ၊ တစ်ပါးက ကိုရင်ပဏ္ဍိတ၊ တစ်ပါးက ကိုရင်သောပါက။ ကိုရင် သောပါက,က အသက် ၇နှစ်အရွယ်နဲ့



www.burmeseclassic.com

www.burmeseclassic.com

ရဟာန်းပြုခွင့်ရတဲ့ ကိုရင်ဖြစ်တယ်။ စတုတ္ထတစ်ပါးက ကိုရင်ရေဝတ။ ကိုရင် ရေဝတက အရှင်သာရိပုတ္တရာရဲ့ တူတော်မောင်"

လို့ ရှင်းပြတော့မှ အိမ်ရှင် လင်မယားလည်း သဒ္ဓါပေါက်ပြီး စိတ်ထားမှားခဲ့မိတာကို ဝန်ခံ တောင်းပန်ပြီး ဆွမ်းကပ်လှူဒါန်းတော့တာပါပဲ။

ရှင်သာမဏေ လေးပါးက ဇေတဝန်ကျောင်းတော်ကို ပြန်ကြတဲ့အခါ လာတုန်းကလို ခြေလျင်ကြပြီး မပြန်ကြပါဘူး။ တစ်ပါးက အိမ်ခေါင်မိုးကို ဖောက်ထွက်ပြီး ပြန်ကြတယ်။ တစ်ပါးက အိမ်ရှေ့အမိုးကို ဖောက်ထွက်ပြီး ပြန်ကြတယ်။ နောက်တစ်ပါးက အိမ်နောက်ဘက် အမိုးကို ဖောက်ထွက်ပြီး ပြန်ကြတယ်။ နောက်ဆုံးတစ်ပါးကတော့ အခင်းမြေကြီးကို ဖောက်ထွက်ပြီး ပြန်ကြတယ်။ ကိုရင်လေးပါး ဖောက်ထွက်လို့ ဖြစ်သွားတဲ့ အပေါက်တွေကို ဘာနဲ့မှ ပြန်ပိတ်လို့၊ ပြန်ဖို့လို့ မရတဲ့ အပေါက်အတိုင်းဖြစ်နေတယ်တဲ့။

◆◆◆

ဇေတဝန်ကျောင်းတော်ကို ပြန်ရောက်လာကြတဲ့ သာမဏေလေးပါးကို ကျောင်းက ကိုယ်တော်တွေက -

"ဆွမ်းဘုဉ်းပေးကြတာ ဘာလို့ စောစောပြန်မရောက်လာကြတာလဲ"

ဆိုပြီး မေးကြလို့ သာမဏေတွေက အကြောင်းစုံပြောပြတော့ ကိုယ်တော်တွေက -

"ကိုရင်တို့ကို နေရာထိုင်ခင်းကောင်းကောင်းမပေးဘဲ ခုံမြင့်ကလေးတွေပေါ်မှာပဲ ထိုင်ခိုင်းတယ်။ နံနက် ၇နာရီခွဲလောက်ကတည်းက ၁၁နာရီကျော်တဲ့အထိ ဘာမှမကပ်လှူဘဲ ထားတယ်။ သိကြားမင်းက ကိုယ်ထင်ပြပြောတော့မှ ဆွမ်းကပ်တယ်။ ဆွမ်းကပ်တာက မွန်းတည့်ခါနီးပြီ။ ဒီတော့ ကိုရင်တို့က အိမ်ရှင် ပုဏ္ဏားလင်မယားကို စိတ်မဆိုးဘူးလား။ ဒေါသမထွက်ဘူးလား။ တပည့်တော်တို့ကိုယ်တိုင် မခံစားရပေမယ့် ကြားရရုံနဲ့ စိတ်ဆိုးတယ်။ ဒေါသထွက်တယ်"

လို့ မေးတော့၊ ပြောတော့ သာမဏေလေးတွေက -

"စိတ်လည်း မဆိုးပါဘူး၊ ဒေါသလည်း မထွက်ပါဘူး"

လို့ ဖြေကြသတဲ့။

အဲဒီတော့ ကိုယ်တော်တွေက -

"ဒီ ကိုရင်လေးတွေက သူတို့ကိုယ်သူတို့ အရဟတ္တဖိုလ်ရနေသလို မဟုတ်မမှန်ပြောနေပါတယ် ဘုရား"

လို့ မြတ်စွာဘုရားရှင်ကို လျှောက်ထားကြတာပေါ့။

ဒီတော့မှ မြတ်စွာဘုရားရှင်က -

"အို. . . ချစ်သားတို့၊ အာသဝေါကုန်ခန်းတဲ့ ရဟန္တာပုဂ္ဂိုလ်တို့ဟာ ဒေါသမထွက်ကြဘူး။ တဏှာပယ်ရှင်း ဒိဋ္ဌိကင်းကြပါတယ်"

လို့ ဖြေကြား ဟောကြားတော်မူတော့မှ ကိုယ်တော်တွေလည်း ကိုရင်ငယ်လေးပါး၊ ရှင်သာမဏေလေးပါးဟာ ရဟန္တာတွေမှန်း သိရှိ လက်ခံသွားခဲ့ကြတော့တာပါပဲ။

◆◆◆

မြတ်စွာဘုရားရှင် ဟောကြားခဲ့မတော်မူတဲ့ အဲဒီ သာမဏေငယ်လေးပါးကို အကြောင်းပြုတဲ့ တရားတော်မှာ ယူစရာတွေ အများကြီး ရှိပါတယ်။ အဓိက ယူစရာကတော့ ဒါန၊ သီလနဲ့ ဘာဝနာကို အရင်းခံပြီး ဝိပဿနာ အားထုတ်ကြရမယ်။ အားထုတ်တဲ့သူက အသက်ကြီးကြီး/ငယ်ငယ် ဘယ်သူပဲဖြစ်ဖြစ်၊ ဘယ်အရွယ်ပဲ ဖြစ်ဖြစ်၊ တကယ်ဖြစ်ချင် တကယ်လုပ်၊ အဟုတ်ဖြစ်ရမယ် ဆိုတဲ့အတိုင်း သီလစောင့်ထိန်းပြီး သီလဖြူဖြူစင်စင်နဲ့ ဒါနအမှုကို စေတနာသုံးတန် ပြတ်ပြတ်သားသားပြုလုပ်မယ်၊ သမာဓိကို တည်တည်ငြိမ်ငြိမ် ဖြစ်အောင် စိတ်ကို ပျံ့လွင့်မှု မရှိအောင် ထိန်းချုပ်မယ်။ ဝိပဿနာအလုပ်ကို နည်းစနစ်မှန်မှန် ဌာ၊ လုံ့လ၊ ဝီရိယနဲ့ မဖြစ်မနေ ကြိုးစားအားထုတ်ကြမယ်ဆိုရင် အခုရရှိထားကြတဲ့ လူ့ဘဝမှာပဲ ရဟန္တာဘဝကို ရနိုင်တယ်ဆိုတာ ယုံယုံကြည်ကြည်နဲ့ ကျင့်ကြံ ကြိုးကုတ် အားထုတ်ကြဖို့ပဲ ဖြစ်ပါတယ်■

* * *

မန်းတနော်နောင်လင်း

(ကျေးရွာတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး အရှင်ဝိစိတ္တသာရာဘိဝံသ ဟောကြားတော်မူသော သာမဏေကျော်လေးပါး တရားတော်ကို ကြည်ညို ရိုသေစွာ ပူဇော်ကန်တော့ပါတယ်။)

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

မိုင်းမှိုင်းညို့ညို့ တောအုပ်ကြီးသည် လွန်စွာတိတ်ဆိတ်လှ၏။

စမ်းချောင်းငယ်လေးတစ်ခုသည် တောအုပ်အတွင်း၌ ဖြတ်သန်းစီးဆင်းနေသည်။ လျှိုပေါက်မှ ထွက်လာသော သမင်ငယ်လေးသည် စမ်းချောင်းရှိရာသို့ လာနေ၏။

စမ်းရေသောက်ရန် စိတ်စောနေပုံရသည့် သမင်ငယ်လေးသည် တောရိပ်ကို ဆင်ခြင်မိဟန် မရှိပေ။

တောကျွမ်း မုဆိုးကြီး စဉ်းစားမိသည် လေးနှင့် မြားကို ပြင်လိုက်၏။

သားထမ်းသမားတစ်ယောက်လည်း မုဆိုးကြီးနောက်ပါး၌ ကပ်လျက် ပါရှိနေ၏။

သမင်ငယ်လေးသည် စမ်းရေကို မက်မက်မောမော သောက်နေ၏။ မြင်ကွင်းက ရှင်း၏။ သေချာလွန်းလှသည့် ပစ်ကွင်းဖြစ်သည်။

ထိုစဉ် အမှတ်မထင် အပြောင်းအလဲတစ်ခုဖြစ်သွားလေ၏။ စမ်းရေသောက်လက်စ သမင်လေးသည် ရုတ်ခြည်း လျင်မြန်စွာ လျှိုထဲသို့ ပြန်ပြေးဝင်သွားလေတော့သည်။

"တောက်…ဟင်း…"

သက်ပြင်းချသံနှင့်အတူ မုဆိုးကြီးသည် အံတစ်ချက် ကြိတ်လိုက်၏။

မကြာမြင့်မီကပင် ဆီးဖြူပင်အောက်မှ အပိုင်ချေ တစ်ကောင် လွတ်ခဲ့၏။ ယခုလည်း သေချာတဲ့ သမင်ငယ် လွတ်ရပြန်ပြီ။

သင်းကြောင့်။ သင်း နောက်လိုက် သားထမ်းသမား မနေတတ်မှုကြောင့် လက်လွတ်သွားရသည့် သားကောင်တွေကား များလှချေပြီ။

မုဆိုးကြီးသည် လေးနှင့် မြားကို ပူးကိုင်လိုက်၏။ တံတွေးကို ပစ်ခနဲ တစ်ချက်ထွေးလိုက်၏။ မျက်ထောက်နီကြီးနှင့် နောက်သို့ လှည့်ကြည့်လိုက်ကာ…

"သင်ပြန်တော့။ သင်ရှိနေသမျှ သားကောင်မရ"

ဟု သားထမ်းသမားအား ပြောဆိုလိုက်လေ၏။

အထမ်းသမားသည် ဦးခေါင်းငိုက်စိုက်ချလိုက်ကာ လာရာလမ်းသို့ လှည့်ပြန်သွားလေတော့သည်။

ဒေါသနှင့် ခက်ထန်သည့် ယောက္ခမဖြစ်သူ မုဆိုးကြီး၏ မျက်နှာသည် သူ့အာရုံတွင် တဖျတ်ဖျတ်ပေါ်နေလေ၏။ စဉ်းစား၍ မဆုံးနိုင်သည့်အတွေးများသည်လည်း လမ်းတစ်လျှောက်လုံး လွှမ်းမိုး ပိတ်ဖုံးနေလေတော့သည်။

◆◆◆

အတွေးတို့သည် ပြန့်လွင့်နေရာမှ ယောက္ခမ မုဆိုးကြီးထံသို့ ရောက်ရှိသွားပြန်လေ၏။

သူ့သမီးနှင့် မထိမ်းမြားမီ မုဆိုးကြီးက…

"ငါ့သမီးကို ရဖို့ဆိုတာတော့ လွယ်ပါတယ်။ လူဆိုတာ ပညာရှိမှ ဥစ္စာရနိုင်တာ။ ဥစ္စာရှိမှ ချမ်းသာရနိုင်တယ်။ လုပ်ကျွေးနိုင်တဲ့ ကိုယ်စွမ်းပညာ ဥစ္စာရဖို့ဆိုတာ ခဲယဉ်းပါတယ်"

ဟု ပြောဆိုလေ၏။ မုဆိုးကြီးသည် သမက်တော်ရမည့် သူ့အား တစ်ချက်စိုက်ကြည့်လိုက်၏။

ထို့နောက် ဆက်လက်ပြီး မုဆိုးကြီးက…

"အသင်…အဘယ်ပညာကို တတ်မြောက်ပါသလဲ"

ဟု မေးလိုက်၏။

ဆိတ်ဆိတ်နေပြီး အတန်ကြာမှ သမက်တော်ရမည့် သူက…

"ကျွန်တော်ဟာ ဘာအတတ်ကိုမှ မတတ်ပါ။ မုဆိုးကြီးကိုသာ အဖော်ပြုပြီး ရသမျှ သားငှက်ကို ထမ်းကာ ဈေး၌ ရောင်းဖို့တော့ တတ်နိုင်ပါတယ်"

ဟု သွက်လက်စွာ ဖြေကြားလိုက်လေ၏။

တစ်ချက်ပြုံးလိုက်ကာ ခေါင်းတညိတ်ညိတ်လုပ်ရင်းမှ မုဆိုးကြီးက…

"အသိန်းအသန်းဆိုတဲ့ ဥစ္စာကို ရာနိုင်တယ်ဆိုပေမယ့် ကျွန်ုပ် မနှစ်သက်။ အခု သင့်ရဲ့ နှုတ်မှ ထုတ်ပြီး ဝန်ခံတာကိုသာ အားရနှစ်သက်ပါတယ်"

ဟု လွန်စွာအားရကျေနပ်စွာ ဖြေကြားလိုက်၏။

ထို့နောက် သမက်တော်ရမည့်သူ့အား အိမ်သို့ ခေါ်သွား၏။ လွန်စွာနှစ်သက် သဘောတူသောကြောင့် သမီးနှင့် လက်ဆက်ထိမ်းမြားပေးလိုက်လေတော့သည်။

တပ်မက်စိတ်ဖြင့် လွယ်လင့်တကူ အဖြေပေးခဲ့ခြင်း ဖြစ်၏။

မုဆိုး၏ သမီးကိုလည်း ပိုင်ဆိုင်ခဲ့ရပြီ။ မုဆိုးကြီးအား အဖြေပေးခဲ့စဉ်က လွယ်သလောက်၊ လက်တွေ့ကား အလုပ်တွင် အံမဝင်။ အခက်အခဲပေါင်းများစွာကြုံရလေတော့သည်။

လုပ်ငန်းခွင်ဝယ် ပျော့ကွက်၊ ညံ့ကွက် အားနည်းချက်တို့ကား အမြဲလိုလို ကြုံတွေ့နေရ၏။



www.burmeseclassic.com

www.burmeseclassic.com

ယောကျ်ားမ မုဆိုးကြီးက ငြိုငြင်လာလေ၏။

ဇနီးသည်ကလည်း စောင်းမြောင်းစ ပြုလာနေလေတော့၏။

♦♦♦

လွင့်မြောနေသော စိတ်တို့နှင့်အတူ ဦးခေါင်းကို ငိုက်စိုက်ချလျက် ဆက်လျှောက်လာမိသည်။

ခြေလှမ်းတိုင်း လေးလံ ထိုင်းမှိုင်းနေ၏။

တရွေ့ရွေ့ တတွေးတွေးလျှောက်လာရင်း အိမ်ရှေ့သို့ ရောက်လာလေ၏။

အိမ်ရှင်မသည် ပုခက်လွှဲနေ၏။

သူ့ကို လှမ်းမြင်လိုက်သည်နှင့် သိသာလှစွာသော ငြိုငြင်ရိပ်များသည် သူမမျက်နှာတစ်ပြင်လုံး လွှမ်းခြုံသွားလေတော့၏။

မဆန်းတော့ပါ။ ဤသို့သော ဆက်ဆံပြုမူမှုများတို့ကား သူ့တွက် ကာလကြာရှည် ခံစားနေရခဲ့ဖူးလေ၏။

အချစ်သည် သူ့ကို ဖမ်းစားခဲ့၏။

နှစ်ဦးနှစ်ဖက် သက်တူရွယ်မျှ ကြိုက်ချစ် နှစ်သက်ခဲ့လမ်းမိခဲ့ကြသည်မဟုတ်ပေ။ မိမိဘက်ကသာ အိမ်ရှင်မအား မြင်တွေ့သည့်နေ့မှစပြီး အစွဲကြီးစွဲ၊ အတပ်မက်ကြီး တပ်မက်ခဲ့ခြင်းဖြစ်သည်။

စိတ်ကူးဖြင့် အချစ်ရူးခဲ့၏။ မအိပ်နိုင်၊ မစားနိုင် တမှိုင်မှိုင်ဖြစ်ခဲ့ရ၏။

သူမကို မရလျှင်တော့ မနေသာ၊ သေရွာသို့ သွားရတော့မည့် သူ့ဘဝဖြစ်ခဲ့ရလေတော့၏။

တပ်မက်မှု အချစ်မီးသည် တငြီးငြီးကို လောင်ကျွမ်းနေလေ၏။ ယနေ့တိုင်ပင် မငြိမ်းနိုင်တော့ပေ။

သားထမ်းသမားသည် အိမ်တွင်းသို့ လှမ်းဝင်လိုက်၏။

သင့်ရာနေရာတွင် ဝင်ထိုင်ရန် ပြင်လိုက်၏။

ထိုစဉ် ပုခက်တွင်းမှ အဲ့ခနဲအသံနှင့်အတူ ကလေးငယ်သည် လူးလွန့်လှုပ်ရှားသွား၏။

စိတ်လွတ်လက်လွတ် ထိုင်ချလိုက်၏။

ပုခက်တွင်းမှ ကလေးသည် လူးလွန့်လာပြန်ကာ အသံပြုလေတော့၏။

အိမ်ရှင်မသည် ပုခက်အနီးသို့ ရောက်လာ၏။

အသာအယာ ပုခက်ကြိုးလေးကို ကိုင်လိုက်ကာ တေးတစ်ပုဒ်ကို ကောက်ကာငင်ကာ…

"နှင့်ဘရူးနှမ်း ရဟန်းပေါ့ပျက်၊ ငါ့ကို မက်၍ လူထွက်လာသည်၊ ပညာပေတုံး ထမင်းဖြုန်း၊ အို…ခေါင်းတုံးမွဲရဲ့သား…အိပ်ပါတော့လား…"

ဟု သီကျူးလိုက်လေတော့၏။

အကြိမ်ကြိမ် ထိပါးပုတ်ခတ်ကာ နေ့စဉ်ဆိုညည်းသည့် သီချင်းသံကြောင့် နားငြီးပြီးရင်း နားငြီးနေရ၏။ ရှက်ခြင်းကြီးလည်း ရှက်လာရ၏။ ဒေါသမီးကား ကြီးပြီးရင်း ကြီးလာနေလေတော့၏။

သို့ဖြင့် တုန်ယင်သော အသံကြီးနှင့် သားထမ်းသမားက…

"ရှင်ဆာဝါ…ငါ့မှာ ကိုးကွယ်ရာမရှိ ထင်မှတ်နေသလား။ "အနန္တဇိန"အမည်ရသည့် ငါ့အဆွေ ထင်ရှားစွာရှိပေသည်။ ငါ့အဆွေထံ ငါပြန်၍ ရဟန်းပြုလျှင် သားတစ်ခုနှင့် ယခုပင် သင် လင်ပစ်မ ဖြစ်ပေရော့မည်"

ဟု ရှက်ရမ်းရမ်းပြီး ကြိမ်းဝါးလိုက်လေ၏။ မျက်စောင်းတစ်ချက်ထိုးပြီး မဲ့ပြုံးပြုံးလိုက်၏။

အိမ်ရှင်မသည် ပုခက်ကြိုးကို လှမ်းဆွဲလိုက်ကာ သူမဆိုနေကျ သားချော့တေးကို အသံမြှင့်လိုက်ပြီး တစ်ကျော့ပြီး တစ်ကျော့ သီဆိုနေလေတော့သည်။

♦♦♦

စိတ်သည် ညစ်ပြီးရင်း ညစ်လာနေလေ၏။

အိမ်တွင်းရေး အဆင်မပြေသံလို၊ အခြားအရေးများပါ အဆင်မချောဖြစ်လာလေတော့၏။

သားထမ်းသမားသည် ကစဉ့်ကလျားစိတ်များနှင့်အတူ တေးတစ်ပုဒ် အမှတ်မထင် စိတ်ထဲ၌ ပေါ်လာလေ၏။

"စိတ်ညစ်စရာ ××× မောင်မတွေး×××နောင်ရေးကိုတဲ့ ×××စွန့်ကာပယ်…"

ဟူသည့် တေးလေးနှင့် အိမ်ရှင်မအား တန်ပြန်ဆိုပေးလိုက်ချင်၏။

သို့သော် တကယ်တမ်း နောင်ရေးကို မပယ်ရဲတဲ့သူဖြစ်နေ၏။ နှလုံးသားအား တွယ်တာနိုင်စွမ်းသည့် နောင်ကြိုးကား ရစ်ထုံးဖွဲ့နေလေ၏။

ချစ်မဝ ရင်သွေး သားငယ် သုဘဒ္ဒသည် သူ့ကို ချည်နှောင်ရစ်ငင်ထားနှင့်လေတော့၏။

နောင်ရေး စိတ်မအေးကာ အတွေးချာလည်ဖြစ်နေရာမှ ရှေးဖြစ်ဟောင်း ဘဝအကြောင်းကို ပြန်ပြောင်း သတိဝင်လာရပြန်၏။

♦♦♦

တစ်နေ့သ၌ ဝင်္ဂဇနပုဒ်၏ အကြီးအကဲ မုဆိုးကြီး "စဏ္ဍာမိ"က ကိုးကွယ်လုပ်ကျွေးပါမည်ဟု ပင့်ဖိတ်သဖြင့်


www.burmeseclassic.com

www.burmeseclassic.com

မိမိ ဤရွာကလေးသို့ ကြွလှမ်းလာခဲ့ရလေ၏။

လမ်းခုလတ်တွင် အမှတ်မထင် ဆုံတွေ့လိုက်ရသော ပုဂ္ဂိုလ်ထူးအား လွန်စွာစိတ်ဝင်စားမိသည်။

ထိုပုဂ္ဂိုလ်ထူး၏ ဣန္ဒြေတို့သည် နှစ်လိုကြည်ညိုဖွယ် ရှိ၏။ သန့်ရှင်းစင်ကြယ် သပ္ပာယ်ပြည့်ဖြိုးပြီး ထွန်းလင်းသော အရောင်အဝါလည်း ရှိ၏။

မိမိ၏ စိတ်တွင် ထိုပုဂ္ဂိုလ်ထူးအား နှစ်လိုကြည်ညိုမိလေ၏။ ထို့ကြောင့် ရိုသေလေးမြတ်စွာ အနီးသို့ သွားရောက်ကာ…

"သင်၏ အမည် အဘယ်သို့ ခေါ်ဆိုပါသနည်း"

ဟု မေးမြန်းမိလေ၏။ ထိုပုဂ္ဂိုလ်က…

"ငါ့အမည်ကား ငါးပါးမာရ်ကို ပယ်လှန်အောင် သိ၍ "အနန္တဇိန"မည်ပေသည်"

ဟု ဖြေတော်မူလေ၏။ အဖြေကို ကြားမိမိချင်း ရင်ထဲ၌ အေးမြသွားရ၏။

"ဟုတ်လောက်ပါပေတယ်"ဟု တွေးမိသည်။

ဆက်လက်၍…

"သင် ယခု အဘယ်အရပ်သို့ ကြွအံ့နည်း"

ဟု မေးလေ၏။ ငြိမ်းအေးသော အသံတော်နှင့် အတူ…

"ချစ်သား ဥပက… သမုဒ္ဒရာ ဂင်္ဂါသဲမျှ ပွင့်ကုန်ကြသော ဗုဒ္ဓတို့ဓမ္မတာ ဓမ္မစကြာဟူသော တရားစည်ကြီးကို တီးတော်မူခြင်းငှာ ဗာရာဏသီပြည်၏ အနီး မိဂဒါဝုန်တောကြီးသို့ ငါ ကြွတော်မူအံ့"

ဟု မိန့်ကြားတော်မူလိုက်လေ၏။

"ချစ်သား ဥပက"ဟု မိမိအမည်ကို ခေါ်တွင်၍ ဖြေကြားတော်မူလိုက်သဖြင့် တုန်လှုပ်သွားမိလေ၏။

ထို့ကြောင့် မိမိကပင် ဦးစွာ…

"ကောင်းလှပါပြီ အရှင်၊ သွားပေဦးတော့"

ဟု နှုတ်ဆက်ကာ ခရီးလမ်းလွဲပြီး ဝင်္ကဇနပုဒ်သို့ ရှေးရှုကာ ထွက်ခွာလာခဲ့မိလေတော့၏။

နောင်တသည် သူ့ကို သတိတရဖြစ်လာနေစေတော့ပြီ။

"ငါ… အဲဒီတုန်းက အနန္တဇိန၏ နောက်ကို တစ်ပါတည်းလိုက်သွားမိပါက ကောင်းလေစွ"

ဟူသော အတွေးနောင်တများသည် တစ်စတစ်စပွားလာနေလေတော့၏။

♦♦♦

အတွေးသံသရာ၌ ပြေးလွှားနေစဉ်မှာပင် ယောက္ခမ မုဆိုးကြီး စလ္လာမိ ပြန်လာနေလေ၏။

သမင်ငယ်တစ်ကောင်ကို ခါးဆစ်မှ ပိုင်းကာ ထမ်းလာနေလေ၏။ ဗလာကျင်းနေသည့် မုဆိုးကြီး၏ ကျောပြင်၌ သွေးစီးကြောင်းများဖြင့် နီစွေးရဲထနေလေ၏။

အနိဋ္ဌာရုံ ဤမြင်ကွင်းသည် ဥပကအား ကြက်သီးဖြန်းဖြန်းထသွားစေလေ၏။ လွန်စွာလည်း စိတ်ကုန်ခန်း တုန်လှုပ်သွားမိလေတော့၏။

ဆာဝါသည် ဖခင်ကြီးအား အပြေးဆီးကြိုလေ၏။

သမင်သားကို ရောင်းချနိုင်ရေးအတွက် ပြင်ဆင်မှုအလျင်အမြန်ပြုလုပ်လေ၏။

ထိုအခိုက် သားငယ် သုဘဒ္ဒသည် ပုခက်တွင်းမှ လူးလွန့်ထကာ ကျယ်လောင်စွာ ဝါးခနဲ ငိုကြွေးလိုက်လေ၏။

သမင်သားတစ်တုံးကို ဓားဖြင့် တုံးလိုက်ရင်း ဆာဝါက…

"သားထမ်းသမားရဲ့သား၊ မုဆိုးနောက်လိုက် လူထွက်မိုက်ရဲ့သား…ငါ့အား အပူမရှာနှင့်"

ဟု သားငယ်အား မချော့သည့်အပြင် ဖခင်ဖြစ်သူကိုပါ ပုတ်ခတ်ထိပါးကာ ပြောဆိုရင်း ငေါက်ငမ်းလိုက်လေ၏။

သူ့ဘဝရဲ့ နှောင်ကြိုးတစ်မျှင် သားငယ် သုဘဒ္ဒကား တဝါးဝါးငိုမြဲ ငိုဆဲ၊ ဆက်၍ ငိုနေလေတော့၏။

နှောင်ကြိုးမျှင်လေး ဆာဝါနှင့် သားငယ်တို့အား တွေတွေလေး ကြည့်နေလိုက်၏။ အတန်ကြာသော် မည်သူ့ကိုမှ စကားမဆိုတော့ဘဲ သက်ပြင်းရှည်ကြီးတစ်ချက်ချလိုက်မိ၏။

ဥပကာသည် ထိုင်ရာမှ ဆတ်ခနဲ ထရပ်လိုက်၏။ အိမ်အပြင်သို့ သက်ပြင်းတစ်ချက်ချကာ လှမ်းထွက်လိုက်၏။

စိတ်အစဉ်သည် ငြိတွယ်ခြင်းနှောင်ကြိုးမှ ကင်းလွတ်သွား၏။ နှောင်ကြိုးမျှင်များကို ဖြတ်ချလိုက်၏။

ရဲတင်းစွာ ဆုံးဖြတ်လိုက်၏။ သူ့နှလုံးသားကို လွှမ်းမိုးသွားနိုင်၏။

အိမ်အပြင်သို့ လှမ်းထွက်သွားနေမိသည်။

နှောင်ကြိုးမဲ့ ခြေလှမ်းသစ်များသည် ဆုံးဖြတ်ပြီး စိတ်နှလုံးသားတို့နှင့်အတူ အနန္တဇိနရှိရာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ကြီးဆီသို့ ရှေးရှုလိုက်ကာ စတင်လှမ်းထွက်လိုက်လေတော့သတည်း။

* * *

မြင့်မြတ်ကျော်နောင်



www.burmeseclassic.com

www.burmeseclassic.com

ရွှေကျင်ကျောက်ကြီးဒေသသို့ စစ်ဆင်ရေးတစ်နှစ်အထိ ဝင်ရောက်ခဲ့ရပြီး နောက်တန်းရှိ ဖောင်းပြင်တပ်ရင်းသို့ ပြန်လည်ရောက်ရှိလာသောအခါ ကျွန်ုပ်၏ ကျန်းမာရေး အခြေအနေမှာ လွန်စွာမှ ဆိုးရွားခဲ့ပါတော့သည်။ စစ်ဆင်ရေး၏

# ရက္ခစိုးနတ်အား ယှဉ်ပြိုင်ရင်ဆိုင်ခဲ့သူ တစ်ယောက်၏ ကိုယ်တွေ့ဖြစ်ရပ်ဆန်း

ချစ်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com

ပင်ပန်းကြမ်းတမ်းမှုကြောင့် ဖြစ်ပါသည်။

သို့ဖြစ်၍ အဆိုပါ ၂၀၀၂ ခုနှစ်တွင် ပြင်ဦးလွင်မြို့ရှိ ခုတင် ၇၀၀ စစ်ဆေးရုံသို့ တက်ရောက် ကုသခဲ့ရတော့သည်။ စစ်ဆေးရုံတွင် သုံးလခန့် ကြာမြင့်ခဲ့သော်လည်း ကျွန်ုပ်၏ ကျန်းမာရေးအခြေအနေမှာ သက်သာသည်ဟု ဆိုရရုံ လောက်သာရှိပြီး အကောင်းပကတိ မဖြစ်ခဲ့။ သို့ဖြင့် ဆေးအဆင့်ချကာ တပ်ရင်းသို့ ပြန်ခဲ့ရသည်။

တပ်ရင်းသို့ ပြန်ရောက်သောအခါ ကျွန်ုပ်အနေဖြင့် ဆေးအဆင့်ချထားရသူဖြစ်၍ ဘာတာဝန်မှ မထမ်းရ။ ဆေးရုံမှ ပေးလိုက်သော ဆေးများကိုသာ ပုံမှန်သောက်ပြီး လိုအပ်သော လေ့ကျင့်ခန်းများ မိမိ၏ နေအိမ်ဝင်းအထဲမှာပဲ နေ့စဉ်နှင့်အမျှ ပြုလုပ်နေရသည်။ ဒီလိုနဲ့ တစ်ရက်ပြီး တစ်ရက် အချိန်ကုန်နေရသည်။ ကြာတော့ ငြီးငွေ့လာသည်။

ခါတိုင်းဆိုလျှင် ယခုလို ရုံးဖွင့်ချိန်များတွင် ကျွန်ုပ်က ကျွန်ုပ်၏ တပ်ခွဲရှိ စစ်သည်များနှင့်အတူ တပ်ရင်း၏ လုပ်စရာရှိသော လုပ်ငန်းများကို အတူတကွ လက်တွဲပြီး ပြောလိုက်ဆိုလိုက်၊ လုပ်လိုက်ကိုင်လိုက်ဖြင့် တစ်နေ့တာ၏ အချိန်ကို ကုန်လို့ ကုန်မှန်းမသိနိုင်အောင်ပင် ပျော်ရွှင်စွာ ရှိခဲ့ရပါသည်။

ရှေ့တန်းသို့ ရောက်ရပြန်ပြီဆိုလျှင်လည်း ထို့အတူပင်။ တစ်နေကုန် တစ်နေခန်း ၂၄နာရီပတ်လုံး အတူတကွ ပြောဆိုတိုင်ပင်ကြပြီး အထက်က ပေးအပ်သော တာဝန်များကို ပျော်ရွှင်စွာ ထမ်းဆောင်ခဲ့ကြရစမြဲပင်။

ထိုအခါ ကျွန်ုပ်နှင့် ကျွန်ုပ်၏ စစ်သည်များသည် နေ့စဉ်နဲ့အမျှ ထိတွေ့ ဆက်ဆံနေကြရလေရာ တစ်အူတုံ့ ဆင်းလာခဲ့ရသော ညီအစ်ကိုများကဲ့သို့ပင် အပြန်အလှန် ချစ်ခင်လေးစားမှုများကို ရကြတော့သည်။ ခင်မင်မှု သံယောဇဉ်တရားများ ကြီးမားခဲ့ကြရတော့သည်။ ထိုသံယောဇဉ်တရားများကို ကျွန်ုပ်တို့ သာမန် မျက်စိဖြင့် မမြင်ရနိုင်ပါ။ ထိုမမြင်ရသော သံယောဇဉ်တရားများ အမှန်တကယ်ရှိနေပါသည်။

ယခုအခါ ကျွန်ုပ်၏ ကျန်းမာရေးမှာ အာရုံကြော အားနည်းသည့် ရောဂါဖြစ်နေ၍ လမ်းလျှောက်လျှင်ပင် တုတ်တစ်ချောင်းကို အားပြုပြီး လျှောက်နေရသဖြင့် သူတို့ဆီ မရောက်နိုင်ပါ။ တပ်ရင်းတစ်ရင်းထဲ အနေနီးနေပါလျက် ဝေးနေရတော့သည်။ ကျွန်ုပ်က သူတို့အပေါ် ရင်အုပ်မကွာ လိုက်ပြီး ပြုစုစောင့်ရှောက်လိုသော်လည်း စိတ်သွားတိုင်း ကိုယ်မပါနိုင် ဖြစ်နေရသည်။ သူတို့လာမှသာ တွေ့ဆုံခွင့်ရတော့သည့် အခြေအနေဖြစ်ရသည်။

ကျွန်ုပ်က သူတို့ဆီ မရောက်နိုင်သော်လည်း သူတို့က မူ ကျွန်ုပ်အိမ်ရှိရာသို့ မကြာခဏလာပြီး လည်ပတ်တတ်သည်။ သူတို့ သိရှိထားသမျှသော ဆေးနည်းများ လာပြောသူက ပြောကြပြီး၊ လာပေးသူကလည်း လာပေးကြသည်။

ညအချိန်သို့ ရောက်တိုင်း ကျွန်ုပ်၏ တပ်ခွဲမှ စစ်သည် နှစ်ယောက်၊ သုံးယောက်ကတော့ အမြဲရောက်ပါသည်။ ကျွန်ုပ်အား နင်းပေးခြင်း၊ နှိပ်ပေးခြင်းများ ပြုလုပ်ကြပြီး စားစရာရှိသည်များကိုလည်း စားသွားကြသည်။ စားစရာမရှိတော့ရင်လည်း ထပ်မံ ချက်ပြုတ်ပြီး စားသောက်တတ်ကြသူများလည်း ပါသည်။

တစ်ညသောအခါ ကျွန်ုပ်အား လာရောက် နင်းပေး နှိပ်ပေးသူများနှင့်အတူ ဆရာကြီး အောင်ကျော်ထူးလည်း လိုက်ပါလာခဲ့သည်။ စစ်သည်များက ကျွန်ုပ်အား နင်းနှိပ်ပေး နေကြစဉ် ဆရာကြီး အောင်ကျော်ထူးက ကျွန်ုပ်တို့၏ တပ်ရင်း စပြီး တည်ဆောက်စဉ်အခါက သူကိုယ်တိုင်တွေ့ကြုံခဲ့ရသော အတွေ့အကြုံအား ဧည့်ခန်းတွင် ထိုင်ကာ ရေနွေးကြမ်းသောက်ရင်း ပြောပြသည်မှာ စိတ်ဝင်စားစရာ ကောင်းလှပါသည်။ တပ်ရင်း စပြီးတည်ဆောက်စဉ်အခါက ကျွန်ုပ် မမီခဲ့ပါ။

◆◆◆

"ကျွန်တော်တို့ ဒီတပ်ရင်းရောက်လာခါစက ဒီမှာ နေတာမဟုတ်ဘူး။ ဖောင်းပြင်မြို့ကနေ တက်လာရင် သစ်စက်အလွန်မှာ တွေ့ရတဲ့ ကုန်းလေးမှာ နေရတယ်။ အဲဒီမှာ နေပြီး ဒီနေရာကို တပ်ရင်းတည်ဆောက်မယ်ဆိုတော့ နေ့တိုင်းလာပြီး တောခုတ် ရှင်းလင်းရတာပေါ့။ အင်တိုင်းတောကြီးပါ။ ဝါးတွေ၊ ချုံနွယ်တွေနဲ့ တော်တော်လေးကို တောထူတာပေါ့။ ဒီဒေသက နယ်မြေခံ လူတွေဆိုရင် အဲဒီတောထဲမှာ မကြာခဏ မျက်စိလည်ဖူးတယ်လို့ ဆိုတယ်။ အဲဒီလို မျက်စိလည်ပြီဆိုတာနဲ့ တစ်ခါတစ်ရံ ကြာစွယ်ကြာပန်းတွေနဲ့ ဝေဝေဆာဆာကြီး ပွင့်ဖူးနေတဲ့ ရေကန်ကြီးတွေ တွေ့ရတယ်လို့ ဆိုပါတယ်။

တောကြမ်းတယ်လို့ ဆိုရမှာပေါ့။ အခုကြည့်ပါလား။ တစ်တောလုံး ခုတ်ထွင်ရှင်းလင်းပြီး တပ်တွေ တည်ဆောက်၊ နှစ်ရှည်ပင်တွေ စိုက်ထားကြပြီးပြီ။ ဘာရေကန်မှ မတွေ့ရပါဘူး။

အဲ…တပ်ရင်းအသစ်စပြီး တည်ဆောက်တော့မယ် ဆိုတော့ ပထမဆုံး မြေတိုင်းပြီး အကွက်ရိုက်ကြရတာပေါ့လေ။ အကွက်ရိုက်ပြီးတော့ ကျွန်တော်တို့က တောကို



www.burmeseclassic.com

www.burmeseclassic.com

ခုတ်ထွင်ရှင်းလင်းရတာပေါ့။ တပ်ရင်းကတော့ တပ်ခွဲအလိုက် ခွဲတာဝန်ချလိုက်တာပါပဲ။ တပ်ခွဲကတစ်ဆင့် တပ်စုတွေကို ပြန်ပြီး အပိုင်းလိုက် ခွဲဝေသတ်မှတ်လိုက်ပြန်တော့ ကျွန်တော် ခုတ်ထွင်ရှင်းလင်းရတဲ့ နေရာဟာ အခု ဒီနေရာလည်း ပါသွားတာပေါ့။

အခု ဒီခြံကွက်ထဲမှာ အရင်က ညောင်ပင်ကြီးတစ်ပင် ရှိခဲ့တယ်။ လူကြီးသုံးယောက်ဖက်စာလောက် ရှိမယ်။ ကျွန်တော်တို့လည်း ဒီအကွက်ထဲမှာ ရှိရှိသမျှ အပင်တွေကို ခုတ်ထွင်ရှင်းလင်းရတော့မယ်ဆိုတော့ ဒီညောင်ပင်ကြီးကိုလည်း ခုတ်ပစ်ရတော့မှာပေါ့။

ဒီလိုနဲ့ ကျွန်တော်က ကျွန်တော့်ရဲ့ တပ်စုကို ခေါ်ပြီး ခုတ်ထွင်ရှင်းလင်းရတာပေါ့။ ဒါပေမယ့် ဒီကို ရောက်တော့ ဘယ်သူကမှ ဒီညောင်ပင်ကြီးကို မခုတ်ရဲဘူး ဖြစ်နေတယ်။ ကျွန်တော်လည်း ကြားဖူး နားဝတော့ ရှိတာပေါ့ဗျာ။ ဒီလို ညောင်ပင်ကြီးမျိုးမှာ ရုက္ခစိုးလို နတ်မျိုးတွေ ရှိတတ်ကြောင်း ကိုပါ။ ဒါပေမယ့် ရှိတယ်၊ မရှိဘူးဆိုတာ ဘယ်သူကမှ မြင်တွေ့ရတာ မဟုတ်လို့ တပ်အပ်သေချာ ဘယ်ပြောနိုင်မှာလဲ။ ရှိတယ်ပဲ ထားဦးတော့၊ ဒီညောင်ပင်မရှိတော့ရင် အခြား ညောင်ပင်ကို ပြောင်းပြီးနေရင် ရနိုင်တာပဲလေ။

ဘာပဲဖြစ်ဖြစ် ကျွန်တော့်ရဲဘော်တွေကို တက်ပြီး အကိုင်းတွေကို ချိုင်ချခိုင်းတာကို သူတို့က မလုပ်ရဲဘူးလေ။ ဒီတော့ သူတို့ မလုပ်ရဲတဲ့ အရာကို ကျွန်တော်က စပြီး လုပ်ပြမှ ရတော့မယ်ဆိုတဲ့ အတွေးဝင်လာတယ်။ ဒါကြောင့် ကျွန်တော်က ရဲဘော်တွေကို "ကဲ - မင်းတို့ မခုတ်ရဲရင် လည်း နေပါကွာ။ ဒါပေမယ့် ခုတ်ပြီးသား သစ်တိုသစ်စတွေ၊ ဝါးကိုင်းခြောက်တွေကို ညောင်ပင်အောက်မှာတော့ စုပုံပေးကြကွာ။ ငါ မကြာခင် ပြန်လာမယ်"လို့ မှာပြီး အခု ဒီအိမ်ရဲ့ အနောက်ဘက်က အောက်ချိုင့်ထဲကို ဆင်းသွားတယ်။

အဲဒီ အောက်ချိုင့်ထဲမှာ အရင်က တောအရက်ချက်တဲ့ အရက်ပုန်းဆိုင်ကလေး ရှိတယ်လေ။ ကျွန်တော် အဲဒီ ဆိုင်မှာ အရက်သောက်တာပေါ့။ ရဲဆေးတင်တယ်လို့ ပြောရင်လည်း ရပါတယ်။ အမှန်အတိုင်းပြောရရင် ကျွန်တော်က ဒီလိုမျိုးကိစ္စတွေမှာ ကြောက်တယ်ပြောရင်လည်း ရတယ်။ မကြောက်ဘူးလို့ ပြောရင်လည်း ရတယ်။ ယုံတစ်ဝက် မယုံတစ်ဝက်ဆိုပါတော့။ ဘာပဲဖြစ်ဖြစ် နည်းနည်းကလေးအချိန်ရလာတော့ သိပ်ပြီး မကြောက်ချင်တဲ့ ကျွန်တော်ဟာ လုံးဝ မကြောက်တဲ့သူ ဖြစ်လာခဲ့ရပြီ။ ယှဉ်ပြိုင် ရင်ဆိုင်ဖို့ အသင့်ဖြစ်လာပြီပေါ့။

ဒီအခါ ကျွန်တော်ပြန်လာတာပေါ့။ ကျွန်တော် ပြန်ရောက်တော့ ညောင်ပင်အောက်မှာ သစ်တိုသစ်ကိုင်းတွေ၊ ဝါးအခြောက်တွေတော့ သူတို့ စုပုံပြီးပါပြီ။ ပထမဆုံး မီးရှို့ဖို့ပါပဲ။ ဒါပေမယ့် ကျွန်တော်က ကျွန်တော့်ရဲဘော်တွေရဲ့ ရှေ့မှာ ကြောက်စရာမဟုတ်ကြောင်း သူရဲကောင်းလုပ်ပြချင်သေးတာကိုး။ ဒါနဲ့ပဲ အနားမှာ ရှိတဲ့ ဝါးရင်းတုတ်တစ်ချောင်းကို ဆွဲပြီး ညောင်နှင့် ကိုက် ၃၀/၄၀ အကွာအဝေးကနေ အဲဒီညောင်ပင်ရှိရာကို ပြေးပြီးကပ်တာပေါ့။ ပါးစပ်ကလည်း "ကဲ - ဒီညောင်ပင်ပေါ်မှာ ဘာကောင်ပဲ ရှိရှိ၊ ပြေးနိုင်မှ လွတ်မယ်။ ငါလာပြီကွ"လို့ အားနဲ့ မာန်နဲ့ ပြေးလာတယ်။ အပင်ခြေရင်းကို ရောက်ပြီးရင် အပင်ပေါ် ဆက်တက်ပြီး ဝါးရင်းတုတ်နှင့် ဟိုရိုက် ဒီရိုက်လုပ်မယ်ပေါ့။

အဲဒီလိုမျိုး ရိုက်ချပြီးပြီဆိုရင်တော့ ကျွန်တော့်ရဲဘော်တွေလည်း ဘာပဲပြောပြော သူတို့လည်း ငါတို့ဆရာကြီးတောင်မှ အကြောက်အလန့်မရှိ လုပ်ရဲသေးတာပဲ။ ငါတို့လည်း ခုတ်ရဲရတော့မှာပေါ့ဆိုတဲ့ အတွေးမျိုးတွေ ဝင်လာစေချင်လို့ပါ။ အဲဒီလို အားနဲ့ မာန်နဲ့ အသံကုန်အော်ဟစ်ပြီး ညောင်ပင်ခြေရင်းကို ပြေးကပ်တာ၊ ညောင်ပင်ပေါ် တက်ဖို့ မပြောပါနဲ့၊ ညောင်ပင်ခြေရင်းကိုတောင် မရောက်ပါဘူးဗျာ။ လမ်းခုလတ်မှာတင် မမြင်ရတဲ့ အရာကြီးတစ်ခုက ကျွန်တော့်ရဲ့ ခန္ဓာကိုယ်ကြီးကို တားထားတော့တာပါပဲဗျာ။

ဘာနဲ့ အလားသဏ္ဌာန်တူသလဲဆိုတော့ ဘော်လီဘောပိုက်တန်းကြီးတစ်ခုနှင့် တားဆီးထားသလိုပါပဲ။ ကျွန်တော် အရှေ့ကို ဘယ်လိုမှ ဆက်တိုးလို့ မရတော့ဘူး။ ဆက်တိုးလို့ မရတဲ့အပြင် အဲဒီမမြင်ရတဲ့ ဘော်လီဘော ပိုက်တန်းလို အရာကြီးက ပြန်ပြီး တွန်းကန်လာသလိုမျိုးဖြစ်လာတယ်။ အဲဒီမှာ ကျွန်တော်လည်း အနောက်ကို ပြန်ယိုင်ပြီး ဖင်ထိုင်လဲကျသွားတော့တယ်။

ကျွန်တော့်ရဲဘော်တွေကလည်း ကျွန်တော့်ကို တားဖို့ မကြိုးစားပါဘူး။ ဝိုင်းပြီးတားနေလည်း ကျွန်တော် နားထောင်မယ့်အနေအထားမရှိလို့ပါ။ ကျွန်တော်လည်း သောက်ထားတဲ့ အရှိန်ကလေးက ရှိနေလေတော့ မကြောက်ပါဘူး။ ဒါဟာ မတော်တဆဖြစ်တာပဲဆိုပြီး နောက်ကို ပြန်ဆုတ်လာတယ်။ ပထမ စပြီးပြေးတဲ့ နေရာကိုပေါ့။

ကျွန်တော်က ဒုတိယအကြိမ်မှာလည်း ပထမအကြိမ်လိုပဲ ပါးစပ်က ကြိမ်းမောင်းပြီး အားနဲ့ မာန်နဲ့ ပြေးကပ်ပြန်တယ်။ မရပြန်ပါဘူးဗျာ။ ပထမအကြိမ်က အတိုင်းပါပဲ။ မမြင်ရတဲ့ ဘော်လီဘော ပိုက်တန်းလိုဟာမျိုးက ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com

ရင်ဘတ်ကြီးကို ဟန့်တားထားပြန်ပါလေရော။ ဒီတစ်ကြိမ်မှာတော့ ပထမအကြိမ်တုန်းကလို နောက်ပြန်ယိုင်ပြီး ဖင်ထိုင်ကျသွားရတာထက် နည်းနည်းဆိုးလာပါတယ်။ နောက်ပြန်ကန်ပြီး တွန်းထုတ်လာတဲ့အားက ပိုပြီးပြင်းလာတယ်။ ဒါကြောင့် အနောက်ဘက်ကို အနည်းငယ်မျှ လွင့်စဉ်ထွက်လာသည်အထိ ဖြစ်ခဲ့ရတော့တယ်။

ကျွန်တော့်ရဲ့ ဒေါသတွေဟာလည်း အဲဒီအချိန်မှာ အထွင့်အထိပ်ကို ရောက်နေပါပြီ။ ဘာကိုမှ ဂရုမစိုက်တော့သလို၊ ဘာကိုမှလည်း မမြင်ရတော့ဘူး။ ဒေါသတွေက ဆူဝေနေပြီ။ ဒါကြောင့် ဖင်ထိုင်လဲကျရာကနေ အမြန်ဆုံးလူးလဲထပြီး ပထမ စပြီးအပြေးချီတက်ခဲ့တဲ့ နေရာကို ပြန်သွားပါတယ်။

ပြောရရင်တော့ အင်မတန် ရှက်စရာကောင်းနေပါပြီ၊ ကျွန်တော့်ရဲဘော်တွေကတော့ ငါတို့ဆရာကြီးက အလကားပါကွာ။ ညောင်ပင်ပေါ်ကြီးကို ပြေးတက်ပြီး တုတ်နဲ့ ဟိုရိုက်ဒီရိုက်လုပ်မယ့်ပုံစံနဲ့ ပြေးလာလိုက်၊ ညောင်ပင်နားကိုလည်း ရောက်ရော ကြောက်လန့်ပြီး အမူးလွန်လို့ ဖင်ထိုင်လဲသလိုလို၊ ခလုတ်တိုက်ပြီး ဖင်ထိုင်လဲသလိုလိုနဲ့ လျှောက်လုပ်ပြ

“

အမှန်တကယ်ကတော့
ကျွန်တော့်အခြေအနေကို ကျွန်တော်ပဲ သိတာပါ။
မမြင်ရတဲ့ ပိုက်တန်းလိုမျိုးကြီးက
ဟန့်တားထားတာ သူတို့မှ မမြင်ကြရဘဲ။
အဲ - ကျွန်တော်လည်း
မြင်ရသလားဆိုတော့ မမြင်ရပါဘူး။
ဒါပေမယ့် ပြန်တွန်းထုတ်ခြင်းခံရတာက
သူတို့မဟုတ်တော့ မသိကြဘူး။
လက်တွေ့ ပြန်ပြီးအတွန်းထုတ်ခံရတဲ့
ကျွန်တော်ကပဲ သိတာပါ

နေတာပါ။ အမှန်ကတော့ သူကိုယ်တိုင် ကြောက်လန့်ပြီး ငါတို့ အမြင်ကောင်းအောင် သက်သက်လုပ်ပြနေတာပဲလို့ မြင်ကြမှာပါ။

အမှန်တကယ်ကတော့ ကျွန်တော့်အခြေအနေကို ကျွန်တော်ပဲ သိတာပါ။ မမြင်ရတဲ့ ပိုက်တန်းလိုမျိုးကြီးက ဟန့်တားထားတာ သူတို့မှ မမြင်ကြရဘဲ။ အဲ - ကျွန်တော်လည်း မြင်ရသလားဆိုတော့ မမြင်ရပါဘူး။ ဒါပေမယ့် ပြန်တွန်းထုတ်ခြင်း ခံရတာက သူတို့မဟုတ်တော့ မသိကြဘူး။ လက်တွေ့ ပြန်ပြီးအတွန်းထုတ်ခံရတဲ့ ကျွန်တော်ကပဲ သိတာပါ။

ရဲဘော်တွေရဲ့ ရှေ့မှာ သူရဲကောင်းလုပ်ပြနေတဲ့ ကျွန်တော် အတော်ကလေးရှက်နေပါပြီ၊ ကျွန်တော့်ရဲ့ အရှက်တရားဟာ ရက္ခစိုးကို ကြောက်ရမယ့် အကြောက်တရားထက် သာလွန်သွားပါပြီ။ ဘေးပတ်ဝန်းကျင်ကိုလည်း ကျွန်တော် သတိမထားနိုင်တော့ဘူး။ ထူပူပြီး မှန်နေပြီဆိုပါတော့။

ဒီလိုနဲ့ တတိယအကြိမ်မြောက် ကျွန်တော် ဆက်ပြီး ကြိုးစားပြန်တယ်။ နောက်ဆုံးအကြိမ် ကြိုးစားခြင်းလို့ ပြောရင်လည်း ရပါတယ်။ ဒီတစ်ခါမှမရရင် နောက်ထပ် မလုပ်တော့ဘူးပေါ့။ ဒီတော့ နောက်ဆုံးအကြိမ်ဖြစ်လို့ ရှိရှိသမျှ ခွန်အားတွေအားလုံး စုစည်းလိုက်တယ်။ ဝါးရင်းတုတ်ကိုလည်း ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်တယ်။ ဒီအချိန်မှာ ကျွန်တော်ဟာ ဘာကိုမှ ဂရုမစိုက်တော့ပါဘူး။ နောက်ဆုံး ကျွန်တော့်အသက်ထွက်သွားမယ်ဆိုရင်လည်း ဂရုစိုက်မှာ မဟုတ်တော့ပါဘူး။ ရဲဘော်တွေရဲ့ ရှေ့မှာ ဖြစ်ပျက်နေတဲ့ ကျွန်တော့်ရဲ့ အရှက်တရားတွေကို ကျွန်တော့်ရဲ့ အသက်နဲ့ လဲပြီး ပြန်ယူရမယ်ဆိုရင်လည်း ယူတော့မယ်ပေါ့။ နောက်ဆုံးအကြိမ် ယှဉ်ပြိုင်ရင်ဆိုင်ခြင်းဆိုရင်လည်း မှန်ပါတယ်။

ဒီလိုနဲ့ အရင်အတိုင်း ညောင်ပင်နဲ့ ကိုက်သုံးလေးဆယ်အကွာက နေပြီး “ရက္ခစိုးကြီး . . . ငါလာပြီကွ။ ဒီတစ်ခါ မင်းလည်း မပြေးနဲ့ ငါလည်း မပြေးဘူး၊ အသေအလဲချမယ်ကွ”ဆိုပြီး အားနှင့် မာန်နှင့် အော်ဟစ်လို့ ပြေးကပ်ပြန်တယ်။ ဒီတစ်ခါမှာလည်း တိုးလို့မရပါဘူးဗျာ။ တရုတ်သိုင်းဝတ္ထုဖတ်ရသလိုမျိုးပြောရရင်တော့ ဘယ်ပုံဖြစ်သွားသည် မသိတော့ပါဘူး။ သတိလက်လွတ်သလိုဖြစ်သွားတယ်။ ကျွန်တော် ပြန်ပြီး သတိထားလိုက်မိတဲ့အခါမှာ မြေကြီးပေါ်မှာ ကျွန်တော့်ရဲ့ ခန္ဓာကိုယ်ကြီးတစ်ခုလုံး တွန့်လိမ်ကောက်ကွေးပြီး ... နေတာကို သတိထားမိတော့တယ်။ နောက်ပြန်... ပြီး ဖင်



www.burmeseclassic.com

www.burmeseclassic.com

ပြောင်းလဲခဲ့တာ မဟုတ်ကြောင်းကို ပြောတာပါ။ နောက်မှ ပြန်သိရတာက ကျွမ်းပြန်ပြီး လန်ထွက်ခဲ့တယ်လို့ ဆိုကြတယ်။

နည်းနည်းလေး သတိရလာပြီး ဘေးဘီကို ကြည့်မိတယ်ဆိုရင်ပဲ ကျွန်တော့်ရဲဘော်တွေဟာ ကျွန်တော့်အနား တစ်ယောက်မှ မရှိတော့ဘူး။ အခုရှိတဲ့ လူပျိုလိုင်းဘက် သူတို့အားလုံး ထွက်ပြေးပြီးနေကြပြီ။ အဲဒီနေရာကနေ ကျွန်တော့်ကို ဝိုင်းကြည့်နေကြတာပေါ့။ လူသားနဲ့ နတ် ပွဲကို ဝိုင်းကြည့်နေကြတာပါပဲ။

ကျွန်တော်လည်း သူတို့ကို ဘာမှမပြောတော့ပါဘူး။ ငြိမ်ငြိမ်ဝိုက်စိုက်နှင့် သူတို့ရှိရာကို သွားပြီး ခပ်စောစောလေး ပြန်ပြုတ်ခဲ့ကြတယ်။

အိမ်ရောက်တော့ ကျွန်တော့်ခန္ဓာကိုယ်တစ်ခုလုံး အဖုကြီးတွေ၊ ဖုံတွေ ပေကျံနေလို့ ရေချိုးလိုက်တယ်။ ချိုးလည်း ချိုးလိုက်ရော ခန္ဓာကိုယ်တစ်ခုလုံးဟာ ချမ်းအေးပြီး တုန်ဖျားဖျားသလို တုန်လာခဲ့တော့တာပါပဲ။ အဲဒီနောက်တော့ ကျွန်တော်က ထမင်းတောင် မစားနိုင်တော့ဘဲ တပ်တွင်း ဆေးခန်းကို ရောက်ခဲ့ရတယ်ဆိုပါတော့။ ဆေးခန်းကိုလည်း ရောက်ရော ကျွန်တော်ဟာ သတိရတစ်ချက်၊ မရတစ်ချက် တွေ ဖြစ်လာတယ်။ သတိရလာတဲ့အခါ ကိုယ့်ဘာကို စကား တွေ ပြောနေမှန်း သိပေမယ့် ဘာတွေပြောလို့ ပြောမှန်း မသိနိုင်အောင် ဖြစ်လာတယ်။ ပါးစပ်ကသာ တတွတ်တွတ် နဲ့ ပြောနေတယ်၊ ဘယ်အရာကို စပြီးပြောလာမှန်း မသိတော့ ဘူး ပြီးတော့ ခုပြော ခုမေ့နဲ့ တဒင်္ဂလေးအတွင်းမှာ ကိုယ့် မျက်စိထဲ ထင်မြင်လာတဲ့ အရာလေးကိုပဲ လိုက်ပြောနေတာ ဆိုတော့ ပြောပြီးတာနဲ့ ဘာကို ပြောခဲ့သလဲဆိုတာ မမှတ်မိ တော့ပါဘူး။

ဆေးတပ်သားနဲ့ ကျွန်တော့်ဆီက ရဲဘော်သုံးလေးဦး ဟာ ကျွန်တော့်အနားက တစ်ဖဝါးမှ မခွာဘဲ စောင့်ကြည့် နေကြတယ်။ ကျွန်တော့်မိန်းမကိုတော့ အချိန်ပြည့် မတွေ့ရ ဘူး။

အိပ်ချင်စိတ်တွေ ပေါ်လာလို့ အိပ်လိုက်တယ်ဆိုရင် ပဲ အိပ်မက်က တန်းပြီးမက်တော့တာပါပဲ။ ဘယ်အချိန်ပဲ မက်မက် အိပ်မက်ကတော့ ဒီအိပ်မက်ပါပဲဗျာ။ ဝါးရင်းတုတ် အရှည်ကြီးတစ်ချောင်းကို ကိုင်ထားပြီး ကျွန်တော့်အပေါ် သတ်မယ်, ဖြတ်မယ် တကဲကဲလုပ်နေတဲ့၊ ဇာတ်ပွဲတွေမှာ မြင်တွေ့ရတတ်တဲ့ ရက္ခစိုးနတ်အဝတ်အစားနဲ့ လူကြီး တစ်ယောက်ပါပဲဗျာ။ တစ်ခါတစ်ရံ လိုက်သတ်လို့ ကျွန်တော်



ထွက်ပြေးနေရတယ်။

တပ်တွင်း ဆေးခန်းမှာ ငါးရက်လောက်ကြာတော့ ကျွန်တော် သတိတွေ ကောင်းကောင်းရလာပါပြီ။ ခုနစ်ရက် မြောက်တဲ့နေ့မှာတော့ ကျွန်တော် ဆေးခန်းက ဆင်းခွင့်ရခဲ့ ပါတယ်။ ဆေးခန်းက ဆင်းလာပြီး နေရတဲ့ ယာယီ တဲအိမ် ကလေးကို ပြန်ရောက်ခဲ့တယ်ဆိုရင်ပဲ ကျွန်တော့်အိမ်ရှေ့ရဲ့ ဘုရားကျောင်းဆောင်ရှေ့မှာ ငှက်ပျောပွဲ၊ အုန်းပွဲတွေ တန်းစီ နေတာကို မြင်တွေ့ရတော့တာပါပဲ။

ကျွန်တော်ကသာ အဲဒီဘက်ကို ဂရုမစိုက်တာပါ။ ကျွန်တော့်မိန်းမ မချင်းစိန်ကတော့ အယူအဆလည်း ရှိ တယ်။ အယုံအကြည်လည်း ရှိတယ်။ ကျွန်တော်က တား ထားလို့သာ မလုပ်ဖြစ်တာပါ။ ဒါပေမယ့် အခုချိန်က စပြီး ရှိပါစေတော့ဆိုပြီး ကျွန်တော်ကိုယ်တိုင်က ကြည်ကြည်ဖြူဖြူ နှင့် ဘာမှဝင်မပြောတော့ပါဘူး။ ကျွန်တော့်မိန်းမရဲ့ နားရွက် ကို ကြည့်မိတော့ နားပေါက်က ဟောင်းလောင်းဖြစ်နေပါ ပြီ။ ဒါပေမယ့် ကျွန်တော် စိတ်မဆိုးတော့ပါဘူး။ လူမသေ ငွေမရှားနိုင်ပါဘူး။

အိမ်ကို ပြန်ရောက်ပြီး ဆေးနားရတဲ့ ရက်ကလေးမှာ ကျွန်တော်ဟာ အိပ်မက်ထဲက တွေ့ခဲ့တဲ့ ရက္ခစိုးနတ်ကြီး စားကြိမ်း ကြိမ်းခဲ့တဲ့ စကားကို ပြန်ပြီးအမှတ်ရလာခဲ့တယ်။ သူဟာ ကျွန်တော့်ကို လေးငါးခါမက ရိုက်နှက်ပြီး…



www.burmeseclassic.com

www.burmeseclassic.com

"မင်း နောက်တစ်ခါ အရက်မူးပြီး ငါ့ကို လာစော်ကားရင်တော့ အသေပဲ။ အခုတော့ သူများတွေက ဝိုင်းတောင်းပန်ကြလို့ ငါကျေနပ်ပေးလိုက်မယ်။ ဒိုက္ခာ···ကြာတယ်၊ နောက်တစ်ခါ ငါ့ကို လာပြီးစော်ကားဖို့ မပြောနဲ့၊ သေရည်သေရက်ကိုတောင် လုံးဝ မသောက်ရဘူး။ သောက်ပြီဆိုတာနဲ့ မင်း ငါ့အကြောင်း ကောင်းကောင်းကြီး သိရမယ်"

လို့ ကြိမ်းဝါးသွားခဲ့တယ်။ ကျွန်တော်လည်း အဲဒီအခ်ျိန်က စပြီး အရက်ကို မသောက်ရဲတော့တာ အခုချိန်ထိပဲဆိုပါတော့ဗျာ"

ဟု ဆရာကြီး အောင်ကျော်ထူးက သူ့အဖြစ်ကို ပြောပြခဲ့သည်။

◆◆◆

ကျွန်ုပ်သည် အနင်းခံနေရာမှ ထလာခဲ့ပြီး ကျွန်ုပ်အားနင်းပေးသော ဒုတပ်ကြပ် ဟန်ဝင်းအောင်နှင့် တပ်သား တင်ဝင်းတို့မှာ မီးဖိုချောင်ဘက် ဝင်သွား၍ ထမင်းကြမ်းစားရန် သွားရှာနေကြသည်။

ကျွန်ုပ်က ဆရာကြီးအား···

"အခု အဲဒီညောင်ပင်ကြီး မရှိတော့ဘူးလေ။ ဘယ်လိုများ ခုတ်လှဲလိုက်ကြသလဲ"

ဟု မေးလိုက်ရာ ဆရာကြီး အောင်ကျော်ထူးက···

"အဲဒီ ခုတ်ပစ်လိုက်တဲ့ ဇာတ်လမ်းကိုတော့ ကျွန်တော် မသိပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်က ဆေးနားရတဲ့ ရက်မှာ ခွင့်တင်တယ်။ ဆေးနားရက်လည်း ပြည့်ရောရွာကို ခွင့်နဲ့ ပြန်တော့တာပါပဲ။ ခွင့်ယူရတဲ့ အကြောင်းရင်းကလည်း သိပ်ပြီး မယ်မယ်ရရမရှိပါဘူး။ အမှန်အတိုင်းဝန်ခံရရင်တော့ ဒီရက်ပိုင်းလေးမှာ ကျွန်တော် ဒီမှာ မနေချင်ဘူး။ ရှက်လို့ပဲ ဆိုပါတော့။

ပထမ ကျွန်တော်ဟာ ညောင်ပင်ပေါ်က ရက္ခစိုးနတ်ကို စိန်ခေါ်ပြီး ရဲဘော်တွေရဲ့ ရှေ့မှာ သူရဲကောင်းလုပ်ပြခဲ့တယ်။ ကျွန်တော်ပဲ မရှုမလှခံခဲ့ရတယ်။ ရဲဘော်တွေကတော့ ကျွန်တော်နဲ့ ပတ်သက်ပြီး ဟာသတစ်ကွက်ရသွားတာပေါ့ဗျာ။

ဒုတိယအချက်က ကျွန်တော် ဆေးခန်းရောက်သွားတယ်။ အဲဒီမှာ အိပ်မက်မက်ရာကနေ ကယောင်ကတမ်းနဲ့ ထပြီး ဟိုပြေး ဒီပြေးပြေးတာ။ အဆိုးဆုံးကတော့ အဲဒီလို ထပြေးစဉ်မှာ ကျွန်တော့်ရဲ့ ခန္ဓာကိုယ်အောက်ပိုင်းမှာ ပုဆိုးမပါ၊ အတွင်းခံ ဘောင်းဘီ မရှိခြင်းတို့ပါပဲ။ မကြီးမငယ်နဲ့ဗျာ၊ ဘယ်လောက်များ ရှက်စရာကောင်းသလဲဆိုတာ။ ဒီလိုတွေ

ဖြစ်နေတာ ကျွန်တော် မသိခဲ့ပါဘူး။ နောက်မှ သူများပြောပြလို့ သိရတာပါ။

ခွင့်တစ်လပြည့်လို့ ပြန်လာတဲ့အခါ အဲဒီညောင်ပင်ကြီး မရှိတော့ပါဘူး။ ဘယ်ပုံဘယ်နည်းနဲ့ ခုတ်ပစ်ကြသလဲဆိုတာကို ကျွန်တော် စပ်စုပြီး မေးမကြည့်ရဲပါဘူး။ စကားစပ်ပြီး မေးကြည့်လိုက်တာနဲ့ မေ့မေ့ပျောက်ပျောက်ဖြစ်နေတဲ့ ဟာသမြောက်စွာ ဖြစ်ခဲ့ဖူးတဲ့ ကျွန်တော့်ရဲ့ ရာဇဝင်ဟောင်းကြီး ပြန်ပြန်ပေါ်လာမှာ စိုးလို့ပါ။

တစ်စွန်းတစ်စ ကြားမိတာကတော့ ပင်သာရွာတစ်လျှောက်မှာ ရှိတဲ့ နတ်ဆရာတွေကို ခေါ်ပြီး ငှက်ပျောပွဲ အုန်းပွဲတွေနဲ့ တင်မြှောက် တောင်းပန်နေရာ အသစ်ထပ်ပေး ပြီး ခုတ်လှဲလိုက်တယ်လို့ ပြောသံတော့ ကြားမိပါတယ်"

တပ်ကြပ်ကြီး အောင်ကျော်ထူးမှာ ရေနွေးကြမ်းသောက်ရင်း၊ လက်ဖက်သုပ်စားရင်း ပြောပြနေရာ ဗိုက်ဆာ ပုံမပေါ်၊ ဗိုက်ဆာပြီး ထမင်းကြမ်းသွားစားနေသော ဒုတပ်ကြပ် ဟန်ဝင်းအောင်နှင့် တပ်သား တင်ဝင်းတို့ နှစ်ယောက် နောက်ဖေး မီးဖိုချောင်မှ ပြန်ထွက်လာကြပြီး ဆရာကြီး အောင်ကျော်ထူးပြောပြသော အကြောင်းအရာများကို ဆက်၍ နားထောင်ကြသည်။

ဆရာကြီး အောင်ကျော်ထူးက···

"တကယ်တော့ဗျာ၊ ကျွန်တော်တို့က မျက်စိနဲ့ မြင် တဲ့ အရာကိုပဲ ရှိကြတယ်ဆိုပြီး သတ်မှတ်ကြတာကို တကယ်တမ်းတော့ မမြင်ရပေမယ့် ရှိနေကြတယ်ဗျ"

တပ်ရင်း ဗဟိုကင်းမှ နာရီသံချောင်းခေါက်သံသည် ည ၁ဝနာရီထိုးပြီဖြစ်ကြောင်း အချက်ပေးနေပါပြီ။ ထိုအခါ သူတို့သုံးယောက်သည် ကျွန်ုပ်အား နှုတ်ဆက်ပြီး ပြန်သွား ကြပါသည်။

ဆရာကြီး အောင်ကျော်ထူး ပြောသွားသော စကား များကို ကျွန်ုပ် သတိထားပြီး ဆင်ခြင်မိပါသည်။ ယခုလည် သူတို့က ကျွန်ုပ်ဆီ လာပြီး ပြုစုပေးကြသည်မှာ ကျွန်ုပ်က သူတို့အား ခေါ်ယူပြီး စေခိုင်းခြင်းလည်း မဟုတ်ပါ။ တာဝ အရ လာပြီး နင်းနှိပ်ပေးခြင်းလည်း မဟုတ်ပါ။ ခင်မင် သံယောဇဉ်တရားကြောင့် လာပြီး ကူညီကြခြင်းသာ ဖြစ် သည်။ ထိုသံယောဇဉ်တရားများကို ကျွန်ုပ်တို့ မမြင်ရ မမြင်ရသော်လည်း ရှိနေသည်မှာ အမှန်ပါ။

* * *



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

စိမ့်ကြီးမြိုင်ကြီး ရိပ်ကြီးတောတောင်ဆိုသကဲ့သို့ သိပ်သိပ်သည်းသည်းနှင့် စိမ်းညို့လျက်ရှိသော တောတစ်ခုသည် အနံ့ဂီပြည်၏ အနီးတွင် ရှိလေ၏။ ထိုတောတွင် အရွယ်ခပ်ငယ်ငယ် ကလေးတစ်ကောင် တိုးလိုးတန်းလန်းဖြင့် ရက္ခစိုးမယ်ကလေးသည် သစ်ပင်တစ်ပင်ကို အမှီပြုကာ နေထိုင်လျက်ရှိပြန်၏။ ရက္ခစိုးဟူသည် သစ်ပင်ကို အစိုးရသော နတ်တစ်မျိုးဖြစ်သော်လည်း အကာယ်စင်စစ် မြင့်မိုရ်တောင်၏ အထက်၊ သိကြားမင်း စိုးစံလျက်ရှိသော တာဝတိံသာ နတ်ပြည်အပါအဝင် စတုမဟာရာဇ် ယာမာ တုသိတာ နိမ္မာနရတိ ပရနိမ္မိတ ဝသဝတီကဲ့သို့သော နတ်တန်ဆာကို ဝတ်၊ နတ်သုဒ္ဓါကို စား၊ နတ်စည်းစိမ်ကို ခံစားကြကာ အခြွေအရံများနှင့် နေကြသော နတ်သား၊ နတ်သမီးများကဲ့သို့ မဟုတ်ချေ။

တစ်နည်းအားဖြင့်ဆိုသော် အပူအပင်ဆို၍ စိုးစဉ်းမျှ မရှိဘဲ သီချင်းဂီတ ကာမဂုဏ် အာရုံများနှင့် မွေ့လျော် စံစားနေကြသော ကြောင့်ကြမဲ့ နတ်မျိုးနတ်နွယ်မဟုတ်ချေ။ ထို့ပြင် တစ်ဝ မြင်းမိုရ်တောင်ခါးပန်းအရှေ့အနောက် တောင်မြောက် အရပ်လေးမျက်နှာတွင် နတ်ဘုံ၊ နတ်ဗိမာန်တို့ဖြင့် နေထိုင်ကြကုန်သော ဓတရဋ္ဌ၊ ဝိရူဠှက၊ ဝိရူပက္ခ၊ ကုဝေရ စသော တန်ခိုးကြီးသည့် နတ်မင်းကြီးတို့ကဲ့သို့လည်း မဟုတ်ပေ။ ထိုမှုမက ဝေဿဝဏ်နတ်မင်း၊ ဂန္ဓဗ္ဗနတ်မင်းကြီးများကဲ့သို့ တန်ခိုးဂုဏ်ရှိန်ကြီးသည့် နတ်မျိုးလည်း မဟုတ်ပြန်ပါပေ။

လူ့ဘုံ၊ လူ့လောက လူတို့နှင့် တစ်ဆက်တစ်စပ်တည်း ရောနှောလျက် တန်ခိုးကြီး နတ်မင်းတို့က အပိုင်စား ပေးသနားထားသော ရက္ခခေါ် သစ်ပင်ကိုသာလျှင် ဗိမာန်အိမ်ပြု၍ နေထိုင်ရသော နတ်တစ်မျိုးသာဖြစ်ပါပေ၏။ နတ်ဟုဆိုသောကြောင့် အထိုက်အလျောက် တန်ခိုးကမ္မဇိဒ္ဓိတော့ ရှိပါသည်။ သို့သော် လိုတရ၊ စေတိုင်းတော့ မဖြစ်ခဲ့ပါ။ ဝိဘိ သွားနိုင်၊ လာနိုင်၊ ကွယ်နိုင်၊ ပြနိုင်သော မဆိုစလောက် တန်ခိုးမျှကိုသာ ပိုင်ဆိုင်သူဖြစ်သည်။

ထိုအချိန်တွင် ဘုရားရှင်သည် ဝိသာခါကျောင်းအမကြီး လှူတန်းသော ပုဗ္ဗာရုံကျောင်းတော်ကြီး၊ ဇေတမင်းသား၏ မြေကို ဝယ်ယူကာ အနာထပိဏ်သဌေးကြီးက ထိုမြေပေါ်တွင် ဆောက်လုပ်လှူဒါန်းခဲ့သော ဇေတဝန်ကျောင်းတော်ကြီးစသည့် ကျောင်းတော်ကြီးများကို အလှူခံယူတော်မူခဲ့ပြီး သံဃာတော်များကို သီတင်းသုံးခွင့်ပေးခဲ့ပါ၏။ သို့သော် အချို့သောမြို့နှင့် အလှမ်းဝေးသော တောနေ ရဟန်းတို့မှာ နေစရာကျောင်းချို့တဲ့သဖြင့် မိမိတို့ကိုယ်တိုင် လှုံ့လပြုကာ သစ်ရှာ၊ ဝါးရှာပြီး နေစရာကျောင်းတို့ကို ကိုယ်တိုင်ဆောက်လုပ်နေထိုင်ကြရသည်။

ထို့ကြောင့် အာဠဝီပြည်အနီးရှိ ရဟန်းတစ်ပါးမှာလည်း မိမိနေထိုင် သီတင်းသုံးရန်အတွက် ကျောင်းဆောက်ရန် အလို့ငှာ တောသို့ဝင်ကာ လိုအပ်သည့် သစ်ပင်ကို ခုတ်လှဲဖို့ရန် ထွက်လာခဲ့သည်။

ရက္ခစိုးမယ်သည် ထိုရဟန်း တောထဲဝင်လာစဉ်ကပင် ရင်တထိတ်ထိတ်ဖြစ်ခဲ့ရှာသည်။ သည်တောတွင် သစ်ပင်အလုံးကောင်းကောင်း၊ ဖြောင့်ဖြောင့်ချောချော၊ ရှည်ရှည်မြင့်မြင့်ဆို၍ မိမိ၏ ဗိမာန်ဖြစ်သော သစ်ပင်သည်သာ ထီးထီးမားမား ပေါ်ပေါ်လွင်လွင်ရှိလှပေသည်။ ရဟန်းသည် မိမိ၏ ဗိမာန်ဖြစ်သော သစ်ပင်ကို မြင်ပါက မသွေမုချပင် ခုတ်ထစ်လဲလျောင်းလိမ့်မည်ဟု စိုးရိမ်သောကရောက်ခဲ့ရလေသည်။ ဤသစ်ပင်သာ ပြိုလဲပျက်စီးပါက မိမိနှင့် သားငယ်မှာ နေထိုင်စရာ ဗိမာန်မဲ့၍ ဤတောအလယ်တွင် ခိုကိုးစရာမရှိ၊ အတိဒုက္ခရောက်ရမည်သာတည်း။

ရဟန်းမှာလည်း မော့ကြည့်၍ တစ်မျိုး၊ ဘေးဘီကိုကြည့်၍ တစ်ဖုံ၊ ပဲကွပ်နှင့် ကြိုးကြိုမ်တို့ကို ထမ်းလျက် ပခုံးထက်မှာ ရေဘူးတောင်းကို စလွယ်သိုင်းပြီး တောထဲသို့ တစ်စတစ်စဝင်လာလျက်ရှိသည်။

သို့နှင့် ရှေ့တူရူမှ လွှင့်နေအောင် မြင့်သော ရက္ခစိုးမယ်၏ သစ်ပင်ကို မြင်သောအခါ ရဟန်း၏ မျက်လုံးအစုံမှာ ထိုသစ်ပင်မှ မခွာနိုင်အောင် ဖြစ်လာတော့သည်။ ရဟန်းကသူ မျက်စိကျနေသော သစ်ပင်ရှိရာသို့ ခပ်သွက်သွက်လှမ်းလာခဲ့ပြီးနောက် သစ်ပင်၏ အခြေသို့ ရောက်သောအခါ ပခုံးထက်မှ လက်နက်ကိရိယာများကို ပစ်ချလိုက်သည်။ ဗူးသီးခြောက် ရေဘူးကို ဆွဲယူ၍ ပါးစပ်နှင့် တေ့ကာ တကွတ်ကွတ်သောက်ချလိုက်ပြန်၏။ အတန်ငယ်မျှ အမောအပန်းပြေသွားသောအခါ သစ်ပင်ကို အရင်းမှ မခုတ်ပိုင်းမီ အကိုင်းအခက်တို့ကို မီသလောက် ဦးစွာ ချိုင်ချလိုက်သည်။ ထိုအခါ မနေသာတော့ပြီဖြစ်၍ ရက္ခစိုးမယ်သည် ရဟန်းအား ကိုယ်ထင်ပြလျက်···

"အို··အရှင်ရဟန်း၊ ကျွန်တော်မျိုးမသည် ဤသစ်ပင်

www.burmeseclassic.com

www.burmeseclassic.com



ုံ အမှီပြု နေထိုင်ရသော ရက္ခစိုးနတ်မယ်ဖြစ်ပါသည်။ ဤသစ်ပင်အား ခုတ်လှဲပါလျှင် ကျွန်တော်မျိုးမနှင့်တကွ သားငယ်သည် အတိဒုက္ခရောက်ရပါလိမ့်မည်။ ထို့ကြောင့် ဤသစ်ပင်အား ချမ်းသာပေးပါ”

ဟု တောင်းပန်ခဲ့လေသည်။ ရဟန်းသည် သစ်ပင်ကို သာ အလိုရှိသဖြင့် ရက္ခစိုးမယ်၏ စကားကို မကြားဟန်ပြု ကာ သစ်ပင်ကို ခုတ်မြဲ ခုတ်လေ၏။ ရက္ခစိုးမယ်လည်း တောင်းပန်၍မရသည့်အဆုံး ရင်ခွင်၌ ပွေ့ချီထားသော သား ငယ်ကို ထိုရဟန်းမြင့်စေရန် သစ်ကိုင်းပေါ်တွင် တင်ထား လိုက်လေသည်။ စိတ်ထဲကလည်း မိမိ၏ သားငယ်ကို ရဟန်း မြင်လျှင် စိတ်ပြောင်း၍ ကရုဏာသက်ကာ သစ်ပင်ကို ခုတ်တော့ဘဲ ထွက်ခွာသွားလိမ့်မည်ဟု ထင်နေလေသည်။

သို့သော် ရဟန်းသည် အမှတ်မဲ့ဖြစ်ကာ ကလေးကို မမြင်ဘဲ သစ်ပင်ကို ခုတ်လိုက်မိသဖြင့် ထိုရက္ခစိုးမယ်၏ သားငယ်မှာ လက်ပြတ်ရရှာသည်။ သားဇောဖြင့် ရက္ခစိုးမယ် မှာ ဒေါသမီး ညီးညီးတောက်လျက်…

“ဟယ်…ရဟန်း၊ ငါသည် သင့်အား ရိုကျိုးနှိမ့်ချ လျက်ကျခံကာ အတန်တန်တောင်းပန်ခဲ့ပါသော်လည်း မရ ။ တစ်ဖန် ရဟန်းမို့ ကရုဏာရှေ့ထား သနားလိမ့်မည်အထင် ဖြင့် သင် မြင်သာအောင် ငါ၏ သားငယ်အား သစ်ပင်ထက် မှာ တင်၍ ပြခဲ့သော်လည်း ရက်ရက်စက်စက် ငဲ့ကွက်ခြင်း ကင်းလေစွတကား။ သင့်လက်ချက်ဖြင့် ငါ၏ သားခမျာ အင်္ဂါချို့ယွင်းခဲ့ရလေပြီ။ ငါတမူလည်း သင့်အား ထောက်ထား စရာ၊ ညှာတာစရာ မရှိတော့တကား။ ငါ့အိမ်၊ ငါ့သား ပျက်စီး ရသကဲ့သို့ သင့်အသက်လည်း ယခုပင် ပျက်စီးစေတော့အံ့”

ဟု ကြုံးဝါးပြီး ရဟန်း၏ ဦးခေါင်းကို မိမိလက်ဖြင့် ရှစ်စိတ်ကွဲအောင် ပုတ်ခတ် ရိုက်ခွဲမည်ဟု ရယ်လိုက်သည်။ သို့သော် မကောင်းမှု မဦးစီးမီ၊ ကောင်းသော သတိတရားက လျှပ်တစ်ပြက်ဆိုသလို ရက္ခစိုးမယ်၏ ခေါင်းထဲသို့ လက်ခနဲ ဝင်လာသည်။

“ငါသည် ဤရဟန်းကို သတ်မိအံ့။ နောင်တွင် ဤ နတ်သမီးသည် ဘုရားသားတော်ကို သတ်သောသူဟု အမည် ဆိုးတွင်ကျန်ရစ်ပေတော့မည်။ ထို့ပြင် ယခုဘဝနှင့် မနိူင်းစာ နိုင်လောက်အောင် အဆပေါင်းများစွာ ဆင်းရဲသော ငရဲတွင် ကာလရှည်ကြာစွာ ကျခံရပေဦးတော့မည်။ ထိုကဲ့သို့သော နောင်တာရှည် ကောင်းကျိုးမပြုနိုင်သည့် မိုက်မဲသောအမှု ကို မပြုဖြစ်အောင် ဒေါသကို သိမ်းဆည်း၍ ရဟန်းတို့၏ သခင် ဘုရားရှင်အားသာ တိုင်ကြားသမှု ပြုတော့အံ့”

ဟု ရွယ်ထားသောလက်ကို အချိန်မီ ရုတ်သိမ်းနိုင်ခဲ့ လေသည်။ ထို့နောက် ရက္ခစိုးမယ်သည် သားငယ်ကို ပိုက် ကာ ဘုရားရှင် သီတင်းသုံးရာ ကျောင်းတော်သို့ သွားရောက် ပြီး ပူဆွေးငိုကြွေးလျက် တိုင်တန်းလျှောက်ထားခဲ့လေသည်။ အကြောင်းစုံကို သိတော်မူသော ဘုရားရှင်က ရက္ခစိုးမယ် အား ချီးမွမ်းလေ၏။

“အလွန်လျင်မြန်သော အရှိန်ဖြင့် မောင်းနှင်နေသော ရထားကို ရထားမောင်းသောသူသည် ရုတ်တရက် ရပ်တန့် စေရန် မလွယ်ကူသကဲ့သို့၊ ပြင်းစွာဆူတက် ထွက်လာသော ဒေါသကို စိတ်ချိုးနှိမ်ကာ နှိပ်ကွပ်ချုပ်တည်းဖို့ မလွယ်ကူ။ ရထားကို ရပ်တန့်စေရန် ဇက်ကြိုးကို ချုပ်ရဘိသကဲ့သို့၊ ဒေါသကို ချုပ်တည်းဖို့ ထိန်းကွပ်ရာတွင် စိတ်တည်းဟူသော ဇက်ကြိုးကို မိမိရရဖမ်းဆုပ်နိုင်ဖို့ ပို၍ပင် မလွယ်ကူပေ။ စိတ်ကို မချုပ်ထိန်းနိုင်ပါက ဒေါသတို့သည် မီးပွားများပမာ စိတ်သွားရောက်နောက်သို့ တကောက်ကောက်လိုက်ပါ တောက်လောင်ဖျက်ဆီး ဒုက္ခဆင်းရဲခြင်းတို့ကို ပွားစီးအောင် လောင်မြိုက်တတ်ပေ၏။ ချစ်သမီးသည် မီးတို့ကို ငြိမ်းသတ် အေးမြစေခဲ့သည်တကား”

မြတ်စွာဘုရား၏ ချီးမွမ်းစကားအပြီး၌ ရက္ခစိုးမယ်သည် သောတာပတ္တိဖိုလ်၌ တည်လေသည်။ ရက္ခစိုးမယ်သည်


www.burmeseclassic.com

www.burmeseclassic.com

သောတာပန် နတ်သမီးအဖြစ်သို့ ရောက်ခဲ့ပြားသော်လည်း ပဋိဒေဝမီးမှာ အဆုံးသတ် မငြိမ်းအေးနိုင်သေးသဖြင့် ငိုကြွေးမြဲ ငိုကြွေးလျက်ရှိပြန်၏။ ထိုအခါ ဘုရားရှင်က ဤသို့မေးပြန်၏။

"ချစ်သမီး···အဘယ့်ကြောင့် ငိုကြွေးနေသနည်း"

"အရှင်ဘုရား···တပည့်တော်မသည် ဘုရားရှင်၏ အဆုံးအမကြောင့် ပါဏာတိပါတကံကို လုံခြုံအောင် ထိန်းနိုင်ပြီး တပည့်တော်မ၏ အပူမီးကို တောက်စေခဲ့သော ရဟန်းအား လက်စားချေလိုစိတ် မရှိတော့သော်လည်း ကလေးငယ်နှင့် နေထိုင်ရာ ဘုံဗိမာန်ပျက်ခဲ့ရသောကြောင့် ဖြေမဆည်နိုင်ဖြစ်နေရပါသည် ဘုရား"

ဟု ရုက္ခစိုးမယ်က လျှောက်ထားသည်တွင် ဘုရားရှင်က မိမိ သီတင်းသုံးရာ ဇေတဝန်ကျောင်း ဂန္ဓကုဋီတိုက်အနီးတွင် ရှိသော သစ်ပင်တစ်ပင်အား ညွှန်ပြလျက်···

"ချစ်သမီး···ဤဗိမာန်ရှိ နတ်သားသည် စုတေခဲ့ပြီးဖြစ်၍ ပိုင်ရှင်မဲ့သော ဤသစ်ပင်အား ဗိမာန်ပြု၍နေပေတော့"

ဟု ပေး၏။

ဘုရားပေးသော ဗိမာန်ဖြစ်သောကြောင့် တန်ခိုးကြီးသော နတ်များပင် ရုက္ခစိုးမယ်၏ ဗိမာန်ကို နှောင့်ယှက်လုယူခြင်း မပြုရဲကြတော့ပေ။ ထိုရဟန်းကို အကြောင်းပြု၍ သစ်ပင်၊ သစ်ကိုင်း၊ နွယ်ပင်၊ ချုံပုတ်တို့ကို မခုတ်မချိုင်ရဟူသော ဘူတဂါမ သိက္ခာပုဒ်တော်ကြီး ပေါ်ပေါက်လာခဲ့ရလေ၏။ သောတာပန်ဟူသည် ပုထုဇဉ်ထက်ပို၍ မြတ်စွာဘုရားကို လေးမြတ်ယုံကြည်ခြင်း၊ သီလစောင့်ထိန်းခြင်း၊ အလှူအတန်းရက်ရောခြင်း စသည့် သာလွန်သော အချက်များရှိပင် ရှိငြားသော်လည်း ငိုကြွေးတတ်ကြပုံကို ၁၆ ပိယဝဂ် ဝိသာခါဝတ္ထုတွင် ဝိသာခါ သောတာပန် ကျောင်းအမကြီးသည် သူ၏ မြေးမကလေး ကွယ်လွန်သဖြင့် ငိုကြွေးပူဆွေးခဲ့ကြောင်း တွေ့နိုင်ပါသည်။ သို့ဆိုလျှင် ရုက္ခစိုးမယ်သည် သောတာပန်ဖြစ်သွားခဲ့သော်လည်း ငိုကြွေး ပူဆွေးခဲ့သည်ဟု ဆိုပါလျှင် သောတာပန်၏ မျက်ရည်ဟုသာ ဆိုရပါတော့မည်။

* * *

သိန်းဆွေ

ကျမ်းကိုး

- ၁၇၊ ကောဓဝတ်၊ ဓမ္မပဒ-သာသနာရေးဦးစီး။


" အာစရိယဂုဏံ အဟံ ဝန္ဒာမိ "

# ဂမ္ဘီရဆရာလှမျိုး (B.Sc) လယ်ပြ(ငြိမ်း)

ဂမ္ဘီရအမည်ခွဲ - အောင်ကောင်းမြဲ (သာကေတ)

(၇)နေ့သားသမီးများ ဘဝတစ်သက်တာ ဆောင်ရန် ရှောင်ရန်နှင့် အကျိုးပေးလုပ်ငန်း၊ စီးပွားရေး၊ အိမ်ထောင်ရေး၊ တစ်နှစ်တာဆောင်ရန် ရှောင်ရန်နှင့် လုပ်ငန်းစီးပွားအခြေအနေ ကြိုတင်သိထားစေရန်။ ဆန်းကျမ်း + သက္ကတ် ပညာရပ်များဖြင့် ညှိနှိုင်းတွက်ချက်ပေးမည်။ ချစ်သူအိမ်ထောင်ဘက်များအတွက် မင်္ဂလာနဝင်းနှင့် မင်္ဂလာအစီအရင်၊ နဝင်းခါတ်ယတြာအဖြေရှာ (ကျန်းမာရေး၊ လူမှုရေး)၊ ကံပွင့်လာဘ်ပွင့် အန္တရာယ်ကင်း အစီအရင်များ အထူးဆောင်ရွက်ပေးသည်။

(၁)နှစ်စာ ဟောစာတမ်း၊ ကလေး၊ ဆိုင်၊ လုပ်ငန်း အမည်ပေး၊ မင်္ဂလာအခါရွေး (မွေးဖွားမည့်ရက်ရွေးခြင်း) စနစ်တကျတွက်ချက်ရေးသားပေးမည်။ ရပ်ဝေးမှ မေးလိုက ငွေကြိုတင်ပေးပို့၊ ကိုယ်တိုင်လာလိုပါက ကြိုတင်ဖုန်းဆက်သွယ်ပါ)

ဟောခန်းလိပ်စာ

အမှတ် (၁၇)၊ အောင်သပြေအနောက် (၁)လမ်း၊ ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့။

ဖုန်း - ၀၉၄၂၀၀၄၇၈၆၉

လမ်းညွှန်

၃၅၊ ၆၅၊ ၃၂၊ ရွှေစည်းသည်(၂)၊ ၄၈(အထူး)၊ ၁၇၃၊ ၂၁၆၊ ၅၇၊ ၁၄၆၊ ၈၉၊ ၄၆(စိမ်း)၊ ၁၈ ကားများစီး၊ တာမွေ-သန်လျင်-ကျောက်တန်း-ခရမ်း-သုံးခွကားများစီးပါက (၈)ဂိတ်မှတ်တိုင်ဆင်းပါ။ ၃၄၊ ၆၂၊ ၁၀၆ ကားများစီးပါက ဓမ္မာရုံမှတ်တိုင်ဆင်းပါ။


www.burmeseclassic.com

www.burmeseclassic.com


စာ(၇၂)မှအဆက်

မိဖုရားအမျိုးအစားတွင် ပါဝင်သူဖြစ်သည်။ ဘာသာတရားကို ရိုသေကိုင်းရှိုင်းသူ မိဖုရားတစ်ပါးဖြစ်ပြီး မောင်တော် မင်းတုန်း မင်းနှင့်အတူ သံယုတ်ငါးကျမ်း အာဂုံပြန်နေသော ဆရာတော် ထံတွင် တရားနာသည်။ သင်္ဂဇာ ဆရာတော်နှင့် ဝဇီရာ ရာမ ဆရာတော်နှစ်ပါးလုံး၏ ကျောင်းဒါယိကာမ ဖြစ်သည်။ စိန်တုံး မိဖုရားသည် သားသမီး မထွန်းကားသည့် မိဖုရား ခုနစ်ပါးတွင် တစ်ပါးအပါအဝင်လည်းဖြစ်သည်။

မင်းတုန်းမင်းသည် သက်တော် ၆၅နှစ်သို့ရောက်သော အခါ လေရောဂါဝေဒနာစွဲကပ်လာခဲ့သည်။ နာမည်ကျော် ဆေးဆရာတို့နှင့် နေ့ညမပြတ် စောင့်ကြပ်ကုသသော်လည်း သက်သာတော်မမူသဖြင့် ဆင်ဖြူရှင် မိဖုရားကြီးနှင့် အပေါင်း အပါတို့သည် နန်းတော်၏ ရှေ့ရေးအတွက် ကြိုတင် ပြင်ဆင်မှုများ ပြုလုပ်ခဲ့ကြလေသည်။

၁၂၄၀ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၉ရက်နေ့တွင် သီပေါမင်းကို အိမ်ရှေ့မင်းခန့်ခဲ့ကြသည်။ ၁၂၄၀ပြည့်နှစ် သီတင်းကျွတ်လဆန်း ၆ရက်နေ့တွင် မင်းတုန်းမင်း နတ်ရွာစံတော်မူလေသည်။ သီတင်းကျွတ်လဆန်း ၁၂ရက်နေ့တွင် မီးသြဂြိုဟ်ခဲ့သည်။

ရွှေနန်းတော်၌ သီပေါမင်း နန်းတက်၍ အုပ်ချုပ်ရေးတွင် ဆင်ဖြူရှင်မနှင့် တိုင်းတားမင်းကြီးတို့၏ ဩဇာဖြစ်နေသည်ကို ကြားသိရသောအခါ သင်္ဂဇာ ဆရာတော်သည် အောက်ပြည်အောက်ရွာသို့ ကြွရန် ခံဖြတ်တော်မူခဲ့သည်။ ပဒေသရာဇ်စနစ် မင်းပြောင်းမင်းလွဲတွင် ပေါ်ပေါက်လာမည့် အမင်္ဂလာသတင်းများကို မကြားလို မမြင်လို၍ တစ်ကြောင်း၊ တိုင်းတစ်ပါးသားတို့၏ လက်အောက်၌ ကျရောက်နေသော အောက်ပြည်အောက်ရွာတွင် ဘာသာ၊ သာသနာ မမှေးမှိန်စေရေးအတွက် သာသနာပြုလိုခြင်းကြောင့် ၁၂၄၀ ပြည့်နှစ်၊




တန်ဆောင်မုန်းလပြည့်ကျော် ၁၄ရက်နေ့တွင် ရန်ကုန်သို့ ကြွရောက်တော်မူခဲ့လေသည်။

ဆရာတော် ကြိုတင် တွက်ဆထားသည့်အတိုင်း ၁၂၄၀ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၃ရက်နေ့တွင် ဝန်ကြီး နှစ်ဦးနှင့် ဝန်ထောက်တစ်ဦးတို့ကို အရာက ရုပ်သိမ်းခဲ့သည်။ တပို့တွဲလပြည့်ကျော် ၈-ရက်၊ ၁၁ရက်၊ ၁၂ရက်နေ့တို့တွင် မင်းညီမင်းသားများ အသတ်ခံခဲ့ရသည်။

စိန်တုံး မိဖုရားဟောင်းမှာလည်း မင်းတုန်းမင်း ပေးသနားတော်မူသော စိန်ရွှေငွေ မင်းခမ်းမင်းနား အသုံးအဆောင်များကို စာရင်းအင်းအသေအချာနှင့် ပြတိုက်အရာရှိ ရွှေတိုက်



www.burmeseclassic.com

www.burmeseclassic.com

အရာရှိတို့အား ကုန်စင်အောင် မပေးအပ်သဖြင့် ရွှေနန်းတော်ပြင်ပသို့ မထွက်ရ၊ မသွားရ။ မြို့ရိုးအကြား အနောက်ဝန်တို့အား အပ်၍ အကျဉ်းချုပ်ခံထားရလေသည်။

◆◆◆

သင်္ဂဇာ ဆရာတော်သည် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်၏ အရှေ့ဘက်ရှိ မဟာဓမ္မ ဒီပိကာရာမကျောင်းတိုက်၌ သီတင်းသုံးတော်မူနေစဉ် မော်လမြိုင်မြို့နှင့် ပုသိမ်မြို့မှ ဒါယကာများက တစ်ချိန်တည်း တစ်ပြိုင်တည်း လာရောက်ပင့်ဆောင်ကြလေသည်။ ပုသိမ်မှ ဒါယကာများက မည်သည့်ဒါယကာနောက်သို့ လိုက်မည်ကို ခွဲခြား၍ အမိန့်ရှိပါဟု လျှောက်ထားကြလေသော် ဆရာတော်မှ...

"ဒကာတို့...ငါ့မှာတော့ သမီးနှင့် အကြောင်းဆက်က သမက်ရသည်ဆိုသကဲ့သို့ ပုသိမ် ဒါယကာတို့နှင့် အကြောင်းဆက်က ပုသိမ်သို့ လိုက်ရမည်။ မော်လမြိုင် ဒါယကာတို့နှင့် အကြောင်းသင့်လျှင် မော်လမြိုင်သို့ လိုက်ရလိမ့်မည်။ နှစ်ဦးကြိုက်တော့ တယ်ကျခဲတယ်။ သို့သော် မင်းတို့ နှစ်ဦးနှစ်ဖက် ကျေနပ်ခွင့်ရအောင် နေနဲ့ လကဲ့သို့ ကျင့်ရလိမ့်မယ်။ မင်းတို့ သဘောတူနိုင်မလား"

ဟု မေးတော်မူသည်။

"မှန်လှပါ။ တပည့်တော်တို့မှာ ဥပမာအားဖြင့် အမေသိပ်သော်လည်း ငါ့အိပ်မှ ဖြစ်မည်ဆိုသော စကားကဲ့သို့ တပည့်တော်များ အထူးလျှောက်ထားဖွယ် မရှိပါ။ ဆရာတော် အမိန့်ရှိသမျှကို သဘောကျနိုင်ပါသည် ဘုရား"

ဟု လျှောက်ထားကြလေသည်။

ထိုအခါ ဆရာတော်မှ...

"ဒါယကာတို့...မော်လမြိုင်နှင့် ပုသိမ်မြို့သည် သူတို့ချင်း အဘယ်ကဲ့သို့ နေကြသနည်း"

ဟု မေးတော်မူခဲ့သည်။ ဒါယကာတို့က...

"မှန်လှပါ။ အရပ်ဒေသချင်း တည်ဟန်ကို ထောက်ရလျှင် အရှေ့အနောက်ဆိုရပါမည် ဘုရား"

ဟု လျှောက်ကြလေလျှင် ဆရာတော်က မိန့်ကြားတော်မူသည်မှာ...

"အဲ...ရောင်ခြည်တစ်ထောင်ဆောင်သော သူရိယ နေမင်းသည် အရှေ့မျက်နှာမှ ထွက်၍ အနောက်အရပ်သို့ ဝင်သကဲ့သို့၊ အရှေ့အရပ်ဖြစ်သော မော်လမြိုင်မှ ထွက်၍ အနောက်မျက်နှာ ပုသိမ်မြို့သို့ ဝင်မည်"

ဟု မိန့်တော်မူသောအခါ ဒါယကာတို့သည် များစွာ နှစ်သက် ဝမ်းမြောက်ခဲ့ကြလေသည်။

ဤသို့ဖြင့် သင်္ဂဇာ ဆရာတော်သည် မော်လမြိုင်သို့ ဦးစွာကြွရောက်၍ ကျိုက်သလ္လံဘုရားတောင်ခြေရှိ မန်ကျည်းတော ရွှေကျောင်းတွင် သီတင်းသုံးတော်မူခဲ့လေသည်။ ဝါတွင်းကာလအတွင်း မော်လမြိုင်မြို့၏ ရပ်နီးရပ်ဝေးရှိ ဦးဇင်းတို့သည် အကြောင်းမရှိဘဲ ဆရာတော်အား ဖူးတွေ့ချင်၍ ကြွရောက်လာကြကုန်သည်။ ထိုအခါ ဆရာတော်က...

"ငါ့ရှင်တို့...တောတွင်းကျောင်းတို့၌ သီတင်းသုံးကြသည်မှာ ဘောဇနေ၊ သပ္ပာယ၊ အာဝါသ သပ္ပာ မျှတသဖြင့် အသင့်အတင့်ရှိကြကုန်၏လော။ ကာယသုခ၊ စိတ္တသုခ ဟူသော ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၍ ချမ်းသာကြ၏လော။ ဂန္ထဓုရ၊ ဝိပဿနာဓုရ တရားများကို အားထုတ်နိုင်ကြ၏လော။ ယခု ဆရာတော်ထံသို့ ကြွလာကြသည်မှာ ကိစ္စအထူး အဘယ်သို့ ရှိကုန်သနည်း"

ဟု မေးတော်မူခဲ့သည်။ ထိုအခါ ရဟန်းငယ်များက-

"အရှင်ဘုရား...တပည့်တော်များမှာ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး လေးပါးသော ပစ္စည်းတို့ဖြင့် အသီးသီး ထောက်ပံ့ကြသဖြင့် လောက်ငှ ပြည့်စုံပါ၏ ဘုရား။ ကိုယ်စိတ်နှစ်ဖြာချမ်းသာသဖြင့် ကမ္မဋ္ဌာန်း ဝိပဿနာတရားများကိုလည်း တတ်အားသမျှ အားထုတ်ကြပါသည်။ ယခု အရှင့်ထံသို့ လာရသည်မှာ ကိစ္စအထူးမရှိကြပါ။ ဆရာတော်၏ မျက်နှာတော်ကို ဖူးမြော်လို၍ ရောက်လာပါသည် ဘုရား"

ဟု လျှောက်ထားခဲ့ကြသည်။

ထိုအခါ ဆရာတော်က...

"အင်း...မင်းတို့ သံဃာငယ်များမှာ ကြာလင်ပန်း ဘုန်းကြီး ဝါကပ်သလိုဖြစ်နေပေါ့ကိုးကွဲ့"

ဟု မိန့်တော်မူပြီးလျှင်...

"ငါ့ရှင်တို့ ရန်ကုန်မြို့ ပုဇွန်တောင်၌ ပျော်မြိန်းသော ကြာလင်ပန်း ဘုန်းတော်ကြီးသည် ဝါဆိုပြီးလျှင် သွားချင်ရာရာ ကြွသွား၍ ညဉ့်အိပ်ညဉ့်နေ စိတ်ထင်တိုင်း နေလေ့ရှိသတဲ့၊ ပုဇွန်တောင်အရပ်သား ဒါယကာများက "အရှင်ဘုရား တစ်ပါးသော ရဟန်းတို့မှာ ဝါကပ်ဆိုသည်မှစ၍ ကိစ္စ အကြောင်းထူးမရှိဘဲ ထွက်ခွာကြွသွား၍ ညဉ့်အိပ်များ နေကြသည် မဟုတ်ပါ။ အရှင့်မှာကား သွားလိုသွား၊ ကြွလိုကြွ၊ ကိစ္စအထူးမရှိဘဲ ကြွကောင်းပါ၏လော"ဟု လျှောက်ထားမေးမြန်းကြတယ်။ အဲဒီအခါ ကြာလင်ပန်း ဘုန်းကြီးက "ဝါဆိုနည်း မတူကြဘူး။ သူတို့က တစ်မျိုး၊ ငါက တစ်မျိုး။ ဝါဆိုစည်းတားကြတာကိုးကွဲ့။ သူတို့ ဝါဆိုတာက ဝါတွင်း




www.burmeseclassic.com

www.burmeseclassic.com

ာလဆိုတော့ ဘယ်ကြွလို့ ဖြစ်မလဲ။ ဣမသ္မိံ ဝိဟာရေ ဍုမ်တေမာသံ ဝသံ ဥပေမိ၊ ဣမသ္မိံ ဝိဟာရေ-တဲ့။ အဓိပ္ပာယ်က ဤကျောင်း၌ ဤဝါတွင်းသုံးလပတ်လုံး ဝါဆို ါကပ်ပါ၏တဲ့။ အဲဒီလို ဝါဆိုထားလို့ ကိုယ်ထင်တိုင်း မသွား ရတာ။ ငါကတော့ ဣမသ္မိံ ဇေဝ္ဒီပေ ဍုမ် တေမာသံ သံ ဥပေမိ၊ ဣမသ္မိံ ဇမ္ဗူဒီပေ-တဲ့။ အဓိပ္ပာယ်က ဤဇမ္ဗူ ဒီပါလက်ယာတစ်ကျွန်းလုံး၌ ဤဝါတွင်းသုံးလပတ်လုံး ဝါဆို ါကပ်ပါ၏တဲ့။ ဒီလိုကပ်ထားတာမို့ ဘယ်အရပ်သွားသွား သွားလို့ ရတယ်။ ကိစ္စမရှိဘူး"ဟု ဆိုသတဲ့ တပည့်တို့ရဲ့။ အဲဒီလိုပဲ မင်းတို့မှာလည်း တစ်ကျွန်းလုံး ရည်မှတ်ပြီး ဝါကပ်

အကျိုးတှာ ကြွလာတော်မူပါ။ အရှင်ဘုရား၏ တရားတော်ကို မှတ်သားခြင်းအကျိုးတှာ ကြွတော်မူပါ။ အရှင်ဘုရား၏ မျက်နှာ ကို ဖူးမြင်ရခြင်းအကျိုးတှာ ကြွတော်မူပါ"ဟု ပင့်လျှောက်လျှင် ထွက်ကြွ ချီးမြှောက်သင့်ကြောင်း လာရှိသည်။ ယခုပြဆိုခဲ့ သော အကြောင်းသုံးပါးတွင် တစ်ပါးပါးမှ မပါရှိဘဲ အကြောင်း မဲ့ ဝါတွင်း၌ ညဥ့်အိပ်ညဥ့်နေ မသွားရာ။ ဤဆုံးမစကားကို မှတ်သား၍ နောက်နောင် ငါ့ရှင်တို့ ရှောင်ကြရမည်။ ကြာ လင်ပန်း ဘုန်းကြီးလို မလုပ်ကြနှင့်"

ဟု နည်းပြ မိန့်တော်မူလျှင် တအုန်းအုန်းရယ်ခဲ့ကြ လေသည်။



ကြသလား"

လို့ဟု မိန့်ကြားတော်မူလျှင် အားလုံး ရယ်ရွှင်ခဲ့ကြ ကုန်သတည်း။

ထို့နောက် ဆရာတော်ဘုရားက···

"ငါ့ရှင်တို့···ဘုရားရှင် ဟောတော်မူအပ်သော မဟာ ဋ္ဌတော် ဝဿုပနာယိက ခန္ဓက၌ "ဒါနဋ္ဌ ဒါတုံ၊ ဓမ္မဋ္ဌ ထုံ၊ မုခဋ္ဌ ပဿိတုံ - သုံးပါးစုံသော အကြောင်းစုတွင် ရှင် ဒါယကာများက အရှင်ဘုရားအား လှူဒါန်းခြင်း

◆◆◆

သင်္ဂဇာ ဆရာတော်သည် မော်လမြိုင် ကျိုက်သလွံ့ တောင်ခြေ မန်ကျည်းတောကျောင်းတိုက်ကို ဗဟိုပြု၍ မိမိ ထံသို့ လာရောက်ဖူးမြော်ကန်တော့ကြသော ရဟန်း၊ လူ ပုဂ္ဂိုလ်တို့အား သင့်မြတ်လျော်ကန်သော တရားဓမ္မများ ဟောကြားခြင်း၊ အနီးပတ်ဝန်းကျင်ဒေသများသို့ ကြွရောက် ၍ တရားဓမ္မများ ဟောကြားခြင်း၊ ဘာသာရေးကိစ္စများ ဆောင်ရွက်ခြင်းကို ပြုခဲ့လေသည်။ အင်္ဂလိပ်လက်အောက်


www.burmeseclassic.com

www.burmeseclassic.com

ရောက်နေသော မော်လမြိုင်ပတ်ဝန်းကျင်တွင် အမျိုး ဘာသာ၊ သာသနာ မေးမှိန်သွားမည်စိုး၍ဖြစ်သည်။

ထိုအချိန်သည် မန္တလေး ရတနာပုံ နေပြည်တော်၌ သီပေါမင်းအုပ်ချုပ်နေသော အချိန်ဖြစ်သည်။ သီပေါမင်းသည် ဝင်ရာ ရာမ ဆရာတော်ကြီးအား နန်းတော်သို့ ပင့်၍ လျှောက်ထားသည်မှာ…

"အရှင်ဘုရား၏ ဆရာ၊ တပည့်တော်**များ၏** ဆရာဖြစ်သော သင်္ဂဇာ ဆရာတော်ဘုရားကြီးသည် **ဖခမည်းတော်** မင်းတုန်းမင်းကြီး နတ်ရွာစံသည်မှစ၍ ယခုတိုင် **မော်လမြိုင်** မြို့မှာ သီတင်းသုံးနေကြောင်း ကြားသိရပါသည်။ သာသနာ အကျိုး၊ တိုင်းကျိုးပြည်ကျိုး၊ သတ္တဝါတို့အကျိုး တိုးပွားစေရန်နှင့် သင်္ဂဇာ ဆရာတော်ကြီးမရှိက တပည့်တော်လည်း အားငယ်ဖို့ ရှိပါသည်။ တပည့်တော်၏ ပင့်စာနှင့်တကွ လက်ရင်းတပည့်ဖြစ်သော အရှင်ဘုရားကိုယ်တိုင် ကြွရောက်ပင့်ဆောင်ပါက သင်္ဂဇာ ဆရာတော်ဘုရားကြီး လိုက်ကြွတော်မူမည်ထင်ပါသည်"

ဟု လျှောက်တော်မူသည်။

သီပေါဘုရင် လျှောက်ထား တောင်းပန်သည့်အတိုင်း ဝင်ရာ ရာမ ဆရာတော်သည် မော်လမြိုင်သို့ ကြွရောက်၍ သင်္ဂဇာ ဆရာတော်ဘုရားကြီးအား သီပေါဘုရင်၏ ပင့်စာကို ပြလျက် လျှောက်ထားတော်မူရာ သင်္ဂဇာ ဆရာတော်ကြီးက အခွင့်တော်ပေး လက်ခံတော်မူလိုက်လေသည်။

သင်္ဂဇာ ဆရာတော်သည် မန္တလေး နေပြည်တော်သို့ ရောက်သောအခါ သီပေါမင်းအား မင်းကျင့်တရား ဆယ်ပါး၊ သင်္ဂဟတရားလေးပါးတို့နှင့်အညီ နေတော်မူရန် ဩဝါဒပေး တရားများပြ၍ နှစ်လ သီတင်းသုံးတော်မူသည်။ သီပေါမင်းက ဆရာတော်အား နေပြည်တော်တွင် သီတင်းသုံးရန် အကြိမ်ကြိမ်လျှောက်ထား တောင်းပန်သော်လည်း နေပြည်တော်တွင် မနေလို။ တောင်ငူနယ်စွန်း နင်းကျမ်းမြို့တွင် နေမည်ဟု မင်းနှင့် ဝိရောဓိ မဖြစ်စေလိုသောအားဖြင့် ပဋိညာဉ်ပေးပြီး နင်းကျမ်းမြို့သို့ ကြွတော်မူလေသည်။ နင်းကျမ်းမြို့တော်ဝန် ဆောက်လုပ်လှူဒါန်းသော မင်္ဂလာကျောင်းတော်တွင် တစ်ဝါ၊ တောင်ငူမြို့တွင် တစ်ဝါ သီတင်းသုံး၍ အိန္ဒိယနိုင်ငံ ဗောဓိပင်မင်း အောင်မြေသို့ ရေကြောင်းခရီးဖြင့် ကြွတော်မူလေသည်။

ထိုမှ ပုသိမ်မြို့တွင် နှစ်ဝါ သီတင်းသုံး သာသနာပြုပြီး သီဟိုဠ်(သီရိလင်္ကာ)သို့ ကြွရန် အိန္ဒိယပြည် ကာလကတ္တားသို့ ရေကြောင်းခရီးဖြင့် ကြွတော်မူပြန်သည်။ ကာလကတ္တားတွင် ညောင်အုတ်မင်းသား၏ သားနှစ်ယောက်ကို သာသနာ့အမွေခံယူစေခဲ့သည်။ သီရိလင်္ကာတွင် သက်ရဝါဒီနှင့် အသက်ရဝါဒီတို့ ဂိုဏ်းနှစ်ဂိုဏ်းကွဲနေသည်ကို ရင်ကြားစေ့ ညီညွတ်စေခဲ့သော်လည်း၊ မအောင်မြင်ခဲ့သော သာသနာ့တာဝန်ကို ထပ်မံ၍ ညီညွတ်စေရန် သွားရောက် ကြိုးစားကြည့်ချင်ပေမယ့် ထိုအချိန်က သီဟိုဠ်တွင် ဒုဗ္ဘိက္ခဘေးဆိုက်ရောက်နေကြောင်း သတင်းကြား၍ ရန်ကုန်သို့ ပြန်ကြွလာတော်မူလေသည်။ မော်လမြိုင်မှ ဒါယကာများက **လာရောက်ပင့်ဆောင်သောကြောင့် ၁၂၄၇ ခု၊ နတ်တော်လဆန်း ၅ရက်နေ့တွင် မော်လမြိုင်သို့** ဒုတိယအကြိမ် ကြွတော်မူခဲ့လေသည်။ ထိုနေ့သည် **သီပေါမင်း** ပါတော်မူသည့် ၁၂ ရက်မြောက်နေ့ဖြစ်သည်။

♦♦♦

သီပေါမင်း၏ မင်းဆရာဖြစ်သော ဝင်ရာ ရာမ ဆရာတော်သည် စိန်တုံး မိဖုရားကြီး၏ လွတ်မြောက်ရေးကို အလျှခံခဲ့ရာ အချုပ်မှ လွတ်မြောက်ခွင့်ရခဲ့ပြီး မိမိ၏ ကုသိုလ်တော်ဖြစ်သော ဝင်ရာ ရာမကျောင်းတိုက်၏ ဇရပ်တစ်ခုတွင် ပြောင်းရွှေ့နေထိုင်ဖွယ်ရှိပါသည်။

တစ်နေ့သောအခါ နယ်ချဲ့ လက်ပါးစေ ကုလားစစ်သားအချို့သည် ဝင်ရာ ရာမကျောင်းတိုက်ကို ဝိုင်းခဲ့ကြသည်။ ထိုအချိန်တွင် စိန်တုံး မိဖုရားကြီးသည် ဝင်ရာ ရာမ ဆရာတော်ကြီးအပါးတွင် တရားနာလျက်ရှိသည်။ မိဖုရားကြီးသည် ကြောက်ရွံ့ ထိတ်လန့်စွာဖြင့်…

"တပည့်တော်အား ကယ်တော်မူပါ ဘုရား"

ဟု လျှောက်ထားခဲ့သည်။ ဝင်ရာ ရာမဆရာတော်က-

"ဒါယိကာမကြီး…တရားဟောပလ္လင်ရဲ့ အကွယ်နောက်မှာ ပုန်းနေ"

ဟု မိန့်ကြားခဲ့သည်။ ဤသို့ဖြင့် ပွတ်ခါသီခါ လွတ်မြောက်သွားခဲ့သည်။

ထို့နောက် ဝင်ရာ ရာမ ဆရာတော်ဘုရားကြီးမှ…

"နောင်ရေးကား စိတ်မအေးဖွယ်ရှိသည်။ အခြေအနေတည်ငြိမ်နေပြီဖြစ်သော အောက်ပြည်အောက်ရွာသို့ တိမ်းရှောင်သွားမှ သင့်တော်မည်"

ဟု မိန့်ကြားတော်မူခဲ့လေသည်။

စိန်တုံး မိဖုရားကြီးသည် ဝင်ရာ ရာမ ဆရာတော်ကြီးအား အားကိုးအားထားပြု၍ အပျိုတော် မယ်ပဘာနှင့်အတူ ဘုန်းကြီးကျောင်းသား ယောက်ျားလေးအသွင် ရုပ်ဖျက်၍ ယောင်ပေစူးဆံထုံး ထုံးပြီး သင်္ဂဇာ ဆရာတော်ဘုရားကြီး၏



www.burmeseclassic.com

www.burmeseclassic.com

အရိပ်အာဝါသသို့ ခိုလှုံရန် မော်လမြိုင်မြို့သို့ ရောက်ရှိလာခဲ့သည်။

သင်္ဂဇာ ဆရာတော်ဘုရားကြီး၏ တပည့် ဒါယကာများနှင့် မော်လမြိုင် မြို့တော်သူ မြို့တော်သားတို့၏ နွေးထွေးစွာ ကြိုဆိုမှုကြောင့် ဝဇီရာ ရာမ ဆရာတော်ဘုရားကြီးနှင့်အတူ စိန်တုံး မိဖုရားကြီးတို့သည် သာသနာပြု လုပ်ငန်းများကို အေးချမ်းစွာ ဦးဆောင်ဦးရွက်ပြုနိုင်ခဲ့ကြလေသည်။ စိန်တုံး မိဖုရားကြီး၏ နေရေးထိုင်ရေးကို ကျောင်းအမကြီး ဒေါ်ရွှေဖွင့်မှ လက်တွဲ၍ အတူဆောင်ရွက်ခဲ့လေသည်။


သင်္ဂဇာ ဆရာတော်သည် တပည့်ရင်း ဝဇီရာ ရာမ ဆရာတော်နှင့်အတူ မန်ကျည်းတောကျောင်းတိုက်တွင် သီတင်းသုံးရင်း မပြီးဆုံးသေးသော သာသနာ့တာဝန်များကို ညွှန်ကြားပေးခဲ့ဟန်တူသည်။

သင်္ဂဇာဆတရာတော်၊ ဝဇီရာ ရာမဆရာတော်နှင့် ကျောင်းအမ စိန်တုံး မိဖုရားတို့ ဆုံတွေ့ချိန်အတွင်း သင်္ဂဇာ ဆရာတော်ဘုရားကြီးသည် ဆီးဝမ်းပျက်သော ဝေဒနာကို ခံစားရလေသည်။ ဝေဒနာကို တစ်ဆယ့်သုံးရက် ခံစားရပြီး ၁၂၄၈ ခု၊ ဝါဆိုလပြည့်ကျော် ၁၃ရက်တွင် သီတင်းသုံးရာ မော်လမြိုင်မြို့ မန်ကျည်းတောကျောင်းတိုက်တွင် ပျံလွန်တော်မူခဲ့လေသည်။ မင်းတုန်းမင်းထက် တစ်နှစ်ငယ်သော သင်္ဂဇာ ဆရာတော် ပျံလွန်တော်မူချိန်တွင် သက်တော် ၇၂နှစ်ဖြစ်လေသည်။

•••

ကျိုက်သလ္လံတောင်ထိပ်၏ တောင်ဘက် စောင်းတန်းအနီး တောင်စောင်း မြေပြန့်လေးတွင် ဆုတောင်းပြည့် သင်္ဂဇာ စေတီကြီးကို ဖူးတွေ့ရမည်ဖြစ်ပါသည်။ သီဟိုဠ်မှ ပင့်လာသော ဘုရားရှင်၏ ဓာတ်တော်စစ်များနှင့်တကွ ရှားရှာသော ဥဒ္ဒိဿစေတီတော်မြတ် ရုပ်ဓာတ်တော်များကို ဌာပနာ၍ ထိုဓာတ်တော်မွေတော် ရုပ်ပွားတော်တို့၏အောက်တွင် သင်္ဂဇာဆရာတော်ဘုရားကြီး၏ အလောင်းတော်ကို အုတ်ကလာပ်ဖြင့် အမြင့်သုံးဆင့်ပေါ် မှန်ခေါင်းသွင်း စေတီပြုသည် ကိုးကွယ်ထားလေသည်။ သင်္ဂဇာ ဆရာတော်ကြီး၏ တပည့်ရင်း ဝဇီရာ ရာမဆရာတော်ဘုရားကြီးကိုယ်တိုင် ကြီးကြပ်၍ စိန်တုံး မိဖုရားကြီးနှင့် မော်လမြိုင် မြို့သူမြို့သားများ ကောင်းမှုဖြစ်ပါသည်။

စေတီတော်၏ မနီးမဝေးတွင် ကျောက်သလင်းဖြင့် ထုလုပ်အပ်သော သင်္ဂဇာ ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိကျောက်စာကို အမိုးအကာလုံခြုံစွာဖြင့် နှစ်မျက်နှာအပြည့်



အစုံအလင်ရေးထိုး၍ မှတ်တမ်းတင်ထားပါသည်။

သင်္ဂဇာ ဆရာတော်ဘုရားကြီး သီတင်းသုံးသော မန်ကျည်းတော ရွှေကျောင်းတွင် ကိုးကွယ်သော လွန်ခဲ့သော နှစ်ပေါင်း ၂၄၁နှစ် သက်တမ်းရှိ နီးယွန်းဘုရားကြီးကိုလည်း ဆုတောင်းပြည့် သင်္ဂဇာစေတီတော်အရှေ့ ကျိုက်သလ္လံတောင်ထိပ်တွင် ကြည်ညိုစွာ ဖူးတွေ့ရမည်ဖြစ်သည်။ အများပြည်သူများအတွက် ကျိုက်သလ္လံတောင်ပေါ်သို့ ပင့်ထားသော အဆိုပါ ရွှေဟောင်း ယွန်းဘုရားကြီး၏ လက်ရာမှာ အထူးကောင်းမွန် အံ့သြလောက်ပါပေသည်။ လာရောက်ဖူးမြော်ကြပါကုန်။

* * *

ခင်ခင်ဝင်း(မောရဝတီ)

မှီငြမ်း


- ယခင်-ယခု မော်လမြိုင် ဘသန်းဦး(ပါဠိဆရာ) ၁၉၄၉။
- သင်္ဂဇာဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိကျောက်စာ။
- သင်္ဂဇာ စကားပုံပေါင်းချုပ်။
- ဓမ္မဝိလာသိနီ သိမ်ကျောက်စာ။
- အရှင်စန္ဒဝံသ(တောင်ပေါက်ဆရာတော်)၏ပြောကြားချက်။
- အပျိုတော် မယ်ပဘာ(ဆရာလေး မယ်ကိတ်)ပြောစကားများ လက်ဆင့်ကမ်းမှတ်တမ်း။
- ရတနာဘုံမြင့်ကျောင်း၏ အတ္ထုပ္ပတ္တိ(ဦးအုံ့ကျော်၊ ကထိက-သမိုင်း)။
- ကိုယ်တိုင်သွားရောက်ဖူးမြော် မှတ်သားခြင်း။




www.burmeseclassic.com

www.burmeseclassic.com

ဦးအေးကို (ယမုံနာ)

# ထူးထူးခြားခြား လေးဂါထာနိုးများ



ဤဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူပြီးသော အရှင်တော်မြတ်ဘုရားသည် လေးဆူရှိတော်မူသည်။

(၁) ကောဏ္ဍသံဂုံ၊

(၂) ကောနာဂုံ၊

(၃) ကဿပ၊

(၄) ဂေါတမ ဟူ၍ လေးဆူရှိတော်မူ၏။

ဂေါတမမြတ်စွာဘုရားရှင်သည် သိဒ္ဓတ္ထမင်းသားဘဝက -

(၁) သူအို၊

(၂) သူနာ၊

(၃) သူသေ၊

(၄) ရဟန်း ဆိုတဲ့ နိမိတ်ကြီးလေးပါးကို မြင်ပြီး သံဝေဂ ရ၍ တောထွက်တော်မူခဲ့၏။

သန္ဓေ တောထွက်၊ ဓမ္မစက်၊ နှုတ်မြွက်သံချို လဝါဆို၌ -

(၁) ပဋိသန္ဓေနေတော်မူခြင်း၊

(၂) တောထွက်တော်မူခြင်း၊

(၃) တရားဦး ဓမ္မစကြာဟောတော်မူခြင်း၊

(၄) ရေမီးအစုံ တန်ခိုးပြာဋိဟာကို ပြတော်မူခြင်း ဆိုသည်နှင့်အညီ လေးလီရှိ၏။

ကျွန်ုပ်တို့ ဗုဒ္ဓမြတ်စွာဘုရားရှင်သည် စွယ်တော်လေးဆူ သွားတော် လေးဆူရှိတော်မူခြင်း၊ ဗုဒ္ဓဂေါတမ ပွင့်တော်မူရာ အရပ်သည် မဇ္ဈိမဒေသ(လုမ္ဗိနီ၊ ဗုဒ္ဓဂယာ၊ မိဂဒါဝုန်၊ ကုသိနာရုံ) ဖွားပွင့်ဟောစံ သံဝေဇနီယ လေးဌာနနှင့် အစိဗဟိတ မစွန့်သော နေရာကား (လုမ္ဗိနီ၊ ဗုဒ္ဓဂယာ၊ သာဝတ္ထိ၊ သင်္ကာသနဂိုရ်) လေးနေရာရှိခြင်း၊ ဘုရားရှင်၏ ဗုဒ္ဓနေ့သည် (ဆုပန်



www.burmeseclassic.com

www.burmeseclassic.com

သောနေ့ ဖွားတော်မူနေ့ ပွင့်တော်မူနေ့ ပရိနိဗ္ဗာန်စံတော်မူနေ့) ကဆုန်လပြည့် ဗုဒ္ဓနေ့(လေးနေ့)ရှိတော်မူ၏။

ဗုဒ္ဓဘုရားရှင်သည် သာသနာ ငါးထောင် ထားတော်မူ၏။ ယခု ကျွန်ုပ်တို့သည် သာသနာ နှစ်ထောင့်ငါးရာတွင် လူ့ဘဝမှာ လူ့ရယ်ဟု ဖြစ်လာကြသော သတ္တဝါတို့ သန္တာန်၌ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ အကြောင်းတရား လေးပါးကြောင့် ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ်ဟူ၍ လေးမျိုး ရုပ်ခန္ဓာ၊ နာမ်ခန္ဓာဖြစ်တည်လာကြ၏။ ဤသည်ကို အကြောင်းပြု၍ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာဟူသည့် ပဋိစ္စသမုပ္ပါဒ်တရားလေးပါးနှင့် စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဟူသည့် ပရမတ္ထတရားလေးပါးရှိ၏။ ဤသည်က လမ်းတစ်သွယ်ဖြစ်သည်။

၎င်းတို့အပြင် ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟဆိုသည့် အဂတိတရားလေးပါး။ ကာမာသဝ၊ ဘဝါသဝ၊ အဝိဇ္ဇာသဝ ဒိဋ္ဌာသဝ ဆိုသည့် အာသဝေါတရားလေးပါးတို့အပြင်···

(၁) သီလဝိပတ္တိ (သီလပျက်စီးခြင်း)၊

(၂) ဒိဋ္ဌိဝိပတ္တိ (အယူပျက်စီးခြင်း)၊

(၃) အာစာရဝိပတ္တိ (အကျင့်ပျက်စီးခြင်း)၊

(၄) အာဇီဝဝိပတ္တိ (အသက်မွေးမှု ပျက်စီးခြင်း) ဟု ဆိုအပ်သော ဝိပတ္တိတရားလေးပါးနှင့်တကွ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဆိုသည့် အပါယ်လေးဘုံက လမ်းတစ်သွယ်။

ဤလမ်းနှစ်သွယ်သို့ ရောက်နေသော အသင် ပုထုဇဉ် သူသားသည် အဘယ်လမ်းကို ရွေးချယ်သွားမည်နည်း။ လမ်းမှားမရောက်ဖို့ အရေးကြီးသည်။

လူတို့ ရထားသည့် ရုပ်ခန္ဓာက ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဟူသော အခြေပြု ဓာတ်ကြီးလေးပါးနှင့် ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာဟူသော အထောက်အကူပြု ဓာတ်လေးပါး၊ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ဟူသော နာမ်တရားလေးပါးတို့ စုပေါင်းနေသော ဤရုပ်ခန္ဓာ၊ နာမ်ခန္ဓာအပေါင်းကို တွယ်တာနေသလား။ နှစ်သက်နေသလား။ ငြီးငွေ့စရာဟု ထင်မှတ်နေသလား။

တွယ်တာစွဲလမ်း၊ နှစ်သက်သဘောကျနေသော တဏှာလောဘတရားက မဂ်လမ်း၊ ဖိုလ်လမ်း၊ အမှန်လမ်းကို မရောက်နိုင်။ ပညတ်သဘောအရ နှစ်သက်စရာဟု ထင်မှတ်သော်လည်း ပရမတ်သဘောအားဖြင့် အနှစ်သာရမရှိသည်ကို ထင်ရှားနေသည်။

လူ့ဘဝရရှိလာသည့် အချိန်လေးမှာ တိုတောင်းလှ၏။ ကွေးသောလက် မဆန့်ခင်၊ ဆန့်သောလက် မကွေးခင် ခဏအတွင်းက ဖြစ်ပျက်မြင်နေ၏။ သည်တော့ သတိသမ္ပဇဉ် ဉာဏ်ယှဉ်ပြီး မဂ်လမ်း၊ ဖိုလ်လမ်းရောက်ဖို့ရာ ကာယာနုပဿနာ သတိပဋ္ဌာန်၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန် ဆိုတဲ့ သတိပဋ္ဌာန်လေးပါးတို့မှ လူသားတို့အား အပါယ်ဘေး စိတ်အေးရအောင် ဖေးမ ကယ်တင်နေပါသည်။ သတိပြု ဉာဏ်ယှဉ်ပါ။ တရားလက်လွှတ် ငုက်တောင်ကျွတ် မဖြစ်ပါစေနှင့်။ ဘဝရင်းစား မဆုံးရှုံးပါစေနှင့်။ မိမိ အားသန်ရာ သတိပဋ္ဌာန်တရားလေးပါးမှ တစ်ပါးပါးကို ကျင့်ကြံအားထုတ်လျှင် ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာဟု ဆိုအပ်သော သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်ပါက သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်ဆိုတဲ့ မဂ်လေးပါးက ကျွန်ုပ်တို့၏ အားထားရာ နိဗ္ဗာန်ခရီးလမ်းရောက်ဖို့ မလွဲကေန်ဖြစ်ပေ၏။

ကျင့်ကြံ ကြိုးကုတ် အားထုတ်ခဲ့သော ကုသိုလ်၏ အနုအရင့် ဖြစ်စဉ်လိုက်၍ အကျိုးပေးမည်က အမှန်ဖြစ်၏။ မဂ်ဖိုလ်နိဗ္ဗာန် လောကုတ္တရာအကျိုးမပေးနိုင်သေးလျှင်၊ ပစ္စုပ္ပန် တည့်တည့် လောကအကျိုးကို ရရှိခံစား စံစားလိုလျှင် စရဏ တရားဖြင့် နှစ်ဆယ့်လေးပစ္စည်း ပဋ္ဌာန်းဒေသနာတော်မြတ်ကြီးကို ယုံယုံကြည်ကြည် လေးလေးစားစား သတိထားပြီး ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီ ဆိုတဲ့ စေတီတော်လေးရပ်နှင့် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၏ အရှေ့ဘက်တွင် ရှိသော-

(၁) ဘုရားသုံးဆူတန်ဆောင်း။

(၂) ဆံတော်တွင်းတန်ဆောင်း။

(၃) သူတော်စင်တန်ဆောင်း၊

(၄) ကျိုက်ဝိုင်းဘိုးဘိုးကြီးတန်ဆောင်းဟု ဆိုအပ်သော လေးဌာနတွင် လည်းကောင်း၊

တစ်နည်း···

(၁) ကောက္ကသံဂုံဘုရားရှင်၏ တောင်ဝှေးတော်၊

(၂) ကောနဂုံဘုရားရှင်၏ ရေစစ်တော်၊

(၃) ကဿပဘုရားရှင်၏ ရေသနုပ်တော်၊

(၄) ဂေါတမဘုရားရှင်၏ ဆံတော်လေးဆူ ကိန်းဝပ်တော်မူသော လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးရှိ တန်ဆောင်းလေးသွယ်တွင် အာရုံကျရာ တန်ဆောင်း၌ လည်းကောင်း မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မဝိဟာရတရားလေးပါးကို လက်ကိုင်ထားပြီး အဓိဋ္ဌာန်ယူ



www.burmeseclassic.com

www.burmeseclassic.com

၍ ရွတ်ဆိုပါ။

(၁) ဒါန၊

(၂) သီလ၊

(၃) ဘာဝနာ၊

(၄) ဝိပဿနာ ဟု ဆိုအပ်သော အပါယ်ပိတ် တရားများကို လှူဒါန်း၊ ဆောက်တည်၊ ပွားများ၊ အားထုတ်ပါက လူတို့ အလိုရှိအပ်သော လောကအကျိုးစီးပွားများ ရရှိမည်ဖြစ်သည်။ ၎င်းအပြင်. . .

(၁) ပဋ္ဌာန်းဒေသနာတော်၊

(၂) မင်္ဂလသုတ်၊

(၃) မေတ္တသုတ်၊

(၄) ပုဗ္ဗဏှသုတ် လေးမျိုးကို ယုံယုံကြည်ကြည် ရွတ်ဆို အားထုတ်ပါက လောကအကျိုးစီးပွားရရှိပြီး လောကုတ္တရာအကျိုးကို ရရန်. . .

(၁) ငါမဟုတ်၊

(၂) သူမဟုတ်၊

(၃) ယောက်ျားမဟုတ်၊

(၄) မိန်းမမဟုတ်၊ ခန္ဓာအရှုပ် အကောင်ပုပ်က ဖောက်ပြန် ပျက်စီးနေသည်ဟု. . .

(၁) အနတ္တကို ဆင်ခြင်၊

(၂) အနိစ္စထင်၊

(၃) ဒုက္ခခွင်မှ၊

(၄) ပရမတ္ထမြင်ရန် အသိအရှိကို ဟုတ်တိုင်းမှန်စွာ ပညာဉာဏ်ဖြင့် ခန္ဓာအစဉ်ကို ဆင်ခြင်ပါလျှင် ဒီဘဝ၊ ဒီခန္ဓာ ဇာတ်သိမ်း ငြိမ်းပါလိမ့်မည်။

သူတော်စင်အပေါင်းတို့. . .သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ် အကျင့်မြတ်ဖြစ်တဲ့ မဇ္ဈိမ ပဋိပဒါကျင့်စဉ်က ခန္ဓာဉာဏ်ရောက် သဘောပေါက်ကြမည်ဆိုပါလျှင် ဒီဘဝ ဒီခန္ဓာ ချုပ်ငြိမ်းပြတ်၍ ဇာတ်သိမ်းမည်မှာ အမှန်ကေန်ဖြစ်ပါ ကြောင်း ထပ်လောင်း ဆုတောင်းပတ္ထနာပြုပါသည်ခင်ဗျား။

ကျွန်ုပ်သည် ကျမ်းတတ်ပညာရှင် မဟုတ်ပါ။ မိမိလက်လှမ်းမီသရွေ့ တွေးတောဆင်ခြင် မှတ်သားပြီး ရေးသားပူဇော်ခြင်းသာဖြစ်ပါသည်။ အမှားရှိ ခွင့်လွှတ်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

မမ္မောပဟဝေ ရက္ခတိ ဓမ္မစာရီ

* * *

ဦးအေးကို(ယမုံနာ)

အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်

ဆရာကြီးဦးအောင်မြိုင် (အောင်ဇ-LL.B)

(လက္ခဏာဗေဒင်ပညာသုတေသီ)

▶ အရောင်းအဝယ်လုပ်ငန်းအမျိုးမျိုးအတွက် အဝယ်ကောင်း၍ အရောင်းသွက်ပြီး စီးပွားတိုးတက်စေဖို့ ▶ ပွဲရုံ လုပ်ငန်းအမျိုးမျိုးမှာ နယ်မှကုန်သည်များ လာရောင်းကြပြီး၊ မိမိသိုလှောင်ထားသောကုန်များလည်း ကြိုက်ဈေးရပြီး အမြန်ရောင်းထွက်စေဖို့ ▶ စိုက်ပျိုးရေးလုပ်ငန်းအမျိုးမျိုးမှာ ပျက်စီးလေလွင့်မှုနည်း၍ အထွက်နှုန်းကောင်းပြီး၊ ရောင်းပန်းလှစေဖို့ ▶ မွေးမြူရေးလုပ်ငန်းအမျိုးမျိုးမှာ အသေအပျောက် အဆုံးအရှုံးနည်းပြီး အောင်မြင်ကြီးပွား ငွေဝင်များစေဖို့ ▶ ပင်လယ်ပြင် ငါး၊ ပုဇွန်၊ ရေထွက်ဖမ်းဆီးရေး စက်လှေသင်္ဘောလုပ်ငန်းမှာ ဘေးအန္တရာယ်ကင်း၍ များများ ဖမ်းဆီးရမိပြီး အခိုးအဝှက် အလိမ်အညာကင်းစွာဖြင့် စီးပွားဖြစ်ထွန်းလာစေဖို့ ▶ ခရီးသည်နှင့် ကုန်စည်သယ်ယူ ပို့ဆောင်ရေးလုပ်ငန်းအမျိုးမျိုးမှာ အပျက်အစီးနှင့် ဘေးအန္တရာယ်များကင်းရှင်းပြီး ငွေဝင်ကောင်း၍ လုပ်ငန်းတိုးတက်အောင်မြင်လာစေဖို့ ▶ သစ်တော အင်းအိုင် တောင်ယာ ဘေးမဲ့တော ပင်လယ်ကမ်းခြေအပန်းဖြေစခန်းနှင့် ဟိုတယ်လုပ်ငန်းအမျိုးမျိုးမှာ ပြည်တွင်းပြည်ပတို့မှ ဧည့်သည်များများလာပြီး ငွေဝင်ကောင်း၍ ကြီးပွားတိုးတက်စေဖို့ ▶ အနုပညာဆိုင်ရာ လုပ်ငန်းအမျိုးမျိုးမှာ နာမည်ကျော်ကြားငွေဝင်များစေဖို့ ▶ ဆိုင်လုပ်ငန်းအမျိုးမျိုးမှာ လူဝင်များ ရောင်းအားကောင်းလာဖို့ ▶ ဆေးကုသမှု လုပ်ငန်းများမှာ ဆေးစွမ်းထက်မြက် နာမည်တက်စေဖို့ ▶ မမျှော်လင့်ပဲ စီးပွားပျက်ခဲ့ရသူများအတွက် စီးပွားအမြန်ဆုံး ပြန်တက်လာစေဖို့ ▶ စီးပွားရေးအတွက် အကူအညီတောင်းကာ အဆင်ပြေစွာ အမြန်ဆုံးရရှိဖို့ ▶ ငွေကြေးအကျပ်အတည်းမှ အမြန်ဆုံးရုံးထွက်လွတ်မြောက်နိုင်စေဖို့ ▶ ယခုကြုံတွေ့နေရသော အခက်အခဲများကို အမြန်ဆုံးကျော်လွှားနိုင်ဖို့ ▶ အာမခံနှင့်လျော်ကြေးကိစ္စများ မှန်မှန်နှင့်မြန်မြန် ပြန်လည်ရရှိစေဖို့ ▶ ပြည်ပနှင့်ဆက်သွယ်လုပ်ကိုင်ရသော လုပ်ငန်းအမျိုးမျိုးမှာ အနှောင့်အယှက်ကင်းပြီး အဆင်ပြေပြေနှင့် အောင်မြင်ကံကောင်းနေစေဖို့ ▶ ဘယ်မှာနေနေ အယှဉ်အပြိုင်နည်းပြီး ဘာပဲလုပ်လုပ် အခက်အခဲမရှိဘဲ အမြန် အောင်မြင်နိုင်စေဖို့. . .

ဟောခန်းလိပ်စာသစ် - မြောက်ဒဂုံမြို့နယ်၊ (၃၄)ရပ်ကွက်၊ ဦးဝိစာရလမ်း၊ အိမ်အမှတ်(၈၄၃)။

☎ - ၀၁-၅၈၆၇၀၄၊ - ၀၉-၅၀-၆၂၈၄၃၊ E.mail : uaungmyaing@gmail.com


ယုံကြည်အားကိုးမှသာ လာခဲ့ပါ

www.burmeseclassic.com

www.burmeseclassic.com

# ၇ ရက်သားသမီးများအတွက် ဘေးအန္တရာယ်ကင်းစေရန် အဆောင်နှင့် မီးကျွင်းဂါထာ

ဇရာမြေ ကျော်ဝေ



ဦး ကာမကာမသေ ရ

ဦး ထကာထကာသေ ရ

ဦး ကယမထ

ဦး သေဓမ္မာရှင်။

ဤဂါထာတော်သည် ဦးဇင်းကြီး ဦးစိတ္တမှ ချီးမြှင့်သော ဂါထာတော်ဖြစ်ပါသည်။ အစီအမံအဆောင်ပြုလုပ်ရာတွင် ၎င်းဂါထာတော်ကို ၃၇အုပ်ရွတ်ပြီးမှ အုန်းနံ့သား(သပ်) သိမ္မနှက်ကဲ့သို့ ချွန်ထားသော၊ တစ်ထွာဖြတ်ထားသည့် သတ်များကို ဂါထာသွင်း၍ ပုံတွင် ပြထားသည့်အတိုင်း ဆရာကြီးများ၏ အာဏာတော်တည်စေရမည်ဟု ပြောဆိုပြီး အသက်သွင်းရပါမည်။ အုန်းနံ့သား ၉တိုင်တွင် အဓိက အိမ်အလယ်တိုင်၌ ရိုက်ရမည့်သပ်မှာ (၅၅၂၅၇၆၂၃)တစ်ခုနှင့် အမိပ္ပာယ်ပြန်ထားသော(ပြုပြန် ကြံပျက် တိုက်သူ ခံစေ)တစ်ခုနှင့်အတူ ပူးတွဲ၍ ရိုက်ထားခြင်းအားဖြင့် မီးဘေး၊ သူခိုး၊ ဓားပြဘေး၊ ရန်တစ္ဆေ သရဲ အမှောက် ပယောဂများ အတိုက်အခိုက်များမှ ကင်းဝေးပါမည်။ ပြုလုပ်ရန် မကောင်းကြံသူသည် မည်သည့်နည်းနှင့်မျှ ပြုလုပ်၍ မရပါ။


အစီအရင်ပြုလုပ်ရာတွင် မိမိအိမ်ရှိ ဘုရားရှေ့တွင် ဆေယာင်းတိုင် ၉တိုင်၊ ရေ ၉ခွက်၊ ပန်းဖြူ ၉ပွင့်(မည်သည့်ပန်းဆို ရပါသည်။ အဖြူဆွတ်ဆွတ်သာဖြစ်ရပါမည်။)တို့ ပါဝင်ရမည်။ ဦးဇင်းကြီး ဦးစိတ္တ၏ ကိုယ်တွေ့အစီအရင်ဖြစ်သည်။

ဦးဇင်းကြီး ဦးစိတ္တသည် လွန်ခဲ့သော ၅နှစ်ခန့်က ရန်ကုန်မြို့ စမ်းချောင်း၊ မုန့်လက်ဆောင်းကုန်း၊ ဧယျာသုခလမ်းတွင် မီးလောင်မှုတစ်ခုဖြစ်ပွားရာ အစီအမံပြုလုပ်ထားသော မိတ်ဆွေတစ်ဦး၏ အိမ်သည် လုံးဝ မီးမလောင်ခဲ့ပါ။ အနီးဝန်းကျင်မှ အိမ်များ မီးလောင်၍ သွားပါသော်လည်း



www.burmeseclassic.com

www.burmeseclassic.com




မိတ်ဆွေ၏ အိမ်ကို မီးမလောင်ခဲ့ပါ။ ထိုမိတ်ဆွေ၏ အိမ်ကို ကျော်ပြီး နောက်ဘက်ရှိ အိမ်နှစ်အိမ်ကို လောင်ပြီးမှ မီးငြိမ်းသွားခဲ့ပါသည်။

အစီအရင်ကောင်းတစ်ခုကို ဦးဇင်းကြီးက လေ့လာမှတ်သားပြီး ယခုနေထိုင်သော ကျောင်းတွင်လည်း ပြုလုပ်ထားသည်။ အစီအမံပြုလုပ်ရာတွင် ဂါထာမန္တန်တို့၏ တန်ခိုးသည် အလွန်ထက်ပါသည်။ ဘုရားရှင်၏ ဂါထာမန္တန်တော်များကို ရွတ်ဖတ်သူတို့၏ အကျင့်စရဏသိက္ခာ၊ အာဏာစက်သည်လည်း အလွန်အရေးကြီးပါသည်။ ထိုနည်းတူစွာပင် အဆောင်ကို လက်ဝယ်ထားသူများသည်လည်း ရတနာသုံးပါးနှင့် မိဘဆရာတို့ကို အစဉ်မမေ့ဘဲ ငါးပါးသီလလုံခြုံမှသာလျှင် သိဒ္ဓိတန်ခိုးတက်စေမည်ဟု ဦးဇင်းကြီး ဦးစိတ္တက ပြောပြပါသည်။


ဦးဇင်းကြီး ဦးစိတ္တနှင့် တပည့်ဖြစ်သူ မောင်ထွန်းထွန်းတို့၏ ဓာတ်ပုံများကို ရိုက်ယူပြီး အဆောင်ပစ္စည်းများဖြစ်သော ဂမ္ဘီရ အုန်းနှဲသား(သပ်)ပြုလုပ်ပုံ၊ ပြုလုပ်နည်းများကိုပါ ရေးဆွဲ၍ စာဖတ်သူများအတွက် လွယ်ကူစွာ ထင်သာမြင်သာရှင်းလင်းသိစေရန် စေတနာ မေတ္တာရှေ့ထားပြီး ဤဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်းကြီးတွင် ဖော်ပြပေးလိုက်ပါသည်။

(အင်းအဆောင်)

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၅ | ၅ | ၂ | ၅ | ၇ | ၆ | ၂ | ၃ | ပယောဂ ဟူသမျှ နိုင်သော အဆောင်ကို ကိုးခေါက်ရွတ် |
| ပြု | ပြန် | ကြံ | ပျက် | တိုက် | သူ | ခံ | စေ | |




(၃၇အုပ်ဂါထာရွတ်ပြီးသား လေးတိုင်ကို အိမ်အပြင်တိုင်တွင် ရိုက်ရန်)




(အိမ်တွင်း ဘယ်ဘက်တိုင်တွင် ရိုက်ရန်) (အိမ်အလယ်တွင် ရိုက်ရန်) (အိမ်တွင်း ညာဘက်တိုင်တွင် ရိုက်ရန်) (အိမ်ခေါင်တွင် ရိုက်ရန်)

(ဂါထာ ၃၇အုပ်ရွတ်ပြီးသား ငါးတိုင်ကို အိမ်အတွင်းပိုင်းတွင် ရိုက်ရန်)

အဆောင်ပစ္စည်းပြုလုပ်ရာတွင် အုန်းနှဲသား (သပ်)ကိုးတိုင်အစား သုံးတိုင်ပြုလုပ်လျှင်လည်း ရပါသည်၊ အဓိကမှာ အိမ်ခေါင်တွင် ရိုက်မည့်တိုင်၌ "ဗုဒ္ဓံ၊ ဓမ္မံ၊ သံဃံ"ဟူ၍ စာရေးပြီး အလယ်တိုင်နှစ်တိုင်ကို ပုံတွင် ပြထားသည့်အတိုင်း အတိုချုံး၍ ရိုက်ပါ။

ဤဆောင်းပါးဖြစ်မြောက်ရေးအတွက် အစီအရင်ပြုလုပ်ပုံ၊ ပြုလုပ်နည်းကို စိတ်ရှည် ဇွဲသန် သည်းခံပြီး ပြောပြပေးသော ဦးဇင်းကြီး ဦးစိတ္တကို အထူးပဲ ကျေးဇူးတင်ပါသည်။


* * *

ရောမြေမြကျော်စေ



www.burmeseclassic.com

www.burmeseclassic.com



မန္တလေးတောင်ပေါ်ရှိ ကကုသန်ဘုရားရုပ်ပွားတော်
မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့။


www.burmeseclassic.com

www.burmeseclassic.com


## မန္တလေးတောင်ပေါ်မှ

# ဦးခန္တီကောင်းမှုတော် စေတီများ

ချစ်မင်းသူ



မန္တလေးတောင်ပေါ်ရှိ ဆုတောင်းပြည့်စေတီ



မတ္တရာမြို့ရှိ ဆုတောင်းပြည့်စေတီ


လွန်ခဲ့သော ၂၅-၈-၂၀၁၂ ရက်နေ့က မန္တလေးသို့ သွားရောက်ဖြစ်ခဲ့သည်။ အကြောင်းရင်းကား သန်လျင်မြို့ နတ်စင်တစ်ရာကျောင်းဆရာတော် ဘဒ္ဒန္တပညာတေဇ ဦးဆောင်အမှူးပြု၍ ဖေကြိုမ်မြောက် သစ္စာအဓိဋ္ဌာန် စတုဒိသာလှူဒါန်းပွဲကို တောင်ပြုံးတွင် သွားရောက်ကျင်းပခဲ့ရာတွင် မိမိအပါအဝင် စာနယ်ဇင်းသမားများကိုပါ ဖိတ်ကြားခဲ့သောကြောင့် ဖြစ်သည်။ နတ်စင်တစ်ရာဆရာတော်သည် ကမ္ဘာသူ ကမ္ဘာသားများ ဘေးဥပဒ်် အန္တရာယ်များမှ ကင်းဝေးစေခြင်းအကျိုးကို ရည်စူး၍ သစ္စာအဓိဋ္ဌာန် စတုဒိသာကျွေးမွေးပွဲများကို မြန်မာပြည်အရပ်ရပ်သို့ လှည့်လည်ကျင်းပခဲ့ရာ ဖေကြိုမ်တိုင်ခဲ့ပြီဖြစ်သည်။

ထို ဖေကြိုမ်မြောက် စတုဒိသာလှူဒါန်းပွဲကို မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ တောင်ပြုံးကြီးကျေးရွာရှိ ရသေ့ကြီး ဦးခန္တီကောင်းမှုတော်စေတီတစ်ဆူဖြစ်သည့် ဆုတောင်းပြည့်စေတတော်ရင်ပြင်တွင် ကျင်းပခဲ့ပါသည်။ ထိုလှူဒါန်းပွဲရက်မှာ တောင်ပြုံးပွဲတော်ရက်ဖြစ်သဖြင့် ပွဲသွားပွဲလာ ဧည့်ပရိသတ်များ အလွန်စည်ကားရာ နေရာဒေသဖြစ်သည်။ ကြက်ပျံမကျ လူစည်ကားသောကြောင့် အဆိုတ်




www.burmeseclassic.com


www.burmeseclassic.com




ရသေ့ကြီးဦးခန္တီရုပ်တု



ကကုသန်ဘုရားရုပ်ပွားတော်



ရသေ့ကြီးဦးခန္တီရုပ်တုတော်



မန္တလေးတောင်ပေါ်ရှိ မြွေကြီးနှစ်ကောင်



www.burmeseclassic.com


www.burmeseclassic.com



အလတ် အမြတ်မရွေး လူပေါင်းတစ်သိန်းကျော်ကို ထောပတ်ထမင်းများဖြင့် စတုဒိသာကျွေးမွေးလှူဒါန်းနိုင်ခဲ့ သည်မှာ အလွန်ပီတိဖြစ်စရာကောင်းလှပါသည်။

စာရေးသူတို့ မီဒီယာအဖွဲ့သူ အဖွဲ့သား ၃၅ဦးကို ရန်ကုန်မှစ၍ စရိတ်ငြိမ်းခေါ်ဆောင်လာသကဲ့သို့ မန္တလေး ရောက်သည့်အခါတွင်လည်း ဘုရားဖူးလိုက်ပါ ပို့ဆောင်ပေးခဲ့ ပြန်ပါသည်။ နတ်စင်တစ်ရာ ဆရာတော်၏ စေတနာကုသိုလ် တော်ကြောင့်ပင် မန္တလေးတောင်တော်ပေါ်သို့ ဘုရားဖူးရောက် ဖြစ်ခဲ့ပါသည်။ ဟိုးယခင်နှစ်ပေါင်း ၂၅နှစ်ခန့်က တစ်ကြိမ် ရောက်ဖူးပါသည်။ ထိုစဉ်က မန္တလေးတောင်ပေါ်သို့ ကားဖြင့် တစ်ဆင့်၊ ခြေလျင်တစ်ဖုံ ဖာက်ရောက်ခဲ့ကြရပါသည်။ ယခု အခါတွင် မြင်ကွင်းသစ်များ အသစ်အဆန်းပြောင်းလဲနေ သကဲ့သို့ တောင်မကြီးခြေရင်းသို့ ကားဖြင့် တက်ရောက်ခဲ့ပြီး ဓာတ်လှေကားဖြင့် တောင်ပေါ်သို့ တက်နိုင်ခဲ့ပါသည်။


တောင်မကြီးခြေရင်းမှ မြွေကြီးနှစ်ကောင်ရှိရာ ဆုတောင်းပြည့်စေတီမြတ်ကြီးကို ဖူးမြော်နိုင်ရန်အတွက် ဓာတ်လှေကား စီစဉ်ထားရှိခြင်းကြောင့် အချိန်ကုန် လူပန်း သက်သာပြီး ကိုယ်စိတ်သက်သာစွာဖြင့် ဘုရားဖူးခဲ့ရပါသည်။ မိမိတို့သည် ဆုတောင်းပြည့်စေတီ၌ ဦးချ ကန်တော့ကြပြီး






www.burmeseclassic.com

www.burmeseclassic.com












www.burmeseclassic.com

www.burmeseclassic.com





နောက် မြွေကြီးနှစ်ကောင်ထံသွား၍ ဆုတောင်းပတ္ထနာပြု ကြပါသည်။ ပြီးနောက် မန္တလေးတောင်ပေါ်မှ တောင်ပတ်ဝန်း ကျင်ရှိ စိမ်းမြမြရှုခင်းများကို ကြည့်ရှုခံစားကြပြန်ပါသည်။ တောင်ပေါ်မှ ဟိုးအဝေးသို့ လှမ်းကြည့် ခံစားရသည့် အရသာ မှာ ကြည်နူးချမ်းမြေ့ဖွယ် ကောင်းလှပါသည်။ လေကောင်း လေသန့်ကို တစ်ဝကြီး ရှူရှိုက်ရခြင်းအတွက်လည်း ကိုယ် စိတ် လန်းဆန်းခဲ့ရပါသည်။

ဤတွင် မန္တလေးတောင်ပေါ်ရှိ စေတီ၊ ပုထိုးများကို တည်ထား စောင့်ရှောက်ခဲ့သည့် ဘုရားဒကာကြီး ရသေ့ကြီး ဦးခန္တီကို သွားသတိရမိပါသည်။ ထို့ကြောင့် စိတ်ထဲမှ ရည်မှန်း ကန်တော့လိုက်မိပြန်ပါသည်။ ပြီးလျှင် ရသေ့ကြီး ဦးခန္တီ၏ အတ္ထုပ္ပတ္တိကို ရှာဖွေစုံစမ်းမေးမြန်း လေ့လာရပါတော့သည်။ ဦးခန္တီကို အဖ ဦးရွှေလှ၊ အမိ ဒေါ်ညိုတို့မှ ရမည်းသင်းမြို့ အနောက်တောင်ရွာသာရွာနိဂုံး၌ ၁၂၂၉ ခု၊ ဝါခေါင်လပြည့် ကျော် ၅ရက်၊ တနင်္လာနေ့တွင် ဖွားမြင်ခဲ့ပါသည်။ အချို့က အမိအမည်ကို "ဒေါ်ကန်"ဟု အသိအမှတ်ပြုကြသည်။ ဦးခန္တီ ၏ ငယ်နာမည်မှာ "မောင်ဖိုးမောင်" ဖြစ်သည်။

သေးသွယ်သော မျက်နှာ၊ ဖြောင့်စင်းသော နှာတံ၊ ကျယ်ပြန့်သော နဖူး၊ ရှည်၍ ကားသော နားရွက်၊ ချွန်သော ဦးခေါင်းနှင့် သွယ်ပျောင်းသော ခြေတံလက်တံများ ရှိပြီး အရပ်မှာ ၆ပေကျော်ရှိပါသည်။ ၁၂၄၉ ခုနှစ်တွင် ရဟန်းဝတ် ၍ ရဟန်းဝါ ၁၂ ဝါတိုင်တိုင် စာပေကျမ်းဂန်များကို သင်ကြား တတ်မြောက်ပြီးနောက် ၁၂၆၁ခုနှစ်တွင် ရသေ့အသွင်သို့ ကူးပြောင်းကာ မန္တလေးမြို့ သာခိုတောင်၊ ရွှေမြင်တင်တောင် များ၌ ကမ္မဌာန်းအားထုတ်ခဲ့သည်။ ဦးခန္တီသည် မြန်မာနိုင်ငံ ဒေသအနှံ့အပြား၌ သာသနာရေးဆိုင်ရာ အဆောက်အအုံ များစွာကို တည်ထားပေးခြင်းကြောင့် အလွန်ထင်ရှားသူတစ်ဦး ဖြစ်သည်။ မန္တလေးတောင်ကို မွမ်းမံသူဖြစ်သောကြောင့် မန္တလေးတောင် ရသေ့ကြီး ဦးခန္တီဟူ၍ ပိုမိုလူသိများလေ သည်။


ဦးခန္တီအား တောင်ခွင်သာသနာပိုင် ဆရာတော်ကြီးက သာသနာ့ဟိတဓဇ နာယက ဟူသောဘွဲ့ကို ချီးမြှင့်ခဲ့ပါ သည်။ ဦးခန္တီသည် ရွှေမြင်တင်တောင်အဝန်း၌ စေတီ ၄၉ဆူ ကျောင်း ၃၄ကျောင်း၊ တန်ဆောင်း ၁၆ခု၊ ရုပ်ပွားတော်ကြီး ၁၅ဆူနှင့် အခြားအဆောက်အအုံများကို ရှစ်နှစ်အတွင်း အပြီးတည်ဆောက်ခဲ့သည်။ တောင်ပချုပ်၌လည်း ချမ်းသာရှ ဆုတောင်းပြည့်စေတီ၊ ကျိုက်ထီးရိုးစေတီ၊ ကျောက်ဆင့်စေတီ တို့ကို တည်ခဲ့သည်။ ၁၂၆၂ခုနှစ်တွင် ပျဉ်းမနားမြို့ ဆင်ဖြူ



www.burmeseclassic.com

www.burmeseclassic.com





တောင်သို့ ကြွရောက်ပြီး၊ ထိုမှတစ်ဖန် လယ်ဝေးသို့ ကြွရောက်ကာ ၁၂၆၉ ခုနှစ်မှစ၍ မန္တလေးတောင်သို့ ကြွရောက်ပြီး ဘုရား၊ ပုထိုးအဆောက်အအုံများစွာကို တည်ထောင်ခဲ့ပါသည်။

မန္တလေးတောင်ခြေ စန္ဒမုနိဘုရားနှင့် သထုံမြို့ ရွှေစာရံဘုရားများတွင် ကျောက်ချပ်ရေ ၃၀၀၀ကျော်ရှိ ပိဋကတ်တော် အဋ္ဌကထာများကို ကျောက်ထက် အက္ခရာတင်ခဲ့သည်။ ဦးခန္တီ၏ ကောင်းမှုတော်များမှာ မန္တလေးကျောက်တော်ကြီးဘုရား၊ ကုသိုလ်တော်ဘုရား၊ အာနန္ဒာဘုရားတို့၌ အာရုံခံ တန်ဆောင်းများ၊ အုတ်စောင်းတန်းများ၊ ရုပ်ပွားတော်များကို တည်ဆောက်ပြီး မယ်ဥတောင်၌ စေတီပုထိုးတည်ခြင်း၊ တောင်ပြုံး ဆုတောင်းပြည့်စေတီနှင့် စောင်းတန်းများ တည်ဆောက်ခြင်း၊ အမရပူရမြို့ ပုထိုးတော်ကြီးအတွင်း၌ ခေါင်းလောင်းကြီးနှင့် တန်ဆောင်းတည်ခြင်း၊ စစ်ကိုင်း ဆင်များရှင်ဘုရားကို ထီးတင်ခြင်း၊ ရွှေစာရံဘုရားကို မွမ်းမံခြင်း၊ ပဲခူး ဟသ်ာကုန်း၌ စောင်းတန်း၊ တန်ဆောင်းများ ဆောက်ခြင်း၊ မင်းဘူး ရွှေစက်တော်ဘုရား၌ စေတီရုပ်ပွားတော်တန်ဆောင်းများ တည်ဆောက်ခြင်း၊ ရှမ်းပြည် ရွှေဥမင်တောင်သီနီနယ် ရွှေမြင်တင်တောင်များ၌လည်း တန်ဆောင်း၊ ရုပ်ပွားတော်များ၊ စောင်းတန်းများ တည်ဆောက်ခဲ့ပါသည်။

ဤသို့ သာသနာအကျိုးကို သယ်ပိုး ရွက်ဆောင်ခဲ့သူ ရသေ့ကြီး ဦးခန္တီအား ဗြိတိသျှအစိုးရမှ ကုန်းလမ်း၊ ရေလမ်း ခရီးများကို သွားလိုရာ သွားရန်အတွက် ခွင့်ပြုလက်မှတ်များ ဆက်ကပ်လှူဒါန်းထားခဲ့ပါသည်။ ထို့ပြင် ဘုရားပွဲများ ကျင်းပပြုလုပ်ရာတွင်လည်း အစိုးရထံ ခွင့်ပြုမိန့် တင်ရန် မလိုသည့် အထူးအခွင့်အရေးများကိုပါ ပေးအပ်ခဲ့ပါသည်။ စစ်ပြီးခေတ်၌ စစ်ဒဏ်ကြောင့် ပျက်စီးသွားသည့် အဆောက်အအုံများကို အသစ်ပြန်လည်ပြုပြင်ခဲ့ပါသည်။ ထိုသို့ သာသနာရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရင်း ၁၃၀၇ ခုနှစ်က စွဲကပ်ခဲ့သော လေငန်းရောဂါဝေဒနာကြောင့် ၁၃၁၀ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ရက်နေ့ညတွင် ကွယ်လွန်သွားခဲ့သည်။


◆◆◆


ဦးခန္တီ၏ အတ္ထုပ္ပတ္တိကို လေ့လာသိရှိပြီးနောက် မန္တလေးတောင်ပေါ်မှ ပြန်ဆင်းလာခဲ့ရာ လမ်းတစ်လျှောက်တွင် ရသေ့ကြီး ဦးခန္တီ တည်ထားပြုပြင်မွမ်းမံခဲ့သော စေတီ၊ ပုထိုးများနှင့် သာသနိကအဆောက်အအုံများကို တစ်ခုပြီး တစ်ခုတွေ့ခဲ့ရပြန်ပါသည်။ ရသေ့ကြီး ဦးခန္တီသည် မန္တလေး




www.burmeseclassic.com

www.burmeseclassic.com





တောင်ကို ပြုပြင်စဉ်က ဗြိတိသျှအစိုးရမှ ရွှေဖြစ်ငွေဖြစ်ကြောင်း သတင်းရ၍ ရန်ကုန် ရဲမင်းကြီး မစ္စတာ စကော့မှ လာရောက်စစ်ဆေးရာတွင် ရသေ့ကြီး ဦးခန္တီမှ ရွှေငွေလုပ်ပြသည်ဟု ဆိုပါသည်။ ပြီးနောက် ရသေ့ကြီး ဦးခန္တီသည် တပည့်ကျောင်းသားတစ်ယောက်ကို လင်ပန်းတစ်ချပ်ယူစေ၍ သူ့ရှေ့၌ အချိုင်းပြီး တရားနှလုံးသွင်း၍ ရွတ်ဖတ်သရဇ္ဈာယ်ပါတော့သည်။

ထိုစဉ် ဘုရားဖူးများ ရောက်လာ၍ ရွှေများ၊ ငွေများ လှူဒါန်းကြရာ မကြာမီ လင်ပန်းအပြည့်အမောက်ရှိလာသည်ကို ရဲမင်းကြီးကိုယ်တိုင် မြင်ရပါသည်။ ထိုအခါကျမှ ရဲမင်းကြီး မစ္စတာ စကော့မှာ စိတ်ကျေနပ်သွား၍ ရသေ့ကြီး ဦးခန္တီအား နှောင့်ယှက်ခြင်း၊ စုံစမ်းမေးမြန်းစစ်ဆေးခြင်း မည်သူမျှ မပြုလုပ်ရဟူသော အမိန့်ဟယ်ဆောင်သည့် "သာသနဟိတဓေ နာယက ရသေ့ကြီး ဦးခန္တီ"ဟူသော ဘွဲ့တံဆိပ်တော်ကို တောင်ခွင် သာသနာပိုင်မှတစ်ဆင့် ပေးအပ်ချီးမြှင့်တော်မူခဲ့ပါသည်။ ရသေ့ကြီး ဦးခန္တီ အမြဲရွတ်ဖတ်သော ဂါထာတော်မှာ သဗ္ဗဇယမင်္ဂလာဂါထာတော်ဖြစ်ပါသည်။

ရသေ့ကြီး ဦးခန္တီသည် ထို လိုတရဂါထာတော်ကို အလိုရှိသည့်အချိန်တိုင်း ရွတ်ဖတ်ပူဇော်၍ ရရှိလာသော ရွှေငွေများဖြင့် ဘုရားတည်ခြင်း၊ တန်ဆောင်း၊ စောင်းတန်းစသည့် သာသနိကအဆောက်အအုံများကို ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း မှတ်သားသိရှိရပါသည်။ သို့ပါ၍ ခုနစ်ရက်သားသမီးအပေါင်း သူတော်ကောင်းများအနေဖြင့် အလှူရေစက် လက်နဲ့မကွာ လှူဒါန်းရန် ဆန္ဒများရှိပါက ပြည့်စုံစွာ လှူဒါန်းနိုင်ကြရန် ရည်ရွယ်၍ ရသေ့ကြီး၏ လိုတရဂါထာကိုပါ တင်ပြရေးသားပေးလိုက်ပါသည်။ ယုံကြည်စွာ ရွတ်ဖတ်ကြပါကုန်။

## ရသေ့ကြီး၏ လိုတရဂါထာ
### (သဗ္ဗဇယမင်္ဂလာဂါထာ)

ဒီဝါတပတိ အာဒိစ္စော၊ ရတ္တိမာဘာတိစန္ဒိမာ၊
သန္နဒ္ဓေါ ခတ္တိယော တပတိ၊ ဈာယီ တပတိ ဗြဟ္မဏော
ဘထသဗ္ဗ မဟောရတ္တိံ၊ ဗုဒ္ဓေါ တပတိ တေဇသာ၊
တာဒိသံ တေဇသမ္ပန္နံ၊ ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ၊
နမကာရာ နုဘာဝေန၊ သဗ္ဗေ ပုရေန္တု သင်္ကပ္ပါ။
ဝေနေများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲကြပါစေ

* * *

ရွှေမင်းဘူ



www.burmeseclassic.com

www.burmeseclassic.com



# ရသေ့ကြီး ဦးခန္တီ၏ သာသနာပြု
# အဆောင်ကောင်း ဂါထာ

တင့်ထူး (ဧရာဝတီ)

www.burmeseclassic.com

www.burmeseclassic.com

ဦးဘမောင်တို့ မိသားစုမှာ နွေတလင်သိမ်းပြီးသွားချိန်တွင် ထွက်ရှိခဲ့သော စပါးများကို မျိုးနှင့် ဝမ်းစာ စပါးများ ချန်လှပ်ထားကာ အပိုအလျှံ စပါးများကို ပေါက်ဈေးနှင့် ရောင်းချခဲ့သဖြင့် လက်ထဲတွင် ငွေပိုငွေလျှံများ ရရှိခဲ့လေသည်။

"အင်း…ငါတို့ တောသူတောင်သားတွေဟာ လယ်ထဲမှာပဲ ရုန်းဟယ်ကန်ဟယ်နဲ့ တလည်လည် ပင်ပင်ပန်းပန်း လုပ်ကိုင်ခဲ့ကြရတယ်။ လှူရေးတန်းရေးကိုတော့ ရွာဦးကျောင်းကိုသာ လှူပေးပြီး ဒါနမှု ရှိခဲ့တယ်။ မြန်မာနိုင်ငံအနှံ့အပြားမှာ တန်ခိုးကြီး ဘုရားတွေ ရှိနေပေမယ့် ရန်ကုန်က ရွှေတိဂုံဘုရားလောက်သာ သွားရောက်ဖူးခဲ့တာပဲ"

ဦးဘမောင်က လယ်ထဲမှာလည်း စပါး၊ ပဲ၊ ပြောင်းများ စိုက်ပျိုးကာ စီးပွားရှာခဲ့သလို၊ ညဘက်ရောက်လျှင်လည်း ဘုရားဝတ်ပြု၊ ဝေနေယျ သတ္တဝါများကို မေတ္တာပို့ အမျှအတန်း အမြဲပေးဝေကာ ညစဉ်ညတိုင်း ကောင်းမှုပြုလေ့ရှိသည်။ ဘုရား တရားလည်း ကြည်ညိုလှသည်။ သို့ရာတွင် မြန်မာနိုင်ငံတွင်းရှိ တန်ခိုးကြီး ဘုရားများကိုတော့ သွားရောက်ကာ ဖူးမြော်လိုပေသည်။ အထူးသဖြင့် ပုဂံဒေသတွင် ရှေးဘုရင်မင်းမြတ်များ တည်ထား ကိုးကွယ်ခဲ့သော ဘုရားပုထိုး၊ စေတီတို့မှာ လှည်းဝင်ရိုးသံ တည်ညံ၊ ပုဂံဘုရားပေါင်းဟု မရေမတွက်နိုင်အောင် များပြားလှသည်။ အာနန္ဒာလို၊ သဗ္ဗညုလို သမိုင်းဝင် ဘုရားတွေ ရှိနေသော်လည်း တစ်ကြိမ်တစ်ခါမျှ သွားရောက်ဖူးမြော်နိုင်ခြင်း မရှိခဲ့ချေ။ သွားရောက်ဖူးမြော်မည်ဟု အားခဲခဲ့ပေမယ့် အကြောင်းအမျိုးမျိုးကြောင့် သွားရောက်နိုင်ခြင်း မရှိခဲ့ပေ။

"လူ့ဘဝဆိုတာ နေမြင့် ညပျောက် ရှိတတ်တာပါလား။ နေ့ရွှေ့ညရွှေ့နဲ့သာ လုပ်နေခဲ့ရင် အသေစောပြီး ဘုရားတွေ ဖူးနိုင်မှာ မဟုတ်ဘူး။ ဒီတော့ အခုလို အလုပ်တွေ ပါးနေတုန်းမှာ မိသားစုနဲ့အတူ အထက်မြန်မာပြည် ဘုရားဖူးကားနဲ့ လိုက်ဖူးလေမှပဲ"

ထိုရည်မှန်းချက်နှင့်ပင် မိသားစု ဘုရားဖူးလိုက်ပါလာဖြစ်ခဲ့တော့သည်။ ဘုရားဖူး ကားကြီးမှာ တရိပ်ရိပ်မောင်းနေသည်။ ဦးဘမောင်က သူ တစ်ခါမှ မရောက်ဘူး၊ မဖူးဘူးသေးသော အညာဒေသ ဘုရားများကို ဖူးတွေ့နိုင်တော့မည်ဟု ဝမ်းသာကြည်နူးနေမိသည်။ ကားပေါ်တွင် လိုက်ပါလာရင်း ကားပြတင်းမှ အပြင်သို့ လှမ်းမျှော်ကြည့်မိခဲ့ရာ ခပ်ဝေးဝေးရှိ တောင်ကုန်းများတစ်လျှောက်ပေါ်တွင် ထုံးဖြူဖြူနှင့် ဘုရားစေတီကလေးများ တည်ထားသည်ကို ကြည်ညိုဖွယ် ဖူးမြင်ရသည်။

"ဒီဘုရားစေတီကလေးတွေကို တောင်ကုန်းပေါ်မှာ တည်ထားကြတော့ ခရီးသွားသူမှန်သမျှက ဖူးမြော်နိုင်ကြပါကလား။ ပြီးတော့ ဘုရားစေတီကလေးတွေ တည်ထားကြခြင်းဖြင့် ထိုအရပ်၊ ထိုဒေသမှာ နေထိုင်ကြသူတွေဟာ ဘာသာရေးကိုင်းရှိုင်းကြသူတွေလို့ ထုတ်ဖော်ပြသရာရောက်နေပါလား။ ငါတို့အရပ်ရဲ့ အနောက်ဘက်မှာ တောင်ကုန်းတွေ ရှိနေပေမယ့် ဘုရားစေတီဆိုတာ တစ်ဆူမှ မမြင်တွေ့ရပါလား"

ဦးဘမောင်မှာ ကားစီးလိုက်လာနေရင်းမှ သူ့အရပ်အခြေအနေကို ပြန်တွေးနေမိကာ အများသူငှာ မြင်တွေ့ဖူးမြော်နိုင်မည့် ဘုရားစေတီကလေးတစ်ဆူကို တည်ထားနိုင်အောင် သူ ကြိုးစားမည်ဟု မျှော်မှန်းခဲ့လေသည်။

အထက်အညာဒေသရှိ ပုဂံဘုရားများ၊ မန္တလေးတောင်၊ စစ်ကိုင်းတောင်ရိုး၊ မင်းကွန်း၊ မုံရွာရှိ ဘုရားများကို ၁၀ရက်ခရီးဖြင့် ဖူးမြော်ခဲ့ကြပြီး ပြန်လာခဲ့ကြလေသည်။

"ဩော်…ငါ အနှစ်နှစ်အလလက တောင့်တခဲ့ရတဲ့ အညာ တန်ခိုးကြီး ဘုရားတွေကိုတော့ ဖူးမြော်နိုင်ခဲ့လို့ ငါ သေမယ်ဆိုလည်း သေပျော်ပါပြီလေ"

ဦးဘမောင်မှာ ဘုရားများ ဖူးခဲ့ရသဖြင့် အကျေနပ်ကြီးကျေနပ်မိခဲ့သည်။ သို့သော် လမ်းတွင် ကားပေါ်မှ လှမ်းဖူးခဲ့ရသော တောင်ကုန်းများပေါ်၌ တည်ထားသော ဘုရားစေတီကလေးများကို မျက်လုံးထဲ ပြန်မြင်ယောင်ကာ သူနေထိုင်ရာအရပ်၏ အနောက်ဘက် တောင်ကုန်းတစ်နေရာရာပေါ်၌ ဘုရားစေတီကလေးတစ်ဆူ တည်ထားကိုးကွယ်ရန် သတိရလာခဲ့သည်။

"ဘုရားတည်သည် ဆိုသည်က ငါတစ်ဦးတည်းလည်း မတည်နိုင်ဘူး။ ဒီတော့ ဘုရားတည်နိုင်အောင် အလှူရှင်တွေဆီက အလှူငွေကောက်ခံပြီး တည်လောက်တဲ့ အချိန်ကျမှ တည်ပေးရတော့မှာပဲ"

ဦးဘမောင်နေသောရွာ၏ အနောက်ဘက် တစ်မိုင်ခွဲခန့်တွင် တောင်ကုန်းတစ်ခုရှိနေသည်။ ထိုတောင်ကုန်းမြင့်ပေါ်တွင် ဘုရားစေတီတည်ထားလျှင် ရွာသူရွာသားများ တောင်ပေါ် တက်လာကြသူများ၊ ကားလမ်း၊ ရထားလမ်းမှ လိုက်ပါလာကြသည့် ခရီးသည်များပါ ဖူးတွေ့နိုင်ကြသည်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com

သည်။ ထိုစေတီကလေးတည်ထားရှိနေခြင်းကပင် နီးစပ်ရာ ကျေးရွာသူ/ကျေးရွာသားများ စည်းလုံးမှုရှိပြီး ဘာသာတရား အလေးအမြတ်ထားကြကြောင်း ပေါ်လွင်မည်ပင် ဖြစ်သည်။

"ဘုရားတစ်ဆူတည်ထားနိုင်ဖို့က အလှူငွေတော်တော် များများရှိမှ တည်ထားနိုင်မှာပဲ။ အလှူရှင်တွေ များများပေါ်မှ ဘုရားကို စောစောတည်ထားနိုင်မှာပါလား"

ဘုရားစေတီတစ်ဆူဖြစ်မြောက်အောင် တည်ထားနိုင်ဖို့က အချိန်၊ နှစ်၊ လ မည်မျှကြာမည် မခန့်မှန်းနိုင်။ ဦးဘမောင်ကလည်း ဘုရားစေတီတစ်ဆူကို အမြန်ဆုံး တည်ထားလိုနေပေသည်။ အလှူရှင်၊ စေတနာရှင်များ ပေါ်ထွက်လာရေးက အဓိကဖြစ်နေပေသည်။

"ဟာ…ငါ အခုမှ သတိရတယ်။ အလှူရှင်၊ စေတနာရှင်တွေ ပေါ်ထွက်လာဖို့မှာ ရသေ့ကြီး ဦးခန္တီရဲ့ သာသနာပြု အဆောင်ကောင်း ဂါထာရှိနေတာပဲ"

ဦးဘမောင်က ထိုဂါထာအကြောင်း ဖတ်သိခဲ့ရပြီး ရသေ့ကြီး ဦးခန္တီမှာ ထိုဂါထာအား နေ့စဉ် အဓိဋ္ဌာန်ဝင်ကာ ရွတ်ပွား ပူဇော်ခဲ့ခြင်းကြောင့် စေတနာရှင်၊ အလှူရှင်များစွာ ပေါ်ပေါက်လှူဒါန်းပေးမှုဖြင့် မန္တလေးတောင်တစ်လျှောက်၌ ဘုရားစေတီများ၊ သာသနိက အဆောက်အအုံများ လှူဒါန်းပေးနိုင်ခဲ့လေသည်။

ထို့အပြင် စစ်ကိုင်းတောင်ရိုးရှိ သုဗောဓာရုံ ဆရာတော်ဘုရားကြီးမှ ရသေ့ကြီး လှူပေးခဲ့သော ထိုအဆောင်ဂါထာကို နေ့စဉ် ရွတ်ဆို ဝတ်ပြုခဲ့၍ သုဗောဓာရုံ ကျောင်းသစ်ကြီး ပြန်လည်တည်ဆောက်နိုင်ခဲ့သည်။

ရွှေဘုန်းပွင့် ပရိယတ်ရှိ သီရိမင်္ဂလာဆရာတော် ဦးဉာဏိဿရက သူ၏ ကျောင်းအိုကြီးကို ပြင်ဆင်နိုင်ရန် ကိုးရက် အဓိဋ္ဌာန်ဝင်ပြီး ရသေ့ကြီး၏ ဘုရားရှိခိုးဂါထာကို ပုတီးစိပ်ကာ ဝတ်ပြု ဆုတောင်းခဲ့သည်။

ထို့အပြင် ဆရာတော် အရှင်ဉာဏိဿရသည် ဘောင်းကျေးရွာရှိ ရှေးဟောင်း ကျောင်းကြီးကို ရှေးမူမပျက် အဓိဋ္ဌာန်ကိုးရက်ဝင်ကာ ဦးခန္တီ၏ အဆောင်ကောင်း သာသနာပြု ဘုရားရှိခိုးကို ပူဇော်ကာ ကျောင်းကြီးကို ပြုပြင်ပေးနိုင်ခဲ့သည်။

ရန်ကုန်တိုင်း၊ ခရမ်းမြို့နယ်ရှိ သပြုကန်ကျေးရွာမှ ရှေးဟောင်း ကျောင်းကြီးကိုလည်း ဦးခန္တီ၏ အဆောင်ကောင်း သာသနာပြု ဂါထာကို အဓိဋ္ဌာန်ဝင်ခြင်းဖြင့် စေတနာရှင် အလှူရှင်များ ပေါ်ပေါက်လာပြီး အောင်မြင်စွာ ဆောက်လုပ်ပေးနိုင်ခဲ့လေသည်။



ဦးဘမောင်သည် ထိုဆရာတော်များမှ ရသေ့ကြီး ဦးခန္တီ၏ သာသနာပြု အဆောင်ကောင်း ဂါထာအား အဓိဋ္ဌာန်ဝင် ရွတ်ပွား ပူဇော်ခဲ့ကြခြင်းဖြင့် သာသနိက အဆောက်အအုံများကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့သည်ကို သိရလေသောအခါ သူလည်း ရသေ့ကြီး ဦးခန္တီ၏ သာသနာပြု အဆောင်ကောင်း ဂါထာကို ယုံယုံကြည်ကြည် အဓိဋ္ဌာန်ဝင် ပုတီးစိပ်ကာ ရွတ်ပွားပူဇော်နိုင်ပါလျှင် သူ တည်ထားလိုသော ဘုရားစေတီကလေးတစ်ဆူကို အလှူရှင် စေတနာရှင်များ၏ အားနှင့် တည်နိုင်မည်ဟု ယုံကြည်မိ၏။

ထိုအဆောင်ကောင်း ဂါထာကို အဓိဋ္ဌာန်စခန်းဝင်ပြီး ပုတီးစိပ်မည်။ အဓိဋ္ဌာန်စခန်းဝင်ပြီးပါက သာသနာပြု အဆောင်ကောင်းဂါထာ၏ အစွမ်းကို သိရပေမည်ဟု ဦးဘမောင် ယုံကြည်ခဲ့မိသည်။

"ငါ ဘယ်နေရာမှာ အဓိဋ္ဌာန်ဝင်ရမလဲ"

"ဟော…ငါသိပြီ။ ဟိုဘုတ်ကယ်တောင်ကုန်းပေါ်မှာ ဘုရားစေတီတည်ရင် ကောင်းနိုင်မည့်နေရာဖြစ်လို့ အဲဒီနေရာကို ရှင်းလင်းပြီး၊ ထိုနေရာမှာပဲ အဓိဋ္ဌာန် ကိုးရက်စခန်းဝင် ပုတီးစိပ်လေမှပဲ"

ဦးဘမောင်လည်း ရွာမှ လူငယ်များနှင့် ထိုဘုတ်ကယ် တောင်ကုန်းထိပ်တွင် တောခုတ်ထွင် ရှင်းလင်းခဲ့သည်။ ပြီး



www.burmeseclassic.com

www.burmeseclassic.com

လျှင် သာသနာ့အလံတိုင်လေးခု စိုက်ထူသည်။ ယာယီတဲ တစ်လုံးကိုလည်း တိုးလိုက်သည်။ ထို့နောက်တွင်တော့ ကိုးရက်အဓိဋ္ဌာန်စခန်းဝင်ကာ ပုတီးစိပ်ခဲ့တော့သည်။ အဓိဋ္ဌာန် စခန်းပြီးစီးအောင်မြင်သွားသောအခါ စိတ်ထဲတွင် ဝမ်းမြောက် ကြည်နူးနေခဲ့မိသည်။

နောက် နှစ်ရက်သုံးရက်အကြာတွင် ရွာထဲမှ လူများ ဘုတ်ကယ်တောင်သို့ ရောက်ရှိလာကြကာ ဘုရားတည်နိုင် ရန်အတွက် အလှူငွေများ ထည့်ဝင် လှူဒါန်းပေးလာကြ သည်။ နောက်တော့ တစ်ဆင့်စကား တစ်ဆင့်ကြားဖြင့် နီးစပ်ရာ မြို့များမှပါ လာရောက်ကာ အလှူငွေများ ထည့်ဝင် လှူဒါန်းပေးခဲ့ကြလေသည်။

ထိုသို့ဖြင့် ဘုတ်ကယ်တောင်ကုန်းပေါ်တွင် ထုံးဖွေးဖွေး နှင့် ဘုရားစေတီကလေးတစ်ဆူကို အောင်မြင်စွာ တည်ထား ပြီးစီးခဲ့တော့သည်။

"ဟာ…ဘုတ်ကယ်တောင်ကုန်းပေါ်မှာ တည်ထား တဲ့ စေတီကလေးကို အဝေးကနေ လှမ်းဖူးနိုင်ပြီပေါ့။ ကား စီးရင်း၊ ရထားစီးရင်းလည်း လှမ်းပြီး ဖူးမြင်နိုင်လို့ ဒီရပ်ရွာ အတွက်တော့ အတော့်ကို ကျက်သရေရှိသွားခဲ့တာပဲ"

ထိုစေတီကလေး တည်ထားမှုကို သဘောကျ နှစ်ခြိုက်ခဲ့ကြလေသည်။ ခရီးသွားများအတွက်လည်း ကား၊ ရထားများပေါ်မှ တောင်ကုန်းပေါ်တွင် တည်ထားသော ဘုရား စေတီများထဲတွင် စေတီတစ်ဆူတိုး၍ ဖူးမြော်ကြည်ညိုခွင့် တိုးလာခဲ့လေသည်။

ထို့ကြောင့် သာသနာပြု အဆောင်ကောင်းဖြစ်သော ရသေ့ကြီး ဦးခန္တီ၏ ဂါထာကို အခက်အခဲကြုံတွေ့နေကြရ သော ဒါယကာ၊ ဒါယိကာမများမှ ငွေရေးကြေးရေးနှင့် အလုပ် အကိုင်များ အဆင်ပြေနိုင်ရန် ရွတ်ပွား ပူဇော်နိုင်ကြဖို့ ဖော်ပြပေးလိုက်ပါသည်။

### ရသေ့ကြီး ဦးခန္တီ၏ သာသနာပြု အဆောင်ကောင်းဂါထာ

အရဟံ ဗဟိ အန္တဇယံ သုဂတံ၊
အမိတံ ဝိရဇံ လလိတံ အတုလံ၊
စရဏံ တိဘဝုဘ သမံ ယမကံ၊
သုခဒံ သရဏံ ပနာမာမိ ဇိနံ…

ဟူ၍ ဖြစ်သည်။

ထိုဂါထာ၏ မြန်မာပြန်အနက်မှာ -

အရဟံ - ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရားကို၊
အဟံ - အကျွန်ုပ်သည်၊
ပနာမာမိ - ကိုင်းညွတ်ရှိကျိုး ရှိခိုးပါ၏။
ဗဟိအန္တဇယံ - အတွင်းရန်၊ အပြင်ရန်တို့ကို အောင်မြင်တော်မူသော မြတ်စွာဘုရားကို၊
အဟံ - အကျွန်ုပ်သည်၊
ပနာမာမိ - ကိုင်းညွတ်ရှိကျိုး ရှိခိုးပါ၏။
သုဂတံ - ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားကို၊
အဟံ - အကျွန်ုပ်သည်၊
ပနာမာမိ - ကိုင်းညွတ်ရှိကျိုး ရှိခိုးပါ၏။
အမိတံ - မနှိုင်းယှဉ်အပ်သော ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို၊
အဟံ - အကျွန်ုပ်သည်၊
ပနာမာမိ - ကိုင်းညွတ်ရှိကျိုး ရှိခိုးပါ၏။
ဝိရဇံ - ကိလေသာမြူ ကင်းဝေးတော်မူသော မြတ်စွာဘုရားကို၊
အဟံ - အကျွန်ုပ်သည်၊
ပနာမာမိ - ကိုင်းညွတ်ရှိကျိုး ရှိခိုးပါ၏။
လလိတံ - ရောင်ခြည်တော် ခြောက်သွယ်တို့ဖြင့် ကွန့်မြူး စံပယ်တော်မူသော မြတ်စွာဘုရားကို၊
အဟံ - အကျွန်ုပ်သည်၊
ပနာမာမိ - ကိုင်းညွတ်ရှိကျိုး ရှိခိုးပါ၏။
အတုလံ - သီလ အစရှိသော ဂုဏ်တော်တို့ကြောင့် တစ်စုံတစ်ယောက်သော သူတို့နှင့် တူတော်မမူသော မြတ်စွာဘုရားကို၊
အဟံ - အကျွန်ုပ်သည်၊
ပနာမာမိ - ကိုင်းညွတ်ရှိကျိုး ရှိခိုးပါ၏။
စရဏံ - နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို၊
အဟံ - အကျွန်ုပ်သည်၊
ပနာမာမိ - ကိုင်းညွတ်ရှိကျိုး ရှိခိုးပါ၏။
တိဘဝုဘသမံ - ဘဝသုံးပါးမှ ငြိမ်းအေးတော်မူသော မြတ်စွာဘုရားကို၊


www.burmeseclassic.com

www.burmeseclassic.com

အပဟ် - အကျွန်ုပ်သည်၊
ပနာမာမိ - ကိုင်းညွတ်ရိုကျိုး ရှိခိုးပါ၏။
ယမကံ - ရေမီးအစုံစုံသော တန်ခိုးပြာဋိဟာ ပြတော်မူသော မြတ်စွာဘုရားကို၊
အပဟံ - အကျွန်ုပ်သည်၊
ပနာမာမိ - ကိုင်းညွတ်ရိုကျိုး ရှိခိုးပါ၏။
သုခဒံ - လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ပေးတော်မူတတ်သော မြတ်စွာဘုရားအား၊
အပဟံ - အကျွန်ုပ်သည်၊
ပနာမာမိ - ကိုင်းညွတ်ရိုကျိုး ရှိခိုးပါ၏။
သရဏံ - လူ၊ နတ်၊ ဗြဟ္မာ သုံးဘုံသားတို့၏ ကိုးကွယ် ဆည်းကပ်ရာဖြစ်သော မြတ်စွာဘုရားအား၊
အပဟံ - အကျွန်ုပ်သည်၊
ပနာမာမိ - ကိုင်းညွတ်ရိုကျိုး ရှိခိုးပါ၏။
ဇိနံ - မာရ်ငါးပါးကို အောင်မြင်တော်မူသော မြတ်စွာဘုရားကို၊
ပနာမာမိ - ကိုင်းညွတ်ရိုကျိုး ရှိခိုးပါ၏။

ထိုဂါထာမှာ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီက ထုတ်ဝေသော လယ်တီ သတင်းစာကြီးတွင် ဖော်ပြခဲ့၍ ဒကာကြီးတစ်ယောက်က ရန်ကုန်တိုင်း၊ ပုဇွန်တောင်မြို့နယ်၊ ရွှေဘုန်းပွင့် ပရိဝုဏ်အတွင်းရှိ သီရိမင်္ဂလာကျောင်းသို့ ရောက်ရှိလာကာ သတင်းစာအပေါင်းကြီးမှ ဘုရားရှိခိုး ဂါထာကို မြန်မာလို အနက်ပြန်ပေးရန် ဆရာတော်ကို လျှောက်ထားလာသဖြင့် သီရိမင်္ဂလာကျောင်း ပဓာနဆရာတော် အရှင်ဉာဏိသရက အနက်ပြန်ဆိုပေးခဲ့ခြင်းဖြစ်သည်။

ထိုဆရာတော်ကြီးမှ ရသေ့ကြီး ဦးခန္တီ၏ အဆောင်ကောင်း ဘုရားရှိခိုးကြီးကို အခက်အခဲကြုံတွေ့နေကြသူ အပေါင်း နေ့စဉ် ဝတ်မပျက် ပူဇော်ကန်တော့ ပုတီးစိပ်ရန် ညွှန်ကြားပေးခဲ့လေသည်။

ထိုဂါထာတော်ကို ဝတ်မပျက် နေ့စဉ် အမိဋ္ဌာန်ပုတီးစိပ်ကြခြင်းဖြင့် အခက်အခဲများ၊ ငွေရေးကြေးရေး၊ အလုပ်အကိုင်များ အဆင်ပြေနိုင်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

* * *

တင့်ထူး(ဓမ္မဇောတိ)


အတိတ်ကံဘဝတစ်ခုမှာ

သင်နှင့် ကျွန်ုပ် ဆုံတွေ့ခဲ့ဖူးတယ်ဆိုရင်တော့...

ဒီဘဝမှာလည်း ပြန်ပြီးရေစက်ဆုံကြဦးမှာပါ။

# ဆရာမြတ်ထွဋ်ခေါင်

( မြန်မာ့ရိုးရာဗေဒင်ပညာရှင် )

ဂမ္ဘီရဆန်းကြယ်မင်္ဂလာ ပင်တိုင်ဆောင်းပါးရှင်

ဟောကြားချိန် - နေ့စဉ် မနက်(၉)နာရီမှ ညနေ(၄)နာရီထိ၊
(တနင်္လာနေ့တိုင်း ဟောခန်းပိတ်သည်)

ဟောခန်းလိပ်စာ - ကျိုက္ကစံဘုရားအနောက်ဘက်မုခ်၊ ဘီလူးညီနောင်ဓာတ်ခန်းအနီး သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၄၃၀ ၂၅၉၉၄

E-mail - myat htut 2009 @ gmail com.

သင်တန်းသား လက်ခံပြီ။




www.burmeseclassic.com

www.burmeseclassic.com

# စပါးမင်းဂမုန်း ပန်းနာရောဂါအတွက် ဆေးဖော်သုံး

ပေါ်လွင်ဦး (ရေး)

ပုံတွင် ပါသော စပါးမင်းဂမုန်းပင်သည် ကရင်ပြည်နယ်တွင် အများဆုံး တွေ့ရသည်။ ကျွန်ုပ်သည် ဘားအံမြို့သို့ ကိစ္စတစ်ခုနှင့် သွားစဉ် သူငယ်ချင်းဖြစ်သူ လုဝေအိမ်ဝင်းထဲတွင် စိုက်ထားသည်ကို မြင်ရ၍ မိမိ၏ ဝါသနာအတိုင်း မေးကြည့်ရာ ကိုလုဝေက…

"ဒီအရပ်မှာတော့ စပါးမင်းဂမုန်းလို့ပဲ ခေါ်တယ်ကွ"

"တခြားအခေါ်အဝေါ်ရော ရှိသေးလို့လား"

"ရှိတော့ ရှိတယ်။ ငါလည်း မေ့နေတယ်ကွ"

"ဂမုန်းဆိုရင် ဥရှိရမှာပေါ့ လုဝေရ"

"အေး ရှိတယ်။ အိမ်မှာတောင် တူးထားတာ ရှိတယ်"

ဆိုပြီး အိမ်ပေါ်မှ ဥများကို ယူကာ ကျွန်ုပ်အား ပြသလေသည်။

"ဘာအသုံးဝင်လို့ စိုက်ထားတာလဲ"

"အဓိက,ကတော့ ရင်ကျပ်ပန်းနာအတွက် ဆေးဖော်သုံးတာပဲကွာ"

"နည်းနိသယလေး ပြောပါဦး သူငယ်ချင်း"

"မင်းကတော့ စာရေးဆရာပီပီ စပ်စုပြီ"

ဟု ရယ်မောကာ စပါးမင်းဂမုန်း အသုံးဝင်ပုံကို စိတ်ရှည် လက်ရှည် ပြောပြပါသည်။

စပါးမင်းဂမုန်းအရွက် လက်နှစ်ဆုပ်ခန့်ကို ရေစင်ကြယ်စွာ ဆေးပြီး ဆားမန်ကျည်းစေ့နှစ်စေ့ခန့် ထည့်ပြီး သုံးခွက် တစ်ခွက်ကျိုပါ။ ထို့နောက် သုံးခွက်တစ်ခွက်တင် ကျိုပြီးသော် ရောက်သီးတစ်လုံးကုန်အောင် ညှစ်ထည့်ပါ။ သုံးလေးရက်ခန့် နေပူတွင် လှန်းသော် အမြှုပ်ထွက်လာလိမ့်မည်။ သုံးရက်ပြည့်သော် အမြှုပ်ကို ဖယ်ပြီး လက်ဖက်ရည်ဇွန်း နှစ်ဇွန်းခန့် တစ်နေ့ သုံးကြိမ်သောက်သုံးသော် နှစ်ရှည်များစွာ ခံစားနေရသည့် ချောင်းဆိုးရင်ကျပ်ပန်းနာရောဂါသည် သိသိသာသာပျောက်ကင်းသွားနိုင်ကြောင်း ပြောပြလေသည်။

ထို့နောက် ကျွန်ုပ်သည် မျိုးဥကို စိုက်ရန် ယူလာပြီး အရွက်ပါ အနည်းငယ် ယူလာခဲ့သည်။ အဒေါ်ဖြစ်သူ ဒေါ်စိန်လေးအား အထက်ပါနည်းအတိုင်း ကျိုတိုက်ကြည့်ရာ မကြာမီရက်အတွင်း နှစ်ပေါင်းများစွာ ခံစားနေရသော ပန်းနာရင်ကျပ်ရောဂါသည် ပျောက်ကင်းသွားလေသည်။ ထို့ကြောင့် ကျွန်ုပ်သည် ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်းမှတစ်ဆင့် ဝေဒနာသည်များအတွက် ဖော်ပြရေးသားလိုက်ပါသည်။

* * *

ပေါ်လွင်ဦး (ရေး)



www.burmeseclassic.com

www.burmeseclassic.com

# နေစေး စာပေမှ

## သတင်းကောင်းပါးဖိတ်ခေါ်လိုက်ပါသည်

မြို့ရွာကျေးလက်၊ ရပ်ကွက်၊ ကျောင်း၊ ရုံး၊ တပ်တွင်း စာကြည့်တိုက် င်လိုသူများ၊ မိမိအိမ်တွင် စာအုပ်အငှားဆိုင် ဖွင့်ပြီး အိမ်တွင်းစရိတ် ငွေရှာလိုသူများ၊ တစ်ဆင့်စာအုပ် ပြန်လည် ရောင်းချလိုသူများအား နေစေး စာပေနှင့် အမြန်ဆုံးဆက်သွယ်ပါရန် လေးစားစွာ ဖိတ်ခေါ်လိုက် သည်။

လစဉ်ထုတ် မဂ္ဂဇင်း၊ ဝတ္ထု၊ ရုပ်ပြ၊ ကာတွန်း၊ ဘာသာပြန်၊ သိုင်း၊ တ၊ ရသ၊ ပုံပြင်စာအုပ်များ စုံလင်စွာနှင့် လကျော်၊ တိုက်ကျစာအုပ်များ၊ ထုစာအုပ်အဟောင်းများ၊ အသစ်များ လက်လီလက္ကား ဖြန့်ချိရောင်းချ းနေပါသည်။

### ဆက်သွယ်ရန်လိပ်စာ

င်ရင်း – အမှတ်(၁၉၅)၊ (၃၂)လမ်းအထက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊
☎ – ၀၁–၂၅၄၆၂၅

ိုင်ခွဲ(၁) – အမှတ်(၄)၊ ကန်လမ်း၊ ထွန်းသီရိရုပ်ရှင်ရုံရှေ့၊ ပြည်မြို့။
☎ – ၀၉ ၅၃၁၃၃၁၄၊ ၀၉ ၅၃၇၀၅၅၄

ိုင်ခွဲ(၂) – အရှေ့မြို့ပတ်လမ်း၊ အ.လ.က–၁၁(ကျောင်းရှေ့)၊ ရှမ်းပြည်နယ်၊
တောင်ကြီးမြို့။ ☎ – ၀၉ ၅၁၁၂၀၇၀

ိုင်ခွဲ(၃) – အမှတ်–၅/၆(B) ခရိုင်ရဲတိုက်တန်း၊ မိုးလ်ချုပ်လမ်း၊ မကွေးမြို့။
☎ – ၀၉ ၈၆၂၁၀၆၄

www.burmeseclassic.com

www.burmeseclassic.com




ယနေ့ မြန်မာနိုင်ငံသည် ဒီမိုကရေစီလမ်းကြောင်းပေါ်၌ ပီပြင်စွာ အခြေချနိုင်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းနေရပေသည်။ ဒီမိုကရေစီနိုင်ငံဖြစ်လာသည်နှင့်အမျှ အများပြည်သူလူထုမှာလည်း တဖြည်းဖြည်းချင်း ဒီမိုကရေစီ လူ့အခွင့်အရေးများ ရရှိလာကြသည်။ မိမိ ထုတ်ဖော်ပြောဆိုလိုသည်များကို ရဲရဲတင်းတင်းပြ ပြောဆိုလာကြသည်။ အတိတ်ဆိုးမှ မကျေနပ်ချက်၊ နစ်နာဆုံးရှုံးခဲ့မှုများကို ပြန်လည်ပြင်ဆင် ဖြေရှင်းပေးရန်အတွက် နည်းလမ်းအမျိုးမျိုးအသုံးပြု၍ နိုင်ငံတော်၏ တာဝန်ရှိသူများထံသို့ မေတ္တာရပ်ခံ တင်ပြလာကြပေသည်။ ဒီမိုကရေစီဖြစ်ထွန်း တိုးတက်လာသည်နှင့်အညီ နိုင်ငံရေး စီးပွားရေး၊ လူမှုရေး မတရားမှုများ တဖြည်းဖြည်းချင်းလျော့နည်းလာဖွယ်ရှိနေပေသည်။ ဒီမိုကရေစီနိုင်ငံ ပီပြင်စေရေးအတွက် မီဒီယာ၏ လွတ်လပ်ခွင့်များကို ဖြေလျော့သင့်သလောက် ဖြေလျော့ပေးခဲ့ပြီး အချိန်တိုင်း၊ နေရာတိုင်း၊ လူပုဂ္ဂိုလ်အသီးသီး တိုင်း၏ အနီးနား၌ မျက်စိများ၊ နားများသဖွယ် တင်စားနိုင်သည့် ၂၁ရာစု လျှပ်တစ်ပြက် မီဒီယာသတင်းသမားများမှလည်း ဒီမိုကရေစီနှင့် လျော်ညီစွာ တိုင်းပြည်နိုင်ငံအား ထိန်းကွပ် ပဲ့ပြင်ပေးကြပေလိမ့်မည်။ ဒီမိုကရေစီခေတ်ဖြစ်လာသည့်အတွက် မြန်မာပြည်သူလူထုတို့သည် သန့်ရှင်းစင်ကြယ်၍ တရားမျှတမည့် ၂၀၁၅-အနာဂတ် ရွေးကောက်ပွဲကာလကို စိတ်ကူးဖြင့် မှန်းဆကြသည်။ ရွေးကောက်ပွဲနှင့် လွှတ်တော်နှစ်ရပ်မှ ရွေးချယ်တင်မြှောက်မည့် နိုင်ငံ့အကြီးအကဲခေါင်းဆောင် သမ္မတလောင်း အား ကြိုတင်ရွေးချယ် ပုံဖော်ကြည့်ကြသည်။ အချို့ကလည်း လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၊ အချို့လည်း လက်ရှိ သမ္မတကြီး ဦးသိန်းစိန်၏ ဒုတိယအကြိမ်နှင့် နောက်ဆုံးတာဝန်၊ အချို့ကလည်း လွှတ်တော်မှ ပြည်သူ့ဆန္ဒနှင့် ဝန်ထမ်းဘဝများအား မြှင့်တင်ရန် ကြိုးပမ်းနေသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး သူရ ဦးရွှေမန်း၊ အချို့ကလည်း တပ်မတော်၏ လက်ရှိ ကာကွယ်ရေးဦးစီးချုပ်တာဝန် ထမ်းရွက်နေသည့် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စသည်ဖြင့် ရွေးချယ်စရာ အမျိုးမျိုးအား တွေ့နိုင်ပေလိမ့်မည်။ ထိုသို့ ဒွိဟဖြစ်ဖွယ် အကြောင်းတရားများစွာရှိနေသည့်အတွက် စာရေးသူသည် "နက္ခတ်သိပ္ပံအမြင်နှင့် ဒေါ်အောင်ဆန်းစုကြည်၏ အနာဂတ် နိုင်ငံရေးခရီး" ဆောင်းပါးကို ရေးသား ပုံဖော်ဖြစ်ခဲ့ပါသည်။

ယနေ့ မြန်မာနိုင်ငံ၏ ဒီမိုကရေစီရေစီးကြောင်းပေါ်တွင် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ အရှိန်အဝါ သည် မြန်မာတွင်သာမက ကမ္ဘာတစ်ဝှမ်းလုံးသို့ တစ်နေ့ထက် တစ်နေ့ ပိုမိုမြင့်မားလျက် ရှိနေပေသည်။ နှစ်ပေါင်း (၂၀)ကျော် နွံထဲတွင် နစ်မြုပ်နေခဲ့သော အဖိုးအနဂ္ဃထိုက်တန်သည့် ပတ္တမြားတစ်ပွင့် ပေါ်ထွန်းလာသည်နှင့် အလား သဏ္ဌာန်တူညီ၍ နေပေသည်။ တစ်နည်းအားဖြင့် သူမ၏ ဇာတာစန်းလဂ် အတောက်ပဆုံး အချိန်အခါသမယသို့ ရောက်ရှိလာသော အချိန်ကာလတစ်ခုအဖြစ် မှတ်ချက်ပြုရပေလိမ့်မည်။ လွန်ခဲ့သောနှစ်ပေါင်း (၂၀)ကျော်၊ ယင်မှုသည်သွေး



www.burmeseclassic.com

www.burmeseclassic.com



ထွန်းတောက်ချိန်တွင် တည်ရှိခဲ့သော နိုင်ငံရေးအတ္တပုံဆောင်ခဲအချို့မှာလည်း မရှိသလောက် လျော့နည်းသွားကြောင်း တွေ့နိုင်ပေလိမ့်မည်။ ထိုအခြေအနေများ၏ သက်သေမှာ လွန်ခဲ့သောအနှစ် (၂၀)ကျော်၌ ပြောဆိုခဲ့သည့် သူမ၏ မိန့်ခွန်းစကားစု အသုံးအနှုန်းများနှင့် ယခု သုံးနှုန်းပြောဆိုနေသည့် မိန့်ခွန်း စကားစုအသုံးနှုန်းတို့မှာ များစွာ ကွာခြားသွားကြောင်း တွေ့နိုင်ပေလိမ့်မည်။ အထူးသဖြင့် နှစ်ပေါင်း (၂၀)ကျော် နေအိမ်အတွင်း အချိန်များစွာ ပေးဆပ်ခဲ့ရသော သူမအတွက် ဘယ်လောက်ထိ စာတွေ ဖတ်ဖြစ်ခဲ့တယ်၊ ဖတ်ရှုခဲ့သော စာပေတွေက သူမဘဝအတွက် ဘယ်လောက်အထိ အောင်မြင်မှုတွေ ရရှိခဲ့ပြီဆိုသည့်အချက်အား မျိုးဆက်သစ် မြန်မာလူငယ်များအတွက် အားကျ အတုယူဖွယ်ဖြစ်ပေသည်။

ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန်သမ္မတ အိုဘားမား၊ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဟောင်း ဟီလာရီကလင်တန်တို့၏ အပြုံးသဘောဆောင်သော နိုင်ငံရေးလမ်းညွှန် အကြံပြုမှုများအတိုင်း ပုံဖော်ဆောင်ရွက်လာကြောင်း တွေ့မြင်နိုင်ပြီး လက်ပံတောင်းတောင် ကြေးနီ စီမံကိန်း ဆုံးဖြတ်မှုက သက်သေပြနေပေသည်။ တစ်ချိန်တစ်ခါက လူထုခေါင်းဆောင်တစ်ဦး အဖြစ် ဩဇာအရှိန်အဝါကြီးမားခဲ့သော ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံရေးခေါင်းဆောင်၊ နိုင်ငံ့ခေါင်းဆောင်တစ်ဦးဖြစ်ရန် အတွက် လူထုအားလုံး၏ လိုအင်ဆန္ဒအား ဖြည့်ဆည်းပုံဖော်ပေးရန် မဖြစ်နိုင်တော့ပေ။ တိုင်းပြည်၏ မျက်နှာ၊ လူတန်းစား အများစု၏ ဘဝများစွာကို ကြည့်ရှု၍ တိုင်းပြည်နှင့် ပြည်သူအတွက် မိမိ၏ ကျန်ရှိနေသည့် အချိန်ကာလတိုအတွင်း ဥယျာဉ်မှူးကောင်းပီသစွာ မြေတောင်မြှောက်၊ အမှုတော် ထမ်းရွက်ရပေတော့မည်။

ဆက်လက်၍ သူမ၏ ဇာတာခွင်နှင့် ပတ်သက်ပြီး အများပြည်သူ ဗဟုသုတရရှိဖွယ် အကြောင်းအချက်အချို့အား တင်ပြဆွေးနွေးလိုပါသည်။ ဒေါ်အောင်ဆန်းစုကြည်သည် ဓနုရာသီလဂ် စိုးမိုးချိန်တွင် မွေးဖွားလာခဲ့သည့်အတွက် နိုင်ငံရေး အုပ်ချုပ်မှုဩဇာအာဏာ အမြင့်မားဆုံးရရှိနိုင်သော မွန်းတည့် ကောင်းကင်ယံတွင် အလင်းရောင်အား ၇၅ရာခိုင်နှုန်းခန့် ရှိသော လမင်းကြီး ထိန်ထိန်သာ၍ တည်ရှိနေပေသည်။ တနင်္လာဂြိုဟ်၏ သဘောတရားအရ တပ်မတော်နှင့် အပေး အယူညီမျှစွာဖြင့် ညှိနှိုင်းဆောင်ရွက်မှသာ မိမိမျှော်မှန်းသော အနာဂတ်နိုင်ငံရေးရည်မှန်းချက်အား ပုံဖော်ခွင့်ရရှိပေလိမ့်မည်။ တစ်နည်းအားဖြင့် နိုင်ငံတော်သမ္မတတာဝန် ထမ်းရွက်နိုင်ရေးအတွက် တပ်မတော်အကြီးအကဲ ခေါင်းဆောင်များဖြင့် ယုံကြည်မှု အပြန်အလှန်တည်ဆောက်ရန် များစွာလိုအပ်ပေလိမ့်မည်။

ဇာတာခွင်၌ ကြာသပတေးဂြိုဟ် ဘုန်းကံဩဇာအရှိန်အဝါ မြင့်မားသော သုဘဘာဝ တည်ရှိနေခြင်းမှာလည်း ရွှေထီးဆောင်းရသော နိုင်ငံ့ခေါင်းဆောင်တစ်ဦးအဖြစ် ရောက်ရှိနိုင်ပေ သည်။ ထိုဂြိုဟ်၏ ရပ်တည်မှုအခြေအနေကြောင့် နိုင်ငံရပ်ခြားတွင် ဘဝအောင်မြင်တိုးတက်မှုများ ကြိုးပမ်းဆောင်ရွက်နေရာမှ မိခင်ကျန်းမာရေးကြောင့် အမိနိုင်ငံဆီသို့ ပြန်ရောက်လာခဲ့သည်။ ထိုတဒင်္ဂကာလတိုအတွင်းမှာပင် နိုင်ငံရေးစင်မြင့်ထက်၌ သူရဲကောင်းအဖြစ် ရာဇဝင်တွင်ရစ်စေမည့် ဇာတ်လမ်းဇာတ်ကွက်အဖုံဖုံအား သံမဏိနှလုံးသားစိတ်ဓာတ်များဖြင့် ကကြိုး ဆင်ခဲ့ရပေသည်။ ခက်ခဲကြမ်းတမ်း ပြင်းထန်သည့် နိုင်ငံရေးခယောင်းလမ်း မှန်တိုင်းများကြား၌ လမ်းမပျောက်ရေးအတွက် အချိန်များစွာပေးဆပ်၍ ရင်ဆိုင်ဖြတ်သန်းခဲ့ကြောင်း တွေ့ရပါလိမ့်မည်။

ဒေါ်အောင်ဆန်းစုကြည် မွေးဖွားချိန်တွင် ရာဇယုဂ်ကို ဖြစ်ပေါ်စေသော တနင်္ဂနွေနှင့် ဗုဒ္ဓဟူးဂြိုဟ်များ လူထုထောက်ခံမှု နေရာဌာန၌ ပူးယှဉ်နေခြင်းမှာလည်း ပြည်သူ၏ ရွေးချယ်တင်မြှောက်မှုကြောင့် လူထုခေါင်းဆောင်အသွင်မှ နိုင်ငံ့ခေါင်းဆောင် တာဝန်များဆီသို့ ဦးတည်နေပေသည်။ သူမ၏ ကံဇာတာ၌ ၂၀၁၅-ဇူလိုင်နောက်ပိုင်း သိဟ်ရာသီရောက် ကောဇာ ကြာသပတေး ဂြိုဟ်ကြီး၏ အထောက်အပံ့ကြောင့် နိုင်ငံ၏ အရေးပါဆုံး တာဝန် (၃)ရပ်ဖြစ်သည့် နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတာဝန်များအနက်မှ တစ်ခုခုအား ထမ်းရွက်ရန် စောင့်ကြိုလျက် ရှိနေပါသည်။ ဒေါ်အောင်ဆန်းစုကြည်အတွက် ၂၀၁၅-နှောင်းပိုင်း ရွေးကောက်ပွဲအချိန်ကာလနှင့် ၂၀၁၆-နှစ်ဦးပိုင်း သင်္ကြန်မတိုင်မီ အချိန်ကာလများသည် ဇာတာစန်းလဂ် တောက်ပလင်းလက်လာမည့် အချိန်ကာလများဖြစ်သည့်အတွက် သူမ၏ အောင်မြင်မှုများအား မည်သူမှ တားဆီးပိတ်ပင်၍ မရရှိနိုင်တော့ပေ။

ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် အဆိုပါ ရာထူးတာဝန် (၃)မျိုးအနက်မှ နိုင်ငံတော်သမ္မတတာဝန် ထမ်းရွက်ခွင့် ရရှိရေးမှာ အထူးအရေးကြီးသော အချက်တစ်ချက်ဖြစ်ပေသည်။ နိုင်ငံတော်သမ္မတရာထူး လက်ခံရရှိနိုင်မှသာ နှစ်ပေါင်း (၂၀)ကျော် ပေးဆပ်ခဲ့ရသည့် တိုင်းပြည်နိုင်ငံနှင့် အများပြည်သူအကျိုးစီးပွား တိုးတက်ဖွံ့ဖြိုးရေးတွင် စွမ်းစွမ်းတမံဆောင်ရွက်နိုင်ပေလိမ့်မည်။ နိုင်ငံတကာမှ ထောက်ပံ့ကူညီ မြှင့်တင်ပေးမည့် အခွင့်အရေးများစွာမှာလည်း သူမ သမ္မတရာထူး



www.burmeseclassic.com

www.burmeseclassic.com

ထမ်းရွက်ခွင့်နှင့် များစွာသက်ဆိုင်လျက် ရှိနေပေသည်။ လွန်ခဲ့သောနှစ်ပေါင်း (၂၀)ကျော်ကာလများဆီက သူမနှင့် ပတ်သက်၍ မြန်မာနိုင်ငံမှ ရရှိခဲ့မည့် နိုင်ငံတကာအခွင့်အရေးများစွာသည် မြန်မာမှလွဲ၍ အရှေ့တောင်အာရှ အာဆီယံနိုင်ငံများဆီသို့ စီးမျောဝင်ရောက်သွားပြီး အဆင်းရဲဆုံး လောနိုင်ငံပင်လျှင် များစွာတိုးတက် ပြောင်းလဲသွားခဲ့ကြောင်း တွေ့နိုင်ပေလိမ့်မည်။ အိမ်နီးချင်း ထိုင်း၊ စင်္ကာပူနှင့် ဗီယက်နမ်နိုင်ငံတို့မှာကား ဆိုဖွယ်ရာ မရှိတော့ပေ။ မြန်မာတို့ နောက်ထပ် နှစ်ပေါင်း (၃၀) အရှိန်ပြင်းပြင်း ကြိုးစားရင်တောင် မီနိုင်မည် မထင်ပါ။ သို့ဖြစ်၍ ဒေါ်အောင်ဆန်းစုကြည် သမ္မတတာဝန် ထမ်းရွက်နိုင်ခွင့်ရရှိရေးအခြေအနေသည် မြန်မာတစ်မျိုးသားလုံး၊ မြန်မာနိုင်ငံတော်ကြီးတစ်ရပ်လုံးအတွက် အရေးကြီးလှသည့် အခန်းကဏ္ဍတစ်ရပ်ဖြစ်ပေသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတတစ်ဦးအတွက် ကိုက်ညီရမည့် အရည်အချင်းသတ်မှတ်ချက် စံနှုန်းများသည် ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်ရေးအား များစွာ အနှောင့်အယှက် စိန်ခေါ်လျက်ရှိသည်ကို တွေ့နိုင်ပေလိမ့်မည်။ ၂၀၀၈၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း (၃)၊ ပုဒ်မ (၅၉)၊ နိုင်ငံတော်သမ္မတနှင့် ဒုတိယ သမ္မတများ၏ အရည်ချင်းများဆိုင်ရာ အပိုဒ်ခွဲ (စ)တွင် ဖော်ပြထားသည့် နိုင်ငံရပ်ခြား၊ နိုင်ငံခြားသားများနှင့် ပတ်သက်ဆက်နွှယ်မှု အကြောင်းကဏ္ဍသည် ဆိုရှယ်လစ်သဘောတရားဆန်သည်ကို တွေ့နိုင်ပေလိမ့်မည်။ ဒီမိုကရေစီ၏ တံခါးဖွင့် မူဝါဒကို ချုပ်နှောင်ပြီး ဆိုရှယ်လစ်၏ တခါးပိတ် မူဝါဒအား ပြန်လည်အသက်သွင်းထားသည်နှင့် တူနေပေသည်။

အဆိုပါ သတ်မှတ်ချက်နေရာ၌ နိုင်ငံခြားသားတစ်ဦးဦးသာ ဖြစ်သင့်သည်ဟု သတ်မှတ်လျှင် ဒီမိုကရေစီ၏ အနှစ်အရသာ မပျောက်ပျက်နိုင်တော့ပါ။ ဥပမာအားဖြင့် မြန်မာပြည်၏ သမ္မတနေရာတွင် အမေရိကန်နိုင်ငံသား "ဂျွန်ကယ်ရီ" ဆိုသူမှ လာရောက် တာဝန်ထမ်းရွက်မည်ဆိုလျှင် မည်သည့် မြန်မာနိုင်ငံသားမှ လက်ခံလိမ့်မည် မဟုတ်ပေ။ သို့သော် (ဦး.....)ဆိုသူသည် မြန်မာပြည်မှာ မွေး၊ ဘဝတက်လမ်းအတွက် အမေရိကန်နိုင်ငံတွင် ပညာများ သင်ယူ၊ အရည်အချင်းရှိ ထူးချွန်ထက်မြက်သူဖြစ်သည့်အတွက် အမေရိကန်နိုင်ငံ၌ ကြီးလေးသော တာဝန်များစွာ ထမ်းဆောင်ပြီး နိုင်ငံတကာ အတွေ့အကြုံများစွာ ရရှိနေရာမှ မြန်မာပြည်တွင် ရွေးကောက်ပွဲပြန်ဝင်ပြီး တိုင်းပြည်၏ သမ္မတတာဝန်ထမ်းရွက်ခွင့် ထမ်းဆောင်ရန် ပြည်သူထံသို့ ခွင့်ပန်လျှင် ပြည်သူများက ငြင်းပယ်ကြမည်လား။ သူ၏ နှလုံးသားရပ်ဝန်း အသွေးသား ခံစားချက်များ၌ မြန်မာဟူသည့် အသိတရားများ ထာဝရစွဲထင်နေမည်ဖြစ်သည့်အတွက် တိုင်းပြည်ကောင်းစားရေးအား ဦးတည်ဆောင်ရွက်မည့်သူမျိုးဖြစ်လျှင် ပြည်သူများမှ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ကြပေလိမ့်မည်။


ယနေ့ ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြင်းထန်ဆိုးဝါးလှသော နာဂစ်အလွန်ကာလ မျက်ရည်စက်များကြားမှ မိသားစုဘဝများစွာ တည်ငြိမ်အေးချမ်းရေးအတွက် အများပြည်သူဆန္ဒထက် ဘဝကို အခြေပြုပြီး ထောက်ခံမဲများ ဝေဝေဆာဆာ ရယူနိုင်ခဲ့ပေသည်။ ထိုခေတ် ထိုကာလ ပြည်သူတို့၏ အသိဉာဏ်၊ ပညာ၊ ဗဟုသုတ၊ အတွေးအခေါ် အယူအဆ၊ စိုးရိမ်ပူပန်မှုအချို့သည် ပွင့်လင်းမြင်သာသည့် ဒီမိုကရေစီအစိုးရလက်ထက်၌ ဆီနှင့် ရေ၊ မိုးနှင့် မြေပမာ ကွာခြား ပြောင်းလဲခဲ့ပါပြီ။ လက်ရှိ နိုင်ငံတော်သမ္မတ၏ မှတ်သားဖွယ်ရာ ရင်တွင်းဆန္ဒ စကားတစ်ခွန်းရှိပါသည်။ **"ဒေါ်အောင်ဆန်းစုကြည် နိုင်ငံ့ခေါင်းဆောင်တစ်ယောက်ဖြစ်ဖို့၊ မဖြစ်ဖို့ဆိုတာ ပြည်သူ့သဘောထားအပေါ်မှာပဲ မူတည်ပါတယ်။ ပြည်သူ့သဘောထားက လက်ခံတယ်ဆိုရင် ကျွန်တော်ကလည်း လက်ခံရမှာ ဖြစ်ပါတယ်"** ဟူသည့် ပြောဆိုစကားသည် သမ္မတကြီး၏ ရင်တွင်း မည်သူမှ တားဆီးချုပ်ကိုင်ခွင့် မရှိသည့် ဒီမိုကရေစီဆန္ဒ သဘောထားတစ်ရပ်ဖြစ်ပေသည်။ သို့ပါ၍ ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်ရေး, မဖြစ်ရေးသည် မြန်မာနိုင်ငံသူ၊ နိုင်ငံသားအပေါင်း၏ ဆန္ဒသဘောထားနှင့်သာ သက်ဆိုင်သည်။ သို့သော် မြန်မာနိုင်ငံသည် ဒီမိုကရေစီအတွေ့အကြုံ များစွာနုနယ်သေးပေရာ ဒီမိုကရေစီ၏ စည်းကမ်းစံနှုန်းများကို အခြေပြု၍ စည်းကမ်းဥပဒေဘောင်အတွင်းမှ မိမိတို့ ရင်တွင်းဆန္ဒများကို ငြိမ်းချမ်းစွာဖြင့် အကြမ်းမဖက်ခဲ့သော ငြိမ်းချမ်းရေးနိုဗယ်လ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်အတွက် ပံ့ပိုးကူညီသင့်ပေသည်။

စာရေးသူသည် ဒေါ်အောင်ဆန်းစုကြည်၏ နေ့ထိုင်ပြုမူ လုပ်ကိုင်ပြောဆိုမှု အစစအရာရာအား ဂြိုဟ်နက္ခတ်များဖြင့်ယှဉ်တွဲ၍ သုံးသပ်လေ့လာနေသူတစ်ဦးဖြစ်ပါသည်။ ထိုအထဲမှ ထူးခြားချက်အချို့အား တင်ပြ သုံးသပ်လိုပါသည်။ ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာ့ရိုးရာဗေဒင်ပညာရပ်များဖြင့် သုံးသပ်ညှိနှိုင်း၍ မိမိ၏ ကံအညံ့များကို ကာကွယ်၊ ကံဇာတာ ပိုမိုမြင့်မား၍ မိမိရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိနိုင်ရန် ကြိုးပမ်း ပုံဖော်နေကြောင်း လေ့လာတွေ့ရှိရပါသည်။ သူမအနီးနား၌ ဗေဒင် ယတြာများဖြင့် နိုင်ငံရေးခရီးလမ်း ပုံရိပ်များ ထွန်းလင်းတောက်ပအောင် ဆောင်ရွက်ပေးမည့်



www.burmeseclassic.com

www.burmeseclassic.com




ဒေါ်အောင်ဆန်းစုကြည်၏ ဇာတာခွင်

ပုဂ္ဂိုလ်များ ရှိကောင်း ရှိနိုင်ပါသည်။ မြန်မာနိုင်ငံရေး ခရီးလမ်းကြောင်းအား ပြန်လည်သုံးသပ်လေ့လာပါက ဝန်ကြီးချုပ်ဦးနုလက်ထက်မှ ယနေ့ ဒီမိုကရေစီအစိုးရလက်ထက်အထိ နိုင်ငံရေးနှင့် ဗေဒင် ယတြာကဏ္ဍမှာ ယှဉ်တွဲလျက်ရှိနေပေသည်။ နိုင်ငံခေါင်းဆောင်ဖြစ်လာသူများထံသို့လည်း မင်းအတိုင်ပင်ခံ ဗေဒင်ပညာရှိ ပုရောဟိတ်ဖြစ်ရေးအတွက် ပညာ၏ ဂုဏ်သိက္ခာကို မငဲ့ကွက်ဘဲ နည်းမျိုးစုံဖြင့် ချဉ်းကပ်ကြသည်။ မိမိကို ယှဉ်ပြိုင်တိုက်ခိုက်လာမည့် ပညာရှင်များအား နည်းလမ်းအမျိုးမျိုး အသုံးပြု ပိတ်ဆို့ တားဆီးပြီး မိမိတစ်ဦးတည်းသာ အတိုင်ပင်ခံ အကြံပြု လမ်းညွှန်နိုင်ရေးအတွက် ခရီးဆန်ဆန် ဆောင်ရွက်ကြသည်။ ထိုအကြောင်းအရာမှာ မြန်မာ့နက္ခတ်ဗေဒင်ခရီးလမ်း၏ မပြောင်းလဲသော ပန်းချီကားတစ်ချပ်ဖြစ်ပေသည်။ လူတစ်ဦးတစ်ယောက်ကိုသာ ဝက္ခက်အပ်၍ အချိန်အခါများ တောင်းခံ ရယူခဲ့မှုသည် နိုင်ငံအတွက်၊ မိမိရာထူးအရှိန်အဝါအတွက် များစွာရင်လေးဖွယ် ကောင်းလှပေသည်။

ယခုနှစ် မဟာသင်္ကြန်အတက်နေ့သည် အင်္ဂါနေ့ဖြစ်သည့်အတွက် အင်္ဂါနေ့သားသမီးများ အတာစားကြောင်း သင်္ကြန်တွက်ကိန်းများမှ ဖော်ပြကြပေသည်။ မြန်မာလူမျိုးများသည် အတာစားပါက ထိုနှစ်တွင် မိမိတို့ကံအညံ့ရှိလိမ့်မည်ဟု စွဲမြဲစွာ ယုံကြည်ထားကြပေသည်။ ဒေါ်အောင်ဆန်းစုကြည်သည် အင်္ဂါနေ့သားသမီးဖြစ်သည့်အတွက် အတာစားခြင်းအညံ့မှ ကာကွယ်နိုင်ရန်အတွက် မြန်မာ့မြေမှ နှစ်သစ်ကူး သင်္ကြန်ကို စွန့်ခွာ၍ မိမိ၏ အာယုဒီဃာ၊ ရာထူးသြဇာ၊ အလုပ်အကိုင်၊ စီးပွားဥစ္စာ တည်တံ့နိုင်မြဲနိုင်သော မွေးနံမှ အမြစ်ဖြစ်သော ဂျပန်နိုင်ငံသို့ တစ်ပတ်ကြာ အလည်အပတ်သွားရောက်ခဲ့ပါသည်။ ဂျပန်နိုင်ငံတွင် မိမိမွေးနံမှ အညွှန့်နေ့ဖြစ်သော နှစ်ဆန်းတစ်ရက်နေ့ ဗုဒ္ဓဟူးနေ့၌ သတင်းထောက်များနှင့် တွေ့ဆုံရာတွင် မိမိ သမ္မတရာထူးရရှိရေးအတွက် ထည့်သွင်းပြောဆိုခဲ့ကြောင်း တွေ့ရပါလိမ့်မည်။ အင်္ဂါနေ့သားသမီးတစ်ဦးအနေဖြင့် မိမိအမြစ်နံ ဂျပန်နိုင်ငံတွင် ရှားပါးစွာ တိုက်ဆိုင်လာသော နှစ်ဆန်းတစ်ရက်နေ့ မင်္ဂလာရက်မြတ် အညွှန့်နံ ဗုဒ္ဓဟူးနေ့တွင် သမ္မတဖြစ်ရေးအတွက် တိုင်တည်ကြွေးကြော်လိုက်မှုသည် သူမ ရည်မှန်းချက်များ ပြည့်စုံ အောင်မြင်လာနိုင်သည့် နိုင်ငံရေးယတြာတစ်မျိုးဖြစ်ပေသည်။ သို့ဖြစ်၍ ဒေါ်အောင်ဆန်းစုကြည်၏ ဂျပန်နိုင်ငံ ချစ်ကြည်ရေးခရီးစဉ်သည် သူမဘာဝ တိုးတက်အောင်မြင်ရန်အတွက် တစ်ချက်ခုတ်၊ နှစ်ချက်ပြတ် ခရီးစဉ်ဟု သတ်မှတ်ရပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

အလားတူစွာ သမ္မတဖြစ်ရန် ဆန္ဒပြု ကြွေးကြော်မှုအား ၂၀၁၂၊ ဒီဇင်ဘာလ ၂၃ရက်၊ တနင်္လာနေ့၊ နေ့လယ် ၂နာရီခွဲနောက်ပိုင်း၌ မြိတ်မြို့နယ်၊ ကျွန်းစု၌ ပထမဆုံးအကြိမ် စတင်ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ နေ့ရက်၊ နေရာ ဒေသများမှာလည်း သူမမွေးနံ၏ တည်တံ့ခိုင်မြဲမှုအတွက် အထောက်အပံ့ဖြစ်စေမည့် အမြစ်နေ့ရက်၊ အမြစ်နေ့နံ နေရာ ဒေသများဖြစ်နေကြောင်း ထူးခြားစွာ တွေ့ရပေလိမ့်မည်။ ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ထိုကဲ့သို့ မိမိရည်ရွယ်ချက်အား တိုင်တည်ဖွင့်ဟ ပြောဆိုရာတွင် နေ့ရက်၊ နေရာဒေသရွေးချယ် တွက်ချက်မှု မှန်ကန်ပြီဖြစ်သော်လည်း နက္ခတ်အချိန် နာရီ၊ မိနစ်များဖြင့် ရည်မှန်းချက်များ ပြည့်ဝ အောင်မြင်ရန် အထောက်အကူပြုပေးနိုင်မည့် နက္ခတ် ပါရဂူပညာရှိများဖြင့် တွေ့ဆုံနိုင်မည့် အချိန်ကာလသို့ ရောက်ရှိရန် လိုအပ်နေပါသေးသည်။ ထိုကာလသို့ ရောက်ရှိလာပါက သူမ၏ ဇာတာစန်းလင် ပိုမိုတောက်ပ ထွန်းတောက်လာပေလိမ့်မည်။

ယနေ့ မြန်မာနိုင်ငံတွင် နိုင်ငံအုပ်ချုပ်မင်းလုပ်သည့် သမ္မတရာထူးတာဝန်တစ်ရပ်သည် ယခင် ခေတ်ကာလ အခြေအနေများဖြင့် များစွာကွာခြားသွားပြီဖြစ်ကြောင်း တွေ့နိုင်ပေလိမ့်မည်။ သမ္မတလုပ်ခြင်းသည် ချမ်းသာရန် မဟုတ်ပါ။ မောက်မာရန်မဟုတ်ပါ။ တိုင်းပြည်နှင့် အများပြည်သူအကျိုးအား ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ အင်တိုက်အားတိုက် ဆောင်ရွက်ရန်သာ ဖြစ်ပေသည်။ သို့ဖြစ်၍ နောင် အနာဂတ် မြန်မာနိုင်ငံ၌ သမ္မတအပါအဝင် အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် မိမိသမိုင်းကြောင်း ဂုဏ်သိက္ခာအတွက်၊ သားစဉ်မြေးဆက် နာမည်ကောင်းရရှိရေးအတွက် တိုင်းပြည်တာဝန်ထမ်းရွက်ကြသူများ ဖြစ်လာပေလိမ့်မည်။ **"ချမ်းသာလိုလျှင် စီးပွားရေးလုပ်ပါ၊ ဂုဏ်ရှိလိုလျှင် နိုင်ငံရေးလုပ်ပါ"** ဟု မြန်မာလူထု၏ ပါးစပ်ဖျား၌ ပေါ်ထွက်လာနိုင်ပေသည်။

အလားတူစွာ၊ နိုင်ငံခြားနှင့် ပတ်သက် ဆက်နွယ်ခဲ့ဖူးသော ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်လာခဲ့လျှင် သမ္မတမှ သူ့သဘော၊ သူ့ဆန္ဒများအား ထင်တိုင်းကျဲ လုပ်ကိုင်ခွင့် ရှိလာနိုင်ပါ့မလား။ ပြည်သူနှင့် လွှတ်တော်မှ လက်ပိုက်ကြည့်နေကြပါ့မလား။ ဒါဆိုရင် သမ္မတဆိုသည်မှာ ပြည်သူ၏ ဆန္ဒသဘောထားများဖြင့် ထင်ဟပ်ပေါ်လွင်သည့် တိုင်းပြည် တိုးတက်ဖွံ့ဖြိုးမှုများအား ဖန်တီးပုံဖော်ပေးရမည့် ပြည်သူ့ဆန်စား၊ ပြည်သူ့တာဝန် ထမ်းရွက်သူတစ်ဦးသာ ဖြစ်ရပေလိမ့်မည်။ ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်ရေးအတွက် ခေတ်ကာလအခြေအနေအရ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေအား အတည်ပြု ပြဋ္ဌာန်းပေးခဲ့သော နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ သဘောထား မှတ်ချက်မှာလည်း များစွာအရေးပါလှပေသည်။

ဗိုလ်ချုပ်မှူးကြီးသည် တိုင်းပြည်အား ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ရောက်ရှိရန် ဖန်တီးပေးခဲ့သော အဓိက ခေါင်းဆောင်တစ်ဦးဖြစ်သလို၊ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်၏ အစိုးရနှင့် ပြည်သူ တစ်သားတည်းဖြစ်စေမည့် နိုင်ငံ ပြုပြင်ပြောင်းလဲမှုများမှာ ဗိုလ်ချုပ်မှူးကြီးထံမှ ရရှိလိုက်သော သမ္မတကြီး၏ နိုင်ငံရေးလက်ဆောင်အခွင့်အရေးများဖြစ်ပေသည်။ ထိုရွှေရောင်အခွင့်အရေးများကြောင့် ပြည်သူ၏ ထောက်ခံအားပေးမှုကို ရရှိလာသည့် သမ္မတကြီးဖြစ်လာရပေသည်။ သို့အတွက်ကြောင့် ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်ရေးအတွက် ယခင်နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဒေါ်အောင်ဆန်းစုကြည်၊ သမ္မတကြီး ဦးသိန်းစိန်နှင့် အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ဥက္ကဋ္ဌများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာ့တပ်မတော်အကြီးအကဲ ခေါင်းဆောင်များ၊ ပြည်ခိုင်ဖြိုးပါတီနှင့် NLD ပါတီမှ တာဝန်ရှိသူများ၏ နားလည်မှု ယုံကြည်မှု အပြန်အလှန်တည်ဆောက်နိုင်မည့် တွေ့ဆုံ ဆွေးနွေးမှုများမှသာ တဖြည်းဖြည်းချင်း တက်လှမ်းနိုင်ပါမည်။

ဒေါ်အောင်ဆန်းစုကြည်၏ ဇာတာခွင်အရ နိုင်ငံ့ခေါင်းဆောင်သမ္မတ ဖြစ်နိုင်သည့်အခြေအနေ၌ ရှိနေသော်လည်း ပြည်သူများမှ ပေးအပ်ချီးမြှင့်မှသာ သမ္မတရာထူးတာဝန်ကို ထိုက်တန်စွာ ရရှိလာနိုင်ပေလိမ့်မည်။ တစ်ဦးနှင့် တစ်ဦး နိုင်ငံရေးအမုန်းမီးတောက် အာဃာတများကို မေတ္တာရေဖြင့် ငြိမ်းသတ်၍ တိုင်းပြည်နှင့် ပြည်သူအပေါ် ပေးဆပ်စွန့်လွှတ် အနစ်နာခံစိတ်ထားဖြင့် စဉ်းစားဆင်ခြင်သုံးသပ်ကြည့်ပါက ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်ခွင့်ရရှိမှုသည် ကြီးကျယ် ခမ်းနားသည့် နိုင်ငံရေးပြဿနာတစ်ရပ် မဟုတ်နိုင်ပါကြောင်း နက္ခတ်သိပ္ပံရှုထောင့်အမြင်မှ သုံးသပ် တင်ပြအပ်ပါသည်။

* * *

ဦးဇေယျာကို (အမှုဆောင်အရာရှိချုပ်)
မြန်မာနိုင်ငံနက္ခတ်သိပ္ပံအဖွဲ့. ၀၉ ၅၃ ၉၁၄၃



www.burmeseclassic.com

www.burmeseclassic.com

ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားသည် မဟာသက္ကရာဇ် ၁၀၃ခု၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့ မိုးသောက်ယံအချိန်ဝယ် လောကသုံးပါးတွင် အတုမရှိသော သမ္ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။ ထိုအချိန်ကာလမှာ ဘုရားဖြစ်တော်မူရာ မာဂဓတိုင်း၌ ကိလေသာအညစ်အကြေးများရှိသော အယူဝါဒအမှားများ ထွန်းကားနေချိန်ဖြစ်သည့်အပြင် တစ်ဦးနှင့် တစ်ဦး အယူဝါဒကွဲပြား ဆန့်ကျင်သော အတွေးအခေါ်များ ဟောကြားနေကြချိန်ဖြစ်သည်။

အဝတ်မဝတ်သည့် အစေလကများ၊ ပုရဗိုဇ်များကသည်း တစ်နေရာတည်း မနေ။ လိုက်လံ ငြင်းခုန်နေကြသူများအဖြစ် ထင်ပေါ်ကျော်ကြားနေကြချိန်ဖြစ်သည်။ ထိုအထဲတွင် အထင်ကရ ကျော်ကြားနေသော ဘုရားအမည်ခံ ဂိုဏ်းဆရာကြီး ၆ဦးမှာလည်း ရှိနေဆဲဖြစ်ပြီး၊ ၎င်းတို့၏ အပါယ်တံခါးဖွင့် အယူဝါဒအမျိုးမျိုးမှာလည်း လူတိုင်း၏ စိတ်၌ အရိုးစွဲနေပြီဖြစ်ရာ ဗုဒ္ဓအနေဖြင့် သက်တော်က ငယ်ငယ်၊ ရဟန်းဝါတော်ကလည်း နုနုဖြစ်နေရာ၊ ထိုအယူဝါဒမျိုးစုံကို အမြစ်ပြတ် တော်လှန်နိုင်မှသာ မိမိ၏ ဝါကို အောင်မြင်စွာ ထိုးဖောက်နိုင်မည်ဖြစ်ပေသည်။ သို့သော် မိမိတစ်အားတည်းဖြင့် ဝါဒတစ်ခုတည်ထောင်ရာတွင် တွင်ကျယ်နိုင်မည်မဟုတ်ဘဲ တပည့်သာဝက အသိုင်းအဝိုင်းများ အမှန်လိုအပ်ကြောင်း

ဗုဒ္ဓ၏အစောပိုင်းကာလ
သာဝကရှာပုံတော်





www.burmeseclassic.com

www.burmeseclassic.com

သိမြင်လာသည့်အတွက် တပည့်သာဝက ရှာပုံတော်ကို ဖွင့်ရန် မဖြစ်မနေ လုပ်ဆောင်ရမည်ဖြစ်ပေသည်။

အထက်တွင် ဆိုခဲ့ပြီးသည့် ဘုရားအမည်ခံ ဂိုဏ်းဆရာကြီး ၆ဦး၏အမည်များနှင့် ၎င်းတို့၏ အယူဝါဒများကို လေ့လာကြည့်လျှင်・・・

(၁) ပူရာဏ ကဿပ - အကိရိယဝါဒ၊ ကံကို ငြင်းပယ်သော ဝါဒ၊ (ကုသိုလ်မရှိ၊ အကုသိုလ်မရှိ)။

(၂) မက္ခလိဂေါသာလ - အကြောင်းအကျိုး ငြင်းပယ်သောဝါဒ(သတ္တဝါအားလုံးကို ကံကြမ္မာမှ ပုံသေသတ်မှတ်ထားပြီးဟူလို)။

(၃) အဇိတကေသကမ္ဗလ - နတ္ထိကဝါဒ၊ ရုပ်ဝါဒ၊ ဥစ္ဆေဒဝါဒ(သေပြီးနောက် ပြန်ဖြစ်သူမရှိ၊ တိုးတက်မှုကို ဟန့်တားသော ဝါဒ)။

(၄) ပကုဓ ကစ္စာယန - ကာယကြီး ၇မျိုးဝါဒ (ဘယ်တော့မှ မပြောင်းလဲသော ထာဝရ ခိုင်မြဲသည့် ကာယကြီး ၇မျိုး)။

(၅) နိဂဏ္ဌနာဋပုတ္တ - အတ္တဝါဒ၊ ဇီဝဝါဒ (ထာဝရမြဲသော တရားအခြေခံနှင့် အရာရာမှာ အသက်ရှိသော ဝါဒ၊ ဂျိန်းဝါဒ)။

(၆) သဉ္စယဗေလဋ္ဌပုတ္တ - အမရာ ဝိက္ခေ ပဝါဒ (ရှောင်တိမ်းသော ဝါဒ) (အမိုက်မဲဆုံး ဝါဒဟု အဇာတသတ်မင်းသားမှ မှတ်ချက်ပြုထားသည်)။

"အများကြာက အမှန်ဖြစ်" ဟူသကဲ့သို့ ရှိရင်းစွဲ အဟောင်းအဟောင်းသော ဝါဒများမှာ နှစ်ပရိစ္ဆေဒကြာကြာကြားသိနေရခြင်းကြောင့် အရိုးစွဲနေသော ဝါဒများဖြစ်ရာ ထိုခေါင်းဆောင်အသီးသီး၏ နောက်တွင်လည်း နောက်လိုက်တပည့်များစွာ ရှိနှင့်ပြီးသော ဝါဒများလည်း ဖြစ်သည်။ ဗုဒ္ဓအနေနှင့် ယင်းဝါဒများနှင့် ပြဒါးတစ်လမ်း သံတစ်လမ်း လုံးဝ အပ်စပ်မရသည့် အနတ္တဝါဒကို တည်ထောင်ရမည်ဖြစ်သဖြင့် လူအများစု လက်ခံနိုင်ရန်အတွက် လက်တွေ့ပြသရန် အရေးကြီးသကဲ့သို့ မိမိဝါဒအား လျင်မြန်သောအဟုန်ဖြင့် ပြန့်ပွားရန်လည်း အရေးကြီးလှပေသည်။ သို့ဖြစ်ရာ ရှေးဦးစွာ မိမိနှင့် အလွန်နီးကပ် အကျွမ်းဝင်ပြီးဖြစ်သည့် ပဉ္စဝဂ္ဂီငါးဦးအား မိမိ၏ အနတ္တတည်းဟူသော အကြောင်းအကျိုးဝါဒအား ဟောပြောချေချွတ် ဆုံးမတော်မူပြီး ၎င်းတို့အား နေရာအသီးသီးသို့ တစ်ပါးစီ စေလွှတ်၍ လူများစွာတို့ လိုက်နာရန် ဟောကြားစေတော်မူခဲ့သည်။

ပွဲဦးထွက် စည်းရုံးရေး ပြီးဆုံးသွားသည့်အခါတွင် ဗုဒ္ဓသည် အင်အားတောင့်တင်းပြီး အနီးဆုံးသော ဂိုဏ်းဂဏပုဂ္ဂိုလ်များကို စည်းရုံး၍ သာဝကရှာပုံတော်ဖွင့်ရဦးမည်ဖြစ်ရာ မိမိ သီတင်းသုံးရာ မိဂဒါဝုန်တောနှင့် မနီးမဝေးရှိ ကဿပညီနောင်သုံးဦးရှိရာသို့ ကြွလှမ်းတော်မူခဲ့သည်။ ကဿပညီနောင်တို့တွင် အကြီးဆုံး ဥရုဝေလကဿပတွင် နောက်လိုက် တပည့်ငါးရာ၊ ညီလတ် နဒီကဿပတွင် သုံးရာ၊ အငယ်ဆုံး ဂယာကဿပတွင် နှစ်ရာရှိပြီး၊ ပေါင်း အင်အားတစ်ထောင်ရှိသဖြင့် ၎င်းတို့အား စည်းရုံးနိုင်လျှင် ထိုသုံးဦးနှင့် နောက်လိုက် တပည့်များ ကိုးကွယ်ကြသည့် ဘုရင်ဗိမ္ဗိသာရမင်းကြီးနှင့် နောက်ပါ အခြွေအရံ၊ သူဌေးသူကြွယ်များကို အလိုလိုစည်းရုံးရရှိပြီးဖြစ်မည်ကို သိရှိတော်မူသဖြင့် မိဂဒါဝုန်တောတွင် သီတင်းသုံးတော်မူပြီး ဝါကျွတ်သောအခါ ထိုညီနောင်တို့ထံသို့ တစ်ပါးတည်း ကြွချီတော်မူခဲ့သည်။

ခရီးအကြား၌ တောအုပ်တစ်ခုသို့ ဝင်၍ သီတင်းသုံးနေတော်မူစဉ် မမျှော်လင့်ဘဲ သုံးကျိပ်မျှသော ဘဒ္ဒဝဂ္ဂီမင်းသားညီနောင်တို့နှင့် ဆုံတွေ့တော်မူခဲ့၏။ ထိုမင်းသားတို့မှာ ကောသလမင်းကြီး၏ သားများဖြစ်ကြပြီး ဗုဒ္ဓ၏ "ကာမာဒီနဝ" ဟူသော ကာမဂုဏ်၏ အပြစ်ကို ဟောကြားတော်မူသော သစ္စာလေးပါးတရားတော်ကြောင့် ထိုမင်းသားသုံးကျိပ်မှာ အချို့ သောတာပန်၊ အချို့ သကဒါဂါမ်၊ အချို့ အနာဂါမ် အသီးသီးတည်ကြပြီးလျှင် ဧဟိဘိက္ခု ရဟန်းများချည်း ဖြစ်ကုန်ကြရာ ဗုဒ္ဓတွင် အချိန်တိုအတွင်း သာဝက ၃၅ပါး စည်းရုံးပြီးဖြစ်တော့၏။

ထိုရဟန်းသုံးကျိပ်အား ထိုတောအုပ်၌ပင် ထားခဲ့၍ မူလခရီးစဉ်အတိုင်း ကဿပညီနောင်တို့ရှိရာသို့ အရောက် ကြွလှမ်းတော်မူ၏။

ထိုညီနောင်တို့၏ အယူဝါဒကား ကိလေသာခြောက် ခန်းမှ ရဟန္တာဖြစ်မည်။ ခြောက်ခန်းရန်အတွက် ပင်ပန်းကြီးစွာ ကစားပျော်ပါးခြင်း၊ နံနက် နေမထွက်မီ ရေ၌ဆင်း၍ မြူးတူးခြင်း၊ ဆွမ်းစားချိန်တန်မှ ရေမှတက်၍ ဆွမ်းစားပြီး ကျေသား၊ ဇယ်ပုံ၊ တံကျစ်ခုန် စသော ကစားခြင်းမျိုးများကို ကစားခြင်း၊ ကိုယ်ကို မီးကင်ခြင်း၊ ကိလေသာတို့ကို ရေမျှော အံ့ဟု ရေသို့ ဆင်းပြန်ခြင်း၊ အိပ်ချိန်တန်မှ တက်၍ အိပ်ခြင်း စသည်တို့ဖြင့် တစ်ပါးသော အာရုံသို့ စိတ်မထွက်စိမ့်သော ထိုထိုသော အကျင့်များကို ကာလကြာမြင့်စွာ ကျင့်၍ မိမိကိုယ်ကို ကိလေသာခြောက်ခန်းနေသော ရဟန္တာများဟူ၍ ခေါ်ဝေါ်သတ်မှတ်နေကြသော ညီနောင်များပေတည်း။



www.burmeseclassic.com

www.burmeseclassic.com

> “ ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးနေတော်မူ၍ တရားရေအေး အမြိုက်ဆေး တိုက်ကျွေးနေသည့် သတင်းကို ဖခင် သုဒ္ဓေါဒနမင်းကြီး ကြားသိလျှင် အမတ်တစ်ယောက်ကို ခေါ်၍ နောက်ပါ ယောကျာ်းတစ်ထောင်အခြံအရံနှင့်တကွ ရာဇဂြိုဟ်ပြည်သို့ ဗုဒ္ဓအား ပင့်ဆောင်ရန် စေခိုင်း လိုက်လေ၏

ဗုဒ္ဓသည် ထိုညီနောင်တို့အား သုံးလတိုင်တိုင် တန်ခိုးပြာဋိဟာ အမျိုးမျိုးပြ၍ စည်းရုံးသော်လည်း အောင်မြင်မှုမရှိခဲ့ချေ။ ဗုဒ္ဓသည် တန်ခိုးကြီးသည် မှန်၏။ သို့သော် မိမိတို့ကဲ့သို့ ကိလေသာကုန်ခန်း ရဟန္တာမဟုတ်သေးဟူ၍ ယူဆမြဲ ယူဆနေ၏။ ဗုဒ္ဓသည် အပင်ပန်းခံ၍ တန်ခိုးပြာဋိဟာမြဲ ချဲ့ချတ်စည်းလုံးခဲ့ရာတွင် တန်ခိုးပြာဋိဟာပေါင်း ၃၅၀၀ မျိုးရှိသည်ဟူ၍ အဋ္ဌကထာများ၌ ဖော်ပြထားပေသည်။

ဗုဒ္ဓသည် ဤမျှလောက်သောကာလနှင့် ထိုမျှလောက်သော တန်ခိုးပြာဋိဟာအမျိုးမျိုးပြခဲ့သော်လည်း မိမိတို့၏ မာနကို မလျှော့ဘဲ မိမိတို့ကိုယ်ကို ကိလေသာကုန်ခန်း ရဟန္တာများဟူ၍သာ မှတ်ထင်မြဲ မှတ်ထင်လျက် ရှိနေသည့်အတွက် နောက်ဆုံးတွင် ထိုညီနောင်တို့အား ထိတ်လန့်ခြင်း သံဝေဂကို ဖြစ်စေတော့အံ့ဟု ကြံ၍ အောက်ပါအတိုင်း တရားဓမ္မဖြင့် နှိပ်ကွပ်ရတော့သည်။

“ချစ်သား ကဿပ…သင်၏ မာနကား ထောင်လွှားခြင်းမြင့်စွင့်လေစွ။ နေလတို့၏ အရောင်သည် ငါ့ကိုယ်ရောင်လောက် မလင်းဟု ဂုဏ်ပြိုင်နေသော ပိုးစုန်းကြူးကဲ့သို့ မိမိတို့သဏ္ဌာန်၌ ရှိသော ဉာဏ်အာနုဘော်ကိုလည်း မချင့်။ ကိုယ်၏ အကျင့်ကိုလည်း မတွက်။ မဂ်ဖိုလ်၏ အကြောင်းကိုလည်း မမြင်။ သို့စင်မျှ ဖြစ်ပါလျက် ငါကဲ့သို့ ရဟန္တာဟုတ်ဟူ၍ ယုတ်မာသောအကြံဖြင့်သာလျှင် သင် နေဘိ၏”

ဟု မိန့်တော်မူလိုက်မှ ကဿပ ရသေ့ကြီးလည်း သတိ သံဝေဂရ၍ ဘုရား၏ ခြေတော်ရင်း၌ ဦးခေါင်းဝပ်၍ ရဟန်းအဖြစ်သို့ ခွင့်တောင်းလေတော့၏။ ကျန် ညီနှစ်ဦးနှင့် တပည့်များသည်လည်း ဗုဒ္ဓထံပါးသို့ ခိုလှုံ တပည့်ခံကြတော့၏။ “အပင်လုံ၊ အကိုင်းထင်းဖြစ်”ဟူသကဲ့သို့ ကဿပ ညီနောင်တို့အား အောင်မြင်စွာ စည်းရုံးနိုင်ခဲ့သဖြင့် ၎င်းတို့၏ တပည့်နောက်လိုက်မှန်သမျှမှာလည်း ဗုဒ္ဓ၏ တပည့်များသာ ဖြစ်ကုန်ကြရတော့၏။

ထို့နောက် ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည်သို့ ရှေးရှုကြွတော်မူရာ မြို့၏အနီး ကြီးစွာသော ထန်းတောဥယျာဉ်သို့ ရောက်တော်မူလျှင် ဥယျာဉ်၏အလယ်၊ အရိပ်ကျယ်သော သစ်ပင်ရင်း၌ သီတင်းသုံးနေတော်မူစဉ် ဗိမ္ဗိသာရမင်းကြီးနှင့် မှူးမတ်ဗိုလ်ပါ မင်းပရိသတ် စုံလင်စွာဖြင့် ဗုဒ္ဓထံပါး ချဉ်းကပ်ခစားလာ၏။ တိုင်းပြည်အုပ်ချုပ် မင်းလုပ်သော ဘုရင်ကိုယ်တိုင် ဗုဒ္ဓအား ခစားကိုးကွယ်လာသဖြင့် ကျန် ပြည်သူပြည်သားများအား စည်းရုံးသိမ်းသွင်းရန်ပင် မလိုတော့ချေ။

ဤနေရာ၌ သီတင်းသုံးနေစဉ်ပင် သဉ္စယဗေလဋ္ဌပုတ္တဟု ခေါ်ဆိုသော သိဥ္စည်းပုရဗိုဇ်ထံတွင် တပည့်ခံနေသည့် ရှင်သာရိပုတြာအလောင်းနှင့် အရှင်မောဂ္ဂလာန်အလောင်း အလျှာ ဥပတိဿနှင့် ကောလိတတို့ ရဟန်းဝတ်ပြီး ဗုဒ္ဓ၏ “ဝေဒနာ ပရိဂ္ဂဟ လက္ခဏာ”သုတ်ကို နာကြားရသည်၏ အဆုံး၌ နှစ်ဦးစလုံး ရဟန္တာဖြစ်ကုန်ကြသည်။

ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးနေတော်မူ၍ တရားရေအေး အမြိုက်ဆေး တိုက်ကျွေးနေသည့် သတင်းကို ဖခင် သုဒ္ဓေါဒနမင်းကြီး ကြားသိလျှင် အမတ်တစ်ယောက်ကို ခေါ်၍ နောက်ပါ ယောကျာ်းတစ်ထောင်အခြံအရံနှင့်တကွ ရာဇဂြိုဟ်ပြည်သို့ ဗုဒ္ဓအား ပင့်ဆောင်ရန် စေခိုင်းလိုက်လေ၏။ ထိုပုဂ္ဂိုလ်များ ရာဇဂြိုဟ်ပြည်သို့ ရောက်သည့်အချိန်တွင် ဗုဒ္ဓသည် ပြည်သူပြည်သားများအား တရားဟောနိုက်နှင့် ကြုံ၍ ပရိသတ်အစွန်မှနေ၍ တရားတော်ကို နာကြားနေစဉ် ဒေသနာတော်အဆုံး၌ အလုံးစုံသော ကိလေသာ အစဉ်ပြတ်၍ အရဟတ္တဖိုလ်သို့ ရောက်ကုန်ကြပြီး ဧဟိဘိက္ခု ရဟန္တာချည်းဖြစ်ကုန်ကြတော့သည်။ ထိုသို့ သုဒ္ဓေါဒနမင်းကြီး လွှတ်လိုက်သော အင်အား တစ်ထောင်ပါသည့် အုပ်စုကိုးစုစလုံးမှာ ဤသို့ချည်းပင် တရားထူးရ၍ ဗုဒ္ဓထံပါးသို့ ရဟန်းဝတ်ဖြင့် ခိုလှုံကြကုန်သဖြင့် နောက်ဆုံး လွှတ်လိုက်သော အသမပြောက် ကာဠုဒါယီအမတ်နှင့် နောက်ပါ တစ်ထောင်တို့သည်လည်း ရှေးနည်းတူစွာ ဧဟိဘိက္ခု ရဟန္တာ



www.burmeseclassic.com

www.burmeseclassic.com

ချည်းဖြစ်ကုန်ကြပြန်သည်။

ထို့နောက်ပိုင်း ဗုဒ္ဓသည် ကာဠုဒါယီ မထေရ်၏ ပင့်ဖိတ်လျှောက်ထားချက်အရ ဆောင်းဥတုအကုန် နွေဥတုအပြောင်း တပေါင်းလပြည့်နေ့တွင် မြတ်ဗုဒ္ဓနှင့် ကပိလဝတ်မြို့သား သံဃာတစ်သောင်း၊ မာဂဓတိုင်းသား သံဃာတစ်သောင်း၊ စုစုပေါင်း သံဃာနှစ်သောင်းသည် ရာဇဂြိုဟ်ပြည်မှ ကပိလဝတ်ပြည်သို့ ယူဇနာ ၆၀ခရီးကြမ်းအား နှစ်လကြာကြွချီတော်မူခဲ့လေသည်။ ထိုကပိလဝတ်ပြည်၌ပင် ညီတော်ရင်း နန္ဒမင်းသားအား နိဂြောဓာရုံကျောင်း၌ ရဟန်းပြုပေးတော်မူခဲ့သည်။ ဗုဒ္ဓထံသို့ အမွေတောင်းရန် လာသော သားတော် ရာဟုလာအား ထိုကျောင်းတွင်ပင် အရှင်သာရိပုတြာလက် အပ်နှံပြီး ရှင်သာမဏေပြုပေးတော်မူခဲ့သည်။ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည်လည်း "မဟာဓမ္မပါလ"ဇာတ်ကို နာယူတော်မူပြီး အနာဂါမ်ပုဂ္ဂိုလ်တည်လေ၏။

ဗုဒ္ဓသည် တပည့် သာဝကများ ရှိနိုင်သမျှ ရရန်အတွက် စည်းရုံးရန် အလွန်အရေးကြီးနေချိန်ဖြစ်သဖြင့် ကပိလဝတ်၊ နေပြည်တော်တွင် ကြာမြင့်စွာ သီတင်းသုံးတော်မမူဘဲ ရာဇဂြိုဟ်ပြည်သို့ ပြန်ကြွတော်မူခဲ့သည်။ ရာဇဂြိုဟ်သို့ အပြန်ခရီး၌ မလ္လာတိုင်း အနုပိယနိဂုံးသို့ ရောက်တော်မူသောအခါ အနုရုဒ္ဓါ၊ အာနန္ဒာ၊ ဘဒ္ဒိယ၊ ဘဂု၊ ကိမိလ၊ ဒေဝဒတ်တို့ ရဟန်းပြုခဲ့ကြသည်။ ထိုအထဲတွင် ဆတ္တာသည် ဉပါလိလည်း ပါဝင်ပေသည်။ ထူးခြားချက်တစ်ခုမှာ ထိုဆတ္တာသည် ဉပါလိကို သာကီဝင်မင်းသား ၆ပါးထက် ဦးစွာ ရဟန်းပြုပေးခြင်းပင် ဖြစ်သည်။

နိဂုံးချုပ်အားဖြင့် ဆိုရသော် ဗုဒ္ဓဖြစ်စ ကာလ၊ ဝါဆိုမှသည် တပေါင်းလအထိ ၉လခန့်အတောအတွင်း သာဝကနှစ်သောင်းကျော် ရှာဖွေ စုဆောင်းနိုင်သည်မှာ ဗုဒ္ဓ၏ အံ့မခန်းဘုန်းတော်၊ ဉာဏ်တော်၊ ကံတော်ကြောင့် ဖြစ်ပေသည်။ အမှန်တရားဟူသည် မည်မျှကြီးမားသည့် အပိတ်အဆီး အကာအရံကို မဆို၊ ဖောက်ထွင်းနိုင်သကဲ့သို့ ဗုဒ္ဓ၏ သစ္စာလေးပါး အမှန်တရားတော်ကား လူနတ်နိဗ္ဗာန် သုံးတန်သော အကျိုးအမြတ်အတွက် တိုးထွက်လာသော အမှန်တရားကြီး ဖြစ်သည့်အတွက် မည်မျှပင် အကျိုးနည်း၍ အရိုးစွဲနေသော ဝါဒများ ပိတ်ပုံးနေလင့်ကစား၊ တစ်စစီခြွေ၍ ကြေမွဖျက်ဆီးစေခဲ့သည်မှာ ယနေ့အထိဖြစ်သည်။ နောင်လည်း ကမ္ဘာတည်သရွေ့ တည်မြဲနေဦးမည်မှာ မြေကြီးလက်ခတ်မလွဲတည်း။

* * *

လှကျော်ညွန့်(ရေကင်း)

(အာကာသနက္ခတ္တဗေဒကျွမ်းကျင်ပညာရှင်)

**ဓေတ္တာရာဆရာကျော်**

[အာကာသနက္ခတ္တဗေဒကျွမ်းကျင်ပညာရှင်]

**အထူးဟောစာတမ်းများ မှာယူနိုင်ပါသည်။ နယ်မှငွေကြိုပို့ပါ။**

သင့်စီးပွားရေး. . . တိုးတက်မှာလား/ဆုတ်ယုတ်မှာလား
သင့်အလုပ်အကိုင်. . . အောင်မြင်မှာလား/ကျရှုံးမှာလား
သင့်အိမ်ထောင်ရေး. . . တည်မြဲမှာလား/ကွဲကွာမှာလား
သင့်အချစ်ရေး. . . ဖြောင့်ဖြူးမှာလား/ရှုပ်ထွေးမှာလား
သင့်နိုင်ငံခြားခရီး. . . ကံကောင်းမှာလား/ကြန့်ကြာမှာလား

အသေးစိတ်ရေးထားသော
အထူးဟောစာတမ်းကြီး ၂၀၀၀၀/-
ဟောစာတမ်းကြီး ၁၀၀၀၀/-

**နှစ်,လ,ရက် အထိ တွက်ချက်အဟောထုတ်ပေးသည်။ ထိရောက်သော ယတြာများဖြင့် အကြံပြုပေးသည်။**

အမှတ် (၁၄၃၂)၊ ဂန္ဓမာလမ်း၊ (၄၁)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၅၈၄၆၄၂၊ ၀၉-၇၃၁၀၆၃၅၄

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

မယ်တော်ချောင်းလေးသည် ဒယ်ပေါ်ကုန်းရွာနောက်ကျောမှ ပတ်၍ တိုးဝင်ရင်း ရစ်ခွေ စီးဆင်းလျက်ရှိလေသည်။ မယ်တော်ချောင်းလေးသည် အရင်တုန်းက ထိုသို့ မကျယ်။ နက်လည်း မနက်။ ဒူးလယ်၊ ပေါင်လယ် သာသာရှိ၏။ ယခုအခါ ရိုးမမှ တိုးဆင်းလာသော တောင်ကျရေများကို လှိုဏ်နှစ်ခုဖြင့် ပိတ်၍ ဆည်ရေကာခံ၊ဆောက်လုပ်ထားပြီး မယ်တော်ချောင်းလေးနှင့် ဆက်ကာ သွယ်တန်းထားသည်။ ထို့ကြောင့် ကောလုနီးပါးဖြစ်နေသော မယ်တော်ချောင်းလေးက ဝါးတစ်ပြန့်သာသာနက်ရင်း ပေတစ်ရာကျော်ကျော်ခန့်မျှ ကျယ်ဝန်းလေသည်။

မယ်တော်ချောင်းတစ်လျှောက် တဝေါဝေါစီးဆင်းနေသော ရေစီးသံများက နာနာဘာဝများ ပြေးလွှားနေသကဲ့သို့ ထင်မှတ်ရသည်။ ရေစီးက မြန်သည်။ ကြမ်းလည်း ကြမ်းသည်။ နှစ်စဉ် မယ်တော်ချောင်းသည် လူစားသည်ဟု သတင်းကြီး၍နေလေသည်။ ချောင်းအထက်နားတွင် မန်ကျည်းပင်ကြီးသုံးပင်မှာ မည်သို့သော အချိန်ကာလကတည်းက ပေါက်နေလေသည် မသိ။ ထိုရွာရှိ အသက် ၇၀ကျော် လူကြီးသူမများပင် မသိ။ ချောင်းပေါ် ကိုင်း၍ ပေါက်နေလေသည်။ ထိုမန်ကျည်းပင်ကြီးများအောက်တည့်တည့် ချောင်းထဲတွင် နဂါးသိုက်ရှိသည်ဟု ပြောဆိုနေကြသည်။

မန်ကျည်းပင်ကြီး သုံးပင်မှာ မယ်တော်ချောင်းလေးပေါ်သို့ အုပ်မိုးရင်း ပေါက်နေကြသည်။ ဝါဆို၊ ဝါခေါင်ကဲ့သို့ ရေထရက်များတွင် ထိုမယ်တော်ချောင်းလေးဆီမှ ရေအော်သံများကို တစ်ပတ်၊ ၁၀ရက်အထိ ဆက်တိုက်ကြားရသည်။ ထိုသို့ ရေများ မအော်မီ မန်ကျည်းပင်တစ်ပင်ဘက်မှ သန်းခေါင်ယံတွင် ခွေးအူသံများကို ကြားရတတ်သည်။

ထို့နောက် မယ်တော်ချောင်းသည် ရေများ အော်လာ၏။ ထိုသို့သော ဝိသေသ လက္ခဏာများဖြစ်လာပြီး နောက်ပိုင်းတွင် မယ်တော်ချောင်းနံဘေး ဒယ်ပေါ်ကုန်းရွာကလေးမှ တစ်ဦး တစ်ယောက်ဆိုသလို ရေနစ်၍ သေဆုံးတတ်၏။ ထိုသို့သော ရက်များတွင် လမိုက်သော ညများ၌ မန်ကျည်းသုံးပင်အနီးတွင် လည်းကောင်း၊ မယ်တော်ချောင်းလေးထဲတွင် လည်းကောင်း နဂါးလိုလို၊ မြွေဟောက်လိုလို ဝါးပိုးလုံးခန့် သတ္တဝါတစ်ကောင် သွားလာနေသည်ကို ရွာသားအချို့က မြင်တွေ့ရပြန်သည်။

နှစ်ပေါင်း ၅၀ကျော် တံငါလုပ်ငန်းဖြင့် ထိုချောင်းလေးထဲတွင် တံငါလုပ်နေသော ဖိုးလေး သာကွန့်၏ အဆိုအရတော့ နဂါးမြွေကြီးသည် နဂါးသိုက်မှ ဖြစ်သည်။ ထိုနဂါးမြွေကြီးကို တွေ့ပြီးနောက်တွင် ရေအော်ခြင်း၊ ရွာမှ လူများ တစ်ဦးစ နှစ်ဦးစ ရေနစ်သေဆုံးခြင်း စသည့် ဖြစ်ရပ်များ ဖြစ်ကာ၊ ထိုသို့ နှစ်စဉ်ဖြစ်ပွားပြီးမှ မယ်တော်ချောင်းသည် ပုံမှန်အနေအထားဖြင့် လူမပြောနှင့် တိရစ္ဆာန်တစ်ကောင်တစ်မြီးတောင် ထိုချောင်းလေးထဲတွင် သေဆုံးသည်ဟူ၍ မရှိတော့ပေ။

◆◆◆

ဒယ်ပေါ်ကုန်းရွာလေးသို့ အေးမောင်တို့မိသားစု ပြောင်းရွှေ့လာခဲ့ကြသည်မှာ မကြာသေး။ တစ်နှစ်ခန့်သာ ရှိသေးသည်။ ထိုရွာလေးသို့ ပြောင်းရွှေ့မလာခင်က အေးမောင်တို့မိသားစုသည် ထိုရွာလေးနှင့် ၂မိုင်ခန့်ဝေးသည့် နတ်သမီးကုန်းဟူသော ရွာလေးတွင် နေထိုင်ခဲ့ကြ၏။

အေးမောင်တွင် သားသမီး ၇ ယောက်တိတိရှိသည်။ ထိုခုနစ်ယောက်ထဲတွင် ဖိုးအောင်ဆိုသော ကောင်လေးမှာ အကြီးဆုံးဖြစ်သည်။ နတ်သမီးကုန်းရွာလေးတွင် အေးမောင်က ကြုံရာကျပန်းအလုပ်လုပ်သလို၊ ခင်မေက ဈေးရောင်းသည်။ ငွေမချမ်းသာသော်လည်း လူချမ်းသာစာရင်းတွင်တော့ အေးမောင်နဲ့ ခင်မေက ပါသည်။ အေးမောင်တို့တွင် ကလေး ၇ယောက် မွေးထားခဲ့ပြီးသည့်တိုင် ယခု ခင်မေတွင် ကိုယ်ဝန်က ရှိလာပြန်သည်။

သားသမီးများ၏ စီးပွားရေး မပြေလည်သည်ကို မိဘများက ကြည့်ကာ စိတ်မချမ်းသာကြ။ ထို့ကြောင့် သူတို့နေသောရွာကို ခေါ်၍ ပြောင်းလာခဲ့ကြခြင်းပင် ဖြစ်ပေသည်၊ ခင်မေတို့ ရောက်လာတော့ မိဘများက မယ်တော်ချောင်းနံဘေးတွင် ခြံကွက်လေးတစ်ကွက်ကို ပေးသည်။ ခြံထဲတွင် အေးမောင်က သီးနှံပင်မျိုးစုံကို ရာသီမလပ် စိုက်သည်။ အေးမောင်စိုက်၍ ထွက်သမျှ သီးနှံများကို ခင်မေက မြို့တက်ကာ ရောင်းခဲ့သည်။ ဒီတော့ မိသားစု စီးပွားရေးက ပြေလည်လာသည်။

ယခုလာမည့် နွေဦးတွင်ပင် မြေလေး ဖိုးအောင်အား သင်္ကန်းချိ… အဘိုးအဘွားများက ဆန္ဒရှိကြ၏။

"တို့အသက်တွေက ကြီးလာ… အေးမောင်။ သေခြင်းတရားဆိုတာ … လား၊ ညလား၊ ခုလား၊ တော်ကြာလား ဆိုတာ သိနိုင်တာမဟုတ်ဘူး။ ဒါကြောင့် ငါတို့မျက်စိမမှိတ်ခင် ငါ့မြေး… သင်္ကန်းချီချင်တယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com

ထိုကိစ္စလေးများကြောင့် အေးမောင်တစ်ယောက် အလုပ်ကြိုးစားသလို၊ ယောက္ခမ၊ မိဘများကလည်း ချွေးနှဲစာလေးများကို စုဆောင်းကြသည်။

ယခုဆိုလျှင် သက်န်းပရိက္ခရာလေးများပင် ဝယ်ပြီးနေပြီဖြစ်လေသည်။

တစ်နေ့ ဖိုးအောင်လေး အိပ်မက်မက်သည်။

မိမိတစ်ယောက်တည်း မယ်တော်ချောင်းလေးတစ်လျှောက် လှေတစ်စင်းနဲ့ လှော်သွားရင်း မန်ကျည်းသုံးပင်တွင် မိန်းကလေးနှစ်ဦးက သူ့ကို လက်ယပ်ခေါ်သည်။

သူက ခေါင်းခါ၍ ငြင်းသည်။ ထို့နောက် မိန်းကလေးနှစ်ဦးသည် သူ့လှေပေါ်သို့ ရောက်လာကြပြီး…

"မောင်လေးက ဟိုဘဝက မမတို့နဲ့ မောင်နှမတော်တယ်။ မောင်လေးနဲ့ မမတို့ နေခဲ့ကြတဲ့ နေရာကို လိုက်ခဲ့လေ။ မမတို့ ခေါ်သွားမယ်"

"မ…မလိုက်ဘူး။ ခင်…ခင်ဗျားတို့က ဘယ်သူတွေလဲ"

"မောင်လေး ရှင်ပြုတော့မယ်ဆို"

"ဟုတ်တယ်။ ခုလာမယ့် နွေမှာ ကျွန်တော့်ကို ကျွန်တော့်အဘိုးက ရှင်ပြုပေးမှာ"

ထိုသို့ပြောတော့ မိန်းကလေးနှစ်ယောက်မှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း…

"ကဲ - ဒီအကြောင်း အစ်ကိုကြီးကို ပြောပြမှ ဖြစ်မယ်"

ဟူသော စကားများကို ဆိုလေသည်။ ထို့နောက်တွင်တော့…

"မောင်လေး…မမတို့ ပြန်တော့မယ်"

စကားဆုံးသည်နှင့် ဖိုးအောင်တစ်ယောက် အိပ်မက်မှ လန့်၍နိုးသွားတော့သည်။

♦♦♦

ဒီနေ့ ဖိုးအောင်လေးတို့ ကျောင်းက ပြန်လာတော့ မိခင်ဖြစ်သူ မခင်မေကို ပြောပြသည်။ မိခင်နှင့် ဖခင်တို့မှာလည်း ဖိုးအောင်လေးကို ရှင်ပြုမည့်ကိစ္စရှိနေ၍ စိုးရိမ်ကြသည်။ သာသနာ့အမွေခံသည့် ပုဂ္ဂိုလ်ဆိုတာ အထမမြောက်အောင် ဖျက်ဆီးတတ်တယ်



ဆိုသည့်စကား ကြားဖူးသည်။ ထို့ကြောင့် ဖိုးအောင်လေးကို သတိပေးရသည်။

"သား…ဖိုးအောင်၊ လူကြီးမပါဘဲ ချောင်းဘက်ကို မသွားရဘူးနော်"

"ဟုတ်ကဲ့ အဖေ"

ပြောသာ ပြောရသော်လည်း ချောင်းကလေးနံဘေးတွင် မိမိတို့ စိုက်ပျိုးထားသော စိုက်ခင်းလေးများကို နေ့စဉ် ရေလောင်းရသည်။ မိမိတစ်ဦးတည်း မနိုင်။ သားဖိုးအောင် ကူ၍ လောင်းပေးနေသောကြောင့် အဆင်ပြေနေလေသည်။

ဒီလိုနဲ့ နှစ်စဉ် ရေထရက်များဖြစ်သည့် ဝါဆို၊ ဝါခေါင်လများသို့ ရောက်ရှိလာတော့သည်။ ရေထရက်များတွင် ဒယ်ပေါ်ကုန်းရွာလေးမှ ရွာသူရွာသားများသည် ကြောက်ရွံ့ စိုးထိတ်နေကြသည်။ သည်နှစ် မည်သူ၏ သားသမီး၊ ညီအစ်ကို မောင်နှမအလှည့်ဖြစ်လိမ့်မလဲဆိုသော အတွေးတစ်ခုကရွာသားတိုင်းတွင် ကိန်းအောင်းနေသည်။

တစ်နေ့တွင် ဒယ်ပေါ်ကုန်းရွာမှ တံငါသည်ကြီး ဖိုးလေး သာကွန့် တစ်ယောက် ကွန်ပစ်ရင်း ချောင်းဖျားတွင် ညနေ နေဝင်ဖျိုးဖျ၌ မြွေလိုလို၊ နဂါးလိုလို သတ္တဝါတစ်ကောင်ကို လှိုင်းလုံးများနှင့် ရောထွေး၍ မြင်လိုက်ရသည်။

ထိုနေ့ညတွင် မယ်တော်ချောင်းဖျားထက် မန်ကျည်းသုံးပင်ဘက်မှ ည ၁၂နာရီခန့်တွင် ဆွဲဆွဲငင်ငင် အူလိုက်သော ခွေးအူသံများကို ကြားရသည်။

ထိုသို့ဖြစ်သွားပြီး သုံးလေးရက်ခန့်အကြာတွင်တော့ မယ်တော်ချောင်းရေသည် ရိုးမမှ စီးလာသော တောင်ကျရေများနှင့် ရောကာ ဖူးမောက်ပြည့်လျှံ၍ လာရင်း ရေအော်သံများကို ကြားလာရသည်။ ထိုရက်ပိုင်းများတွင် ဒယ်ပေါ်ကုန်းရွာမှ ရွာသားများသည် မယ်တော်ချောင်းလေးနှင့် ကင်းနိုင်သမျှ ကင်းအောင် နေကြသည်။

တတ်နိုင်သမျှ ချောင်းဘက်သို့ မသွားမလာဖြစ်အောင် နေကြသည်။ ထိုရေထရက် ရေအော်သည့်ရက်များ မတိုင်မီက ဒယ်ပေါ်ကုန်းရွာသူ အမေဖော့တစ်ယောက် အေးမောင်တို့ ခြံလေးထဲသို့ ကုန်စိမ်းကောက်ရန် ညနေဖျိုးဖျတွင် ရောက်လာသည်။ ချောင်းဘက်သို့ ရုတ်တရက်ကြည့်လိုက်သည့်



www.burmeseclassic.com

www.burmeseclassic.com

တွင် ချောင်းစပ် ရေထဲတွင် တဖြည်းဖြည်းဆင်းသွားနေသော အေးမောင်၏ သား ဖိုးအောင်လေးအား တွေ့ရသည်။

"ဟဲ့ - ဟိုချောင်းထဲ ဆင်းနေတာ ဘယ်သူ့ကလေးလဲဟဲ့"

အရီးလေး ကြော့မေ၏ အသံကြောင့် ချောင်း၏ အလယ်သို့ တရွေ့ရွေ့ ဆင်းသွားနေသော ဖိုးအောင်လေးမှာ ရပ်တန့်၍သွားသည်။

"ဟဲ့ - ချောင်းထဲ ဆင်းနေတာ ဘယ်သူ့ကလေးလဲ၊ ငါမေးနေတယ်လေ"

ဒီတော့မှ ချောင်းစပ် အိမ်တချို့မှ လူများက ထွက်လာကြပြီး ဖိုးအောင်အား အတင်းပြန်ခေါ်ရသည်။

"အမလေး…သားရယ်၊ ဘာပြုလို့ ချောင်းထဲကို ဆင်းရတာလဲ၊ ပြောစမ်း…ပြောစမ်း"

"သားစိတ်ထဲမှာ ဟို…ဟိုက မန်ကျည်းသုံးပင်ဘက်ကို အရမ်းသွားချင်နေတာ။ ပြီးတော့ ရေထဲကိုလည်း မဆင်းရ မနေနိုင်ဖြစ်နေတယ်။ ဒါကြောင့်…"

"ဘုရား…ဘုရား…မဖြစ်ဘူး၊ မဖြစ်ဘူး။ မင်းကို ဒီလိုထားလို့ မဖြစ်တော့ဘူး"

ထို့နောက်တွင်တော့ ဖိုးအောင်လေးအား ရွာဦးကျောင်း ဆရာတော် ဦးသုဝံသထံတွင် လျှောက်ထားရင်း အန္တရာယ်ကင်း ပရိတ်ကြိုးလေးများပင် လည်ပင်း၌ ချည်ဆွဲထားပေးလိုက်သည်။

♦♦♦

ယခုရက်ပိုင်းသည် မယ်တော်ချောင်းကလေး၏ ရေထရက်ဖြစ်သည်။ ရေအော်သံများ ကြားနေရသည်ကပင် သုံးရက်ခန့် ရှိပြီဖြစ်လေသည်။ အေးမောင်တစ်ယောက် မြို့ပြသို့ ကိစ္စတစ်ခုရှိ၍ ထွက်လာရသော်လည်း စိတ်တွေက ခပ်လေးလေး။ ခင်မေ့ကိုလည်း အခါခါမှာခဲ့ရသည်။

"ခင်မေ…ငါ မြို့ကို သွားမလို့၊ မင်း ဖိုးအောင်ကို ကြည့်ထားနော်။ ချောင်းဘက်ကို မသွားစေနဲ့။ ငါလည်း မဖြစ်လို့ သွားရတာ။ ခုရက်ပိုင်း အိပ်မက်တွေလည်း မကောင်းဘူး"

"စိတ်ချပါ ကိုအေးမောင်ရယ်"

ရွာမှ ကုန်သည်တချို့နဲ့ မြို့သို့ တင်ပေးနေရသော ကုန်ဖိုးများ ရှင်းရန်



ကိစ္စရှိသောကြောင့် အေးမောင် မြို့တက်လာရခြင်းဖြစ်သည်။ ပြီးတော့ ခင်မေ့ကိုယ်ဝန်ကလည်း နေ့လား ညလား မွေးလုမွေးခင်ကြီး။ အကြောင်းဆိုရင် ဘာပဲဖြစ်ဖြစ် လက်ထဲမှာ ငွေစကြေးစ ဆိုတာမျိုးက ရှိနေမှ ဖြစ်မှာ။

ဒီနေ့ညနေဘက်တွင် ကုန်ဖိုးငွေများ ရှင်းရန် ပြန်လာတော့ ညနေ ၅ နာရီတိတိထိုးလို့နေပြီ။ ဒယ်ပေါ်ကုန်းရွာလေးသို့ ရောက်ရှိ၍ မယ်တော်ချောင်းလေးနံဘေးတွင် တစ်ရွာလုံးနီးပါး အုံခဲပြွတ်သိပ်နေသည်ကို တွေ့ရတော့၏။

"ဖိုးအောင်လေးတစ်ယောက် ရေနစ်သေလို့တဲ့"

လူအုပ်ကြား အေးမောင် တစ်ယောက် အတင်းတိုးဝှေ့ဝင်လိုက်တော့ ကမ်းနဖူးတွင် တက်မတတ် ချက်မတတ် ငိုယိုနေသော ခင်မေအား တွေ့လိုက်ရသည်။

"ခင်…ခင်မေရာ ဘယ်လိုဖြစ်ရတာလဲ။ ငါ့ကိုလည်း ပြောစမ်းပါဦးကွာ"

ထိုစဉ် ရွာသားတစ်ဦးက ဝင်၍ ရှင်းပြလိုက်သည်။

"ဒီလို အေးမောင်ရေ။ မင်းသားက သူ့အစ်ကိုဝမ်းကွဲတစ်ယောက်နဲ့ ကျောင်းလွှတ်ချိန်မှာ အိမ်မပြန်ဘဲ ချောင်းနံဘေးကို သွားကြသတဲ့။ အဲဒီအခါမှာ မန်ကျည်းသုံးပင်နဲ့ တစ်ခေါ်သာသာလောက်မှာ ရပ်ထားတဲ့ လှေတစ်စင်းကို တွေ့လိုက်ရတယ်။ ဘယ်သူ့လှေလည်း မသိဘူး။ အဲဒီလှေကို လော်ပြီး ချောင်းထဲက အထွက်မှာ ချောင်းလယ်ကိုလည်း ရောက်ရော သူတို့စီးလာတဲ့ လှေက လှေပေါက်ကြီးဖြစ်နေတာ တွေ့ရတော့တယ်။

လှေထဲ ရေဝင်ပြီး ရေနစ်တော့ သူ့အစ်ကိုဝမ်းကွဲက လှေနံကို ကိုင်ပြီး ရေနစ်လို့ အသက်မသေခဲ့ပေမယ့် ဖိုးအောင်လေးကတော့ မြုပ်သွားကတည်းက တစ်ခါမှ ပြန်ပေါ်မလာတော့ဘူးတဲ့"

"ဖြစ်မှ ဖြစ်ရလေဗျာ"

"ရွာက ရေကူးကျွမ်းကျင်တဲ့ ရေငုပ်သမားတွေနဲ့ ရှာဖွေကြတယ်။ ဒါပေမယ့် မတွေ့ဘူး။ နေ့ဝက်လည်း ကျော်နေပြီမို့ တွေ့ရင်တောင် အသက်ရှိဖို့ဆိုတာ မဖြစ်နိုင်တော့ဘူး"

"ဟဲ့…ပွဲတွေ ဘာတွေပေးပြီး ရှာကြလေ"

အတွေ့အကြုံရှိသော ရွာမှ



www.burmeseclassic.com

www.burmeseclassic.com

လူကြီးသူမအချို့က စကားဆို၏။

ထိုမှ ရွာသားတစ်ဦးက အေးမောင်တို့အိမ်သွား၍ အုန်းငှက်ပျောများဖြင့် ကန်တော့ပွဲတစ်ပွဲကို ပြင်သည်။ ချောင်းကမ်းပါး၌ တင်၍ ရှာကြ၏။ သို့သော် မတွေ့။

အချိန်သည် မှောင်ရီဆည်းဆာ ပျိုးလာ၏။

အလောင်းရှာဖွေနေသူများလည်း တစ်စတစ်စ ရွာထဲသို့ ပြန်လာကြတော့၏။

ထိုညက မယ်တော်ချောင်းလေးသည် ရေအော်သံများ လုံးဝ မကြားရတော့ပေ။

♦♦♦

ဤသို့ဖြင့် ဖိုးအောင်လေး၏ အလောင်းကို ရှာဖွေနေကြသည်မှာ ယနေ့ဆိုလျှင် ၇ရက်တိုင်တိုင်မျှပင် ရှိသေသည်။

ထူးထူးခြားခြား နှစ်စဉ် ရေထ၊ ရေအော်သည့် ကာလရက်များ၌ ဒယ်ပေါက်ကုန်းရွာလေးမှ နှစ်စဉ် တစ်ဦးစ နှစ်ဦးစဆိုသလို ရေနစ်သေဆုံးသူများမှာ သုံးလေးရက်ဆိုလျှင် ချောင်းလေး၏ တစ်နေရာရာ၌ အလောင်းကို ရှာဖွေတွေ့ကြစမြဲဖြစ်သည်။

ဖိုးအောင်လေး၏ အလောင်းကိုကား ယခု ၇ရက်တိုင်တိုင်ရှိလေပြီ၊ တစ်စွန်းတစ်စမျှ မတွေ့ရ။

တမြန်နေ့က တံငါသည်တချို့ ရေအောက် တစ်လံသာသာအကွာတွင် ရေစီး၌ မျောပါသွားသော ကလေးတစ်ဦး၏ အလောင်းကို ဖျတ်ခနဲ တွေ့ကြိုက်ရသည်။ အမိအရ ဆယ်ယူချိန်တွင် မိမိတို့၏ နားထဲ၌ ရေအော်သံများလိုလို ကြားလာရပြီး မြွေလိုလို၊ နဂါးလိုလို အကောင်တစ်ကောင်ကိုလည်း မယ်တော်ချောင်းဖျားတွင် တွေ့လိုက်ရသောကြောင့် နောက်ဆုံး မဆယ်ဝံ့တော့ဘဲ လက်လွှတ်လိုက်ရတော့သည်။

ထိုနေ့ မှောင်ရီဖျိုးဖျတွင် တံငါသည်များက အေးမောင်တို့ဆီသို့ ထိုအဖြစ်အပျက်လေးများကို လာရောက် ပြောပြကြလေသည်။ ထိုနေ့ညဘက်တွင် ဖခင်ဖြစ်သူ အေးမောင်အား ဖိုးအောင်လေးမှ အိပ်မက်ပေးလေသည်။

"အဖေ အမေတို့ သားကို မရှာပါနဲ့တော့။ သား ဘဝဟောင်းကို ပြန်သွားပါပြီ။ အဖေ၊ အမေတို့နဲ့ ရွာသားတွေ သားကို ရှာနေတာ သား မြင်နေရတယ်။ မရှာကြပါနဲ့တော့။ ဟိုတစ်နေ့က တံငါလေ့တွေ သားကို ဆယ်မယ်အလုပ်မှာ အနှောင့်အယှက်တွေ ချက်ချင်းပေါ်လာတယ်။ လွန်ခဲ့တဲ့ သုံးလေးရက်ကလည်း သားကို ရှာတဲ့ လှေတစ်စင်းကို မှောက်ပစ်လိုက်တယ်။ ဒါကြောင့် လုံးဝ မရှာပါနဲ့တော့။ အန္တရာယ်များတယ်။ သားကို ရှင်ပြုဖို့ ရည်မှန်းပြီး ဝယ်ယူထားတဲ့ သင်္ကန်းနဲ့ ပရိက္ခရာတွေကိုလည်း သားနဲ့အတူ လှေမှောက်ပြီး ရေနစ်တဲ့ သားရဲ့ အစ်ကိုဝမ်းကွဲကို ပေးဝတ်ပြီး သက်သတ်လွတ် တစ်ပတ်တိတိစားခိုင်းပါ"

ထို့နောက်တွင်တော့ ဖိုးအောင်လေးမှာ မိန်းကလေးနှစ်ဦးနှင့်အတူ လှေကလေးတစ်စင်းကို လှော်၍ မယ်တော်ချောင်းကလေးထဲမှာ စုန်ရင်း မန်ကျည်းသုံးပင်ရှိရာ ချောင်းဘက်ဆီသို့ တရွေ့ရွေ့လှော်ကာ ထွက်ခွာသွားလေတော့သည်။ အိပ်မက်ဆုံးတော့ အေးမောင် ဇနီးလုပ်သူအား နှိုးလိုက်သည်။

"ဟ . . . ဟ . . . ထပါဦးဟဲ့ ခင်မေ"

"ဘာလဲရှင့် ကိုအေးမောင်ရယ်"

"ငါ့သားကို အိပ်မက်လို့ပါကွာ။ သားလေးက သူ့ဘဝဟောင်းကို ပြန်သွားတာတဲ့။ သူ့ကို ရှာဖို့ မကြိုးစားပါနဲ့။ အန္တရာယ်များတယ်တဲ့။ သူ့ကို တို့တစ်တွေ ရှာနေတာ ရေအောက်ကနေ သူ မြင်ရတယ်တဲ့။ ပြီးတော့ သူ့အတွက် ရည်မှန်းပြီး သင်္ကန်းပရိက္ခရာတွေကိုလည်း သူ့နဲ့အတူ ရေနစ်တဲ့ သူ့အစ်ကိုဝမ်းကွဲကို ဝတ်ပေးလိုက်ပါတဲ့ကွာ"

"သားလေးရဲ့ ဆန္ဒအတိုင်း လုပ်ပေးရအောင် ကိုအေးမောင်ရယ်"

ဒယ်ပေါက်ကုန်းရွာလေးတွင်တော့ ဖိုးအောင်လေး ရေနစ်သေဆုံးရသည်မှာ သွေးရိုးသားရိုး မဟုတ်ဘူး။ ရေအောက် နဂါးသိုက်က ပြန်ခေါ်သွားတာ။ မယ်တော်ချောင်းကလေးရဲ့ အထက်နားမန်ကျည်းသုံးပင်တည့်တည့် ရေအောက်မှာ နဂါးသိုက်ရှိတယ်ဆိုတဲ့ အခြေအမြစ်မခိုင်မာတဲ့ စကားတွေနဲ့ တစ်ရွာလုံး တစ်ယောက်တစ်ပေါက် ပြောဆိုနေကြ၏။

"အင်း· · ·ဘာပဲဖြစ်ဖြစ်၊ နှစ်စဉ် မယ်တော်ချောင်းလေးထဲမှာ ဝါဆို၊ ဝါခေါင်လို ရေထရက်တွေမှာ ကြားရလေ့ရှိတဲ့ ရေအော်သံတွေ မကြားခင် သုံးလေးရက်အလိုမှာ မန်ကျည်းသုံးပင်ဘက်က ခွေးအူသံတွေ ကြားရတယ်။ မယ်တော်ချောင်းလေးထဲမှာလည်း မြွေလိုလို၊ နဂါးလိုလို သတ္တဝါတစ်ကောင်ကို ဒီရက်တွေမှာ တွေ့ရ၊ မြင်ရတယ်ဆိုတဲ့ စကားတွေဟာ ဖိုးအောင်လေး သေဆုံးပြီးတဲ့ နောက်ပိုင်းမှာတော့ အဲဒီအသံတွေက တဖြည်းဖြည်းမှိန်မှိန်လာရင်း ရက်တော်တော်များကြာတော့ တိတ်ဆိတ်ငြိမ်သက်သွားကြတော့၏။


* * *

ဆုမွန်ဦး(မာန်တော)



www.burmeseclassic.com

www.burmeseclassic.com




# သာသနာ့ဘုရားဒါယကာ

## ကြယ်တစ်ပွင့်


# ပျံလွင့်တော်မူရှာပြီ

❋ ဗေဒသုတေသီ ဆရာမျိုး ❋

www.burmeseclassic.com


www.burmeseclassic.com

ရှမ်းပြည်တောင်ပိုင်း ပင်လောင်းမြို့နယ်၊ နောင်တာရားမြို့နယ်ခွဲ၊ လုံးပိုးကျေးရွာအုပ်စု၊ လုံးပိုးအရှေ့ရွာ၊ အနောက်ရွာ၊ မြောက်ရွာ၊ လွယ်တောင်းရွာတို့၏ ကျေးဇူးရှင် သာသနာ့ဘုရားဒါယကာဖြစ်တော်မူသော လုံးပိုးမြောက်ကျောင်းဆရာတော် သက်တော် ၅၃နှစ်၊ ဝါတော် ၃၂ဝါ ရရှိတော်မူသော အဋ္ဌကောသလ္လအရှင်သူမြတ်သည် ၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ရက်နေ့ ည ၇နာရီအချိန်တွင် ဘဝနတ်ထံ ပုံလွန်တော်မူပြီးလျှင် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို တပေါင်းလပြည့်ကျော် ၁၄ရက်နေ့တွင် လုံးပိုးအရှေ့ရွာ သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါသည်။



ဆရာတော်၏နိဗ္ဗာန်ယာဉ်

ဆရာတော်သည် ရပ်ရွာအပေါင်း၏ ကိုးကွယ်ဆည်းကပ်ရာ သာသနာ့ဘုရားဒါယကာဖြစ်သည်နှင့် လျော်ညီစွာ အနယ်နယ်အရပ်ရပ်မှ တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့မှ ဆရာတော်၏ ဈာပနပွဲသို့ တဖွဲဖွဲရောက်ရှိလာကြပေကုန်၏။ နေ့လယ် ၂နာရီအချိန်တွင် လုံးပိုးမြောက်ကျောင်းမှ လုံးပိုးအရှေ့ရွာ သုသာန်သို့ ဆရာတော်၏ ရုပ်ကလာပ်ကို ညီကာသိုက်မြိုက်စွာ ပို့ဆောင်ကြရာတွင် သက်တော် ၉ဝရှိ



နောက်ပါ သံဃာတော်များ



www.burmeseclassic.com

www.burmeseclassic.com



နိဗ္ဗာန်ယာဉ်အား ပင့်ဆောင်စဉ်

ဥက္ကဋ္ဌ ဆရာတော်(မြသိန်းတန်ဆရာတော်)မှ ရေနံ့ဆုံးမှ ကားဖြင့် ကြွရောက်တော်မူပါသည်။ မိုင်းပျိုးကျောင်း၊ နောင်အင်းလေး ဆရာတော် ဦးသုမနစာရ၊ မြို့မဆရာတော် ဦးဝိလာသနှင့် တောင်ဘို့ကြီးဆရာတော် ဦးကုသလတို့မှ နောက်က ဦးဆောင်လျက် သံဃာတော်အရှင်မြတ်များ ခြေလျင်ကြွချီတော်မူကြပါသည်။

ဆရာတော်၏ နိဗ္ဗာန်ယာဉ်ကို တပည့် ဒကာ၊ ဒကာမအပေါင်းမှ ယူကျုံးမရ နှမြောတသစိတ်နှင့် မျက်ရည်ယိုရှဲကြိုးဆွဲ ပင့်ဆောင်ကြပါလေ၏။ နောက်မှ တီကျစ်ဝိသာခါဝတ်အဖွဲ့မှ ဆရာတော်၏ ဂုဏ်ကျေးဇူးတော်နှင့် သံဝေဂကထာကို ကားနှစ်စီးဖြင့် လိုက်ပါ ပူဇော်ကြပါလေ၏။ ဆရာ တော်၏ ဈာပနအခမ်းအနားကျင်းပရာ လမ်းတစ်လျှောက် တွင် မီးအိုး၊ ဖျောက်အိုး၊ ပေသီး၊ ပေထုပ်၊ ဝါးမီး၊ မီးရှူးမီးပန်း များဖြင့် ပစ်ဖောက် ပူဇော်ကြသည်မှာ စည်စည်ကားကား မြိုင်မြိုင်ဆိုင်ဆိုင်ရှိလှပါပေသည်။ သိန်းနှင့် ချီသော အနယ် နယ်အရပ်ရပ်မှ လိုက်ပါ ပို့ဆောင်ကြသည့် တပည့် ဒကာ ဒကာမအပေါင်းတို့သည် ရွာလယ်မှ သုသာန်သို့သွား လမ်းတစ်လျှောက် တိုးမပေါက်နိုင်အောင် စည်ကားပြည့်ကျပ် လျက်ရှိပါသည်။ လမ်းကျဉ်းသလိုဖြစ်နေကာ၊ အချို့ ရွာ ရွာသားများမှာ လယ်ကွင်းများကို ဖြတ်၍ လယ်ကန်သင်း



သိန်းနှင့်ချီသော တရားရှုပရိသတ်




ဝိသာခါဝတ်အဖွဲ့




www.burmeseclassic.com

www.burmeseclassic.com



နောက်ပါသံဃာတော်များ



ဥက္ကဋ္ဌဆရာတော်ကား

င်တစ်လျှောက် ကွေ့ပတ်၍ လိုက်ပါပို့ဆောင်ကြလေ
သည်။

ဆရာတော်၏ ရုပ်ကလာပ်ကို ညနေ ၄နာရီခွဲတွင် ာင်းမွန်စွာ အန္တိမစျာပန ပူဇော်ပြီးဆုံးပါသည်။ ဆရာတော် သာသနာဆောင်ရွက်ချက်များကို ၂၀၁၂ခုနှစ်၊ မတ်လ င် ထုတ်ဝေသော ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း၌ ဤစာရေးသူ "ဂန္ဓာရီခရီးကြမ်းက ဂမ္ဘီရ လုံးပိုးရွာ"ဆောင်းပါးဖြင့် တင် ပူဇော်ပြီးဖြစ်ပါသည်။ ထို့ပြင် ဆရာတော်သည် ဂမ္ဘီရ ဆန်းကြယ်မဂ္ဂဇင်း၏ ပင်တိုင် စာဖတ်ပရိသတ်တစ်ဦးလည်း ဖြစ်ပါသည်။ စာရေးသူ၏ ဘာသာ၊ သာသနာဆောင်ရွက်ချက် များကိုလည်း အထူးအားပေး ချီးမြှောက်တော်မူပါသည်။ ယခုအခါ ဆရာတော်သည် ရုပ်နာမ်ဓမ္မ သခ်ီရ၏ အမြဲမရှိ ဖောက်ပြန်ခြင်းသဘောကြောင့် လွန်ခဲ့သော နှစ် ၁၀၀က တည်ရှိခဲ့ပေသော ရှေးဟောင်း လုံးပိုးမြောက်ကျောင်းတော် ကြီး၊ လွန်ခဲ့သော နှစ် ၂၀၀ကျော်က တည်ရှိကိုးကွယ်ခဲ့သော ရှေးဟောင်းဘုရားစေတီများ၊ တပည့် သံဃာတော် ၂၇ပါးနှင့် တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား စွန့်ခွာ ထားရစ် ၍ ဘဝနတ်နန်းသို့ မြန်းကြွတော်မူပါလေသည်။

စာရေးသူသည် ဆရာတော် မပျံလွန်မီ နောက်ဆုံး တည်ထားကိုးကွယ်ရစ်သော ဘုရားပလ္လင်တော်ကြီးနှင့်တကွ မုခ်ဦးတံကဲ့တို့အား ဓာတ်ပုံမှတ်တမ်းတင်ပြီးလျှင် ယခုအခါ ဆရာတော် ပျံလွန်တော်မူခြင်းမှာ သာသနာ့ဘုရားဒါယကာ ကြီးတစ်ပွင့် ကြွေလွင့်ဆုံးရှုံးရခြင်းပင် ဖြစ်ပါကြောင်းကို ဝမ်းနည်းကြေကွဲစွာဖြင့် ဆရာတော်အား ဂုဏ်ပြုမှတ်တမ်း တင်ပူဇော် ဖော်ပြအပ်ပါကြောင်း။ ◘

* * *

ဗေဒသုတေသီ ဆရာမျိုး



www.burmeseclassic.com

www.burmeseclassic.com

# မှဟာလျော်ကော ဂါထာနှင့် အင်းတော်မြတ်ကြီး

## အောင်ကောင်းမြ (သာကေတ)

လွန်ခဲ့သော နှစ်လခန့် ၂၀၁၂ နိုဝင်ဘာလက မြန်မာနိုင်ငံအထက်ပိုင်းဒေသတွင် မြေငလျင်လှုပ်ခတ်ခဲ့ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး နေရာအချို့တွင် ပျက်စီးမှုများ ကြုံတွေ့ခဲ့ရပါသည်။ ဂျာနယ်တစ်စောင်၏ မျက်နှာဖုံးတွင် သပိတ်ကျင်းမြို့အနောက်တောင်ဘက် ၁၂မိုင်ခန့်အကွာနေရာကို ဗဟိုပြု၍ ရစ်ချ်တာစကေး (၆.၈)အဆင့်ရှိ အင်အားပြင်းထန်သည့် ငလျင်လှုပ်ခတ်အင်အားအသင့်အတင့်ရှိ နောက်ဆက်တွဲ ငလျင်နှစ်ခု ထပ်မံလှုပ်ခတ်ခဲ့၍ မန္တလေးတိုင်းဒေသကြီးတို့တွင် မြို့နယ်အချို့ပျက်စီးမှု၊ ထိခိုက်ဒဏ်ရာရရှိမှုနှင့် သေဆုံးမှုအချို့ ဖြစ်ပေါ်ခဲ့သည်ဟု ဖော်ပြထားပါသည်။

ငလျင်ဒဏ်ကြောင့် တည်ဆောက်ဆဲ ရေဝတီမြစ်ကူးတံတားဖြစ်သည့် ရတနာသိမ်၏ တံတားအခန်းနှစ်ခန်းပြိုကျပျက်စီးခဲ့ကြောင်းလည်း ပုံနှင့်တကွ တွေ့မြင်လိုက်ရပါသည်။ အချို့ကလည်း တံတားအမည်ပညတ်မြင့်လွန်းသောကြောင့် ဝေဖန်ကြပါသည်။

မိုးကုတ်မြို့တွင် ငလျင်ဒဏ်ကြောင့် ပေါ်လာသော ဌာပနာ ဘုရားများလည်း တွေ့ရသည်။ အထူးခြားဆုံး ဖြစ်ရပ်မှာ အထိအခိုက် အပျက်အစီး မရှိတဲ့ မုံရွာမြို့က ရပ်တော်မူဘုရားဟူသော စာသားနှင့် ပုံတော်ကို ဖော်ပြပေးထားပါသည်။ ရွှေဘိုငလျင်ကြောင့် လူ ၁၁ဦး သေဆုံးပြီး ၅၉ဦးဒဏ်ရာရရှိကြောင်းလည်း ဖော်ပြထားသည်ကို စိတ်မကောင်းစွာ တွေ့ရှိရသည်။ ငလျင်ဘေးဒဏ်သင့် ပြည်သူများကိုလည်း နိုင်ငံတော်အစိုးရနှင့် စေတနာအလှူရှင်များ၊ အဖွဲ့အစည်းအသီးသီးမှ ကူညီစောင့်ရှောက်ပေးကြ၊ အလှူဒါနပြု ကြသော သတင်းများလည်း မြင်ရ ဖတ်ရပါသည်။

ငလျင်ကြီးကြီးမားမား မလှုပ်တာ ကြာပြီဖြစ်သည်၊ လှုပ်မည့် လှုပ်တော့လည်း ဘုရား၊ စေတီ၊ သာသနိက အဆောက်အအုံပေါ်များရာဒေသမှာ လှုပ်ခတ်သဖြင့် ပိုဆိုး သွားပါသည်။ အချို့ပညာရှင်များကလည်း လှုပ်ပြီးမှ မည် သည့်ရက်၊ လတွင် လှုပ်ခတ်မည်ကို ကြိုတင် ခန့်မှန်းထား ကြောင်း၊ လောကီ(နက္ခတ်)ပညာဖြင့် ကြိုတင်သိနိုင်ကြောင်း ပြောဆိုသံ ရေးသားကြတာလည်း ဖတ်ရပါသည်။

သိန်းဆုကြီးပေါက်ပြီးမှ ကံထူးရှင်လက္ခဏာကို ကြည့် ၍ "ဒီလမ်းကြောင်း၊ ဒီအချက်ကြောင့် သိန်းဆုကြီးပေါက်ရ တာ"ဟု ဟောဖော်ပြသော လက္ခဏာဆရာကဲ့သို့ ဖြစ်ပါ သည်။ မည်သည့်ရက်/လတွင် လှုပ်မည်ကို တိတိကျကျ ခန့်မှန်းနိုင်ပါက လွတ်ရာကို ရှောင်ထားနိုင်မည်ဖြစ်သည်။ အချို့ပညာရှင်များကလည်း မည်သည့်နေ့ရပ်၊ မည်သည့်နေရာ ဒေသတွင် လှုပ်ခတ်မည်၊ လှုပ်ခတ်နိုင်ကြောင်း နက္ခတ္တဗေဒ အရ ခန့်မှန်းရာ ရက်အနည်းငယ်သာကွာကြောင်း သုတေ သနပြုထားပါသည်။

အထက်တွင် ဖော်ပြခဲ့သလို စိတ်ဝင်စားစရာအကောင်း ဆုံးမှာ ဗောဓိတစ်ထောင် ကမ္ဘာ့အကြီးဆုံး လေးကျွန်းစကြ ရပ်တော်မူဘုရားကြီးသည် လုံးဝ ထိခိုက်မှု၊ အက်ကွဲမှု ပြိုကျပျက်စီးမှု မရှိခြင်းဖြစ်ပါသည်။ ဤသို့ မဖြစ်ရခြင်းမှာ သိပ္ပံနည်းအရ အောက်ခြေ ဖောင်ဒေးရှင်း ကော...ခြင်း ထုထည်ကြီးမားခြင်း၊ ဖွဲ့စည်းပုံ စနစ်ကျခြင်း စသ...တို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောဆိုချင်ကြမည်။ သို့သော် အဘယ်ကြောင့် ထိခိုက်ပျက်စီးမှု မရှိရသလဲဟူသော အချက်ကို နက္ခတ်ပညာရှင် ဆရာကြီး သမ္မန္ဒ ပဒ္ဒတိ ဦးအောင်မြင့်မှ "ဗောဓိတစ်ထောင်ဘုရားကြီးတည်စဉ်ကာလက ငလျင်ကြီးကြောင့် မပျက်စီးနိုင်သော ဂါထာကြောင့်"ဟု ဆိုပါသည်။

စာရေးသူမှ -

"ဒီဂါထာကို ဘယ်လိုလုပ်ထားလို့လဲ"

ဟု မေးမြန်းရာ...

"အင်းတော်ကို ဌာပနာထဲမှာ မြှုပ်နှံထားလို့ မပျက်စီးတာ"

ဟု ရှင်းပြပါသည်။

## မဟာငလျင်ကာ ဂါထာ

(ငလျင်ကြီးကြောင့် မပျက်စီးနိုင်သော ဂါထာ)

(မုံရွာမြို့နယ်၊ မိုးညှင်းသမ္ဗုဒ္ဓေစေတီတော်၏ ဗဟိုမဏ္ဍိုင်မှ ဂါထာ)

> ယော ဒေဝီ ဒေဝဒေဝေါဂ္ဂံ
> ဓမ္မ မဂ္ဂဖလံ ဒဒေါ။
> နမာမိ တံ အရဟံ မဂ္ဂံ၊
> နော သော ပါလေတု ပါတုရဟော။

(အလွတ်ရအောင် ကျက်မှတ်၍ မိမိသက်စေ့ နေ့စဉ်ရွတ်ဆိုပါ။)

စာရေးသူလည်း ထိုဂါထာနှင့် အင်းတော်ကို တောင်းယူကာ မိတ္တူကူးယူခွင့် တောင်းလိုက်ပါသည်။

အချို့ဂျာနယ်များတွင် ရေးသားဖော်ပြဖူးသော ဂါထာပုံစံနှင့် တူပါသည်။ အင်တာနက်တွင်လည်း ဤပုံကို တင်ထားပါသည်။ မူရင်းစာရွက်မှ ကူးယူကာ ဖော်ပြပေးလိုက်ပါသည်။

ဤဂါထာတော်ကို ရတနာသိဒ္ဓိဂါထာ မန္တန်ပေါင်းချုပ်ရေးဟောင်း ဂါထာကျမ်းတို့တွင် တွေ့ရပါသည်။ ငလျင်ဘေးရန် ကာကွယ်ရန် အိမ်မှာ ကပ်ထားခြင်း၊ ပလတ်စတစ်သောင်းကာ ချိတ်ဆွဲထားခြင်း ပြုနိုင်သည်။ သို့သော် ဂါထာအနက်ကိုတော့ မတွေ့ရပါ။ ယခုနောက်ပိုင်း စာအုပ်တွင်လည်း အနက်မပါပါ။

လူအများစုအနေဖြင့် ယခုအခါ ထိုဂါထာတော်နှင့် အင်းပုံစံကို "ငလျင်ကာကွယ် ဂါထာ"ဟု လူသိများနေ၏။ သို့သော် ဗောဓိတစ်ထောင်ဘုရားကြီးတည်စဉ် လေပြင်းမုန်တိုင်းတိုက်စဉ်ကလည်း ထိုဂါထာကို ရေး၍ ကပ်ထားခဲ့ရာ မိုးသက်လေပြင်းငြိမ်သွားသည်ဟု ဆိုပါသည်။ ထို့ကြောင့် ထိုဂါထာတော်သည် သဘာဝဘေးဒဏ်အမျိုးမျိုးကို ကာကွယ်ပေးသည်ဟု မှတ်ယူနိုင်ပါသည်။ မိုးညှင်းဆရာတော်ဘုရားကြီး မုံရွာတွင် မိုးညှင်းသမ္ဗုဒ္ဓေစေတီတော်ကြီးတည်သောအခါ ဌာပနာပစ္စည်းတွင် ဗုဒ္ဓမြတ်စွာ၏ ဓာတ်တော် မွေတော်များနှင့်အတူ ရွှေငွေ ရတနာပစ္စည်း၊ အင်း၊ စမ၊ လက်ဖွဲ့တို့ကိုလည်း ထည့်သွင်း ဌာပနာခဲ့ပါသည်။ ကပ်သုံးပါးနှင့် ဘေးဥပဒ်အန္တရာယ်အမျိုးမျိုးကျော်လွှားစေရန် သမ္ဗုဒ္ဓေဂါထာအင်းတော်မြတ်လည်း ဌာပနာပါသည်။ စ၊ မ၊ ဗ၊ ဝ ဓာတ်ကြီးလေးပါးဂါထာတော်လည်း စီရင်ခဲ့ပါသည်။

ဒုတိယကမ္ဘာစစ်ကြီးကာလက အင်္ဂလိပ်လက်ထက်တွင် ဘုရားတည်ရာ တစ်စုံတစ်ခုသော အနှောင့်အယှက်မရှိဘဲ ချောချောမောမော အောင်မြင်ပြီးမြောက်ခဲ့ပါသည်။ ဒုတိယကမ္ဘာစစ်ဒဏ်၊ ဗုံးဒဏ်လည်း မခံခဲ့ရပေ။ မိုးညှင်းသမ္ဗုဒ္ဓေစေတီယကထာကျမ်းတွင် အပြည့်အစုံလေ့လာနိုင်ပါသည်။ ထို့ကြောင့် မိုးညှင်းသမ္ဗုဒ္ဓေစေတီတော်၏ ဗဟိုမဏ္ဍိုင်မှ ဂါထာသည်လည်း ဗုံးဒဏ်၊ ရာသီဥတုဒဏ်၊ ငလျင်ဒဏ် မခံခဲ့ရသည့် ဂါထာဖြစ်သည်ဟု ဆိုထားသည်မှာ ယုံကြည်ဖွယ်ဖြစ်ပါသည်။ အဆိုပါ ကျမ်းစာအုပ်တွင်တော့ မတွေ့ရပေ။

ယခုလည်း ထင်ရှားကျော်ကြားခဲ့သော ဗောဓိတစ်ထောင် ဆရာတော်ကြီးသည် မိုးညှင်းဆရာတော်တို့ကဲ့သို့ သီလ၊ သမာဓိ၊ ပညာနှင့်လည်း ပြည့်စုံပါသည်။ ထို့ကြောင့် ရုပ်ပွားတော်အမြင့် ၃၈၀ ပေ၊ ပလ္လင်ပါ အမြင့် ၄၂၄ပေရှိ

## မဟာငလျင်ကာ အင်းတော်မြတ်ကြီး

(မြင်းသွား အင်းဆံ)

| | | | | | |
|---|---|---|---|---|---|
| | ယော | ဂ္ဂံ | ဒ | ပါ | |
| ပါတု | လံ | သော | ဒေ | ဓ | ဒေါ |
| တံ | ဝေါ | ရဟော | လေ | မ | တိ |
| ဖ | တု | အ | နော | န | မ္မ |
| ဒေ | မိ | ဂ္ဂ | ဟံ | ဒေ | ဂ္ဂံ |
| | ရ | ဝ | မာ | မ | |

(ဘုရားခန်းတွင် ချိတ်ဆွဲ(ကပ်)ထားပါ။ ချုံ့(သို့)ချဲ့၍ တိုက်ရိုက်၊ တစ်ဆင့်ဝေငှပါ။)

မဟာကုသိုလ်တော်

*(ကိုယ်စားတော်) စကြာအောင်မြတ်ဘုန်းရှင်*



www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာ့အမြင့်ဆုံး ရပ်တော်မူဘုရားကြီးကို စနစ်တကျ တည်ထား ကိုးကွယ်တော်မူခဲ့ပါသည်။ ရေရှည်တည်တံ့ ခိုင်မြဲစေရန် "မဟာငလျင်ကာ ဂါထာ"ကို မြင်းသွားဖြင့် အင်းတော် မြတ်ကြီး စီရင် ဌာပနာခဲ့ပါသည်။

ဘုရားခန်းတွင် ချိတ်ဆွဲ(ကပ်ထား)ပါ။ ချူ(သို့)ချဲ့၍ တိုက်ရိုက်၊ တစ်ဆင့်ဝေငှပါဟု ရေးထားပါသည်။

ရှေးဟောင်း ဂါထာမန္တန်ကျမ်းဖြစ်သည့် ဓမ္မကထိက ဦးဖူးညိုရေးသော "ရတနာသိဒ္ဓိ အန္တရာယ်ကင်း ကျမ်း"တွင်လည်း ဖော်ပြထားသည်။ မြေငလျင်လှုပ်သော်လည်း မပျက်စီးနိုင်သော ဂါထာဟုလည်း ဖော်ပြထားပါသည်။ လက်လှမ်းမီသလောက် အနက်ပြန်ကြည့်ရာ···

"နတ်တို့၏ နတ်ဖြစ်တော်မူသော မြတ်စွာဘုရား··· သမ္မုတိနတ်၊ ဥပပတ္တိနတ်၊ ဝိသုဒ္ဓိနတ်တို့ထက် ထူးမြတ်သော မြတ်စွာဘုရား၊ မဂ္ဂင်တရား(မဂ္ဂင်ရှစ်ပါး)ဟောတော်မူသော မြတ်စွာဘုရား၊ မင်္ဂလာကို ပေးတတ်သော တရား(နိဗ္ဗာန်ရောက်ကြောင်း တရား)ကို ဟောတော်မူသော မြတ်စွာဘုရား၊ အရဟံဂုဏ်တော်(နတ်လူ သတ္တဝါအားလုံး၏ ပူဇော်အထူးကို ခံယူတော်မူထိုက်သော) မြတ်စွာဘုရားအား အကျွန်ုပ်သည် ရှိခိုးပါ၏။

ရှင်တော်မြတ်ဘုရားသည် ကျွန်ုပ်တို့အား ကာကွယ်စောင့်ရှောက်တော်မူပါ (ထင်ရှားစွာ ကာကွယ်စောင့်ရှောက်ခြင်း ဖြစ်ရပါလို၏) အရှင်ဘုရားဟု အာရုံပြုကာ ရှိခိုးပူဇော်ပါ။ အညွှန်းအတိုင်း အလွတ်ရအောင်ကျက်၍ နံနက်တိုင်း (သို့) ညစဉ် မိမိသက်စေ့ရွတ်ဆိုပါက ကြိုတင် ကာကွယ်မှု ဖြစ်စေပါသည်။

စာရေးသူသည် မဟာငလျင်ဂါထာနှင့် အင်းတော်စာ ရှာရပြီး မကြာမီကာလတွင် လေးကျွန်းစကြာ ရပ်တော်မူဘုရားကြီး၏ ပုံတော်ကို ပူဇော်ရပါသည်။ ထိုပုံတော်အောက်တွင် ဗောဓိတစ်ထောင် ဆရာတော် ပျံလွန်တော်မူစဉ်က မီးသင်္ဂြိုဟ်ပြီး ရောင်ခြည်တော် ကွန့်မြူးပုံ၊ မီးမခသော အံတော်၊ သွေးတော်ဓာတ်များ၊ ဆရာတော်၏ အရိုးအိုးတော်တို့ကို ပူဇော်ထားပါသည်။

အနောက်ဘက် မျက်နှာတွင် ဆရာတော်၏ ဆုံးမ ဩဝါဒနှင့် ဘုရားကြီးတည်ထားပုံအထပ်ထပ်ကိုလည်း ဖော်ပြပေးထားပါသည်။ ဆုံးမ ဩဝါဒအချို့ကို ပြန်လည်ဖော်ပြရသော်···

**အနေတတ်ရန်**

အပူထဲမှာ အေးအောင်နေ၊
အနှောင်ထဲမှာ ကင်းအောင်နေ၊
အရှုပ်ထဲမှာ ရှင်းအောင်နေ။

**ရောင့်ရဲမှု**

ဆင်းရဲလျှင် မော်ကြည့်၊
ချမ်းသာလိုလျှင် ငုံ့ကြည့်၊
ရောင့်ရဲနိုင်အောင် ကျင့်ကြရမည်။

**ဖြစ်ပျက်ကို မြင်အောင်ရှု**

ပြောတော့ အဟုတ်၊
လုပ်တော့ အလွဲ၊
နေတော့ ဆင်းရဲ၊
သေတော့ ငရဲ၊
နင်ပဲ···နင်ပဲ၊
ငါပဲ···ငါပဲ။

**ချမ်းသာခြင်းအကြောင်းတရားလေးပါး**

(၁) ရအောင် ရှာ၊
(၂) လုံအောင် ထိန်း၊
(၃) မျှအောင် သုံး၊
(၄) ပတ်ဝန်းကျင်ကောင်းနှင့် ပေါင်း၊ ချမ်းသာခြင်း၏ အကြောင်း။

သဗ္ဗေသတ္တာ အနိစ္စာ

* * *

ဓအောင်ကောင်းမြဲ(သာကေတ)



www.burmeseclassic.com

www.burmeseclassic.com

# ဂျာနယ်ကျော် မမလေး
## ဂမ္ဘီရဆန်းကြယ် စာအုပ်စင်

သုတအံ့

ရွှေစုန်းချောင်း ဆရာတော်




## သံဃာတော်ကား ငရဲသွား

ရွှေစုန်းချောင်းဆရာတော် အရှင်ဝိစိတ္တာလင်္ကာရ(အောင်မှူးဝေ)ရေးသားသော ဓမ္မနှင့် နိုင်ငံရေးစာအုပ်ကောင်းတစ်အုပ် ထွက်ရှိလာသည်။ "မင်းလက်ျာ"စာပေမှ ထုတ်ဝေဖြန့်ချိလိုက်ခြင်းဖြစ်သည်။

"လူမိုက်သည် မိမိပြုသော မကောင်းမှု အကျိုးမပေးသေးသမျှကာလပတ်လုံး မကောင်းမှုကို နှစ်သက်ဝမ်းမြောက်စွာ ပျားသကာကဲ့သို့ မှတ်ထင်၏။ သူ၏ မကောင်းမှု အကျိုးပေးသောအခါ ထိုလူမိုက်သည် ဆင်းရဲဒုက္ခသို့ ရောက်လေ၏"ဟု ဓမ္မပဒ-၆၉တွင် ဖွင့်ဆိုထား၏။


ဆရာတော် ရေးသားပြုစုသော ဓမ္မနှင့် နိုင်ငံရေးဆောင်းပါးများမှာ စာဖတ်သူတို့ အတွက် အကျိုးတစ်စုံတစ်ရာ ရရှိစေမှာ သေချာ၏။

ပစ္စုပ္ပန်တွင် ဖြစ်ပျက်နေသော စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး ကိစ္စအဝဝတို့ကို ဓမ္မနှင့် ချိန်ထိုး သုံးသပ်ပြီး ရေးသားထားသော ဆောင်းပါးများဖြစ်သည်။

**စာပေတိုက်** - မင်းလက်ျာ စာပေ
**မျက်နှာဖုံးပန်းချီ** - နေဝင်းအောင်

**ပုံနှိပ်ခြင်း** - ၂၀၁၃၊ ဧပြီလ၊ ပထမအကြိမ်။
**အုပ်ရေ** - ၁၀၀၀
**တန်ဖိုး** - ၂၅၀၀ ကျပ်။

ဆရာ မြတ်ထွဋ်ခေါင်




## မြန်မာ့ရိုးရာဗေဒင် လောကစံရှစ်ပါး၊ သက္ကတ်ပညာ...

မြန်မာ့ရိုးရာ ဗေဒင်ပညာရပ်များမှာ ခေတ်အဆက်ဆက် မတိမ်ကော၊ မပျောက်ကွယ်ဘဲ ဆရာအဆက်ဆက်၊ တပည့်အဆက်ဆက်တို့မှ လက်ဆင့်ကမ်း ဖြန့်ဝေခဲ့ကြသည်မှာ ယနေ့ထက်တိုင်ပင် ဖြစ်သည်။

မဟာဘုတ်၊ လောကစံရှစ်ပါးဗေဒင်ပညာရပ်တို့အကြောင်း ဆရာကြီးများက ရေးသားထုတ်ဝေခဲ့ကြသည့်နည်းတူ ဆရာ မြတ်ထွဋ်ခေါင်ကလည်း သူ လိုက်စားပြုစု၊ ထိန်းသိမ်းထားသော မြန်မာ့ရိုးရာဗေဒင်ပညာကို ထပ်ဆင့် လက်ဆင့်ကမ်းပေးလိုက်ခြင်းလည်း ဖြစ်သည်။

ဆရာ မြတ်ထွဋ်ခေါင်ကိုယ်တိုင်က ဗေဒင်ဆောင်းပါးများ ရေးရင်း၊ ဗေဒင်သင်တန်းများ ပေးရင်း၊ အများပြည်သူကို ဟောပြောရင်း ဤစာအုပ်ကို ရေးသားပြုစု ထုတ်ဝေလိုက်ခြင်းဖြစ်သည်။

မြန်မာ့ရိုးရာဗေဒင်ပညာ လောကစံရှစ်ပါး သက္ကတ်ဗေဒင်ပညာရပ်ကို အခြေခံမှစပြီး ရှင်းလင်း လွယ်ကူစွာ ရေးသားပြုစုထား၏။


**စာပေတိုက်** - ပန်းဝေဝေ စာပေ
**မျက်နှာဖုံးဒီဇိုင်း** - မြန်အောင် ကွန်ပျူတာဂရပ်

**ပုံနှိပ်ခြင်း** - ၂၀၁၃၊ ဧပြီ၊ ပထမအကြိမ်။
**အုပ်ရေ** - ၁၀၀၀
**တန်ဖိုး** - ၂၀၀၀ ကျပ်။

www.burmeseclassic.com

www.burmeseclassic.com

ဝသုန်ဟိန်းထက်




## ပေါ့ပေါ့ပါးပါး ယတြာများ

ဆရာ ဝသုန်ဟိန်းထက် ရေးသားသော ယတြာစာအုပ်ထွက်ရှိလာသည်။ "ပေါ့ပေါ့ပါးပါး ယတြာများ"ဟု အမည်ပေးထား၏။

ယတြာ (၂၈)ပုဒ်ကို စုစည်းထုတ်ဝေလိုက်ခြင်းဖြစ်သည်။

ပေါ့ပေါ့ပါးပါး ယတြာများဆိုသည့်အတိုင်း စာဖတ်သူတို့ ကြုံတွေ့နေရသည့် စီးပွားရေး လူမှုရေး ကျန်းမာရေး အခက်အခဲများ သက်သာလျော့ပါးစေရန် ဆရာ ဝသုန်ဟိန်းထက်က ကူညီလမ်းပြ နည်းလမ်းကောင်းများ ပေးထား၏။

ချစ်ခင်သူများ အမြန်ပြန်လာစေချင်ပါသလား။


လက်လွှန် ငွေတွေ ပြန်လိုချင်သလား။

အထက်လူကြီး မပြုပြင်ရန် ဘာယတြာလုပ်ရမလဲ။

လက်တွေ့ အဖုအကျိတ်ပျောက်နည်း စသည်・・・စသည်ဖြင့် အကြောင်းအရာစုံ၊ အဖြစ်စုံအတွက် ယတြာများကို လမ်းညွှန်ရေးသားထား၏။

စာပေတိုက် - မြတ်ပန်းရဂုံ စာပေ
မျက်နှာဖုံးဒီဇိုင်း - မောင်ကျော်စိုး
ပုံနှိပ်ခြင်း - ၂၀၁၃၊ ဖေဖော်ဝါရီ၊ ပထမအကြိမ်။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၅၀၀ ကျပ်။

မင်းအောင်မင်း




## ပြောင်းလဲနေသော ခေတ်နှင့်အညီ အလုပ်အကိုင်ရှာဖွေနည်း

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှု ဒီရေနှင့်အတူ အလုပ်အကိုင် အခွင့်အလမ်းများလည်း ပိုမိုပွင့်လင်းလို့လာ၏။

ခေတ်နှင့်အညီ ဆရာ မင်းအောင်မင်း ရေးသားသည့် အလုပ်အကိုင်ရှာဖွေနည်း စာအုပ်ကို စာဖတ်သူများ ဖတ်ရှုသင့်သည်ထင်၏။

"ပြောင်းလဲနေသောခေတ်နှင့်အညီ အလုပ်အကိုင်ရှာဖွေနည်း"ဟု အမည်ပေးထားပြီး "ယဉ်မျိုး"စာပေတိုက်မှ ထုတ်ဝေလိုက်ခြင်းဖြစ်သည်။

အဓိကအားဖြင့် ပြည်တွင်းအလုပ်အကိုင်များထက် နိုင်ငံရပ်ခြားမှ ရင်းနှီးမြှုပ်နှံမည့် နိုင်ငံခြားကုမ္ပဏီများတွင် ဝင်ရောက် အလုပ်လုပ်ကိုင်နိုင်ရန်အတွက် ဖတ်ရှုထားသင့်သည်။

အလုပ်တစ်ခုကို ချိန်ရွယ်ခြင်း၊ ချဉ်းကပ်နိုင်မည့် နည်းလမ်းများကို ရှာဖွေခြင်း၊ လိုအပ်သည်များကို ပြင်ဆင်ခြင်း၊ လုပ်ငန်းနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို စုဆောင်းခြင်းတို့ကို သိထား၊ ဖတ်ထားခြင်းဖြင့် အမြဲပြောင်းလဲနေသော အတတ်ပညာရပ်များ၊ စီးပွားရေးလုပ်ငန်းများနှင့် အံဝင်နေမှာ သေချာသလောက်ရှိကြောင်း စာရေးသူက ညွှန်းဆိုထားသည်။

စာပေတိုက် - ယဉ်မျိုး စာပေ
မျက်နှာဖုံးဒီဇိုင်း - အေးဖြူအောင်
ပုံနှိပ်ခြင်း - ၂၀၁၃၊ မေလ၊ ပထမအကြိမ်။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၂၀၀ ကျပ်။

* * *


www.burmeseclassic.com

www.burmeseclassic.com

၂၁ ရာစု

# ဆရာဦးအောင်မိုးဇော်

## EX-စာပေပိမာန်

## အထက်တန်း လက္ခဏာ၊ နက္ခတ္တဗေဒပညာရှင်

## သင်တန်းနည်းပြ

BURMESE CLASSIC .com

စာရေးဆရာ ဆရာမ ဝေဝေအောင်ထံမှ စာတစ်စောင်-

Ph. 290046

09-51-38742

အမှတ် (၁၄)၊ ရွှေဘုန်းပွင့် ဘုရားဈေးတန်း၊ ပုဇွန်တောင်မြို့နယ်။ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၃၀၇၆၈၀၈
အလုပ်ချိန် -နံနက် (၈း၃၀) မှ ညနေ (၆း၀၀)

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

■

ခြံနံပါတ်များကို ကြည့်မှတ်ရင်းက ကားကို ဆက်မောင်းနိုင်းသည်။ ဆိတ်ငြိမ်ရပ်ကွက်(သူဌေးရပ်ကွက်)ဖြစ်၍ လမ်းက ကျဉ်းသော်လည်း ရှင်းသည်။ လမ်းကလေး၏ ဝဲ-ယာများတွင် ခိုင်ခန့်သပ်ရပ်သော ခြံစည်းရိုးကြီးများ ကာရံထားသည်။ လမ်းတစ်လျှောက်တွင် လူသွားလူလာဟူ၍ သိပ်ပြီး မတွေ့ရဘဲ အဆင့်မြင့်သော အိမ်စီးကားလေးတစ်စီးတလေကိုသာ တွေ့ရတတ်သည်။

ခြံနံပါတ်ကို အစဉ်အတိုင်း မရှာတတ်၍ လှည့်နေမိသည်။ ကကသမားကလည်း သိပ်ပြီးရှာတတ်ပုံ မရပေ။ မေးမြန်းစုံစမ်းရန် စိတ်ကူးမိသော်လည်း လူသွားလူလာ မတွေ့၍ ခက်သည်။ ထို့ကြောင့် ရပ်ကွက်ထဲသို့ ရောက်နေမိပြီးမှပင် အိမ်ကို ရှာ၍မရနိုင်ဖြစ်နေသည်။ သူ့ဆီမှ ဆက်သွယ်ထားသော ခြံနံပါတ်ရှိနေသော်လည်း အားနာ၍ ခြံဆက်ဖြစ်။

နောက်ထပ် တအောင့်ကြာအောင် လှည့်နေပြီးမှ ခြံနံပါတ်ကို တွေ့သည်။ ကကမောင်းသမားအား ဘဲလ်တီးခိုင်းလိုက်သည်။ ထို့နောက် ကကားမှာပင် ဆက်ထိုင်နေလိုက်သည်။ တအောင့်အကြာတွင် အသက် ၅၀ ကျော်ရွယ် လူကြီးတစ်ယောက် ထွက်လာသည်။ ခြံလုပ်သားဖြစ်ဟန်တူသည်။

"ဘာကိစ္စရှိလို့ပါလဲ"

ထိုလူကြီးက မေးသည်။

ဘာပြန်ပြောရမှန်း မသိ။ မိမိသည်က သူတို့ ဆက်သွယ်ထားသော ခြံနံပါတ်နှင့် ဖုန်းနံပါတ်မျှသာ ဖြစ်သည်။ ထို့ကြောင့် မိမိ၏ ဖုန်းနံပါတ်ကဒ်ကို သူ၏ အိမ်ရှင် သူဌေးအား ပြန်ပေးခိုင်းလိုက်သည်။ ထိုလူကြီးလည်း ဖုန်းကဒ်ကို ကြည့်ရင်းဖြင့် အိမ်ဆီသို့ လျှောက်သွားလေသည်။

တအောင့်အကြာတွင် ထိုလူကြီး ပြန်ရောက်လာသည်။ ခြံကိုလည်း သော့ဖွင့်ပေးသည်။ ထို့ကြောင့် ကကားလေးကို ခြံထဲ မောင်းခိုင်းလိုက်သည်။ အုတ်လမ်းကလေး၏ ဝဲယာတွင် မြက်ခင်းစိမ်းလေးနှင့် ပန်းခင်း၊ ပန်းတန်းလေးများ၊ အမျိုးအမည်ကို မခေါ်တတ်သည့် အရောင်အသွေးစုံသော ပန်းပင်လေးများ အစီလိုက်ရှိနေသည့် ပန်းအိုးကြီးများကို တွေ့ရသည်။

သန့်ပြန့်သပ်ရပ်သည့် တိုက်အိမ်ကလေးများ၊ ခန့်ညားထည်ဝါသည့် တိုက်အိမ်ကြီး။ ခြံဝိုင်းကြီးက ကျယ်သော်လည်း လူဟူ၍ မတွေ့ရ။ လူနေမှု အဆင့်အတန်းမီသော၊ မြင့်သော အရပ်အဝန်းတစ်ခုဟု ဆိုရမည်။

ကကကားလေးကို ခြံစောင့်ကြီးဟု ထင်ရသော ဦးဆောင်ခေါ်လာသည့် လူကြီးက လက်ဖြင့် ညွှန်ပြသည့်နေရာတွင် ရပ်နားလိုက်၏။ ထိုနေရာသည် အိမ်ကြီး၏ အဝင်ပေါက် တံခါးမကြီး၏ မျက်စောင်းထိုးတစ်နေရာဖြစ်သည်။

အိမ်အဝင် တံခါးပေါက်တွင် ခပ်သန့်သန့်လေး ဝတ်ဆင်ထားသော အသက် ၂၅နှစ်ခန့်အရွယ် အမျိုးသမီးတစ်ဦး ရပ်စောင့်နေ၏။ သို့သော် အိမ်ရှင်မ၊ သို့တည်းမဟုတ် ၎င်းတို့၏ သမီးဖြစ်ဟန် မတူ။ အိမ်ဖော်မလေးတစ်ယောက်သာဖြစ်ဖို့ များသည်။ ၎င်းကပင်…

"အထဲသို့ ဝင်ပါလေ။ ဆရာကြီး စောင့်နေပါတယ်"

ဟု ပြောပြီး သူ၏ ကိုယ်လေးကို ကျုံ့ယုံ့ပေးသဖြင့် အိမ်ထဲကို ဝင်လိုက်ရာ ဧည့်ခန်းအလယ်တွင် သပ်ရပ်သန့်ပြန့်သော ကျွန်းစားပွဲကြီးကို ခင်း၍ အသက် ၅၀အရွယ်ခန့် ဝဝခန့်ခန့် လူကြီးတစ်ယောက်ကို တွေ့လိုက်ရသည်။ ထိုလူကြီးကပင် လက်ချောင်းတိုင်းတွင် လက်စွပ်များ ဝတ်ထားသည့် လက်ကြီးဖြင့် ကုလားထိုင်တစ်လုံးကို ညွှန်ပြကာ မောင်အေးချမ်းအား ထိုင်ပါဟု အောင်မြင်သော အဘိုးကြီးဖြင့် ပြောသည်။

ထို့နောက် ၎င်းကပင် တစ်နေ့က ဖုန်းပြောလိုက်တဲ့ စာရေးဆရာ မဟုတ်လားဟု မေးသည်။

"ဟုတ်ပါတယ်"

ထို့နောက် သူသည် ဘာမှမပြောတော့ဘဲ သူ့ရှေ့ စားပွဲတွင် ပုံထားသော ဖိုင်တွဲများကိုသာ တစ်ခုပြီးတစ်ခု လှန်လှော၍ ကြည့်နေလေသည်။

ယခင်က ဆီးကြိုနေသည့် အိမ်ကူ/အိမ်ဖော်မလေးဖြစ်ဟန်တူသော ကောင်မလေးက မုန့်နှင့် ကော်ဖီများကို လာချပေးသည်။ ထို့နောက် ကျုံ့ယုံ့သော ကိုယ်အမူအရာဖြင့် လှည့်ပြန်သွား၏။

ထိုလူကြီးသည် ဖိုင်တွဲတစ်ခုကို ဆွဲထုတ်လိုက်ပြီး…

"ရော့၊ ဒီမှတ်တမ်းထဲက စာကို ဖတ်ကြည့်၊ ဖတ်ကြည့်လို့ မှတ်တမ်းထဲက အကြောင်းအရာတွေကို သိတယ်ဆိုရင် အလုပ်ဆက်လုပ်လို့ ရပြီ"

ဟု ပြောပြီး မှတ်တမ်း ဖိုင်တွဲကြီးကို ကမ်းပေးသည်။

ထို့ကြောင့် မောင်အေးချမ်း ငေးသွား၏။ ဤလူကြီးနှင့် မနေ့က ဖုန်းဖြင့် စကားပြောဖူးသည်။ သူပြောသည်မှာ သူသည် မောင်အေးချမ်း၏ မဂ္ဂဇင်းမှာ



www.burmeseclassic.com

www.burmeseclassic.com

ပါ ပါသော စာများကို ဖတ်ဖူးသည်။ တွေ့ဆုံလိုသည်။ ကြီးပွားချမ်းသာမည့် အကြောင်းတစ်ခုကို ပြောဆို တိုင်ပင်လိုသည်။ ထိုမျှသာ။ ယခု ဖိုင်တွဲကြီး တစ်ခုကို ထိုးပေးနေပြန်သည်။ ဘာလဲတော့ မသိ။

"ဖတ်ကြည့်လိုက်ပါ။ ပြီးတော့မှ ပြန်ပြော။ ကဲ - ဟုတ်ပြီလား"

ထိုလူကြီးသည် ထိုမျှသာ ပြောထားခဲ့ပြီး ထသွားလေ၏။ ထို့နောက် အပေါ်ထပ်သို့ တက်သွားလေသည်။

မောင်အေးချမ်း နားမလည်သလိုဖြစ်နေရင်းက သက်မတစ်ချက်ချလိုက်သည်။ ထို့နောက် မှတ်တမ်း ဖိုင်တွဲကြီးကို ဖွင့်ပြီး ဖတ်လေ၏။

♦♦♦

မှတ်တမ်းဖိုင်တွဲကြီးက မူလဖိုင်တွဲဟုတ်ဟန်မတူ။ အသစ်စက်စက် ကူးရေးထားသည်ကို တွေ့ရသည်။ စာသားများအပြင် လမ်းညွှန်မြေပုံလည်း ပါသည်။ အသေးစိတ်ရေးသား ညွှန်ပြထားသည့်သဘောကို ဆောင်သည်။ အတွင်းစာသားများမှာ မြန်မာနိုင်ငံထဲမှ ဂျပန်များ ဆုတ်ပြေးစက အကြောင်းအရာများဖြစ်၏။

ထိုအချိန်က ဦးကျော်ထွန်းအောင်သည် ဂျပန်စကားပြန်ကြီးဖြစ်သည်။ ဇာတိကား အမ်းမြို့နယ်၊ မစရိုင်းကမ်းဖြစ်၏(ယခု ကျောက်ဖြူမြို့နယ်)။ ဦးကျော်ထွန်းအောင်သည် အမ်းမြို့ ပြည်ကျောင်း၊ ဘုရင်မ ရွှေတံဆိပ်တော်ရ ဆရာတော်ကြီး ဦးဝိဇယ၏ တပည့်ရင်းဖြစ်သည်။ ဆရာတော်ကြီးကား ဘာသာရပ်အတော်များများကို တတ်ကျွမ်းသည်။

ထို့ကြောင့် ဆရာတော်ကြီးသည် မြန်မာနိုင်ငံထဲသို့ ဂျပန်များ ဝင်လာစဥ်ကပင် တပည့်များအား ဂျပန်စကား၊ ဂျပန်စာများ သင်ပေးထား၏။

"မင်းတို့ ဂျပန်တွေဆီမှာ စကားပြန်လုပ်ရင် ပိုက်ဆံရကြမှာ"ဟူ၍လည်း မိန့်တော်မူသည်။ ထို့ကြောင့် ဂျပန်များ ရောက်လာကြရာတွင် ဦးကျော်ထွန်းအောင်ဖြစ်လာမည့် မောင်ကျော်ထွန်းအောင်သည် ဂျပန်စကားပြန်ဖြစ်လာခဲ့သည်။

ဂျပန်များနှင့်အတူ စကားပြန်အဖြစ် ပါလာကြသော အခြား စကားပြန်များသည်လည်း မနည်းချေ။ သို့သော်လည်း နယ်ခံဖြစ်သော မောင်ကျော်ထွန်းအောင်ထက် သာလွန်နိုင်သူဟူ၍ကား မရှိကြ။ မောင်ကျော်ထွန်းအောင်မှာ နယ်ခံဖြစ်သည့်အလျောက် ဒေသခံစကားများကို ဝေါဟာရနှင့်တကွ တတ်ကျွမ်းသလို၊ ကုန်းလမ်း၊ ရေလမ်းများကိုလည်း ကျွမ်းကျင်သည်။

> ဂျပန်များ တပ်ဆုတ်ပြေးကြမည့် အခန်းကဏ္ဍသို့ ရောက်လာသောအခါ နိုင်ငံအချို့မှ သိမ်းယူလာကြသော ရွှေငွေရတနာများကို ကျင်းတူး၍ မြှုပ်ကြလေသည်။ နီးစပ်ရာ ရွာသားများကို ဖြစ်စေ၊ သူတို့ သိပ်အသုံး မလိုတော့သော စကားပြန်များကို ဖြစ်စေ၊ ကျင်းတူးခိုင်းကြပြီး ရတနာများကို ဦးစွာ ကျင်းထဲသို့ထည့်ကာ မြေကို ထက်ဝက်မျှဖို့၏။ ထို့နောက် ကျင်းတူးသော လူများကို သတ်ထည့်ပြီး အပြီးတိုင် မြေဖို့လိုက်ကြ၏

ထို့ကြောင့် မောင်ကျော်ထွန်းအောင်သည် အရေးပါ အရာရောက်သော ဂျပန်စကားပြန်ကြီးဖြစ်လာခဲ့သည်။ ဂျပန်များကလည်း မောင်ကျော်ထွန်းအောင်ကိုသာ အရေးပေး အလေးထားပြီး အသုံးပြုလာကြသည်။ ဂျပန်တို့၏ ရခိုင်ပြည် စစ်ကြောင်းတစ်လျှောက်တွင် စကားပြန်အဖြစ် အထင်ရှားဆုံးဖြစ်လာခဲ့သည်။

အင်္ဂလိပ်တို့ကလည်း စင်ကာပူ ခံတပ်ကြီး ကျဆုံးသွားစဥ်ကပင် စစ်ဘီလူး ဂျပန်တို့အား နားလည်လိုက်သဖြင့် စင်ကာပူမှသည် ရေတန်း စစ်မျက်နှာများကို ဖွင့်ပေးကာ အသေအချာ ဆုံးဖြစ်သော ဣန္ဒိယနယ်စပ် ခံတပ်ကြီးကိုသာ အခိုင်အမာ တပ်စွဲထားကြလေသည်။ ထို့ကြောင့် ဂျပန်တို့သည် ဣန္ဒိယနယ်စပ် အင်ဖာတိုက်ပွဲသည် ကမ္ဘာ့အရှည်ကြာဆုံးသော တိုက်ပွဲကြီးအဖြစ် မှတ်တမ်းဝင်သည်အထိ ဖြစ်ခဲ့ရသည်။ ရခိုင်ပြည်နယ်ဘက်က ဘင်္ဂလားနယ်စပ်ကိုလည်း ထိုနည်းတူ ရှုပင် ကျော်ဖြတ်နိုင်ခဲ့ခြင်း မရှိကြ။

သည်အထဲ နောက်ထပ် အမှားကြီးတစ်ခုကို ထပ်မံ၍ ကျူးလွန်မိပြန်သည်မှာ ကမ္ဘာ့စစ် ဘုရင်နိုင်ငံကြီးဟု တင်စားခံရသော အမေရိကားနိုင်ငံပိုင် ပုလဲဆိပ်ကမ်း စစ်စခန်းကြီးကို အလစ် အငိုက် ဝင်ရောက်တိုက်ခိုက်လိုက်ခြင်းပင် ဖြစ်သည်။ ဤကိစ္စကြောင့်ပင် ကမ္ဘာ့ဒုတိယစစ်ကြီး ဆုံးခန်းပြီးမြောက်ရန် အကြောင်းဖန်လာခဲ့သည်ဟု ဆိုကြသည်။

ထိုအရေးကိစ္စကြောင့်ပင် အမေရိကားတို့က ဂျပန်နိုင်ငံ၏ မြို့ကြီးများဖြစ်သော ဟီရိုရှီးမားနှင့်နာဂါစကီး

www.burmeseclassic.com

www.burmeseclassic.com

အတုမြှုံး ကြံချလိုက်သဖြင့် ဂျပန်များ ဝစ်ရုံးခြင်းသို့ ရောက်ခဲ့ရသည်။

ထို့ကြောင့် ဂျပန်များ တပ်ဆုတ် ပြေးကြမည့် အခန်းကဏ္ဍသို့ ရောက် လာသောအခါ နိုင်ငံအချို့မှ သိမ်းယူလာ ကြသော ရွှေငွေရတနာများကို ကျင်း တူး၍ မြှုပ်ကြလေသည်။ နီးစပ်ရာ ရွာ သားများကို ဖြစ်စေ၊ သူတို့ သိပ်အသုံး မလိုတော့သော စကားပြန်များကို ဖြစ် စေ ကျင်းတူးခိုင်းကြပြီး ရတနာများကို ဦးစွာ ကျင်းထဲသို့ ထည့်ကာ မြေကို ထက်ဝက်မျှ ဖို့၏။ ထို့နောက် ကျင်းတူး သော လူများကို သတ်ထည့်ပြီး အပြီး တိုင် မြေဖို့လိုက်ကြ၏။ ကျင်းတူးသူ မရှိဘဲ သူတို့ဘာသာ တူးမြှုပ်ရသော အခါတွင် မြင်း၊ လား၊ နွား စသည်များ ကို သတ်ထည့်၍ မြှုပ်၏။

ဤကဲ့သို့ လုပ်ထားခဲ့ခြင်းမှာ အခြားကြောင့် မဟုတ်ပေ။ ရတနာများ ကို တူးမြှုပ်ထားသော မြေပုံဟု ထင်ပြီး အသခံများ တူးဖော်ကြလျှင် ဦးစွာ အရိုးများကို တွေ့မည်ဖြစ်ပြီး ရတနာများ ကို မြှုပ်သော မြေပုံမဟုတ်ဟု ထင် ယောင်ထင်မှားဖြစ်စေလိုသောကြောင့် ပင် ဖြစ်သည်။ မောင်ကျော်ထွန်းအောင် သိသမျှ ဂျပန်များ ရတနာကျင်းမြှုပ်ကြ ရာတွင် သည်အတိုင်းချည်းသာ ဖြစ် သည်။

ယခု ဤမြေပုံညွှန်းနှင့် မှတ်တမ်း သည်ကား အမ်းမြို့နယ်။ တန်းတင်ရွာ အနီး တောထဲက "အောက်ငှက်ပျော ခင်းချောင်းဖျား"တွင် မြှုပ်ထားခဲ့သော ရတနာကျင်း၏ အကြောင်းအရာမျှသာ ဖြစ်သည်။ အောက်ငှက်ပျောခင်းချောင်း ကို အနည်းငယ်မျှ ဆန်၍တက်လျှင် ချောင်းနှစ်ခွဖြစ်သွားပြီး လက်ဝဲဘက် ချောင်းခွဲ၏ တစ်ဖာလုံကျော်ခန့် တောင် ကမ်းပါးတွင် ရတနာများကို မြှုပ်ကြ သောအခါ ရတနာများမှာ ကားတစ်စီး တိုက်ဖြစ်သည်။ ရွှေဖြစ်လေသလား၊ ငွေဖြစ်လေသလား ဟူသည်ကို မောင်ကျော်ထွန်းအောင် မသိရပေ။ မောင်ကျော်ထွန်းအောင်ကိုလည်း ရတနာတွင်းနှင့် မနီးမဝေးသော တစ် နေရာတွင် မျက်နှာကို ပဝါစည်းပြီး ထိုင်ခိုင်းထားသည်။

ထိုတွင်းကို မြှုပ်နှံရာ၌ လူကူ မပါဘဲ ဂျပန်များကိုယ်တိုင် ပေါက်တူး၊ ပေါက်ပြားများဖြင့် ကျင်းတူးကြသည်။ ဂျပန်များ တူးပေါက်နေကြသံကိုလည်း မောင်ကျော်ထွန်းအောင် ကြားနေရ သည်။ ထို့နောက် မြင်းများကို သေနတ် ဖြင့် ပစ်သတ်၍ ထည့်မြှုပ်သံကိုလည်း အတိုင်းသား ကြားနေရသည်။

ကိစ္စများ ပြီးသောအခါ မောင်ကျော်ထွန်းအောင်ကို ပဝါစည်း မဖြုတ်ဘဲ သည်အတိုင်းပင် ခေါ်လာခဲ့ သည်။ နာရီဝက်ကျော်ကျော်ခန့် ခေါ် လာပြီးမှ ပဝါစည်းကို ဖြုတ်သည်။ သို့မှ လာလမ်းအတိုင်းမဟုတ်ဘဲ အခြား တစ်လမ်းမှ ခေါ်လာခဲ့သည်ကို သိ လိုက်ရသည်။ ထိုနေရာသည်ကား ရွှေတောင်၊ ငွေတောင်ဟု ရာဇဝင် ပြောင်သည့် တောနက်ထဲဖြစ်သည်။

(ဤနေရာ၌ မြေပုံညွှန်းနှင့် စာကို ရေးဆက်၍ မရေးတော့ဘဲ ဤရတနာ ကျင်းအကြောင်းကိုပင် ပြန်လည်၍ ဖော်ပြသည်။ အခြားရတနာကျင်း၏ အကြောင်းများသည်လည်း ရှိလေဦး မည်ဟု ထင်သည်။ ရတနာကျင်းစာ အညွှန်းကို ဆက်၍ ဖတ်ကြည့်သော အခါ···)

မောင်ကျော်ထွန်းအောင်သည် ကား အမ်းမြို့နယ်သားဖြစ်၍ အမ်းမြို့ နယ်မှာသာ ကျွမ်းကျင်သည်။ အခြား မြို့နယ်ကို ရောက်သွားသောအခါ ကျွမ်းကျင်နိုင်တော့မည်မဟုတ်ပေ။ ထို အခါ ရှေ့က ရတနာကျင်းများတွင် သတ်မြှုပ်ခံသွားကြရသော ညီတော် နောင်တော်များနည်းတူ မောင်ကျော် ထွန်းအောင်လည်း နောက်လိုက် နောက်ပါတစ်လောင်းဖြစ်သွားရပေလိမ့် မည်။

ထိုကဲ့သို့ စဉ်းစားမိလာ၍ မောင်ကျော်ထွန်းအောင်သည် ဂျပန်များ အလစ်တွင် ထွက်ပြေး လွတ်မြောက် ၍ ပြန်လာကာ အောက်ငှက်ပျောခင်း ချောင်း၏ ရတနာကျင်းအနီးတွင် ရှိ သော ကျွန်းလုလင်ပင်၌ ဂျပန်များ ယာယီ တဲတားဆောက်လုပ်ရာတွင် အသုံးပြုသော သံကုတ်တစ်ခုကို ထိုး စိုက် ရိုက်သွင်းပြီး မှတ်သားထားခဲ့လေ သည်။

♦♦♦

"ကဲ - စာရေးဆရာ ဘယ်လို လဲ။ အဲဒီမှတ်တမ်းထဲက တောတောင် တွေကို သိသလား"

ဟု မှတ်တမ်းဖိုင်တွဲကို ထုတ် ပေးသော လူကြီးက မေးသည်။

"ဟုတ်ကဲ့၊ သိပါတယ်"

"အေး၊ စာရေးဆရာရဲ့ စာတွေ ကို ဖတ်ကြည့်တဲ့အခါမှာ ဒီမှတ်တမ်း မှာ ပါတဲ့ တောတောင်တွေအကြောင်း ကို မကြာခဏဆိုသလိုပဲ ရေးတာ တွေ့နေရတယ်။ ဒါကြောင့် စာရေး ဆရာဟာ ဒီပတ်ဝန်းကျင် တောတောင် တွေကို ကျွမ်းကျွမ်းကျင်ကျင်ရှိလိမ့်မယ် လို့ ယူဆရတဲ့အတွက် အခုလို ခေါ်ယူ တွေ့ဆုံလိုက်တာပဲ။ ဒီတော့ တစ်ခုမေး ကြည့်ဦးမယ်။ စာရေးဆရာကို အမ်းမြို့ နယ်သားလို့တော့ သိထားပြီ။ အမ်းမြို့ နယ်၊ ဘယ်ရွာသားဖြစ်တယ်ဆိုတာ လည်း ပြောပြပါဦး"

ဟု ထိုလူကြီးက မောင်အေးချမ်း



www.burmeseclassic.com

www.burmeseclassic.com

၏ မျက်နှာကို စိုက်ကြည့်ရင်းက မေးသည်။

"အဲဒီမှတ်တမ်းထဲမှာ ပါတဲ့ တန်းတင်ရွာသားပါပဲ"

"ဟာ . . . ဟုတ်ပြီ၊ ဟုတ်ပြီ။ အဆင်ပြေပြီ။ စာထဲမှာ ဖတ်နေရတဲ့အတိုင်း ကွက်တိကျပြီ။ တန်းတင်ရွာသားဖြစ်နေမှတော့ မှတ်တမ်းထဲမှာ ပါတဲ့ တောတောင်တွေကိုလည်း ကျင်ကျင်လည်လည်တော့ ရှိမှာပေါ့"

"ဟုတ်ပါတယ်။ ငယ်ငယ်တုန်းက နွားကျောင်းရင်းနဲ့ အဲဒီတောတောင်တွေကို မကြာခဏရောက်ပါတယ်"

"အေးပေါ့ ရွာနဲ့ နီးတဲ့ တောဆိုတော့လည်း အရောက်အပေါက်များတော့မှာပေါ့။ ဒီတော့ မှတ်တမ်းထဲက ရတနာသိုက်အကြောင်းကို စိတ်ဝင်စားတယ်မဟုတ်လား"

မောင်အေးချမ်း ခေါင်းလည်း မညိတ်၊ ခေါင်းလည်း မခါ။ ထိုလူကြီး၏ မျက်နှာတွင် လောဘရောင်ဖြင့် ရွှန်းရွှန်းစိုနေသော်လည်း မောင်အေးချမ်းသည်ကား စဉ်းစားနေမိ၏။ ဖြစ်နိုင်၊ မဖြစ်နိုင်၊ ရ,မရ သံသယဝင်မိသည်။ ရတနာသိုက်ကို လိုက်ရင်းက မွဲသွားကြသူများ၊ ဆင်းရဲဒုက္ခရောက်သွားကြသူများ များစွာပင် ရှိကြကြောင်း ကြားလည်း ကြားဖူးသည်၊ မြင်လည်း မြင်ဖူးသည်။

သူ၏ ရတနာသိုက်ညွှန်း မှတ်တမ်းကို မှားသည်ဟူ၍ မဆိုလိုပေ။ မှန်ပေလိမ့်မည်။ သိုက်ညွှန်းမှတ်တမ်းတွင် ပါသော ကျွန်းလုလင်ပင်ပေါ်က သံကုတ်ကိုပင် မောင်အေးချမ်းတို့ နှုတ်ခဲ့ကြဖူးသည်။ ဆွဲနှုတ်သူမှာ မောင်အေးချမ်း၏ ဦးလေး ဦးရွှေမြင့် (မောင်ရွှေမြင့်)ဖြစ်သည်။



နွားကျောင်းရင်း ကျွန်းလုလင်ပေါ် တက်ဆော့ရင်းဖြင့် ဦးလေး မောင်ရွှေမြင့်က သံကုတ်ကို မြင်သည်။ သံကုတ်မှာ ရေညှိများပတ်လျက် ကျွန်းလုလင်ပင်၏ အရောင်နှင့် တစ်သားတည်းဖြစ်နေသည်။ ကလေးများဖြစ်သည့်အလျောက် ဘာမှမစဉ်းစားဘဲ တုတ်ချောင်းဖြင့် ကဲ့ကော်ပြီး ဆွဲနှုတ်လိုက်ကြသည်။

ထိုမျှအထိ ရတနာသိုက်ကျွန်းစသည် တိကျနေသော်လည်း ရတနာဟူသည်မှာ ထိုက်မှ ရသည်။ နတ်ပိုင်သည်။ ကံကြီးမှ ရသည်။ ကံမကြီးလျှင် ရွှေအိုးက မီးသွေးခဲဖြစ်သွားတတ်သည်။ မထိုက်လျှင် ထိုရတနာနှင့် ပတ်သက်ပြီး စိတ်ပင်ပန်း ကိုယ်ပင်ပန်းအပြင် အသက်ပါ ဆုံးရှုံးတတ်သည်အထိလည်း ရှိတတ်သည်ဟု ဆိုကြသည်။

"စာရေးဆရာ . . . ဘာတွေကို စဉ်းစားနေတာလဲ။ စိတ်မဝင်စားဘူးထင်တယ်။ သူဌေးဖြစ်မှာနော်"

"စိတ်မဝင်စားလို့တော့ မဟုတ်ပါဘူး။ ကိုယ့်ရွာ၊ ကိုယ့်ဒေသဆိုပေမယ့် အဲဒီတောတောင်တွေနဲ့ ဝေးကွာလာခဲ့တာ နှစ်ပေါင်း ၃၀ကျော်နေပြီဆိုတော့ မှတ်တောင် မှတ်မိပါတော့မလားဆိုပြီး စဉ်းစားနေမိတာပါ"

"ကိုယ့်ဇာတိရွာရဲ့ ပတ်ဝန်းကျင် တောတောင်တွေပဲဗျ။ မမှတ်မိအောင် ရှိပါ့မလား။ ဒီမှာ မှတ်တမ်းစာညွှန်းလည်း ရှိနေတာပဲ"

သူက အားတက်သရောပြောနေသော်လည်း မောင်အေးချမ်းကမူ သံကုတ်ကို နှုတ်ခဲ့ဖူးသည့်အကြောင်းကိုပင် ထည့်၍မပြောမိ။ ထိုမျှ အတိအကျပြောလိုက်မိပြီးမှ ထိုနေရာကို သွားပြီး ရတနာသိုက်ကို ရှာဖွေသောအခါ အဆင်မပြေရှိခဲ့လျှင် မိမိအား သံသယဖြစ်လာနိုင်သည်။ လိုက်မပြချင်၍၊ သို့တည်းမဟုတ် ယုတ်မာသော စိတ်ဖြင့် မိမိဘာသာ ရတနာတွင်းကို သွားတူးဖော်လို၍ ကလိမ်ကကျစ်လုပ်သည်ဟူ၍လည်း ထင်သွားနိုင်သည်။ ထို့ကြောင့် သံကုတ်အကြောင်းကို ထည့်၍ မပြောသည်က အကောင်းဆုံး။

"ဘယ်လိုလဲ စာရေးဆရာ၊ အဲသလောက်ထိ ရတနာတွင်းကြီးကို ညွှန်းထားတာတောင် စိတ်မဝင်စားဘူးလား"

ဟု သူက ထပ်မေးသည်။

"ရတနာဆိုတာ ဘုမိယ စာရင်းဝင်ဖြစ်နေလို့ ထိုက်မှ ရတယ်ဆိုတာလေး စဉ်းစားနေမိတာပါ။ ကျွန်တော်က အကြောင်းမဟုတ်ပေမယ့် ဆရာကြီးကို ခေါ်သွားပြီးမှ ဟိုရောက်လို့ တစ်စုံတစ်ခု အခက်အခဲရှိလာပြီး အဆင်မပြေဖြစ်ခဲ့ရင် ဆိုတာတွေကိုလည်း ထည့်တွက်ကြည့်နေမိတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒါကြောင့်ပါ"

ထိုလူကြီးသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး အနည်းငယ်မျှ ပြုံးကာ ပြော၏။

"စာရေးဆရာပြောတာတွေဟာ အားလုံးအမှန်တွေချည်းပါပဲ။ အခက်အခဲဆိုတာကတော့ နေရာတကာမှာ ဖြစ်တတ်ကြတာချည်းပါပဲ။ ဒါပေမယ့် အဲဒီလို တွေ့ကြုံကောင်း တွေ့ကြုံရလတ္တံ့ အခက်အခဲတွေကို တွေးပြီး ကြောက်နေလို့ မရဘူးဗျ။ ကျုပ်အဖေလည်း အဲဒီလိုအခက်အခဲတွေကိုချည်း တစ်ခုပြီးတစ်ခု ကျော်လွှားပြီး လုပ်လာခဲ့တာ အသက် ၇၀အရွယ်ထိ ဆိုပါတော့။ အခုတော့ ကွယ်လွန်သွားတာကြာပါပြီ။ အခုသာ သက်ရှိထင်ရှားရှိရင်လည်း တစ်ရာကျော်မယ်။ အဖေဆိုတာက ဦးကျော်ထွန်းအောင် မဟုတ်ဘူး။ ဦးကျော်ထွန်းအောင်က ကျုပ်ဘကြီး။ ဦးကျော်ထွန်းအောင်ရဲ့ ညီ ဦးကျော်ထွန်းစိန်က ကျုပ်အဖေ။ အခုဒီရတနာသိုက်စာညွှန်းကို ကျုပ်ဘကြီးကနေ ကျုပ်အဖေ၊ ကျုပ်အဖေဆီကမှ တစ်ဆင့် ကျုပ်က အမွေဆက်ခံယူထားလိုက်တာပါ"

ထိုလူကြီး၏ အဖေနှင့် ဘကြီးတို့သည် ဂျပန်ရတနာတွင်း တူးဖော်ရေးအလုပ်များကို လုပ်လာခဲ့ကြသည်ဟု ပြောသည်ကို မောင်အေးချမ်း လက်ခံ၏။ သူ၏ လူနေမှုအဆင့်အတန်း မြင့်မားနေခြင်းကို ကြည့်ရုံဖြင့် နားလည်မိသည်။ သူတို့သည် ရတနာတူးဖော်ခြင်းလုပ်ငန်းများနှင့် ပတ်သက်ပြီး ထိုက်သင့်သော အောင်မြင်မှုကို ရရှိကြပေလိမ့်မည်။

"စာရေးဆရာ စဉ်းစားနေမိတာက ဘူမိယ ဆိုတာရယ်၊ သွားရမှာက ကိုယ့်ဒေသဖြစ်ပေမယ့် နှစ်ပေါင်းအကြာကြီး ခွဲနေခဲ့ပြီဖြစ်လို့ ဒေသစိမ်းဖြစ်နေတာရယ်၊ ခရီးဝေးသွားရမှာနဲ့ ပတ်သက်ပြီး ကြာကြာလုပ်သင့်ရင် လုပ်ရမယ်ဆိုတဲ့ ဝန်ဆောင်မှုကိစ္စရယ်၊ အဲဒါတွေအားလုံးကို ရောပေါင်းပြီး တွေဝေနေမိတာပဲမဟုတ်လား"

"ဟုတ်ပါတယ်"

မောင်အေးချမ်းက မကွယ်မဝှက် ဝန်ခံလိုက်၏။ အကြောင်းအရာ၏ ရှေ့ခရီးသည် ဘယ်လိုမှန်းမသိ၊ ဘဝကို အဖြစ်မျှဖြင့် ရပ်တည်နေရသော မောင်အေးချမ်းအဖို့ ဝန်ခံလိုက်သည်က အမှားမရှိပေ။

သူက အသံထွက်အောင် ရယ်လိုက်ပြီး မောင်အေးချမ်း၏ ပခုံးကို လှမ်းပုတ်ကာ...

"စိတ်ချ၊ ဝက်ဖြစ်ရင် ကျည်ပွေ့ကို ကြောက်လို့ မရဘူးဆိုသလို၊ အစစအရာရာ ကုန်ကျစရိတ်အားလုံးကို တာဝန်ယူတယ်။ စာရေးဆရာ အဆင်ပြေမယ့်ရက်ကိုသာ ပြောပါ"

♦♦♦

မတ်လ၏ ရာသီဥတုသည် နွေမြူးစအချိန်ဖြစ်၍ ပွင့်လင်းရာသီတို့၏ သဘောအတိုင်း တောတောင်များ ရွက်နုဝေစ ပြုလျက်ရှိသည်။ ရာသီဦး တောပန်းလေးများလည်း ပွင့်ကြသည်။ ငှက်ကလေးများ တေးသီ၍ နေကြသည်။ တောကြက်ဖတို့၏ တွန်သံကိုလည်း ကြားနေရသည်။

မောင်အေးချမ်းသည် ရန်ကုန်သူဌေးကြီးကို ဦးဆောင်ပြီး တောထဲသို့ ဝင်လာခဲ့သည်။ နှစ်ပေါင်း ၃၀ကျော် ခွဲခွာနေခဲ့ရသော တောတောင်တို့သည် မောင်အေးချမ်းအား အပြုံးဖြင့် ဆီးကြိုနေသလိုရှိသည်။ ပတ်ဝန်းကျင် တောလမ်းတစ်လျှောက်၌ ဥယျာဉ်ခြံ၊ ကြံခင်း၊ ကိုင်းခင်းများ ဖြစ်ထွန်းလျက် ရှိသော်လည်း တောတောင်များသည် မောင်အေးချမ်းအား မေ့နေကြဟန် မရှိပေ။

မောင်အေးချမ်း၏ ငယ်ဘဝတွင် ဤတောတောင်ထဲ၌ နွားကျောင်းရင်းဖြင့် ကျင်လည်ခဲ့ဖူး၏။ လောက်လေး တစ်လက်ဖြင့် ငှက်ချောင်းရင်းလည်း သွားလာနေခဲ့ဖူးသည်။ ထို့ကြောင့် မောင်အေးချမ်း ခြေမချဘူးသော နေရာဟူ၍ မရှိပေ။

သို့သော်လည်း ဤတောတောင် ဒေသကို တောနက်ဟူ၍ကား မဆိုလောက်ပေ။ ရခိုင်ရိုးမကြီးနှင့် လယ်ကွင်းကလေးတစ်ကွင်းသာ ခြားသည်။

ထို့ကြောင့် ရွာ၏ ထိုဘက်က တောသည်ပင် တောနက်/ ရခိုင်ရိုးမဟု ဆိုလျှင် မှန်သည်။ ထို့ကြောင့် ရွာနားတောသည်လည်း တောနက်သာ ဖြစ်သည်။ ယခု မောင်အေးချမ်းကို ဦးတည်ပြီး သွားနေကြသော အောက်ငှက်ပျောခင်းချောင်းတောသည် ရွာမှ လေးမိုင်ကျော်မျှ လှမ်းသောကြောင့် တကယ် တောနက်တစ်နေရာဟူ၍သာ ဆိုရပေတော့မည်။

ရန်ကုန်သူဌေးကြီးမှာလည်း သူ့ဖခင်၊ သူ့ဘကြီးတို့ သွားလာကျင်လည်ခဲ့ဖူးသော နေရာဒေသ တောထဲသို့ လျှောက်သွားနေရ၍ ဝမ်းမြောက်ဝမ်းသာ ကြည်နူးတသဖြစ်နေပုံရသည်။ ပြုံးရွှင်သော အမူအရာဖြင့်သာ တောတောင်များကို ကြည့်ရင်း လိုက်ပါနေသည်။

အောက်ငှက်ပျောခင်းချောင်းနားသို့ ရောက်လျှင် ချောင်းဝ၌ ဓားမကို ထောက်ပြီး ကျောက်တုံးမှာ ထိုင်နေသော ဦးကံကြီးအောင်ကို တွေ့ရသည်။ ဦးကံကြီးအောင်မှာ မောင်အေးချမ်းနှင့် တူဝရီးတော်သည်။ ဦးကံကြီးအောင်၏ မိခင်နှင့် မောင်အေးချမ်း၏ အဘိုးမှာ



www.burmeseclassic.com

www.burmeseclassic.com

မောင်နုမတော်သည်။

"ဦးလေး…ဓားကြီးနဲ့ ဘာလုပ်နေတုန်း"

ဟု မောင်အေးချမ်းက မေးကြည့်လိုက်သည်။

ဦးကံကြီးအောင်သည် တအောင့်လေး တွေဝေနေပြီး သက်မကို ချပြီးမှ…

"ဘာမှ မလုပ်ပါဘူးကွာ"

ဟု လေးတွဲ့စွာဖြင့် ဆိုသည်။ ထို့နောက် မေးသည်။

"မင်းတို့ ဘယ်ကို သွားကြမလို့တုန်း"

"ကျွန်တော်တို့ အောက်ငှက်ပျောခင်းချောင်းထဲကို သွားကြမလို့ပါ"

"မသွားကြနဲ့၊ ပြဿနာရှိတယ်"

"ဗျာ"

မောင်အေးချမ်း အံ့ဩသလိုဖြစ်သွား၏။ ထို့ကြောင့် ရန်ကုန်သူဌေးကြီးသည်လည်း ဦးကံကြီးအောင်၏ မျက်နှာကိုရော၊ မောင်အေးချမ်း၏ မျက်နှာကိုပါ တစ်လှည့်စီ ကြည့်ကာ အံ့ဩသွားပုံရသည်။ မောင်အေးချမ်းက ဦးကံကြီးအောင်အား အကြောင်းစုံကို သိလို၍ မေးကြည့်လိုက်သည်။

"ဘယ်လို ပြဿနာရှိသလဲ ဦးလေး၊ သိလို့ မရဘူးလား"

"သိလို့ရပါတယ်။ ငါက အောက်ငှက်ပျောခင်းချောင်းဖျား ခွဆုံတောကို ဉယျာဉ်စိုက်မလို့ တောခုတ်တယ်။ တောခုတ်လို့လည်းပြီးရော ကျောင်းဆရာ မောင်မောင်က ဒီတောတွေအားလုံးကို သူယောက်ဖ စံလှ(ကျောင်းဆရာ စံလှ၊ ယခု ရန်ကုန်-သယ်န်းကျွန်း)က ဂရန်ဖြတ်ထားခဲ့တယ်ဆိုပြီး တားတယ်။ ဒီပြဿနာက မြို့နယ်အထိ ရောက်လို့ မြို့နယ်က ဆင်းလာပြီး စစ်ဆေးနေတယ်"

"ဘယ်လိုလုပ်လို့ ရနိုင်တော့မှာလဲ
ဆရာကြီးရာ။
တောခုတ်ထားတဲ့ နေရာကို
လူမဆိုထားနဲ့၊ ခွေးတောင်မှ
ဝင်လို့ လွယ်တာမဟုတ်ဘူး။
ဆူးချုံ ပေါင်းပင်တွေကို ခုတ်ပြီး
အပေါ်က သစ်ပင်ကြီးတွေနဲ့
ဖိလှဲထားတာဆိုတော့
အရမ်းပဲ ရှုပ်ထွေးနေလိမ့်မယ်။
ပြီးတော့ မြေပိုင်ဆိုင်မှု
အငြင်းပွားနေကြတဲ့
နှစ်ဖက်လူတွေကလည်း
တစောက်ကန်းတွေဗျ"

"စစ်ဆေးတော့ ဘယ်လိုအဖြေထွက်သလဲ ဦးလေး"

"အဖြေက တိတိကျကျ မထွက်သေးဘူးကွ။ သူတို့က တတ်နိုင်တဲ့ လူတွေဆိုတော့ သူတို့လုပ်သလိုဖြစ်သွားလိမ့်မယ်လို့ ထင်တာပဲ။ ဘေးပြောကြတာကတော့ သူတို့ ပစ်ထားတာ သုံးနှစ်တောင်ကျော်နေပြီဖြစ်လို့ ဘယ်သူပဲလုပ်လုပ် လုပ်တဲ့သူပဲ ပိုင်ဆိုင်ခွင့်ရှိတယ်လို့လည်း ပြောကြတယ်။ ဒါပေမယ့် အခုချိန်မှာတော့ အစက ပြောခဲ့သလို တိကျတဲ့ ဆုံးဖြတ်ချက်အဖြေ မထွက်သေးဘဲ အဲဒီတောကို ဘယ်သူမှ မဝင်ရဆိုပြီး တားမြစ်ထားတယ်"

"ဟာ…သွားပြီ၊ တောထဲကိုတောင် ဝင်ခွင့်မရှိဘူးတဲ့လား"

"အင်း၊ အဲလောက်ထိတောင်မှ ဖြစ်သွားရတယ်"

ထိုမျှအထိ တင်းကျပ်ထားလိုက်သည်ဟု ဆို၍ သူတို့နှစ်ဦးနှစ်ဖက် မြေပိုင်ဆိုင်မှုနှင့် ပတ်သက်ပြီး ကြီးကြီးကျယ်ကျယ် အချင်းများကြပေလိမ့်မည်။ တုတ်ခွဲ ဓားခွဲအထိလည်း ဖြစ်ကြပေလိမ့်မည်။ ထို့ကြောင့် အစိုးရက ဝင်ရှင်းရသည်အထိ ကျယ်ပြန့်သွားလိမ့်မည်ထင်၏။

"ဒီတော့ ဦးလေး၊ အခုလောလောဆယ်မှာ တောထဲကိုတောင် ဝင်ခွင့်မရဘူးဆိုတော့ ဘယ်အချိန်လောက်ကို အဆုံးအဖြတ်ကျပြီး ဘယ်သူက ပိုင်ဆိုင်ခွင့်၊ လုပ်ကိုင်စားသောက်ခွင့် ရလာမယ်ဆိုတာကိုရော ပြောနိုင်ရဲ့လား"

ဟု မောင်အေးချမ်းက မေးကြည့်လိုက်သည်။

"ဘယ်ပြောနိုင်မလဲကွ။ ဆိုင်းငံ့ဆိုတဲ့ စကားမှာ အတိုင်းအဆမှ မပါတာ။ ဒီတော့ မပြောနိုင်ဘူးပေါ့။ ဒါကြောင့် ငါ့မှာ တောခုတ်ရတာပဲ အဖတ်တင်တယ်။ ခုတ်ထားတာက နည်းနည်းပါးပါးလည်းမဟုတ်ဘူး။ ခွဆုံက နေပြီး ချောင်းလက်တက်နှစ်ခုအထက်တောင်"

ရန်ကုန်သူဌေးကြီးက မောင်အေးချမ်းအနားသို့ ကပ်လာပြီး လေသံတိုးတိုးဖြင့်…

"စာရေးဆရာတို့…သံကုတ်နှတ်ထားခဲ့ဖူးတဲ့ ကျွန်းလုလင်ပင်နဲ့ အနီးတစ်ဝိုက်ဟာ အခု ဒီအစ်ကိုကြီး တောခုတ်ထားတဲ့အထဲ ပါဝင်သွားသလား"

"ဟာ…ဝင်တာပေါ့။ တကယ့်အလယ်ဗဟိုဖြစ်သွားတာပဲ"





www.burmeseclassic.com

www.burmeseclassic.com

မောင်အေးချမ်း၏ စကားအဆုံးတွင် ရန်ကုန်သူဌေးကြီး ခေါင်းငိုက်ဆိုက်ကျသွားလေသည်။ မောင်အေးချမ်းလည်း သက်ပြင်းတစ်ချက်ကို ချလိုက်မိသည်။ ထို့နောက် ရန်ကုန်သူဌေးကြီးက မောင်အေးချမ်းအား မေးသည်။

"ဒါဖြင့် တို့ ဘယ်လိုလုပ်ကြမလဲ"

"ဘယ်လိုလုပ်လို့ ရနိုင်တော့မှာလဲ ဆရာကြီးရာ။ တောခုတ်ထားတဲ့နေရာကို လူမဆိုထားနဲ့ ခွေးတောင်မှ ဝင်လို့ လွယ်တာမဟုတ်ဘူး။ ဆူးချုံပေါင်းပင်တွေကို ခုတ်ပြီး အပေါ်က သစ်ပင်ကြီးတွေနဲ့ ဖိလှဲထားတာဆိုတော့ အရမ်းပဲ ရှုပ်ထွေးနေလိမ့်မယ်။ ပြီးတော့ မြေပိုင်ဆိုင်မှု အငြင်းပွားနေကြတဲ့ နှစ်ဖက်လူတွေကလည်း တစောက်ကန်းတွေဗျ။ ဒါကြောင့် ဘယ်သူမှ ဝင်ခွင့်မရှိဘူးလို့ တားမြစ်ထားတဲ့ နေရာကို ဆရာကြီးနဲ့ ကျွန်တော်တို့က ရှာဖွေတာတို့၊ တူးဆွတာတို့ သွားလုပ်ရင် သူတို့နဲ့ ထိပ်တိုက်မတိုးဘူးလို့ မပြောနိုင်ဘူးလေ။ ဒီတော့ လျှို့လျှို့ဝှက်ဝှက် လုပ်ကိုင်ရမယ့် ကိစ္စကြီးက ကျယ်လောင်သွားရင် ဘယ်လိုမှ အဆင်ပြေလိမ့်မယ်လို့ ကျွန်တော်မထင်ဘူး။ ဒါကြောင့် ကျွန်တော်တို့ ဘာဆက်လုပ်ကြမလဲ။ ဘယ်လိုလုပ်ရင် ကောင်းလိမ့်မယ်လို့ ဆရာကြီး ထင်ပါသလဲ"

သူလည်း တအောင့်ကြာအောင် စဉ်းစားနေ၏။ အတော်လေးလည်း ကသိကအောက်ဖြစ်ပြီး စိတ်ပျက်သွားပုံရသည်။ ထို့နောက် မချိပြုံးသဘောမျိုးဖြင့် တစ်ချက်ပြုံးပြီး မေးသည်။

"အေးလေ၊ ပြဿနာကြီးတစ်ခုရှေ့က ကာဆီးနေလေတော့ ကိုယ်လည်း မစဉ်းစားတတ်သောက်အောင်ပါပဲ။ ဒီတော့ နယ်ခံဖြစ်တဲ့ စာရေးဆရာကရော အကြံလေး ဉာဏ်လေး မထွက်တော့ဘူးလား။ ခုနက ပြောလိုက်တဲ့အထဲမှာ အကြံဉာဏ်တွေ အားလုံးကုန်သွားပြီလား။ ဖြစ်နိုင်ရင်တော့ ပြောကြည့်စမ်းပါဦး"

"အမှန်ကို ပြောရရင် ဒီကိစ္စကြီးဟာ ဖြစ်နိုင်လိမ့်မယ်တောင် မထင်တော့ဘူး။ တစ်ချိန်က ဒီနေရာဒေသဟာ လူသူမနီး၊ ဆင်နေ ကျားအောင်း၊ ပုတ်ပေါင်းထူထပ်တဲ့ တောကြီးမျက်မည်းဖြစ်ခဲ့ဖူးလို့ အဲဒီအချိန်ကသာ ဆိုရင် ဘာမှပြောစရာမရှိဘဲ ကြိုက်သလို ဖန်တီးလို့ ရနိုင်ပေမယ်။ ဒါပေမယ့် အခုချိန်မှာတော့ အခြေအနေတွေပြောင်းလဲပြီး ပိုင်ဆိုင်မှုတွေ ဖြစ်လာနေကြတဲ့အတွက် နောင်တစ်ချိန်မှာ ဒီနေရာကို အခု အငြင်းပွားနေကြတဲ့အထဲက တစ်ယောက်ယောက်က ပိုင်ဆိုင်သွားပြီဆိုရင်တောင် အဲဒီပိုင်ရှင်နဲ့ အကျိုးအကြောင်းပြောပြပြီး ရတနာတွင်းကြီးကို ရရှိရေးအတွက် ဖန်တီးကြတဲ့အခါ ရသင့်တဲ့ အခွင့်အရေးတွေ အတော်များများ လျော့ပါးသွားနိုင်တယ်လို့တောင်မှ ကျွန်တော် သုံးသပ်မိတယ်။ အခြား မသိနိုင်သေးတဲ့ အခက်အခဲတွေဆိုတာတွေလည်း ရှိကောင်း ရှိလာနိုင်သေးတယ်ဆိုတော့..."

မောင်အေးချမ်းက စကားကို အဆုံးမသတ်ဘဲ ဖြတ်ထားကာ ထိုလူကြီး၏ မျက်နှာကို ကြည့်သည်။ သူ၏ မျက်နှာတွင်လည်း အတော်လေးပင် အလိုမကျသော အမူအရာများ ထင်ဟပ်နေ၏။ ထို့နောက် သူသည် အဝေးကို ကြည့်ရင်းက လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်ပြီး ပြောသည်။

"စာရေးဆရာပြောတဲ့ စကားတွေအားလုံး၊ နည်းလမ်းကျပါတယ်ဆိုခဲ့တဲ့ အကြောင်းအရာတွေအားလုံးဟာလည်း တစ်နည်းမဟုတ် တစ်နည်းနည်းနဲ့ ဖြစ်လာနိုင်ဖွယ်တွေ ရှိနေတယ်လို့ သုံးသပ်လို့ ရပါတယ်။ ဒါပေမယ့် အလုံးစုံ လျှော့ပစ်ပြီး ပြည်ဖုံးကားချလိုက်လို့တော့ အဆင်မပြေသေးဘူး။ ဒါကြောင့် အလုံးစုံ မလျှော့သေးဘူးဆိုတဲ့အနေနဲ့ ရတနာတွင်းကြီးတည်နေရာ အပိုင်းအဝန်းကို ဓာတ်ပုံရိုက်လို့ ရလောက်တဲ့ နေရာတစ်ခုကို သွားရအောင်"

မောင်အေးချမ်းသည် ကျောက်ထရံတောင်ထိပ်သို့ သူ့အား ခေါ်တင်လာခဲ့၏။ ကျောက်ထရံတောင်ထိပ်က ကြည့်လျှင် မောင်အေးချမ်းတို့ ငယ်စဉ်က နွားကျောင်းရင်း သံကုတ်ကို ဆွဲနုတ်ခဲ့သော နေရာကို ကောင်းစွာ မြင်နေရ၏။ အပေါ်မှ စီးမိုးပြီး ကြည့်ခွင့်ရ၍ ဓာတ်ပုံရိုက်ရန်အတွက် အလွန်မှုလည်း အဆင်ပြေ၏။

သူသည်လည်း ဓာတ်ပုံလေးငါးပုံ ရိုက်ပြီး မှတ်တမ်းလည်း ရေး၏။ မြေပုံလည်း ဆွဲ၏။ ထို့နောက် ပတ်ဝန်းကျင် တောတောင်များကိုပါ ရုပ်ရှင်၊ရုပ်သေ ဓာတ်ပုံများ ထပ်ရိုက်ကာ ကျောက်ထရံတောင်ပေါ်မှ ဆင်းလာခဲ့ကြလေသည်။■

* * *

မင်းဟိန်းဆိုင်



www.burmeseclassic.com

www.burmeseclassic.com

# ပေးခြင်း၊ ယူခြင်း ဆိုသည်မှာ

မောင်မိုးဦး

ဘဂဝါ ဘုရားသာသနာ ပုဂံတွင် စတင်ခဲ့စဉ်က ရှင်အရဟံမထေရ်မြတ် မြန်မာ့မြေပေါ်တွင် ဦးစွာ ဟောကြားတော်မူခဲ့သော တရားတော်မှာ -

“အပ္ပမာဒေါ အမတပဒံ
ပမာဒေါ ပစ္စုနောပဒံ
အပ္ပမတ္တာ နမိယန္တိ
ယေပမတ္တာ ယ ယာမတ္တာ”

ကုသိုလ်ကောင်းမှုမှ မမေ့မလျော့ခြင်းသည် သေခြင်းကင်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ဖြစ်သည်။ ကုသိုလ်ကောင်းမှု မေ့လျော့ခြင်းသည် ပူပန်ဆင်းရဲ အဖန်တလဲလဲ သေရခြင်း၏ အကြောင်းဖြစ်သည်။ ကုသိုလ်ကောင်းမှု၌ မမေ့




www.burmeseclassic.com

www.burmeseclassic.com

မလျော့သောသူတို့သည် မသေရာ နိဗ္ဗာန်သို့ ရောက်ပြီး မသေသောသူများဖြစ်သည်။ ကုသိုလ်ကောင်းမှု၌ မေ့လျော့သောသူတို့သည် အသက်ရှင်လျက်ရှိကြသော်လည်း တစ်ဖန် တလဲလဲ သေကြရဦးမည်ဖြစ်၍ သေသောသူနှင့် တူကုန်၏။

(ရှင်အရဟံ အုတ်ကျောင်း၊ ကျောက်စာတော်)

♦♦♦

ကျွန်တော်သည် လူမှန်းမသိခင်ကတည်းက ဖခင် ကွယ်လွန်သွားခဲ့သောကြောင့် ဘာသာတရားကို ရိုသေကိုင်းရှိုင်းသော မုဆိုးမ မိခင်ကြီးနှင့် နေခဲ့ရ၏။ ထို့ကြောင့် စားဝတ်နေရေးအတွက် အမေက တာဝန်ယူခဲ့သလို၊ ကိုယ်ကျင့်တရားနှင့် ဘာသာရေးအသိတရားများအတွက်လည်း အမေကပင် ဆုံးမ သွန်သင်ခဲ့လေသည်။

ပေးတာဟာ ယူတာပဲ။ တတ်နိုင်သမျှ ပေးကမ်းလှူဒါန်းပါဆိုသော စကားနှင့် "ခွဲမှ ရံတယ်"ဆိုသော စကားကို အမေက အမြဲပြောလေ့ရှိ၏။ ထို့ကြောင့် မည်သူကိုဖြစ်ဖြစ် အကောင်းမြင်စိတ်လေးထားသလို၊ တတ်နိုင်သမျှလည်း ပေးကမ်းလှူဒါန်းနိုင်ခဲ့၏။ ခွဲမှ ရံတယ်ဆိုသော စကားကလည်း စိတ်ဝင်စားဖို့ ကောင်းသည်။ ခွဲသည်ဆိုသော စကားမှာ ပေးကမ်းခြင်းဖြစ်သည်။ တစ်နည်းဆိုသော် လှူဒါန်းခြင်းပင်ဖြစ်သည်။

ကျွန်တော် ဌာနတစ်ခုမှာ အလုပ်လုပ်စဉ်က ကျွန်တော့်အထက်က ဆရာတစ်ယောက်နှင့် ကိုယ်ရေးကိုယ်တာကိစ္စများကို ဆက်ဆံရ၏။ ဆရာနှစ်ယောက်စလုံးက ကိုယ်ပိုင်သုပ်ငန်းများ ရှိသဖြင့် စီးပွားရေး အဆင်ပြေကြသည်။ စနေ၊ တနင်္ဂနွေ အလုပ်ပိတ်ရက်များတွင် သူတို့၏ ကိုယ်ရေးကိုယ်တာကိစ္စများကို အိမ်မှာ ခေါ်ခိုင်းလေ့ရှိ၏။ ထိုအခါ ကျွန်တော်တို့ သူငယ်ချင်းသုံးယောက်က သွားလုပ်ပေးရသည်။ ပထမ ဆရာက ကပ်စေးနဲသည်။ ကျွန်တော်တို့ကို ခေါ်ခိုင်းသော်လည်း ပေးရ ကျွေးရမှာ ဝန်လေးသည်။

ဒုတိယ ဆရာက ကျွန်တော်တို့ဘဝကို နားလည်သည်။ ပိတ်ရက် အိမ်မှာ အလုပ်ခေါ်ခိုင်းလျှင် သောကြာနေ့ ညနေကတည်းက နောက်တစ်နေ့လာဖို့ လမ်းစရိတ်ပေးသွားသည်။ အိမ်ရောက်သည်နှင့် လက်ဖက်ရည်တိုက်၊ မုန့်ကျွေးသည်။ အလုပ်လုပ်ပြီး နေ့လယ်ပိုင်းတွင် လက်ဖက်ရည်ထပ်တိုက်သည်။ ညနေပိုင်း အလုပ်ပြီးလို့ ပြန်သည့်အခါ ပင်ပန်းသည့်အပေါ်မှာ မူတည်ပြီး လုပ်အားခ ပေးသည်။ ပထမ ဆရာက အလုပ်ပြီးလို့ လုပ်အားခ နှစ်ထောင်လောက်ပေးဖို့ မိန်းမကို တိုင်ပင်သည်။ ထမင်းကို ဖြစ်သလို ကျွေးသည်။

ထို့ကြောင့် နောက်ပိုင်း သူ့အလုပ်လုပ်ဖို့ ခေါ်လျှင် မည်သူမျှ မသွားချင်တော့ပေ။ ဒုတိယ ဆရာက ခေါ်လျှင် ကျွန်တော်တို့အားလုံး ပျော်ပျော်ပါးပါး သွားလုပ်ပေးကြသည်။ ထို့ပြင် ကျွန်တော်တို့အား ပုဂံဘုရားများသို့ ပို့ပေးခြင်းဖြင့် ကုသိုလ်ယူသည်။ ပထမ ဆရာကတော့ ခရီးထွက်လျှင် ငွေကုန်တယ်ဟု ဆိုကာ သူကိုယ်တိုင်လည်း မည်သည့်ဘုရားသို့မျှ မသွားပေ။ အလှူအတန်းပေးကမ်းမှုလည်း မလုပ်။ ယခုအခါ ထိုဆရာကွယ်လွန်သွားပြီဖြစ်သော်လည်း တမလွန်သို့ သူ ဘာမှပါမသွားခြင်းသည် သူ၏ ဒါနအားနည်းခြင်းကြောင့်ပင် ဖြစ်၏။ ထို့ပြင် သူ၏ နောက်ဆုံးခရီးကလည်း ခြောက်ခြောက်သွေ့သွေ့နှင့်ပင် ပြီးဆုံးသွားခဲ့လေသည်။

ထိုအခါ အမေပြောခဲ့သော ခွဲမှ ရံတယ်ဆိုသော စကားလေးကို သတိရသွားမိသည်။ ခွဲသည့်လူက ပိုင်းဝန်းကူညီမည့်သူ ပေါသော်လည်း၊ မခွဲသည့်လူက ကူညီမည့်သူ နည်းသွားသည့်သဘောပင် ဖြစ်၏။ ထိုအဖြစ်အပျက်ကို သတိရတိုင်း ခွဲမှ ရံတယ်ဆိုသော စကားကို ကျွန်တော်လိုက်နာခဲ့သည်။ မိတ်ဆွေသူငယ်ချင်းများကိုလည်း ပြောပြဖြစ်သည်။

ကျွန်တော်သည် သာမန်အလုပ်သမားလေးတစ်ယောက်ဖြစ်သောကြောင့် မဏ္ဍပ်ထိုးပြီး အလှူအတန်းမလုပ်နိုင်ပေ။ သို့သော် တတ်နိုင်သလောက် မိမိထက် နိမ့်ပါးသည့်လူကို ကူညီပေးကမ်းခဲ့သည်။ အနိမ့်ဆုံး ဝန်းကျင်မှ ကလေးတစ်ယောက်ကို တစ်ခုခုဝယ်ခိုင်းလျှင်ပင် မုန့်ဖိုးပေးသည်။ အဝတ်အထည်တချို့ပေးဖြစ်သည်။ ကျွန်တော်ပေးသော အဝတ်အထည်လေးများ သူတို့ဝတ်ထားသည်ကို မြင်လျှင် ပီတိဖြစ်ရသည်။ ကြည်နူးရသည်။ ထို့ကြောင့် ကျွန်တော် ဘာခိုင်းခိုင်း ကလေးတွေက အလွယ်တကူ လုပ်ပေးကြသည်မှာ အပြန်အလှန် စေတနာထားခြင်း၏ အကျိုးပင်ဖြစ်၏။

ချို့တဲ့သော ကျောင်းသားလေးများကို စာရေးကိရိယာ တချို့ဝယ်ပေးခြင်းသည်လည်း ကျွန်တော်၏ စေတနာဒါနပင်ဖြစ်သည်။ ထို့ကြောင့် သားနှင့် မိန်းမကိုလည်း မိမိတတ်နိုင်သလောက် ပေးကမ်းလှူဒါန်းဖို့ ပြောထားရ၏။

လွန်ခဲ့သော သင်္ကြန်ရက်များက ကျွန်တော့်အိမ်၏ မီးဖိုချောင်လေးကို ရွာမှာ နေသော ယောက်ဖလေးက လာပြီး ပြုပြင်ပေးသည်။ အမျိုးသမီးကလည်း သူ့မောင်ကို လုပ်အားခ ပေးသည်။

ကျွန်တော့်အနေနှင့် အမျိုးသမီးက ပေးပြီးပြီဖြစ်သော်လည်း တစ်ခုခုဝယ်ပေးချင်သည်။ ထို့ကြောင့် အဝတ်အထည်ထဲမှ ပုဆိုးတစ်ထည်နှင့် အင်္ကျီတစ်ထည်ကို ထုတ်ပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com

သည်။ သား၏ အင်္ကျီနှင့် ဘောင်းဘီတစ်ထည်ကိုပါ သူ့သားလေးအတွက် ထည့်ပေးလိုက်၏။ ကျွန်တော်သည် ကိုယ်တိုင်အဝတ်အစားသစ် မဝယ်နိုင်ပေ။ ထို့ကြောင့် ကျွန်တော့်ရင်ထဲတွင် စွန့်လွှတ်ခြင်းနှင့် တပ်မက်ခြင်း နှစ်ခုက တိုက်ပွဲဝင်နေခဲ့၏။ နောက်ဆုံးတွင် ဒါနဆိုသည့် စွန့်လွှတ်ခြင်းက အနိုင်ယူလိုက်သောအခါ ပေးကမ်းခွင့်ရလိုက်ခြင်းသည် ကျွန်တော့်အတွက် အရသာတစ်ခုပင်ဖြစ်၏။

သို့သော် ကျွန်တော့်သားက ကလေးပီပီ တပ်မက်တွယ်တာသည်။ သူ့အဝတ်အစား၊ သူ့ကစားစရာ၊ သူ့မုန့်၊ သူပိုင်သည့် အရာမှန်သမျှ မည်သူ့ကိုမျှ မပေးချင်ပေ။ သူစားနေသည့်မုန့်ကို သူ့အမေတောင်းလျှင်လည်း ငြင်းဆန်၏။ ထိုအခါ ကျွန်တော်ငယ်ငယ်က အမေသင်သလို၊ ယခုအခါ ကျွန်တော်က သားကို ပြန်သင်ရသည်။

ယနေ့လည်း သူစားနေသည့်မုန့်ကို သူ့အမေကို မကျွေးချင်သည့်ကိစ္စနှင့် ပတ်သက်ပြီး သားကို ကျွန်တော် သိထားသမျှ ဖက်ထား၊ မှတ်ထားသမျှတို့ကို သား နားလည်လွယ်အောင် ပြောပြဖြစ်လေသည်။

◆◆◆

အခါတစ်ပါး၌ သာဝတ္ထိမြို့သား ကုန်သည်တို့သည် ဥတ္တရပထတိုင်းဘက်သို့ ကုန်ရောင်းသွားခဲ့ကြ၏။ အပြန်တွင် မိမိတို့ လိုအပ်နေသော ပစ္စည်းများကို ဝယ်ကာ ခရီးစဉ်အတိုင်း သာဝတ္ထိမြို့သို့ ပြန်လာခဲ့ကြ၏။ မြစ်ကမ်းပါးတစ်ခုသို့ အရောက်တွင် နေဝင်ခါနီးပြီမို့ ညအိပ် စခန်းချရန် ပြင်ဆင်ကြ၏။ ထို့နောက် ကုန်သည်တို့သည် ရေချိုးရန် မြစ်ဆိပ်သို့ အဆင်းတွင် အလွန်တရာမှ အရုပ်ဆိုး အကျည်းတန်သော ရုပ်ပျက်ဆင်းပျက် လူတစ်ယောက်ကို တွေ့လိုက်ရ၏။

ထိုလူမှာ ရေအလွန်ဆာနေသော်လည်း သောက်လို့မရပေ။ ထို့ကြောင့် အစာမစားနိုင်၊ ရေမသောက်နိုင်ဖြစ်ပြီး အားပြတ်ကာ လဲနေခြင်းဖြစ်၏။ ထိုအခါ ကုန်သည် လုည်းသားများက ရေခပ်ပြီး ပါးစပ်ထဲသို့ လောင်းချသော်လည်း ရေတစ်စက်မျှ သူသောက်ခွင့်မရခဲ့ပေ။ အောက်သို့သာ ဖိတ်စဉ်ကျသွားလေသည်။ တကယ်တော့ သူသည် ပြိတ္တာတစ်ယောက်သာ ဖြစ်၏။ ယခုလို အစာမစား၊ ရေမသောက်ဘဲ နေခဲ့ရသည်မှာ နှစ်ပေါင်း ၅၅နှစ်ရှိပြီဖြစ်ကြောင်း ထိုပြိတ္တာက ကုန်သည်များကို ပြောပြသည်။ ထို့နောက် သူ၏ အတိတ်ကြောင်းများကိုလည်း ပြောပြလေသည်။

သူသည် လူ့ဘဝတုန်းက အလွန်ချမ်းသာသော သူဌေးတစ်ဦးဖြစ်သည်။ ပဏ္ဏမင်းများ အုပ်စိုးသည့် စရကစ္ဆမြို့တွင် သူပိုင်သည့် ပစ္စည်းဥစ္စာ လယ်ယာများ ယနေ့အထိ ဖြစ်၏။ သူ့အမည်က "ခနပါလ"ဖြစ်သည်။ ခနပါလ မှာ သူ့မိဘများက ပေးခဲ့ခြင်းမဟုတ်ပေ။ ပစ္စည်းဥစ္စာ တပ်မက်တွယ်တာလွန်းသဖြင့် ဝန်းကျင်က လှောင် ပေးခဲ့ခြင်းဖြစ်၏။ သူသည် ချမ်းသာသော်လည်း ပေး လှူဒါန်းခြင်း မရှိ။ စားကြွင်းစားကျန်များကိုပင် မည်သူ့ ပေးလေ့မရှိပေ။ တခြားလူများ ဆောက်လုပ်လှူဒါန်းထား လမ်း၊ တံတား၊ ရေတွင်း၊ ရေကန်၊ သောက်ရေ စသည်တို့ကိုလည်း ငွေပေးပြီး ဖျက်ဆီးခိုင်းသည်။ ထို မျိုးအတွက် ကုန်ကျစရိတ်ကိုတော့ နှမြောတွန့်တိုခြင်း ပေ။ ကြည်ကြည်ဖြူဖြူ အကုန်ခံ၏။

ခနပါလသည် လူ့ဘုံလောက ပြစ်မှုကို ရှောင်နိုင် လည်း သံသရာပြစ်မှုကိုတော့ သူ မရှောင်နိုင်ခဲ့ပေ။ တစ်ပါးပြောင်းသွားပြီး နောက်ဘဝတစ်ခုတွင် အတိတ် ၏ အကုသိုလ်ကံကြောင့် ရေတစ်ပေါက်သောက်ဖို့ သည့် ပြိတ္တာဘဝသို့ ရောက်ခဲ့ရလေသည်။ ထို့ကြောင့် ထဲ ချောင်းထဲတွင် ရေမည်မျှပင် ပြည့်နေသော်လည်း ဘဝက ပြုခဲ့သော ကုသိုလ်ကောင်းမှု မပါခဲ့သဖြင့် တစ်စက်ပင် သောက်ခွင့်မရနိုင်ခြင်းပင်ဖြစ်၏။

◆◆◆

ကျွန်တော်ပြောပြသည်ကို သားက စိတ်ဝင်စား အမှိုုသမီးကလည်း သဘောကျသည်။ ထိုစဉ် သား၏ က ဖော် သုံးယောက်ရောက်လာသောအခါ ပေးကမ်းခြင်း၏ ကုသိုလ်ကို သူတို့လေးတွေကိုလည်း သိစေလိုသဖြင့် ခနပါ ၏ ဇာတ်လမ်းလေးကို ပြန်ပြောပြခြင်းဖြင့် ဆုံးမ သွန်သင် ရလိုက်လေသည်။

တကယ်တော့ ကျွန်တော့်အမေပြောခဲ့သလို "ပေးတာဟာ ယူတာပဲ"ဆိုသည့် စကားအတိုင်း တပ်မက် များကို စွန့်လွှတ်ပြီး ပေးကမ်းလှူဒါန်းခြင်းသည် နောက် တစ်ခုအတွက် ကုသိုလ်ကောင်းမှုကို ယူသွားခြင်းပင် သည်။

* * *

မောင်မိုး



www.burmeseclassic.com

www.burmeseclassic.com

# ဘေးအန္တရာယ်အပေါင်း လွတ်မြောက်သော ဂါထာ

ကျော်သန်းစံ



ဝေဒါသာကု၊ ကုသဒါဝေ၊ ဒါယသာတ၊
တသာယဒါ၊ သာသာဒိကု၊ ကုဒိသာသာ၊
ကုတကုဘု၊ ဘုကုတကု။

ဒါသာကု - အရိယာမဂ်တည်းဟူသော အမြိုက်ဆေးကို တိုက်ကျွေးတော်မူသော ဘုရား၊ ကိုယ်နှင့်မကွာ အရိပ်သို့ အခါခပ်သိမ်း ငြိမ်းစေတတ်သော တရား၊ အကုသိုလ်ကို ဖျက်ဆီးစေတတ်သော သံဃာ၊ ရတနာသုံးပါးတို့၏ န်ခိုးတေဇော် အာနုဘော်ကြောင့်၊ ခပ်သိမ်းဘေးဒဏ်၊ ရန်န်အပေါင်း မထောင်းသမျှ၊ အနိဋ္ဌ ဖလရုပ်၊ ဒုက္ခဝေဒနာင်းကွာချုပ်ငြိမ်း ဝေးစွာကြည်ပစေကုန်သတည်း။

ကုသဒါ - ကာယဒုစရိုက်သုံးပါး၊ သူတော်ကောင်းမှာ၊ သူတော်ကောင်းတရား ခုနစ်ပါးနှင့် ထိတ်လန့်ခြင်းတို့ကို ဖြစ်စေတတ်သော ဝေဂဇမုနိယ ဝတ္ထုရှစ်ပါးတို့သည် အခါမလပ် မပြတ် ငါ့၌ တည်စေကုန်သတည်း။

ဒါယသာတ - ဆင်းရဲကို ပေးတတ်သော ဒုက္ခသစ္စာ နှိပ်စက်တတ်သော၊ ပီဠန - အကြောင်းတရားတို့သည် ပေါင်း၍ ပြုပြင်တတ်သော၊ သခ်တ - ပူပန်စေတတ်သော၊ သန္တာပ - အိုခြင်း၊ သေခြင်းဟု ဆိုအပ်သော နှစ်ပါးသော အခြင်းအရာသည် ဖောက်ပြန်စေတတ်သော၊ ဝိပရိဏာ ဟူသော အနက်လေးပါးကို မဖောက်မပြန် အမှန်ဟော မူသော မြတ်စွာဘုရား၏ တန်ခိုးတေဇ၊ နုဘာဝကြောင် သစ္စာကို ပိုင်းခြား၍ သိခြင်း၏ အကြောင်းကော မှုကို အားထုတ်နိုင်စေသတည်း။

တသာယဒါ - သူခိုးကဲ့သို့ ကုသိုလ်ကောင်းမှုကို လု


www.burmeseclassic.com

www.burmeseclassic.com

ယက် ဖျက်ဆီးတတ်သော သမုဒယသစ္စာ၏ ဝဋ်ဆင်းရဲဖြစ်အောင် အားထုတ်တတ်သော အာယုမာန၊ ဝဋ်ဆင်းရဲ၏ အကြောင်းဖြစ်သော နိဒါန၊ ဝဋ်ဆင်းရဲ၌ ယှဉ်စေတတ်သော သံယောဂ၊ မဂ်ရခြင်းကို ဖြစ်စေတတ်သော ပလိဗောဓ ဟူသော အနက်လေးပါးကို မဖောက်မပြန် အမှန်ဟောတော်မူတတ်သော မြတ်စွာဘုရား၏ တန်ခိုးတေဇ၊ နုဘာဝကြောင့် သမုဒယသစ္စာကို ပယ်ခြင်း၏ အကြောင်းကောင်းမှုကိုသာ အားထုတ်နိုင်စေသတည်း။

သာသာဒိကု - ငြိမ်းချမ်းလှသော နိရောဓသစ္စာ၏ ဝဋ်ဆင်းရဲမှ ထွက်မြောက်ရာဖြစ်သော၊ နိဿရဏ- ဆိတ်ငြိမ်သော၊ ဝိဝေက - အကြောင်းတရားတို့သည် ပေါင်း၍ ပြုပြင်အပ်သော၊ သခံတ - သေခြင်းမရှိသော၊ အမတဟူသော အနက်လေးပါးကို မဖောက်မပြန် အမှန်သိတော်မူသော မြတ်စွာဘုရား၏ တန်ခိုးတေဇ၊ နုဘာဝကြောင့် နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း၏ အကြောင်းကောင်းမှုကိုသာ အားထုတ်နိုင်စေသတည်း။

ကုဒိသာသာ - တစ်ထောင့်ငါးရာ ကိလေသာကို ပယ်ခွာ နှိပ်စက် ဖျက်ဆီးတတ်သော မဂ္ဂသစ္စာ၏ ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်သော၊ နိယျာနိက - နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော၊ ဟေတု - နိဗ္ဗာန်ကို မြင်တတ်သော၊ ဒဿန သမ္ပယုတ်တရားတို့၏ အကြီးအမှူးဖြစ်သော၊ အဓိပတေယျဟူသော အနက်ကို မဖောက်မပြန် အမှန်ဟောတော်မူတတ်သော မြတ်စွာဘုရား၏ တန်ခိုးတေဇေ၊ နုဘာဝကြောင့် မဂ္ဂသစ္စာကို ပွားစေခြင်း၏ အကြောင်းကောင်းမှုကိုသာ အားထုတ်နိုင်စေသတည်း။

ကုတကုဘု - မဂ်လေးတန်၊ ဖိုလ်လေးတန် နိဗ္ဗာန် ဟူသော လောကုတ္တရာတရားကိုးပါးကို ဝေနေယျသတ္တဝါတို့အား ပေးတော်မူတတ်သော မြတ်စွာဘုရား၏ တန်ခိုးတေဇ၊ နုဘာဝကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ရခြင်း၏ အကြောင်းကောင်းမှုကိုသာ အားထုတ်နိုင်စေသတည်း။

ဘုကုတကု - လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီကို ဖြည့်တော်မူပြီးသော ပညာဓိက ဘုရား၊ ရှစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီကို ဖြည့်တော်မူပြီးသော သဒ္ဓါဓိက ဘုရား၊ ဆယ့်ခြောက်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီကို ဖြည့်တော်မူပြီးသော ဝီရိယာဓိက ဘုရား၊ နှစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီကို ဖြည့်တော်မူပြီးသော ပစ္စေကဗုဒ္ဓါဘုရား၊ တစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းပါရမီကို ဖြည့်တော်မူပြီးသော အဂ္ဂသာဝက၊ ကမ္ဘာတစ်သိန်း ပါရမီကို ဖြည့်တော်မူပြီးသော မဟာသာဝက၊ ကမ္ဘာအထောင်၊ ကမ္ဘာအရာ ပါရမီကို ဖြည့်တော်မူပြီးသော ပကတိ သာဝကတို့၏ တန်ခိုး တေဇ နုဘာဝကြောင့် ဗောဓိသုံးပါးတို့တွင် ကြိုက်နှစ်သက် အပ်သော ဗောဓိသို့ ရောက်ကြောင်း ကောင်းသောအမှုကို သာ အားထုတ်နိုင်စေသတည်း။

ဤဂါထာသည် တာဝတိံသာ နတ်ပြည်၌ ထောင့်လေး ထောင့်တွင် စိုက်ထူထားသော ကျောက်တိုင်လေးတိုင်မှာ ရေးသားထားသည့် ဂါထာဖြစ်သည်။

အသူရာနှင့် စစ်ဖြစ်ကြသောအခါ အသူရာ၏ စစ်သည် တို့သည် ဤဂါထာကို မြင်လျှင် ကြောက်ရွံ့၍ ပြေးကြလေ သည်ဟု ရှေးဆရာတို့ အဆိုရှိသည်။

ထိုဂါထာကို မိမိတို့အိမ်၌ နေ့စဉ်မပြတ် ရွတ်ဖတ် သရဇ္ဈာယ်ပါက ဘေးခပ်သိမ်း လွတ်မြောက်သည်။ ကူးစက် နာ၊ ရင်းနာများကို လွတ်မြောက်စေသည်။ ကျွဲ၊ နွားပွားစေ လိုလျှင် သဲကို မန်း၍ ခြံလယ် ပက်ထားပါ။ ကျားရဲသော် ကျောက်စရစ်ခဲကို မန်း၍ လေးမျက်နှာမှာ ချထားပါလေ။

ဤဂါထာကို တစ်လပြည့်အောင် ရွတ်ဖတ်ပါက ဘုန်း ပညာ အာနုဘော် ကျက်သရေတိုးတက်၏။ ကျောက်စရစ် လေးလုံးအား တစ်လုံးကို ရှစ်အုပ်စီ မန်း၍ မိမိအိမ်လေး ထောင့်တွင် မြှုပ်ထားပါက သူခိုးမဝင်နိုင်ပါ။ မြွေခဲသော် ရေကို မန်း၍ သောက်ပါက အဆိပ်ကျ၏။ ဆီကို မန်း၍ လိမ်းပါက ကျက်သရေတိုးတက်၏။ သဲကို မန်း၍ အိမ်ခြံဝင်း အတွင်း ဖြူးထားပါက ရန်သူ မဝင်ရ။ ဂဝံကို သရဇ္ဈာယ်သော် ငေါက်ငေါက်ထထိုင်၏။ အိမ်တွင် ထားသော် စီးပွားများ၏ လယ်ယာလုပ်သော် မျိုးစပါးကို မန်း၍ ကြဲ။ ဂါထာကို သရဇ္ဈာယ်နေသော် သေနတ်၊ အမြှောက်၊ စိန်ပြောင်း မကျ ရောက်နိုင်။ ဖျားနာလျှင် ဆေးကို မန်း၍ ပေးသော် အာနု ဘော် တိုးတက်၏။ စုန်း၊ နတ်ရန်ဟူသမျှ မဖျက်ဆီးနိုင်။

ထို့ပြင် အခြားသော ဘေးဥပါဒ်အန္တရာယ်ဟူသမျှတို့ သည် ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့ ဘေးအန္တရာယ် အပေါင်း လွတ်မြောက်စေသော ဂါထာဖြစ်ပါသည်။

* * *

ကျော်သန်း

www.burmeseclassic.com


www.burmeseclassic.com



ပွဲရောဟိတ်လက္ခဏာဆရာကြီး ဆရာစန္ဒြ၏သား

# ဆရာဒေဝ A.G.T.I (Civil)

လက္ခဏာနှင့် နက္ခတ်ဗေဒင်ပညာရှင်




အမှတ် ၇၅၊ ဓမ္မစေတီလမ်း(တော်လှန်ရေးပန်းခြံရှေ့) *Sweet Centre* နှင့် ကပ်လျက်
မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -၅၀၅၁၇၀၊
E.mail; sayadeva@myanmar.com.mm, Internet- http://www.sayadeva.com

## လွင်မိုးကို မှန်ပြန်ပြီ

ဆရာဒေဝသည် (၂၃-၆-၉၉)နေ့ထုတ် သဘင်အနုပညာဂျာနယ်တွင် 'လွင်မိုး အကယ်ဒမီ ဘယ်တော့ရမလဲ' ဆောင်းပါးနှင့် (၁၉၉၉)ခု၊ စက်တင်ဘာလတွင် ထုတ်ဝေသော ရွက်နုဝေမဂ္ဂဇင်းတွင် 'စွယ်စုံရတဲ့ လွင်မိုး' ဆောင်းပါးတို့တွင် အသက်(၃၀)မှ (၃၅) နှစ်အတွင်း ကံလမ်းကြောင်း သုံးထပ်ဖြစ်ပေါ်၍ ရုပ်ရှင်လောကရဲ့ အမြင့်ဆုံး အကယ်ဒမီဆုကြီးကို ရရှိမှာဖြစ်ပြီး၊ အကယ်ဒမီတစ်ခုပဲရမှာလား၊ အကယ်ဒမီဆုများရဲ့ပိုင်ရှင်ဖြစ်မလား ဟု အတိအကျဖော်ပြခဲ့ပါသည်။

(၂၀၀၀)ခု၊ ဒီဇင်ဘာလ(၂၈)ရက်နေ့၊ အကယ်ဒမီဆုပေးပွဲတွင် လွင်မိုးသည် အသက် (၃၀ ကျော်အချိန်) သရုပ်ဆောင် အကယ်ဒမီဆုကြီးကို ရရှိသွားခဲ့၍ ဆရာဒေဝ၏ ဟောကြားချက်မှာ လွင်မိုးကို မှန်ပြန်ပြီဖြစ်သည်။ ယခုအခါ လွင်မိုးသည် အကယ်ဒမီ (၃)ဆုပင် ရရှိသွားပြီဖြစ်သည်။

ယခင်ကလည်း စိုးမြတ်သူဇာကို (၁၉၉၈) ဧပြီလထုတ် ရွက်နုဝေမဂ္ဂဇင်းတွင် ကြိုတင်၍ အကယ်ဒမီဆုကြီးကို (၂၈)နှစ်မှ (၃၃)နှစ်အတွင်း ထပ်မံရရှိမည်ဟု ဟောကြားခဲ့ရာတွင် မှန်ကန်ခဲ့ပါသည်။ (၁၉၉၇)ခုနှစ်တွင် 'အကယ်ဒမီရဦးမည့်ဖင်ဝိုင်း' ခေါင်းစဉ်ဖြင့် ပေါ်ပြူလာဂျာနယ်တွင် ကြိုတင်ဟောခဲ့ရာ မှန်ကန်ခဲ့ပါသည်။ အားလုံးမှာ တစ်နှစ်ခွဲကျော် ကြိုတင်ဟောကြားခဲ့ခြင်းဖြစ်၍ အကယ်ဒမီပွဲနီးမှ ခန့်မှန်းဟောကြားခြင်းမဟုတ်ပါ။ ဤသို့ မှန်အောင်ဟောကြားနိုင်တဲ့ ဆရာဒေဝထံလက္ခဏာဗေဒင် မေးကြပါရန် လေးစားစွာဖိတ်ခေါ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဟယ်… လုပ်ပါဦးဟဲ့၊ ဟို မှာ…"

"ဟာ…ဒုက္ခပါပဲ၊ သေတော့မှာ ပဲကွာ"

"ဟာ…ဟိတ်ကောင်…ဟိတ် ကောင် ဝေဟင်"

တကယ့်ကို မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း ပြောင်းလဲသွား သော အခြေအနေကြောင့် ကျွန်တော် တို့အားလုံး အသက်ရှူရပ်တန့်လု မတတ် ထိတ်လန့်သွားခဲ့ရသည်။ ကျွန်တော်တို့သူငယ်ချင်း ဝေဟင်စိုး

# ဂါဦးနှန်းကို

## နတ်သက်ကြွေ



www.burmeseclassic.com

www.burmeseclassic.com

သည့် ဘာကိုမျှ တွေဝေခြင်း၊ ကြောက်ရွံ့ခြင်းမရှိဘဲ လမ်းမထက်ပေါ်သို့ ပြေးတက်သွားကာ ကားတိုက်မိဆဲဆဲ ကလေးငယ်လေးကို ကောက်ပွေ့ချီပြီး လမ်းဘေးတစ်ဖက်သို့ လိမ့်ချလိုက်သည်။

"ဝေဟာင်း...ဝေဟာင်း...နင် ဘာဖြစ်သွားသေးလဲ"

"ဟိတ်ကောင်...ဒဏ်ရာရသွားသေးလား"

"ငါ ဘာမှမဖြစ်ပါဘူးကွာ။ ညီမလေး ဘာဖြစ်သွားသေးလဲ"

နှစ်ယောက်စလုံး လမ်းမတစ်ဖက်သို့ ရောက်ပြီး အန္တရာယ်ကင်းပြီဆိုကာမှ ကျွန်တော်တို့အားလုံး သတိဝင်လာကာ ဝေဟာင်စိုးအနီးသို့ ပြေးသွားပြီး မေးဟယ်မြန်းဟယ်လုပ်ကြသည်။ ဝေဟာင်စိုးကတော့ သူ့ဝသီအတိုင်း သူ့ကိုယ်သူ တစ်စက်မျှ ဂရုမစိုက်ဘဲ သူ့နံဘေးတွင် ကြောင်စီစီလေး ရပ်နေသော ခြောက်နှစ်၊ ခုနှစ်နှစ်အရွယ် ကလေးမလေးကိုသာ ကြင်ကြင်နာနာ မေးလိုက်သည်။ ကလေးမလေးက စောစောကမှ ကြုံတွေ့လိုက်ရသော ချောက်ချားဖွယ်အဖြစ်အပျက်ကြောင့် ထိတ်လန့်တုန်လှုပ်နေပုံရ၏။ ဝေဟာင်စိုး၏ အမေးကို ပြူးကြောင်ကြောင်လေး ပြန်ငေးကြည့်နေသည်။ မတုန်လှုပ်ဘဲ နေပါ့မလား။ သူ့လို မူလတန်းအရွယ် ကလေးငယ်လေး မဆိုထားနှင့်၊ ကျွန်တော်တို့လို ကြီးကောင်ကြီးမား အထက်တန်းကျောင်းသားများပင် သွေးပျက် ထိတ်လန့်နေဆဲ မဟုတ်လား။

"ဟာ...အမလေး...ဝေ...ဟောင်၊ နင့်...နင့်ဒူးခေါင်းမှာ သွေးတွေ"

နောက်ဆုံးမှ ပြေးလိုက်လာသော ချယ်ရီပွင့်၏ ထစ်ထစ်ငေါ့ငေါ့အသံကြောင့် ကျွန်တော်တို့အားလုံးသည် ဝေဟာင်စိုး၏ ဒူးခေါင်းဆီသို့ အကြည့် ရောက်သွားကြသည်။ အို...ဟုတ်ပါရဲ့ ဝေဟာင်စိုး၏ ဘယ်ဘက် ဒူးခေါင်းတစ်ခုလုံး ပွန်းပဲ့ စုတ်ပြတ်နေပါရောလား။

"ဆေးခန်းသွားမှဖြစ်မယ် ထင်တယ်နော်"

ဘယ်ရီပွင့်က အကြံပေးသည်။ ဘယ်ရီပွင့်၏ အပြောကို ချယ်ရီပွင့်ကလည်း ထောက်ခံသည်။ သူတို့ညီအစ်မ ပြောစကားကလည်း မမှား။ ဒဏ်ရာမှ တစ်ဆင့် ရောဂါပိုးမွှားဝင်ရောက်နိုင်သည်မဟုတ်လား။

"အရေးမကြီးပါဘူးဟာ။ နင်တို့တွေ ငါ့ကြောင့် ကျောင်းနောက်ကျနေပါ့မယ်။ ကလေးမလေးကို ဒီအတိုင်း လွှတ်လိုက်လို့ မဖြစ်ဘူးဟ။ သူ့ကျောင်းကို လိုက်ပို့ပြီး ကျောင်းအုပ်ဆရာကြီးကိုလည်း အကျိုးအကြောင်းသွားပြောပြမှ ဖြစ်မယ်ထင်တယ်"

"တောက်...ငါတို့ စောစောက ကြောက်လန့်နေတာနဲ့ ဘရိတ်ပေါက်လာတဲ့ ကားရဲ့ နံပါတ်ကိုတောင် မမှတ်မိလိုက်ဘူး။ နာတယ်ကွာ"

ဖြိုးသိုက်ထွန်း၏ အော်သံကြားမှပဲ ကျွန်တော်တို့တွေလည်း ထိုကိစ္စကို သတိရမိသည်။ ဟုတ်တာပေါ့။ ဒီလို စည်းကမ်းမဲ့တဲ့ ကားမျိုးကို အရေးယူလို့ရအောင် ကျွန်တော်တို့ တစ်ခုခုမှတ်သားလိုက်သင့်သည်။

"မလုပ်ပါနဲ့ကွာ။ သူလည်း ဘရိတ် ဘယ်ပေါက်ချင်ပါ့မလဲ။ ပြီးတာတွေလည်း ပြီးပြီပဲ။ ထားလိုက်တော့။ မင်းတို့ ကျောင်းသွားနှင့်ကြ။ ငါ ကလေးကို ဟိုဘက်ကျောင်းသွားပို့ပေးလိုက်ဦးမယ်"

"မဟုတ်တာဟယ်။ ငါတို့လည်း လိုက်မှာပေါ့"

"မလိုက်ပါနဲ့ဟာ။ နင်တို့တွေ ငါ့ကြောင့် စာနောက်ကျနေဦးမယ်"

"မင်းကလဲကွာ၊ ဒူးခေါင်းမှာလည်း ဒဏ်ရာကြီးနဲ့ကို။ ဆေးခန်း အရင်သွားပါလား"

"ဟုတ်သားပဲ။ ငါတို့ ကလေး သွားပို့ပေးပါ့မယ်"

ချယ်ရီပွင့်၊ ဘယ်ရီပွင့်၊ ဖြိုးသိုက်ထွန်းနှင့် သောင်းသန်းထိုက်တို့ လေးယောက်လုံး အသည်းအသန် အလုအယက် တားမြစ်ကြသော်လည်း ဝေဟာင်စိုးကတော့ ဘာတစ်ခွန်းမျှ ပြန်မပြောသေးဘဲ သူတို့ပြောသမျှကိုသာ ပြုံးတုံ့တုံ့ နားဆင်နေသဖြင့် ငယ်ပေါင်းကြီးဖော်ဖြစ်တဲ့ ကျွန်တော်ကတော့ ချက်ချင်းသဘောပေါက်လိုက်ပြီ။ သူတို့ ပြောစကားကို ဝေဟာင်စိုး နားထောင်လိမ့်မည်မဟုတ်။ နောက်ပြီး ဟုတ်တာပဲလေ၊ ဝေဟာင်စိုးက ဆေးခန်းသွားဖို့မှ မလိုတာ။

"မင်းတို့အားလုံးကို ငါ အရမ်းကျေးဇူးတင်ပါတယ်ကွာ။ မင်းတို့ဟာ ငါ့ရဲ့ သူငယ်ချင်းကောင်းတွေဆိုတာ ငါ သိပါတယ်။ ဒါပေမယ့် ငါ့ကို တကယ်ခင်ရင် ငါပြောသလိုလုပ်ပေးကြပါကွာ။ ကျောင်းသွားနှင့်ကြပါ"

နောက်ဆုံး မည်သို့မျှ ပြောမရတော့၍ ကျွန်တော်တို့ငါးယောက်သား ကျောင်းသို့ သွားနှင့်ရသည်။ ဝေဟာင်စိုးကတော့ ကလေးမလေး၏ ထမင်းချိုင့်ကို လက်တစ်ဖက်က ဆွဲ၊ ကျန်လက်တစ်ဖက်ဖြင့် ကလေးမလေး၏ လက်ကို ဆွဲကာ တစ်ဖက် မူလတန်းကျောင်းဆီသို့ ပေါ့ပေါ့ပါးပါး ချီတက်သွား၏။

လမ်းတွင် ချယ်ရီပွင့်က ဝေဟာင်စိုးကို ကရုဏာဒေါသောနှင့် အပြစ်တင်သလို၊ ဖြိုးသိုက်ထွန်းကလည်း စိတ်တို



www.burmeseclassic.com

www.burmeseclassic.com

နေ၏။ ဘယ်ရီပွင့်ကတော့ ဆေးခန်းသွားသင့်ကြောင်းကိုသာ ထပ်တလဲလဲပြော၏။ အားလုံးထဲတွင် အအေးဆုံးဖြစ်တဲ့ ကျွန်တော်တစ်ယောက်သာ ဘာစကားမျှမဆိုဘဲ အတိတ်ကိုသာ တစ်ကျော့ပြန် ငေးကြည့်နေမိသည်။

ဝေဟင်စိုးနှင့် ကျွန်တော်က တစ်ရွာတည်းနေ ငယ်သူငယ်ချင်းတွေဖြစ်၏။ ငယ်သူငယ်ချင်းဟု ဆိုပေမယ့် ဝေဟင်စိုးက ကျွန်တော့်ထက် တစ်နှစ်နီးပါးလောက် ကြီးသဖြင့် ကျွန်တော့်အတွက် အစ်ကိုတစ်ယောက်လိုလည်း အားကိုးအားထားပြုဖွယ်ရာ လူတစ်ယောက်ဖြစ်သည်။

"ဝေဟင်စိုးကိုက လူထူးလူဆန်းပါကွာ"

သောင်းသန်းထိုက်၏ ခပ်ညည်းညည်း ရေရွတ်သံက နားထဲသို့ ဝင်ရောက်လာသဖြင့် ကျွန်တော် မသိမသာ ပြုံးလိုက်မိသည်။ သူတို့တစ်တွေက ဝေဟင်စိုး၏ အကြောင်းကို လုံးစေ့ပတ်စေ့ မသိကြပါ။ သူတို့နှင့် ဝေဟင်စိုး၏ ခင်မင်မှုသည် အချိန်တစ်နှစ်တာပင် မကြာမြင့်သေး။ ဝေဟင်စိုး၏ အကြောင်းကိုသာ သေချာသိလျှင် ထိုစကားကို သောင်းသန်းထိုက် တအံ့တသြ ရေရွတ်တော့မည်မဟုတ်။

အနီးဆုံး အတိတ်ကို ပြန်ငဲ့ကြည့်မိတော့ ဝေဟင်စိုးနှင့် ကျွန်တော် ရှစ်တန်းစာမေးပွဲအောင်အပြီး ရွာကျောင်းကြီးတွင် ဆက်လက် တက်ရောက်ရန် အထက်တန်းကျောင်းမရှိသဖြင့် မြို့ပေါ်က အထက်တန်းကျောင်းသို့ ကျွန်တော်တို့နှစ်ယောက် ဘော်ဒါကျောင်းသားဘဝဖြင့် ရောက်ရှိလာခဲ့ကြသည်။

ဤတွင် ချယ်ရီပွင့်၊ ဘယ်ရီပွင့်တို့ အမြွှာညီအစ်မအပါအဝင် သောင်းသန်းထိုက်၊ မြို့သိုက်ထွန်းတို့နှင့် ခင်မင်ခဲ့ကြ၏။ ဝေဟင်စိုးက အေးသော်၊ စကားနည်းသော်လည်း တစ်ဖက်သားကို အလွန်ကူညီတတ်သဖြင့် သူ့ကို လူတကာက အလွယ်တကူ ခင်မင်သွားကြသည်မှာ မဆန်း။ သို့သော်လည်း သူက သီးသီးသန့်သန့် နေတတ်သလို၊ တစ်ခါတစ်ရံ နားလည်ရခက်သလိုရှိသည်ကိုတော့ မည်သူမျှ ငြင်းလို့ မရ။ ယခုလည်း ခေါင်းမာသော ဝေဟင်စိုးကို သူငယ်ချင်းတွေအားလုံး ကရုဏာဒေါသောနှင့် အပြစ်တင် စိတ်ပူနေကြရပြီ မဟုတ်ပါလား။

♦♦♦

"ဝေဟင်…နင် ဆေးခန်းရောက်ခဲ့ရဲ့လား"

စာသင်ချိန်နောက်ကျပြီးမှ ရောက်လာသော ဝေဟင်စိုးကို ဘယ်ရီပွင့်က အလောတကြီး ပြေးထွက်ကြိုရင်း မေးလိုက်သည်။ ဝေဟင်စိုး၏ အကြောင်းကို အတန်းပိုင် ဆရာအား ပြောပြထားသဖြင့် ကျောင်းအုပ်ဆရာကြီး၏ ရုံးခန်းသို့ သွားရန် မလိုအပ်တော့။ ဘယ်ရီပွင့်၏ အမေးကို ဝေဟင်စိုးက အပြုံးဖြင့်သာ တုံ့ပြန်ရင်း ကျွန်တော့်နံဘေးသို့ ဝင်ထိုင်လိုက်သည်။

"ဟဲ့…ပြုံးမပြနဲ့၊ မမြင်ချင်ဘူး။ ပြော၊ ဆေးခန်းမသွားခဲ့ဘူးလား"

"မလိုပါဘူးဟာ"

"ဟာ • • •မင်းကလဲ၊ ဘာလို့ မလိုရမှာလဲ။ မင်းဒဏ်ရာက သွေးတွေ ဒီလောက်ထွက်နေတာကို"

"စိတ်မပူပါနဲ့ သူငယ်ချင်းတို့ရယ်။ ငါ တကယ် ဘာမှမဖြစ်ပါဘူး"

"ဘာလို့ မဖြစ်ရမှာလဲ။ နေဦး၊ ညနေကျမှ ဆေးခန်းသွားပြတော့၊ အခုတော့ ပလာစတာကပ်ပေးထားမယ်။ ငါ့မှာ ပလာစတာပါလာတယ်"

"အလုပ်ရှုပ်မခံပါနဲ့ဟာ"

"အယ်…မရပါဘူး။ ပေး…ပေး ငါကပ်ပေးမယ်"

"အာ…မလုပ်ပါနဲ့၊ မလုပ်နဲ့"

စိတ်မြန်လက်မြန်ရှိတဲ့ ဘယ်ရီပွင့်က ချယ်ရီပွင့်လက်ထဲက ပလာစတာကို ဆွဲယူပြီး ဆောင့်ကြောင့်ထိုင်ကာ ဝေဟင်စိုး၏ ဒူးခေါင်းကို ပလာစတာကပ်ပေးရန် ကြိုးစားသည်။ ဝေဟင်စိုးက တစ်ဖက်သို့ တိမ်းကာ အသည်းအသန်တားသော်လည်း မရ။ မြို့သိုက်ထွန်းက အမြင်မတော်သဖြင့် ဘယ်ရီပွင့်လက်ထဲက ပလာစတာကို ဆွဲယူပြီး ဝေဟင်စိုး၏ ပုခုံးကို ဒူးအထက်သို ဆွဲလှန်လိုက်သည်။

"ဟင်…ဘယ်…ဘယ်ရောက်သွားတုန်း၊ မင်းဒဏ်ရာက"

"အဲဒါကြောင့် မလိုပါဘူးလို့ ငါ ပြောသားပဲ"

ဝေဟင်စိုးက သက်ပြင်းငွေ့ငွေ့ချရင်း ထိုစကားကို ဆိုလိုက်၏။ အားလုံး၏ မျက်နှာတွေက တအံ့တသြ စောစောကတင် သွေးချင်းချင်းရဲနေတဲ့ ဒဏ်ရာ၊ ယခုတော့ အမာရွတ်ပင် မရှိ။ ကျွန်တော်က အားလုံးရဲ့ မျက်နှာတွေကို မထူးဆန်းသလို ငေးကြည့်နေစဉ် ဝေဟင်စိုးကတော့ တစ်ဖက်သို့ တိုးကာ လွတ်သွားတဲ့ စာတွေကို ကူးယူနေပြီ။

♦♦♦

"အဲဒါ ဘယ်လိုဖြစ်တာလဲ သိဟ"

"ဘယ်လိုဖြစ်တာလဲ ဆိုတာကတော့ ငါ ဘယ်သိပါ့မလဲ။ ဒါပေမယ့် သူ့မှာ ဒဏ်ရာရတိုင်း အဲဒီအတိုင်းပဲ ချက်ချင်းပြန်ပျောက်သွားတာပဲ။ ဆေး ဆေးခန်းသွားစရာ တစ်ခါမှ မလိုဘူး"





www.burmeseclassic.com

www.burmeseclassic.com

"ဟယ်…မဖြစ်နိုင်တာ၊ ငါတောင် ခြင်သတ်ဖူးတယ်"

"ငါကတော့ ပုရွက်ဆိတ်တွေကို ရေနှစ်သတ်နေကျ"

"အမလေး…ငါဆို ငှက်တောင် ပစ်ဖူးတယ်"

ဘယ်ရီပွင့်နှင့် ချယ်ရီပွင့်တို့က တအံ့တသြ ရေရွတ်လိုက်တော့ သောင်းသန်းထိုက်ကလည်း အားကျမခံ ဝင်ပြော၏။ သူတို့တွေရဲ့ စကားတွေကြောင့် အားလုံးပွဲကျသွားရသည်။ သူတို့ အံ့သြလျှင်လည်း အံ့သြချင်စရာ။ လောကတွင် သူတစ်ပါး၏ အသက်ကို မသတ်ဘူးသူဟူ၍ အလွန်ရှားပါးမည်မဟုတ်လား။

"နင်တို့တွေကလည်း စကားပျက်အောင် လုပ်နေပြီ၊ သီဟာ…ဆက်ပြောပါဦး။ ငါလည်း ဝေဟင်ရဲ့ အကြောင်းကို စိတ်ဝင်စားလို့"

"အမယ်… ငဖြိုး၊ အပိုတွေ မလုပ်ပါနဲ့။ မင်းဆို ပိုးဟပ်တွေကို မီးရှို့သတ်နေကျမဟုတ်လား"

"ငါက သူများအသက် မသတ်ဖူးဘူးလို့ ပြောနေလို့လား။ သတ်တော့ ဘာဖြစ်လဲ။ ပိုးဟပ်တွေက ရောဂါပိုးသယ်ဆောင်တဲ့ ကောင်တွေ။ ငါ သတ်ပစ်တော့ လူတွေ အန္တရာယ်တောင် ကင်းသေး။ ထားပါတော့ကွာ။ သီဟာ… စကားဆက်ပါဦး"

"နောက်ပြီး ငါသိသလောက် ပြောရရင် သူက ဘယ်တော့မှ လိမ်မပြောဘူး။ အမှန်ကိုပဲ ပြောတတ်တယ်"

"ဒါတော့ ငါနဲ့ တူသွားပြီ"

"ဘာတူတာလဲ ငဖြိုးရဲ့၊ ဆန့်ကျင်ဘက် တူတာကို ပြောတာလား"

"မိချယ်ရီနော်၊ နင်လိမ်ပြောတိုင်း လူတိုင်းကို လိမ်ပြောတယ်ချည်း ထင်မနေနဲ့"

"နင်တို့ကလည်း တော်ကြပါတော့။ ငါတို့က ဝေဟင်ရဲ့ အကြောင်း ပြောနေတာလေဟာ။ သီဟာ ပြောပုံအရဆိုရင် ဝေဟင်က တော်တော်အံ့သြစရာကောင်းတာပဲနော်"

အရေးထဲ ဖြိုးသိုက်ထွန်း၏ ပဏာယူမှုကို ချယ်ရီပွင့်က ရှုံ့ချလိုက်သဖြင့် နှစ်ယောက်သား ရန်ဖြစ်နေကြ၍ ဘယ်ရီပွင့်က ဝင်တားမြစ်ရင်း ထိုသို့ဆိုလိုက်၏။ ဘယ်ရီပွင့်၏ စကားကိုတော့ မည်သူမျှ ငြင်းချက်ထုတ်လို့ မရ။

အဆောင်ပြန်ရောက်တော့ ကော်ရစ်တာတွင် ထိုင်ကာ အဝေးကို ငေးကြည့်နေသော ဝေဟင်စိုးကို အခန့်သားတွေ့သဖြင့် သူ့အနားသို့ လျှောက်လာလိုက်ရင်း…

"ဝေဟင်…မင်း ဘာတွေတွေးနေတာလဲ။ ရွာကို သတိရလို့လား"

"ဒီလိုပါပဲကွာ။ ရောက်တတ်ရာရာပေါ့"

"ဒီနေ့အပြန် ဟိုကောင်တွေ မင်းအကြောင်းကို ဝိုင်းမေးကြတယ်ကွ။ မင်းက လိမ်မပြောဖို့ မှာထားလို့ ငါလည်း အမှန်အတိုင်းပဲ ပြောပြလိုက်တယ်။ မင်း စိတ်ဆိုးလား သူငယ်ချင်း"

"ငါတွေးမိပြီးသားပါကွာ။ အရေးမကြီးပါဘူး။ စိတ်လည်း မဆိုးပါဘူးကွာ။ ဒါနဲ့ ကျွဲကြီးအကြောင်းရောမင်းပြောပြလိုက်သေးလား"

"အေး၊ ဟုတ်သား။ မင်းပြောမှပဲ သတိရတော့တယ်။ ငါမေ့နေလို့ မပြောမိလိုက်တာ တော်သေး။ ဒါကို ကြားရင် ပိုတောင်လန့်ကုန်ဦးမယ်။ ဒါပေမယ့် မင်း မစိုးရိမ်ပါနဲ့ကွာ။ သူတို့က မင်းကို ခင်ကြပါတယ်"

"ငါသိပါတယ် သီဟာရာ။ ကဲ - ရေမိုးချိုးပြီး ဘုရားရှိခိုးလိုက်ဦးမယ်"

"အေးအေး"

ဝေဟင်စိုးက ကျွန်တော့်အနားကနေ အေးငြိမ်းစွာ ထထွက်သွားသည်။ ကျွန်တော်က သူငယ်ချင်းတွေကို သူ့အကြောင်း အကုန်ပြောပြမိသဖြင့် စိတ်ဆိုးလေမလားဟု တွေးထားမိပေမယ့် သူကတော့ စိတ်ဆိုးဖို့နေနေသာသာ စိတ်လှုပ်ရှားသွားပုံပင် မရ။ သူပြောမှပဲ ကျွဲကြီးအကြောင်းကို ပြန်သတိရသွားသည်။

အမှန်တော့ ထိုအကြောင်းက ကျွန်တော်ပင် ကောင်းကောင်းမမှတ်မိသေးသည့်အချိန်က ဖြစ်ပျက်ခဲ့သည့်ကိစ္စ။ ထိုစဉ်က ကျွန်တော့်အသက်က သုံးနှစ်၊ ဝေဟင်စိုးက လေးနှစ် မပြည့်တပြည့်။

တစ်နေ့ ဝေဟင်စိုး ညနေစောင်းအချိန်ကြီး လယ်ဆီသို့ တစ်ယောက်တည်းသွားသည်။ လယ်ကွင်းထဲရောက်တော့ လယ်ကန်သင်းဘေးက မှိုနားတိုရွက်တွေကို လိုက်ခူးဆွတ်၏။ နေ့လယ်ခင်း ထမင်းစားစဉ် မိခင်ဖြစ်သူက မှိုနားတိုရွက် စားချင်လိုက်တာဟု ပြောသံကို ကြား၍ ထိုသို့သွားခူးခြင်းဖြစ်မည်ဟူ၍ လူကြီးတွေ ပြန်ပြောမှ သိရသည်။ ထိုသို့ မှိုနားတိုရွက်တွေ ခူးဆွတ်ပြီး လွယ်အိတ်လေးထဲ ထည့်ကာ ပြန်အလာ၊ လှည်းလမ်းတွင် ဝရုန်းသုန်းကား ပြေးလာသော ကျွဲအုပ်ကြီးနှင့် ဆုံလေသည်။ ကျွဲတွေက လမ်းတွင် မြွေဆိုး၊ ဒါမှမဟုတ် အကောင်ကြီး တစ်ကောင်ကောင်နှင့် တွေ့၍ ထိုသို့ပြေးလွှားလာကြပုံရ၏။ ဝေဟင်စိုးလေးမှာ တကယ့် လူမမယ်အရွယ်လေး။ ပြေးလွှားလာသော ကျွဲအုပ်ကြီး၏ ခြေချောင်းများအောက်တွင် ဖွတ်ဖွတ်ညက်ညက်ကြေရတော့မည်။



www.burmeseclassic.com

www.burmeseclassic.com

“ဟဲ့…ဟဲ့…ကိုသောင်းရေ၊ လုပ်ဦး။ ဟိုမှာ ကလေးတစ်ယောက်”

“ဟုတ်ပါရဲ့။ ကလေးလေးတော့ ဒုက္ခရောက်တော့မှာပဲကွယ်”

“ကိုထူး သွားမကယ်နဲ့နော်။ တော်ကြာ၊ တော်ပါ သေသွားလို့ ကျုပ်မှခိုးမဖြစ်နေဦးမယ်”

ခပ်လှမ်းလှမ်းမှ လူအုပ်က ထိုအဖြစ်ကို လှမ်းမြင်သော်လည်း များပြားလှတဲ့ ကျွဲအုပ်ကြီးရဲ့ ခြေထောက်ရန်ကို ကြောက်သဖြင့် သွားမကာပ်ဝံ့ကြ။ ဝေဟင်စိုးလေးခမျာလည်း သေဘေးကို ကြောက်ရွံ့သဖြင့် ကျွဲအုပ်ကြီးကို မြင်သည်နှင့် နေရာ၌ ထိုင်ချလိုက်ပြီး မျက်စိကို စုံမှိတ်ရင်း ရရာဘုရားစာကို ရွတ်ဖတ်ကာ ဘဝကူးကောင်းအောင်သာ ဆုတောင်းနေတော့သည်။ ထိုစဉ်…

“ဟင်…ဟိုဟာ စိန်ပန်းမဟုတ်လား။ ဒီကျွဲမက တော်တော်ရိုင်းတဲ့ဟာမပါ။ ဘယ်နှယ့်လုပ်ပြီး…”

“အေးတော်၊ ကလေးလေးကို ကယ်လိုက်တဲ့ ပုံပဲ။ ထူးဆန်းလိုက်တာအေ”

“ကလေးရဲ့ ကံပဲပေါ့ဟယ်။ ကံထူးတဲ့ ကလေးပဲ တော်ရေ”

ရှေ့ဆုံးမှ ပြေးလာတဲ့ ကျွဲမကြီး စိန်ပန်းက ဝေဟင်စိုးလေးကို မြင်သည်နှင့် မည်သို့ စိတ်ကောင်းဝင်သွားသည်မသိ၊ ဝေဟင်စိုး၏ အပေါ်ကနေ ခြေထောက်လေးဘက် ကားကာ ခွမိုးပေးထား၏။ ကျန်ကျွဲများကလည်း စိန်ပန်း၏ ကြမ်းပုံရမ်းပုံကို အချင်းချင်းသိနေလေသလား မပြောတတ်။ စိန်ပန်းကို ရှောင်ကွင်းကာ ဆက်ပြေးသွားကြသဖြင့် ဝေဟင်စိုးလေး အသက်မသေဘဲ လွတ်မြောက်ခဲ့ရခြင်းဖြစ်သည်။ ထိုအကြောင်းကို ကျွန်တော်တို့ အရွယ်အတော်ကြီးသည်အထိ ပြောမဆုံးကြသေး။ မိန်းမငယ်ငယ်/ကြီးကြီး ဆုံကြပြီဆို သည်အကြောင်းက မပါမဖြစ်မို့ ကျွန်တော်တို့ပင် နားရည်ဝကာ အလွတ်ရသည်အထိ။

♦♦♦

ကျွန်တော်တို့အထဲတွင် ဖြိုးသိုက်ထွန်းသည် စာအကြိုးစားဆုံးသူဖြစ်သည်။ သူ့ကို ဘယ်အချိန်ပဲ ကြည့်လိုက် ကြည့်လိုက် စာအုပ်တစ်အုပ်ကို ကိုင်ကာ စာဖတ်စာကျက်နေတတ်တဲ့ လူစားမျိုး။ သို့ကြောင့်လည်း ဆယ်တန်းအောင်တော့ ဂုဏ်ထူး လေးဘာသာပါတာ မထူးဆန်းလှ။ အဲ…ထူးဆန်းနေသည်က ကျွန်တော်တို့သူငယ်ချင်းကိုထူးဆန်းလေး ဝေဟင်စိုးသာ အမြဲတမ်း သူ့တစ်ပါးကို လိုက်လံကူညီနေရသဖြင့် စာကျက်ရသည့်အချိန် နည်းပါးရသည့်အထဲ၊ တစ်နေ့လျှင် မနက်ဘက် ဆွမ်းလောင်း၊ သီလယူ၊ ပုတီးစိပ်၊ တရားထိုင် စတဲ့ ဘာသာရေးအလုပ်တွေကြောင့် ပို၍ပင် စာကျက်ချိန်နည်းသည်။ သို့သော် ဆယ်တန်းစာမေးပွဲအောင်တော့ ဂုဏ်ထူးခြောက်ဘာသာဖြင့် အောင်မြင်၍ ကျွန်တော်တို့အားလုံး အံ့သြမကာ အံ့သြလွန်းခဲ့ရသည်။ သောင်းသန်းထိုက်ကပင်…

“ဝေဟင်…ဟိတ်ကောင်၊ မင်းကတော့ မဟုတ်တော့ဘူးကွာ”

ဟူ၍ ပါးစပ်အဟောင်းသားနှင့် ရေရွတ်သွားသည်။

တက္ကသိုလ်တက်တော့ ဖြိုးသိုက်ထွန်းက လွဲ၍ ကျွန်တော်တို့အားလုံး ရိုးရိုးမေဂျာ။ အားလုံးက ဝေဟင်စိုးက ဆေးတက္ကသိုလ် (သို့မဟုတ်) နည်းပညာတက္ကသိုလ်၊ ရေကြောင်းတက္ကသိုလ် တစ်ခုခုတက်လိမ့်မည်ဟု ယူဆထားပေမယ့် သူကတော့…။

♦♦♦

အချိန်တွေ ကြာခဲ့ပါပြီ။ ကျွန်တော်ပင် အသက်အရွယ်ကြီးလို့ ပင်စင်ယူဖို့ပင် နီးကပ်နေခဲ့ပြီ။ သူငယ်ချင်းအားလုံးနှင့်လည်း တက္ကသိုလ်ပြီး၍ အလုပ်ခွင် ဝင်ရောက်သွားကြကတည်းက တစ်ယောက်နှင့် တစ်ယောက် အေးအေးလူလူ မဆုံဖြစ်ကြတော့။ တစ်ယောက်နှင့် တစ်ယောက် သတိရမိပေမယ့် အလုပ်တာဝန်၊ အိမ်ထောင့်တာဝန်တွေကို ကျေပွန်စွာ ထမ်းဆောင်လိုသူ ကျွန်တော့်အဖို့တော့ တစ်နယ်စီ ဝေးကွာနေတဲ့ သူငယ်ချင်းတွေဆီ ဖုန်းနဲ့ ဆက်သွယ်ရုံက လွဲပြီး ကိုယ်တိုင်ကိုယ်ကျ သွားရောက်ရန် အခွင့်မသာ။ ယခုဆိုလျှင် ကျွန်တော့်တွင် မြေးဦးလေး တစ်ယောက်ပင် ရနေပြီ။

“အဖေ…အဖေ့မြေးလည်း ဆယ်နှစ်ကျော်နေပြီ။ သမီးတို့ ရှင်ပြုပေးရင် ကောင်းမလားလို့ အဖေ့ကို တိုင်ပင်တာ”

“ကောင်းတာပေါ့ သမီးရဲ့။ လုပ်ကွယ်။ အဖေလည်း အလုပ်တွေ များတာနဲ့ ဘာသာရေးဘက် မလှည့်ဖြစ်တော့ ကုသိုလ်အနည်းသားမဟုတ်လား။ လုပ်…လုပ်၊ သမီးတို့ စိတ်တိုင်းကျသာ လုပ်လိုက်”

ထိုသို့ ကျွန်တော့်ခွင့်ပြုချက်ရသည်နှင့် သမီးနဲ့ သားမက်တို့က မြေးငယ်ကို ရှင်ပြုပေးရန် စီမံကြသည်။ ငွေကြေးအတော်အတန်ရှိသူ ကျွန်တော်တို့မိသားစုကြီးအဖို့ ကောင်းမှုပြုရန် အခွင့်သာခိုက် အလှူပွဲ၊ တရားပွဲတွေပါ ထည့်သွင်းရန် စဉ်းစားလျက် မြေးလေးရဲ့ ရှင်ပြုပွဲကို ခြိမ့်ခြိမ့်သဲ ပြုလုပ်ဖြစ်ကြသည်။ သို့ဖြင့် နှစ်ပေါင်း ၃၀ကျော်ဝေးကွာနေသည့် ငယ်သူငယ်ချင်းဟောင်းနှင့် အလှူပွဲတွင် ထူးထူး



www.burmeseclassic.com

www.burmeseclassic.com

ဆန်းဆန်း ပြန်လည်ဆုံတွေ့ဖြစ်ခဲ့ခြင်း ဖြစ်၏။

"ဒကာကြီး…ဦးဇင်းကို မှတ်မိလား"

"ဟင်… ဦးဇင်း၊ ဦးဇင်းက ကိုဝေဟင်စိုးလား ဘုရား"

"အိမ်း…ဒကာကြီး မှတ်မိသားပဲ။ အခုတော့ အရှင်ဝီရိယနန္ဒတဲ့။ ဒကာကြီးရော လူ့ဘောင်လောကမှာ အဆင်ပြေရဲ့လား"

"မှန်ပါ့။ လောဘ၊ ဒေါသ၊ မောဟတွေနဲ့ ပူလောင်လှပေမယ့် ပိုးလုံမျိုး ပူမှန်းသိရဲ့သားနဲ့ မီးကို တိုးနေတုန်းပါ ဘုရား"

ကျွန်တော့်ရဲ့ ပြန်လျှောက်တဲ့ စကားကြောင့် ဆရာတော်က ကြည်ဆင် အေးမြတဲ့ အပြုံးတစ်ပွင့်ကို ပြုံးတော်မူလိုက်သည်။ နှစ်ပေါင်း သုံးဆယ်ကျော် ဝေးကွာသွားသော်လည်း ဆရာတော်၏ ရုပ်ရည်သည် ယခင်ကအတိုင်း ငယ်ပျိုမျစ်နေဆဲဖြစ်သလို၊ မျက်နှာတော်ကလည်း ငယ်စဉ်ကထက်ပင် ကြည်လင် ဝင်းပနေသည်။ အတိတ်က ကိုဝေဟင်စိုးကို ပြန်မြင်ယောင်ကြည့်မိသည်။

ကိုဝေဟင်စိုးမှာ အမှန်တော့ ခင်မတန် ချောမော ခန့်ညားပြီး သောက်ျားပီသသော ရုပ်ရည်မျိုးကို ပိုင်ဆိုင်ထားသူဖြစ်၏။ မျက်ခုံးထူထဲ၏။ မျက်လုံး စူးရှတောက်ပ၏။ နှာတံစင်းပြောင်၏။ နှုတ်ခမ်းမှာ မထူမထဲ မပါးသောတဲ့ ကြည့်ကောင်းရုံအနေအထားရှိ၏ မျက်နှာကျပုံမှာလည်း မဝိုင်းလွန်း ရှည်လွန်းဘဲ အသင့်အတင့်။ အသား ဖြူဝင်းပြီး အရပ်အမောင်းလည်း မြင့်မားလှတာကြောင့် ဆယ်တန်း ကျောင်းသားဘဝကပင် လိုက်ကြိုက်သော အထာပေးသော မိန်းကလေးများ ပေါ်များလှ၏။ သို့သော် ကိုဝေဟင်စိုးသည် ဘာကိုမျှ ဂရုမစိုက်။ ထိုအရာတွေကို ကိလေသာဟု သဘောပိုက်ကာ ဘုရားကို ဖက်၊ တရားကိုသာ မှတ်သည်။ ဆယ်တန်းကို ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သော်လည်း တခြားသူတွေလို ဆေးတက္ကသိုလ်၊ စက်မှုတက္ကသိုလ်တွေကို မတက်ရောက်။ မိဘကို ခွင့်တောင်းကာ ပါဠိတက္ကသိုလ်(အဘိဓမ္မာတက္ကသိုလ်)ကိုသာ ကိုရင်ဘဝနှင့် တက်ရောက်သွားတော့သည်။

"ငယ်ငယ်က ဒကာကြီး ခဏခဏမေးခဲ့ဖူးတဲ့ မေးခွန်းတစ်ခုရှိတယ်။ ဒကာကြီး မှတ်မိသေးလားတော့ မသိဘူး။ ဘာတွေတွေးနေတာလဲ ဆိုတာလေ။ ဦးဇင်းငယ်ငယ်က တစ်ယောက်တည်းရှိနေတိုင်း အဝေးကို ငေးပြီး အမြဲတွေးနေတတ်တဲ့ အကြောင်းအရာက ဟိုးအတိတ်ဘဝကိုပဲ။ တကယ်တော့ ဦးဇင်းဟာ အတိတ်ဘဝကို မှတ်မိနေတဲ့သူတစ်ယောက်ပါ။ အတိတ်ဘဝက ဦးဇင်းဟာ စတုမဟာရာဇ်နတ်ပြည်မှာ နတ်သမီးငါးရာ၊ နတ်ရထား တစ်စင်း၊ ရွှေပြာသာဒ်တစ်ဆောင်ကို ပိုင်ဆိုင်တဲ့ နတ်သားတစ်ပါးပါ။ အပျော်ကျူးပြီး ကောင်းမှုပြုဖို့ မေ့နေခဲ့တာကြောင့် နတ်သက်စေ့တော့ စုတေခဲ့ရတယ်။ ဦးဇင်း ဒီအကြောင်းတွေကို အရင်ကတည်းက ဒကာကြီးကို ပြောပြချင်ပေမယ့် ဒကာကြီး မယုံကြည်မှာစိုးလို့ မပြောပြဖြစ်ခဲ့တာ။ အရင်ကတော့ နတ်ပြည်ကို ပြန်လိုဇောနဲ့ ဘာသာတရားကိုင်းရှိုင်းခဲ့တယ်။ အခုတော့ ရည်ရွယ်ချက်ပြောင်းသွားပြီ ဒကာကြီး။ ၃၁ဘုံမှာ ကျင်လည်နေသမျှ သံသရာရှည်နေဦးမှာပဲ။ ဒါကြောင့် သံသရာပြတ်အောင် နိဗ္ဗာန်မဂ်ဖိုလ်ကိုပဲ စိတ်ရည်သန်ပြီး တရားဘာဝနာ အားထုတ်နေခဲ့တာ ကြာပါပြီ။ တရားထူး၊ တရားမြတ်ကိုလည်း အတော်အတန်သိရှိနေပြီမို့ သံသရာပြတ်အောင် ဦးဇင်း ကြိုးစားနေပြီ ဒကာကြီး။ ဒကာကြီးလည်း အချိန်မလင့်ခင် တရားအားထုတ်တော့။ နောက်ဖြန်ဆိုတာ ကိုယ့်အတွက် မသေချာဘူး။ ကဲ - ဦးဇင်း ကြွတော့မယ်"

"တင်ပါ့ ဘုရား"

ကျွန်တော့်ရှေ့မှ သတိအမှတ်ဖြင့် တစ်လှမ်းချင်းကြွသွားသော ဦးဝီရိယနန္ဒခေါ် ကိုဝေဟင်စိုးကို ငေးကြည့်ရင်း အစအဆုံးမသိ ရှည်လျားလှသည့် သံသရာကြီးတွင် ကျင်လည် ကျက်စားနေရတဲ့ ကျွန်တော်တို့အဖြစ်ကို ကျွန်တော် ပထမဦးဆုံးအကြိမ် အလွန်အမင်း ကြောက်ရွံ့သွားမိသည်။ နတ်ပြည်၊ ဗြဟ္မာ့ပြည်ပင် ဖြစ်လင့်ကစား၊ ကောင်းမှု ဆက်မပြုလုပ်လျှင် အကျိုးပေးကုန်သည်နှင့် အောက်ဘုံဖြစ်တဲ့ ငရဲပြည်၊ လူ့ပြည်သို့ လက်တစ်ဖျစ်၊ မျက်စိတစ်မှိတ်အတွင်း စုတေသွားနိုင်သည်ဆိုတဲ့အကြောင်းကို ကျွန်တော် သိရှိလိုက်ရပါပြီ။ ကျွန်တော်တို့တစ်တွေဟာ နိဗ္ဗာန်သောင်ကမ်းသို့ မဆိုက်ရောက်သရွေ့ သံသရာဝဲဂယက်အတွင်း၌ ဒုက္ခကြီးစွာဖြင့် ကျင်လည်နေရဦးမည် မဟုတ်ပါလား။■

စေတနာရှေ့ထားလျက်…

* * *

ဂါဦးနွန်းကို



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

■

ဘုရားရှင်လက်ထက်တော်အခါက ဖြစ်သည်။

သာဝတ္ထိပြည်၌ တောဒေယျအမည်ရှိ ပုဏ္ဏားတစ်ဦးရှိခဲ့၏။ ထိုပုဏ္ဏားကား သာမန် ပုဏ္ဏားမဟုတ်။ ကောသလဘုရင်မင်းမြတ်၏ မင်းဆရာ ပုရောဟိတ် ပုဏ္ဏားဖြစ်သည်။ ဘုရင်မင်းမြတ်မှ မင်းဆရာဖြစ်၍ သာဝတ္ထိမြို့အနီးရှိ တုဒိရွာကို အပိုင်စား ပေးသနား ချီးမြှင့်ခံရသဖြင့် "တောဒေယျ"ဟု အမည်တွင်ခြင်းဖြစ်သည်။

တောဒေယျပုဏ္ဏားသည် ပြည့်စုံကုံလုံသူဖြစ်သော်လည်း အလှူဒါန လုံးဝ ပြုလုပ်သူမဟုတ်။ ပစ္စည်းဥစ္စာတို့မှာ ကုဋေကြွယ် ချမ်းသာသူဖြစ်သည်။

တောဒေယျ အလှူဒါနမပြုသည်မှာလည်း သူ့အယူအဆနှင့် သူဖြစ်သည်။ သူ့အယူအဆကား အခြားမဟုတ်။

လောက၌ မျက်စဉ်းကျောက်သည်ပင်လျှင် သွေးပါများလျှင် ကုန်ခန်းသွား၏။ ပစ္စည်းဥစ္စာဟူသည်မှာလည်း မေးဖန်များလျှင် ကုန်ခန်းတတ်၏။ ခြကောင်များ၊ ပျားကောင်များသည် စုဖန်များလတ်သော် ခြအုံ၊ ပျားအုံဖြစ်လာသလို၊ ပစ္စည်းဥစ္စာဆိုသည်မှာလည်း စုဖန်များလျှင် ချမ်းသာလာစမြဲ။ ထို့ကြောင့် ပစ္စည်းကိုသာ စုကြ။ မလှူကြနှင့်၊ မပေးကြနှင့်ဟု သူ၏ အစေအပါးတို့အား အမြဲဟောပြောဆုံးမလေ့ရှိသည်။

တောဒေယျ ပုဏ္ဏားသည် တစ်နေ့ မီးဇာကုန် ဆီခန်းသခါရသဘောကို မလွန်ဆန်နိုင်သဖြင့် သေချိန်တန်တော့ သေရသည်။

တောဒေယျသူဌေး ကွယ်လွန်လျှင် ဘဝဟောင်းမှ ဥစ္စာပစ္စည်းတို့အား စွဲလမ်းသည့်စိတ်နှင့် သူ၏ သားဖြစ်သူ သုဘ၏ အိမ်၌ ခွေးဝင်စားသွားဖြစ်သည်။

သုဘပုဏ္ဏားသည် ခွေးကလေးအား အလွန်ချစ်သည်။ သူကိုယ်တိုင် အစာကျွေးသည်။ ကောင်းမြတ်သည့် အိပ်ရာ၌ သိပ်၏။ သို့သော် သုဘပုဏ္ဏားသည် ခွေးကလေးအား သူ့အဖေဝင်စားသည်ဟု မသိရှာပေ။

*တစ်နေ့ မြတ်စွာဘုရားရှင်သည် သုဘအိမ်သို့ ဆွမ်းခံ*ကြွတော်မူလာ၏။ ဘုရားရှင် ဆွမ်းခံကြွလာချိန်တွင် သုဘပုဏ္ဏား အိမ်မှာ မရှိ။ ဘုရားရှင် ဆွမ်းခံကြွလာသည်ကို တောဒေယျဝင်စားသည့်ခွေးကလေးက ဘုရားရှင်ကို မြင်လျှင် ဝုတ်···ဝုတ်···ဟု လှည့်ပတ်ကာ ဟောင်သည်။

ခွေးကလေးက ရန်မူလိုစိတ်ရှိသည်ဟု ဘုရားရှင် သိလိုက်၏။ ဘုရားရှင်က ပြုံးတော်မူပြီး···

"တောဒေယျ···သင်က လူ့ဘဝတုန်းကလည်း ငါ့ကို ဂေါတမ···ဂေါတမနဲ့ ရင့်ရင့်သီးသီးခေါ်ခဲ့တယ်။ အခု ခွေးဖြစ်ပြန်တော့လည်း ငါ့ကို ဟောင်တယ်။ သင်ဟာ မကြာခင် အဝီစိငရဲရောက်ရလိမ့်ဦးမယ်"

ဟု မိန့်ကြားခဲ့သည့်နောက်တွင် ခွေးကလေးမှာ သူ့အကြောင်း ဘုရားရှင် သိရှိသွားသဖြင့် မစားနိုင်၊ မအိပ်နိုင်ဖြစ်ကာ အိပ်ရာထဲတွင် ဘုန်းဘုန်းလဲလျက် ရှိနေခဲ့သည်။

သုဘပုဏ္ဏားလည်း သူ့ခွေးကလေး အစာမစားနိုင်သည့်အကြောင်းအား သိရှိရလျှင် ဘုရားရှင်အား ဒေါသဖြစ်သွားကာ···

"အို···ရဟန်း ဂေါတမ၊ မဟုတ်တာ ပြောပြန်ပြီ။ ငါ့ဖခင်က ဗြဟ္မာပြည်မှာ ရှိနေတယ်။ ခွေးဖြစ်နေတယ်ဆိုတာ မဟုတ်နိုင်ဘူး။ ဒီအတိုင်းဆို ရဟန်း ဂေါတမကို မုသာဝါဒနဲ့ စွဲပြီး အရှက်ခွဲရမယ်"

ဟု ကြိမ်းမောင်းပြီး ဘုရားရှင်ကျောင်းတော်သို့ သွားခဲ့၏။

ဘုရားရှင်ရှေ့မှောက်သို့ ရောက်လျှင်···

"ရဟန်း ဂေါတမ၊ သင် ကျွန်ုပ်ဖခင်အား ခွေးဖြစ်နေတယ်ဟု ပြောခဲ့သည်မှာ ဟုတ်သလား"

"မှန်တယ်"

ဟု ဘုရားရှင်က ဖြေ၏။

"ကျွန်ုပ်ကတော့ မယုံဘူး။ ကျွန်ုပ်ကို ယုံလောက်အောင် သက်သေပြပါ"

ဟု ဆို၏။

ထိုအခါ ဘုရားရှင်က သုဘပုဏ္ဏားအား ကြည့်ကာ-

"ချစ်သား သုဘ၊ သင် အိမ်ကို ပြန်ပြီး ရေမရောတဲ့ နို့ဆန်ပြုတ်ကို ခွေးကလေးအား ဝအောင် ကျွေးပါ။ မြင့်မြတ်တဲ့ နေရာမှာ သိပ်ပါ။ ခွေးကလေး အိပ်လို့ မပျော့တပျော် အချိန်မှာ သင့်ဖခင် သင့်ကို မပြောဘဲ မြှုပ်ထားတဲ့ ဥစ္စာကို မေးပါ။ ဒီအခါ သင့်ကို ပြောပြပါလိမ့်မယ်။ အဲဒီအခါမှာ ခွေးကလေးဟာ သင့်ဖခင်ဖြစ်တယ်ဆိုတာ သိပါလိမ့်မယ်"

*ဟု မိန့်ကြားတော်မူ၏။*

ဘုရားရှင်၏ မိန့်ကြားချက်အား သုဘပုဏ္ဏားသည် ငါ့ဖခင်ဟာ ငါ့ကို အသိမပေးဘဲ တစ်သိန်းတန် ရွှေခွက်၊ တစ်သိန်းတန် ရွှေပန်းကုံး၊ တစ်သိန်းတန် ရွှေခြေကျင်း၊ အသပြာ တစ်သိန်း၊ အဲဒီပစ္စည်းတွေ မြှုပ်နှံထားတာ ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com

ရဟန်းဂေါတမပြောတဲ့အတိုင်း မှန်ရင် ပြန်ရမယ်။ မမှန်ရင်လည်း ရဟန်းဂေါတမကို မုသာဝါဒနဲ့ စွပ်စွဲရမယ်ဟု စဉ်းစားပြီး . . .

"ကောင်းပြီ ဂေါတမ၊ ကျွန်ုပ် စစ်ဆေးမည်"

ဟု ဆိုကာ ပြန်လာခဲ့သည်။

အိမ်သို့ ရောက်လျှင် ဘုရားရှင် မိန့်ကြားသည့်အတိုင်း ပြုလုပ်၍ ခွေးကလေးအား မေးသည်။

တောဒေယျခွေးသည် ငါ့အကြောင်းအား သိကုန်ကြပြီဟု မျက်ရည်ကျပြီး ပစ္စည်းလေးမျိုး မြှုပ်ထားသည့်နေရာအား လက်နှင့် ယက်၍ တူးကြည့်ရာ ပစ္စည်းအားလုံးပြန်ရခဲ့သည်။

ထိုဇာတ်လမ်းအဖြစ်အပျက်တို့မှာ မြတ်စွာဘုရားရှင် လက်ထက်တော်အခါက ပစ္စည်းဥစ္စာ ရတနာတို့အား စွဲလမ်းတပ်မက်၍ အပါယ်လေးဘုံသားဘဝတွင် ကျင်လည်ခဲ့ရသည့် တောဒေယျပုဏ္ဏားသူကြွယ်၏ ဖြစ်ရပ်ပင် ဖြစ်သည်။

ပစ္စည်းဥစ္စာ ရတနာတို့အား တပ်မက်စွဲလမ်းလျက် ဥစ္စာစောင့်ဖြစ်သွားရသူ၊ အပါယ်လေးဘုံသားများဖြစ်သည့် အဟိတ် တိရစ္ဆာန်များ ဖြစ်သွားကြသည့် ဖြစ်ရပ်တို့မှာလည်း ဘုရားရှင်လက်ထက်တော်ကာလမှ မဟုတ်။ ယနေ့ မျက်မှောက်ကာလတွင်လည်း ဖြစ်ပျက် ကြုံတွေ့လျက် ရှိနေခဲ့ပါသည်။

♦♦♦

ယခု စာရေးသူ ရေးသားဖော်ပြမည့် ဖြစ်ရပ်မှာလည်း ဥစ္စာစွဲ၍ တိရစ္ဆာန်နှစ်ဘဝ ဝင်စားခဲ့ရသူ၏ ဖြစ်ရပ်တစ်ခုပင် ဖြစ်သည်။

ဆရာတော် ဦးလာဘ၏ အန္တိမ ဈာပနပွဲကား ကျေးရွာ ဒါယကာ၊ ဒါယိကာမအများ စုပေါင်းကာ တက်ညီလက်ညီ ဆောင်ရွက်ခဲ့ကြသဖြင့် အောင်မြင်စွာ ပြီးဆုံးခဲ့ပြီဖြစ်သည်။ ဆရာတော်၏ အန္တိမပွဲအတွက် လိုအပ်တာ မှန်သမျှအား ရပ်သူရွာသား ဒါယကာ၊ ဒါယိကာမများအား အနီးကပ် ကြီးကြပ်ခဲ့ရသည်မှာ ဆရာတော်၏ ငယ်သူငယ်ချင်းဖြစ်သူ ဆရာတော် ဦးစန္ဒာဝရပင် ဖြစ်သည်။

ဦးလာဘနှင့် ဦးစန္ဒာဝရ နှစ်ပါးစလုံး ဆေးဆရာဘုန်းကြီးများဖြစ်သည်။ ငယ်စဉ်ကလည်း တစ်ကျောင်းတည်းနေ စာသင်ဘက်များ၊ စာတက်ဘက်များ ဖြစ်ကြသည်။ နှစ်ပါးစလုံး ဆေးကိုင်၊ ဆေးကုတာချင်းတူသော်လည်း ကုသကြသည့် ဝေဒနာချင်း မတူညီကြပေ။ ဦးလာဘမှာ မျက်စိနှင့် ပတ်သက်သည့် ဝေဒနာများ ကုသရာတွင် ဆရာတစ်ဆူအဖြစ် နာမည်ကြီးသည်။ ဦးစန္ဒာဝရကား အဆိပ်ရှိ သတ္တဝါ မြွေကိုက်သူများအား အဓိကထား ကုသသည့်အခါ နာမည်ကြီးသည်။

ဦးလာဘမှာ နာမည်နှင့် လိုက်အောင်ပင် ငွေကြေး လာဘ်လာဘ အလွန်တပ်မက်သည့် ဘုန်းကြီးတစ်ပါးဖြစ်သည်။ ဦးစန္ဒာဝရက ထိုကဲ့သို့မဟုတ်။ တစ်ဖက်တွင် သာသနာပြု အသက်ကယ်ရင်း ခြိုးခြံကျင့်ကြံအားထုတ်ကာ ရောင့်ရဲနိုင်သည့်ဆရာတော်တစ်ပါးဖြစ်သည်။ ငွေကြေးလာဘ်လာဘ မမျှော်ကိုးဘဲ ဝေဒနာရှင်တို့အား ရောဂါပျောက်ကင်းအောင် ကုသပေးလေ့ရှိသည်။ ဆရာတော်နှစ်ပါး၏ စိတ်ထားမှာ အရှေ့နဲ့ အနောက်၊ တောင်နဲ့ မြောက်လို ကွာခြားလျက်ရှိသည်။

ရုတ်တရက်ဆိုသလို သူငယ်ချင်း ဆရာတော် ဦးလာဘ ပျံလွန်တော်မူသွားခဲ့ရာ ရပ်သူရွာသား တပည့် ဒါယကာ ဒါယိကာမများအဖို့ အားကိုးရာမဲ့သလို ဖြစ်သွားခဲ့သည်။ နောက်ဆုံး ဆရာတော်မရှိသည့်အခါ ဆရာတော်ကိုယ်စား ဓာတ်ပုံများအား ပုံကြီးချဲ့ ကူးယူခြင်း၊ ဆရာတော်၏ အသုံးအဆောင်အချို့အား အမှတ်တရ ရယူကာ ကိုးကွယ်ဖို့ ယူဆောင်ခဲ့ကြသည်။ သို့သော် ဆရာတော်ရှိစဉ်က ကိုင်စွဲလာသည့်ဆေးနှင့် ပတ်သက်သည့် ဆေးကျမ်းစာအုပ်များ၊ ဆေးဖော်ရာတွင် သုံးစွဲသည့် ပစ္စည်းပစ္စယများကတော့ ဒါယကာများအဖို့ အသုံးမတည့်၊ မသုံးတတ်ဖြစ်နေရသည်။

နောက်ဆုံး ငယ်သူငယ်ချင်းလည်း ဖြစ်၊ ဆေးဆရာဘုန်းကြီးလည်းဖြစ်သည့် ဆရာတော် ဦးစန္ဒာဝရအား ဆေးပစ္စည်း၊ ဆေးကျမ်းသေတ္တာအား လိုအပ်သလို အသုံးပြုပါရန် လွှဲပြောင်းပေးအပ်ခဲ့ကြသည်။

ဦးစန္ဒာဝရလည်း နောက်တစ်နေ့ ရွာသို့ ပြန်လာချိန်တွင် ဆေးကျမ်းသေတ္တာအား တစ်ပါတည်း ယူဆောင်လာခဲ့သည်။

♦♦♦

ဦးလာဘ ကျောင်းထိုင်ခဲ့သည်မှာ တုံငယ်ရွာကျောင်းဖြစ်သည်။ ဦးစန္ဒာဝရ သီတင်းသုံး နေထိုင်သည်မှာ ရွာဦးကျောင်းဖြစ်၏။ တစ်မြို့နယ်စီခြားလျက် မြစ်ကူးချောင်းခြားညအိပ်ညနေသွားမှ ရောက်ဖြစ်သည့်နေရာဖြစ်သည်။


သူငယ်ချင်းဖြစ်သူ ဦးလာဘ ပျံလွန်တော်မူပြီးကတည်းက တုံငယ်ရွာကျောင်းသို့ မရောက်ဖြစ်ခဲ့သည်မှာ အခါလည်နီးပါးပင် ကြာမြင့်ခဲ့ပြီဖြစ်သည်။

တစ်နေ့ သူငယ်ချင်းဖြစ်သူ၏ ဆေးသေတ္တာအား လှန်လှောကြည့်ရှုလိုစိတ် ပေါ်လာသဖြင့် ကျက်သရေဆောင်တွင်းသို့ဝင်ကာ ဆေးသေတ္တာအား ဖွင့်ကြည့်မည်ပြုလုပ်ရာ



www.burmeseclassic.com

www.burmeseclassic.com




သေတ္တာတွင် ကပ်လျက် တောက်တဲ့ကြီးတစ်ကောင်မှာ ဦးစန္ဒာဝရ၏ လက်အား ကိုက်မည်တကဲကဲဖြင့် ပါးစပ်ကြီး ဖြဲလျက် အော်တာတွေ့ရသည်။ ထို့ကြောင့်. . .

"ကိုရင် သုမန၊ ကျောင်းသား ခွေးညိုတို့ မရှိကြဘူး လား။ တစ်ယောက်ယောက်လာခဲ့စမ်း။ ဒီသေတ္တာမှာ ကပ်နေတဲ့ တောက်တဲ့ကြီးကို ကျောင်းဝိုင်းနဲ့ ဝေးရာသွား လွှတ်လိုက်စမ်း"

ဟု မိန့်လိုက်သည်။

ခွေးညိုနှင့် သုမနတို့လည်း တောက်တဲ့ကြီးအား ဝါးနှင့် ညှပ်ကာ ကျောင်းနဲ့ ဝေးရာသို့ သွား၍လွှတ်လိုက်ကြသည်။

ထိုသို့လွှတ်ပြီး ရက်သတ္တတစ်ပတ်ထက် မကြာ၊ တောက်တဲ့တွန်သံသည် ကျက်သရေခန်းရှိ သေတ္တာဆီမှ ကြားရပြန်သည်။

ဆရာတော်လည်း ကိုရင် သုမနနှင့် ခွေးညိုတို့အား ခေါ်၍. . .

"ခွေးညို. . .မင်းတို့ ကြားတယ်မဟုတ်လား။ တောက်တဲ့ ကြီး ပြန်ရောက်လာပြန်ပြီ။ တခြားဝေးဝေးနေရာရောက် အောင် သွားလွှတ်လိုက်ပါကွာ"

ဟု ဆိုကာ အလွှတ်ခိုင်းပြန်သည်။

လွှတ်ပြီး မကြာ၊ သုံးလေးရက်ပင် ရှိဦးမည်၊ ပြန်၍ ရောက်လာပြန်သည်။ တောက်တဲ့မှာ ဦးလာဘ၏ ဆေးသေတ္တာ အောက်ကပင် တွန်သံကြားရခြင်းဖြစ်သည်။

ဤတစ်ကြိမ်မြောက်လျှင် တောက်တဲ့ကြီးအား ပြန် လွှတ်ခိုင်းရသည်မှာ သုံးကြိမ်မြောက်ပင် ဖြစ်သည်။ ဆရာ တော်လည်း စိတ်ထဲက တွေးမိတွေးရာ တွေးမိပြန်သည်။

ဒီတောက်တဲ့ကလည်း ဒီသေတ္တာကိုမှ တွယ်ကပ်နေ ရသလား။ တခြားနေစရာရှားလို့။ အင်း. . .ငါ့သူငယ်ချင်း လာဘကြီးများ ဒီသေတ္တာကို အစွဲအလမ်းကြီးပြီး ဝင်တွယ် နေတာလား မသိဘူး။

"ကိုရင် သုမနနဲ့ ခွေးညို. . .၊ ဒီမှာ လာစမ်းပါဦးကွာ။ တောက်တဲ့ကြီးကတော့ ဌွဲကောင်းကောင်းနဲ့ ပြန်လာပြန်ပြီ။ တောက်တဲ့ကြီးကို ဒီတစ်ခါ ကျောင်းနဲ့ တစ်ခေါ်လောက်ဝေး တဲ့ တောစပ်အရောက် သွားလွှတ်လိုက်ပါကွာ"

ဟု မိန့်တော်မူပြီး ကျောင်းအောက်တွင် စင်္ကြံလျှောက် ကာ နေသည်။

◆◆◆

"ဒီတောက်တဲ့ကို ပြန်လွှတ်ရတာကလည်း တစ်ကြိမ် လည်း မဟုတ်၊ နှစ်ကြိမ်လည်း မဟုတ်၊ သုံးကြိမ်တိုင်တိုင်ရှိခဲ့ ပြီ။ တစ်ခါလွှတ်လည်း ပြန်လာ၊ နှစ်ခါလွှတ်လည်း ပြန်လာ နဲ့၊ အလုပ်ရှုပ်ပါတယ် ကိုရင် သုမနရာ၊ တစ်ခါတည်းသာ ရိုက်သတ်လိုက်တာ ကောင်းပါတယ်"

ကိုရင် သုမနကလည်း စိတ်မရှည်ချင်တော့၊ ဒါကြောင့်

"ခွေးညို. . .၊ မင်းသဘောပဲ"

ဟု ပြောလျှင် ခွေးညိုလည်း ညှပ်ယူလာသည့် တုတ် နဲ့ပင် တစ်ခါတည်း ရိုက်သတ်ပစ်လိုက်သည်။ တောက်တဲ့ အား ရိုက်သတ်ခဲ့သည်ကို နှစ်ယောက်စလုံး မည်သူ့ကိုမှ မပြော။ ဆရာတော်လည်း လုံးဝ မသိရှိခဲ့ပေ။ ထိုသို့ ရိုက် သတ်ပြီးနောက် တောက်တဲ့ကြီး၏ အော်သံ နောက်ထပ် မကြားရတော့ပေ။

◆◆◆

ကဆုန်၊ နယုန် မိုးဦးကျကာလသို့ပင် တစ်နှစ်ကူးကာ ရောက်ခဲ့ရပြန်သည်။ ကျီးငှက်တို့လည်း အကောင်ငယ်တို့ ပေါက်ကာ ဟိုမှ ဒီမှ အပျံသင်လျက်ရှိသည်။

တစ်နေ့ နံနက်ခင်း ဆရာတော် ဦးစန္ဒာဝရမှာ ကျောင်း ဝင်းတွင်း စင်္ကြံလျှောက်ရင်း မေတ္တာသုတ် ပရိတ်တော်ရွတ်ဖတ် အပြီး ဥဒဘုံသားတို့အား အမျှပေးဝေလိုက်သည်။ ထိုအချိန် တွင် ဆရာတော်၏ ကျောင်းဝိုင်းပေါ် ဖြတ်သန်းပျံလာသည့် ကျီးငှက်ပေါက် သုံးကောင်နှင့် အကြီးတစ်ကောင်တို့ထဲမှ ကျီးငှက်ပေါက်တစ်ကောင်မှာ ဆရာတော် ဦးစန္ဒာဝရဆီ တည့်တည့် ပျံသန်းလာပြီးလျှင် ဆရာတော်၏ လက်ပေါ်သို့ လာ၍



www.burmeseclassic.com

www.burmeseclassic.com

နားလေသည်။

ကျီးငှက်ငယ်မှာ ဆရာတော့်လက်ပေါ် နားနေရင်းယခင်က မွေးမြူထားခဲ့သည့် ကျီးငှက်အယဉ်တစ်ကောင်ကဲ့သို့ ဘုန်းကြီးအနားက မခွာတော့။ ပျံသွားလည်း ကျောင်းဝိုင်းအပြင်ဘက်သို့ ခဏသာ ပျံသန်းသွားသည်။ အဝေးသို့လုံးဝ မပျံတော့ပေ။ အခြား ကျီးငှက်အဖော်များက လာ၍ဝိုင်းအုံကာ ခေါ်သော်လည်း လုံးဝ ပျံလိုက်သွားခြင်းမရှိတော့ပေ။ ဆရာတော်မှ သံယောဇဉ်ဖြစ်ကာ မုန့်ပဲသရေစာ၊ ထမင်းဟင်းတို့နှင့် ခွက်တစ်ခုတွင် ထည့်ကာ ကျွေးမွေးထားခဲ့သည်။

ကျီးငှက်ငယ်မှာ လိမ္မာလှသည်။ ဘုန်းကြီးသွားရာ ပျံ၍ လိုက်သွားတတ်သည်။ ဝေးဝေးပျံသွားခြင်း မရှိ။ ဘုန်းကြီးကလည်း ကျီးငှက်ငယ်အား "ကာကာ"ဟု အမည်ပေးထားသည်။ ကျောင်းသို့ အာဂန္တု ဧည့်သည်များ လာလျှင် မုန့်ပဲသရေစာတို့အား ဆရာတော်မှ ထည့်ထားလျှင် ကျီးငှက်ငယ်က အနားသို့ကပ်၍ နှိုက်စားမည့်ဟန်လုပ်နေလျှင် ဘုန်းကြီးက…

"ဟေ့ကောင် ကာကာ၊ အဲဒါ ဧည့်သည်တွေအတွက် တည်ထားတာလေ။ ကိုယ့်နေရာ ကိုယ်သွားနေစမ်း။ ရော့၊ မင်းအတွက်"

ဟု ဆိုကာ မုန့်တစ်ခုအား ကောက်ပေးလိုက်လျှင် ကျောင်းတံခါးဘောင်တွင် သွားနားကာ စားနေတော့သည်။

ဘုန်းကြီး အလှူပွဲ၊ ပဌာန်းပွဲများမှ ပြန်လာချိန်တွင် ရလာသည့် ဝတ္ထုငွေတို့အား ပိုက်ဆံအသစ်ကျပ်ချွတ်များ ပါလာလျှင် "ဟေ့ကောင်၊ ဒီမှာ လာယူစမ်း"ဟု ဘုန်းကြီးက ပြောလျှင် သေးငယ်သည့် နှစ်ရာတန်၊ ငါးရာတန် ငွေစက္ကူတို့အား မချီယူဘဲ တစ်ထောင်တန်ကဲ့သို့ အရွက်ကြီးအား ကိုက်ချီယူလေ့ရှိသည်။

ထိုအခါ ဘုန်းကြီးမှ…

"ကာကာကတော့ကွာ၊ ငါ့သူငယ်ချင်း လာဘကြီးများ ဝင်စားတာလား မသိပါဘူး။ ငွေစက္ကူသေးသေးဆိုရင် မယူဘူး။ ကြီးပေ့ဆိုတာမှ ရွေးယူတတ်တယ်"

ဟု မိန့်တတ်လေသည်။

◆◆◆

တစ်နေ့တွင် ရွာမ ရွာဦးကျောင်းအရှေ့ဘက် ဘောလုံးကွင်းအတွင်း ဘုန်းကြီးကျောင်းသားတွေနဲ့ ရွာထဲက အတန်းကျောင်းသားများ ကျောင်းပိတ်ရက် ဘောလုံးကန်ကြသည်။ ထိုနေ့တွင် ကာကာလည်း ဘုန်းကြီးကျောင်းသားများနှင့်အတူ ဘောလုံးကွင်းထဲ ပျံလိုက်ကာ သွားသည်။ အခြားရွာထဲက ကျောင်းသားများကလည်း ဘုန်းကြီးကျောင်းတွင် မွေးထားသည့် ကျီးငှက်ဟု မထင်။ ကျီးငှက်အရိုင်းတစ်ကောင် ထင်မှတ်ကာ လောက်လေးခွနှင့် ပစ်လိုက်ရာ ကာကာလည်း ကျီးဘဝ ဇာတ်သိမ်းသွားရတော့သည်။

ကျီးငှက် ကာကာသေပြီး မကြာလိုက်၊ ဆရာတော်အား အိပ်မက်လာ၍ပေးခဲ့သည်။

"သူငယ်ချင်း…သူငယ်ချင်း၊ ငါ လာဘပါကွာ။ ဘုန်းကြီးဘဝတုန်းက ကျန်ခဲ့တဲ့ ငါ့ဆေးသေတ္တာကို မင်းယူသွားလို့ ငါလည်း ဒီသေတ္တာကို စွဲလမ်းတဲ့ စိတ်နဲ့ သေတ္တာမှာ တောက်တဲ့ဘဝနဲ့ ကပ်နေခဲ့ရတယ်။ ဒါပေမယ့် တိရစ္ဆာန်ဘဝ ကြာကြာမနေရပါဘူး၊ သုံးကြိမ်မြောက် လာတဲ့အခါ ငါ အသတ်ခံရတယ်။

နောက်တစ်ဘဝ၊ မင်းကျောင်းမှာ ကျီးငှက်ဝင်စားတဲ့ ကာကာဘဝနဲ့ လာပြီးနေပြန်တော့လည်း လောက်လေးခွ သမားလက်ချက်နဲ့ ဘဝပြောင်းခဲ့ရပြန်တယ်။ အပါယ်လေးဘုံ သားဘဝဟာ ရန်သူတွေ ပတ်လည်ဝိုင်းပြီး သက်တမ်း ကြာကြာ မနေရပါဘူး။ ငါ ဒီ မကျွတ်မလွတ် စွဲလမ်းတဲ့ ဘဝကနေ အမြန်ဆုံး လွတ်ချင်တယ်။ သူငယ်ချင်း ငါ့အတွက် ကုသိုလ်ကောင်းမှုပြုပြီး ငါ့ရဲ့ ဆေးသေတ္တာကိုလည်း ဘုရား တစ်ဆူဆူမှာ ဌာပနာပြီး လှူ၍ အမျှဝေပေးပါ။ သာဓုခေါ်နိုင်ရင် ငါ ကောင်းရာမွန်ရာ ဘုံတစ်ခုကို ရောက်ပါလိမ့်မယ်"

ဟု အိပ်မက်လာ၍ပေးခဲ့သည်။

ထိုသို့ အိပ်မက်ပေးပြီးနောက် ဦးစန္ဒာဝရလည်း ဦးလာဘအတွက် ကောင်းမှုကုသိုလ်ပြုလုပ်ကာ ဆေးသေတ္တာအားလည်း ဘုရားတွင် ဌာပနာလိုက်သည်။ ဤသို့ ပြုလုပ်ပြီးနောက်ပိုင်းတွင် အိပ်မက်ပေးခြင်းများလည်း မရှိ။ အခြားအပါယ်လေးဘုံသားဘဝတွင်လည်း ဝင်စားသည်ဟု မကြားရတော့ပါ။

ဆရာတော်ကား ကောင်းရာမွန်ရာ ဘုံဌာနတစ်ခုသို့ ရောက်ရှိသွားမည်မှာ မလွဲကေန်ဖြစ်ပါတော့သည်။

* * *

ကိုသက်ငြိမ်

(ဖြစ်ရပ်မှန် ဖြစ်သော်လည်း ဆရာတော်များ၏ အမည်၊ ရွာအမည်တို့အား ပြောင်းလဲရေးသားထားခြင်းဖြစ်ပါသည်။)




www.burmeseclassic.com

www.burmeseclassic.com

# ဘေးမသိ ကံစွမ်းစရာ ကြေးစည်ကာန်စွန်းယကြာ

သုတေသီ ဆရာငြိမ်း



"ရောက်မလာလိုက်နဲ့ ရောက်လာလိုက်တာနဲ့ အခက်အခဲပေါင်းစုံ ပါလာပါရောလား မောင်ကျော်စိုးရယ်"

"ဟုတ်ပ ဆရာငြိမ်းရေ။ ကြုံရတဲ့ အခက်အခဲတွေကိုသာ အကုန်လုံးပြောပြရရင် ကန်ထရိုက်ယူထားလေရော့သလားလို့ ကောက်ချက်ချမှာ အမှန်ပဲ။ ကျွန်တော့်အဖြစ်က "ကံဆိုးမောင်သွားရာ မိုးလိုက်လို့ ခေါင်"လေရော့လား မသိတော့ပါဘူး"

"မင်းကျမှ စကားပုံတွေလည်း ကမောက်ကမဖြစ်ကုန်တော့တာပါပဲလား။ လူဆိုတာ တစ်သမတ်တည်း ကုသိုလ်ကံကောင်းမနေနိုင်သလို၊ အမြဲတမ်းလည်း ဆိုးဆိုးရွားရွားတွေချည်းလည်း မဟုတ်နိုင်ပါဘူး။ ဒါဟာ လောကဓံ စာမေးပွဲစစ်နေတာမျိုးပဲ။ ပြေလည်ချမ်းသာတဲ့ ဒဏ်ကို ခံနိုင်မလား။ မပြေမလည်နဲ့ ဆင်းရဲတဲ့ဒဏ်ကို ခံနိုင်သလားဆိုတာတွေပေါ့။ လူဆိုတာ ချမ်းသာတဲ့ ဒဏ်ကိုလည်း ခံနိုင်ရသလို၊ ဆင်းရဲတဲ့ ဒဏ်ကိုလည်း ခံနိုင်ရမယ် မောင်ကျော်စိုးရဲ့"

"ခံရပါများတော့လည်း လူက ချည့်နဲ့နေပြီ ဆရာ။ ခံချင်းခံရင် ချမ်းသာတဲ့ ဒဏ်ကိုပဲ ခံချင်ပါတယ်"

"ပုထုဇဉ်တွေ ဆိုတော့လည်း ဒီသဘောပဲပေါ့ကွယ်။



www.burmeseclassic.com

www.burmeseclassic.com

> “
>
> မင်းက တနင်္လာသားဆိုတော့
> မြေအိုးလေးတစ်အိုးမှာ အဖြူရောင်ခြယ်ရမယ်။
> ခြယ်ပြီးရင်တော့ အိုးဖြူကလေး ဖြစ်လာပြီပေါ့။
> သဘော်ဆေးအဖြူရောင် မတတ်နိုင်လည်း
> ထုံးဖြူကို သုံးနိုင်ပါတယ်။ အဲဒီ ထုံးဖြူမြေအိုးလေးထဲကို
> ကန်စွန်းညွှန့်နှစ်ညွှန့်ထည့်၊ မွေးနေ့ တနင်္လာနေ့မှာ
> ဘုရားကို ကပ်လှူ၊ သမ္ဗုဒ္ဓေဂါထာကို ၉ခေါက်တိတိရွတ်။
> ပြီးရင် ကြေးစည်ထုလို့ ကိုယ့်စိတ်ထဲက
> ဆန္ဒရှိတာတွေကို ဆုတောင်းပါ။
> အစစအရာရာ အောင်မြင်ပါလိမ့်မယ်

“လောကခံကို ကြုံလာစမ်းတော့ မတုန်စမ်းနဲ့ စိတ်ခိုင်စေ” ဆိုသလို တင်းခံစမ်းပါ။ မကောင်းမှု အကုသိုလ်အလုပ်တွေကို ရှောင်ပါ။ ကောင်းမှုကုသိုလ်အလုပ်တွေကို များများလုပ်ပါ။ ဒါဆိုရင် ကံကောင်းလာမှာပေါ့။ ငါ့မိတ်ဆွေကြီး ဦးညွန့်တင်ဆိုရင် ယမကာကို နင်းကန်ပြီး လွှတ်သောက်တာကလား။ သောက်ပြီးတော့လည်း ဟိုအခန်း သည်အခန်းသွားရတာနဲ့၊ အဲဒီတုန်းကများ သူ့ခမျာ ဖတ်သီဖတ်သီပဲ။ အပေါင်းအသင်းတွေကလည်း ကူပံ့ရတာပေါ့။ အဲ - ဝါတွင်းလည်း ရောက်ရော ဘယ်လို အသိကောင်းတွေ ဝင်တယ် မသိပါဘူး။ အရက်ဖြတ်ပြီး ဘုရားတက်၊ ပုတီးစိပ်နဲ့။ ဟောဗျာ… ပြီးခဲ့တဲ့လကတင် အောင်ဘာလေ သိန်းထီဆု ငါးသိန်းကြီးတောင် ပေါက်သွားရှာသေး”

“အားကျစရာနော် ဆရာငြိမ်း”

“ဒါပေါ့ကွာ။ လူတွေဟာ မသိလိုက် မသိဘာသာနေတတ်ကြလို့ပါ။ အသိတရားနဲ့ ထိန်းချုပ်သွားမယ်ဆိုရင် ကိုယ့်အပေါ် ကုသိုလ်ကံကောင်းတွေက မျက်နှာသာပေးလာပါလိမ့်မယ်”

“ဟုတ်ပါပြီ ဆရာ။ အခုလာခဲ့တာလည်း ကုသိုလ်ကံကောင်းဖို့အရေး လောကီပညာနဲ့ ဘယ်လိုများ စွမ်းဆောင်ပေးမှာလဲဆိုပြီး အားကိုးတကြီးနဲ့ ရောက်လာခဲ့တာပါ”

“ကောင်းပြီ မောင်ကျော်စိုး။ အဲဒီလိုဆိုရင် မင်းကိုဘေးမသီ ကံစွမ်းဖို့ “ကြေးစည်-ကန်စွန်း”ဆိုတဲ့ ယတြာလေး တစ်ခုပေးလိုက်မယ်။ ယုံယုံကြည်ကြည်လုပ်ပါ။ အကျိုးထူးခံစားရပါလိမ့်မယ်”

“ဟုတ်ကဲ့၊ ညွှန်ကြားပါ ဆရာငြိမ်း”

“မင်းက တနင်္လာသားဆိုတော့ မြေအိုးလေးတစ်အိုးမှာ အဖြူရောင်ခြယ်ရမယ်။ ခြယ်ပြီးရင်တော့ အိုးဖြူကလေးဖြစ်လာပြီပေါ့။ သဘော်ဆေးအဖြူရောင် မတတ်နိုင်လည်း ထုံးဖြူကို သုံးနိုင်ပါတယ်။ အဲဒီ ထုံးဖြူမြေအိုးလေးထဲကို ကန်စွန်းညွှန့်နှစ်ညွှန့်ထည့်၊ မွေးနေ့ တနင်္လာနေ့မှာ ဘုရားကို ကပ်လှူ၊ သမ္ဗုဒ္ဓေဂါထာကို ၉ခေါက်တိတိရွတ်။ ပြီးရင် ကြေးစည်ထုလို့ ကိုယ့်စိတ်ထဲက ဆန္ဒရှိတာတွေကို ဆုတောင်းပါ။ အစစအရာရာ အောင်မြင်ပါလိမ့်မယ်”

“ဟုတ်ပြီ၊ လုပ်မယ် ဆရာ”

♦♦♦

မောင်ကျော်စိုး ပြန်သွားခဲ့ပါပြီ။ ၎င်းကဲ့သို့ အခက်အခဲကြုံတွေ့နေရသူများအနေဖြင့် အဆိုပါ ဓာတ်ယတြာအား လုပ်ဆောင်ကြည့်နိုင်ပါသည်။ မြေအိုးကလေးအား တနင်္ဂနွေသား(အနီရောင်)၊ တနင်္လာသား(အဖြူရောင်)၊ အင်္ဂါသား(နီညိုရောင်)၊ ဗုဒ္ဓဟူးသား(အစိမ်းရောင်)၊ ကြာသပတေးသား(အဝါရောင်)၊ သောကြာသား(အသားရောင်၊ သနပ်ခါးရောင်)၊ စနေသား(အညိုရောင်)တို့ကို ဆေးခြယ်သုတ်လိမ်းရပါမည်။ ကန်စွန်းညွှန့်အရေအတွက်မှာ တနင်္ဂနွေသား တစ်ညွှန့်၊ တနင်္လာသား နှစ်ညွှန့်၊ အင်္ဂါသား သုံးညွှန့်၊ ဗုဒ္ဓဟူးသား လေးညွှန့်၊ ကြာသပတေးသား ငါးညွှန့်၊ သောကြာသား ခြောက်ညွှန့်၊ စနေသား ခုနစ်ညွှန့်ထည့်ရပါမည်။

မိမိမွေးနံ့ကျသောနေရာ၌ ကန်စွန်းညွှန့်ထည့်ထားသော ဆေးခြယ်ထားသည့် မြေအိုးကလေးအား ကပ်လှူကာ သမ္ဗုဒ္ဓေဂါထာကို ကိုးခေါက်ရွတ်လျက် ကြေးစည်ထုရင်း လိုရာဆန္ဒမှန်သမျှ ဆုတောင်းပေးရပါမည်။ လုပ်ကြည့်ပါက အကျိုးရှိနိုင်သည်မို့ ထုတ်ဖော်ရေးသားလိုက်ရခြင်း ဖြစ်ပါတော့၏။ အခက်အခဲမှန်သမျှ ပြေလည်ကြ၍ ကုသိုလ်ကံများ ပွင့်လန်းနိုင်ကြပါစေသတည်း။

* * *

သူ့စေတသီ ဆရာငြိမ်း



www.burmeseclassic.com

www.burmeseclassic.com


ကြော်ငြာဆောင်းပါး တိုင်းရင်းဆေးဝါးမှတ်ပုံတင် 1111YR 007860
ထုတ်လုပ်ခွင့်လိုင်စင် 2/2009 တဆထလ (တိုး) ၁၀၂၄

**ဆီးရောဂါမှန်သမျှ သက်သာပျောက်ကင်းချမ်းသာစေရမည် ကိန္နရီ**

# ကိန္နရီ အမှတ်တံဆိပ် ကြက်လည်ဆံဆီးဆေး




လဆန်းပိုင်းရောက်တိုင်း လေထန်ကုန်းတွင် ရေးဖော်စားရေးဆရာများဆုံ
သည်။ ကိုမင်းဆွေ၊ ကိုသီဟ၊ ကိုကျော်လှိုင်ဦးတို့ကို တစ်ဝိုင်းတည်းတွင် တွေ့လိုက်ရသည်။ ကိုမင်းဆွေက. . "လာထိုင်. . ကိုဇော်ရဲနိုင်၊ မတွေ့ရ တာကြာပြီ၊ ခုပဲ ခင်ဗျားအကြောင်းပြောနေကြတာ၊ ခင်ဗျားက တိုင်းရင်းဆေးအတွေ့အကြုံရှိသူဆိုတော့ ကျွန်တော်တို့ သုံးယောက် ခံစားနေရတဲ့ဝေဒနာအတွက် အကူအညီ တောင်းချင်လို့ပါ"

"ဘဝတူရေးဖော်တွေအတွက် တတ်နိုင်သလောက် လိုအပ်တဲ့အကူအညီပေးဖို့ အသင့်ပါပဲဗျာ"

"ဒီလိုပါ. . ကျွန်တော်တို့သုံးယောက် ဆီးနဲ့ပတ်သက်တဲ့ဝေဒနာတွေခံစားနေရတယ်၊ ဒါပေမဲ့ ဖြစ်စဉ်တူ သလိုလိုနဲ့ ကွဲပြားနေတယ်ဗျ"

"ဒါဖြင့် ကျွန်တော်. . ဆီးရောဂါနဲ့ပတ်သက်တဲ့ဖြစ်စဉ်လက္ခဏာတွေ ပြောပြမယ်၊ ဘယ်သူက ဘယ်လို လက္ခဏာတွေရှိတယ်ဆိုတာ ကျွန်တော့်ကို ပြောပြပြီးမှ ဘာဆက်လုပ်ရမယ်ဆိုတာ ပြောပါမယ်. . . နေပူမိုးရွာ မရှောင် တဲ့သူတွေ အပူအစပ် အဖန် ချုပ်စာတွေ လွန်ကဲစွာစားတဲ့သူတွေ၊ မေထုန်မှုလွန်ကဲသူတွေ၊ အညောင်းထိုင်မှုများ သူတွေဟာ ဆီးပူ ညောင်းကျရောဂါဖြစ်တတ်တယ်၊ ဆီးပူညောင်းကျရောဂါလက္ခဏာတွေက ကျင်ချောင်းအတွင်း ကောင်လေးများသွားနေသလို ရွစိရွစိဖြစ်ပြီး ယားတတ်တယ်. . တစ်ပတ်ခန့်ကြာရင် ဆီးထဲမှာ ကစီရည်လိုကျလာ တတ်တယ်. . ရေသောက်နည်းတဲ့သူတွေ၊ အပူအစပ်စားလွန်းတဲ့သူ၊ သုက်ထိန်းတဲ့သူတွေ ဆီးကျိတ်ရောင်ရောဂါဖြစ် တတ်တယ်။ ဆီးကျိတ်ရောင်ရောဂါလက္ခဏာတွေက ဆီးမကြာခဏသွားပေမယ့် ဆီးတစ်စက်တစ်စက်ကျတတ်ပြီး သွားအားမရခြင်း၊ ဆီးကျန်ခြင်း၊ ကျင်ချောင်းယားယံခြင်း၊ လက္ခဏာတွေခံစားရတတ်တယ်။ ဆီးအောင့်ဆီးချုပ် ရောဂါကို ခံပြီး သည်းခြေ၊ လေဒေါသနှစ်ပါးကြောင့် သလိပ်ဒေါသလွန်ကဲတဲ့ ကျင်ငယ်နဲ့ သုက်ဓာတ်တွေဟာ ကျောက်ကပ်ကစပြီး အိမ်တိုင်အောင် တော်ရည်လိုဖြစ်တဲ့ရောဂါကို ဆီးကျောက်ရောဂါလို့ ခေါ်တာပဲ၊ ကျောက်တည်ရောဂါဖြစ်တော့မယ့်သူရဲ့ ဟာ ဆိတ်ကျင်ငယ်ရည်လို အနံ့ဆိုးခြင်း၊ ဝမ်းဗိုက်တင်းရောင်ခြင်း၊ ခက်ခဲစွာ ဆီးသွားရခြင်း၊ ဆီးသွားစဉ် နာကျင်ခြင်း၊ အစာစားချင်စိတ်မရှိခြင်း စတဲ့ လက္ခဏာတွေရှိနေတတ်တယ်. . ကဲ. . ခင်ဗျားတို့ ဘယ်လိုခံစားနေကြရတယ်ဆိုတာ ပြောကြပါ"

ကိုမင်းဆွေက ဆီးပူညောင်းကျရောဂါလက္ခဏာနဲ့တူကြောင်း၊ ကိုသီဟက ဆီးကျိတ်ရောင်ရောဂါလက္ခဏာ နဲ့တူပြီး ကိုကျော်လှိုင်ဦးက ဆီးကျောက်တည်ရောဂါလက္ခဏာနဲ့တူကြောင်း ပြောပြကြပြီး. .

"ကဲ. . ကျွန်တော်တို့ ဘယ်ဆေးစားပြီး ဘာဆက်လုပ်ရမယ်ဆိုတာ ကိုဇော်ရဲနိုင် ညွှန်ပြပေးပါဦး"

"ခု. . လောလောဆယ်တော့ ကိန္နရီအမှတ်တံဆိပ်ကြက်လည်ဆံဆီးဆေးပြား ကို နီးစပ်ရာ မြန်မာဆေး ဆိုင်များမှာ ဝယ်ယူသောက်လိုက်ပါ. . ကန္တရဝတီဆေးတိုက်က ထုတ်တဲ့ ကိန္နရီ အမှတ်တံဆိပ် ကြက်လည်ဆံ ဆီးဆေးပြား ဟာ ဆီးချိုရောဂါ၊ ဆီးကျောက်တည်ရောဂါ၊ ဆီးဝါ၊ ဆီးနီခြင်း၊ ဆီးအလွန်နည်းခြင်း၊ ဆီးအလွန်များ ခြင်း၊ ဆီးထိန်းနိုင်ခြင်း၊ ဆီးကျင် ဆီးအောင့်ခြင်း၊ ဆီးလမ်းကြောင်းပိတ်ပြီး ဆီးမသွားနိုင်ခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ လွတ်မြန်ခြင်း၊ ဆီးရောဂါကြောင့် မျက်စိမှုန်ပြာဝေခြင်းနဲ့ ဆီးကျိတ်ရောင်ရောဂါတွေကို သက်သာပျောက်ကင်းစေတယ် . ကျွန်တော့်မိတ်ဆွေ ဆရာဦးလှိုင်မြင့်က ကြက်လည်ဆံဆီးဆေး ထုတ်လုပ်တဲ့အပြင် အကြောရောဂါနဲ့ ဆီးရောဂါတွေ ကိုစားပေးကုသ နေတာဆိုတော့ အဲဒီ ဆရာဦးလှိုင်မြင့်ရှိတဲ့ ကန္တရဝတီဆေးတိုက် ကို သွားပြီး ဆရာနဲ့တိုင်ပင် ပါး. . ဆေးကုသရင် ခင်ဗျားတို့ခံစားနေရတဲ့ဝေဒနာတွေ ထိထိရောက်ရောက် သက်သာပျောက်ကင်းသွားမှာပါ. . ကိန္နရီအမှတ်တံဆိပ် ကြက်လည်ဆံဆီးဆေးရဲ့ ဆောင်ပုဒ်လည်း မှတ်ထားဦးဗျို့. . ဆီးရောဂါမှန် သမျှ သက်သာပျောက်ကင်းချမ်းသာစေရမည်. . . ကိန္နရီ. . တဲ့ဗျ. . ."

**ပင်ရင်းဌာန - ကန္တရဝတီဆေးတိုက်**

အမှတ် (၇၄၁)၊ နေသိဒ္ဓိလမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ကမ္ဘာအေး)၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၁-၆၁၃၇၉


www.burmeseclassic.com

www.burmeseclassic.com

အချိန်မှာ ၁၉၄၅ ခုနှစ်၊ ဖက်ဆစ်ဂျပန်တို့ မြန်မာနိုင်ငံတွင် မတရားအုပ်ချုပ်သိမ်းပိုက် မင်းမူနေချိန်ဖြစ်၏။

ကိုသန်းတင်သည် မြို့ပေါ်ရှိ စပါးပွဲစားထံမှ ရရန်ရှိသော ကြွေးကျန် စပါးဖိုးငွေများကို တောင်းရန် သူနေထိုင်ရာ



ရွာမှ နံနက်စောစောကပင် မြို့သို့ ထွက်လာခဲ့လေသည်။ လှည်းတစ်တန်၊ လှေတစ်တန်ဖြင့် လာခဲ့ရပြီး လှေဆိပ်မှ ခြေလျင်ခရီးဖြင့် စပါးပွဲစားအိမ်သို့ ရောက်သောအခါ နေ့လယ် ၂နာရီခန့်ပင် ရှိနေပြီဖြစ်၏။ စပါးပွဲစားအိမ်သို့ ရောက်သော်လည်း ပွဲစားမှာ အပြင်သွားနေသဖြင့် တစ်နာရီခန့် ထိုင်စောင့်နေရလေသည်။ ထို့နောက် စပါးပွဲစား ပြန်ရောက်လာသည့်အခါ ရစရာရှိသော စပါးဖိုး ငွေများများကို ယူ၍ ထွက်လာခဲ့၏။

စပါးဖိုး ငွေများ ရလာသော

ကိုသန်းတင်သည် ရွာမပြန်မီ မြို့မှ စားသောက်ဖွယ်ရာများနှင့် အိမ်အတွက် လိုအပ်မည့် ပစ္စည်းများကို ဝယ်ယူပြီး

နောက် လှေဆိပ်သို့ ဆ
အပြန်လမ်းခရီး လှေပေါ်တွ
တင် တစ်ခုစဉ်းစားမိ၏။
သောလှေသည် လမ်းတွ
ကူးတို့ဆိပ်ကပ် ခရီးသ
ပစ္စည်းများ တင်၊ ဒီရွာ
ခရီးသည်နှင့် ပစ္စည်းများ
နေပါက သူနှင့် အနီးဆုံး
သို့ ညနေ ၆နာရီကျော်

www.burmeseclassic.com

www.burmeseclassic.com



# ပဉ္စာနန်းဆက် အကျိုးပေး

**အေးမောင်မောင်ဆန်း**

...သွားနိုင်မည်။ ထိုအချိန်မှ ရောက် ...လျှင် သူ့ရွာသို့ လှည်းကြဲ့ရှိရန် ...သလို၊ လှည်းတုံးလျှင်လည်း ...ပျနေပြီဖြစ်၍ လိုက်မည်မဟုတ်။ ...လှည်းကြဲမရှိ၍ ခြေကျင်ပြန်မည် ... ခပ်သွက်သွက်လျှောက်လျှင် ...နာရီခန့် လျှောက်ရမည်ဖြစ်ရာ ...ဆုံး ည ၉နာရီခန့်မှ သူ့ရွာသို့ ...က်နိုင်မည်ဟု စဉ်းစားမိ၏။

...ဤသို့ ခြေလျှင်လျှောက်ပြန်မည် ...လည်း လမ်းတွင် မြွေပါးကင်းပါး အန္တရာယ်မှ ကင်းဝေးစေရန်လည်း မီးအိမ်၊ မီးတုတ်၊ လက်နှိပ်ဓာတ်မီးတို့ တစ်ခုခုကိုင်ဆောင်၍သွားမှ ဖြစ်လိမ့်မည်။ သို့သော် သူ့တွင် မပါ။ ထို့အပြင် ခေတ်ကာလမှာလည်း မကောင်းသဖြင့် လမ်းတွင် အဖော်မပါသောသူကို တောကြောင် ဓားပြတို့က တိုက်ခိုက်၍ သူ့တွင် ပါလာသော စပါးဖိုး ငွေများကို လုယက်သွားကြလျှင် ခက်ချေပြီ။ ထို့ထက် ပို၍ဆိုးသည်မှာ လမ်းတွင် ည

www.burmeseclassic.com

www.burmeseclassic.com

အချိန်မတော် ဖက်ဆစ်တို့နှင့် တိုးလျှင် အဆိုးဆုံးဖြစ်သွားနိုင်သည်။ မသက်သာ၍ သူ့ကိုယ်တွင် ဟိုရှာဒီရှာလုပ်ပါက ငွေများကို တွေ့လျှင် သိမ်းယူသွားလိမ့်မည်။ ထို့ထက် ကုသိုလ်ကံ ဆိုးရွားလျှင် ဖက်ဆစ်တော်လှန်ရေးတပ်သား (သို့မဟုတ်) တော်လှန်ရေးတပ်နှင့် အဆက်အသွယ်ရှိသူဟု ထင်သွားလျှင် ပစ္စည်းဆုံးရှုံးရုံတင်မက လူပါ အကြီးအကျယ် ဒုက္ခရောက်သွားနိုင်ကြောင်းကို တွက်ဆမိ၍ ကိုသန်းတင် သက်ပြင်းချမိသည်။

ထို့ကြောင့် လမ်းခရီး တစ်ထောက်တွင် ရှိသော ရွာတော်ရွာ ကူးတို့ဆိပ်တွင် ဆင်းကာ ထိုရွာရှိ သူ့မိန်းမနှင့် ဦးလေးဝမ်းကွဲတော်စပ်ပြီး သူ့ယောက္ခမနှင့် မောင်တစ်ဝမ်းကွဲတော်စပ်သော ဦးကြွယ်လှ၏ အိမ်တွင် ယနေ့ည တစ်ညတည်းခိုပြီး နောက်တစ်နေ့နံနက်စောစောတွင်မှ ရွာသို့ ပြန်ရန် ဆုံးဖြတ်လိုက်လေတော့သည်။

◆◆◆

ရွာတော်ရွာ ကူးတို့ဆိပ်မှ နေ၍ ဦးကြွယ်လှတို့အိမ်သို့ လျှောက်လာရာ အိမ်ရှေ့သို့ ရောက်သော် ဦးကြွယ်လှနှင့် ဇနီး ဒေါ်မြမေတို့ကို အိမ်ရှေ့ကွပ်ပျစ်ပေါ်တွင် ထိုင်နေကြသည်ကို အဆင်သင့်ပင် တွေ့ရလေ၏။ ကိုသန်းတင်ကို မြင်သည်နှင့် ဝမ်းသာအားရ ခြံဝင်းတံခါးကို ထဖွင့်ပေးပြီး ခရီးဦးကြိုပြုလေသည်။ ထို့နောက် ဦးကြွယ်လှမှ…

"ဟော့-ဘယ်လိုတုန်း မောင်သန်းတင်ရဲ့ နေကောင်းရဲ့လား။ နေတောင် အတော်စောင်းနေပြီ။ လက်မှာလည်း အထုပ်အပိုးတွေနဲ့ ဘယ်က လာတာတုန်း"

"ကောင်းပါတယ် ဦးလေးကြွယ်။ ဒါနဲ့ ဒေါ်လေးမြတို့ မိသားစုရော နေကောင်းတယ်မဟုတ်လား။ ကျွန်တော် မြို့ကအပြန် ဒီကို လှည့်ဝင်လာတာလေ"

ထို့နောက် ကိုသန်းတင်သည် အကြောင်းစုံကို ဦးကြွယ်လှတို့ လင်မယားအား ရှင်းပြလိုက်၏။ ဒေါ်မြမေက…

"အိုကွယ်…ဘယ်လိုပဲဖြစ်ဖြစ်၊ မင်း အခုလို ဝင်လာတော့လည်း တို့တွေ့ကြရတာပေါ့။ မဟုတ်ဘူးလား။ ရောက်တုန်းရောက်ခိုက် အေးအေးဆေးဆေး နှစ်ရက်သုံးရက်လောက် နေပြီးမှ ပြန်ပေါ့ကွယ်"

"ဒါတော့ မဖြစ်ဘူးထင်တယ် ဒေါ်လေးမြ။ ဒီည ကျွန်တော် ပြန်မရောက်တာတောင် အိမ်က စိတ်ပူနေရော့မယ်"

ဦးကြွယ်လှက ဝင်၍…

"ဟုတ်ပါ့ကွယ်။ မင်းယောက္ခမ ငါ့အစ်မကလေ အလကားနေရင်း တွေးတွေးပြီး စိတ်ပူတတ်တာမျိုးကွဲ။ ကဲ-ကဲ…အိမ်ပေါ်တက်၊ ရေလေးဘာလေး သောက်ပြီး နားလိုက်ပါဦး။ အပေါ်မှာ မင်းနှမ လှဝင်းရွှေလည်း ရှိတယ်လေ"

ထို့နောက်တွင် ကိုသန်းတင်သည် ထိုအိမ်တွင် ရေချိုး ထမင်းစား သောက်ပြီးနောက် အိမ်သားများနှင့် အတူ ညအိပ်ရာမဝင်မီ အာလာပ သလ္လာပ စကားများ ပြောဆိုနေလေ၏။ ထိုအိမ်တွင် ဦးကြွယ်လှ၊ ဒေါ်မြမေ လင်မယားနှစ်ယောက်နှင့် သူတို့၏ သမီးငယ် လှဝင်းရွှေနှင့် သူမခင်ပွန်းကိုမြတ်ကျော်တို့၊ စုစုပေါင်း လေးယောက်သာ နေထိုင်ကြလေသည်။ ည ၉နာရီခန့်တွင် စကားဝိုင်းမှ လူစုခွဲ၍ အိပ်ရာဝင်ရန် ပြင်ကြလေသည်။ ထို့ကြောင့် ကိုသန်းတင်လည်း ဘုရားရှိခိုး၊ မေတ္တာပို့၊ အမျှအတန်းပေးဝေ၍ ည… အိပ်ရာဝင်ခဲ့လေသည်။ ကိုသန်းတင်ကို… အိမ်ရှေ့ အိမ်ဦးခန်းတွင် အိပ်ရန် နေရာ… ပေးထားလေသည်။

ကိုသန်းတင်သည် ခရီးလည်း… ပန်းလာခဲ့သလို၊ ညစာမှာလည်း စာ… ကောင်းကောင်းနှင့် အတော်လေး စာ… လိုက်သဖြင့် ခေါင်းချသည်နှင့် သိပ်… မကြာမီ အိပ်ပျော်သွားလေတော့သည်။

◆◆◆

မည်မျှကြာအောင် အိပ်ပျော်သွား… သည် မသိ၊ သူ၏ မျက်စိနှစ်လုံးအနီး… အောက်လင်းဓာတ်မီးထွန်းလိုက်သလို… လက်နှိပ်ဓာတ်မီးဖြင့် ထိုးလိုက်သလို… လင်းခနဲ ဝင်းခနဲဖြစ်သွားသဖြင့် လန့်နိုး… လာပြီး ကြည့်လိုက်သော် ဘယ်သူမှ… မရှိ၊ တစ်အိမ်လုံး မှောင်မည်းတိတ်ဆိတ်… ကာ အိပ်မောကျလျက်ပင် ရှိသေး၏… ထို့ကြောင့် ကိုသန်းတင်လည်း မျက်စိ… မှိတ်၍ ပြန်အိပ်နေလိုက်၏။ သို့သော်… လန့်နိုးလာ၍လား မသိ၊ မျက်လုံးမှိတ်… ၍ ပြန်အိပ်နေသော်လည်း ရုတ်တရက်… ပြန်အိပ်၍ မပျော်သေး။ ထို့နောက်… မကြာမီ သူ့မျက်လုံးအနီး မီးဖြင့် အထိ… ခံလိုက်ရသလို ဒုတိယအကြိမ် လင်း… ခနဲ ဝင်းခနဲဖြစ်သွားပြန်လေသည်… ကပျာကယာ မျက်စိဖွင့်ကြည့်လိုက်… သော်လည်း မှောင်နှင့်မည်းမည်း ဘယ်… သူမျှ မရှိ။

ပထမတစ်ကြိမ်တွင်မူ ကိုသန်း… တင်သည် အိပ်ပျော်ရာမှ လန့်နိုးလာ၍… အိပ်မက်လိုလို ဘာလိုလိုနှင့် သဲသဲကွဲ… ကွဲ မသိရသော်လည်း ယခုတစ်ကြိမ်… တွင်မူ သူ အိပ်မပျော်သေးသဖြင့် အိပ်… မက်မဟုတ်၊ အမှန်ပင်ဖြစ်ကြောင်း… သိရသဖြင့် ကြောက်စိတ်ဝင်လာ… အိမ်ရှင်တို့ကို အော်နှိုးလိုက်၏…

"ဦးလေးကြွယ်…နီလေးကြွယ်…



www.burmeseclassic.com

www.burmeseclassic.com

ဦးလေးကြွယ်…ခဏလောက် ထပါဦး"

ကိုသန်းတင်၏ ခေါ်သံကြားသဖြင့် ဦးကြွယ်လုလည်း အိပ်ရာမှ ထလာပြီး…

"ဟော … ဘယ်လိုတုန်း မောင်သန်းတင်၊ ဘာဖြစ်လို့လဲ"

"ခဏလာပါဦး၊ ဦးလေးကြွယ်။ ပြောစရာရှိလို့ပါ"

ဦးကြွယ်လု အိပ်ရာမှ ထလာပြီး အောက်လင်းဓာတ်မီးကို ထွန်းလိုက်ရာ တစ်အိမ်လုံး လင်းထိန်သွားလေသည်။

"ဘယ်လိုလဲ မောင်သန်းတင်ရဲ့ အိပ်လို့ မပျော်ဘူးလား"

"အိပ်လို့ ပျော်ပါတယ် ဦးလေးကြွယ်။ ဒါပေမယ့် စောစောက…"

ကိုသန်းတင်သည် ဦးကြွယ်လုကို ဖြစ်ကြောင်းကုန်စင် ရှင်းပြလေ၏။ ဦးကြွယ်လုက ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေပြီးနောက်…

"ဒီလိုပဲကွဲ့။ ညှော်သည်ဆို သူတို့က တစ်ခါတလေ သူတို့ရှိကြောင်း စ,တတ် နောက်တတ် သတိပေးတတ်တယ်ကွဲ့"

ကိုသန်းတင်က နားမရှင်းဘဲ ဖြစ်သွားသဖြင့်…

"ဟင်…ဘယ်သူလဲ ဦးလေးကြွယ်။ သူတို့ဆိုတာ ဘယ်သူလဲဗျ"

"အင်း…သူတို့ဆိုတာ ဘယ်လိုပုဂ္ဂိုလ်မျိုးလဲတော့ ဦးလေးကြွယ်လည်း သေချာမသိပါဘူးကွယ်။ ဒါကြောင့် သူတို့မျက်စိနဲ့ မမြင်နိုင်တဲ့၊ မမြင်အပ်တဲ့ ပုဂ္ဂိုလ်မျိုးလို့ပဲ ပြောရမှာပေါ့လေ"

ကိုသန်းတင် ကြက်သီးထသွားပြီး…

"ဟာဗျာ…၊ ဦးလေးကြွယ်က ခများ ကျွန်တော့်ကို စောစောက ကြို ပြောရောပေါ့"

"အင်း…မင်းကို စောစောက ကြိုပြောထားရင် ကြောက်နေမှာစိုးလို့ပါကွာ။ ပြီးတော့ သူတို့က လူတိုင်းလည်း ဒီလိုလုပ်တာ မဟုတ်ဘူး။ သူတို့ချစ်တဲ့၊ ခင်တဲ့လူကိုသာ စ,တာ နောက်တာ။ ဒါပေမယ့် ဒုက္ခရောက်အောင် ခြောက်တာ လှန့်တာမျိုးတော့ မလုပ်တတ်ပါဘူး။ ကဲ - မင်းအိပ်ချင် အိပ်လေ၊ ဦးလေးစောင့်ပေးမှာပေါ့။ မနက်လေးနာရီလည်း ကျော်နေပြီဆိုတော့ ခဏနေရင် မင်းနှမ လှဝင်းရွှေလည်း အိပ်ရာထ ဆွမ်းလေးဘာလေး ချက်၊ ပြီးတော့ သူ့ယောက်ျား လယ်ထဲ ဆင်းဖို့လည်း လုပ်ကိုင်ပေးရဦးမယ်။ ဦးလေးကလည်း မနက်အရုဏ်တက်ချိန်ဆို အိပ်ရာက ထ၊ ဘုရားဝတ်ပြုနေကျမို့ ပြန်မအိပ်တော့ပါဘူးကွာ"

"မနက်စောစော ခရီးလည်း ဆက်ရဦးမှာဆိုတော့ ကျွန်တော်လည်း ပြန်မအိပ်တော့ဘူးဗျာ"

မကြာမီ အိမ်သားများလည်း နိုးလာကြပြီး ဘုရားဆွမ်းကပ်ကာ ဘုရားဝတ်ပြုကြပြီး နံနက်စာ ကောက်ညှင်းပေါင်း၊ ငါးခြောက်ဖုတ်နှင့် ရေနွေးကြမ်းကို စားသောက်ကြလေသည်။ ထိုစဉ် ဦးကြွယ်လုက ကိုသန်းတင်ကို…

"ညက မင်းဖြစ်တဲ့ အဖြစ်အပျက်နဲ့ ပတ်သက်ပြီး ပြောရဦးမယ်။ တစ်လောက တို့အိမ်မှာ သူခိုးဝင်ခိုးပါရော့လား။ အိပ်ငွေများ ချခံထားရလား မသိဘူး။ အားလုံးလည်း တစ်ချက်ကလေးမှ မနိုးကြဘူး။ မနက်မိုးလင်းတော့မှ ခြံထောင့်မှာ လူတစ်ယောက် အထုပ်ကလေးပိုက်ပြီး လဲနေတာ တွေ့ရတယ်။ ညက ဝင်ခိုးတဲ့ သူခိုးပေါ့၊ ဒါနဲ့ ရွာက ကာလသားတွေ ခေါ်ပြီး သူကြီးလက်အပ် စစ်တော့မှ ညက အိမ်ထဲဝင်ခိုးပြီး ခြံစည်းရိုးကို ကျော်၍ ပြန်ထွက်မယ်အလုပ်မှာ နောက်က တစ်ယောက်ယောက်က ခေါင်းကို ရိုက်သလို ဒုတ်ခနဲ အရိုက်ခံရပြီး မေ့သွားတော့တာ။ တို့တစ်တွေ သူ့ကို ဝိုင်းခေါ် နှိုးတော့မှ ပြန်သတိရလာတော့တာ။ ကိုယ့်ပစ္စည်းလည်း ကိုယ်ပြန်ရနေပြီမို့ သူကြီးကိုလည်း ဂျပန်လက် မအပ်ဖို့ ပြောရတယ်။ သူကြီးက ကောင်းရှာပါတယ်။ နည်းနည်းပါးပါး ရိုက်နှက်ဆုံးမပြီး ပြန်လွှတ်လိုက်တယ်။ ဒီသူငယ်လေးကလည်း ရွာနီးချုပ်စပ်က ပါပဲ။ ခေတ်မကောင်းတော့ စီးပွားရေးကလည်း ကျပ်ပြီး ကြံမိကြံရာ ကြံတယ် ထင်ပါရဲ့ကွယ်"

ဦးကြွယ်လုက ကိုသန်းတင်ကို ရှည်ရှည်ဝေးဝေး ရှင်းပြနေ၏။ ထို့နောက် ကိုသန်းတင်လည်း ဦးကြွယ်လုနှင့် မိသားစုကို နှုတ်ဆက်ကာ ပြန်သွားလေသည်။

◆◆◆

၁၉၄၇ ခုနှစ်တွင် ကိုသန်းတင်သည် ရန်ကုန်မြို့ရှိ သူ့ဦးလေးဖြစ်သူမှ အစိုးရ သစ်လုပ်ငန်းရုံးတွင် စာရေးကလေးအဖြစ် အလုပ်သွင်းပေးသဖြင့် သူ့ဇနီး၊ သားနှစ်ယောက်နှင့်အတူ ရန်ကုန်မြို့သို့ ပြောင်းရွှေ့သွားလေသည်။

ကိုသန်းတင်၏ ယောက္ခမဖြစ်သူ ဒေါ်တင်ကြည်မှာလည်း မုဆိုးမဖြစ်သလို၊ တစ်ဦးတည်းသော သမီးနှင့် မြေးများကိုလည်း မခွဲနိုင်သဖြင့် ရွာမှ သူပိုင် လယ်များအနက် အချို့ကို ရောင်းချ၍ လည်းကောင်း၊ အချို့ကို သူ့ စိတ်ချရသူများကို သူရင်းငှားထား၍ လည်းကောင်း စီမံထားခဲ့ပြီး သမီးနှင့် မြေးများရှိရာ ရန်ကုန်မြို့သို့ လိုက်လာခဲ့လေသည်။ ထို့ကြောင့် မိသားစုအားလုံး ကြည့်မြင်တိုင်အရပ်တွင် ပျဉ်ထောင်အိမ်လေးတစ်လုံးဝယ်ကာ အခြေချ နေထိုင်လိုက်လေတော့သည်။


www.burmeseclassic.com

www.burmeseclassic.com

ဦးကြွယ်လှနှင့် မိသားစုတို့မှာလည်း မိမိတို့မိသားစု ရန်ကုန်မြို့သို့ ပြောင်းရွှေ့လာပြီး တစ်နှစ်ခန့်အကြာတွင် ရန်ကုန်မြို့သို့ပင် ပြောင်းရွှေ့သွားကြောင်း၊ သို့သော် နေရပ်လိပ်စာကိုမူ အတိအကျမသိရဘဲ တစ်ဆင့်စကားသာ ကြားသိရလေ၏။ ဤသို့ဖြင့် နောက်ထပ် တစ်နှစ်ခန့်အကြာတွင် ဒေါ်တင်ကြည်သည် သူမောင်ဝမ်းကွဲ ဦးကြွယ်လှမိသားစု၏ လိပ်စာကို သိလာခဲ့ရလေသည်။ ထို့အပြင် ဦးကြွယ်လှနှင့် မိသားစုသည် ရန်ကုန်မြို့တွင် အတော်ပင်ကြီးပွားချမ်းသာနေကြောင်းပါ သိလာရပြန်သည်။

ထို့ကြောင့် ကိုသန်းတင် ရုံးပိတ်ရက်တစ်နေ့တွင် မိသားစုနှင့်အတူ ယောက္ခမ ဒေါ်တင်ကြည်ပါ ဦးလှကြွယ်တို့မိသားစု နေထိုင်ရာ အိမ်သို့ ရောက်လာခဲ့ကြလေသည်။ ဦးလှကြွယ်တို့မိသားစုမှာလည်း ဝမ်းသာအားရနှင့် ပျာပျာသလဲ ဆီးကြိုလေသည်။ ထို့နောက် နံနက်စာ ထမင်းဖြင့် ကောင်းစွာ ညှိခံကျွေးမွေးလေသည်။ ထမင်းစားသောက်ပြီးချိန်တွင် ဒေါ်တင်ကြည်မှ မောင်ဖြစ်သူ ဦးကြွယ်လှကို…

"ကဲ - မောင်ကြွယ်လှရေ… စောစောက မင်းကို ဘယ်လိုလုပ်ပြီး ဒီလောက်တောင် ကြီးပွားချမ်းသာသွားရတာလဲလို့ မေးတော့ မင်းက ဖြည်းဖြည်းပေါ့ မမတင်ရယ်၊ နောက်တော့ ပြောပြပါ့မယ်ဆို။ ကဲ - အဲဒါ ဘာလဲ၊ ဆိုစမ်းပါဦး"

ဦးကြွယ်လှက ပြုံး၍…

"ပြောပါ့မယ် မမတင်ရယ်။ တခြားလူတွေမှ မဟုတ်တာ။ ကိုယ့်အမျိုးအရင်းကြီးတွေပဲဟာ။ အင်း… တခြားလူတွေက မေးရင်တော့ ဒီခြံနဲ့ ဒီတိုက်က ရန်ကုန်မှာ အလုပ်လုပ်နေတဲ့ သမက်အကြီး မောင်အောင်ဘိုရဲ့ အထက်အရာရှိ အင်္ဂလိပ်လင်မယားက ဘိလပ်ကို ပြန်တော့ သူတို့ သံယောဇဉ်ရှိတဲ့ မောင်အောင်ဘိုကို တော်တော်ကြီးကို ချိုတဲ့ ဈေးနဲ့ ပြန်ရောင်းခဲ့လို့ ဝယ်ထားလိုက်တာပါလို့ မုသားမသုံးချင်ဘဲ သုံးရတယ်လေ၊ နောက် ကျွန်တော်တို့ကိုလည်း ပတ်ဝန်းကျင်က တောသူဌေးတွေလို့ မူလကတည်းက အထင်ရှိပြီးသားပါ။ ဒါပေမယ့် အခုဟာ ကိုယ့်ဆွေမျိုးအရင်းအချာကြီးတွေဆိုတော့ အမှန်အတိုင်းပဲ ပြောရတော့မှာပေါ့။ အကြောင်းစုံက ဒီလို မမတင်ရဲ့။ ကျွန်တော်တို့ အရင်နေတဲ့ တောက အိမ်မှာ လူတွေ မမြင်နိုင်တဲ့ ပုဂ္ဂိုလ်၊ မမြင်အပ်တဲ့ ပုဂ္ဂိုလ်တွေ ရှိတယ်လို့ ပြောရမှာပဲ"

"ဘာလဲ…၊ နင့်ဟာက လူတွေ မမြင်နိုင်တဲ့၊ မမြင်အပ်တဲ့ ပုဂ္ဂိုလ်ဆိုတာ ရှင်းရှင်းလင်းလင်းပြောစမ်းပါကွယ်"

ဒေါ်တင်ကြည်က နားမရှင်းသဖြင့် စိတ်မရှည်သံဖြင့် ပြန်မေး၏။

"လွယ်လွယ်ပြောရရင်တော့ လူတွေ ပြောပြောနေကြတဲ့ သိုက်ရှိတယ်လို့ ပြောရမှာပေါ့ မမတင်ရယ်"

"ဟေ…ဟုတ်လား။ စိတ်ဝင်စားစရာပဲ။ ပြောစမ်းပါဦး"

"အဲဒါနဲ့ တိုတိုပြောရရင်တော့ သူတို့ပစ္စည်းပေးချင်လို့ ခြံထဲက ဟိုနေရာမှာ လာတူးပါ၊ ဒီနေရာမှာ လာယူပါဆိုတဲ့ အိပ်မက်မျိုးတွေကို ကျွန်တော့်ကို ပေးလိုက်၊ မမြမေကို ပေးလိုက်၊ သမီးအငယ်ကို ပေးလိုက်နဲ့ ခဏခဏအိပ်မက်တွေ ပေးပြီး လာယူခိုင်းတော့တာပဲ၊ ကျွန်တော်တို့ကတော့ ယူလည်း မယူချင်၊ ယူလည်း မယူရဲဘူးပေါ့။ ပြီးတော့ သိုက်က အဲဒီလိုပေးတဲ့ ပစ္စည်းမျိုးကို ယူမိရင် နောက်ဆုံး သိုက်က ခေါ်တော့ ကိုယ်လည်း သေပြီး သိုက်ထဲ ရောက်သွားတယ်ဆိုတာမျိုးတွေကလည်း ကြားဖူးတယ်လေ။ ပြီးတော့ ကျွန်တော်တို့မိသားစုတွေ အားလုံးလည်း ကိုယ့်လုပ်ငန်းနဲ့ ကိုယ် မတောင့်မတ မကြောင့်မကြဘဲ စားနိုင်သောက်နိုင်နေကြတာပဲဟာ။ ဒါကြောင့် သူတို့ပစ္စည်းကို သွားယူဖို့ဆိုတာ စိတ်လည်း မကူးမိပါဘူး။

အဲ…ဒါပေမယ့် တစ်နေ့ကျ[illegible] တော့ ကျွန်တော့်ကို အိပ်မက်ပေ[illegible] တယ်။ ဒီတစ်ခါ အိပ်မက်တော[illegible] အရင်အိပ်မက်တွေထက် ပိုဆန်းတယ်လို့ ပြောရမှာပဲ။ အိပ်မက်ထဲမှာ ဝတ်[illegible] စင်ကြယ်နဲ့ အဘိုးအိုတစ်ယောက်[illegible] ပြောတယ်။ မင်းတို့မိသားစုက "တယ်[illegible] လည်း ပြောရခက်တာကိုး။ တို့မှာတော[illegible] မင်းတို့ကို ဒုက္ခမရောက်အောင် စော[illegible] ရှောက်လိုက်ရတာ။ တစ်ခါ မင်းတို့[illegible] ခြံဝိုင်းထဲကို ခွေးရူးတစ်ကောင်ဝင်တော[illegible] မင်းတို့တစ်တွေ ကြောက်လို့ ခြံ[illegible] တောင် မဆင်းရဲဘူး မဟုတ်လား[illegible] နောက် အဲဒီခွေးရူး ခြံထဲမှာ လျှော[illegible] ပြေးနေတုန်း မြွေတစ်ကောင်ထွက်လာ[illegible] ပြီး ကိုက်လို့ အဲဒီခွေးရူးလည်း တု[illegible] ခနဲ လဲသေတာလေ။ အဲဒါ တို့ကယ်[illegible] တာပေါ့"လို့ ပြောတယ်။

ဟုတ်တယ် မမတင်ရေ။ အဲ[illegible] တုန်းက ခွေးရူး…ခွေးရူးဆိုပြီးတော[illegible] ကာလသားတွေကလည်း နောက်[illegible] နေ တုတ်တွေ၊ ဓားတွေနဲ့ လိုက်၊ အိမ်[illegible] ထဲ ဝင်ပြေးတဲ့လူကလည်း ပြေးနဲ့[illegible] အဲဒီနောက်တော့ အဲဒီခွေးရူး[illegible] ကျွန်တော့်ခြံဝိုင်းထဲကို စွတ်ဝင်လာတ[illegible] ပါကလား။ ခြံတံခါးပိတ်ထားတာ[illegible] ခွေးက ဝပ်ပြီး တိုးဝင်ခဲ့တာ[illegible] နောက်က လိုက်လာတဲ့ ကာ[illegible] တွေကလည်း ခြံတံခါး ဒေ[illegible]ပိတ်ထာ[illegible]



www.burmeseclassic.com

www.burmeseclassic.com

တော့ ခွေးနောက်ကို ဆက်လိုက်လာလို့လည်း မရ၊ ကျွန်တော်တို့ကလည်း သူတို့လူအုပ် ခြံထဲဝင်လာလို့ရအောင် ခြံတံခါးဆင်းမဖွင့်ပေးရဲဘူး။ ခွေးက ခြံထဲမှာ ဟိုပြေးဒီပြေးနဲ့ လုပ်နေတာကိုး။

အဲဒီအချိန်တုန်းကလည်း အိမ်မှာ ယောက်ျားသားဆိုလို့ ကျွန်တော်တစ်ယောက်တည်းရှိတာ။ မောင်မြတ်ကျော်က အဲဒီအချိန် လယ်ထဲဆင်းနေတာလေ။ ကျွန်တော်လည်း အိမ်ပေါ်ကနေ တုတ်ဆွဲရမလို၊ ဓားဆွဲရမလို ဖြစ်နေတာပေါ့။ အပြင်က လူအုပ် ခြံဝင်းကို ကျော်တက်ဖို့ ကြိုးစားနေတုန်းရှိသေးတယ်၊ ခွေးက နောက်ဖေး ခြံထောင့်က သစ်ရွက်ခြောက်တွေနားအရောက်၊ ဘယ်က မြွေတစ်ကောင်ရောက်လာသလဲ မသိဘူး၊ ဇတ်ဆိုပြီး တစ်ချက်ပေါက်တာ တွေ့လိုက်တယ်။ နောက် မြွေလည်း သစ်ရွက်ခြောက်တွေထဲ ပြန်တိုးဝင်သွားပြီး ခြံအပြင်ထွက်သွားသလား မသိပါဘူး၊ ပျောက်သွားတယ်။ နောက် မကြာဘူး၊ ခွေးလည်း ခြံထဲ ဟိုပြေးဒီပြေးနဲ့ နောက်တော့ တုန်းခနဲ လဲပြီး ပိုးထိလို့ သေပါရော့လား။ မသိပါဘူးဗျာ။ အစက ဒီခွေး အဲဒီလိုသေတာ ရိုးရိုးသားသားပဲ ထင်နေတာ။ အခုလို သူတို့ပြောမှ သူတို့ကယ်လိုက်တယ်ဆိုတာ ကျွန်တော်သိရတယ်။

နောက်တစ်ခုက ကျွန်တော်တို့အိမ်ကို သူခိုးဝင်ခိုးတာလေ။ တစ်အိမ်လုံး တစ်ယောက်မှ မနိုးကြဘူး။ အဲဒါ မနက်မိုးလင်းလို့ ကြည့်လိုက်တော့မှ ခြံထောင့်မှာ လူတစ်ယောက် အထုပ်ကြီး တစ်ထုပ်နဲ့ တုံးလုံးလဲနေတာကို မြင်တော့မှ သူခိုးမှန်းသိပြီး ကာလသားတွေခေါ်၊ သူကြီးလက် အပ်လိုက်ရတယ်။ အဲဒီသူခိုးက ပြောတော့ သူခြံထဲကနေ ကျော်ထွက်မယ်အလုပ်မှာ နောက်က လူတစ်ယောက်ယောက် သူ့ခေါင်းကို ဒုတ်ခနဲမြည်အောင် ရိုက်လိုက်တာ တစ်ချက်တည်းနဲ့ သူလည်း မေ့လဲသွားတယ်ဆိုပဲ။ အဲဒီသူခိုးတုန်းက မရိုးမှန်းတော့ တွေးမိပါရဲ့။ အဲ. . . မောင်သန်းတင်၊ အဲဒီအကြောင်း မင်းတို့အိမ်လာအိပ်တဲ့နေ့က ပြောဖူးတယ်နော်။ မှတ်မိတယ်မဟုတ်လား"

ထိုအချိန်တွင် တစ်ချိန်လုံး စိတ်ဝင်တစားဖြင့် ငြိမ်၍ နားထောင်နေသော ကိုသန်းတင်က. . .

"မှတ်မိပါတယ် ဦးလေးကြွယ်၊ ဆက်ပြောပါဦး"

"အေး၊ အဲဒါလည်း သူတို့ကယ်ခဲ့တာတဲ့။ အဲဒီအိပ်မက်ထဲက အဘိုးက ပြောတာကတော့ အဲဒီအကောင် လူမနိုးလို့ ရိုးရိုးခိုးသွားတာတဲ့။ လူနိုးရင် ဓားပြတိုက်မယ့် ကောင်တဲ့။ သူ့ကို မိတော့ သူ့ခါးကြားမှာ ထိုးလာတဲ့ ဓားမြှောင်တွေ့တယ်မဟုတ်လားတဲ့၊ အဲဒီကောင်က အိမ်ထဲမှာ မွှေနေတာ အကြာကြီးပဲတဲ့။ ဒါကြောင့် နင်တို့ နိုးလာရင် နင်တို့အိမ်သားတွေနဲ့ အဲဒီသူခိုး ပက်ပင်းတိုးမှာစိုးလို့ နင်တို့ကိုလည်း မနိုးအောင် လုပ်ထားရတာတဲ့။ နောက် ဒီကောင် ခြံအပြင်ထွက်ခါနီးကျမှ နောက်ကနေ ဆော်ထည့်လိုက်ရတာတဲ့။ သူပြောတာတွေက ဟုတ်လိုက်တာဗျာ။ ကျုပ်ဖြင့် အံ့ရော။

နောက် အဲဒီအဘိုး ဆက်ပြောတာက "မင်းတို့ ယူချင်၊ မယူချင် ငါတို့ကတော့ ပဋ္ဌာန်းဆက်ရှိတဲ့ မင်းတို့ကိုပဲ ပေးရမှာပဲ။ တို့မှာ မင်းတို့ကို ပေးဖို့ ရှိနေတော့ တို့ လုပ်စရာရှိတာတွေ မလုပ်ရဘူး။ ဒီတော့ တို့ ရစရာရှိတာတွေလည်း မရနဲ့၊ နှစ်ဖက်စလုံးမှာ အကျိုးမရှိပေဘူး။ ဒါကြောင့် တို့က မင်းတို့ကို ပစ္စည်းပေးတဲ့အခါ တစ်ဝက်တိတိကို လှူဒါန်းပြီး တို့တစ်တွေအပါအဝင် ဥဘုံသားတွေကို အမျှအတန်းပေးဝေပါ" ဆိုပြီး အဘိုးကြီးလည်း အိပ်မက်ထဲမှာ ပျောက်သွားတယ်။ ကျွန်တော်လည်း နိုးလာခဲ့တော့တာပဲ မမတင်ရယ်။

အဲဒီနောက် တစ်ပတ်လောက်ကြာတော့ မမတင်ရဲ့ တူမ လှဝင်းရွှေကလည်း သူ့သား တင်ပါးလေးကို ပုတ်သိပ်နေတော့ သိပ်မကြာခင်မှာပဲ ကလေးက အိပ်ပျော်သွားတယ်လေ။ ဒါကြောင့် လှဝင်းရွှေကလည်း ကလေးအိပ်ပျော်သွားတာ ခဏစောင့်ကြည့်ပြီး ထ,လာမယ်လုပ်တုန်း စပါးကြီးမြွေကြီးတစ်ကောင်ဗျာ၊ အကြီးကြီးပဲ။ အိမ်ရှေ့လှေကားအတိုင်း တက်လာတာကို လှဝင်းရွှေက မြင်လိုက်တယ်။ ပထမ သူလည်း ကြောင်ပြီး ဘာလုပ်ရမှန်းမသိဘူး။ အော်ဖို့တောင် မေ့နေတယ်။ တဖြည်းဖြည်းနဲ့ မြွေကြီးက အိမ်ထဲဝင်လာပြီး သူတို့သားအမိရှိရာ ကွပ်ပျစ်ဆီကို လာနေတာ တရွေ့ရွေ့နဲ့ပေါ့။

အဲဒီအချိန်မှာ လှဝင်းရွှေက မြွေကြီး၏ မျက်လုံးနှစ်လုံးကို သေချာကြည့်မိတော့ မျက်လုံးက အညိုရောင်လိုလို၊ နောက် အဝါရောင်ပြောင်းသွားတာ သူသတိထားမိလိုက်တယ်။ နောက် အဝါရောင်ကနေ တဖြည်းဖြည်း အနီရောင်၊ တစ်ခါ အနီရောင်မှ ရဲရဲနီတဲ့ အနီရောင်ကို ပြောင်းသွားတော့တယ်။ နောက်တော့ သူတို့အနားရောက်လာတဲ့ မြွေကြီးကို ရှူး. . . ရှူး. . . ဟဲ့. . . သွား. . . သွား. . . ဆိုပြီး မောင်းထုတ်တယ်။ ဒါပေမယ့် မြွေကြီးက မသွားတဲ့အပြင် ရှေ့တိုးမြဲ တိုးလာတာမို့ မြွေကြီး. . . မြွေကြီးလို့ ကျူးအော်ပြီး အိပ်နေတဲ့ သူ့သားကို ကောက်ချီပြီး ပြေးမယ်



www.burmeseclassic.com

www.burmeseclassic.com

လုပ်ပေမယ့် ထလို့မရဘူး။ ကြောက်လွန်းလို့ အောက်ပိုင်းတောင် လှုပ်လို့မရတော့ဘူးတဲ့။ တစ်ချိန်တည်းမှာပဲ ကြောက်သေးတွေကလည်း တဖြန်းဖြန်းနဲ့ ကျလာပါလေရော။

နောက်တော့ သတိတစ်ချက် ပြန်ဝင်လာပြီး မြွေကြီးကို သူ့အိပ်တဲ့ ခေါင်းအုံးနဲ့ ကြောက်ကန်ကန်ပြီး ပစ်ပေါက်လိုက်တာ မြွေကြီးရဲ့ ခေါင်းကို ဗုန်းဆို ထိမှန်သွား၍ မြွေကြီးရဲ့ မျက်လုံးနှစ်လုံးလည်း ကျွတ်ထွက်သွားပြီး ကြမ်းပေါ်ကို တောက်တောက် . . . တောက်တောက်နဲ့ ကျသွားတော့တာပဲ။ အဲဒီအချိန်မှာပဲ မြွေကြီးလည်း လေကားအတိုင်း ပြန်ဆင်းပြေးသွားတော့တာပဲ။

သူ့အော်သံကြားလို့ ကျွန်တော်နဲ့ သူ့အမေ နောက်ဖေးမှာ အလုပ်လုပ်နေရာကနေ ပြေးလာတော့ သူက မြွေကြီး . . . ဟိုမှာ . . . ဟိုမှာ . . . ဆင်းပြေးသွားပြီဆိုပြီး အိမ်ရှေ့ လေကားဆီ လက်ညှိုးထိုးပြလို့ ကြည့်ပေမယ့် ဘာမှ မတွေ့ဘူး။ အိမ်ရှေ့ ခြံဝင်းထဲ ဆင်းကြည့်တော့လည်း ဘာမှမရှိဘူး။ မြန်လိုက်တာ။ ဒါကြောင့် သူ့ကို ရေတိုက်ပြီး အကြောက်ပြေအောင် ချော့မော့ပေးရတာပေါ့။

နောက် သူပြောတဲ့အတိုင်း မြွေကြီးမျက်လုံးနှစ်လုံးတောင် ကြမ်းပေါ် ကျွတ်ကျသွားသေးတယ်လို့ ပြောတာနဲ့ ရှာကြည့်တော့ နီနီရဲရဲ ကျောက်နှစ်လုံးကို တွေ့ရတယ်။ မြွေမျက်လုံးက အနီမှ မဟုတ်တာဘဲ။ ဒါနဲ့ ကျွန်တော်လည်း သိပ်မသင်္ကာတာနဲ့ သိမ်းထားပြီး နောက်တော့ သမက်အကြီး မောင်အောင်ဘိုနဲ့ မြို့တက်ပြီး ပြကြည့်တော့ ကျွန်တော် ထင်တဲ့အတိုင်းပဲ တော်တော် အရည်အသွေးကောင်းတဲ့ ပတ္တမြားနှစ်လုံးဖြစ်နေတာမို့ ထုခွဲလိုက်တယ်။ နောက် ရွာကို ဟန်မပျက် ပြန်လာခဲ့တယ်။

ရွာကို ပြန်ရောက်တာနဲ့ ရွာမှာရှိတဲ့ လယ်တွေ တော်တော်များများကို ရောင်းပစ်လိုက်တယ်။ နည်းနည်းပါးပါးကိုတော့ စိတ်ချရတဲ့ လူတွေကို ဆက်လုပ်ခိုင်းပြီး ရွာက လူတွေကို ကျွန်တော်တို့မိသားစု ရန်ကုန်တက်ပြီး အခြေချတော့မှာ ဖြစ်ကြောင်း၊ သမက်အကြီး အောင်ဘိုက ရန်ကုန်မှာ အလုပ်အကိုင်နဲ့ အခြေကျနေသလို၊ သမက်အငယ် မောင်မြတ်ကျော်လည်း ရန်ကုန်မှာ မကြာခင် အလုပ်ဝင်ရတော့မှာ ဖြစ်ကြောင်း၊ နောက် ကျွန်တော်တို့နယ် တစ်ဝိုက်မှာလည်း ကွန်မြူနစ်တွေက သောင်းကျန်းလာတာမို့ ရွာက ကြေးရတက်တွေကို တွေ့ရင် သူတို့မျက်စိစပါးမွေးဆူးလာနိုင်တာမို့ တစ်ကြောင်း၊ ကျွန်တော်တို့ လင်မယားလည်း အသက်အရွယ်ရလာပြီမို့ သမီးတွေ၊ မြေးတွေနဲ့အတူတူ အေးအေးချမ်းချမ်း နေချင်ပြီဖြစ်တဲ့အကြောင်း စ,တာတွေကို ပြောဆိုပြီးတော့ သူတို့ကို အသိပေးလိုက်တယ်လေ။

ရွာက ဆရာတော်မှစပြီး မပြောင်းစေချင်ပေမယ့် ကျွန်တော်ပေးတဲ့ အကြောင်းပြချက်က ခိုင်လုံနေတာမို့ သူတို့လည်း မတားသာဘူးပေါ့လေ။ ဒါကြောင့် ကျွန်တော်လည်း ရန်ကုန်မပြောင်းခင် ကိုယ့်ရပ် ကိုယ့်ရွာမှာ ဒါနပြုချင်တယ်ဆိုပြီး ပထမ ရွာဦးစေတီကို ပြုပြင်တယ်။ ရွာဦးက ဆရာတော်ကျောင်းကိုလည်း ပြင်ဆောက်ပေးတယ်။ နောက် ကျွန်တော်နဲ့ သမက်နှစ်ယောက်လည်း ပဉ္စင်းခံတယ်။ ရွာထဲက ဆင်းရဲတဲ့ ကလေးနဲ့ မိဘမဲ့ ကလေးတွေကိုလည်း သင်္ကန်းစည်းပေးခဲ့တယ်။ နောက် သူတို့အိပ်မက်ထဲမှာ မှာသလို ကျေးဇူးရှင်တွေကိုလည်း အမျှအတန်း ပေးဝေခဲ့တယ်လေ"

"သာဓုပါတော် . . . သာဓု . . . သာဓု။ အင်း . . . ကြားရတာ ဝမ်းသာစရာကောင်းသလို၊ သိပ်လည်း အံ့သြစရာကောင်းတာပဲနော်။ ဒါဆို ငါ့မောင်တို့မိသားစုလည်း အတော်ပွလိုက်မှာပဲနော်"

ဒေါ်တင်ကြည်၏ စကားအဆုံး ဦးကြွယ်လုက တဟဲဟဲနှင့် ရယ်ရင်း . . .

"ဘာလဲ၊ မမတင်က ပတ္တမြားနှစ်လုံးရောင်းတာ ဘယ်လောက်ရသလဲ သိချင်လို့လား။ မမတင်မေးရင်တော့ ကျွန်တော် ဒီတစ်ခါ အမှန်အတိုင်းပြောတော့မှာ မဟုတ်ဘူးနော်၊ ဟဲဟဲဟဲ"

"အမယ်လေး . . . စပ်စပ်စုစုနဲ့ သိချင်ပါဘူးတော်။ ကျုပ်ကိုများ တောသူ့ဆိုပြီး ငထုံအမှတ်လို့။ ကျုပ်သိပါတယ်။ မင်းတို့ဆီမှာ အတွင်းပစ္စည်း ဘယ်လောက်ရှိမှန်း မသိပေမယ့် အခုမင်းနေတဲ့ ခြံနဲ့ တိုက်က ငါးသောင်းခြောက်သောင်းလောက် တန်မယ်။ နောက် မင်းထောင်ထားတဲ့ ကားနှစ်စင်းရယ်၊ သိမ်ကြီးဈေးထဲက မင်းတို့ ဆိုင်ခန်းရယ်၊ နောက် မင်းတို့ ဖွင့်တဲ့ ကားပစ္စည်းနဲ့ တာယာဆိုင်ရယ်၊ ဒါတွေကို ခန့်မှန်းရင်ပဲ အနည်းဆုံး တစ်သိန်းဝန်းကျင်လောက်တော့ ရှိမှာပေါ့။ ဒါတောင် တစ်ဝက်ကို လှူခဲ့သေးတယ်လေ။ ဟုတ်တယ်မဟုတ်လား။ သိတာမှ သိပ်သိ"

"မမတင်ကတော့ ပြောရော့မယ်ဗျာ၊ ဟားဟားဟား . . ."

ဒေါ်တင်ကြည်၏ စကားကြောင့် အားလုံး ရယ်မိကြလေတော့သတည်း။

* * *

အေးမောင်[illegible]ဆန်း

www.burmeseclassic.com

www.burmeseclassic.com

# အောင်ထူးဆန်း

သက်နှင်းဆွေ - ပုပ္ပါး



(၁)

ယခုနှစ်ပိုင်းတွေမှာ ရွှေတိဂုံဘုရားသို့ ကျွန်တော်နေ့စဉ် တက်ဖြစ်နေသည်။ မှတ်မှတ်ရရ ၂၀၁၂-ဇူလိုင်လကတည်းက နေ့စဉ် ပဌာန်းပူဇော်ဖြစ်နေသည်။ တစ်ခါတစ်ရံတော့လည်း ပျင်းတဲ့စိတ်က ဝင်လာတတ်သည်။ တချို့ရက်တွေမှာ မိုးကြီး၊ ရေကြီးဖြစ်နေခဲ့ရာ သွားရလာရတာ အဆင်မပြေ။ ကားငှား ရတာ အခက်အခဲဖြစ်ခဲ့ပေါင်း များပြီ။ အများသဖြင့် ညတွေ မှာ များစွာအခက်အခဲဖြစ်ခဲ့ရသည်။ ဘယ်လိုပဲဖြစ်ဖြစ် ဘုရားကိုတော့ နေ့စဉ် ဝတ်မပျက် ရောက်အောင် သွားဖြစ် နေပါသည်။

ဘုရားတွင် ကျွန်တော်ရေလှူတာ၊ ပန်းကပ်တာ၊ ရွှေ သင်္ကန်းပူဇော်တာ၊ နဝကမ္မ ဝတ္ထုငွေလှူတာတွေကို အလျဉ်း သင့်သလို ပြုဖြစ်နေသည်။ ကျွန်တော့်မိဘဘိုးဘွား ဆရာ သမားတွေ၊ ဆွေမျိုးမိတ်သင်္ဂဟတွေမှအစ စာဖတ်ပရိသတ် တွေ၊ ခုနစ်ရက်သားသမီးပရိသတ်တွေအပါအဝင် သုံးဆယ့် တစ်ဘုံသားတွေအတွက် အလျဉ်းသင့်သလို ကုသိုလ်လေး တွေ ပြုပြီး အမျှပေးဝေနေဖြစ်ခဲ့သည်။ ပဌာန်းငါးကျမ်းကို နေ့စဉ် တစ်နိုင်တစ်ပိုင်စီ ရွတ်ဖတ် ပူဇော်ဖြစ်တာတွေကို လည်း လေးလေးနက်နက် အမျှပေးဝေနေဖြစ်ခဲ့ပါသည်။

တချို့ရက်တွေမှာ ရွှေတိဂုံစေတီတော်မှ ထူးထူးခြားခြား နေရာတွေကို လှည့်လည် ကြည့်ရှုနေဖြစ်ခဲ့တာတွေလည်း ရှိသည်။ အထူးသဖြင့် ယခုတလောတွင် ရွှေတိဂုံစေတီတော် ကြီး၏ တနင်္ဂနွေထောင့်မှာ ရှိသည့် အဘဘိုးမင်းခေါင်ရုပ်တု ကို မကြာခဏဝင်ပြီး ဂါဝရပြုဖြစ်သည်။

ရွှေအပြည့်ချပြီး ပူဇော်ထားသည့် အဘဘိုးမင်းခေါင် ရုပ်တုကို ဝင်ပြီး ကန်တော့ရင်း အဘ၏ မေတ္တာကို ခံယူဖြစ်ပါ သည်။ သို့သော် မေတ္တာကို ခံယူရုံသက်သက်တော့လည်း မဟုတ်။ ကျွန်တော်ပြုခဲ့သမျှ တတ်စွမ်းသမျှသော ကုသိုလ် လေးတွေ၏ အဖို့ဘာဂကို အဘအား အမျှပေးဝေဖြစ်သည်။ ဤလောကကြီး၏ တစ်နေရာတွင် (သို့မဟုတ်) နေရာများစွာ တွင် အဘတို့လို ပုဂ္ဂိုလ်မြတ်တွေ ရှိနေသေးသည်ဟု ကျွန်တော်ယုံကြည်နေမိသည်။

အမှန်ကို ဝန်ခံရလျှင် ကျွန်တော်သည် အဘကို သိဒ္ဓိ ရှင်၊ မဟိဒ္ဓိရှင် ပုဂ္ဂိုလ်ထူးတစ်ပါးအဖြစ်လည်း ယုံကြည်ပါ သည်။ သို့သော် ထိုမျှသာမကဘဲ၊ အဘ၏ သီလဂုဏ်၊ စရဏဂုဏ်၊ ပါရမီဂုဏ်၊ ပညာဂုဏ်၊ သမာဓိဂုဏ်တို့ကို ပိုပြီး ကြည်ညိုလေးမြတ်စိတ်ဖြင့် ဂါဝရပြုဖြစ်နေခြင်းဖြစ် သည်။ ထို့ထက်ဆိုရလျှင် အနမတဂ္ဂ သံသရာခရီးတွင် အဘနှင့် ကျွန်တော်သည်လည်း ဘဝတစ်ခုခု၌ (သို့မဟုတ်) ဘဝများစွာ၌ ကျွန်တော်တို့ မိတ်ဆွေရင်းချာတော်စပ်ခဲ့သည့် ဘဝတွေလည်း မလွဲမသွေရှိနေခဲ့မည်ဟု ကျွန်တော်ယုံကြည် နေမိပြန်ပါသည်။ ထိုအထုံပါရမီရေစက်တွေကိုလည်း အလေး အနက်ထားကာ အဘကို ကျွန်တော့်အဘိုး သူတော်စင်



www.burmeseclassic.com

www.burmeseclassic.com

ပုဂ္ဂိုလ်မြတ်ကြီးတစ်ဦးလိုလည်း ချစ်ကြည် လေးမြတ်စွာ ဂါဝရပြုဖြစ်နေခဲ့ပါသည်။ ကျွန်တော့်အိမ်မှာလည်း အဘ၏ ရုပ်တုကို ကျကျနနထားရှိကာ ဂါဝရပြုဖြစ်နေပါသည်။

အဘနှင့် ပတ်သက်သည့် ထူးဆန်းသော ဖြစ်စဉ်တွေကို ကျွန်တော်ကိုယ်တိုင် များစွာကြုံခဲ့ရဖူးပါသည်။ တချို့ဖြစ်စဉ်တွေက လက်တွေ့ မျက်ဝါးထင်ထင် ကြုံတွေ့ခဲ့ရတာတွေဖြစ်သည်။ တချို့ဖြစ်စဉ်တွေကတော့ စာပေမှတ်တမ်းမှတ်ရာတွေအရ လေ့လာသိရှိရတာတွေဖြစ်သည်။ ကိုယ်တွေ့ကြုံခဲ့ဖူးသူတွေကတစ်ဆင့် အတိအကျပြန်ပြောပြသည့် ဖြစ်စဉ်တွေလည်း ရှိသည်။ တချို့ဖြစ်စဉ်တွေမှာတော့ အတိအကျ ညွှန်ပြမှုတွေဖြင့် ကြုံရတာတွေဖြစ်သည်။

(၂)

လွန်ခဲ့သည့်နှစ်ပေါင်း ဆယ့်ငါးနှစ်ကျော်လောက်ကဖြစ်သည်။ ထိုစဉ်က ကျွန်တော်သည် ကျောင်းဆရာလေးဘဝနှင့် ရှမ်းပြည်နယ်တောင်ကြီးဒေသမှ မြို့လေးတစ်မြို့မှာ နှစ်ပေါင်းများစွာ အခြေချကာ နေထိုင်ဖြစ်ခဲ့ချိန်ဖြစ်သည်။ ထိုမြို့လေး၏ ဆိတ်ငြိမ်ရပ်ကွက်လေးထဲရှိ အတော်အသင့်ကျယ်ဝန်းသည့် ခြံလေးနှင့် အိမ်တစ်လုံးတွင် အေးအေးချမ်းချမ်းနေထိုင်ဖြစ်ခဲ့သည်။ အမှန်တော့ ကျွန်တော်သည် ကျောင်းဆရာအလုပ်မှ အငြိမ်းထွက်လိုက်ကာ သမထ ဘာဝနာအကျင့်စရဏတွေကို စိုက်လိုက်မတ်တတ် ဖြည့်ကျင့်နေချိန်ဖြစ်၏။ ထိုသို့ သမထအကျင့် စရဏလမ်းကို စူးစူးစိုက်စိုက် ဖြည့်ကျင့်နေရင်းမှလည်း ဝိပဿနာဓမ္မ၏ အခြေခံ သဘောတရားတွေကို နာယူလေ့လာဖြစ်နေပြန်၏။ တစ်ဖန် ကျွန်တော့်မူလ ရည်ရွယ်ချက်ဖြစ်သော စာရေးခြင်း၊ ကဗျာရေးခြင်း အလုပ်ကိုလည်း ကြိုးကြိုးကုတ်ကုတ် လေ့ကျင့်အားထုတ်နေချိန်ဖြစ်၏။

ကျွန်တော်သည် ထိုစဉ်က သစ်ပင်ပန်းမာန်တွေနှင့် စိမ်းစိုအုပ်ဆိုင်းနေသည့် ထိုခြံလေးနှင့် ထိုအိမ်လေးတွင် အေးချမ်းစွာဖြင့် နေထိုင်နေဖြစ်ခဲ့လေသည်။ ထိုစဉ်က ကျွန်တော့်အတွက် ထူးခြားဆန်းပြားသည့် ဂမ္ဘီရဖြစ်စဉ်တွေနှင့် အထိတွေ့ခဲ့ရဆုံးအချိန်လည်း ဖြစ်သည်။

တစ်ညတွင်မူ ကျွန်တော်သည် ထူးခြားသော အိပ်မက်တစ်ခုကို မြင်မက်ခဲ့လေသည်။ အိပ်မက်ထဲတွင် ကျွန်တော့်အိမ်သို့ ဇနီးမောင်နှံနှစ်ယောက်ရောက်လာခဲ့သည်။ ထိုဇနီးမောင်နှံသည် ကျွန်တော့်မိတ်ဆွေတွေဖြစ်၏။ အမျိုးသမီးက ကျွန်တော်တို့နှင့် တစ်မြို့နယ်တည်းမှာ အတူတာဝန်ထမ်းဆောင်ခဲ့သည့် ကျောင်းဆရာမလေးတစ်ယောက်ဖြစ်သည်။ အိပ်မက်ထဲတွင် သူတို့ဇနီးမောင်နှံက မြင်းလှည်းလေးတစ်စီးနှင့် ရောက်လာခဲ့ခြင်းဖြစ်သည်။ မြင်းလှည်းကိုလည်း ဆရာမလေး၏ ခင်ပွန်းက ကိုယ်တိုင်မောင်းလာခဲ့ခြင်းဖြစ်သည်။ အိပ်မက်ထဲတွင် မြင်းလှည်းပေါ်မှ ဆင်းလာသည့် ဆရာမလေးကို သူ့ခင်ပွန်းက ဖေးဖေးမမတွဲလျှောက်၍ ခြံထဲမှ မြေလမ်းကလေးအတိုင်း လျှောက်ဝင်လာတာကို ကျွန်တော်က အိမ်ဦးခန်းမှ ထိုင်ကြည့်နေမိခဲ့သည်။ ဆရာမလေးက ကိုယ်ဝန်အရင့်အမာကြီးနှင့် ဖြစ်နေလေသည်။

သူတို့ဇနီးမောင်နှံသည် ကျွန်တော်ထိုင်နေသည့် အိမ်ဦးခန်း ဘုရားဆောင်ထဲသို့ တက်လာကြကာ ကျွန်တော့်ရှေ့မှာ ဝင်ထိုင်လိုက်ကြလေသည်။ ဘုရားဆောင်ထက်မှ ဘုရားရုပ်ပွားတော်မြတ်တို့ကို ကန်တော့ပြီးသည်နှင့် ကျွန်တော့်ကိုလည်း ဂါဝရပြုကြပြန်လေသည်။

"ဆရာရယ်···ကျွန်တော့်အမျိုးသမီးရဲ့ ကိုယ်ဝန်က ဖွားရမယ့်ရက်တွေ တော်တော်ကျော်လာနေပါပြီ ဆရာ။ အဲဒီ အခုထိ ဘာမှလည်း မထူးခြားသေးဘူး။ ဗိုက်လည်း မနာဘူး ဆရာရယ်။ လူက ကျန်းကျန်းမာမာပါပဲ။ ဒါပေမယ့် စိတ်ပူလို့ ဆရာ့ဆီ အကူအညီလာတောင်းတာပါ။ တစ်ခုခုအကြံဉာဏ် ပေးပါဦး ဆရာရယ်"

ဆရာမလေး၏ မျက်နှာကို ကြည့်လိုက်တော့လည်း ကြည်ကြည်လင်လင်ပင် ဖြစ်သည်။ သို့သော် ဆရာဝန်ပေး ထားသည့် မွေးဖွားရက်(ဂျူးဒိတ်)က ဆယ်ရက်လောက်ကျော် လွန်နေပြီဖြစ်ကြောင်း ပြောပြနေသည်။

ကျွန်တော်သည် ထိုကိစ္စကို ဘာပြန်ပြောရမှန်းမသိ၊ ဘာလုပ်ပေးရမှန်းမသိ။ ထိုဇနီးမောင်နှံ၏ ရှေ့မှာ ထိုင်နေရင်းနှင့်ပင် အစဉ်းစားရကျပ်နေခဲ့လေသည်။ ထိုအချိန်မှာပဲ ကျွန်တော့်အိမ်၏ ဘုရားခန်းထဲတွင် လူတစ်ရပ်လောက် အမြင့် လေဟာပြင်ထဲတွင် ပုဂ္ဂိုလ်ကြီးတစ်ပါး ဘွားခနဲပေါ် လာလေသည်။ ထိုပုဂ္ဂိုလ်ကြီးသည် လေထဲမှာ တင်ပလ္လင် ချိတ်ပြီး ထိုင်နေ၏။ ကျွန်တော့်ကို ပြုံးပြီး ကြည့်နေတာ တွေ့ရသည်။

"ဒီကိစ္စလောက်များ ဘာခက်ခဲနေတာလဲ ငါ့မြေးရယ်။ မင်း ရွတ်နေကျ အောင်ထူးဆန်း မန္တန်ကြီးကို ရွတ်ပြီး "ရေစင်"လုပ်ပေးလိုက်။ အဲဒီရေစင်ကို သောက်ခိုင်းလိုက်။ သုံးရက်အတွင်း အဆင်ပြေသွားလိမ့်မယ်"

ကျွန်တော်သည် မယုံကြည်နိုင်လောက်အောင်ပင် တအံ့တသြငေးမောနေမိသေး၏။ ပြီးမှ···

"ဟုတ်၊ ဟုတ်ကဲ့ပါ အဘ"

ဟု ပြောပြောဆိုဆို အဘကို လက်အုပ်ချီပြီး ကန်တော့ရင်း အိပ်မက်မှ နိုးသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



(၃)

ထိုစဉ်က ထိုအိပ်မက်မှ နိုးလာချိန်သည် ကျွန်တော် အိပ်ယာမှ အမြဲနိုးထချိန် နံနက်စောစော ၂နာရီအချိန်ဖြစ်နေလေသည်။ ထိုနေ့ကလည်း အိပ်ရာမှ ထကာ ကျွန်တော့် အစိတ္တာန်ကျင့်စဉ်တွေကို ပုံမှန်အတိုင်း ကျင့်လှမ်းနေဖြစ်ခဲ့၏။

နံနက်စောစော မိုးလင်းချိန်တွင်မူ ရှမ်းပြည်နယ်၏ ဓလေ့အတိုင်း ရှမ်းဆန်ထမင်းပူပူနွေးနွေး ဖြူဖြူလွလွကလေးကို တို့ဟူးကြော်နှင့် စားပြီး လက်ဖက်ခြောက်ရနံ့သင်းသင်းလေးနှင့် အခါးရည်ကို အရသာခံ သောက်ရင်း ထူးခြားသော အိပ်မက်ကို ပြန်တွေးနေမိပြန်သည်။


မှတ်မှတ်ရရ ထိုအချိန်က မိုးကုန်ခါနီးရက်တွေဖြစ်၏။ မိုးနှင်းကလေးတွေ ခပ်ဖွဲဖွဲကျနေချိန်ဖြစ်၏။ ထိုအချိန်မှာပဲ ကျွန်တော့်ခြံရှေ့သို့ မြင်းလှည်းတစ်စီး လာရပ်လေသည်။ မြင်းလှည်းမောင်းသူကိုယ်တိုင်ပင် မြင်းလှည်းပေါ်မှ အမျိုးသမီးကို ဖေးဖေးမမတွဲခေါ်ရင်း ခြံထဲသို့ ဖြည်းဖြည်းချင်း လှမ်းဝင်လာခဲ့လေသည်။

ညက အိပ်မက်မက်သည့် ကျွန်တော့်မိတ်ဆွေ ကျောင်းဆရာမလေး ဇနီးမောင်နှံပါပဲ။ ဆရာမလေးက အိပ်မက်ထဲကအတိုင်းပင် ကိုယ်ဝန်အရင့်အမာနှင့် ဖြစ်နေလေသည်။ ကျွန်တော့်မှာ အံ့ဩလွန်းစွာဖြင့် ကြိုဆိုစကားပင် မဆိုနိုင်တော့။ ထိုဇနီးမောင်နှံတို့ ကျွန်တော့်ရှေ့ရောက်လာသည်အထိ ငေးကြောင်ကြည့်နေမိတော့သည်။

(၄)

ထိုနေ့က ကျွန်တော့်မိတ်ဆွေ ဆရာမလေးအတွက် ရေသန့်တစ်ဗူးကိုဖွင့်ကာ ဂါထာတစ်ပုဒ်ကို ရွတ်လျက် သိဒ္ဓိတင်ပြီး ရေစင်အဖြစ် ပေးလိုက်မိသည်။ အိပ်မက်ထဲကအတိုင်းပါပဲ။ မီးဖွားရမည့်ရက်(ဂျူးဒိတ်)ထက် ၁၀ရက်ကျော်နေပြီမို့ စိတ်ပူလို့၊ စိုးရိမ်လို့ ကျွန်တော့်ထံလာပြီး အကြံဉာဏ်တောင်းတာပါတဲ့။ ကျွန်တော်ကလည်း အိပ်မက်ထဲမှာ အဘဘိုးမင်းခေါင်ပြောသည့်အတိုင်း သုံးရက်အတွင်း မီးဖွားမည့်အကြောင်း၊ ဘာမှစိတ်ပူဖို့ မလိုကြောင်း အားပေးနှစ်သိမ့်စကားပြောဖြစ်ခဲ့သည်။ အဘပြောသည့်အတိုင်းပင် ရေသန့်ဘူးကို ဖွင့်ပြီး အောင်ထူးဆန်း မန္တန်ကြီးကို အကြိမ်ကြိမ်ရွတ်လျက်၊ ကျွန်တော် အမြဲစောင့်ထိန်းထားသည့် သီလသစ္စာတို့ကို သစ္စာပြုလျက် ရေစင်အဖြစ် သိဒ္ဓိတင်ပြီး ပေးဖြစ်လိုက်ကာ၊ ထိုရေစင်ကို သောက်ဖို့ ညွှန်ကြားလိုက်ရပါသည်။ ထိုဇနီးမောင်နှံတို့လည်း စိုးရိမ်ပူပန်စိတ်တို့ ပြေလျော့သွားကြပြီး ဝမ်းသာကြည်နူးစွာ ပြန်သွားကြလေသည်။

ထိုနေ့မှ သုံးရက်မြောက်နေ့ နံနက်စောတွင်မူ ထိုဆရာ



မလေး၏ ခင်ပွန်းသည် သူတစ်ယောက်တည်း မြင်းလှည်းကို အသော့မောင်းလာပြီး ကျွန်တော့်အိမ်သို့ ရောက်လာပြန်တော့သည်။

"ဆရာ သက်နှင်းခွေရေ··· ကျွန်တော့်အမျိုးသမီးကတော့ ဒီမနက်ပဲ မီးဖွားလိုက်ပါပြီ။ မနက်စောစော ၅နာရီလောက်မှာ ဗိုက်နာလာလို့ ဆေးရုံခေါ်သွားလိုက်တာ အခု ၇နာရီတိတိမှာ မီးဖွားတယ် ဆရာ။ အားလုံးလွယ်လွယ်ကူကူ ချောချောမွေ့မွေ့ပဲ ဆရာရေ။ ဆရာ့ကျေးဇူးတွေလည်း အများကြီး ပါပါတယ်။ သားလေး ဆရာရေ···၊ သားလေး။ ကလေးရော၊ အမေရော ကျန်းကျန်းမာမာပါပဲ။ အဲဒါ လာပြောပြတာပါ ဆရာ···"

ထိုသူသည် ကျွန်တော့်အတွက် လက်ဖက်ရည်နှင့် စားစရာမုန့်တွေကိုလည်း ဝယ်လာခဲ့လေသည်။ ထို့အပြင် ကျွန်တော့်ဘုရားဆောင်မှာ လှူရန်အတွက် ဘုရားပန်းနှင့် သစ်သီးတွေကိုလည်း ဝယ်လာခဲ့သေး၏။ ထိုမျှမက ငါးသုံးလုံးစီးကရက်တစ်ဘူးကလည်း ပါလာသေးလေသည်။

သူ့မျက်နှာပေါ်မှ အပြုံးတွေကို ယခုပင် ပြန်လည်မြင်ယောင်နေမိပါတော့သည်။

"ဆရာရေ·· ကလေးရော၊ အမေရော ဒီ့ထက်ပိုပြီး ကျန်းမာအောင် မေတ္တာပို့သပေးပါဦး ဆရာရယ်"

ဟု ဆိုကာ ကျွန်တော့်ကို ကျကျနန ကန်တော့ပြီး ဝမ်းသာအားရ ခြေလှမ်းတွေနှင့် ကသုတ်ကရက်ပင် ပြန်



www.burmeseclassic.com

www.burmeseclassic.com

သွားလေသည်။ သို့သော် ခပ်လှမ်းလှမ်းရောက်မှ မြင်းလှည်းကို ပြန်လှည့်မောင်းလာပြန်ပြီး အိမ်ပေါ်သို့ အပြေးတက်လာပြန်၏။

"ဆရာရေ‥ အမျိုးသမီး မှာလိုက်တာလေး မေ့သွားလို့ပါ ဆရာ။ ကျွန်တော့်သားလေးအတွက် နာမည်လေး၊ ကောင်းကောင်း၊ လှလှ၊ ခန့်ခန့်လေးပေါ့ ဆရာရယ်။ အဲဒါပါ တစ်ခါတည်း ရွေးထားပေးပါဦးတဲ့"

ဟု ပြောပြီးမှ ပြန်သွားလေတော့သည်။ ထိုနေ့က ထိုသူ၏ မြင်းလှည်းမှ မြင်းချူသံ၊ မြင်းခွာသံတွေလိုပင် ကျွန်တော့်စိတ်မှာလည်း ပီတိတွေမြူးကြွလှုပ်ခတ်ရင်း ကျန်ခဲ့ရလေသည်။

ထိုမိတ်ဆွေ ဇနီးမောင်နှံတို့၏ သားလေးအတွက် အမည်ကိုလည်း ကျွန်တော် အသေအချာရွေးပေးခဲ့ရတာ ယခုပင် မှတ်မိနေသေးသည်။

(၅)

မိတ်ဆွေ…စာဖတ်သူ…

ယခု ကျွန်တော်ပြန်ပြောပြတာလေးကို နားထောင်ကြည့်ရင်း ထူးခြားမှုရှိသည်ဟု သင် ထင်ပါသလား။ သို့မဟုတ် ဘာမှမထူးခြားဘူးဟုများ တွေးလိုက်မိပါသလား။ တိုက်ဆိုင်မှုသက်သက်လို့များ သင် ထင်ပါသလား။ အိပ်မက်ဆိုတာ သွေးလေချောက်ချားလို့ မက်တာလည်း ရှိသည်တဲ့။ နတ်တို့ နိမိတ်ပေးတာလည်း ရှိတယ်တဲ့။ တခြားအကြောင်းတရားတွေကြောင့် အိပ်မက်တာမျိုးလည်း များစွာရှိနိုင်သေးသည်ဟု ကျွန်တော် ယုံကြည်ထားမိပါသည်။

(ဘာပဲဖြစ်ဖြစ် ယခု ကျွန်တော်ပြောပြခဲ့သည့် ဖြစ်စဉ်လေးကတော့ အမှန်တကယ်ကြုံရတာပါပဲ။ အဲဒီဆရာမလေးတို့မိသားစုသည် ရှမ်းပြည်နယ်တောင်ပိုင်းက မြို့ကလေးမှာ ယခုတိုင် ရှိနေကြပါသေးသည်။ တစ်လောကပဲ သူတို့မိသားစုအသိုင်းအဝိုင်းတွေက သတိတရ ဖုန်းဆက်လာကြပါသေးသည်။)

ပြီးတော့ ယနေ့ထက်တိုင် ကျွန်တော် အမြဲလက်စွဲထားတဲ့ မန္တန်ကြီးတစ်ခုလည်း ရှိနေပါသေးသည်။ အဘဘိုးမင်းခေါင်ရဲ့ အောင်ထူးဆန်း မန္တန်ပါပဲ။ သည်မန္တန်ကလည်း တူသလိုလိုနှင့် မူကွဲတွေ ရှိနေပါသေးသည်။ ကျွန်တော်ကတော့ ယခုဂါထာကိုပဲ အမြဲရွတ်ပွားဖြစ်ပါသည်။ အောင်အတိတ်နှင့် အောင်နိမိတ်၊ အောင်ဟိတ်တွေကို ပေးစေသည့် "အောင်မန္တန်ကြီး"အဖြစ် တ,ရွတ်တာပါ။ သင်စိတ်ပါလျှင် လောကီ မန္တန်ကောင်းတစ်ခုအဖြစ် အားကိုးအားထားပြုပြီး ရွတ်ပွားသွားနိုင်ဖို့ တင်ပြပါရစေ။

**"အောင်ထူးဆန်း. မန္တန်ကြီး"**

အောင်ထူးဆန်း၊ မန်းသိုက်ဝင်
ထင်ကျော်သောင်း၊ ဆောင်းထီးဖြူ
လူ့ထိပ်မိုး၊ ဟိုးဟိုးကျော်
ကျော်ဝုမ်းထက်၊ ဘက်မရှောင်
ခေါင်ဘုန်းကြီး၊ ထီးရွှေနန်း၊ မန်းအိန္ဒြရာဇာ
ငါလိုလူမျိုး၊ တစ်ရာ့တစ်ပါးသောမင်း
ကျော်ရန်နှိမ်နင်း၊ စောရန်ခွင်းလျက်
အောင်ခြင်းမင်္ဂလာပြည့်စေရာသည်
အောင်လံထိုး၊ ဟိုးဟိုးကျော်
(အောင်ပါစေသော်…အောင်စေသော်)[၃]
အောင်ပေစည်သော် အောင်ကောင်းကျော်၍
အောင်ရန်စစ်ပွဲ အောင်မြဲမမှတာ
အောင်ရန်အတိတ် အောင်နိမိတ်နှင့်
အင်းဝမင်းခေါင် သိဒ္ဓိဆောင်
(စ၊ ဓ၊ ဗ၊ ဝ) ထက်စမာန်ပြင်း စမအင်းနှင့်
ငါမင်းတရား လမ်းပြထားသည်
သိဒ္ဓိ…သိဒ္ဓိ…မဟာသိဒ္ဓိ
သိဒ္ဓိအပေါင်း ထောင်သောင်းမကတည်စေသော်။
(ပု၊ ဒိ၊ အာ)ပုဗ္ဗေနိဝါသဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊
သအာဝက္ခယရွှေဉာဏ်တော်ထွင့်မြတ်တို့
တည်ပါစေသော်။
(မ၊ တ၊ ရ)မရသေးသောစည်းစိမ်ချမ်းသာ
သိဒ္ဓိအဖြာဖြာတို့ မတဘဲနှင့်ရရှိ၍
(မ၊ တ၊ ဝ)မတဘဲနှင့်ပြည့်ဝပါစေသောဝ်…။
(အောင်စေ၊ ပိုင်စေ၊ နိုင်စေသတည်း။)[၃]

အားလုံးသတ္တဝါချမ်းသာပါစေ


* * *

သက်နှင်းဆွေ(မူပွါး)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

အင်္ဂတိုင်း၊ စမ္ပာမြို့သည် နံနက်ခင်း နေခြည်နုနုအောက်တွင် ရွှေရည်၊ ပတ္တမြားရည်များဖြင့် သွန်းလောင်းထားဘိအလား ဝင်းလက်တောက်ပစွာ လှနေ၏။ ထိုနံနက်ခင်းနှင့် သဟာဇာတဖြစ်စွာ သစ်လွင်တောက်ပသော အဝတ်တန်ဆာများကို ဆင်မြန်းလျက် အစုလိုက် အစုလိုက် ပန်းနံ့သာများကို ကိုင်ဆောင်၍ သွားနေကြသော စမ္ပာမြို့သူမြို့သားတို့၏ မျက်နှာအသီးသီးတွင် လန်းဆန်းတက်ကြွမှုများဖြင့် ကြည်လင်နေကြသည်။

မဂဓတိုင်း၊ ဗိမ္ဗိသာရမင်းကြီးက အပိုင်စားပေးထား၍ စမ္ပာမြို့ကို အပိုင်စား အုပ်ချုပ်ရသော မြို့စား "သောဏဒဏ္ဍ" ပုဏ္ဏားကြီးသည် လေသာပြတင်းတွင် ရပ်လျက် အိမ်ရှေ့လမ်းမပေါ်သို့ အမှတ်မထင် ကြည့်လိုက်မိ၏။ အစုလိုက် အစုလိုက် သွားနေကြသူများကို တွေ့မြင်လိုက်ရသောအခါ သူမြင်နေကျ၊ တွေ့နေကျ အနေအထားမဟုတ်တော့သဖြင့် တစ်ခုခုတော့ ထူးခြားမှုရှိနေပြီဟု တွက်ဆ၍ သူ့အိမ်တော်ကျွန်တစ်ယောက်ကို အလျင်အမြန်သွားရောက် စုံစမ်းစေဟု အမိန့်ပေးလိုက်သည်။

အိမ်တော်ကျွန် စုံစမ်းရာမှ ပြန်ရောက်လာသောအခါ အင်္ဂတိုင်း၊ စမ္ပာမြို့အနီးရှိ ကြာမှိုင်းပါးတို့ဖြင့် အလွန်သာယာတင့်တယ်လှသော အဂ္ဂရာ ရေကန်ကြီး၌ ရဟန်းတော်ငါးရာနှင့်တကွ သီတင်းသုံးတော်မူနေသော ဗုဒ္ဓရှင်တော်မြတ်ဘုရားအား ဦးခိုက်ကြည်ညို ရှိခိုးကန်တော့ရန်အလို့ငှာ အစုလိုက် အစုလိုက် ပန်းနံ့သာများကို ကိုင်ဆောင်၍ သွားနေကြခြင်းဖြစ်ကြောင်း သိရလေ၏။

မြို့စားကြီး သောဏဒဏ္ဍသည် မြတ်စွာဘုရားရှင်ပေါ် လေးစားကြည်ညိုစိတ်ဖြင့် ရင်ထဲမှာ သိမ့်ခနဲဖြစ်သွားပြီး မြတ်စွာဘုရားရှင်ရှိရာသို့ မိမိလည်း လိုက်ပါလိုပါသဖြင့် လမ်းပေါ်မှ လူစုအား ခေတ္တခဏမျှ စောင့်ပေးရန် မေတ္တာရပ်သည်။

ထိုအကြောင်းကို တိုင်းတစ်ပါးမှ ကိစ္စတစ်ရပ်ဖြင့် စမ္ပာမြို့သို့ ရောက်နေကြသော ပုဏ္ဏားငါးရာတို့ ကြားသိကြသောအခါ သောဏဒဏ္ဍထံ စုဝေးရောက်ရှိလာကြပြီး ကန့်ကွက်ကြလေ၏။

"အရှင်သောဏဒဏ္ဍ…၊ အရှင်သည် အမျိုးဇာတ်အားဖြင့် မြင့်မြတ်စင်ကြယ်၍ စည်းစိမ်ဥစ္စာကြွယ်ဝသူဖြစ်ပါသည်။ ဝေဒကျမ်းတို့၌လည်း ကျွမ်းကျင်လိမ္မာသူဖြစ်၍ ဝေဒကျမ်းများကို လုလင် သုံးရာတို့အား သင်ကြားပို့ချပေးနေသူဖြစ်ပ[ါ]သည်။ အသက်အားဖြင့်လည်း ကြီးရင့်၍ ဗိမ္ဗိသာရမင်းကြီး၏ ပူဇော် ချီးမြှောက်ခြင်းကို ခံရလျက် စမ္ပာမြို့ကို အုပ်ချုပ်သူ အကြီးအမှူးလည်း ဖြစ်နေပါသည်။ ရဟန်း ဂေါတမထံ မသွားသင့်ပါ။ ရဟန်း ဂေါတမကသာ အရှင့်ထံ လာရောက်သင့်ပါသည်"

"အချင်းတို့…ရဟန်း ဂေါတမသည် အမျိုးဇာတ်အားဖြင့် မြင့်မြတ်စင်ကြယ်သူဖြစ်ရုံမျှမက၊ ငယ်ငယ်ရွယ်ရွယ်ဖြင့် များစွာသော စည်းစိမ်ဥစ္စာနှင့် သားမယား၊ မိဘဆွေမျိုးတို့ကို စွန့်ပယ်၍ ရဟန်းပြုလာသူဖြစ်၏။ ရဟန်း ဂေါတမသည် ဗိမ္ဗိသာရမင်း၊ ပသေနဒီကောသလမင်း၊ ပေါက္ခရသာတိ ပုဏ္ဏားတို့နှင့်တကွ များစွာသော နတ်လူတို့၏ မြတ်နိုးကော်ရော် ပူဇော်ခြင်းကို ခံယူရသူလည်း ဖြစ်၏။ ထို့အပြင် ရဟန်း ဂေါတမသည် စမ္ပာမြို့သို့ တစ်ခါတစ်ရံမှသာ ရောက်လာသော ဧည့်သည်ဖြစ်နေသဖြင့် ကျွန်ုပ်ကသာ ရဟန်း ဂေါတမထံ သွားရောက် ဖူးမြော်သင့်ပါသည်"

ဟု သောဏဒဏ္ဍ ပုဏ္ဏားကြီးက ရှင်းလင်းပြ… ဧည့်သည် ပုဏ္ဏားတို့လည်း ကျေနပ်၍ သူတို့ပါ လိုက်… ဆုံးဖြတ်ကြလေသည်။

✦✦✦

သောဏဒဏ္ဍသည် ပုဏ္ဏားပရိသတ်ကြီးအား ဦးဆော[င်] လျက် မြတ်စွာဘုရားရှင်ထံ အဖူးမြော်သွားနေရင်းနှင့် ခ… အကြား၌ စိတ်တွေ လှုပ်ရှားနေ၏။

"ငါသည် ရဟန်း ဂေါတမအား မေး၍ ရဟန်းဂေါတ… က "ဤသို့ မမေးသင့်"ဟု မိန့်ကြားခဲ့သော် ခက်ချေမည်… သို့မဟုတ်၊ ရဟန်းဂေါတမက မေးသည်ကို ငါက ကောင်း… မဖြေကြားနိုင်ခဲ့သော် ငါ့အား ပရိသတ်ကြီးက ကဲ့ရဲ့ ြ… တော့မည်မချွတ်။ ငါလာမိတာ မှားများ မှားနေပြီလော"ဟ… တွေး၍ ခြေလှမ်းတွေ ဆုတ်ဆိုင်း ဆုတ်ဆိုင်းဖြစ်လာသည်… မြတ်စွာဘုရားရှင်ထံ သွားရောက် မဖူးမြော်တော့ဘဲ နော… သို့လှည့်၍ ပြန်ချင်စိတ်ပင် ပေါ်လာ၏။ ခက်နေသည်… ဗုဒ္ဓရှင်တော်မြတ်ဘုရားထံ သွားရောက်ဖူးမြော်မည်ကို လူ… ရှင်ကြားပြောပြီးမှ ထွက်ခဲ့ခြင်းပင်။ ထွက်လာပြီးမှ ရော… အောင် မသွားဘဲ နောက်လှည့်ပြန်သွား၍လည်း အကဲ… လွတ်မည်မဟုတ်။ သောဏဒဏ္ဍသည် စိုးရိမ်ပူပန်စွာ… သွားနေရ၏။ သွားရင်းသွားရင်းနှင့် ပင်ကြီးပင်စောက်မျ… တို့ဖြင့် စိမ်းညို့ဝေစည် အေးမြနေသော အဂ္ဂရာရေ… ဆီသို့ ရောက်မှန်းမသိ ရောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

ခက်လက်ဝေစည်၍ နေပြောက်မျှ မကျသော သစ်ပင်ကြီးတစ်ပင်အောက်၌ မြတ်စွာဘုရားရှင် သီတင်းသုံးတော်မူနေ၏။ သောဏဒဏ္ဍနှင့် ပရိသတ်ကြီးက မြတ်စွာဘုရားရှင်အနီးသို့ ရှိသေစွာ ချဉ်းကပ်သွားသည်။ မြတ်စွာဘုရားရှင်လည်း သောဏဒဏ္ဍနှင့် ပုဏ္ဏားတို့ကို လောကဝတ် စကားဖြင့် နှုတ်ဆက်၍ လက်ခံတော်မူ၏။ သောဏဒဏ္ဍမှာ ကားလမ်းခရီးတစ်လျှောက်လုံး ဖြစ်ခဲ့ရသော စိုးရိမ်ပူပန်မှုများ၏ ဆက်လက် ဖိစီးမှုကြောင့် စိတ်မသက်မသာရှိနေသည်။ ရင်ထဲ၌ ပူလောင်နေသည်။

သတ္တဝါတို့၏ အတွင်းစိတ်အခြေအနေကို ကောင်းစွာ သိတော်မူသော မြတ်စွာဘုရားရှင်သည် သောဏဒဏ္ဍ ကျွမ်းကျင်ပိုင်နိုင်သော ဗေဒင်သုံးပုံနှင့် ပတ်သက်သည့် ပြဿနာကို မေးတော်မူပေးလိုက်လေ၏။

"အချင်း သောဏဒဏ္ဍ…အဘယ်သို့သော အင်္ဂါတို့နှင့် ပြည့်စုံသူကို ပုဏ္ဏားဟု ခေါ်ဆိုသနည်း"

သောဏဒဏ္ဍသည် သူ စိုးရိမ်ပူပန်လာသကဲ့သို့ မဟုတ်ဘဲ မိမိကျွမ်းကျင်ပိုင်နိုင်သော မေးခွန်းဖြစ်နေသဖြင့် ရွှင်လန်းတက်ကြွစွာ ပြန်ဖြေလိုက်သည်။

"အရှင်ဂေါတမ…မျိုးရိုးသန့်စင်ခြင်း၊ ဗေဒင်သုံးပုံနှင့်တကွ အဘိဓာန်၊ ဆန်းကျမ်း၊ အလင်္ကာကျမ်းတို့၌ တတ်မြောက် ကျွမ်းကျင်ခြင်း၊ ရုပ်ဆင်းအင်္ဂါတင့်တယ် ခန့်ညားခြင်း၊ အကျင့်သီလနှင့် ပြည့်စုံခြင်း၊ ဉာဏ်ပညာပြည့်ဝ ထက်မြက်ခြင်း စသည့် အင်္ဂါငါးပါးတို့နှင့် ပြည့်စုံသူကို ပုဏ္ဏားဟု ခေါ်ဆိုပါသည်"

"အချင်း သောဏဒဏ္ဍ… ထိုအင်္ဂါငါးပါးတို့တွင် အင်္ဂါတစ်ပါးကို ချန်ပြီး အင်္ဂါလေးပါးနှင့် ပြည့်စုံသူကို ပုဏ္ဏားဟု ခေါ်ဆိုနိုင်မည်လော"

"အရှင်ဂေါတမ…ထိုအင်္ဂါငါးပါးတို့တွင် ရုပ်ဆင်းအင်္ဂါတင့်တယ်ခန့်ညားခြင်းကို ချန်လှပ်ပြီး ကျန်အင်္ဂါလေးပါးနှင့် ပြည့်စုံသူကိုလည်း ပုဏ္ဏားဟု ခေါ်ဆိုနိုင်ပါသည်"

"အချင်း သောဏဒဏ္ဍ…ထိုအင်္ဂါလေးပါးတို့တွင် တစ်ပါးကို ချန်ထားပြီး ကျန်အင်္ဂါသုံးပါးနှင့် ပြည့်စုံသူကိုလည်း ပုဏ္ဏားဟု ခေါ်ဆိုနိုင်ပါသလား"

"အရှင်ဂေါတမ…ထိုအင်္ဂါလေးပါးတို့တွင် ဗေဒင်သုံးပုံ ကျွမ်းကျင်တတ်မြောက်ခြင်းကို ချန်ထားပြီး ကျန်အင်္ဂါသုံးပါးနှင့် ပြည့်စုံသူကိုလည်း ပုဏ္ဏားဟု ခေါ်ဆိုနိုင်ပါသည်"

"အချင်း သောဏဒဏ္ဍ…ထိုအင်္ဂါသုံးပါးတို့တွင် တစ်ပါးကို ချန်ထားပြီး ကျန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသူကိုရော ပုဏ္ဏားဟု ခေါ်ဆိုနိုင်ပါသလား"

"အရှင်ဂေါတမ…ထိုအင်္ဂါသုံးပါးတွင် မျိုးရိုးသန့်စင်ခြင်းကို ချန်ထားပြီး အကျင့်သီလနှင့် ပြည့်စုံခြင်း၊ ဉာဏ်ပညာပြည့်ဝထက်မြက်ခြင်းဟူသော အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသူကိုလည်း ပုဏ္ဏားဟု ခေါ်ဆိုနိုင်ပါသည်"

♦♦♦

သောဏဒဏ္ဍ၏ အဖြေကို ကြားရသော သူ့နောက်မှ လိုက်လာကြသည့် ပုဏ္ဏားတို့မှာ မခံမရပ်နိုင်ဖြစ်ကြပြီး…

"အရှင်သောဏဒဏ္ဍ…ဤသို့ မဆိုပါလင့်။ အရှင်သည် ရုပ်ဆင်းအင်္ဂါ၊ ဗေဒင်သုံးပုံနှင့် အမျိုးဇာတ်တို့ကို ပစ်ပယ်၍ ရဟန်း ဂေါတမ၏ ဝါဒနောက်သို့သာ လိုက်ပါနေတော့၏"

ဟု ဝိုင်းအော်ပြောကြသည်။

"အချင်းတို့…သောဏဒဏ္ဍသည် ငါနှင့် ဆွေးနွေးရန် စွမ်းနိုင်သူဟု ထင်လျှင် သင်တို့ ဆိတ်ဆိတ်နေကြ၍ သောဏဒဏ္ဍအား ငါနှင့် ဆွေးနွေးပါစေ"

ဟု မြတ်စွာဘုရားရှင်က မိန့်ကြားသည်။ သောဏဒဏ္ဍလည်း…

"အရှင်ဂေါတမ…ဆိတ်ဆိတ်နေတော်မူပါ။ ဤပုဏ္ဏားတို့ကို ကျွန်ုပ်ကိုယ်တိုင် ချေပပြောဆိုပါမည်"

ဟု လျှောက်ထားပြီး ပုဏ္ဏားများကို ကြည့်၍ ပြောလိုက်၏။

"အချင်းတို့…ကျွန်ုပ်သည် အဆင်းကို ပစ်ပယ်ခြင်း မဟုတ်ပါ။ ဗေဒင်သုံးပုံကိုလည်း ပစ်ပယ်သည် မဟုတ်ပါ။ အလားတူစွာ အမျိုးဇာတ်ကိုလည်း ပစ်ပယ်သည်မဟုတ်ပါ။ အို…အချင်းတို့ ကျွန်ုပ်၏ တူဖြစ်သော ဤအင်္ဂကလုလင်ကို သင်တို့ ကြည့်ကြကုန်လော့။ သူသည် ရုပ်ဆင်းအင်္ဂါအားဖြင့် တင့်တယ်ခန့်ညား၏။ ဝေဒကျမ်းများကိုလည်း ကျွမ်းကျင်စွာ တတ်မြောက်၏။ အမျိုးဇာတ်အားဖြင့်လည်း မြင့်မြတ်စင်ကြယ်၏။ သို့ပါသော်လည်း သူသည် သူ့အသက်ကိုသတ်ခြင်း၊ သူ့ဥစ္စာကို ခိုးယူခြင်း စသည့် မကောင်းမှု အကုသိုလ်တို့ကို ပြုလုပ်ပါမူ ထိုရုပ်ဆင်းအင်္ဂါ ဝေဒကျမ်းများနှင့် အမျိုးဇာတ်တို့သည် အဘယ်သို့လျှင် ကယ်တင်နိုင်ပါအံ့နည်း။ အို…အချင်းတို့… ဤသို့အားဖြင့် အကျင့်သီလရှိခြင်း၊ ဉာဏ်ပညာပြည့်ဝ ထက်မြက်ခြင်းဟူသော အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသူကိုလည်း ပုဏ္ဏားဟု ခေါ်ဆိုထိုက်ပါသည်"

သောဏဒဏ္ဍက ချေပ ပြောဆိုလိုက်သောအခါ ပုဏ္ဏားအားလုံး နှုတ်ဆိတ်သွားကြတော့၏။ ထိုအခါ မြတ်စွာ


www.burmeseclassic.com

www.burmeseclassic.com

ဘုရားရှင်က မေးတော်မူလိုက်ပြန်သည်။

"အချင်း သောဏဒဏ္ဍ··· အကျင့်သီလရှိခြင်း၊ ဉာဏ်ပညာပြည့်ဝ ထက်မြက်ခြင်းဟူသော အင်္ဂါနှစ်ပါးတွင် တစ်ပါးပါးကို ချန်ထားပြီး ကျန်အင်္ဂါတစ်ပါးနှင့်သာ ပြည့်စုံသူကိုလည်း ပုဏ္ဏားဟု ခေါ်ဆိုနိုင်ပါသလား"

"မခေါ်ဆိုနိုင်ပါ အရှင်ဂေါတမ။ စင်စစ် ပညာကို သီလဖြင့် ဆေးကြောရပါ၏။ သီလရှိသောသူသည် ပညာရှိပါသည်။ ပညာရှိသောသူသည် သီလရှိပါသည်။ လောကတွင် သီလနှင့် ပညာကို အမြတ်ဆုံးဟု ဆိုအပ်ပါ၏။ ဥပမာသော် လက်တစ်ဖက်ဖြင့် ကျန်လက်တစ်ဖက်ကို ဆေးကြောနိုင်သကဲ့သို့ လည်းကောင်း၊ ခြေတစ်ဖက်ဖြင့် ကျန်တစ်ဖက်ကို ဆေးကြောနိုင်သကဲ့သို့ လည်းကောင်း ဖြစ်ပါသည်"

ဟု သောဏဒဏ္ဍက လျှောက်ထားသောအခါ မြတ်စွာဘုရားရှင်သည် မေးလိုက်ပြန်၏။

"အချင်း သောဏဒဏ္ဍ···သီလဟူသည် အဘယ်နည်း။ ပညာဟူသည် အဘယ်နည်း"

သောဏဒဏ္ဍသည် ဖြေနိုင်စွမ်းမရှိဘဲ ငိုင်သွား၏။ ခေတ္တကြာမှ···

"အရှင်ဂေါတမ···ကျွန်ုပ်ကား ဤမျှသာ သိပါသည်။ သီလနှင့် ပညာတို့၏ အနက်သဘောကို အရှင်ဂေါတမက သာပင် ဟောကြားတော်မူပါလော့"

ဟု တောင်းပန်လျှောက်သည်။

မြတ်စွာဘုရားရှင်လည်း သီလနှင့် ပညာတို့၏ အနက်သဘောကို အကျယ်ခဲ့၍ ဟောကြားတော်မူသည်။ သောဏဒဏ္ဍပုဏ္ဏားကြီးသည် တရားနာပြီး အလွန်နှစ်သက်ကျေနပ်လှသည်ဖြစ်၍ ရတနာမြတ်သုံးပါးအား အသက်ထက်ဆုံး ဆည်းကပ်ကိုးကွယ်သူ ဥပါသကာအဖြစ် ခံယူလေ၏။

မြတ်စွာဘုရားရှင်နှင့် တကွသော သံဃာတော်အပေါင်းတို့ကိုလည်း နောက်တစ်နေ့တွင် မိမိအိမ်သို့ ဆွမ်းဘုဉ်းပေးကြွတော်မူပါရန် ပင့်ဖိတ်၍ ပြန်သွားသည်။ သောဏဒဏ္ဍ၏ ရင်ထဲတွင် ဗုဒ္ဓ၊ ဓမ္မ၊ သံဃအရောင်တို့ဖြင့် ထာဝရ လင်းလက်တောက်ပနေတော့မည်ဖြစ်သတည်း။

* * *

သာဓုမြေဘုန်းရှိန်

ဆရာမကြီး ဒေါ်လှလှကြွယ်၏

ဘုန်းကြွယ် (အမှတ်တံဆိပ်)

ဝမ်းမှန်ဆေး

ပင်ရင်း - ဘုန်းကြွယ်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး
အမှတ်(၉၆) ဘီ၊ ခရေပင်လမ်းမ၊ (၂/က)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၆၃၅၅၀၃၊ ၀၉-၇၃၁၇၈၄၅၂



www.burmeseclassic.com

www.burmeseclassic.com

# ဂျပန်

## ဆေးစွမ်းကောင်းများ

ဂျပန်နားသန့်ဆေးကြီး
ဂျပန်နားရောဂါပျောက်ဆေးကြီး
ဂျပန်မျက်စိကြည်ဆေးကြီး
ဂျပန်မျက်စိရောဂါပျောက်ဆေးကြီး
ဂျပန်သွားရောဂါပျောက်ဆေးကြီး
ဂျပန်နှာခေါင်းရောဂါပျောက်ဆေးကြီး



အစလ မှတ်ပုံတင်အမှတ် အစ ၁၂(၁၁၂၉၆)
လင မှတ်ပုံတင်အမှတ် ၄/၁၅၇၉

အမြို့မြို့ဆိုင်တိုင်းမှာ မေးဝယ်ပါ

www.burmeseclassic.com

www.burmeseclassic.com

မြရာပင်

# ခမဲပြင်ဇာတ်လမ်း



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ် မောင်ဘိုးစိန်၏ မွေးရပ် ခရမ်းမြို့နယ်သည် ကဝမြို့နယ်၊ သဃ္ကလ အုန်းနဲ့ဆိုသည့် မြို့နယ်များနှင့် တစ်ဆက်တည်း ရှိလေသည်။ ထိုအုန်းနဲ့ ခမဲပြင်တွင် ခမဲပြင် ဘိုးဘိုးကြီးနန်းသည် အလွန်မှ ထင်ရှား ဂုဏ်သတင်းကြီးမားလှလေသည်။

ထို့အပြင် ထိုဘိုးဘိုးကြီးသည် အလွန်တရာမှ တန်ခိုးဣဒ္ဓိပါဒ်အရာတွင် နာမည်ဂုဏ်သတင်းကြီးလှပေသည်။ ခမဲပြင်သို့ ဖူးမြော်ရောက်ရှိလာသော အနယ်နယ်အရပ်ရပ်မှ လူသူအပေါင်း ခမဲပြင် နန်းရှေ့မှ ဥဒဟို ဖြတ်သွားဖြတ်လာ မောင်းနှင်သော ယာဉ်ကား၊ လှည်းနှင့် အနေးယာဉ် ဆိုက်ကား။ မိုးတွင်းဆိုလျှင် လှေ၊ သမ္ဗာန်၊ ပဲ့ချိတ်၊ ပဲ့ထောင်တို့မှစ ထိုခမဲပြင် ဘိုးဘိုးနန်းအနီးတစ်ဝိုက်နှင့် ပရိဂုဏ်အေးတစ်ဝိုက်တွင် မဖွယ်မရာ အော်ဟစ် ဆဲရေးတိုင်းထွာပြောဆို၍ မရ။ ရုန့်ရင်းကြမ်းတမ်းသော မကြားဝံ့ မနာသာ မထီမဲ့မြင် ဖရုသဝါစာ စကားများ ပြောဆို၍မရ။ မူးယစ်သောက်စား ရမ်းကားပြီး အော်ဟစ် ကြိမ်းမောင်း ရိုင်းပြဆော်ကားခြင်းလည်း မရ။ မောင်နှင့် မယ် အမြင်မတင့်တယ်သော ပြုမူနေထိုင် ပေါင်းဖက်ဆက်ဆံလို့လည်း မရ။ အပေါ့အလေးကို ပြီးစလွယ် စွန့်ပစ်၍လည်း မရခြင်းတို့ဖြစ်သည်။

ထိုကဲ့သို့ ပြုမူပြောဆိုမိသော်၊ ဖြစ်များမိသော အပြောအဆို အပြုအမူအတုအတွက် အပြစ်ဒဏ်သင့်ခံရတတ်လေ့ရှိသည်။ ဘိုးဘိုးကြီး၏ အမျက်သည် စူးရှ ကြောက်မက်ဖွယ်လည်း အလွန်ကောင်းလှသည်ဟူ၍ ကျွန်ုပ် ကိုယ်တွေ့ သိရှိရလေတော့သည်။

◆◆◆

ထိုခမဲပြင် ဘိုးဘိုးကြီး၏ တန်ခိုးဣဒ္ဓိပါဒ်ကို မယုံကြည်လို့ မရသော အကြောင်းတရားလည်း ရှိလေသည်။

ဟိုစဉ် ဘိုးဘိုးကြီး နန်းရှေ့ ပရဝုဏ်စပ်တွင် အလွန်မြင့်မားပြီး ပင်စည်မြစ်ပွား တုတ်တုတ်ခိုင်ခိုင်၊ အကိုင်းအခက် အရွက်အလက် အပွင့်အဖူးများဖြင့် အုပ်အုပ်ဆိုင်းဆိုင်း ထီးတည်းကြီး ပေါက်ရောက်နေသော ကုက္ကိုပင်ကြီးတစ်ပင်လည်း ရှိလေသည်။ ထိုကုက္ကိုပင်ကြီး၏ ကိုင်းလက်ကြီးတစ်ခုသည် အလွန်ရှည်လျားကြီးထွားပြီး နန်းရှေ့ လမ်းဘက်ဆီသို့ တိုးထွက် ငုပ်ဆင်းကိုင်းကျနေသဖြင့် မိုးတွင်းအခါကာလတွင် အကြောင်းမဟုတ်သော်လည်း ပွင့်လင်းရာသီ နွေအခါတွင်တော့ ထိုနန်းရှေ့ ကားလမ်းကလေးမှ ဖြတ်သွားဖြတ်လာ မောင်းနှင်သွားလာကုန်သော ယာဉ်မော်တော်ကား၊ နွားလှည်း အစရှိသည်တို့သည် ထိုလမ်းနှင့် မလွတ်ကင်းသော ကုက္ကိုကိုင်းတံအား မကြာခဏ ဝင်တိုက်ခိုက်မိသဖြင့် လူအများ ထိခိုက် အနာတရဖြစ်ရသလို၊ ယာဉ်ကားများလည်း မလိုအပ်ဘဲ အပျက်အစီးများ ဖြစ်ရလေတော့သည်။

ထိုရောအခါ တာဝန်ရှိသူများနှင့် တာဝန်သိ လူအများမှ ထိုကိုင်းလက်ကြီးကို ဖြတ်တောက် ခုတ်ချပစ်ဖို့ အကြံပြု တောင်းဆိုကြလေသည်။

ထို အကြံပြုချက်ကို လည်း တာဝန်ရှိသူများမှ သဘောတူညီသဖြင့် အများစုပေါင်းပြီး ဘိုးဘိုးကြီးထံတွင် ထိုကိုင်းတက်အား ခုတ်ပိုင်းဖြတ်မည့် အကြောင်း။ ဒါလည်း လမ်းမလွတ်၍ မလွှဲမကင်းသာ ခုတ်ပိုင်းဖြတ်ရခြင်းဖြစ်ကြောင်း တောင်းပန် ခွင့်တောင်းကြကုန်လေသည်။

ထိုကိုင်းတက်အား မခုတ်မီ ညတွင်ပင် ထိုတာဝန်ရှိသူများ ကိုယ်စီ အလွန်ထူးဆန်းသော အိပ်မက်ကို မြင်မက်ကြကုန်လေသည်။ ထိုအိပ်မက်တွင်…

"အဲဒီကိုင်းမလွတ်ရင် မင်းတို့ ကိုယ်ထိလက်ရောက် ခုတ်ဖယ်ပစ်စရာ မလိုဘူး။ လမ်းနဲ့ လွတ်အောင် ငါဖယ်ပေးရင် ကျေနပ်ကြပေရော့"

ဆိုသော စကားကို ပြောဆိုအပြီး အိပ်မက်မှ လန့်နိုးကုန်ကြလေသည်။

ထိုအိပ်မက်မြင်မက်ပြီး နောက်နေ့မနက်တွင် ထိုကုက္ကိုပင်အား သွားကြည့်ကြသောအခါ အလွန်ထူးဆန်းသော အိပ်မက်နှင့်အတူ မယုံကြည်နိုင်လောက်အောင် ထူးဆန်းအံ့သြဖွယ် အတွေ့ကိုလည်း မျက်ဝါးထင်ထင် မြင်တွေ့ကြရလေတော့သည်။

ထိုအချင်းအရာမှာ သူ့သဘာဝအရ လမ်းဘက်သို့ ကိုင်းငုပ်ထိုးကျနေသော ကုက္ကိုလ်ကိုင်းလက်ကြီးသည် အခြားကိုင်းလက်၊ ကိုင်းတက်များနည်းတူ မိုးထက်သို့ သူ့အလိုလို ထိုးထောင်မြင့်တက်နေကြောင်း တွေ့မြင်ကြရသောကြောင့်ဖြစ်သည်။

ထိုအချိန်မှစ၍ လမ်းနှင့်လည်း အလွတ်ကြီး လွတ်ကင်း၊ မော်တော်ကား၊ ဆိုင်ကယ်၊ မြင်းလှည်း၊ နွားလှည်း အပေါင်းလည်း အန္တရာယ်ကင်းကင်း ရှင်းရှင်း မောင်းနှင်ဖြတ်သန်းသွားလာနိုင်လေတော့သည်။

◆◆◆

တစ်ခါသော် အုန်းနဲ့တစ်ဖက် သဃ္ကလနယ်မှ သူဌေး ကိုကျော်မောင်းဆိုသူနှင့် သူ့ဇနီးသည် ထိုခမဲပြင် ဘိုးဘိုးကြီးထံသို့ တကူးတက ရောက်ရှိ



www.burmeseclassic.com

www.burmeseclassic.com

လာလေ၏။

ထို ကိုကျော်မောင်းတို့ ဇနီးမောင်နှံတွင် ငွေကြေးဥစ္စာ ပြည့်စုံကြွယ်ဝချမ်းသာကြသော် ယနေ့ထိတိုင် သားသမီးရတနာ မထွန်းကားလေသဖြင့် သားသမီးရတနာလိုချင်ဇော စိတ်ဆန္ဒပြင်းပြကြလေတော့သည်။ ထိုကဲ့သို့ သားသမီးရတနာ မရခြင်းကြောင့် စိတ်မချမ်းမသာ ဝေဒနာကို နှစ်များစွာ ခံစားနေရလေကုန်သည်။

ကိုကျော်မောင်းတို့ ဇနီးမောင်နှံသည် နောက်ဆုံး ကြံရာမရ အားကိုးကြီးစွာဖြင့် ခမဲပြင် ဘိုးဘိုးကြီးထံမှောက်သို့ ရောက်ရှိလာကုန်ကြ၏။ ခမဲပြင် ဘိုးဘိုးကြီးအား လှူဖွယ်ဝတ္ထုငွေသားအပြင် ခေါင်းပေါင်းတော်၊ ပဝါတော်၊ ဝတ်လဲတော် ပုဆိုးတို့အား ဆက်ကပ်လှူဒါန်း၊ ပန်း၊ ဆီမီး ရေချမ်းတို့အားဖြင့်လည်း ဆက်ကပ်လှူဒါန်းပြီးသကာလ ငါးပါးသီလခံယူအပြီး…

"ကျွန်တော်၊ ကျွန်တော်မတို့အား သနားကရုဏာထားသောအားဖြင့် သားရတနာပေးသနားပါ"

ဆိုပြီး သားဆုပန်ကြလေကုန်သည်။

ထိုသားဆုပန်ပြီး မကြာမီ တစ်ညတွင်တော့ ကိုကျော်မောင်းတို့ ဇနီးမောင်နှံနှစ်ဦးစလုံးသည် အံ့သြဖွယ်ထူးဆန်းသော အိပ်မက်ကို တစ်ပြိုင်တည်း မြင်မက်ကြကုန်လေတော့သည်။ အိပ်မက်တွင်…

"ငါ့ထံ သားဆုလာပန်တာတော့ ဟုတ်ပါပြီ။ ငါပေးလို့ မရတာ ခက်တယ်။ အေး၊ ဒါပေမယ့် မင်းတို့ သိပ်လိုချင်သပဆိုရင်တော့ ငါ့မှာ ကိုယ်လက် မသန်စွမ်းသူတစ်ဦးတော့ ရှိတယ်။ သူ့ကို ပေးလို့တော့ ရတယ်။ သိပ်လိုချင်လို့ ယူချင်ရင်တော့ဖြင့် ယူကြပေရော့"

ဟူ၍ အိပ်မက် မြင်မက်ကြခြင်းဖြစ်သည်။

ထိုအခါ ကိုကျော်မောင်းနှင့် ဇနီးသည်တို့က…

"ဘိုးဘိုးပေးတဲ့ ကလေးဆို ဘယ်လိုပဲဖြစ်ဖြစ် ယူပါ့မယ်"

ဟူ၍ ဝမ်းသာအားရ လက်ခံကတိပြုလိုက်ကြသည်။

တကယ်ပင် သူတို့နှစ်ဦး၏ မွေးဖွား သန့်စင်သော သားရတနာကလေးသည် ညာလက်တစ်ဖက် မစွမ်းမသန်။ သေးသိမ် ပိန်ကပ်ကလေးအဖြစ် မွေးဖွားလာခြင်းကို တွေ့ မြင်သိရှိရလေတော့သည်။

သို့သော် ရှားရှားပါးပါး ဘိုးဘိုးကြီးပေးသည့် ထိုသားကလေးကိုပင် ဖူးဖူးမှုတ် ချစ်မဝ၊ ရှုမဝ။ အလွန်မှ နှစ်ထောင်းအားရဖြင့် ထိုသားကလေးကိုပင် အချစ်ကြီး ချစ်။ အနှစ်ကြီး နှစ်။

♦♦♦

ကျွန်ုပ် မောင်ဘိုးစီ၏ ခမဲပြင် ဘိုးဘိုးကြီးနှင့် ပတ်သက်၍ ကိုယ်တွေ့ဖြစ်ရပ်တစ်ခုလည်း ရှိခဲ့ဖူးလေသည်။ ထိုစဉ်က ကျွန်ုပ်အသက်သည် ၁၃နှစ်၊ ၁၄နှစ်သား လူပျိုပေါက်အရွယ်သာသာမျှသာ ရှိသေး၍ အလယ်တန်းပညာသင် ကျောင်းသားဘဝသာ ရှိသေးလေသည်။

ထိုနှစ် သင်္ကြန်ရက်တွင် ကျွန်ုပ်အထက်၊ အထက်တန်းပညာသင်ကျောင်းသား ကျွန်ုပ်၏ အစ်ကိုလတ်သူငယ်ချင်းတစ်စုနှင့်အတူ ပဲခူး ရွှေမော်ဓော၊ ဘုရားကြီး၊ ဘုရားလေး၊ ကျိုက်ထို မှဲ့ရှင်ဘုရား၊ ကျိုက်ထီးရိုး ဆံတော်ရှင်ဘုရားနှင့် သထုံမှ ရွှေစာရံဘုရားစုံများ လှည့်ဖူးနိုင်ရန် ဘုရားဖူးထွက်ကြလေသည်။

ထိုစဉ်က ကျွန်ုပ်တို့ တစ်မြို့နယ်လုံးရှိ ကားကြီး၊ ကားလတ်၊ ကားငယ် မကျန် သင်္ကြန်တွင်း ရေပက်လည်းခံ၊ ဘုရားလည်း ဖူးရင်း ထွက်ကြလေသည်။ သင်္ကြန်အကြိုနေ့ မနက်စောစောကပင် ကျွန်ုပ်တို့မြို့လေးမှ တစ်စီးပြီး တစ်စီး သူ့ထက်ငါ အပြိုင်မောင်းနှင်ထွက်ခွာခဲ့ကြလေသည်။

သည်လိုနှင့် ကျွန်ုပ်တို့ကားသည် အနှံ့နဲ့အကျော် ခမဲပြင် ဘိုးဘိုးနန်းသို့ ဆိုက်ရောက်ခဲ့လေတော့သည်။ ထိုစဉ်က ကျွန်ုပ်တို့ကား ယာဉ်မောင်းဆရာမှာ ကားမောင်းအထူးကျွမ်းကျင်လိမ္မာရုံမက ဘုရားတရားလည်း အလွန်ကိုင်းရှိုင်းသော၊ ဘိုးတော် မယ်တော်နှင့် သမာဓေဝ နတ်ကောင်းနတ်မြတ်အပေါ်င်းလည်း အလွန်လေးစားသူဖြစ်သည်။ ထိုကားဆရာကြီးအမည်က "ဦးဘိုကေ" ဟူ၍ဖြစ်သည်။

အနီ ဦးဘိုကေသည် ကားမထွက်မီကပင် ကျွန်ုပ်တို့အား ဘယ်အရပ်ရောက်ရင် ဘယ်လိုနေ၊ ဘယ်လိုစား၊ ဘယ်လိုပူဇော်၊ ကိုယ့်လူနှင့် ကိုယ်စည်းလုံးမှု မကွဲပြားအောင် သွားလာကြဆိုတာတွေအပြင် ဆောင်ရန် ရှောင်ရန်တွေ သင်ပေး၏။ အထူးသဖြင့် ခမဲပြင်ရောက်လျှင်လည်း ကားပေါ်က ဆင်းပြီး ဘိုးဘိုးကြီးအား ဦးတိုက် ရှိခိုး၊ အမှားအယွင်းပြုမိကလည်း တောင်းပန် တိုးလျှိုး ရိုရိုသေသေ လေးလေးစားစား ပူဇော်ကန်တော့ကြဖို့၊ မမေ့ကြဖို့ အကြောင်းလည်း အထူးမှာကြားထားလေသည်။

ခု ကျွန်ုပ်တို့ကား ခမဲပြင် ဘိုးဘိုးကြီးသို့ အရောက်တွင် ကားဆရာကြီး ဦးဘိုကေက ကားခေါင်းကို ဘိုးဘိုးကြီးနန်းရှေ့စာည့်တည့် ဦးဆိုက်လှည့်မောင်းနောက်ပြီးမှ ကားကို ရှေ့တိုး


www.burmeseclassic.com

www.burmeseclassic.com

ဆုတ် သုံးကြိမ်သုံးခါပြုကာ ဦးတိုက်ခြင်း အမှုကို ပြုလေတော့သည်။ သူကိုယ်တိုင်လည်း ကားစတီယာရင်ထက်တွင် လက်အုပ်ကလေးချီပြီး ကန်တော့နေကြောင်း တွေ့မြင်ရလေသည်။

ထိုအချိန်မှာပဲ ကျွန်ုပ်တို့ကား နောက်တွင် ကျန်ရစ်ခဲ့သော ဟိုပြိုင်ဘက်ကားက ကျွန်ုပ်တို့ကားအား မီလာပြီဖြစ်၍ မီရုံတင်မဟုတ်၊ အကြော မောင်းနိုင်ပြီဆိုသော အသိဖြင့် ခမဲပြင် ဘိုးဘိုးအား ကားခေါင်းဆိုက် ဦးမတိုက်ဘဲ ဒီအခွင့်အရေးကို အရယူ အပြင်းမောင်းပြေးလေတော့သည်။ ကားပေါ်ရှိ လူကြီး၊ လူငယ်တစ်စုကလည်း ကျွန်ုပ်တို့ကားကို ကြည့်ပြီး…

"ဟေး…ဟိုကားစုတ် ဘာလုပ်နေတာလဲ။ မီးရှို့လိုက်ကြကွ။ ဟောဒီမှာ မီးခြစ်။ မင်းတို့ အဲဒီမှာ ဧည့်စာရင်းတိုင် နေခဲ့ကြကွ။ တို့တော့ သွားပြီ"

ဆိုပြီး အတင်း တရကြမ်း သူတို့နိုင်ပြီဆိုသောအသိဖြင့် ဒုန်းဆိုင်းမောင်းပြေးလေတော့သည်။

ထိုကားသည် ကျွန်ုပ်တို့နှင့် ဝါးနှစ်ရိုက်အကျော်၊ ဆိုရသော် လူတခေါ်အကြားသာသာလောက်အရောက် တွင်တော့ ဘယ်လိုမှ မထင်မှတ် မမျှော်လင့်ဘဲ ကားရှေ့ ဘယ်ဘက်ဘီးကြီးသည် ဒုန်းဆိုသော အသံကြီးနှင့်အတူ ပြုတ်ထွက်၍ ထိုကားကြီးလည်း အဝေးဆီ လွင့်စဉ်မြောက်တက်သွားပြီး ကားကြီးလည်း ရှေ့သို့ ဦးငိုက်လည်ကျသွားလေတော့သည်။

ထိုအခါ ကျွန်ုပ်တို့ ကားဆရာ ဦးဘိုကေက…

"တွေ့လား၊ မင်းတို့အမြင်ပဲ။ ဟိုကောင်တွေ ခမဲပြင်ကို မလေးမစား ဦးတိုက်မသွားတော့ ဒုက္ခလှလှတွေ့ပြီ။ ကဲ - လာကြ…လာကြ တို့လူတွေအားလုံး ကားပေါ်က ဆင်းပြီး ဦးတိုက်ကြရအောင်"

ဆိုပြီး ကျွန်ုပ်တို့ ဘုရားဖူးလူတစ်သိုက်အား နန်းရှိရာသို့ ဦးဆောင်ခေါ်သွားလေတော့သည်။

ထိုစဉ် အလွန်တရာ ထိတ်လန့်အံ့သြဖွယ်ကောင်းသော အမျိုးသမီးတစ်ယောက်ကို တွေ့မြင်ကြရလေတော့သည်။ ထိုအမျိုးသမီးသည် အသားမည်းမည်းဆိုသော်လည်း ကုလားလူမျိုးမဟုတ်။ မြန်မာအမျိုးသမီးဝတ်စုံဝတ်ဆင်ထားတဲ့ မြန်မာအမျိုးသမီးစစ်စစ် တစ်ဦးသာ ဖြစ်လေသည်။ အမျိုးသမီးသည် ဘိုးဘိုးကြီးနန်းနံဘေး တစ်ဖက်စွန်း ထောင့်အရပ်တွင် ခြေစုံရပ်၊ ခေါင်းက ဆံပင်ကိုလည်း ဖားလျားချအနေအထားနှင့် တွေ့မြင်ရပြီး တစ်ကိုယ်လုံးတဆတ်ဆတ်တုန်ပြီး ညာလက်ဆန့်တန်းလျက် ဘီးကျွတ်သွားသော ကားဆီသို့ တုန်ခါနေသော လက်ညှိုးကြီး ငေါက်ငေါက်ထိုး၍ ပါးစပ်ကလည်း…

"ကောင်းတယ်၊ မလေးမစားလုပ်တဲ့ ကောင်တွေ၊ ခုတော့ ဒုက္ခလှလှတွေ့ကြပြီမဟုတ်လား။ အေး၊ နင်တို့ လောဘတွေတက်၊ ဒေါသတွေ ထွက်၊ မောဟတွေ ဖက်နေမှတော့ ဒုက္ခတွေ့ကြရတော့မယ်ပေါ့။ ဘုရားမှန်း၊ တရားမှန်း၊ ဘိုးတော်မှန်း မသိတဲ့ ကောင်တွေ အပြန်စရိတ်တောင် မကျန်စေရဘူးဟဲ့"

ဆိုတာတွေကို ပါးစပ်ကလည်း ပြော၊ မကျေမချမ်းနိုင်သည့် ကိုယ်အမူအရာကလည်း တဆတ်ဆတ်တုန်ခါလို့နေသည်။ ထိုအမျိုးသမီးအား အနီးကပ်တွေ့မြင်ရသောအခါ ကျွန်ုပ်တို့ လူအုပ်များစွာ တုန်လှုပ်ချောက်ချားစရာဖြစ်ရပြန်လေသည်။ ထိုအမျိုးသမီး၏ နဂိုရုပ်ရည်ရှုပကာသည် အတန်အသင့် ကြည့်ပျော်ရှုပျော်အဆင်ရှိပုံရ တူသော်လည်း ယခုအချိန်တွင် နဂိုရုပ်ပျောက်၊ သူလျှာကြီး ရဲရဲတွတ် နီရဲနေသလို၊ မျက်စိနှစ်ကွင်းကလည်း လင်ကွင်းကြီးလို ဝိုင်းစက် ပြူးကျယ်နေကြောင်း တွေ့မြင်ရခြင်းဖြစ်သည်။ အင်မတန်မှ ဒေါသအမျက်ပြင်းရှ မကျေမနပ်ဖြစ်နေကြောင်း သူ့သဏ္ဌာန်တွင် အထင်းသား ပေါ်လွင်နေလေသည်။

"ကဲ…ကဲ…တို့လူတွေအားလုံး ဘိုးဘိုးကြီးကို ကန်တော့ကြ ကန်တော့ကြ"

ကားဆရာ ဦးဘိုကေမှ ကျွန်ုပ်တို့ကို သတိပေး ဆော်သြလေသည်။ ကျွန်ုပ်တို့အားလုံးလည်း ထိုအခါမှ သတိနှင့် အသိဝင် ဘိုးဘိုးကြီးအား ရိုရိုသေသေ လေးလေးစားစား ထိုင်၍ ရှိခိုးကန်တော့ကြလေတော့သည်။

✦✦✦

ကျွန်ုပ်တို့သည် ခမဲပြင် ဘိုးဘိုးကြီးအား ကားရှေ့ လှူပါ ဦးတိုက်ရှိခိုးပြီး ထွက်ခွာခဲ့ကြလေသည်။ ဘီးကျွတ်ထွက်သွားသော ကားကိုလည်း ကျော်ဖြတ်ပြီး ပဲခူးမြို့ ရွှေမော်ဓောဘုရားဆီသို့ မောင်းနှင်လေတော့သည်။

ကျွန်ုပ်တို့သည် ပဲခူးမြို့မှ ဘုရားများအား ဖူးမြော်ကန်တော့ပြီး ကျိုက်ထိုရှိ မွဲရှင်ဘုရားကြီးအား ဆက်လက် ဖူးမြော်ကန်တော့ကြစဉ်မှာပင် ဘီးကျွတ်ထွက်သွားသော ထိုကားသည် ဘီးပြန်တပ်ဆင်ပြီး ခမဲပြင် ဘိုးဘိုးထံ ပြန်လှည့်မောင်းဝင်ပြီး ဦးသုံးကြိမ်တိုက်ကြောင်း၊ လူတွေလည်း ဆင်း၍ ရှိခိုးဦးတိုက်တောင်းပန် ကန်တော့ကြသည်ဟူသော သတင်းကို ကြားရသည်။ သို့သော် နောက်တစ်ခု သတင်းဆိုးကား ထိုကားရှေ့ခေါင်း ဒရိုင်ဘာနံဘေးတွင် အတူယှဉ်တွဲ၍ လိုက်ပါလာသော ဆရာ


www.burmeseclassic.com

www.burmeseclassic.com

သည် အမျိုးသမီးနှစ်ဦးကို ကားပြင်အပြီး ရှာရာ ရှာမတွေ့ကြောင်းနှင့် ထိုအမျိုးသမီးများက ကားပေါ်ပါ ဘုရားဖူးခရီးသည်များထံမှ ကောက်ယူ ရရှိငွေများ၊ ကားယာဉ်ပိုင်ရှင်ငွေများ။ ကားမောင်းဆရာပိုင် ငွေများ စုစုပေါင်းအလုံးအရင်းငွေထုပ်ကို လစ်ယူ သုတ်ပြေးသွားလေသဖြင့် ကားဆရာခမျာအသေးသုံးစရိတ်တောင် မကျန်ရှိတော့ကြောင်း ကြားသိလိုက်ရသည်။

◆◆◆

ကျွန်ုပ် မောင်ဘိုးစီ သည်နှစ်ဆိုအထက်တန်းပညာသင်ကျောင်းသားကြီးတစ်ဦးဖြစ်လာချေပြီ။ ယခုနှစ် ဖြေဆိုထားသော အထက်တန်းပညာ ၁၀တန်းစာမေးပွဲကို ဝင်ရောက်ဖြေဆိုရာ ဘာသာရပ်အားလုံးကိုလည်း အလွယ်တကူဖြေဆိုနိုင်ခဲ့လေသည်။

ကျွန်ုပ် ထိုစာမေးပွဲအောင်မှ ဖြစ်ချေတော့မည်။ ကျွန်ုပ်တွင် လူငယ်ဘာဝ ချစ်သူ မလေးမေနှင့် နှစ်ကိုယ်တူချစ်ကျွမ်းဝင်ခဲ့ကြပြီဖြစ်၍ ထို ၁၀တန်းအောင်ပြီးပါက ကျွန်ုပ်တို့အရပ် စပါးဒိုင်တွင် အလုပ်ဝင်ပြီး မလေးမေနှင့်ဘဝတစ်ခုတည်ထောင်ရန် ရည်သန်အားခဲနေမိသည်။

မလေးမေသည် ကျွန်ုပ်တို့ကသစ်ချောင်အပိုင်းက တစ်ရပ်တည်းနေ အပိုင်းသားများဖြစ်သည်။ မလေးမေမိဘများဖြစ်သော ဦးလှမောင်နှင့် ဒေါ်မြတင်တို့သည် အလွန်ရိုးသားဖြူစင်သောတောသူတောင်သားများ ဖြစ်ကြသည်။ တောင်ယာလယ်လုပ် ဓားမခုတ်ဘဝဖြင့် သူတို့ အေးအေးလူလူ နေထိုင်ကြသည်။

ကျွန်ုပ်သည် မလေးမေအလှတွင် ယစ်မူးပြီး ဦးပုညတေးထပ်ကလေးကိုလည်း မကြာမကြာ အောက်မေ့နေမိလေသည်။ သူမအလှသည် ထိုတေးထပ်ဖွဲ့အလှထက် ပိုလှနေသလားပင်။

*ပြုံးချိုချို နဂိုကြော့*
*သန်းရွှေဖော့နက်တူ*
*မြင်မဝ ပြုံးမှုကို*
*ဆည်မယူနိုင်အား*
*လှဆုံးထက် မိုးတပြင်မှာ*
*ယဉ်ပေါ်တွင် ယဉ်ဆင့်လို့သွား။*

◆◆◆

မလေးမေ ညက ဆုံးသွားရှာလေသည်။

မလေးမေမှာ ရောဂါအထွေအထူးမရှိ။ သေလောက်သည့် အနာဒဏ်ရာလည်း မရှိ။ ဖြုန်းစားကြီးရုတ်တရက် သေဆုံးရခြင်းအပေါ်တွင် ကြားရသူအပေါင်း စိတ်နလုံးမသာကရုဏာသက် နှမြောနေကြသည်။

ကျွန်ုပ် မောင်ဘိုးစီနှင့် မလေးမေသည် လာမည့် ဝါလကင်းလွတ်သီတင်းကျွတ်ပြီးပါက လူကြီးစုံရာနှင့်တောင်းရမ်းယူရန် ရည်ရွယ်ပြီးဖြစ်သည်။

ဖြစ်ပုံက မနေ့က ဝါဆိုလပြည့်နေ့တွင် မလေးမေတို့ မိန်းမပျိုတစ်သိုက်သည် လှေတစ်စီးဖြင့် ခမဲပြင်လဟာကိုသွား၍ ဝါဆိုကြာပန်းခူးထွက်ခဲ့ကြသည်။

ကျွန်ုပ် မောင်ဘိုးစီတို့အရပ်တွင် ဝါဆိုလပြည့်နေ့ရောက်လေတိုင်း လူကြီး၊ လူငယ်များ မိမိတို့အချင်းချင်းအစုအဖွဲ့ ဖြင့် ရဲမွန်လဟာ၊ ခမဲပြင်လဟာတွင် လှေတစ်စီးချင်း စီးသွားကြပြီး ကြာဖြူ၊ ကြာနီ၊ ကြာညိုပန်းများခူးပြီးအပြန်တွင် လှေဦးမှာ ပန်းတွေတင်၍ မြို့ပေါ်ရှိ တန်ခိုးကြီးဘုရားတွေမှာ ပန်းကပ်၊ ခမဲပြင်လဟာတွင်တော့ခမဲပြင် ဘိုးဘိုးကြီးအား ထိုကြာပန်းတွေ ကပ်လှူကြတာ မလေ့တစ်ခုပင်ဖြစ်သည်။ ပွဲချိတ်၊ ပွဲထောင်ဖြင့် ဘိုးဘိုးကြီးအားလည်း လာရောက်ဖူးမြော်ကြသည်။

ထိုနေ့က မလေးမေတို့ အဖွဲ့တစ်သင်း ခမဲပြင် ဘိုးဘိုးကြီးထံမှ ပန်းကပ်ပြီး အပြန်တွင် မလေးမေတစ်ကိုယ်လုံး ခြစ်ခြစ်တောက် ပူနေကြောင်း သိရလေသည်။ ပါးစပ်ကလည်း ကယောင်ကတမ်းတွေ ပြောနေကြောင်းလည်း တွေ့ရသည်။

လှေအဆိုက် ကျွန်ုပ် မောင်ဘိုးစီ အကြို့မှာပင်…

"ကို…ခမဲပြင် ဘိုးဘိုးကြီးထံမှာသွားပြီး လေးမေ…လေးမေ အမိုက်အမှားတွေကို တောင်းပန်ပေးပါ၊ တောင်းပန်ပေးပါ"

ဆိုတာတွေ တတွတ်တွတ် မှာကြား ပြောဆိုနေသည်။ ထိုအချိန်တွင် မလေးမေ၏ မိဘများက ဆရာခေါ် ကုကြပါသေးသည်။ သို့သော် ညဉ့်သန်းခေါင်ကျော်တိုင်သည့်အချိန်တွင် မလေးမေ ဆုံးပါးရှာလေတော့သည်။

ကျွန်ုပ်သည် ယူကျုံးမရ၊ အလွန်မှ ဝမ်းနည်းပူဆွေးရင်း "ခမဲပြင် ဘိုးဘိုးကြီးထံသွား၍ မလေးမေ အမိုက်များတွေ တောင်ပန်းပေးပါ"ဆိုသော စကားကိုသာ အထပ်ထပ်ပြန်ကြားယောင်နေမိတော့သည်။

နောက်မှ သိရသည်မှာ သူမနှင့်အတူ ကြာပန်းခူးထွက် လုံမပျိုမေများအပြောအရ ခမဲပြင်ဘိုးဘိုးကြီးနန်းသို့ ကြာပန်းကပ်ဖို့ အရောက် မလေးမေတစ်ယောက် ရှက်လည်း ရှက်၊ မအောင့်မအီးနိုင်သော ဝေဒနာကြောင့် အပေါ့အပြုသွားချင်တာကို မတောင်းပန်မိဘဲ လှေဝမ်းတွင်သာ မလေးမစား စွန့်ပစ်မိကြောင်းဖြစ်သည်။■

* * *

မြရာပင် ခေါင်တင်ဆုံ



www.burmeseclassic.com

www.burmeseclassic.com

# ဆပွတ်တြိုအုပ်ပါဘိ ကောင်း၏နေရပ်ရွာ

ကိုနေဦးမောင်(ပခုက္ကူ)

ရုပ်ဝတ္ထုများ ခေတ်စားလာ၍ လူတို့သည် လောကီဗေဒင်များကို ယုံကြည်မှု အားနည်းလာပါသည်။ စာရေးသူအနေဖြင့်မူ ရှေးထုံးလည်း မပယ်စေလိုပါ။ အချို့သောလောကီပညာရပ်များသည် ထူးခြားဆန်းကြယ်စွာ မှန်ကန်မှုရှိလှ၏။ အချို့က ကိုယ် ဉာဏ်မမီ၍ လည်းကောင်း၊ မမြင်မတွေ့ မကြုံရ၍ မယုံကြည်ကြတော့ပါ။ ပခုက္ကူနေသူတို့ ရန်ကုန်ကို မမြင်တွေ့ရပါ။ သို့သော် ယုံကြည်ကြ၏။ စာထဲ၊ ရုပ်ပုံထဲ၊ တီဗွီ ရုပ်ရှင်ထဲ မြင်ကြ၍ လက်ခံကြ၏။ အချို့သော ကိစ္စရပ်များသည် မမြင်မတွေ့ရနိုင်၊ လက်ဆုပ် လက်ကိုင် မပြနိုင်သော်လည်း ထူးခြားဆန်းကြယ်စွာ ငြင်းပယ်မရအောင် တည်ရှိကြကုန်၏။

စာရေးသူငယ်စဉ် သာမဏေဘဝ ခေတ္တရောက်စဉ် ကျောင်းထိုင်ဆရာတော်ကြီးသည် ဗေဒင်၊ ဓာတ်ရိုက်ဓာတ်ဆင် ကျွမ်းကျင်၏။ သတ္တဝါတို့အား ဗေဒင်ပညာဖြင့် ကယ်တင်၏။ ရလာသော ဝတ္ထုလာဘ်လာဘကိုလည်း သာသနာအတွက် အကျိုးပြု၏။

စာရေးသူလည်း ဆရာတော်ကြီး၏ နည်းနာ နိဿယများကို လေ့လာခွင့်ရခဲ့ပါ၏။ သို့သော် နည်းနာများထဲမှ အရိုးရှင်းဆုံးနှင့် အထိရောက်ဆုံးသော လောကီပညာဗေဒင်နည်းတစ်ခုကို တင်ပြလိုက်ပါ၏။

မသိသူ ကျော်သွား၊ သိသူ ဖော်စားကြပါကုန်လော့။

♦♦♦

**ဆပွတ်တြို အုပ်ပါဘိ ကောင်း၏ နေရပ်ရွာ**

ရင်းဆ-ဖျားတြို နံပင်ရှိ စိုက်ဘိ ကောင်းလှစွာ၊

သစ်ဆိပ်အရ ပောကာပြ ဂါမသစ်ပင်လာ၊

အိမ်ဆောက်လိုပြား တောက်တိုထား တိုင်ကားပြုအပ်ရာ။

ထိုလင်္ကာအရ **တနင်္ဂနွေသားသည်** မိမိဆပွတ်ကိုတြိုရန်းအုပ်သော၊ သာစည်အရပ်၌ နေထိုင်ပြီး သစ်ဆိမ့်ပင်ကို စိုက်ပျိုးထားရပါမည်။ သစ်ဆိမ့်သားကို ထောက်တိုင်အဖြစ် ပြုလုပ်ပါက စီးပွားချမ်းသာ မင်္ဂလာရှိနိုင်ပါသည်။

**တနင်္လာသား** - ဒလမြို့ ထင်းရှူးပင်၊ ထင်းရှူးသားထောက်တိုင်။

**အင်္ဂါသား** - အမြင့်၊ အမြောက်၊ အုတ်ဖို။ အောင်မဲမြို့သား၊ အောင်မဲမြို့ထောက်တိုင်။

**ဗုဒ္ဓဟူးသား** - ကသာ၊ ကော့သောင်းမြို့၊ ကသစ်ပင်၊ ကသစ်သားထောက်တိုင်။

**ကြာသပတေးသား** - စစ်တွေမြို့၊ စွယ်တော်ပင်၊ စွယ်တော်သားထောက်တိုင်။

**သောကြာသား** - ရေဦးမြို့၊ ဝံအှူပင်၊ ဝံအှူသားထောက်တိုင်။

**စနေသား** - ပဲခူးမြို့၊ ပုခန်းမြို့၊ မန်ကျည်းပင်၊ မန်ကျည်းသားထောက်



www.burmeseclassic.com

www.burmeseclassic.com

တိုင်တို့ကို ပြုသည်ရှိသော်
ကြီးပွားချမ်းသာခြင်းဖြစ်လတ္တံ့.
ဟု ဆိုထားပါသည်။

◆◆◆

**တစ်နည်း။**

ပဥ္စပွတ်သူ အုပ်စတု၊ ကောင်းမှုကျော်စောရာ၊
ထိုနံ့ပင်အား စိုက်ပါငြား။ စီးပွားလွန်ချမ်းသာ၊
အရပ်မှာမူ နေရသူ၊ ကောင်းမှုဟောလေပါ၊
ဖလံပင်းယ နည်းအပြ၊ မှတ်ကြ သစ်ပင်ရွာ၊
အိမ်ဆောက်လိုငြား။ ထောက်တိုထား တိုင်ကားပြုအပ်ရာ

ဟူသည့်အတိုင်း မိမိပဥ္စပွတ်၌ စတုရန်းအုပ်သော အရပ်၊ အပင်၊ အသားကို အမှီပြု၍ ပြုလုပ်နေထိုင်ပါက စီးပွားချမ်းသာတိုးတက်မည်ဟု ဆိုလိုပါသည်။

| | |
|---|---|
| **တနင်္လာ** | - သမိုင်းမြို့ သဖန်းပင်၊ သဖန်းသား။ |
| **အင်္ဂါ** | - တောင်သာမြို့ ဒဟတ်ပင်၊ ဒဟတ်သား။ |
| **ဗုဒ္ဓဟူး** | - အင်းတော်မြို့ အုံးတုံပင်၊ အုံးတုံသား၊ အုံးနှဲသား။ |
| **ကြာသပတေး** | - ခင်ဦး၊ ခအောင်းပင်၊ ခအောင်းသား။ |
| **သောကြာ** | - စစ်ကိုင်း၊ စဥ့်ကူ၊ စကားပင်၊ စကားသား။ |
| **စနေ** | - လင်းဇင်း၊ ရှားစောင်း၊ လေးညှင်းပင်အသား။ |

၎င်းတို့ကို စိုက်ပျိုး၍ အဆောင်ပြုလုပ်စေခြင်းဖြစ်ပါသည်။

အထက်ပါ နာမည်များသည် ဥပမာပြ နာမည်များဖြစ်ပြီး အခြားသင့်တော်ရာ ဆပွတ်ကို တိုရန်းအုပ်အမည်၊ ပဥ္စပွတ်ကို စတုရန်းအုပ်သော အမည်နာမများ အသုံးပြုနိုင်ပါသည်။

ဤနည်းအတိုင်း လုပ်ငန်းနာမည်၊ ကျောင်းတိုက်နာမည် စသည့် ဉာဏ်ရှိသလို အသုံးပြုပါက နာမည်ကျော်စော၍ တွင်ကျယ်ခြင်းများစွာ ရှိပါလိမ့်မည်ဟု တင်ပြလိုက်ရပါသည်။

* * *

ကိုနေဦးမောင်(ပစ္စည်း)


ဒေါင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်

# ဆရာကြီးဦးအောင်မြိုင် (အောင်ဇ-LL.B)

(လက္ခဏာဗေဒင်ပညာသုတေသီ)

▶ ဘာပဲလုပ်လုပ် အဆင်မပြေဖြစ်နေလို့ စိတ်ဓာတ်ကျနေသူများ အမြန်ဆုံးအဆင်ပြေလာဖို့ ဒါလောက်တောင် ကံဆိုးနေရသလားဆိုပြီး အားငယ်နေသူများ အမြန်ဆုံးကံကောင်းလာဖို့ ▶ သူများအကြွေးပူတွေရှိရင် အမြန်ဆုံးပြန်ဆပ်နိုင်စေဖို့ ▶ ကိုရရန်အကြွေးငွေတွေကိုလဲ လွယ်ကူစွာအမြန်ဆုံး ပြန်ရရှိစေဖို့ ▶ ကိုယ်ဝယ်ယူချင်တဲ့ တိုက်၊ အိမ်၊ တိုက်ခန်း၊ မြေ၊ ကား၊ ကျောက်မျက်ရတနာ၊ ဆိုင်ခန်း စက်ရုံ အစရှိတာတွေကို အဆင်ပြေစွာ အမြန်ဆုံး ဝယ်ယူရရှိစေဖို့ ▶ ကိုယ်ရောင်းချင်တဲ့ပစ္စည်းတွေကိုလဲ ကြိုက်ဈေးရပြီး အမြန်ဆုံး ရောင်းထွက်သွားစေဖို့ ▶ ထီထိုးရင်လဲ ဆုလတ်ဆုကြီး အမြန်ဆုံးပေါက်နိုင်စေဖို့ ▶ ထီဆိုင်ကြီးတွေလဲ အရောင်းအဝယ်လုပ်ငန်း တိုးတက်အောင်မြင်ပြီး ဆုလတ်ဆုကြီးတွေ များများ ပေါက်အားကောင်းလာဖို့ ▶ ဈေးဆိုင်ကြီးတွေမှာ လူဝင်များ လူစီကား ရောင်းအားကောင်း ငွေဝင်ကောင်းစေဖို့ ▶ အလုပ်ရွေးချယ်ခံရစေဖို့ ▶ အလုပ်အကိုင်အသစ်လျှောက်ထားလျှင် အဆင်ပြေစွာ အမြန်ဆုံးရရှိဖို့ ▶ အလုပ်အကိုင်အဆင့်အတန်း ရာထူး လစာ တိုးတက်ရေးအတွက် ဖြေဆိုမှုမှန်သမျှမှာ လွယ်ကူစွာအောင်မြင်စေဖို့ ▶ ရာထူးအမြန်ဆုံးတိုးတက်ဖို့ ▶ ကိုယ်ပြောင်းချင်သော အလုပ်နေရာဌာန မြို့ရွာဒေသ တိုင်းပြည် စသည်တို့ကို အမြန်ဆုံး ပြောင်းရွှေ့ရစေဖို့ ▶ ယခုလက်ရှိ လုပ်ကိုင်နေထိုင်လျက်ရှိသော အလုပ်နေရာကောင်း ▶ မြို့ကောင်းမှာကြာရှည်ခိုင်မြဲစွာ ဆက်လက်လုပ်ကိုင် နေထိုင်ရစေဖို့ ▶ ကိုယ့်လုပ်ငန်းခွင်မှာ အယှဉ်အပြိုင်အတိုက်အခံ အနှောင့်အယှက် အတိုင်အတော အစွပ်အစွဲ အမှုအခင်းပြဿနာ ဘေးဥပဒ်အန္တရာယ်များ ကင်းရှင်းစေဖို့ ▶ ယခုလက်ရှိ ရင်ဆိုင်ဖြေရှင်းနေရသော ပြဿနာအမှုအခင်း အစစ်အဆေးကိစ္စမှာ မိမိအလုပ်အကိုင်ရာထူး ဂုဏ်သိက္ခာ မထိခိုက်မပျက်ပြားပဲ အမြန်ဆုံး ပြီးပြတ်လွတ်ကင်းသွားစေဖို့ ▶ အလုပ်အကိုင် ရုတ်တရက် ပျက်ခဲ့ရသူများ မိမိနှင့် အကျိုးပေးကောင်းမည့် အလုပ်ကိုင်သစ် အမြန်ပြန်လည်ဖြစ်ပေါ်စေဖို့·····

ဟောခန်းလိပ်စာသစ် - မြောက်ဒဂုံမြို့နယ်၊ (၃၄)ရပ်ကွက်၊ ဦးဝိစာရလမ်း၊ အိမ်အမှတ်(၈၄၃)။

☎ - ၀၁-၅၈၆၇၀၄၊ - ၀၉-၅၀-၆၂၈၄၃၊ E.mail : uaungmyaing@gmail.com

ယုံကြည်အားကိုးမှုသာ လာခဲ့ပါ




www.burmeseclassic.com


www.burmeseclassic.com

# တစ်ကိုယ်တည်းသာ နေပါရစေတော့ကွယ်


ဆရာ ဦးအောင်မြိုင်
(လက္ခဏာဗေဒင်သုတေသီ)

ဆန့်ကျင်ဘက် လိင်(အမျိုးသား)တို့၏ အချစ်ကို ခံချင်သည်။ ကိုယ်ကလည်း သူတို့ကို ချစ်ချင်သည်။ သူတို့၏ ပြုစုယုယမှုကိုလည်း ခံချင်သည်။ ကိုယ်ကလည်း ပြုစုယုယ ပေးချင်သည်။ ထို့ကြောင့် အချစ်ခံခဲ့ရဖူးသလို၊ ချစ်လည်း ချစ်ခဲ့ဖူးပါသည်။ သူချစ် ကိုယ်ချစ်လည်း ဖြစ်၊ နှစ်ဖက်မိဘ သဘောကျသူလည်း ဖြစ်သူကို လက်ထပ်ပေါင်းသင်းပါမည် ဟု ကတိလည်း ပေးခဲ့ပြီးပြီ။ သို့သော်...

ဤဆောင်းပါးနှင့်အတူ ဖော်ပြပေးလိုက်သည့် ဝဲဘက် လက်ဖဝါးပြင်ပုံစံမှာ အိမ်ထောင်မကျသေးသော အမျိုးသမီး တစ်ဦး၏ လက်ဖဝါးပြင်ဖြစ်သည်။





က-အက္ခရာနှင့် ညွှန်ပြထားသည်မှာ နှလုံးလမ်း ကြောင်းမှာ လမ်းမှျင်များ ရှိပြီး ကွေ့ဝိုက်၍ လက်ညှိုးနှင့် လက်ခလယ်ကြားမှာ အဆုံးသတ်ထားသည်။ ထူးခြားချက် ကတော့ နှလုံးလမ်းကြောင်းအလယ်ပိုင်းမှာ လက်ချောင်းရင်း မှ ကွာဝေးပြီး ဦးခေါင်းလမ်းနှင့် များစွာ ပို၍နီးကပ်အောင် ကွေးဆင်းနေခြင်း၊ ထိုအကွေးနေရာမှ လမ်းခွဲတစ်ခုက ဦးခေါင်းလမ်းနှင့် ဆက်သွယ်နေခြင်းပင်ဖြစ်ပါသည်။




ဤသင်္ကေတမှာ ချစ်တတ်၊ ခင်တတ်၊ ကြင်နာတတ် သော်လည်း နှလုံးသားရေးရာကိစ္စကို ဦးနှောက်ဖြင့်သာ စဉ်းစားဆုံးဖြတ်ခြင်းဟု ဟောရမည်။

ခ-အက္ခရာနှင့် ညွှန်ပြထားသည်မှာ လက်သန်းအောက် ရှိ အိမ်ထောင်ရေးလမ်း သုံးကြောင်းရှိပြီး အလယ်ရှိ အထင် ရှားဆုံးလမ်း၏ အဆုံးမှာ ခက်ရင်းခွငယ်လေး ဖြစ်ပေါ်နေခြင်း ဖြစ်ပါသည်။




ဤသင်္ကေတမှာ ချစ်သူသုံးဦးခန့်ရှိခဲ့၍ တစ်ဦးကိုသာ ရွေးချယ်ချစ်ခင်ပြီး လက်ထပ်ပေါင်းသင်းရန် ကတိပေးခဲ့သော်




www.burmeseclassic.com

www.burmeseclassic.com


လည်း စိတ်သဘောထားချင်း မတိုက်ဆိုင်မှုများ နောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့ရသည်။

ဂ-အက္ခရာနှင့် ညွှန်ပြထားသည်မှာ လက်ခလယ်အောက်ရှိ စနေဂြိုဟ်ခုံတွင် ကံလမ်းအဖျားနှင့် နှလုံးလမ်းအဖျားက အင်္ဂလိပ်အက္ခရာ V ပုံသဏ္ဌာန်ဖြစ်ပေါ်နေခြင်းပေတည်း။




ဤသင်္ကေတကို အထီးကျန် သင်္ကေတဟု သတ်မှတ်သင့်ပါသည်။ ဘဝမှာ အိမ်ထောင်ရေးကံမကောင်းတတ်ဘဲ အပျိုကြီး၊ တစ်ခုလပ်၊ မုဆိုးမ ဖြစ်တတ်သော နိမိတ်သင်္ကေတဖြစ်သည်။


ဃ-အက္ခရာနှင့် ညွှန်ပြထားသည်မှာ နှလုံးလမ်းအဖျားမှ လမ်းခွဲတစ်ခုအောက်ဘက်ကို ခွဲဆင်းပြီး အဖျားမှာ ခက်ရင်းခွပုံ ရှိနေခြင်းဖြစ်သည်။




ဤသင်္ကေတမှာ အချစ်ရေး၊ စေ့စပ်လက်ထပ်ရေးများ ပျက်ပြားစေတတ်သည်။

င-အက္ခရာနှင့် ညွှန်ပြထားသည်မှာ ဦးခေါင်းလမ်းကြောင်းအဖျားမှ လမ်းခွဲများက အသက်လမ်းကြောင်းအဖျားကို ဖြတ်သန်း၍ အင်္ဂါဂြိုဟ်ခုံတွင်းရှိ အင်္ဂါလမ်းများကိုပါ ဖြတ်သန်းနေခြင်းဖြစ်သည်။

ဤသင်္ကေတမှာ စိတ်တိုခြင်း၊ စိတ်မြန်ခြင်း၊ ရန်လိုခြင်း၊ နားလည်မှု မပေးတတ်ခြင်း၊ ခွင့်လွှတ်သည်းခံတတ်မှု




အားနည်းခြင်း စသည်တို့ကြောင့် ချစ်သူပျက်၊ စေ့စပ်ပျက်၊ အိမ်ထောင်ပျက်ဖြစ်စေတတ်သည်။

ဤလက္ခဏာရှင်မှာ စေ့စပ်လက်ထပ် ပေါင်းသင်းကြဖို့ ကတိပေးပြီးသူကို ငြင်းပယ်ခဲ့ပြီး အပျိုကြီးဘဝဖြင့်သာ အရိုးထုတ်ဖို့ ဆုံးဖြတ်ထားကြောင်း သိရပေသည်။

♦♦♦

စာဖတ်သူ မိန်းမပျိုလေးများအနေဖြင့် မိမိတို့၏ ဘယ်လက်ဖဝါးပြင်တွင် ယခုဖော်ပြခဲ့သော သင်္ကေတ ၅မျိုးအနက် သုံးချက်မျှ နီးစပ်တူညီလျှင်ပင် အချစ်ရေး၊ စေ့စပ်လက်ထပ်ရေး၊ အိမ်ထောင်ရေးကိစ္စများ ကံမကောင်းတတ်ကြောင်း ကြိုသိပါ။ ထိုသင်္ကေတမျိုးများ မှေးမှိန်ပျောက်ကွယ်သွားစေရန် အကျင့်စရဏကောင်း၊ အဓိဋ္ဌာန်ကောင်းများကို လပေါင်းများစွာကြာအောင် ဌိုရှိရှိ ဆောင်ရွက်ရန် လိုပါသည်။ တစ်ကြိမ်တစ်ခါမျှသာ လုပ်ရသော၊ ရက်ပိုင်းမျှသာ လုပ်ရသော တစ်ပွဲတိုး ယတြာမျိုးမျှလောက်နှင့် မကောင်းနိုင်ဟု မှတ်ပါ။

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

* * *

ဆရာဦးအောင်မြိုင်
(လက္ခဏာဗေဒင်သုတေသီ)



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၃ ခုနှစ်၊ ဇူလိုင်လအတွက်

# လိုအင်ဆန္ဒပြည့်ဝ အောင်မြင်စေမည့်

## (ကာ၊ ကု၊ ဖွင့်) နဝင်းယတြာအစီအရင်များ

**ဆရာ မြတ်ထွင့်ခေါင်** (မြန်မာ့ရိုးရာဗေဒင်ပညာရှင်)

## တနင်္ဂနွေသားသမီးများအတွက်

**ချစ်သူနှင့် အဆင်ပြေစေရန်** - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် သီဟိုဠ် (၉)ညွန့် သွားရောက်လှူဒါန်း၍ ဒိဝါတပတိဂုဏ်တော် (၉)ခေါက် ရွတ်ဆိုကာ မိမိလိုရာဆုကို တောင်းပါ။

**အိမ်ထောင်ရေးအဆင်ပြေစေရန်** - စနေနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ကံ့ကော် (၉)ညွန့် သွားရောက်လှူဒါန်း၍ မိမိလိုရာဆုကို တောင်းပါ။

**ငွေကြေးအခက်အခဲအတွက်** - စနေနေ့နံနက် ၉နာရီမှ ၁၁နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ပျဉ်းမ (၉)ညွန့်နှင့် ထီးနီ (၉)လက်တို့ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆု တောင်းပါ။

**အလုပ်အကိုင်အခက်အခဲအတွက်** - အင်္ဂါနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ပဲပေါင်မုန့် (၅)ခု၊ ကြက်လျှာ (၅)လက်နှင့် ရေသက်စေ့တို့ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

**ကျန်းမာရေးအတွက်** - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ကိတ်မုန့် (၁)ခု၊ ဖြူဟ်တံခွန် (၉)လက်တို့ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုကို တောင်းပါ။

**နိုင်ငံခြားခရီးအတွက်** - မွေးနေ့တွင် ရဟန်းတစ်ပါးကို ဆပ်ပြာ (၅)တုံးလှူပါ။

**စီးပွားရေးလုပ်ငန်းများအတွက်** - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် သရက်သီး (၅)လုံးကို လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးကို (၉)ခေါက် ရွတ်ဆိုပါ။

**အိမ်/ ကားရောင်းလိုလျှင်** - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ပျဉ်းမ (၁၉)ညွန့်ကို ဖလားတစ်ခုအတွင်း ထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းပေါ်သို့ ပက်ဖျန်းပါ။

**ထီကံကြမ္မာ** - (၅)ထိပ်စီး၊ (၅)နောက်ပိတ်နှင့် (မ)အက္ခရာပါသောထီကို ရွေးထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com

## တနင်္လာသားသမီးများအတွက်

| | | |
|---|---|---|
| ချစ်သူနှင့် အဆင်ပြေစေရန် | - | တနင်္လာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် သရက်သီး (၂)လုံးနှင့် ဆူးတံခွန် (၁)လုံးတို့ကို လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။ |
| အိမ်ထောင်ရေးအဆင်ပြေစေရန် | - | ဗုဒ္ဓဟူးနေ့ မနက် ၆နာရီမှ ၇နာရီခွဲအတွင်း ရဟန်းတစ်ပါးအား နန်းကြီးသုပ်လှူဒါန်းပါ။ |
| ငွေကြေးအခက်အခဲအတွက် | - | ကြာသပတေးနေ့ ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် နှင်းဆီ (၉)ပွင့်နှင့် ဖြူဟတ်တံခွန် (၉)လက်တို့ကို သွားရောက်လှူဒါန်းပါ။ |
| အလုပ်အကိုင်အခက်အခဲအတွက် | - | တနင်္ဂနွေနေ့ ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ဆီး(၈)ညွန့်၊ တံခွန်ကုက္ကားတစ်စုံတို့ကို လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။ |
| ကျန်းမာရေးအတွက် | - | တနင်္လာနေ့ မနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် သပြေ (၆)ညွန့်ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။ |
| နိုင်ငံခြားခရီးအတွက် | - | မွေးနေ့တွင် ရဟန်းတစ်ပါးအား ဆန် (၉)လုံးလှူဒါန်းပါ။ |
| စီးပွားရေးလုပ်ငန်းများအတွက် | - | ကြာသပတေးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် လက်ဖက် (၉)ကျပ်သား၊ တံခွန်လုံးအဝါ (၉)လုံးတို့ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုကို တောင်းပါ။ |
| အိမ်/ကားရောင်းလိုလျှင် | - | ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ဇော်စိမ်း (၈)ညွန့်ကို ဖလားတစ်ခုအတွင်း ထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းပေါ်သို့ ပက်ဖျန်းပါ။ |
| ထီကံကြမ္မာ | - | (၂)ထိပ်စီး၊ (၄)နောက်ပိတ်နှင့် (တ)အက္ခရာပါသောထီကို ရွေးထိုးပါ။ |

## အင်္ဂါသားသမီးများအတွက်

| | | |
|---|---|---|
| ချစ်သူနှင့် အဆင်ပြေစေရန် | - | အင်္ဂါနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ထန်း(၁၀)ညွန့်၊ ဒူးရင်းယို (၉)ကျပ်သားတို့ကို လှူဒါန်းပြီး မိမိလိုရာဆုကို တောင်းပါ။ |
| အိမ်ထောင်ရေးအဆင်ပြေစေရန် | - | သောကြာနေ့ ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ရေသက်စေ့နှင့် ဆီမီး (၉)တိုင်ကို သွားရောက်လှူဒါန်းပါ။ |
| ငွေကြေးအခက်အခဲအတွက် | - | တနင်္လာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် အုန်းယို (၉)ခုနှင့် ရေသန့်ဘူးတစ်ဘူးကို သွားရောက်လှူဒါန်းပါ။ |
| အလုပ်အကိုင်အခက်အခဲအတွက် | - | ကြာသပတေးနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း ဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် သရက် (၉)ညွန့်၊ ဆီမီး (၉)တိုင်နှင့် ရေသက်စေ့တို့ကို လှူဒါန်းပြီး လိုရာဆုတောင်းပါ။ |
| ကျန်းမာရေးအတွက် | - | တနင်္လာနေ့ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ခရေ (၉)ညွန့်နှင့် ရေသက်စေ့တို့ကို လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးကို ပုတီး(၉)ပတ်စိပ်ပါ။ |
| နိုင်ငံခြားခရီးအတွက် | - | သောကြာနေ့ နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ သောကြာထောင့်တွင် သရက်သားနှင့် ပြုလုပ်ထားသော ပုတီးတစ်ကုံးကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။ |
| စီးပွားရေးလုပ်ငန်းများအတွက် | - | တနင်္လာနေ့ နံနက် ၆နာရီမှ ၇နာရီအတွင်း မိမိအိမ်ရှေ့တွင် ဖြတ်လာသော အလှူခံပုဂ္ဂိုလ်တစ်ဦးကို ငွေ(၉၀၀)ကျပ်လှူဒါန်းပါ။ |
| အိမ်/ကားရောင်းလိုလျှင် | - | ကြာသပတေးနေ့ နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း နေအိမ်ရှိ ဘုရားတွင် နွားနို့တစ်ခွက်နှင့် နှင်းဆီပန်း (၉)ပွင့်ကို လှူဒါန်းပါ။ |
| ထီကံကြမ္မာ | - | (၉)ထိပ်စီး၊ (၉)နောက်ပိတ်နှင့် (န)အက္ခရာပါသောထီကို ရွေးထိုးပါ။ |



www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓဟူးသားသမီးများအတွက်

| | | |
|---|---|---|
| ချစ်သူနှင့် အဆင်ပြေစေရန် | - | ဗုဒ္ဓဟူးနေ့ နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် အုန်း(၉)ညွန့်ကို သွားရောက်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော် (၉)ခေါက်ရွတ်ဖတ်ပါ။ |
| အိမ်ထောင်ရေးအဆင်ပြေစေရန် | - | စနေနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ရေသက်စေ့လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး(၉)ပတ်စိပ်ပါ။ |
| ငွေကြေးအခက်အခဲအတွက် | - | စနေနေ့ နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ကံ့ကော် (၁၅)ညွန့်လှူဒါန်းပြီး အရဟံဂုဏ်တော်ကို ပုတီး(၁၈)ပတ်စိပ်ပါ။ |
| အလုပ်အကိုင်အခက်အခဲအတွက် | - | အင်္ဂါနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္လာထောင့်တွင် ကိတ်မုန့် (၉)ခုလှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။ |
| ကျန်းမာရေးအတွက် | - | ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် မေမြို့ပန်း (၉)ညွန့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို သွားရောက်လှူဒါန်း၍ လိုရာဆုတောင်းပါ။ |
| နိုင်ငံခြားခရီးအတွက် | - | သောကြာနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ပိတောက် (၂၉)ညွန့်နှင့် တံခွန်ကုက္ကား (၃)စုံတို့ကို သွားရောက်လှူဒါန်း၍ လိုရာဆုတောင်းပါ။ |
| စီးပွားရေးလုပ်ငန်းများအတွက် | - | စနေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ပဲပေါင်မုန့် (၅)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။ |
| အိမ်/ကားရောင်းလိုလျှင် | - | ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း သီဟိုဠ် (၆)ညွန့်ကို ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းပေါ်သို့ ပက်ဖျန်းပါ။ |
| ထီကံကြမ္မာ | - | (၅)ထိပ်စီး၊ (၅)နောက်ပိတ်နှင့် (လ)အက္ခရာပါသောထီကို ရွေးထိုးပါ။ |

## ကြာသပတေးသားသမီးများအတွက်

| | | |
|---|---|---|
| ချစ်သူနှင့် အဆင်ပြေစေရန် | - | ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ကံ့ကော် (၉)ညွန့်ကို သွားရောက်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဖတ်ပူဇော်ပါ။ |
| အိမ်ထောင်ရေးအဆင်ပြေစေရန် | - | စနေနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် သီဟိုဠ် (၉)ညွန့်ကို သွားရောက်လှူဒါန်း၍ ဂုဏ်တော်ကိုးပါးဖြင့် ပုတီး(၉)ပတ်စိပ်ပါ။ |
| ငွေကြေးအခက်အခဲအတွက် | - | ကြာသပတေးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ဇော်စိမ်း (၈)ညွန့်ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။ |
| အလုပ်အကိုင်အခက်အခဲအတွက် | - | တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ဆီးယိုနှင့် ကိတ်မုန့်ဆွမ်းလှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။ |
| ကျန်းမာရေးအတွက် | - | ဗုဒ္ဓဟူးနေ့ နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် လောက်သေ (၉)ညွန့်၊ အမွှေးတိုင် (၉)တိုင်တို့ကို လှူဒါန်း၍ လိုရာဆုတောင်းပါ။ |
| နိုင်ငံခြားခရီးအတွက် | - | တနင်္ဂနွေနေ့ ညနေ ၄နာရီခွဲမှ ၇နာရီခွဲအတွင်း အင်ကြင်း (၉)ညွန့်ကို တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။ |
| စီးပွားရေးလုပ်ငန်းများအတွက် | - | တနင်္ဂနွေနေ့ နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ပဲပေါင်မုန့် (၉)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။ |
| အိမ်/ ကားရောင်းလိုလျှင် | - | ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ဆီး (၉)ညွန့်ကို ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းများပေါ်သို့ ပက်ဖျန်းပါ။ |
| ထီကံကြမ္မာ | - | (၁)ထိပ်စီး၊ (၄)နောက်ပိတ်နှင့် (ထ)အက္ခရာပါသောထီကို ရွေးထိုးပါ။ |



www.burmeseclassic.com

www.burmeseclassic.com

## သောကြာသားသမီးများအတွက်

| | | |
|---|---|---|
| ချစ်သူနှင့် အဆင်ပြေစေရန် | - | သောကြာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ထန်း (၉)ညွန့်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော် (၉)ခေါက်ရွတ်ဖတ်ပူဇော်ပါ။ |
| အိမ်ထောင်ရေးအဆင်ပြေစေရန် | - | တနင်္လာနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ရေသက်စေ့လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး(၉)ပတ်စိပ်ပါ။ |
| ငွေကြေးအခက်အခဲအတွက် | - | တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ဆီး(၈)ညွန့် သွားရောက်လှူဒါန်းပြီး အရဟံဂုဏ်တော်ဖြင့် ပုတီး(၉)ပတ်စိပ်ပါ။ |
| အလုပ်အကိုင်အခက်အခဲအတွက် | - | ကြာသပတေးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ အင်္ဂါထောင့်တွင် ရေသက်စေ့ သွားရောက်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။ |
| ကျန်းမာရေးအတွက် | - | တနင်္လာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် ထန်းလျက် (၉)ကျပ်သား၊ နှင်းဆီ (၉)ပွင့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။ |
| နိုင်ငံခြားခရီး | - | ကြာသပတေးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ဇီဇဝါ (၉)ညွန့်နှင့် တံခွန်ကုက္ကား(၉)စုံကို လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။ |
| စီးပွားရေးလုပ်ငန်းများအတွက် | - | တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ဇော်စိမ်း(၇)ညွန့်ကို သွားရောက်လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။ |
| အိမ်/ကားရောင်းလိုသော် | - | တနင်္ဂနွေနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ရွက်လှ(၉)ညွန့်နှင့် တရော်ကင်ပွန်းကို ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းများပေါ်သို့ ပက်ဖျန်းပါ။ |
| ထီကံကြမ္မာ | - | (၁)ထိပ်စီး၊ (၉)နောက်ပိတ်နှင့် (လ)အက္ခရာပါသောထီကို ရွေးထိုးပါ။ |

## စနေသားသမီးများအတွက်

| | | |
|---|---|---|
| ချစ်သူနှင့် အဆင်ပြေစေရန် | - | ဗုဒ္ဓဟူးနေ့ နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် မေမြို့ (၉)ညွန့်ကို သွားရောက်လှူဒါန်း၍ ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဖတ်ပါ။ |
| အိမ်ထောင်ရေးအဆင်ပြေစေရန် | - | စနေနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် မီးသက်စေ့ သွားရောက်လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး(၉)ပတ်စိပ်ပါ။ |
| ငွေကြေးအခက်အခဲအတွက် | - | စနေနေ့နံနက် ၉နာရီမှ ၁၁နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ကံ့ကော် (၁၅)ညွန့် လှူဒါန်း၍ အရဟံဂုဏ်တော်ကို ပုတီး(၉)ပတ်စိပ်ပါ။ |
| အလုပ်အကိုင်အခက်အခဲအတွက် | - | အင်္ဂါနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္လာထောင့်တွင် ပေါင်မုန့်(၉)ခုကို သွားရောက်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။ |
| ကျန်းမာရေးအတွက် | - | ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် ပုလဲပန်း (၉)ညွန့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို လှူဒါန်း၍ လိုရာဆုတောင်းပါ။ |
| နိုင်ငံခြားခရီး | - | ကြာသပတေးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ပိတောက် (၂၉)ညွန့်နှင့် တံခွန်ကုက္ကားတစ်စုံလှူဒါန်း၍ လိုရာဆုတောင်းပါ။ |
| စီးပွားရေးလုပ်ငန်းများအတွက် | - | တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ပဲပေါင်မုန့် (၅)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။ |
| အိမ်/ ကားရောင်းလိုလျှင် | - | ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း သီဟိုဠ် (၂၁)ညွန့်ကို ဖလားတစ်ခုအတွင်း ထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းများပေါ်သို့ ပက်ဖျန်းပါ။ |
| ထီကံကြမ္မာ | - | (၁)ထိပ်စီး၊ (၂)နောက်ပိတ်နှင့် (က)အက္ခရာပါသောထီကို ရွေးထိုးပါ။ |

***



www.burmeseclassic.com

www.burmeseclassic.com


စားပြီးတိုင်းသတိရပါအစာစားပြီးတိုင်းသတိရပါအစာစားပြီးတိုင်းသတိရပါအစာစားပြီးတိုင်း




နိုင်ငံကျော်

# ရွှေတောင်ကြီး

ချောင်းဆိုးပျောက်ဆေး

(၈၅၀၇ ခိုင်အာ ၀၅၃၉၀)

## ရရှိနိုင်သောဆေးဝါးများ

- မဟော်ဂနီဆီးချိုကျဆေးပြား (၁၀၀၇ ခိုင်အာ ၀၅၆၃၇)
- ဆန်းသစ်သွေးဆေး (၈၃၀၀ ခိုင် ၆၂၃၉)
- အစာကြေဆေးပြား (၁၀၀၇ ခိုင်အာ ၀၅၁၀၂)

၄။ လေမျိုး(၈၀)လျက်ဆား (၁၃၀၀ ခိုင် ၁၂၂)

၅။ ဆန်းသစ်အာရုံကြောအားတိုးဆေးပြား (၁၀၀၇ ခိုင်အာ ၀၅၆၄၆)

၆။ ဗလရှင်လျက်ဆား (၁၃၀၀ ခိုင် ၁၂၃)

ဗိုင်းရင်းဆေးအမျိုးမျိုးနှင့် ပရဆေးမှုန့်အမျိုးမျိုး လက်လီလက်ကား ရရှိနိုင်ပါသည်။

ဆေးဖုံများကိုလည်း တိကျမှန်ကန်စွာဖော်စပ်ပေးနေပါသည်။

ဆေးတိုက်နှင့်တိုင်းရင်းပရဆေးမှုန့်ဆေးပြားရောင်းဝယ်ရေး၊ ၂၇၇၊ ၄-ကုန်ဈေးတန်းလမ်း၊ ရန်ကုန်၊ ☎ ၃၇၂၆၀၀(လိုင်းခွဲ-၁၂၅) ၂၄၃၃၁၅


www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ကျောင်းနေအရွယ် ကလေးဘဝ
အဆစ်ရောင်ရောဂါဝေဒနာကို ခံစားခဲ့ရဖူးပါသည်။ ကျွန်ုပ်
မိဘနှစ်ပါးနှင့် ဦးကြီး ဘုန်းတော်ကြီးတို့မှာ ကျွန်ုပ်၏ ရော



မဂ္ဂရာဆရာကြီး
အဘချစ်ရာ၏
ဂမ္ဘီရဆန်ဒသောကုထုံး



www.burmeseclassic.com

www.burmeseclassic.com

ဝေဒနာပျောက်ဖို့အတွက် အစွမ်းကုန် ကြိုးစားပြီး ကုသကြပါတယ်။ ပထမဦးဆုံး ဆေးရုံတက်ပြီး ခွဲစိတ်ကုသပါတယ်။ ဒါပေမယ့် ရောဂါမှာ သက်သာပျောက်ကင်းမှုမရှိသည့်အတွက် ပြင်ပ ဆေးကုဌာနများဖြစ်သော တရုတ်အပ်စိုက်၊ နာမည်ကြီး "ပုလဲတာ"ဆေးခန်းများမှာ ကုသပါသော်လည်း အချည်းအနှီးသာဖြစ်ခဲ့ပါတယ်။

ကျွန်ုပ်၏ မိဘများနှင့် ဦးကြီး ဘုန်းကြီးတို့မှာ ဤမျှနှင့် မကျေနပ်ပါဘဲ *ကောင်းနိုးရာရာ လက်လှမ်းမီသမျှ* ဆရာများနှင့် ကုသသည့်အပြင် ဓာတ်ဆရာ၊ နတ်ဆရာ၊ ပယောဂဆရာ၊ လက်နှိပ်ဆရာ စတဲ့ ဆရာမျိုးစုံနှင့် လှည့်လည်ကုသကြပါသည်။ သို့ပါသော်လည်း "ဆရာများ သားသေ"ဆိုသော စကားပုံအတိုင်း ဖြစ်လေသလား။ သို့တည်းမဟုတ်၊ ဝဋ်ကြွေးပါလာ၍များလား မသိပါ။ တစ်နေ့တခြား ပိုဆိုးလာပြီး အိပ်ရာမှ မထနိုင်သည့်အခြေအနေသို့ ရောက်ခဲ့ရပါတော့သည်။

ကျွန်ုပ်၏ မိဘများနှင့် ဦးကြီး ဘုန်းကြီးတို့မှ ကျွန်ုပ်၏ ရောဂါဝေဒနာပျောက်လိုတဲ့ စိတ်အဟုန်ဖြင့် ကုသလာခဲ့ကြရာ ကျွန်ုပ်၏ မိဘများ ပိုင်ဆိုင်သောလယ်များ ကုန်သလောက်အထိ ဖြစ်သွားခဲ့ပါသည်။

အဲဒီလို ကျွန်ုပ်ကို ဆေးကုသပေးရင်း ဦးကြီး ဘုန်းကြီးနှင့် ဖခင်ကြီးတို့မှာ မလွန်ဆန်နိုင်သော သေခြင်းတရား၏ ခေါ်ဆောင်ရာသို့ ရှေ့ဆင့်နောက်ဆင့် လိုက်သွားကြရပါတော့သည်။ ကျွန်ုပ်တို့မိသားစု အားထားရသော ဦးကြီး ဘုန်းကြီးနှင့် ဖခင်ကြီးတို့ မရှိတော့သည့်နောက်ပိုင်း ကျွန်ုပ်၏ ဝေဒနာကို ဆေးကုသပေးနိုင်ဖို့နေနေသာသာ သားသမီးကို ပြုစုရသည်က တစ်ဖက်၊ မိသားစု စားဝတ်နေရေး သုံးပန်းရသည်က တစ်မျိုးဆိုတော့ မိခင်ကြီးခမျာမှာ မည်သို့မှ မတတ်နိုင်ဘဲ လက်မှိုင်ချ ကြည့်နေရရှာပါသည်။ ကျွန်ုပ်မှာ သေမည့်နေ့ကို စောင့်ရင်း ရောဂါဝေဒနာကို အလူးအလဲခံစားရင်း အိပ်ရာထက်မှာ ပက်လက်ဖြင့် ကျင်ကြီးကျင်ငယ်စွန့်တာကအစ ပွေ့ချီ၊ ပွေ့ပို့ရသည်အထိ ဖြစ်လာခဲ့ပါသည်။ အဲဒီအချိန်က ကျွန်ုပ်မှာ သေချင်တာပဲ သိပါသည်။ ဒါပေသည့် ကံကြမ္မာဆိုတာ အခက်သားမဟုတ်လား။ နေချင်လို့ မနေရ သေချင်လို့လည်း မသေရဆိုတဲ့ ဘဝမျိုး ရောက်နေရပါသည်။ ကျွန်ုပ်၏ အဖြစ်ဟာ မီးဇာကုန် ဆီခန်း၍ ကယ်သူနတ္ထိဖြစ်နေချိန်၊ တစ်နေ့သော နေ့တစ်နေ့မှာ ကျွန်ုပ်တို့ရပ်ကွက်ထဲမှ အမေ့မိတ်ဆွေ ဒေါ်လှတင်ဆိုသော အဒေါ်ကြီး ကျွန်ုပ်တို့၏ အိမ်သို့ ရောက်လာပါသည်။

"မတင်အေး…၊ တော့်သားရောဂါအခြေအနေ ဘယ်လိုနေသေးလဲဟင်"

ဒေါ်လှတင်မှ အိမ်ပေါ်တက်လာရင်း မေးလိုက်ပါသည်။

"ဒီအတိုင်းပါပဲ မလှတင်ရယ်။ ညညဆို ကောင်းကောင်းမအိပ်ရပါဘူး။ ကိုက်လို့ ခဲလို့ အော်နေရတယ် မလှတင်ရေ"

"ဟင်…ဟုတ်လား။ ဒြော်…ဒါနဲ့ ပြောရဦးမယ်၊ ကျုပ်တို့ မြို့သစ်ရပ်ကွက်ထဲမှာ အတော်စွမ်းတဲ့ ဆရာကြီး *တစ်ယောက်ပေါ်နေတယ်။* ဦးဘရာ ဆိုလား၊ ဦးချစ်ရာ ဆိုလားတော့ မသိပါဘူးတော်။ နာမည်ကြီးနေတော့ လာလိုက်ကြတဲ့ လူတွေ မနည်းဘူး မတင်အေးရေ။ ကားတွေနဲ့ရောလာကြတယ်"

"ဟို…မြောက်နားက ဦးချစ်ရာကို ပြောတာလား"

"အင်းအင်း… ဟုတ်မယ်၊ ဟုတ်မယ်။ အမလေး၊ အဲဒီဆရာကြီးက ဓာတ်ရိုက်ဓာတ်ဆင်လည်း အတော်ကောင်းဆိုပ မတင်အေးရဲ့။ ပြီးတော့လေ တော့်သားလို နာတာရှည်ရောဂါသည်တွေလည်း ကုပေးတယ်တဲ့။ တော့်သားကို သွားပြကြည့်ပါလား မတင်အေးရဲ့"

ဒေါ်လှတင်က အားတက်သရောပြောနေပေမယ့် ကျွန်ုပ်၏ အမေရဲ့ စကားသံမှာ အားအင်မရှိသလို ဖြစ်နေသည်။

"မပြတော့ပါဘူး မလှတင်ရယ်။ ကျုပ်သားရောဂါက ကျွမ်းနေပြီ။ ပြလည်း ထူးမှာ မဟုတ်ပါဘူးတော်"

"အို…အဲလိုလည်း ဘယ်ဟုတ်ပါ့မလဲ မတင်အေးရဲ့။ ရောဂါပျောက်ချိန်တန်ရင် ဆရာကောင်း၊ သမားကောင်းတွေ့တတ်ပါတယ်။ ဒီဆရာကြီးနဲ့ ကံစပ်ရင်တော့ သားရောဂါပျောက်သွားမှာပါ"

ဒေါ်လှတင်က အားတက်သရော ပြောလိုက်တဲ့အခါ အမေက ခေတ္တစဉ်းစားပြီး အားငယ်သော လေသံဖြင့်…

"မဖြစ်ပါဘူး မလှတင်ရယ်။ အဲဒီဆရာကြီးက ပိုက်ဆံဘယ်လောက်ပေးရမှန်းမှ မသိတာ။ ပေးစရာ ပိုက်ဆံလည်း မရှိဘူး မလှတင်ရဲ့။ နေပါစေတော့၊ မပြတော့ပါဘူးတော်"

"အို…မတင်အေးကလည်း ဒီဆရာကြီးက ငွေကြေးနဲ့ ကုတာမဟုတ်ဘူးတဲ့။ စေတနာရှိသလောက်၊ တတ်နိုင်သလောက် အလှူငွေထည့်ရတာတဲ့။ စေတနာ မေတ္တာနဲ့ ကုပေးတာဆိုတော့ ငွေများများမကုန်ပါဘူးတော်။ ကျုပ်ကတော့ ပြကြည့်စေချင်တာပဲ။ ကိုယ့်ရပ်ကွက်ထဲမှာ တန်ခိုးကြီးတဲ့ ဆရာပေါ်မှတော့ ပြကြည့်တာ မလွန်ပါဘူး မတင်အေးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း···ဒါဆိုလည်း ပြကြည့်ရုံပေါ့ မလှတင်ရယ်"

"ကဲ - ဒါဆိုလည်း မနက်ဖြန်ကျ သွားပြကြရအောင်။ ကျုပ်လည်း အဖော်လိုက်ခဲ့ပါ့မယ်"

ဒီလိုနဲ့ ကျွန်ုပ်၏ ရောဂါဝေဒနာများကို အဘချစ်ရာနှင့် ပြသရန်အတွက် တစ်ရက်ကြိုတင်၍ တိုကင်ဖြတ်ရပါသည်။ နောက်နေ့တွင် ကျွန်ုပ်တို့ အဘချစ်ရာအိမ်သို့ ရောက်လာခဲ့ပါသည်။ အဘချစ်ရာထံသို့ လာကြသူများမှာ ကျွန်ုပ်လို နာတာရှည် ဝေဒနာရှင်များ၊ ဗေဒင်မေးသူ၊ ရာထူးရာခံတက်ဖို့အတွက် ဓာတ်ရိုက်ဓာတ်ဆင်လုပ်သူ၊ သားရေးသမီးရေးကိစ္စ၊ စီးပွားရေးကိစ္စ စသည်ဖြင့် လာရောက်ကြသူ များပြားလှပါသည်။ ကိုယ်ပိုင်ကားတွေနဲ့တောင် လာကြပါသည်။ ရောက်လာကြသော ဒုက္ခသည်အပေါင်းကို အဘချစ်ရာက သူတတ်ကျွမ်းသော လောကီပညာဖြင့် ကယ်တင်ပါသည်။ ပြီးတော့ အဘချစ်ရာက ငွေကြေး ဘယ်လောက်ဘယ်မျှ တောင်းခံခြင်း မရှိပါ။ မိမိတို့ စေတနာရှိသလောက်သာ အလှူငွေ ထည့်ကြရပါသည်။ အဘချစ်ရာသည် အသပြာဆရာ မဟုတ်ပါ။ စေတနာဆရာသာဖြစ်ပါသည်။ ပညာနဲ့ စေတနာပေါင်းစပ်၍ ဆောင်ရွက်ပေးသည့်အတွက် အဘထံ လာကြသူများမှာ စိတ်ချမ်းသာစွာ ပြန်ကြရ၏။ ဒါကြောင့်လည်း တစ်ဟုန်းထိုး နာမည်ကြီးနေခြင်းဖြစ်သည်။

တစ်ယောက်ပြီး တစ်ယောက် အလှည့်ကျ ပြသရာ တွင် ကျွန်ုပ်၏ အလှည့်သို့ ရောက်သောအခါ အမေက ကျွန်ုပ်ကို ပွေ့ချီပြီး ဝင်ရပါသည်။ ဒေါ်လှတင်မှာ ခေါင်းအုံးကို ကိုင်ပြီး နောက်က လိုက်လာပါသည်။

အဘ ချစ်ရာ ထိုင်နေသော စားပွဲဝိုင်းလေးရှေ့မှာ အမေက ကျွန်ုပ်ကို ချသိပ်ပါသည်။ အဘသည် ကွမ်းညှပ်ဖြင့် ကွမ်းသီးများကို စိတ်ရင်း ကျွန်ုပ်ကို အသေအချာကြည့်ပြီး ဦးခေါင်းကို တဆတ်ဆတ်ညိတ်နေသည်ကို မြင်နေရပါသည်။ အဘဟာ ဝဝဖိုင့်ဖိုင့်နှင့် ဥပမိရုပ်အတော်ခန့်ပါသည်။ မျက်နှာကလည်း ပြုံးရွှင်နေတာကို တွေ့ရပါသည်။ ပြုံးရွှင်နေသော အဘမျက်နှာကို မြင်လိုက်ရတာနှင့် ရောဂါတစ်ဝက်သက်သာ သွားသည်ဟု ထင်ရလောက်အောင် စိတ်ချမ်းမြေ့လှပါသည်။

အဘသည် ကွမ်းယာ ယာပြီး ပါးစောင်း၌ ငုံလိုက်ပြီး လျှင်···

"ကဲ - ပြောပေဦး၊ ဘယ်လိုဖြစ်တာလဲ"

"၁၂နှစ်-၁၃နှစ်အရွယ်လောက်ကတည်းက အဆ တွေရောင်ပြီး ဖြစ်သွားတာ အဘရဲ့။ ဆေးရုံ ဆေးခန်းပေါင်း လည်း စုံနေပြီ။ ဘယ်မှ မရဘဲ ပိုပိုဆိုးပြီး အခုလိုဖြစ်သွား တာပဲ"

ကျွန်ုပ်၏ အမေက ရောဂါဖြစ်ပျက်ပုံကို ရှင်းပြလိုက် သောအခါ အဘက ဦးခေါင်းကို တဆတ်ဆတ်ညိတ်နေပါ သည်။ ပြီးလျှင် မျက်စိကို မှိတ်၏။ လက်ချောင်းများ ချိုးကာ တွက်နေပါသည်။ ပြီးမှ···

"ဟဲ့ - နင်တို့ မိဆိုင်ဖဆိုင် ရိုးရာနတ်ရော တင်ကြ လား"

"အရင်ကတော့ မကြာမကြာတင်ပါတယ်။ ခု မတင် ဖြစ်တာ ကြာသွားပါပြီ"

"အေး၊ ဒါဆိုရင် မိဆိုင်ဖဆိုင် ရိုးရာနတ် တင်လိုက် နင့်သား ဒီရောဂါနဲ့ မသေနိုင်ပါဘူး။ မိန်းမတွေ ဘာတွေ သားသမီးတွေတောင် ရဦးမှာ၊ ဟား···ဟား··ဟား··· မိဆိုင်ဖဆိုင်နတ်ကို တင်လိုက်ပါ။ အဲဒီနတ်တင်တဲ့အ အုတ်ခဲအသစ်တစ်ခဲရှာပြီး ရေသန့်သန့်နဲ့ ဆေး၊ ရေဆေး အဲဒီအုတ်ခဲကို နတ်ကန်တော့ပွဲထဲမှာ ထည့်ရမယ်။ န ကန်တော့ပွဲချတဲ့အခါ အဲဒီအုတ်ခဲကို သုံးဆုံထဲ ထည် ညက်မှုန်နေအောင် ထောင်း၊ ရလာတဲ့ အုတ်နီခဲအမှုန့် ရေနဲ့ ဖျော်ပြီး နေ့တိုင်းလိမ်းရမယ်။ လိမ်းတဲ့အခါ လူနာ အောင် လိမ်းပေးရမယ်၊ ကြားလား"

"ဟုတ်ကဲ့၊ အဘခိုင်းသလို အကုန်လုပ်ပါ့မယ်။ ဦး



www.burmeseclassic.com

www.burmeseclassic.com

နတ်က ဘယ်လိုတင်ရမှာလဲ"

ဟု အမေက မေးလိုက်သည့်အခါ အဘချစ်ရာက ရယ်၍...

"ဟ...အဲဒါကတော့ ငါ ဘယ်သိပါ့မလဲ။ ငါက နတ်ကတော်မှ မဟုတ်တာ။ နတ်ကတော်ခေါ်ပြီး တင်လိုက်ပေါ့။ အေး၊ ငါသိတာကတော့ အဲဒီရိုးရာနတ်တင်ပြီး အုတ်နီမှုန့်လိမ်းလိုက်တာနဲ့ နင့်သားရဲ့ ရောဂါပျောက်ပြီလို့ သဘောထားလိုက်ပေ့။ အေး၊ တစ်ခုတော့ ရှိတယ်နော်။ လမ်းဘေးက အုတ်ခဲဆိုပြီး အထင်တော့ မသေးနဲ့ဗျ။ သူများတွေအတွက်ကတော့ လမ်းဘေးက သာမန်အုတ်ခဲပဲ။ နင့်သားအတွက်ကျတော့ နတ်သိကြားပေးတဲ့ ဆေးလို့ သဘောထားလိမ်းပေးပေတော့ပေ့"

"ဟုတ်ကဲ့၊ အဘခိုင်းတာတွေ လုပ်ပါ့မယ်။ ဒီပြင်ရောဘာတွေလုပ်စရာလိုသေးလဲ အဘ"

"ဘာမှ လုပ်စရာမလိုဘူး။ အဲဒါသာ လုပ်ဖြစ်အောင် လုပ်လိုက်။ တစ်နေ့တခြား ယူပစ်သလို ထူးခြားလာလိမ့်မယ်။ ငါခိုင်းတဲ့အတိုင်း လုပ်ဖြစ်အောင် လုပ်နော်။ ယုံရင်တော့ လုပ်၊ မယုံရင်တော့ မလုပ်နဲ့ပေါ့ ဟား...ဟား...ဟား...။ ကဲ - ခေါ်သွားတော့"

အဘက တဟားဟားရယ်ပြီး ပြောပါသည်။ အမေက အဘ၏ ရှေ့ရှိ စားပွဲဝိုင်းပေါ်မှ ငွေဖလားထဲသို့ ကိုးဆယ်တန်တစ်ရွက် အလှူငွေထည့်ပြီး ကျွန်ုပ်ကို ပွေ့ချီ၍ ပြန်ခဲ့ကြပါသည်။

အဘဆီက ပြန်လာပြီး တစ်ပတ်ခန့်အကြာမှာ အဘခိုင်းသလို နတ်ကတော်ခေါ်ပြီး လုပ်ပါသည်။ နတ်ကန်တော့ပွဲကျတဲ့အခါ အုတ်နီခဲကို အမှုန့်ထောင်း၍ လိမ်းပါတော့သည်။ အရက်နှစ်ဆယ်၊ တစ်လနီးပါး လိမ်းလိုက်တဲ့အခါ ညတိုင်း ကိုက်ခဲလို့ အော်နေရတာတွေ မအော်ရတော့ဘဲ ကောင်းစွာ အိပ်စက်လာနိုင်ခဲ့၏။ အိပ်ရာကိုလည်း အကူအညီမလိုဘဲ ကိုယ့်ဘာကိုယ် အိပ်နိုင်၊ စားနိုင်လာပါတော့သည်။ အဘချစ်ရာပြောသလို၊ နတ်သိကြားပေးသည့် ဆေးအမှန်တကယ်ဖြစ်လေမလားဟု ယူဆရလောက်အောင် ထူးခြားလာတာကို အံ့သြစွာ တွေ့ရပါတော့သည်။

အဲဒီလို သိသိသာသာ ထူးခြားသက်သာလာတော့ ကျွန်ုပ်တို့လည်း ယုံယုံကြည်ကြည်နဲ့ လိမ်းကြပါသည်။ ဆောင်းထားတဲ့ အုတ်ခဲမှုန့် မကုန်ခင်၊ ဝါးလုံးတန်းကိုင်လျှောက်လာနိုင်ခဲ့သည်။ နောက်ပိုင်း ဝါးလုံးတန်းကနေ ချိုင်းထောက်၊ ချိုင်းထောက်ကနေ တောင်ဝှေး။ တောင်ဝှေးကနေ အလွတ်လျှောက်နိုင်လာခဲ့ပါသည်။ ကျွန်ုပ်၏ အခြေအနေကို မြင်တွေ့ရသူအပေါင်းမှာ မျက်လုံးပြူး မျက်ဆံပြူးဖြစ်ရလောက်အောင် အံ့သြမဆုံးဖြစ်နေကြပါသည်။

ဆေးရုံ၊ ဆေးခန်းပေါင်းစုံအနှံ့ ကုသပါသော်လည်း ထူးခြားမှု မရှိသော ကျွန်ုပ်၏ ရောဂါဝေဒနာများကို လမ်းဘေးက အုတ်ခဲတစ်ချပ်နှင့် ကုသပေးသည့်အတွက် နှစ်ရှည်လများ ခံစားနေရသည့် အဆစ်ရောင်(ဂေါက်)ရောဂါဆိုးကြီး တစ်နေ့တခြား သက်သာပျောက်ကင်းခဲ့ပါသည်။

လမ်းဘေးက အုတ်ခဲတစ်ချပ်ဟာ အခြားသူများအတွက်တော့ သာမန် အုတ်ခဲတစ်ချပ်သာ ဖြစ်ပေသည်။ ကျွန်ုပ်အတွက်ကတော့ အဘချစ်ရာပြောသလို နတ်သိကြားပေးသည့်ဆေးသာ ဖြစ်တော့သည်။ ဒါဟာ လမ်းဘေးက အုတ်ခဲစွမ်းလို့မဟုတ်ပါ။ ပညာရှင် အဘ၏ ဆန်းကြယ်သော ပညာအစွမ်းကြောင့်သာ ဖြစ်ပေသည်။

အဘချစ်ရာကဲ့သို့သော မြန်မာပညာရှင်အချို့ဟာ ဂမ္ဘီရဆန်ဆန် ထူးခြားဆန်းကြယ်၍ အနောက်တိုင်း ဆေးပညာရှင်များ မစွမ်းဆောင်နိုင်သည့် ဝေဒနာများကို မြန်မာ့နည်း၊ မြန်မာ့ပညာရပ်ဖြင့် အံ့သြလောက်အောင် ကုသနိုင်စွမ်းရှိကြပါသည်။

ကျွန်ုပ်ကို ကြည့်ပါ။ မီးဇာကုန် ဆီခန်း၍ သေမည့်နေ့ရက်အချိန်ကို စောင့်နေသည့် လူနာတစ်ယောက်ကို အဘချစ်ရာဆိုသော ပညာရှင် ပုဂ္ဂိုလ်ထူးကြီးနှင့် တွေ့ဆုံလိုက်ရသည့်အတွက် "သေမည့်သူ ကယ်သူမတွေ့၊ မသေသည့်သူ သတ်၍မသေ"ဆိုသော စကားအတိုင်း ကျွန်ုပ်မှာ သေတွင်းဝက ထွက်လာရသူဖြစ်ပြီး ယနေ့အချိန်ထိ အသက်ရှင်လျက်ရှိနေရပါသည်။ ဒါဟာ ကျေးဇူးရှင် အဘချစ်ရာ၏ ဂမ္ဘီရဆန်ဆန် လျှို့ဝှက်ဆန်းကြယ်သော ကုထုံးပညာကြောင့်သာ ဖြစ်ပေတော့သည်။

ဒါကြောင့် ယခုအခါ ကျေးဇူးရှင် အဘချစ်ရာ လူ့လောကတွင် မရှိတော့သော်လည်း အဘ၏ ပညာရပ်များနှင့် အဘ၏ ကျေးဇူးများကို ကျွန်ုပ်တစ်သက် မေ့ပျောက်နိုင်စရာ အကြောင်းမရှိပေ။ ထို့ကြောင့် ကျွန်ုပ်သည် ကျေးဇူးရှင် အဘချစ်ရာအား ဤဆောင်းပါးဖြင့် မှတ်တမ်းတင် ဂုဏ်ပြုကန်တော့လိုက်ရပါတော့သည်။

ကျေးဇူးရှင် မတ္တရာ ဆရာကြီး အဘချစ်ရာ ကောင်းရာသုဂတိလားပါစေ။

* * *

မိုးကျော်ကျော်(ရတနာမြေ-ချောင်းကြီး)



www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရအင်းတစ်ချပ်နှင့် အံ့ဖွယ်ဖြစ်ရပ်များ

သန်းဝင်း(အောင်မြေ)



www.burmeseclassic.com

www.burmeseclassic.com

■

လပြည့်ဝန်း မဂ္ဂဇင်း၊ ဂမ္ဘီရ ဆန်းကြယ်မဂ္ဂဇင်းများတွင် ထူးဆန်းသော၊ ဂမ္ဘီရဆန်သော ပညာရပ်များအား ပိုင်ဆိုင်သော ဝတ္ထုများ၊ ဆောင်းပါးများ စာရေးသူ မကြာခဏတွေ့ရှိ ဖတ်မိပါသည်။ ထို့ကြောင့် စာရေးသူ တစ်ဆင့်ကြားသိရသော ဖြစ်ရပ်ဆန်းတစ်ခုအား ရေးသားရန် လက်တွန့်၍နေမိလေသည်။ အဘယ့်ကြောင့်ဆိုသော် ယုတ္တိယုတ္တာမရှိဟု ဝေဖန်ခံရမည် စိုးသောကြောင့် ဖြစ်သည်။ မိမိကိုယ်တိုင်ကလည်း အလေးအနက် မယုံကြည်သောကြောင့် မရေးသားမိပါပေ။ တစ်ကြိမ်မက၊ အကြိမ်ကြိမ်ကြားသိ တွေ့မြင်လာရသောအခါတွင် လည်းကောင်း၊ နေရာဒေသမတူညီသောအရပ်တို့မှ အသုံးချပညာရပ်ချင်းတူညီပုံကို တွေ့မြင်ကြားသိလာရသောအခါ···

ဤပညာရပ်သည် ကောန်ထင်ရှားနိုပေမည်။ ပရိသတ်အား တင်ပြခြင်းအားဖြင့် ဝေဖန်ခြင်း၊ အလားတူ ရေးသားကြခြင်း၊ ဖော်ထုတ်ခြင်းများ ပေါ်ပေါက်လာမည်ဆိုလျှင် ဤဖြစ်ရပ်ဆန်းကြယ်များအား စာရေးသူ ရေးရကျိုးနပ်ပေပြီ။

ယခုဖော်ပြမည့် ဇာတ်လမ်းနှစ်ခုတွင် အသုံးချသွားသော ပညာရပ်များအားလည်း အဘယ်ကဲ့သို့သော ပညာရပ်များဖြစ်ကြောင်း အများသူတှာ ဗဟုသုတရရှိစေနိုင်ရန် ဖော်ထုတ်ရေးသားကြမည်ဆိုပါလျှင် ထပ်မံရေးသား တိုက်တွန်းလိုပါသည်။

◆◆◆

"ထုတ်···ထုတ်···ထုတ်"

အသံက မာကျစ်ကျစ်၊ နားကြားရချက် အဆင်မပြေ။ ဖြစ်ညှစ်ထွက်ရသော အိတ်ဇောပေါက်မှ မီးခိုးများက တစ်ခါတစ်ခါ မော်တော်ကလေးအတွင်း လေဝှေ့ဝင်လာလျှင် မှောင်ပိန်း မွှန်ထူသွားလေတော့သည်။ တစ်ထပ် မော်တော်ကလေးတစ်စီး ရောဝတီမြစ်မှ ချောင်းလက်တစ်ခုသို့အဝင် အချိန်က နေ့လယ် ၁၂နာရီခန့် အချိန်၊ မေလကုန်ခါနီး မိုးကျပြီး ဖြိုင်ဖြိုင်ရွာချိန်ကာလ။

ဟင်္သာတမြို့မှ ကုန်ပစ္စည်းများ ဝယ်ယူပြီး ပြန်လာကြသော နာမ်ကပ်ကြီးရွာ၊ ဇလုပ်ကြီး၊ ကန့်ဘလူ၊ သပြေကုန်းရွာ စသော မြန်အောင်မြို့နယ်၊ ထူးကြီးမြို့နယ်မှ လယ်သမားရွာသားများ၊ လိုရာပစ္စည်းများ ဝယ်အပြီး နေ့လယ် မော်တော်ဖြင့် ပြန်ကြသော ခရီးစဉ်ဖြစ်လေသည်။

ထိုမော်တော်ပေါ်တွင်ကား လူများများ မပါလှပေ။ ယောက်ျား ၁၀ ယောက်၊ အမျိုးသမီးများ ၁၀ယောက်၊ ပေါင်း လူ ၂၀ယောက်သာ ပါလေသည်။ မော်တော်၏ အလယ်ဝမ်းတွင်းတွင် ပစ္စည်း ခြင်းတောင်းများ၊ အထုပ်ကြီးငယ်များနှင့် ထင်ရှူးသေတ္တာအပြည့် တင်ဆောင်ထားသည်။ မော်တော်၏ စက်မောင်းသူနေရာတစ်ဝိုက်(နောက်ပိုင်း)ကား အတန်ငယ် ကျယ်ဝန်းသဖြင့် ယောက်ျား ၈ယောက်ခန့် ချောင်ချိစွာ စီးနင်းလိုက်ပါလာလေသည်။ တချို့ လွယ်အိတ်ကို ပိုက်လျက် လည်းကောင်း၊ နံရံကို မှီ၍ လည်းကောင်း၊ ငိုက်သူက ငိုက်၊ ကွမ်းဝါးသူက ကွမ်းဝါးနှင့် မိုးလေဝသ အနည်းငယ် ကြည်လင်နေသောကြောင့် ခရီးသည်များ ဝမ်းသာနေကြပုံရလေသည်။ မော်တော်ဝမ်းတွင်း ကုန်ပစ္စည်းများ၏ ဘယ်ညာခုံတန်းလျားများတွင်ကား သုံးယောက်တစ်တွဲ၊ နှစ်ယောက်တစ်တွဲ စပ်မိစပ်ရာ အပွဲ့ကျလျက် စကားပြောဆို၊ ရယ်မောနေကြသော အမျိုးသမီးများ တစ်ခါတစ်ခါ မော်တော်စက်သံကိုပင် ဖုံးလွှမ်းသွားတတ်လေတော့သည်။

စက်မောင်းသူ(ပဲ့ကိုင်) ထိုင်နေရာအနီးနံရံတွင် ခေါင်းပေါင်းတဘက်နီညိုအား ပေါင်းထားသော သျှောင်တစ်စောင်းနှင့် ပင်နီတိုက်ပုံအကျီနှင့် အလိုက် ပုဆိုးကွက်ကြီးကြီး ပလေကပ်လုံချည်ကို ဝတ်ဆင်ထားသော အသက် ၆၀ခန့်ဟု ထင်ရသော နှာတံပေါ်၊ မျက်ခုံးကောင်း၊ မျက်လုံးစူးရှ သွက်လက် ဖျတ်လတ်ဟန်ရှိသော လူကြီးတစ်ဦးအား အနီးသွားနေကျ ခရီးသွားမဟုတ်သဖြင့် မော်တော်ပေါ် ပါသူအားလုံး မကြာမကြာ ကြည့်ဖြစ်ကြလေသည်။ မော်တော်ပေါ် စီးနင်းလိုက်ပါသမျှ ခရီးသည်အားလုံးသည် ရွာနီးနားများဖြစ်ကြ၍ အားလုံးတစ်ဦးနှင့်တစ်ဦး သိကျွမ်းရင်းနှီးကြပြီးဖြစ်သည်။

သို့သော် ဤခေါင်းပေါင်း နီညိုတိုက်ပုံအကျီနှင့် သျှောင်တစ်စောင်း လူကြီးကိုကား မည်သူမျှ မသိမမြင်ဘူးကြပေ။ မည်သည့်ရွာသွားမည်ကိုလည်း မသိနိုင်ကြပေ။ မော်တော်ကား နန်ကပ်ကြီးရွာတွင် ခရီးဆုံးမည်ဖြစ်သည်။ ထိုမှတစ်ဆင့် လမ်းကြောင်းအမျိုးမျိုးသို့ သွားနိုင်သည်။ ထို့ကြောင့် မျက်နှာသိမဟုတ်သော ခရီးသည် မျက်နှာစိမ်းများ ရံဖန်ရံခါ ဤမော်တော်တွင် စီးနင်းလိုက်ပါတတ်ကြောင်း မော်တော်မောင်းသူ(ပိုင်ရှင်) မောင်တင်ဝင်း အသိဆုံးဖြစ်လေသည်။

ဇလုပ်ကြီးရွာမှ ဆံပင်ညှပ်ဆရာ



www.burmeseclassic.com

www.burmeseclassic.com

ဦးလှမြင့်သည်လည်း ဟသ်ာတမြို့မှ ညီမဖြစ်သူ မစန်းမြင့်၊ မစန်းသိမ်းတို့နှင့်အတူ ကုန်ပစ္စည်းဝယ်၍ ပြန်လာကြခြင်းဖြစ်သည်။ မော်တော်မောင်းသော မောင်တင်ဝင်းနှင့် ညီအစ်ကိုအရင်းတော်စပ်လေသည်။ သျှောင်တစ်စောင်းနှင့် ထိုလူစိမ်းအားလည်း ကိုလှမြင့်နှင့် မောင်တင်ဝင်းတို့ မကြာခဏ အကြည့်ရောက်လေသည်။ ထိုလူကြီးအား ကွမ်းတစ်မြုံ့ မျိုဝါးလျက် ရေစီးနေသော ချောင်းရေတွင်းသို့ တံတွေး မကြာခဏထွေးလျက်၊ ၎င်း၏ လွယ်အိတ်တွင်းမှ ငွေရောင်ကြိုးတန်းလန်းနှင့် အုန်းပင်တံဆိပ်ပုံပါ အိတ်ဆောင်နာရီအား ထုတ်၍ ကြည့်လျက် သက်ပြင်းချခြင်း၊ ဖြည်းလေးစွာ ခေါင်းရမ်းခြင်းများ ပြုလုပ်လျက်ရှိလေတော့သည်။ ထို့နောက် ကွမ်းတံတွေး တစ်ချက် ပစ်ကနဲထွေးပြီး စက်သံများကြားမှ အောင်မြင် သြဇာပါသော လေသံဖြင့်…

"ဒီမှာ မော်တော်ဆရာလေး"

"ဗျာ…အဘ၊ ပြောပါခင်ဗျ"

"မင်းမော်တော်မြန်လို့ မရတော့ဘူးလား။ ဒါ စက်အကုန်ပဲလားကွ"

"အဲ…ဘာပြုလို့လဲ ဘကြီးရဲ့"

"ဟား… နှေးလို့ဟေ့၊ နှေးလို့ကွ။ ငါ ညနေ အချိန်မီရောက်ပါ့မလား မသိဘူး။ ဒီပုံစံနဲ့သာ မောင်းနေလို့ကတော့ သွားပြီကွာ၊ စက်က တင်လို့ မရတော့ဘူး မဟုတ်လားကွဲ့"

"ဟာ…ဘကြီးကလဲ၊ ချောင်းရေစီးလည်း ကြည့်ဦး။ ပြီးတော့ ရေဆန်ကြီး မောင်းနေရတာ ဘယ်မှာ မြန်မှာလဲ။ ရေစီးကြောင့် အဘရေ၊ ရေကြောင့်ဗျ"

"ဩော်… ရေကြောင့် ဟုတ်လား၊ အင်း…အင်း"

"ဟုတ်တယ်လေ။ ရေ ဒါလောက် စီးနေတာ၊ ဘယ်လောက် စက်တင်တင် ကောင်းကောင်းမောင်းလို့ မရဘူး။ ဒါ မိုင်ကုန်ပဲဗျို့"

"မင်း စက်တင်လို့ မရနိုင်တော့ဘူးပေါ့"

"မရဘူး။ ဒါပဲ။ ဒါ့ထက် တင်မောင်းရင် အင်ဂျင်ကွဲဖို့ပဲ ရှိတော့တယ်။ မော်တော်ကတော့ မြန်မှာ မဟုတ်ဘူး။ ဘယ့်နှယ့်ဗျာ၊ ရေစီး ဒါလောက်သန်နေတဲ့ဟာ"

မော်တော်အား နှေးလွန်းသည်ဟု ပြောခံရ၍ မောင်တင်ဝင်း မကျေနပ်၊ ကျွဲမီးတိုလေသည်။ မော်တော်သည်လည်း မှန်ပါသည်။ မော်တော်ကလည်း ရေစီးအားကို မနည်းပင် ခွဲ၍ သွားနေရပေသည်။ တရွေ့ရွေ့သာ တောင်ကျချောင်းရေ ဝါးလုံးထိုးဆင်းလာသောအချိန်များတွင် ချောင်းအတွင်းသို့ပင် မော်တော်မဝင်ရဲပါပေ။ ဒီကနေ့ရေကား တော်ပေသေးဟု မောင်တင်ဝင်း မှတ်ချက်ချမိသည်။ စက်ရှိန်မြင့်မောင်းနိုင်သော အနီ သျှောင်တစ်စောင်း အဘိုးကြီးအား မောင်တင်ဝင်း ကျွဲမီးတိုမိသည်မှာ မဆန်းပေ။ စီးနေကျ ခရီးသည်များက ဘာမှမပြော၊ ဒီလူစိမ်းကြီးကား ဘယ်လိုပါလိမ့်။

သျှောင်တစ်စောင်းနှင့် လူကြီးသုံးကြိမ်မြောက် ၎င်း၏ အုန်းပင် တံဆိပ် အိတ်ဆောင်နာရီအား ထုတ်၍ ကြည့်ပြန်လေသည်။

"ဒီမှာ စက်ဆရာလေး"

ဒီတစ်ခါ မောင်တင်ဝင်း လှည့်ကြည့်လျက် မေးဆတ်ပြီး "ဘာလဲ"ဟူသော အကြည့်ဖြင့် အဖြေပေးသည်။ စကားပြန်မပြောတော့ပေ။

"ဘယ်နနာရီလောက် နန်ကပ်ကြီးကို ဆိုက်နိုင်မလဲ"

"ညနေ ၄နာရီကျော်မှ ရောက်မယ်ဗျာ"

"ဟာ… ဒါဆို မဖြစ်ဘူးဟေ့"

"ဟာ… မဖြစ်လို့ ဘိုးတော်ကြီးက ဘာတတ်နိုင်လို့လဲဗျ"

"တတ်နိုင်တာ ရှိပါတယ်ကွာ။ မင်း စက်ရှိန်လည်း မတင်နဲ့ တက်
သာ မြဲမြဲကိုင်ထားပေတော့ဟေ့"

မောင်တင်ဝင်း အဖိုးကြီးအား
စိတ်ချဉ်ပေါက်ပေါက်နှင့် တစ်ချက်
လှည့်ကြည့်လိုက်ပြီး နှုတ်ခမ်းမဲ့၍ ပခုံး
တွန့်လိုက်လေသည်။

ထိုအချိန် ခေါင်းပေါင်းနီ သျှောင်
တစ်စောင်းနှင့် လူကြီးသည် ၎င်းလွယ်
အိတ်တွင်းမှ စက္ကူဖြူဖြူ ဖြတ်ပိုင်း
ကလေးတစ်ခုအား ထုတ်၍ စာအုပ်
ထူကြီးတစ်ခုပေါ်တွင် ဖောင်တိန်ဖြင့်
အင်းကွက်များ ချခြင်း၊ ဂဏန်းများ ဆေး
သွင်းခြင်း၊ စာများရေးသွင်းခြင်း စက္ကန့်
မိနစ်ပိုင်းအတွင်း ခပ်သွက်သွက်ပြုလုပ်
ပြီးနောက်၊ အဆိုပါ အင်းစာရွက်ငေး
အား စက်ဆရာ မောင်တင်ဝင်းအား
ကျော်၍ ချောင်းရေစီးထဲသို့ ပစ်ချလိုက်
လေတော့သည်။

"ကဲကွာ…မြန်ရော မဟုတ်
လားဟ၊ ကဲ…"

မောင်တင်ဝင်းကား အဖိုးကြီး
စက္ကူပစ်ချလိုက်သည်ကို သေချာ
မြင်လိုက်ရ၏။ ဆံပင်ညှပ်ဆရာ ကို
မြင့်ကား အင်းချခြင်း၊ ရေးခြင်းများအား
အစအဆုံးမြင်လိုက်ရလေသည်။ ခဏ
အကြာတွင်ကား လွန်စွာထူးဆန်းသော
မြင်ကွင်းအား ဆံပင်ညှပ်ဆရာ ကိုလှ
နှင့် မောင်တင်ဝင်းပါ မျက်လုံးပြူး
အပေါင်းသား အံ့အားသင့် ကြက်သေ
သေသကဲ့သို့ အာမေဋိတ်သံများ
လျက် အချင်းချင်းမျက်စပစ်လိုက်
လေသည်။



www.burmeseclassic.com

www.burmeseclassic.com

သျှောင်တစ်စောင်းနှင့် အဖိုးကြီး စကားတွင် အင်းတစ်ခုရေး၍ ချောင်းရေတွင်း ပစ်ချလိုက်သောခဏ ရေစီးသန်လွန်းလှသော ချောင်းရေသည် ငွေ့ငွေ့သာ စီးသည်ကို မြင်ကြရလျက် မော်တော်ကားဝန်များနှင့် လေးနှစ်နေသော်လည်း အင်းလေးကန်အတွင်းမှ "ဠွန်ဆင်"စက်လှေကဲ့သို့ ရေပန်းများ ထလျက် အဆမတန် မြန်လေတော့၏။ ဆန်းပေစွ။ ညနေ ၄နာရီကျော်မှ ဆိုက်ရောက်မည့် နန်ကပ်ကြီးဆိပ်အား ဤနှုန်းဖြင့်ဆိုလျှင် နောက်နာရီဝက်ကျော်အတွင်း ဆိုက်ရောက်ပေတော့မည်။

မောင်တင်ဝင်း ခေါင်းကြီးခြင်း၊ ကြက်သီးထခြင်းများပါ ဖြစ်ရလေသည်။ ဘာကြောင့် ရေစီးသန်သော ချောင်းရေစီး တန့်သွားရသနည်း။ မော်တော်ကရော စက်ရှိန်မမြှင့်ပါဘဲ အဆမတန် မြန်နေရသနည်း။ ဒီလိုမျိုး မတွေ့ကြုံဘူး။ ခေါင်းပေါင်းနီညို သျှောင်တစ်စောင်း အဖိုးကြီးက စက်ဆရာမောင်တင်ဝင်းအား ကွမ်းဝါးရင်းမှ•••

"ကဲ•••မင်းမော်တော် မြန်သွားပြီမဟုတ်လား"

"ဟုတ်•••ဟုတ်ကဲ့ ဆရာကြီး။ အံ့သြစရာကြီးပါလားဗျာ"

အမျိုးသမီးအုပ်စုမှာလည်း စကားပြောတိတ်လျက် ချောင်းကမ်းပါးကို ကြည့်လိုက်၊ မော်တော်စက်ခန်းက လူများကို ကြည့်လိုက်နှင့် အံ့သြနေကြသည်။

"အဲတော့ • • •မော်တော်က မြန်လုချည်လားဟဲ့၊ မယုံနိုင်စရာပဲ။ မောင်တင်ဝင်းရေ ဘယ်လိုတွေ ဖြစ်ကုန်ပြီလဲဟေ့"

မော်တော်တစ်စီးလုံးရှိ လူများ သျှောင်တစ်စောင်းနှင့် ခေါင်းပေါင်းနီ

"

သဘော်ပေါ် ပါလာသူများနှင့်
ဝါးဖောင်ပေါ်မှ လူများ
ပျာယာခတ်သွားကြလေတော့သည်။
ဝါးဖောင်ကြီးကား
တစ်ခုခုနှင့် (သို့မဟုတ်)
သောင်တင်နေသည့်ပမာ ငြိမ်လျက်၊
တုတ်တုတ်မျှ မလှုပ်ရှားပေ။
တောက် • • •ကွာ • • •၊
ဒီနေရာ ဘာမှမရှိနိုင်ပါဘူး။
ဒါ မြစ်လယ်ရေ ကြောဟာကို
ဘာနဲ့ ငြိရမှာလဲ

"

အဖိုးကြီးအား အံ့သြမဆုံး။ ပြူးသောမျက်လုံး၊ ဟသော ပါးစပ်တို့ဖြင့် အာမေဋိတ်သံအမျိုးမျိုး ပြောကြဆိုကြလျက်ရှိစဉ် နန်ကပ်ကြီးမော်တော်ဆိပ်သို့ နာရီဝက်ကျော်ကျော်တွင် ဆိုက်ကပ်မိပြီဖြစ်သောကြောင့် ခေါင်းပေါင်းနီညို သျှောင်တစ်စောင်းနှင့် အဖိုးကြီးကား မည်သူ့ကိုမျှ လှည့်မကြည့်၊ နှုတ်မဆက်။ လွယ်အိတ်ကြီး လွယ်ပြီး ကမ်းပေါ် တက်လျက် ခပ်သုတ်သုတ်ထွက်ခွာသွားလေတော့၏။ ကျန်ရစ်သူများ ဆင်းရမည်ကိုပင် မေ့နေကြလျက်၊ ထိုအဖိုးကြီး ဆင်းသွားရာသို့သာ အထူးအဆန်းသဖွယ် ငေးကြည့် ကျန်ရစ်လေကြတော့သည်။

•••

ပဲခူးရိုးမတစ်နေရာမှ လာသော ကြီးမားများပြားလှသော ဝါးဖောင်များ တွဲဖောင်ကြီးဖွဲ့လျက် ချောင်းအတွင်းမှသည် ရေဝတီမြစ်အတွင်းသို့ ခက်ခဲစွာ ဖြတ်သန်းလာလျက် ရေဝတီမြစ်အထွက်တွင် ကြီးမားရှည်လျားစွာ၊ ခိုင်ခန့်စွာ ဖောင်ပြန်ဖွဲ့၍ စက်လှေသဘော်ငယ်များဖြင့် ဈေးကွက်သို့ အမြန်ရောက်ရှိရေး ကြိုးပမ်းဆောင်ရွက်ကြရာ တစ်ဦးတစ်ယောက်သာမက၊ ကန်ထရိုက်ဦးရေလည်း များလှပါပေ၏။ ဖောင်စီးသူ လုပ်သားများ၊ အုပ်ချုပ်သူများနှင့် အားလုံးအသင့်ဖြစ်လျှင် စက်နှိုးပြီးသား ဆွဲမော်တော်က အဆိုပါ ဝါးဖောင်ကြီးအား လိုရာ ဆိပ်ကမ်းသို့ အမြန်ရောက်စေရန် ကြိုးဖြင့် ဆွဲ၍ မြစ်လယ်ရေကြောင်းအတိုင်း မောင်းနှင်ကြလေသည်။ ဈေးကွက်သို့ အမြန်အရောက်ဦးစေရန် သူ့ထက်ငါ အားသွန်ခွန်စိုက် နေ့ရော ညပါ မောင်းနှင်ဆွဲငင်ရလေသည်။

ကိုသာအိတို့ ဝါးဖောင်ကြီး ပဲခူးမြစ်အတွင်းရောက်လျှင်ကား ဆွဲသဘော်ငယ်တစ်စီး အဆင်သင့် ဆိုက်ကပ်လျက် ကြိုးများ ဆက်သွယ်ချည်နှောင်၍ မောင်းနှင်လာရာ ခရီးနှစ်ဖလုံခန့် ဝါးဖောင်ကြီးရောက်လေလျှင်ကား•••

"ဖျစ်•••ဖျစ်•••ဖျစ်•••ထန်း•••မြန်း"

"ဟိုက်••• ဖောင်ကြိုးပြတ်သွားပြီဟေ့။ ဝါးဖောင် ဘာနဲ့ ငြိသလဲ၊ ကြည့်ကြစမ်းပါဟေ့"

သဘော်ပေါ် ပါလာသူများနှင့် ဝါးဖောင်ပေါ်မှ လူများ ပျာယာခတ်သွားကြလေတော့သည်။ ဝါးဖောင်ကြီးကား တစ်ခုခုနှင့် (သို့မဟုတ်) သောင်တင်နေသည့်ပမာ ငြိမ်လျက်၊ တုတ်



www.burmeseclassic.com

www.burmeseclassic.com

တုတ်မျှ မလှုပ်ရှားပေ။

"တောက်…ကွာ…၊ ဒီနေရာ ဘာမှမရှိနိုင်ပါဘူး။ ဒါ မြစ်လယ်ရေ ကြောပဟာကို ဘာနဲ့ ငြိရမှာလဲ"

"ဒါဆို မင်းအဘ ဝါးဖောင်ကြီး က ဘာလို့ ရပ်နေတာလဲဟ။ ကဲ… မင်းကြီးတော် မိကျောင်းက လာထမ်း တာမို့လို့လား၊ ကဲ…"

သာအိနှင့် အပေါင်းပါတို့ ဖောင်ကြိုးပြတ်သဖြင့် အခြေအတင် စကားပြောနေကြရာ အသက်အနည်းငယ်ကြီးသော ဦးထွန်းသာက ရပ်တန့်နေသော ဝါးဖောင်ကြီးအား တအံ့တဩကြည့်လျက် မြစ်လယ်ကောင်တွင် ငြိမ်သက်စွာ ရေစီးကို ကြံ့ကြံ့ခံ၍ ငြိမ်သက်ရပ်တည်နေသော အမြင်အား ထူးဆန်းသဖြင့် မယုံနိုင်သော်လည်း မျက်မြင်ဖြစ်နေသည့်အတွက် သင်္ဘောပဲ့ထိန်း (တာဝန်ခံလည်းဖြစ်) ဦးထွန်းသာ ကျိန်းသေအောင် ဝါးဖောင်ကြိုးများအား နိုင်ခံ့စွာ ချည်၍ ဒုတိယအကြိမ် စက်အား တင်၍မောင်းပြန်သည်။ ဆွဲကြည့်ပြန်သည်။

ဝါးဖောင်ကြီးကား ကြိုးအဆမတန်တင်းလျက် ဒုတိယအကြိမ်ထောင်းခနဲ ပြတ်သွားပြန်လေတော့သည်။ ဝါးဖောင်ကလည်း မလှုပ်၊ ငြိမ်သက်ဆဲပင်။ သုံးကြိမ်တိုင်အောင် ချည်၍ ဆွဲသော်လည်း ဖောင်ကား မပါ၊ ကြိုးများသာ အဖွာဖွာပြတ်လေ၏။ ဦးထွန်းသာ အမြေတစ်ခုရှာရလေတော့ပြီ။ ထိုအချိန် ဘိလပ်မြေ တင်သော တွန်းသင်္ဘောကြီးတစ်စီး စုန်ဆင်းလာလေသဖြင့် ဦးထွန်းသာ လက်ပြ ရပ်တန့်စေလျက် အကူအညီတောင်းရလေတော့သည်။

သင်္ဘောပဲ့နင်းလည်း ရင်းနှီးပြီးလူများဖြစ်သဖြင့် ကူညီပါသည်။ ရှေ့ကလည်း ဆွဲကြည့်၏၊ နောက်ကလည်း တွန်းကြည့်၏။ ဝါးဖောင်ကြီး ချာချာလည်ရုံမှအပ မရွေ့ပေ။ နည်းနည်းမျှ မရွေ့။ အချည်းနှီးသာ။ တွန်းသင်္ဘောကပ္ပတိန် မျက်လုံးပြူးသွားလေတော့၏။ မြစ်လယ်ကောင် ဝါးဖောင်ရပ်နေခြင်းကို တစ်သက်တာ ဒီတစ်ကြိမ်သာ မြင်ဖူးသဖြင့် မိမိအလုပ်ကိုပင် မေ့လျက် ဖောင်ကြီးအား တအံ့တဩ လေ့လာမိလေသေး၏။ သို့ပါသော်လည်း နောက်ဆုံး မည်သို့မျှ မတတ်နိုင်တော့သော တွန်းသင်္ဘောကြီးအား စိတ်ပျက် အံ့ဩစွာဖြင့် ဖောင်ကြီးအား ထားရစ်ခဲ့ကာ မိမိတာဝန်အတိုင်း ဆက်လက်စုန်ဆင်း၍ လက်ပြ နှုတ်ဆက်သွားရလေတော့သည်။

သင်္ဘောတာဝန်ခံ ဦးထွန်းသာနှင့် ဝါးဖောင်တာဝန်ခံ ကိုသာအိတို့



သင်္ဘောပေါ်တွင် ဆွေးနွေးပွဲ ထိုင်ရ လေတော့ပြီ။ ဤကိစ္စ ရိုးရိုးသားသား မဟုတ်နိုင်တော့ပေ။ သူ့အုပ်စုနှင့် သူ ကုန်သည်သူဌေးနှင့် မလိုတမာစိတ် ထားနှင့် ဝါးဖောင်ကြန့်ကြာအောင် နည်းအမျိုးမျိုးနှင့် ဟန့်တားထားတာ မျိုး၊ ဈေးကွက်သို့ အရောက်နောက် ကျအောင် တစ်စုံတစ်ရာနှင့် နှောင့် ယှက်သည်ရော မဖြစ်နိုင်ဘူးလော ဟူသောမေးခွန်းအပေါ် အဓိကထား၍ သံသယများစွာဖြင့် ဆွေးနွေးကြပြီး နောက်ဆုံးမှတ်ချက်အရ ဆုံးဖြတ်ချက် ချကြပြီးလျှင်ကား…

ဦးထွန်းသာ ပဲခူးမြို့သို့ သွား ရောက်ပြီးလျှင် ဂိုဏ်းဆရာတစ်ဦးအား ပင့်ဆောင်လာလေတော့၏။ ဝါးဖောင် မြစ်လယ်တွင် ရပ်နေသည်ကား ယနေ့ သုံးရက်တွင်းသို့ပင် အံ့ဩဖွယ်ရောက် ရှိလာလေပြီ။ တုတ်တုတ်မျှ မလှုပ်ပေ။ မြစ်လယ်တွင် ကျောက်ချထားသော သင်္ဘောကြီးနှယ်၊ မတုန်မလှုပ် ကျောက် ရုပ်တစ်ရုပ်နှယ်သာ။

ပဲခူးမြို့မှ ကြွရောက် လိုက်ပါလာ သော ဆရာကြီး ဦးလုကား အသက် ၄၀နှစ်ခန့် ရှိပေမည်။ ဝါးဖောင်ကြီးပေါ် သို့ သင်္ဘောပေါ်မှ တစ်ဆင့်ဆင်း၍ ဖောင်အရင်းအဖျားအနှံ့ လှည့်လည် ကြည့်ရှုလေတော့သည်။

"ဝါးဖောင်ပေါ်က တာဝန်ခံ ဘယ်သူလဲ၊ ခဏလာပါဦး"

"ကျွန်တော်ပါ ဆရာ၊ သာအိပါ အမိန့်ရှိပါခင်ဗျာ"

ဆရာကြီးက ဝါးဖောင်ပေါ်တွင် ဘောင်ခတ်တုပ်ထားသော မျှောသား များအများအပြားရှိသည့်အနက်၊ တင် သော မျှောသားတုံးအား လက်ညှိုး ညွှန်၍…

"ခင်ဗျားဝါးဖောင်အလယ် ထဲ



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းရင်းမှာ ကန့်လန့်ကြိမ်နဲ့ တုပ်ထားတဲ့ မျောသားကြီးတစ်ချောင်းတွေ့လား"

"ဟုတ်ကဲ့၊ မြင်ပါတယ် ဆရာကြီး"

"အဲဒီ ကန့်လန့်တုပ်ထားတဲ့ မျောသားထဲမှာ တနလ်ာနံနဲ့ ခေါ်တဲ့ မျောသားပါသလား တစ်ချက်စစ်ကြည့်ပါဦး"

"ဟုတ်ကဲ့ ပါပါတယ် ဆရာကြီး။ သစ် မန်ကျည်းသား မျောတစ်တုံး ကျွန်တော်ကိုယ်တိုင် တုပ်ခဲ့တာပါ ခင်ဗျ"

"အဲ···ဟုတ်ပြီ အဲဒီမျောသားမှာ အင်းတစ်ခုစီရင်ထားတာ တွေ့ရတယ်"

"ဗျာ···အင်းတစ်ခု၊ ဟုတ်လား ဆရာကြီး"

"ဒီမျောသား ခင်ဗျားကိုယ်တိုင် ခုတ်တာလား၊ ဒါမှမဟုတ် ခုတ်ပြီးသား အဆင်သင့်တွေ့တာလား။ ပြန်စဉ်းစား"

"အဲ··· ခုတ်ပြီးသားတွေလို့ အခြားမျောတွေနဲ့ အတူသုံးတာပါ။ ကျွန်တော်ယူလာတာခင်ဗျ"

"ဟုတ်ပြီ ကိုသာအိ။ ဒါဆို သူများ အမှတ်မဲ့ လာချထားတာပဲဗျ။ အမှန်တော့ ဒီနေ့မျိုး အသုံးချမယ် ဆိုတာ ကေန်သိတဲ့ အခြားအလုပ်သမား တစ်ဦးဦး ဆောင်ရွက်ခိုင်းတာ ဖြစ်နိုင်တယ်"

"ဟာ··· ဒီလိုမျိုး ရှိသလား ဆရာရယ်"

"ရှိတာပေါ့ ကိုသာအိရယ်။ အပြိုင်အဆိုင် လောဘ၊ လောကကြီး လေဗျ။ ဈေးကွက်နောက်ကျအောင် နည်းမျိုးစုံနဲ့ ဟန့်တားပုံလေး ယဉ်သဗျာ။ ဘာရားခံရှာမရတဲ့ မှုခင်းတွေပေါ့ဗျာ။ ကဲ···ကဲ···ကြာတယ်၊ ခင်ဗျားတို့ ဖောင်ပေါ်က လူတွေအားလုံး သင်္ဘောပေါ် ခဏတက်နေပေးကြပါ။ သင်္ဘောကို ကမ်းကပ်ထား၊ ကျွန်တော် ဖောင်ပေါ် ကျန်ခဲ့မယ်။ ကြိုးတွေ အဆင်သင့် လုပ်ထား။ အင်း··· စီးပွားပြိုင် လောဘသမားများ တယ်ကြောက်စရာကောင်းတယ်။ ရက်စက်တယ်။ ကိုယ်ကျိုးပဲ ကြည့်တယ်လေ။ အင်း···ကဲ···လုပ်···လုပ်ကြ၊ သွက်သွက်လေး"

ထို့နောက် ဆရာဆိုသူကား ဝါးဖောင်ပေါ်တွင် တဲကြီးတစ်လုံးရှိသည်။ ထိုတဲအတွင်း ဘုရားကျောင်းဆောင်ရှေ့တွင် တင်ပြင်ခွေထိုင်၍ ပုတီးစိပ်လေတော့၏။ ခဏအကြာတွင် တဲပြင်သို့ ထွက်ပြီး "အင်း"ရှိသည်ဟု ဆိုသောမျော(သစ်မန်ကျည်းသား)အနီး လျှောက်သွားလျက် လက်တွင်းမှ တစ်စုံတစ်ခုနှင့် ပစ်ပေါက်လိုက်သည်ကို သင်္ဘောပေါ်မှ လူများ မြင်တွေ့နေရသည်။ ထိုသို့ ပစ်ပေါက်လိုက်ရာ···

"ဝုန်း"

အသံတစ်ခုမြည်ဟီးသွားလျက် ထူထပ်များပြားသော မီးခိုးလုံးကြီး ထိုမျောသားဆီမှ ရုတ်တရက် ထွက်လာပြီး မြစ်ယံကောင်းကင်ထက်သို့ တက်သွားလေသည်။ ထိုကြီးမား ထူထပ်သော မီးခိုးလုံးကြီး တဖြည်းဖြည်း ပျက်ပြယ်သွားလျှင်သွားချင်း ဝါးဖောင်ကြီးကား ကျိုကျိုမြည်လျက် အသံများ ထွက်လာပြီးလျှင် ချာလည်လည်၍ ရှိရင်းစွဲနေရာမှ ကြိုးကို ဖြတ်လိုက်သည့်နှယ်၊ တစ်စစမျောလေတော့၏။ ဆရာကြီးဆိုသူက ရပ်လျက် သင်္ဘောအဆင်သင့် ဆောင်ရွက်ရန် လက်ပြလိုက်လေသည်။

"ဟေး···ရပြီကွ၊ ဝါးဖောင်ကြီး မျောပြီဟေ့၊ မျောပြီဟ"

သင်္ဘောသား ဝါးဖောင်လုပ်သားများအားလုံး ပျော်ပျော်ရွှင်ရွှင် အော်ဟစ်ကြလျက် ဝါးဖောင်ကြီးအား ထုံးစံအတိုင်း ကြိုးဖြင့် ဆွဲယူမောင်းနှင်သွားလေတော့သည်။ ခုတော့လည်း ဖောင်ကြီးမှာ ဘာမှမဖြစ်သကဲ့သို့ ဆွဲသင်္ဘောနောက်သို့ အလိုက်သင့် မျောပါလျက်ပါတကား။

♦♦♦

အထက်ပါ ဖြစ်ရပ်ကား ဝါးဖောင်သမား စီးပွားပြိုင်အချင်းချင်း ညစ်ပတ်ယုတ်မာသော စိတ်ထားဖြင့် အင်းမြှုပ်ထားဆီးခြင်းဖြစ်သည်ဟု ဆရာကြီးက ရှင်းပြသည်။ အင်းစောင့် ဘီလူးအား နိုင်နင်းစွာ နိုင်းစေ၍ ဟန့်တားစေခြင်းပင် သာမက၊ လူအများကိုပင် ဒုက္ခပေးနိုင်သေးကြောင်းလည်း ဆရာကြီးမှ ပြောဆိုသည်။

အင်းပညာရပ်ဖြင့် အင်အားကြီးမားသော ရာပေါင်းများစွာ ဝါးဖောင်ကြီးအား ရေစီးနေသော မြစ်လယ်တွင် ရပ်တန့်အောင် ဟန့်တားနိုင်ခြင်း၊ စီးနေသော ရေကို တန့်အောင်၊ နေးသော မော်တော်အား မြန်လာအောင် ပြုလုပ်ခြင်းမှာလည်း အင်းပညာရပ်ဖြစ်ကြောင်း တွေ့ရှိရပေသည်။

တစ်ခါတုန်းက ရန်ကုန်မြို့ မြေနီကုန်းမီးပွိုင့် ရဲစခန်းအနီး ကုန်ပဒေသာဆိုင်ကြီးအား ပုဏ္ဏတိုက်ခြင်းအား ပြန်လည် အမှတ်ရမည်ဆိုလျှင် ဤဂမ္ဘီရပညာရပ်များသည် အမှန်တကယ်ရှိ၍ ကြောက်စရာလည်း လွန်စွာကောင်းကြောင်း လေ့လာမိပါသည်။

စာရေးသူကဲ့သို့ အလားတူပညာရပ်များအကြောင်း သတိရ ဖော်ထုတ်ရေးသားရန် သတိရ အကောင်အထည်ဖော်မည်ဆိုလျှင် စာရေးသူ ရေးရကျိုးနပ်ပြီဖြစ်ပါကြောင်း···■

* * *

ဆန်းဝင်း(အောင်မြေ)



www.burmeseclassic.com

www.burmeseclassic.com

# အောင်ပန်းမြို့လေးမှသည် ကလောဆီသို့

■ ဦးခန့်(အင်းစိန်)



www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီး ဒဂုန်တာရာ၏ ၉၄နှစ်ပြည့်မြောက် အခမ်းအနားနှင့် မိသားစုမှ လှူဒါန်းပွဲ ပြုလုပ်မည်ဟု သတင်းကြားလိုက်သည်နှင့် စုံစမ်းမိသည်။ နေ့စဉ်ထုတ် သတင်းစာတစ်စောင်မှ "ရွှေကြေးစည် ခရီးသည် ပို့ဆောင်ရေး မိသားစု" ၏ ရန်ကုန်တိုင်းဒေသတွင်းရှိ စာရေးဆရာ၊ ဆရာမများ၊ ကဗျာဆရာများ ဆရာကြီးအား ကန်တော့ရန် သွားရောက်လိုပါက အကြောင်းကြား သတင်းပို့စေလိုကြောင်း သတင်းကို ဖတ်မိသည်နှင့် စာရေးသူ သတင်းပို့လိုက်ပါသည်။

ဆရာကြီး၏ မွေးနေ့သည် ၅-၅-၂၀၁၃ ရက်နေ့တွင် အောင်ပန်းမြို့ ဂန္ဓာရုံ(အောင်ပန်း)ကျောင်းတိုက်တွင် ကျင်းပခဲ့သည်။ ဆရာကြီး၏ ကျန်းမာရေးမှာ လှုပ်ရှားသွားလာမှု အားနည်းနေမှုကြောင့် အခမ်းအနားသို့ မတက်ရောက်နိုင်ခဲ့သော်လည်း ဆရာကြီး၏ အောင်ပန်းမြို့မဈေးအနီးရှိ နေအိမ်သို့ စာရေးသူနှင့်အဖွဲ့ သွားရောက် ကန်တော့ခွင့်ရခဲ့သည်။

ဆရာကြီးအိမ်လက်ျာဘက်တွင် ပျဉ်သာကျောင်းတိုက်ကြီးနှင့် စေတီတော်တစ်ဆူကို သွားရောက်ဖူးမြော်ခဲ့သည်။








www.burmeseclassic.com

www.burmeseclassic.com




ပျဉ်သာကျောင်းတိုက်ကြီးသည် နှစ်ပေါင်း တစ်ရာကျော်ပြီ ဖြစ်သော်လည်း ရှေးမူများ ထိန်းသိမ်းလျက် အဆောင်များ၊ အုန်းမောင်းခေါက်တုံးများသည် ရှေးမူကို သက်သေပြလျက် ရှိပေသည်။

ပျဉ်သာကျောင်းတိုက်ကြီး၏ နာယက ဆရာတော်သည် ရဟန်း၊ ကိုရင်အပါး ၄၀၀ဖြင့် သာသနာ့အရေး ကြိုးပမ်းနေကြောင်း ဖူးမြော်ခဲ့ရသည်။

ဆရာကြီး၏ အသက် ၉၄နှစ်ပြည့်အခမ်းအနားသို့ အထက်မြန်မာပြည်၊ အောက်မြန်မာပြည်မှ စာနယ်ဇင်းသမားနှင့် နိုင်ငံရေးကွန်ရက်အဖွဲ့တို့မှ တက်ရောက်လာခဲ့ကြပြီး စာရေးသူတို့ ရန်ကုန်မြို့မှအဖွဲ့များသည် ဂန္ဓာရုံ(အောင်ပန်း)ကျောင်းတိုက်ကြီးမှာ နေ့လယ်စာ စားသုံးပြီးသည်နှင့် "ရွှေကြေးစည် ခရီးသည် ပို့ဆောင်ရေးမိသားစု"မှ ဘုရားဖူးခရီးစဉ်အဖြစ် ထပ်မံ အလှူဒါနပြုခဲ့လေသည်။




စာရေးသူ၏ ရင်တွင်းဝယ် မရောက်ဘူးသော ဒေသ၊ မဖူးမြော်ရသေးသော စေတီ ပုထိုး ကျောင်းကန်များကို ဖူးရသည့်အရေးမို့ အထူးကျေးဇူးတင် ဝမ်းသာမိခဲ့ပါသည်။ စာရေးသူတို့အား ကလောမြို့မဈေးထဲတွင် ဈေးဝယ်ခွင့်ပေးခဲ့



www.burmeseclassic.com

www.burmeseclassic.com





ပြီး ကလောမြို့ရှိ ဘုရားအား ဖူးမြော်စေခဲ့ပါသည်။ စာရေးသူသည် နီးဘုရားဟု အထင်အရှားရှိမှန်း စာရေးဆရာများစွာ ရေးသားသည်ကို ဖတ်မိခဲ့သော်လည်း ယခုလို မျက်ဝါးထင်ထင် ဖူးမြော်ခွင့်ရခဲ့သည့်အတွက် လိုက်ပါပို့ဆောင်ပေးသူ မိသားစုများအား သာဓု အနုမောဒနာခေါ်မိပါသည်။

နီးဘုရားကြီးအား အားရပါးရ ဖူးမြော်ခွင့်ရသလို၊ ကလော ရွှေဥမင်လိုဏ်ဂူရှိ ရုပ်ပွားတော်များ၊ စေတီများ၊ လိုဏ်ဂူတွင်းရှိ ဘုရားခြေတော်ရာများကို တွေ့မြင် ဖူးမြော်ခဲ့ရသည်မှာ အလွန်အမင်း အံ့ဩမိခဲ့ပါသည်။ စာရေးသူတို့၏ ဗုဒ္ဓဘာသာအထွတ်အမြတ်ထားရာ စေတီ ပုထိုးများကို နိုင်ငံခြားသားများကလည်း အထူးအဆန်းအဖြစ် လေ့လာမှတ်တမ်းတင်နေခြင်းကိုလည်း တွေ့မြင်ခဲ့ရသည်။

စာရေးသူ၏ လေးစားရသော မဟာကဗျာဆရာကြီး၊ ငြိမ်းချမ်းရေးဗိသုကာ ကဗျာဆရာကြီး၏ ၉၄နှစ်ပြည့်မြောက်အလှူဒါနပွဲလေးဆီသို့သာ မလိုက်ဖြစ်ခဲ့ပါက စာရေးသူ၏ဘဝတွင် မရောက်ဘူးသော ဒေသ၊ မဖူးရသေးသော နီးဘုရား၊ ကလောမြို့၏ ရွှေဥမင်လိုဏ်ဂူဘုရားများကို ဖူးမြော်ခွင့် ရရှိမှာ မဟုတ်ပေ။ ယခုတော့ ရွှေကြေးစည် ခရီးသည် ပို့ဆောင်ရေးမိသားစု၏ စာရေးဆရာများအပေါ် ရှိသေလေးစား ချင်မြတ်နိုးသော အသိစိတ်ဓာတ်များသည် မည်ရွေ့မည်မျှလွှမ်းမိုးအုပ်စိုးနေမည် မသိသော်လည်း ဘဝအဆက်ဆက်အလှူဒါနကောင်းမှုကုသိုလ် ပွားများနိုင်ကြမည့် ဒေါ်စမ်းစမ်းအောင်မိသားစုဟု စာရေးသူ ဆုတောင်း ထောပနာပြုခဲ့မိပါသည်။

* * *

ဦးခန့်(အင်းစိန်)



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

■

ကျွန်ုပ်သည် ဘဝသရုပ်ဖော်ဝတ္ထုများနှင့် ပြဇာတ်များကို ရေးအားသန်သည်။ စိတ်ကူးပေါ်လာလျှင် ငယ်စဉ် ကျောင်းသားဘဝက ကျောင်းနေဘက် ကျော်စိုး(ယခု ကျော်စိုးဗိုလ်)နှင့် တောပစ်ထွက်ခဲ့သော အတွေ့အကြုံများကို ဇာတ်လမ်းဆင်၍ မုဆိုးဝတ္ထုများ ရေးဖြစ်သည်။ တစ်ခါတစ်ရံလည်း စိတ်ကူးပေါ်လာလျှင် သောကြာတို့၊ သောင်းပြောင်းထွေလာတို့တွင် ဟာသဝတ္ထုများ ရေးဖြစ်ပြန်သည်။

ပြောင်းလဲလာသော အခြေအနေအရ ဂမ္ဘီရမဂ္ဂဇင်းများပေါ်လာသောအခါ မမျှော်လင့်ဘဲ ဂမ္ဘီရလိုင်းဘက်သို့ ရေးဖြစ်သွားပြန်သည်။ ကျွန်ုပ်ရေးသော ဂမ္ဘီရဝတ္ထုများကို ဖတ်ကြရသော အချို့မိတ်ဆွေများက အံ့သြကြသည်။ လိုင်းကြောင်းသွားပြီလား၊ မ-ထ-သ လားဟု ဆိုကြသည်။

မည်သို့ဆိုစေ၊ ရေးစရာ စိတ်ကူးပေါ်လာလျှင်တော့ ရေးချလိုက်ရခြင်းသည် ကျွန်ုပ်၏ အလုပ်ဖြစ်သည်။ ရေးပြီး ရွေးပယ်အလုပ်သည် အယ်ဒီတာ၏ အလုပ်ဖြစ်သည်။ ကျွန်ုပ်ရေးသော ဂမ္ဘီရဝတ္ထုများသည် တကယ်ဖြစ်ရပ်မှန်များသာဖြစ်၍ စိတ်ကူးနှင့် တန်ဆာဆင်လိုက်သောအခါ စိတ်ဝင်စားစရာ ဝတ္ထုများ ဖြစ်လာကြသည်။

တကယ်ဖြစ်ရပ်များသည် တစ်ခါတစ်ရံ၌ စိတ်ကူးယဉ်ထက်ပင် ဆန်းကြယ်တတ်သောကြောင့် ကိုယ်တွေ့ကြုံခဲ့ရသော မိတ်ဆွေအပေါင်းအသင်းများ၏ အတွေ့အကြုံများသည် ကျွန်ုပ်အတွက် ဂမ္ဘီရဝတ္ထုများ ဖြစ်လာပါသည်။

ထိုအကြောင်းနှင့် ပတ်သက်၍ ကျွန်ုပ်နှင့် ရင်းနှီးသော မိတ်ဆွေသူငယ်ချင်း အပေါင်းအသင်းများထဲမှ ကိုငွေထွန်းဦးနှင့် မမျှော်လင့်ဘဲ စာပေဗိမာန်နားတွင်ရှိသော လေအံ့ကုန်းဟု အနွတ္တသညာပြုထားသည်။ လက်ဖက်ရည်ဆိုင်၌ သောကြာတစ်ရက်တွင် ဆုံမိကြသည်။

ကျွန်ုပ်က ရွှေသန်လျင်ကားစီးကာ ၃၈လမ်းထိပ်တွင် ဆင်း၍ လေအံ့ကုန်းကို အလာ၊ ကိုငွေထွန်းဦးက လေအံ့ကုန်းက လက်ဖက်ရည်စားပွဲ၌ အထိုင်…

"ကိုမြင့်မား…လာ၊ အတော်ပဲ"

"လာပါပြီဗျာ"

"ခင်ဗျားလာမယ်ထင်လို့ ဒီဆိုင်က လာစောင့်နေတာ၊ ခင်ဗျားက သောကြာနေ့ လာတတ်တယ်မဟုတ်လား"

"ဟုတ်တယ်လေ။ ခင်ဗျား ဘယ်တုန်းက ပုသိမ်က ရောက်လာတာလဲ။ ကျွန်တော့်ကို လာစောင့်တဲ့ ကိစ္စက…"

"ဪ…ဒီလိုပါ။ ကျွန်တော်လည်း ပုသိမ်ကို အလုပ်ကိစ္စနဲ့ ရောက်နေတာ အတော်ကြာပါပြီ။ ခင်ဗျားနဲ့လည်း မဆုံရတာ ကြာပါပြီ၊ ခင်ဗျားရေးတဲ့ စာတွေတော့ တော်တော်များများ ဖတ်ရပါတယ်။ ဒါပေမယ့် အရင်တုန်းကနဲ့ မတူဘဲ ခင်ဗျား ဂမ္ဘီရလိုင်းဘက်ပါ ပြောင်းပြီး ရေးလာတာ တွေ့ရတယ်။ လုံးချင်းတစ်အုပ်တောင် တွေ့လို့ ဖတ်လိုက်ရတယ်။ ဘယ်လိုဖြစ်သွားတာလဲ"

"အခြေအနေအရပေါ့ဗျာ"

"ကောင်းပါတယ်။ ရေးကွက်တစ်ခုရတာပေါ့။ အဲဒါမျိုး ကျွန်တော့်ကိုယ်တွေ့အဖြစ်အပျက်ကလေးတစ်ခုရှိတယ်။ စိတ်ဝင်စားလား"

"စိတ်ဝင်စားတာပေါ့။ ကိုယ်တွေ့ဆိုရင် ပိုတောင် စိတ်ဝင်စားသေးတယ်။ ကျွန်တော်က အဲဒါမျိုး တကယ့်အဖြစ်အပျက်ကို ပိုစိတ်ဝင်စားတာ"

(ထိုနေရာတွင် တစ်ခုပြောစရာရှိသည်။ ကျွန်ုပ်နှင့် ယခုလို တွေ့ဆုံစကားပြောနေသော ကိုငွေထွန်းဦးသည် မောင်သင်းမိုးအမည်နှင့် ကဗျာများ ရေးနေသော ကဗျာဆရာတစ်ယောက်ဖြစ်သည်။ သူ့အစ်ကိုက ကိုအေးကြူဟုခေါ်သော ကဗျာဆရာ ကောက်နွယ်(ကနောင်)ဆိုလျှင် မဂ္ဂဇင်းကြီးတစ်ခုမှာ နှစ်ပေါင်းများစွာ အယ်ဒီတာ လုပ်ခဲ့ဖူးသည်။ ကလောင်ခွဲဖြင့် လုံးချင်းဝတ္ထုများ ရေးနေဆဲဖြစ်သည်။ ကိုငွေထွန်းဦးက ကဗျာလည်း ရေးသည်။ စကားပြ

“

တစ်နေ့က ကနောင်မှာ
လေကြီးမိုးကြီးကျတယ်။
မိုးရော လေရော
အတော်ပြင်းတယ်။
အဆောက် အအုံတွေ ပြို၊
ဘုရားတွေ ပြို၊
သစ်ပင် တွေ လဲပေါ့။
နောက်တစ်နေ့လည်းကျရော
ဘုရားအပြိုအပျက်တွေဆီကို
သွားကြည့်ကြတော့
စေတီတစ်ဆူက
ပြိုကျပြီးတော့
ဌာပနာတွေ ပေါ်လာတယ်

”



www.burmeseclassic.com

www.burmeseclassic.com

လည်း ရေးသည်။ စကားပြေရေးတတ်သူဖြစ်၍ သူ့ကိုယ်တွေ့အဖြစ်အပျက်ကို သူ့ဟာသူရေးလျှင် ရသော်လည်း ဘာ့ကြောင့် မရေးသနည်း။) (ဤကား စကားချပ်)။

"ကိုငွေထွန်းဦး… ခင်ဗျားလည်း စကားပြေရေးတတ်တာပဲ။ ကျွန်တော့်ကို ဘာလို့ပြောပြနေရမှာလဲ။ ကိုယ့်ဟာကိုယ် ရေးလိုက်ပါလား"

"လိုင်းချင်းမတူတော့ မရေးချင်ဘူး။ ရေးရင်လည်း ခင်ဗျားလို အဆင်ပြေပြေထွက်မှာမဟုတ်ဘူး။ အဲဒါကြောင့်ပါ"

"သြော်… အဲဒီလိုလား။ ဒါဆိုလည်း ပြောဗျာ။ ရေးလို့ရရင် ရေးကြည့်တာပေါ့"

"ဒီလိုတော့ မလုပ်နဲ့လေဗျာ။ ဒီနေ့က သောကြာနေ့မဟုတ်လား။ ညနေကျရင် တစ်နေရာရာမှာ အေးအေးဆေးဆေးထိုင်ပြီး ပြောကြတာပေါ့။ မကောင်းဘူးလား။ ခင်ဗျားနဲ့လည်း မဆုံတာ ကြာပြီမဟုတ်လား"

"ဟုတ်တယ်လေ။ အဲဒီတော့ ညနေ ပန်းဆိုးတန်းအထက်က အားမာန်သစ်မှာ ဆုံကြတာပေါ့။ မကောင်းဘူးလား"

"ကောင်းတယ်၊ ကောင်းတယ်"

ဤသို့ဖြင့် ကျွန်ုပ်တို့နှစ်ဦး လမ်းခွဲကြပြီးနောက် ကျွန်ုပ်က မဂ္ဂဇင်းတိုက်ပေါင်းစုံလှည့်၍ စာမူများ ပို့ကာ ညနေတွင် ချိန်းထားသော အားမာန်သစ်ဆိုင်တွင် ဆုံကြသည်။ အားမာန်သစ်တွင် လူပြည့်နေသောကြောင့် ပက်စီကိုလာဆိုင်ကို ပြောင်းကြပြန်သည်။ ပက်စီကိုလာရောက်မှ ကိုငွေထွန်းဦးရဲ့ ဇာတ်လမ်းကို အေးအေးဆေးဆေးနားထောင်ဖြစ်တော့သည်။

သူပြောပြသော ဇာတ်လမ်းသည်



ကျွန်ုပ်အတွက် ထူးခြားဆန်းကြယ်သော အဖြစ်အပျက်တစ်ခုဖြစ်သောကြောင့် သူ့ကိုယ်တွေ့ဇာတ်လမ်းကို ကျွန်ုပ်၏ ရေးဟန်အတိုင်း ဇာတ်လမ်းမူရင်းမပျက်စေဘဲ ရေးသားတင်ပြလိုက်ပါသည်။

♦♦♦

"ဒီလို ကိုမြင့်မားရဲ့ နှစ်တွေကတော့ ကြာပြီပေါ့ဗျာ။ မမှတ်မိတော့ပါဘူး။ အဲဒီတုန်းက ကျွန်တော်ရော၊ ကျွန်တော့်အစ်ကို ကောက်နွယ်ရော ကနောင်မှာပဲ ရှိကြသေးတယ်။ ကျွန်တော်က ကိုးတန်းကျောင်းသား။ မြန်မာ့အလင်းသတင်းစာရဲ့ မြို့နယ်သတင်းထောက်လုပ်နေတယ်။ စာရေးတာလည်း ဝါသနာပါတော့ သိုးခနဲ သန့်ခနဲ သတင်းကြားလိုက်တာနဲ့ သတင်းနေရာကို ကင်မရာကိုင်ပြီး ပြေးတော့တာ။ ငယ်ကလည်း ငယ်၊ သွက်ကလည်း သွက်ပေါ့ဗျာ"

"တစ်နေ့က ကနောင်မှာ လေကြီးမိုးကြီးကျတယ်။ မိုးရော လေရော အတော်ပြင်းတယ်။ အဆောက်အအုံတွေ ပြို၊ ဘုရားတွေ ပြို၊ သစ်ပင်တွေ လဲပေါ့။ နောက်တစ်နေ့လည်းကျရော ဘုရားအပြိုအပျက်တွေဆီကို သွားကြည့်ကြတော့ စေတီတစ်ဆူက ပြိုကျပြီးတော့ ဌာပနာတွေ ပေါ်လာတယ်။

အခြားဘုရားတွေလည်း ပြိုကျနေတာ အများကြီးပဲ။ အဲဒါနဲ့ မြို့ကလူကြီးတွေက ယာယီ ဌာပနာထိန်းသိမ်းရေးကော်မတီဖွဲ့ပြီး ဌာပနာတွေကို ထိန်းသိမ်းထားရတယ်။ ပြိုကျတဲ့ ဘုရားတွေက ရှေးဟောင်းဘုရားတွေ များပါတယ်။ အဲဒီအကြောင်းကို ကျွန်တော်က သတင်းစာထဲမှာ သတင်းထည့်ပြီး ရေးလိုက်လို့ ရန်ကုန်က ရှေးဟောင်းသုတေသနဦးစီးဌာနကတောင် လာပြီး လေ့လာသွားပါသေးတယ်။

အဲဒါနဲ့ တစ်ရက်မှာ ကျွန်တော် ဘုရားပြိုတစ်ဆူကို သွားလေ့လာရင်း အပြိုအပျက်တွေကြားက အုတ်ခဲတစ်လုံးကို ထူးခြားတယ် ထင်ပြီး ကောက်ကြည့်လိုက်မိတယ်။ အုတ်ခဲမှာ စာတွေ ထွင်းပြီး ရေးထားတယ်။ ဘာစာတွေလဲ ဆိုတာတော့ ကျွန်တော် မသိဘူး။ ပါဠိလိုလို၊ ပျူလိုလို၊ မွန်လိုလို ရေးထားတာပါ။ တခြားအုတ်ခဲတွေမှာ အဲဒီလိုမျိုး မတွေ့ဘူး။ မြန်မာစာရိုးရိုးလည်း မဟုတ်ဘူး။ အဲဒါနဲ့ အုတ်ခဲကို ထူးဆန်းလို့ ကျွန်တော့်လွယ်အိတ်ထဲကို ကောက်ထည့်လာခဲ့တယ်။

အိမ်ရောက်တော့ အုတ်ခဲကို စက္ကူနဲ့ ပတ်ပြီး အောက်ထပ်မှာ အိပ်တဲ့ ကျွန်တော့်အစ်ကို ကောက်နွယ် (ကနောင်)ရဲ့ ခုတင်အောက်မှာထားလိုက်တယ်။ အေးအေးဆေးဆေးကျမှ


www.burmeseclassic.com

www.burmeseclassic.com

နားလည်တဲ့ လူကြီးတစ်ယောက်ယောက်ကို ပြကြည့်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပါ။ အိပ်မက နှစ်ထပ်အိမ်ပါ။ ကျွန်တော်က အပေါ်ထပ်မှာ တစ်ယောက်တည်း အိပ်ပါတယ်။ အဲဒါနဲ့ ညကျတော့ ကျွန်တော်လည်း ၁၀နာရီကျော်ကျော်လောက်မှာ အိပ်ရာထဲကို ဝင်အိပ်လိုက်တယ်။

မေးခန် အိပ်ပျော်သွားကာ ရှိသေးတယ်။ အောက်ထပ်က ရှူးရှူးဝါးဝါးနဲ့ အော်သံကို ကြားလို့ ပြေးဆင်းလာခဲ့တော့ ကျွန်တော့်အစ်ကိုဟာ ခုတင်ပေါ်မှာ ငုတ်တုတ်ထိုင်ပြီး ပြူးတူးပြဲတဲ ဖြစ်နေတယ်။ တစ်ကိုယ်လုံးလည်း ချွေးတွေ ပြန်လို့။ ဘေးမှာလည်း အိမ်သားတွေက ဝိုင်းနေကြတယ်။

ကျွန်တော်က သူ့ကို မင်း ဘာဖြစ်လို့လဲဆိုတော့ ငါ အိပ်ပျော်သွားရင်း အိပ်မက်ဆိုးတွေ မက်တယ်တဲ့။ အိပ်မက်ထဲမှာ ငါ့ကို ကြောက်စရာကောင်းတဲ့ ဘာသာခြား လူဆိုးကြီး တစ်ယောက်က နောက်ကနေ လှံကြီးကိုင်ပြီး လိုက်လာတယ်။ ငါက ရှေ့ကနေ ပြေးရင်း ငါ့လည်ပင်းကို လှံစိုက်ခါနီးမှာ လန့်နိုးသွားတာပဲတဲ့။ သူ့နောက်မှာလည်း သူ့လိုဟာတွေ အများကြီး လိုက်လာတယ်။ အော်လို့လည်း မရဘူး။ ငါက အတင်းပြေး၊ သူတို့က အတင်းလိုက်လာရင်း လန့်နိုးသွားတာပဲတဲ့။

ကျွန်တော်က သူ့ကို ရေတစ်ခွက်တိုက်ပြီး "မင်း ဘုရားတွေ ဘာတွေ ရှိခိုးပြီး အိပ်ပါ"လို့ ပြောပြီး သိပ်ထားခဲ့တယ်။ ဒါပေမယ့် ကျွန်တော့်အစ်ကိုဟာ မိုးသာလင်းသွားတယ်။ သူကောင်းကောင်းအိပ်လို့ မပျော်ဘူးတဲ့။ အိပ်မက်ကို ကြောက်ပြီး အိပ်လို့မရတာနဲ့ တူပါတယ်။

နောက်တစ်နေ့ကျတော့ ကျွန်တော်ယူလာတဲ့ အုတ်ခဲကြီးကို သတိရလို့ သူ့ခုတင်အောက်က ယူပြီး ကျွန်တော် အိမ်အပေါ်ထပ်မှာ အုတ်ခဲကို သေသေချာချာ လေ့လာကြည့်မိတယ်။ ကျွန်တော့်အတွက်တော့ ဘာမှ ထူးခြားမှုမရှိပါဘူး။ ရှေးဟောင်း အုတ်ခဲ တစ်လုံးလို့ပဲ မြင်မိပါတယ်။ အဲဒါနဲ့ ကျွန်တော်လည်း အုတ်ခဲကို ကျွန်တော့် ခုတင်အောက်မှာ ထိုးထည့်ထားလိုက်ပြီး စာအုပ်စင်က စာအုပ်တစ်အုပ်ကို ယူဖတ်ပြီး မျက်တောင်စင်းလာတာနဲ့ အိပ်လိုက်ပါတော့တယ်။

ကျွန်တော် မေးခန် ပျော်သွားပြီး အိပ်မက်မက်ပါတယ်။ အိပ်မက်ထဲမှာ

> ❝
> အိပ်မက်ထဲမှာ
> ဘာသာခြား လူဆိုး လူထွားကြီး
> တစ်ယောက်က
> ရက်စက်ကြမ်းကြုတ်တဲ့
> အမူအရာမျိုးနဲ့
> ကျွန်တော့်ကို ကြည့်နေတယ်။
> လက်ထဲမှာလည်း
> ဓားကြီးတစ်လက်ကိုင်ထားတယ်။
> ကျွန်တော့် အနားကို
> တဖြည်းဖြည်းကပ်လာတယ်။
> ကျွန်တော်က အော်ပေမယ့်
> အော်လို့မရဘူး။
> လူကလည်း လှုပ်လို့ မရဘူး
> ❞

ဘာသာခြား လူဆိုး လူထွားကြီး တစ်ယောက်က ရက်စက်ကြမ်းကြုတ်တဲ့ အမူအရာမျိုးနဲ့ ကျွန်တော့်ကို ကြည့်နေတယ်။ လက်ထဲမှာလည်း ဓားကြီး တစ်လက်ကိုင်ထားတယ်။ ကျွန်တော့် အနားကို တဖြည်းဖြည်းကပ်လာတယ်။ ကျွန်တော်က အော်ပေမယ့် အော်လို့ မရဘူး။ လူကလည်း လှုပ်လို့ မရဘူး။ အနားကို တဖြည်းဖြည်းကပ်လာပြီး ကျွန်တော့်လည်ပင်းကို ဓားနဲ့ စိုက်ချလိုက်တဲ့အချိန်မှာ လန့်ပြီး နိုးလာတယ်။

ကျွန်တော် သတိရတော့ ဘေးမှာ အိမ်သားတွေ ဝိုင်းလို့။ အော်သံကြားလို့ အပေါ်ကို တက်လာကြတာတဲ့။ ဘာဖြစ်လို့လဲလို့ ဝိုင်းမေးကြတယ်။ ကျွန်တော့်ရဲ့ အိပ်မက်ဆိုးအကြောင်း ပြောပြတော့ မင်းလည်း ဘုရားရှိခိုးပြီး အိပ်လို့ ကျွန်တော့်အစ်ကိုက ပြောတယ်။ ကျွန်တော် ရေတစ်ခွက်သောက်ပြီး ထိုင်စဉ်းစားနေမိတယ်။ ဒီလို ကြောက်စရာကောင်းတဲ့ အိပ်မက်မျိုး တစ်ခါမှ မမက်ဖူးဘူး။ ဘာဖြစ်လို့ မက်တာလဲ။ သွေးလေချောက်ချားလို့လား။ စဉ်းစားမရ။

နောက် ကျွန်တော် စဉ်းစားမိတာက အစ်ကို ကောက်နွယ်(ကနောင်) လည်း မက်တယ်။ ကျွန်တော်လည်း ဒီနေ့မက်တယ်ဆိုတော့ ဘုရားပျက်က ကောက်လာတဲ့ အုတ်ခဲကြောင့်များလားလို့ သံသယဖြစ်မိတယ်။ ခုတင်အောက်က အုတ်ခဲကြီးကို ထုတ်ကြည့်ပြီး စိတ်ထဲက ဒီဟာကြီးကြောင့်လားလို့ အတွေးဝင်နေမိတယ်။ နောက်နေ့ကျရင်တော့ တစ်ယောက်ယောက်ကို စမ်းကြည့်ခိုင်းမယ်လို့ စိတ်ကူးထားတယ်။

နောက်နေ့ကျတော့ ကျွန်တော့် သူငယ်ချင်း မြင့်ထွန်းအောင်(အနော်ဆီး

www.burmeseclassic.com

www.burmeseclassic.com

အရာရှိ) အခုတော့ အငြိမ်းစားပါ။ သူ့ဆီကို သွားပြီး မင်း ညအိပ်ရင် ဒီအုတ်ခဲကို မင်းခုတင်အောက်မှာ ထားပြီး အိပ်ကြည့်စမ်း။ တစ်ခုခုထူးခြားလိမ့်မယ်။ ထူးခြားတာကို နောက်နေ့ ငါ့ကို ပြန်ပြောပြလို့ ပြောပြီး ပေးထားခဲ့တယ်။ မြင့်ထွန်းအောင်က အယုံအကြည်ရှိလှသူတော့ မဟုတ်။ ကျွန်တော်က တိုက်တွန်းတော့ သူ လုပ်ကြည့်မယ်ဆိုပြီး အုတ်ခဲကို ယူထားလိုက်တယ်။ နောက်နေ့မနက်ကျတော့ လက်ဖက်ရည်ဆိုင်မှာ ထိုင်နေတုန်း မြင့်ထွန်းအောင် အူယားဖားယားနဲ့ ရောက်လာတယ်။

ဘာဖြစ်လို့လဲဆိုတော့ "ငါကွာ၊ ညက အိပ်မက်ဆိုးတွေ မက်လိုက်တာ။ ဒါမျိုး တစ်ခါမှ မမက်ဖူးဘူး။ မိုးသာလင်းသွားတယ်၊ ကောင်းကောင်းကို မအိပ်လိုက်ရပါဘူးတဲ့။ ဘာတွေ မက်လို့လဲဆိုတော့ ငါက အိပ်မက်ထဲမှာ ရာဇဝတ်မှု ကျူးလွန်တဲ့ ရာဇဝတ်သား တစ်ယောက်ဖြစ်နေတယ်။ ငါ့ကို အပြစ်ရှိလို့ဆိုပြီး လူပုံအလယ်မှာ ကြိုးစင်တင်ပြီး သတ်ဖို့ ပြင်နေကြတယ်။ သတ်မယ့်သူတွေက မည်းမည်းကြုတ်ကြုတ် စရိုက်ကြမ်းကြမ်း ရက်စက်ယုတ်မာတဲ့ လူတွေ။ သူတို့သွင်ပြင်တွေက ခက်ထန်မာကြောနေတဲ့ ပုံမျိုးတွေ။ ကြိုးစင်ပေါ်မှာ ငါက ရုန်းလို့လည်း မရ၊ အော်လို့လည်း မရ၊ အိပ်မက်ထဲမှာကို တော်တော်ဝေဒနာခံစားရတယ်။ ကြိုးစင်က ပြုတ်ကျခါနီးမှာ ငါလည်း လန့်နိုးသွားတယ်"လို့ သူက ပြောတယ်။ နောက်ပြီး သူယူလာတဲ့ အုတ်ခဲကြီးကို ကျွန်တော့်လက်ထဲ ပြန်ပေးတယ်။

ကျွန်တော်လည်း ခေါင်းတညိတ်ညိတ်နဲ့ စဉ်းစားရင်း အုတ်ခဲကြီး အကြောင်းကို တဖြည်းဖြည်း သဘောပေါက်လာတယ်။ သူ့ကြောင့်ဆိုတာ ကျွန်တော်ယုံကြည်သွားပြီ။ ဒါပေမယ့် အယုံအကြည်မရှိတဲ့ နောက်သူငယ်ချင်းနှစ်ယောက်ဖြစ်တဲ့ စိုးတင့်နဲ့ မြသန်း (ထိုစဉ်က ကြံခင်း ဘိလပ်မြေစက်ရုံ) တို့ကိုလည်း အုတ်ခဲကြီးကို ပေးဖို့ စိတ်ကူးမိလိုက်တယ်။

ကျွန်တော်တို့ဆုံနေကျ ကိုဖိုးချွန်ရဲ့ ဆံပင်ညှပ်ဆိုင်မှာ သူတို့ကို ချိန်းပြီး စိုးတင့်နဲ့ မြသန်းကို အုတ်ခဲကြီး တစ်လှည့်စီ ပေးလိုက်တယ်။ နောက်နေ့ သူတို့ဆီက အဖြေစောင့်တော့ သူတို့လည်း ညက အိပ်မက်ဆိုးတွေ မက်တဲ့အကြောင်း ပြန်ပြောကြတယ်။ သူတို့မက်တဲ့ အိပ်မက်အကြောင်းတွေတော့ မပြောတော့ပါဘူး။ အိပ်မက်ဆိုးတွေ မက်တယ်လို့ပဲ မှတ်ထားလိုက်ပေါ့ဗျာ။ ပြီးတော့ အုတ်ခဲကြီးကို ကျွန်တော့်လက်ထဲ ပြန်အပ်ကြတယ်။

ကျွန်တော် အဲဒါကြီးကို ကိုင်ပြီး ဘာလုပ်ရင် ကောင်းမလဲလို့ ကိုဖိုးချွန် ဆံပင်ညှပ်ဆိုင်မှာ သူငယ်ချင်းတွေနဲ့ ချိန်းပြီး တိုင်ပင်ကြတယ်။ အဲဒီအချိန်မှာ ကိုဖိုးချွန်က လူတစ်ယောက်ကို ဆံပင်ညှပ်ပေးနေတယ်။ ကျွန်တော်တို့ တိုင်ပင်နေတာကို သူ မသိဘူး။ နောက်တော့ သွားစရာ ကိစ္စတစ်ခုပေါ်လာတာနဲ့ အုတ်ခဲကြီးကို ကိုဖိုးချွန် မသိအောင် ဆံပင်ညှပ်စတွေ ထည့်တဲ့ ပုံးထဲမှာ ထည့်ထားလိုက်တယ်။ ထည့်ထားပြီး မေ့လည်း မေ့နေတာပေါ့။ တစ်ပတ်လောက်ကြာတော့ ကိုဖိုးချွန်ရဲ့ ဆံပင်ညှပ်ဆိုင်ကို သွားတော့ ဆိုင်ပိတ်ထားတာ တွေ့ရတယ်။ ပတ်ဝန်းကျင်ကို စုံစမ်းလိုက်တော့ နေမကောင်းလို့ ဆိုင်ပိတ်ထားကြောင်း သိရပါတယ်။

တစ်ခါမှ ဆိုင်မပိတ်ဘူးတဲ့၊ ဒေါင်ဒေါင်မြည် ကျန်းမာနေတဲ့ ကိုဖိုးချွန် ဘာလို့ နေမကောင်းရတာလဲ။ သူ နေမကောင်းတာ သွေးရိုးသားရိုးမှ ဟုတ်ရဲ့လားလို့ သူငယ်ချင်းတွေနဲ့ တိုင်ပင်ကြည့်ပါတယ်။ အားလုံးက ကျွန်တော်တို့ ပစ်ထားတဲ့ အုတ်ခဲကြီးကြောင့်လို့ပဲ ထင်ကြတယ်။

ဒါကြောင့် ကျွန်တော်တို့အားလုံး တိုင်ပင်ကြပြီး ကိုဖိုးချွန်ရဲ့ ဆိုင်ရှေ့မှာ တသွင်သွင်စီးဆင်းနေတဲ့ ရောဝတီမြစ်ကြီးရှိတယ်။ ဒီမြစ်ထဲကို အုတ်ခဲကြီး ပစ်ချလိုက်ရင် ကောင်းမှာပဲလို့ ဆုံးဖြတ်ကြတယ်။ အဲဒါနဲ့ ဆံပင်ညှပ်စတွေ ထည့်ထားတဲ့ ပုံးထဲက အုတ်ခဲကြီးကို ရောဝတီမြစ်ထဲကို ပစ်ချလိုက်ပါတယ်။

သုံးလေးရက်လောက်နေတော့ ကိုဖိုးချွန် နေကောင်းလာပြီး ဆိုင်လာဖွင့်တာ တွေ့ရပါတယ်။ သူ့ကို ဘာဖြစ်လို့ ဆိုင်မဖွင့်တာလဲ မေးကြည့်တော့ ညညကျရင် အိပ်မပျော်လို့တဲ့။ အိပ်ပျော်ရင်လည်း ကယောင်ကတမ်းတွေဖြစ်၊ အိပ်မက်တွေ မက်ပြီး အိပ်ရေးတွေ ပျက်လာလို့ ဆိုင်မထွက်ဖြစ်တာလို့ ပြောပါတယ်။

ကိုဖိုးချွန် ကျန်းမာလာပြီး ကျွန်တော်တို့လည်း ဝမ်းသာနေကြပါတယ်။ ဒါပေမယ့် သူ နေမကောင်းတာဟာ ကျွန်တော်တို့ အုတ်ခဲကြီးကြောင့်ဆိုတာကို ခုထိ သူ မသိသေးပါဘူး။ ကျွန်တော်တို့လည်း သူ့ကို ပြောမပြကြပါဘူး။ ဇာတ်လမ်းကတော့ အဲဒါပါပဲဗျာ။ ခင်ဗျားအတွက် ထူးခြားလား၊ မထူးခြားလားတော့ ကျွန်တော် မသိပါဘူး"■

* * *

မောင်မြင့်မား(ဗိုလ်ကလေး)




www.burmeseclassic.com

www.burmeseclassic.com

# မြက်ကိုပဲ စားတော့မယ်

ဒေဝသူရ (ဆိပ်ခွန်)




လောကမှာ ဘဝဆိုတာတွေဟာ လူသားတိုင်းရဲ့ ဘဝ အပြောင်းအလှည့်ဆိုတာ ရှိကြတာပါပဲ။

မန္တလေးရှိရေ . . . ယောက်ျားလေးနဲ့ မိန်းကလေးဆိုတာ ဖိုတတ်နဲ့ မတတ် မဟုတ်လား။

ယောက်ျားလေးက မိန်းကလေးရဲ့ လက်ကလေးကို ထိမိရုံနဲ့ ကြက်သီးတွေ ဖျန်းကနဲဖြစ်တတ်

www.burmeseclassic.com

www.burmeseclassic.com

သလို၊ မိန်းကလေးမှာလည်း ယောက်ျားလေးတစ်ယောက်နဲ့ ဖောင့်ဖွာရုံ အထိအတွေ့လေးတွေ ဖြစ်ရုံနဲ့ ရီးတိုးရွတ ဖြစ်ကာ ကြက်သီးမွေးညင်းများ ထသွားတယ်ဆိုတာ တကယ်တော့ လောကီအာရုံ ကာမဂုဏ်တွေပဲပေါ့ မန္တနီရေ။

အသက်ကြီးတာ/ငယ်တာ အကြောင်းမဟုတ်ပါဘူး။ ဘုရားရှင်လက်ထက်တော်က အကြောင်းပြောချင်လို့ပါ။ ဘုရားရှင်ကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူစဉ်ကပဲ မန္တနီရေ။

ရဟန်းတော်တစ်ပါးကို အပျိုကြီးက မူယာမာယာနဲ့ နှစ်သက်လာအောင် လုပ်တယ်။ ရေးရေးသော ဘဝရေစက် ပရံပရတွေကြောင့် ကိုယ်တော်ချောမှာ သံသရာ ဝဋ်ဆင်းရဲမှ ထွက်မြောက်ရန် ရည်ရွယ်ပြီး သင်္ကန်းဝတ်ခဲ့သော်လည်း "မ"ဆိုတဲ့ မအတုနဲ့ တွေ့တော့ ဘာရမလဲ၊ လူထွက်လိုသော စိတ်တွေ တဖွားဖွားဖြစ်နေတော့သတဲ့။ ပျော်ပါတယ်ဆိုတဲ့ သာသနာတော်မှာ ပျင်းလာပြီး အလင်းမှ အမှောင်တွင်း ခုန်ဆင်းလို့လာပြီလေ။

ဘုရားရှင်ကိုယ်တော်မြတ်ကြီး သိတော်မူသောအခါ-

"ချစ်သား . . . ငါဘုရားသာသနာတော်၌ မပျော်ပိုက်တော့ဘူး၊ ငြီးငွေ့တယ်ဆိုတာ မှန်သလား"

လို့ မေးတော်မူပါတယ်။

"မှန်လှပါ မြတ်စွာဘုရား။ တပည့်တော် သာသနာတော်၌ တကယ်မပျော်ပိုက်တော့ပါ ဘုရား"

လို့ လျှောက်ထားတယ်။

မလိမ်ရဲဘူး။ အဲဒီတုန်းက လိမ်တယ်ဆိုတာ မကြားဘူးပါဘူး။ အမှန်ကို အမှန်အတိုင်း လျှောက်ထားကြတယ်။ ဒီတော့ ဘုရားရှင်က -

"ချစ်သား . . . အဘယ်ကို အကြောင်းပြုပြီး ငါဘုရားသာသနာတော်မှာ ငြီးငွေ့တာလဲ"

လို့ မေးပါတယ်။

ဟုတ်ပါလေရဲ့၊ သာသနာတော်မှာ မပျော်ပိုက်ပါဘူးလို့ လျှောက်ထားလာမှတော့ အကြောင်းရှိရမယ်။

"မှန်လှပါ မြတ်စွာဘုရား။ အပျိုကြီးတစ်ဦးကို တွေ့ရသည့်အတွက် တပည့်တော်စိတ်တွေဟာ သာသနာတော်မှာ မပျော်ပိုက်တော့ဘဲ လူထွက်လိုသော ဆန္ဒတွေ ဖြစ်ပေါ်နေပါတယ် ဘုရား"

ထိုအခါ ဘုရားရှင်က -

"ချစ်သား ရဟန်း . . . သင်သည် ယခုအခါ၌သာလျှင် ဤအပျိုကြီးသည် ချစ်သားကို အကျိုးမဲ့ပြုသည် မဟုတ်သေးဘူး။ ရှေးကလည်း သင်သည် အပျိုကြီး၏ လက်ထ ထိမ်းမြားသောနေ့၌ အသက်သေခြင်းကို ရောက်ပြီး လက်သ ဟင်းလျာဖြစ်ခဲ့ဖူးချေပြီ"

ဟူ၍ ဘုရားရှင် မိန့်တော်မူလေ၏။

♦♦♦

တစ်ခုသောရွာလေးသည် လယ်ယာချောင်းမြောင်းနှ သာယာလှပေ၏။ ထိုရွာတွင် လယ်ယာလုပ်ငန်းဖြင့် အသ အတင့် ချမ်းသာသောသူတစ်ဦးရှိ၏။ ထိုသူသည် လယ်ယ လုပ်ငန်းဆောင်ရွက်ရာ၌ နွားညီနောင်တစ်ရှဉ်းကို အား အမှီပြုပြီး လုပ်ကိုင်စားသောက်ကြ၏။ ငွေအပိုအလျှံလေ ရစေတော့ ဆိုပြီး ဝက်လေးတစ်ကောင်ကိုလည်း မွေးမြူထ ၏။ ထိုသူတွင် ချစ်လှစွာသော ဇနီးနှင့် တစ်ဦးတည်းသေ သမီးလေးလည်း ရှိ၏။

ထိုရွာလေးမှာတော့ သူဌေးဟူ၍ အခေါ်ခံရသ သူဌေးကတော်၊ သူဌေးသမီးဟူ၍လည်း ခေါ်ကြ၏။

နွားညီနောင်သည် တောင်ယာလယ်ခွင် လုပ်ကိုင် ၌ ပိုင်ရှင်များနှင့် အတူတကွ ရုန်းကန်ရသည့်အတွ တောင်သူလယ်သမားများက စီးပွားဖက် ကျေးဇူးရှင်တွေဟု ၍ ခေါ်ကြ၏။

(စာရေးသူ ပဲခူးမြို့မှာ နေစဉ်က နယ်ဘက် ရေ ရောက်သောအခါ နွားများကို လယ်သမားများက စီးပွ ဖက် ကျေးဇူးရှင်တွေဆိုပြီး လယ်ယာလုပ်ရာ၊ ထွန်ယက် ၌ မဆဲမဆိုဘဲ လက်မှာ ကိုင်ထားတဲ့ ကြိမ်နဲ့ တို့ရုံသ တို့ပြီး "ရှန်းကွ၊ သွားဦးကွ၊ နေမမြင့်ခင်လေး"ဆိုပြီး ပြေ ကြတယ်။ နွားစာကျွေးတော့လည်း မြက်တို့ ပြောင်းပင်တို့ နုပ်နုပ်စဉ်းပြီး ဖွဲနှ နုမ်းဖတ်တို့ဖြင့် ရောပြီး နွားစားကျင်းတွ ရေနဲ့ ဖျော်၍ ကျွေး၏။ ဘယ်လိုပင် စီးပွားဖက် ကျေးဇူးရှ တွေ ဖြစ်သော်လည်း မြက်ကိုသာ စားရ၏။ ညသိပ်ပြန်သေ အခါ ခြင်ထောင်ကြီးတွေ ချပ်ပြီး နွားများကို အိပ်စေ ညတစ်ရေးနိုး နွားများကို သေးတယ်သေး၏။ ပဲခူးမြို့တော ဘက် စည်တီးအရပ်မှာ တွေ့ရ၏။)

ထိုအိမ်မှာ မွေးထားသော ဝက်ပျိုလေးကိုကား ဆန် ထမင်း၊ ပုန်းရည်ဟင်းကို ကျွေး၏။ ဝက်ပျိုလေးကား အိ လိုက်၊ စားလိုက်၊ ရေချိုးလိုက်နှင့် ဘာမှမလုပ်ရဘဲ ကော ကောင်းအိပ်၊ ကောင်းကောင်းစားဖြင့် အပျော်ကြီး ပျော် ၏။

ထိုအခါ တောင်ယာခွင်ဝင်ပြီး နွေးသမဟု အကျိုးဆောင်ပေးနေရသော "မဟာလော"နဲ့ "



www.burmeseclassic.com

www.burmeseclassic.com



လောဟိတ"နွားညီနောင်တို့တွင် ညီငယ် စူဠလောဟိတ နွားငယ်က ဘဝင်မကျဖြစ်မိသတဲ့။

တိရစ္ဆာန်ဖြစ်တဲ့ သူတို့ပြောတဲ့စကား နားမလည်လို့သာ။ တောအရပ်ဒေသမှာ အချိန်မရှိလည်း လှည်းနဲ့ ခရီးသွားလည်း သူတို့ တာဝန်ထမ်းဆောင်ကြရတယ်။ စောပါသေးတယ်၊ အိပ်ချင်သေးလို့၊ ဘာဆင်ခြေဆင်လက်မှ မရဘူး။ အိပ်နေရာက မထလျှင်လည်း ကြိမ်တံများနဲ့ အရိုက်ခံရသေးတယ်။

ဒီတော့ ညီငယ် စူဠလောဟိတက တစ်နေ့မှာ အစ်ကိုကြီး မဟာလောဟိတကို ပြောတယ်။

"အစ်ကိုကြီးရာ…ကြည့်စမ်းပါဦး။ အိမ်မှာ စီးပွားရေးအဆင်ပြေအောင် ပဲ၊ ဂျုံ၊ ပြောင်း၊ ဆန်၊ စပါးတွေ ရအောင် တို့ညီအစ်ကိုဖြင့် အားအင်တွေအပြည့်နဲ့ ရုန်းလိုက်ရတာ ဖတ်ဖတ်ကို မောလို့"

လို့ ပြောလိုက်တယ်။

အစ်ကိုကြီးဖြစ်တဲ့ မဟာလောဟိတက…

"အေးလေ၊ အဲဒါ ဘာဖြစ်လို့လဲ ညီငယ်ရ"

"ဘာဖြစ်ရမှာလဲ အစ်ကိုကြီးရာ။ အလုပ်လုပ်ရတော့ ကျုပ်တို့ညီအစ်ကိုက လုပ်ရတယ်။ ဇိမ်ကျကျနေရတော့ ဟိုအကောင်ပေါ့"

ညီငယ် စူဠလောဟိတက ဝက်ပျိုလေးကို ကြည့်ပြီး ပြောတယ်။

"ဒီလိုမကြည့်နဲ့ ငါ့ညီရာ။ ဘဝချင်းတူပေမယ့် ခြားနားမှု မတူဘူး ငါ့ညီရ"

"မဟုတ်ပါဘူး အစ်ကိုကြီးရာ။ ကျုပ်တို့ကျတော့ မြက်ကိုသာ စားရတယ်။ ဘာအလုပ်မှ မလုပ်တဲ့ ဟိုအကောင်ကျတော့ ဆန်ကွဲထမင်း၊ ပုန်းရည်ဟင်းနဲ့ ကျွေးတယ်။ အဲဒါ မကျေနပ်လို့ပေါ့"

ထိုသို့ နွားညီနောင် စကားပြောနေစဉ် တိုက်အိမ်ကြီးပေါ်က သူဌေးသမီး၏ သာယာသော သီချင်းသံကို ကြားရ၏။

သီးခြား အဆောင်လေးတစ်ခုအတွင်းက ဝက်ပျိုလေးကလည်း ဆန်ကွဲထမင်း၊ ပုန်းရည်ဟင်းနဲ့ တဂွတ်ဂွတ်စားပြီး နေ၏။

အစ်ကိုကြီးဖြစ်တဲ့ မဟာလောဟိတက…

"ငါ့ညီ တိုက်အိမ်ကြီးအပေါ်ထပ်က သာယာတဲ့ သီချင်းသံကို ကြားရဲ့လား"

လို့ မေးတယ်။

"ကြားရတယ် အစ်ကိုကြီး"

"အေး၊ အဲဒါ သူဌေးသမီးရဲ့ အသံပဲကွ"

"အမလေး…အစ်ကိုကြီးရယ်၊ ဘာများလဲလို့၊ ဟုတ်တယ်လေ။ သူဌေးသမီးရဲ့ သီချင်းသံပဲ။ ကြားသားပဲ"

အစ်ကိုကြီးဖြစ်တဲ့ မဟာလောဟိတက…

"တခြားမဟုတ်ဘူး ငါ့ညီ။ အဲဒီ ဝက်စားနေတဲ့ အစာကို ငါ့ညီ မမက်မောပါနဲ့။ အဲဒီဝက်ဟာ သေစာကို စားနေတာနဲ့ အတူတူပဲ"

"ဘယ်လိုကြောင့်မို့လို့လဲ အစ်ကိုရ"

"ငါ့ညီ…ဒီဝက်ကို ကောင်းသောအစာကျွေးနေတာက ဒီသူငယ်မရဲ့ လက်ထပ်ထိမ်းမြားသောပွဲမှာ ဧည့်သည်တို့အတွက် လက်သုပ်ဟင်းလျာဖြစ်ဖို့ရန်အတွက်ပဲ ငါ့ညီ"

ဟုတ်ပါ၏။ မကြာလှသော ရက်ကောင်းရက်မြတ်ရွေးချယ်ပြီးအချိန်ဝယ် ထိုသူဌေးအိမ်သို့ မင်္ဂလာပွဲအတွက် စည်းဝေးတိုင်ပင်ကြရာ ထိုဝက်ကို သတ်၍ မင်္ဂလာဧည့်ခံပွဲ ကျွေးပကြရန် ဖြစ်လေ၏။

မင်္ဂလာအကြိုညတစ်ညတွင် ဝက်ပျိုလေးသည် ရှိသမျှအသံကုန်ဟစ်၍ အော်ရာ၏။ အော်ရာပေမပေါ့။ အရပ်ကဆိုးဆိုး၊ အသားက မည်းမည်း၊ ပုဆိုးကို ခါးတောင်းမြှောင်အောင် ကျိုက်ပြီး ဓားချွန်ချွန်နဲ့ အရှိုက်ကို ဓားအဆုံးထိထိုးသွင်းလိုက်သည့်အတွက် "ကယ်တော်မူကြပါ"လို့ အသံကုန်ဟစ်၍ အော်လိုက်ခြင်းဖြစ်၏။ မကြာလှပါ။ ဝက်ပျိုလေး၏ အသံငြိမ်ပြီး နောက်ထပ် အသံမကြားရတော့ချေ။

လက်ထပ်မင်္ဂလာပွဲ၌ သတို့သား သတို့သမီးတို့သည် လာလာသမျှသော ဧည့်ပရိသတ်တို့အား ဝက်သားဟင်းလျာ

www.burmeseclassic.com

www.burmeseclassic.com

နှင့် မြိန်မြိန်ကြီး ညှော်ခံကျွေးမွေးကြလေ၏။

ဝက်ပျိုလေး ပျော့ရွှင်စွာနဲ့ လူးနေသော ရေအိုင်၊ ဆန်ကွဲထမင်း၊ ပုန်းရည်ဟင်းနဲ့ စားနေသော ခွက်နဲ့ တဲကလေးအား ပိုင်ရှင်ကင်းမဲ့နေတော့၏။

♦♦♦

နွားညီနောင်တို့သည် နုပ်နုပ်စဉ်းထားသော မြက်ကို ဖွဲနုနှင့် ရောနှောဖျော်ထားသော အစာကို မြိန်မြိန်ယှက်ယှက် စားနေရင်း…

"ငါ့ညီ ဝက်ပျိုစားသော ဆန်ကွဲထမင်း၊ ပုန်းရည်ဟင်းနဲ့ စားချင်သေးလား"

လို့ မေးတယ်။

"တော်ပါပြီ အစ်ကိုကြီးရာ။ အေးအေးလူလူ မြက်ကိုပဲ စားပါတော့မယ်"

ဟု ဖြေသောအခါ မဟာလောဟိတ နွားလားအစ်ကိုကြီးက…

"ဟုတ်တယ် ငါ့ညီ။ ငါတို့စားနေတဲ့ မြက်၊ သစ်ရွက်၊ ဖွဲနုတို့ဟာ အဆာအရာ အထောင်မက မြတ်တယ်။ အပြစ်လည်း ကင်းတယ်။ အသက်ရှည်ခြင်းရဲ့ လက္ခဏာတွေပဲ"

ဟု ပြောလိုက်၏။

ဇာတ်တော်ကို ပြန်ပြောင်း မိန့်ကြား ဟောတော်မူ သောအခါ လူထွက်လိုသော ရဟန်းကို ဘုရားရှင်က -

"ဤမိန်းမပျိုကို မှီ၍ သင်ရဟန်း လက်သုပ်ဟင်းလျာ ဖြစ်ခဲ့ဖူးချေပြီ"

ဟု မိန့်တော်မူသည်။

လူထွက်လိုသော ရဟန်းသည် သောတာပန်ဖြစ်သွား ၏။ အရှင်အာနန္ဒာမထေရ်သည် ထိုစဉ်က ညီငယ် စူ လောဟိတဖြစ်ခဲ့ပြီး ငါဘုရားရှင်သည်ကား မဟာလောဟိတ ဖြစ်ခဲ့ချေပြီ"

ဟု ဇာတ်တော်ပေါင်း၏။

♦♦♦

မန့်ရှီရေ…မများသော ရှေ့နေ၊ မသေသော ဆေးသမား ဆိုတာလိုပဲ၊ ဒီတစ်ပတ်၊ ဒီတစ်လမှာ "မြက်ကိုပဲ စားတော့ မယ်"ဆိုတဲ့ ၅၅၀ မှနိက,ဇာတ်ကို ဖတ်ပြီး မောင်ထေ ရဟန်းတော်အတွက် သာသနာ့တာဝန်တွေကို ထမ်းဆောင် နေတာ တွေ့မြင်ရပြီး ဝမ်းသာနေမယ်လို့ ထင်ပါတယ် မန့်ရှီ။

* * *

ဓေဝသူ(ဆိပ်နှ

မြန်မာနိုင်ငံဝေဒသုတေသနပညာရှင်

**ဓမ္မာစရိယ ဆရာဦးအောင်ကျော်မိုး**

(နက္ခတ်ဗေဒင်၊ ယတြာ အခါပေးပညာရှင်)

လူသားတို့အတွက်

- အတွဲညီသောအိမ်ထောင်ဖက်
- အကျိုးပြုသောအလုပ်အကိုင်နှင့် နေရပ်
- ရှေးဘဝကတည်းက အထုံပါခဲ့သော ပညာရပ်
- ကျန်းမာရေး၊ ဘာသာရေး စည်တို့ကို နေ့စဉ် ဟောပြောပေးနေသည်။
- အိမ်၊ ခြံ၊ မြေ ပန္နက်ရိုက် အခါပေးနှင့် ရောင်းအဝယ်အစီအမံယတြာများ ပြုလုပ်ဆောင်ရွက်ပေးသည်။

ဟောခန်းလိပ်စာ

စီ- ၅၊ အမှတ် (၁၆၇/၁၇၃) ဆိပ်ကမ်းသာရိပ်မွန်၊ ဆိပ်ကမ်းသာလမ်း၊ ရန်ကုန်မြို့။

ဖုန်း - ၃၉၂၂၄၃

www.burmeseclassic.com

www.burmeseclassic.com

ကျန်းမာရေး

# ဆီးချိုကို ပျောက်စေတဲ့ ရုံးပတီသီး

■ သျှင်ဇေထွေး (သန်လျင်)

ဆီးချိုဆိုတာ အဖြစ်များတဲ့ ရောဂါတစ်မျိုးပါ။

ဆင်းရဲချမ်းသာမရွေး ဆီးချိုရောဂါကြောင့် ဒုက္ခတွေ ရောက်နေကြတာ အများစုပါပဲ။

ဆီးချိုရောဂါကို အသံတိတ် လူသတ်သမားလို့တောင် အမည်ပေးထားကြပါတယ်။

အခုပြောပြမယ့် ဆေးနည်းလေးကတော့ ဟင်းချက်စားစရာ အသီးအနှံတစ်မျိုးနဲ့ ပတ်သက်ပါတယ်။ ရုံးပတီသီးကို လူတိုင်းအားလုံးသိကြသလို၊ ရာသီမရွေး အလွယ်တကူ ဈေးထဲမှာ ဝယ်လို့ ရပါတယ်။

ရုံးပတီသီးရဲ့ အစွမ်းထက်ပုံကတော့ ဆီးချိုတင် မကပါဘူး သွေးချိုကိုပါ လျော့ကျ ပျောက်ကင်းစေပါတယ်။ အသုံးပြုနည်းကတော့ အောက်ပါအတိုင်းဖြစ်ပါတယ်။

ညအိပ်ရာဝင်ခါနီးအချိန်မှာ လတ်ဆတ်တဲ့ ရုံးပတီသီးနှစ်တောင့်ကို အသင့်ပြင်ထားပါ။ သန့်ရှင်းစင်ကြယ်အောင် ရေဆေးပါ။ ပြီးရင်တော့ နှစ်တောင့်စလုံးရဲ့ ထိပ်နှစ်ဖက်ကို ဖြတ်ပါ။ နောက်တစ်ခါ ရုံးပတီသီးတောင့်ရဲ့ မျက်နှာပြင် အလယ်မှာ ဓားနဲ့ အပေါက်လေးများ ဖောက်ပေးပါ။

ညအိပ်ရာဝင်ခါနီးအချိန်မှာ ရေအပြည့်ဖြည့်ထားတဲ့ ဖန်ခွက်ကြီးထဲကို စောစောက ပြောထားတဲ့အတိုင်း လုပ်ထားတဲ့ ရုံးပတီသီးနှစ်တောင့်ကို ထည့်ပြီး စိမ်ထားပါ။ ပိုးမွှားတွေ မဝင်အောင် အဖုံးဖုံးထားပေးပါ။

မနက်အိပ်ရာထလို့ အဆာပြေစာ မစားခင်အချိန်မှာ စိမ်ထားတဲ့ ရုံးပတီသီးနှစ်တောင့်ကို ဖန်ခွက်ထဲမှ ဆယ်ယူလိုက်ပါ။ ဖန်ခွက်ထဲက ရုံးပတီသီးစိမ်ရည်ကို အားပါးတရ သောက်လိုက်ပါ။

အဲဒီလို နေ့စဉ်ရက်ဆက် သောက်ကြည့်လိုက်တဲ့အခါ သီတင်းနှစ်ပတ်ကြာတဲ့အချိန်မှာ သင့်ရဲ့ သွေးထဲမှာ ရှိတဲ့ သကြားဓာတ်ကို ပြန်ပြီး စစ်ဆေးကြည့်လိုက်ပါ။ သွေးထဲမှာ သကြားဓာတ်တွေ လျော့နည်းသွားပါလိမ့်မယ်။ တစ်လပြည့်တဲ့အထိ စွဲသောက်ရင်တော့ သိသိသာသာ ကျဆင်းသွားပါလိမ့်မယ်။

နာတာရှည် ဒုက္ခပေးနေတဲ့ ဆီးချိုရောဂါကို ရုံးပတီသီး စိမ်ရည်သောက်သုံးခြင်းဖြင့် တွန်းလှန်နိုင်ပါတယ်။ ဘေးထွက်ဆိုးကျိုးလည်း မရှိသလို၊ ငွေကုန်ကြေးကျလည်း သက်သာတဲ့ ဆေးနည်းကောင်းတစ်လက်ဖြစ်ကြောင်း မျှဝေပေးလိုက်ပါတယ်။ ■

* * *

သျှင်ဇေထွေး(သန်လျင်)



www.burmeseclassic.com

www.burmeseclassic.com



ထွန်းမြကျော်

# ညောင်ပင်ကြီးနှင့် တောကြောင်ကလေးများ

illustration by shweaungkyaw34@gmail com

နေကို မော့ကြည့်သည်။ နေ အတော်လေး စောင်းသွားပြီ။ နာရီကို ကြည့်လိုက်တော့ သုံးနာရီကျော်။ ရဲဘော်များလည်း ခြေပန်းလက်ပန်းကျ ကုန်ကြပြီ။ တောတောင်ထူထပ်သော မံစီမြို့နယ်။ တောကြမ်း တောင်ကြမ်း ခရီးကြမ်းများကိုချည်း မနားတမ်း သွားနေကြရသဖြင့် သက်သာခွင့်ဟူ၍လည်း မရှိပေ။

"ဗိုလ်ကြီး・・・ဘယ်မှာ စခန်းချ

www.burmeseclassic.com

www.burmeseclassic.com

ကြမှာလဲ"

တပ်စု တပ်ကြပ်ကြီး ထွန်းရီက ကျွန်တော့်ကို မေးသည်။ ကျွန်တော်က ပတ်ဝန်းကျင်အခြေအနေကို ကြည့်လိုက်သည်။ ရန်သူနယ်မြေဖြစ်၍ အစစအရာရာ ဆင်ခြင်ပြီး နေနိုင်မှ တော်ရုံကျသည်။ တစ်ချက်မှားလျှင် တားဆီး၍ မရနိုင်သည်အထိ ထိန်းမရ သိမ်းမရ ဖြစ်သွားတတ်သည်။

"ဟိုရှေ့က ညောင်ပင်ကြီးအောက်မှာ ခဏနားမယ်ဗျာ။ ပြီးတော့ ချက်ချင်း ကင်းရှည်ထုတ်ပါ။ နယ်မြေအခြေအနေတွေကို သိရအောင် ကျွန်တော် ရွာသူကြီးတွေနဲ့ တွေ့လိုက်ဦးမယ်"

နားသည်နှင့် တပ်စု စစ်ကြောင်းတည်နေရာနှင့်တကွ ချက်ချင်း စက်ထောင်ပြီး တပ်ရင်း၏ ညွှန်ကြားချက်ကို ခံယူရသည်။ ထို့ကြောင့် ဆက်သွယ်ရေး တပ်သားလေးက ညွှန်ကြားချက်အကြောင်းကို ကျွန်တော့်အား ပြန်ပြောပြသည်။

"ဒီည ဒီနေရာမှာ အိပ်ခိုင်းပါတယ်။ လှုပ်ရှားမှုအစီအစဉ်ကိုလည်း ဆက်လက်ပြီး ညွှန်ကြားမယ်လို့ ဆိုပါတယ် ဗိုလ်ကြီး"

"အေး၊ ကောင်းပြီ။ ဆရာကြီးကို ခေါ်လိုက်ပါ"

ဆရာကြီး ချက်ချင်းရောက်လာသည်။

"ဆရာကြီးရေ…ဒီည ဒီညောင်ပင်ကြီးအောက်မှာပဲ စခန်းချ ရပ်နားမယ်ဗျာ"

"ဟုတ်ကဲ့ ဗိုလ်ကြီး။ ကျွန်တော် အခုပဲ ရဲဘော်တွေကို နေရာချထားလိုက်ပါ့မယ်"

ဆရာကြီးနှင့် စကားပြောနေတုန်းမှာပင် ရွာသူကြီး သုံးယောက်တို့ ရောက်လာကြသည်။ ထို့ကြောင့် သူတို့နှင့် စကားပြောရပြန်သည်။ သည်နေရာဒေသ၏ နယ်မြေအခြေအနေများကို ဒေသခံများထံမှသာလျှင် ရယူရသဖြင့် ဒေသခံတို့၏ သတင်းပေးစကားသည် အလွန်မှ အရေးပါသည်။

"ဗိုလ်ကြီး…ဒီညောင်ပင်အောက်မှာ စခန်းမချပါနဲ့"

ဟု ရွာသူကြီးက ပြောသည်။

"ဘာဖြစ်လို့လဲ သူကြီး။ အကြောင်းထူးများ ရှိပါသလား"

"ဒီညောင်ပင်က နတ်ကြီးတယ်ဗျ။ ဒါကြောင့် ဖြစ်နိုင်ရင်တော့ ဒီညောင်ပင်အောက်မှာ စခန်းမချရင် ကောင်းမယ်"

"တစ်ညပဲ အိပ်မှာပါ။ ဒီညောင်ပင်ကြီးက အရိပ်လည်း ကောင်းတယ်။ ကုန်းမြင့်ဖြစ်လို့ အပေါ်စီးကလည်း ရတယ်လေ။ ဒါကြောင့် အသင့်တော်ဆုံးမို့ပါ"

"ဒါဆိုလည်း ဗိုလ်သဘောပဲ"

ဆရာကြီးလည်း ရွာသူကြီးနှင့် ကျွန်တော်တို့ စကားပြောနေကြသည်ကို တွေ့ပြီး ရပ်ကြည့်နေသည်။ ဘာဆက်လုပ်ရမှန်းမသိဖြစ်နေဟန်ရှိသည်။

"ကဲ - ဆရာကြီး ဆက်သာလုပ်ဗျာ"

အချိန်က ညနေ ၄ နာရီခွဲနေပြီ။ ရဲဘော်များလည်း ကင်းစောင့်သူ၊ ထင်းခွဲသူ၊ ရေခပ်သူ၊ ဖိုခုံလောက်တည်သူဟု မရပ်မနားလုပ်နေကြသည်။ ထို့နောက်မှာ ကျွန်တော်လည်း ရွာသူကြီးများနှင့် စကားပြန်ဆက်ဖြစ်သည်။

"ဒီညောင်ပင်ကြီးသက်တမ်းက ဘယ်လောက်ရှိပြီလဲ သူကြီး။ အရိပ်လွှမ်းနေတာတောင် ပေ ၂၀၀ကျော်မယ်။ သက်တမ်းက နည်းမယ်မထင်ဘူး"

"ဟုတ်တယ် ဗိုလ်လုံး။ နှစ် ၃၀၀ ကျော်လောက်တော့ ရှိလိမ့်မယ်ထင်တာပဲ။ ရွာတည်စကပင် ရှိတယ်လို့ ကြားဖူးပါတယ်"

သက်တော်ရှည် ညောင်ပင်ကြီး၏ အကြောင်းကို သူတို့လည်း အတိအကျ မပြောနိုင်ကြပေ။ ညောင်ပင်ကြီးက စိတ်ဝင်စားဖွယ်ကောင်းလောက်သည်အထိ ကြီးပြီး အရိပ်လည်း ကောင်းသည်။ ညောင်ရိပ်ကားအလွန်ထူးဆန်းသည်။ ပူချိန်တွင် အေးပြီး အေးချိန်တွင် နွေးသည်ဟု မှတ်သားဖူးသည်။

သို့သော်လည်း ရှေ့တန်းနယ်မြေဖြစ်သော ဤနေရာ၊ ဤအရပ်၌ ဤစကားသည် အဓိကမကျပေ။ နယ်မြေအကြောင်းနှင့် ရန်သူတို့၏ သတင်းသည်သာ အရေးပါသည်။ ထို့ကြောင့် နယ်မြေသတင်း၊ ရန်သူတို့၏ အကြောင်းများကို မေးမြန်းစုံစမ်းပြီး ရွာသူကြီးများကို ပြန်လွှတ်လိုက်သည်။

ရွာသူကြီးများ ပြန်သွားကြချိန်တွင် ညနေ ၆နာရီထိုးနေပြီ။ တောရိပ်တောင်ရိပ်နှင့် ညောင်ပင်ကြီး၏ အရိပ်ရှိနေခြင်းကြောင့် မှောင်စပင် ပြုလာနေချေပြီ။ ၇နာရီအချိန်တွင် တပ်စိပ်သုံးစိပ် အလှည့်ကျ ထမင်းစားကြသည်။ ထမင်းဟင်း စားသောက်ပြီးနောက် ကျောပိုးအိတ်ကို ခေါင်းအုံးပြီး အနားယူနေချိန်တွင် ဆက်သွယ်ရေးတပ်သားလေးက သတင်းပို့သည်။

"ဒီနေရာမှာ နှစ်ရက်နားပါတဲ့ ဗိုလ်ကြီး။ လှုပ်ရှားမှုအစီအစဉ်ကိုတော့ စောင့်ပါဦးတဲ့"

"အေး・・・・အေး၊ ကောင်းတာပေါ့ကွာ။ မင်းတို့လည်း အနားယူကြတော့"

တစ်လလုံးလုံး တစ်ရက်မှ မနား

www.burmeseclassic.com

www.burmeseclassic.com

ရသေးဘဲ တောလျှိုမြောင်ကြားတွေကို ဖြတ်ကျော်လိုက်၊ တစ်နေကုန် တစ်ရွာဝင် တစ်ရွာထွက်သွားလိုက်၊ ညရောက်တော့ စခန်းချ၊ မနက်ဆက်ထွက်လိုက်နှင့် ရှိလာခဲ့ရာ သည်နေရာတွင် နှစ်ရက်ကြီးများတောင် နားခွင့်ရကြသည်ဟု ဆိုသဖြင့် အပျော်ကြီး ပျော်နေကြသည်။ ထို့ကြောင့် ခေါင်းချသည်နှင့်ပင် အိပ်ပျော်သွားကြလေသည်။

◆◆◆

"ဗိုလ်ကြီး…ဗိုလ်ကြီး ထပါဦးဗျ"

"ဟင်…ဘာ…ဘာတုန်း"

ကျွန်တော် အိပ်ပျော်နေရာမှ လန့်နိုးပြီး သေနတ်ကို ကောက်ကိုင်ကာ အသင့်အနေအထားပြင်ဆင်လိုက်သည်။

"ရဲဘော် မောင်ဝင်း…သူ့ကပ်ပယ်အိတ်ကို လက်နဲ့ ဆုပ်ကိုင်ပြီး အော်နေပါတယ်။ ကျွန်တော်တို့ မေးတော့လည်း ဘာမှမပြောဘူး"

"အေး…အေး၊ လာခဲ့မယ်"

"ကျွန်တော် ဓာတ်မီးကို ကောက်ထိုးပြီး ချက်ချင်းထလိုက်သွားသည်။ ဟုတ်သည်။ ရဲဘော် မောင်ဝင်းသည် သူ၏ ကပ်ပယ်အိတ်ကို လက်ဖြင့် ဆုပ်ကိုင်ပြီး လူးလိမ့်အော်နေသည်ကို တွေ့လိုက်ရသည်။ ထို့ကြောင့် ကျွန်တော်လည်း အလွန်အမင်း စိုးရိမ်သွား၏။

"မောင်ဝင်း…မင်း ဘာဖြစ်တာလဲ"

"ဗိုလ်ကြီး… ကျွန်တော့်ကို ကယ်ပါဦးဗျ"

မောင်ဝင်းက ထိုမျှသာ ပြောနိုင်ပြီး သူ၏ ကပ်ပယ်အိတ်ကို ဆုပ်ကိုင်ပြီး လူးလိမ့်အော်နေလေသည်။ မျက်နှာမှာလည်း ချွေးသီးချွေးပေါက်နှင့် မျက်ရည်များဖြင့် စိုရွှဲနေသည်။

> ❝
> ရဲဘော်မောင်ဝင်းလည်း
> တုန်တုန်ယင်ယင်ဖြင့်ပင်
> လှစ်ပြလိုက်သည်။
> ဤတွင် ကျွန်တော်
> တအံ့တဩဖြစ်သွားရသည်။
> ကျွန်တော်ရောက်စက
> သာမန်ထက် မပိုသော
> ရဲဘော်မောင်ဝင်း၏
> ကပ်ပယ်အိတ်သည်
> ယခုတစ်ဖန် ကြည့်လိုက်ရာ
> သုံးဆနီးပါးခန့် ပိုကြီးနေသည်ကို
> တွေ့လိုက်ရသည်။
> ထို့ကြောင့် ရဲဘော်များနှင့်
> ရွာသူကြီးများလည်း
> အံ့အားသင့်ကုန်ကြသည်။
> ❞

"တပ်စိပ်မှူး မောင်ဝင်း ဘာဖြစ်တာလဲ"

"မပြောတတ်ဘူး ဗိုလ်ကြီး။ ကျွန်တော်လည်း အခုမှ နိုးလာလို့ ကြည့်လိုက်တော့ အခုလိုပဲ လူးလိမ့်အော်နေတာ တွေ့ရပါတယ်။ မေးတော့လည်း မရဘူး"

"ဒါဆိုလည်း ဒီအတိုင်းနေလို့ မဖြစ်ဘူးလေဗျာ။ ဘယ်မှာလဲ ဆေးတပ်သား"

"ဟုတ်ကဲ့ ဗိုလ်ကြီး၊ ကျွန်တော် ရှိပါတယ်"

ကျွန်တော့်နောက်တွင် ရပ်နေသော ဆေးတပ်သားလေးက လှန်လှော ကြည့်သည်။

"ဘာဒဏ်ရာမှလည်း မတွေ့ရပါလား ဗိုလ်ကြီး"

"ဒါဆို ထူးဆန်းတာပဲ။ ရဲဘော် မောင်ဝင်း၊ မင်း ဘာလုပ်မိသလဲ။ ဒီညောင်ပင်ကြီးက ထူးဆန်းပြီး နတ်ကြီးတယ်လို့ ရွာသူကြီးတွေက ပြောပြသွားကြတယ်ကွ"

ထိုမှ ရဲဘော် မောင်ဝင်းက ငိုသံပါကြီးနှင့် ပြောပြတော့သည်။

"ကျွန်တော် ညနေက ထမင်းချက်နေတုန်း တောကြောင်တစ်ကောင် အနားရောက်လာလို့ ထင်းချောင်းနဲ့ ရိုက်သတ်ပြီး ချက်စားလိုက်ကြပါတယ်။ ဗိုလ်ကြီးသိရင် ဆူမှာစိုးလို့ သတင်းတော့ မပို့ဖြစ်လိုက်ပါဘူး"

"အေး၊ ဖြစ်ပြီးမှတော့လည်း မတတ်နိုင်ဘူးပေါ့။ ဒီတော့ ဆရာကြီး ရွာထဲကို မြန်မြန်သွား၊ ရွာသူကြီးတွေကို အကျိုးအကြောင်းပြောပြပြီး ခေါ်လာခဲ့ပါ"

ဆရာကြီးလည်း ပြေးသလောက်နီးပါး မြန်သော ခြေလှမ်းများဖြင့် ရွာဘက်သို့ လျှောက်သွားလေသည်။ ထို့နောက် သိပ်မကြာမီပင် ရွာသူကြီး ငါးယောက်နှင့်အတူ ရောက်လာကြသည်။ သူတို့အထဲတွင် အသက်ရှစ်ဆယ်နီးပါးအရွယ် အဘိုးအိုတစ်ယောက်လည်း ပါလာသည်။

"ကဲ… ရဲဘော် မောင်ဝင်း ပြလိုက်ပါဦး"

ရဲဘော် မောင်ဝင်းလည်း တုန်တုန်ယင်ယင်ဖြင့်ပင် လှစ်ပြလိုက်သည်။ ဤတွင် ကျွန်တော် တအံ့တဩဖြစ်သွားရသည်။ ကျွန်တော်ရောက်စက သာမန်ထက် မပိုသော ရဲဘော် မောင်ဝင်း၏ ကပ်ပယ်အိတ်သည် ယခုတစ်ဖန်

www.burmeseclassic.com

www.burmeseclassic.com

ကြည့်လိုက်ရာ သုံးဆနီးပါးခန့် ပိုကြီးနေသည်ကို တွေ့လိုက်ရသည်။ ထို့ကြောင့် ရဲဘော်များနှင့် ရွာသူကြီးများလည်း အံ့အားသင့်ကုန်ကြသည်။

"ဘာမှ မစိုးရိမ်ကြပါနဲ့ ငါ့မြေးတို့ရယ်။ အားလုံး အဆင်ပြေသွားမှာပါ"

ဟု ပြောပြီး အသက်အကြီးဆုံး အဖိုးအိုသည် သူကိုင်ယူလာသော သပြေနှင့်ညွန့် ကွမ်းတစ်ယာ၊ လက်ဖက်တစ်ပွဲ သောက်ရေတစ်ခွက်နဲ့ ဖယောင်းတိုင်တစ်တိုင်တို့ကို ပြင်ဆင် ညှိထွန်း ပူဇော်နေသည်။ အဖိုးအို၏ ပါးစပ်ကတိုးတိုးလည်း ရွတ်ဆိုနေသည်။ ဘယ်လို ဂါထာမန္တန်များကို ရွတ်ဆိုနေသည်ဟုလည်း သဲကွဲစွာဖြင့် မကြားရပေ။

ထို့နောက် မောင်ဝင်းကို လက်ယပ်ခေါ်ပြီး ညောင်ပင်ကြီးဘက်ကို မျက်နှာမူ၍ ထိုင်ခိုင်းကာ အဖိုးအို တိုင်ပေးသည်ကို လိုက်ဆိုခိုင်းသည်။ လိုက်ဆိုနေရင်းဖြင့်ပင် မောင်ဝင်း၏ မျက်နှာလန်းဆန်းပြီး ကြည်လင်လာသည်။ လက်ရှိ ခံစားနေရသော ရက္ခစိုး နတ်မင်းအား တောင်းပန်သည့် စကားသံမျိုးပါလာသည်။ တောင်းပန်ပြီး ၁၀မိနစ်ခန့်တွင် အဖိုးအိုက ပြောသည်။ (အဖိုးအို၏ စကားများကို မမှတ်မိ၍ ရေးမပြနိုင်တော့သည်ကို နားလည်ပေးကြပါ။)

"ကဲ...ပြီပါဦး၊ ငါ့မြေးရဲ့"

မောင်ဝင်းက အဖိုးအိုကို အားနာနာဖြင့် လက်အုပ်ချီပြီး ပုဆိုးကို မ,တင်ပြသည်။ ထိုအခါ မူလဗီဇ နဂိုအတိုင်း(မိမွေးတိုင်း ဖမွေးတိုင်း)ကို တွေ့လိုက်ကြရ၍ တအံ့တသြပင် ဖြစ်သွားကြရသည်။ မောင်ဝင်းလည်း အကောင်းပကတိပြန်ဖြစ်သွားလေသည်။

အဖိုးအိုက နောက်ဆိုလျှင် နတ်မကြိုက်သော အရာကို တစ်စုံတစ်ခုမျှ မလုပ်မိကြစေရန် အတင်းအကျပ်ပြောဆိုပြီး သတိပေးသွားသည်။ ကျွန်တော့်မှာလည်း အဖိုးအိုကို ကျေးဇူးတင်၍ မဆုံးဖြစ်ရသည်။ မောင်ဝင်းလည်း တတ်နိုင်သမျှလေးဖြင့် အဖိုးအိုအား ကန်တော့သည်။ တပ်ကလည်း နို့ဆီ၊ သကြား၊ လက်ဖက်ခြောက်များဖြင့် ဝိုင်းဝန်းကန်တော့ကြသည်။

♦♦♦

ဆူဆူညံညံအသံများကို ကြား၍ မျက်စိဖွင့်ကြည့်လိုက်ရာ ကျွန်တော် အံ့သြ၍မဆုံး ဖြစ်သွားရသည်။ အကောင်တစ်ရာနီးပါးမျှ ရှိမည်ဟု ထင်ရသော တောကြောင်များသည် ညောင်ပင်ပေါ်မှာရော၊ ညောင်ပင်အောက်နှင့် ရဲဘော်များ၏ ခြင်ထောင်ထဲအထိ ဝင်ရောက်ပြီး ဆော့ကစားနေကြသည်ကို တွေ့လိုက်ရသည်။

ညက အဖိုးအို ဆုံးမထားခဲ့၍ ရဲဘော်များကလည်း တောကြောင်များကို မသတ်တော့ဘဲ ချစ်ခင်ယုယနေကြသဖြင့် တောကြောင်များကလည်း ရဲဘော်များကို ပြန်လည် ချစ်ခင်ကာ မေတ္တာချင်း ပေါင်းစပ်မိသွားကြပုံရသည်။ ရဲဘော်များက တောကြောင်များကို ပွေ့ဖက်ထားကြသလို တောကြောင်များကလည်း ရဲဘော်များ၏ ကိုယ်ပေါ်ကို ခုန်တက်၊ ရင်ခွင်ထဲသို့ ဝင်သောအကောင်က ဝင်၍ ဆော့ကစားနေကြသည်။

ညောင်ပင်ကြီးအောက်တွင် ကျွန်တော်အပါအဝင် တပ်စု ရဲဘော် (၂၈)ယောက် တပျော်တပါး ချက်ပြုတ်စားသောက်ပြီး တောကြောင်များကိုလည်း ကျွေးကြသည်။ တောကြောင်များလည်း ညောင်ပင်ကြီးပေါ် ပြေးတက်သွားလိုက်၊ ရဲဘော်များ၏ ကိုယ်ပေါ်သို့ ခုန်ချလိုက်နှင့် ကြည့်ရသည်မှာ ပျော်စရာပင် ကောင်းနေလေသည်။

နောက်တစ်နေ့နံနက်တွင် ခရီးထွက်ရန် ကျောပိုးအိတ်များကို ပြင်ဆင်ရင်း တောကြောင်ကလေးများနှင့် ခွဲခွာရတော့မည်ဖြစ်၍ စိတ်မကောင်းဖြစ်နေကြသည်။ ရှစ်နာရီအချိန်တွင် ရွာသူကြီးများနှင့် တောကြောင်ကလေးများကို နှုတ်ဆက်ပြီး လှုပ်ရှားတပ်စုစစ်ကြောင်းဖြစ်သောကျွန်တော်တို့သည် အထက်အမိန့်ညွှန်ကြားချက်အတိုင်း ရွာတောင်ဘက်ဆီသို့ ဦးတည်ကာ ထွက်ခွာ ချီတက်ရင်း သည်နေရာကို ဘယ်တော့ပြန်လာရဦးမလဲဟု ချစ်စရာ တောကြောင်ကလေးများနှင့် တွေ့ဆုံရမည့်ရက်ကို မျှော်မှန်းခဲ့သော်လည်း တစ်ခေါက်မျှ ပြန်မရောက်ကြတော့ပေ။

ကျွန်တော်သည် အခြေအနေအရပ်ရပ်ကြောင့် ၁၉၈၆ ခုနှစ်တွင် နယ်ဘက် စက်ရုံသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့်ရရှိပြီး အသက် ၆၀ပြည့် အငြိမ်းစားယူသည့်တိုင်အောင် မမေ့နိုင်သော သဘာဝလွန် (သို့မဟုတ်) တိုက်ဆိုင်မှုလည်း မဖြစ်နိုင်သော ဖြစ်ရပ်မှန်ကို တင်ပြရင်း တစ်ဖန်ပြန်လည်မရောက်နိုင်တော့သည့် ထိုရွာကလေးနှင့် ထိုညောင်ပင်ကြီးတွင် မှီတင်းကျက်စားနေကြသော တောကြောင်ကလေးများ အစွန့်ရှည်စွာဖြင့် သဘာဝကပေးအပ်သည့် သက်တမ်းအတိုင်း တည်ရှိနိုင်ကြပါစေလိုကြောင်း ဆုတောင်းခြင်းများစွာဖြင့်... ■

စာကြွင်း

- အချိန်ကာလ ၁၉၈၀ခုနှစ်ဝန်းကျင်။
- ကရင်ပြည်နယ်၊ မွန်ပြည်နယ်၏ ရွာတစ်ရွာ။
- စိတ်ကူးယဉ်မဟုတ်၊ ဖြစ်ရပ်မှန်။

အားလုံးကျန်းမာ၍ ချမ်းသာကြပါစေ၊
အန္တရာယ်ကင်း၍ ဘေးရှင်းကြပါစေ။

* * *

ထွန်းဇော်




www.burmeseclassic.com

www.burmeseclassic.com

# ထူးဆန်းထွေလာကမ္ဘာ

မောင်လင်းအောင်

## ကမ္ဘာ့အကြီးဆုံး ဖော့ဘူးဆို့ ပန်းချီ



ဖော့ဘူးဆို့များ ဘယ်လောက် သေးငယ်လဲ ဆိုတာကို လူတိုင်း သိရှိကြပြီးပင်ဖြစ်သည်။ ဖန်ပုလင်း၊ ဝိုင်ပုလင်း အစရှိသော ပုလင်းများတွင် အဆိုပါ ဖော့ဘူးဆို့များကို သုံးတတ်ကြသည်။ ယခုတစ်ခါမှာတော့ ထိုသေးငယ်သော ဖော့ဘူးဆို့လေးများကို အသုံးပြုပြီး ကမ္ဘာ့အကြီးဆုံး ဖော့ဘူးဆို့ ပန်းချီကြီးအဖြစ် Saimir Strati ဆိုသူက ဖန်တီးပြုလုပ်ခဲ့ပါသည်။ ဖော့ဘူးဆို့ပေါင်း ၂၂၉,၇၆၄ ခု အသုံးပြုပြီး ရက်ပေါင်း ၂၇ရက်ကြာ အချိန်ယူ ပြုလုပ်ခဲ့ရသည်။

## ကမ္ဘာ့အချောလှဆုံး မြင်း



မြင်းဝါသနာပါသူတိုင်း မြင်းချော၊ မြင်းလှ၊ အမျိုးကောင်းသော မြင်းများကို စိတ်ဝင်စားကြမည်ပင်။ ယခုပုံတွင် ပါရှိသော တူရကီနိုင်ငံမှ မြင်းမှာ ကမ္ဘာ့အလှဆုံး မြင်းအဖြစ် တရားဝင် သတ်မှတ်ခြင်း ခံထားရသည်။

## ဟယ်ရီပေါ်တာ စာရေးဆရာမ ဘီလျံနာအဆင့်မှ လျှော့ကျရသော အကြောင်းရင်း



ဟယ်ရီပေါ်တာ ဇာတ်လမ်းတွဲများ(Harry Potter) ကို လူအတော်များများ ရင်းနှီးပြီးသားဖြစ်မည် ထင်ပါသည်။ ထိုဇာတ်လမ်းတွဲများသည် ကမ္ဘာတစ်ဝှမ်းတွင် အုပ်ရေပေါင်း သန်းချီ၍ ရောင်းအားကောင်းသော စာအုပ်များ ဖြစ်သည်။ ဟယ်ရီပေါ်တာ ဇာတ်လမ်းတွဲများကို ဖန်တီးရေးသားသူ




www.burmeseclassic.com

www.burmeseclassic.com

စာရေးဆရာမ ဂျေကေရိုးလင်း(J.K. Rowling)သည် စာအုပ်ရောင်းရငွေများဖြင့် ချမ်းသာသူ ဘီလျံနာတစ်ဦးဖြစ်လာခဲ့သည်။ သို့သော် ယခုနှစ်ပိုင်းတွင် သူမသည် ချမ်းသာသူများအဆင့်မှ လျှော့ကျခဲ့ရသည်။ အကြောင်းရင်းကို သိရှိသွားလျှင် သူမကို လေးစားအားကျသွားကြမည်ပင်။ ဂျေကေရိုးလင်းသည် သူမပိုင်ဆိုင်မှုအတော်များများကို လှူဒါန်းလိုက်သောကြောင့် ယခုကဲ့သို့ ကြွယ်ဝမှုအဆင့်အတန်းလျော့ကျသွားရခြင်းဖြစ်သည်။ လေးစားအတုယူဖွယ်ရာပင်တည်း။

**သေက်သာလှသော တရုတ်စစ်သားများ**



တရုတ်စစ်သားများသည် ၎င်းတို့၏ စစ်ရေးပြပွဲအခမ်းအနားများတွင် သူတို့၏ ဦးခေါင်းများ တစ်သမတ်တည်း တည့်မတ်နေစေရန် အင်္ကျီကော်လံနှင့် လည်ပင်းကြားတွင် ပင်အပ်ငယ်လေးဖြင့် ထောက်ထားလေ့ရှိသည်။ ပုံတွင် ပြထားသည့်အတိုင်း ကော်လံကြားရှိ ပင်အပ်ဖြင့် လည်ပင်းကို ထောက်ထားကာ ခေါင်းငိုက်ကျလာပါက လည်ပင်းကို ပင်အပ်ဆူးမိမည်ဖြစ်သည်။


**မာဘိုရိုံ စီးကရက်ကြော်ငြာမင်းသား၏ ဘဝနိဂုံး**




"Tobacco will kill you, and I am living proof of it,".
Malboro Man

မာဘိုရို စီးကရက်(Marlboro)ကြော်ငြာကို လူတိုင်းနီးပါး ကြည့်ဖူးကြလိမ့်မည်ဟု ထင်ပါသည်။ စီးကရက်ကြော်ငြာမှ ကောင်းဘွိုင်ဦးထုပ်ဖြင့် သရုပ်ဆောင် မင်းသား၏ စတိုင်ကျကျ ဟန်ပန်အမူအရာဖြင့် စီးကရက်သောက်ပြပုံကိုလည်း လူငယ်၊ လူကြီးများ အထူးနှစ်ခြိုက် အားကျခဲ့ကြသည်။ သို့သော် ထိုမင်းသား၏ ဘဝနိဂုံးမှာ မလှပခဲ့ပေ။ ထိုကြော်ငြာမင်းသားသည် အသက် ၅၂နှစ်အရွယ်မျှဖြင့် ၁၉၉၂ ခု၊ ဇူလိုင်လတွင် အဆုတ်ကင်ဆာရောဂါဖြင့် ကွယ်လွန်သွားခဲ့သည်။ သူ မကွယ်လွန်ခင် နောက်ဆုံးပြောသွားခဲ့သည်မှာ "လူငယ်များအနေဖြင့် အတုယူ မမှားသင့်ကြောင်း၊ သူ့ကို စံနမူနာယူ၍ ဆေးလိပ်၏ ဆိုးကျိုးများကို သိရှိကြစေလိုကြောင်း၊ ဆေးလိပ်သည် လူ့အသက်ကို သေဆုံးစေနိုင်သည်အထိ အန္တရာယ်ပေးကြောင်း" ပြောသွားခဲ့သည်။

**ဂျပန်နိုင်ငံရှိ ဆေးလိပ်သောက်ရန် နေရာ**




ဂျပန်နိုင်ငံတွင် အများပြည်သူများ သွားလာရာ နေရာတွင် (Public Area) ဆေးလိပ်သောက်သုံးလိုပါက ပုံပါအတိုင်း ဖန်ပေါင်းချောင်ကြီးများ ထားပေးထားကာ၊ ထိုဖန်ပေါင်းချောင်ကြီးများအတွင်း ဆေးလိပ်သမားများမှာ တစ်ယောက်ပြီး တစ်ယောက် ဝင်သောက်ရလေသည်။ မြန်မာနိုင်ငံတွင်လည်း အများပြည်သူများ သွားလာရာ နေရာများတွင် ဆေးလိပ်သောက်ရန် တားမြစ်ထားသော်လည်း လိုက်နာသူ နည်းလှသည်။

**ကမ္ဘာ့အသေးငယ်ဆုံး ကြောင်ကလေး**

ကမ္ဘာ့အသေးငယ်ဆုံး ကြောင်လေးအဖြစ် 'Mr. Peebles' ဟု အမည်ရသော ကြောင်လေးကို သတ်မှတ်ထားကြသည်။ ကြောင်ပေါက်စလေးအရွယ်ခန့်သာ ရှိသော

www.burmeseclassic.com

www.burmeseclassic.com




Mr. Peebler လေးမှာ ၂နှစ်အရွယ်ရှိပြီဖြစ်သော်လည်း ပုံပါအတိုင်း ကြီးထွားဖွံ့ဖြိုးခြင်းမရှိဘဲ သေးကွေးလှသည်။ မျိုးရိုးဗီဇဖောက်လွဲမှုကြောင့် ကြီးထွားမှုများ ရပ်တန့်သွားခဲ့ခြင်းဖြစ်ပြီး ကြောင်ငယ်လေး၏ အရပ်မှာ ၆လက်မခန့်(၁၅.၅ စင်တီမီတာ)သာ မြင့်ပြီး အရှည်မှာ ၁၉.၂ လက်မခန့် (၄၉စင်တီမီတာ)သာ ရှိလေသည်။ ဂင်းနစ် ကမ္ဘာ့စံချိန်မှတ်တမ်း စာအုပ်ကြီး(The Guinness Book of World Records) က Mr. Peebles လေးကို ကမ္ဘာ့အသေးငယ်ဆုံးကြောင်လေးအဖြစ် မှတ်တမ်းတင်ထားခဲ့သည်။

**ရေပေါ်ရွာကလေး**



အီတလီနိုင်ငံမှ ဗင်းနစ်မြို့ မြန်မာနိုင်ငံရှိ အင်းလေးဒေသ အစရှိသော နေရာများမှာ ရေပေါ်တွင် နေထိုင်သည့် ဓလေ့ထုံးစံဖြင့် ကမ္ဘာတွင် နာမည်ကြီးသည်။ အလားတူပင် နယ်သာလန်နိုင်ငံ 'Giethoorn' အမည်ရှိ ရွာလေးမှာ ရေပေါ်တွင် တည်ဆောက်ထားသော ရွာလေးဖြစ်သည်။ တစ်အိမ်နှင့် တစ်အိမ် ကူးသန်းရာတွင် ကုန်းလမ်းဖောက်လုပ်ထားခြင်းမရှိဘဲ လှေစီး၍ ရေလမ်းဖြင့်သာ သွားလာနိုင်သည်။

**သင်၏ခန္ဓာကိုယ်တွင် သင် မသိသေးသောအချက်များ**




* သင့်ကိုယ်ခန္ဓာတွင် အသေးဆုံးသော အရိုးမှာ သင်၏နားတွင် ရှိသည်။
* အမျိုးသားတစ်ဦးသည် တစ်နေ့ကို ဆံပင်အချောင်း ၄၀ခန့် ကျွတ်လေ့ရှိပြီး အမျိုးသမီးတစ်ဦးမှာ အချောင်း ၇၀ခန့် ကျွတ်လေ့ရှိသည်။
* သင်၏ သွေးထဲတွင် ပါဝင်သော ဆားဓာတ်ပမာဏ မှာ ပင်လယ်သမုဒ္ဒရာရေထဲတွင် ပါဝင်သော ဆား ဓာတ်ပမာဏနှင့် ညီမျှသည်။
* သင်၏ နှလုံးသည် တစ်နေ့လျှင် အကြိမ်တစ်ထောင် မျှ သွေးလှည့်ပတ်စီးဆင်းစေသည်။
* သင်၏ မျက်တောင်မွေးသည် ရက်ပေါင်း ၁၅၀ခန့် မကျွတ်ဘဲ ခံသည်။
* သင်၏ မျက်ခုံးတွင် မျက်ခုံးမွေးပေါင်း ၅၀၀ခန့် သည်။
* သာမန်လူတစ်ယောက်၏ ခန္ဓာကိုယ်တွင် နာ ဆဲလ်(အာရုံကြောဆဲလ်)ပေါင်း ၁၀၀ ဘီလျံခန့်ဖြ ဖွဲ့စည်းထားသည်။
* သင် သတိမထားမိသေးသော ထူးခြားချက်မှာ သင်သည် မျက်စိဖွင့်လျက် နှာချေ၍ ရမည်မဟုတ် ပေ။
* သင်၏ အရိုးသည် ကွန်ကရစ်တုံး(အင်္ဂတေတုံး) ထက် လေးဆမျှ ပိုမာကြောလေသည်။
* သင့်လျှာရှိ အရသာခံ ဘုလေးများ၏ သက်တမ်း မှာ ၁၀ရက်မျှသာ ရှိသည်။
* သင် မွေးဖွားလာခဲ့စဉ်က သင်၏ ခုံညင်းရိုးပါလာ ခြင်းမရှိဘဲ အသက် ၂နှစ်မှ ၆နှစ်ကြားတွင် ခုံညင်းရိုးပေါ်လာခြင်းဖြစ်သည်။
* ကလေးသူငယ်များသည် ဆောင်းရာသီတွင် ပို



www.burmeseclassic.com


www.burmeseclassic.com

ကြီးထွားဖွံ့ဖြိုးနှုန်းမြန်သည်။

* သင့်မျက်စိသည် သင် လူကြီးဖြစ်ချိန်တွင် ဆက်လက် ကြီးထွားလာခြင်း မရှိတော့သော်လည်း သင့်နှာခေါင်းနှင့် နားရွက်တို့မှာ ဆက်လက်ကြီးထွားနိုင်လေသည်။
* သင်မွေးဖွားလာခဲ့ချိန်တွင် အရိုးပေါင်း ၃၀၀ ရှိခဲ့သော်လည်း လူကြီးဖြစ်ချိန်မှာတော့ ၂၀၆ ရိုးသာ ရှိတော့သည်။
* လူ့ခန္ဓာကိုယ်တွင် မျိုးမတူသော အရိုးအစ ၂၆မျိုးဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်။
* သင် နှာချေလိုက်ချိန် တဒင်္ဂလေးအတွင်း၌ ခန္ဓာကိုယ်တွင်း လုပ်ဆောင်ချက်များ ခေတ္တခဏရပ်သွားသည်။
* သင်၏ လျှာသည် သင်၏ ခန္ဓာကိုယ်တွင် အသန်မာဆုံး ကြွက်သားဖြစ်သည်။
* သာမန်လူတစ်ဦးသည် အကြောင်းအမျိုးမျိုးဖြင့် တစ်နေ့လျှင် ရေချိုးခန်းသို့ ၆ကြိမ်ထက်မနည်း သွားလေ့ရှိသည်။
* သင် စားလိုက်သောအစာသည် သင့်ပါးစပ်တွင်းမှနေ၍ အစာအိမ်သို့ရောက်ရန် လမ်းတွင် ကြာချိန် ၇စက္ကန့်မျှ ကြာမြင့်သည်။
* ကလေးများ၏ လျှာသည် လူကြီးများထက် အရသာပိုများသည်။
* သင် နှာချေချိန်တွင် လေသည် တစ်နာရီလျှင် မိုင် ၁၀၀နှုန်းဖြင့် သင့်နှာခေါင်းတွင်းမှ ထွက်သွားသည်။

* * *

မောင်လင်းအောင်





သတ္တဝါတို့သည်
ကိလေသာအနည်းအများအလိုက်
ညစ်နွမ်းကြရသည်။
မည်သည့်ကိစ္စတွင်မှ
ပြတ်ပြတ်သားသားမမြင်၊
ကြည်ကြည်လင်လင်မရှိ၊
ရွှံ့နွံ့ညွှိလူးသောကျွဲကဲ့သို့
အမြဲပေကျံညစ်ထေး၍သာနေတော့သည်။
လူပေလူညံ့များဖြစ်အောင်
ကိလေသာက
လုပ်ပေးနေတော့၏
သတ္တဝါတို့သည်
မွေးသည်မှ သေသည်အထိ
အမျိုးမျိုးသော
ဒုက္ခများနှင့်ချည်းသာ
လုံးထွေးရစ်ပတ်ကာ
အမြဲကြောင့်ကြပူပန်နေကြရသည်။
စိုးရိမ်ထိတ်လန့်နေကြရသည်။

(မဟာစရိယဦးဒွေးလှိုင်)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ကိုတင့်လွင် ပင်လယ်ကမ်းခြေသို့ ကိုယ်ပိုင်ကားလေးဖြင့် နှစ်စဉ်ရောက်ခဲ့သည်။ ယခုလည်း ကိုတင့်လွင်မိတ်ဆွေတစ်ဦးက ပင်လယ်ကမ်းခြေသို့ အပန်းဖြေရန် ကားစင်းလုံးငှားပြီး သွားရန် လာခေါ်သည်။ လာခေါ်သူမိတ်ဆွေက အတင်းလာခေါ်သော်လည်း ကိုတင့်လွင် မလိုက်ဖြစ်ခဲ့။

အဘယ့်ကြောင့်ဆိုသော် ကိုတင့်လွင်သည် လမ်းခရီးတွင် ကား မတော်တဆဖြစ်မည်ကို အလွန်စိုးရိမ်မိသည်။ ဒါကြောင့်လည်း တတ်နိုင်သရွေ့ မိမိကိုယ်ပိုင်ကားဖြင့်သာ သွားခဲ့သည်။ မိမိကားဖြင့် သွားသော်လည်း အလျင်မလိုစိတ်မစော၊ သတ်မှတ် မိုင်နှုန်းထက်မပိုစေရအောင် အထူးသတိပြု၍ မောင်းနှင်စေသည်။

ကားဒရိုင်ဘာ လူထွေးက လူငယ်ပီပီ စိတ်မြန်ကိုယ်မြန်ဖြင့် ကားမောင်းချင်သည်။ ကိုတင့်လွင် ပါ၍သာ ထိန်းသိမ်းမောင်းသည်။ ခုလည်း အရောင်းအဝယ်ကိစ္စပြီးစီး၍ ကိုတင့်လွင် ယောက်ဖဖြစ်သူ ထူးမောင်နှင့် သည်လမ်း၊ သည်ခရီးကို သွားဖို့ ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။ ကိုတင့်လွင် ခရီးမထွက်လို့ မဖြစ်။ တစ်နှစ်တာလုံး စီးပွားရေး၊ ကြီးပွားရေးနှင့် သားရေးသမီးရေးကို နိစ္စဓူဝ လုံးပန်းနေရ၍ စိတ်ပန်းလူပန်းဖြစ်ခဲ့သည်။ ဒါကြောင့်လည်း စိတ်အပန်းဖြေရန် မိမိတစ်ဦးတည်း စိတ်လွတ်ကိုယ်လွတ် စီစဉ်ခဲ့ခြင်းဖြစ်သည်။

"မောင်…ဒီတစ်ခေါက် ပင်လယ်သွားရင် "ခင်"လိုက်ချင်တယ်။ သမီးလေးကလည်း မောင်နဲ့အတူ လိုက်ချင်တယ်လို့ ခဏခဏ ပူဆာနေရှာတာ"

ဇနီးသည်၏ စကားကို ကြားလိုက်ရ၍ ကိုတင့်လွင် ရုတ်ခြည်း အဖြေမပေးနိုင်။ ကိုတင့်လွင် နှစ်စဉ်တစ်ဦးတည်းသွားနေသည့် ခရီးလမ်းက တောင်ကုန်း တောင်တက်နှင့် တောင်ကွေ့များပြီး ကွေ့ကောက်စွာ တည်ရှိသည်။ ကားလမ်း ဝဲ-ယာတွင်လည်း ကမ်းပါးစွန်းကြီးနှင့် နက်ရှိုင်းသည့် ချောင်များ၊ လျှိုမြောင်များ။

ကိုတင့်လွင် ပထမဆုံး ခရီးစဉ်တွင် ယောက်ျားတန်မဲ့ အသည်းတယားယား ရင်တဖိုဖိုဖြစ်ခဲ့ရသည်။ ခုတော့ တစ်နှစ်တစ်ခါသွားလာခဲ့၍လား မသိ၊ သည်လမ်း၊ သည်ခရီးက ရင်းသွားသည်။

သို့သော် တစ်ခါမှ မရောက်ဘူးသေးသည့် ဇနီးသည်နှင့် သမီးလေး၏ ပူဆာမှုကြောင့် ကိုတင့်လွင် လက်ခံလိုက်သည်။ ဇနီးသည်နှင့် သမီးလေးက မရောက်ဘူးသေးသည့် ပင်လယ်ခရီးစဉ်ကြောင့် ပျော်ရွှင်သွားကြသည်။

ထို့ကြောင့် ကိုတင့်လွင်ကိုယ်တိုင် ကားကို အကောင်းဆုံးဖြစ်အောင် ကားပြင်ဆိုင်တွင် အပ်လိုက်သည်။ ကိုတင့်လွင် ကားပြင်ဆိုင် မအပ်လို့ မဖြစ်။ သည်ခရီး၊ သည်လမ်းက တောင်ပေါ်ခရီးလမ်းဖြစ်သည်။ ကားအသွားအလာဆို၍ ပုံမှန်ခရီးသည်ကားသာ ရှိသည်။ လမ်းခရီးတွင် ကားပျက်လျှင် မလွယ်။ ကိုတင့်လွင်တစ်ယောက် မဟုတ်၊ ဇနီးသည်နှင့် သမီးလေး ပါသည်။

"ဆရာ…ကားပစ္စည်းတွေအားလုံး စစ်ပြီးပြီ။ အားလုံး အဆင်ပြေတယ် ဆရာ။ ကားအပိုပစ္စည်းလည်း ထည့်ထားတယ်။ ဆရာသွားမယ့် လမ်းခရီးအတွက် စိတ်မပူနဲ့တော့"

ကားပြင်ဆရာ၏ စကားကြောင့် ကိုတင့်လွင် ကားစက်ကို အခါခါနှိုးပြီး စိတ်တိုင်းကျ စစ်ဆေးသည်။ ကားက စိတ်မချစရာ မရှိတော့။

ကိုတင့်လွင် ကားပြင်ဆရာကို နှုတ်ဆက်ပြီး ကားမောင်းထွက်ခဲ့သည်။ ကိုတင့်လွင် ကားလမ်းမကြီးပေါ်သို့ ရောက်စဉ် ညအမှောင်ထု ဖုံးလာ၍ ကားမီးကို ဖွင့်ပြီးလာခဲ့မိသည်။

ထိုစဉ် ထင်မှတ်မထားသည့် မိုးသံလေသံနှင့်အတူ မိုးက ဖြိုန်းစားကြီး သဲသဲမဲမဲရွာချလာသည်။ တဝေါဝေါမြည်သံနှင့်အတူ ကားလမ်းဘေးရှိ သစ်ပင်ကြီးများကို တိုက်ခတ်နေသည့် လေပြင်း၊ သဲသဲမဲမဲရွာနေသည့် မိုးကြောင့် ကိုတင့်လွင် ကားကို ဂရုစိုက်ပြီး မောင်းနေရသည်။ ထိုစဉ် ကားမီးရောင်နှင့်အတူ မိုးလေကြားမှ ကားလမ်းမကြီးပေါ်တွင် ဖြုန်းစားကြီး တွေ့လိုက်ရသည့် အရာတစ်ခု။

ကိုတင့်လွင် ကြည့်ရင်း ရင်အလိုလို ထိတ်သွားမိသည်။ မိုးသဲသဲရွာနေသည့် ကားလမ်းမကြီးအလယ်တွင် ဖြူဖြူဖွေးဖွေး တွေ့လိုက်ရသည့် သဏ္ဍာန်။ ကိုတင့်လွင် ကားဘရိတ်ဖမ်းပြီး ရပ်တန့်ကာ ဘာများပါလိမ့်ဟူသော အတွေးဖြင့် စူးစမ်းကြည့်လိုက်မိသည်။ လေငြိမ်သွားသော်လည်း မိုးသံလေသံကြားမှ စူးစူးဝါးဝါးကြားလိုက်ရသည့် အသံ။

"ညောင်…ညောင်"

"ခွီး…ခွီး"

ကိုတင့်လွင် အသံကို ကြားလိုက်ရမှ ကြောင်တစ်ကောင်မှန်း အလိုလိုသိလိုက်မိသည်။ ထို့ကြောင့် ကားဟွန်းသံကို အဆက်မပြတ်ပေးလိုက်သည်။ တစ်ကိုယ်လုံး ဆွတ်ဆွတ်



www.burmeseclassic.com

www.burmeseclassic.com

ဖြူဖွေးပြီး ခန္ဓာကိုယ်ထွားကြိုင်းလွန်းသည့် ကြောင်ကြီးတစ်ကောင်။ ကြောင်ကြီးက ကားမီးရောင်ကို ကြည့်ပြီး တဲ့ပြန်ပေါ်နေသည့် ဝင်းလဲ့လဲ့ မျက်လုံးနှစ်လုံး။

ထိုကြောင်ဖြူကြီးက တစ်စုံတစ်ခုကို တွေ့နေရသည့်အလား၊ တခွီးခွီးအသံပေးပြီး မာန်ဖီနေသံက ထူးခြားနေသည်။ ကိုတင့်လွင် ကားဝဲယာပတ်ဝန်းကျင်အနှံ့သို့ ကြည့်လိုက်မိသည်။ ဘာဆိုဘာမှ ထူးခြားမှု မတွေ့ရ။ ကြောင်ဖြူကြီး ဘာတွေပါလိမ့်ဟူသော အတွေးစနှင့်အတူ လက်ကနာရီကို ကြည့်လိုက်မိသည်။ အချိန်ပင်မနည်းတော့။

ကိုတင့်လွင်သည် ကားပြင်ရုံမှ ကားယူရန် ထွက်လာခဲ့ရခြင်းဖြစ်သဖြင့် ညနေစာ ထမင်းပင် မစားခဲ့ပေ။ ဇနီးသည်နှင့် သမီးလေး စိတ်ပူပန်စွာဖြင့် သူပြန်အလာကို စောင့်မျှော်နေမည်ကို သိသည်။ မသိလို့လည်း မဖြစ်။ ကိုတင့်လွင် ကားပြင်ပြီးလျှင် ပင်လယ်ခရီး ထွက်မည်ဖြစ်သည်။

ကိုတင့်လွင် ကားလမ်းမကြီးပေါ်တွင် ထူးထူးခြားခြား တွေ့မြင်ရသည့် ကြောင်ဖြူကြီးကို ကြည့်ပြီး ဘာလုပ်ရမှန်း မသိတော့။ ကားဟွန်းသံ အခါခါပေးလည်း မရှောင်ဘဲ တခွီးခွီး မာန်ဖီနေသည့်အဖြစ်က မယုံနိုင်စရာ ဖြစ်သည်။ ကြာတော့ ကိုတင့်လွင် စိတ်မရှည်နိုင်တော့။ ကားကို တဖြည်းဖြည်းမောင်းပြီး ကြောင်ဖြူကြီးအနီးဆီသို့ တိုးကပ်သွားမိသည်။

"ခွီး...ခွီး"

"ဟာ..."

"ဝုန်း"

ကိုတင့်လွင် ကားမောင်းပြီး ကြောင်ဖြူကြီးအနီးသို့ ရောက်လျှင် ရုတ်တရက် ကြောင်ဖြူကြီးက ကိုတင့်လွင်ဆီသို့ ခုန်တက်ပြီး မာန်ဖီနေသည့်အသံ၊ ကိုတင့်လွင် ရုတ်တရက် မျက်စိပြာဝေသွားပြီး ကားကို အရှိန်ဖြင့် ကွေ့ချလိုက်သည်။ ပြင်းထန်စွာ ကြားလိုက်သည့်အသံနှင့် ကိုတင့်လွင် ဘာမှမသိတော့။

◆◆◆



"မင်း ကြောင်ဖြူကြီးတွေ့ခဲ့တာ မဖြစ်နိုင်ဘူး တင့်လွင်။ ဒီလမ်းကို ငါလည်း အချိန်မရွေး သွားလာနေတာပဲ"

ကိုတင့်လွင်သူငယ်ချင်း စောထူးက ကိုတင့်လွင်အဖြစ်ကို ကြားပြီး သတင်းမေးရန် ရောက်လာခြင်းဖြစ်သည်။ ကိုတင့်လွင် ကြုံတွေ့ခဲ့ရသည့် အဖြစ်ကို ကြားလိုက်ရ၍ စောထူးပင် မယုံနိုင်အောင် ဖြစ်သွားမိသည်။

"ငါ အမှန်တကယ်တွေ့ခဲ့တာ စောထူး။ ကြောင်ဖြူကြီးက တစ်ခုခုကို တွေ့ပြီး တခွီးခွီးအသံပေးနေတာကွ။ ပြီးတော့ ကားလမ်းမကြီးပေါ်မှာ ဘယ်သူမှ မရှိဘူး။ ငါတစ်ယောက်တည်း ရှိတာ။ ငါတော့ မယုံနိုင်စရာ ကြုံခဲ့ရတာကွ"

ကိုတင့်လွင် ကားမှောက်ခဲ့သည်က ဆန်းကြယ်သည်။ ကားများ ဥဒဟိုသွားလာမှုမရှိဘဲ ကားလမ်းမကြီး ပေါ်တွင် တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။ ပြီး ကားလမ်းမကြီးဘေးရှိ သစ်ပင်ကို အရှိန်ပြင်းစွာ ဝင်တိုက်ခဲ့ခြင်းဖြစ်သည်။ အကယ်၍သာ ကားလမ်းမဘေးတွင် သစ်ပင်ကြီးများ မရှိလျှင် ကားလမ်းဘေးရှိ နက်ရှိုင်းသည့် ရေမြောင်းထဲသို့ ထိုးကျပြီး ကားနစ်မြုပ်ခဲ့လျှင် ကိုတင့်လွင် အသက်ရှင်နိုင်ဖို့ မလွယ်။

"မင်း ကြောင်ဖြူကြီးနဲ့ ထူးထူးဆန်းဆန်းတွေ့ပြီး ဖြစ်ပျက်ခဲ့တာကို ဘယ်သူမှ ယုံကြမှာ မဟုတ်ဘူး တင့်လွင်။ အဲဒါပဲ ငါ စဉ်းစားမရဖြစ်နေတာ"

စောထူးစကားကြောင့် ကိုတင့်လွင် ဘယ်လိုရှင်းပြရမှန်း မသိတော့။ ကိုတင့်လွင် အသက်မသေခဲ့သော်လည်း ပွန်းပဲ့သည့် ဒဏ်ရာကြောင့် ဆေးရုံတက်ခဲ့ရသည်။ ကားခေါင်းတစ်ခုလုံး ကြေမွသွား၍ အင်ဂျင်အသစ်ဝယ်ရမည်ဖြစ်သည်။ ကိုတင့်လွင် ပင်လယ်ကမ်းခြေသို့ အပန်းဖြေမည့် ခရီးစဉ်ကို လက်လျှော့လိုက်ရသည်။

သို့တိုင် ကိုတင့်လွင်၏ ယောက်ဖဖြစ်သူ ထူးမောင်ကမူ စိတ်မလျှော့။ နှစ်စဉ် ကိုတင့်လွင်နှင့်အတူ အပန်းဖြေခရီးသွားနေရသူဖြစ်၍ ပင်လယ်ကမ်းခြေသို့ သွားရမှု ကျေနပ်သူ။ ယခု ကိုတင့်လွင် ရုတ်တရက် ကားမှောက်ခဲ့၍ မိသားစုအားလုံး ခရီးစဉ်ဖျက်သိမ်းလိုက်သော်လည်း ထူးမောင်က ကား

www.burmeseclassic.com

www.burmeseclassic.com

တစ်စီးတုားပြီး အမြဲတမ်း လိုက်ပို့နေကျ ခရိုင်ဘာ လူထွေးနှင့် သွားရန် စီစဉ်နေသည်။ သည်တော့ ကိုတင့်လွင် ယောက်ဖဖြစ်သူ ထူးမောင်ကို စိတ်မချ။

"ထူးမောင် • • • နောက်နှစ်မှ အစ်ကိုနဲ့ အတူသွားပါကွာ။ အစ်ကို မလိုက်နိုင်တော့ မင်းတစ်ယောက်တည်း စိတ်မချဘူး"

"ကျွန်တော့်အတွက် စိတ်ချစမ်းပါ အစ်ကိုရာ။ အစ်ကိုမပါလည်း လူထွေးနဲ့ သွားမှာပါ။ အဲဒါ အစ်မ မသိပါစေနဲ့ အစ်ကိုရာ"

ထူးမောင် ပင်လယ်သို့ မသွားရန် ဘယ်လိုတားတား မရမှန်း ကိုတင့်လွင် သိသည်။ ထူးမောင် ပင်လယ်ကမ်းခြေ ရွာကလေးတွင် နေထိုင်သူ ကေသီနှင့် ချစ်သူဖြစ်နေကြသည်။ ဒီအဖြစ်ကို အစ်မဖြစ်သူ သိမှာစိုး၍ ကိုတင့်လွင်ကို ပြောနေခြင်းဖြစ်သည်။ ကိုတင့်လွင် ထူးမောင်မျက်နှာကို ကြည့်ရင်း အံ့သြသွားမိသည်။ ထူးမောင်မျက်နှာပေါ်တွင် စီးကျနေသည့် ချွေးများ။ ကိုတင့်လွင် မိမိခံစားမှုအမြင်ကို မယုံနိုင်အောင် ဖြစ်သွားမိသည်။ ထို့ကြောင့် မျက်စိကို အခါခါပွတ်သပ်ပြီး မြင်ကွင်းပျောက်ရန် ဖျက်နေမိသည်။

"ထူး • • • ထူးမောင် • • • မင်းမျက်နှာ • • •"

"အစ်ကိုကလဲဗျာ၊ ကျွန်တော့် မျက်နှာကို ကြည့်ပြီး ဘာဖြစ်နေတာလဲ။ ကျွန်တော့်မျက်နှာကို ကေသီက အမြဲတမ်း ကြည့်နေတာဗျ"

ထူးမောင်က ရယ်ရယ်မောမော နှင့် ပြောနေ၍ ကိုတင့်လွင် မျက်စိကို ပွတ်ပြီး ကြည့်လိုက်မိသည်။ ထူးမောင်၏ ပြုံးစစ မျက်နှာကို တွေ့လိုက်ရမှ စိတ်ထဲတွင် ဘဝင်ကျသွားမိသည်။ ခုတစ်လော ကိုတင့်လွင် ဘာတွေဖြစ်နေမှန်းမသိတော့။ မျက်စိထဲတွင် ရုတ်တရက် မြင်တွေ့သမျှ ကြောက်စရာ လန့်စရာတွေ ဖြစ်နေသည်။ နားထဲမှာလည်း တစ်ခါတစ်ရံ ကြောက်ရွံ့ ထိတ်လန့်စရာအသံတွေ ကြားနေရသည်။ ကိုတင့်လွင် ကြောင်ဖြူကြီးကို ထူးထူး ဆန်းဆန်းတွေ့ကြုံ ကားမှောက်ပြီး ဒဏ်ရာရပြီးမှ ခံစားနေရခြင်းဖြစ်သည်။

"မင်းတစ်ယောက်တည်း သွားတာ ငါစိတ်မချဘူး ထူးမောင်"

"ဟာ • • • အစ်ကိုကလဲ၊ အစ်မ သိမှာစိုးလို့ တောင်းပန်ပြောကာမှ အစ်ကိုကပါ တားနေပြန်ပြီ။ ကျွန်တော် သွားပါရစေ အစ်ကို။ ကေ • • • ကေသီ က ကျောက်တစ်လုံးက စောင့်နေရှာမှာ"

"ဘယ်လို ထူးမောင်၊ ကျောက် တစ်လုံး ဟုတ်လား"

"ဟုတ်တယ် အစ်ကို။ အဲဒီ ကျောက်တစ်လုံးမှာ ကေသီနဲ့ အတူတွဲ ထိုင်ပြီး ပင်လယ်ပြာကြီးကို ကြည့်ရတာ ကျွန်တော်ပျော်တယ်။ ကျွန်တော် ပင်လယ်ကို ချစ်သလို၊ ကေသီ့ကို လည်း ချစ်တယ်။ အိုဗျာ • • • ကျွန်တော် သေရင်တောင် ကျောက်တစ်လုံးမှာ ကေသီနဲ့ မခွဲဘဲ သေမှာ"

"တော်ပြီ ထူးမောင်၊ မင်းစကား က နိမိတ်မရှိဘူးကွာ။ အေး မင်းသွား ရင် ရက်သိပ်မကြာစေနဲ့။ ရက်ကြာရင် မင်းအစ်မကို ငါ ဖွင့်ပြောလိုက်မှာ"

ကိုတင့်လွင်က စကားပြောရင်း ထူးမောင်ကို ကြည့်လိုက်မိသည်။ ထူးမောင်ကတော့ ဘာမှအပူအပင်မရှိ၊ ချစ်သူ ကေသီနှင့် တွေ့ဆုံရမည်ဖြစ်၍ ပျော်ရွှင်နေသည်။ ကိုတင့်လွင်ကို နှုတ်ဆက်ပြီး ကမန်းကတန်းထွက်သွားသည်။

◆◆◆

"ခင်ခင် • • • ညက မောင် အိပ်မက်တွေ ထူးထူးခြားခြားမက်တယ်။ အိပ်မက်တွေက မကောင်းဘူး"

"မောင် တစ်ခုခုကို စိတ်စွဲလမ်းပြီး အိပ်မက်မက်ခဲ့တာ ဖြစ်လိမ့်မယ်။ မောင့်ကို ကြည့်ရတာ တစ်မျိုးကြီးပဲ"

"ဘယ်လိုတစ်မျိုးကြီးလဲ ခင်ခင်၊ မောင့်ကို ပြောစမ်းပါဦး"

"မောင်က နှစ်စဉ် မောင်လေးနဲ့ အတူ ပင်လယ်ကို စိတ်အပန်းဖြေထွက် နေတာ မဟုတ်လား။ ဒီနှစ် ခင်တို့ သားအမိလိုက်မယ်ဆိုမှ မောင် ကား မှောက်ခဲ့တာ မဟုတ်လား"

"ဟုတ်တယ် ခင်ခင်ရယ်။ မောင် လည်း မောင့်အဖြစ်ကို စဉ်းစားလို့ မရ ဘူး။ မောင့်ဘဝမှာ ကြောင်ဖြူကြီးနဲ့ တွေ့ပြီး မောင် အသက်မသေခဲ့တာ။ သိပ်ကံကောင်းတယ်။ ဒါပေမယ့် မောင့် စိတ်ထဲမှာ ဆန်းဆန်းကြယ်ကြယ် ခံစား နေရတာတွေ ရှိခဲ့တယ်"

"မောင် • • • ဘာတွေ ခံစားနေရ လို့လဲဆိုတာ ခင့်ကို ပြောလေ"

"မောင် • • • ထူးမောင်ကို စိတ်မချ ဘူး"

"မောင်ကလဲ • • •၊ မောင်လေး က ပင်လယ်ကို မောင်နဲ့ လိုက်နေကျ ဆိုတော့ ဟိုမှာ မောင်လေးရဲ့ မိတ်ဆွေ သင်္ဂဟတွေ ရှိနေတာပဲ မဟုတ်လား"

ဇနီးသည်စကားကို ကြားလိုက် ရသော်လည်း ကိုတင့်လွင်စိတ်ထဲ ဘဝင်မကျဖြစ်သွားမိသည်။ ထူးမောင် ချစ်သူရှိနေပြီဟု သိသွားလျှင် ဇနီးသည် လက်သင့်ခံမည်မဟုတ်။ ဇနီးသည်က ထူးမောင်ကို သူသူငယ်ချင်း သမီးနှင့် ပေးစားဖို့ ရည်မှန်းထားခြင်းဖြစ်သည်။

"ခင်ခင့်မောင်က လူငယ်မဟုတ် လား။ တော်ကြာ အပေါင်းအသင်းများ ပြီး တစ်ခုခုဖြစ်မှာစိုးလို့ မောင်ကြိ

www.burmeseclassic.com

www.burmeseclassic.com

တာ"

ကိုတင့်လွင်က ပြောရင်း ထူးမောင်မျက်နှာကို ကွက်ခနဲ မြင်ယောင်သွားရင်း ကြက်သီးထသွားမိသည်။ ထူးမောင်မျက်နှာပေါ်တွင် သွေးစများ။

"မောင်...ထူးမောင်ကို အမြန်ဆုံး ပြန်ခေါ်မှဖြစ်မယ်"

ကိုတင့်လွင်က ကမန်းကတန်း ပင်လယ်ရွာရှိ မိတ်ဆွေဖြစ်သူ ခင်တိုးထံ လှမ်းဖုန်းဆက်လိုက်သည်။ ရုတ်တရက် ကြားလိုက်ရသည့် တုံ့ပြန်စကားကြောင့် ကိုတင့်လွင်မျက်နှာ တစ်ခုလုံး ဖြူဖတ်ဖြူရော်ဖြစ်သွားသည်။ ကိုတင့်လွင် ဖုန်းကိုင်ရင်း ဇနီးဖြစ်သူကို လှမ်းကြည့်လိုက်စဉ် စိုးရိမ်ထိတ်လန့်နေသည့် မျက်နှာကို တွေ့လိုက်ရသည်။

♦♦♦

အင်း...ပြောရရင် အဲဒီနေ့က ကိုထူးမောင် သူ့သူငယ်ချင်းတွေနဲ့ ဆုံပြီး အရက်သောက်ကြတယ်။ ကိုထူးမောင် အရက်သောက်ပြီး သူ့ချစ်သူ ကေသီနဲ့ ချိန်းထားတဲ့ ကျောက်တစ်လုံးကို ကားနဲ့ ထွက်သွားတာပဲ။ ကျွန်တော်က ကိုထူးမောင် သိပ်မူးနေမှန်းသိလို့ မသွားပါနဲ့လို့ ပြောတော့ ကိုထူးမောင်က ကျွန်တော် ကေသီနဲ့ မခွဲနိုင်လို့ သွားတာ။ ကျွန်တော်သေရင်လည်း ကေသီနဲ့ပဲ သေမယ်လို့ ပြောပြီး ထွက်သွားတာ။ အဲဒီနေ့မှာပဲ ကိုထူးမောင်နဲ့ ကေသီတို့ ကားချောက်ထဲကျပြီး မီးလောင် သေဆုံးခဲ့တာပဲ ကိုတင့်လွင်"

ကိုတင့်လွင်ရဲ့ မိတ်ဆွေ ကိုခင်တိုး၏ စကားကြောင့် တူးမောင်အဖြစ်ကို မယုံနိုင်ဖွယ် ကြားလိုက်ရသည်။ တရှုံ့ရှုံ့ငိုနေသည့် ဇနီးသည်၏ ငိုရှိုက်သံကို ကြားလိုက်ရ၍ စိတ်ထဲတွင် မဖော်ပြနိုင်အောင် ခံစားသွားမိသည်။ မိမိပဲ ထူးမောင်သေဆုံးမည်ကို သိ၍ ကြိုတင်ပြီး နိမိတ်စကားဆိုခဲ့သည်လား၊ မျက်စိထဲတွင် မြင်ယောင်ခဲ့မိတာလား။

ကိုတင့်လွင် တွေးမရနိုင်အောင် ဖြစ်သွားမိသည်။ ကိုတင့်လွင် ကြောင်ဖြူကြီးကို မျက်စိထဲတွင် အလိုလိုမြင်ယောင်သွားမိသည်။ ကိုတင့်လွင် ကြောင်ဖြူကြီးနှင့် တွေ့ဆုံပြီး ကားမှောက်ခဲ့သော်လည်း အသက်မသေခဲ့ပါ။ အကယ်၍သာ ကိုတင့်လွင် ကြောင်ဖြူကြီးနှင့် မတွေ့ဘဲ ပင်လယ်ကမ်းခြေသို့ မိသားစုနှင့်အတူ ကားဖြင့် ခရီးထွက်ခဲ့လျှင်...ဆက်မတွေးဝံ့တော့ပါ။


လူ့ဘဝတွင် မမြင်မတွေ့ရသည့် ကံတရား၏ ဆန်းကြယ်မှုအဖြစ်အပျက်များက မယုံနိုင်စရာပင် မဟုတ်လား■

* * *

သန့်စင်မွန်


# ဆရာကြီးရာဇာဇော်ဝင်း (LL.B.)

နာမည်ပေးကင်ပွန်းတပ် နက္ခတ္တဗေဒအကြားအမြင် လျှို့ဝှက်နက်နဲသောပညာဖြင့် အနာဂတ်ဟောကိန်းများ



ရင်သွေးငယ်များနာမည်ပေးခြင်းကင်ပွန်းတပ်ရက်အခမဲ့ရွေးပေးခြင်းရှေးမူမပျက် နာမည်လှလှလေးများရွေးချယ်ပေးခြင်းရင်သွေးငယ်များဘဝတစ်သက်တာဟော စာတမ်းကုမ္ပဏီများနာမည်ရွေးခြင်းကုန်အမှတ်တံဆိပ်များအောက်ခံအရောင်စာလုံ များကုမ္ပဏီဖွင့်ပွဲအချိန်၊နာရီ၊နေ့ရက်များမြန်မာဇာတာအင်္ဂလန်ဇာတာမြန်မာ ဟောစာတမ်းအင်္ဂလိပ်ဟောစာတမ်းနိုင်ငံခြားမှမြန်မာများအတွက်နာမည်ပေးခြင်း စသည့်နာမည်ပေးပါရဂူဆရာကြီးတစ်ဦးဖြစ်ပါသည်(ဥာဏ်ပူဇော်ခ၇၀၀၀ကျပ်) သံတမန်ဝန်ထမ်းအင်္ဂလိပ်နာမည်နှင့်မိဘနာမည်တွဲဖက်၍အထူးဆောင်ရွက် ပေးခြင်း ကိုယ်ဝန်ဆောင်မိခင်များခွဲစိတ်မွေးဖွားမည့်ရက်ကောင်းရက်မြတ် နာရီမိနစ်၊စက္ကန့်အပါအဝင်လိုအပ်သောယတြာများOGဆရာဝန်နှင့်တိုင်ပင်ပြီးပါက ဆက်သွယ်နိုင်သည်လူကြီးများအတွက်ရက်လနှစ်ပိုင်းခြားထားသောဟောစာတမ်း များ လက္ခဏာဖြင့်ဟောခြင်း ဓါတ်ပုံဖြင့်ဟောခြင်း မွေးသက္ကရာဇ်ဖြင့်ဟောခြင်း အကြားအမြင်ဖြင့်ဟောခြင်းနိုင်ငံခြားသင်္ဘောသားများလိုင်းကောင်းကောင်းရစေရန် နိုင်ငံခြားသွားသူများမိမိရောက်သည့်နိုင်ငံတွင်အဆင်ပြေစေရန်ချစ်သူမောင်နှံများ စုံတွဲဇာတာစစ်ဆေးခြင်းအကြွေးပြန်ရစေရန်အမှုနိုင်/မနိုင်ပညာရေးထူးချွန်မှုရှိ/ မရှိအိမ်ထောင်ရေးတွင်အနှောင့်အယှက်များဖယ်ရှားပေးခြင်းရုပ်ရည်ချောမော သော်လည်းအဆင်မပြေဖြစ်နေသည်လူပျိုကြီးအပျိုကြီးများကံပွင့်အောင်ပြုလုပ် ခြင်းအိမ်ခြံကားရောင်းထွက်စေရန်ဆောင်ရွက်ပေးခြင်းအင်းပညာဝိဇ္ဇာအစီအရင် ပညာဓာတ်ရိုက်ဓါတ်ဆင်ပညာများဖြင့်ဆရာထံရောက်လျှင်သင်အောင်မြင်စေ မည်ဟုမှတ်ပါ(နှုတ်ဟောဉာဏ်ပူဇော်ခ၅၀၀၀ကျပ်)နာမည်ပေးခြင်းနှင့်ဟောစာတမ်း များ ဒီနေ့အပ်လျှင်မနက်ဖန်ရမည်နယ်သို့VPLဖြင့်လည်းကောင်းဘဏ်ငွေလွှဲ လျှင်ချက်ချင်းပို့ပေးမည်နယ်မှမွေးသက္ကရာဇ်နေ့ရပ်လိပ်စာဖော်ပြ၍မေးမြန်းနိုင် သည်ရန်ကုန်မြို့အတွင်းနာမည်ပေးနှင့်ဟောစာတမ်းများကိုငွေကြိုပေးစရာမလိုပဲပို့ပေး မည်ဖုန်းသာဆက်လိုက်ပါတိုက်(၄၆)မြေညီထပ်လမ်း(၉၀)မင်္ဂလာတောင်ညွန့်မြို့နယ်

ရန်ကုန်မြို့။(ပိတ်ရက်မရှိ) ☎ 01-394727, 0949 312100 , 0949 320960, 01-73009994, 0951 52521


www.burmeseclassic.com

www.burmeseclassic.com



# ဒန့်သလွန်ရဲ့ ဆေးဖက်ဝင်အစွမ်း

မောင်ဝေအေး

"ကတိသစ္စာတည်သောအခါ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်၏"လို့ ဆိုရိုးစကားရှိပါတယ်။

ယခု တင်ပြမယ့် နွယ်မြက်သစ်ပင်အကြောင်းကတော့ ဒန့်သလွန်နဲ့ ပတ်သက်ပါတယ်။ ဒန့်သလွန်ရဲ့ ဆေးဖက်ဝင် အစွမ်းကို စာဖတ်သူတွေ သိအောင် ဖောက်သည်ချပါရစေ။

တစ်ဆယ့်နှစ်လရာသီလုံး ဒန့်သလွန်ကို စားသုံးနိုင်ပါတယ်။

ကြီးငယ်မရွေး၊ ကျားမ မရွေး၊ အားလုံးနဲ့ တည့်တဲ့ ဒန့်သလွန်ပါ။ ဒန့်သလွန်တစ်ပင်လုံးဟာ အရွက်ကစပြီး အပွင့်၊ အသီး၊ အခေါက်၊ အမြစ်က စလို့ ဆေးဖက်ဝင်ပါ တယ်။

ဒန့်သလွန်ရွက်ကို နေ့စဉ် ပုံမှန်စားသုံးပေးရင် ခန္ဓာကိုယ်တွင်းမှာ ရှိနေတဲ့ ပျစ်ခဲနေသောသွေးများကို ကျဲစေပါတယ်။ သွေးတက်တာကို ကျစေသလို၊ ဆီးနဲ့ ဝမ်းကိုလည်း ရှင်စေပါတယ်။ နှုတ်ကို မြိန်စေရုံမက၊ အစာကို ကြေညက်စေသလို၊ မျက်စိကိုလည်း အကျိုးပြုပါတယ်။

ဒန့်သလွန်ရွက်ကို ကြက်သွန်ဖြူနဲ့ ဟင်းခါးချက် သောက်ပေးပါက မိုးရာသီမှာ ဖြစ်လေ့ရှိတဲ့ နှာစေးခြင်း၊ နှာမွန်ခြင်း၊ အအေးပတ်ခြင်း၊ ဖျားနာခြင်းများကို သက်သာစေပါတယ်။

ဒန့်သလွန်ရွက်ကို ဇရစ်ကောင်းနဲ့ ကြက်သွန်ဖြူခတ်ပြီး ဟင်းခါးချက်သောက်ပါက သွေးတိုးနဲ့ သွေးတက်သူများအတွက် သက်သာစေမယ့် ဆေးနည်းပါ။

ဗိုက်ပူ နံကားဖြစ်နေတတ်တဲ့ ကလေးငယ်များကို တွေ့ဖူးကြမှာပါ။ ဒီလိုဖြစ်နေတာဟာ ဗိုက်ထဲမှာ သန်ကောင်တွေ ရှိနေလို့ပါ။ ဒန့်သလွန်သီးကို နေ့စဉ်ရက်ဆက်သာ ချက်ကျွေးလိုက်ပါ။ ကလေးငယ်များ ဝမ်းအတွင်းမှာ ရှိတဲ့ သန်ကောင်၊ တုတ်ကောင်များ သေကြေစေနိုင်ပါတယ်။

ဆီး မကြာခဏသွားပြီး ဆီးရွှင်၊ ဆီးလွန်ရောဂါဖြစ်နေပါသလား။ နေခြောက်လှန်းထားတဲ့ ဒန့်သလွန်သီးခြောက်ကို အတွင်းသားရော အစေ့ပါ အမှုန့်ပြုလုပ်ပါ။ နေ့စဉ် ဒန့်သလွန်မှုန့်နဲ့ သကြားကို ရောပြီး သောက်သုံးပေးလိုက်ပါ။ ဆီးလွန်ရောဂါပျောက်ကင်းစေပါတယ်။

နားကိုက်တာ၊ နားအူတာမျိုးကို လူတိုင်း ဖြစ်လေ့ဖြစ်ထရှိတတ်ပါတယ်။ နားကိုက်၊ နားအူရောဂါဖြစ်နေရင် ဒန့်သလွန်သီးအစေ့ကို အမှုန့်ပြုလုပ်ပါပြီး အုန်းဆီသန့်သန့်နဲ့ ရောစပ်ပေးပါ။ သန့်ရှင်းတဲ့ နားကျပ်ပစ္စည်းကို သုံးကာ နားကျပ်ပေးလိုက်ပါ။ နားကိုက်တာ၊ နားအူတာ ပျောက်ကင်းပါတယ်။

ခံတွင်းနံ့ဆိုးတာ၊ ပါးစပ်နံတာဟာ လူမှုဆက်ဆံရေးမှာ အရုပ်ဆိုးလွန်းပါတယ်။ ခံတွင်းနံ့ ဆိုးနေပါလား၊ ပါးစပ်နံနေပါလား၊ ဒါတင်မကပါဘူး၊ သွားဖုံးကနေ သွေးယိုခြင်းများ ဖြစ်နေပါသလား၊ ဒန့်သလွန်ပင်စည်ကို ဓားနဲ့ ထစ်လိုက်ပါ။ ထွက်လာတဲ့ အစေးကို ရေနွေးရောစပ်ပြီး မကြာခဏ ပါးလုတ်ကျင်းပေးပါက ပါးစပ်နံ့ခြင်းနဲ့အတူ သွားဖုံးသွေးယိုခြင်းဝေဒနာတွေ သက်သာပျောက်ကင်းစေပါတယ်။

ကလေးမီးဖွားပြီးစ မီးနေသည် အမျိုးသမီးတွေ နို့မထွက်လို့ အခက်တွေ့နေရင်လည်း ဒန့်သလွန်က များစွာ ကူညီပေးနိုင်ပါတယ်။ ဒန့်သလွန်သီးနဲ့ ငါးကင်ကို ရောပြီး ချက်ကျွေးပါက နို့လှိုင်လှိုင်ထွက်ပါကြောင်း အာမခံလိုက်ပါတယ်။

ယောက်ျားသားများ လူစဉ်မမီသလို ခံစားနေရပြီး ပန်းသေ ပန်းညှိုးတယ်လို့ ခံစားနေရပါသလား။ ဒီအတွက် မပူပါနဲ့၊ ဒန့်သလွန်အစွမ်းနဲ့ ပွင့်သောပန်းတိုင်း အမြဲလန်းစေရပါမယ်။ ဒန့်သလွန်သီး မနုမရင့်ကို ငါးကြင်းသားနဲ့သာ မကြာခဏ ချက်ကျွေးလိုက်ပါ။ အားလုံး အဆင်ပြေသွားပါလိမ့်မယ်။

* * *

မောင်ဝေအေး



www.burmeseclassic.com

www.burmeseclassic.com

# ဘဩဘာနှင့်
# နန်းထိုင်ဂမုန်းအန္တရာယ်




www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ကျေးရွာရှင် ဆရာတော်ဘုရားကြီး၏ ခြေတော်ရင်းတွင် အေးချမ်းစွာ နေထိုင်ရင်း တရားဘာဝနာပွားများ၍ လည်းကောင်း၊ ဆရာတော်ကြီး၏ ဝေယျာဝစ္စကို ပြုလုပ်ပေး၍ လည်းကောင်း၊ ကိုယ်ဝါသနာပါရာ စာရေးသားခြင်း၊ လောကီပညာလိုက်စားရင်းဖြင့် အေးချမ်းစွာဖြင့် ဇရပ်လေးတစ်ဆောင်တွင် နေထိုင်နေလေသည်။

နေမိုးသာသည့် ညချမ်းတွင် ဆရာတော်အား ခွင့်ပန်ပြီး တောင်ပေါ်လမ်းအတိုင်း ၁၀မိနစ်လောက် လမ်းလျှောက်သွားရင်း ရောက်ရှိသော ဆုတောင်းပြည့် ကလော့ဆံတော်ရှင်စေတီတော်သို့ သွားရောက်၍ ပုတီးစိပ်နေလေ့ရှိသည်။

ကျွန်ုပ် နေ့စဉ် ဝတ်ထား၍ စိပ်နေသည့် ဂါထာက ဂုဏ်တော်ကွန်ချာပဲဖြစ်သည်၊ ဤဂုဏ်တော်ကွန်ချာတစ်ပုဒ်ခုံမှ ပုတီးတစ်လုံးချဖြင့် ၈၄၀၀၀ ပြည့်အောင် စိပ်ခဲ့သည်မှာ သည်နေ့ ကိုးပတ်စိပ်ပြီးလျှင် ပြည့်ပြီးဖြစ်လေသည်။ နောက်ဆုံး ကိုးပတ်မြောက်တွင် ကျွန်ုပ်ရှေ့၌ မတွေ့တာကြာပြီဖြစ်သော ကျွန်ုပ်၏ ကဲ့ကူလက်လှည့် ဆရာလည်းဆရာ၊ ဖခင်ဆိုလည်း ဟုတ်သည့် ဂန္ဓာရီလှည့်လည်သွားလာနေသော ဘသြဘာသည် ကျွန်ုပ်ရှေ့၌ ထိုင်ပြီး ပြုံးပြုံးကြီးကြည့်နေလေသည်။

"ငါ့သားစိပ်နေတဲ့ ထူးခြားတဲ့ ဂုဏ်တော်ကွန်ချာကြောင့် ဘသြဘာ ရောက်လာရတာပဲ သား။ သားက ဂမုန်းစိုက်တာသာ ဝါသနာပါပေမယ့် ကိုယ့်အတွက် အန္တရာယ်ရှိလား၊ မရှိလားမှ သေိတာကိုး"

ထိုစကားကို ကျွန်ုပ် အာရုံထဲမှ ကြားနေရခြင်းဖြစ်သည်။ ကျွန်ုပ် ပုတီးပတ်စေ့၍ မေတ္တာပို့ အမျှဝေပြီး မျက်လုံးဖွင့်ကြည့်လိုက်တော့ ကျွန်ုပ်ရှေ့တွင် မြတ်စွာဘုရားရုပ်ပွားတော်မှ လွဲ၍ ဘာမှမရှိချေ။ အင်း…ကျွန်ုပ်စိတ်က တွေးမိလိုက်သည်။ ဘသြဘာရောက်လာမည်လို့ ထင်နေလေသည်။ ကျွန်ုပ်၏ အမိဋ္ဌာန်တစ်ခု ပြီးမြောက်သွား၍လည်း ဝမ်းသာနေမိပါသည်။ ကျွန်ုပ် အမိဋ္ဌာန်၍ စိပ်နေသည့် ဂုဏ်တော်ကွန်ချာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**ဠာဝါသောမ္မာ၊ ဗုဟံ ဣန္နော၊**
**သဝိဘ၊ အသုဂိတ၊**
**သ သမ္မ၊ ဂဒ္ဓေါပိရ၊ ရဓဏ။**

(သောမ္မာ -သွန်မာ၊ ဣန္နော- အိန်နော၊ ဂဒ္ဓေါ - ဂတ်စောဟု ရွတ်ဆိုပါ။ သည်ဂုဏ်တော်ကွန်ချာက ထူးခြားလွန်း၍ အလျဉ်းသင့်မှ ဤဂါထာအကြောင်းကို ရေးသားပါမည်။)

ကျွန်ုပ်လည်း ပေါ့ပါးစွာဖြင့် ကျွန်ုပ် မှီခိုနေထိုင်ရာ ဇရပ်ကလေးသို့ ပြန်လာပါတော့သည်။

ကျွန်ုပ်သည် ဘသြဘာ အာရုံတွင် လာပြောသလို ဂမုန်းစိုက်ပျိုးတာ ဝါသနာပါသော်လည်း ဂမုန်းတွေရဲ့ အကြောင်းကို ဂဃနဏ မသိပေ၊ ဟိုလူက သည်ဂမုန်းကောင်းတယ်ဆိုလျှင် စိုက်ထားလိုက်သည်။ ဒီလူက ဒီဂမုန်းကောင်းတယ်ဆိုလျှင် စိုက်ထားလိုက်နှင့် ကျွန်ုပ် ဇရပ်ကလေးရှေ့တွင် ဂမုန်းအမျိုးပေါင်း ၁၀မျိုးကျော်လောက် ရှိနေပြီ ဖြစ်ပေသည်။ ကျွန်ုပ်သည် မနက်မှ ဂမုန်းပင်များကို ကြည့်တော့မည်ဟု တွေးပြီး အိပ်လိုက်ပါသည်။

◆◆◆

ထိုညတွင် ကျွန်ုပ် အိပ်မက်မြင်မက်ပါတော့သည်။

အိပ်မက်ထဲတွင် ဘသြဘာနှင့် ကျွန်ုပ် တောကြီးထဲကို ရောက်နေကြသည်။ ထိုတောကြီးသည် အလွန်မှလှပပြီး စိမ်းလန်းစိုပြည်၍နေသည်။ ကျေးငှက်သာရကာတို့ရဲ့ တွန်ကျူးသံ၊ ပန်းရောင်စုံတို့ရဲ့ လေသင့်ရာ ယိမ်းနွဲ့လှုပ်ရှားဟန်၊ ထိုပန်းတို့ပေါ်တွင် ရောင်စုံ လိပ်ပြာတို့က ဝဲပျံ ပျော်မြူး၍ ပန်းဝတ်ရည်စုပ်ယူနေကြပုံမှာ ပန်းချီကျော်စုတ်ချက်နှင့် သာလွန်နေပေသည်။

ဘသြဘာက တစ်နေရာတွင် ရပ်လိုက်ပြီး သစ်ပင်တစ်ပင်ကို လက်ညှိုးထိုးပြ၍ တူးခိုင်းလေသည်။ ထိုအပင်သေးလေးသည် ဖလက်မသာသာရှိ ဓားမြှောင်ဖြင့် မြေကို တူးဆွပြီး ယက်ထုတ်လေသည်။ ဖလက်မသာသာအနက်အရောက်တွင် အပင်လေးနှင့် အတူ တစ်လက်မသာသာ ဥလေးတစ်ခုပါ ကျွန်ုပ်လက်တွင်းသို့ ပါလာလေသည်။

ပါလာသည့် ဥလေးကို ကျွန်ုပ် သေသေချာချာ ကြည့်လိုက်တော့ ကြောက်စရာ သတ္တဝါတစ်ကောင်ရဲ့ ခေါင်းလိုဖြစ်နေသည်။ ကျွန်ုပ် ဘသြဘာကို မေးမလို့ ပါးစပ်ပြင်လိုက်စဉ် "တုန်…တုန်…တုန်"ဆိုသည့် အုန်းမောင်း(တချို့ ရပ်ရွာ ကုလားတက်လို့လည်း ခေါ်ကြသည်) ခေါက်သံ ကြားလိုက်ရ၍ ကျွန်ုပ်အိပ်မက်လည်း ရပ်သွားလေတော့သည်။

ကျွန်ုပ်လည်း အိပ်ရာက ထ၊ ကိုယ်လက်သန့်စင်ပြီး ဆရာတော်ကြီးအတွက် ရေနွေးကျိုထား၍ ဘုရားဝတ်တက်၊ ပရိတ်ရွတ် မေတ္တာပို့ပြီးတာနှင့် ရေနွေးအိုးကလည်း ဆူနေပြီဖြစ်၍ ဆရာတော်အတွက် အချိုပွဲပြင်ပေးလိုက်သည်။ မကြာခင် ဆရာတော်လည်း ကျက်သရေခန်းမှ အပြင်ထွက်လာပြီး ကိုယ်လက်သန့်စင်၍ ဘုရားဝတ်ပြုပြီး ဆွမ်းဝိုင်းတွင် လာရောက်ထိုင်[illegible] သည်။ ယာဂုပူပူနွေးနွေးနှင့် အချိုပွဲကို



www.burmeseclassic.com

www.burmeseclassic.com

ကပ်ပေးပြီး မနီးမဝေးနေရာမှ ဝတ်ဖြည့်နေလေသည်။

ဆရာတော် အေးအေးဆေးဆေး ဘုဉ်းပေးပြီးသွား၍ ကျွန်ုပ်ကို စွန့်လိုက်သည့်အတွက် သိမ်းစရာရှိတာ သိမ်းဆည်းပြီး ကျွန်ုပ် အဆာပြေ ယာဂု တစ်ပန်းကန်သောက်ကာ ကျောင်းအောက်သို့ ဆင်းလာပြီး အမှိုက်သရိုက်များ လှည်းကျင်းနေလေသည်။ အားလုံးပြီးစီးသွား၍ ဇရပ်လေးပေါ်သို့ ပြန်တက်ကာ ရေးလက်စ စာမူတစ်ပုဒ်ကို အစသတ်ရန် စျာဝန်ဝင်စားနေစဉ် ကျောင်းခွေးများ ဟောင်သံကြားရ၍ ကျွန်ုပ် အတွေးပျက်သွားပြီး ထကြည့်ရပြန်သည်။

ကျောင်းလှေကားမှ စိုက်စိုက် တက်လာသော အထက်အောက် အဖြူဝတ်စုံကို ဝတ်ထားပြီး တဘက်ကို ခေါင်းတွင် ပတ်ထား၍ လွယ်အိတ်လွယ်ထားကာ ဝါးတောင်ဝှေးထောက်၍ တက်လာသည့် လူကြီးတစ်ဦးကို ကျွန်ုပ်တွေ့ရလေသည်။ ဝေးနေသေး၍ လူလုံးမသဲကွဲ။ အပြင်အဆင်၊ လမ်းလျှောက်ပုံတို့က ဘကြီးဘာနှင့်တော့ တူသလိုရှိ၍ ကျွန်ုပ် လှေကားထိပ်မှ ရပ်ကြည့်နေလေသည်။ လှေကားတစ်ဝက်လောက်ရောက်ပြီး ဦးခေါင်းမော့လာမှ ဘကြီးဘာမှန်း သိလိုက်ရ၍ ကျွန်ုပ်သွားဆင်းကြိုလိုက်ရသည်။

"စာမပေး ဘာမပေးနဲ့၊ ဆရာလာမှန်းသိရင် ကားဂိတ်မှာ လာကြိုမှာပေါ့"

"အကြောင်းကြားစရာ မလိုပါဘူး လူလေးရာ။ ဘတို့က အာရုံရတဲ့ အချိန်ထလာရတာကွဲ့။ အခုလည်း ဘုန်းတော်ကြီး ဦးသီလဂူမှာ အဓိဋ္ဌာန်ဝင်ဖို့ လာခဲ့တာပဲကွဲ့။ လူလေး နေရထိုင်ရတာ အဆင်ပြေရဲ့လား။ ဆရာတော်ရော ကျန်းမာရဲ့လားကွဲ့။ ရှိရော ရှိရဲ့လား"

"ကျွန်တော် နေရထိုင်ရတာ အဆင်ပြေပါတယ်။ ဆရာတော်လည်း နေကောင်းပါတယ်။ ရှိလည်း ရှိပါတယ်။ ပေး၊ အဘပစ္စည်းတွေ ကျွန်တော် ဝိုင်းသယ်ပေးမယ်"

"ရော့…ဒီအိတ်ပဲ ယူ၊ ဆရာတော်ကို လှူဖို့ကွဲ့"

ကျွန်ုပ်နှင့် ဘကြီးဘာတို့ စကားပြောပြတ်သွားပြီး ဆက်တက်လာလေသည်။

♦♦♦

ဆရာတော် ခေတ္တကျိန်းတော်မူနေသေး၍ ကျွန်ုပ်နေထိုင်ရာ ဇရပ်လေးသို့ ဘကြီးဘာကို ခေါ်လာပြီး နားစေပါသည်။ ရေနွေးကြမ်း၊ ထန်းလျက်တို့ကို ချပေးပြီး အမောပြေစေပါသည်။

"အခု ဘယ်က လာတာလဲဟင် အဘ"

ကျိုက်ထီးရိုး ရသေ့တောင်မှာ အဓိဋ္ဌာန်ဝင်ပြီး ဒီကို လာခဲ့တာပဲ လူလေးရေ။ ဒါနဲ့ လူလေး ဂမုန်းတွေ စိုက်ထားတယ်မဟုတ်လားကွဲ့"

"ဟုတ်ကဲ့ အဘ။ ဂမုန်းအကြောင်းတော့ နားမလည်ပါဘူး။ သူများပေးလို့ ဝါသနာလည်းပါတော့ စိုက်ပျိုးထားတာပါ"

"အေး၊ ဂမုန်းဆိုတာ စိုက်ပျိုးလို့ကောင်းတဲ့ ဂမုန်းရှိသလို၊ မစိုက်ပျိုးကောင်းတဲ့ ဂမုန်းတွေလည်း ရှိတယ် လူလေး။ အခု လူလေး စိုက်ပျိုးထားတဲ့ ဂမုန်းတွေထဲမှာ ကြာရင် ကိုယ့်ကို အန္တရာယ်ပေးတဲ့ ဂမုန်းလည်း ပါနေတယ်။ အေးလေ၊ ညမှ ပြောကြတာပေါ့။ ဆရာတော် နိုးလောက်ပြီ ထင်ပါရဲ့။ ဒီအထုပ်ကို ယူခဲ့၊ ဆရာတော်ကို ကန်တော့မယ့် ပစ္စည်းတွေပဲ လူလေး"

ဘကြီးဘာ ဇရပ်လေးမှ ဆင်းသွား၍ ကျွန်ုပ်လည်း ဘကြီးဘာ ပြသော အထုပ်ကို ကိုင်ပြီး နောက်က လိုက်၍ ကျောင်းကြီးပေါ်သို့ သွားရန် ဇရပ်လေးပေါ်မှ ဆင်းခဲ့လေသည်။ အချိန်ကလည်း ဆွမ်းဝိုင်းပြင်ရန် နီးကပ်နေပြီဖြစ်သည်။

ကျောင်းအပြင်ခန်းတွင် ဆရာတော်သည် ကုလားထိုင်ပေါ်တွင် ထိုင်နေတာ တွေ့ရလေသည်။ ဘကြီးဘာက ဘုရားခန်းသွား၍ ဘုရားဝတ်ပြုပြီး ထွက်လာကာ ဆရာတော်ကို ကန်တော့လေသည်။ ကျွန်ုပ်က လင်ပန်းတစ်ချပ်ယူပြီး အိတ်ထဲမှ လှူဖွယ်ဝတ္ထုများကို ထုတ်၍ လင်ပန်းထဲသို့ ထည့်ကာ ဘကြီးဘာရှေ့တွင် ချထားပေးလိုက်လေသည်။

"ဒကာ ဩဘာ…ကျန်းမာတယ်နော်။ အခု ဘယ်က အဓိဋ္ဌာန်ဝင်ပြီး ရောက်လာတာလဲ"

"ကျိုက်ထီးရိုး ရသေ့တောင်မှာ အဓိဋ္ဌာန်ဝင်ပြီး ဘီလူးကျွန်း ရွာလွတ်မှာ ရှိတဲ့ ဘုန်းတော်ကြီး ဦးသီလဂူမှာ အဓိဋ္ဌာန်ဝင်ဖို့ လာတာပါ ဘုရား။ ဆရာတော်လည်း ကျန်းမာတယ်နော်၊ တပည့်တော်တို့အုပ်စုထဲမှာဆို ဆရာတော်နဲ့ တပည့်တော်ပဲ သက်ရှိ ကျန်တော့တာပဲ ဘုရား။ ဦးပညာလည်း ပျံလွန်တော်မူသွားပြီ။ ခင်အောင်ဆိုလည်း လူထွက်ပြီးမှ ပျက်စီးပြီး အရက်နဲ့ သေသွားတယ်။ ဝေပုလ္လလည်း ကြီးမှ လူထွက်ပြီး မိန်းမယူပြီး ၂နှစ်လောက်ပဲ ကြာတယ်၊ သေပြန်ရော မဟုတ်လား ဘုရား။ အရှင်ဘုရားနဲ့ တပည့်တော် တောင် အနေတတ်လို့ ကျန်နေတာပဲ နော်"

"ဟုတ်တယ် ဒကာ ဩဘာရေ အနေတတ်ရုံနဲ့ မပြီးဘူးဗျာ။ အသေ တတ်၊ အသေမြတ်ဖို့လည်း လိုတယ် နော်။ ဒါနဲ့ ဒကာ ဩဘာ ဘုန်းတော် ကြီး ဦးသီလဂူမှာ အဓိဋ္ဌာန်ဝင်မယ်ဆို လို့ အဆက်အသွယ်ရော ရှိရဲ့လား"

"မရှိဘူး ဆရာတော်။ ဆရာတော် ကိုပဲ အကူအညီတောင်းရမှာပဲ ဘုရား"

"ကောင်းတဲ့အလုပ် လုပ်တာပဲ ဒကာ ဩဘာရယ်။ ဘုန်းကြီး ကူညီပါ



www.burmeseclassic.com

www.burmeseclassic.com

သွားချင်တဲ့နေ့ကို ပြော၊ ငှက်ကို သိမ်းထားတဲ့ ရှာလွတ် မဟာဝိဟာ ကျောင်းကြီးက ဆရာတော်ကို စာ ရေးပေးပြီး ဒကာ ဩဘာတပည့်လည်း ထည့်ပေးလိုက်မှာပါ။ သူနဲ့လည်း ဒီ ဆရာတော်တို့ ရင်းနှီးနေကြတာပဲလေ”

ဆရာတော်နဲ့ ဘဩဘာတို့သည် ကျောင်းနေဖက် သူငယ်ချင်းများဖြစ်ကြ ပြီး မန္တလေး၊ မော်လမြိုင်မြို့တို့တွင် စာဝါအတူတူလိုက်ခဲ့ကြသည်။ ဘဩ ဘာတို့သည် ငယ်စဉ်က ဘဝတွေကို ပြော၍ ရယ်လိုက်မောလိုက်နှင့် နေကြ ၍ နှစ်ဦးလုံး၏ မျက်နှာတို့မှာ ငယ်မူ ငယ်သွေးပြန်ကာ နုပျိုလာကြလေသည်။

ဆွမ်းအုပ်တို့ ရောက်လာပြီဖြစ် ၍ ကျွန်ုပ်က လဲလှယ်ပေးနေရသဖြင့် ဆရာတော်နှင့် ဘဩဘာတို့ စကား ပြောနေတာကို နားမထောင်အားပေ။ ဘဩဘာက ဂန္ဓာရီအတွေ့အကြုံများ ကို ရှင်းပြနေပြီး အခြောက်အလှန့် အစမ်းသပ်ခံပုံ၊ မေတ္တာ အနိုင်နိုင်ပို့ရပုံ၊ မေတ္တာသုတ်ကို မပြတ်ရွတ်နေ၍ နောက်ပိုင်း မမြင်အပ်သည့် ပုဂ္ဂိုလ်တို့ ချစ်ခင်လာပုံ၊ မြတ်စွာဘုရား ဟောကြား တော်မူခဲ့သည့် မေတ္တာသုတ် တန်ခိုးကြီး ပုံတို့ကို ဘဩဘာကိုယ်တွေ့နှင့် ယှဉ် ပြီး ပြောပြသွားလေသည်။ ကျွန်ုပ်မှာ မကြားတစ်ချက် ကြားတစ်ချက်နှင့် ဖြစ်နေလေသည်။

“ကဲ . . . ဒကာ ဩဘာရေ၊ စကားပြောလို့တော့ ကောင်းပါရဲ့။ ဝမ်း ထဲမှာ ရှိတဲ့ ပိုးမျိုးတစ်ရာ့တစ်ပါးကို အစာကျွေးရဦးမယ်။ စကားပြော နား ကြဦးစို့ရဲ့။ ဒကာ မောင်လှရေ . . . ဒကာ ဩဘာ လှူထားတဲ့ ပစ္စည်းတွေ ကို လာယူကွယ်”

ဆရာတော် ကိုယ်လက်သန့်စင် ရန် ကုဋီအိမ်သို့ ဝင်သွားလေသည်။ ကျွန်ုပ်လည်း ဘဩဘာ လှူထားသည့် ပစ္စည်းကို ဆွမ်းဝိုင်းတွင် ထည့်သင့်တာ ထည့်၊ သိမ်းသင့်တာ သိမ်းလိုက်လေ သည်။

ဆရာတော် ဆွမ်းစားပြီး၍ ကျွန်ုပ် နှင့် ဘဩဘာတို့ ဆွမ်းဝိုင်းသိမ်းဆည်း ပြီး မီးဖိုခန်းတွင် ထမင်းစားကြလေ သည်။ အားလုံးစားပြီး၍ ဆေးကြော သုတ်သင်ကာ ဆရာတော်လည်း ခေတ္တအနားယူရန် ကျက်သရေခန်းထဲ ဝင်သွားသဖြင့် ကျွန်ုပ်တို့ နှစ်ဦးလည်း ဇရပ်လေးသို့ ပြန်လာကာ ရေနွေး သောက် အနားယူကြလေသည်။

♦♦♦

ညနေ ၄နာရီကျော်လောက်တွင် ရပ်ကွက် ဒကာအိမ်တစ်အိမ်မှ ပရိတ် ရွတ်ပေးရန် လာပင့်သွားသဖြင့် အရပ် ထဲသို့ လိုက်သွားလေသည်။

ဘဩဘာက ညနေစာ ထမင်း မစားဘဲ နေတာ နှစ်ကြာပြီဖြစ်၍ ကျွန်ုပ် တစ်ဦးတည်းသာ ထမင်းစားပြီး သိမ်း ဆည်းကာ ဘဩဘာနားသို့ စကားပြော ရန် လာသော်လည်း ဘဩဘာက ဘုရားဝတ်ပြုနေသဖြင့် စောင့်နေရလေ သည်။

“ဘဩဘာ . . . ကျွန်တော် မနေ့ ညက ကလော့ ဆံတော်ရှင်စေတီမှာ ပုတီးသွားစိပ်နေတုန်း အာရုံထဲမှာ ဘဩဘာ ကျွန်တော့်ရှေ့ ရောက်လာ ပြီး . . .”

“အေးပါ လူလေးရယ်၊ မစိုက် သင့်တဲ့ ဂမုန်း လူလေး စိုက်ထားတယ် လို့ လာပြောမှာပေါ့ ဟုတ်တယ်မဟုတ် လား လူလေး”

“ဟုတ်ပါတယ် အဘ။ အဘ ဘယ်လိုလုပ်သိသလဲဟင်”

“လူလေးလည်း ပုတီးအလုပ် မှန်မှန်လုပ်သွားရင် အဘလိုပဲ သိလာ မှာပါ။ အခု လူလေး စိပ်နေတဲ့ ဂုဏ် တော် ကွန်ချာပုတီးစိပ်က အလွန်ထူး ခြားတဲ့ ပုတီးစိပ်ပဲ လူလေး။ အခု လူ လေး အဓိဋ္ဌာန်တစ်ဆင့်အောင်သွားပြီ မဟုတ်လား။ အောင်သွားတော့ လူ လေး တောင်းတဲ့ဆု ပြည့်သွားတယ် မဟုတ်လား”

“ဟုတ်တယ် အဘ။ အဓိဋ္ဌာန် ၈၄၀၀၀ ပြည့်သွားလို့ အဘနဲ့ တွေ့ပါ ရစေလို့ ဘုရားမှာ ဆုတောင်းလိုက်တာ ပြည့်တယ် အဘရေ။ ထူးခြားတယ် နော် အဘ”

“အေး၊ အဓိဋ္ဌာန်ပြည့်ပြီးရင် တစ်နေ့ တစ်ပတ် မှန်မှန်စိပ်ဖို့ မမေ့နဲ့ လူလေး။ သည့်ထက် ထူးခြားတာတွေ တွေ့လာရမယ့်ကွဲ့”

“ဟုတ်ကဲ့ပါ အဘ။ တစ်နေ့ တစ်ပတ်ရအောင် မှန်မှန်စိပ်သွားပါ့မယ်။ ကျွန်တော့်မှာ မစိုက်သင့်တဲ့ ဂမုန်း တစ်ပင်ရှိတယ်ဆိုတာ ဘာဂမုန်းလဲ အဘ။ ကျွန်တော့်ကို ပြောပြပေးပါလား။ နောက် ဂမုန်းအမျိုးမျိုးရဲ့ အကြောင်း တွေကိုလည်း သိချင်တယ် အဘရယ်၊ ပြောပြပါနော်” ·

“အေးပါ လူလေးရယ်။ အချိန်ရှိ ပါသေးတယ်။ မနက်မှ ပြလည်း ပြ၊ ပြောလည်း ပြောမယ်။ အခုတော့ အဘ တရားအလုပ် လုပ်လိုက်ဦးမယ်”

အဘ ဩဘာသည် တရား အလုပ်ကို လုပ်နေ၍ ကျွန်ုပ်လည်း ဂုဏ်တော်ကွန်ချာတစ်ပတ်ရအောင် စိပ်နေလိုက်ပါသည်။ ကျွန်ုပ် ဂုဏ်တော် ကွန်ချာတစ်ပတ်စိပ်ပြီးသွားသည့်တိုင် ဘဩဘာ ထိုင်နေတုန်းဖြစ်၍ သူ့ အတွက် အိပ်ရာခင်းပေးထားပြီး ကျွန်ုပ် နေရာတွင် လဲနေလိုက်ရာ အိပ်ပျော် သွားတော့သည်။ ကျွန်ုပ် တုံးခေါက်သံ ကြား၍ နိုးလာပြီး ဘဩဘာကို ကြည့် လိုက်ရာ ထိုင်နေတုန်း တွေ့ရလေ သည်။

ကျွန်ုပ်လည်း ဆရာတော်အတွက် ရေနွေးကျို၊ ညဦးက ချက်ထားသော ယာဂုကို ပြန်နွှေးပြီး ဆွမ်းဝိုင်းပြင်ဖို့ လုပ်ရလေသည်။ ကျွန်ုပ် ရေနွေးလည်း



www.burmeseclassic.com

www.burmeseclassic.com

ထည့်ပြီး၊ ယာဂုလည်း ဆွမ်းဝိုင်းပေါ် ရောက်ပြီး မကြာမီ ရွာက ဆွမ်းလှည့် လာလေသည်။ ဆရာတော်လည်း ထွက်လာပြီဖြစ်၍ ဆွမ်းကပ်ကာ ဘေးက စောင့်နေလိုက်သည်။

"ကဲ - မောင်လှရေ••ဆွမ်းဝိုင်း သိမ်းတော့ကွယ်။ ဒကာ ဩဘာကို လည်း သေသေချာချာ ပြုစုနော် မောင်လှ"

"တင်ပါ့ ဘုရား။ ဘဩဘာက တပည့်တော်အဖေဆိုလည်း ဟုတ်ပါ တယ် ဘုရား"

"အေး•••အေး၊ နေ့ဆွမ်းတော့ မပြင်နဲ့တော့နော်။ အပြိုင်ရွာက နေ့ ဆွမ်းပင့်ထားလို့ ကြွရမယ်"

ဆရာတော်က ကျွန်ုပ်ကို မှာစရာ ရှိတာ မှာပြီး အခန်းထဲသို့ ဝင်သွားတော့ သည်။ ကျွန်ုပ်လည်း ဆရာတော် ဝိုင်း သိမ်းဆည်းပြီး မီးဖိုခန်းတွင် ထမင်းပွဲ ပြင်ကာ ဘဩဘာကို ထမင်းစားသွား ခေါ်ရလေသည်။ ဘဩဘာ တရေးဖြတ် ပြီး ကျွန်ုပ်စိုက်ထားသော ဂမုန်းပင်တွေ ကို လိုက်ကြည့်နေတာ တွေ့ရလေ သည်။

"အဘ•••မနက်စာ အဆာပြေ စားကြစို့ အဘ"

"အေး၊ စားတာပေါ့ လှလေး။ စားပြီးရင် သည်ဂမုန်းပင်ကို နုတ်လိုက် စမ်း လှလေး၊ ပြမလို့"

ကျွန်ုပ်တို့ ထမင်းစားပြီး အဘ ဩဘာက ရေနွေးကြမ်း ထိုင်သောက် နေသည်။ ကျွန်ုပ်က သံတူရွင်းကို ယူ ပြီး မနေ့တစ်နေ့က စိုက်ထားသည့် ဂမုန်းပင်လေးကို တူး၍ အဘထံ ယူ လာပေးလိုက်သည်။ မြေမကျစ်သေး၍ နုတ်ရတာ လွယ်ကူလေသည်။

"လှလေး•••သူ့ဥပါ ပါအောင် နုတ်ပြီး ရေစင်စင်ဆေးလိုက်။ ပြီးရင် အဘဆီ ယူလာခဲ့"

ကျွန်ုပ်လည်း အဘပြောသည့် အတိုင်း ရေစင်စင်ဆေးပြီး အဘကို ပေးလိုက်သည်။ အဘ ဩဘာရေနွေးဝိုင်းတွင် ဝင်ထိုင်ပြီး အဘပြောလာမည့် စကား ကို နားစွင့်နေလိုက်သည်။

"ဒီဂမုန်းရဲ့ ဥပုံသဏ္ဍာန်ကို သေသေချာချာကြည့်စမ်း လှလေး"

"ဟို ရုပ်ရှင်တွေ၊ ဝတ္ထုတွေမှာ ကြည့်ရဖတ်ရသလို၊ ဘီလူးခေါင်းလိုလို သရဲခေါင်းလိုလိုပဲ အဘ။ ကြည့်ရင်းနဲ့ တောင် ကြောက်လာပြီ အဘရေ"

"အေး၊ အခုဟာက အပင်ပေါက် လေးပဲ ရှိသေးလို့။ အပင်ကြီးလာရင် သူ့ဥက ဒီ့ထက် ကြောက်စရာကောင်း လာတယ်။ ဘီလူးခေါင်းပုံလည်း ပီပီ ပြင်ပြင်ပေါ်လာရောကွဲ့"

"ဒါဆို ဒီဘီလူးဂမုန်းအကြောင်း ကို ကျွန်တော်သိအောင် ပြောပြပေး ပါလား အဘရယ်"

"အေး၊ နားထောင် လှလေး။ ဘီလူးဂမုန်းက နှစ်မျိုးရှိတယ်ကွဲ့။ အခု လှလေးစိုက်တဲ့ ဂမုန်းက နန်းထိုင် ဘီလူးဂမုန်းပဲ။ နောက်တစ်မျိုးက တောင်ဘီလူးဂမုန်းဆိုတာ ရှိသေး တယ်။ ခုလို နုတ်ကြည့်ရင် ခွဲခြားလို့ ရတယ်။ ပွဲထဲမှာ ဆောင်းတဲ့ ဘီလူး ခေါင်းကို လှလေး မြင်ဖူးတယ်မဟုတ် လား။ သူတို့ဥက ဒီပုံအတိုင်းပဲ။ နန်း ထိုင် ဂမုန်းဥထိပ်မှာ အချွန်ပါတယ်။ တောဘီလူးက အချွန်မပါတာပဲ ကွာ တယ်။ တောဘီလူးက နန်းထိုင်ထက် ပိုကြမ်းတယ်။ အရွက်ပုံစံက အခု အရွက်ပုံစံအတိုင်းပဲ။ အပေါ်က အစိမ်း ရောင်၊ အောက်ဘက်က အနီရောင် သမ်းနေတယ်။ မင်းသားကြီး ဂမုန်းနဲ့ အရွက်ပုံစံချင်းတူကြတယ် လှလေး။ ခွဲခြားလို့ မရဘူး။ သေသေချာချာကြည့် မှ အပေါ်ဘက် အစိမ်းထဲမှာ အနီစင်း လေးတွေ ပါတာပဲ ကွာတယ်။ အပေါ် အစိမ်း နောက် အနီချင်းတူတယ်လို့ မှတ်ထားပေါ့ကွယ်။ ဘီလူးဂမုန်းကို နိုင်တဲ့ ဂမုန်းက မင်းသားကြီး ဂမုန်းပဲ ရှိတယ်။

ရန်ကုန်၊ လမ်း-၄၀ တိုက်ခန်းမှာ နေထိုင်တဲ့ ဦးအောင်သန်းဆိုသူ အဘ မိတ်ဆွေတစ်ဦးရှိတယ်။ အဘနဲ့ သူက တရားဆွေးနွေးဘက်။ သူက ဂမုန်း ဝါသနာအိုး။ သူ မတွေ့ဘူးသေးတဲ့ ဂမုန်းမျိုးကို ရှာစိုက်ပြီး သုတေသန လည်း လုပ်တယ်။ တစ်နေ့ သူ့အသိ ဂမုန်းဝါသနာအိုးတစ်ဦးထံက နန်းထိုင် ဂမုန်းတစ်ပင်ရလာပြီး တိုက်ရှေ့ ဝရံတာ မှာ စိုက်ပျိုးထားပြီး ဘာများ ထူးခြား လာမလဲလို့ စောင့်ကြည့်နေတယ်ကွဲ့။ တစ်ပတ်လောက်အထိ မထူးခြားသေး ဘူး။ ဒါပေမယ့် ဝရံတာမှာ ဖေါင်းဂမုန်း အဖိုအမပင်တွေလည်း စိုက်ထားတယ်။ နန်းထိုင် ဂမုန်းရောက်တဲ့ အချိန်က စပြီး ဖေါင်းဂမုန်းအဖိုအမပင်တွေ မကာ တော့ဘဲ ညှိုးနေတာ တွေ့ရတယ်။ ဒါပေမယ့် နန်းထိုင် ဂမုန်းကြောင့်လို့ သူ မထင်မိဘူးကွဲ့။

တစ်ပတ်လည်းလွန်ရော နန်း ထိုင် ဂမုန်းက ဒုက္ခစပေးတော့တာပဲ လှလေး။ ပထမ သူ့ဇနီး တရောင်ရောင် ဖြစ်လာပြီး ဆေးခန်းသွားလည်း ခဏပဲ ကောင်းပြီး ပြန်လဲတာပဲ။ နောက် သူ့ သားလတ်လည်း လဲပြန်ရော။ ညဘက် ဆိုလည်း ဝရံတာဘက်က လမ်း လျှောက်သံတွေ ကြားရတယ်။ ထွက် လည်း မကြည့်ရဲဘူးကွဲ့။ မိန်းမရော၊ သားရော လဲတော့ ငွေက ကုန်၊ ည ဘက် ဝရံတာမှာ လမ်းလျှောက်သံ ကြားရပြန်တော့ အိပ်ရေးပျက်တာပေါ့ ကွယ်။

နောက်တော့ ပိုထူးခြားတာ ပေါ် လာပြန်ရော လှလေးရေ၊ သူတို့အိမ်မှာ ကြောင်ငါးကောင်မွေးထားတယ်ကွဲ့။ သုံးရက်လောက်မှာ ကြောင်တစ်ကောင် ပျောက်သွားတယ်။ အိမ်လည်း[illegible]လို့ များ သူများတွေ သတ်စား[illegible]ပြီလို့

www.burmeseclassic.com

www.burmeseclassic.com

ထင်ကြတာပေါ့။ နောက် လေးရက် လောက်ကြာတော့ တစ်ကောင် ထပ်ပျောက်သွားပြန်ရော လူလေး။ သည်တော့ ဦးသန်းမောင် စဉ်းစားရပြီပေါ့ကွယ်။ တစ်မနက် ဒီနန်းထိုင် ဂမုန်းအိုးနား သွားကြည့်တော့ သွေးစသွေးနတွေနဲ့ ကြောင်အမွေးတချို့ကို သွားတွေ့တယ်။ ဘေးအိမ်တွေကလည်း "ဦးအောင်သန်း အိမ်ဝရံတာမှာ ညဘက် မည်းမည်းအကောင်ကြီးတစ်ကောင် လမ်းလျှောက်နေတယ်"လို့ ပြောကြပြန်တယ်။

ဦးအောင်သန်းလည်း အဖြေရှာလို့ မရဖြစ်နေတုန်း သူတို့ရွာက ဘုန်းကြီးတစ်ပါး သူတို့အိမ်ကို ကြွလာရော ကွဲ့။ သူတို့ကလည်း ရွာက သူတို့ ကိုးကွယ်တဲ့ ဆရာတော်ကြီးဆိုတော့ ဆွမ်းကပ်ဖို့ ပြင်ဆင်ကြတယ်။ ချက်မယ့်သူ မရှိလို့ ဆိုင်ကပဲ ဆွမ်းဝယ်ကပ်ရတော့ ဦးအောင်သန်းဇနီးကို မမြင်လို့ ဘုန်းကြီးက မေးရော။ နေမကောင်းလို့ အိပ်ရာထဲ လဲနေတဲ့ အကြောင်း၊ သူ့သားအလတ်ကလည်း နေမကောင်းဖြစ်နေကြောင်း၊ ကြောင်ပျောက်တဲ့ကိစ္စ ညဘက် ဝရံတာက ဝုန်း...ဒိုင်းနဲ့ လမ်းလျှောက်သံ ကြားနေရကြောင်း တို့ကို လျှောက်ထားတော့ ဆရာတော်ကြီးက ဦးအောင်သန်းကို ခေါ်ပြီး ဝရံတာဘက် ထွက်ကြည့်တယ်။

"ဒကာကြီး...သည်ဂမုန်းကို ဘယ်က ရလာတာလဲကွဲ့"

"အသိတစ်ယောက်က လာပေးတာနဲ့ လှလို့ စိုက်ထားတာပါ ဘုရား"

"အေး၊ ဒါဆိုလည်း ငါပြန်ရင် ငါတည်းခိုတဲ့ ကျောင်းကို လိုက်ခဲ့ဦး"

လို့ မိန့်ကြားပြီး ဆွမ်းစား၍ ဦးအောင်သန်းကို တည်းခိုတဲ့ ကျောင်းဆီ ခေါ်သွားပြီး ပန်းအိုးတစ်အိုးပေးလိုက်တယ်။ မှာလည်း မှာကြားလိုက်တယ် လူလေး။

"အောင်သန်း...သည်အိုးကို ယူသွားပြီး မင်းစိုက်ထားတဲ့ ဂမုန်းပင်ဘေးမှာ သူ့ကို ယှဉ်ထားလိုက်။ မင်းမိန်းမနဲ့ မင်းသား နေကောင်းသွားလိမ့်မယ်"

"ဒါ ဘာပင်လို့ ခေါ်ပါသလဲ ဘုရား"

"သူ့ကို မင်းသားကြီး ဂမုန်းလို့ ခေါ်တယ်။ ယူသွားပေတော့"

သည်လိုနဲ့ ဦးအောင်သန်းလည်း မင်းသားကြီး ဂမုန်းအိုးကို အငှားကားနဲ့ ယူလာပြီး နန်းထိုင် ဂမုန်းအိုးနားမှာ ယှဉ်ထားလိုက်တယ် လူလေး။ ညဘက်လည်း ရောက်ရော ဦးအောင်သန်း ဝရံတာမှာ ဝုန်းဒိုင်းကျဲနေတော့တယ်။ လူနှစ်ယောက် သတ်ပုတ်နေတဲ့ အသံမျိုး ထွက်နေတယ်။ အတော်လေး ကြာတော့ ဝရံတာပေါ်ကနေ ဘုတ်ခနဲ ဘုတ်ခနဲနဲ့ ခုန်ချသံတွေ ပေါ်လာပြီး အားလုံးတိတ်ဆိတ်သွားတော့တယ်။ ဦးအောင်သန်းတို့လည်း အဲဒီတော့မှ ကောင်းကောင်းအိပ်ကြရတော့တယ်။ မနက်ကျတော့ ဘေးအိမ်က လူတွေက ဦးအောင်သန်းကို လာမေးကြတယ်။

"ဦးအောင်သန်းတို့ ဝရံတာမှာ ညက ဝုန်းဒိုင်းကျဲနေတာ မကြားကြဘူးလားဗျ"

"ကြားပါတယ်ဗျာ။ ကြောက်လွန်းလို့ အသံတောင် မပေးရဲဘူး။ ခင်ဗျားတို့ တွေ့လိုက်ကြရဲ့လား။ ဘာတွေ မြင်လိုက်ရလဲဗျ"

"မြင်ရတယ်ဗျ။ ကျွန်တော်တို့ အိမ်ရှေ့တံခါး အသာလေး ဟပြီး ကြည့်တော့ ခင်ဗျားဝရံတာပေါ်မှာ ဖြူဖြူ အကောင်ကြီးတစ်ကောင်နဲ့ မည်းမည်း အကောင်ကြီးတစ်ကောင်တို့ သတ်ပုတ်နေကြတာပဲဗျို့။ ကြောက်စရာကြီးဗျာ။ ဖြူဖြူအကောင်ကြီးက မည်းမည်း အကောင်ပေါ် ခွထိုင်ပြီး ဓားရှည်နဲ့ ခုတ်နေတာပဲဗျ။ မည်းမည်းအကောင်ကြီးက ရုန်းထွက်ပြီး ဝရံတာပေါ်က ခုန်ချ ထွက်ပြေးသွားတော့ ဖြူဖြူ အကောင်ကြီးကလည်း ဓားထမ်းပြီး နောက်က အပြေးလိုက်ခုတ်နေတာပဲ။ သည်းထိတ်ရင်ဖို ရုပ်ရှင်ကြည့်ရသလိုပဲဗျာ"

"ဘာရှိမှာလဲဗျာ၊ ခင်ဗျားတို့ မြင်နေရတာပဲ။ ဂမုန်းပင်တွေပဲ ရှိတာ မဟုတ်လား"

လို့ ဆိုပြီး ဦးအောင်သန်းက စကားလျှောချလိုက်ရတယ်။ အဲဒီနေ့က စပြီး ဦးအောင်သန်း မိန်းမရော၊ သားရော ကျန်းမာရေးကောင်းမွန်လာပြီး နန်းထိုင် ဂမုန်းလည်း အလိုလိုသေသွားတော့တယ်ကွဲ့။

ပိုဆိုးတာက ဒီနန်းထိုင် ဂမုန်း ဘယ်နဲ့ ညာ ပန်းနှစ်ပွင့် ပွင့်လာလို့ကတော့ အသက်ဝင်လာပြီး စိုက်တဲ့သူကို သေအောင် လုပ်တော့တာပဲ လူလေးရေ။ သည်တော့ သည်နန်းထိုင် ဂမုန်းဥကို ထုခြေပြီး ရေထဲသာ မျှောလိုက်ပေတော့ လူလေးရေ။ နောက်ကျမှပဲ စိုက်သင့်တဲ့ ဂမုန်း၊ မစိုက်သင့်တဲ့ ဂမုန်းတွေကို ပြောပြတော့မယ်။ ဟိုမှာ ဆွမ်းလာပို့တဲ့ ကျောင်းဒကာတွေ လာနေကြပြီ၊ သွားလုပ်ပေးလိုက်ဦး လူလေး"

ကျွန်ုပ်လည်း ကျောင်းပေါ်သို့ ဆွမ်းဟင်းများ လဲလှယ်ပေးရန် ဘကြီးဘာအနားမှ ထသွားရတော့သည်။

ကောင်းကျိုးလိုရာ ပြည့်ပါစေ...

* * *

မောင်လှသည်(မော်လမြိုင်)



www.burmeseclassic.com

www.burmeseclassic.com

■ တက္ကသိုလ်စိုးမိုးနိုင် ■

# ဘဝပုစ္ဆာအဖြေရှာကဏ္ဍ

ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း၏ အမေးအဖြေကဏ္ဍသို့ ဘဝ အောင်မြင်ရေးအတွက် ကျင့်စဉ်တစ်ရပ်ကို တောင်းဆိုလာသူ လူငယ်များအားလုံးအတွက် ဖြေဆိုပေးလိုက်ပါသည်။

**အောင်မြင်မှုအတွေးအခေါ်**

*** အောင်မြင်မှုဆိုတာ ဘာလဲ**

အောင်မြင်မှုဆိုသည်မှာ တစ်စုံတစ်ခုကို ရည်မှန်းထားသည့်အတိုင်း ပြီးမြောက်အောင် ပြုလုပ်ခြင်းကို ဆိုလိုပါသည်။

ဥပမာ - ကျောင်းသားတစ်ဦးသည် ဘွဲ့ရအောင် လုပ်မည်လို့ ရည်မှန်းပြီး ကြိုးစားသဖြင့် ဘွဲ့ရလျှင် အောင်မြင်မှု ရသူတစ်ဦးပင်ဖြစ်သည်။

အိမ်ရှင်မတစ်ဦးသည် ဒီနေ့ အိမ်ရှင်းမည်ဟု ရည်မှန်းပြီး အိမ်ရှင်းလင်းမှု ပြီးမြောက်လျှင် အောင်မြင်မှု ရခြင်းပင် ဖြစ်တယ်။

တရားကို တစ်နာရီတိတိထိုင်မည်ဟု ရည်မှန်းပြီး တစ်နာရီတိတိ တရားထိုင်နိုင်လျှင် အောင်မြင်မှု ရခြင်းပင် ဖြစ်တယ်။

တစ်စုံတစ်ခုကို ရည်မှန်းထားသည့်အတိုင်း ပြီးမြောက်အောင် ပြုလုပ်နိုင်လျှင် အောင်မြင်မှု ဖန်တီးလိုက်ခြင်းဖြစ်သည်။

သို့သော် "အောင်မြင်မှု"ဟု ဆိုလိုက်လျှင် လူတစ်ရာမှာ ကိုးဆယ့်ကိုးယောက်တို့သည် ခမ်းနားထည်ဝါသော အိမ်ကြီး အိမ်ကောင်းမှာ စမတ်ကျကျ နေထိုင်ပြီး နောက်ဆုံးပေါ် ဇိမ်ခံကားကြီးကို တစီစီးလျက် ဘွဲ့ထူးဂုဏ်ထူးများ တသီတတန်းကြီးဖြင့် ရာထူးဂုဏ်သိန် မြင့်မားသောဘဝကို မျက်စိထဲ တန်းကာ ပြေးမြင်လိုက်ကြပါသည်။ မှန်လည်း မှန်ပါသည်။

ထိုသို့ ခမ်းခမ်းနားနားနေထိုင်ရသော ဘဝအနေအထားကို လူတိုင်း လိုချင်တောင့်တကြသည်။ ထိုသို့ ခမ်းခမ်းနားနား နေထိုင်ခြင်းကို အောင်မြင်မှု ကြီးကြီးမားမားရသည်ဟု ဆိုလျှင်လည်း မမှားပါ။

*** အောင်မြင်မှု ကြီးကြီးမားမားရအောင် ဘယ်လိုလုပ်ရမလဲ·**

အောင်မြင်မှု ကြီးကြီးမားမားရရှိဖို့အတွက် အကောင်းဆုံး သော့ချက်မှာ အောင်မြင်မှု သေးသေးလေးများကို စုဆောင်းခြင်းပင် ဖြစ်ပါသည်။ အောင်မြင်မှုသေးသေးလေးများကို နေ့စဉ် ဇွဲရှိရှိ စိတ်ရှည်ရှည် စုဆောင်းခြင်းသည် အောင်မြင်မှုကြီးကြီးမားမားရဖို့ လမ်းစပင် ဖြစ်ပါတော့သည်။

ဥပမာအားဖြင့် အင်္ဂလိပ်စာကို အရေး၊ အဖတ်၊ အပြော ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်လိုသူသည် ဝေါဟာရ တစ်လုံးကျက်မိုင်းတိုင်း၊ သဒ္ဒါပုံစံတစ်ခု နားလည်ပြီးတိုင်း ထိုသူအတွက် အောင်မြင်မှုသေးသေးလေးကို စုဆောင်းလိုက်ခြင်းပင် ဖြစ်သည်။ ထိုသို့ နေ့စဉ် အင်္ဂလိပ်စာလေ့လာမှုဟူသော အောင်မြင်မှုလေးပေါင်းများစွာကို စုဆောင်းပြီး အင်္ဂလိပ်စာကျွမ်းကျင်တတ်မြောက်ခြင်းဟူသော အောင်မြင်မှုကြီးကို ဆွတ်ခူးရရှိပေလိမ့်မည်။

ထို့အပြင် စာပေရေးသားခြင်းဖြင့် အောင်မြင်လိုသူသည် နေ့စဉ် စာတစ်ပုဒ်ဖတ်ပြီးခြင်း၊ စာတစ်ပုဒ်ရေးသားပြီးခြင်းတို့သည် ထိုသူအတွက် အောင်မြင်မှုသေးသေးများပင် ဖြစ်သည်။ ထိုအောင်မြင်မှုသေးသေးလေးများကို နေ့စဉ် ဇွဲထက်သန်သန်ဖြင့် စုဆောင်းသွားပါက အောင်မြင်မှု ကြီးကြီးမားမားကို ပိုင်ဆိုင်ရရှိပေလိမ့်မည်။

အောင်မြင်မှုကို ပြင်းပြသောဆန္ဒဖြင့် တောင့်တလိုလား၍ ဇွဲလုံ့လအရင်းခံလျက် ကြိုးစားသူတို့သည်···

(၁) အောင်မြင်မှုဟူသည် တစ်စုံတစ်ရာကို မိမိရည်မှန်းထားသည့်အတိုင်း ပြီးမြောက်အောင် ပြုလုပ်နိုင်ခြင်းပင် ဖြစ်သည်။ ထိုရည်မှန်းချက်သည် မိမိအတွက်ရော၊ အများအတွက်ပါ အကျိုးရှိသောကိစ္စဖြစ်လျှင် ပိုကောင်းပါသည်။

(၂) သင် လိုချင်သော အောင်မြင်မှုကြီးကို အောင်မြင်မှုကလေးများအဖြစ် ဆစ်ပိုင်း၍ တစ်ပိုင်းပြီး တစ်ပိုင်းရအောင်ယူပါ။

(၃) အောင်မြင်မှုလေးတစ်ခုရပြီးတိုင်း "ငါ တစ်ခု အောင်မြင်ပြီ၊ လိုချင်နေတဲ့ အောင်မြင်မှုအတွက် ခြေတစ်လှမ်း လှမ်းပြီးသွားပြီ"ဟု မိမိ၏ စိတ်ကို အားပေးပါ။

အများအကျိုးဆောင်လျက် အောင်မြင်မှုကို တည်ဆောက်သွားသော မာရသွန် အားကစားသမားတစ်ဦး၏ အကြောင်းကို ဖော်ပြပေးလိုက်ပါသည်။

♦♦♦



www.burmeseclassic.com

www.burmeseclassic.com

## မာရသွန်နှင့် ဘဝအဓိပ္ပာယ်ဖော်ဆောင်သူ ကင်ဆာရောဂါသည် Terry Fox

Terry Fox သည် ၁၉၅၈ခုနှစ်၊ ဇူလိုင်လ ၂၈-ရက်တွင် ကနေဒါနိုင်ငံတွင် ဖွားမြင်သည့် အားကစားသမားတစ်ဦးဖြစ်သည်။

အထက်တန်းကျောင်းသားဘဝတစ်လျှောက်လုံးတွင် အကောင်းဆုံး ဘတ်စကတ်ဘော ကစားသမားတစ်ဦးဖြစ်လာသည်။ ထို့အပြင် မာရသွန်အပြေးသမားတစ်ဦးလည်းဖြစ်နေပေသည်။

အသက် ၁၉နှစ်မှာ ရင်နှင့်ကြေကွဲဖွယ် ကံဆိုးမှုနှင့် ပက်ပင်းကြုံတွေ့လိုက်ရလေသည်။ ကင်ဆာရောဂါဆိုးကြီးနှင့် ရင်ဆိုင်ရလေသည်။ ကံဆိုးစွာဖြင့် ကင်ဆာရောဂါကြောင့် ၁၉၇၇ ခုနှစ်တွင် ခြေတစ်ချောင်းဖြတ်ဖို့ ကံကြုံလာပါသည်။

ညာဘက်ဒူးမှာ ကားအက်(စ်)စီးဒင့်ကြောင့် အောင့်နေတာကို အမှတ်မဲ့ထားပြီး ဘတ်စကတ်ဘော ကစားခဲ့သည်။

ကင်ဆာဆိုသည်က ဒီအတိုင်းရှိနေသည်မဟုတ်ဘဲ၊ ခန္ဓာကိုယ်တစ်ခုလုံးသို့ ပျံ့နှံ့သွားခဲ့သည်။ သို့တိုင်အောင်ပင် ဘီးတပ် ကုလားထိုင်စီး ဘတ်စကတ်ဘောပြိုင်ပွဲမှာလည်း ချန်ပီယံဖြစ်အောင် ကြိုးစားခဲ့သည်။ ထိုအချိန်တွင် သူ့ရောဂါအခြေအနေသည် အတော်လေး ဆိုးရွားနေပြီ။ သို့သော် သူ့နှလုံးအိမ်မှာ ကိန်းအောင်းနေသော "အောင်စိတ်"က ရဲရဲတောက် ရှင်သန်နေပေပြီ။

၁၉၈၀ ခုနှစ်တွင် သူသည် သူ့အတွက်သာမက၊ အများအတွက် အကျိုးရှိစေမည့် ရည်မှန်းချက်တစ်ခုပေါ်လာသည်။ ထိုရည်မှန်းချက်ကို မဆုတ်မနစ်သော ဇွဲလုံ့လအရင်းတည်လျက် မဖြစ်မနေ အကောင်အထည်ဖော်သည်။

၁၉၈၀ ခုနှစ်တွင် နိုင်ငံဖြတ်သန်း မာရသွန်ပြေးဖို့အတွက် အခိုင်အမာဆုံးဖြတ်လိုက်သည်။ ကင်ဆာရောဂါအတွက် သေနေရသောသူများ၊ ရောဂါခံစားနေရသူများအတွက် ကိုယ်ချင်းစာ ခံစားမိပြီး ဆေးသုတေသန ရန်ပုံငွေလှူရန် ဆန္ဒပြင်းပြင်းပြပြဖြစ်လာသည်။ သို့သော် သူ့မှာ ငွေအမြောက်အမြားမရှိပါ။ ထို့ကြောင့် မာရသွန်ပြေးပွဲနှင့် ငွေစုရန် အကြံရပြီး နိုင်ငံဖြတ်သန်းပြေးပါသည်။ ၃၃၃၉ မိုင် (၁၄၃ ရက်)ပဲ ပြေးနိုင်ခဲ့ပါသည်။ ထို့နောက် ကိုးလကြာ ဆေးကုသမှု ခံယူပြီး သေဆုံးခဲ့ပါသည်။

Terry Fox ပြေးခဲ့သော Marathon of hope မှ အမေရိကန်ဒေါ်လာ ၂၄သန်းမက ရရှိခဲ့သည်။ Terry Fox ရည်မှန်းထားသည့်အတိုင်း ကင်ဆာရောဂါသုတေသနအတွက် ရန်ပုံငွေများစွာ ရှာဖွေနိုင်ခဲ့သည်။ သူ့အတွက်သာမက၊ အများအတွက်ပါ အကျိုးကျေးဇူးများစွာရှိသည့် ကြီးမားသောအောင်မြင်မှုပင်ဖြစ်သည်။

သူပြေးစဉ်ကာလကလည်း ကမ္ဘာတစ်လွှားမှ နိုင်ငံခေါင်းဆောင်များ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၏ အားရုံစိုက်မှုကို ရရှိခဲ့ပြီး ကင်ဆာသုတေသန ရန်ပုံငွေ ဆက်တိုက်တိုးတက်လာခဲ့သည်။

ကနေဒါနိုင်ငံအတွက် လူသေသော်လည်း နာမည်မသေသော ပုဂ္ဂိုလ်အဖြစ် နှလုံးသားမှာ ရှင်သန်နေသူပင်ဖြစ်သည်။

သူ ကွယ်လွန်ပြီးချိန်မှာလည်း ယနေ့တိုင် Terry Fox Run အမည်ရ မာရသွန်ပြေးပွဲကို ကနေဒါနိုင်ငံမှာ ကျင်းပပြီး နိုင်ငံပေါင်း ၆၀ကျော်က လာရောက် ယှဉ်ပြိုင်ကြလေသည်။ ကင်ဆာရောဂါဖောင်ဒေးရှင်းအတွက်ဖြစ်ပြီး Terry Fox အမည်နဲ့ အလှူငွေပေါင်း အမေရိကန်ဒေါ်လာ သန်း ၅၀၀မက ရရှိထားပြီးဖြစ်ကြောင်း သိရှိရပါသည်။

ငယ်ရွယ်နုနယ်စဉ် ဝေဒနာခံစားရသည့်ကြားမှ မိမိနှင့် ဘဝတူ ဝေဒနာရှင်များအကျိုးအတွက် ရည်မှန်းချက် နိုင်နိုင်မာမာချမှတ်ပြီး ပြီးမြောက် အောင်မြင်အောင်အောင် လုပ်ဆောင်သော Terry Fox ၏ ဇွဲလုံ့လအားမာန်နှင့် စိတ်ဓာတ်ခွန်အားတို့သည် လွန်စွာချီးကျူးဖွယ်ကောင်းပါသည်။

◆◆◆

အချုပ်အားဖြင့်ဆိုရသော် အောင်မြင်လိုသူ လူငယ်များအနေဖြင့်...

(၁) ရည်မှန်းချက်ချပါ။ ထိုရည်မှန်းချက်သည် မိမိအတွက်သာမက မိမိ၏ မိသားစု၊ မိမိ၏ ပတ်ဝန်းကျင်အတွက် အကျိုးရှိသော ရည်မှန်းချက်ဖြစ်လျှင် ပိုကောင်းပါသည်။

(၂) ရည်မှန်းချက်များကို ဆစ်ပိုင်းလျက် အကောင်အထည်ဖော်ပါ။

(၃) မိမိစိတ်ဓာတ်နှင့် ရုပ်ခန္ဓာကို အင်အားအပြည့်ဖြင့် ကျန်းမာအောင် ကြိုးစားပါ။

* * *

တက္ကသိုလ်စိုးမိုးနိုင်



www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း၏လက်ဆောင်မွန်
# ဆရာတက္ကသိုလ်စိုးမိုးနိုင်၏ ဘဝပုစ္ဆာအဖြေရှာကဏ္ဍ

ဘဝရဲ့အောင်မြင်မှုမှာ အရေးအကြီးဆုံးက ဒဿနနဲ့ မှန်ကန်တဲ့ အသိတရားရှိဖို့လိုပါတယ်။ ရေလိုက်လွဲရင် အောင်မြင်မှုနဲ့ ဝေးလိမ့်မယ်။ တစ်ခါတစ်ခါ ယောင်ဝါးဝါးနဲ့လျှောက်နေရင်း ဘဝခရီးထဲမှာ မောပန်းလမ်းပျောက်နေမှုတွေ ရှိတတ်ပါတယ်။

ဒါ့ကြောင့် . . . ဒဿနိကဗေဒ၊စိတ်ပညာပိုင်းဆိုင်ရာ၊နက္ခတ္တဗေဒအမြင်၊ဂဏန်းဗေဒင်ပညာ၊ တိုင်းရင်းဆေးပညာအမြင် ရှုထောင့်စုံမှ သင့်ဘဝအောင်မြင်ရေးအတွက် ဆရာနိုင်သမျှ သင့်ကိုကူညီမှာပါ။

အောက်ဖော်ပြပါ အချက်အလက်များထဲမှ သင်နှစ်သက်ရာတစ်ခုကိုသာ မေးခွင့်ရှိပါသည်။

- A - ဒီနှစ်ထဲမှာ ကံကောင်းမလား။
- B - ကံကောင်းခြင်းရဲ့လက်ဆောင်၊ ယတြာတစ်ခု လိုချင်ပါသည်။
- C - ကျန်းမာရေးဓာတ်စာကို ပေးပါ။(ခံစားနေရမှု ဝေဒနာကို ဖော်ပြရန်လိုသည်။)
- D - ကျန်းမာရေးကောင်းစေရန် ယတြာကိုပေးပါ။
- E - အချစ်၏ ပုစ္ဆာတစ်ပုဒ်ကို အဖြေထုတ်လိုပါသည်။ (ချစ်သူ၏ မွေးနေ့၊ရက်၊လ၊ ခုနှစ်၊ မွေးဒေသနှင့် လူမျိုးတို့ကို ဖော်ပြရန်လိုပါသည်။)
- F - ဘဝအောင်မြင်ရေး ကျင့်စဉ်တစ်ရပ်ကို သိလိုပါသည်။(အမည်၊ မွေးနေ့၊ရက်၊လ၊ခုနှစ်၊အချိန်၊ မွေးဒေသ၊ အရပ်အမြင့်၊ ကိုယ်အလေးချိန်၊ ပညာအရည်အချင်းတို့ကို ဖော်ပြရန် လိုပါသည်။
- G - အပ်စပ်သော အဓိဋ္ဌာန်တစ်ရပ်ကို သိလိုပါသည်။

## ဆရာတက္ကသိုလ်စိုးမိုးနိုင်၏ ဘဝပုစ္ဆာအဖြေရှာကဏ္ဍ

အမည် : : ______________________

မွေးခုနှစ်၊လ၊ရက် : : ______________________

နေရပ်လိပ်စာ : : ______________________

______________________

______________________

မိမိမေးလိုသည့် : : ______________________

မေးခွန်းအကြောင်းအရာ ______________________

သင်သိလိုသောမေးခွန်းတစ်ခု၏အက္ခရာကိုအမှန်(✓)ခြစ်၍ဖော်ပြပါ။

A ( ) B ( ) C ( ) D ( ) E ( ) F ( ) G ( )

✂ ----------------------------------------

ဤပုံစံတွင်ဖြည့်စွက်၍ဖြတ်ပြီးလျှင်အောက်ပါလိပ်စာသို့ပို့လိုက်ပါလေ။ (သို့မဟုတ်)

ဤပုံစံအတိုင်းမိမိလက်ရေးဖြင့်လည်းပေးပို့လို့ရပါတယ်၊

ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း

ဘဝပုစ္ဆာအဖြေရှာကဏ္ဍ

အမှတ် - ၁၇၉ (မြေညီထပ်)၊ ၃၁ - လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့၊ ဖုန်း - ၃၇၄၄၈၅



www.burmeseclassic.com

www.burmeseclassic.com

ဝတ္ထုတို

# သယ်ယူအတွက် ယကြာသ

သန်လျင်(မောင်ကျောက်ခဲ)



အရှေ့အရပ်ဆီက နေဝန်းက တဖြည်းဖြည်း အလင်းရောင်ဖျော့ရာမှ အလင်းတန်းပြာထွက်လာချိန်၊ နှင်းငွေ့ရိပ်က ဖြူလွှလွှကြဲလျက် သစ်ပင်ထိပ်ဖျားမှာ ငွေနားကပ် အလှဆင်မပျက်ပင် ဖြစ်ရဆဲ။

လမ်းလျှောက်ရင်း မြင်ကွင်းမသဲကွဲရာမှ တစ်စတစ်စ သဲကွဲမြင်သာလာသည်။ နေ့စဉ် မြင်နေကျ မြင်ကွင်းဖြစ်သော ဒီဇင်ဘာလလယ်ရဲ့ ပြယုဂ်တစ်ခုပင် မိနစ် ၄၀ခန့် လမ်းလျှောက်လို၍ အနွေးဓာတ် အတန်သင့်ရနေသည်။ အောင်ချမ်းသာ လက်ဖက်ရည်ဆိုင်သို့ ဝင်၍ နံနက်စောစော ဟာနေသော ဗိုက်ပြဲသနားဖြည့်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

လက်ဖက်ရည်ဆိုင်တွင်းမှာ တရားသံ၊ စားသောက်စရာ မှာကြားသံ၊ စကားပြောသံများ အသံမျိုးစုံ ကြားနေရသည်။ နံနက်ခင်း ဖတ်လမ်းတစ်ပုဒ်ပမာ လှုပ်ရှားရုန်းကန် တစ်နေ့တာ၏အစ ခြေလှမ်းများပင် ဖြစ်ပေသည်။

♦♦♦

ခြံဝင်းတံခါးကို ဖွင့်၍ဝင်ပြီး အိမ်ရှေ့ပေါက်အရောက်တွင် အထဲမှ အသံကို လှမ်းကြားလိုက်ရသည်။

"ဦးရီးတော်···လာတယ်ဟေ့"

အသံလည်း ဆုံ၊ လူလည်း တံခါးဝရောက်လာသူက တူမတော်ပါ။

"အေး၊ ဒီကို သက်သက်လာခဲ့တာပဲ။ အားလုံး နေကောင်းကြတယ်မဟုတ်လား"

"အားလုံး ကျန်းမာပါတယ်။ ဦးရီးတူတော်မောင်က တော့ သင်္ဘောထွက်သွားတယ်။ ဖြလပြည့်တော့မယ်။ ကဲ- ထိုင်ပါဦး၊ ဘာစားမလဲ ပြော"

သည်အပြောက လာတိုင်း တူမရဲ့ အမြဲတမ်း မေးတဲ့ စကား။ ကျွေးတာကို စားမှလည်း ကြိုက်တယ်။ မစားရင် စိတ်ဆိုးတယ်။ သူ့စေတနာက သူ့အိမ်ရောက်ရင် တစ်ခုခုစားမှ ကြိုက်တာ။ သည်တော့ သူ စိတ်ကျေနပ်အောင်···

"အခုတော့ မစားသေးဘူး၊ လက်ဖက်ရည်သောက်ခဲ့လို့။ ထမင်းစားပြီးမှ ဦးလေးပြန်မယ်"

"ဒါဆိုလည်း ပြီးရော။ စားပြီးမှ ပြန်ရမယ်"

ပြောပြောဆိုဆို အိမ်နောက်ဖေးသို့ ဝင်သွားပါသည်။

ကျွန်တော့်အစ်မက သည်တူမလေးတစ်ယောက်မွေးသည်။ ဘွဲ့ရ ပညာစုံတော့ ကြင်ယာပါ စုံတော့သည်။ သူမ ကျောင်းနေဖက် သူငယ်ချင်းနှင့် အကြောင်းပါသည်။ ကျွန်တော့်အစ်မသည် ချိုသည်၊ ခါးသည် မပြော။ တစ်ဦးတည်းသော သမီးလေး စိတ်ချမ်းသာလျှင် ပြီးရောဟု၊ အစ်မ ဆုတောင်းပြည့်ခဲ့ပါသည်။ အိမ်ထောင်ကျပြီး တူတော်မောင် သင်္ဘောတက်နိုင်ခဲ့ပါသည်။ နှစ်ကြာသည်နှင့်အမျှ စီးပွားရေးလည်း အဆင်ပြေလာပါသည်။ ယခုဆိုလျှင် သူတို့မှာ သားရော သမီးပါ နှစ်ယောက်စလုံး နည်းပညာတက္ကသိုလ် ကျောင်းတော်သား၊ ကျောင်းတော်သူကြီးများ ဖြစ်နေသည်။

လုပ်ငန်းအနေဖြင့် သန်လျင်-ရန်ကုန် လိုင်းကားနှစ်စီး အိမ်စီးကားတစ်စီး ပိုင်ဆိုင်ခဲ့ပြီ။ တူတော်မောင်က သင်္ဘောလိုက် ငွေရှာ၊ တူမတော်က လိုင်းကားနှစ်စီးကို စီမံအုပ်ချုပ်ပြီး အတော်ကို အလုပ်ဖြစ်နေကြသည်။

"ဦးတော်···ဦးတော်၊ ဘာတွေများ စဉ်းစားနေတာလဲ။ ခေါ်တာ မကြားရအောင်"

တူမအသံကြားမှ အတွေးမျှင်ကို ရပ်လိုက်ပြီး···

"ကဲ - ပြော၊ ဘာအကြောင်းရှိလို့လဲ"

"ဦးတော် အားရင် အိမ်ခဏစောင့်ပေးပါ။ ဘုရား ခဏ သွားမလို့ပါ"

"ဟာ···ကောင်းတာ လုပ်တာပဲ။ သာဓုဗျာ···သာဓု ဦးလေးစောင့်ပေးပါ့မယ်"

"ကျေးဇူးပဲ ဦးတော်"

တစ်ဆက်တည်း နောက်ဖေးဘက်သို့···

"အေးမူရေ···သွားမယ်ဟေ့၊ အိမ်စောင့်ရှိတုန်း တို့ညီအစ်မ သွားရအောင်"

"ဘယ်ကိုလဲ အစ်မကြီး"

ညီမအမေးအား ကားသော့ယူရင်း···

"မနေ့က ပြောတဲ့ ဘုရားနားက ဆရာမ အိမ်ကို သွားမယ်။ ကားပေါ်တက်"

စကားမဆုံးခင် တူမက ကားပေါ်တက် စက်နှိုးလိုက်စဉ် အေးမူက နောက်ခန်းဖွင့်၍ ဝင်ထိုင်လိုက်လျှင် "သွားပြီ ဦးရီးတော်"လို့ နှုတ်ဆက်လျက် ကားမောင်းကာ ထွက်သွားပါတော့သည်။

♦♦♦

ကားဟွန်းတီးသံကြား၍ "လာပြီ တူမရေ လာပြီ"ဟု အော်လျက် ကျွန်တော် ခြံတံခါးဖွင့်ပေးလိုက်ပါသည်။ နံရံ နာရီကို ကြည့်လိုက်တော့ ၁၀နာရီထိုးပြီ။ သူတို့သွားတာ တစ်နာရီအချိန်ကြာခဲ့ပါသည်။ ပြန်ရောက်ရောက်ချင်း အဝတ် အစားများလဲ၍ ဧည့်ခန်းထဲသို့ လာထိုင်ကြပြီး တူမက ဘေး အေးမူအား···

"မိအေးမူ···ဒီနေ့ ဆရာမ ပြောတာ မှန်တယ်နော် ကားတွေ ခဏခဏပျက်မယ်၊ ငွေအဝင်နည်းမယ်၊ အကုန် အကျများမယ်။ လုပ်ငန်းမှာ အနှောင့်အယှက်ရှိတယ်လို့ ပြောတာ ကွက်တိပဲလေ"

"ဟုတ်တယ် အစ်မကြီး။ ဟိုလက ဝင်ငွေနဲ့ စာရင် ဒီလနည်းတယ်။ အပျက်လည်း များတယ်။ အစ်မကြီးလည်း ခဏခဏ နေမကောင်းဖြစ်တယ်"

"အေး၊ ဟုတ်တယ်။ တို့ ဘာလုပ်မလဲ"

"ဆရာမ ပြောတဲ့အတိုင်း ဝယ်ပိုင်းဘုရားမှာ ယတြာ ချေလိုက်ရင် အညံ့တွေ ပျောက်သွားမှာပါ။ သမီးသွားဝယ် လိုက်မယ်။ ၁၂နာရီမထိုးသေးဘူး၊ မီတယ်။ ဆိုင်ကယ် ကယ်ရီနဲ့ ပြေးလိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com

"အေးအေး၊ မြန်မြန်သွားပြီး ပြန်လာ၊ လမ်းမဝင်နေနဲ့"

"ဟုတ်ကဲ့···ဟုတ်ကဲ့"

ပြောပြောဆိုဆို မအေးမူ ပိုက်ဆံအိတ်ကိုင်၍ ဈေးသို့ ထွက်သွားသည်။

ကျွန်တော် ဘာတစ်ခွန်းမှ ဝင်မပြော၊ သူတို့ညီအစ်မ ပြောတာကိုသာ နားထောင်နေပါသည်။ မအေးမူသွား၍ ကြာမှ ကျွန်တော့်တူမအား မေးကြည့်လိုက်ပါသည်။

"သမီး ဘယ်ဆရာဆီ သွားတာလဲ"

"ဘုရားထောင့်ဘက်က ဆရာမပါ။ သူက ဗေဒင်သိပ်မှန်တာ။ ကားအကြောင်းပြောတာလည်း အမှန်တွေ၊ အိမ်အကြောင်းလည်း မှန်တာပဲ။ ဒါကြောင့် ယတြာချေဖို့ အေးမူကို ဈေးဝယ်ခိုင်းတာ။ ဒီနေ့ ၁၂နာရီမထိုးခင် ယတြာလုပ်ရမှာ ဦးတော်ရဲ့"

သူစကားဆုံးတော့ ကျွန်တော် အားရပါးရ အော်ရယ်မိသည်။ အတော်ကြာမှ အရယ်ရပ်ပြီး တူမတော်ကို မေးလိုက်ပါသည်။

"ကဲ···ဦးလေး မေးမယ်၊ အဲဒီဆရာမအိမ်က ၁၀ပေပတ်လည်၊ ဝါးတိုင်၊ ကြမ်းခင်း၊ နံနိုး၊ ထရံကာ၊ မြောက်ဘက်ကို မျက်နှာမူထားတယ်လေ။ ဆရာမအသက်က ၄၀ ဝန်းကျင်လေ"

"ဟုတ်ပါတယ် ဦးတော်"

"အေး၊ ယတြာချေ, မချေတာ သမီးအလုပ်ပေါ့။ ဦးလေးစကားကို သေသေချာချာနားထောင်။ ပြန်ဖြေလည်း ရတယ်၊ မဖြေလည်း ရတယ်။ သဗ္ဗေသတ္တာ ကမ္မသကာ-ဖြစ်သမျှ ကံကြောင့်ပဲ။ ကံဆိုတာ အလုပ်ကို ပြောတာပါ။ ကောင်းတဲ့ ကံလုပ်ရင် ကောင်းတာ ဖြစ်မယ်။ အေး မကောင်းတဲ့ ကံလုပ်ရင် မကောင်းတာ ဖြစ်မယ်။ ဒါက ဘုရားဟောတဲ့ တရားသဘောပဲ။ ယခင်အတိတ်ဘဝက မိမိပြုခဲ့တဲ့၊ လုပ်ခဲ့တဲ့ ကံဆိုတဲ့ အလုပ်က သည်ဘဝမှာ တူသော အကျိုးပေးမယ်။ အဟောသိကံဖြစ်တာလည်း ရှိတာပေါ့။ အသေးစိတ်ကိုတော့ နောက်မှ ရှင်းပြမယ်။

အခုပြောချင်တာက သမီးမှာ ပိုင်ဆိုင်မှုက ယောကျ်ားလုပ်တဲ့သူက နိုင်ငံခြားသင်္ဘောသား။ လစာဝင်ငွေကောင်းတယ်။ အိမ်အလုပ်က ကားလုပ်ငန်းက ဝင်ငွေရှိတယ်။ အရင်ထက်စာရင် အသုံးများလာမယ်။ သားသမီးတွေ အတန်းကြီးလာတော့ ကျောင်းစရိတ်က ကြီးလာတယ်။ မုန့်ဖိုးငွေက အဆပိုလာတယ်။ အစစအရာရာ ကုန်ဈေးနှုန်းမြင့်လာတယ်။ သမီးလို ကားလုပ်ငန်းကလည်း ကားတွေ များလာတော့ သမီးမှာ ဝင်ငွေနည်းတယ်။ အပြိုင်မောင်း အခေါက်ရေများအောင် မောင်းတော့ အပျက်အစီးပိုများလာတယ်။ အလုပ်သမားတွေကလည်း သူတို့မိသားစု မငတ်အောင် ကြံမယ်။ လုပ်မယ်။ ပျက်လို့ ပြင်ရတော့ ပစ္စည်းဈေးက ကြီးတယ်။ ဒီတော့ သမီးတို့လုပ်ငန်း သိပ်မကောင်းတော့ဘူး။ ဒီတော့ ငွေထွက်ပေါက်ကို ရှာရမယ်။ လုံအောင် ထိန်းဖို့ပါ။ အရေးကြီးတာက မီးဖိုချောင်လည်း လုံရမယ်။ အစားအစာဟာ အာဟာရဖြစ်ရမယ်။ အလဟဿမဖြစ်ရဘူး။ အလုပ်သမားတွေကို ပညာပေး စည်းရုံးရမယ်။ သားသမီးတွေကိုလည်း အသုံးနဲ့ အဖြုန်းကို သိအောင် ပြောပြရမယ်။ ကျောင်းသား ငွေသုံးများရင် ပညာရှုံးတတ်တယ်။ တူတော်မောင်ရော သမီးပါ ထိန်းပေးရမယ်။ အမေက အဖေထက် သားသမီးနဲ့ ပိုအထိအတွေ့များတယ်။ သမီးက ပုံသွင်းပါ။ လက်ဦးဆရာက မိဘပါ။

အေး စကားရှည်သွားတာ ဘေးရောက်သွားပြီ၊ ဒီတော့ သမီးဒုက္ခက ဘယ်မှာလဲ။ အရင်လောက် မသုံးရတာ၊ မစားရတာပဲ ရှိမယ်။ ဟိုစကားပုံလို ဆင်ပိန်တော့ ကျွဲလောက်တော့ ရှိမှာပေါ့။ ဗေဒင်ဆရာမက သမီးဒုက္ခကို ဘယ်လို ဖြေရှင်းပေးနိုင်မှာလဲ။ သမီး ကားဘီးဖိုးတောင် မရှိတဲ့ သူ့ရဲ့ ပိုင်ဆိုင်မှုနဲ့ သမီးကို ကူညီနိုင်ပါ့မလား။ စဉ်းစား။ ဒါပေမယ့် သမီးကတော့ သူ့ဒုက္ခကို ကယ်တင်နိုင်ခဲ့တယ်။ ဒီနေ့ သမီး ဗေဒင်သွားမေးလို့ ဗေဒင်မေးခရယ်၊ ယတြာချေဖို့ ပေးခဲ့တဲ့ ငွေငါးထောင်ကတော့ သူ့အတွက် သုံးရက်စာ ယတြာရသွားတယ်လေ။ ဆရာမက သမီးအတွက် ယတြာချေပေးတာ မဟုတ်ဘူး။ သူ့အတွက်၊ သူ့အိမ်၊ သူ့မိသားစု ဝမ်းရေးအတွက် သမီးက ယတြာချေပေးလိုက်တာပါ။

စဉ်းစားကြည့်၊ သမီး ဒီနေ့ချေတဲ့ ယတြာက ကိုယ့်အတွက်လား၊ ဆရာမအတွက်လားဆိုတာ ဘယ်သူ့အတွက် ချေတဲ့ ယတြာလဲဆိုတာ သမီးစဉ်းစားသာကြည့်ပေတော့။

* * *

သန့်လျှင်မောင်ကျောက်ခဲ



www.burmeseclassic.com

www.burmeseclassic.com

# မာလကာပင်

## တိုင်းရင်းဆေးအသုံး

ကျော်တင့်ဆွေ

သဘာဝအားဖြင့် အူနီသီးနဲ့ အူဖြူသီးအပြင် မာလကာ ချဉ်သီးဟူ၍ ရှိကြပါတယ်။ အရောင်းသွက် သစ်သီးထဲမှာ ပါဝင်တဲ့ အသီးဖြစ်ပါတယ်။ တိုင်းရင်းဆေးအမြင်အရလည်း ဆေးဖက်ဝင် အကျိုးကျေးဇူးတွေ အများကြီး ရရှိစေနိုင်တဲ့ အပင်လည်း ဖြစ်ပါတယ်။ ဒါကြောင့် ဒီဆောင်းပါးမှာ မာလကာပင် ပဥ္စငါးပါးရဲ့ ကျန်းမာရေးအတွက် ဆေးဝါးအဖြစ် အသုံးပြုနိုင်တဲ့ ဆေးနည်းတွေကို စာဖတ်ပရိသတ်များ ပိုမို သိရှိစေနိုင်ရန် တင်ပြထားပါတယ်။

### မာလကာရွက်ကွမ်းယာ

ကျေးလက်ဒေသများမှ ဆေးပညာအခြေခံရှိကြသူများ မှာ ကွမ်းရွက်ရှားပါးတဲ့ ဒေသတွေမှာ ကွမ်းအစ်အတွင်းမှာ ကွမ်းရွက်ကုန်ဆုံးနေချိန်နဲ့ ကြုံကြိုက်ပါက ကွမ်းကလည်း စားချင်၊ ကွမ်းရွက်ကလည်း မရှိဆိုရင်တော့ မာလကာရွက် ကို ကွမ်းရွက်နေရာမှာ အစားထိုး၍ စားသုံးတဲ့ ဓလေ့တွေ ရှိပါတယ်။ အချို့ဒေသများမှာတော့ သွားကျန်းမာကြံ့ခိုင်စေရန် နံနက်နှင့် ညနေပိုင်းမှာ မာလကာရွက်ကို ဝါးပေးလေ့ရှိကြ ပါတယ်။

### သွားကျန်းမာရေး စောင့်ရှောက်ပေး

သွားကျန်းမာရေးနဲ့ ပတ်သက်ပြီး မကြာခဏ သွားနာ ခြင်း၊ သွားကိုက်ခြင်း၊ သွားဖုံးရောင်ခြင်း၊ သွားဖုံး ပြည်တည် နာဖြစ်ခြင်း၊ ရေစီးကမ်းပြိုရောဂါဝေဒနာရှင်များအနေနဲ့ အိမ် တွင်းမှာ ကုသနိုင်တဲ့ နည်းကတော့ မာလကာခေါက်ပြုတ် ရည်ပျစ်ပျစ်ကို မကြာခဏ ငုံကာ ပလုတ်ကျင်းပေးနိုင်ပါ တယ်။ ဒါမှမဟုတ်ရင် မာလကာရွက်ကို မကြာခဏ ဝါးပြီး ရရှိသော အရည်ကို ငုံပေးပြီး ကုသနိုင်ပါတယ်။

### အထက်လုန် အောက်လျှောရောဂါ

အထက်လုန် အောက်လျှောရောဂါတွေ ဖြစ်ကြ အခါမှာ ရုတ်တရက် အိမ်တွင်း ကုသနိုင်ရန် ဆေးနည်းတွေ ရှာမတွေ့တဲ့သူတွေအတွက်တော့ မာလကာရွက် အဖိုးတန်

www.burmeseclassic.com

www.burmeseclassic.com

ဆေးပင်ဖြစ်ပါတယ်။ ဖော်စပ်နည်းမှာ သန့်ရှင်း လတ်ဆတ်တဲ့ မာလကာရွက်တစ်ဆကို ရေသန့် လေးဆနဲ့ ပြုတ်ပါ။ ပြုတ်ဆေးရည်တစ်ဆကျန်လျှင် သောက်ဆေးရည်အဖြစ် အသုံးပြုနိုင်ပါတယ်။ ဆေးတစ်ခွက်စာပမာဏမှာ ဟင်းစား စတီးဇွန်းတစ်ဇွန်းပင် ဖြစ်ပါတယ်။ ဆေးကို နံနက် တစ်ကြိမ်၊ ည တစ်ကြိမ်၊ တစ်နေ့ နှစ်ကြိမ်သောက်ပေးနိုင်ပါတယ်။

## သွားရောဂါကု ဆေးတစ်လက်

မာလကာသီးအမှည့်အတွင်းမှ အစေ့များကို နေလှန်းအခြောက်ခံကာ အမှုန့်ပြုလုပ်ပြီး သွားခြေနဲ့ သွားမြစ်ဝန်း၊ သွားဖုံးသားများကို ပွတ်တိုက်ပေးခြင်းဖြင့် သွားခြေမှာ ပြည်တည်ခြင်း၊ နာကျင်ခြင်းတို့ကို သက်သာစေနိုင်ပါတယ်။

## ကလေးသူငယ်နာကုသနည်း

ဖော်စပ်ရမည့်နည်းကတော့ လတ်ဆတ်တဲ့ မာလကာရွက်၊ အခေါက်၊ အမြစ်များကို ဆတူ ယူပါ။ ၎င်းတို့ တစ်ဆ၊ ရေသန့် လေးဆ ထည့်ပြုတ်ပါ။ ပြုတ်ဆေးရည် တစ်ဆကျန်ပါက ဆေးချိန်ပမာဏအတိုင်း တိုက်ကျွေးပေးခြင်းဖြင့် ကလေးသူငယ်နာ ဝမ်းပျက်ရောဂါကို ကုသပေးနိုင်ပါတယ်။

## အမျိုးသမီးကျန်းမာရေး

အမျိုးသမီးများမှာ ဖြစ်ပွားတတ်တဲ့ ရောဂါတွေအနက် သားအိမ်နဲ့ မွေးလမ်းကြောင်း နာကျင်ကိုက်ခဲခြင်း၊ သားအိမ်လျှောခြင်း၊ သားဖွားလမ်းကြောင်း ရောင်ရမ်းခြင်း၊ သားဖွား၍ သားဖွားလမ်းကြောင်း ကျယ်ခြင်းတို့အတွက် အိမ်တွင်းမှာ ကိုယ်တိုင်ကုသလို့ ရပါတယ်။ လတ်ဆတ်တဲ့ မာလကာရွက်နဲ့ မာလကာခေါက်ကို ပြုတ်ဆေးရည်အဖြစ် ပြုတ်လို့ရတဲ့ အရည်နဲ့ သားဖွားလမ်းကြောင်းကို တစ်နေ့ သုံးကြိမ် ဆေးကြောပေးပါ။

## အရေပြားရောဂါကုသနည်း

အနာအဆာများ၊ ဝဲစိုရောဂါ၊ နာတာရှည် ပြည်တည်နာများ၊ အနာအိုး အနာပေါင်း၊ အနာဒွေးများကို ကုသရန် ဖန်ရေဆေးအဖြစ် မာလကာပြုတ်ဆေးရည်တွင် ကန့်ဝါအမှုန့်ကို အနည်းငယ်မျှထည့်ကာ ဆေးကြောပေးပါ။

မာလကာသီးအမှည့်စေ့များကို အခြောက်ခံပြီး အမှုန့်ပြုပါ။ ထိုအမှုန့်တစ်ဆနဲ့ ကန့်ဝါမှုန့်တစ်ဆကို သမအောင် ရောစပ်ပြီး ပုလင်းနဲ့ ထည့်ထားပါ။ ထိုဆေးမှုန့်တို့ဖြင့် အောက်တွင် ဖော်ပြထားသော ရောဂါများကို ဖြူးပေးနိုင်ပါတယ်။ ကလေးသူငယ်များ လည်ကွဲနာ၊ ပေါင်ခြံကွဲနာ၊ ဝဲစိုရောဂါ၊ ဝဲခြောက်ရောဂါ၊ မကွဲ့ရုနာ၊ အနာအဆာများကို ဖြူးပေးနိုင်ပါတယ်။ ယားနာ တာရှည်နေပါက အထက်ပါ ဆေးမှုန့်ကို သနပ်ခါးနဲ့ ရောစပ်ပြီး သွေးပေးပါ။

## အထွေထွေရောဂါကုဆေးနည်း

လတ်ဆတ်တဲ့ မာလကာရွက်ခြောက်တစ်ဆ၊ အခေါက်ခြောက်တစ်ဆ၊ အမြစ်ခြောက်တစ်ဆတို့ကို အမှုန့်ပြုလုပ်ပြီး ထိုအမှုန့် ၅ကျပ်သားနဲ့ သိန္ဓောဆားမှုန့်၊ ဇဝက်သာမှုန့်၊ ဆားပုပ်၊ နွယ်ချိုအမှုန့်တို့ကို ရှစ်ပဲသားစီ ရောစပ်ပြီး လျက်ဆားအဖြစ် အသုံးပြုပေးခြင်းဖြင့် အောက်ဖော်ပြပါ ရောဂါများတွင် အသုံးပြုပေးနိုင်ပါတယ်။

ကလေး အစာမကြေခြင်း၊ မကြာခဏ ငိုတတ်ခြင်း၊ ချက်တိုင် ရစ်၍ နာခြင်း၊ ရင်ပြည့်ရင်ကယ်ခြင်း၊ အစားမှား၍ ဝမ်းပျက်ခြင်း၊ မျက်စိအမြင်အာရုံ အားနည်းခြင်း၊ ဝမ်းနဲ့လေ အပုပ်ဆန်ခြင်း၊ သန်းဝေခြင်း၊ မိုန်းစက်နေခြင်းတို့တွင် ဆေးဝါးအသုံးပြုနိုင်ပါတယ်။

## မာလကာသီးမှည့် တိုင်းရင်းဆေးဖက်ဝင် အာနိသင်များ

သာမန်မျှ မှည့်တဲ့ မာလကာသီးမှည့်မှာ ပါဝင်တဲ့ ဆေးအာနိသင်များကတော့ ခံတွင်းပျက်ခြင်း၊ အင်အားကုန်ခန်းခြင်း၊ ကာမဆန္ဒပျောက်နေခြင်း၊ သုက်ခြောက်ခြင်း၊ အာခေါင်ခြောက်ခြင်း၊ အာခေါင်ပူခြင်း၊ ခဏခဏ ဆာလောင်ခြင်း၊ ဓာတ်ပျက်နာတို့အတွက် ကောင်းပါတယ်။ ပျော်အောင် မှည့်နေတဲ့ မာလကာသီးမှည့်ကတော့ ချာချာလည်အောင်မူးခြင်း၊ ဝမ်းပျက်ရောဂါ၊ ခံတွင်းပျက်ခြင်း၊ သွားအခြေမခိုင်ခြင်း၊ နှုတ်ခမ်းကွဲနာတို့အတွက် စားသုံးသင့်ပါတယ်။ ချောင်းဆိုးလျှင် မာလကာသီးမှည့်ကို သကြားနဲ့ တို့စားပေးပါ□

အာရောဂျံ ပရမံ လာဘံ

* * *

ကျော်တင့်ဇော



www.burmeseclassic.com

www.burmeseclassic.com

ရီရီငွေး

# မိုက်ကြွေးမိုက်ပြန်



www.burmeseclassic.com

www.burmeseclassic.com

ဧရာဝတီမြစ်ဝကျွန်းပေါ်က မြစ်မခရွာကြီး။
ဒီရွာကြီးဟာ ဟိုးနှစ်ပေါင်းသုံးရာ ကျော်လောက်ကတည်းက
...တဲ့ ရွာကြီးပါ။ အရင်ကတော့ အိမ်ခြေ တစ်ရာကျော်ခန့်
...သာရှိခဲ့တယ်။ ရွာရဲ့ နံဘေးမှာ စိမ်းစိမ်းစိုနေတဲ့ လယ်တော
ရွာအပြင်မှာ ထန်းတောကြီးတွေနဲ့ အလွန်သာယာတဲ့



www.burmeseclassic.com

www.burmeseclassic.com

ရွာကြီးပေါ့။ ဒါ့အပြင် မြစ်မခမြစ်ကြီး ရှိတာကြောင့် ငါး၊ ပုစွန်တွေ ပေါတယ်။ တစ်နှစ် တစ်နှစ် မြေနုကျွန်းတွေ ပေါ်လာတဲ့အတွက် သီးနှံတွေ စိုက်ရလို့ ဝင်ငွေကောင်းကြတယ်။ အဖက်ဖက်က ပြည့်စုံတဲ့ ရွာဖြစ်လို့ အခြားရွာက လူတွေက အဲဒီရွာကြီးဆီကို ပြောင်းရွှေ့ပြီး အလုပ်လုပ်ခဲ့ကြတဲ့အတွက် တဖြည်းဖြည်း အိမ်ခြေတိုးပွားလာခဲ့တာ အိမ်ခြေ သုံးရာကျော်လာခဲ့တယ်။

လွတ်လပ်ရေးရပြီးတဲ့နောက်မှာ အဲဒီရွာမှာ မူလတန်းကျောင်းကလေး တစ်ကျောင်း စပြီးဖွင့်လှစ်ပေးခဲ့တယ်။ အစတော့ မူလတန်းကျောင်းမရှိလို့ စာတတ်ချင်သူတွေဟာ ဘုန်းတော်ကြီးကျောင်းမှာ စာသင်ကြားခဲ့ကြတယ်။ မူလတန်းကျောင်းဖွင့်ပေးမယ့် အဲဒီရွာထဲက စားနိုင်သောက်နိုင်၊ စီးပွားကောင်းတဲ့ လူတွေရဲ့ သားသမီးတွေသာ အဲဒီကျောင်းမှာ ပညာသင်ကြားခဲ့ကြတယ်။ ဆင်းရဲတဲ့သူတွေကတော့ ဘုန်းတော်ကြီးကျောင်းမှာပဲ စာသင်ခဲ့ကြတယ်။ ဒီလိုနဲ့ ဘုန်းကြီးကျောင်းသားနဲ့ မူလတန်းကျောင်းသား ဆိုပြီး နှစ်မျိုးကွဲသွားခဲ့တယ်။ အဲဒီကျောင်းသား အချင်းချင်း မသင့်မြတ်ကြပါဘူး။ မူလတန်းကျောင်းသားတွေက ဘုန်းကြီးကျောင်းသားတွေ ဆွမ်းခံတဲ့ အချိန်မှာ တွေ့ရင်...

"ဘုန်းကြီးကျောင်းသား သူတောင်းစား"

"မူလတန်းကျောင်းသား အကောင်းစား"

လို့ အော်ဟစ်လေ့ရှိတယ်။ အဲဒီတော့ ဘုန်းကြီးကျောင်းသားတွေကလည်း အားကျမခံ...

"မူလတန်းကျောင်းသား ငရဲသွား ဘုန်းကြီးကျောင်းသား နိဗ္ဗာန်သွား"

လို့ ပြန်ဆိုပြီး တစ်ဖက်နဲ့ တစ်ဖက် နှုတ်နဲ့ ရန်ဖြစ်ကြတာ အကြိမ်ကြိမ်အခါခါပါပဲ။

ဒီလိုနဲ့ မူလတန်းကျောင်းသားတွေဟာ စတုတ္ထတန်းအောင်ပြီးတော့ ဒီကျောင်းမှာ ဆက်တက်လို့ မရတော့ပေ။ ပိုက်ဆံချမ်းသာသူများကတော့ မြို့တက်ပြီးတော့ ကျောင်းထားကြတယ်။ ငွေကြေးမချမ်းသာသူတွေကတော့ စတုတ္ထတန်းအောင်ပြီးတာနဲ့ ကျောင်းထွက်ပြီး လယ်ထဲ လိုက်တဲ့သူက လိုက်၊ မလိုက်တဲ့သူက ဘုန်းကြီးကျောင်းရောက်လို ရောက်နဲ့၊ လမ်းပျောက်သွားကြတယ်။ စတုတ္ထတန်းအောင်ပြီး ဘုန်းကြီးကျောင်းကို ရောက်သွားတဲ့ ကလေးတွေကို နဂိုကတည်းက ဘုန်းကြီးကျောင်းမှာ ရှိတဲ့ ဘုန်းကြီးကျောင်းသားတွေက...

"ငါတို့က သူတောင်းစားတွေဆို၊ မင်းတို့က အကောင်းစားတွေဆို၊ အခုတော့ မင်းတို့ဟာ ငါတို့ဆီကို ရောက်လာကြပြီမဟုတ်လား။ သွား...သပိတ်ဆေး၊ ပြီးရင် ကုဋီဆေး၊ ပြီးရင် ကနုတ်တံဆေး"

ဆိုပြီး သူတို့ မလုပ်ချင်တာတွေ ခိုင်းတော့တာပဲ။ ကနုတ်တံဆိုတာက ဘုန်းကြီးတွေ အိမ်သာတက်ပြီးရင် အသုံးပြုတဲ့ တုတ်တံပါ။ ဒါကြောင့် ကနုတ်တံဆေးရမှာကို ကျောင်းသားတွေက အတော်ကြောက်ကြတယ်။

နှစ်တွေ ကြာလာတာနဲ့အမျှ စီးပွားရေးတွေပါ ဖွံ့ဖြိုးတိုးတက်လာပြီး မူလတန်းကျောင်းကနေ အလယ်တန်းကျောင်းအဖြစ် အဆင့်မြင့် တိုးတက်လာခဲ့တယ်။ အဲဒီတော့ စတုတ္ထတန်းအောင်ပြီးရင် မြို့ကျောင်းကို သွားမတက်ရတော့ဘဲ ဒီရွာမှာပဲ ကျောင်းဆက်တက်နိုင်တာကြောင့် အလယ်တန်းကျောင်းမှာ ကျောင်းသားတွေ အများအပြား ကျောင်းတက်ခဲ့ကြတယ်။ ဒါကြောင့် ဘုန်းကြီးကျောင်းသားတွေဘက်မှာ လူအင်အားနည်းသွားခဲ့တယ်။

* * *

ဘုန်းကြီးကျောင်းသားထဲမှာ ကျောင်းသားကြီးတစ်ယောက်ရှိတယ်။ သူ့နာမည်က "စံတိုး"တဲ့။ စံတိုးဟာ ငယ်စဉ်ကတည်းက မိဘနှစ်ပါးဆုံးသွားလို့ ဆွေမျိုးတွေက ဘုန်းကြီးကျောင်းကို ပို့ထားခဲ့တာ။ ဒါနဲ့ ဘုန်းကြီးက ကျွေးမွေးပြီး ပညာသင်ကြားပေးခဲ့တယ်။ ငယ်ငယ် ကလေးဘဝမှ ယခု အသက် ၁၇နှစ်လောက်အထိ ဘုန်းကြီးကျောင်းသားဘဝနဲ့ ဝေယျာဝစ္စလုပ်ပေးခဲ့တယ်။ စံတိုးဟာ ဘုန်းတော်ကြီးကျောင်းမှာ နေပေမယ့် သူက စိတ်ခပ်တိုတိုနဲ့ စိတ်ဆိုးလွယ်တဲ့ သူတစ်ယောက်ဖြစ်တယ်။ ကိုရင်တွေ၊ ကျောင်းသားတွေနဲ့ မတည့်ဘဲ ခဏခဏရန်ဖြစ်လို့ ဆရာတော်က မကြာခဏ ရိုက်နှက် ဆုံးမရတယ်။

အခုလည်း ကိုရင်လေးတွေနဲ့ ရန်ဖြစ်လို့ ဆရာတော်ရဲ့ ရှေ့ကို ရောက်ခဲ့တယ်။

"ရန်ဖြစ်ရင် ဘယ်သူလဲဆို စံတိုးပဲ။ ကိုရင်လေးတွေက မင်းထက် ငယ်တယ်။ ကိုယ့်ညီအရွယ်လေးပဲ။ တော်ရဲ့ဆို သည်းခံမှပေါ့။ ဒီတော့ စံတိုး... မင်းမှာ အပြစ်ရှိလား၊ မရှိဘူးလား"

"ရှိပါတယ် ဘုရား"

"ဒါဆို လက်ပိုက်ပြီး ဟိုဘက်လှည့်"

"ရွှမ်း...ရွှမ်း...ရွှမ်း"

ဆရာတော်က စံတိုးရဲ့ တင်ပါးကို သုံးလုံးပူး ကြိမ်လုံးနဲ့ ရိုက်တော့တာပဲ။ စံတိုးမှာ နာလွန်းလို့ တင်ပါးကို ကောသွားတာပဲ။ ဆရာတော်က အား အောင် ရိုက်ပြီးမှ...

"စံတိုး...မင်းသွားတော့"

လို့ မိန့်လိုက်တယ်။

စံတိုးလည်း အရိုးတွေ ထပ်သွား အောင် အနာတရဖြစ်သွားခဲ့ ကပ္ပိယကြီး ဦးလုံးက မနေနိုင်လို့ အရိုးတွေကို နှိုင်းသိပ်ပေးခဲ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com

ကပ္ပိယကြီးက နှုတ်ဆက်ပြီး ဆက်သွားရင်း…

"စံတိုးရာ…မင်းက အသက်သာ ကြီးတာ၊ ဦးနှောက် မကြီးပါလား။ ဘာဖြစ်လို့ ကိုရင်လေးတွေကို ရိုက်နှက်ရသလဲ"

"ကိုရင်လေးတွေက ကျွန်တော့်ကို မိဘမဲ့သားလို့ စလို့ ဆုံးမလိုက်တာ"

"မလုပ်ပါနဲ့ကွာ။ ကိုရင်လေးတွေက အခုမှ ရှစ်နှစ်၊ ကိုးနှစ်ရှိသေးတာ။ မင်းက တစ်ဆယ့်ရှစ်နှစ်ရှိပြီ။ မင်း မကြိုက်ရင် နောက် မစနဲ့လို့ ပြောပေါ့"

"စိတ်တိုတယ် ဦးလေးလုံးရာ။ ကိုယ့်ဘာဝကိုယ် မကျေနပ်ဖြစ်ရတဲ့အထဲ ဒီလို လာစတော့ သတ်တောင် သတ်ပစ်ချင်တာ"

"ဘုရား…ဘုရား…၊ ဘုန်းကြီးကျောင်းမှာ နေပြီး ဘာဖြစ်လို့ မိုက်စကားပြောရတာလဲ"

"မသိဘူးဗျာ။ ဆွမ်းခံလိုက်သွားပြန်တော့လည်း ဘုန်းကြီးကျောင်းသားသူတောင်းစားလို့ အပြောခံရသေးတယ်။ နေနှင့်ဦးပေါ့ကွာ။ နောက်တစ်ခါ အဲဒီလိုပြောတဲ့ အကောင်တွေကိုလည်း မှတ်လောက်အောင် ရိုက်ပစ်ဦးမယ်"

"ဟဲ့ - စံတိုး၊ ပြောလေ ကဲလေပါလား။ ရွာထဲက ကလေးတွေနဲ့ သွားပြီး ရန်မဖြစ်နဲ့နော်။ မင်းကို ဆရာတော်က ထပ်ပြီး သုံးလုံးပူးနဲ့ ဆွဲလိမ့်မယ်"

"ဆွဲ…ဆွဲဗျာ၊ အဲဒီလိုပြောတဲ့ အကောင်တွေဆို ရိုက်ကို ရိုက်ဦးမယ်"

"စံတိုးတစ်ယောက်နဲ့တော့ ဒုက္ခပါပဲ"

စံတိုးက စိတ်တိုပေမယ့် ဆရာတော့်အပေါ် အတော်ပင် ချစ်ခင်ခဲ့တယ်။

ဖြစ်ချင်တော့ စိတ်တိုတတ်တဲ့ စံတိုးတစ်ယောက်အတွက် ကံကြမ္မာမှန်တိုင်းက ရိုက်ခတ်ခဲ့တယ်။

ဦးဇင်းတစ်ပါးနဲ့ ဆွမ်းခံသွားရင်း ဆွမ်းခံအိမ်ကို ရောက်တော့ အိမ်ရှင်တွေက ညောင်ခန်းမှာ ဘယ်သူမှ မရှိဘဲ အိမ်လယ်ခန်းမှာ စုပြီး စကားပြောနေတာကို ကြားလိုက်ရတယ်။ အဲဒီစကားကတော့ စံတိုးရဲ့ ဆရာတော်ကို အိမ်ရှင်တွေက အတင်းပြောနေတာ ဖြစ်တယ်။

"ဆရာတော်က သူ့ကို ဝတ်စေချင်လို့ သင်္ကန်းအကောင်းစားကို လှူလိုက်တာ။ အဲဒါကို ပိန်ကောရွာက ဘုန်းကြီးကို စွန့်လိုက်တယ်"

"အဲဒီ ဆရာတော်ကို နောက်တစ်ခါ သင်္ကန်းမလှူနဲ့တော့။ ကောင်းမှန်း၊ ဆိုးမှန်း သိတာ မဟုတ်ဘူး"

အဲဒီလိုပြောလိုက်တာက ရှစ်တန်းကျောင်းသား သန့်စင်ဖြစ်နေတာကို စံတိုး သိလိုက်တယ်။ ဒါကြောင့် သူတို့ရောက်ကြောင်း သိရအောင် စံတိုးက…

"အဟမ်း…အဟမ်း"

ဆိုပြီး ချောင်းဟန့်သံပေးလိုက်တော့မှ သန့်စင်ရဲ့ အမေဖြစ်သူ ဒေါ်ခင်ဥက အခန်းထဲက ထွက်လာပြီး…

"သြော်…ဆွမ်းခံတောင် ရောက်နေမှကိုး"

လို့ ပြောပြောဆိုဆိုနဲ့ ဆွမ်းလောင်းလိုက်တယ်။

အဲဒီအချိန်မှာ သန့်စင်ကလည်း အခန်းထဲက ထွက်လာပြီး စံတိုးကို ခပ်မိုက်မိုက်ဟန်နဲ့ လှမ်းကြည့်လိုက်တယ်။ သူ့ရဲ့ အကြည့်ကို စံတိုး သဘောပေါက်လိုက်ပါတယ်။ ဆရာတော်ကို နောက်တစ်ခါ သင်္ကန်းမလှူနဲ့ ဆိုတဲ့ သူပြောလိုက်တဲ့ စကားကို စံတိုးကြားမှန်း သိတယ်။ ဒါပေမယ့် အရေးမစိုက်ဘူးဆိုတဲ့ သဘောပဲ။ စံတိုးကလည်း ဆွမ်းခံအိမ်ဖြစ်တဲ့အတွက် ဘာပဲဖြစ်ဖြစ် သည်းခံရမယ်ဆိုတဲ့ အတွေးနဲ့ မျက်လွှာချပြီး အိမ်ထဲက ပြန်ထွက်လာခဲ့တယ်။ ဒါပေမယ့် ဆရာတော့်ကို မှို့ချိုးမျှစ်ချိုးပြောလိုက်လို့ ရင်ထဲမှာ အကျိတ်အခဲလေးကတော့ ဖြစ်သွားခဲ့တယ်။

ဖြစ်ချင်တော့ သန့်စင်ရဲ့ အဖေဒေါ်စန်းမြပဲ သားအိမ်ကင်ဆာဖြစ်နေတာပဲ။ ဆေးမြီးတိုနဲ့ ကုသရင်း တဖြည်းဖြည်း နောက်ဆုံးအဆင့်ကို ရောက်လာခဲ့တယ်။ ဆရာတော်က သူတတ်တဲ့ တိုင်းရင်းဆေးနဲ့ ကုပေးတဲ့အတွက် ဆရာတော့်ဆီမှာ ဆေးလာကုတယ်။ ဒါပေမယ့် ရောဂါလွန်နေတဲ့အတွက် ဆရာတော်နဲ့ ဆေးကုရင်း တစ်ပတ်အကြာမှာ ကွယ်လွန်သွားခဲ့တယ်။

ဒါကိုလည်း စံတိုးက အမှတ်တမဲ့ပါပဲ။ ဒါဟာ ဆူးတစ်ချောင်းမှန်း နောက်မှ သိခဲ့တယ်။ နောက်ဆုံးဆူးကတော့ "ပန်းဝါ"ကြောင့်ပဲ။

အဲဒီညနေက ရွာနောက်ပိုင်းက အပြန် ရွာလယ်က ရေတွင်းကြီးနားအရောက်မှာ ရေလာခပ်တဲ့ ပန်းဝါကို သန့်စင်က လက်ဆွဲပြီး စာပေးလိုက်တယ်။ ရေအိုးတစ်ဖက်နဲ့ ပန်းဝါကို စာအတင်းထည့်လိုက်တဲ့အတွက် ဘာမှ မလုပ်နိုင်လို့ စိတ်ဆိုးနေစဉ်မှာ စံတိုး ဖြတ်လာတာကို လှမ်းမြင်လိုက်တော့-

"စံတိုးရေ…စံတိုး၊ ငါ့ရေအိုးကို ခဏချပေးစမ်းပါ"

လို့ လှမ်းအော်ပြောလိုက်တယ်။

ပန်းဝါဆိုတာကလည်း သူ့ဆွမ်းခံအိမ်က မိန်းကလေးဖြစ်လို့ ကူညီရမယ်ဆိုတဲ့ အတွေးနဲ့ ပန်းဝါဆီကို အပြေးလာပြီး ရေအိုးကို အောက်ချပေးလိုက်တယ်။ ရေအိုးလည်း ချပြီးရော ပန်းဝါက ရုတ်တရက် သန့်စင်ဆီကို အပြေးသွားပြီး…

"ဖြန်း…ဖြန်း…"

သန့်စင်ရဲ့ ပါးကို ဘယ်ပြန် ညာပြန်ရိုက်ပြီး…

"ဒီမှာ သန့်စင်…နင်က ငါ့ကို ဘာကောင်မမှတ်လို့ စာပေးရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com

ပန်းဝါက သန့်စင်ကို ဒေါသတကြီးနဲ့ ရန်တွေ့လိုက်တယ်။ စံတိုးကတော့ သူ့ကိုစွမှမဟုတ်တာ၊ လက်ပိုက်ပြီး ကြည့်နေလိုက်တယ်။ စံတိုးကဘာမှမဖြစ်ပေမယ့် သန့်စင်ရဲ့ စိတ်ထဲမှာ ပန်းဝါနဲ့ စံတိုး ကြိုက်နေပြီး သူချစ်သူ စံတိုးရှေ့မှာ ပါးအရိုက်ခံလိုက်ရတဲ့အတွက် ရှက်လည်း ရှက်၊ ဒေါသလည်း ထွက်ဆိုသလိုဖြစ်ပြီး စံတိုးဆီကို အပြေးသွား၍…

"ခွပ်…ခွပ်…"

စံတိုးကို သန့်စင်က ထိုးလိုက်လို့ လမ်းနံဘေးနားမှာ စံတိုးလဲကျသွားပြီး တစ်ကိုယ်လုံး ရွှံ့တွေ ပေကျံကုန်တယ်။ အဲဒီမှာ သန့်စင်က …

"ငါ မင်းကို မကျေနပ်တာ ကြာပြီ။ မင်းက ပန်းဝါရှေ့မှာ လူစွမ်းကောင်းလာလုပ်တာ ငါက ဒီအတိုင်း ငြိမ်ပြီး ခံမယ် ထင်လား။ နောက်တစ်ခါ ဒီလိုလုပ်ရင် မင်းအသေပဲ။ နောက်ပြီး မင်းဆရာ ဘုန်းကြီးက တတ်ယောင်ကားနဲ့ ဆေးကုလိုက်လို့ ငါ့အဒေါ်ဟာ မသေသင့်ဘဲ သေရတာ။ မင်းဆရာတော်ကိုလည်း ငါက ကြည့်လို့ရတာ မဟုတ်ဘူး"

စံတိုးက သူ့ကို ထိုးသည့်တိုင်အောင် များစွာ စိတ်မဆိုးမိပေ။ ပန်းဝါနဲ့ အထင်အမြင်မှား၍သာ ထိုးခြင်းဖြစ်မည်ဟု ထင်ကာ ရှင်းပြမည်ဟု စိတ်ကူးလိုက်သေးတယ်။ ဒါပေမယ့် မင်းဆရာ ဘုန်းကြီးက တတ်ယောင်ကားနဲ့ ဆေးကုလိုက်လို့ ငါ့အဒေါ် မသေသင့်ဘဲ သေရတာဟု ပြောလိုက်တဲ့ စကားအဆုံးတွင် သူ့ရဲ့ နားထဲ၌ မိုးကြိုးပစ်ချလိုက်သလို ဒိုင်းခနဲဖြစ်သွားပြီး မျက်စိပြာဝေသွားကာ ဘာမှမပြောနိုင်တော့ဘဲ တစ်ကိုယ်လုံး တုန်ယင်သွားပြီး အနီးရှိကျနေသော သစ်ကိုင်းကျိုးတစ်ခုကို ကောက်ယူပြီး…

"ဘုန်း…ဘုန်း…ဘုန်း"

သန့်စင်၏ ဦးခေါင်းကို သစ်ကိုင်းကျိုးနှင့် ဆင့်ကာဆင့်ကာ ရိုက်ချလိုက်ရာ…

"အား…"

ဟု အော်သံနှင့်အတူ သန့်စင် လဲကျသွားခဲ့တယ်။

"ဟောတော့…သန့်စင်ခေါင်းမှာ သွေးတွေ…သွေးတွေနဲ့၊ ငါ…ငါသွားတော့မယ်"

ပန်းဝါမှာ ကြောက်အားလန့်အားနဲ့ ရေအိုးကိုပင် မယူတဲ ထွက်ပြေးသွားခဲ့တယ်။ သန့်စင်နဲ့ စံတိုးတို့နှစ်ဦး ရန်ဖြစ်သံကြောင့် ရေတွင်းအနီးမှာ ရှိတဲ့ ရွာသူရွာသားတွေ ရောက်ရှိလာပြီး…

"သန့်စင်…သန့်စင် သတိလစ်နေပြီ၊ ရွာထဲ ခေါ်သွားမှပဲ"

♦♦♦

သန့်စင်ကို သူ့အိမ်ခေါ်သွားခဲ့တယ်။ နောက်ဆက်တွဲ ကြားရတဲ့ သတင်းကတော့ သန့်စင်ရဲ့ ဦးခေါင်းမှာ ထိခိုက်မိတဲ့ ဒဏ်ရာက ပြင်းလွန်းလို့ ပုသိမ်ဆေးရုံကြီးမှာ တင်ထားလိုက်ရတယ်တဲ့။ သေမယ်၊ ရှင်မယ်ဆိုတာတောင် မခန့်မှန်းနိုင်ဘူးဆိုပဲ။ ဒီတော့ သန့်စင်ရဲ့ မိဘနှစ်ပါးက စိတ်ဆိုးတကြီးနဲ့ ဆရာတော်ကြီးဆီ ရောက်လာပြီး-

"ဆရာတော်ကြီးဘုရား…အခုတော့ ကြားလို့မှ ကောင်ပါသေးရဲ့လား ဘုရား"

"အိမ်း…ဘာဖြစ်တယ်ဆိုတာ လျှောက်တင်ပါ ဒကာကြီး"

"အရှင်ဘုရားရဲ့ ကျောင်းသား စံတိုးက တပည့်တော်ရဲ့သား သန့်စင်ကို ပန်းဝါနဲ့ ပတ်သက်ပြီး စကားများရန်ဖြစ်လို့ သစ်ကိုင်းကျိုးနဲ့ ရိုက်လိုက်တာ အခုထိ သတိမရသေးဘူး။ သေမလား၊ ရှင်မလားဘဲ ဘုရား"

"ဟေ…ဒီလောက်တောင် ဖြစ်သွားလား"

"မှန်ပါ ဘုရား။ တပည့်တော်ရဲ့ သားလေးကို ပုသိမ်ဆေးရုံကြီးမှာ တင်ထားရပါတယ် ဘုရား"

"ဟေ… ဒါဆိုရင် စံတိုးကို အပြစ်ပေးမှာပေါ့။ ဟဲ့ - ကျောင်းသား တစ်ယောက်၊ စံတိုးကို သွားခေါ်စမ်း"

"တင်ပါ့ဘုရား"

မကြာမီ စံတိုးရောက်လာခဲ့တယ်။

"ဟဲ့ကောင် စံတိုး၊ မင်း သန့်စင်ရဲ့ ခေါင်းကို သစ်ကိုင်းကျိုးနဲ့ ရိုက်တယ်ဆို"

"တင်ပါ့ ဘုရား"

"ဘာဖြစ်လို့ ရိုက်တာလဲ"

"အရှင်ဘုရားကို တတ်ယောင်ကားနဲ့ ဆေးကုလို့ သူ့အဒေါ်သေရတာလို့ ပြောလို့ပါ ဘုရား"

"စံတိုးက မဟုတ်တာ လျှောက်ပြောတာပါ ဘုရား။ ဖြစ်စဉ်ကတော့ ပန်းဝါကို ပိုးပန်းရင်း တပည့်တော်ရဲ့ သားကို သေအောင် ရိုက်လိုက်တာပါ ဘုရား"

စံတိုးရဲ့ စကားကို သန့်စင်ရဲ့ အဖေက မဟုတ်မမှန်ကြောင်း လျှောက်ထားလိုက်တယ်။ ဒီတော့ ဆရာတော်ကြီးက စံတိုးကို…

"ဟဲ့ကောင် စံတိုး၊ မင်း သန့်စင်ရဲ့ ခေါင်းကိုတော့ ရိုက်လိုက်တယ် မဟုတ်လား"

"မှန်ပါ့ဘုရား"

"ဒါဆို ဘာမှမပြောနဲ့၊ ကျောင်းသားတွေ လာကြစမ်း"

"လာပါပြီ ဘုရား"

"စံတိုးကို တိုင်မှာ ကြိုးနဲ့ တင်းတင်းတုပ်လိုက်စမ်း။ ပြီးရင် ငါ့ရဲ့ သုံးလုံးပူး ကြိမ်လုံးပေးစမ်း"

"မှန်ပါ့ ဘုရား"

သည့်နောက်တော့…



www.burmeseclassic.com

www.burmeseclassic.com

“သူတစ်ပါးကို ကိုယ်ထိလက်ရောက် လုပ်ဦးမလား”

“ရှမ်း...ရှမ်း...ရှမ်း”

ဆရာတော်ကြီးက...

“မင်း နောက်တစ်ခါ သူများကို ဒီလိုလုပ်ဦးမလား”

“ဆရာတော့်ကို မကောင်းပြောရင် ထပ်လုပ်ဦးမယ် ဘုရား”

“ဘာ...၊ ဒီလောက် ဆုံးမနေတာတောင် ထပ်လုပ်ဦးမယ်၊ ဟုတ်လား”

“ရှမ်း...ရှမ်း...ရှမ်း”

“အရှင်ဘုရား...တပည့်တော်ရဲ့ သားသေရင် ဒီကောင့်ကို အရှင်မထားဘူး ဘုရား”

“ဒကာကြီး...ကျုပ် ဆုံးမနေတယ်လေ”

“ရှမ်း...ရှမ်း...ရှမ်း”

ဆရာတော်ကြီးမှာ ဒကာကြီးရှေ့တွင် ဆုံးမ မရတဲ့အတွက် ကြိမ်လုံးနဲ့ အချက်ပေါင်းများစွာရိုက်ခဲ့တယ်။ သန့်စင်အဖေကလည်း များများရိုက်စေချင်တဲ့အတွက် မတားပေ။ ဤတွင် ကပ္ပိယကြီး ဦးလုံးမှာ မနေသာတော့ဘဲ...

“အရှင်ဘုရား...တော်လောက်ပါပြီ ဘုရား။ ကြိမ်လုံးပေးတော်မူပါ ဘုရား”

ဟု ဝင်ဆွဲတော့မှ အရိုက်ရပ်သွားခဲ့တယ်။

“ဒီလောက်ဆိုးတဲ့ အကောင်ကို အခန်းထဲမှာ ပိတ်ထားလိုက်၊ ထမင်းလည်း မကျွေးကြနဲ့ ခေါ်သွားကြစမ်း”

ဟု မိန့်လိုက်သဖြင့် ကပ္ပိယ ဦးလုံးမှာ စံတိုးကို တွဲကာ အခန်းအတွင်းသို့ ခေါ်သွားရာ စံတိုးက...

“ဆရာတော်လည်း အလကားပဲ။ သူ့ကို ပြောလို့ မခံနိုင်လို့ ရိုက်လိုက်တာ။ အခုတော့ ငါ့ကို ရိုက်လိုက်တာ သေတောင် သေတော့မယ်”

“ဟဲ့ - စံတိုး၊ ဆရာတော်ကို အဲဒီလို မပြောရဘူး။ မင်း ငရဲကြီးလိမ့်မယ်”

“ဆရာတော်က ကျုပ်အပေါ်မှာ မညှာတာဘူး။ သုံးလုံးပူးနဲ့ ဒီလောက်တောင် ရိုက်ရသလား။ သူက အရင်စထိုးတာ။ ပြီးတော့ ဆရာတော့်ကို မကောင်းကြောင်းပြောတာ နှစ်ခါရှိပြီ။ သူ့အတွက် မခံချင်လို့လည်း လုပ်ရသေးတယ်။ သေလုမျောပါးလည်း အရိုက်ခံရတယ်။ ဆရာတော်ကို စိတ်နာတယ်”

“ဟဲ့...စံတိုး၊ ဆရာတော်က မင်းရဲ့ ကျေးဇူးရှင်လေ။ အဲဒီလို မပြောရဘူး”

“ကျုပ်ကတော့ မကျေနပ်ဘူး ပြောမှာပဲ”

“ကဲ...ကဲ...မင်းလည်း အခန်းထဲဝင်ပြီး နေလိုက်ဦး”

ကပ္ပိယ ဦးလုံးဟာ ဆရာတော် မိန့်တဲ့အတိုင်း စံတိုးကို အခန်းတွင်းမှာ ပိတ်လှောင်ထားလိုက်တယ်။

စံတိုးဟာ တစ်ညလုံး နာကျင်မှုဝေဒနာကို ခံစားရင်း...

“ငါတော့ ဒီကျောင်းမှာ ဆက်နေလို့ မဖြစ်တော့ဘူး။ ဆရာတော်က အရိုက်ကြမ်းတယ်။ ဒီညတွင်းချင်းမှာ ထွက်ပြေးမှပဲ”

စံတိုးဟာ အဲဒီလိုတွေးပြီး သန်းခေါင်ယံအချိန်မှာ ပြတင်းပေါက်က ခုန်ချပြီး ထွက်ပြေးခဲ့တယ်။

◆◆◆

စံတိုးတစ်ယောက် မြစ်မခရွာကနေ ပုသိမ်ကို ရောက်ခဲ့တယ်။ ပုသိမ်ကနေ သင်္ဘောစီးပြီး ရန်ကုန်မြို့ကြီးကို ရောက်လာခဲ့တယ်။ ရန်ကုန်ဆိပ်ကမ်းရောက်တော့ သူတို့ရွာက ဒီမှာ ကုန်တင်ကုန်ချအလုပ် လုပ်နေတဲ့ ဦးကြီးပုကို သွားရှာခဲ့တယ်။ အခန့်သင့်ပဲ ဦးကြီးပုနဲ့ တွေ့ပြီး သူလည်း ကုန်တင် ကုန်ချအလုပ်ကို ရခဲ့တယ်။

အဲဒီအလုပ်က ပင်ပန်းပေမယ့် ညနေစောင်းရင် တစ်နေ့တာ လုပ်အားခငွေရရှိတဲ့အတွက် စားရေးသောက်ရေး မပူပင်ရတော့ဘူး။ အိပ်ရေးအတွက်လည်း ဦးကြီးပုရဲ့ အိမ်မှာ လိုက်အိပ်တဲ့အတွက် စံတိုးအဖို့ အားလုံးအဆင်ပြေသွားခဲ့တယ်။ ညနေစောင်းမှာ လုပ်အားခငွေထုတ်ရင်း ဦးကြီးပုက အရက်ဆိုင်ကို အရင်သွားပြီး အရက်သောက်လေ့ရှိတယ်။ စံတိုးကလည်း အဖော်အဖြစ် လိုက်သွားရင်း ပထမတော့ တစ်ခွက်တစ်ဖလားပေါ့၊ နောက်တော့ တစ်ပိုင်း။ အဲဒီလိုနဲ့ စံတိုးလည်း အရက်သမားဘဝကို ရောက်သွားခဲ့တယ်။ အရက်သောက်တိုင်း သူ အရိုက်ခံရတာ တွေးမိပြီး ဆရာတော်အပေါ်မှာ စိတ်ဆိုးမပြေဖြစ်ခဲ့တယ်။

ဆရာတော်ကတော့ စံတိုးထွက်သွားကတည်းက စိတ်မကောင်းဖြစ်ပြီး နီးစပ်ရာနေရာတွေမှာ သူ့ကို အရှာခိုင်းခဲ့တယ်။ နောက်ဆုံး မတွေ့တော့မှပဲ လက်လျှော့သွားခဲ့တယ်။

“ကပ္ပိယကြီးရယ်... စံတိုးကို ကျုပ်က ရိုက်ချင်လို့ ရိုက်တာ မဟုတ်ဘူး။ သန့်စင်ရဲ့ အဖေက လာတိုင်တော့ မရိုက်လို့မှ မဖြစ်တာ။ ဒီအထဲ သူက ခံပြီးပြောနေတော့ ပိုပြီးရိုက်မိသွားတာပေါ့။ ဒါကို စိတ်နာပြီး ထွက်ပြေးသွားသလား မပြောတတ်ပါဘူး ကပ္ပိယကြီးရယ်”

ဆရာတော်ကား စံတိုးအပေါ်မှာ မေတ္တာစေတနာအပြည့်ထားကာ စံတိုးပြန်လာလိမ့်နိုးနဲ့ မျှော်လင့်နေခဲ့တယ်။

◆◆◆

ဒီလိုနဲ့ ၂နှစ်ကျော်အချိန်ခန့်မှာ အရက်သမား စံတိုးတစ်ယောက် ရွာကို

www.burmeseclassic.com

www.burmeseclassic.com

ပြန်လာခဲ့တယ်။ သူငယ်ချင်းတွေက စံတိုးကို ဝမ်းပန်းတသာ ကြိုဆို နှုတ်ဆက်ရင်း···

"မင်းကို ဆရာတော်က လိုက်ရှာနေတာ၊ မင်း ဆရာတော်ဆီ မသွားဘူးလား"

"မသွားပါဘူးကွာ"

ထိုသို့ပြင်းပယ်ကာ သူငယ်ချင်းများနဲ့ စုဝေး အရက်သောက်ခဲ့တယ်။ တစ်နေ့လုံး ထန်းတောထဲမှာ အချိန်ကုန်လွန်ခဲ့တယ်။ ညအချိန်ရောက်ပြန်တော့လည်း ဦးဖိုးရွှေကြီးရဲ့ တောအရက်ဆိုင်မှာ အရက်ဆက်သောက်ခဲ့တယ်။ ည ၉နာရီလောက်အချိန်မှာ စံတိုး မူးမူးနဲ့ သူငယ်ချင်းအိမ်ကို ပြန်လာရာ လမ်းခုလတ်မှာ ဘုန်းကြီးကျောင်းကို မြင်လိုက်တော့ ဘုန်းကြီးကျောင်းထဲ ချိုးဝင်လိုက်တယ်။

ရေကန်စပ်မှာ ဘုန်းတော်ကြီးတစ်ပါး တရားထိုင်နေတာကို လပြည့်ည လရောင်ရဲ့ အလင်းရောင်ကြောင့် ထင်ထင်ရှားရှားတွေ့လိုက်ရတယ်။

"အင်း···ဆရာတော် တရားထိုင်နေတာပဲ။ ငါ့ကို ရက်ရက်စက်စက် ရိုက်တဲ့ ဆရာတော်၊ အခုတော့ ငါ့အကြောင်း ကောင်းကောင်းသိရမယ်"

စံတိုးဟာ မူးလည်း မူးနေတာကြောင့် ဆရာတော့်အပေါ်မှာ ရန်ငြိုးထားတဲ့ စိတ်ပေါ်လာပြီး အနီးအနားမှာရှိတဲ့ တုတ်ချောင်းကို ကောက်ကိုင်လိုက်တယ်။ ပြီးတော့ သူဟာ ဆရာတော်ကို ရိုက်ဖို့ တအားကုန် လက်လွှဲလိုက်တဲ့အခါမှာ···

"ဒုတ်"

ဆိုတဲ့အသံနဲ့အတူ သူ့ရဲ့ ခြေဖမိုးမှာ ဓာတ်လိုက်သလို အလွန်နာကျင်စွာ ခံစားရလိုက်ရလို့ မရိုက်နိုင်ဘဲ "အား"လို့ အော်သံနဲ့အတူ တုတ်လည်း လွတ်ကျသွားပြီး လူလည်း ဗိုင်းခနဲ လဲကျသွားခဲ့တယ်။ ခြေဖမိုးကို မြွေပေါက်လိုက်ပြီဆိုတာ သူသိသွားပြီ···

"ဆရာတော်··· ကယ်ပါဦး၊ တပည့်တော် ပိုးထိသွားပြီ။ ကယ်ပါဦး ဆရာတော်"

အဲဒီလို ကြောက်အားလန့်အားနဲ့ အော်ဟစ်လိုက်တော့ ဆရာတော်လည်း တရားဖြုတ်ပြီး ကြည့်လိုက်ရာ···

"ဟင်···စံတိုးပါလား။ ဒီအချိန်ကြီးမှာ ဘယ်လိုဖြစ်ပြီး ဒီနားရောက်နေတာလဲ"

"တပည့်တော် မှားပါပြီ ဘုရား။ ဆရာတော့်အပေါ်မှာ ပြစ်မှားမိလို့ ပိုးထိသွားပါပြီ ဘုရား။ တပည့်တော်ကို အသက်ကယ်ပေးပါ ဘုရား"

ထိုသို့ အစချီကာ သူ ရွာသို့ ပြန်လာကြောင်းနဲ့ ဆရာတော့်အပေါ်မှာ ရန်ငြိုးထားမိတဲ့ အကြောင်းကိုပါ ပြောပြခဲ့ပါတယ်။ ထိုစဉ် ဆူညံတဲ့ အသံကြောင့် ကပ္ပိယကြီး ဦးလုံးလည်း ရောက်ရှိလာပြီး စံတိုးရဲ့ ပြောစကားကို ကြားခဲ့ရပါတယ်။

"စံတိုး···စံတိုး၊ အရက်လည်း သောက်ထားတယ်ဆိုတော့ အမှားကြီး မှားသွားတာပေါ့"

ကပ္ပိယကြီးက စိတ်မကောင်းခြင်း ကြီးစွာဖြင့် ဤသို့ပြောလိုက်ရာ ဆရာတော်က···

"ကပ္ပိယကြီး···အဲဒါတွေ အသာထား။ စံတိုးကို ငန်းမြွေကိုက်သွားပြီ"

"ဟင် · · ·ဟုတ်လား။ ဒါဆို အဆိပ်တွေ···အဆိပ်တွေ···တက် ···တက်တော့မယ်"

ကပ္ပိယကြီး၏ စကားမဆုံးခင်မှာ အဆိပ်များ တက်လာတဲ့အတွက်···

"ဆရာတော်ကြီး· · ·လုပ်ပါဦး၊ အဆိပ်တွေ တက်လာပြီ"

"အေး၊ ငါသိတယ်။ ငန်းမြွေကို ခေါ်ပြီး အဆိပ်တွေ စုပ်ခိုင်းမှ ဖြစ်မယ်"

ဆရာတော်သည် လေချွန်သကဲ့သို့ အသံပေးလိုက်ရာ စောစောက စံတိုးကို ကိုက်လိုက်တဲ့ ငန်းမြွေရောက်လာခဲ့တယ်။ ထိုအချိန်မှာ အဆိပ်တက်ပြီး စံတိုး သတိလစ်သွားခဲ့တယ်။

"ကိုင်း···ငန်းမြွေ မောင်အေး၊ မင်းအဆိပ်တွေ စုပ်ထုတ်လိုက်စမ်း"

ဟု အမိန့်ပေးလိုက်ရာ ထိုငန်းမြွေဟာ သူကိုက်ထားတဲ့ အပေါက်မှ အဆိပ်များကို စုပ်ယူခဲ့တယ်။ တစ်ခဏအကြာ ငန်းမြွေထွက်ခွာသွားခဲ့တယ်။ ငန်းမြွေထွက်သွားပြီး မကြာမီမှာ စံတိုး သတိပြန်ရလာခဲ့တယ်။

"ဆရာတော်ကြီး···တပည့်တော်ဟာ ဆရာတော်ကြီးပေးတဲ့ အသက်ပဲ ရှိပါတော့တယ်။ တပည့်တော်ကို ခွင့်လွှတ်တော်မူပါ ဘုရား"

"အိမ်း···"

ထိုစဉ် ကပ္ပိယကြီးက စံတိုးအား···

"မင်းကသာ လူဖြစ်ပြီး ဆရာတော့်အပေါ်မှာ ကျေးဇူးကန်းတာ။ ဆရာတော်ရဲ့ အရိပ်မှာ နေတဲ့ ငန်းမြွေကတောင် ဆရာတော်ရဲ့ အသက်ကို ကယ်လိုက်တာ။ ဆရာတော်သာ ခွင့်မလွှတ်ရင် မင်း အဲဒီငန်းမြွေကိုက်လို့ သေပြီ"

"ဟုတ်ပါတယ်။ တပည့်တော်ရဲ့ အမှားပါ။ ဒါကြောင့် အခုချိန်က စပြီး ဆရာတော်ရဲ့ ဝတ်ကြီးဝတ်ငယ် ပြုစုပြီး မိုက်ကြေးမိုက်ပြစ်ကို ဆပ်ပါ့မယ် ဘုရား"

"အိမ်း···ကောင်းလှပြီ စံတိုး"

စံတိုးလည်း သတိတရားရကာ ဆရာတော်ကြီးရဲ့ မေတ္တာရိပ်မှာ နေထိုင်ရင်း မိုက်ကြေးကို ဆပ်လျက် ရှိပါတော့တယ်■

* * *

ရိရိမွှေး



www.burmeseclassic.com

www.burmeseclassic.com




# မှတ်သိပ်ခြင်းအတုနှင့်အစစ်



www.burmeseclassic.com

www.burmeseclassic.com

■

ဆာလောင်မွတ်သိပ်ခြင်း၊ အစာစားလိုခြင်း ဆိုသည်မှာ အတုနှင့် အစစ်ဟူ၍ နှစ်မျိုးရှိ၏။ စားနေကျအချိန်ရောက်၍ အစာစားလိုခြင်း၊ မွှေးကြိုင်သော ဟင်းလျာတို့၏ အနံ့ရ၍ ဖြစ်စေ၊ စားချင်စဖွယ် ပြင်ဆင်ထားသော ခဲဖွယ်တို့ကို မြင်ရ၍ ဖြစ်စေ၊ စားလိုခြင်းတို့မှာ မွတ်သိပ်ခြင်းအတုများသာ ဖြစ်ကြ၏။

စားနေကျအချိန်ကျော်လွန်၍ ဝမ်းထဲ၌ ပူလောင်နေသဖြင့် "ထမင်းဆာလိုက်တာ ဝမ်းထဲမှာ ပူနေတာပဲ၊ ဗိုက်ထဲမှာ ဟာနေတာပဲ"စသည်ဖြင့် ညည်းတွားပြောဆိုကြခြင်းများသည်လည်း မွတ်သိပ်ခြင်းအစစ်မဟုတ်သေး။ အတုများသာ ဖြစ်ကြ၏။ အစာအိမ်တွင်း၌ အစာမရှိတော့သည့်အခါ ယခင် တစ်နပ်မှ ကြွင်းကျန်ကတ်သတ်နေရစ်သော အက်စစ်ဓာတ်အညစ်အကြေးတို့သည် အစာအိမ်ကို ပူလောင်စေသည်ဖြစ်၍ သည်းမခံနိုင်လောက်အောင် ဆာလောင်သည်ဟု ဆိုကြလေရာ အစာထည့်သွင်းလိုက်သောအခါတွင် အစာနှင့် ရောပွမ်းရ၍ ပူလောင်ခြင်းမှ သက်သာရခြင်းဖြစ်၏။ သို့ရာတွင် ထိုသို့သော ဆာလောင်ခြင်းသည် အစစ်မဟုတ်သေး။ အတုမျှသာ ဖြစ်ချေ၏။ အက်စစ်ဓာတ်အညစ်အကြေးကတ်သတ်ကြွင်းကျန်ခြင်း မရှိသော အစာအိမ်မျိုး၌ အစာမရှိသော်လည်း ထိုကဲ့သို့ ပူလောင်ခြင်းမရှိချေ။ ထို့ကြောင့် အချို့သူတို့သည် အချိန်တန်လျှင် သည်းမခံနိုင်အောင် ဆာလောင်တတ်လေရာ ထိုကဲ့သို့ ဆာလောင်တတ်တိုင်းလည်း ကျန်းမာလှပြီဟူ၍ မမှတ်ယူသင့်ချေ။

ဆာလောင်မွတ်သိပ်ခြင်း အတုနှင့် အစစ်ရှိကြသည့်အနက် လူတစ်ထောင်လျှင် တစ်ယောက်မျှသည် မွတ်သိပ်ခြင်းအစစ်ကို ခံစားဖူးမည်မဟုတ်ချေ။ လူ၏ ကိုယ်ခန္ဓာတွင် အကြောင်းရှိလျှင် ထုတ်၍ သုံးနိုင်ရန်အတွက် လိုလိုမယ်မယ် သိုလှောင်ထားသည့် အဆီ အစရှိသည့် အာဟာရဓာတ်မျိုးတို့ ရှိနေသည်ဖြစ်ရာ အစာအိမ်ထဲသို့ အစာထပ်၍ မဖြည့်သည့်အခါတွင် အပိုသိုလှောင်ထားသော ထိုအာဟာရဓာတ်တို့ကို ထုတ်၍ အသုံးပြုရ၏။ ထိုကဲ့သို့ သိုလှောင်ထားသော အာဟာရဓာတ်တို့ လုံးလုံးကြီး ကုန်ခန်းသွားသောအခါမှ ကိုယ်ခန္ဓာသည် အကယ်အစစ် ဆာလောင်မွတ်သိပ်သော အဖြစ်သို့ ရောက်ရ၏။ သို့သော် ထိုကဲ့သို့ သိုလှောင်ထားသော အာဟာရအပိုတို့သည် ရက်ပေါင်း ၃၀၊ ၄၀၊ ၅၀ စသည်မျှ ကြာအောင် လုံလောက်စွာ ရှိတတ်ပေရကား ၇ရက် အစာမစားရလျှင် သေတတ်သည်ဟူသော အယူဝါဒမှာ မမှန်ကန်ချေ။

ထမင်းစားချိန်ရောက်၍ ဆာလောင်သော်လည်း စိတ်ကို ချုပ်တည်းထားလိုက်သည်ဖြစ်စေ၊ သို့မဟုတ် မအားမလပ်သောကြောင့် အချိန်ရွှေ့ဆိုင်းထားလိုက်ရသည်ဖြစ်စေ အချိန်အတန်ကြာလျှင် ယခင်ကကဲ့သို့ ပူလောင်နေသည့်တိုင်အောင် ဆာမွတ်ခြင်း မရှိတော့သည်ကို တွေ့ရပေလိမ့်မည်။ ဥပုသ်စောင့်သောသူတို့သည် ညနေခင်းအချိန်တွင် အလွန်ဆာလောင်လှသော်လည်း နံနက်လင်းသောအခါ၌ ယမန်ညဥ့်ကလောက် မဆာတော့သည့်အဖြစ်ကို ကြုံဖူးကြပေလိမ့်မည်။ ဥပုသ်ရက်ရှည်စောင့်သောသူတို့မှာလည်း ပထမ တစ်ည နှစ်ညတွင် ဆာလောင်တတ်သော်လည်း သုံးရက်၊ လေးရက်ကြာ၍ အကျင့်ရသွားသောအခါတွင် တဖြည်းဖြည်း ဆာလောင်ခြင်း လျော့ပါးသွားသည်ကို တွေ့ကြရပေလိမ့်မည်။ ထိုကဲ့သို့ ဖြစ်ရခြင်းမှာ အစာကို ဖြတ်ထားခြင်းအားဖြင့် အစာအိမ်၌ ကတ်သတ်ကြွင်းကျန်လျက်ရှိသော အက်စစ်ဓာတ်အညစ်အကြေးတို့သည် တဖြည်းဖြည်းလျော့ပါးကုန်ခန်းသွား၍ အစာအိမ်ကို ပူလောင်စေခြင်းတည်းဟူသော ဒုက္ခမျိုး မပေးနိုင်သောကြောင့် ဖြစ်ချေ၏။

ဥပုသ်ရက်ရှည်စောင့်၍ ထမင်းတစ်ထပ်တည်း စားသော်လည်း ပိန်ချုံးကြုံလှီသွားခြင်း မရှိသည်ကို ထောက်သော် ကျွန်ုပ်တို့ စားနေကျဖြစ်သော ထမင်းနှစ်ထပ်အနက် တစ်ထပ်သည် အပိုသက်သက်ဖြစ်၍ အကျင့်ပါနေကြသောကြောင့် စားနေရခြင်းမျှသာ ဖြစ်ကြောင်း ထင်ရှား၏။ ကိုယ်ခန္ဓာအတွက်ဆိုပါမူ တစ်ထပ်သည် လုံလောက်ခဲ့လေပြီ။

ရောဂါပျောက်ကင်းမှုအတွက်ဖြစ်စေ၊ ကိုယ်ခန္ဓာသန့်ရှင်းစင်ကြယ်မှုအတွက် ဖြစ်စေ၊ ရက်ပေါင်း ကြာရှည်စွာ အစာရှောင်ကြသောသူတို့သည် နှစ်ရက်၊ သုံးရက်မျှအတွင်းသာ အပြင်းအထန် ဆာလောင်ကြ၍၊ ထိုမှ ကျော်လွန်သွားသောအခါတွင် အစာအာဟာရအပေါ်၌ အာရုံပြတ်သွားသကဲ့သို့ဖြစ်ပြီးလျှင် အစာတောင်းသောစိတ်မျိုး လုံးလုံးပျောက်သွား၍ မဆာမလောင်ဘဲ ရှိကြရလေသည်။ သာမန်လူတို့ကထိုသို့သောအခြေမျိုးသို့ ရောက်လျှင် အစာကို ခံတွင်းမတောင်းတော့သည်ဖြစ်၍ သေဖို့ရာ အချိန်တန်ချေပြီဟု မှတ်ထင်တတ်ကြလေသည်။

စင်စစ်သော်ကား ဆာလောင်ခြင်းကို ဖြေစေတတ်သည့်

www.burmeseclassic.com

www.burmeseclassic.com

အက်စစ်ဓာတ် အညစ်အကြေးတို့ လျော့ပါးဆုတ်ယုတ်ကုန်ခန်းစပြုခြင်းမျှသာဖြစ်၍ မထိတ်မလန့်သင့်သည့်ပြင် ဝမ်းမြောက်ဖွယ်ရာ အခြင်းအရာတစ်ခုဟူ၍ မှတ်ယူသင့်ပေသည်။

ရက်အတန်ကြာ၍ ဆာလောင်မွတ်သိပ်ခြင်း၊ အစားအစာကို မကြာခဏ သတိရ၍ တမ်းတခြင်းတည်းဟူသော အဖြစ်မျိုးမှ လွန်မြောက်လာသည့်အခါ စိတ်ထဲတွင် ဝန်ထုပ်ကြီးတစ်ခုကျသွားဘိသကဲ့သို့ ဖြစ်လာ၍ အဘယ်မျှလောက် စိတ်၏ ကြည်လင်ရှင်လန်းခြင်း ရှိလာသည်ကို ကြုံရဖူးသူတိုင်း ခံစားဖူးကြပေလိမ့်မည်။

စားချိန်ကျ၍ ဆာလောင်ခြင်းသည် သဘာဝဓမ္မသဘောမဟုတ်၊ အကျင့်ပါနေခြင်းမျှသာ ဖြစ်၏။ မည်သူမျှ သဘာဝဓမ္မကို မလွန်ဆန်နိုင်၊ မကောင်းသော အကျင့်ကိုမူကား ဖျောက်ဖျက်လွန်ဆန်နိုင်၏။ ဆာလောင်ခြင်းသည် သဘာဝဓမ္မဖြစ်ခဲ့လျှင် ဆာလောင်သည်နှင့် တစ်ပြိုင်နက် အစာမစားမိပါက တစ်စုံတစ်ခုဖြစ်ရာ၏။ ထိုသို့ မဖြစ်ဘဲ သာလွန် ကြည်လင်လာခြင်းကို ထောက်သဖြင့် အကျင့်ပါခြင်းသက်သက်မျှသာဖြစ်ကြောင်း ထင်ရှား၏။

အကျင့်ပါ၍ ဆာလောင်ခြင်းမဟုတ်ဘဲ ကိုယ်ခန္ဓာက အကယ်မွတ်သိပ်လာသဖြင့် အစာတောင်းသည့်အခါ၌မူကား အတုဆာလောင်ခြင်းကဲ့သို့ တွေ့ကရာ အစာမျိုးကို အရမ်းသိပ်လွေးလိုခြင်းလည်း မရှိ။ မခံမရပ်နိုင်အောင် လူးလိမ့်ဆာလောင်ခြင်းလည်း မရှိ။ ကိုယ်ခန္ဓာက လိုသော အစားအစာတစ်မျိုးမျိုးကို ချင်ခြင်းတပ်သောစိတ်မျိုး ဖြစ်ပေါ်လာ၏။ ထိုကဲ့သို့ ချင်ခြင်းတပ်သောအစာကို ကျွေးမွေးလိုက်လျှင် ကိုယ်ခန္ဓာသည် လျင်မြန်စွာ အင်အားပြည့်တင်းလာ၏။ အစာအာဟာရ မစားနိုင်ဘဲ အိပ်ရာထဲတွင် ကြာရှည်စွာလဲနေသော လူနာများအား အချို့သမားတို့က လူနာတောင်းသော အစားအစာမျိုးကို ကျွေးမွေးခြင်းသည် အလွန်နေရာကျလှ၏။ အချို့ကမူ မတည့်ဘူးဆို၍ မကျွေးဘဲ ထားတတ်၏။ နေရာမကျလှချေ။ အစာပြတ်နေသောသူတို့အဖို့၌ ခံတွင်းမလိုက်၊ ဓာတ်မကြိုက်ဟူသော စကားသည် အလွန်မှန်လှ၏။ ကိုယ်ခန္ဓာက လိုနေသော အစားအစာကို ချင်ခြင်းတပ်တတ်ခြင်းဖြစ်သောကြောင့် လိုက်လျောလျှင် မမှားနိုင်ချေ။ သို့သော် ရသာရုံ ခံစားလို့မှုကြောင့် တောင်တောင်အီအီ တောင်းတတ်သော လူနာမျိုးကို မဆိုလိုပေ။ သမားလုပ်သူသည် ဤနှစ်ချက်ကို ပိုင်းခြားသိရှိနိုင်ဖို့ အရေးကြီးလှ၏။

အကျင့်ပါနေ၍ စားချင်ခြင်း၊ သို့မဟုတ် အစာအိမ်တွင် အက်စစ်ဓာတ်လောင်နေ၍ စားချင်ခြင်းတို့သည် မွတ်သိပ်ခြင်းအတုများသာဖြစ်၍ သူရူးကဲ့သို့ ဘာမဆို ဝါးမျိုချင်တတ်၏။ ထို့ကြောင့် ငတ်မွတ်ခေါင်းပါးခြင်းဘေး ဆိုက်ရောက်သော တိုင်းပြည်များတွင် လူသားပင် စားတတ်ကြ၍ သားသမီးတို့၏ အသားကိုလည်း ကမန်းကတန်းစားကြသည်ဟု ကြားရဖူး၏။ စင်စစ်မှာ ထိုသူတို့သည် အစာမစားရလျှင် သေရတော့မည်ဟု မှတ်ထင်နေကြ၍ သေရမည့်ဘေးကို ကြောက်သည့်အတွက်ကြောင့် "နွားရူး ရှူးတိုး"စားမျိုခြင်းဖြစ်၏။ ဆာမွတ်ခြင်းအစစ်ဖြစ်၍ ကိုယ်ခန္ဓာက လိုသောအရာကို ချင်ခြင်းတပ်သည့်အခါ ထိုကဲ့သို့ နွားငတ်ရေကျဖြစ်လောက်အောင် မရှိတော့ချေ။

တောထဲတွင် မျက်စိလည်၍ ပျောက်ဆုံးနေသောလူများကို ရှာတွေ့ကြသောသူများက ၇ရက်အတွင်း တွေ့အောင် မရှာနိုင်ခဲ့လျှင် အစာငတ်၍ သေရှာကြတော့မည်ဟု မှတ်ထင်ကြ၏။ အချို့သောသူတို့သည် ထမင်းအသက် ခုနစ်ရက်ဟူသော စကားကို စွဲစွဲမြဲမြဲ တိတိကျကျကြီး ယုံကြည်ထားတတ်ကြလေရကား၊ ထိုကဲ့သို့ ခုနစ်ရက်မျှ ပျောက်ဆုံးနေလျှင်ပင် သေနှင့်ပြီးဖြစ်နေသည်ကို တွေ့ကြရ၏။ စင်စစ်သော်ကား ထိုသူတို့သည် ကိုယ်ခန္ဓာထဲတွင် အာဟာရဓာတ် အကယ်ကုန်ခန်းသောကြောင့် သေကြေပျက်စီးကြခြင်းမဟုတ်။ ငါတို့သေရချေတော့မည်ဟူသော ဥပါဒါန်စွဲကပ်မှုကြောင့် ကြောက်လန့်၍ သေကြရခြင်းဖြစ်လေသည်။

အစာရှောင်ခြင်းနှင့် ပတ်သက်သော အခန်းတွင် ဤအကြောင်းကို ထပ်မံ ဖော်ပြရပေဦးမည်။

ကိုယ်ခန္ဓာသည် အာဟာရဓာတ်အပိုများ သိုလှောင်ထားတတ်သည် ဖြစ်ရကား၊ ထိုအာဟာရဓာတ်မျိုး အနည်းငယ်မျှ ကတ်သတ်ကြွင်းကျန်လျက် ရှိလျှင်ပင် မသေနိုင်သေးချေ။ အစာမစားရ၍ သေခြင်းထက် အညစ်အကြေးများ စုအောင်းနေသည့်အတွက် သေရခြင်းကား သာ၍လျင်မြန်၏။ ထိုအကြောင်းကြောင့် သေရသူများကား ပေါများလိုက်သည မှာ ပြောဖွယ်ရာ မရှိချေ။

ဆာလောင်ခြင်းအတုမှာ ကိုယ်ခန္ဓာသည် အတွင်း၌ရှိသော အာဟာရဓာတ်အပိုများကို ထုတ်၍ အသုံးပြုဖို့ အစပြုခြင်း၏ အထိမ်းအမှတ်ဖြစ်၏။ ဆာလောင်ခြင်းအစစ်မည်သည်ကား နောက်ဆုံး အခြေပေတည်း။ ဆာလောင်ခြင်းအစစ်မည်သည် ဝမ်းထဲက ပူလောင်သည်ဟူ၍မရှိ၊ မည်သည့်နေရာ၌ မည်ကဲ့သို့ ခံစားနေရသည်ဟူ၍လည်း မရှိ။ တစ်ခုသော အစာအာဟာရမျိုးကို ချင်ခြင်းတပ်ခြင်းဖြင့်သာ ထင်


www.burmeseclassic.com

www.burmeseclassic.com

ရှားပေ၏။ ဆာလောင်ခြင်းအတုသည် အကျင့်ပါသောကြောင့် ဖြစ်ရ၍၊ မွတ်သိပ်ခြင်းအစစ်မူကား သွေးတောင်းသောကြောင့် ဖြစ်ရ၏။

အကယ်မွတ်သိပ်သောအခါ ရသာကြောတို့သည် အလွန်ထက်မြက် အားကောင်းလျက် ရှိ၏။ သွေးတောင်းသော အစားအစာကို စားလိုက်ရလျှင် လွန်မင်းစွာ အရသာ ရှိ၏။ ကိုယ်ခန္ဓာက သွေးတောင်းလာသည်အထိ ဆိုင်းငံ့ထားဖူးသောသူတို့သာလျှင် ပထမတန်း ရသာရုံကို ခံစားဖူး၏။ ဟင်းခွက်ပေါင်း ဆယ့်လေးငါးခွက်နှင့် နေ့တိုင်း စားနိုင်သောသူဌေးသည် ရသာရုံအကြောင်းကို ကောင်းကောင်းကြီး နားမလည်သေးချေ။

မွတ်သိပ်ခြင်းသည် အာရုံကြောတို့အား ထက်မြက်စေကြောင်းကို ဥပမာဆောင်၍ ပြရသော်၊ အမဲလိုက်ခွေးများကို လေ့ကျင့်သင်ကြားပေးရခြင်းအားဖြင့် အသက်မွေးမြူသော မုဆိုးတစ်ယောက်သည် မိမိမွေးမြူထားသော ခွေးနှစ်ကောင်အနက် တစ်ကောင်ကို အစာဝအောင်ကျွေး၍၊ အခြားတစ်ကောင်ကို အစာမကျွေးသေးဘဲ ခွေးနှစ်ကောင်လုံးကို တောထဲသို့ ခေါ်သွား၏။ အစာမစားရသေးသော ခွေးသည် အနံ့ခံရာ၌ အလွန်ထက်မြက်၍ သခင်စေခိုင်းသမျှသော အလုပ်တို့ကို သွက်သွက်လက်လက် ဖျတ်ဖျတ်လတ်လတ် လုပ်ကိုင်သည်ကို တွေ့ရသည် ဆို၏။ အစာဝထားသော ခွေးမူကား ပေါ့တော့တော့နှင့် တော်စွာလျော်စွာ ဝတ်ကြေဝတ်ကုန်မျှ ပြေးလွှားအလုပ်လုပ်၍ သခင်၏ စကားကိုလည်း ကောင်းကောင်းကြီး နားမထောင် ဆို၏။

နောက်တစ်နေ့၌ မုဆိုးသည် ယမန်နေ့က အစာ အောင် ကျွေးထားသောခွေးကို ထိုနေ့အဖို့တွင် အစာမကျွေး ဘဲ အငတ်ထားသောခွေးကို အစာဝအောင် ကျွေးပြီးလျှ တောလိုက်ပြန်ရာ ယမန်နေ့က သွက်လက်သောခွေးသည် ထိုင်းမှိုင်းသွား၍၊ ယမန်နေ့က ထိုင်းမှိုင်းသောခွေးသည် သွက်လက်ဖျတ်လတ်စွာ ရှိသည်ကို တွေ့ရသည်ဆို၏။

အလွန်ထူးခြားသော အချက်တစ်ခုမှာ နေကုန်အော အမဲလိုက်ပြီးကြသောအခါ အစာဝသော ခွေးသည်သာလျှ မောဟိုက်ခြင်းရှိ၍ လျှာကြီးတစ်ထုတ်ထုတ်နှင့် ဟောဟဲခ လျက်ရှိရာ၊ အငတ်ထားသောခွေးမူကား တစ်စုံတစ်ရာ ပင်ပန်းနွမ်းနယ်သော အမူအရာမျိုး မတွေ့ဟု ဆိုလေသည် ထို့ကြောင့် ၎င်းမုဆိုးသည် တောသို့ မထွက်မီ ခွေးများ ဘယ်အခါမျှ အစာမကျွေးဘဲ တောမှ ပြန်ရောက်သောအခ တွင်မှ ဝလောက်အောင် တစ်ထပ်တည်းကျွေးမွေးသော အလေ့အကျင့်ပြုလုပ်ထားလေ၏။

ဤနေရာ၌ ဝမ်းချောင်နေလျှင် အလုပ်မလုပ်နိုင်ဟ စွဲလမ်းမှတ်ယူလာကြသူတို့ သတိပြုသင့်၏။ ဆာနေရမည် အရေးကို တွေး၍ မကြောက်ဘဲ၊ လက်တွေ့ စမ်းသ ကြည့်သူတို့သည် ထိုအကြောင်းကို ကောင်းကောင်းကြ နားလည်နိုင်ကြပေလိမ့်သတည်း။

* * *

ရွှေဥဒေါင်း




ကျွန်ုပ်၏ ဘဝခရီး

မဂ္ဂဇင်း

**အယ်ဒီတာအဖွဲ့ ရုံးခန်းနှင့် ဖြန့်ချိရေး**

အမှတ်-၁၇၉၊ တတိယထပ်(ဝ)၊ (၃၁)လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၇၃၀၅၀၄၇၁။


www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၃၊ ဇူလိုင်လအတွက်

# နာမက္ခရဆန်း အထူးဟောစာတမ်း

ဂမ္ဘီရ ဆရာလှမျိုး (B.Sc)

### တနင်္ဂနွေနံအက္ခရာ

**(အ၊ အာ၊ ဣ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ ဩ) စသည့် "အ"အသံထွက်နှင့် စသော အမည်ပိုင်ရှင်များ • • •**

ဤလတွင် မိမိလုပ်နေကျ လုပ်ငန်း၊ စီးပွားရေး ဆက်လက်လုပ်ကိုင်ဆောင်ရွက်ပါ။ လုပ်ငန်းသစ်ပြုလုပ်ခြင်း မကောင်းပါ။ လုပ်ငန်းကိစ္စဖြင့် ပြည်တွင်းပြည်ပ ခရီးဝေးသွားလာခြင်း အဆင်ပြေမည်။ သားသမီးထံမှ အကူအညီအထောက်အပံ့ရမည်။ စက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းအသစ်ဝင်မည်။ တောင်အရပ်မှ လာဘ်ဝင်မည်။ ပညာရေးကိစ္စ အခက်အခဲတွေ့မည်။ မိဘအကြီးအကဲ ကျန်းမာရေး ဂရုစိုက်နေရမည်။ မမျှော်လင့်ဘဲ ငွေအစုလိုက်ဝင်ကိန်းရှိ၍ အောင်ဘာလေထီထိုးပါ။ အိမ်ခြံမြေရောင်းထွက်မည်။ အကျိုးဆောင်လုပ်ငန်း(ပွဲစား)နှင့် ဆက်သွယ်ခြင်း သတိထား ဆောင်ရွက်ပါ။ ထီဝါသနာပါက (၄)အစ (၆)အဆုံး၊ (၆)အစ (၄)အဆုံးထီထိုးပါ။ ကျမ်းမာရေးတွင် ခေါင်းမူးခေါင်းကိုက်ဝေဒနာခံစားရမည်။

**ကောင်းကျိုးပြုယတြာ** - သရက်သီး(၁၀)လုံး ဘုရားကပ်လှူပါ။ ရှင်သီဝလိရဟန္တာအား သစ်သီးနှင့် ရေတော်ကပ်လှူပေးပါ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

### တနင်္လာနံအက္ခရာ

**(က၊ ခ၊ ဂ၊ ဃ၊ င)နှင့် စသော အမည်ပိုင်ရှင်များ • • •**

ဤလတွင် လုပ်ငန်းနှစ်မျိုး ပြုလုပ်ရခြင်း၊ တာဝန်နှစ်ခုထမ်းဆောင်ရခြင်း ကြုံမည်။ စပ်တူရှယ်ယာလုပ်ငန်း ပြုလုပ်ရမည်။ ဆန်၊ ဆီ၊ ဆေး၊ ဆား၊ စက်ပစ္စည်း၊ စာအုပ်၊ ဆိုင်ခန်းအရောင်းအဝယ်ကိစ္စ အဆင်ပြေမည်။ မြောက်အရပ်သို့ ခရီးထွက်ရမည်။ ရင်းနှီးသော မိတ်ဆွေအပေါင်းအသင်းနှင့် ခွဲခွာရမည်။ လက်အောက်ငယ်သား တပည့်သားသမီးထံမှ အကူအညီရမည်။ လူမျိုးခြား၊ နိုင်ငံခြားနှင့် ဆက်သွယ်သောလုပ်ငန်း အဆင်ပြေမည်။ ထီဝါသနာပါလျှင် အောင်ဘာလေထီထိုးပါ။ စာမေးပွဲ၊ ပညာရေးကိစ္စ အထူးကြိုးစားမှ အောင်မြင်မည်။ ရပ်ဝေးမှ ဆွေမျိုးသားချင်းနှင့် ပြန်လည်ဆုံတွေ့ရမည်။ အိမ်ထောင်ဖက်နှင့် ပတ်သက်၍ စီးပွားတက်မည်။ အလှူမင်္ဂလာကိစ္စဆောင်ရွက်ရမည်။ နေအိမ်ဘုရားကျောင်းဆောင်တွင် အိုးကွဲ၊ အင်းပျက်၊ ပုံတော်ပျက်ရှိပါက စွန့်ပစ်ပါ။

**ကောင်းကျိုးပြုယတြာ** - မွေးနေ့တိုင်း သပြေညွန့်(၁၀)ညွန့်၊ ဆွမ်းတော်သုံးပွဲ၊ အလင်းတိုင်သုံးတိုင်ကပ်လှူပါ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

### အင်္ဂါနံအက္ခရာ

**(စ၊ ဆ၊ ဇ၊ ဈ၊ ည) နှင့် စသော အမည်ပိုင်ရှင်များ • • •**

ဤလတွင် အကြံအစည် ရည်ရွယ်ချက်များ အောင်မြင်မည်။ မမျှော်လင့်ဘဲ ငွေအစုလိုက်ဝင်ကိန်းရှိသည်။ လုပ်ငန်းသစ်ပြုလုပ်ရခြင်း၊ လုပ်ငန်းတိုးချဲ့ခြင်းများ ဆောင်ရွက်ရမည်။ ပြည်တွင်းပြည်ပ ခရီးဝေးသွားလာရမည်။ အင်္ဂါ+စနေအမည်တွဲများ ကျန်းမာရေး ဂရုစိုက်ပါ။ ရွှေရတနာ၊ လျှပ်စစ်၊ အဝတ်အစား၊ အလှကုန်၊ ရေလုပ်ငန်း အဆင်ပြေ အောင်မြင်မည်။ အရောင်းအဝယ်ကောင်းလာမည်။ အိုးအိမ်အပျက်အစီး ပြုပြင်မွမ်းမံရမည်။ အိမ်ထောင်ဖက်နှင့် ပူးတွဲဆောင်ရွက်ပါက လုပ်ငန်းအောင်မြင်မည်။ ကွဲကွာနေသော ချစ်သူနှင့် ပြန်ဆုံမည်။ ထီဝါသနာပါက (၄၆၈)ပါသော ထီလက်မှတ်ရွေးထိုးပါ။

**ကောင်းကျိုးပြုယတြာ** - မွေးနံထောင့်တွင် နှင်းဆီပန်း(၁၀)ပွင့် ဘုရားလှူပါ။ အမွှေးတိုင်(၇)တိုင် ပူဇော်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓဟူးနံအကွာရာ

**(ယ၊ ရ၊ လ၊ ဝ၊ ဠ) နှင့် စသော အမည်ပိုင်ရှင်များ • • •**

ဤလတွင် မမျှော်လင့်ဘဲ ငွေအစုလိုက်ဝင်မည်။ လုပ်ငန်းသစ်ပြုလုပ်တိုးချဲ့ခြင်း ဆောင်ရွက်ရမည်။ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်းများ အဆင်ပြေမည်။ ကောင်းသော အကြံအစည်အောင်မြင်မည်။ ဝန်ထမ်းများ ရာထူးတိုး၊ လုပ်ငန်းနေရာဌာနပြောင်းရွှေ့ရမည်။ ဘာသာရေးဆိုင်ရာ လုပ်ငန်းများ ပါဝင်ဆောင်ရွက်ရမည်။ ထွက်ပြီးသော ရွှေငွေရတနာပစ္စည်း ပြန်ဝင်ကိန်းရှိသည်။ အိမ်၊ ခြံ၊ မြေ၊ ကား ရောင်းထွက်မည်။ မိဘအကြီးအကဲ ကျန်းမာရေးအတွက် ငွေကုန်ကျမည်။ သားသမီးနှင့် ပတ်သက်၍ သတင်းကောင်းကြားရမည်။ လူငယ်များ မမျှော်လင့်ဘဲ အိမ်ထောင်ကျကိန်းရှိသည်။ အစာမကြေ၊ လေရောဂါ၊ ဗိုက်အောင့်ခြင်း၊ အရိုး၊ အကြောနှင့် ဆိုင်သော ဝေဒနာခံစားရတတ်သည်။

**ကောင်းကျိုးပြုယတြာ** - နေအိမ်ဘုရားတွင် သရက်သီး၊ သံပရာသီးကပ်လှူ။ မွေးနံထောင့်တွင် ရွက်လှ (၁၇)ညွန့်လှူပါ။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

## ကြာသပတေးနံအကွာရာ

**(ပ၊ ဖ၊ ဗ၊ ဘ၊ မ) နှင့် စသော အမည်ပိုင်ရှင်များ • • •**

ဤလတွင် မိမိပြုလုပ်နေကျ လုပ်ငန်းများ ပုံမှန် ဆက်လက်လုပ်ခြင်းသည် အကောင်းဆုံးဖြစ်သည်။ ရတာ မလို၊ လိုတာ မရ၊ အကြံအစည်လွဲချော်နေတတ်သည်။ အခက်အခဲ အပြိုင်အဆိုင်ကြားမှ အောင်မြင်မှု ရလာမည်။ လ၏ တစ်ဝက် ၁၅ရက်အထိ ကံဇာတာညံ့နေတတ်ပြီး နောက်ပိုင်းတွင် ငွေဝင်လာမည်။ ခရီးဝေးထွက်ရမည်။ လူမျိုးခြား၊ နိုင်ငံခြား၊ မင်းစိုးရာဇာထံမှ အကူအညီရမည်။ မည်သည့်ကိစ္စမဆို ရိုးသားဖြောင့်မတ်စွာ လုပ်ကိုင်ဆောင်ရွက်ပါ။ နေအိမ်ပျက်နေခြင်း၊ အခင်း၊ အမိုးပေါက်ပြနေပါက ယာယီပြုပြင်ထားပါ။ မည်သည့်ကိစ္စမဆို တနင်္ဂနွေနှင့် ကြာသပတေးနေ့ရှောင်၍ ပြုလုပ်ပါ။ အပျော်အပါး၊ လောင်းကစားကိစ္စ ရှောင်ပါ။ သွေးနှင့် ပတ်သက်သော ဝေဒနာ၊ နလုံးရောဂါ သတိထားပါ။ အုန်းသီးပါသော အစားအစာရှောင်ပါ။

**ကောင်းကျိုးပြုယတြာ** - ခွေး၊ နို၊ ငါး၊ ငှက်အစာကျွေးပါ။ လောက်သေညွှန့် (၁၀)ညွှန့် မွေးနံထောင့်မှာ လှူပါ။ လောက်သေမရပါက ရေထည့်၍ သီဟိုဠ်ညွှန့် (၆)ညွှန့်လှူပါ။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

## သောကြာနံအကွာရာ

**(သ၊ ဟ) နှင့် စသော အမည်ပိုင်ရှင်များ • • •**

ဤလတွင် အကြံအစည် ရည်ရွယ်ချက်များ အောင်မြင်မည်။ အဓိဋ္ဌာန်ပြုလုပ်ထားသောကိစ္စ အောင်မည်။ ပုတီးစိပ်၊ ဂါထာရွတ်ဆို၍ အဓိဋ္ဌာန်ပြုလုပ်ပါ။ မိတ်ဆွေ၊ ဆရာသမားထံမှ အကူအညီရမည်။ မိမိပြုလုပ်လိုသောအလုပ်ကိစ္စ ရဲရဲတင်းတင်း ဆုံးဖြတ်လုပ်ကိုင်ပါ။ ကံဇာတာတက်သောကာလဖြစ်၍ ကြိုးစားသလောက် အကျိုးကျေးဇူးခံစားရမည်။ အဖွဲ့အစည်း၊ အသင်းအဖွဲ့တွင် အကြီးအကဲတာဝန်ရွေးချယ်ခံရမည်။ စာပေ၊ ဂီတ အနုပညာလုပ်ငန်း စန်းပွင့်မည်။ အလှူမင်္ဂလာပြုလုပ်ရမည်။ ကွဲကွာနေသော ချစ်သူ၊ အိမ်ထောင်ဖက် ပြန်လည်ဆုံတွေ့ရမည်။ ထီဝါသနာပါက (၄၆၊ ၆၄၊ ၆၇)ပါသော ဂဏန်းတွဲ ရွေးထိုးပါ။

**ကောင်းကျိုးပြုယတြာ** - မွေးနေ့နှင့် ဗုဒ္ဓဟူးနေ့တွင် သက်သတ်လွတ်စားပါ။ ဘုရား၊ ရဟန္တာအား သစ်သီး၊ ရေတော်လှူ၍ သမ္ဗုဒ္ဓေသက်စေ့ ရွတ်ဆိုပူဇော်ပါ။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

## စနေနံအကွာရာ

**(တ၊ ထ၊ ဒ၊ ဓ၊ န၊ ဋ) နှင့် စသော အမည်ပိုင်ရှင်များ • • •**

ဤလတွင် ထီး၊ နာရီ၊ ဖိနပ်• • •စသော စနေနံပစ္စည်းများ အရောင်းအဝယ်ဖြစ်မည်။ မိတ်ဆွေဆရာသမားနှင့် သဘောထားကွဲလွဲတတ်သည်။ စာပေ၊ ဂီတအနုပညာလုပ်ငန်းမှ ဝင်ငွေရရှိမည်။ အလုပ်၊ နေရာဌာနအပြောင်းအရွှေ့ကြုံရမည်။ တောင်နှင့် မြောက်အရပ်ဒေသသို့ ခရီးထွက်ရမည်။ မြောက်အရပ်လှည့်သောအိမ်ဖြစ်ပါက နေအိမ်သို့ ရန်အနှောင့်အယှက်ပြုသူ ကြုံတွေ့ရမည်။ ငွေချေးငှားခြင်းကိစ္စ ရှောင်ပါ။ သားသမီး၊ လက်အောက်ငယ်သားထံမှ အကူအညီရမည်။ ဝန်ထမ်းများ အကြီးအကဲ၏ ငြိုငြင်မှု ခံရတတ်သည်။ စာရွက်စာတမ်း၊ စာချုပ်စာရင်းဇယား သတိထား ဆောင်ရွက်ပါ။ ကျန်းမာရေးမကောင်းသော ဇနီး၊ သားသမီးရှိက ပြန်လည်ကျန်းမာလာမည်။ ချစ်သူအပြိုင်ကြုံတွေ့ရတတ်သည်။

**ကောင်းကျိုးပြုယတြာ** - မွေးနံထောင့်တွင် ကနက္ကဒါန်ထီးဖြူကြီးတစ်လက်နှင့် ထီးဖြူအသေး ၉လက်လှူဒါန်း၍ လိုရာဆုတောင်းပါ။

*****



www.burmeseclassic.com

www.burmeseclassic.com

# သားသမီးဆိုး ငြိမ်ဝပ်စေနည်းတစ်ခွေ

■ ဒေါက်တာ ဆရာဟိန်း (စီးပွားရေး) ■

သားသမီးဟူသည် ရတနာဟု မိဘများက သတ်မှတ်ထားကြပါသည်။ ကောင်းဆိုး ပလုံးဆိုသော ပစ်ရိုးထုံးစံရှိသော်လည်း သားဆိုး၊ သမီးဆိုးကိုမူ ပစ်ရိုးထုံးစံမရှိဟူ၍ စကားပုံကလည်း ရှိသည်။ မိသားစုအတွင်းတွင်လည်း ပိုမိုဆိုးသွမ်းသော သားသမီးများကို ဂရုစိုက် အချစ်ပိုကြသည်မှာလည်း မိဘများပင် ဖြစ်သည်။ လိမ္မာယဉ်ကျေးသော သားသမီးများ၏ အနာဂတ်အတွက် မိဘများက စိတ်ချ ယုံကြည်တတ်ကြသော်လည်း ဆိုးသွမ်းသော ကလေးများအတွက်မူ အမြဲတစေ စိုးရိမ်ပူပန်ကာ ပို၍ဂရုစိုက် စောင့်ရှောက်တတ်ကြသည်။ ၎င်းတို့ကို ပို၍ပင် အလိုလိုက် အကြိုက်ဆောင်ပေးလေ့ရှိပါသည်။ မိဘမေတ္တာ သီတာရေကြည်ပေကိုး။

လိမ္မာယဉ်ကျေးသော သားသမီးများသည် မိဘကျေးဇူး သိတတ်ကြသော်လည်း ဆိုးသွမ်းသော သားသမီးများကမူ အချိန်တန် အရွယ်ရောက်လာသောအခါ မိဘ့ကျေးဇူးဆိုကာ ဘာမှန်းမသိဘဲ ခြေရာတိုင်းကာ မိုက်ချင်တိုင်း မိုက်၊ ဆိုးချင်တိုင်း ဆိုးလာကြသည်။ သားသမီးမကောင်း၍၊ ဆိုးသွမ်း၍ ပျော်ရွှင်နေသည့် မိဘဟူ၍ မရှိပါ။ အမြဲတစေ စိတ်ဆင်းရဲနေရတတ်ပါသည်။ သားသမီးမကောင်းက မိဘခေါင်းပင် မမော့တော်ပါလော။

သားသမီးများအတွက် ထိုကဲ့သို့ စိတ်ဆင်းရဲသောကရောက်နေကြရသော မိဘများအတွက် အကျိုးကျေးဇူးရှိစေသော နည်းလမ်းကောင်းတစ်ခုအား မြန်မာ့ရိုးရာ အင်္ဂဝိဇ္ဇာပညာရပ်တွင် ညှပ်သတ်ကိန်းဟူ၍ ရှိကာ၊ ထိုကဲ့သို့ ရိုင်းခြင်း၊ ဆိုးခြင်းတို့အား ယဉ်ပါး ငြိမ်းအေးစေပါသည်။ အင်္ဂဝိဇ္ဇာပညာရပ်အရ သားသမီးဟူသည် ဗုဒ္ဓဟူးဂြိုဟ်အား ကိုယ်စားပြုပါသည်။

၁
၅
၂ တနင်္လာဂြိုဟ် (က)
၄ ဗုဒ္ဓဟူးဂြိုဟ် (လ)၊ သားသမီး
၀ စနေဂြိုဟ် (ဿ)
၇
၆


ဗုဒ္ဓဟူးဂြိုဟ်အား အင်္ဂဝိဇ္ဇာတိုင်ထူကြည့်သောအခါ ဗုဒ္ဓဟူးဂြိုဟ်၏ အထက်တွင် တနင်္လာဂြိုဟ်နှင့် အောက်တွင် စနေဂြိုဟ်တို့ ရှိကာ၊ ၎င်းဂြိုဟ်နှစ်လုံးမှ ညှပ်ထားကြောင်း


www.burmeseclassic.com

www.burmeseclassic.com

ရေးရပါသည်။ ထို့ကြောင့် ဗုဒ္ဓဟူးဂြိုဟ်အား ငြိမ်သက်စေရန် အတွက် အဆိုပါ အထက်အောက် ညှပ်ထားသော ဂြိုဟ်များ ဖြင့် ပတ်သက်သော အစီအရင်အဆောင်များ ပြုလုပ်၍ ဆောင်ရပါမည်။

ထို့ကြောင့် ကျွန်ုပ်လေ့လာထားသော လောကီ စမ အဆောင်တစ်ခုအား အောက်ပါအတိုင်း ရေးဆွဲ၍ နမူနာပြ လိုက်ပါသည်။




ဤအဆောင်အား မိဘများအနေနှင့် အိမ်ရှိ ဘုရားစင် ရှေ့တွင် ရက်ကောင်း ရက်မြတ်(ရက်ရာဇာ)ရွေး၍ နံနက်ပိုင်း ၉နာရီ ၄၅မိနစ်တိတိ၌ ရွှေပြား၊ ငွေပြား၊ ကြေးပြားတစ်ခုခုပေါ် တွင် ရေးဆွဲရပါမည်။

**ရေးဆွဲနည်း**

မူလ သားသမီးကို ကိုယ်စားပြုသော ဗုဒ္ဓဟူးဂြိုဟ် အတွက် လ-အက္ခရာကို ဦးစွာရေးဆွဲ၍ အထက်အောက် ညှပ်ထားသော တနင်္လာဂြိုဟ်အတွက် ကြီးလေးကြီးတွင် ပါဝင်သော က-အက္ခရာနှင့် စနေဂြိုဟ်အတွက် ကြီးလေးကြီး တွင် ပါဝင်သော ဏ-အက္ခရာတို့အား ပုံပါအတိုင်း လက်မကြွ ဘဲ တစ်ဆက်တည်း ဆွဲကာ၊ ထိုအက္ခရာသုံးလုံးပေါ်မှ အောင် မြင်ခြင်းအထိမ်းအမှတ်အဖြစ် နဝင်းညွှန့် ၉ဆင့်တင်ဆွဲကာ အဆုံးသတ်ပေးပါ။ ထိုသို့ရေးဆွဲနေစဉ် နှုတ်မှ ဂုဏ်တော် ကိုးပါးအား အဆက်မပြတ် ရွတ်ဆိုပေးပါ။

**အသုံးပြုပုံ**

ရေးဆွဲပြီးသော ၎င်းရွှေပြား၊ ငွေပြား၊ ကြေးပြားအား ရေခွက်တစ်ခွက်ထဲ ထည့်ကာ ဘုရားစင်ရှေ့တွင် နံနက်တိုင်း အောက်ပါ ဂါထာအား ကိုးခေါက်ရွတ်ဆိုကာ သောက်ပေးပါ။

ဥုံ ရာဟုလော ဗုဒ္ဓ ပတ္တော ပိသိက္ခာ၊
ကာမန မုတ္တမော ဒါယဒေါသဗ္ဗ၊
ဓမ္မေသုသဒါ သောတ္တိကရောတုမေ။

ဤဂါထာမှာ သားသမီးလိမ္မာကျိုးနွံစေသော ဂါထာ ဖြစ်ပါသည်။ ဂါထာရွတ်ဆိုခြင်း၊ ရေသောက်ခြင်း ပြီးပါက ၎င်းရွှေပြား၊ ငွေပြား၊ ကြေးပြားအား မိဘများအနေနှင့် မိမိတို့ နှင့် မကွာတမ်း ဆောင်ထားရပါမည်။ သားသမီးများနှင့် စကား ပြောဆိုခြင်းပြုပါက ၎င်းအဆောင်အား လက်နှင့် ထိကာ ပြောဆိုခြင်း ပြုရပါမည်။

ဆိုးသွမ်းသော သားသမီးများ၏ မွေးနေ့တိုင်း ၎င်းအဆောင်ကို ထိုသားသမီး၏ ခေါင်းအုံး (သို့မဟုတ်) အပေါ်ဝတ် အင်္ကျီထဲ တစ်ရက်ခန့် ထည့်ထားပေးပါ။

အမှန်တကယ် သိသိသာသာ အကျိုးထူးကြောင်း လက်တွေ့ သာဓကများစွာရှိခဲ့ဖူးပါသည်။ ထို့ကြောင့် သား သမီးဆိုး မိဘများအတွက် စိတ်သောက ကင်းဝေးစေပြီး မိသားစုဘဝ သိုက်သိုက်မြုံမြုံရှိစေရေးအတွက် ရေးသား တင်ပြပေးလိုက်ရပါသည်။

* * *

အောင်လံထူးဆရာဟိန်း(စီးပွားရေး)


## မိဘကျင့်ဝတ်

မကောင်းမြစ်တာ၊
ကောင်းရာညွှန်လတ်၊
အတတ်သင်စေ၊
ပေးဝေနှီးရင်း၊
ထိမ်းမြားခြင်းလျှင်
ဝတ်ငါးအင်
ဖခင်မယ်တို့တာ. . . . .



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

၁၉၉၀ပြည့်နှစ်အချိန်ခန့်လောက်က ဖြစ်ပါသည်။ ကော့သောင်းမြို့နယ်၊ ဆီအုန်းစိုက်ပျိုးရေးအလုပ်စခန်း၊ လဲမွန်ဆီ အုန်းခြံတွင် ဖြစ်သည်။ ထောင်မှူးကြီး ဦးစောဝင်းသည် ယင်းစခန်းတွင် တာဝန်ကျနေစဉ်ဖြစ်သည်။

ထိုစဉ်က ကော့သောင်း ဆီအုန်းစိုက်ပျိုးရေးအလုပ်စခန်းတွင် ဆီအုန်းခြံများဖြစ်သော အောက်ချိုင့်၊ ချမ်းဖန်း၊ ရေတံခွန်နှင့် လဲမွန်ခြံဟူ၍ ဆီအုန်းခြံ အသီးသီးတွင် စခန်းတာဝန်ခံအဖြစ် ထောင်မှူးကြီးများကို တာဝန်ပေးထားသည်။

မြေရိယာအကျယ်အဝန်းဖြင့် ကေအလိုက် ဆီအုန်းပင်များကို စိုက်ပျိုးရလေသည်။ ဆီအုန်းပျိုးပင်များကို တနင်္သာရီမြို့မှ စက်လှေဖြင့် သယ်ဆောင်ပေးရသည်။ မိမိတို့ ဆီအုန်းခြံများအလိုက် အကျဉ်းသားများလုပ်အားဖြင့် စိုက်ပျိုးလုပ်ကိုင်ပေးရလေသည်။

ဆီအုန်းခြံများထဲတွင် ဆီအုန်းခိုင်များမှာ အပွတ်လိုက် အခိုင်လိုက် သီးနေသဖြင့် တိရစ္ဆာန်များရန်မှ မကြာခဏ ကာကွယ်ပေးနေရသည်။ များသောအားဖြင့် ငှက်နှင့် ရှဥ့်သတ္တဝါလေးများသည် အလွန်ကြိုက်နှစ်သက်သောကြောင့် မကြာခဏ လာရောက် စားသောက်ဖျက်ဆီးလေ့ရှိသည်။

အထူးသဖြင့် မြွေသတ္တဝါများသည် ဆီအုန်းလက်များကြားတွင် ခိုအောင်းကာ စောစောက တိရစ္ဆာန်ကောင်လေးများကို ဖမ်းယူ စားသောက်လေ့ရှိသည်။ ဒါကြောင့်လည်း ယင်းဆီအုန်းစခန်းမှာ မြွေဆိုးအန္တရာယ်ထူပြောလျက်ရှိနေသည်။

မြွေသတ္တဝါများမှာ အမျိုးမျိုးရှိပေရာ ဂနင်းပုတ်ဟုခေါ်သော မြွေဟောက် အသွင်သဏ္ဍာန်မြွေမျိုးများအပြင် မြွေဟောက်၊ ငန်းမြွေ၊ စပါးအုန်း၊ မြက်လျှောမြွေမှအစ အမျိုးမျိုးရှိနေသည်။

ထိုအထဲကမှ ဂနင်းပုတ်ခေါ် မြွေဟောက်အမျိုးအစားသည် စခန်းပတ်ဝန်းကျင်မှာ မိသားစုအလိုက် အသိုက်ဖွဲ့ကာ သွားလာကျက်စားနေသည်။ ယင်းမြွေအမျိုးအစားသည် အဆိပ်ပြင်းသော မြွေဟောက်သတ္တဝါအမျိုးအစားဖြစ်သည်။

များသောအားဖြင့် အကျဉ်းစခန်းအနီး တည်ဆောက်ထားသော ရိက္ခာဂိုဒေါင်ကြီးများထဲတွင် ဂိုဒေါင်အောက်ဘက်နေရာတွင် ၎င်းမြွေဟောက်ထီးနှင့် မြွေဟောက်မသည် တိရစ္ဆာန်ဘာသာဘာဝ အသိုက်ဖွဲ့ကာ နေထိုင်လျက်ရှိနေတတ်သည်။

◆◆◆

ညနေစောင်း အလုပ်သိမ်းချိန်မှာ မှောင်ရီသမ်းလာသောကြောင့် ဆီအုန်းခြံထဲမှာ အလုပ်ဆင်းနေကြသော အကျဉ်းသားများသည် အလုပ်ပြီးစီးသွား၍ မိမိတို့နားနေရာ အိပ်ထောင်ဝင်းကြီးထဲသို့ ပြန်လာနေကြသည်။

အကျဉ်းသားများ၏ လုံခြုံရေးအတွက် သံဆူးကြိုးနှစ်ထပ် ကာရံထားပြီး ဆူးကြိုးဝင်းကြီးထဲမှာ အကျဉ်းသားများ နေထိုင်ရန် အိပ်ထောင်နှစ်လုံးဆောက်ထားလေသည်။ အိပ်ထောင်များမှာ ဝါးခနီ ထရံကာ အိပ်ထောင်ရှည်ကြီးနှစ်လုံးကို ယှဉ်လျက်ဆောက်လုပ်ထားသည်။ ဆူးကြိုးဝင်းထောင့်ကပ်လျက်မှာ စားဖိုဆောင်ကြီးကို သီးခြားဆောက်ထားသည်။

ဆူးကြိုးဝင်းအပြင်ဘက် ပတ်ပတ်လည်တွင် ဝန်ထမ်းများ နေထိုင်ရန် ဘားတိုက်များ ဆောက်လုပ်ထားသည်။ လေးယောက်ခန်း ဘားတိုက်များဖြစ်သည်။ ဆူးကြိုးရှေ့ဘက်တွင် စခန်းတာဝန်ခံရုံးကို ဆောက်လုပ်ထားပြီး ရုံးထဲမှာ အရာရှိများ နေထိုင်ရန် သီးခြားအခန်းများ ဖွဲ့ပေးထားလေသည်။

ထိုအချိန်တွင် ထောင်မှူးကြီး ဦးစောဝင်းသည် ရုံးရှေ့ဘက်နားရှိ မြေကွက်လပ်နေရာဝယ် ညနေခင်း ရေမချိုးမီ အိန္ဒိယကာလပ်ခေါ် ငှက်ပျောဖူးပုလင်းပုံ သစ်သားတုတ်လေးနှစ်ချောင်းကို လက်တစ်ဖက်တစ်ချက်စီမှ ကိုင်လွှဲကာ အားကစားလေ့ကျင့်လျက်ရှိနေသည်။ ဆူးကြိုးဝင်းအတွင်း ဝင်ရောက်နေသော အကျဉ်းသားများကို လှမ်းကြည့်နေခဲ့စဉ်ဖြစ်သည်။

ဆူးကြိုးစခန်းဝင်းထဲမှာ အကျဉ်းသားများသည် အလုပ်သိမ်းပြီးသွား၍ ထမင်းစားသောက်ရန် ပြင်ဆင်နေကြသည်။ အချိန်မှာ ညနေ ၅နာရီခန့် မှောင်ရီပျိုးစအချိန်ဖြစ်သည်။

ထိုစဉ် ဆူးကြိုးဝင်းကြီးနှင့် ကပ်လျက် တည်ဆောက်ထားသော ရိက္ခာဂိုဒေါင်ကြီးအောက်ဘက်နေရာမှ ဂနင်းပုတ်ခေါ် မြွေဟောက်တစ်ကောင်သည် ထွက်လာပြီး ဆူးကြိုးထဲသို့ ဝင်ရန် တာစူနေလေသည်။ မြွေဟောက်မှာ အမတစ်ကောင်ဖြစ်လေသည်။

ထောင်မှူးကြီး ဦးစောဝင်းသည် အားကစားလေ့ကျင့်နေသော နေရာမှ ရုတ်တရက် လှမ်းမြင်လိုက်လေသည်။ မြွေဟောက်သည် ဆူးကြိုးဝင်းဘက်ဆီမှ သားစိမ်းငါးစိမ်းအနံ့များ ရ၍လားမသိ၊ ဂိုဒေါင်အောက်ဘက်မှ ထွက်လာပြီး ထောင်မှူးကြီးရှေ့နား တစ်လံကွာနေရာနားဆီ ရောက်လာနေသည်။ ထောင်မှူးကြီးမှာ မြွေဟောက်ကို မှောင်



www.burmeseclassic.com

www.burmeseclassic.com

ထဲတွင် လှမ်းမြင်လိုက်သဖြင့် မင်းဆက်မိပြီး ကြောင်ကြည့်နေရာမှ…

"ဟော့ကောင်တွေ…ဒီမှာ မြွေဟောက်ကြီးကွ၊ လာပြီး ဖမ်းကြပါဦး"

ဟု အော်ဟစ် ပြောဆိုလိုက်သည်။ သို့သော်လည်း အကျဉ်းသားများနှင့် ဝေးရပ်နေသောနေရာမှာ ဆူးကြိုးဝင်းကြီး ကာရံထားသောကြောင့် အကျဉ်းသားများမှာ ရုတ်တရက် အပြင်သို့ ရောက်မလာနိုင်ဘဲ ဖြစ်နေသည်။

ထိုအချိန်တွင် မြွေဟောက်ကြီးသည် ထောင်မှူးကြီး ရပ်နေသောနေရာအနီးမှ ဖြတ်သွားဟန်ပြနေသဖြင့် တစ်လံသာသာ ကွာဝေးနေတော့သည်။ အကျဉ်းသားများကို လှမ်းအော်ခေါ်နေသဖြင့် မြွေဟောက်သည် ရန်သူကို သတိပြုမိသွားဟန်တူသည်။

ထိုသို့ အော်ခေါ်နေစဉ် မြွေဟောက်မသည် ပါးပျဉ်းကြီးကို ထောင်ကာ လျှာနှစ်ခွရှိသော လျှာမျိုးကို ထုတ်လိုက် သွင်းလိုက်နှင့် အကဲခတ်ကြည့်နေဟန်မှာ အသည်းယားစရာဖြစ်နေသည်။ မိမိကို ရန်မူလိုသည့်အနေအထားဖြင့် ပါးပျဉ်းကြီးကို လှုပ်ယမ်းကာ လှမ်းကြည့်နေသည်မှာ ကြောက်ဖွယ်လိလိ ဖြစ်လာစေသည်။

ဆူးကြိုးဝင်းထဲမှာ အကျဉ်းသားများ ရောက်လာမည့်အနေအထားက ဝေးသေးချိန်တွင် အနီးကပ် တွေ့မြင်နေသော မိမိအား ရန်မူလာတော့မည့် အခြေအနေဖြစ်လာနေသဖြင့် ထောင်မှူးကြီး ဦးစောဝင်းသည် မိမိလက်ထဲမှာ ကစားရန် ကိုင်စွဲထားသော အိန္ဒိယ ကလပ်တစ်ချပ်ဖြင့် ပါးပျဉ်းထောင်နေသော ဦးခေါင်းပိုင်းကို ချက်ချင်းဖြတ်ရိုက်ချလိုက်သည်။

ဤသို့ ဖြတ်ရိုက်လိုက်သဖြင့် မြွေကြီး၏ ဦးခေါင်းသည် ထိခိုက်မိသွားပြီး တစ်ဖက်လည်ကျသွားစဉ် နောက်ကလပ်တစ်ချပ်ဖြင့် မြွေကြီးဦးခေါင်းပိုင်းကို ဆင့်ကာဆင့်ကာ ရိုက်ချပစ်လိုက်သည်။ ဤကဲ့သို့ ထိထိမိမိရိုက်လိုက်ခြင်းကြောင့် မြွေကြီးမှာ မြေပေါ်တွင် ငြိမ်သက်သွားလေတော့သည်။

ထိုအချိန်တွင် အကျဉ်းသားအချို့ တုတ်၊ ခဲကိုင်ကာ ရောက်လာခဲ့သော်လည်း မြွေကြီးမှာ အသက်ပျောက်နေသည်။

အကျဉ်းသား ဘုတ်ကိုင် တစ်ယောက်မှ ယင်းမြွေသေကြီးကို အကျဉ်းသားနှစ်ယောက်ဖြင့် သယ်ယူကာ စားပိုကြီးထဲတွင် မြွေသားဟင်း ချက်ခဲ့ကြလေသည်။

◆◆◆

“

မြွေဟောက်တွေဟာ
မြွေထီးနဲ့ မြွေမတွေဆိုတာ
သိပ်သစ္စာလည်းကြီးတယ်။
မြွေဟောက်တစ်ကောင်ကောင်ကို
သတ်ပြီဆို မြွေဟောက်ရဲ့ မျက်လုံးကို
ချက်ချင်း ဖျက်ဆီးပစ်ရတယ်ဗျ။
အဲဒီလို မဖျက်ဆီးပစ်လိုက်နိုင်ရင်တော့
သူ့ကို သတ်သွားတဲ့ ရန်သူဟာ
ဘယ်လောက်ဝေးဝေးကိုပဲ
ပြေး…ပြေး ကျန်ရစ်ခဲ့တဲ့ကောင်က
နောက်က လိုက်ပြီး
ကလဲ့စားချေတတ်တယ်

”

ညဘက် စခန်းရုံးလေးထဲတွင် စခန်းမှာ ရှိသော အရာရှိများသည် အရက်ဝိုင်းဖွဲ့သောက်စားကာ စကားစမြည်ပြောဆိုနေကြသည်။ ထိုင်းနိုင်ငံထွက် မက်ခွန်းအရက်နှင့် မြွေသားဟင်းကို မြည်းကာ ပျော်ရွှင်စွာ စကားပြောဆိုနေကြသည်။

ကွန်ပ်မှာလည်း မြိတ်အကျဉ်းထောင်မှ အကျဉ်းသား ရဲဘက် ၅၀ ယောက် လာပို့သည်နှင့် ကြုံကြိုက်နေ၍ စကားဝိုင်းဖွဲ့ပြောဆိုနေကြသည်။

"မြွေထဲမှာ မြွေဟောက်ဆိုတဲ့ သတ္တဝါက ကြောက်စရာ အကောင်းဆုံးပဲ"

ကွန်ပ်သည် မက်ခွန်းအရက်တစ်ကျိုက်သောက်ပြီး မြွေသားကို အမြည်းယူစားနေရင်း စကားစလိုက်သည်။ ထိုစဉ် ထောင်မှူးကြီး ဦးစောဝင်းမှ နေ၍…

"ဘယ်လိုကြောက်စရာကောင်းတာလဲဗျ"

"မြွေဟောက်တွေဟာ မြွေထီးနဲ့ မြွေမတွေဆိုတာ သိပ်သစ္စာလည်း ကြီးတယ်။ မြွေဟောက်တစ်ကောင်ကောင်ကို သတ်ပြီဆို မြွေဟောက်ရဲ့ မျက်လုံးကို ချက်ချင်း ဖျက်ဆီးပစ်ရတယ်ဗျ။ အဲဒီလို မဖျက်ဆီးပစ်လိုက်နိုင်ရင်တော့ သူ့ကို သတ်သွားတဲ့ ရန်သူဟာ ဘယ်လောက်ဝေးဝေးကိုပဲ ပြေး…ပြေး ကျန်ရစ်ခဲ့တဲ့ ကောင်က နောက်က လိုက်ပြီး ကလဲ့စားချေတတ်တယ်"

"နေစမ်းပါဦး ဆရာ စိုးဝေ၊ မြွေက သေတောင် သေသွားနေမှပဲ။ ဘာဖြစ်လို့ မြွေရဲ့ မျက်လုံးကို ဖျက်ဆီးပစ်ရမှာလဲ"

"ဒီလိုရှိတယ် ကိုစောဝင်း၊ မြွေဟောက်ဟာ သူ့ကို ရန်… သေသေချာချာစိုက်ကြည့်ပြီး အဲဒီလူ…



www.burmeseclassic.com

www.burmeseclassic.com

ရုပ်ပုံကို သူ့မျက်လုံးအိမ်ထဲမှာ ဓာတ်ပုံရိုက်ထားသလို ပုံရိပ်ထင်ကျန်အောင် အမြဲကြည့်ထားလေ့ရှိကြတယ်။ သူသေသွားရင်တောင် သူ့ကို သတ်သူရဲ့ ရုပ်ပုံလွှာဟာ သူ့မျက်လုံးထဲမှာ စွဲထင်ကျန်ရစ်တယ်။ အဲဒီပုံကို ကြည့်ပြီး ကျန်တဲ့ကောင်က လိုက်လက်စားချေကြတယ်လို့ စာအုပ်ထဲမှာ ဖတ်ခဲ့ရဖူးတယ်"

"အေးဗျာ၊ မြွေတွေကလည်း တော်တော်အငြိုးကြီးကြတာပဲနော်"

"ဒါကြောင့် လူကြီးသူမတွေက ပြောဆိုခဲ့မထားတာပေါ့။ မြွေကို တွေ့ရင် မသတ်ဘဲ ခြောက်လှန့်လွှတ်နိုင်းဖို့ အမြဲဆုံးမလေ့ရှိတယ်"

ဤကဲ့သို့ ညပိုင်းအချိန်ထိတိုင် စခန်းရုံးလေးထဲတွင် ကျွန်ုပ်နှင့် ထောင်မှူးကြီး ဦးစောဝင်းအပါအဝင် အရာရှိသုံးလေးဦးသည် ညနေက ရရှိလာသော မြွေသားနှင့်အတူ မက်ခွန်းအရက်ကို သောက်ကာ စကားပြောဆိုနေခဲ့ကြလေသည်။

အချိန်မှာ ညဉ့်နက်ပိုင်းသို့ ရောက်ရှိလာပြီဖြစ်သလို ထုတ်တန်းပေါ်မှာ ထွန်းထားသော မှန်အိမ်မှာလည်း ရေနံဆီကုန်ခန်းလာနေသောကြောင့် အားလုံး ရေချိန်လည်း ကိုက်နေကြပြီဖြစ်သဖြင့် အိပ်ရန် အိပ်ရာအသီးသီးဆီသို့ အိပ်ရာဝင်သွားခဲ့ကြလေသည်။

ညဉ့်ဦးယံအချိန်လောက်တွင် ထောင်မှူးကြီး ဦးစောဝင်းသည် ညနေပိုင်းက သောက်စားထားသော မက်ခွန်းအရက်ရှိန်ဖြင့် ဒီဂရီတက်လာကာ အိပ်ပျော်သွားလေသည်။

ထိုသို့ အိပ်ပျော်နေစဉ် ညနေပိုင်းအချိန်လောက်ဆီက မိမိလက်ချက်ဖြင့် သေဆုံးသွားခဲ့သော မြွေဟောက်မကို အိပ်မက်ထဲမှာလိုလို၊ တကယ်လိုလို မျက်စိထဲမှာ ရုပ်ရှင်ပြကွက် ပြနေသလို



မြင်ယောင်လာနေသည်။

ယင်းမှာ အနက်ပြောက် အဝါစင်းပုံသဏ္ဌာန် အရှည်တစ်လံကျော်ကျော် မြွေဟောက်ကြီး၏ ပုံစံကို အိပ်မက်ထဲမှာ မြင်မက်လာနေသည်။ မြွေဟောက်ကြီး၏ လုံးပတ်မှာ တစ်ကျပ်ခွဲလုံးခန့်ရှိနေပြီး မိမိကို စူးစူးရှရှ စိုက်ကြည့်နေသည့်ဟန်မျိုး မြင်မက်လာခဲ့လေသည်။

◆◆◆

နောက်တစ်နေ့နံနက်တွင် အိပ်ရာမှ နိုးလာခဲ့သောအခါ ခေါင်းထဲတွင် တဆစ်ဆစ်ကိုက်ခဲနေသလို ခံစားနေရသည်။ ညက အရက်ရှိန်များသွားသောကြောင့် ခေါင်းထဲမှာ မူးနောက်နောက် ဖြစ်နေဟန်တူသည်။

ထောင်မှူးကြီးသည် အိပ်ရာမှ မထချင်သေးသော်လည်း ရှေ့တန်းထွက် အလုပ်လုပ်ကြမည့် အကျဉ်းသားဘုတ်များ၏ အလုပ်ဆိုင်းတာဝန်ခွဲဝေရန် ရှိနေသဖြင့် အိပ်ရာမှ ထလာခဲ့ရလေသည်။

မိမိအိပ်နေသော အိပ်ခန်းခေါင်း ရင်းနေရာရှိ ပြတင်းပေါက်ကို လေဝင် ရန်နှင့် အလင်းရောင်ဝင်ရန် ဂျက် ဖြုတ်၍ ဖွင့်နေလိုက်လေသည်။ ရုံးခန်း ထဲရှိ အိပ်ခန်းလေးကို တွဲဆောက်ထား သလို၊ စခန်းအတွက် ထုတ်ပေးထား သော လက်နက်များကိုလည်း အိပ်ခန်း ဘေး လက်နက်စင်မှာ လုံခြုံရေး အတွက် စီ၍ထောင်ထားသည်။

လက်နက်စင်ပေါ်တွင် ဂရင်း သေနတ်သုံးလက်၊ ရိုင်ဖယ်နှစ်လက် နှင့် စတင်းတစ်လက်ကို လက်နက်စင် မှာ ထောင်ထားသည်။ ၃၈မို့ ခြောက် လုံးပြူးကို မိမိအိပ်သော ခုတင်ခေါင်းအုံး အောက်မှာ ထားအိပ်လေသည်။

လက်နက်စင်မှာ ပြတင်းပေါက် ဘေးဘက်နားတွင် ရှိနေသောကြောင့် ဝါးကြမ်းခင်းပေါ်မှာ ရပ်ပြီး ပြတင်း ပေါက်တံခါးကို ဖွင့်လိုက်သဖြင့် အလင်း ရောင်မှာ အိပ်ခန်းထဲ တိုးဝင်လာလေ သည်။

ထိုစဉ် ခြေဖမိုးနေရာဝယ် ဆစ် ခနဲ မျက်သွားသလိုလိုဖြစ်သွားသဖြင့် ခြေထောက်ကို ငုံ့ကြည့်လိုက်သောအခါ အဝါအနက်ပြောက်စင်း မြွေဟောက် ကြီးတစ်ကောင်သည် ဝါးကြမ်းခင်းထဲ တိုးဝင်သွားနေသည်ကို လှမ်းမြင်လိုက် ရသည်။

ဦးခေါင်းမှာ ရိပ်ခနဲဆိုသလိုဖြစ် လာသဖြင့် မိမိခြေထောက်ပေါ်ကို မြွေ ကိုက်ခံလိုက်ရပြီမှန်း သဘောပေါက် သွားလေသည်။

"ဟေ့ကောင်တွေ . . . ငါ့ခြေ ထောက် 'မြွေပေါက်သွားပြီကွ၊ လာ ကြည့်ကြစမ်းပါဦး"

ဟု ဆူးကြီးဝင်းထဲမှ အလုပ် ထွက်လာနေသော အကျဉ်းသားများကို


www.burmeseclassic.com

www.burmeseclassic.com

အော်ဟစ်ပြောဆိုလိုက်သည်။ ဖူးဝ ထဲခါးထဲမှ အကျဉ်းသားများသည် ဆီ အုန်းခြံထဲ အလုပ်ဆင်းကြရန် အပြင် ဘက် ထွက်လာနေစဉ် အော်သံကြား လိုက်သဖြင့် ဘုတ်ကိုင် ရဲဘက်ကြီး အချို့ စခန်းရုံးဘက်ဆီ ပြေးလာကြည့်ရှု ကြလေသည်။

အကျဉ်းသားများထဲမှ မြွေနှင့် ပတ်သက်ပြီး နားလည်သည့် အကျဉ်း သားတစ်ဦးသည် ထောင်မှူးကြီး ဦးစောဝင်း၏ ခြေထောက်ဒဏ်ရာကို ရှေးဦး သူနာပြုနည်းဖြင့် အဝတ်စည်း သုပ်ထုပ်စည်းပေးလျက် ပြုစုပေးနေ သည်။ ကျန်အကျဉ်းသားများက ကိုက် သွားသော မြွေကြီးကို ဖြန့်ခွဲရှာဖွေနေ ကြသည်။

ထို့နောက် လဲမွန်ရွာထဲမှ သား ဖွား ဆရာမကို ဆိုင်ကယ်တစ်စီးဖြင့် သွားခေါ်လာပြီး မြွေဆိပ်ဖြေဆေးထိုးနိုင်း ကြသည်။ ပြီးမှ စခန်းက ဆေးမှူးကို ခေါ်ကာ လဲမွန်အောက်ချိုင့်ထိ ထမ်းစင် ပြုလုပ်လျက် အကျဉ်းသားများကို သယ်နိုင်းသည်။

အကျဉ်းသား လေးဦးမှ ဝါးလုံး ကပ် ထမ်းစင်ဖြင့် သယ်ယူလာပြီး အောက်ချိုင့်မှတစ်ဆင့် ကော့သောင်း မြို့ ဆေးရုံဆီအရောက် သယ်ယူလာ နေခဲ့ကြသည်။

အောက်ချိုင့်မှ ကော့သောင်းဆီ သယ်ယူလာနေစဉ် ချမ်းဖန်းလှေဆိပ် သို့ မရောက်မီ ၅မိုင်ခန့်ဝေးသည်။ ချမ်း ဖန်းလှေဆိပ်သို့ ရောက်သောအခါ လှေ ဖြင့် ဆက်လက်ပို့ဆောင်နေကြသည်။

ကော့သောင်းမြို့ပေါ်ရှိ ဆေးရုံသို့ ရောက်သွားသောအခါ နေ့လယ် ၂နာရီ ခန့် ကြာမြင့်နေပြီဖြစ်သည်။ ဤကဲ့သို့ ဆေးရုံအရောက် အဆင့်ဆင့် သယ် ဆောင်လာခဲ့ရသောကြောင့် အချိန်ကြန့် ကြာသွားခဲ့ပြီး ဆေးရုံသို့ ရောက်ရှိသွား သောအချိန်တွင် မြွေကိုက်ခံလိုက်ရ သော ခြေဖမိုးနေရာမှ တဖြည်းဖြည်း မြွေဆိပ်တက်လာကာ ခြေပုပ်လာနေ သည်။

ယင်းသို့ ထောင်မှူးကြီး ဦးစော ဝင်းတစ်ယောက် လဲမွန်ခြံတွင် မြွေ ကိုက်ခံလိုက်ရသဖြင့် အကျဉ်းဦးစီးဌာန ရုံးချုပ်သို့ ကြေးနန်းဖြင့် သတင်းပို့ခဲ့ရ သည်။

မကြာမီ အကျဉ်းဦးစီးဌာနရုံးချုပ်၊ စီမံကိန်း ညွှန်ကြားရေးမှူးရုံးမှ ထောင် ပိုင်အဆင့်(၂) ဦးစိန်ဌေးကိုယ်တိုင် မြွေ အသက်ကယ်ဆေးကို ယူဆောင်လာ ကာ လေယာဉ်ဖြင့် ပို့ဆောင်ပေးသဖြင့် အသက်ကယ်ဆေး ထိုးနိုင်သွားသည်။

နောက်ဆုံး ကော့သောင်းမြို့ ဆေးရုံမှတစ်ဆင့် ရန်ကုန်မြို့ဆီ လွှဲ ပြောင်းကုသစေရန် မြောက်ဥက္ကလာပ ဆေးရုံတွင် ဆက်လက်ဆေးဝါးကုသနိုင် ရန် စခန်းတာဝန်ခံ ထောင်ပိုင်အဆင့် (၁) ဦးဘိုနီနှင့် လက်ထောက်စခန်း တာဝန်ခံဖြစ်သူ ထောင်ပိုင်လေး ဦးထွန်း လှစိတ်တို့မှ လေယာဉ်ဖြင့် ပို့ဆောင် ပေးခဲ့သည်။

ဤကဲ့သို့ မြွေကိုက်ခံရသော ဒဏ်ရာကို မြောက်ဥက္ကလာပ ဆေးရုံ ကြီးပေါ်တွင် သုံးလကြာမျှ ဆေးဝါး ကုသပေးခဲ့ရသည်။ ယင်းမြွေပေါက် လိုက်သည့်နေရာမှ ခြေဖမိုးပေါ်တွင် မြွေဆိပ်လိုက်စားနေသဖြင့် ပေါင်မှ အသားများကို လှီးဖြတ်ပြီး အစားထိုး ကုသပေးခဲ့ရလေသည်။

နောက်ပိုင်း မြွေကိုက်ဒဏ်ရာကို ကုသပျောက်ကင်းသွားခဲ့သောကြောင့် မြောက်ဥက္ကလာပဆေးရုံမှ ဆင်းလာပြီး ကော့သောင်းမြို့ဆီ တာဝန်ဆက်လက် ထမ်းဆောင်ရန် ပြန်သွားခဲ့ရလေသည်။

◆◆◆

အမှန်တော့ လဲမွန် ဆီအုန်းခြံ တွင် ထောင်မှူးကြီး စောဝင်းသည် ကာယလေ့ကျင့်ခန်းပြုလုပ်နေစဉ် မြွေ ဟောက်ကြီးနှင့် ပက်ပင်းတိုးနေမိရာမှ မိမိအသက်ကို ကာကွယ်သည့်အနေ ဖြင့် လက်ထဲမှ အိန္ဒိယကလပ်ဖြင့် ရိုက်နှက်သတ်ဖြတ်သွားမိခဲ့ခြင်း ဖြစ် သည်။

မိမိရိုက်သတ်လိုက်သော မြွေ ဟောက်မှာ အမဖြစ်နေ၍ မြွေဟောက် ထီးမှ သူ့ချစ်သူ မြွေဟောက်မအတွက် အခဲမကြေနိုင်ဘဲ ကလဲ့စားချေခဲ့လေ သလား မသိပေ။

ကျွန်ုပ်ပြောသလို မြွေဟောက် ကို သတ်ဖြတ်ပြီးပြီးချင်း မြွေဟောက် မျက်လုံးကိုများ မဖျက်ဆီးဘဲ ပစ်ခဲ့ သောကြောင့် မြွေဟောက်ထီးမှ တုံ့ပြန် ကလဲ့စားချေရန် လိုက်လာခဲ့ဟန် တူပါ သည်။■

* * *

နိုးဓေ



www.burmeseclassic.com

www.burmeseclassic.com

# တရားသုံးပါး အစိကထား

ညီဇေအောင်ပြည့်



ယနေ့တိုင် သိပ္ပံပညာ၊ သိပ္ပံစက်ကိရိယာများဖြ
မမြင်မသိ မဖော်ထုတ်နိုင်သေးသော သဘာဝ အခ
တရားသုံးပါး (ဝါ) ခန္ဓာကိုယ်တွင်း၌ အရှိန်အဟုန်ဖြ
ယှိုစီးနေသော တရားဆိုး သုံးပါးကို ဗုဒ္ဓမြတ်စွာ
လွန်ခဲ့သော နှစ်ပေါင်း ၂၁၀၀ကျော်က
တည်းက "အဘိဓမ္မာ"ဟု အမည်တပ်ပြီး
ဖော်ထုတ်ဟောကြားထားခဲ့ပေသည်
ငင်းတို့ သုံးပါးကို သိသည်က အဘိ
ဓမ္မာအသိဉာဏ်ဖြစ်ပြီး အဘိဓမ္မာ
အသိဉာဏ်သည် ကုသိုလ်တရားဖြ
၍ ထိုအသိဉာဏ် မိမိမှာ ဖြစ်ပေါ်
ခြင်းသည်ပင် ကုသိုလ်ရခြင်းဖြစ်ပါ
သည်။

ထိုတရားဆိုး သုံးပါး၏ သဘာဝ



www.burmeseclassic.com

www.burmeseclassic.com

ကို မဖော်ထုတ်နိုင်သေးခြင်း (ဝါ) မသိမမြင်သေးခြင်းသည် အဘိဓမ္မာအသိ ဉာဏ် မဖြစ်ပေါ်သေးခြင်းဖြစ်၍ မိမိတွင် အကုသိုလ်ဖြစ်နေ သေးခြင်းသာ ဖြစ်ပေသည်။

ဗုဒ္ဓမြတ်စွာသည် တရားတော်များကို သုံးပိုင်း ပိုင်းခြား၍ ဟောကြားတော်မူခဲ့ပါသည်။ ဝိနည်းဓမ္မ၊ သုတ္တန်ဓမ္မ၊ အဘိဓမ္မာ ဟူ၍ ပိဋကတ်သုံးပုံအားဖြင့် ပိုင်းခြား ဟောကြားတော်မူခဲ့ပါသည်။ ၎င်းတို့ကို ဗုဒ္ဓ၏ သာသနာသုံးရပ်ဟုလည်း ဆိုပါသည်။ ဤသို့ ဟောကြားရာတွင် အဘိဓမ္မာသည် သုတ္တန်ဓမ္မတို့ထက် သာလွန်ထူးခြားသော တရားဖြစ်၍ အဘိဓမ္မာဟု ခေါ်ဆိုခြင်းဖြစ်ပါသည်။ အဘိဓမ္မာတရားတော်သည် အမိကျေးဇူးဆပ်ရာ နတ်ပြည်၌သာ ဟောကြားခဲ့သော တရား၊ နတ်ပြည်၌ သုံးလကြာမျှ ဘုရားရှင်နှင့် နိမ္မိတကိုယ်တော် တစ်လှည့်စီ ဟောကြားသော တရား စသည့်ဖြင့် ထူးခြားချက်လေးမျိုးရှိသည်သာမက၊ ပါဠိ၏ နက်နဲခြင်း၊ သဘောအဓိပ္ပာယ် နက်နဲခြင်း၊ ဟောကြားပုံ အစီအစဉ်နက်နဲခြင်း၊ ဉာဏ်တော် နက်နဲခြင်းဟူသော ဂမ္ဘီရလေးမျိုးနှင့်လည်း ပြည့်စုံသော တရားတော်ကြီးဖြစ်ပါသည်။

အဘိဓမ္မာတရားတော်သည် အရေအတွက်အားဖြင့် ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်၊ ပဋ္ဌာန်းဟူ၍ ၇ကျမ်းရှိပါသည်။ ဓမ္မသင်္ဂဏီကျမ်းခေါ် ကုသိုလ်၊ အကုသိုလ် စသော တရားတို့ကို အကျဉ်းချုပ် ဟောကြားတော်မူသော ကျမ်း။ ဝိဘင်းကျမ်းခေါ် ခန္ဓာ စသော တရားတို့ကို သုတ္တန်နည်း၊ အဘိဓမ္မာနည်းတို့ဖြင့် အမေးအဖြေပြု၍ အကျယ်ဝေဖန်ဟောကြားသောကျမ်း၊ ဓာတုကထာခေါ် ဓာတ်အမျိုးမျိုးတို့ကို ဟောကြားသော ကျမ်း၊ ပုဂ္ဂလ ပညတ်ခေါ် ပုဂ္ဂိုလ်အမျိုးမျိုးတို့ကို ခွဲခြားသတ်မှတ် အမည်တပ်၍ ဟောကြားသောကျမ်း၊ ကထာဝတ္ထုခေါ် အယူဝါဒနှင့် ဆိုင်သောစကားတို့၏ တည်ရာဖြစ်၍ အဘိဓမ္မာ အနှစ်သာရတို့နှင့် ပြည့်စုံစွာ ဟောကြားသောကျမ်း၊ ယမိုက်ကျမ်းခေါ် အစုံအစုံပြု၍ (အနုလုံနှင့် ပဋိလုံ၊ ပုစ္ဆာနှင့် ဝိသဇ္ဇနာ၊ သန္နိဋ္ဌာန်နှင့် သံသယတို့ကို အစုံအစုံပြု၍) ဟောကြားသော ကျမ်းနှင့် ပဋ္ဌာန်းကျမ်းခေါ် တရားတို့ကို ၂၄ပစ္စည်းတို့ဖြင့် ဝေဖန်ဟောကြားအပ်သောကျမ်း(ဝါ)သဗ္ဗညုတဉာဏ်တော်၏ ကျက်စားရာဖြစ်သောကျမ်းဟူ၍အဘိဓမ္မာ ၇ကျမ်းရှိပေသည်။

ဗုဒ္ဓဘာသာသည် နိုင်ငံများစွာ၌ ကျယ်ကျယ်ပြန့်ပြန့် ထွန်းကားလာသည်မှာ မောရိယမင်းဆက်တွင် ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ဗုဒ္ဓ ပရိနိဗ္ဗာန်စံဝင်ပြီးနောက် ဗုဒ္ဓ၏ အဆုံးအမ တရားတော်များ တဖြည်းဖြည်းပြန့်ပွား ထွန်းကားလာနေရာမှ မောရိယမင်းဆက်၏ တတိယမြောက် ရှင်ဘုရင် သီရိဓမ္မာ အသောကမင်းကြီး ဗုဒ္ဓဘာသာဝင်ဖြစ်လာခြင်းနှင့်အတူ ဗုဒ္ဓ အဆုံးအမ တရားတော်များသည် လူမှုရေးဆိုင်ရာ ဝါဒများ၊ ချမှတ်ကျင့်သုံးရာမှာ မှန်ကန်သောနည်းလမ်းကို ပေးနိုင်စွမ်း ကြောင်း ကောင်းစွာ သိမြင်လာ၍ တိုင်းသူပြည်သူသားများ တရားနှင့်အညီ ကျင့်သုံးနေထိုင်တတ်ရန် မူဝါဒသစ်တစ်ရပ် ထုတ်ပြန်ကြေညာပြီး အုပ်ချုပ်ခဲ့ပေသည်။ ၎င်းအပြင် ဗုဒ္ဓ သာသနာတော် ကမ္ဘာအနှံ့ ပြန့်ပွားအောင် ဆောင်ရွက်သည့် အနေဖြင့် တိုင်းတစ်ပါးများသို့ ရဟန္တာအရှင်မြတ်များအား သာသနာပြု ပို့လွှတ်တော်မူခဲ့ပေသည်။ ၎င်းအဖွဲ့များအနက် အအောင်မြင်ဆုံးအဖွဲ့မှာ မင်းကြီး၏ သားတော် ရဟန္တာအရှင် မဟိန္ဒ ဦးဆောင်သော သီဟိုဠ်ခေါ် သီရိလင်္ကာနိုင်ငံသို့ ပို့လွှတ်သော အဖွဲ့ဖြစ်ကြောင်း မှတ်တမ်းတင် ထားရှိပေသည်။ သီရိလင်္ကာနိုင်ငံတွင် ယနေ့ကာလအထိ ဗုဒ္ဓဝါဒကျယ်ကျယ် ပြန့်ပြန့် ထွန်းကားနေဆဲပင် ဖြစ်သကဲ့သို့ ၎င်းမှ အရှေ့တောင် အာရှဒေသအနှံ့အပြားတွင် ထွန်းကားနေသော မူလ ဗုဒ္ဓ ဘာသာဝါဒဂိုဏ်းဖြစ်ပြီး သီရိလင်္ကာ၊ မြန်မာ၊ ထိုင်း၊ ကမ္ဘော ဒီးယားနှင့် လာအိုနိုင်ငံများမှာပါထွန်းကားလျက်ရှိနေပေသည်။

တစ်ဖက်တွင်လည်း ဗုဒ္ဓဘာသာသည် ပုံစံသစ်တစ်ရပ် ဖြင့် တဖြည်းဖြည်းပေါ်ပေါက်လာပေသည်။ ၎င်းသည် ကြီး မားသော ယာဉ်ဟု အဓိပ္ပာယ်ရသော မဟာယာန ဗုဒ္ဓဘာသာ ပင် ဖြစ်ပါသည်။ (မူရင်း ဗုဒ္ဓဘာသာဂိုဏ်းများကို ၎င်းတို့က ဟီနာယာန - ငယ်သောယာဉ်ဟု ခေါ်ခဲ့ကြ၏။) ဗောဓိသတ္တ ဖြစ်စဉ်ကို(၎င်းတို့ လက်ကိုင်ပြုနေသော) ဗုဒ္ဓဘာသာစံပြ တစ်ခုအဖြစ် ထူထောင်လိုက်ကြပြီးနောက် ဝိပဿနာဉာဏ် ကို ဘာမျှမရှိသော သုညတဉာဏ်သည် အဆုံးစွန်သော သဘာဝတရား၏ ဖြစ်စဉ်ဟု ဆိုခဲ့ကြပေသည်။ ၎င်းတို့ ကျမ်းစာများတွင် အတွေးအခေါ်ရှင်ဖြစ်သည့် နာဂဇုန(နာလန္ဒ တက္ကသိုလ်၏ ပထမဦးဆုံး ကျောင်းအုပ်ကြီး)၊ အသင်္ဂ၊ ဓမ္မကာကီတို့၏ အတွေးအခေါ်များကို ထည့်သွင်းထားခဲ့ကြ သည်။ ၎င်းတို့၏ အဆိုအရ ဗုဒ္ဓဘုရားရှင်များနှင့် ဗောဓိသတ္တ ဘုရားလောင်းများသည် ဗုဒ္ဓဘာသာကို သက်ဝင် ယုံကြည်သူ များအပေါ် ကူညီဖေးမ ပေးနိုင်သည်ဟု ဆိုပါသည်။

၎င်း၏ နောက်ပိုင်းအချိန်များတွင် ဗုဒ္ဓဘာသာသည် ပုံစံသစ်တစ်မျိုးဖြစ်ပေါ်လာနေလေသည်။ ဝိရယာန စိန်သွား ယာဉ်(Diamond Vehicle) အမည်ရှိသော ဝိရယာန ဗုဒ္ဓ ဘာသာဖြစ်ပါသည်။ ၎င်းဗုဒ္ဓဘာသာသည် တန္တရာ(ခေါ်)အဋ္ဌ ဝါသိက ပိဋကတ်တော်များကို အခြေခံပြီး ပေါ်ပေါက်လာ

www.burmeseclassic.com

www.burmeseclassic.com

ခြင်းဖြစ်ပေသည်။ ၎င်း၏ ကျယ်ပြန့်သော သဘောကိုလည်း တွေ့ရပေသည်။ အကြောင်းကမူ ၎င်းဝိရယန ဗုဒ္ဓဘာသာသည် မဟာယနဂိုဏ်း၏ ကျင့်စဉ်များကိုလည်း လက်ခံသည်။ ၎င်းအပြင် မျက်လှည့်ပညာဆိုင်ရာများ၊ ရွတ်ဖွားမှုများ။ နားလည်ရန် ခက်ခဲသော အထိမ်းအမှတ်သင်္ကေတများနှင့် ရှုပ်ထွေးနေသော ယောဂကျင့်စဉ်များ စသည့်တို့ကိုလည်း ဝိရယန ဗုဒ္ဓဘာသာတွင် ထည့်သွင်းထားပြီး ယင်းတို့ကို သဗ္ဗညုတဉာဏ်ရရန် တွန်းအားပေးသော နည်းလမ်းများအဖြစ် လက်ခံယုံကြည် ကျင့်သုံးကြပေသည်။ ၎င်းဗုဒ္ဓဘာသာသည် နီပေါ၊ တိဗက်နှင့် ဟိမဝန္တာတောင်တန်းဒေသများဆီသို့ ရောက်ရှိခဲ့ပြီး ယခုအခါ တိဗက်ဗုဒ္ဓဘာသာအဖြစ် ထင်ရှားလျက်ရှိပေသည်။

မည်သို့ပင်ဆိုစေ၊ ကာလရှည်ကြာစွာ ပြန့်ပွား ထွန်းကားခဲ့ရသော ဗုဒ္ဓဘာသာ၊ ထာဝရ ငြိမ်းချမ်းလိုကြသော လူသားတို့ တစိုက်မတ်မတ် စွဲစွဲမြဲမြဲ ယုံကြည်လိုက်နာကြသော ဗုဒ္ဓဘာသာတွင် လူသားတစ်ရပ်လုံး ကျင့်ကြံနိုင်စေရန် အေးငြိမ်းသည့် နည်းလမ်းကောင်းများ စစ်မှန်စွာ ပါဝင်နေခြင်း၊ ဆရာစဉ်ဆက် နည်းမှန်လမ်းမှန် ဆက်လက်သင်ကြားပို့ချနိုင်ခြင်း၊ ကျင့်ကြံအားထုတ်နိုင်သူတိုင်း ငြိမ်းချမ်းမှုကို ခံစားရခြင်းစသည့်အချက်များ ပါဝင်နေခြင်းကြောင့်ပင်ဖြစ်ပေသည်။

လူသားတို့တွင် တရားဆိုးလေးပါးဟု ထင်ရှားသော တရားဆိုး သုံးပါးရှိနေကြောင်း ဗုဒ္ဓတရားတော်က ဟောဖော်ထောက်ပြပေသည်။ အလွန်ထင်ရှားကျော်ကြားပြီး ကြောက်ရွံ့ကြသော တရားဆိုးများ ဖြစ်ကြပေသည်။ "ဣဓံမေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု"(မေ-တပည့်တော်၏။ ဣဓံမေ ပုညံ - ဤကောင်းမှုသည်၊ ဟောတု-ဖြစ်ပါစေသတည်း)ဟု ဗုဒ္ဓဘာသာဝင်တိုင်း ဘုရားရှိခိုးပြီးနောက် ဆုတောင်းကြသည့် တရားများ ဖြစ်ကြ၏။ ထိုအာသဝေါတရားတို့ကား အသိခံရသော အာရုံတရား (ဝါ) အကုသိုလ်တရားဆိုးများသာ ဖြစ်ကြ၏။ လူကို အမြဲတမ်း ပူးကပ်ခြယ်လှယ်နေသော အဆိုးတရားသုံးပါးက အဆိုးတရားလေးပါးအဖြစ် ပွားကာ ခြယ်လှယ်လျက်ရှိပေသည်။ ထို့ကြောင့် ဗုဒ္ဓက ၎င်းတရားလေးပါးကို အလျှင်အမြန်ဖယ်ရှားပြီး ယစ်မူးစေတတ်သော တရား၊ အရည်ကဲ့သို့ ယိုစီးတတ်သော တရား၊ သွေးပြည်ကဲ့သို့ တစိုစိုတစိစိ ဖြစ်နေတတ်သော တရားဖြစ်သောကြောင့် အာသဝေါတရားဟူ၍ ရုပ်လုံးပေါ်အောင် ဟောကြားထားတော်မူခဲ့ပေသည်။

ထိုတရားတို့သည် လူ့လောက၊ နတ်လောက စသည့် ကာမလောကဌ် လိုချပ်တပ်မက်သော လောဘတရား "ကာမာသဝ"၊ ဖြဟ္မာလောက-ရောက်ရာ စျာန်တရားများကို ကပ်ငြိတွယ်သော လောဘတရားကို "ဘဝါသဝ"၊ ဘုရားမှန်း မသိ တရားမှန်းမသိ အတွေးအယူမှားယွင်းသော ဒိဋ္ဌိတရားကို "ဒိဋ္ဌာသဝ"၊ အမှန်တရားကို မသိ၊ အမှားတရားကိုသာ သိသော၊ မိုက်သော မောဟတရားကို "အဝိဇ္ဇာသဝ"ဟူ၍ အကုသိုလ်တရားဆိုးလေးပါး (ဝါ) အာသဝေါတရားလေးပါးတို့ ဖြစ်ကြပေသည်။ ထိုတရားလေးပါးတွင် လောဘဆိုသော လိုချင်တပ်မက်သည့် တရားဆိုးကြောင့် ကာမာသဝ၊ ဘဝါသဝဟူသော တရားဆိုးနှစ်ပါးဖြစ်ကြရသလို၊ ဒိဋ္ဌိဆိုသော အယူမှား၊ အတွေးမှား တရားဆိုးကြောင့် ဒိဋ္ဌာသဝ၊ မောဟ (ဝါ)အဝိဇ္ဇာဆိုသော အမှားကို သိ၊ အမှန်ကို မသိမှု တရားဆိုးကြောင့် အဝိဇ္ဇာသဝ ဖြစ်ကြရသည်။ ထိုတရားဆိုးများသည် အလွန်ပူလောင်လှသည်ဖြစ်၍ အေးငြိမ်းမှုကို လိုလားကြသော ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ မလိုချင်ဆုံးသော တရားဆိုးများ ဖြစ်ကြပေသည်။ ထိုတရားဆိုးများသည်လည်း လူသားတို့၏ အတွင်းသဏ္ဍာန် အစဉ်အမြဲကိန်းအောင်းမွေ့ပျော်နေသော တရားဆိုးများ ဖြစ်ကြ၏။

ထို့ကြောင့် သံသရာအဆက်ဆက် ဘဝအဆက်ဆက်က မသိခဲ့ကြသော အကုသိုလ်တရား (ဝါ) အာသဝေါတရားဆိုးများကို အဘိဓမ္မာအသိဉာဏ်ကြောင့် သိရှိလာရပေသည်။ ၎င်းကြောင့် အာသဝေါတရားကို အာသဝေါတရားမှန်း သိခြင်း၊ ၎င်းတရားတိုးပွားလျှင် တိုးပွားမှန်း သိခြင်း၊ မဖြစ်လျှင် မဖြစ်မှန်း သိခြင်းသည် ကုသိုလ်ရပါသည်။ အကုသိုလ်ကို အကုသိုလ်မှန်း သိခြင်း၊ အကုသိုလ်ဖြစ်လျှင် ဖြစ်မှန်း သိခြင်းသည်ပင် ကုသိုလ်မည်ပေသည်။

ထို့ကြောင့် အကုသိုလ်တရားဖြစ်ပေါ်လာသည်ကို သိပြီး ၎င်းကို နည်းပါးအောင်၊ လျော့နည်းသွားအောင် ပြုပြင်ထိန်းသိမ်းခြင်းဖြင့် ကုသိုလ်တရားများကို တိုးပွားအောင် လုပ်ဆောင်ရမည်သာ ဖြစ်ပေသည်။

ဗုဒ္ဓဘာသာသည် ယုံကြည်ကိုးကွယ်ရာ ဘာသာတစ်ရပ်ဖြစ်သကဲ့သို့ လူသားတိုင်း၏ ဘဝခရီးကောင်းကို လမ်းပြပေးသော မီးရှူးတိုင်ကြီးလည်း ဖြစ်ပေသည်။

လူတိုင်း အလင်းရောင် ရကြပါစေ

* * *

ညီအောင်မြင့်

ကျမ်းကိုး:

- ဆရာဝန် တင်ရွှေ၏ ဗုဒ္ဓဘာသာပုံပြ အဘိဓာန်များ။
- ရှင်ဉာဏဓဇ(ဖျာပုံ)၏ ဗုဒ္ဓသတင်းစကား။
- အဘိဓမ္မာသင်တန်းမှတ်စုများ။

www.burmeseclassic.com

www.burmeseclassic.com

# သေမင်းကို ပြက်ရယ်သူ

## Mike Malloy Vs. The Murder Trust

by Irving Wallace

ဘနင်း

(မြန်မာပြန်)




www.burmeseclassic.com

www.burmeseclassic.com

အမေရိကန် သမိုင်းဟောင်းတွင် "မိုက်ကယ်မော်လ္လိုင်း"မှာ ခံနိုင်ရည်အရှိဆုံး လူသားဖြစ်မည်မှာ သေချာလှပါသည်။ သူ့အား အကြိမ် (၃၀)ကျော် လုပ်ကြံခဲ့ကြသည်။ နောက်ဆုံးတစ်ကြိမ်ကျမှသာ မိုက်ကယ်မှာ အသက်ဆုံးရှုံးခဲ့ရသည်။

အသက် ၆၀အရွယ် ရှိဝေဝေ မျက်လုံးအစုံပိုင်ရှင် ကတုန်ကယင်နှင့် မိုက်ကယ်မှာ ဒန်နီကယ်မြို့သား အိုင်းရစ်လူမျိုးတစ်ယောက်ဖြစ်သည်။ ရွှေထီး ဆောင်းခဲ့ချိန်တုန်းကမူ မီးသတ်သမားဖြစ်သည်။ ယခု ၁၉၃၃ ခုနှစ်၏ ဆောင်းတွင်းကာလတွင်တော့ နယူးယော့မြို့ တတိယရိပ်သာရှိ တိုနီမာရီနို၏ အရက်ဆိုင်တွင် အချိန်ကုန်သော အရက်သမားလုံးလုံးဖြစ်ရချေပြီ။

သူ့အား မရဏာအဖွဲ့မှ စတင်သတိပြုမိသည်မှာ တိုနီ၏ ဆိုင်၌ပင်ဖြစ်သည်။ ထိုအဖွဲ့ဝင်တို့မှာ နာမည်ကြီးကျယ်သလောက် လူက နိမ့်ကျသူများဖြစ်ကြသည်။ ၎င်းတို့တွင် တူညီသည်မှာ အချက်နှစ်ချက်ရှိသည်။ တိုနီ၏ ဆိုင်တွင် ကျက်စားခြင်းနှင့် ငွေလိုအပ်နေကြခြင်းပင်။

မရဏာအဖွဲ့ဝင်တို့မှာ ဆိုင်ရှင်အန်တိုနီမာရီနို ၂၇နှစ်၊ တစ်ချိန်က ဓာတုဗေဒတွင် ကျွမ်းကျင်သူဖြစ်ပြီး ယခု အရက်ခြင်ထည့်ပေးနေသူ ဂျိုးဇက်မာဖီ ၂၈နှစ်၊ သုဘရာဇာ ဖရန်းစစ် ပက်စကာ ၂၄နှစ်၊ သစ်သီးရောင်းသူ ဒယ်နီရယ်ရိုင်စဘက် ၂၉နှစ်တို့ဖြစ်ကြသည်။

အေးမြသော ဇန်နဝါရီလတစ်ညတွင် ၎င်းတို့သည် မာရီနိုဆိုင်တွင် စုဝေး၍ ဘိုင်ပြတ်လှပုံကို ပြောဆိုနေကြရင်း အရက်သောက်နေသည့် မိုက်ကယ်အား ကြည့်ပြီး ပက်စကာက စိတ်ကူးတစ်ခုရလိုက်သည်။

"ဟေး··· ဘက်တီကာဆင်ကို တိုနီလုပ်ခဲ့သလိုမျိုး၊ မိုက်ကယ်ရဲ့ အသက်အာမခံကို ထုတ်ဖို့ ဘာကြောင့် မလုပ်ကြတာလဲ"

၎င်းဆိုလိုသည်မှာ ၁၉၃၂ခုနှစ်က တိုနီမာနို၏ မိန်းကလေးသူငယ်ချင်း မိန်းမချောလေး ဘက်တီ၏ အသက်အာမခံငွေ ဒေါ်လာနှစ်ထောင်အား ၎င်းတို့ ရယူခဲ့ပုံဖြစ်သည်။

ချမ်းအေးလှသော တစ်ညတွင် အရက်မူးပြီး သတိလစ်နေသော ဘက်တီအား ၎င်း၏ အိပ်ရာပေါ်၌ အဝတ်အစားချွတ်၊ ရေလောင်းပြီး ပြတင်းပေါက်ဖွင့်ကာ ပစ်ထားခဲ့ကြသည်။ နောက်တစ်နေ့မနက်တွင် သူမမှာ အရက်မူးလွန်ပြီး အဆုပ်အအေးမိကာ သေဆုံးခဲ့ရသည်။ သို့ဖြင့် အသက်အာမခံငွေကို တိုနီတို့ ထုတ်ယူနိုင်ခဲ့သည်။

ပက်စကာ၏ စိတ်ကူးကို အားလုံးသဘောကျသွားကြသည်။ မိုက်ကယ်တွင် အသက်အာမခံကဒ်သည် တစ်ခုမဟုတ် သုံးခုရှိသည်။ ဂျိုးဇက်မာဖီအား အမွေဆက်ခံသူ ဆွေမျိုးအဖြစ် မိုက်ကယ်က အမည်ပေးထားခဲ့သည်။ ဒေါ်လာ (၈၀၀)တန်တစ်ခု၊ ဒေါ်လာ (၄၉၄)တန်တစ်ခုနှင့် မတော်တဆ ထိခိုက်သေဆုံးပါက ဒေါ်လာ (၁၇၇၈)၏ နှစ်ဆရ၍ (၃၅၇၆) ဒေါ်လာတန်တစ်ခုတို့ဖြစ်သည်။

မရဏာအဖွဲ့က မိုက်ကယ်၏ အသက်အာမခံ စာချုပ်များကို နိုးယူပြီး နောက် သေကြောင်းကြံရန် စီစဉ်တော့သည်။

♦♦♦

ထိုညတွင် တိုနီက မိုက်ကယ်အား လိုက်လိုက်လဲ့လဲ့ ဆီးကြိုပြီး အပြိုင်အဆိုင် အရက်ရောင်းရသဖြင့် မိုက်ကယ်အား လိုသလောက် အကြွေးသောက်၍ရပြီဖြစ်ကြောင်း ပြောလိုက်သည်။

မျက်ရည်များ အမြဲပြည့်နေသည့် မိုက်ကယ်ကလည်း ဝီစကီကို မနားတမ်းမှာသောက်တော့သည်။

နှစ်ပေါင်းများစွာ သောက်ခဲ့သော မိုက်ကယ်မှာ အချိန်တိုအတွင်း အရက်ကို အဆမတန်သောက်ပါက အမြန်ဆုံးသေလိမ့်မည်ဟု တိုနီတို့ တွက်ဆထားကြသည်။ မိုက်ကယ်ကလည်း မွန်းတည့်မှ ညရောက်သည်အထိ နွားဝတ် ရေကျပမာ တစ်ပတ်အထိ တောက်လျှောက်သောက်သည်။ သို့သော် အရက်နာကျ ဘုန်းဘုန်းလဲကျမည့်အစား နောက်တစ်နေ့တွင် ပို၍ သောက်နိုင်ရန် လန်းလန်းဆန်းဆန်းဖြင့် ရောက်လာပြန်သည်။

အရေးပေါ် လှုပ်ရှားရန် လိုပြီဟု တိုနီတို့ သိလိုက်သည်။ အဆိပ်ဖြစ်စေသည့် "သစ်သားအယ်(လ်)ကိုဟော"ဟု ခေါ်သော မော်တော်ကား စက်အပူပေး ဆီတစ်မျိုးတိုက်ကျွေးရန် ဓာတုဗေဒသမားကောင်း မာဖီက အကြံပြုသည်။ နောက်တစ်နေ့ ပုံမှန်အချိန်တွင် မိုက်ကယ်ရောက်လာသည့်အခါ အဆိပ်ဒဏ်မပြင်းစေရန် ဝီစကီအစစ် လေးငါးပက် မာဖီက ဦးစွာတိုက်သည်။ ထို့နောက်မှ စက်အပူပေးဆီကို ပေးသည်။

မိုက်ကယ်ကတော့ တစ်ကြိုက်တည်း မော့ချပြီး မျက်နှာတစ်ချက်မရှုံ့ နှုတ်ခမ်းပါးနားသပ်ပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com

တစ်ခွက်ထပ်တောင်းသည်။ ခြောက်ပက်သောက်ပြီးနောက် မနက် သုံးနာရီအချိန်တွင်မှ မိုက်ကယ် ဖလက်ပြသွားသည်။ ပက်စကာက မိုက်ကယ်အား စစ်ဆေးကြည့်သည်။ နှလုံးခုန်သံက သဲ့သဲ့မျှသာကြားရပြီး တစ်နာရီအတွင်း သေတော့မည့်အဖြစ်ရှိနေသည်။ သို့သော် သုံးနာရီမျှအကြာတွင် မိုက်ကယ် ထထိုင်လာသည်။ သူ ဒဏ်မခံနိုင်သည့်အတွက် တောင်းပန်ပြီး ရေငတ်လှကြောင်း ပြောသည်။

တိုနီတို့ မရဏအဖွဲ့ မျက်လုံးပြူးသွားကြသည်။ နောက်တစ်ပတ်တွင်သည်း လူရာနှင့်ချီ သေဆုံးနိုင်လောက်သော စက်အပူပေးဆီများကို မိုက်ကယ်တစ်ယောက် တစ်ခါသောက် နှစ်ပက်မျှ သုံးပက်မျှ ဆက်တိုက်သောက်နေသည်။ နေ့တိုင်းလည်း မှောက်သွားပြီးမှ ပြန်ထကာ ထိုအရက်မျိုးကိုသာ တောင်းပြန်သည်။

တိုနီတို့မှာ အံ့သြကြီးစွာဖြင့် နည်းပြောင်းလိုက်ကြသည်။ မိုက်ကယ်အား တာပင်တိုင်အဆီ တိုက်တော့မည်ဖြစ်သည်။ မိုက်ကယ်ကတော့ တစ်ခွက်ပြီး တစ်ခွက်သောက်ကာ ညစဉ် ဒယီးဒယိုင်နှင့် ပြန်သွားမြဲဖြစ်သည်။ နောက်တစ်နေ့တွင် အချိန်မှန်ရောက်ကာ အရက်တောင်းမပျက်။ မကြာမီပင် တာပင်တိုင်အစား မြင်းလိမ်းဆေးအဆီများ ပြောင်းတိုက်ကြသည်။ တစ်ခါတစ်ရံတွင် ကြွက်သတ်ဆေးကို ပေးသည်။ မိုက်ကယ်ကတော့ ပန်းပန်မြဲဖြစ်သည်။

မရဏအဖွဲ့၏ စိတ်က မရည်ချင်တော့။ မိုက်ကယ်အား အဆိပ်အတောက်ဖြစ်နေမည့် အစားအသောက်များကို နေ့လယ်စာအဖြစ် အခမဲ့ကျွေးရန် စီစဉ်ကြပြန်သည်။ ငါးသေတ္တာဘူးဟောင်းတစ်ဘူးကို ဖောက်၍ မာဖီက လေသလပ်ခံထားလိုက်သည်။ ပျက်စီးလောက်ပြီဟု ယူဆမှ ကော်ဇောဖျင်အစ၊ စည်သွပ်ဘူးခွံအတွင်းပိုင်းမှ ဆေးအစအနများနှင့် ရော၍ အသားညှပ်ပေါင်မုန့်အဖြစ် မိုက်ကယ်အား ကျွေးကြသည်။ မိုက်ကယ်ကလည်း မာဖီ၏ ရက်ရောမှုအား ဝမ်းမြောက်ကြည်နူးစွာဖြင့်ပင် စက်အပူပေး ဆီနှင့် မျှောချကာ အိမ်ပြန်သွားခဲ့သည်။

♦♦♦

မိုက်ကယ် သေဆုံးကြောင်း သတင်းအား လုပ်ကြံသူတို့မှာ သည်းခံစွာ စောင့်မျှော်နေကြရသည်။ နောက်တစ်နေ့မနက်တွင် သတင်းရောက်မလာ။ ညနေစောင်းတွင် ရောက်လာသည်က ၎င်းအရက်မျိုးနှင့် အသားညှပ်ပေါင်မုန့်ကို တောင့်တနေသော မိုက်ကယ်ကိုယ်တိုင်ပင် ဖြစ်သည်။

ဤမျှလောက်ဆိုလျှင် လွန်လွန်းလှပြီ။ မိုက်ကယ်သည် သဘာဝ၏ ဆန့်ကျင်မှုတစ်ရပ်ဟု တိုနီတို့ အသိအမှတ်ပြုချင်လာကြသည်။ သူ၏ ဝမ်းဗိုက်သည် ပကတိ သံတုံး သံခဲပမာဖြစ်နေသည်။ အခြားတစ်နည်းကောင်းကို ရှာကြရသည်။ ယခင်က တိုနီကျင့်သုံးခဲ့ဖူးသော နည်းတစ်နည်းအား မရဏအဖွဲ့က အပြန်ပြန်အလှန်လှန် သုံးသပ်ဆုံးဖြတ်လိုက်ကြသည်။

ဤအကြိမ်တွင်တော့ တိုနီ၏ သူငယ်ချင်း အငှားကားမောင်းသမား ဟယ်ရီဂရင်း ၂၄နှစ်၏ အကူအညီကို ရယူကြသည်။ သုညအောက် ဒီဂရီမျှ ချမ်းအေးပြီး အေးမြသော လေနှင့် ဆီးနှင်းများ ထူထဲစွာ ကျနေသည့် ညတစ်ညတွင် မိုက်ကယ်အား မလှုပ်ရှားနိုင်သည်အထိ အရက်တိုက်လိုက်ကြသည်။ ထို့နောက် တိုနီနှင့် ပက်စကာတို့က ဂရင်း၏ ကားပေါ်သို့ တင်သည်။ ခရိုတိုနာပန်းခြံသို့ ခေါ်သွားကြသည်။ မိုက်ကယ်အား ကုတ်အင်္ကျီချွတ်၍ ရေငါးဂါလံတစ်ပုံးလောင်းကာ ချုံပုတ်များအောက်တွင် ပစ်ထားခဲ့ကြသည်။

နောက်တစ်နေ့မနက်ထုတ် သတင်းစာများတွင် မိုက်ကယ်၏ နာရေးသတင်းအား တိုနီတို့အုပ်စု စိတ်အားထက်သန်စွာ ရှာကြည့်ကြသည်။ မတွေ့ကြရ။

ထိုညနေတွင် ယမန်နေ့ည အအေးဒဏ်ကြောင့် ခေါင်းကိုက် နာစေးဖြစ်နေသော ပက်စကာ ရောက်လာသည်။

မကြာမီပင် ဆိုင်တံခါးက ပွင့်သွားသည်။ ဆိုင်ထဲသို့ ခပ်တည်တည်ဝင်လာကာ အရက်မှာလိုက်သူမှာ မိုက်ကယ်ပင် ဖြစ်သည်။

ဤအကြိမ်တွင်တော့ လူကြမ်းကြီး အန်တိုနီက တိုနီဘော့စတုံးထံမှ အကြံဉာဏ်တောင်းသည်။ လူကြမ်းကြီး ဘော့စတုံးက စိတ်ကူးယဉ် အစားအသောက်ခန်းများနှင့် လက်တည့်စမ်းမနေဘဲ တုံးတိ သတ်ပစ်ရန် အကြံပြုလာသည်။

နောက်တစ်နေ့မနက် ၄နာရီခန့်တွင် တိုနီမာရီနိုနှင့် ဘော့စတုံးက ဂရင်း၏ ကားနှင့် ထွက်လာကြပြန်သည်။ သူတို့နှစ်ဦးကြားတွင် အရက်မူးလွန်ပြီး သတိလစ်နေသည့် မိုက်ကယ် ပါလာရှာသည်။ လူသူကင်းမဲ့ရာ လမ်းတစ်လမ်းတွင် ကားရပ်လိုက်ကြသည်။ မိုက်ကယ်အား ကားပေါ်မှ ဆွဲချပြီး လမ်းပေါ်တွင် ထိုင်လျက်သား အနေအထားဖြင့် တိုနီနှင့် ဘော့စတုံးတို့က တစ်ဖက်တစ်ချက်မှ တွဲကိုင်ထားပေးသည်။ ဂရင်းက ကားကို တစ်နာရီ ၄၅မိုင်နှုန်းမောင်းကာ မိုက်ကယ်အား



www.burmeseclassic.com

www.burmeseclassic.com

ဝင်တိုက်သည်။ တိုနီနှင့် ဘေ့စတုံးတို့က ဘေးသို့ အချိန်မီ ခုန်ရှောင်လိုက်ကြသည်။ မိုက်ကယ်မှာ အရှိန်နှင့် မြောက်သွားပြီး လမ်းပေါ်သို့ ပြုတ်ကျသွားစဉ် ကားက ဝင်ကြိတ်သွားသည်။ လမ်းပေါ်မှ မိုက်ကယ်၏ မလှုပ်မယှက် ခန္ဓာကိုယ်ကြီးအား ကြည့်ပြီးနောက် သေမင်းတမန် သုံးဦးမှာ စိတ်ကျေနပ်စွာဖြင့် ကျောခိုင်းလိုက်ကြသည်။

♦♦♦

နောက်တစ်နေ့တွင် မိုက်ကယ် ရောက်မလာ။

တစ်ပတ်ကြာသည့်တိုင်လည်း မိုက်ကယ် ရောက်မလာတော့၊ နောက်ဆုံးတော့ မိုက်ကယ်သေပြီဖြစ်ကြောင်း မရဏအဖွဲ့အနေဖြင့် စိတ်ချသွားကြသည်။ သို့သော် အသက်အာမခံငွေ ထုတ်ရေးအတွက် မိုက်ကယ်သေဆုံးပြီဖြစ်ကြောင်း သက်သေပြရပေဦးမည်။ နာရေးကြော်ငြာများ ရှာဖတ်ကြသည်။ အအေးတိုက်သို့ သွားကြည့်ကြသည်။ ဆေးရုံများကို ဖုန်းဆက် စုံစမ်းကြည့်ကြသည်။ အဖြေမရကြပါ။

မိုက်ကယ်ပျောက်နေပြီး နှစ်ပတ်အကြာ တစ်နေ့တွင် မရဏအဖွဲ့သားများ ဝရုန်းသုန်းကားဖြစ်သွားကြရသည်။

မိုက်ကယ်ကိုယ်တိုင်ရောက်လာပြီး သူ မလာဖြစ်ခြင်းအတွက် တောင်းပန်လိုက်ခြင်းကြောင့်ဖြစ်သည်။

သူ ဆေးရုံတက်ခဲ့ရသည်။ ဆေးရုံက သူ့အား လူနာစာရင်းမသွင်းဖြစ်ခဲ့၊ ကားတိုက်မှုဖြစ်ကာ ခေါင်းကွဲ ညှပ်ရိုးကျိုးသွားကြောင်း သူက ရှင်းပြသည်။ ယခုတော့ အိုကေပြီဖြစ်သည်။

"ကဲ . . . အရက်သောက်ဖို့ အဆင်သင့်ပဲဗျို့"

ရှုံးနိမ့်ခဲ့မှုကြောင့် စိတ်ဓာတ်ဖနောင့်ကပ်သွားခဲ့ကြသည့် မရဏအဖွဲ့မှာ စွန့်စားလျှင် စွန့်စားရစေတော့၊ အန္တရာယ်ရှိလျှင် ရှိစေတော့၊ မိုက်ကယ်အား အမြန်ဆုံး ရှင်းပစ်ရန် ဆုံးဖြတ်လိုက်ကြသည်။

♦♦♦

ဝါရှင်တန်မွေးနေ့ရက်တွင် မိုက်ကယ်အား ၎င်းတို့က သတိလစ်သွားသည်အထိ ပြုစုကြသည်။ မာဖီနှင့် ဒင်နီရယ်က မိုက်ကယ်အား သယ်သွားပြီး မာဖီ၏ အခန်းရှိ ခုတင်ပေါ်သို့ တင်သည်။ ဓာတ်ငွေ့ပိုက်ခေါင်းကို မိုက်ကယ်၏ ပါးစပ်ထဲသို့ ထိုးသွင်းပြီး ခလုတ်ဖွင့်ပေးလိုက်သည်။

နောက်တစ်နေ့မနက်တွင် မိုက်ကယ်တစ်ယောက် ကွယ်လွန်လေပြီဖြစ်သည်။ မြေအောက်လောကမှ ဆရာဝန်ဖရင့်မယ်ဇင်လာကလည်း အဆုပ်အအေးမိ၍ သေဆုံးကြောင်း ဆေးစာထုတ်ပေးခဲ့သည်။ ပက်စကာက မိုက်ကယ်အား ၁၀ဒေါ်လာတန် ထင်းရှူးသားအခေါင်း၊ ၁၂ဒေါ်လာတန် မြေကွက်တို့နှင့် သင်္ဂြိုဟ်ပေးခဲ့သည်။

သို့ဖြင့် အဆုံးသတ်တွင် မိုက်ကယ်မှာ အသက်ဆုံးရှုံးခဲ့ရသည်။

သို့သော် ဇာတ်လမ်းက မဆုံးသေးပါ။ မရဏအဖွဲ့သားအချင်းချင်း တစ်ဦးကို တစ်ဦး မယုံသင်္ကာဖြစ်ပြီး စကားသံများ ထွက်လာသည်။ ရဲအဖွဲ့အနေဖြင့်လည်း ကောလာဟလများ စတင် ကြားလာကြသည်။

ဝါရှင်တန်မွေးနေ့ရက်တွင် မိုက်ကယ်သည် အသက်အာမခံ သုံးခုနှင့် သေဆုံးကြောင်း အတိအကျသိရသည့် အခါ အဟောင်းကို ပြန်လည်ဖော်ကြတော့သည်။

မိုက်ကယ် သေဆုံးရခြင်း အကြောင်းရင်းအား သေမှုသေခင်း စစ်မှုစစ်ခင်း ဆရာဝန်က အဖြေတွေ့ကြရ

သည်။ မရဏအဖွဲ့သားတို့ လူသတ်မှုနှင့် တရားစွဲခံကြရသည်။

အမှုအား ဘရွန်မြို့နယ် တရားရုံးတွင် ကြားနာစစ်ဆေးခဲ့ကြသည်။ ခုံသမာဓိအဖွဲ့က ၇နာရီကြာ စဉ်းစားခန်းဝင်ပြီး ဆုံးဖြတ်ချက်ပေးကြသည်။

ဟယ်ရီဂရင်းနှင့် ဒေါက်တာဖရင့်မယ်ဇယ်လာတို့က ထောင်ထဲသို့ ရောက်သွားကြရမည်။ အန်တိုနီမာရီနိုဖရန့်ပက်စကာနှင့် ဒင်နီရယ်ခရိုင်စဘာတို့မှာ ၁၉၃၄ခုနှစ်၊ ဇွန်လ ၇ရက်နေ့တွင် ဆင်းသင်းအကျဉ်းထောင်၏ လျှပ်စစ် ကုလားထိုင်ပေါ်သို့ တက်သွားကြရသည်။

ဂျိုးဇက်မာဖီမှာလည်း နောက်တစ်လအကြာတွင် ထိုကုလားထိုင်ပေါ်သို့ ရောက်သွားရပါသည်။

ကြေးစား လူသတ်သမား ဘေ့စတုံးမှာမူ တရားစွဲဆိုခြင်းမပြုမီ တစ်ခန်းအလိုတွင် လူဆိုးအချင်းချင်း စေ့စပ်ရာ ပြဿနာဖြစ်ပြီး သေနတ်နှင့် ပစ်သတ်ခံခဲ့ရသည်။

မိုက်ကယ်အား လုပ်ကြံသူ လူသတ်သမား ၄ဦးတို့ သေဆုံးခဲ့ရသည်မှာ ထာဝရဖြစ်သော်လည်း မိုက်ကယ်ကမူ သမိုင်းကြောင်းတစ်လျှောက်တွင် ရှင်သန်နေဆဲ၊ နာမည်တွင်ကျယ်နေဆဲပင် ဖြစ်ပါသတည်း။

* * *

ဘုန်း



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ဇူလိုင်လအတွက်

ဒေဝတ္တရာ ဆရာကျော်

# ကံကောင်းစေမည့် အကြံပြု စာမျက်နှာ

ဒီစာမျက်နှာဟာ သင့်အတွက် ကံကောင်းစေမည့် အကြံပြု စာမျက်နှာဖြစ်ပါတယ်။ ပင်လယ်ပြင်မှာ မုန်တိုင်းထတဲ့အခါ ဆိုက်အိမ်မြှောင်က တောင်-မြောက် လမ်းညွှန်ပြသလို၊ သင့်ဘဝကံအတွက် အထောက်အပံ့ဖြစ်ပါလိမ့်မယ်။

"ကိုယ်တိုင် ပညာဆည်းပူးခြင်းသည် အကောင်းဆုံး သင်ယူခြင်းဖြစ်၍ တွေးရုံဖြင့် မရ။ လက်တွေ့ လုပ်ဆောင်မှ အတ်မြောက်နိုင်သည်။ မိမိတာဝန်ကို ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် မိမိလုပ်ရပ်၏ ရလဒ်ကို တွေ့ရှိလာရပေမည်"

(ဂျိုဟန်ဂိုးသေ့)

## ၂၀၁၃၊ ဇူလိုင်လ စန်းပွင့်ရက်များ


| | |
|---|---|
| ၁၊ ၂၊ ၃၊ ၁၁၊ ၁၂၊ ၁၃၊ ၂၀၊ ၂၁၊ ၂၉၊ ၃၀ ရက်များ | အရှေ့အရပ် စန်းပွင့်သည်။ |
| ၄၊ ၅၊ ၁၄၊ ၁၅၊ ၂၂၊ ၂၃၊ ၃၁ ရက်များ | တောင်အရပ် စန်းပွင့်သည်။ |
| ၆၊ ၇၊ ၈၊ ၁၆၊ ၁၇၊ ၂၄၊ ၂၅ ရက်များ | အနောက်အရပ် စန်းပွင့်သည်။ |
| ၉၊ ၁၀၊ ၁၈၊ ၁၉၊ ၂၆၊ ၂၇၊ ၂၈ ရက်များ | မြောက်အရပ် စန်းပွင့်သည်။ |

အထက်ဖော်ပြပါ ဇယားကွက်အတွင်းရှိ ရက်များမှာ ဆိုင်ရာ စန်းပွင့်ရက်များကို ဖော်ပြထားခြင်းဖြစ်ပါတယ်။ ဥာဏ်ရှိသလို အသုံးပြုနိုင်ပါတယ်။ အရေးကြီးသော ကိစ္စရပ်များအတွက် နေ့အလိုက် ဆိုင်ရာထောင့်အရပ်ဘက်သို့ မျက်နှာမူ၍ ဆုတောင်းခြင်း၊ မေတ္တာသုတ်ရွတ်ခြင်း၊ ဂါထာမန္တန်ရွတ်ခြင်း၊ ဖြေရှင်း စကားပြောရမှုများအတွက် စန်းပွင့်ထောင့်ကို မျက်နှာမူ စကားပြော ဖြေရှင်းရခြင်းများ လုပ်နိုင်ပါတယ်။

ဥပမာဆိုပါစို့။ ဇူလိုင် ၁၅ရက်နေ့မှာ အရေးကြီးကိစ္စကြောင့် စကားပြောဆိုရန် သွားမယ်ဆိုရင် မိမိနေအိမ်က စထွက်တာနဲ့ အောင်မြင်ရမယ်လို့ အာရုံပြုပြီး တောင်အရပ်ကို မျက်နှာမူပြီး စတင်၍ ခြေလှမ်းထွက်ရမည်။ လမ်းတစ်လျှောက်မှာလည်း

မိဿ၊ သိဟ်၊ ဓနုတွင် စန်းရှိပါက အရှေ့အရပ်စန်းပွင့်သည်။ ပြိဿ၊ ကန်၊ မကာရတွင် စန်းရှိပါက တောင်အရပ် စန်းပွင့်သည်။ မေထုန်၊ တူ၊ ကုမ်တွင် စန်းရှိပါက အနောက်အရပ် စန်းပွင့်သည်။ ကရကဋ်၊ ဗြိစ္ဆာ၊ မိန်တွင် စန်းရှိပါက မြောက်အရပ် စန်းပွင့်ပါသည်။ စန်းပွင့်အရပ်များကို မျက်နှာမူ၍ ဉာဏ်လွှာသုံးနိုင်ကြပါသည်။

## ထီကံ






www.burmeseclassic.com

www.burmeseclassic.com

ဤဇာတာမှာ ဒွန်လ ထီဖွင့်နေ့ ဇာတာဖြစ်သည်။ ကောဇာ ဇာတာဖြစ်၏။ သူဌေးလောင်းရွေးပေမယ့် ဇာတာဟု ကင်ပွန်းတပ်နိုင်ပါသည်။ (၄၊ ၅၊ ၆)ဂဏန်းများများပါအောင် ထိုးပါ။ အာရုံပြု ဂဏန်းမှာ (၆၊ ၇)ဖြစ်သည်။ ထီမထိုးခင် ငွေကြေးပုံသကူစွန့်ပါ။

## အဆောင်ရတနာ

ဒွန်လတစ်လလုံး (ပုလဲ)ကို အဆောင်ပြု၍ ကြံဆောင်သင့်ပါတယ်။ စိတ်ဒေါသများ ပြေငြိမ်း၍ ကျက်သရေရှိနေပါမယ်။ ပုလဲဟာ တနင်္လာဂြိုဟ်မင်းကို ကိုယ်စားပြုပါတယ်။ စိတ်ထားကောင်းများ ဖြစ်ပေါ်စေပြီး ဆောင်သူကို ကျက်သရေရှိစေပါတယ်။ လူချစ်လူခင်များလာမှာဖြစ်ပြီး စိတ်ကူးကောင်းများ ဖြစ်ပေါ်လာစေရန်လည်း ထောက်ပံ့ပေးပါလိမ့်မယ်။

## မင်္ဂလာဆောင်မှု

မင်္ဂလာဆောင်ကောင်းပါတယ်။ (၈-၆-၂၀၁၃)နေ့မကျော်ခင် ရက်ကောင်းရွေးဆောင်ပါက လာဘ်ဝင်မယ်။ (၉-၆-၂၀၁၃)မှ လကုန်ရက်အတွင်းဖြစ်ပါက ဘေးရန်ကင်းဝေးသော အကျိုးရပါလိမ့်မယ်။ အခြားသော အခါကောင်းဖြစ်ရန် နက္ခတ်ဗေဒင်ပညာရှင်နှင့် တိုင်ပင်သင့်ပါတယ်။

## အထူးဂါထာမန္တန်ရွတ်ပွားရန်

မဟာဝေဒဗ္ဗမန္တန်သော် လည်းကောင်း၊ ဒိဝါတပတိ အစရှိ ဂါထာသော် လည်းကောင်း၊ ပဋ္ဌာန်းနှင့် အခြား ငွေဝင် လာဘ်ရွှင်ဂါထာတစ်မျိုးမျိုးကို (၂၇-၆-၂၀၁၃)၊ ကြာသပတေးနေ့တစ်နေ့လုံး တတ်နိုင်သရွေ့ ရွတ်ပွားသင့်ပါတယ်။ အကယ်၍ အရဟံပုတီးတစ်လုံးချ(၁၄၀၀၀)တစ်ရက်အပြီး စိပ်နိုင်ပါက အကျိုးပေး ထူးပါလိမ့်မယ်။ အထူးသဖြင့် လာဘ်ရွှင်ပါမယ်။ လက်တွေ့ရှိကြောင်းပါခင်ဗျာ။

## အကြံပြုချက်

* **တနင်္ဂနွေသားသမီးများ** - တစ်လလုံး သပြေပန်းများ ဝေဆာနေအောင် နေအိမ်ရှိ ဘုရားတွင် လှူဒါန်းပူဇော်ပေးပါ။
* **တနင်္လာသားသမီးများ** - ရွှက်လှပန်းများ တစ်လလုံး ဝေဆာနေအောင် နေအိမ်ရှိ ဘုရားတွင် လှူဒါန်းပါ။
* **အင်္ဂါသားသမီးများ** - တစ်လလုံး သပြေပန်းများ ဝေဆာနေအောင် နေအိမ်ရှိ ဘုရားတွင် လှူဒါန်းပူဇော်ပေးပါ။
* **ဗုဒ္ဓဟူးသားသမီးများ** - ရွှက်လှပန်းများ တစ်လလုံး ဝေဆာနေအောင် နေအိမ်ရှိ ဘုရားတွင် လှူဒါန်းပါ။
* **ကြာသပတေးသားသမီးများ** - အုန်းပန်းများ တစ်လလုံး ဝေဆာလှပနေအောင် နေအိမ်ရှိ ဘုရားတွင် လှူဒါန်းပူဇော်ပါ။
* **သောကြာသားသမီးများ** - အုန်းပန်းများ တစ်လလုံး ဝေဆာလှပနေအောင် နေအိမ်ရှိ ဘုရားတွင် လှူဒါန်းပူဇော်ပါ။
* **စနေသားသမီးများ** - ရွှက်လှပန်းများ တစ်လလုံး ဝေဆာနေအောင် နေအိမ်ရှိ ဘုရားတွင် လှူဒါန်းပါ။

* * *

ဗေဒ္ဓာရာ ဆရာကျော်

www.burmeseclassic.com

www.burmeseclassic.com




# အပ

ကောင်းသော်

(၁)

"မိုးချုပ်နေဝင် အပြင်မထွက်နဲ့၊ တ်သဘက်နှင့် တွေ့တတ်တယ်"

ယနေ့ခေတ်အထိ ကျေးလက် တောရွာများတွင် နေဝင်ရီတရောအချိန်၊ ညီအစ်ကို မသိတသိအချိန်များတွင် နာနာဘာဝများ မြူးထူးသည်ဟု အယူ ရှိကြ၍ ကြောက်တတ်သူများနှင့် ကလေးများကို အိမ်ပြင်မထွက်စေဘဲ ထိန်းသိမ်းထားလေ့ရှိကြသည်။ ထို အချိန်တွင် တစ္ဆေအသေးစားဖြစ်သည့် မှင်စာလေးများ ထွက်ချိန်ဟုလည်း ဆို သည်။ နာနာဘာဝနှင့် တွေ့ပါက အပမှီတတ်သည်ဟု ပြောကြသည်။

တစ္ဆေ၊ သူရဲ နာနာဘာဝများ သည် ဘုရားဟောတွင် ပါရှိသဖြင့် တောရော မြို့ပါ ရှိနိုင်သော်လည်း ကျေး လက်တောရွာများတွင် ယနေ့အထိ ထိတ်လန့် ကြောက်ရွံ့လျက်ရှိနေသေး ကြောင်း တွေ့ရပါသည်။

နေဝင်စ အပြင်ထွက်ပါက တစ္ဆေ မှင်စာများ ကပ်၍ ပါလာတတ် သည်။ ထိုနာနာဘာဝများ ပါလာသည် ကို အပမှီသည်ဟုဆိုသည်။ အိမ်သား တစ်ဦးဦးကို ဖမ်းစား၍ ဒုက္ခပေးစေ



www.burmeseclassic.com

www.burmeseclassic.com

ရှိပြီး ထိုသတ္တဝါသည် သူစားချင်သည့် အစာကျွေးလိုက်မှ ပြန်ထွက်သွားလေ့ရှိသည်။ ထိုသို့ လူကို ကပ်ပြီး ဒုက္ခပေးခြင်းကို အပမှီသည်ဟု ဆိုသည်။ ရခိုင်ပြည် ကျေးလက်များတွင် အပမှီခြင်းသည် အလွန်ကြောက်စရာကောင်းလောက်အောင် ဖြစ်လေ့ဖြစ်ထရှိပါသည်။ ရခိုင်ပြည် ကျေးလက်ဒေသတစ်ခုသို့ ရောက်စဉ်က အပမှီခြင်းကို အလွန်ထူးဆန်း အံ့ဩဖွယ် ကြားသိခဲ့ရပါသည်။ ထိုသို့ ဂမ္ဘီရဆန်သောဖြစ်စဉ်ကို တင်ပြချင်ပါသည်။

(၂)

မင်းလွှင်ရွာသည် ရခိုင်ပြည်နယ်အတွင်းရှိ ရိုးမတောင်ခြေတွင် တည်ရှိနေသော ရွာကြီးတစ်ရွာဖြစ်သည်။ တောင်သူများ အများအပြားနေထိုင်ပြီး မြစ်ချောင်းအနီးမှ လူများမှာ တံငါလုပ်ကြသည်။ ရိုးမတောင်ကို အမှီပြု၍ နေကြရသူများ ဖြစ်သဖြင့် သစ်ခုတ်၊ လွှဆွဲလုပ်သူများလည်း ရှိသည်။

ထိုရွာဇာတိဖြစ်သော တောလူနှင့် သာဇံလုတို့မှာ အလွန်ချစ်သော သူငယ်ချင်းများဖြစ်ကြသည်။ ညီအစ်ကို အရင်းပမာ ချစ်ခင်ကြ၍ အမြဲတမ်း မခွဲအတူနေတတ်ကြသည်။ နှစ်ယောက်လုံး ကျေးရွာရှိ အလယ်တန်းအောင်သည်အထိ ပညာသင်ကြားခဲ့ကြပြီး အလယ်တန်းအောင်သည်နှင့် မြို့ကျောင်းသို့ ဆက်လက်မတက်တော့ဘဲ မိဘ၏ လက်ငုပ်အလုပ်ဖြစ်သော တောင်ယာကိုသာ လုပ်ကိုင်ခဲ့ကြသည်။ တောင်ယာလုပ်ရာတွင် ထွန်ယက်ချိန်လည်း အတူ၊ တောလိုက် ထင်းခုတ်ရာတွင်လည်း မခွဲအတူနေခဲ့ကြသည်။ ထိုမျှ ချစ်ခင်လှစွာသော သူငယ်ချင်းနှစ်ဦးမှာ "ယက်သဲ့ဖြူ"ဟူသော မိန်းကလေးတစ်ဦးအတွက် စိတ်ဝမ်းကွဲကာ ရန်သူများ ဖြစ်သွားကြသည်။

ယက်သဲ့ဖြူမှာလည်း သူတို့ နှစ်ယောက်နှင့် ငယ်စဉ်က တစ်တန်းတည်း အတူနေ သူငယ်ချင်းပင်ဖြစ်သည်။ သူမက ပညာရေးကို ဆက်လက်ကြိုးပမ်းသဖြင့် ဘွဲ့ရပြီး ဇာတိကျေးရွာမင်းလွှင်တွင် အလယ်တန်းပြ ဆရာမဖြစ်လာသည်။ ယက်သဲ့ဖြူမှာ ဆရာမကြီးဖြစ်လာမှ အလွန်ချောမောလုပလာသဖြင့် မြင်သူ ငေးလောက်အောင်ဖြစ်လာသည်။ တောလူနှင့် သာဇံလုတို့မှာလည်း ယက်သဲ့ဖြူအလှတွင် ယစ်မူးမိကြသည်။ ယက်သဲ့ဖြူက ငယ်သူငယ်ချင်းများပီပီ ဟိတ်ဟန်မထုတ်ဘဲ ငယ်စဉ်ကလို ရင်းနှီးစွာ မျှတအောင်ဆက်ဆံခဲ့သည်။ ယက်သဲ့ဖြူသည် သူမကို လိုလားသည့် အရာရှိများ၊ သူဌေးများကို အဖက်မလုပ်ဘဲ တောလူနှင့် သာဇံလုတို့ကိုသာ အရေးပေးခဲ့သည်။ ယက်သဲ့ဖြူက ပေးသည့်အခွင့်အရေးကို လက်လွှတ်မခံဘဲ တောလူရော၊ သာဇံလုပါ ယက်သဲ့ဖြူကို ချစ်ရေးဆိုလိုက်ကြသည်။ ယက်သဲ့ဖြူမှာလည်း အဖြေပေးရန် ခက်ပြီး အမြဲပြောလေ့ရှိသည့် စကားကိုသာ ပြောပါသည်။

"ငါ့ကိုယ်ငါ နှစ်ကိုယ်ခွဲလို့ရရင် ခွဲလိုက်ချင်တယ်။ နင်တို့နှစ်ယောက်ကလွဲလို့ ဘယ်သူ့ကိုမှ ငါ မရွေးဘူးဆိုတာ ယုံပါ"

တောလူနှင့် သာဇံလုတို့ကလည်း သဘောပေါက်ပါသည်။ ယက်သဲ့ဖြူသည် တစ်ချိန်ချိန်တွင် သူတို့နှစ်ဦးအနက် တစ်ဦးကို ရွေးချယ်မည်ကို သိပါသည်။ တောလူနှင့် သာဇံလုတို့မှာလည်း အကြိမ်ကြိမ်ဆွေးနွေးကြပြီးဖြစ်သည်။ မည်သူကမှ နောက်မဆုတ်နိုင်သဖြင့် ပြဿနာမှာ တစ်စတစ်စ ကြီးထွားလာသည်။ နောက်ဆုံးတစ်ဦးသာ ကျန်ရှိနေရေးအထိ ဆွေးနွေးခဲ့ကြသည်။ ကိစ္စရပ်တိုင်း နှစ်ဦးပေါင်း၍ စဉ်းစားပါက အဖြေထွက်သော်လည်း ယခုကိစ္စတွင် အဖြေထွက်ရန်မှာ တစ်ဦးဦးက အသက်ပေးရတော့မည့်အခြေသို့ ရောက်ခဲ့ရသည်။ နောက်ဆုံး ရွေးချယ်လိုက်သည့် ဆုံးဖြတ်ချက်မှာ ပြတ်သားလှပါသည်။

"တို့နှစ်ယောက် တစ်သက်လုံး ချစ်ချစ်ခင်ခင် နေလာခဲ့ကြတာ အခုတော့ တစ်ဦးတည်း ကျန်တဲ့အထိ ရင်ဆိုင်ရတော့မှာပါလား။ မတတ်နိုင်တော့ဘူး။ ကံကောင်းသူက ယက်သဲ့ဖြူကို ပိုင်စတမ်းပေါ့ကွာ။ ဒီတော့ ငါတို့နှစ်ယောက် မနက်ဖြန် ရိုးမထဲက ကညင်ညီနောင်မှာ စာရင်းရှင်းကြရအောင်"

နှစ်ဦးလုံးမှာ အလုံးအရပ်တူ ဗလကောင်းပြီး ကြံ့ခိုင်ကြသည့်အပြင် တစ်ရွာလုံးတွင် သူရသတ္တိအရှိဆုံးလူများဖြစ်၍ အထူးကြိုးပမ်းရမည့်ပွဲလည်း ဖြစ်သည်။

နလုံးရည်ရော၊ လက်ရုံးရည်ပါ တူညီကြသဖြင့် တစ်ဦးကို တစ်ဦး အနိုင်မခံ အရှုံးမပေးဘဲ ကံစီမံရာကိုသာ နာခံရန် ဆုံးဖြတ်ထားကြသည်။ အလွန်ချစ်ခင်ခဲ့ကြသော သူငယ်ချင်း နှစ်ဦးမှာ အချစ်အတွက် တစ်ဦးက အသက်ပေးရတော့မည်။ အချစ်နှင့် စစ်တွင် မတရားသည်ဟူ၍ မရှိသဖြင့် ရသည့်နည်းဖြင့် အနိုင်ယူတော့မည့် သူတို့နှစ်ဦးမှာ ရိုးရာလက်ဝှေ့တွင် ရပ်ကျော်နယ်ကျော်များဖြစ်သည်။

ဓားမြှောင်တစ်လက်နှင့် ကျား ရင်ဆိုင် အနိုင်ယူဖူးသူများလည်း ဖြစ်သည်။ သေနတ်ပစ်ရာတွင် လက် အဖြောင့်ဆုံးများ ဖြစ်ကြသည်။ တစ်



www.burmeseclassic.com

www.burmeseclassic.com

ရှာထဲသို့ ကျားဝင်လာရာ တစ်ရွာလုံး ထိတ်ထိတ်ပျာပျာဖြစ်နေချိန်တွင် သူတို့နှစ်ယောက် ဓားမြှောင်တစ်လက်စီနှင့် ကျားကို ဝင်တိုက်ခဲ့ရာ ကျားသေကို ရဖူးသည့်ဖြစ်ရပ်က ရှိနေသည်။ ယခုပွဲတွင် သေနတ်နှင့် ဖြေရှင်းသည်ဖြစ်စေ၊ ဓားဖြင့် ဖြေရှင်းသည် ဖြစ်စေ၊ လက်ရုံးအားကိုးနှင့် ဖြေရှင်းရသည်ဖြစ်စေ သူမသာ ကိုယ်မသာ အရည်အချင်းတူကြသဖြင့် တစ်ဦးကို တစ်ဦး လွယ်လွယ်နှင့် နိုင်ရန် ခက်လှသည်။ တိုက်ခိုက်ရမည့်နေရာ၊ အချိန်နှင့် လက်နက်ကို နှစ်ဦးသဘောတူ ညှိနှိုင်းကြသည်။ နံနက် ၇နာရီတွင် ရိုးမ ကညင်ညီနောင်၌ ဓားမြှောင်ကိုယ်စီနှင့် တိုက်ရန် ဆုံးဖြတ် ညှိနှိုင်းလိုက်ကြသည်။

(၃)

နောက်နေ့ နံနက်တွင် ကညင်ညီနောင်စခန်းတွင် ဆုံကြသည်။ ယခင်က ရိုးမသို့သွားရာတွင် နှစ်ဦးမခွဲဘဲ အတူတွဲသွားခဲ့ကြသော်လည်း ယနေ့ ကညင်ညီနောင်သို့ သွားရာတွင် လမ်းချင်းမတူဘဲ တစ်ယောက်တစ်လမ်းလာခဲ့ကြပြီး ကညင်ညီနောင်သို့ အတူရောက်ရှိခဲ့ကြသည်။

"ကဲ - သူငယ်ချင်း သာဇလု၊ တို့နှစ်ယောက် သဘောတူ ဆုံးဖြတ်ခဲ့တာမို့ ဘယ်သူမှ နစ်နာစရာမရှိပါဘူး။ နောက်ဘဝကျမှ သူငယ်ချင်းပြန်ဖြစ်ဖို့ ငါဆုတောင်းလိုက်တယ်ကွာ။ ကဲ - အသင့်ပြင်ပေတော့"

တောလူက အသံတုန်တုန်နှင့် ပြောလိုက်သည်။ သာဇလုကလည်း အသင့်ပါလာသော ဓားမြှောင်ကို ထုတ်လိုက်ပြီး အသင့်ဖြစ်ကြောင်း ကြေညာလိုက်သည်။

"ကဲ - အသင့်ပဲပေ့"

တစ်ဦး၏ အရည်အချင်းကို တစ်ဦးက သိထားသဖြင့် လွယ်လွယ်နှင့် မနိုင်နိုင်မှန်း သိပါသည်။ အသက်လုပွဲဖြစ်၍ အထူးသတိထား တိုက်ခိုက်ရပေတော့မည်။ တစ်ဦး၏ အရည်အချင်းကို တစ်ဦးက သိထားပြီးဖြစ်၍ အရမ်းမဝင်ရဲပါ။ တစ်ဦး၏ အမှားကို တစ်ဦးက စောင့်၍ တိုက်ခိုက်ရန် ပြင်ဆင်နေကြသည်။

သည်ပွဲတွင် အရင်လို၍ မရပါ။ ချက်ကောင်းကို ပိုင်ပိုင်နိုင်နိုင် တိုက်ခိုက်နိုင်မှသာ အောင်ပွဲရမည်ဖြစ်သည်။ ဇွဲကောင်းပြီး အမှားမခံသော ပွဲဖြစ်၍ အသက်သေသည်အထိ တိုက်နိုင်မှသာ အနိုင်ရမည်ဖြစ်သည်။ အသက်မသေသမျှ အရှုံးပေးမည့်လူမျိုးမဟုတ်ကြပါ။ နာရီဝက်မျှ တိုက်ခိုက်သော်လည်း ထိချက်မမှန်သဖြင့် အရှုံးအနိုင်မပေါ်ပါ။ နှစ်ဦး အလွန်မောပန်းပြီး ချွေးများဖြင့် နစ်နေသည်။

တစ်ချက်ကောင်းမိရန် စိတ်ရှည်ရှည်နှင့် တစ်ဦး၏ အားနည်းချက်ကို တစ်ဦးစောင့်ကြည့်ပြီး သေချာလောက်ပြီဆိုမှ အင်အားသုံးရသည်။ မိမိက သေချာသည်ထင်သော်လည်း အတွေ့အကြုံရင့်ကျက်ပြီး ဉာဏ်ရည်တူများဖြစ်၍ လွယ်လွယ်နှင့် မရနိုင်ခဲ့ပါ။

တစ်နာရီခန့်တွင် ရတ်တရက် နှစ်ဦးပူးကပ်ပြီး သတ်ခဲ့ရသည်။ နှစ်ဦးလုံးတွင် ဓားများ မရှိကြတော့ဘဲ လက်ချည်းသက်သက် သတ်ခဲ့ကြသည်။ မြေပြင်တွင် လုံးထွေးသတ်ပုတ်ရင်း ဓားပေါ်သို့ ကျောခင်းမိသူက ကံအားလျော်စွာ ဓားရလိုက်ပြီး အပေါ်စီးမှ လည်မျိုကို ညှစ်နေသူအား ဓားချက်ပြင်းပြင်းထိုးလိုက်ရာ အပေါ်မှ လူသည် ရင်ပွင့်ပြီး ဇီဝိန်ချုပ်သွားပါတော့သည်။

အောင်ပွဲရသူက အပေါ်မှ အလောင်းကို ဖယ်ရှားပြီး ထနိုင်ခဲ့သည်။ သူက အောင်ပွဲရသော်လည်း ကျဆုံးသူ သူငယ်ချင်းအတွက် ကြေကွဲစွာ ကြည့်နေမိသည်။ အလွန်ချစ်ခဲ့ရသော သူငယ်ချင်းဖြစ်၍ အနိုင်ရသော်လည်း ပျော်ရွှင်ခြင်းမရှိဘဲ လေးလေးလံလံထပြီး ရွာသို့ ပြန်ခဲ့သည်။ ရွာသို့ ပြန်လာနိုင်သူမှာ သာဇလုဖြစ်ပါသည်။

သာဇလုသည် အိမ်သို့ ရောက်သည်နှင့် ရေချိုး၍ တစ်ကိုယ်လုံး သန့်ရှင်းကာ ခြစ်ရာရှရာများကို တစ်ပါးသူ မသိစေရန် ပြုပြင်ရသည်။ ထမင်းကို အမြန်စားပြီး ယာခင်းဆီသို့ ထွက်ခဲ့သည်။ ယာခင်းသို့ ရောက်သော်လည်း အလုပ်လုပ်ချင်စိတ်မရှိသဖြင့် ယာတဲတွင် လဲလျောင်းနေသည်။ တောလူကို မြင်ယောင်ပြီး ထလိုက်၊ ထိုင်လိုက်၊ လမ်းလျှောက်လိုက်နှင့် ဆောက်တည်ရာ မရအောင် ရှိနေပါသည်။ ယက်သဲ့ဖြူထံ သွားလိုသော်လည်း ရုတ်တရက် မသွားဝံ့ပါ။ လူသတ်မှုပေါ်လာမှာကို အလွန်ကြောက်နေသည်။ မည်သူနှင့်မျှ မတွေ့လိုသဖြင့် လူများနှင့် ဝေးရာမှာသာ နေခဲ့သည်။ နေဝင်မှ အိမ်သို့ ပြန်ခဲ့သည်။

အိမ်သို့ ဝင်လိုက်သည်နှင့် ရင်ထိတ်သွားပါသည်။ တောလူ၏ မိခင်က အိမ်ဝမှ စောင့်နေသည်။

"အဒေါ်···တောလူ ဘယ်သွားနေလဲ၊ ဒီနေ့ မတွေ့ရလို့"

သာဇလုက ဟန်လုပ်၍ လက်ဦးအောင် မေးလိုက်သည်။

"မင်းသူငယ်ချင်း တောလူ အိမ်ပြန်မလာလို့ မင်းဆီမှာများ ရှိနေမလားလို့ အဒေါ် သူ့ကို လာရှာတာ"

"ဒီနေ့ တောလူကို လုံးဝ မတွေ့ရသေးဘူး။ အခုပဲ ကျွန်တော် သူ့ဆီလာတော့မလို့။ ဒီကောင် တစ်နေရာရာ သွားတာ ဖြစ်ပါလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com

"အေးကွယ်၊ သူ အမြန်ပြန်လာပါစေပဲ ဆုတောင်းရတော့မှာ"

တောလူ၏မိခင် ပြန်သွားသည်။ ထိုညက သာဇံလှမှာ ထမင်းကောင်းစွာ မစားနိုင်ဘဲ စောစောအိပ်ရာဝင်ခဲ့သည်။

(၄)

တစ်ညလုံး အိပ်မပျော်သည်နှင့် မိုးမလင်းမီ ယာတဲသို့ ထွက်ခဲ့သည်။ လူများနှင့် မတွေ့ချင်၍သာ ယာတဲသို့ သွားရသည်။ ယာတဲတွင် ဘာအလုပ်မှ မလုပ်နိုင်ဘဲ ငေးငေးငိုင်ငိုင်ရှိနေခဲ့သည်။ နေ့လယ် ထမင်းမဆာသော်လည်း အိမ်သို့ ထမင်းစားပြန်ခဲ့သည်။

အိမ်ရောက်သည်နှင့် ရွာလူကြီး ခေါ်သည်ဆို၍ ထိတ်သွားပါသည်။ မတွေ့၍လည်း မဖြစ်သဖြင့် ထိတ်ထိတ်ပျာပျာနှင့် ရွာလူကြီး၏ အိမ်သို့ ထွက်ခဲ့သည်။

"သာဇံလှ··· မင်း တောလူနဲ့ နောက်ဆုံး ဘယ်အချိန်တွေ့ခဲ့သလဲ"

လူကြီး၏ မေးခွန်းကြောင့် ပိုမို တုန်လှုပ်သွားပါသည်။

"မနေ့က တစ်နေ့လုံး မတွေ့ပါဘူး။ ကျွန်တော် ယာတဲမှာ တစ်နေကုန် ရှိနေခဲ့ပါတယ်"

"တောလူ ဘယ်မှာရှိမလဲ၊ ဘယ်သွားမယ် ထင်သလဲ"

"မထင်တတ်ပါဘူးခင်ဗျာ"

"တောလူပျောက်နေလို့၊ ဒီမနက်ပဲ ရဲစခန်းမှာ အမှုဖွင့်တယ်"

သာဇံလှမှာ ရင်ခုန်နေပါသည်။ မျက်နှာမပျက်အောင် သတိထားနေရသည်။ ရဲက လိုက်လံ စုံစမ်းမည်မှာ သေချာသည်။ အိမ်ပြန်ရန် လူကြီးကို နှုတ်ဆက်လိုက်သည်။

"ကျွန်တော် ယာခင်းထဲ သွားတော့မယ် လူကြီး"

"အေး၊ ဝေးဝေးလံလံလည်း မသွားနဲ့၊ ယာခင်းမှာပဲ နေ"

သာဇံလှ ပြန်ခဲ့သည်။ စိတ်များ လေးလံနေသည်။ တောလူကို မသတ်ခင်က ထိုဒုက္ခများကို မစဉ်းစားမိခဲ့ပါ။ သေသောသူ ကြာရင် မေ့ဟူသော စကားအရ အချိန်များကို မြန်မြန်ကုန်စေချင်ပါသည်။ နှစ်ရက်အကြာ အိမ်သို့ ထမင်းစားပြန်ချိန် တောလူ၏ အလောင်းကို တွေ့ပြီဟု ကြားရသည်။ မည်သည့် သဲလွန်စများ ရသည်ကို သိလို၍ လူကြီး အိမ်သို့ မယောင်မလည်သွားရသည်။

"လာဟေ့···သာဇံလှ၊ တောလူရဲ့ အလောင်းကို တွေ့ပြီကွ"

"ဘယ်မှာတွေ့တာလဲ သူကြီး"

"ကညင်ညီနောင်စခန်းမှာ နွားကျောင်းသားတွေ တွေ့ခဲ့တာ။ တို့ အခုပဲ သွားကြည့်မလို့။ မင်းလည်း လိုက်ခဲ့ပေါ့။ စခန်းမှူးလည်း ပါမယ်"

သူကြီးကို မငြင်းပယ်ရဲသဖြင့် ကညင်ညီနောင်သို့ လိုက်ခဲ့ရသည်။ ရဲတပ်ဖွဲ့နှင့်အတူ ရွာလူကြီးအပါအဝင် အလောင်းတွေ့သည့် နွားကျောင်းသား ခေါ်ဆောင်ရာသို့ လိုက်ခဲ့ရသည်။ ကညင်ညီနောင်စခန်းသို့ ရောက်သည်နှင့် လဲလျောင်းလျက်ရှိသော တောလူ၏ အလောင်းကို ပြသသည်။

တောလူ၏ ခန္ဓာကိုယ်ပေါ်တွင် ယင်မည်းကြီးများ အုံနေသဖြင့် တောလူ၏ အသားကိုပင် မမြင်ရပါ။ နွားကျောင်းသားလေးက သစ်ကိုင်းခြောက်ဖြင့် ဝှေ့ရမ်းလိုက်ရာ ယင်မည်းကြီးများ ထပျံသွားသည်မှာ ကြောက်ခမန်းလိလိ ရှိအောင် အသံကျယ်ပါသည်။ အလောင်းအနံ့ထွက်နေသဖြင့် လူများမှ နောက်သို့ ပြန်ဆုတ်နေကြသည်။ သူကြီးသည် အပုပ်နံ့ကို မခံနိုင်သည့်အတွက် သာဇံလှကို ကွယ်၍ရပ်နေသည်။

ထိုအခိုက် မည်သူမျှ မျှော်လင့်မထားသော အလွန်အံ့ဩ ထိတ်လန့်စရာအဖြစ်က ရုတ်တရက် ဖြစ်ပေါ်ခဲ့သည်။ မည်သို့မျှ ယုံကြည်နိုင်စရာမရှိသော အဖြစ်အပျက်။ အားလုံး ကြက်သေသေပြီး ကြည့်နေခဲ့ရသည်။ ပုပ်နံ့ထွက်နေသော တောလူသည် ရုတ်တရက် ထလာပြီး လက်ထဲတွင် ကျစ်ကျစ်ပါအောင် ဆုပ်ထားသည့် ဓားဖြင့် အပြေးထွက်လာပြီး သာဇံလှရင်ဝကို အားကုန်ထိုးစိုက်ချလိုက်ပါတော့သည်။ သာဇံလှ ပုံလျက်လဲကျသွားသည့် အပေါ် တောလူက ထပ်၍ လဲကျသွားပါသည်။

"ဟာ···"

မြင်လိုက်ကြရသော လူအုပ်မှာ ရင်သပ်ရှုမော အံ့ဩမကုန်အောင် ရှိနေကြရသည်။ ထိုအဖြစ်အပျက်ကို လူသေအလောင်း ဖုတ်ဝင်ပြီး သူ့ကို သတ်သူကို ကလဲ့စားချေသည်ဟု ပြောကြသည်။ အချို့က အပမှီသည်ဟု ဆိုကြသည်။ အလောင်းများကို ဆေးရုံသို့ သယ်ဆောင်၍ ရင်ခွဲကြည့်သော အခါ သာဇံလှ၏ နှလုံးသားတည့်တည့်တွင် တောလူ၏ ဓားမြှောင်စူးဝင်နေကြောင်း တွေ့ရသည်။

ထိုအဖြစ်သည် လွန်ခဲ့သော နှစ်ပေါင်း ၄၀ကျော်က အမှန်တကယ်ဖြစ်ခဲ့ဖူးသောကြောင့် ယနေ့အထိ ပြောမဆုံးအောင် ရှိနေပါသေးကြောင်း ကြားသိခဲ့ရပါသည်။

(ရခိုင်ပြည်နယ် တစ်နေရာတွင် အမှန်ဖြစ်ခဲ့သော အဖြစ်အပျက်ကို အမည်များ လွှဲပြောင်းရေးဖွဲ့ တင်ပြခြင်း ဖြစ်ပါသည်။)■

* * *

ကောင်းဆက်




www.burmeseclassic.com

www.burmeseclassic.com

# ရိုနှတ်ရောကန်
## သို့မဟုတ်
# ကမ္ဘာ့အံ့ဖွယ် ချင်းပြည်နယ်ရှိ အသည်းနှလုံး

■ ကိုစော စစ်ကိုင်း ■



### အာသံသျှမ်းနှင့် ချင်းမီဇိုအနွယ်တို့၏ မြို့ပြနိုင်ငံ


ခရစ်နှစ်အစောပိုင်းကတည်းက ယွန်နန်နယ်၌ သျှမ်း (သျှာမ/TAI)အပါအဝင် လူမျိုးစုအနွယ်များသည် အေးချမ်းစွာ ယှဉ်တွဲနေထိုင်လျက်ရှိကြသည်။ ဖြောစုခန့်သို့ ရောက်လာသောအခါ စစ်လိုလားသော နန်းစော(နန်ကျောင်)လူမျိုးစု တန်ခိုးထွားလာကာ ပြည်ထောင်စုကြီးတစ်ခုအဖြစ် တည်ထောင်လေသည်။ ထိုနန်းစောတို့သည် ခရစ်နှစ် ၈၃၂ခုနှစ် ဧရာဝတီမြစ်ဝှမ်းရှိ ပျူမြို့တော်(သိရိခေတ္တရာ)အထိ ကျူးကျော်ဝင်ရောက်၍ ဖျက်ဆီးခဲ့ကြ၏။

၉ရာစုနှစ်တွင်ပင် နန်စောမြို့တော် "တာလီ"ကို မြောက်ဘက်နေ မွန်ဂိုတို့က တိုက်ခိုက်သိမ်းပိုက်လိုက်ကြ၏။ ထိုအချိန်မှစ၍ မွန်ဂိုတို့၏ ရန်ဘေးကြောင့် သျှမ်းလူမျိုးအနွယ်စုများသည် ဆီးဖြူသီးတောင်၊ မှောက်သကဲ့သို့ ကစဉ့်ကလျား



www.burmeseclassic.com


www.burmeseclassic.com




ကွဲပြားစွာ အာသံ၊ မြန်မာ၊ လော၊ ယိုးဒယား ဒေသအသီးသီးသို့ ပြေးဝင်ခိုလှုံကြရလေသည်။

၁၃ရာစုနှစ်သို့ ရောက်၍ မွန်ဂိုတို့က ပုဂံ နေပြည်တော်ကို ကျူးကျော်တိုက်ခိုက်ချိန်တွင် သျှမ်းလူမျိုးတို့သည် ယိုးဒယား၌ အခိုင်အမာနိုင်ငံတစ်ခုအဖြစ် တည်ထောင်နိုင်ခဲ့ပြီး ဖြစ်တော့၏။ အလားတူပင် မွန်ဂိုတို့ ဆင်နွှဲခဲ့သော ထိုပုဂံစစ်ပွဲ၏ ရလဒ်တစ်ခုအဖြစ် ပေါ်ထွန်းလာခဲ့သော နိုင်ငံကား အာသံနိုင်ငံပင် ဖြစ်လေသည်။

အိန္ဒိယပြည်ကြီး၏ အရှေ့မြောက်ဒေသ၌ နေထိုင်အခြေချလာသော အာဟောမ်(အဟုမ်)သျှမ်းများကို အစွဲပြု၍ အာသံနိုင်ငံဖြစ်ပေါ်လာကြောင်း အဆိုရှိပါသည်။ ယခုအခါ ASSAM ဟု စာလုံးပေါင်းသော အာသံကို ရှေးတိဗက်ဘုန်းတော်ကြီးမှတ်တမ်း "တာရနာထ"၌ HASAM ဟု စာလုံးပေါင်းထားသည်ကို တွေ့ရပါ၏။ TAI သျှမ်းတို့ အာသံနယ်ဘက်သို့ ကူးပြောင်းကာ အဟုမ်နိုင်ငံကို တည်ထောင်သောနှစ်သည် ခရစ်နှစ် ၁၂၂၈-ခုဖြစ်၏ဟု ဆိုပါသည်။






www.burmeseclassic.com

www.burmeseclassic.com

ရှေးရှေး အာသံနိုင်ငံ၌ ပြောဆိုသော အဟုမ်စကားတို့သည် ယိုးဒယား၊ လောနှင့် မြန်မာနိုင်ငံရှိ သျှမ်းစကားနှင့် တူညီ၍ TAI သျှမ်းအနွယ်စုတွင် အရေးပါသော စကားဖြစ်ပါ၏။ အဟုမ်သျှမ်းတို့သည် ၁၂ရာစုမှစ၍ ဟိန္ဒူဘာသာဝင်များ ဖြစ်ခဲ့ကြစေကာမူ ၁၉၇၅ခုနှစ်ဝန်းကျင်တွင် အဟုမ်သျှမ်း ၁၅သန်းခန့်မှာ ဗုဒ္ဓအယူဝါဒသို့ ကူးပြောင်းသက်ဝင်လာပြီဟု ဆိုပါ၏။

ထရိပူရပြည်နယ်၌ လည်းကောင်း၊ မီဇိုရမ်းပြည်နယ်၌ လည်းကောင်း ဗုဒ္ဓဘာသာဝင်များ ရှိခဲ့ကြလေသည်။ သို့တစေ၊ ချင်းအနွယ်ဝင် မီဇိုလူမျိုးအများစုကား နတ်ကိုးကွယ်သူများပါတည်း။

မြန်မာနိုင်ငံ အနောက်မြောက်ဒေသ၊ ချင်းပြည်နယ်၏ အနောက်မြောက်စွန်းအရပ်၊ အိန္ဒိယ မြန်မာနယ်စပ်၌ မြန်မာပိုင် "ရိခေါဒါမြို့" နှင့် "ရိနတ်ရေကန်" (RIHDIL) တည်ရှိပြီး



ခရစ်နှစ် ၁၄၃၈-၆၅ခုများတစ်လျှောက်တွင် သျှမ်းလူမျိုးစုများအကြား စစ်ပွဲများ ဖြစ်ပွားလာကာ တရုတ်ရန်ဘေးပေါ်ပေါက်၍ မိုးညှင်းနယ်၊ ဗန်းမော်သျှမ်းနယ်များသို့ တိမ်းရှောင်ပြေးဝင်ကြသည်။ တရုတ်တို့က မိုးညှင်းကို ၁၄၄၉ခုနှစ်တွင် သိမ်းယူပြန်သောအခါ အာသံ၊ အထက်ချင်းတွင်း၊ ခန္တီး(ရွှေမြေ)နှင့် ကလေးဒေသသို့ ခိုလှုံကြရသည်။

မူလကတည်းက မြန်မာအနွယ်တို့နှင့် အတူတကွ နေထိုင်လာခဲ့ကြပြီးနောက်မှ မြောက်အာသံနယ်သို့ ရောက်ရှိသွားကြသော မိရှမိနာဂ၊ ကုကီချင်း၊ သက်၊ ဂျိန်ဖောစသည်တို့ကား တိဗက်မြန်မာ၊ အာသံမြန်မာ မျိုးရင်းဆက်များပင်တည်း။ အိန္ဒိယနိုင်ငံ၏ အာသံပြည်နယ်၌ ဗုဒ္ဓဘာသာဝင်များ ရှိကြသည့်နည်းတူစွာ အိန္ဒိယအရှေ့နယ်စပ်ဖြစ်သော ချင်းအနွယ်ဝင် မီဇိုလူမျိုးများ စုစည်းနေထိုင်လျက်ရှိကြသည်။ ထို မီဇိုလူမျိုးများသည် အိန္ဒိယနိုင်ငံ မီဇိုရမ်းပြည်နယ်သားများအပါအဝင် မြန်မာနိုင်ငံ ချင်းပြည်နယ်သားများ၊ ဟွာလ်ငိုး(HUDALNGO) ခေါ် မီဇိုချင်းအနွယ်ဝင်များသာလျှင် ဖြစ်ကြလေသည်။ သမိုင်းစကားတစ်ရပ်အရဆိုလျှင် ထိုမီဇိုချင်းအနွယ်ဝင်တို့သည် ခရစ်နှစ် ၁၄၅၀ ခုလောက်ကပင် မြို့ပြတည်ထောင်၍ နေထိုင်ခဲ့ကြသည်ဟု သိရပါ၏။

## ဒေသခံ သက်ကြီးစကားကို သက်ငယ်ကြားသိခြင်း


လွန်ခဲ့သော လအနည်းငယ်ခန့်က စာရေးသူ၏ သားငယ် ဆရာဝန် ဗိုလ်ကြီးသည် အထူးတာဝန်ထမ်းဆောင်၍



www.burmeseclassic.com

www.burmeseclassic.com

ချင်းပြည်နယ်မြောက်ပိုင်းသို့ မုံရွာမြို့ ကလေးမြို့မှတစ်ဆင့် ခရီးထွက်ကာ လှည့်လည်သွားလာခဲ့ဖူးပါသည်။ သားငယ်နှင့် အလားတူ ဆရာဝန် ဗိုလ်ကြီးများ ပါဝင်သော ဆေးအဖွဲ့ငယ် အသီးသီးသည် ဖလမ်း၊ ဟားခါး၊ တီးတိန်၊ ထန်တလန် စသည့်မြို့များ၌ ရက်အနည်းငယ်စီ အခြေစိုက် နေထိုင်လျက် ချင်းတိုင်းရင်းသားများ၊ ဒေသခံ ပြည်သူလူထု၏ ယေဘုယျ နှင့် အရေးပေါ် ရောဂါဖြစ်ပွားမှုများကို စစ်ဆေးကြည့်ရှုကာ



တတ်နိုင်သမျှ ဆေးဝါးပြုစု ကုသပေးကြပါသည်။

အကြောင်းကံအားလျော်စွာ သားငယ် ပါဝင်သော အဖွဲ့သည် ချင်းပြည်နယ် အနောက်မြောက်စွန်းဒေသရှိ ရိခေါ်ဒါမြို့နှင့် ရီနတ်ရေကန်သို့ ရောက်ရှိသွားခဲ့သည်။ အိန္ဒိယ-မြန်မာ နယ်စပ် နှစ်နိုင်ငံ ဂိတ်အဆောက်အအုံများ၊ နယ်ခြားမြစ်နှင့် တကွ မြစ်ကူးတံတား၊ အိန္ဒိယနိုင်ငံဘက်ရှိ နယ်စပ်မြို့တို့ကို မြန်မာ့နယ်စပ် ရိခေါ်ဒါမြို့က နေ၍ ကြည့်ရှု လေ့လာခွင့် ရရှိခဲ့ကြသည်။

အခမဲ့ ဆေးကုသပေးမည့်အကြောင်းကို ကြေညာထားသောကြောင့် ရိခေါ်ဒါမြို့ဆေးခန်း ယာယီအဆောက်အအုံ၌ ဒေသခံ တိုင်းရင်းသားများသည် အနာရောဂါပြသကြရန် လာရောက် စုဝေးကြပါသည်။ ရောဂါဆိုင်ရာ အကြောင်းရင်းမြစ်

ကို လူနာထံ မေးမြန်းစူးစမ်းရင်း ဆရာဝန် ဗိုလ်ကြီးတို့က ရီနတ်ရေကန်နှင့် ဆက်စပ်၍ စုံစမ်းလေ့လာကြလေသည်။ ဗမာစကားပြောတတ်သော ဒေသခံ သက်ကြီး လူနာတစ်ဦး ထံမှ အောက်ပါ စကားကို ကြားခဲ့ရသည်ဆို၏။


"ကျုပ်တို့ မိဘများ ပြောသွားခဲ့တာက ပွင့်လင်းရာသီ ရောက်တဲ့ လတွေမှာ အာသံဒေသက တိုင်းရင်းသားလူမျိုး တချို့ဟာ ဒီအရပ်ကို အစုအဖွဲ့လိုက် တဖွဲဖွဲလာရောက်ကြ

ပါတယ်။ သူတို့လူမျိုးဆိုင်ရာ ဘိုးဘွားများကို ရည်စူးပြီး နှစ်ပတ်လည် နာရေးကိစ္စများ ဆောင်ရွက်ကြတာ၊ ပူဇော်သ ပြုကြတာ လုပ်ကြပါသတဲ့။ တချို့ အစုအဖွဲ့ဆိုရင် ရီ နတ်ရေကန်ကို မြင်တွေ့နိုင်တဲ့ (ယခု အ·ထ·က ကျောင်း တည်ရှိရာကုန်း)နေရာရောက်တာနဲ့ပဲ ရှိုက်ကြီးတငင် ငိုကြွေး ကြပါတယ်။ ငယ်သံပါအောင် ဟစ်အော်တမ်းတကြ အာသံ အမျိုးသမီးကြီးများရဲ့ ငိုကြွေးသံများဟာ ပတ်ဝန်းကျင် ကို ဖုံးလွှမ်းပဲ့တင်စေတာမို့ ကျုပ်တို့မိဘများက နှစ်စဉ် သတိ ကြားယောင်နေခဲ့ဖူးသတဲ့"

"ရီနတ်ရေကန်အနီးရောက်ကြတဲ့အခါ သူတို့ပ ဆောင်လာတဲ့ အာသံတုန်းကြီးတွေက လက်ခုပ်နဲ့ ရေ ခပ်ယူကြပြီး မန္တန်ဂါထာတွေ ရွတ်ဖတ် သ ယ်ပြီးတော

www.burmeseclassic.com

www.burmeseclassic.com



မှ နတ်ရေကန်ထဲ သွန်ချတယ်။ အမွှေးနံ့သာရည်အချို့ကို လည်း လောင်းချလိုက်တယ်။ ဆောင်ယူလာတဲ့ ငွေအကြေ စေ့များကိုလည်း နတ်ရေကန်ထဲ ပစ်ကြဲပြန်တယ်။ မျက်ရည် ယိုစီးကျနေတဲ့ အဲဒီတိုင်းရင်းသားတွေဟာ နတ်ရေကန်အနီး ရှိ ညောင်ပင်ကြီးအောက်မှာပဲ ထိုင်ကြပြီး အဲဒီ အာသံဘုန်း ကြီးတွေ ဟောပြတဲ့ တရားကို နာကြားကြပါသတဲ့"

ထိုလူနာ၏ သတင်းပေးချက်အရ ဆရာဝန် ဗိုလ်ကြီး တို့သည် ထိုအထက်တန်းကျောင်းရှိ အထက်တန်းပြ ဆရာ "ဦးဌားကာ"ကို ရှာဖွေတွေ့ဆုံ၍ မေးမြန်းကြည့်ရာမှ ထိုဆရာ ပြုစုရေးသားသော "ရီနတ်ရေကန်အကြောင်း သိကောင်းစရာ" စာစောင်ကို ရရှိခဲ့ကြပါ၏။

## ဆရာ ဦးဌားကာ ပြုစုရေးသားသော နတ်ရေကန်ပုံပြင်များ

ထိုစာစောင်ကို စာရေးသူ ဌားရမ်း၍ ဖတ်ကြည့်မိရာ တွင် "နဂါးမောင်နံ့ ပုံပြင်"နှင့် "ဝိညာဉ်စောင့် နတ်ဘုရား ပုံပြင်"တို့ကို တွေ့သိရသည်။ ဤသို့လည်း သဘောပေါက်မိ ပါ၏။

နဂါးပုံပြင်မှာ ဒေသဆိုင်ရာ ပထဝီဝင်အနေအထား၊ ပတ်ဝန်းကျင်ရှိ တွေ့ မြင်နိုင်သော အရာဝတ္ထု၊ ပကာတိ သက်သေများနှင့် ဆီလျော်စွာ ဆက်စပ်နေ၍ ထူးခြားဆန်း ကြယ်လှပါ၏။ လောဘစိတ် ပြင်းထန်သူ၏ မကြံကောင်း၊ မပြုအပ်သော အမှုကိစ္စကြောင့် ဘဝအဆုံးသတ် မကောင်းကြ ပုံကို မှတ်သား နားလည် သင်ခန်းစာယူဖွယ်ဖြစ်ပါသည်။

ထိုပုံပြင်ထဲ၌ အာသံ(ဝေသာလီ)နိုင်ငံသား သူဌေးတစ်ဦး ရှိ၏။ သူသည် ဆင်စွယ်ရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးဖြစ် ၏။ ဆင်မုဆိုးတို့နှင့် အရောင်းအဝယ်ပြုလုပ်ရာမှ ချင်းပြည် နယ်အတွင်းမှ ရီနတ်ရေကန်အမည်ရှိသော "ဆင်သင်္ချိုင်း သတင်း"ကို ရရှိလေ၏။ ဆင်သင်္ချိုင်းမှ ဆင်စွယ်အများအပြား ကို တူးဖော်ရယူလိုသော လောဘဇောကြောင့် ထိုသူဌေး သည် အစေအပါး အလုပ်သမားများစွာကို စုရုံးခေါ်ယူ၍ ပွင့်လင်းရာသီချိန်တစ်ခုတွင် ခရီးထွက်လာခဲ့၏။

ရီနတ်ရေကန်သို့ ရောက်ရှိကြ၍ ပတ်ဝန်းကျင်ရှိ တော နှင့် တောင်များကို လေ့လာကြသောအခါ၊ အာသံသူဌေးနှင့် တကွ အလုပ်သမားတို့သည် ဆင်ဝင်ချိုင့်၊ ဆင်ဝင်တောင် တို့ကို မြင်တွေ့ကြရသည်။ သစ်တောအတွင်း၌ သင့်လျော် အောင် ပြုပြင်၍ အလုပ်သမားများကို နေရာချကာ ဆင် သင်္ချိုင်းအဖြစ် ထင်မြင်ယူဆသော ရီနတ်ရေကန်မှ ရွှေ့ပြောင်း



www.burmeseclassic.com

www.burmeseclassic.com

ကို ဖောက်ထုတ်ရန် ဆုံးဖြတ်လိုက်၏။

အလုပ်သမားများစွာတို့သည် နတ်ရေကန်၏ တောင်ဘက်အရပ်မှနေ၍ ရေထုတ်မြောင်းကြီးကို စတင်တူးဖော်ဖောက်လုပ်ကြလေ၏။ ရက်အတန်ကြာ၍ အတော်အသင့်နက်ကျယ်သော မြောင်းကြီးတစ်ခုမှတစ်ဆင့် ကန်ရေတို့ကို ဖောက်ထုတ်ကြရာတွင် ရေကန်၏ ထက်ဝက်ခန့် ပမာဏသည် စီးထွက်လျော့ကျသွားပါ၏။ ကန်ရေလျော့ကျသွားသောအခါ ဆင်စွယ်များနှင့်တကွ ဆင်အရိုးစုများကို မတွေ့ကြရဘဲ ရေကန်ထဲမှ အမောက်ကြီးများ တထောင်ထောင်နှင့် နတ်နဂါးမောင်နှံစုံ၏ တွန့်လိမ်လှုပ်ရှားမှု ရုပ်သွင်တို့ကိုသာ ဘွားခနဲ မြင်ကြရလေ၏။

မမျှော်လင့်သော ကြောက်စရာ သတ္တဝါကြီးတို့ကို ရုတ်ခြည်း မြင်တွေ့ရခြင်းကြောင့် သူဌေးနှင့်တကွ အလုပ်သမားတို့အနက်မှ အချို့အစုသည် အကြောက်လွန်ကာ နှလုံးသွေးရပ်ဆိုင်းသွားကြ၏။ နေရာ၌ပင် လဲကျ သေဆုံးသူများ၊ သတိလစ်ကာ မေ့မြောသွားသူများ၊ ကြက်သေ,သေ၍ မှင်တက်မိသူများ များပြားလှ၏။ သတိရ၍ လက်လွတ် ထွက်ပြေးသူများမှာလည်း ကြောက်ဖျား ဖျားနာသူ၊ ဆံပင်ကျွတ်ကွာသူ၊ စိတ်ချောက်ချားသူအဖြစ်နှင့် ရက်ရှည်လများ ဆေးကုသပြုစုမှုကို ခံယူခဲ့ကြရသည်ဟူ၏။

အသက်ရှည် ကျန်ရစ်သူတို့သည် တစ်ငါးသူ အမြတ်တနိုး တန်ဖိုးထားလျက် ကိုးကွယ်ခဲ့သော ဝိညာဉ်စောင့်နတ်ဘုရားနှင့် ရှိနတ်ရေကန်တို့ကို မစူးမစမ်းဘဲ လောဘငန်းဖမ်းလျက် ရမ်းကာ ဖျက်ဆီးမိခဲ့မှုအတွက် နောင်တ ရကြသည်။ နတ်နဂါးကြီးတို့လို ဖန်ဆင်းနိုင်သော ဝိညာဉ်စောင့်နတ်ဘုရားအပေါ် လက်တွေ့ကျကျ သက်ဝင် ယုံကြည်ကာ ကိုးကွယ်သမှုပြု၍ မျိုးရိုးစဉ်ဆက် သားမြေးများတိုင်အောင် ပူဇော်ပသခဲ့ကြလေ၏ဟု ပုံပြင်က ပြောပြပါသည်။


နတ်ရေကန်အနီးဝန်းကျင်၌ ဆင်ဝင်ချိုင့်၊ ဆင်ဝင်တောင်ကို လည်းကောင်း၊ နတ်ရေကန်၏ တောင်ဘက်အရပ်၌ ချောက်ကြီးတစ်ခု(ဒေသအခေါ် ကုလားမြောင်းချောက်)ကို လည်းကောင်း၊ ယနေ့အထိ ကြည့်ရှုသူတိုင်း မြင်တွေ့နိုင်ကြသည်သာ ဖြစ်ပါ၏။

### ဝိညာဉ်စောင့်နတ်ဘုရားနှင့် ရှိနတ်ရေကန်ကြီး

ကျန်သော ဝိညာဉ်စောင့် နတ်ဘုရားပုံပြင်ကား နတ်ဘုရားနှင့် လူသားအကြား အိပ်မက်အသွင် မြင်မက်ဆက်သွယ်၍ လူ့လောက၏ ပကတိ သဘာဝ ဝတ္ထုဒြပ်ဖြင့်သာကောပြုကာ လက်တွေ့အထောက်အထား ထုတ်ပြခဲ့သောကြောင့် ယုံကြည်ဖွယ် ဂမ္ဘီရဖြစ်ရပ်ဆန်းပေတည်း။

အိပ်မက်မြင်မက်သူမှာ ဒုတိယမြောက် "ဆေးပွိုး"မြို့သူကြီး 'HUAL THAN'(ဟွာလ်ထန်)ဖြစ်၏။ အိပ်ရာမှ နိုးထချိန်တွင် သူက အိပ်မက်အပြည့်အစုံကို ဤသို့ပြောပြပါ၏။

"အိပ်မက်ထဲမှာ မုတ်ဆိတ်မွေးရှိတဲ့ နတ်တစ်ပါးက ကိုယ်ထင်ပြပြီး စကားပြောလာတယ်။ "ငါသည် ဝိညာဉ်စောင့်နတ်ဘုရား 'PU RIHA' (ပူးရီအ)ဖြစ်၏။ နတ်ဘုရားမျိုးစုံ၌ ကိုးကွယ်နေကြသော သင်တို့တွင် ဝိညာဉ်စောင့်နတ်ဘုရား မရှိသေးပေ။ သင်တို့၏ ဝိညာဉ်များကို စောင့်ရှောက်ပေးရန် ငါသည် နွားနောက်ဖြူအသွင်ဆောင်ယူလျက် ကောင်းကင်ခရီးအတိုင်း လာရောက်ခဲ့ချေပြီ။ သင်တို့နေရပ်မှ ခရီးလမ်းအတန်ကွာဝေးသော အနောက်မြောက်ဒေသ၌ သင့်တင့်လျောက်ပတ်သော နေရာတစ်ခုကို ငါရွေးချယ်ထား၏။ ထိုနေရာ၌ ရေကန်ကြီးတစ်ကန်အဖြစ် ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ နွားနောက်ဖြူ၏ ရွှေပွန်တော်မှ ရေသွန်နိုင်ရေး



www.burmeseclassic.com

www.burmeseclassic.com

အတွက် ငါသည် ခုနစ်ရက် ခုနစ်ညတိုင်တိုင် အားထုတ်ကြိုးပမ်းခဲ့ရ၏။ ငါသည် ထိုရေကန်၌ ဗိမာန်အသွင် တန်ဆာဆင်လျက် ပျော်ရွှင်စံစားတော်မူ၍ ဝိညာဉ်များကို စောင့်ရှောက်တော်မူလျက်ရှိပေပြီ။ သင်တို့သည် သေဆုံးသူအားလုံး၏ ဝိညာဉ်အသီးသီးကို ငါ့ထံသို့ လာရောက် အပ်နှံကြရမည်" လို့ ပြောပြီး ပျောက်ကွယ်သွားပါတယ်"

မြို့သူကြီး၏ အမှုးအမတ်များက ဆွေးနွေးတိုင်ပင်ကြပြီး အိပ်မက်မှန်,မမှန် သိနိုင်ရေးအတွက် ရေကန်အရှာထွက်ရန် ဆုံးဖြတ်ကြလေသည်။ အိပ်မက်ညွှန်ပြခဲ့သော အနောက်မြောက်ဒေသသို့ အမှုးအမတ်တို့ ခေါင်းဆောင်သော ဟွာလ်ဒိုးချင်း လူငယ်တစ်စုသည် ခရီးပြင်း နှင်လာကြ၏။ တွေ့သမျှတောကို ဖြတ်၍ တောင်ကို ကျော်ကာ ခုနစ်ရက်မျှ ချီတက်မိလျှင် တောင်ပေါ် မြေပြန့်ရှိ ရေကန်ကြီးတစ်ခုကို အံ့အားသင့်လောက်အောင် မြင်တွေ့ ရောက်ရှိသွားခဲ့ကြတော့၏။

ထိုကာလမှ စတင်၍ မြို့သူကြီး ဟွာလ်တန် အမှုးပြုသော ဟွာလ်ဒိုးချင်းအနွယ်တို့သည် ဝိညာဉ်စောင့် နတ်ဘုရားမှုရှိအကို သက်ဝင်ယုံကြည်လျက် ကိုးကွယ်သမှု ပူဇော်သမှုပြုလာကြ၏။ ထိုရေကန်ကိုလည်း ဝိညာဉ်စောင့်နတ်ဘုရားပျော်စံရာ ဗိမာန်တော်အဖြစ် အမြတ်တနိုး ပူဇော် ဝတ်ပြုလာကြ၏။ နတ်ဘုရားအမည်ကို မှီစွဲ၍ ထိုရေကန်ကြီးအား 'RIH DIL' (ရိနတ်ရေကန်)ဟု အမည်ပေးခဲ့ကြ၏။ အိပ်မက်ကို အကြောင်းပြု၍ နတ်ဘုရားအား နွားနောက်ဖြူဖြင့် ယဇ်ပူဇော်ခြင်းကို နှစ်စဉ် ပြုခဲ့ကြ၏။

ထိုသို့ ယုံကြည်ပူဇော်၍ နှစ်အတန်ကြာကာလအတွင်း ဟွာလ်ဒိုးချင်းအနွယ်တို့တွင် သေဆုံးသူ၏ ဝိညာဉ်ဆိုင်ရာ အယူအဆသစ်တစ်ခုသည် စွဲမြဲရှင်သန်လာရာ ယနေ့တိုင်ဖြစ်လေသည်။ အယူအဆသစ်တွင် အောက်ပါ အချက်များ ပါဝင်သည်ဟုဆိုသော် ဆိုသင့် ဆိုထိုက်ပါ၏။

"သေဆုံးသူ၏ ဝိညာဉ်သည် ဘဝတစ်ပါးကူးရန် နောက်ဆံတင်းလျက် နတ်ရေကန်သို့ လာနေခြင်း။ နတ်ရေကန်အနီးသို့ ရောက်လျှင် "အတိတ်ဘဝမေ့ဆေးရည်"(စမ်းရေကြည်)ကို သောက်သုံးရခြင်း၊ "နောက်မလှည့်ပန်း"ကို ပန်ဆင်လိုက်ခြင်း၊ လူ့ဘဝ လူ့ပြည်ကို သတိမရတော့ဘဲ ပျော်ရွှင်စိတ်ဖြစ်ပေါ်ပြီး နတ်ရေကန်အတွင်းသို့ သက်ဆင်းသွားခြင်း(ဝိညာဉ်စောင့်ရှောက်မှု ခံရခြင်း)။"

ဤအယူအဆသစ်အပေါ် ယုံကြည်စွဲမြဲသောကြောင့် မီဇိုးကဗျာနှင့် သီချင်းများစွာ၌ သေဆုံးသည်ဟု သုံးစွဲခြင်း မပြုဘဲ ရိနတ်ရေကန်သို့ သွားသည်ဟူ၍ သီကုံးဖွဲ့ဆိုမြဲ ရှိ



ကြပါ၏။ မိမတိုင်၊ ဖမတိုင်ဘဲ ရိနတ်ရေကန်ထိ သွားရသလားဟူ၍ လည်းကောင်း။ ရိနတ်ရေကန်သွားဖို့ ဘယ်သူက ခွင့်ပြုလိုက်တာလဲဟူ၍ လည်းကောင်း၊ အလွမ်းတေးများကို ရေးဖွဲ့သီဆိုနေကြဆဲဖြစ်ပါ၏။

## နီလာကျောက်သားနှင့် ပတ္တမြားရောင်လျှံ နတ်ရေကန်


ကမ္ဘာပေါ်၌ တိုင်းပြည်နိုင်ငံအလိုက် မရေမတွက်နိုင်သော ရေကန်အမြောက်အမြား ဖြစ်ထွန်းတည်ရှိရာတွင် သဘာဝအနေအထားအရ အသည်းနှလုံးပုံသဏ္ဌာန်ဖြစ်သော ရေကန်မှာ ရိနတ်ရေကန်တစ်ခုတည်းသာဟု တပ်အပ်သေချာဆိုဝံ့ပါ၏။

ရိနတ်ရေကန်သည် စိမ်းညို့ညို့တောင်ကုန်းကြီးများ၏ ပတ်လည်ဝန်းရံထားခြင်း ခံကြရသော ဝါလွင်လွင် လယ်ကွင်းပြင်ကြီးများအလယ်၌ ကြည်ပြာပြာ နီလာကြီးတစ်လုံးသဖွယ် ရွှန်းလဲ့တင့်တယ်နေသည်။ မိုးရာသီတွင် ရွာသွန်းသော မိုးရေနှင့်တကွ စိမ့်ရေ၊ စမ်းရေ စီးဝင်မှုကြောင့် မူလ သဘာဝ အသည်းနှလုံးပုံရိပ်ကို ရေကျော်၊ ရေလျှံစေခြင်းအားဖြင့် အထိခိုက်မခံ၊ အပျက်အယွင်းမရှိရန် သဘာဝအစီအမံတစ်ခုက စနစ်တကျ ဆောင်ရွက်လျက်ရှိလေသည်။ ထိုအစီအမံဆိုသည်ကား နတ်ရေကန်၏ အရှေ့ဘက် တောင်ကုန်းအောက်ရှိ ခုဖာလုံခန့် ရှည်နိုင်ကောင်းသော မြေအောက် လိုဏ်ခေါင်းပါတည်း။ အသည်းနှလုံးပုံရိပ်ကို ပျက်စီးစေမည့် တရကြမ်းစီးဝင်လာသမျှ ရေများကို ထိုလိုဏ်ခေါင်းပေါက်ကြီးမှ ဒလဟောဆွဲချ ဖယ်ရှားပစ်သည်သာ ဖြစ်ပါ၏။ ထူးခြားဆန်းကြယ်လှပေစွ။

ထို့အပြင် နှစ်စဉ်နှစ်တိုင်း မြင်တွေ့ရလေ့ရှိသော ထူးခြားအံ့ဖွယ် ဂမ္ဘီရဆန်းကြယ်ဖြစ်စဉ်လည်း ရှိလေသေး၏။ ရိနတ်ရေကန်၏ ရေပြင်ကျယ်ကြီးသည် နီလာကျောက်သား


www.burmeseclassic.com

www.burmeseclassic.com



ပမာ ကြည်လင်ရှန်းလဲ့ ပြာနှဲ့နှဲ့ရှိနေရာမှ နှစ်စဉ် ဒီဇင်ဘာလ နှောင်းပိုင်း(ကန်ရေဒီဂရီ ၄စင်တီဂရိတ်ခန့်)တွင် နတ်ရေကန် မျက်နှာတစ်ပြင်လုံး ရေနောက်သွားကာ ပတ္တမြားအသွင် နီလွင်လွင်အရောင်ပြောင်းတတ်ခြင်းပင်။

မိုးရာသီတွင် နတ်ရေကန်အတွင်းသို့ မိုးရေ၊ စိမ့်ရေ၊ စမ်းရေများ တရကြမ်း စီးဆင်းဝင်ရောက်သည့်အခါ တောတောင်မြေပြင် ရေစီးကြောင်းတစ်လျှောက်မှ လိုက်ပါပျော်ဝင်နေကြသော ရွံ့နှစ်၊ မြေနီအနယ်မှုန်တို့ကြောင့် ကန်တစ်ပြင်လုံး ရေနီ၊ ရေနောက် လွှမ်းဖုံးနေသင့်၏။ သို့တစေ၊ မိုးကာလတွင် ကန်ရေပြင်သည် အံ့အားသင့်လောက်အောင် မနီမနောက်ခဲ့ချေ။ အဆန်းတကြယ်ရှိလှ၏။

ဆောင်းအဝင်စောသည့်နှစ်တွင် ရေနောက်မှု စောစောဖြစ်လျက်၊ ဆောင်းနှင်းသိပ်သည်းသောနှစ်တွင်မူ ရေနောက်မှု နီဖျော့ဖျော့မျှသာ ဖြစ်လျက်ရှိတော့၏။ မည်သို့ပင် ဖြစ်စေကာမူ၊ မိုးရာသီအစား ဆောင်းရာသီရောက်ကာမှ ရေနောက်လေ့ရှိသော ရေကန်ထူးဆန်းကို ကမ္ဘာတစ်ခွင် ပြုပြစင်မျှ ရှာဖွေဆန်းစစ်ခဲ့ပါလျှင် ရီနတ်ရေကန်မှာ ပြိုင်ဘက်မရှိနိုင်သောကြောင့် ကမ္ဘာ့အံ့ဖွယ်ဖြစ်တန်ရာပါ၏။

## ချင်းပြည်နယ်၏ အသည်းနှလုံးက လှစ်ပြထားသော အလှတရား

မြန်မာ့တောတောင်သဘာဝ၏ ဂုဏ်ရောင်အလှကို ထွန်းပစေသော ချင်းပြည်နယ်၏ ရေမြေအလှတရားကို လှစ်ပြဖော်ကျူးထားလျက်ရှိသော ရီနတ်ရေကန်တွင် မိတ်ဆွေ စိတ်ဝင်စားနေပြီလား။ စာရေးသူက စေတနာအမှန်ဖြင့် နတ်ရေကန်ရောက်ကြောင်း လမ်းကောင်းကို လမ်းညွှန် ဝန်ဆောင်လိုက်ပါမည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့မှ ကလေးမြို့ သိုင်းငင်မြို့အထိသွားကာ ထမင်းသုံးဆောင်နိုင်ပါသည်။ ထိုမှ ဇိုဇန်ရှာကားဂိတ်၌ ပန်းသီး၊ လီမွော်သီး၊ ထောပတ်သီး ဝယ်ယူရန်ရှိပါသည်။ တီးတိန်မြို့၌ ရောက်လျှင် ခရီးတစ်ထောက်နားကာ ညအိပ်တည်းခိုနိုင်ပါသည်။ စားစရာ၊ ဝယ်စရာ ပစ္စည်းများပြား၏။ နံနက်လင်းသောအခါ လမ်ဇန်ရွာနှင့် လှပသော မံဆောင်တံတားကို ဖြတ်သန်း၍ လိုင်တွီးမြို့ရောက်လျှင် မြို့အထွက်၌ စားသောက်ဆိုင်များ ရှိကြပါ၏။ ထိုမှ ခရီးဆက်သော် ဖလမ်းမြို့နယ်အပိုင်၊ အိန္ဒိယနယ်စပ်ရှိ ရိခေါဒါမြို့သို့ ရောက်ပါပြီ။ မိတ်ဆွေ စိတ်ဝင်စားသော ရီနတ်ရေကန်သည် ဘွားခနဲပေါ်လာပါ၏။

အသည်းနှလုံး၏ ပတ်လည်အဝန်းသည် နှစ်မိုင်ခွဲ ပမာဏ ရှည်လျား၏။ ကန်ရေပြင်အနက်ဆုံးနေရာ၌ ပေ ၆၀၊ တစ်ကန်လုံး ပျမ်းမျှကား ပေ ၅၀ခန့် နက်၏။ "ဝိညာဉ် ခြံစည်းပင်"ခေါ်ကြသော မိုးမခပင်တစ်မျိုးက ရေကန်ပတ်လည်၌ စိုက်ပျိုးအပ်သော ခြံစည်းရိုးပမာ အလေ့ကျ ပေါက်ရောက် ဝန်းရံလျက် ရှိပါ၏။ မိုးမခပင်များထက်၌ သစ်ခွပန်းမျိုးစုံသည် သဘာဝအလျောက် ကပ်ပေါက်၍ ဖူးပွင့်နေကြပုံမှာ ရောင်စုံ ပန်းချီကားချပ်ကြီးသဖွယ် လှပတင့်တယ်နေ၏။ ကန်ရေစပ်၌လည်း ကြာဖြူ၊ ကြာနီ၊ ကြာပုဏ္ဍရိတ်တို့ကလည်း ပန်းဗေဒါများအခြံအရံဖြင့် ဖူးပွင့် ဝင့်ထည်လှပါ၏။ ရှားပါးလွန်းစွ။ မိုဃ်ချင်းရေမြေအလှပါတကား။

ရောင်စုံ ပွင့်ဖူးနေသော ပန်းမျိုးစုံအလှထူး ဥယျာဉ်တော၌ ငေးမော မေ့မူးစွာ ခံစားနိုင်ပါ၏။ ညော့ရိပ်သာ၌ တည်းခိုနေထိုင်ရင်း ဝါသနာဗီဇအလျောက် လမ်းလျှောက်ခြင်း၊ ရေဆိပ်(ကန်သတ်)၌ ရေချိုးခြင်း၊ ငါးမျှားခြင်း၊ မော်တော် လှော်စီးခြင်းအားဖြင့် ဘဝအမောပြေစေရန် အေးချမ်းစွာ ခွေ့အပန်းဖြေနိုင်ရာတည်း။

* * *

ကိုစောစစ်ကိုင်း

ကျမ်းကိုး

- စမ္မဒူတ(မွေ့စရိယ ဦးဒွေးလိုင်)။
- ခေတ်ဟောင်းမြန်မာရာဇဝင်(ဒေါက်တာ သန်းထွန်း)။



www.burmeseclassic.com

www.burmeseclassic.com

# ပိန်သူများ ဝဖြိုးလာစေရန်

ဝင်းဇော် (သုံးဆယ်)

တိုင်းရင်းမြန်မာဆေးပညာအရ ပိန်လွန်းသောသူများသည် သည်းခြေနှင့် လေ၊ နှစ်ထွေလွန်စွာပွားများ အပြစ်ပြုခြင်း၊ ပဋ္ဌဝီ၊ တေ၊ သဘာဝဓာတ်အရ တေဇောနှင့် ဝါယောဓာတ်တို့ အလွန်အားများခြင်းတို့ကြောင့် ခန္ဓာကိုယ်တွင် သလိပ်၊ အာပေါ၊ အစိုဓာတ်များ နည်းပါးခန်းခြောက်လာသဖြင့် ဆီး၊ ဝမ်း၊ သွေး၊ လေ၊ အပူရှိန်တို့သည် မမှန်မကန်ဖြစ်လာပြီးလျှင် မီးလွန် ရေခန်းစကားကဲ့သို့ ဝစေသော အရည်အုပ်စုများ ခန်းခြောက်လာရသည်။

မီးလွန်သည့်ပမာ အသားအရေများ ပူ၊ ခြေ လက်ဖဝါးတွေ ပူ၊ ဦးခေါင်းပူ ဖြစ်လာရုံမျှမက မီးလောင်ရာ လေပင့်ဆိုသကဲ့သို့ ပူသော အစာများ၊ ချဉ်သော အစာများကို ထပ်မံ၍ စားသောက်ပါ များသောအခါ ဇက်ကြောတက်၊ မူးဝေ၊ အိပ်မပျော်သောအဆင့်သို့ ရောက်ရှိလာသည်။ ခန္ဓာကိုယ်အချိုးအဆစ်မကျ၊ ပြေပြစ်လှပမှုမရှိတော့ဘဲ ပို၍ အလုပျက်လာသည်။

အမျိုးသမီးများသည် ခန္ဓာကိုယ်အချိုးအဆစ်ကျ၍ လှပဝဖြိုးမှုကို များစွာပင် လိုလားနှစ်သက်ကြသည်။ သို့သော် အပြစ်ရှိသော ပိန်ခြင်းမျိုးကိုသာ ဝလာစေရန် ပြုလုပ်သင့်သည်။

(၁) မျိုးရိုးအလိုက် ပင်ကိုယ်သဘာဝ မွေးကတည်းက ပိန်သူ။

(၂) မိမိ၏ မူလပင်မ အခြေခံ ဝမ်းမီးသည် သည်းခြေ၊ ဒေါသအပူချိန် အလွန်များ၍နေသူ။

(၃) ပင်ကိုယ်မူလကပင် အင်အားနည်းပါးသူ။

ထိုလူ သုံးမျိုးသုံးစားအတွက်မူ ဝအောင် မပြုလုပ်ရဟု ဆေးနိဒါန်းကျမ်းများတွင် လေ့လာသိရှိရသည်။

ပကတိ ပိန်နေသူများသည် စားကောင်းခြင်း၊ အိပ်ပျော်ခြင်း၊ ဆီး ဝမ်း လေ မှန်ခြင်း၊ အမျိုးသမီးတို့ မီးယပ်သွေးမှန်ခြင်းတို့ဖြစ်သည်။

အပြစ်ရှိသော ပိန်ခြင်းများ၌ အသားပူခြင်း၊ ခြောက်ခြင်း၊ ရေကို မကြာခဏသောက်လိုခြင်း၊ အိပ်မပျော်ခြင်း



www.burmeseclassic.com

www.burmeseclassic.com

ဇက်ကြောတက်ခြင်း၊ မူးဝေခြင်း၊ အားအင်များက တဖြည်းဖြည်းနည်းပါးလာခြင်း၊ လမ်းသွားလမ်းလာရာတွင် မောပန်းခြင်း၊ အလေးအပင်များကို ဆွဲကိုင်ရာတွင် မောခြင်း၊ အမျိုးသမီးများအနေဖြင့် မီးယပ်သွေးထိမ်ခြင်း၊ ငုပ်ခြင်း၊ ရက်ရှည်ဆင်းခြင်း၊ မီးယပ်ဖြူများ ဆင်းခြင်း၊ ထိုအခါ ခြေဖျား, လက်ဖဝါးပူခြင်းများ ဖြစ်ပေါ်သည်။

ဤသို့ဖြစ်ရသည်မှာ တိုင်းရင်းမြန်မာဆေးကျမ်းများအရ သည်းခြေ(တေဇော)အပူရှိန်အား အလွန်များနေခြင်းကြောင့် ဖြစ်သည်။

"သည်းခြေမှာ အိပ်၊ လေမှာ နှိပ်၊ သလိပ်အန်ဆေးသောက်"ဟူသော ကုသနည်း ဆေးလက်ာအရ···

(က) သည်းခြေအပူရှိန်(တေဇော)များနေသူများ၊ သည်းခြေနာဖြစ်နေသူများ၊ ပိန်ချုံးနေသူများသည် သာမန်လူများထက် အချိန်များစွာယူ၍ အိပ်စက်အနားယူပေးရပေမည်။

(ခ) လှုပ်ရှားမှု မတည်မငြိမ်(ဝါယော)များနေသူများ၊ လေနာ၊ ရင်နာ၊ သွက်ချာပါဒ၊ လေငန်း စသည့် ေလရောဂါစွဲကပ်သူများ အနင်းအနှိပ်ခံပေးရမည်။

(ဂ) သလိပ်အစေးအချွဲ(အာပေါ)များနေသူများ၊ ချောင်းဆိုးရင်ကျပ်၊ သလိပ်နာစွဲကပ်နေသူများသည် အန်ဆေးသောက်ခြင်း၊ ဝမ်းနုတ်ခြင်း၊ မျက်စဉ်းခတ်ပေးခြင်းများ ပြုလုပ်ပေးရမည်။

ဒေါသသုံးပါး အပျက်သဘောများဖြစ်လာရခြင်းသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရကြောင့်ဖြစ်ရာ ထိုလေးချက်ဖြင့် ပိန်သူများကို ဝဖြိုးလာစေရန်···

(၁) ကမ္မ(ကံ)အမှုအနေဖြင့် အိပ်ရေးဝအောင် အိပ်စက်ပါ။

(၂) စိတ်အမှုအနေဖြင့် သောကကင်းဝေးအောင် နေထိုင်ပါ။

(၃) ဥတုအနေဖြင့် အေးချမ်းသော နေရာတွင် နေထိုင်ပါ။

(၄) အာဟာရအနေဖြင့် အအေးစာများကိုသာ စားပါ။

**ကမ္မအမှု** အိပ်စက်သည်ဆိုရာ၌ အိပ်ရာထဲသို့ ဝင်သည်နှင့် ဘာမှမတွေးတောဘဲ အိပ်စက်ပါ။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ပါစေ။ အိပ်ရာကို အနံ့အသက် ကင်းစင်အောင် သန့်ရှင်းစွာ ထားပါ။

**စိတ်**မှာ သောကကင်းဝေးအောင် နေထိုင်ပါဆိုရာ၌ စိတ်အေးချမ်းသာစွာ နေပါ။ ဒေါသ၊ စိုးရိမ်သောက၊ စိတ်ကို ထိန်းသိမ်းတတ်အောင် နေပါ။

**ဥတု**နေရာ အေးမှုရာဟု ဆိုရာ၌ လေပြည်လေညင်းတိုက်ခတ်ပြီး အေးမြသောနေရာတွင် ‌နေထိုင်ပါ။ သစ်ပင်စိမ်းစိုနေသော ဥယျာဉ်များထဲတွင် နေထိုင်ပါ။

**အာဟာရ**မှာ အေးသောအစာဟု ဆိုရာ၌ သည်းခြေအပူရှိန် ငြိမ်းအေးအောင် သားငါးပြုတ်ကြော်၊ အရည်ရွှမ်းသော ရှောက်၊ သံပရာ၊ ချိုသော သစ်သီးများ၊ နွားနို့ စသည်တို့ကို စားသုံးရမည်။

တိုင်းရင်းဆေးအနေဖြင့် သုခဗလခေါ် အိပ်ပျော် လူဝအားတိုးဆေးဖော်စပ်ပုံမှာ -

(၁) ဘုမ္မရာဇာ ၁၅ကျပ်သား၊

(၂) ထောပတ် ၁၀ကျပ်သား၊

(၃) ပျားရည် ၁၀ကျပ်သား၊

(၄) ငက်သိုက် ၄ပဲသား၊

(၅) ကုံကုမံ ၄ပဲသား၊

(၆) ကျောက်သွေး ၄ပဲသား၊

(၇) ကြံသွေး ၄ပဲသား၊

(၈) ငါးကြီးအန်ဖတ် ၄ပဲသား၊

(၉) ဆတ်ချိုန ၄ပဲသား၊

ဖော်ဆေးရော ဆီးသီးလုံးခန့်ကို နေ့-ည စားသုံးပါ။ ဆေးသောက်ပြီးလျှင် နွားနို့ ဟောလစ်၊ မိုင်လို၊ အိုဗာတင်း သောက်ပေးနိုင်က ပို၍အားတိုးစေသည်။

ပိန်သောသူများ ဝဖြိုးစေရန် နည်းလမ်းမှန်ကို ဆေးလက်ာဆောင်ပုဒ်ရေး၍ တိုင်းရင်းဆေးဆရာကြီးများက ညွှန်ကြားခဲ့သည်မှာ···

"ကျား-မ မဟူ၊ ပိန်ကြုံသူများ၊ ဝဖြိုးဆူရန်၊ နည်းလမ်းမှန်ကို၊ ထုတ်ပြန်ဖွင့်ဟ၊ မိန့်ဆိုရသော်၊ ကမ္မအမှု၊ အိပ်စက်ပြုနေ၊ စိတ်မလေဘဲ၊ ထွေထွေသောက၊ ကင်းစင်ရအောင်၊ သီတာဥတု၊ အမိုပြုလျက်၊ စားမှုများမှာ၊ အရသာကား၊ မှတ်ပါ ချိုအေး၊ ဆိမ့်ဖန်မွှေးနှင့်၊ ရှောင်မရအခါး၊ ပူစပ်များပါ၊ ချဉ်ကြား ကေန်၊ အတန်တန်သည်၊ ဝရန်အကြောင်း ကေန်တည်း"ဟု ဖြစ်လေသတည်း။

* * *

ဝင်းဇော်(သုံးဆယ်)



www.burmeseclassic.com

www.burmeseclassic.com



# ရက္ခစိုးမိုးလား
# သခင်မိုးလား

မောင်တင်ကြွယ်
(ပြည်)

www.burmeseclassic.com

www.burmeseclassic.com

၁၉၇၂ခုနှစ်၊ နိုဝင်ဘာလ ပထမ ပတ်တစ်နေ့တွင်ဖြစ်သည်။ ဆောင်းဦး ပိုင်းကာလဖြစ်သော်လည်း အအေးဓာတ် က ဆောင်းရာသီအဖြစ် အသိအမှတ်ပြု ရုံလောက်သာ ရှိနေပြီး နှင်းမှုန်၊ မြူခိုး တို့ကိုကား မမြင်တွေ့ရသေး။ အချိန် အားဖြင့် ည ၉နာရီထိုးပြီးကာစပင် ရှိ သေးသည်။ နေရာမှာ လယ်ယာသုံး စက်ကိရိယာများ ထုတ်လုပ်သည့် စက် ရုံဝန်းကျယ်ကြီးအတွင်းဖြစ်သည်။

စက်ရုံဝန်းအတွင်း၌ စက်ပစ္စည်း ကုန်ကြမ်း ကုန်ချော သိုလှောင်ရုံ စတို များ၊ စက်ပစ္စည်းထုတ်လုပ်သည့် စက် ရုံများ၊ တပ်ဆင်ထုပ်ပိုး စက်ရုံ၊ သံရည် ကျိုဌာန၊ ပုံထောင်း၊ ပုံဖိုဂဟော၊ ဆေး မှုတ်ဌာနများ ပါဝင်၍ ဌာနခွဲများစွာ၊ အဆောက်အအုံများစွာဖြင့် ဖွဲ့စည်းထား သည့် စက်ရုံနယ်မြေဖြစ်သည်။ သည် စက်ရုံဝန်းကျယ်ကြီးကို သံဆူးကြိုးများ ဖြင့် ဝန်းခတ် ကာရံထားသည်။

ဝန်းခြံအပြင်ဘက်တွင် စစ်တပ်မှ ချထားသည့် ကင်းရုံ၊ ဘန်ကာများ ရှိ သည်။ ၎င်းကင်းရုံများနှင့် စက်ရုံအဝင် အရှေ့ဘက်ဂိတ်နှင့် အထွက်နောက် ဘက် ဂိတ်များတွင် လက်နက်ကိုင် အစောင့်ရဲဘော်များ ၂၄နာရီ တာဝန် အပြည့်ချထားသည်။ ဝန်းအတွင်း စက် ရုံများမှာ ဌာနအလိုက် အရပ်သား အစောင့်များ ရှိသည်။ အရပ်သား အစောင့်များက ည ၉နာရီမှ နောက် တစ်နေ့နံနက် ၆နာရီအထိ မိမိဌာန စက်ရုံကိုသာ စောင့်ရှောက်ရသည်။ စက်ရုံပိတ်ရက်များတွင် သူတို့လည်း နေ့စောင့်၊ ညစောင့် နှစ်ဆိုင်း လှည့်ဝင် ရသည်။

ကျွန်တော်တို့အဖွဲ့က စက်ရုံဝန်း အတွင်း နေရာအတိအကျမရှိ၊ လှည့် လည်သွားလာရသည့် လုံခြုံရေးတပ်ဖွဲ့ ဖြစ်သည်။ စက်ရုံဝန်းအတွင်း လုံခြုံရေး အားနည်းသည့် နေရာ၊ လုံခြုံရေး လျှပ်စစ်မီးမရှိသည့် နေရာ၊ ဌာနနယ်မြေ နှစ်ခုစပ်ကြား ညစောင့်များ တစ်ဖွဲ့နှင့် တစ်ဖွဲ့ အလှမ်းဝေးသည့် နေရာတို့တွင် အနေများသည်။ တစ်ခါတစ်ရံ ကင်းပုန်း ဝပ်သည်။ တစ်ခါတစ်ရံ လှည့်ကင်းပတ် သည်။ ကျွန်တော်တို့က လက်နက် ကိုင်တော့ မဟုတ်။ စစ်ခွေးကိုင် တပ်ဖွဲ့ ဝင်များဖြစ်သည်။

စစ်ခွေးကိုင် ရဲဘော်တစ်ဦးလျှင် စစ်ခွေးတစ်ကောင်စီ ပါရှိကြသည်။ စစ် ခွေးများမှာ အမျိုးမျိုးရှိသည်။ ခြေရာခံ၊ ခြေရာကောက်၊ မိုင်းရှာ၊ သူနာပြု၊ ဖောက်ခွဲရေး၊ ကင်းထောက်၊ ကင်း စောင့်ဟူ၍ ခွဲခြားသင်ကြား လေ့ကျင့် ပေးရသည်။ ကျွန်တော်တို့အဖွဲ့မှ စစ် ခွေးများမှာ ကင်းစောင့်ခွေးများဖြစ်သည်။ ခွေးများက လူတို့ထက် အမြင်အာရုံ၊ အကြားအာရုံ၊ အနံ့ခံ စွမ်းအား များစွာ သာလွန်သည်။ ညအချိန် လူတို့ မမြင် နိုင်သည့် အမှောင်တွင်း အကွာအဝေး ကို သူတို့မြင်နိုင်သည်။ လူတို့ မကြား နိုင်သော အကွာအဝေးမှ တိုးညင်းသော အသံကို သူတို့ကြားနိုင်သည်။

စစ်ခွေးတို့ သဘာဝအရ မိမိ သခင် စစ်ခွေးကိုင်မှ လွဲ၍ သခင်မရှိ၊ မိတ်ဆွေမထား။ သခင်စစ်ခွေးကိုင်တစ်ဦး ၏ အမိန့်ပဲ နာခံသည်။ ငြိမ်ဆိုလျှင် ငြိမ်၍၊ လိုက်ဆိုလျှင် လိုက်၊ ကိုက်ဆို လျှင် ကိုက်သည့် သတ္တဝါ။ ကိုက်သည့် အခါတွင်လည်း သခင်က လွှတ်ဟု အမိန့်မရမချင်း မလွှတ်။ အသေခဲထား တတ်သည်။ အရပ်ထဲမှ ခွေးများနယ် မည်းမည်းမြင်ရာ ထိုးဟောင်တတ်သည့် အလေ့အကျင့်မရှိ။ သူ့ မသင်္ကာလျှင် သူ့သခင် စစ်ခွေးကိုင်သိရုံ အချက်ပြ အချက်ပေးသည့် သတ္တဝါ။ ထို့ကြောင့် လည်း ကျွန်တော်တို့အဖွဲ့ စက်ရုံဝန်းထဲ ရောက်လျှင် လူသူဝေးသည့်နေရာ မှောင်သည့်နေရာ၊ ချောင်တို့မှာသာ အနေများခြင်းဖြစ်သည်။

သည်ညက ရာသီဥတု သာယာ သည်။ တချို့ဌာနများတွင်လည်း အချိန် ပို လုပ်သားများ ရှိနေ၍ ကင်းမလှည့် ဖြစ်သေး။ မိမိတို့ စုရပ်တွင် အခြားသော စစ်ခွေးကိုင်များ၊ စစ်ခွေးများနှင့်အတူ မိမိတို့စစ်ခွေးများအား ထားရစ်ကာ စက်ရုံထိပ်ကင်းသို့ သွားရသည်။ စက်ရုံ ထိပ် အဝင်ကင်းမှာ ကင်းမှူးကြီးက တပ်ကြပ်ကြီးအဆင့်များဖြင့်သာ တာဝန် ချထားသည်။

ကင်းမှူးကြီးနှင့် တွေ့ဆုံခြင်းဖြင့် လုံခြုံရေးအတွက် အရေးကြီးသည့် သတင်းများ ရနိုင်သည်။ မည်သည့်ဌာန က လုံခြုံရေးမီးမလင်း၊ မည်သည့်နေရာ က မသင်္ကာဖွယ် လှုပ်ရှားမှုရှိ ဆိုသည့် သတင်း၊ မည်သည့်ဌာနက အချိန်ပို ညလုံးပေါက်၊ ညဉ့်ဝက်၊ လုပ်သား အင်အား စသဖြင့်ကိုလည်း အတိ အကျသိရသည်။ ကင်းမှူးကြီးနှင့် မိနစ် ၃၀ခန့် စကားပြောဖြစ်ခဲ့ကြသည်။

စက်ရုံဂိတ်ကင်းမှ အပြန်တွင် တော့ ကွန်ကရစ်ခင်း ကားလမ်းမကြီး ဘက်မှ မပြန်။ သည်လမ်းမကြီးက လျှပ်စစ်မီးများ အပြည့်ထွန်းထား၍ လင်းထိန်နေသည်။ စက်ပစ္စည်းအပျက် များ၊ အမှိုက်များ စုပုံသည့်နေရာ၊ သစ်ရိပ်ဝါးရိပ်အမှောင်များ ရှိသည်။ မှောင်မှောင်လမ်းမဘက်မှ ပြန်ခဲ့သည်။ ဤသည်ကလည်း ခရီးသွားဟန် ကင်းလှည့်သည့် သဘော။ ဌာန က ညစောင့် ကိုယ့်နေရာ ကိုယ်နေ



www.burmeseclassic.com

www.burmeseclassic.com

သား။ နီးနီးကြားကြား နေကြရဲ့လား အကဲခတ်ရသည်။ မှောင်သည့်နေရာ အကြိုအကြားကိုလည်း စူးစမ်းရသည်။

ကျွန်တော်တို့နှစ်ယောက် လျှောက်ခဲ့ရင်း ပြင်ဆင်ရေးစက်ရုံဘေးမှ တပ်ဆင်ရေးစက်ရုံဘက်သို့ ကူးခဲ့သည်။ ထိုစက်ရုံနောက်ဘက်၌ အတန်ငယ်မြင့်သည့် ကုန်းကလေးရှိသည်။ ထိုကုန်းလေးကို ကျော်လျှင် စီမံရေးဌာနနယ်မြေ ပစ္စည်းသိုလှောင်ရုံများရှိရာ ရောက်မည်။ ကုန်းကမူလေးထိပ်အရောက်တွင်တော့ ထင်မှတ်မထားသော မြင်ကွင်းကို တွေ့လိုက်ရသည်။

"ဟာ…မီးတွေ များလှချည်လား အစ်ကိုကြီး"

ရဲဘော် မင်းသိန်းက တီးတိုးပြောသည်။ ဟုတ်ပါသည်။ ရှေ့ကိုက် ၁၀၀ ခန့်ရှိ ညစောင့် ကင်းတဲရှေ့၌ အလျှံငြီးငြီး အချင်းတစ်ပေခွဲခန့် အမြင့် ၆ပေခန့်ရှိသည့် မီးတောက်ကြီး။ ကင်းတဲ၏ တံစက်မြိတ်နှင့်ပင် ထိလုနီးပါး။

"အေးကွာ၊ မီးတောက်က တော်တော်မြင့်တယ်။ ကင်းတဲကို မီးစွဲသွားရင် မလွယ်ဘူး။ ညစောင့်တွေကို မီးလျှော့ဖို့ ပြောရမယ်။ လာကွာ၊ ခပ်မြန်မြန်လေး"

ကျွန်တော် မင်းသိန်းကို ပြောလည်း ပြော၊ ရှေ့မှလည်း ခပ်သွက်သွက် လျှောက်သည်။ ညစောင့် ကင်းတဲနှင့် ကျွန်တော်တို့ ရောက်ရှိနေသည့် နေရာမှာ မဝေးလှသော်လည်း တောင်ကုန်းဆင်ခြေလျှော၊ လူအသွားအလာနည်းသည့် ခြေကြောင်းလမ်းမို့ ခရီးမတွင်လှ။ ပြီးတော့ ဌာနနယ်မြေအရှံအတားသဘော စည်းရိုးကိုလည်း ကျော်ရသေးသည်။ ၅မိနစ်မျှပင် မကြာလိုက်၊ လမ်းသာသည့်နေရာ ရောက်လာသည်။ ကင်းတဲနှင့်ကတော့ ကိုက် ၅၀လောက်



ပဲ ဝေးတော့သည်။

"ဟင်"ခနဲ နှစ်ဦးသား အသံထွက် အံ့အားသင့်သွားရသည်။ ခပ်စောစောက မီးတောက်ကြီး မရှိတော့။ စက်ရုံဂိုဒေါင်ဘက်မှ ဖြာကျနေသော လျှပ်စစ် ဖန်မီးချောင်းအလင်းရောင်အောက်တွင် ကင်းတဲလေးသာ ရှိသည်။ လူရိပ်လူခြေလည်း တစ်စုံတစ်ရာမျှ မတွေ့ရှိရဘဲ ဖြစ်နေသည်။ ကျွန်တော်တို့နှစ်ယောက် အမြင်မှားသည်တော့ မဖြစ်နိုင်ပါ။ နှစ်ယောက်စလုံး ကင်းတဲလေးရှိရာဆီသို့ ခပ်သွက်သွက်ပြေးသွားမိကြသည်။

ကင်းတဲလေးရှေ့ရောက်တော့ စောစောက မြင်တွေ့ခဲ့ရသည့် မီးတောက်ကြီးနေရာ၌ ဆန်ကောဝိုင်းခန့် ပြာများသာ ရှိနေသည်။ မည်သည့်ထင်း၊ သစ်တိုသစ်စ လောင်စာဟူ၍ မရှိ။ မီးကြွင်းမီးကျန် နှမ်းတစ်စေ့ခန့်မျှပင် မတွေ့ရ။ ပြာများကို တို့ထိကြည့်တော့လည်း အပူငွေ့က ရှိမနေ။ ပြာများမှာ ပွယောင်းယောင်း ဖွာလျက်မရှိ။ ကျစ်နေသည်။ ဤနေရာ၌ မီးမွှေးမီးဖို မပြုခဲ့သည်မှာ ကြာပြီဟု တွက်ဆရသည်။

"ညစောင့်တွေ ဒီမှာ နေပုံမရဘူး ကွ"

ဟု ကျွန်တော်ပြောလိုက်စဉ်မှာပင် ညစောင့်နှစ်ယောက်လည်း အနားသို့ ရောက်လာသည်။

"ကျွန်တော်တို့ ဒီမှာ မစောင့်ဘူး။ စတိုရှေ့မှာ နေပါတယ်"

ညစောင့်တစ်ယောက်က ရှင်းပြ၍ စတိုကြီးရှေ့သို့ လှမ်းကြည့်လိုက်မိသည်။ စတိုရှေ့တွင် သူတို့အဖွဲ့မှ ညစောင့်နှစ်ဦးက ထိုင်နေသည်။ စတို၏ ကားအဝင် သံတံခါးမကြီးရှေ့၌ စက္ကူကတ်ပြားထူကြီးများ ခင်းလျက် နေရာယူထားကြသည်။ စတိုရှေ့သို့ ကျွန်တော်တို့ ရောက်တော့ ရေနွေးကြမ်း၊ လက်ဖက်သုပ်တို့ဖြင့် ဧည့်ခံသည်။

"ဒါနဲ့ မောင်ရင်တို့က ကင်းတဲမှာ ဘာလို့ မနေတာလဲ။ ညဥ့်နက်ပိုင်းဆိုရင် အောက်က အေးမှာပေါ့"

ကျွန်တော်က ကင်းတဲမှာ သူတို့ မနေခြင်းအတွက် ဘာကြောင့်လဲဟု သိချင်၍ စကားစလိုက်သည်။ ညစောင့်တစ်ယောက်က စိတ်မလုံလို့ဟု ဖြေသည်။ နောက် ညစောင့်တစ်ယောက်က…

"ညောင်ပင်မှာ အစောင့်ရှိပုံရတယ်။ မီးခိုးငွေ့လိုလို ဖြူဖြူအတန်းကြီး မြင်မိတယ်။ လေမတိုက်ဘဲ ညောင်ရွက်တွေ လှုပ်တာလည်း မြင်ဖူးတယ်။ ဒါကြောင့် အဲဒီမှာ မနေကြတာပါ"

ဟု ပြောသည်။

မင်းသိန်းက ကျွန်တော့်အား တစ်ချက်လှမ်းကြည့်သည်။ မကြာသေးမီက သူနှင့် ကျွန်တော်တွေ့ခဲ့သည့် အဖြစ်အပျက်ကို 'ပြောလိုဟန်ရှိသည်။ ကျွန်တော်က ဘာမှမပြောနဲ့ ဆိုသော အရိပ်အကဲပြကာ ထားလိုက်သည်။ စကားလမ်းစ လွှဲ၍ လုံခြုံရေးကိစ္စများ


www.burmeseclassic.com

www.burmeseclassic.com



အား ခဏမျှ ဆက်ပြောပြီး သူတို့ ပြန်ခဲ့ကြသည်။

ကျွန်တော်က မင်းသိန်းထက် အသက်လည်း ကြီးသည်။ စစ်သက်လည်း ရင့်သည်။ သည်နေရာ၊ သည်နယ်မြေကိုလည်း နှံ့စပ်ကျွမ်းကျင်သူ၊ အဖွဲ့ခေါင်းဆောင်ဖြစ်နေ၍လည်း သူ လက်ခံနိုင်လောက်သည့် အဖြေတစ်ခု ပြောပြရန် တာဝန်ရှိသည်။ သို့ကြောင့်လည်း ရှေးလူကြီးသူမတို့၏ အယူအဆ၊ တောတောင်များတွင် ကျင်လည်သူတို့၏ အတွေ့အကြုံ၊ သတိပေး ဆုံးမစကားတို့နှင့် နွယ်၍ ပြောပြရသည်။

တောထဲ တောင်ပေါ်နှင့် လူသူကင်းဝေးသည့် နေရာ၊ သစ်ပင်ကြီးကြီးမားမားရှိသည့် နေရာတို့တွင် ပရလောကသားများ မှီခိုနေတတ်ကြောင်း။ သူတို့ နေထိုင်သည့်အပင်ကို မခုတ်မဖြတ်ရ၊ သူတို့ရှိသည့် အပင်အောက် အနီးအနား၌ အပေါ့အလေး မစွန့်ရ။ မဆင်ခြင်လျှင် သတိပေး ခြောက်လှန့်ခြင်း၊ ရောဂါဝေဒနာဖြစ်အောင် လုပ်ခြင်း၊ အသက်ဆုံးရှုံးသည်အထိ ဒုက္ခပေးတတ်ကြောင်းကို အရင်ပြောရသည်။

ယခုလည်း ကင်းတဲမှာ ညောင်ပင်အောက်တွင် ရှိနေပြီး ပင်စည်နှင့်လည်း နီးလွန်းသည်။ အပင်၌ မှီခိုနေသည့် ပုဂ္ဂိုလ်က သူရှိနေသည်ကို ကျွန်တော်တို့အား အသိပေးခြင်းဖြစ်နိုင်သည်ဟု သူ့ကို ပြောရသည်။ သူကလည်း ကျွန်တော် မပြောပြခင်ကပင် ပရလောကသားများ ခြောက်လှန့်ပြသည်ဟုသာ အတွေးဝင်ခဲ့သူဖြစ်သည်။ သို့ရာတွင် အလုံးငြီးငြီး တောက်လောင်ခဲ့သော မီးမှာ ရုက္ခစိုးမီးလား၊ သရဲတစ္ဆေမီးလားဟုတော့ ခွဲခြား မသိရှိခဲ့ကြပါ။■

* * *

မောင်တင်ကြွယ်

လူတို့သည် ဘုရားဝတ်တက်ခြင်း
စသောကုသိုလ်
ကောင်းမှုတစ်စုံတရာပြုရာ၏
"အရဟံ"ဟု အာရုံပြုသော
အခိုက်အတန့်ကလေးတစ်ခုအတွင်း၏
အာရုံပြုစိတ်
(ဘုရားဂုဏ်တော်ကိုသိသောစိတ်)ကား
တစ်ခုထဲပင်ဖြစ်၏။
မဟာကုသိုလ်
(ရောမပြုစင်မှုကြီး)ဖိတ်ခေါ်သည်။
ထိုကုသိုလ်စိတ်တစ်ခုလုံးတည်း၏ပင်
ခွဲခြားဖယ်ထုတ်၍မရအောင်
သဟဇာတ(ဖြစ်တူဖြစ်ဖက်)
အသုမည(အဖော်အလျော်)အဖြစ်
ပူးတွဲပါဝင်နေသော
သဘောတရားအသိစိတ်
ထောက်ကူတရားများကို
ယုံကြည်ခြင်း၊
အောက်မေ့ခြင်း
စသော သဘောများပင်တည်း။ ။

(ဓမ္မာစရိယဦးဒွေးလှိုင်)



www.burmeseclassic.com

www.burmeseclassic.com



# ကောင်းကင်အမြင် နက္ခတ်ဂြိုဟ်စဉ်များအရ

## ၂၀၁၃ ခု၊ ဇူလိုင်လ၊ ခုနစ်နေ့သားသမီးများအတွက်

# မဟာဒြွင်းရုပ်အဟောစာတမ်းများ

ဝမ္မာစရိယ ဦးအောင်ကျော်မိုး

## တနင်္ဂနွေသားသမီးများ

### ယခုလ မေထုံရာသီ ဒုတိယဒြွင်းရုပ်အဟောထွက်သည်။



**စီးပွားရေး။** ဉာဏ်ပညာ၊ ဆက်သွယ်ရေး၊ အကျိုးဆောင်၊ သင်တန်းကျောင်းများ ဖွင့်ခြင်းတို့နှင့် အလွန်အကျိုးပေးနေမည်။ စိတ်ချမ်းသာမည်။ ဝင်ငွေကောင်းမည်။ ပြစ်မှုကင်းသောအလုပ်များ တွေ့ကြုံမည်။ အဖွဲ့အစည်း၊ စပ်တူအလုပ်များ အကျိုးပေးမည်။ ဆရာမိဘတို့နှင့် စပ်သောအလုပ်များ အရှုံးပေါ်မည်။ ယာဉ်အတွက် ငွေကုန်များမည်။ ခရီးသွားလာရေးလုပ်ငန်းအတွက် ငွေကုန်များမည်။

**အိမ်ထောင်ရေး။** ကံကောင်းသောအချိန်ဖြစ်သည်။ မိသားစုများ အောင်မြင်မှုရမည်။ တစ်ဦးနှင့် တစ်ဦး နားလည်မှုရမည်။ ရံခါ ဆူပူနေကျအသံသည် ပုံမှန်အတိုင်းဖြစ်နေ၍ အရေထူနေပြီး အသင်းအဖွဲ့ကိစ္စရပ်များကြောင့် အနည်းငယ်ငြင်းခုံရမည်။

**ပညာရေး။** သူတစ်ပါးကို အကူအညီပေးရင်း ကိုယ်ပါ ပညာရလာမည်။ အတင်းလုပ်ယူမရသော ပညာရေးဖြစ်နေမည်။ အချစ်နှင့် အတွေးအခေါ်ဆိုင်ရာများ၊ သိပ္ပံ-စက်မှုဆိုင်ရာများ တတ်လွယ်သိလွယ်သော်လည်း ဝိဇ္ဇာဘွဲ့နှင့် ကျက်စာများ အားနည်းမည်။

**အချစ်ရေး။** ပုံမှန်ချစ်ခဲ့ရသူများ အဝေးသို့ ရောက်နေမည်။ အချစ်သစ် များ ဝင်ရောက်လာသော်လည်း ဇာတ်လမ်းစရခက်နေမည်။ ကိုယ့်ကိုယ်ကို အချစ်ဆရာကြီးဟု ထင်နေမည်။ သို့သော် နာမည်နှင့် ဂုဏ်သိက္ခာကို စောင့်ထိန်းနေရမည်။ တိတ်တခိုးချစ်နေရသောအချိန်ဖြစ်သည်။

**ကျန်းမာရေး။** အစားအသောက်များမည်။ ခြေသလုံး၊ ခြေဖဝါးများ နာကျင်ကိုက်ခဲမည်။ ဆေးဝါးရှာရခက်မည်။ သတိလက်လွတ်ဖြစ်ချိန် ရောဂါဟောင်းများ ပေါ်လာမည်။

| | | |
|---|---|---|
| **ကံကောင်းသောအရောင်** | - | အဝါနှ၊ ရွှေညိုရောင်များ။ |
| **ကံကောင်းသောဂဏန်း** | - | ၁၊ ၄၊ ၇ ဂဏန်းများ။ |
| **ယတြာ** | - | နာရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်ပြီး လူမှုရေးအလုပ်များ လုပ်ပါ။ နေ့စဉ် ဘုရားဝတ်ပြုနေကျနေရာကို သန့်ရှင်းစွာ ထားပါ။ |



www.burmeseclassic.com

www.burmeseclassic.com

## တနင်္လာသားသမီးများ



**ယခုလ မိဿရာသီ ပထမကြွင်းရုပ်အဟောထွက်သည်။**

**စီးပွားရေး။** စီးပွားရေးလုပ်ရကိုင်ရ ခက်နေမည်။ နားနားနေနေလုပ်ချင်သော်လည်း မနားနိုင်။ ရင်းနှီးမြှုပ်နှံမှု များသော်လည်း အမြတ်အစွန်းနည်းမည်။ မိတ်ဆွေများအတွက်ပါ လုပ်ကိုင်ပေးနေရမည်။ စပ်တူလုပ်ငန်းအချို့မှ ခွဲထွက်ဖြစ်မည်။ ရှယ်ယာခွဲဖြစ်မည်။ လခစား အလုပ်လျှောက်လျှင် ရလွယ်မည်။ ပြည်သူလူထုနှင့် စပ်သောအလုပ်များမှ ကောင်းကျိုး ရရှိမည်။

**အိမ်ထောင်ရေး။** မိမိ၏ အိမ်ထောင်ဖက် လှုပ်နှိုးစိတ်ပန်းဖြစ်နေမည်။ အလုပ်အကိုင် ကောင်းသော်လည်း ငွေမမြင်ရ။ အိမ်တွင်းရေး ဆူပူသံများ ကြားနေရမည်။ မိတ်ဆွေများနှင့် ပတ်သက်၍ လင်မယား စကားများကြလိမ့်မည်။

**ပညာရေး။** ကြိုးစားအားထုတ်မှုတွေ လွဲချော်နေမည်။ လမ်းညွှန်ပြမည့်သူ လိုအပ် နေမည်။ ကိုယ်တိုင်သင်ယူနေရသော်လည်း ပညာရေး အစစနောက်ကျနေမည်။ စိတ်တို ဒေါသဖြစ်နေမည်။

**အချစ်ရေး။** နှလုံးသားထက် ဦးနှောက်ကို ဦးစားပေးနေဖြစ်မည်။ သို့သော် သနားမိ ရာမှ သံယောဇဉ်တွယ်သွားလိမ့်မည်။ ပတ်ဝန်းကျင်၏ ကဲ့ရဲ့ရှုတ်ချမှုကို ခံရမည်။ အချစ်တစ်ခုအတွက် များစွာစွန့်လွှတ်ရမည့်ကိန်း ဆိုက်နေသည်။

**ကျန်းမာရေး။** မလုပ်မကိုင်ချင်စိတ်တွေ များနေမည်။ နေ့နှင့် ည မှားနေမည်။ ပတ်ဝန်းကျင်ကြောင့် စိတ်အနှောင့်အယှက်ကြုံမည်။

**ကံကောင်းသောအရောင်** - အနက်၊ အညို၊ အပြာရင့်။

**ကံကောင်းသောဂဏန်း** - ၂၊ ၇၊ ၀။

**ယတြာ** - ဆရာများကို လက်ဆောင်ပေးခြင်း။ ကိုးကွယ်နေကျ စေတီသို့ သွားရောက်၍ ဝတ်ပြုခြင်းများ ပြုလုပ်ပြီး ဆုတောင်းပါ။

## အင်္ဂါသားသမီးများ



**ယခုလ ပြိဿရာသီ တတိယကြွင်းရုပ်အဟောထွက်သည်။**

**စီးပွားရေး။** အလုပ်ဟောင်းများ ပေါ်လာမည်။ အလုပ်တစ်ဖက်၊ လူမှုရေးကိစ္စတွေ တစ်ဖက်ဖြင့် ရှုပ်နေမည်။ လုပ်ငန်းတိုးချဲ့ရာတွင် အောင်မြင်မည်။ အလုပ်တွေ မနိုင်မနင်းဖြစ် မည်။ အေးဆေးစွာ အနားယူရန် လိုမည်။ အောင်မြင်မှုဒဏ်ကို မခံနိုင်ဖြစ်မည်။

**အိမ်ထောင်ရေး။** နီးလျက်နှင့် ဝေးမည်။ သို့မဟုတ် တစ်နယ်စီ ဝေးနေမည်။ အိမ်ထောင် ဘက်၏ လွှမ်းမိုးမှုကို ခံရမည်။ အိမ်အလုပ်တွေကို တစ်ယောက်တည်း သိမ်းကျုံးလုပ်နေရ မည်။ တာဝန်တွေ ပိနေမည်။ ကျေးဇူးတင်ခံရမှု နည်းမည်။

**ပညာရေး။** သင်ယူလျှင် တတ်လွယ်သော အချိန်။ ဆရာကောင်း၊ မိတ်ဆွေကောင်း များနှင့် တွေ့သလို၊ ပညာရေးအထောက်အကူပြုပစ္စည်းများလည်း ရလိမ့်မည်။ ပညာထဲ စိတ်နှစ်ထားလျှင် အောင်မြင်မည်။

**အချစ်ရေး။** ချွဲနွဲ့စွာ ပြောတတ်သူကြောင့် ကြည်နူးနေမိမည်။ အချစ်၏ ပတ်လည် တွင် ဆူးတွေ၊ ပြိုင်ဘက်တွေ ဝိုင်းနေမည်။ ဆွေမျိုး၊ မိတ်ဆွေတို့၏ နှောင့်ယှက်မှုကို ခံရမည်။ နှလုံးသားအတွက် ချိုမြိန်သောအချစ်တစ်ခုကို ရရှိမည်။

**ကျန်းမာရေး။** ရင်ဘတ်အောင့်မည်။ အစာမကြေဖြစ်မည်။ ငယ်ရွယ်သူများ အူအတက်ပေါက်ဝေဒနာ ခံစားရမည်။

**ကံကောင်းသောအရောင်** - အနီ၊ အဝါရောင်များ။

**ကံကောင်းသောဂဏန်း** - ၁၊ ၃၊ ၅။

**ယတြာ** - ကိုယ့်ထက် ကြီးသူတို့ကို ရိုသေစွာ ဆက်ဆံ၍၊ ၎င်းတို့သွားလိုရာ ဘုရားများသို့ လိုက်ပို့ပြီး ကိုယ်တိုင်လည်း ဆုတောင်းပါ။



www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓဟူးသားသမီးများ



**ယခုလ မေထုန်ရာသီ တတိယတြင်းရှစ်အဟောထွက်သည်။**

**စီးပွားရေး။** ရာထူးတက်၊ နေရာရ ဝင်ငွေကောင်းမည်။ ဂုဏ်ရှိမည်။ ကျော်ကြားမည်။ လေးစားခံရမည်။ အများအတွက် ဦးဆောင်ပေးနိုင်မည်။ ပညာသင်ကျောင်းများ၊ စာအုပ်ထုတ်ဝေရေးလုပ်ငန်းများ၊ ဆက်သွယ်ရေးအလုပ်များ၊ လုပ်သမျှ အောင်မြင်မှုတွေရသောအချိန်ဖြစ်သည်။ အလုပ်လျှောက်လျှင် ရလွယ်မည်။

**အိမ်ထောင်ရေး။** အေးချမ်းသာယာမည်။ စာကောင်းသောက်ဖွယ်များ မိသားစုမျက်နှာစုံညီစားဖြစ်မည်။ စကားလက်စုံပြောဖြစ်မည်။ အဝတ်အစားများ အားလုံးအတွက် ဝယ်ဖြစ်မည်။ အနည်းဆုံး ထီးတစ်ချောင်းစီတော့ ရကြလိမ့်မည်။

**ပညာရေး။** ဆရာလုပ်ချင်စိတ် များနေမည်။ တွေးခေါ်မှု ကောင်းမည်။ တီထွင်ကြံဆနိုင်မည်။ ဆရာထက် ပိုတော်သူဖြစ်နေမည်။ အတူနေ မိတ်ဆွေများကို ကူညီဖြစ်မည်။ စာအုပ်ကောင်းများ ရမည်။

**အချစ်ရေး။** အသက်ကြီး၍ တည်ကြည်ခန့်ညားသူတို့၏ အချစ်ကို ရလိမ့်မည်။ နားလည်မှုရှိမည်။ ငယ်ရွယ်သူများကြောင့် ဆုံးရှုံးနစ်နာမှုများ ကြုံမည်။

**ကျန်းမာရေး။** များသောအားဖြင့် ကျန်းမာရေးကောင်းမည်။ လူငယ်များ ပိုလှလာမည်။ သွက်လက် ဖျတ်လတ်၍ ကျန်းမာမည်။

**ကံကောင်းသောအရောင်** - အစိမ်းရောင်၊ အဖြူရောင်။

**ကံကောင်းသောဂဏန်း** - ၄၊ ၆၊ ၉။

**ယတြာ** - ရှေးဟောင်းဘုရားပြုပြင်ရာတွင် လုပ်အားဖြင့် ဖြစ်စေ၊ ငွေကြေးဖြင့် ဖြစ်စေ၊ ပါဝင်အလှူပြုပြီး ဆုတောင်းပါ။

## ကြာသပတေးသားသမီးများ



**ယခုလ မေထုန်ရာသီ ပထမတြင်းရှစ်အဟောထွက်သည်။**

**စီးပွားရေး။** ပြုပြင်ပြောင်းလဲမှု ပြုနေချိန်။ ကိုယ်ပိုင်အလုပ်ထက် စပ်တူအလုပ်ပိုအကျိုးပေးမည်။ စာချုပ်နှင့် အရောင်းအဝယ်ဆိုင်ရာများ၊ ငွေကြေးရွှေ့ပြောင်းခြင်း၊ ချိန်းခြင်း၊ ဘဏ်လုပ်ငန်းများ အကျိုးပေးမည်။ နိုင်ငံရပ်ခြားနှင့် အကျိုးပေးမည်။ လူထုကို အခြေခံသောအလုပ်များ တဖြည်းဖြည်းချင်း ဝင်ငွေတိုးလာမည်။ ယာဉ်၊ ကား၊ ခရီးသွားနှင့် ဟိုတယ်အလုပ်များ ထင်သလောက် ဝင်ငွေမရ။

**အိမ်ထောင်ရေး။** နေတတ်သလို နေထိုင်နေရမည်။ မငြိအောင် သတိပြုနေရမည်။ လူတင့်တယ်အောင် နေရသော်လည်း အိမ်တွင်းရေးကား ပြိုတော့မည့် ကမ်းပါးလို ပြိုလုလုဆဲအချိန်။ တရားနှင့်နေလျှင် ချမ်းသာမည်။

**ပညာရေး။** အတွေးအခေါ်များက ဘဝထက်ပိုပြီး အဘိဓမ္မာဆန်နေမည်။ အရာရာကို ဒဿနသဘောဖြင့် ရှုမြင်နေရမည်။ ဥပဒေနှင့် အဘိဓမ္မာများ၊ သိပ္ပံပညာရပ်များ သင်ယူလျှင် တတ်လွယ်မည်။

**အချစ်ရေး။** တာဝန်ယူလိုစိတ်နည်းနေမည်။ အချစ်ကို ရှောင်ကွင်းပြေးနေမိမည်။ ချစ်ပြီးခဲ့သော အချစ်များကို မေ့ပျောက်အောင် ကြိုးစားဖြစ်မည်။ အချစ်ရေးထက် ဦးနှောက်နှင့် ဘဝကို ဦးစားပေးနေဖြစ်မည်။

**ကျန်းမာရေး။** ဝမ်းလျှော ဝမ်းပျက်မည်။ အားနည်းမည်။ အစားအသောက် မဝင်ဖြစ်မည်။

**ကံကောင်းသောအရောင်** - အညိုရောင်၊ အနက်ရောင်။

**ကံကောင်းသောဂဏန်း** - ၄၊ ၅၊ ဝ။

**ယတြာ** - ငယ်စဉ်က ဆရာကို ဖြစ်စေ၊ ငယ်စဉ်ကတည်းက ကြည်ညိုခဲ့သော ဘုရားရုပ်ပုံကို ဖြစ်စေ၊ အပြစ်ဝန်ချ တောင်းပန် ကန်တော့ပြီး ဆုတောင်းပါ။



www.burmeseclassic.com

www.burmeseclassic.com

## သောကြာသားသမီးများ



### ယခုလ ကရကဋ်ရာသီ ဒုတိယတြင်းရုပ်အပေါ်ထွက်သည်။

**စီးပွားရေး။** စက်ရုံနှင့် စက်ပစ္စည်းများ၏ ပြင်ဆင်စရိတ်များကြောင့် ငွေကုန်မည်။ လျှပ်စစ်စွမ်းအင်အတွက် ငွေသုံးနေရမည်။ မြေယာနှင့် အဆောက်အအုံထဲတွင်လည်း ငွေဝင်မည်။ အရင်းများသော်လည်း အမြတ်မှာ မမြင်ရသေးချေ။ အလုပ်သမားကြောင့် ငွေပိုကုန်မည်။ လုပ်ငန်းမတိုးချဲ့ ငွေရင်းနှီးမြှုပ်နှံမှု မပြုသင့်သောအချိန်ဖြစ်သည်။

**အိမ်ထောင်ရေး။** ဇွတ်တုတ်မေ့နေသောအချိန်။ နီးလျက် ကျောချင်းကပ်နေမည်။ ပြော လျှင်လည်း ငြင်းစရာ၊ ပြောစရာတွေချည်း။ စီးပွားရေး၊ ငွေရေးကြေးရေးကိစ္စပြောလျှင် ရန်ဖြစ်ရမည်။ နေသာသလို နေပါစေဟု ခွင့်လွှတ်ထားလျှင် အေးချမ်းမည်။

**ပညာရေး။** စက်မှုနှင့် ဘူမိဗေဒပညာရပ်များ သင်ကြားရ လွယ်ကူမည်။ မြေယာနှင့် စသပ်သော ပညာများ အတွေ့အကြုံရလာမည်။ အလုပ်နှင့်ဆိုင်သော ပညာရပ်များ ရမည်။ အလုပ်လုပ်ရင်း ပညာသင်ကြားခွင့်ရမည်။ လက်တွေ့ ပညာရပ်များ အကျိုးပေးမည်။

**အချစ်ရေး။** ဆုပ်လည်း စူး၊ စားလည်း ရူးသောအချိန်။ မျိုးရခက်၊ ထွေးရခက် ဖြစ်နေသော အချစ်၏ လောင်မြိုက်မှုကို ခံစားရမည်။ ဆုံးရှုံးရမှာ ကြောက်သော်လည်း တွေ့ရမှာ ကြောက်နေမိသည်။ အချိန်တစ်ခုထိ စောင့်ရန်လိုမည်။ အချိန်က စကားပြောလိမ့်မည်။ ကိုယ်တိုင် စိတ်ကြိုက်မဖြစ်ပေါ်သေးချေ။

**ကျန်းမာရေး။** အပူအဖိန့်ထွက်မည်။ သွေးထွက်လျှင် မရပ်ဖြစ်မည်။ အနာစိမ်းများ ပေါက်တတ်၍ အပူလွန်၊ အအေးလွန် အစားအစာများ သတိပြုသင့်သည်။

**ကံကောင်းသောအရောင်** - အနက်၊ စပ်ကျား၊ ကွက်ကျား။

**ကံကောင်းသောဂဏန်း** - ၀၊ ၇၊ ၉။

**ယတြာ** - ရေစပ်နားရှိ ဘုရားအား အမွှေးတိုင်များ လှူ၍ ဆုတောင်းပါ။

## စနေသားသမီးများ



### ယခုလ တူရာသီ ပထမတြင်းရုပ်အပေါ်ထွက်သည်။

**စီးပွားရေး။** ခရီးသွားလာရေး သစ်သီးနှင့် သီးနှံရောင်းဝယ်မှုများ၊ ရေလုပ်ငန်းများ အကျိုးပေးမည်။ အလုပ်ကောင်းမည်။ ဆရာများ၏ ကူညီစောင့်ရှောက်မှုကို ရရှိမည်။ စပ်တူ အကျိုးမပေး။ တပည့်ဆွေမျိုးများကြောင့် ငွေကုန်များမည်။ ဆောက်လုပ်ရေး၊ မြေယာများအတွက် မစွန့်စားသင့်ချေ။

**အိမ်ထောင်ရေး။** စကားများ ရန်ဖြစ်နေရမည်။ ကံမကောင်းသေးချေ။ သားသမီးများ၏ ယောက္ခမများကိုသာ ဂရုစိုက်သင့်သည်။

**ပညာရေး။** ဆရာကောင်းတွေ့မည်။ ကျောင်းနှင့် နီးသူများ ပိုမိုကံကောင်းသည်။ အမှတ်နည်းမည်။ အနုပညာနှင့် အားကစားများကို ပိုမိုစိတ်ဝင်စားမည်။ အောင်မြင်မည်။

**အချစ်ရေး။** ချစ်သူထံမှ လက်ဆောင်ရမည်။ အချစ်အတွက် အချိန်ယူ စဉ်းစား ရမည်ဖြစ်သော်လည်း နှလုံးသားကို ဦးစားပေးနေမိမည်။ အချစ်တစ်ခုကို ကိုးကွယ်နေမိမည်။

**ကျန်းမာရေး။** ထိခိုက်ပွန်းပဲ့ ဒဏ်ရာရနိုင်သည်။ ကားသတိပြုပါ။ ကံဇာတာညံ့သူ သူများအတွက် သွေးကြိုတင်ရာရမည့်အချိန် ဖြစ်သည်။ သို့သော် ဘာမျှမဖြစ်ပါ။ ကျန်းမာရေးဒေါင်ဒေါင်မြည်နေမည်။ မထိခိုက်အောင် သတိပြုပါ။

**ကံကောင်းသောအရောင်** - အဝါ၊ အဖြူ၊ အနက်။

**ကံကောင်းသောဂဏန်း** - ၅၊ ၆၊ ၀။

**ယတြာ** - ရွှေပြောင်ပြောင် တောင်ထိပ်ပေါ်က ဘုရားထံ ရောင်စုံပန်းများ လှူ၍ ဆုတောင်းပါ။

*****



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ် မောင်သူတော်သည် ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရခဲ့သူဖြစ်သည်။ အင်္ဂလိပ်စာ၊ သမိုင်း၊ ပထဝီနှင့် မြန်မာစာပေဘာသာရပ်များဖြင့် ဝိဇ္ဇာဘွဲ့ရခဲ့ပြီး လခစားအလုပ်မလုပ်ဘဲ ကျွန်ုပ် ဝါသနာပါသော စာရေးခြင်းအလုပ်ကို လုပ်နေသူဖြစ်သည်။

ကျွန်ုပ်သည် မဂ္ဂဇင်းများတွင် ဘဝသရုပ်ဖော် ဝတ္ထုတိုများကို ရေးရင်း လုံးချင်းဝတ္ထုရှည်များကို ရေးနေသူဖြစ်ပါသည်။

# ထူးဆန်းသောဖီးကွက်ရုပ်လက်စွပ်



ဘွဲ့ရပြီးနောက် ၁၀နှစ်ကြာအပြီး ကျွန်ုပ်သည် အရောင်းသွက် စာရေးဆရာစာရင်းမဝင်သေးပါ။

"ရွှေချိုးဖြူ"စာပေတိုက်ပိုင်ရှင်

www.burmeseclassic.com

www.burmeseclassic.com

ဦးအောင်မိုးသည် ကျွန်ုပ်၏ ဝတ္ထုကို နှစ်လ တစ်အုပ်၊ သုံးလ တစ်အုပ်ထုတ်ပေးပါသည်။

"ကြိုးစားရေးပါ။ မင်းရဲ့ စာအုပ်အရောင်းသွက် ဆယ်အုပ်စာရင်းဝင်တာနဲ့ မင်းကြိုက်ဈေး စာမူခကို ငါပေးမယ်"

စာအုပ်လုပ်ငန်းကို နှစ်ပေါင်းသုံးလေးဆယ်ကြာ လုပ်ကိုင်လာသော အသက် ၆၀နှစ်အရွယ် ဦးအောင်မိုးက ကျွန်ုပ်ကို ပြောပါသည်။

ကျွန်ုပ်မှာ တစ်ကိုယ်ရေသမားလည်း ဖြစ်၊ ကျွန်ုပ်၏ ဖခင်မှာလည်း ဌာနတွင် အရာရှိကြီးတစ်ယောက်ဖြစ်သောကြောင့် ငွေရေးကြေးရေးအတွက် ပူစရာမလိုပါ။

ကျွန်ုပ်သည် လစဉ် ကျွန်ုပ်ရသော မဂ္ဂဇင်းစာအုပ်များမှ စာမူခများနှင့် ဦးအောင်မိုးထံမှ ရသော ဝတ္ထုစာအုပ်စာမူခများဖြင့် ဘဝကို ရပ်တည်နေသူဖြစ်သည်။

ကျွန်ုပ်သည် လူ့ဘဝ သရုပ်ဖော်စာများ ရေးနိုင်ရန် သုံးလ တစ်ကြိမ် မြို့နယ်ကျေးရွာများသို့ သွား၍ လေ့လာပါသည်။ တစ်ခါ ခရီးထွက်လျှင် သုံးပတ်ခန့် ကြာပါသည်။

ကျွန်ုပ်သည် မွန်ပြည်နယ်၊ ဘီလူးကျွန်း၊ ချောင်းဆုံဇာတိဖြစ်ပါသည်။ ကျွန်ုပ်အဘွား ဒေါ်ပျားအုံ၏ မောင်တစ်ယောက်ဖြစ်သော ဦးညွန့်(ကျွန်ုပ်၏ အဘိုးလေး)ကို မကြာမကြာ အိပ်မက်မက်ရာ ကျွန်ုပ်သည် မိတ်များထံ ခွင့်ပန်ပြီး အဘိုးလေး ဦးညွန့်ရှိရာသို့ မော်တော်ကားလမ်းမှတစ်ဆင့် သွားပါသည်။

အဘိုးလေး ဦးညွန့်မှာ အသက်ရှစ်ဆယ့်သုံးနှစ်အရွယ်သို့ ရောက်နေလေပြီ။ (အဘွား ဒေါ်ပျားအုံမှာ ကွယ်လွန်သွားပါပြီ။)

အဘိုးလေးသည် ချောင်းဆုံ မြိုင်မိုရ်တောင်ခြေတွင် နေထိုင်ပြီး တိုင်းရင်းဆေးဆရာအဖြစ်ဖြင့် ဘဝတစ်လျှောက်လုံး အသက်မွေးလာသူဖြစ်ပါသည်။ အဘိုးလေးသည် မြန်မာ့ဗေဒင်ပညာကိုလည်း တတ်ကျွမ်း၏။ အဘိုးလေးသည် ခြံဝင်းထဲ၌ သီးသန့်တစ်ယောက်တည်းနေ၏။ အဘိုးလေး၏ဇနီး အဘွားလေးမှာ လွန်ခဲ့သော ၅နှစ်က ကွယ်လွန်သွား၏။ အဘိုးလေး၏ သမီးကြီး အပျိုကြီး ကျောင်းဆရာမက အဘိုးလေးနေအိမ်အနီးတွင် သီးသန့် အိမ်ဆောက်နေပါသည်။

ကျွန်ုပ်သည် အဘိုးလေးထံ ရောက်ရောက်ချင်း အမေပေးလိုက်သော အဘိုးအတွက် ကန်တော့ပစ္စည်းများနှင့် ကျွန်ုပ်က အဘိုးလေးအတွက် ဝယ်ယူခဲ့သော ပုဆိုးတစ်ထည်ဖြင့် အဘိုးလေးကို ကန်တော့ပါသည်။

"ကျွန်တော် အဘိုးလေးကို မကြာမကြာ အိပ်မက်မက်နေတာနဲ့ ရောက်လာတာပါ"

ဟု ပြောသောအခါ···

"ငါ့ကို အိပ်မက်မမက်ရင် မင်းက မလာဘူးပေါ့လေ သူတော်"

ဟု အဘိုးလေးက ပြုံး၍ ပြောရာ ကျွန်ုပ်သည် မဖြေနိုင်အောင် ဖြစ်သွားရပါသည်။

"ငါ မင်းတို့မိသားစုကို အခုတစ်လော သိပ်သတိရတယ်။ အထူးသဖြင့် မင်းရဲ့ ပုံရိပ်ကို ငါမြင်မြင်နေတယ်။ မင်းတို့ ဒီကို မရောက်တာ အနှစ် ၂၀လောက်ရှိပြီလေ။ ငါ မှတ်ထားတယ်။ ငါက သတိရတော့ မင်း အိပ်မက်မက်တာပေါ့"

ဟု အဘိုးလေးက ပြောသည်။

ကျွန်ုပ်သည် အဘိုးလေးနှင့်အတူ ဆယ်ရက်နေပြီးနောက် ရန်ကုန်ပြန်ရန် အဘိုးလေးကို ကန်တော့သောအခါ အဘိုးလေးသည် ဘုရားစင်ပေါ်ရှိ ယွန်းဘူးထဲမှ ပစ္စည်းတစ်ခုကို ထုတ်ယူလိုက်ပြီး ကျွန်ုပ်ရှိရာသို့ လာရင်း···

"သူတော်···မင်းအတွက် ဟောဒီ လက်စွပ်ငယ်ကို အဆောင်အဖြစ် ငါပေးလိုက်မယ်။ လက်စွပ်မှာ ဇီးကွက်ရုပ်ပါတယ်။ ငွေအစစ်နဲ့ လုပ်ထားတဲ့ လက်စွပ်။ လက်စွပ်က ငယ်တော့ မင်းလက်ထဲ စွပ်လို့ ရမှာမဟုတ်ဘူး။ အဲဒီတော့ ငါ အခုပေးလိုက်တဲ့ လက်စွပ်ကို အပ်ချည်ကြိုးနဲ့ ငါချည်ပေးလိုက်မယ်။ မင်းရဲ့ လည်ပင်းမှာ နေ့ရော ညပါ ဆွဲထားပါ။ ဇီးကွက်ရဲ့ သဘောက လာဘ်ရှင်တယ်။ အဲ··· တစ်ခုတော့ ငါ့ကို ကတိပေး။ ငါးပါးသီလကို လုံအောင် ထိန်းပါ့မယ်လို့။ နောက်ပြီး ဒီလက်စွပ်ကို မင်းရဲ့ မိဘတွေက လွဲရင် ဘယ်သူ့ကိုမှ မပြနဲ့။ သွားလေရာ လည်ပင်းမှာ ဆွဲထား။ အကျီနဲ့ ဖုံးထား။ မင်းအကျိုးထူးတွေ ရလိမ့်မယ်။ နောက်ဆုံးအချက်ကတော့ နောက် သုံးနှစ်တိတိပြည့်တဲ့အခါမှာ ဒီလက်စွပ်ကို ငါ့ထံ ပြန်ယူခဲ့ရမယ်"

ဟု ပြောပြီး အဘိုးလေးသည် လက်စွပ်ကို ဘုရားစင်ရှိ ပရိတ်အပ်ချည်ကြိုးဖြင့် နိုင်ခန့်အောင် ချည်ပြီး ကျွန်ုပ်၏ လည်ပင်းတွင် စွပ်ပေးလိုက်ရာ ကျွန်ုပ်သည် ကြက်သီးများ ထသွားပါတော့သည်။

"ကျွန်တော် အဘိုးလေး ပြောတာတွေအားလုံးကို လိုက်နာပါ့မယ်"

ဟု ပြောပြီး ကျွန်ုပ်သည် အဘိုးလေးကို ဦးသုံးကြိမ်ချလိုက်ပါသည်။

"ဒီလက်စွပ်ဟာ ငါ့ကို ငါ့အဘိုး ပေးခဲ့တာကွဲ့။ ဒီလက်စွပ်ဟာ မင်းကို အကျိုးပြုမယ်လို့ ငါ အာရုံရလို့ ပေးလိုက်တာ။ သုံးနှစ်တိတိပြည့်ရင် ငါ့

www.burmeseclassic.com

www.burmeseclassic.com

ကို ပြန်အပ်ရမယ်"

"စိတ်ချပါ အဘိုးလေး"

•••

ထို့နောက် ကျွန်ုပ်သည် မော်လမြိုင်မြို့သို့ သွားပြီး တည်းခိုခန်းတွင် တည်းခိုရင်း ကျိုက်မရော၊ သံဖြူဇရပ်၊ ကျိုက္ခမီ၊ မုဒုံ စသော မြို့များသို့ နေ့ချင်းပြန်ခရီးသွားရင်း လေ့လာမှုများ ပြုလုပ်ပါသည်။

တစ်ပတ်ကြာပြီး မော်လမြိုင်မှ မပြန်မီ တစ်ရက်တွင် ကျွန်ုပ်သည် မော်လမြိုင်ဈေးကြီးရှိ "နွယ်နီ"စာအုပ်အရောင်းဆိုင်တွင် ဝတ္ထုအရောင်းအခြေအနေကို ဝင်ရောက် အကဲခတ်စဉ် ဆိုင်အတွင်းကျကျ စားပွဲတွင် ထိုင်နေသူက တယ်လီဖုန်းစကားပြောနေရာ အသံကျယ်သောကြောင့် သူပြောနေသော စကားများကို ကျွန်ုပ် ကြားလိုက်ရသည်။

"ဆရာ ဦးအောင်မိုး…မင်းသစ္စာရဲ့ ဝတ္ထု အုပ်အစိတ်လောက် အမြန်ပို့ပေးပါ။ ဒီမှာ ပြတ်သွားပြီ၊ နောက်တစ်ခါ မင်းသစ္စာရဲ့ ဝတ္ထုတွေ ထုတ်ရင် ကျွန်တော့်ကို အုပ်ငါးဆယ်ပို့ပေးပါတယ်။ အရင်စာအုပ်ဟောင်းတွေကိုလည်း ဝယ်သွားကြလို့ ဒီမှာ မင်းသစ္စာရဲ့ ဝတ္ထုတွေ မရှိတော့ဘူး။ ဟုတ်တယ်၊ ဒီသုံးလေးရက်အတွင်း သူ့ဝတ္ထုတွေ အဝယ်လိုက်တယ်"

ကျွန်ုပ်သည် ထိုစကားများကို ကြားရသောအခါ အံ့သြသွားပြီး ရင်ထဲဝယ် အပျော်ကြီး ပျော်သွား၏။ အဘယ့်ကြောင့်ဆိုသော် မင်းသစ္စာမှာ ကျွန်ုပ်၏ ကလောင်အမည်ဖြစ်သောကြောင့်ပင် ဖြစ်သည်။

•••

ကျွန်ုပ် ရန်ကုန်ပြန်ရောက်သော အခါ မိခင်ဖြစ်သူက…

"သားကို ဝတ္ထုတွေ ထုတ်ပေးတဲ့ ဦးအောင်မိုးက တစ်မေးတည်း မေးနေတယ်။ သားပြန်ရောက်ရောက်ချင်း သူနဲ့ ဆက်သွယ်ပါတဲ့"

ဟု ဆီးပြောပါသည်။

ထိုည ကျွန်ုပ် အိပ်ရာဝင်ခါနီးတွင် ကျွန်ုပ်ထံ ဦးအောင်မိုး ဖုန်းဆက်သည်။

"မနက်ဖြန်မနက် ၁၀နာရီမှာ သူ့တိုက်ကို လာပါ"ဟူ၍ဖြစ်သည်။

နောက်တစ်နေ့တွင် ဦးအောင်မိုးထံ ကျွန်ုပ်သွားရန် ပြင်ဆင်နေစဉ် ဦးအောင်မိုးသည် ငွေထုပ်နှင့်အတူ ရှေ့နေတစ်ယောက်ပါ ပါလာပြီး ကျွန်ုပ်အိမ်သို့ ရောက်လာပါသည်။

"ဆရာရယ်…ကျွန်တော်လာမှာပါ"

ဟု ကျွန်ုပ်က ပြောသောအခါ -

"မင်း…ကံဇာတာတက်လာပြီ။ မင်းနောက်ကို ထုတ်ဝေသူတွေ လိုက်လာမှာ သေချာတယ်။ ဒါကြောင့် ငါက ဦးအောင်လာရတာ"

ဟု ပြောပြီး သူနှင့် ကျွန်ုပ် ဆွေးနွေးကြ၏။

ရွှေချိုးဖြူတိုက်နှင့် ဆယ်အုပ်စာ စာချုပ်ချုပ်လိုက်ပါသည်။ စာမူခကို ဦးအောင်မိုးက ယခင်ပေးနေကျ စာမူခထက် ခြောက်ဆတိုးပေးပါသည်။ (ငွေများကို ဆယ်အုပ်စာ ပေးချေပါသည်။)

အကယ်၍ သူနှင့် ချုပ်ဆိုထားသော စာချုပ်ကို ကျွန်ုပ်က ဖောက်ဖျက်လျှင် သူ့ကို လျော်ကြေးအဖြစ် စာမူခ၏ ဆယ်ဆကို ပေးရမည်ဖြစ်သည်။

"ဆရာ့ကျေးဇူးကြောင့်၊ ဆရာ စင်တင်ပေးလို့ ကျွန်တော် အခုလို အောင်မြင်တာပါ။ ဆရာ့ကျေးဇူးကို မမေ့ပါဘူး"

ဟု ကျွန်ုပ်က ပြောပါသည်။

သူတို့ပြန်သွားသောအခါ ကျွန်ုပ်သည် မိဘနှစ်ပါးအား စာမူခ သုံးပုံနှစ်ပုံကို ကန်တော့လိုက်ပါသည်။

ကျွန်ုပ်သည် လည်ပင်းတွင် ဆွဲထားသော ဇီးကွက်ရုပ် လက်စွပ်ကို အသာအယာကိုင်လိုက်မိပါသည်။

ဦးအောင်မိုးတို့ ပြန်သွားပြီး နာရီဝက်အကြာတွင် ငွေစပယ်ဖြူ စာပေတိုက်မှ ဦးလွန်းအောင်က တယ်လီဖုန်းဆက်ပါသည်။ သူတို့တိုက်မှ ကျွန်ုပ်၏ စာအုပ်များကို ထုတ်ပါမည်။ (သူပေးမည့် စာမူခမှာ ဦးအောင်မိုးထက် နှစ်ဆနီးပါး များပါသည်။)

ကျွန်ုပ်က ဦးအောင်မိုး၏ ရွှေချိုးဖြူနှင့် ဆယ်အုပ်စာ စာချုပ်ချုပ်လိုက်ပြီဟု ပြောလိုက်ပါသည်။

ထိုနေ့တစ်နေ့လုံး ကျွန်ုပ် အိမ်တွင်းအောင်းပြီး ကျွန်ုပ်ရေးထားသော စာမူများကို ပြန်လည်စိစစ်ပြီး ဦးအောင်မိုးကို ပေးရန် စာမူတစ်ခုကို ရွေး၍ ပြန်ဖတ်ပြီး စိစစ်ပါသည်။

“

ကျွန်ုပ်သည်
အဘိုးလေး ပေးသော
ဇီးကွက်ရုပ်လက်စွပ်
အစွမ်း ထက်ပုံကို
အသိအမှတ်ပြုလိုက်ပါသည်

”

www.burmeseclassic.com

www.burmeseclassic.com

နောက်သုံးရက်အကြာတွင် ကျွန်ုပ်သည် ဦးအောင်မိုးကို စာမူသွား ပေးပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းဈေး ဟောင်းရှိ ကျွန်ုပ်၏ သူငယ်ချင်း ပန်းချီ ဆရာ ဉာဏ်လေး၏ ပန်းချီကားများ အရောင်းဆိုင်သို့ သွားပါသည်။

ကျွန်ုပ်သည် သူ့ထံ တစ်လ တစ်ခါရောက်နေကျဖြစ်သည်။

"လာ···သူငယ်ချင်း၊ မင်းစာအုပ် ပေါက်သွားပြီမဟုတ်လား။ နောက်ဆုံး ထွက်တဲ့ "တာဝန်ကျေပါသည် ရော ဝတီ"ဟာ Top Ten ဝင်သွားပြီမဟုတ် လား"

ဟု ဆီးကြိုပြောပါသည်။

"မင်းအခြေအနေရော ကောင်းရဲ့ လား"

ဟု ကျွန်ုပ်က မေးသည်။

"မကောင်းဘူးကွာ။ တစ်လနေ လို့ တစ်ကား မရောင်းရဘူး"

ဟု ငြီးပါသည်။

သူနှင့် ကျွန်ုပ် ထိုင်စကားပြော နေစဉ် ကမ္ဘာလှည့်ခရီးသည်နှစ်ယောက် သူ့ဆိုင်ရှေ့ ရောက်လာပြီး သူ့ပန်းချီ ကားများကို ကြည့်ပြီးနောက် မြန်မာ ရှုခင်းကားတစ်ကားကို ဒေါ်လာကိုးရာ ဖြင့် ဝယ်သွား၏။ (ဒေါ်လာတစ်ထောင် ကို တစ်ရာလျှော့၍ ဉာဏ်လေးက ရောင်းလိုက်ခြင်းဖြစ်သည်။)

"မင်းလာတာ လာဘ်ကောင်း တယ်ကွ"

ဟု ဉာဏ်လေးက ဝမ်းသာစွာ ပြော၏။

ကျွန်ုပ်သည် လည်ပင်းမှ ဇီးကွက် ရုပ် လက်စွပ်ကို သတိရလိုက်သည်။

♦♦♦

နောက်တစ်လအကြာ ဉာဏ် လေးထံ သွားရာ သူ့ဆိုင်ပိတ်ထား သဖြင့် သူ့ဆိုင်နှင့် ကပ်လျက်ဆိုင်ကို



မေးရာ သူ့မိန်းမ နေမကောင်းလို့ ဆေးရုံတင်ထားလို့ သူဆိုင် မဖွင့်နိုင်တာ ဟု ပြောသည်။ ထိုဆိုင်ရှင်သည် ကျွန်ုပ် ကို သိသောကြောင့် ခဏထိုင်ပြီး အနား ယူပါဟု ပြောသဖြင့် ကျွန်ုပ်သည် သူ့ ဆိုင်ရှေ့တွင် ထိုင်နေစဉ် ခဏအကြာ ၌ ကမ္ဘာလှည့် ခရီးသည်တစ်သိုက် ရောက်လာပြီး သူ့ဆိုင်မှ ပန်းချီကား နှစ်ချပ်ကို တစ်ကားလျှင် ဒေါ်လာငါးရာ စီ ပေး၍ ဝယ်သွားကြ၏။

"ဆရာက လာဘ်ခေါ်လာတာပဲ။ ကျွန်တော့်ကားတွေ မရောင်းရတာ အတော်ကြာနေပြီ"

ဟု ဝမ်းသာစွာ ပြောပါသည်။

ကျွန်ုပ်သည် အဘိုးလေး ပေး သော ဇီးကွက်ရုပ်လက်စွပ် အစွမ်း ထက်ပုံကို အသိအမှတ်ပြုလိုက်ပါ သည်။

အဘိုးလေး ပြောသည့်အတိုင်း ကျွန်ုပ်သည် ငါးပါးသီလကို လုံအောင် ထိန်းပြီး နေထိုင်လှုပ်ရှားပါသည်။ ကျွန်ုပ် လာလျှင် လာဘ်ရွှင်သည်ဟု ဆိုကာ ဉာဏ်လေးနှင့် သူ့ဆိုင်နံဘေးမှ ပန်းချီ ကားရောင်းသူ ဦးရွှေမိုးသည် ကျွန်ုပ်ကို တစ်မျှော်တည်း မျှော်နေကြ၏။

ကျွန်ုပ်သည် ရေးကအတိုင်း တစ်လတစ်ခါသာ သွားပါသည်။ ကျွန်ုပ် သွားတိုင်း သူတို့ဆိုင်မှ ပန်းချီကားများ ရောင်းရပါသည်။ ကျွန်ုပ်တွင် အဆောင် ကောင်းရှိရမည်ဟု သူတို့ပြောသော် လည်း ကျွန်ုပ်သည် ဘာမှပြန်မပြောပါ။

ကျွန်ုပ်၏ ဝတ္ထုများမှာ သုံးနှ အတွင်း အရောင်းသွက် တစ်ဆယ်ထဲ မှ မထွက်တော့ပါ။ အချို့ဝတ္ထုများကို ရုပ်ရှင်သမား၊ ဗီဒီယိုသမားများက ဝယ် ကြသေး၏။

ဆရာ ဦးအောင်မိုးကလည် ကျွန်ုပ်ကို ထိုက်ထိုက်တန်တန် စာမူ များ ပေးပါသည်။

သို့နှင့် သုံးနှစ်ပြည့်ရန် တစ်လ အလိုတွင် ကျွန်ုပ်သည် အဘိုးလေ ဦးညွှန့်ထံ သွားပြီး ကျွန်ုပ်ရထားသော စာမူခများမှ ငွေများဖြင့် အဘိုးလေး ကန်တော့ရင်း ထူးဆန်းသော လက်စွ ကို အဘိုးလေးလက်ထဲ ထည့်လိုက် သည်။

"မင်း ကတိတည်တယ်၊ သ တော်။ အမှန်က သုံးနှစ်ဆိုတာ မင် ကတိတည်၊ မတည် ငါ စမ်းသပ်လိုက် တဲ့ သဘောပဲ။ မင်းဆက်ပြီး ဆောင်

ဟု ပြောပါသည်။ သို့သေ ကျွန်ုပ်က···

"အဘိုးလေး···ကျွန်တော့်ဘ ဟာ အထိုက်အလျောက်ပြည့်စုံသွာ ပြီ။ အဘိုးလေးရဲ့ ကျေးဇူးနဲ့ ဒီ ထူးဆ တဲ့ လက်စွပ်ရဲ့ ကျေးဇူးကြောင့်ပါ"

ကျွန်ုပ်က ထိုသို့ပြောသောအ အဘိုးလေးက သာဓုသုံးကြိမ်ရွတ် လိုက်ပါတော့၏။■

* * *

မြ



www.burmeseclassic.com

www.burmeseclassic.com

# ဘယ်အရွယ်မှ ထီပေါက်မလဲ

ညီညီလွင်

လူတိုင်း ထီပေါက်ချင်ကြသည်။ လူတိုင်း လူတိုင်းဟာလည်း ထီပေါက်ကိန်းတွေနဲ့ တစ်လှည့်မဟုတ် တစ်လှည့် ကြုံတွေ့ခဲ့ရစမြဲ။ ဘယ်အချိန်၊ ဘယ်အခါဆိုတာ မသိကြတော့ ခုတ်ရာ တခြား၊ ရှရာ တလွဲဖြစ်နေကြရစမြဲ။

ငွေအစုလိုက်အပြုံလိုက်ဝင်ကိန်း (ဝါ) ထီပေါက်ကိန်းကို လက်ရိုးဗေဒင်လေးတစ်ခုက အံ့ဩရလောက်အောင် လှစ်ဟပြနေပါသည်။ ရိုးရိုးရှင်းရှင်း လွယ်လွယ်ကူကူ ဤနည်းကလေးက မှန်မှန်ကန်ကန် နည်းစနစ်လေးဖြစ်နေတော့ ဖောက်သည်ချလိုက်ရပြန်သည်။

တွက်နည်းလေးက ဒီလိုပါ။

အသက်ကို တည်၊ ၈ နဲ့ စားပါ။ ရလာတဲ့ အကြွင်းကို အောက်ဖော်ပြပါ ဇယားနှင့် ချိန်ထိုးကြည့်ပါ။

ဥပမာတွက်ပြရလျှင်…

အသက် ၃၅နှစ်ရှိ တနင်္လာသားကို ထီပေါက်ကိန်းရှိ၊ မရှိ တွက်ကြည့်ကြမည်။ ၈နဲ့ စားပါက အကြွင်း (၃)ရရှိမည် ဖြစ်သည်။

| နေ့နံသား | ထီပေါက်နိုင်သော အကြွင်း |
|---|---|
| တနင်္ဂနွေ | ၁၊ ၃၊ ၄ ကြွင်းလျှင် ထိုနှစ်အတွင်း ထီပေါက်ကိန်းရှိသည်။ |
| တနင်္လာ | ၁၊ ၂၊ ၃ ကြွင်းလျှင် ထိုနှစ်အတွင်း ထီပေါက်ကိန်းရှိသည်။ |
| အင်္ဂါ | ၀၊ ၁၊ ၂ ကြွင်းလျှင် ထိုနှစ်အတွင်း ထီပေါက်ကိန်းရှိသည်။ |
| ဗုဒ္ဓဟူး | ၇၊ ၀၊ ၁ ကြွင်းလျှင် ထိုနှစ်အတွင်း ထီပေါက်ကိန်းရှိသည်။ |
| ကြာသပတေး | ၅၊ ၆၊ ၇ ကြွင်းလျှင် ထိုနှစ်အတွင်း ထီပေါက်ကိန်းရှိသည်။ |
| သောကြာ | ၃၊ ၄၊ ၅ ကြွင်းလျှင် ထိုနှစ်အတွင်း ထီပေါက်တိန်းရှိသည်။ |
| စနေ | ၆၊ ၇၊ ၀ ကြွင်းလျှင် ထိုနှစ်အတွင်း ထီပေါက်ကိန်းရှိသည်။ |

အသက် ၃၅နှစ်ရှိ တနင်္လာသားသည် (၃)ကြွင်း၍ ဒီနှစ် ၃၅နှစ်အတွင်း ထီပေါက်ကိန်းရှိနေပါပြီ။

ဤနည်းသည် နှစ်အလိုက် တွက်ချက်သွားနိုင်ပါသည်။

ထီဝါသနာရှင်များအတွက် မပင်မပန်းဘဲ အလွယ်သိမြင်နိုင်စေရန် နေ့နံသားအလိုက် ထီပေါက်ကိန်းရှိသည့် အသက်အရွယ်အပိုင်းအခြားကို ဇယားကွက်များနှင့် တင်ပြအပ်ပါသည်။

**(၁) တနင်္ဂနွေသားသမီးများ ထီပေါက်ကိန်းရှိသည့် အသက်အပိုင်းအခြား**

| | | | | | |
|---|---|---|---|---|---|
| ၂ | ၃ | ၄ | ၁၀ | ၁၁ | ၁၂ |
| ၁၈ | ၁၉ | ၂၀ | ၂၆ | ၂၇ | ၂၈ |
| ၃၄ | ၃၅ | ၃၆ | ၄၂ | ၄၃ | ၄၄ |
| ၅၀ | ၅၁ | ၅၂ | ၅၈ | ၅၉ | ၆၀ |
| ၆၆ | ၆၇ | ၆၈ | ၇၄ | ၇၅ | ၇၆ |

**(၂) တနင်္လာသားသမီးများ ထီပေါက်ကိန်းရှိသည့် အသက်အပိုင်းအခြား**

| | | | | | |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၉ | ၁၀ | ၁၁ |
| ၁၇ | ၁၈ | ၁၉ | ၂၅ | ၂၆ | ၂၇ |
| ၃၃ | ၃၄ | ၃၅ | ၄၁ | ၄၂ | ၄၃ |
| ၄၉ | ၅၀ | ၅၁ | ၅၇ | ၅၈ | ၅၉ |
| ၆၅ | ၆၆ | ၆၇ | ၇၃ | ၇၄ | ၇၅ |



www.burmeseclassic.com

www.burmeseclassic.com

(၃) အင်္ဂါသားသမီးများ ထီပေါက်ကိန်းရှိသည့် အသက်အပိုင်းအခြား

| | | | | | |
|---|---|---|---|---|---|
| ၃ | ၄ | ၅ | ၁၁ | ၁၂ | ၁၃ |
| ၁၉ | ၂၀ | ၂၅ | ၂၇ | ၂၈ | ၂၉ |
| ၃၅ | ၃၆ | ၃၇ | ၄၃ | ၄၄ | ၄၅ |
| ၅၅ | ၅၂ | ၅၃ | ၅၉ | ၆၀ | ၆၁ |
| ၆၇ | ၆၈ | ၆၉ | ၇၅ | ၇၆ | ၇၇ |

(၄) ဗုဒ္ဓဟူးသားသမီးများ ထီပေါက်ကိန်းရှိသည့် အသက်အပိုင်းအခြား

| | | | | | |
|---|---|---|---|---|---|
| ၁ | ၇ | ၈ | ၉ | ၁၅ | ၁၆ |
| ၁၇ | ၂၃ | ၂၄ | ၂၅ | ၃၁ | ၃၂ |
| ၃၃ | ၃၉ | ၄၀ | ၄၁ | ၄၇ | ၄၈ |
| ၄၉ | ၅၅ | ၅၆ | ၅၇ | ၆၃ | ၆၄ |
| ၆၅ | ၇၁ | ၇၂ | ၇၃ | ၇၆ | ၇၈ |

(၅) ကြာသပတေးသားသမီးများ ထီပေါက်ကိန်းရှိသည့် အသက်အပိုင်းအခြား

| | | | | | |
|---|---|---|---|---|---|
| ၅ | ၆ | ၇ | ၁၃ | ၁၄ | ၁၅ |
| ၂၁ | ၂၂ | ၂၃ | ၂၉ | ၃၀ | ၃၁ |
| ၃၇ | ၃၈ | ၃၉ | ၄၅ | ၄၆ | ၄၇ |
| ၅၃ | ၅၄ | ၅၅ | ၆၁ | ၆၂ | ၆၃ |
| ၆၉ | ၇၀ | ၇၁ | ၇၇ | ၇၈ | ၇၉ |

(၆) သောကြာသားသမီးများ ထီပေါက်ကိန်းရှိသည့် အသက်အပိုင်းအခြား

| | | | | | |
|---|---|---|---|---|---|
| ၃ | ၄ | ၅ | ၁၁ | ၁၂ | ၁၃ |
| ၁၉ | ၂၀ | ၂၅ | ၂၇ | ၂၈ | ၂၉ |
| ၃၅ | ၃၆ | ၃၇ | ၄၃ | ၄၄ | ၄၅ |
| ၁၅ | ၅၂ | ၅၃ | ၅၉ | ၆၀ | ၆၁ |
| ၆၇ | ၆၈ | ၆၉ | ၇၅ | ၇၆ | ၇၇ |

(၇) စနေသားသမီးများ ထီပေါက်ကိန်းရှိသည့် အသက်အပိုင်းအခြား

| | | | | | |
|---|---|---|---|---|---|
| ၆ | ၇ | ၈ | ၁၄ | ၁၅ | ၁၆ |
| ၂၂ | ၂၃ | ၂၄ | ၃၀ | ၃၁ | ၃၂ |
| ၃၈ | ၃၉ | ၄၀ | ၄၆ | ၄၇ | ၄၈ |
| ၅၃ | ၅၄ | ၅၅ | ၆၂ | ၆၃ | ၆၄ |
| ၇၀ | ၇၁ | ၇၂ | ၇၈ | ၇၉ | ၈၀ |

ထီဝါသနာရှင်များ လွယ်ကူ အဆင်ပြေစေရန် ရည်ရွယ်၍ အပင်ပန်းခံ တွက်ချက်ပြုလုပ်ပေးထားသော ဇယားကွက်များဖြစ်သည်။ ငှက်တစ်အုပ်ထဲသို့ ရမ်းသန်းပစ် သလိုမျိုးမဖြစ်စေရန် အကျိုးရှိရှိ အသုံးချနိုင်စေရန် ရည်ရွယ်၍ စိစဥ်တင်ဆက်ပေးလိုက်ရပါသည်။

* * *

ညီညီလွင်

## နေထိုင်ရေး(မင်္ဂလာ ၃ ပါး)

- ပတိရူပဒေသဝါသောစ၊ သင့်လျော်သောအရပ်၌နေခြင်း။
- ပုဗ္ဗေစကတပုညတာ၊ ရှေး၌ပြုဖူးသော ကောင်းမှုအထူးရှိခြင်း။
- အတ္တသမ္မာ ပဏိဓိစ၊ မိမိ၏ ကိုယ်စိတ်နှပါးကို စောင့်ထိမ်းခြင်း

ဧတံမင်္ဂလမုတ္တမံ၊ ဤသုံးပါးသည် မြတ်သောမင်္ဂလာမည်၏။



www.burmeseclassic.com

www.burmeseclassic.com

# လူဆိုးထိန်း မောင်ကြီးနှင့် ခလေမြို့ မြို့တော်ယဉ် နတ်နန်း

မကွေး ညိုစိမ့်



www.burmeseclassic.com

www.burmeseclassic.com

"ဖြောင်း…"

"အား…ကြောက်ပါပြီဗျ"

"ဖြောင်း…"

"မအိပ်တော့ပါဘူးဗျ"

"ဖြောင်း…"

"ကြောက်ပါပြီ၊ မအိပ်တော့ပါဘူးဗျ"

"ဖြောင်း…"

"အောင်မယ်လေး…လုပ်ကြပါဦး"

ကင်းလှည့်ကျနေသော ရဲတပ်သား လှမောင် ရဲစခန်းအပေါ်ထပ်မှ အောက်သို့ ဆင်းပြေး၏။ လှေကားအဆင်းမှာပင် ဒေါ်ဂျမ်းစိန်က မနားတမ်းလိုက်ရိုက်နေ၏။ ကင်းစောင့်နေရာတွင် အိပ်ငိုက်သွားသဖြင့် အရိုက်ခံရခြင်းဖြစ်သည်။

အချိန်က ည နှစ်နာရီ၊ နေရာက မကွေးတိုင်း၊ ချောက်မြို့နယ်၊ စလေ ရဲစခန်းမှာ ဖြစ်၏။ ခုနှစ်က ၁၉၅၀ခုနှစ်။

◆◆◆

ပေါက်ပေါက်ရှာရှာ ကြံကြံဖန်ဖန် လူဆိုးထိန်း မောင်ကြီးလုပ်ထားခြင်းဖြစ်၏။

လွန်ခဲ့တဲ့ တစ်လက ဒေါ်ဂျမ်းစိန်သည် လင်မယားချင်း ရန်ဖြစ်ရာတွင် စိတ်ညစ်သဖြင့် ကိုယ့်ကိုယ်ကိုယ် ကြိုးဆွဲချ၍ သေသွားခဲ့၏။

ဒေါ်ဂျမ်းစိန် စိတ်ညစ်မည်ဆိုလည်း ညစ်ထိုက်သည်။ ယောကျ်ားက အရက်သမား၊ ဘိန်းစား၊ အလုပ်မရှိ အကိုင်မရှိ။ မိန်းမဈေးရောင်းကျွေးနေသည်ကို အေးအေးလူလူမစား။ အရက်ရောင်းသော မိန်းမနှင့် ပွေရှုပ်နေသည်။ ဖဲကလည်း ရိုက်လိုက်သေး။ အရက်ဖိုး၊ ဘိန်းဖိုး မိန်းမထံ လက်ဖြန့်တောင်းသည်။ တောင်းမရတော့ ရိုက်သည်။ ဒေါ်ဂျမ်းစိန်ကလည်း နာမည်နှင့် လိုက်အောင် ကြမ်းသည်။ ယောကျ်ားနှင့် သူတစ်ပြန် ကိုယ်တစ်လှည့် ဆော်ကြနက်ကြသည်။ ထိပ်ပေါက်၊ ခေါင်းကွဲနှင့် စခန်းရောက်ရသည်မှာလည်း မရေတွက်နိုင်တော့။ ကြာတော့ ရဲစခန်းကလည်း လက်လျှော့ရသည်။

ဒေါ်ဂျမ်းစိန်မှာ ယောကျ်ား အရက်ဖိုး၊ ဘိန်းဖိုး၊ ဖဲဖိုးတွေ နတ်လွန်းလို့ ဈေးရင်းစားဖို့ အရင်းအနှီးပျောက်သွားသည်။

အရင်းအနှီးပျောက်တော့ တစ်ရာကျပ်လျှင် တစ်ဆယ်တိုးနှင့် ချေးရသည်။ ရတဲ့ ပိုက်ဆံ ဖွက်ထားပါသော်လည်း ဆန်အိုးမချန်၊ ဒန်အိုးမချန် အရက်နဲ့၊ ဘိန်းနဲ့ လဲစားသည်။ ဖွက်ထားတဲ့ ပိုက်ဆံကို ရအောင်ရှာပြီး ခိုးသုံးသည်။

ခိုးတဲ့နေရာမှာ တောက်ပြားက အဖေခေါ်ရသည်။ တစ်နေ့ ဈေးထဲမှာ လင်မယားချင်း ရန်ဖြစ်ရာမှ ပီသာလေးနှင့် ခေါင်းထုလိုက်ရာ ယောကျ်ားဖြစ်သူ ခေါင်းကွဲပြီး ဆေးရုံတင်လိုက်ရသည်။ ဒီတော့ လင်မယားက လင်မယားပဲ၊ ရိုက်နှက်မှုက ရိုက်နှက်မှုပဲဖြစ်၏။ ကိုယ်ထိလက်ရောက် ကျူးလွန်မှု (၃၂၆)ဖြင့် တရားစွဲခံရသည်။

စလေအချုပ်ထဲသို့ ရောက်သွား၏။ လူဆိုးထိန်း မောင်ကြီးက သနားသဖြင့် ကြံဖန်ပြီး အာမခံမည့် လူရှာပြီး အာမခံပေးလိုက်သည်။

စိတ်ညစ်လွန်းသဖြင့် ဒေါ်ဂျမ်းစိန် အိမ်ရောက်တော့ ကိုယ့်ကိုယ်ကိုယ် ကြိုးဆွဲချ၍ အဆုံးစီရင်သွားတော့သည်။

လူဆိုးထိန်း မောင်ကြီးသည် ဒေါ်ဂျမ်းစိန် ကြိုးဆွဲချသေခဲ့သော ကြိုး ကို သက်သေခံ ပစ္စည်းအဖြစ် ယူလာ၏။ ထို့နောက် သေမှုသေခင်းပြလိုက်သည်။

"ကိုင်း…ဒေါ်ဂျမ်းစိန်၊ ဒီနေ့ကစပြီး ငါ့ရဲ့ စခန်း အချုပ်ခန်းကို နင်စောင့် တော့။ ကင်းသမားတွေ အိပ်နေရင်လည်း ရိုက်ပုတ်ပြီး နှိုး"

လို့ အမိန့်ပြန်လိုက်သည်။

ထို့နောက် ရဲစခန်း၏ ဥယျာဉ် တိုင်ခြေကို တူးပြီး ဒေါ်ဂျမ်းစိန် ကြိုး ဆွဲချသေသော ကြိုးကို မြှုပ်လိုက်ပြီး ဘိလပ်မြေဖြင့် သံကရစ်ကိုင်ကာ ချပ် လိုက်လေ၏။

ထိုနေ့မှစ၍ ကင်းစောင့်ရင်း အိပ် ငိုက်နေသော ရဲများကို နားရင်းအုပ် တော့၏။ ရဲကင်းနယ်နိမိတ်ကျော်မှ ရပ် ၏။

ဟိုတစ်နေ့ကလည်း တရားခံ တစ်ယောက် ထွက်ပြေးဖို့ အချုပ်ခန်း တိုင်ကို ဒိုင်းလွှဖြင့် ဖြတ်ရာ ဒေါ်ဂျမ်းစိန် က နရင်းအုပ်လိုက်သဖြင့် အလုပ် မဖြစ်ခဲ့။

လူဆိုးထိန်း မောင်ကြီးက ဒီလို ပွေပွေလီလီလုပ်တတ်သော အရာရှိ တစ်ဦးဖြစ်၏။ သူကလည်း အမှုထမ်း ဆိုး။ မှုးလာရင် သူထင်ရာ လုပ်တတ် သူ။ သူ့ထက် ရာထူးကြီးသူ ဘယ်သူ့ ကိုမှ ဂရုမစိုက်တတ်။ သို့သော် ရပ်ရွာနဲ့ တည့်သည်။ အရပ်သားများက လည်း သူ့ကို ချစ်သည်။ လက်အောက် ငယ်သားများကလည်း ချစ်သည်။

သူဆိုးတာက နွားခိုးနှင့် ဓား မှန်သမျှ စခန်းသို့ ခေါ်မလာ။ လမ်း ပင် ပစ်သတ်လိုက်သည်။ ထ အလကားကျွေးမထားနိုင်၊ ဒီလိုကောင် တွေ ရှိနေတာ မြန်မာပြည်နာတယ်



www.burmeseclassic.com

www.burmeseclassic.com

ခန်းမှာ စာရင်းရှုပ်တယ်ဆိုပြီး လမ်းမှာပင် ရှင်းပစ်တတ်၏။

လူဆိုး၊ သူခိုး၊ ဓားပြတို့က လူဆိုးထိန်း မောင်ကြီးဟော့ဆိုလျှင် ရှုံ့ကြောက်ကြီးဖြစ်၏။

◆◆◆

နောက်တစ်ခုဖြစ်လာသည့် ပြဿနာကတော့ စေတနာအမှားဖြစ်သည်။ စလေမြို့ မြို့တော်ယဉ်နတ်နန်းကိစ္စဖြစ်သည်။

စလေမြို့တွင် ရှိသော နတ်နန်းမှာ စလေရဲစခန်း၏ အနောက်တောင်ထောင့်(စနေထောင့်)တွင် ရှိ၏။ ခြေတံရှည် အဆောက်အအုံသေးသေးကလေးဖြစ်သည်။ နတ်နန်းနှင့် ရဲစခန်းမှာ သံဆူကြိုးသာ ခြား၏။

ရဲစခန်း၏ အများသုံး အိမ်သာကလည်း ထိုစနေထောင့်မှာပဲ ရှိ၏။ နတ်နန်းနှင့် ကျောချင်းကပ်။

အိမ်သာက ပြည့်လျှံနေသည်။ လောက်များက တဖွားဖွား။ လောက်တွေက နတ်နန်းပေါ် တက်သည်။ သေးဆော်၊ ချေးဆော်ကလည်း နှာခေါင်းပိတ်ထား၍မရအောင် နံသည်။

တစ်နှစ်တစ်ခါ နတ်ပွဲအကြီးအကျယ် ကျင်းပသည်။ ချောက်မြို့မှ နတ်ကတော်များကို ခေါ်သည်။ ချောက်မြို့မှ အကောင်းဆုံး နတ်ဆိုင်းများကို ငှားသည်။ တစ်မြို့လုံး စိတ်ဝင်စားစွာ ကျင်းပသော နတ်ပွဲကြီးဖြစ်သည်။

ထိုသို့ ကျင်းပသောအခါ ထိုနတ်စင်ရှေ့တွင် တဲကြီး အကြီးအကျယ်ထိုးပြီး ၃၇မင်း နတ်ရုပ်များ ထားရှိကာ အုန်းငှက်ပျော စုံလင်စွာ ပွဲထိုးကာ ခုနစ်ရက် ခုနစ်လီ ကပြကြ၏။ ကြက်ကြော်နှင့် အရက်မပြတ်။

လူဆိုးထိန်း မောင်ကြီး၏ အမြင်တွင် စိတ်မချမ်းသာစရာ တွေ့နေရ၏။ အကြောင်းမူ ၃၇မင်းနတ် အုန်းငှက်ပျောပွဲများပေါ်တွင် အိမ်သာမှ လောက်များ တဖွားဖွားသွားလာနေသည်ကို တွေ့မြင်ရသောကြောင့်ဖြစ်၏။ ကြက်ကြော်တွင် လောက်တွေက ဖွေးဖွေးလှုပ်နေ၏။

လူဆိုးထိန်း မောင်ကြီးက ဘုရား၊ တရား၊ သံဃာနှင့် နတ်အားလုံးကို ယုံကြည်၏။ ယခုကဲ့သို့ အထွတ်အမြတ်ထားသော ကန်တော့ပွဲများပေါ်တွင် အိမ်သာမှ မစင်စား လောက်များ တဖွားဖွားသွားလာနေသည်ကို မြင်ရလေရာ စိတ်မချမ်းမသာဖြစ်ပြီး ရပ်မိရပ်ဖများကို ခေါ်၍ အစည်းအဝေးလုပ်ကာ နတ်ကွန်းရွှေ့ရန် တိုင်ပင်ကြ၏။

ရပ်မိရပ်ဖများကလည်း ဤမသန့်ရှင်းသောနေရာတွင် နတ်ကွန်းမထားတော့ရန်နှင့် စလေမြို့၏ အရှေ့ဘက် (လက်ညှိုးထိုးဘုရားအနီး)ကွင်းပြင်ကြီးတွင် ကျကျနနတည်ဆောက်ရန် သဘောတူကြ၏။

အားချင်းပင် ငွေများ စုဆောင်းပြီး နတ်ကွန်းကြီး ဆောက်လိုက်ကြ၏။ ကျကျနနဆောက်နေသဖြင့် တစ်လကြာသွား၏။ နတ်ကွန်းပြီးသွားသောအခါ မြို့တော်ယဉ် နတ်များအား အိုးစည်ဗုံ၊ ဒိုးပတ်ဝိုင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ရွှေ့ပြောင်းလိုက်ကြ၏။

ထိုသို့ ရွှေ့ပြောင်းရာ နတ်ရုပ်များကို နတ်ကွန်းအသစ်ပေါ်သို့ တင်နေသည့်အချိန်တွင် မြို့ထဲမှ မီးသံချောင်းခေါက်သံကြားရလေ၏။

မြို့လူထုအားလုံးမှာ နတ်ကွန်းသို့ ရောက်နေကြ၏။ နတ်ကွန်းနှင့် မြို့မှာ တစ်မိုင်ခန့်သာ ဝေးသည်။ မြို့ကလည်း ကျဉ်းကျဉ်းလေး။ ရဲစခန်း၊ ဈေးနှင့် ရပ်ကွက်မှာ တစ်ဆက်တည်းရှိ၏။

ဥပမာပြောရလျှင် တောင်ညကွာလာ ရပ်ကွက်၏ တစ်ဝက်ခန့်သာ ရှိသည်။ ရဲစခန်း၊ ဈေး၊ ရပ်ကွက်ပြီးလျှင် ရောဝတီမြစ်ကို ရောက်သည်။ လူဦးရေကလည်း နည်းသည်။ ဘုရား၊ ကျောင်း၊ ကန် စေတီပုထိုးများသာ ပေါများသည်။ ငွေးချိုဘက်သို့ ထွက်သော ကတ္တရာလမ်းမကြီးတစ်လမ်းသာ ရှိသည်။

ရဲစခန်း မီးလောင်နေပြီဟု သတင်းကြားသဖြင့် နတ်ရုပ်များကို နတ်စင်ပေါ် တင်ထားခဲ့ပြီး မြို့ထဲသို့ ပြေးကြရ၏။

မြို့လူထု မြို့ထဲသို့ ရောက်တော့ မီးငြိမ်းသွားပြီ။ နတ်ကွန်းဟောင်းအနီးက ရဲအိမ်သာ မီးလောင်ခြင်းဖြစ်၏။ ဒီတော့မှ လူဆိုးထိန်း မောင်ကြီး စဉ်းစားမိသည်။ နတ်ကွန်းကို ရွှေ့မည့်အစား အိမ်သာကို ရွှေ့လိုက်လျှင် ပြီးမည့်ကိစ္စ။ ယခုတော့ အားလုံး လက်လွန်သွားပြီ။

ဤသို့ဖြင့် ညရောက်သွား၏။ သန်းခေါင်ကျော်အချိန်တွင် မြို့ကို သူပုန်ဝင်စီးသကဲ့သို့ မြင်းခွာသံများ ကြားရသည်။ မြို့လူထု ထိတ်လန့်ကြောက်ရွံ့သွားကြ၏။ တစ်မြို့လုံး မြင်းခွာသံများ၊ မြင်းဟည်သံများ ကြားရသည်။ ထိုခေတ်အခါက ရဲစခန်း၊ ဆေးရုံနှင့် အစိုးရရုံးမှာသာ လျှပ်စစ်မီးရသည်။ လမ်းမီးမရှိ။ မှောင်မည်းနေသဖြင့် မြင်းခွာသံများ ကြားရသော်လည်း ဘာမှမတွေ့။

မြင်းခွာသံနှင့် မြင်းဟည်သံများမှာ နတ်စင်အဟောင်းနေရာတွင် ရပ်ပြီး ပျောက်သွား၏။ နံနက်မိုးလင်းသောအခါ ရပ်မိရပ်ဖများ ရဲစခန်းသို့ ရောက်လာပြီး နတ်ကွန်းကိစ္စ ဆွေးနွေးကြပြန်သည်။

“ဗိုလ်ကြီး…ကျွန်တော်တို့ နတ်ကွန်းရွှေ့တာ မှားပြီထင်တယ်။ အိမ်သာက



www.burmeseclassic.com

www.burmeseclassic.com

တွေလည်း မကောင်းဘူး။ ညကျတော့လည်း ကောင်းကောင်းမအိပ်ရဘူး။ မြင်းခွာသံတွေ ကြား၊ အိမ်သာတွေ မီးလောင်နဲ့ သတိပေးနေတာ ထင်တယ်"

ဟု အရပ်လူကြီးက ပြော၏။

"ဟုတ်တယ် ဦးလှမောင်။ အခု ကျွန်တော်တို့ အိမ်သာတွေ အကုန်မီးလောင်သွားပေမယ့် အိမ်သာနဲ့ ကပ်လျက်ရှိတဲ့ နတ်ကွန်းအဟောင်းက မီးမလောင်ဘူး။ ဘယ်လောက် ထူးဆန်းလဲဗျာ။ နောက်ပြီး ပြောရဦးမယ်။ ကျွန်တော်က ကိုယ့်ကိုယ်ကိုယ်သတ်သေသွားတဲ့ ဒေါ်ဂျမ်းစိန်ကို ရဲစခန်းအစောင့်အဖြစ် ထားခဲ့တာ။ ညက ကျွန်တော့်ကို အိပ်မက်ပေး တောင်းဆိုနေတယ်ဗျာ"

"ဘယ်လိုများလဲ၊ ပြောပြစမ်းပါဦး"

"ဟဲ့ကောင် ငကြီး···နင်တို့ နတ်ကွန်းရွှေ့တာ မှားနေပြီ။ နင်တို့အမြင်မှာ နတ်ကွန်းက သေးတော ချုံတောထဲမှာ ရှိနေတယ် ထင်နေတာ၊ မြင်လည်း မြင်နေတာကိုး။ ငါတို့နာနာဘာဝတွေမှာက အဲ့သလို မဟုတ်ဘူး။ ငါတို့နေနေကျ နေရာ၊ အပိုင်စားရထားတဲ့ နေရာတွေမှာ ငါတို့က နေသားကျနေပြီ။ နင်တို့ ရွှေ့ချင်တိုင်း ရွှေ့လို့ မရဘူး။ ငါတို့နေရာက ငါတို့အဖို့တော့ သန့်ရှင်းလှပနေတာပဲ။ ဒီနတ်ကွန်းကို ပြန်မရွှေ့ရင် နင် ဒုက္ခလှလှကြီးတွေ့မယ်။ နောက်ပြီး ငါလည်း လွတ်လွတ်လပ်လပ်နေချင်ပြီ။ ငါ့ကိုလည်း ကျွတ်ကျွတ်လွတ်လွတ်ဖြစ်အောင် အမျှဝေပေးပါ"လို့ လာပြောတယ်ဗျ"

ဟု လူဆိုးထိန်း မောင်ကြီးက ပြောပြ၏။

"ဟုတ်တယ် ဦးမောင်ကြီးရေ။ ကျွန်တော်လည်း ညက အိပ်မက်မက်တယ်။ နတ်ကွန်းပြန်မရွှေ့ရင် တစ်မြို့လုံး မီးလောင်တိုက်သွင်းပစ်မယ် ပြောတယ်ဗျ"

အရပ်လူကြီး ဦးလှမောင်ကလည်း ပြော၏။ ကျန်ရှိနေသော အရပ်လူကြီးများကလည်း သူတို့မက်သမျှ အိပ်မက်တွေကို ပြောပြကြ၏။ ပြောပြချက်များမှာ တစ်ခုမှ မကောင်း။ မြို့တော်ယဉ်နတ်များက မကျေနပ်ကြောင်းများသာ ဖြစ်၏။

"ဒေါင်···ဒေါင်···ဒေါင်"

"မီး···မီး···ဈေးကြီး မီးလောင်နေပြီဟေ့"

အစည်းအဝေးလုပ်နေခိုက် မီးလောင်လေ၏။ နံနက် ၉နာရီအစည်းအဝေးလုပ်နေစဉ် မီးလောင်ခြင်းဖြစ်၏။ ချောက်မြို့နှင့် ကျောက်ပန်းတောင်းမြို့ မီးသတ်၏ ကူညီမှုဖြင့် ညနေ ၄နာရီတွင် မီးငြိမ်းသွားသည်။ မြို့တစ်ဝက်ပြာကျသွားသည်။

လူကြီးတွေ မိုးမီးလောင်ချေပြီ။ မြို့လူထုအကူအညီဖြင့် နေရာဟောင်းတွင် နတ်ကွန်းအသစ် ပြန်၍ဆောက်ကြ၏။ နတ်ကွန်းအဟောင်းကိုလည်း လုံးဝ မထိရဲ။ သူ့အတိုင်း စုတ်စုတ်ပြတ်ပြတ် ထားလေ၏။

နေ့နေ့ညည မီးစက်အကူအညီဖြင့် နတ်ကွန်းကို အားချင်းပြီးအောင်ဆောက်ကြ၏။ ရဲအိမ်သာများကိုလည်း ပြောင်းပစ်ကြသည်။ မြို့တော်ယဉ် နတ်ကွန်းနေရာမှာ သန့်ရှင်းသွားတော့သည်။

"ငကြီး···ဒီပြဿနာက နင်က စခဲ့တာ။ နတ်ကွန်းကို နေရာရွှေ့လိုက်တဲ့အတွက် နင် နယ်ပြောင်းရတော့မယ်။ နင်သေတော့မယ်"

လို့ ဒေါ်ဂျမ်းစိန်က အိပ်မက်ပေး၏။ ပြီးတော့ ဆက်ပြောသည်မှာ···

"နင့်ကို ငါ မကျေနပ်နေတာ ကြာပြီ။ နင့်ရဲ့ ရဲလူပျင်းတွေကြောင့် ငါ့မှာ ကောင်းကောင်းမအိပ်ရဘူး။ နင်က နိုင်းစရာရှိတာသာ နိုင်းတာ၊ ငါ့ကို ရေတစ်ခွက်တောင် တိုက်ဖော်မရဘူး။ နင်က ငါ့ထက် ဘုန်းကံမြင့်နေလို့ လုပ်မရလို့ မလုပ်ဘဲ နေတာ။ ကိုင်း··· အခုတော့ နင့်ထက် ဘုန်းကံမြင့်တဲ့ မြို့တော်ယဉ်နတ်တွေနဲ့ နင်တွေ့နေပြီ။ ငါက အဆင်းကို တွန်းချလိုက်ရုံပဲ ရှိတယ်။ နင်သေဖို့သာ ပြင်တော့"

ဟု ဒေါ်သတကြီးပြောဆိုနေ၏။

"ကျုပ်က ပျော်စေ၊ ပြက်စေ ကလက်စေဆိုတဲ့ သဘောနဲ့ ခင်ဗျားကို လုပ်လိုက်တာ။ ခင်ဗျား ဒီလိုတကယ်ဖြစ်နေမယ်လို့ မထင်ဘူး။ ကျုပ်က ခင်ဗျားကို နောက်တစ်ဘဝကူးသွားပြီလို့ ထင်တာ။ ဒါ စိတ်ဆိုးစရာလား"

ဟု လူဆိုးထိန်း မောင်ကြီးက ပြန်ပြောသည်။

"ဆင်ကတော့ သူ့ဘာသာသူ သေးပေါက်ချလိုက်တာပဲ။ ဒါပေမယ့် အဲဒီနားမှာ ရှိတဲ့ ပုရွက်ဆိတ်တွေခမျာတော့ ပင်လယ်ထဲ နစ်သလို ဒုက္ခတွေခံစားရတာပဲ ငကြီးရဲ့။ နင်တို့အဖို့တော့ အပရိကပေါ့။ ငါ့မှာတော့ နင့်အမိန့်နဲ့ ကင်းစောင့်နေရတယ်။ မအိပ်ရ မစားရနဲ့။ နင့်ကို ငါ မကျေနပ်ဘူး"

"မကျေနပ်ရင်လည်း မတတ်နိုင်ဘူး။ မှားတာတွေလည်း မှားခဲ့ပြီ။ မြို့တော်ယဉ် နတ်ကွန်းကိစ္စကလည်း စေတနာအမှားပဲဗျ။ ခင်ဗျား ကျေနပ်အောင်' ကျုပ်က ဘာလုပ်ပေးရမှာတုန်း"

"ဩော်···ငကြီးရယ်၊ နင်က အသိခေါက်ခက် အဝင်နက် ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com

လူမျိုးပါလား။ နင်မှတ်ထား၊ ငါတို့လို ကိုယ့်ကိုယ်ကိုယ် လည်ပင်း ကြိုးဆွဲချပြီး သေတဲ့ လူတွေရဲ့ ဝိညာဉ်က အဲဒီကြိုးမှာပဲ ဝင်စီးနေကြတာဟဲ့။

သူများနွားကို ခိုးစားနေတဲ့ နွားသူခိုးတွေဟာဆိုရင် ဒီကြိုးကို ယူ၊ နှစ်ပိုင်းပိုင်း၊ ခိုးတော့မယ်ဆိုရင် ရွာထိပ်က နတ်ကွန်းပေါ်ကို ကြိုးတစ်ပိုင်းတင်ထားပြီး "ကျုပ်တို့ ဒီရွာက နွားကိုခိုးတော့မယ်။ ခင်ဗျားတို့ ဟောင်မယ့်ခွေးတွေ မဟောင်အောင် ပါးစပ်ပိတ်ပေးပါ။ ကင်းစောင့်တဲ့ ကင်းသမားတွေကျုပ်တို့ကိစ္စပြီးမှ နိုးအောင် လုပ်ထားပေးပါ"လို့ ပြောပြီး ရွာထဲက ခိုးမယ့်အိမ်ရဲ့ အိမ်ဦးတိုင်မှာ ဒီကြိုးကို ချည်လိုက်ရင် အဲဒီရွာက နွားကို ခိုးချင်သလောက် ခိုးယူပေတော့၊ ဘယ်သူမှ မသိကြဘူး။ ရွာအပြင်ရောက်မှ ကျန်ခဲ့တဲ့ လူတစ်ယောက်က ကြိုးတွေလိုက်သိမ်းပြီး ချောချောမောမော ကိစ္စပြီးအောင် နာနာဘာဝကြိုးပိုင်ရှင်က လုပ်ပေးရတယ်ဟဲ့။ ကူညီရတယ်။ ဒါတောင် နင် မသိဘူးလား"

"ကျုပ်က သိရအောင် စိုင်းဘာဘာလည်း မဟုတ်၊ ဘဘိုးမင်းခေါင်လည်း မဟုတ်၊ ဂမ္ဘီရ ကြေးလည်း မဟုတ်။ ပေါက်ပေါက်ရှာရှာ သိနိုင်ပါ့မလားဗျ။ ဟားဟားဟား…"

"ဟဲ့ - တစောက်ကန်း ကြေး၊ အရာရာတိုင်းကို နင့်စိတ်ထင်တိုင်း မလုပ်နဲ့။ ဘာမဆို ပေါ့ပျက်ပျက်မတွေးနဲ့။ နင် ဒီရက်ပိုင်းအတွင်း သေတွင်းကို ဆင်းရမယ်မှတ်"

"ဟာ…ခင်ဗျားကလည်း မသိလို့ စေတနာနဲ့ အမှားလုပ်မိတာ။ သေဖို့ချည်း ကျိန်စာတိုက်နေတော့တာပဲ။ ကဲပါ၊ ဒါတွေ ပြေပျောက်အောင် ကျုပ်ဘာလုပ်ပေးရမလဲ"

"ငါပြောတာ သေချာနားထောင်။ မပျက်မကွက်လုပ်။ ပျော်စေ ပြက်စေ မလုပ်နဲ့။ စိတ်ထဲမှာ လိုလိုလားလားနဲ့ ယုံယုံကြည်ကြည်လုပ်။ နင် သေဘေးက လွတ်မယ်။ အဲဒီလို မလုပ်ဘူးဆိုရင်တော့ ဒီလအတွင်း နင်သေမှာပဲ"

"သေမှာတော့ မကြောက်ပါဘူး။ ဒါပေမယ့် လုပ်ရမယ့်ကိစ္စတော့ ပြောပါ၊ လုပ်ပါ့မယ်"

"နင် အရက်လှူရမယ်။ မြို့တော်ယဉ်ကို အမှူးထားပြီး အတွင်း ၃၇မင်း၊ အပြင် ၃၇မင်း နတ်ပွဲကျင်းပရမယ်။ နောက်ပြီး ငါ့ကြိုးကို ပြန်ဖော်ပြီး ငါ့အတွက် ဘုန်းကြီးငါးပါးကို ပရိက္ခရာရှစ်ပါးလှူပြီး ငါ့ကို ကျွတ်အောင် လွှတ်အောင် လုပ်ပေး"

"အဲဒါတွေ လုပ်လိုက်ရင် ဒီဒုက္ခဘေးက လွတ်မှာလား"

"အပြောင်းအရွှေ့ အပြစ်ဒဏ်တော့ ခံရမှာပဲ။ ဒါပေမယ့် သေဘေးကတော့ လွတ်မယ်"

"ကောင်းပြီ၊ ဒါဆို မနက်ဖြန်စ,လုပ်မယ်"

♦♦♦

မိုးလင်းသည်နှင့် ရာဝင်အိုးစဥ့်အိုးငါးလုံးဝယ်လိုက်သည်။ စလေမြို့မှ သိက္ခာရှိ ဆရာတော်ငါးပါးပင့်သည်။ အရက်ကို ရာဝင်အိုးငါးလုံးအပြည့် ထည့်လိုက်သည်။

နတ်ရုပ်တွေကို အသစ်ဆောက်ထားသော နတ်ကွန်းအဟောင်းနေရာသို့ ချက်ချင်းရွှေ့ပြီး မဏ္ဍပ်အကြီးကြီးထိုးပြီး ပုပ္ပားမှ နတ်ဆိုင်းနှင့် နတ်ကတော်များကို ပင့်ဖိတ်ပြီး ၇ရက်တိတိ နတ်ပွဲကျင်းပရန် စီရင်လေတော့၏။

ရဲစခန်းအတွင်းရှိ ဒေါ်ဂျမ်းစိန်၏ ကြိုးကို ဖော်လိုက်ပြီး အသံမစဲ မဟာပဋ္ဌာန်းပွဲ ၇ရက်ကျင်းပသည်။ ဘုန်းကြီးဆွမ်းကျွေးရာတွင် ဘုန်းကြီးတစ်ပါးလျှင် အရက်အပြည့်ပါသော ရာဝင်အိုးတစ်လုံးကျစီ လှူ၏။ ထိုအခါ ဆရာတော်များက…

"ဟဲ့ - မောင်ကြီး၊ ဒီအရက်တွေက ဘာလုပ်တာတုန်း"

ဟု မေးသည်။

"မှန်လှပါ ဘုရား။ သေဆုံးသူ ဒေါ်ဂျမ်းစိန်က အရက်လှူရမယ် ပြောလို့ပါ ဘုရား"

"ဒီဒကာတော့ လုပ်လိုက်ရင် ပေါက်ကရတွေချည်းပဲကွာ။ ဒေါ်ဂျမ်းစိန် ပြောလိုတာက မင်း အရက်မသောက်တော့ဘဲ လှူဖို့ပြောတာ ဒကာရ"

"ဟာ…တပည့်တော်က လူတန်းစားပေါင်းစုံနဲ့ အလုပ်လုပ်ရတာဘုရား။ အရက်ကြိုက်တဲ့လူ အရက်၊ လက်ဖက်ရည်ကြိုက်တဲ့လူ လက်ဖက်ရည်နဲ့ သောက်စားပြီး အလုပ်ကိစ္စတိုင်ပင်ရတာဆိုတော့ အရက်ဖြတ်လို့ မဖြစ်ပါဘူး ဘုရား"

"ခက်လိုက်တဲ့ ဒကာကွာ။ မယ်သီလရှင်နဲ့ မိတ်ကပ်၊ ဘုန်းကြီးနဲ့ ဘီး ဆိုသလိုပဲ။ ဒီအရက်နဲ့ ငါတို့တရားသားတော်တွေ လားလားမှ မအပ်စပ်ဘူး ဒကာရ"

"သြော်…ဆရာတော်ကလည်း သုံးတတ်ရင် ဆေးတဲ့ ဘုရား"

"ဟော…ဒကာကြီးရဲ့ မင်းဟာက ဒီအရက်တွေကို ငါတို့က ဆေးဝါးအဖြစ် မှီဝဲရမယ်ပေါ့-ဟုတ်စ။ မင်းတော့ကွာ၊ ငါ မပြောလိုက်ချင်တော့ဘူး"

"မဟုတ်ပါဘူး ဘုရား။ ဒီအရက်တွေကို ဆေးအဖြစ် ပြောင်းလိုက်ဖို့ လျှောက်တင်တာပါ"

"ဟော…လုပ်စမ်းပါဦး၊ မင်းဆေးနည်း။ ဘာတွေအတွက် ကောင်းသလဲ

www.burmeseclassic.com

www.burmeseclassic.com

ဆိုတာ လျှောက်တင်စမ်းပါဦး"

"နံပါတ်တစ် - လေဖြတ်နေတဲ့လူတွေ၊ နံပါတ်နှစ် - တစ်ကိုယ်လုံးကိုက်ခဲနေသူတွေ၊ ဒူးနာ ခါးနာသမားတွေအတွက် ကောင်းပါတယ် ဘုရား။ လိုအပ်တဲ့ ဆေးအမယ်တွေက ရှောက်ဘီလူး သုံးပိဿာကို ပါးပါးလှီးပြီး ဒီအရက်ထဲကို ထည့်၊ ရေနံဆီ သုံးဂါလံ၊ ရေနံဆီမရရင် ဓာတ်ဆီထည့်၊ မင်သော်တစ်ပိဿာ၊ အဝတ်ချုပ်အပ်တစ်ထောင်၊ အားလုံးရောပြီး အရက်ထဲကို ထည့်၊ အပ်တွေ အရည်ပျော်ဝင်သွားတဲ့အထိ နေပူလှန်းထားရပါမယ်။ အပ်တွေ အရည်ပျော်သွားပြီဆိုရင်တော့ ဆေးဘဝရောက်သွားပြီပေါ့။ အဲဒီဆေးက လေဖြတ်နေတဲ့ သူတွေ လက်တွေ့ကောင်းတဲ့ ဆေးပဲဖြစ်ပါတယ် ဆရာတော်ဘုရား"

"အောင်မယ်လေး···မင်းဥစ္စာက တခြားဆေးအမယ်ဖိုးနဲ့ မွဲရချည်ရဲ့ကွာ"

"ဒါကတော့ ဆရာတော်ဘုရားရယ်၊ အရက်ကလည်း ရာဝင်အိုးနဲ့ အပြည့်ကို ဘုရား။ ပုလင်းနဲ့ဆိုရင် အပ်ဝချောင်း၊ ရှောက်သီးတစ်လုံး၊ မင်သော်တစ်ကျပ်သား၊ ရေနံဆီ တစ်ပုလင်းဆိုရင် ရပါတယ် ဘုရား။ တပည့်တော်ဆိုလိုတာက စဉ့်အိုးထဲမှာ စိမ်ထားရင် ရပ်ရွာက လူနာတွေကို ဝေရတာပေါ့ ဘုရား။ တစ်ခုတော့ သတိထား ဘုရား။ မသောက်ရဘူး၊ လိမ်းရမှာပါ ဘုရား"

"အေးပါ ဒကာရယ်၊ ငါ တခြားပစ္စည်းတွေကို အလှူခံပြီး လုပ်ထားပါ့မယ်။ မင်းလည်း အရက်ဖြတ်ကွ။ ကဲ···ကဲ၊ တရားနာကြမယ်ဟေ့"

"ဘုန်းဘုန်းဘုရား···အရေးကြီးတာက ဒီဒေါ်ဂျမ်းစိန် ကျွတ်လွတ်သွားအောင် လုပ်ပေးဖို့ပါ ဘုရား"

ဟု လျှောက်တင်ရာ ဘုန်းတော်ကြီးများက အားလုံးဆောင်ရွက်ပေးခဲ့၏။ လူဆိုးထိန်း မောင်ကြီးသည် ဘုန်းကြီးကိစ္စပြီးသောအခါ နတ်ပွဲ ၇ရက်ကျင်းပလေ၏။

ထိုရက်အတွင်းမှာပင် ပြဿနာတက်တော့သည်။

အလုပ်မအားသဖြင့် သူ့ကိုယ်စား တပ်ကြပ်ကြီးတစ်ဦးအား စလေမြို့ပိုင် (မခန့်ငယ်)ရွာသို့ ဓားပြမှု စုံစမ်းရန် လွှတ်လိုက်ရာ ဆရာကောင်းတပည့်ပီပီ ဓားပြခေါင်းဆောင်ကို အပြေးနိုင်ပြီး ပစ်သတ်လိုက်ရာ ရပ်ရွာက မကျေနပ်သဖြင့် မကွေး ရဲမင်းကြီးထံ တိုင်စာပို့ရာ တာဝန်ခံ လူဆိုးထိန်း မောင်ကြီး၏ ကြီးကြပ်မှု ညံ့ဖျင်းသည်ဟု ဆုံးဖြတ်ကာ မကွေးတိုင်း သရက်ခရိုင်၊ တိုင်နား ရဲကင်းဂါတ်သို့ ပြောင်းမိန့်ကျလေ၏။

◆◆◆

လူဆိုးထိန်း မောင်ကြီးသည် ဇနီးမယားနှင့် သားသမီးများကို မကွေးသို့ ပြန်ပို့ခဲ့ပြီး ရေဝတီနှစ်ထပ်သင်္ဘောဖြင့် သရက်မြို့သို့ ထွက်ခဲ့သည်။

သရက်မြို့သို့ ရောက်ရန် တစ်မိုင်အလိုတွင် သင်္ဘောသောင်တင်တော့သည်။ ရေစုန်ကို မောင်းလာသော ရေဝတီ နှစ်ထပ်သင်္ဘောသည် စက်အရှိန်၊ ရေစီးအရှိန်နှင့် သောင်တင်သွားရာ သင်္ဘောဝမ်းဗိုက်သည် သောင်အလယ်သို့ ရောက်သွားပြီး တခြားသင်္ဘောဖြင့် ဆွဲချမှ ရမည်ဖြစ်သည်။

သရက်မြို့ကို မြင်နေရပြီဖြစ်သော်လည်း လူဆိုးထိန်း မောင်ကြီး ရေဝတီမြစ်လယ်တွင် ညအိပ်ရတော့သည်။ သင်္ဘော သောင်တင်ခဲ့သည်မှာ နှစ်ရက်ကြာ၏။

လူဆိုးထိန်း မောင်ကြီး သရက်မြို့သို့ ရောက်၍ တိုင်နား ရဲကင်းသွားမည်ဟု လှုပ်ရှားနေချိန်တွင် သတင်းတစ်ခုရောက်လာသည်။

လူဆိုးထိန်း မောင်ကြီး မြစ်လယ်တွင် သောင်တင်နေစဉ် ညက သူပုန်ခေါင်းဆောင် နို့တစ်လုံးစိန် (ခေါ်) နော်အုန်းစိန်နှင့် သူပုန်ဗိုလ် သန်းထွန်းတို့က လူအင်အား၊ လက်နက်အင်အား အပြည့်ဖြင့် တိုင်နား ရဲစခန်းအား ဝင်စီးပြီး ရဲတပ်သားများနှင့် ဇနီး သားသမီးတို့ကို အကုန်သတ်ပြီး စခန်းပါ မီးရှို့သွားသဖြင့် ၎င်းဂါတ်ကင်း ပြုတ်သွားကြောင်း သတင်းကြားရလေရာ လူဆိုးထိန်း မောင်ကြီးမှာ ဆက်၍ မသွားရတော့ဘဲ သရက်စခန်းတွင် သောင်တင်သွားပါတော့သည်။

အကယ်၍သာ သင်္ဘော သောင်မတင်ဘဲ တိုင်နားစခန်းသို့ ရောက်ရှိသွားပါက လူဆိုးထိန်း မောင်ကြီး သေမှာ ဖြစ်ပါသည်။

"ကျေးဇူးတင်ပါတယ် ဒေါ်ဂျမ်းစိန်ရယ်"

ဟု လူဆိုးထိန်း မောင်ကြီး၏ စိတ်ထဲမှ ဒေါ်ဂျမ်းစိန်နှင့် စလေမြို့ မြို့တော်ယဉ် နတ်မင်းများအား ကျေးဇူးတင်စကားဆိုလိုက်၏။

အမျိုးသမီး သူပုန်ဗိုလ် နို့တစ်လုံးစိန်(ခေါ်) နော်အုန်းစိန်မှာ ယခုအခါ မြောက်ဥက္ကလာပမြို့ ဘုရားကြီးတွင် ရသေ့မဝတ်လျက်ရှိပြီး သန်းထွန်းမှာ မကွေးမြို့(တော်ဝင်)ရပ်ရှင်ရုံ မန်နေဂျာအဖြစ် ဆောင်ရွက်လျက်ရှိရာမှ ယခု ရုပ်ရှင်ရုံဖျက်သွားရာ ဘယ်ရောက်သွားသည် မသိတော့ပါ■

သဗ္ဗေ အနိစ္စ သင်္ခါရ

* * *

မကွေးညီညိုစိမ့်





www.burmeseclassic.com

www.burmeseclassic.com




# ၂၀၁၃၊ ဇူလိုင်လ ကောင်းကင်ဂြိုဟ်ရပ်တည်မှု

၂၀၁၃၊ ဇူလိုင်လ၏ ကောင်းကင်ထက်၌ မေထုန်ရာသီရောက် တနင်္ဂနွေဂြိုဟ် ဇူလိုင် ၁၇ရက်နေ့တွင် ကရကဋ်ရာသီသို့ ပြောင်းရွှေ့ဝင်ရောက်မည်ဖြစ်ပြီး ပြိဿရာသီမှ အင်္ဂါဂြိုဟ် မေထုန်ရာသီသို့ ဇူလိုင် ၂၂ရက်နေ့၌ ပြောင်းရွှေ့ရပ်တည်ပါမည်။ မေထုန်ရာသီ၌ ဖောက်ပြန်၍ သွားနေသော ဗုဒ္ဓဟူးဂြိုဟ် ဇူလိုင် ၂၀ရက်နေ့၌ အတည့်ပြန်သွားပါမည်။ ကြာသပတေးဂြိုဟ် မေထုန်ရာသီတွင် တည်ရှိနေပြီး၊ ကရကဋ်ရာသီမှ သောကြာဂြိုဟ် ဇူလိုင် ၁၈ရက်နေ့၌ သိဟ်ရာသီသို့ ပြောင်းရွှေ့ရပ်တည်ပါမည်။ တူရာသီတွင် ဖောက်ပြန်နေသည့် စနေဂြိုဟ် ဇူလိုင် ၈ရက်နေ့တွင် ယင်းရာသီ၌ အတည့်ပြန်သွားပါလိမ့်မည်။ ရာဟုနှင့် ကိတ်ဂြိုဟ်များ တူနှင့် မိဿရာသီများအတွင်း တည်ရှိနေ၍ ယူရေးနပ်စ်ဂြိုဟ် ဇူလိုင် ၁၈ရက်နေ့တွင် မိန်ရာသီ၌ ဖောက်ပြန်သွားလာမည်ဖြစ်ပြီး ကုမ်ရာသီတွင် နက်ပကျွန်းဂြိုဟ်ဖောက်ပြန်၍ ရပ်တည်နေပါလိမ့်မည်။ နေ့ရာသီမှ ပလူတိုဂြိုဟ် ဂြိုဟ်ပတ်လမ်းကြောင်းအတွင်း ဖောက်ပြန်၍ ရပ်တည်နေပါသည်။ ထူးခြားသော ဂြိုဟ်ဖြစ်စဉ်များအဖြစ် ဇူလိုင် ၅ရက်နေ့ မြန်မာစံတော်ချိန် ည ၁၀နာရီ ၁၂မိနစ်တွင် ကမ္ဘာသည် နေ၏ အဝေးဆုံး ဆုံမှတ်သို့ ရောက်ရှိပါသည်။ ယင်းအချိန်တွင် ကမ္ဘာနှင့် နေအကွာအဝေးမှာ မိုင်သန်းပေါင်း ၉၅သန်းခန့် ရှိနေပါမည်။ ဇူလိုင်လ ၉ရက် ညနေ ၄နာရီ ၅၅မိနစ်၌ ဗုဒ္ဓဟူးဂြိုဟ်နေ၏ အတွင်းဘက် ဂြိုဟ်ပတ်လမ်းကြောင်းထဲမှ ဖြတ်သန်း၍ ကမ္ဘာဖြင့် တိုက်ရိုက်တစ်တန်းတည်းကျရောက်သောဖြစ်စဉ် ဖြစ်ပေါ်ပါမည်။ အရှေ့လောင်ဂျီတွဒ် ၂၅ဒီဂရီ ၀၄မိနစ်နှင့် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၂မိနစ် ချက်နိုင်ငံအတွင်း၌ ဖြစ်စဉ်ပေါ်ပေါက်မည်။ နေ၏ အလင်းရောင်ပြန်ဟပ်မှုကြောင့် ဖြစ်စဉ်အား ကမ္ဘာမှ မမြင်တွေ့နိုင်ပါ။ ယင်းဖြစ်စဉ်ကြောင့် ရွှေဈေးနှုန်းများ အပြောင်းအလဲတွေ့ကြုံတတ်သည်။

ဇူလိုင် ၁၆ရက်နေ့၊ မြန်မာစံတော်ချိန် နေ့လယ် ၁၁ နာရီ ၁၄မိနစ်တွင် အလင်းအား ၅၀ရာခိုင်နှုန်းခန့် ရှိသောလမင်းကို စိတြနက္ခတ်(Star Spica )ကြယ်မှ ထွင်းဖောက်သော ဖြစ်စဉ်ဖြစ်ပေါ်မည်။ ဇူလိုင် ၁၉ရက်နေ့၊ မြန်မာစံတော်ချိန် မနက် ၆နာရီ ၂၂မိနစ်တွင် အလင်းအား ၈၀ရာခိုင်နှုန်းခန့်ရှိသော လမင်း၏ အနီး၌ ဗြိစ္ဆာရာသီခွင် ကြယ်စုရှိ (Star Graffias) ကြယ်မှ နီးကပ်စွာ ထွင်းဖောက်၍ ယှဉ်တွဲရပ်တည်မှု (Occulation of Graffias by The Moon ) ဖြစ်စဉ်


www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပေါ်လာပါမည်။

၂၀၁၃၊ ဇူလိုင် ၂၂ရက်၊ နေ့လယ် ၁၂နာရီ ၁၃မိနစ်တွင် အင်္ဂါနှင့် ကြာသပတေးဂြိုဟ်များ မေထုန်ရာသီ၌ ပူးယှဉ်စစ်ထိုးသောဖြစ်စဉ် ဖြစ်ပေါ်လာပါမည်။ ဖြစ်စဉ်ဖြစ်မည့်နေရာမှာ အရှေ့လောင်ဂျီတွဒ် ၇၀ ဒီဂရီ ၃၁မိနစ်နှင့် မြောက်လတ္တီတွဒ် ၂၃ ဒီဂရီ ၅၄ မိနစ်၊ အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံ နယ်စပ်ဖြစ်သော ဂူဂျာရတ်ပြည်နယ်(Gujarat)အတွင်း ဖြစ်စဉ်ဖြစ်ပေါ်ပါလိမ့်မည်။ အဆိုပါ ဂြိုဟ်နှစ်လုံးပူးယှဉ်၍ ရှမ်းပြည်မြောက်ပိုင်း၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့်ချင်းပြည်နယ်များအပေါ်သို့ နံနက် ၁၀ နာရီ ၁၅မိနစ်မှ နံနက် ၁၀နာရီ ၄၅မိနစ်အတွင်း ဖြတ်သန်းသွားပါမည်။ ရာသီဥတုကြည်လင်သာယာပါက ဖြစ်စဉ်မဖြစ်မီ မြန်မာစံတော်ချိန် နံနက် ၄နာရီ ၁၅မိနစ်မှ နေထွက်ချိန်မတိုင်မီအတွင်း အရှေ့ဘက်မိုးကောင်းကင်၌ လေ့လာနိုင်သည်။ အင်္ဂါဂြိုဟ်အား သေးငယ်သောကြယ်ပွင့်အနီသဏ္ဌာန်ဖြင့် တွေ့မြင်နိုင်ပြီး ကြာသပတေးဂြိုဟ်အား အရွယ်အစားကြီးမားသော ကြယ်ပွင့်အဖြူသဏ္ဌာန်ဖြင့် အင်္ဂါဂြိုဟ်၏ အောက်ဘက်တွင် တွေ့မြင်ရပါမည်။ အင်္ဂါဂြိုဟ်အထက်ဘက်၊ မြောက်အရပ်တွင် တည်ရှိသဖြင့် စစ်နိုင်သော ဂြိုဟ်ဖြစ်လာပြီး ကြာသပတေးဂြိုဟ် စစ်ရှုံးမည်။ ယင်းဖြစ်စဉ်အရ အိန္ဒိယ ပါကစ္စတန်စစ်ပွဲများ ပြန်လည်ဖြစ်ပွားနိုင်သည်။

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးဇာတာခွင်အရ မရဏဘာဝ၊ စစ်မက်ရေးရာဘာဝတွင် ဖြစ်ပေါ်မည်ဖြစ်သည့်အတွက် ပြည်သူနှင့် အုပ်ချုပ်သူများ၏ ပဋိပက္ခတိုက်ပွဲများ ဖြစ်ပေါ်လာမည်။ တပ်မတော်၏ စစ်ဆင်ရေးကဏ္ဍ ထူးခြားဖြစ်စဉ်များ ဖြစ်ပေါ်မည်။ အထူးသဖြင့် ကချင်၊ ဝ၊ ရှမ်းလက်နက်ကိုင် တိုင်းရင်းသားအဖွဲ့အစည်းများဖြင့် ပြင်းထန်သော ပဋိပက္ခစစ်ပွဲများ ဖြစ်ပေါ်၍ အသက်အိုးအိမ်စည်းစိမ်များစွာ ဆုံးရှုံးပျက်စီးမည်။ စစ်ကိုင်းဒေသတွင် လူထုအုံကြွမှုဖြစ်စဉ်ကြီးများ ထူးခြားစွာ ဖြစ်ပေါ်လာမည်။

တရုတ်၊ ဗီယက်နမ်၊ မြန်မာ၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနှင့် အရှေ့အလယ်ပိုင်းနိုင်ငံအချို့တွင် ငလျင်ဖြစ်စဉ်များ ဖြစ်ပေါ်လာမည်။ မတ်ပဲဈေးနှုန်းများ ထူးခြားစွာ ပြောင်းလဲ မြင့်မားလာတတ်သည်။ အင်္ဂါနေ့သားသမီး မေထုန်၊ သိဟ်၊ ကန်၊ တူ၊ ဓနု၊ ကုမ်နှင့် မိန်ရာသီဖွားများ ဘုန်းကံဩဇာကြီးမြင့်၍ ကံကောင်းမှုများ တွေ့ကြုံမည်။ ကြာသပတေးနေ့သားသမီး ပြိဿ၊ ကရကင့်၊ ဗြိစ္ဆာနှင့် မကာရ ရာသီဖွားများ ရာထူးဩဇာ အာဏာပျက်စီးခြင်းနှင့် ကံအညံ့များ တွေ့ကြုံမည်။ မြန်မာနိုင်ငံ၊ နိုင်ငံ့ခေါင်းဆောင်အကြီးအကဲ၊ အများပြည်သူလူထုအတွက် အထူးသတိပြုသင့်သော ဂြိုဟ်စစ်ထိုးမှု ဖြစ်စဉ်ဖြစ်သည်။ ပြီးခဲ့သော ၂၀၀၂ ဇူလိုင် ၃ရက်၊ အင်္ဂါနှင့် ကြာသပတေးဂြိုဟ် ယင်းရာသီ၌ ပူးယှဉ်စစ်ထိုးချိန်တွင် မြန်မာ့တပ်မတော်နှင့် ရှမ်းပြည်လွတ်မြောက်ရေးတပ်မတော်(SSA/SURA)အဖွဲ့များဖြင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် ကြီးမားသော စစ်ပွဲများ ဖြစ်ပေါ်ခဲ့သည်။ အိမ်နီးချင်း ထိုင်းနိုင်ငံဖြင့် စစ်မက်ဖြစ်ပွားလုနီးပါး အခြေအနေထိ ရောက်ရှိခဲ့သည်။


ယင်းကာလအနီးနား၌ ယခင် နိုင်ငံတော်သမ္မတကြီး ဦးနေဝင်း၏ မိသားစုဝင်များနှင့် ပတ်သက်သော နိုင်ငံရေးအုပ်ချုပ်ရေး ထူးခြားဖြစ်စဉ်များ ပေါ်ပေါက်ခဲ့ပါသည်။ သို့ဖြစ်၍ လက်ရှိ တာဝန်ရှိသော နိုင်ငံ့ခေါင်းဆောင်များအနေဖြင့် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ ပြည်သူ့အရေးကိစ္စဖြစ်စဉ်များအား နက္ခတ်ပညာပိုင်းဆိုင်ရာ တွက်ကိန်းများအရ မည်သို့ ကြိုတင်ကာကွယ်တားဆီးသင့်သည်ကို ရှေးယခင် ဆောင်ရွက်ခဲ့သော တစ်လက်ကိုင် ပညာရှင်တစ်ဦးတစ်ယောက်၏ အကြံဉာဏ်ထက် အခြားသော ပညာရှင်များပါ ဝိုင်းဝန်းစုပေါင်း ညှိနှိုင်းအဖြေရှာနိုင်မည့် ကဏ္ဍသစ်တစ်ရပ်အား ဖွင့်လှစ်သင့်ပေသည်။ အရည်အချင်းရှိသော ပညာရှင်များအား တိုင်းပြည်၏ အကျိုးအတွက် အုတ်တစ်ချပ် သဲတစ်ပွင့်ပမာ ပါဝင်ကူညီနိုင်ရေးအတွက် လေးစားစွာ ဖိတ်ခေါ်သင့်ပြီး အဖွဲ့အစည်းများ ဖွဲ့စည်း၍ တာဝန်ပေးအပ်သင့်ပေသည်။

၂၀၁၃၊ ဇူလိုင် ၂၄ရက်၊ နံနက် ၈နာရီ ၄၂မိနစ်တွင် စနေဂြိုဟ် ကမ္ဘာ့ဘေးဘက် ဂြိုဟ်ပတ်လမ်းကြောင်းထဲ ရောက်ရှိပြီး ကမ္ဘာနှင့် တစ်တန်းတည်းကျရောက်သောဖြစ်စဉ် ဖြစ်ပေါ်လာပါလိမ့်မည်။ အင်္ဂနောက်လောင်ဂျီတွဒ် ၁၂၁ဒီဂရီ ၂၄ မိနစ်နှင့် တောင်လတ္တီတွဒ် ၁၀ ဒီဂရီ ၅၅မိနစ်၊ နေရာအားဖြင့် တောင်ပစိဖိတ်သမုဒ္ဒရာအတွင်း ဖြစ်စဉ် ဖြစ်ပေါ်ပါလိမ့်မည်။ အမေရိကန်ပြည်ထောင်စုအတွက် ငလျင်ဖြစ်စဉ် ဖြစ်ပေါ်နိုင်သည်။




www.burmeseclassic.com


www.burmeseclassic.com



ဗုဒ္ဓဟူးဂြိုဟ် နေ၏အရှေ့ဘက် ဂြိုဟ်ပတ်လမ်းကြောင်းထဲ ရောက်ရှိပြီး
ကမ္ဘာနှင့် တစ်တန်းတည်းကျရောက်ပုံ။




ကြာသပတေးနှင့် အင်္ဂါဂြိုဟ်များ ပူးယှဉ် စစ်ထိုးနေပုံ။



စနေဂြိုဟ် ကမ္ဘာ့ဘေးဘက် ဂြိုဟ်ပတ်လမ်းကြောင်းထဲ ရောက်ရှိပြီး
ကမ္ဘာနှင့် တစ်တန်းတည်း ကျရောက်နေပုံ။



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၃၊ ဇူလိုင်လ (၁၂)ရာသီ လက်ပိုင်ရှင်တို့၏ နက္ခတ်ဟောကြား

### ARIES



### မိဿလက်

လူမှုရေးပြဿနာများ ဆက်လက်တွေ့ကြုံရပြီး စိတ်ပင်ပန်း မွန်းကျပ်မည်။ မိမိအထက် အကြီးအကဲများဖြင့် စကားပြော အဆင်မပြေမှုများ တွေ့ကြုံရနိုင်သည်။ တရားမဝင် ငွေကြေးအကျိုးရှိမှုများ တွေ့ကြုံလာမည်။ ထီပေါက်သကဲ့သို့ ငွေကြေးအများအပြားရရှိနိုင်ပြီး စနေနေ့များတွင် ထီကံစမ်းပေးပါ။ မိသားစု၏ အကူအညီပေးမှုကြောင့် မိမိအကြံအစည် ရည်မှန်းချက်များ၊ လုပ်ငန်းတာဝန်များ၌ အောင်မြင်မှုများ တွေ့ကြုံမည်။ ဝမ်းကိုက်မှုနှင့် အစာအိမ်၊ အူနှင့် ပတ်သက်သော ကျန်းမာရေးအညှိုးကိစ္စများ တွေ့ကြုံဖြစ်ပွားတတ်သည်။ လူမှုရေးအကူအညီပေးမှုများ သတိပြု ရှောင်ကြဉ်ပါ။ စေတနာမှ ဝေဒနာဖြစ် သွားတတ်သည်။ လုပ်ငန်းရှင်များ လုပ်ငန်းတွင် ပင်ပန်းပြီး ငွေကြေးပိုင်း အကျိုးရှိမည်။ ပညာသင်ကြားနေသူများ ဖွဲ့လုံ့လ အားနည်းချိန်။ အိမ်ထောင်ရှင်များ ညှိနှိုင်းရန် ကြန့်ကြာမည့် အိမ်ထောင်ရေးတိုက်ပွဲများ ဆင်နွှဲနေရမည်။ ချစ်သူများ သံသယအသေးအဖွဲ ပြဿနာများ မကြာခဏကြုံတတ်သည်။

---

### TAURUS



### ပြိဿလက်

အပြောအဆို မှားယွင်းမှုများကြောင့် ဆုံးရှုံးနစ်နာမှုများ တွေ့ကြုံရတတ်သည်။ မိမိဆောင်ရွက် ကြိုးပမ်းမှုတို့တွင် အခွင့်အရေးကောင်းများ ပေါ်ပေါက်လာတတ်သော်လည်း မိသားစုအသိုင်းအဝန်းကြောင့် ပြန်လည် ဆုံးရှုံးပျောက်ကွယ်သွားတတ်သည်။ နိုင်ငံရပ်ခြားနှင့် ခရီးဝေးများ သွားလာရတတ်ပြီး အကျိုးရှိမည်။ အစားအသောက်မှားယွင်းမှုကြောင့် ကျန်းမာရေးအညှိုးကြုံတတ်ပြီး သွားကိုက်ရောဂါဝေနာများ ခံစားရ တတ်သည်။ မိသားစု၌ ရွှေထည်ပစ္စည်းများကြောင့် စိတ်အနှောင့်အယှက်ကြုံမည်။ လုပ်ငန်းရှင်များ လူမှုရေး အားနာမှုကြောင့် မိမိလုပ်ငန်းတွင် ဆုံးရှုံးမှုများ တွေ့ကြုံမည်။ ပညာသင်ကြားနေသူများ ပညာရေးတွင် အပျော်အပါးကိစ္စများကြောင့် မေ့မိုန် အားနည်းတတ်သည်။ အိမ်ထောင်ရှင်များ လုပ်ငန်း အတွက် မကြာခဏ ပြဿနာ ကတောက်ကဆ တွေ့ကြုံတတ်သည်။ ချစ်သူများ အချစ်အတွက် အရာရာပေးဆပ် စွန့်လွှတ် အနစ်နာခံရသော အချိန်ကာလ။

---

### GEMINI



### မေထုန်လက်

ကံကောင်းကြီးပွားမည့် အခွင့်အရေးကောင်းများ လက်ဝယ်ရောက်ရှိ၍ မိမိ၏ ဘုန်းကံအရှိန်အဝါတိုးတက် မြင့်မားသော ကာလဖြစ်သည်။ မိမိနှင့် မိသားစုအတွင်း စီးပွားဥစ္စာတိုးတက်ကြီးပွားမည့် ကာလဖြစ်သည်။ ရွှေရတနာနှင့် အသုံးအဆောင် ပစ္စည်းအသစ်အဆန်းများ စိတ်တိုင်းကျ ရရှိပိုင်ဆိုင် သုံးစွဲရမည်။ အိမ်ခြံမြေယာဉ်တို့နှင့် ပတ်သက်၍ ကံကောင်း အကျိုးရှိမည်။ ကောင်းသော အဆက်အသွယ်ကောင်းများ ရရှိ၍ တိုးတက်အောင်မြင်မည်။ အဆင့်မြင့် ကုမ္ပဏီအဖွဲ့အစည်းများနှင့် ပတ်သက်၍ ငွေကြေးရရှိမှု ကံကောင်းမွန်ချိန်။ အကြောင်းအမျိုးမျိုးကြောင့် ငွေကုန်ကျမှု များပြားနေမည်။ လုပ်ငန်းရှင်များ ကြီးပွားအောင်မြင် တိုးတက်မှုများ အလွယ်တကူတည်ဆောက်နိုင်မည်။ ပညာသင်ကြားသူများ ကံဇာတာ အထူးမြင့်မားသည့်ကာလဖြစ်သည်။ အိမ်ထောင်ရှင်များ ငွေကြေးကိစ္စများကြောင့် ပဋိပက္ခကြုံမည်။ ချစ်သူများ အချစ်အတွက် အရာရာ၌ စိတ်တူကိုယ်တူ၊ ဆန္ဒသဘောထားများ ထပ်တူညီချိန်။

---

### CANCER



### ကရကဋ်လက်

စိတ်ပန်းမှုများကြား ငြီးငွေ့စိတ်ပျက်သော စိတ်ဓာတ်ပြိုလဲမှုများအတွက် စိတ်ဓာတ်ကြံ့ခိုင်ရန် လိုအပ်သည်။ မိမိဆောင်ရွက်ကြိုးပမ်းမှုများတွင် ခင်မင်ရင်းနှီးသူများ၏ အတိုက်အခံပြုခြင်း ခံရတတ်သည်။ကျန်းမာရေး အညှိုးနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ၊ ခွဲစိတ်မှုများ ခံယူရတတ်သော ကာလဖြစ်သည်။ မိမိကြံစည် ဆုံးဖြတ် သုံးသပ်ချက်များ လွဲချော်မှားယွင်းနေတတ်ပြီး လုပ်ငန်းပိုင်း ဆုံးရှုံးပျက်စီးမှုများ ရင်ဆိုင်ရတတ်သည်။ လူမှုရေးထိုးနှက်မှုများအောက် မိမိဂုဏ်သတင်းပိုင်း ထိခိုက်ကျဆင်းတတ်သည်။ လုပ်ငန်းရှင်များ လူမှုရေးပြဿနာများကြောင့် လုပ်ငန်းပိုင်း ကြီးမားသည့် ဆုံးရှုံးမှုများ တွေ့ကြုံနိုင်သည်။ ပညာသင်ကြား နေသူများ ပညာရေးတွင် စိတ်ပါဝင်စားမှု အားနည်းမှုကြောင့် ရည်မှန်းချက်များ လွဲချော်နေမည်။အိမ် ထောင်ရှင်များ အိမ်တွင်းရေးအခက်အခဲများကြောင့် သောကများရမည်။ ချစ်သူနှင့် ငွေကြေးပိုင်းဆိုင်ရာ ပဋိပက္ခပြဿနာများ တွေ့ကြုံချိန်။

www.burmeseclassic.com

www.burmeseclassic.com

## LEO



## သိဟ်လက်

ငွေကြေး အစုလိုက်အပုံလိုက် ရရှိမှုများ ပေါ်ပေါက်တွေ့ကြုံတတ်ပြီး ကံဇာတာ ဆက်လက်မြင့်မားချိန်။ လူမှုရေးနယ်ပယ်တွင် ဂုဏ်သိက္ခာထင်ရှား မြင့်မားပြီး စီးပွားရှာဖွေမှုအတွက် မိမိကံ မြင့်မားသော ကာလဖြစ်သည်။ အလုပ်တွင် စိတ်ပင်ပန်းမှုများ တွေ့ကြုံရသော်လည်း အောင်မြင်စွာ ကျော်ဖြတ်နိုင်မည်။ အတိုက်အခံဖြင့် ဆောင်ရွက်ရသော လုပ်ငန်းကိစ္စရပ်များ ထူးခြားစွာ တိုးတက်အောင်မြင်မည်။ လုပ်ငန်းသစ်များ တိုချဲ့ဆောင်ရွက်ရန် အခွင့်အရေးသစ်များ ပေါ်ပေါက်လာမည်။ လုပ်ငန်းရှင်များ လုပ်ငန်းတွင် မိမိမျှော်မှန်းထားသလောက် အကျိုးရှိ ကြီးပွားမည်။ ပညာသင်ကြားနေသူများ ကျန်းမာရေး အညံ့ကြောင့် ပညာရေးပိုင်း ထိခိုက်တတ်သည်။ အိမ်ထောင်ရှင်များ အေးချမ်းတည်ငြိမ်သည့် မိသားစုဘဝနေရက်များ ဖန်တီးတည်ဆောက်ခွင့် ရရှိမည်။ ချစ်သူများ ကံကောင်း အောင်မြင်မှုများ လွှမ်းခြုံ၍ ရွှေရောင် အနာဂတ်ကို ဖန်တီး ပုံဖော်နိုင်မည်။

## VIRGO



## ကန်လက်

ကောင်းမွန်သော ကံကြမ္မာမှ သင့်အား ဆက်လက်ပြီး အခွင့်အရေးသစ်များ ဖန်တီးပေးဖွယ် ရှိနေမည်။ ငွေကြေးအကျိုးပေးကံ အထူးကောင်းမွန်ပြီး ထီဆုကြီးများ ပေါက်တတ်ချိန်ဖြစ်သည်။ ဗုဒ္ဓဟူး၊ ကြာသပတေးနှင့် သောကြာနေ့များ၌ ထီကံစမ်းပေးပါ။ အလုပ်အတွက် အခွင့်အလမ်းကောင်းများ စောင့်ကြိုနေမည်။ စီးပွားတိုးတက်ဖြစ်ထွန်းမှု အရှိန်အဟုန်ပြင်းထန်ချိန်ဖြစ်ပြီး ရွှေရတနာ ပစ္စည်းအသစ်အဆန်းများ လက်ဆောင်ရရှိတတ်မည်။ တင့်တယ်သော စကားလုံးများဖြင့် လှပသော ကောင်းကင်ပြာအောက် ဘဝ၏ ဆန္ဒများကို အကောင်းဆုံး ဆေးခြယ်ခွင့်ရှိမည်။ မိသားစု၌ အိမ်ခြံမြေယာဥ်ကိစ္စများအတွက် ကံကောင်းအကျိုးရှိချိန်ဖြစ်သည်။ လုပ်ငန်းရှင်များ ကြိုးစားသလောက် အရာထင်မည်။ ပညာသင်ကြားနေသူများ အပြိုင်အဆိုင်များအပေါ် အနိုင်ရရှိချိန်။ အိမ်ထောင်ရှင်များ ကောင်းသော မင်္ဂလာခရီးများ သွားလာရပြီး လှပသော မိသားစုဘဝ ဖန်တီးခွင့်ရရှိမည်။ အချစ်ရေးကံ မြင့်မားပြီး ငြိမ်းချမ်းသော ရွှေရောင်နေ့ရက်များဆီ ခရီးဆက် ရွက်လွှင့်နိုင်မည်။

## LIBRA



## တူလက်

အတိုက်အခံအချို့ ရှိနေသော်လည်း ကံကောင်းကြီးပွား တိုးတက်မှုများ ရယူပိုင်ဆိုင်ခွင့်ရှိမည်။ စီးပွားရှာဖွေမှု၌ အခွင့်အရေးကောင်းများ ရရှိမည်။ လုပ်ငန်းတာဝန်များ၌ ဘုန်းကံသြဇာအရှိန်အဝါ မြင့်မားသော ကာလ။ ဂုဏ်သိက္ခာမြင့်မားတိုးတက်၍ အကြံဉာဏ်ကောင်းများ မွေးဖွားဖြစ်တည်လာမည်။ မထင်မှတ်ဘဲ ငွေကြေးအများအပြားရရှိတတ်ပြီး လုပ်ငန်းတွင် အကျိုးအမြတ်ကောင်းများ ရယူပိုင်ဆိုင်ခွင့်ရှိမည်။ စနေနေ့တွင် စပ်တူစပ်ဖက် ထီကံစမ်းပေးပါ။ မတော်တဆ အသေးအဖွဲ ထိခိုက်ဒဏ်ရာရရှိမှုများ တွေ့ကြုံတတ်သည်။ လူမှုရေးပဋိပက္ခများ တွေ့ကြုံဖြစ်ပွားတတ်သည်။ လုပ်ငန်းရှင်များ ငွေကြေးအကျိုးပေးကံ မြင့်မားတိုးတက်သော ကာလဖြစ်သည်။ ပညာသင်ကြားနေသူများ အဖက်ဖက်မှ အောင်မြင်မှုများ ဆီးကြိုနေမည်။ အိမ်ထောင်ရှင်များ အိမ်တွင်းရေးကိစ္စများ၌ နားလည်မှု လွဲချော်နေချိန်။ ချစ်သူများ စိတ်ကူးဆန္ဒ ထပ်တူကျ၍ သံယောဇဉ်နှောင်ကြိုး ခိုင်မြဲနေမည်။

## SCORPIO



## ဗြိစ္ဆာလက်

ပြင်းထန်သော အခက်အခဲများ ရင်ဆိုင် ဖြတ်ကျော်ရမည်။ လွဲမှားသည့် ဆုံးဖြတ် ယူဆချက်များကြောင့် လုပ်ငန်းပိုင်း ဆုံးရှုံးနစ်နာမှုများ တွေ့ကြုံနိုင်သည်။ မတော်တဆ ဘေးဥပဒ်အန္တရာယ်များ အထူးသတိပြုရမည်။ လူမှုရေး အပျော်အပါးကိစ္စများအတွက် ဂုဏ်သတင်းညှိုးနွမ်းတတ်သော အချိန်ကာလ။ အဆင်မပြေမှုများကြောင့် စိတ်ပိုင်းဆိုင်ရာ ဒဏ်ရာဒဏ်ချက်များ ပေါက်ဖွား ရှင်သန်လာတတ်သည်။ ခိုက်ရန်ဖြစ်ပွားမှုနှင့် ဒေါသတရားပေါက်ကွဲမှုများအား အထူးသတိဖြင့် ထိန်းချုပ်ပါ။ လုပ်ငန်းရှင်များ မိမိလုပ်ငန်းပိုင်းတွင် ကြီးမားသော ဆုံးရှုံးမှုများ တွေ့ကြုံပေါ်ပေါက်တတ်သည်။ ပညာသင်ကြားနေသူများ ပင်ပန်းခက်ခဲမှုများကြား မိမိရည်မှန်းချက်များ လွဲချော်သွားတတ်သည်။ အိမ်ထောင်ရှင်များ အိမ်ထောင်ဖက်၏ အားပေး နှစ်သိမ့်မှုများကြောင့် နေ့သစ်များထံ ခရီးဆက်နိုင်မည်။ချစ်သူ၏ ခွန်အားများကြောင့် အခက်အခဲ ဒဏ်ရာများ ပြေပျောက်၍ စိတ်ဓာတ်သစ်များ နိုးထ ရှင်သန်လာမည်။

www.burmeseclassic.com

www.burmeseclassic.com

## SAGITTARIUS



## ဓနုလင်

လူမှုရေးကိစ္စအများအပြား ဆောင်ရွက်လုပ်ကိုင်ရပြီး ငွေကုန်ကြေးကျ များပြားသော ကာလဖြစ်သည်။ ခရီးသွားလိုစိတ် များပြားနေတတ်ပြီး နိုင်ငံရပ်ခြားခရီးစဉ်နှင့် ခရီးဝေးသွားလာမှုများ တွေ့ကြုံ ပေါ်ပေါက်နိုင်သည်။ ကြံစည်တွေးခေါ် ဆုံးဖြတ်မှုများ တည့်မတ် မှန်ကန်နေသည့်အတွက် တိုးတက် အောင်မြင်သည့် လမ်းကြောင်းထက် ရပ်တည်နိုင်မည်။ မိသားစု၌ အိမ်ခြံမြေယာဉ်ကိစ္စရပ်များ တွေ့ကြုံတတ်သည်။ လုပ်ငန်းနေရာဌာန အပြောင်းအလဲဖြစ်စဉ်များ ပေါ်ပေါက်လာတတ်သည်။ လူမှုရေးပိုင်း၌ ထူးခြားစွာ မျက်နှာပွင့်လန်းသော ကာလဖြစ်သည်။ လုပ်ငန်းရှင်များအတွက် လုပ်ငန်း၌ အခွင့်အရေးသစ်များ ပေါ်ပေါက်လာမည်။ ပညာသင်ကြားနေသူများ ပညာရေးအတွက် ပင်ပန်းမှုများပြားသော်လည်း အကျိုးရှိ အောင်မြင်မည်။အိမ်ထောင်ရှင်များ မိမိအိမ်ထောင်ဖက်၏ သံသယစက်ကွင်းများကြား ပြန်လည်ဖြေရှင်းရန် အခက်ကြုံနေတတ်သည်။ ချစ်သူများ ပဋိပက္ခ ပြဿနာများ ပြင်းထန်၍ ခွဲခွာနေထိုင်ရမည်။

## CAPRICORN



## မကာရလင်

အတိုက်အခံများပြားပြီး လုပ်ငန်းတွင် ဆုံးရှုံးနစ်နာမှုများ ပေါ်ပေါက်တွေ့ကြုံရတတ်သည်။ အလုပ် အတွက် အထင်ကြီးခံရသော်လည်း မိမိအတွက် အကျိုးမရှိသော ကာလဖြစ်သည်။ မတော်တဆ ထိခိုက်မှုများ တွေ့ကြုံနိုင်သည်။ မိမိ၏ ကောင်းမွန်သော စိတ်ကူးဆန္ဒများအတွက် ဖန်တီးပုံဖော်ရန် ကံကြမ္မာမှ ပိတ်ဆို့ တားဆီးထားချိန်ဖြစ်သည်။ ခရီးဝေးများသွား၍ လုပ်ငန်းကိစ္စများ အကျိုးရှိတတ် မည်။ ငွေကြေးအကျိုးပေးကံ သင့်တင်သော်လည်း ငွေကြေးကုန်ကျမှု ကြီးမြင့်နေချိန်ဖြစ်သည်။ ငွေ၊ လူ့လ၊ ဝီရိယ အားနည်းမှုကြောင့် အခွင့်အရေးကောင်းများ ဆုံးရှုံးမည်။ လုပ်ငန်းရှင်များ မိမိလုပ်ငန်းတွင် အတိုက်အခံများပြားပြီး မျှော်မှန်းသလောက် အကျိုးမရှိတတ်ပါ။ ပညာသင်ကြား သူများ အတိုက်အခံများပြားပြီး ကံဇာတာ မှေးမှိန်ချိန်။ အိမ်ထောင်ရှင်များ လူမှုရေးပြဿနာ အနှောင့်အယှက်များကြောင့် အထင်အမြင် လွဲချော်နေမည်။ ချစ်သူများ နားလည်မှုလွဲချော်နေချိန် ဖြစ်ပြီး အမုန်းအရိပ်ဆိုးများကြား တိုက်ပွဲများ ပေါ်ပေါက်ချိန်။

## AQUARIUS



## ကုမ်လင်

ကံကောင်းမှု ဆုလက်ဆောင်များ မိမိထံ ဦးနိုက် ရောက်ရှိလာမည်။ ပြည့်စုံကြွယ်ဝ ကြီးပွား အောင်မြင်မှုများ စိတ်တိုင်းကျ ဖန်တီးခွင့်ရရှိချိန်။ တိမ်ပြာပြာ မိုးကောင်းကင်အောက် ဘဝစည်းချက် ကာရန်များ လှပချိန်။ ထိပေါက်သလို ငွေကြေးအမြောက်အမြားရရှိတတ်ပြီး ဘာပဲလုပ်လုပ် ငွေကံကောင်းမည်။ မိမိဂုဏ်သိက္ခာနှင့် ရာထူးဘုန်းကံ အရှိန်အဝါမြင့်မားတိုးတက်သော ကာလ ဖြစ်သည်။ အိမ်ခြံမြေယာဉ်တို့နှင့် ပတ်သက်၍ စိတ်ပင်ပန်းရမည်။ လုပ်ငန်းတွင် ကြီးမားသော ပြောင်းလဲတိုးတက်မှုများ တွေ့ကြုံ၍ လုပ်ငန်းတွင် အတိုက်အခံများကြားမှ ကံကောင်း အောင်မြင် ချိန်။ လုပ်ငန်းရှင်များ ကံဇာတာအထွဋ်အထိပ်သို့ ရောက်ရှိချိန်။ ပညာသင်ကြားနေသူများ ရွှေရောင်အောင်မြင်မှုများ ဆီးကြိုနေချိန်။ အိမ်ထောင်ရှင်များ စီးပွားဥစ္စာပြည့်စုံ ကြွယ်ဝပြီး တည်ငြိမ်အေးချမ်းသည့် မိသားစုဘဝရရှိမည်။ ချစ်သူများ အရာရာ၌ အဆင်ပြေ အိုကေမည်။

## PISCES



## မိန်လင်

ကံဇာတာမြင့်မားတိုး၍ ငွေကြေးအကျိုးပေးကံ အထူးကောင်းမွန်သော ကာလဖြစ်သည်။ မိမိ လိုအင်ကြံစည်မှုများ ပြည့်ဝအောင်မြင်၍ အောင်ပွဲများဖြင့် ခရီးဆက်နှင်ရမည်။ ငွေကြေးကံမြင့်မား၍ အစုလိုက်အပုံလိုက် အကျိုးရှိမှုများ တွေ့ကြုံလာမည်။ ထိပေါက်တတ်သည့် ကာလဖြစ်သည့်အတွက် ကြာသပတေးနှင့် သောကြာနေ့များ၌ ထီကံစမ်းပေးပါ။ အိမ်ခြံမြေယာဉ်ကိစ္စများ၌ အကျိုးထူးများ တွေ့ကြုံနိုင်သည်။ လုပ်ငန်းတွင် ဩဇာအရှိန်အဝါ တိုးတက်မြင့်မား၍ အောင်မြင်မှုများ ဖန်တီး တည်ဆောက်ခွင့်ရရှိမည်။ စီးပွားရေးပိုင်းဆိုင်ရာ ပြဿနာအချို့ တွေ့ကြုံရသော်လည်း အောင်မြင်စွာ ဖြေရှင်း ဆောင်ရွက်နိုင်မည်။ လုပ်ငန်းရှင်များ ကြိုးစားသလောက် ငွေကြေးအကျိုးအမြတ်များ ရရှိနိုင်သည်။ ပညာသင်ကြားနေသူများ ပင်ပန်းပြီး အကျိုးရှိ အရာထင်မည်။ အိမ်ထောင်ရှင်များ စီးပွားဥစ္စာတိုးတက်ဖြစ်ထွန်းပြီး ကောင်းခြင်းမင်္ဂလာအဖြာဖြာဖြင့် ပြည့်စုံချိန်။ ချစ်သူများ ... ကောင်းကင်အောက် လှပသည့် ချစ်သူနေ့များ ဖြတ်ကျော် ရင်ဆိုင်ရမည်။



www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃၊ ဇူလိုင်လ၊ မွန်းတည့်နက္ခတ်ဝင်ထွက်ချိန်များ

ကမ္ဘာကြီးပေါ်၌ လက် (၁၂)လက်ဖြင့် လူတန်းစား (၁၂)ပိုင်း ခွဲခြားပြီး မိမိတို့မွေးဖွားချိန် ကောင်းကင်မွန်းတည့်အရ အလင်းအား ထွန်းတောက်သော နက္ခတ် (၁၂)လုံးဖြင့် မိမိတို့၏ အရေးကြီးကိစ္စများ စီရင်ဆောင်ရွက်လျှင် ထူးခြားစွာ အကျိုးဖြစ်လာလိမ့်မည်ဟု အကြွင်းမဲ့ ယုံကြည်ချက်ကြောင့် နက္ခတ်သိပ္ပံအဖွဲ့မှ လက်တွေ့သုတေသနပြုလုပ်ပြီး အကျိုးရှိရှိ အသုံးပြုနိုင်ရန် ရည်ရွယ်၍ ဖော်ပြအပ်ပါသည်။ နေသိဒ္ဓိနက္ခတ်တစ်လုံးတည်းအား လူသားအားလုံးမှ အသုံးပြု ဆောင်ရွက် နေခြင်းသည် အခြားသော နက္ခတ်များကို လျစ်လျူရှုထားသည်နှင့် တူနေပါသည်။ အဘိဇိနက္ခတ်အပါအဝင် နက္ခတ် အသီးသီးတို့သည် ကောင်းကျိုးများ ဖန်တီးပေးနိုင်ပြီး မိမိတို့ မွေးဖွားချိန်အတိအကျဖြင့် စစ်ဆေးတွက်ချက်ပါက လူအသီးသီး အတွက် နက္ခတ် (၂၈)လုံးအား တန်ဖိုးရှိရှိ အသုံးချနိုင်ပါလိမ့်မည်။ ယခုဖော်ပြချက်တွင် မွေးဖွားချိန် ၂နာရီကို လက်တစ်လက် အဖြစ် သတ်မှတ်၍ လက် (၁၂)လက်အတွက် နက္ခတ်(၁၂)လုံးဖြင့် တွက်ကိန်းဆင်ထားပါသည်။ နက္ခတ် (၁၂)လုံးသည် လက်တစ်ခုချင်းအလိုက် စွမ်းအားအမြင့်မားဆုံး မွန်းတည့်နက္ခတ်များသာဖြစ်ပြီး သိပ္ပံနည်းကျ(Modern Astrology) နက္ခတ်ပညာရပ်စနစ်တွင် ဖော်ပြထားသော နက္ခတ္တ သိပ္ပံပညာရှင်များ၏ စံနှုန်းပြုထားသည့် အလင်းအားကို စံပြုထားပါသည်။ နက္ခတ်တစ်လုံးပိုင်ဆိုင်မှုကို ၁၃ ဒီဂရီ ၂၀မိနစ် သတ်မှတ်ထားသော်လည်း ခြွင်းချက်အနေဖြင့် အဆိုပါ နက္ခတ်၏ ရှေ့ နောက် ၄ ဒီဂရီအတွင်း ကျရောက်မည့်အချိန်များကို မွန်းတည့်နက္ခတ်၏ ဝင်ချိန်၊ ထွက်ချိန်များအဖြစ် သတ်မှတ်ထားပါသည်။




မိမိတို့ မွေးဖွားချိန်လက် အလွယ်တကူရှာဖွေနိုင်ရန်အတွက် လက်ရှာဖွေ နည်းယေားအား ထည့်သွင်းဖော်ပြပေးထားပြီး လအလိုက် ပျမ်းမျှ နေထွက် ချိန်များအပေါ် မူတည်၍ နှစ်နာရီလျှင် လက်တစ်လက်နှုန်းဖြင့် လက်(၁၂)လက် အတွက် အလွယ်တကူ ကောက်ယူနိုင်ပါသည်။ ဥပမာ - ဧပြီ ၁၃ရက်မှ မေ ၁၃ရက်အတွင်း နံနက် (၅ : ၄၅)နာရီမှ (၇ : ၄၅)နာရီအတွင်း မွေးဖွားသူတစ်ဦးသည် မိဿလက်ပိုင်ရှင်ဖြစ်ပြီး ယင်းနေ့နံနက် (၉း၄၅) နာရီမှ (၁၁း၄၅)နာရီအတွင်း မွေးဖွားပါက မေထုန်လက်ပိုင်ရှင်ဖြစ်သွားပါ လိမ့်မည်။ လက်သတ်မှတ်ရာတွင် ၁၂ရာသီစက်ဝန်းအတွင်း မိဿမှ မိန် အထိ အစဉ်အတိုင်း သတ်မှတ်ထားပါသည်။

မိမိတို့၏ မွေးဖွားချိန်လက်များအား လက်ကောက်ယူမှု ယေားတွင် ဦးစွာရှာဖွေ၍ မွန်းတည့် နက္ခတ်တို့၏ နေ့စဉ် မွန်းတည့်မတ်ချိန်များတွင် လောကီ၊ လောကုတ္တရာ အရေးကိစ္စများ ကြံစည်ဆောင်ရွက် လုပ်ကိုင်ခြင်းဖြင့် အကျိုးထူးများ ရရှိလာပါလိမ့်မည်။ လစဉ် မွန်းတည့်နက္ခတ်များအပေါ် စန်း(တနင်္လာ)ဖြတ်သန်းသည့်နေ့များအား မျဉ်းသားပေးထားပြီး အဆိုပါ နေ့ရက်တို့သည် လတစ်လအတွင်း အနည်းဆုံး တစ်ရက်မှ အများဆုံး နှစ်ရက်ထိ ကြုံတွေ့နိုင်ပါသည်။လက်အသီးသီး အတွက် မွန်းတည့်နက္ခတ်များ မွန်းတည့်ချိန်နှင့် စန်း(တနင်္လာ)မွန်းတည့်ချိန်များ ထပ်တူဖြစ်သည့် ရက်များသည် လတစ်လ အတွက် အကောင်းဆုံး နေ့ရက်အချိန်အခါများ ဖြ စ်ကြသည်။ အဆိုပါ နေ့ရက်အချိန်အခါများ၌ ထီကံစမ်းခြင်း၊ လုပ်ငန်းသစ်များ စတင်ခြင်း၊ အရေးကြီးကိစ္စ စီမံဆောင်ရွက်ခြင်း၊ အိမ်-ခြံ-မြေ-ယာဉ်ကား ဝယ်ယူရန် စာချုပ်များ ချုပ်ဆိုခြင်းတို့အား ဉာဏ်ရှိသလို အကျိုးရှိရှိ အသုံးပြုနိုင်ပါသည်။

*****



www.burmeseclassic.com

www.burmeseclassic.com

| ဧပြီ၁၃ရက်မှ မေ၁၃ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၄၅မှ ၇:၄၅ | မိဿ |
| ၇:၄၅မှ ၉:၄၅ | ပြိဿ |
| ၉:၄၅မှ ၁၁:၄၅ | မေထုန် |
| ၁၁:၄၅မှ ၁၃:၄၅ | ကရကကဋ် |
| ၁၃:၄၅မှ ၁၅:၄၅ | သိဟ် |
| ၁၅:၄၅မှ ၁၇:၄၅ | ကန် |
| ၁၇:၄၅မှ ၁၉:၄၅ | တူ |
| ၁၉:၄၅မှ ၂၁:၄၅ | ဗြိစ္ဆာ |
| ၂၁:၄၅မှ ၂၃:၄၅ | ဓနု |
| ၂၃:၄၅မှ ၁:၄၅ | မကာရ |
| ၁:၄၅မှ ၃:၄၅ | ကုမ် |
| ၃:၄၅မှ ၅:၄၅ | မိန် |

| မေ၁၄ရက်မှဇွန်၁၄ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၂၅မှ ၇:၂၅ | ပြိဿ |
| ၇:၂၅မှ ၉:၂၅ | မေထုန် |
| ၉:၂၅မှ ၁၁:၂၅ | ကရကဋ် |
| ၁၁:၂၅မှ ၁၃:၂၅ | သိဟ် |
| ၁၃:၂၅မှ ၁၅:၂၅ | ကန် |
| ၁၅:၂၅မှ ၁၇:၂၅ | တူ |
| ၁၇:၂၅မှ ၁၉:၂၅ | ဗြိစ္ဆာ |
| ၁၉:၂၅မှ ၂၁:၂၅ | ဓနု |
| ၂၁:၂၅မှ ၂၃:၂၅ | မကာရ |
| ၂၃:၂၅မှ ၁:၂၅ | ကုမ် |
| ၁:၂၅မှ ၃:၂၅ | မိန် |
| ၃:၂၅မှ ၅:၂၅ | မိဿ |

| ဇွန်၁၅ရက်မှဇူလိုင်၁၅ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၂၀မှ ၇:၂၀ | မေထုန် |
| ၇:၂၀မှ ၉:၂၀ | ကရကဋ် |
| ၉:၂၀မှ ၁၁:၂၀ | သိဟ် |
| ၁၁:၂၀မှ ၁၃:၂၀ | ကန် |
| ၁၃:၂၀မှ ၁၅:၂၀ | တူ |
| ၁၅:၂၀မှ ၁၇:၂၀ | ဗြိစ္ဆာ |
| ၁၇:၂၀မှ ၁၉:၂၀ | ဓနု |
| ၁၉:၂၀မှ ၂၁:၂၀ | မကာရ |
| ၂၁:၂၀မှ ၂၃:၂၀ | ကုမ် |
| ၂၃:၂၀မှ ၁:၂၀ | မိန် |
| ၁:၂၀မှ ၃:၂၀ | မိဿ |
| ၃:၂၀မှ ၅:၂၀ | ပြိဿ |

| ဇူလိုင်၁၆ရက်မှသြဂုတ်၁၆ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၃၀မှ ၇:၃၀ | ကရကဋ် |
| ၇:၃၀မှ ၉:၃၀ | သိဟ် |
| ၉:၃၀မှ ၁၁:၃၀ | ကန် |
| ၁၁:၃၀မှ ၁၃:၃၀ | တူ |
| ၁၃:၃၀မှ ၁၅:၃၀ | ဗြိစ္ဆာ |
| ၁၅:၃၀မှ ၁၇:၃၀ | ဓနု |
| ၁၇:၃၀မှ ၁၉:၃၀ | မကာရ |
| ၁၉:၃၀မှ ၂၁:၃၀ | ကုမ် |
| ၂၁:၃၀မှ ၂၃:၃၀ | မိန် |
| ၂၃:၃၀မှ ၁:၃၀ | မိဿ |
| ၁:၃၀မှ ၃:၃၀ | ပြိဿ |
| ၃:၃၀မှ ၅:၃၀ | မေထုန် |

| သြဂုတ်၁၇ရက်မှစ[illegible]ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၄၀မှ ၇:၄၀ | |
| ၇:၄၀မှ ၉:၄၀ | ကန် |
| ၉:၄၀မှ ၁၁:၄၀ | တူ |
| ၁၁:၄၀မှ ၁၃:၄၀ | ဗြိစ္ဆာ |
| ၁၃:၄၀မှ ၁၅:၄၀ | ဓနု |
| ၁၅:၄၀မှ ၁၇:၄၀ | မကာရ |
| ၁၇:၄၀မှ ၁၉:၄၀ | ကုမ် |
| ၁၉:၄၀မှ ၂၁:၄၀ | မိန် |
| ၂၁:၄၀မှ ၂၃:၄၀ | မိဿ |
| ၂၃:၄၀မှ ၁:၄၀ | ပြိဿ |
| ၁:၄၀မှ ၃:၄၀ | မေထုန် |
| ၃:၄၀မှ ၅:၄၀ | ကရကဋ် |

| စက်၁၇ရက်မှအောက်၁၆ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၅၀မှ ၇:၅၀ | ကန် |
| ၇:၅၀မှ ၉:၅၀ | တူ |
| ၉:၅၀မှ ၁၁:၅၀ | ဗြိစ္ဆာ |
| ၁၁:၅၀မှ ၁၃:၅၀ | ဓနု |
| ၁၃:၅၀မှ ၁၅:၅၀ | မကာရ |
| ၁၅:၅၀မှ ၁၇:၅၀ | ကုမ် |
| ၁၇:၅၀မှ ၁၉:၅၀ | မိန် |
| ၁၉:၅၀မှ ၂၁:၅၀ | မိဿ |
| ၂၁:၅၀မှ ၂၃:၅၀ | ပြိဿ |
| ၂၃:၅၀မှ ၁:၅၀ | မေထုန် |
| ၁:၅၀မှ ၃:၅၀ | ကရကဋ် |
| ၃:၅၀မှ ၅:၅၀ | သိဟ် |

| အောက်၁၇မှနို၁၅အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၅၅မှ ၇:၅၅ | တူ |
| ၇:၅၅မှ ၉:၅၅ | ဗြိစ္ဆာ |
| ၉:၅၅မှ ၁၁:၅၅ | ဓနု |
| ၁၁:၅၅မှ ၁၃:၅၅ | မကာရ |
| ၁၃:၅၅မှ ၁၅:၅၅ | ကုမ် |
| ၁၅:၅၅မှ ၁၇:၅၅ | မိန် |
| ၁၇:၅၅မှ ၁၉:၅၅ | မိဿ |
| ၁၉:၅၅မှ ၂၁:၅၅ | ပြိဿ |
| ၂၁:၅၅မှ ၂၃:၅၅ | မေထုန် |
| ၂၃:၅၅မှ ၁:၅၅ | ကရကဋ် |
| ၁:၅၅မှ ၃:၅၅ | သိဟ် |
| ၃:၅၅မှ ၅:၅၅ | ကန် |

| နို၁၆ရက်မှဒီ၁၅ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၁၀မှ ၈:၁၀ | ဗြိစ္ဆာ |
| ၈:၁၀မှ ၁၀:၁၀ | ဓနု |
| ၁၀:၁၀မှ ၁၂:၁၀ | မကာရ |
| ၁၂:၁၀မှ ၁၄:၁၀ | ကုမ် |
| ၁၄:၁၀မှ ၁၆:၁၀ | မိန် |
| ၁၆:၁၀မှ ၁၈:၁၀ | မိဿ |
| ၁၈:၁၀မှ ၂၀:၁၀ | ပြိဿ |
| ၂၀:၁၀မှ ၂၂:၁၀ | မေထုန် |
| ၂၂:၁၀မှ ၂၄:၁၀ | ကရကဋ် |
| ၂၄:၁၀မှ ၂:၁၀ | သိဟ် |
| ၂:၁၀မှ ၄:၁၀ | ကန် |
| ၄:၁၀မှ ၆:၁၀ | တူ |

| ဒီ၁၆မှဇန်၁၃အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၃၀မှ ၈:၃၀ | ဓနု |
| ၈:၃၀မှ ၁၀:၃ | မကာရ |
| ၁၀:၃၀မှ ၁၂:၃၀ | ကုမ် |
| ၁၂:၃၀မှ ၁၄:၃၀ | မိန် |
| ၁၄:၃၀မှ ၁၆:၃၀ | မိဿ |
| ၁၆:၃၀မှ ၁၈:၃၀ | ပြိဿ |
| ၁၈:၃၀မှ ၂၀:၃၀ | မေထုန် |
| ၂၀:၃၀မှ ၂၂:၃၀ | ကရကဋ် |
| ၂၂:၃၀မှ ၂၄:၃၀ | သိဟ် |
| ၂၄:၃၀မှ ၂:၃၀ | ကန် |
| ၂:၃၀မှ ၄:၃၀ | တူ |
| ၄:၃၀မှ ၆:၃၀ | ဗြိစ္ဆာ |

| ဇန်၁၄ရက်မှ ဖေ၁၂ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၄၀မှ ၈:၄၀ | မကာရ |
| ၈:၄၀မှ ၁၀:၄၀ | ကုမ် |
| ၁၀:၄၀မှ ၁၂:၄၀ | မိန် |
| ၁၂:၄၀မှ ၁၄:၄၀ | မိဿ |
| ၁၄:၄၀မှ ၁၆:၄၀ | ပြိဿ |
| ၁၆:၄၀မှ ၁၈:၄၀ | မေထုန် |
| ၁၈:၄၀မှ ၂၀:၄၀ | ကရကဋ် |
| ၂၀:၄၀မှ ၂၂:၄၀ | သိဟ် |
| ၂၂:၄၀မှ ၂၄:၄၀ | ကန် |
| ၂၄:၄၀မှ ၂:၄၀ | တူ |
| ၂:၄၀မှ ၄:၄၀ | ဗြိစ္ဆာ |
| ၄:၄၀မှ ၆:၄၀ | ဓနု |

| ဖေ၁၃မှ မတ်၁၃ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၃၀မှ ၈:၃၀ | ကုမ် |
| ၈:၃၀မှ ၁၀:၃၀ | မိန် |
| ၁၀:၃၀မှ ၁၂:၃၀ | မိဿ |
| ၁၂:၃၀မှ ၁၄:၃၀ | ပြိဿ |
| ၁၄:၃၀မှ ၁၆:၃၀ | မေထုန် |
| ၁၆:၃၀မှ ၁၈:၃၀ | ကရကဋ် |
| ၁၈:၃၀မှ ၂၀:၃၀ | သိဟ် |
| ၂၀:၃၀မှ ၂၂:၃၀ | ကန် |
| ၂၂:၃၀မှ ၂၄:၃၀ | တူ |
| ၂၄:၃၀မှ ၂:၃၀ | ဗြိစ္ဆာ |
| ၂:၃၀မှ ၄:၃၀ | ဓနု |
| ၄:၃၀မှ ၆:၃၀ | မကာရ |

| မတ်၁၄ရက်မှဧပြီ၁၂ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၁၀မှ ၈:၁၀ | မိန် |
| ၈:၁၀မှ ၁၀:၁၀ | မိဿ |
| ၁၀:၁၀မှ ၁၂:၁၀ | ပြိဿ |
| ၁၂:၁၀မှ ၁၄:၁၀ | မေထုန် |
| ၁၄:၁၀မှ ၁၆:၁၀ | ကရကဋ် |
| ၁၆:၁၀မှ ၁၈:၁၀ | သိဟ် |
| ၁၈:၁၀မှ ၁၀:၁၀ | ကန် |
| ၂၀:၁၀မှ ၂၂:၁၀ | တူ |
| ၂၂:၁၀မှ ၂၄:၁၀ | ဗြိစ္ဆာ |
| ၂၄:၁၀မှ ၂:၁၀ | ဓနု |
| ၂:၁၀မှ ၄:၁၀ | မကာရ |
| ၄:၁၀မှ ၆:၁၀ | ကုမ် |



www.burmeseclassic.com

www.burmeseclassic.com

| | မိဿလဂ် | | ပြိဿလဂ် | | မေထုန်လဂ် | | ကရကဋ်လဂ် | | သိဟ်လဂ် | | ကန်လဂ် | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရက် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် |
| ၁ | ၀၂ : ၂၈ | ၀၃ : ၀၀ | ၀၄ : ၀၆ | ၀၄ : ၃၆ | ၀၆ : ၂၇ | ၀၆ : ၅၇ | ၀၈ : ၁၅ | ၀၈ : ၄၇ | ၀၉ : ၀၃ | ၀၉ : ၃၆ | ၁၂ : ၅၀ | ၁၃ : ၂၅ |
| ၂ | ၀၂ : ၂၅ | ၀၂ : ၅၆ | ၀၄ : ၀၂ | ၀၄ : ၃၂ | ၀၆ : ၂၃ | ၀၆ : ၅၃ | ၀၈ : ၁၁ | ၀၈ : ၄၃ | ၀၈ : ၅၉ | ၀၉ : ၃၂ | ၁၂ : ၄၇ | ၁၃ : ၂၀ |
| ၃ | ၀၂ : ၂၀ | ၀၂ : ၅၂ | ၀၃ : ၅၈ | ၀၄ : ၂၈ | ၀၆ : ၁၉ | ၀၆ : ၄၉ | ၀၈ : ၀၇ | ၀၈ : ၃၉ | ၀၈ : ၅၅ | ၀၉ : ၂၈ | ၁၂ : ၄၃ | ၁၃ : ၁၇ |
| ၄ | ၀၂ : ၁၇ | ၀၂ : ၄၈ | ၀၃ : ၅၄ | ၀၄ : ၂၄ | ၀၆ : ၁၅ | ၀၆ : ၄၅ | ၀၈ : ၀၃ | ၀၈ : ၃၆ | ၀၈ : ၅၁ | ၀၉ : ၂၄ | ၁၂ : ၃၉ | ၁၃ : ၁၃ |
| ၅ | ၀၂ : ၁၃ | ၀၂ : ၄၄ | ၀၃ : ၅၀ | ၀၄ : ၂၀ | ၀၆ : ၁၁ | ၀၆ : ၄၁ | ၀၇ : ၅၉ | ၀၈ : ၃၂ | ၀၈ : ၄၇ | ၀၉ : ၂၀ | ၁၂ : ၃၅ | ၁၃ : ၀၉ |
| ၆ | ၀၂ : ၀၉ | ၀၂ : ၄၀ | ၀၃ : ၄၆ | ၀၄ : ၁၆ | ၀၆ : ၀၇ | ၀၆ : ၃၇ | ၀၇ : ၅၆ | ၀၈ : ၂၈ | ၀၈ : ၄၃ | ၀၉ : ၁၆ | ၁၂ : ၃၁ | ၁၃ : ၀၅ |
| ၇ | ၀၂ : ၀၅ | ၀၂ : ၃၇ | ၀၃ : ၄၂ | ၀၄ : ၁၂ | ၀၆ : ၀၃ | ၀၆ : ၃၃ | ၀၇ : ၅၂ | ၀၈ : ၂၄ | ၀၈ : ၃၉ | ၀၉ : ၁၃ | ၁၂ : ၂၇ | ၁၃ : ၀၁ |
| ၈ | ၀၂ : ၀၁ | ၀၂ : ၃၃ | ၀၃ : ၃၈ | ၀၄ : ၀၈ | ၀၆ : ၀၀ | ၀၆ : ၂၉ | ၀၇ : ၄၈ | ၀၈ : ၂၀ | ၀၈ : ၃၅ | ၀၉ : ၀၉ | ၁၂ : ၂၃ | ၁၂ : ၅၇ |
| ၉ | ၀၁ : ၅၇ | ၀၂ : ၂၉ | ၀၃ : ၃၅ | ၀၄ : ၀၄ | ၀၅ : ၅၆ | ၀၆ : ၂၅ | ၀၇ : ၄၄ | ၀၈ : ၁၆ | ၀၈ : ၃၁ | ၀၉ : ၀၅ | ၁၂ : ၁၉ | ၁၂ : ၅၃ |
| ၁၀ | ၀၁ : ၅၃ | ၀၂ : ၂၅ | ၀၃ : ၃၁ | ၀၄ : ၀၀ | ၀၅ : ၅၂ | ၀၆ : ၂၁ | ၀၇ : ၄၀ | ၀၈ : ၁၂ | ၀၈ : ၂၇ | ၀၉ : ၀၁ | ၁၂ : ၁၅ | ၁၂ : ၄၉ |
| ၁၁ | ၀၁ : ၄၉ | ၀၂ : ၂၁ | ၀၃ : ၂၇ | ၀၃ : ၅၆ | ၀၅ : ၄၈ | ၀၆ : ၁၈ | ၀၇ : ၃၆ | ၀၈ : ၀၈ | ၀၈ : ၂၄ | ၀၈ : ၅၇ | ၁၂ : ၁၁ | ၁၂ : ၄၅ |
| ၁၂ | ၀၁ : ၄၅ | ၀၂ : ၁၇ | ၀၃ : ၂၃ | ၀၃ : ၅၂ | ၀၅ : ၄၄ | ၀၆ : ၁၄ | ၀၇ : ၃၂ | ၀၈ : ၀၄ | ၀၈ : ၂၀ | ၀၈ : ၅၃ | ၁၂ : ၀၈ | ၁၂ : ၄၁ |
| ၁၃ | ၀၁ : ၄၁ | ၀၂ : ၁၃ | ၀၃ : ၁၉ | ၀၃ : ၄၉ | ၀၅ : ၄၀ | ၀၆ : ၁၀ | ၀၇ : ၂၈ | ၀၈ : ၀၀ | ၀၈ : ၁၆ | ၀၈ : ၄၉ | ၁၂ : ၀၄ | ၁၂ : ၃၇ |
| ၁၄ | ၀၁ : ၃၇ | ၀၂ : ၀၉ | ၀၃ : ၁၅ | ၀၃ : ၄၅ | ၀၅ : ၃၆ | ၀၆ : ၀၆ | ၀၇ : ၂၄ | ၀၇ : ၅၆ | ၀၈ : ၁၂ | ၀၈ : ၄၅ | ၁၂ : ၀၀ | ၁၂ : ၃၃ |
| ၁၅ | ၀၁ : ၃၃ | ၀၂ : ၀၅ | ၀၃ : ၁၁ | ၀၃ : ၄၁ | ၀၅ : ၃၂ | ၀၆ : ၀၂ | ၀၇ : ၂၀ | ၀၇ : ၅၂ | ၀၈ : ၀၈ | ၀၈ : ၄၁ | ၁၁ : ၅၆ | ၁၂ : ၃၀ |
| ၁၆ | ၀၁ : ၃၀ | ၀၂ : ၀၁ | ၀၃ : ၀၇ | ၀၃ : ၃၇ | ၀၅ : ၂၈ | ၀၅ : ၅၈ | ၀၇ : ၁၆ | ၀၇ : ၄၈ | ၀၈ : ၀၄ | ၀၈ : ၃၇ | ၁၁ : ၅၂ | ၁၂ : ၂၆ |
| ၁၇ | ၀၁ : ၂၆ | ၀၁ : ၅၇ | ၀၃ : ၀၃ | ၀၃ : ၃၃ | ၀၅ : ၂၄ | ၀၅ : ၅၄ | ၀၇ : ၁၂ | ၀၇ : ၄၄ | ၀၈ : ၀၀ | ၀၈ : ၃၃ | ၁၁ : ၄၈ | ၁၂ : ၂၂ |
| ၁၈ | ၀၁ : ၂၂ | ၀၁ : ၅၃ | ၀၂ : ၅၉ | ၀၃ : ၂၉ | ၀၅ : ၂၀ | ၀၅ : ၅၀ | ၀၇ : ၀၈ | ၀၇ : ၄၀ | ၀၇ : ၅၆ | ၀၈ : ၂၉ | ၁၁ : ၄၄ | ၁၂ : ၁၈ |
| ၁၉ | ၀၁ : ၁၈ | ၀၁ : ၄၉ | ၀၂ : ၅၅ | ၀၃ : ၂၅ | ၀၅ : ၁၆ | ၀၅ : ၄၆ | ၀၇ : ၀၄ | ၀၇ : ၃၇ | ၀၇ : ၅၂ | ၀၈ : ၂၅ | ၁၁ : ၄၀ | ၁၂ : ၁၄ |
| ၂၀ | ၀၁ : ၁၄ | ၀၁ : ၄၅ | ၀၂ : ၅၀ | ၀၃ : ၂၀ | ၀၅ : ၁၂ | ၀၅ : ၄၂ | ၀၇ : ၀၀ | ၀၇ : ၃၃ | ၀၇ : ၄၈ | ၀၈ : ၂၀ | ၁၁ : ၃၆ | ၁၂ : ၁၀ |
| ၂၁ | ၀၁ : ၁၀ | ၀၁ : ၄၂ | ၀၂ : ၄၇ | ၀၃ : ၁၇ | ၀၅ : ၀၈ | ၀၅ : ၃၈ | ၀၆ : ၅၇ | ၀၇ : ၂၉ | ၀၇ : ၄၄ | ၀၈ : ၁၇ | ၁၁ : ၃၂ | ၁၂ : ၀၆ |
| ၂၂ | ၀၁ : ၀၆ | ၀၁ : ၃၈ | ၀၂ : ၄၃ | ၀၃ : ၁၃ | ၀၅ : ၀၄ | ၀၅ : ၃၄ | ၀၆ : ၅၃ | ၀၇ : ၂၅ | ၀၇ : ၄၀ | ၀၈ : ၁၄ | ၁၁ : ၂၈ | ၁၂ : ၀၂ |
| ၂၃ | ၀၁ : ၀၂ | ၀၁ : ၃၄ | ၀၂ : ၃၉ | ၀၃ : ၀၉ | ၀၅ : ၀၀ | ၀၅ : ၃၀ | ၀၆ : ၄၉ | ၀၇ : ၂၀ | ၀၇ : ၃၆ | ၀၈ : ၁၀ | ၁၁ : ၂၄ | ၁၁ : ၅၈ |
| ၂၄ | ၀၀ : ၅၈ | ၀၁ : ၃၀ | ၀၂ : ၃၆ | ၀၃ : ၀၅ | ၀၄ : ၅၇ | ၀၅ : ၂၆ | ၀၆ : ၄၅ | ၀၇ : ၁၇ | ၀၇ : ၃၂ | ၀၈ : ၀၆ | ၁၁ : ၂၀ | ၁၁ : ၅၄ |
| ၂၅ | ၀၀ : ၅၄ | ၀၁ : ၂၆ | ၀၂ : ၃၂ | ၀၃ : ၀၁ | ၀၄ : ၅၃ | ၀၅ : ၂၃ | ၀၆ : ၄၁ | ၀၇ : ၁၃ | ၀၇ : ၂၉ | ၀၈ : ၀၂ | ၁၁ : ၁၆ | ၁၁ : ၅၀ |
| ၂၆ | ၀၀ : ၅၀ | ၀၁ : ၂၂ | ၀၂ : ၂၈ | ၀၂ : ၅၇ | ၀၄ : ၄၉ | ၀၅ : ၁၉ | ၀၆ : ၃၇ | ၀၇ : ၀၉ | ၀၇ : ၂၅ | ၀၇ : ၅၈ | ၁၁ : ၁၂ | ၁၁ : ၄၆ |
| ၂၇ | ၀၀ : ၄၆ | ၀၁ : ၁၈ | ၀၂ : ၂၄ | ၀၂ : ၅၄ | ၀၄ : ၄၅ | ၀၅ : ၁၅ | ၀၆ : ၃၃ | ၀၇ : ၀၅ | ၀၇ : ၂၀ | ၀၇ : ၅၄ | ၁၁ : ၀၉ | ၁၁ : ၄၂ |
| ၂၈ | ၀၀ : ၄၂ | ၀၁ : ၁၄ | ၀၂ : ၂၀ | ၀၂ : ၅၀ | ၀၄ : ၄၁ | ၀၅ : ၁၁ | ၀၆ : ၂၉ | ၀၇ : ၀၁ | ၀၇ : ၁၇ | ၀၇ : ၅၀ | ၁၁ : ၀၅ | ၁၁ : ၃၈ |
| ၂၉ | ၀၀ : ၃၈ | ၀၁ : ၁၀ | ၀၂ : ၁၆ | ၀၂ : ၄၆ | ၀၄ : ၃၇ | ၀၅ : ၀၇ | ၀၆ : ၂၅ | ၀၆ : ၅၇ | ၀၇ : ၁၃ | ၀၇ : ၄၆ | ၁၁ : ၀၁ | ၁၁ : ၃၄ |
| ၃၀ | ၀၀ : ၃၄ | ၀၁ : ၀၆ | ၀၂ : ၁၂ | ၀၂ : ၄၂ | ၀၄ : ၃၃ | ၀၅ : ၀၃ | ၀၆ : ၂၀ | ၀၆ : ၅၃ | ၀၇ : ၀၉ | ၀၇ : ၄၂ | ၁၀ : ၅၇ | ၁၁ : ၃၀ |
| ၃၁ | ၀၀ : ၃၀ | ၀၁ : ၀၂ | ၀၂ : ၀၈ | ၀၂ : ၃၈ | ၀၄ : ၂၉ | ၀၄ : ၅၉ | ၀၆ : ၁၇ | ၀၆ : ၄၉ | ၀၇ : ၀၅ | ၀၇ : ၃၈ | ၁၀ : ၅၃ | ၁၁ : ၂၈ |



www.burmeseclassic.com

www.burmeseclassic.com

| | တူလဂ် | | ပြိဿလဂ် | | မေနလဂ် | | မကာရလဂ် | | ကုမ်လဂ် | | မိန်လဂ် | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရက် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် |
| ၁ | ၁၄ : ၁၀ | ၁၄ : ၄၂ | ၁၅ : ၁၉ | ၁၅ : ၅၀ | ၁၈ : ၄၀ | ၁၉ : ၁၀ | ၁၈ : ၄၁ | ၁၉ : ၁၁ | ၂၁ : ၁၁ | ၂၁ : ၄၅ | ၀၀ : ၁၉ | ၀၀ : ၅၃ |
| ၂ | ၁၄ : ၀၆ | ၁၄ : ၃၉ | ၁၅ : ၁၆ | ၁၅ : ၄၆ | ၁၈ : ၃၆ | ၁၉ : ၀၆ | ၁၈ : ၃၇ | ၁၉ : ၀၇ | ၂၁ : ၀၈ | ၂၁ : ၄၁ | ၀၀ : ၁၅ | ၀၀ : ၄၉ |
| ၃ | ၁၄ : ၀၃ | ၁၄ : ၃၅ | ၁၅ : ၁၂ | ၁၅ : ၄၂ | ၁၈ : ၃၂ | ၁၉ : ၀၂ | ၁၈ : ၃၃ | ၁၉ : ၀၃ | ၂၁ : ၀၄ | ၂၁ : ၃၇ | ၀၀ : ၁၁ | ၀၀ : ၄၅ |
| ၄ | ၁၃ : ၅၉ | ၁၄ : ၃၁ | ၁၅ : ၀၈ | ၁၅ : ၃၈ | ၁၈ : ၂၈ | ၁၈ : ၅၈ | ၁၈ : ၂၉ | ၁၉ : ၀၀ | ၂၁ : ၀၀ | ၂၁ : ၃၃ | ၀၀ : ၀၇ | ၀၀ : ၄၁ |
| ၅ | ၁၃ : ၅၅ | ၁၄ : ၂၇ | ၁၅ : ၀၄ | ၁၅ : ၃၄ | ၁၈ : ၂၄ | ၁၈ : ၅၄ | ၁၈ : ၂၆ | ၁၈ : ၅၆ | ၂၀ : ၅၆ | ၂၁ : ၂၉ | ၂၃ : ၅၉ | ၀၀ : ၃၇ |
| ၆ | ၁၃ : ၅၁ | ၁၄ : ၂၃ | ၁၅ : ၀၀ | ၁၅ : ၃၀ | ၁၈ : ၂၀ | ၁၈ : ၅၀ | ၁၈ : ၂၂ | ၁၈ : ၅၂ | ၂၀ : ၅၂ | ၂၁ : ၂၅ | ၂၃ : ၅၅ | ၀၀ : ၃၄ |
| ၇ | ၁၃ : ၄၇ | ၁၄ : ၁၉ | ၁၄ : ၅၆ | ၁၅ : ၂၆ | ၁၈ : ၁၆ | ၁၈ : ၄၆ | ၁၈ : ၁၈ | ၁၈ : ၄၈ | ၂၀ : ၄၈ | ၂၁ : ၂၁ | ၂၃ : ၅၁ | ၀၀ : ၃၀ |
| ၈ | ၁၃ : ၄၃ | ၁၄ : ၁၅ | ၁၄ : ၅၂ | ၁၅ : ၂၂ | ၁၈ : ၁၂ | ၁၈ : ၄၂ | ၁၈ : ၁၄ | ၁၈ : ၄၄ | ၂၀ : ၄၄ | ၂၁ : ၁၇ | ၂၃ : ၄၇ | ၀၀ : ၂၆ |
| ၉ | ၁၃ : ၃၉ | ၁၄ : ၁၁ | ၁၄ : ၄၈ | ၁၅ : ၁၈ | ၁၈ : ၀၈ | ၁၈ : ၃၈ | ၁၈ : ၁၀ | ၁၈ : ၄၀ | ၂၀ : ၄၀ | ၂၁ : ၁၃ | ၂၃ : ၄၃ | ၀၀ : ၂၂ |
| ၁၀ | ၁၃ : ၃၅ | ၁၄ : ၀၇ | ၁၄ : ၄၄ | ၁၅ : ၁၅ | ၁၈ : ၀၄ | ၁၈ : ၃၅ | ၁၈ : ၀၆ | ၁၈ : ၃၆ | ၂၀ : ၃၆ | ၂၁ : ၁၀ | ၂၃ : ၄၀ | ၀၀ : ၁၈ |
| ၁၁ | ၁၃ : ၃၁ | ၁၄ : ၀၃ | ၁၄ : ၄၀ | ၁၅ : ၁၁ | ၁၈ : ၀၀ | ၁၈ : ၃၁ | ၁၈ : ၀၂ | ၁၈ : ၃၂ | ၂၀ : ၃၂ | ၂၁ : ၀၆ | ၂၃ : ၃၆ | ၀၀ : ၁၄ |
| ၁၂ | ၁၃ : ၂၇ | ၁၃ : ၅၉ | ၁၄ : ၃၆ | ၁၅ : ၀၇ | ၁၇ : ၅၇ | ၁၈ : ၂၇ | ၁၇ : ၅၈ | ၁၈ : ၂၈ | ၂၀ : ၂၈ | ၂၁ : ၀၂ | ၂၃ : ၃၂ | ၀၀ : ၁၀ |
| ၁၃ | ၁၃ : ၂၃ | ၁၃ : ၅၅ | ၁၄ : ၃၂ | ၁၅ : ၀၃ | ၁၇ : ၅၃ | ၁၈ : ၂၃ | ၁၇ : ၅၄ | ၁၈ : ၂၄ | ၂၀ : ၂၄ | ၂၀ : ၅၈ | ၂၃ : ၂၈ | ၀၀ : ၀၆ |
| ၁၄ | ၁၃ : ၁၉ | ၁၃ : ၅၁ | ၁၄ : ၂၈ | ၁၄ : ၅၉ | ၁၇ : ၄၉ | ၁၈ : ၁၉ | ၁၇ : ၅၀ | ၁၈ : ၂၀ | ၂၀ : ၂၀ | ၂၀ : ၅၄ | ၂၃ : ၂၄ | ၂၃ : ၅၈ |
| ၁၅ | ၁၃ : ၁၅ | ၁၃ : ၄၇ | ၁၄ : ၂၄ | ၁၄ : ၅၅ | ၁၇ : ၄၅ | ၁၈ : ၁၅ | ၁၇ : ၄၆ | ၁၈ : ၁၆ | ၂၀ : ၁၆ | ၂၀ : ၅၀ | ၂၃ : ၂၀ | ၂၃ : ၅၄ |
| ၁၆ | ၁၃ : ၁၁ | ၁၃ : ၄၃ | ၁၄ : ၂၀ | ၁၄ : ၅၁ | ၁၇ : ၄၁ | ၁၈ : ၁၁ | ၁၇ : ၄၂ | ၁၈ : ၁၂ | ၂၀ : ၁၃ | ၂၀ : ၄၆ | ၂၃ : ၁၆ | ၂၃ : ၅၀ |
| ၁၇ | ၁၃ : ၀၇ | ၁၃ : ၄၀ | ၁၄ : ၁၇ | ၁၄ : ၄၇ | ၁၇ : ၃၇ | ၁၈ : ၀၇ | ၁၇ : ၃၈ | ၁၈ : ၀၈ | ၂၀ : ၀၉ | ၂၀ : ၄၂ | ၂၃ : ၁၂ | ၂၃ : ၄၆ |
| ၁၈ | ၁၃ : ၀၄ | ၁၃ : ၃၆ | ၁၄ : ၁၃ | ၁၄ : ၄၃ | ၁၇ : ၃၃ | ၁၈ : ၀၃ | ၁၇ : ၃၄ | ၁၈ : ၀၅ | ၂၀ : ၀၅ | ၂၀ : ၃၈ | ၂၃ : ၀၈ | ၂၃ : ၄၂ |
| ၁၉ | ၁၃ : ၀၀ | ၁၃ : ၃၂ | ၁၄ : ၀၉ | ၁၄ : ၃၉ | ၁၇ : ၂၉ | ၁၇ : ၅၉ | ၁၇ : ၃၀ | ၁၈ : ၀၁ | ၂၀ : ၀၁ | ၂၀ : ၃၄ | ၂၃ : ၀၄ | ၂၃ : ၃၈ |
| ၂၀ | ၁၂ : ၅၆ | ၁၃ : ၂၈ | ၁၄ : ၀၅ | ၁၄ : ၃၅ | ၁၇ : ၂၅ | ၁၇ : ၅၅ | ၁၇ : ၂၇ | ၁၇ : ၅၇ | ၁၉ : ၅၇ | ၂၀ : ၃၀ | ၂၃ : ၀၀ | ၂၃ : ၃၅ |
| ၂၁ | ၁၂ : ၅၂ | ၁၃ : ၂၄ | ၁၄ : ၀၁ | ၁၄ : ၃၁ | ၁၇ : ၂၁ | ၁၇ : ၅၁ | ၁၇ : ၂၃ | ၁၇ : ၅၃ | ၁၉ : ၅၃ | ၂၀ : ၂၆ | ၂၂ : ၅၆ | ၂၃ : ၃၁ |
| ၂၂ | ၁၂ : ၄၈ | ၁၃ : ၂၀ | ၁၃ : ၅၇ | ၁၄ : ၂၇ | ၁၇ : ၁၇ | ၁၇ : ၄၇ | ၁၇ : ၁၉ | ၁၇ : ၄၉ | ၁၉ : ၄၉ | ၂၀ : ၂၂ | ၂၂ : ၅၂ | ၂၃ : ၂၇ |
| ၂၃ | ၁၂ : ၄၄ | ၁၃ : ၁၆ | ၁၃ : ၅၃ | ၁၄ : ၂၃ | ၁၇ : ၁၃ | ၁၇ : ၄၃ | ၁၇ : ၁၅ | ၁၇ : ၄၅ | ၁၉ : ၄၅ | ၂၀ : ၁၈ | ၂၂ : ၄၈ | ၂၃ : ၂၃ |
| ၂၄ | ၁၂ : ၄၀ | ၁၃ : ၁၂ | ၁၃ : ၄၉ | ၁၄ : ၂၀ | ၁၇ : ၀၉ | ၁၇ : ၃၉ | ၁၇ : ၁၁ | ၁၇ : ၄၁ | ၁၉ : ၄၁ | ၂၀ : ၁၅ | ၂၂ : ၄၄ | ၂၃ : ၁၉ |
| ၂၅ | ၁၂ : ၃၆ | ၁၃ : ၀၈ | ၁၃ : ၄၅ | ၁၄ : ၁၆ | ၁၇ : ၀၅ | ၁၇ : ၃၆ | ၁၇ : ၀၇ | ၁၇ : ၃၇ | ၁၉ : ၃၇ | ၂၀ : ၁၁ | ၂၂ : ၄၀ | ၂၃ : ၁၅ |
| ၂၆ | ၁၂ : ၃၂ | ၁၃ : ၀၄ | ၁၃ : ၄၁ | ၁၄ : ၁၂ | ၁၇ : ၀၂ | ၁၇ : ၃၂ | ၁၇ : ၀၃ | ၁၇ : ၃၃ | ၁၉ : ၃၃ | ၂၀ : ၀၇ | ၂၂ : ၃၇ | ၂၃ : ၁၁ |
| ၂၇ | ၁၂ : ၂၈ | ၁၃ : ၀၀ | ၁၃ : ၃၇ | ၁၄ : ၀၈ | ၁၆ : ၅၈ | ၁၇ : ၂၈ | ၁၆ : ၅၉ | ၁၇ : ၂၉ | ၁၉ : ၂၉ | ၂၀ : ၀၃ | ၂၂ : ၃၃ | ၂၃ : ၀၇ |
| ၂၈ | ၁၂ : ၂၄ | ၁၂ : ၅၆ | ၁၃ : ၃၃ | ၁၄ : ၀၄ | ၁၆ : ၅၄ | ၁၇ : ၂၄ | ၁၆ : ၅၅ | ၁၇ : ၂၅ | ၁၉ : ၂၅ | ၁၉ : ၅၉ | ၂၂ : ၂၉ | ၂၃ : ၀၃ |
| ၂၉ | ၁၂ : ၂၀ | ၁၂ : ၅၂ | ၁၃ : ၂၉ | ၁၄ : ၀၀ | ၁၆ : ၅၀ | ၁၇ : ၂၀ | ၁၆ : ၅၁ | ၁၇ : ၂၁ | ၁၉ : ၂၁ | ၁၉ : ၅၅ | ၂၂ : ၂၅ | ၂၂ : ၅၉ |
| ၃၀ | ၁၂ : ၁၆ | ၁၂ : ၄၈ | ၁၃ : ၂၅ | ၁၃ : ၅၆ | ၁၆ : ၄၆ | ၁၇ : ၁၆ | ၁၆ : ၄၇ | ၁၇ : ၁၇ | ၁၉ : ၁၇ | ၁၉ : ၅၀ | ၂၂ : ၂၀ | ၂၂ : ၅၅ |
| ၃၁ | ၁၂ : ၁၂ | ၁၂ : ၄၄ | ၁၃ : ၂၁ | ၁၃ : ၅၂ | ၁၆ : ၄၂ | ၁၇ : ၁၂ | ၁၆ : ၄၃ | ၁၇ : ၁၃ | ၁၉ : ၁၄ | ၁၉ : ၄၇ | ၂၂ : [illegible]၇ | ၂၂ : ၅၀ |



www.burmeseclassic.com

www.burmeseclassic.com




# လွမ်းဖွယ့်ချစ်သူမောင်နှံ့

www.burmeseclassic.com

www.burmeseclassic.com

နာမည်ကြီး ရုပ်ရှင်မင်းသား အဆိုကျော် ခင်မောင်ရင် မွေးဖွားရာ မအူပင်မြို့နယ်နှင့် ပတ်သက်၍ ထူးဆန်းလှပါသော သတင်းထူးကြီးတစ်ခုဖြစ်ခဲ့ဖူးသည်။ ထိုသတင်းထူးကြီးသည်ကား မအူပင်မြို့တောင်ဘက် ပန်းသပွတ်ချောင်းဝတွင် တည်ရှိသည်ဟု ဆိုသော "ရွှေချိုးဖြူ မှုလခဲ"အမည်ရှိ ဥစ္စာသိုက်ကြီးအကြောင်းပင် ဖြစ်လေ၏။

သိုက်ဆရာ "သေလာယျ"ဆိုသူသည် ညီငယ်ဖြစ်သူ "ပညာသိပ္ပ"အား ခေါ်၍ ရွှေချိုးဖြူ မှုလခဲ သိုက်ကြီးအား တူးဖော်လေ၏။ သို့သော် အောင်မြင်မှု မရခဲ့သောကြောင့် နှစ်ဦးစလုံး သေပွဲဝင်ခဲ့ကြရသည်ဟူ၏။ ညီဖြစ်သူ ပညာသိပ္ပသည် ဥစ္စာစောင့်မလေး ရွှေချိုးဖြူနှင့် ဂဟေဆက် ပေါင်းဖက်၍နေသည်ဟူ၍လည်း ဆိုကြလေ၏။

ထို့ပြင် ညချမ်းအချိန်များတွင် ဆံပင် ဆံမြိတ်ကွင်းနှင့် ပန်းရောင်ပဝါကို ပေါင်း၍ ထိုးကွင်းမင်ကြောင်၊ ရင်ဘတ်တွင် ဆေးနီများ ထိုး၍ထားသော လူရည်သန့်တစ်ဦးသည် အမှတ်မထင် ရုံဖန်ရံခါရောက်လာပြီး ခြင်းဝိုင်းတွင် ရွာသားများနှင့်အတူ ဝင်ရောက်ခတ်လေ့ရှိကြောင်း၊ ထိုလူရည်သန့် လူငယ်သည် သိုက်ဆရာ သာလာယျ၏ ညီဖြစ်သူ ပညာသိပ္ပဖြစ်ပါကြောင်း ဆိုကြလေ၏။

ယင်းသတင်းသည် ကာလအတော်ကြာသော် တဖြည်းဖြည်း ပျောက်ကွယ်သွားခဲ့ပြီး ယခုအချိန်မှာတော့ ယင်းသို့သော အကြောင်းချင်းရာကို သိဖူးသူ မရှိလေတော့ဟု ဆိုလေ၏။

အနီ သိုက်သမိုင်းအကြောင်း လာရောက်ပြောသူမှာ ကျွန်ုပ်၏ မိတ်ဆွေဟောင်းကြီး ကိုဘိုးဆိုင်ဖြစ်လေ၏။

"မိတ်ဆွေကြီး ကိုဘိုးဆိုင်ရယ်၊ ထူးဆန်းတဲ့ ဇာတ်ကြောင်းလာပြောတာ အောက်မေ့လို့ နားထောင်နေတာဗျာ။ အဲဒီ ရွှေချိုးဖြူ မှုလခဲ သိုက်သမိုင်းကြောင်းကို ကျုပ်သိပြီးသလို၊ ရုပ်ရှင်တောင် ကြည့်ခဲ့ဖူးသေးဗျ။ ဒါတင် ဘယ်ကဦးမလဲ "အေးစွန်ပါ" "ရွှေစွန်ပါ" သိုက်သမိုင်းကားတွေအပြင် "ဆရာမနှင် နှစ်ဆောင်ပြိုင်"တို့၊ "ဖျာလိပ်နတ် မအောင်မြို့"တို့ကိုပါ ကြည့်ဖူးသေးဗျ"

ဟု ကျွန်ုပ်မှ မိတ်ဆွေကြီးအား စလိုနောက်လိုသဖြင့် ပြောလိုက်လေရာ မိတ်ဆွေက ကွမ်းတံတွေးများကို ထွေးခံထဲသို့ ပျစ်ခနဲထွေးလိုက်ပြီး ကွမ်းတစ်ယာကို ထပ်၍ ဝါးလေ၏။ ပြီးနောက် အာလုတ်သံကြီးဖြင့်...

"ခင်ဗျားက သူများတွေ ဖန်တီးပြီး ရိုက်ပြတဲ့ ဓာတ်ရှင်ကားတွေ ကြည့်ပြီး ပြောနေတာကိုး။ ဥစ္စာစောင့်တို့၊ သူရဲတစ္ဆေတို့ကို ကိုယ်တိုင်ကိုယ်ကျ မြင်ဖူး၊ တွေ့ဖူးလို့လား"

ဟု ကျွန်ုပ်အား ထိုးနက်သည့် စကားပြောလေ၏။ ကျွန်ုပ်ကလည်း အားကျမခံစိတ်ဖြင့်...

"တွေ့တော့ ဘယ်တွေ့ဖူးမလဲဗျာ။ ဒါနဲ့ မိတ်ဆွေကြီးကရော တွေ့ဖူးလို့လား"

"တွေ့ဖူးတာ၊ မတွေ့ဘူးတာ အသာထားလိုက်ဦး။ ဥစ္စာစောင့်ဆိုတာ ခင်ဗျားသိလား"

"ဒါကတော့ လွယ်ပါတယ်ဗျာ။ အတိတ်ဘဝက၊ သို့တည်းမဟုတ် ကူးပြောင်းခဲ့ပြီးသော ဘဝဟောင်းက ရွှေငွေရတနာတွေကို စောင့်ထိန်းနေကြသူတွေပေါ့ဗျာ"

"ဒီလောက်ပဲ သိတယ်မှတ်တယ်"

"ဒါလောက်ပါပဲဗျာ။ မိတ်ဆွေကြီးက ဆက်ရှင်းဖို့တော့ လိုတာပေါ့ မိတ်ဆွေကြီးလောက် ကျုပ်က ဗဟုသုတ မကြွယ်တာပဲဟာ"

မိတ်ဆွေကြီး ကိုဘိုးဆိုင်သည် လွန်စွာ ဗဟုသုတကြွယ်ဝသော ပုဂ္ဂိုလ်ဖြစ်လေ၏။ နယ်တကာ၊ အရပ်တကာ စုံအောင်လည်း သွားလာခဲ့ဖူးသလို ကျင့်စဉ် ကျင့်ရပ်ပေါင်းများစွာကိုလည်း သိသူဖြစ်လေ၏။ သူနှင့် တွေ့တိုင်း ကျွန်ုပ်အဖို့ ထူးခြားသော ကုန်ကြမ်းများ ရလေ၏။ ယခုလည်း ကျွန်ုပ်အား ဥစ္စာစောင့်နှင့် ပတ်သက်သော အကြောင်းချင်းရာများကို အောက်ပါအတိုင်း ပြောပြလေ၏။

ဥစ္စာစောင့်ဟူသည် ဘဝဟောင်းမှ ရွှေငွေရတနာများကို စောင့်ထိန်းကြရသူများ ဖြစ်လေ၏။ ၎င်းတို့သည် ကာမဘိဒ္ဓိ တန်ခိုးထက်မြက်ကြသူများ ဖြစ်ကြသည့်အတွက် လူသားများအား လှည့်စားနိုင်ခြင်း၊ အနှောင့်အယှက်ပြုနိုင်ခြင်း၊ လိပ်ပြာနုတ်ယူနိုင်ခြင်း စသည်တို့ကိုလည်း ပြုနိုင်စွမ်းလေ၏။

ဥစ္စာစောင့်ဘဝဖြင့် သိုက်နန်းများကို ထိန်းသိမ်းစောင့်ရှောက်၍ နှစ်ပေါင်း ရွှေ့ကြာညောင်းသဖြင့် ၎င်းတို့၏ ဘဝငြီးငွေ့လာသောကြောင့် အကြီးအကဲဖြစ်သော ဥစ္စာစောင့် ပုဂ္ဂိုလ်ကြီးများထံ နှစ်အပိုင်းအခြား စသည်ဖြင့် ကတိသစ္စာခံ၍ လူ့ဘဝ၊ လူ့လောကထံသို့ ခေတ္တခဏမျှ ရောက်ရှိလာသောသူများကို သိုက်ကြိုးမပြတ်သော ဥစ္စာစောင့်ဟု ခေါ်လေ၏။

၎င်းဥစ္စာစောင့်တို့သည် ကတိသစ္စာခံထားသော နှစ်အပိုင်းအခြား

www.burmeseclassic.com

www.burmeseclassic.com

သည့် ပြည့်စုံလျှင် ဘဝဟောင်းဖြစ်သော သိုက်နန်းသို့ လူ့ဘဝမှ စုတိကျ၍ ကူးပြောင်းသွားကြလေ၏။ ၎င်းတို့ကို သိုက်ကြိုးမပြတ်သော ဥစ္စာစောင့်သူဝင်စားဟု ခေါ်ဝေါ်လေ၏။

ဥစ္စာစောင့်ဘဝတွင် ရှိနေစဉ်၌ လူ့ဘဝ၊ လူ့အဖြစ်ကို လိုလားတောင့်တကြသဖြင့် လူ့ဘဝ၊ လူ၏ အဖြစ်ကို နေကြသော ယောက်ျား(သို့မဟုတ်) မိန်းမများကို ကာမဂုဏ်ဖြင့် လည်းကောင်း၊ ခြောက်လှန့် လှည့်ပတ်၍ လည်းကောင်း အလိုအတိုင်းပြု၍ ဖြစ်သောအချိန်တွင် ထိုလူသား၏ ဝိညာဉ်ကို နုတ်ယူခေါ်ဆောင်သွားပြီးလျှင် ၎င်းတို့၏ ဥစ္စာစောင့်နေရာ၌ ကိုယ်စားအားခဲ့ပြီး ၎င်းက လူ့ဘဝ၊ လူ့လောကသို့ လာရောက်နေထိုင်တတ်ကြလေ၏။

၎င်းတို့မှာ နှစ်အပိုင်းအခြား၊ ကတိသစ္စာဟူ၍ မရှိဘဲ လူ့ဘဝတွင် ကုသိုလ်ကောင်းမှုများကို အားထုတ်ဆည်းပူးခြင်းဖြင့် ဥစ္စာစောင့်အဖြစ်မှ ကျွတ်လွတ်ရလေတော့၏။ သို့သော်ငြားလည်း ၎င်းတို့၏ သိုက်နန်းတွင် ကြွင်းကျန်ရစ်ခဲ့သော လင်မယား၊ ညီအစ်ကို၊ အစ်မတို့သည် အမြဲထာဝစဉ်လာရောက်၍ သတိပေး ခေါ်ဆောင်နေတတ်လေ့ရှိလေ၏။ ၎င်းတို့ကို သိုက်ကြိုးပြတ်သော၊ သို့တည်းမဟုတ် ကတိသစ္စာခံထားခြင်းမရှိသော ဥစ္စာစောင့်လူဝင်စားတို့ပင် ဖြစ်လေ၏။

မိတ်ဆွေကြီးသည် ပြောဆို ရှင်းပြနေရင်း မောလာဟန်ရှိလေရာ ခေတ္တမျှ ရပ်ပြီး သောက်ရေတောင်းလေ၏။ ကျွန်ုပ်လည်း ခပ်ပေးလေ၏။ သူသည် ကွမ်းတံတွေးများကို ထွေးထုတ်ပြီး ရေဖြင့် ပလုတ်ကျင်းလေ၏။ ထို့နောက် ရေကို နှစ်ခွက်ခန့် ဆင့်သောက်လိုက်ပြီး ကွမ်းတစ်ယာကို ထုတ်၍ ပါးစောင်

“ဝေမာတိကဖြစ်တဲ့ ဥစ္စာစောင့် မိန်းမတွေဟာ များသောအားဖြင့်ပေါ့လေ၊ လူသားဖြစ်တဲ့ ယောက်ျားပျိုလေးတွေကို ကာမဂုဏ်နဲ့သော်လည်းကောင်း၊ သို့တည်းမဟုတ် ကြောက်ရွံ့ခြင်းဖြစ်စေအောင်လုပ်ပြီး သူတို့ရဲ့ အလိုဆန္ဒပြည့်ဖို့ ဖန်တီးကြတယ်၊၊ လူယောက်ျား၊ လူမိန်းမတွေကို ငေးငိုင်တွေဝေအောင် လုပ်တတ်ကြသလို၊ ငိုခြင်း ရယ်ခြင်းဖြစ်အောင်၊ ပြီးတော့ သူရူးကဲ့သို့ ဖြစ်အောင်လည်း လုပ်တတ်ကြတယ်”

အတွင်းသို့ ထည့်လိုက်လေ၏။

“မိတ်ဆွေကြီးပြောမှပဲ သိုက်ကြိုးပြတ်တာ၊ မပြတ်တာတွေ ကြားသိရတယ်ဗျာ။ ဒါနဲ့ မိတ်ဆွေကြီးကို မေးတဲ့ ဥစ္စာစောင့်နဲ့ တွေ့ဖူးလားဆိုတာ မပြောသေးဘူးနော်”

ကျွန်ုပ်သည် ရေးကွက်ရလိုသည်နှင့် မိတ်ဆွေကြီးထံ အစ်အောက်၍ မေးလေ၏။ မိတ်ဆွေကြီးမှ . . .

“ခင်ဗျားက တယ်ပြီး လောတာကိုး။ သေချာနားထောင်ပါ”

ဟု ဆိုကာ ဆက်ပြောလေ၏။

“ဥစ္စာစောင့်အစွဲဆိုတာ ရှိသေးတယ်။ အဲဒါက ဝေမာတိကဖြစ်တဲ့ ဥစ္စာစောင့် မိန်းမတွေဟာ များသောအားဖြင့်ပေါ့လေ၊ လူသားဖြစ်တဲ့ ယောက်ျားပျိုလေးတွေကို ကာမဂုဏ်နဲ့သော်လည်းကောင်း၊ သို့တည်းမဟုတ် ကြောက်ရွံ့ခြင်းဖြစ်စေအောင် လုပ်ပြီး သူတို့ရဲ့ အလိုဆန္ဒပြည့်ဖို့ ဖန်တီးကြတယ်။ လူယောက်ျား၊ လူမိန်းမတွေကို ငေးငိုင်တွေဝေအောင် လုပ်တတ်ကြသလို၊ ငိုခြင်း ရယ်ခြင်းဖြစ်အောင်၊ ပြီးတော့ သူရူးကဲ့သို့ ဖြစ်အောင်လည်း လုပ်တတ်ကြတယ်။ အဲဒီလို အတတ်ပညာနဲ့ လုပ်ထားခံနေကြရတဲ့သူတွေကို ဥစ္စာစောင့်အစွဲရှိသူတွေလို့ ခေါ်ကြတယ်”

ဟု ရှင်းပြပြီး မိတ်ဆွေကြီးသည် မျက်မြင်ကိုယ်တွေ့ဖြစ်သော ဥစ္စာစောင့်နှင့် တွေ့ခဲ့ရပုံအကြောင်းကို ပြောလေ၏။ စိတ်ဝင်စားဖွယ်၊ အံ့သြဖွယ်၊ ရင်နင့်ဖွယ်ရာလည်း ကောင်းလှပေတော့၏။

♦♦♦

တစ်ခါသော် သူသည် မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ ဘီလူးကျွန်းရှိ သူ၏ အစ်မဆီသို့ ရောက်ခဲ့လေ၏။ သူ၏ အစ်မနေအိမ်သည် ကလွိုဆိပ်ကမ်းအနီးတွင် ရှိလေ၏။ အစ်မဖြစ်သူ၏ ခင်ပွန်းသည် ရေလုပ်ငန်းများကို လုပ်ကိုင်ရင်း စီးပွားဖြစ်နေလေ၏။ အာပြဲခြောက်ဟု ခေါ်သော ငါးနုပ်ငါးများကို တံငါသည်များထံမှ ကောက်ယူနေလှန်းကာ ရန်ကုန်သို့ တင်ပို့ရောင်းချခြင်းအမှု ပြုလေ၏။ လုပ်ငန်းကြီးထွားလာသဖြင့် ယောက်ဖဖြစ်သူကိုဘိုးဆိုင်အား ကူဖော်လောင်ဖက်ရလေအောင် ခေါ်ယူခြင်းကြောင့် ကိုဘိုးဆိုင် ရောက်ခဲ့ရခြင်းဖြစ်လေ၏။

ယောက်ဖဖြစ်သူမှာ ငါးများကို ကောက်ခြင်း၊ အလုပ်သမားအချို့နှင့် နေလှန်းခြင်းပြုကာ ငါးခြောက်များအား အစည်းလိုက်၊ အထုပ်လိုက် ပြုပြီးသည့်



www.burmeseclassic.com

www.burmeseclassic.com

နှင့် ကိုဘိုးဆိုင်မှ ယင်း ငါးခြောက်စည်းများကို ဘီလူးကျွန်းမှ လှေဖြင့် မော်လမြိုင်သို့ ပို့တန်ပို့ပြီး မော်လမြိုင်မှ သထုံသို့ ထပ်၍ဖြန့်၊ ထို့နောက် ပဲခူး၊ ရန်ကုန် စသည်တို့ကို ကားဖြင့် လည်းကောင်း၊ ရထားဖြင့် လည်းကောင်း ဖြန့်ချိရလေ၏။

ရန်ကုန်ရောက်သည်အထိ လုပ်ဆောင်ပြီး ငွေများကို ချက်ချင်း သိမ်းဆည်းကာ လိုအပ်သော ကုန်ပစ္စည်းများကို ပြန်၍ဝယ်ယူရလေ၏။ အထူးသဖြင့် တူမဖြစ်သူအတွက် ဆေးဝါးများကို ဝယ်ခြမ်းရလေ၏။

ကိုဘိုးဆိုင်၏ တူမဖြစ်သူ မိချောလှသည် နာမည်နှင့် လိုက်အောင် ချောမောလှပလေ၏။ အပျိုအရွယ်သို့ ရောက်လာသောအခါ သူမ၏ ချောမောလှပသော သတင်းသည် ဘီလူးကျွန်းရွာများတွင်သာမက မော်လမြိုင် ကျိုက်ထိုသို့ပင် ပျံ့နှံ့သွားလေ၏။

တူမချောလေးကြောင့် ကိုဘိုးဆိုင်သည်လည်း မျက်နှာပွင့်လေ၏။ ခေါ်ယူကျွေးမွေးသူ များလာလေ၏။ ကိုဘိုးဆိုင်ကလည်း ထိုသို့ခေါ်ယူ ကျွေးမွေးမှုများကို မသိမဟုတ်၊ သိလေ၏။ မျက်နှာပူပူဖြင့် စားသောက်နေလေ၏။

ထိုသို့ စားသောက်နေရသော်ငြားလည်း ရင်ထဲတွင် မကောင်းလှ။ မကောင်းလှသည့် အကြောင်းရင်းကား တူမ မိချောလှသည် ယဉ်ယဉ်ကလေးနှင့် စိတ်ထွေပြားနေသူဖြစ်သောကြောင့်ပါတည်း။ ဒါကို ဘယ်လူပျို ကာလသားကမှ မသိ။ သိလျှင် ရှက်စရာဖြစ်ပေလိမ့်မည်။ ထို့ကြောင့် သူသည် မသိကျိုးကျွံပြုကာ လူပျိုလူရွယ်တို့ ကျွေးမွေးသမျှကို စားမြဲ စားသောက်လေ၏။ မကြာမကြာ ထိုလူပျိုလူရွယ်များအား သူကပင် ဒကာခံ၍ တိုက်ကျွေးလေ၏။ သူ၏ စီးပွားရေးအတွက် များစွာ အထောက်အကူရရှိ၍လည်း ဖြစ်လေ၏။

တူမလေး မိချောလှသည် ဆေးတိုက် ဆေးကျွေးပါသော်ငြား လုံးဝ ပျောက်ကင်းသည် မရှိလှ။ သက်သာသလိုကား ရှိလေ၏။ ရွာကျောင်းဆရာတော်အစ၊ အိမ်ကြွ ဘုန်းတော်ကြီးများအပါအဝင် ဗိန္ဒောဆရာများအထိ တိုင်ပင် ကုသမှုပြုလေ၏။ သူတို့၏ အဆိုအရ ပယောဂဟုလည်း ဆိုသလို၊ ဝင်နာကံနာဟုလည်း ပြောဆိုကြလေ၏။

မိချောလှ၏ ရောဂါသည်ကား ထူးခြားလှလေ၏။ စိတ်ရောဂါတစ်မျိုးဟု ဆိုနိုင်လေ၏။ သူမသည် ညမအိပ်သည်က များ၏။



"မောင်တော်ရယ်…လာပါတော့ စောင့်နေရတာ ကြာလှပေါ့"

ဟုလည်း ပြောတတ်သလို…

"အစ်ကိုတို့၊ အမေတို့ရယ်…ကျွန်မကို မခေါ်ပါနဲ့ဦး။ မောင်တော်နဲ့ တွေ့ပြီးမှ ခေါ်ချင် ခေါ်ပါ"

ဟုလည်း မကြာမကြာ ပြောဆို တတ်လေ၏။

ကြာသော် မိချောလှသည် အိမ် ရေးပျက်၊ အစားအသောက်ပျက်ကာ လုံးပါးပါးလေတော့၏။ မျက်ကွင်းတွေ ချိုင့်ဝင်ပြီး ပိန်ချုံး ပြားကပ်ဖြစ်လာ၏။ မီးယပ်ပိန် မီးယပ်ခြောက်နှင့်ပင် တူလာလေ၏။ ယောက်ဖဖြစ်သူနှင့် အစ်မဖြစ်သူတို့သည်လည်း တစ်ဦးတည်းသော သမီးချောလေးအတွက် သောက ဖြစ်ရလေ၏။

တစ်နေ့သောအခါ ပဲခူးမှ လူရွယ်လေးတစ်ယောက်သည် ဘီလူးကျွန်းသို့ အလည်ရောက်လိုကြောင်း ပြောသဖြင့် ကိုဘိုးဆိုင်မှ ခေါ်လာခဲ့လေ၏။ ကိုဘိုးဆိုင်သည် ပဲခူးရှိ လူရွယ်လေး၏ မိဘများဆိုင်သို့ ငါးခြောက်များ ပေးပို့ရင်းက လူရွယ်လေးနှင့် ခင်မင်ခဲ့ရာ ဘီလူးကျွန်း၏ အေးချမ်းသာယာမှုကို လူရွယ်လေးအား စကားမစပ် ပြောမိသဖြင့် လူရွယ်လေးက…

"ဘီလူးကျွန်းနဲ့ ပတ်သက် အိပ်မက်မက်နေတာ ကြာပြီ။ ဟိုဘ ဟောင်းက ချစ်သူတစ်ယောက်ရှိ တယ်တဲ့။ အိပ်မက်ထဲကအတိုင်း မှ ရင်တော့ ရည်းစားတစ်ယောက်တော ရနိုင်ကောင်းရဲ့"

ဟု ဆိုကာ လိုက်ပါခဲ့ခြင်း လေ၏။

လူရွယ်လေး၏ စကားကို ကို ဆိုင်က အမှတ်မထားဘဲ ပြော နောက်နေ့ကပြောဆိုခြင်း ထပ်မ



www.burmeseclassic.com

www.burmeseclassic.com

ခဲ့လေ၏။

ကိုဘိုးဆိုင်၏ ထင်မှတ်မှု များကြောင်း ဘီလူးကျွန်း ကလွီဆိပ်ရှိ သူ၏ နေအိမ်သို့ ရောက်လေမှ သိရလေတော့၏။ လူရွယ်လေးသည် ယိုင်နဲ့နဲ့ဖြစ်နေသော တူမ မိချောလှကို တွေ့သည်နှင့်···

"အန်ကယ်···အိပ်မက်ထဲမှာ တွေ့နေရသူက သူပါပဲ"

ဟု ဆိုလေရာ ကိုဘိုးဆိုင်အဖို့ ည်သို့ မျက်နှာထားရမည် မသိလေတော့။ တူမဖြစ်သူမှလည်း···

"အဲဒါ ကျွန်မ စောင့်မျှော်နေတဲ့ မောင်တော်လေ"

ဟု ဆိုပြန်လေရာ ကိုဘိုးဆိုင်ခမျာ ထပ်ဆင့်၍ မျက်နှာပူရလေတော့၏။

သို့ဖြင့် သူတို့နှစ်ဦး ချစ်သူများဖြစ်ခဲ့ရလေတော့၏။ တူမ မိချောလှသည် စိတ်အာဟာရ နာမ်အာဟာရများ ပြည့်စုံသွားလေသလား မသိချေတော့။ လူရွယ်လေးနှင့် တွေ့ပြီး ပြန်လည်ကျန်းမာလာလေ၏။ ပြန်လည်၍လည်း နုံ့ဖြိုးလှပလာလေ၏။

မည်သို့ဆိုစေ၊ မိချောလှ ပြန်လည် ကျန်းမာလာသည့်အတွက် ကိုဘိုးဆိုင်ရော၊ သူ၏ ယောက်ဖ၊ အစ်မတွေသည် ဝမ်းပန်းတသာဖြစ်ခဲ့ရသည်ကား ဆိုဖွယ်ရာ မရှိလေတော့။

ချစ်သူမောင်နှံ စုံတွဲသည်လည်း နီးမမြင် လေမမြင် ပျော်ရွှင်မဆုံးဖြစ်နေကြလေ၏။ လူရွယ်လေးသည်လည်း ပဲခူးနှင့် ဘီလူးကျွန်းသည် အိမ်ဦးနှင့် ကြမ်းပြင်လို ဖြစ်နေလေ၏။ သို့သော် သူတို့၏ ထံသို့ ကံကြမ္မာမှန်တိုင်းကား ဆိုင်းမဆင့် ဗုံမဆင့်ဘဲ အရှိန်ပြင်းစွာ ဝင်လာခဲ့သည်။

•••

တစ်နေ့သော် လူရွယ်လေး၏ မိဘများသည် ဘီလူးကျွန်းသို့ ရောက်လာလေ၏။ သူတို့၏ သားကို တံငါသည်တို့၏ သမီးနှင့် ဘယ်နည်းနဲ့မျှ မပေးစားနိုင်ဟု ရင့်သီးစွာ ဆိုလေ၏။ ထို့နောက် သူတို့သား ဘယ်မှာလဲ၊ အခုရှာပေးပါ၊ ရှာမပေးလျှင် တရားစွဲမည်ဟု ဆိုလေ၏။

ကိုဘိုးဆိုင်သည်လည်း လွန်စွာ စိတ်မကောင်းဖြစ်ရသော်ငြား ရှာပေး၊ ပို့ပေးပါမည့်အကြောင်း ပြောရလေ၏။

နက်ဖြန် လာပို့ဟု ဆိုပြီး ထွက်သွားကြလေ၏။

ဒေါသဖြစ်စွာဖြင့် ပြန်သွားကြသောသူများကို သည်းထန်စွာ ရွာနေသော မိုးပေါက်များအကြားတွင် မြင်ကွင်း ပျောက်ကွယ်သွားသည်အထိ ကိုဘိုးဆိုင် ကြည့်နေမိလေ၏။ တူမတို့အတွက်လည်း များစွာ ရင်လေးနေမိလေ၏။

ကိုဘိုးဆိုင်သည် သူမတို့ ချစ်သူနှစ်ဦး ဘယ်မှာ ရှိနေလိမ့်မည်ကို မသိမဟုတ်၊ သိနေလေ၏။ မိုးစဲလျှင် ခေါင်းဆေးကျွန်းသို့ သွားရောက်ကာ အကျိုးအကြောင်းပြောပြမည်ဟု ဆုံးဖြတ်ထားလိုက်လေ၏။ သို့ဖြင့် မိုးစဲချိန်ကို စောင့်နေလေ၏။

မိချောလှတို့ ချစ်သူမောင်နှံသည် လူရွယ်လေး၏ မိဘများ ရောက်သည်ကို သိလေ၏။ မိဘများ၏ ကြိမ်းဝါးသံကို ကြားသည့်အခါ သူတို့ချစ်ခြင်းအား ခွဲတော့မည်ဟူသော အသိကိုယ်စီဖြင့် အိမ်အနောက်ဝင်းမှ ထွက်ကာ လှေတစ်စင်းဖြင့် ခေါင်းဆေးကျွန်းသို့ သွားလေတော့၏။

ချစ်သူနှစ်ဦးသည် ကံကြမ္မာမှန်တိုင်းနှင့် ကြုံရသလို၊ ရေလယ်တွင် မိုးမုန်တိုင်းဖြင့်လည်း ကြုံတွေ့ခဲ့ရလေပြီ။ ကျရောက်လာသော မုန်တိုင်းတို့ကို အားတင်းခံကြပါသော်ငြား လှေမှောက်ကာ ရေအောက်သို့ ချစ်သူနှစ်ဦး လက်ချင်း မြဲမြဲစွာ တွဲယှဉ်လျက် ရောက်ခဲ့လေတော့၏။

သို့ဖြင့် လူရွယ်လေးအား သူ၏ မိဘများထံသို့ နက်ဖြန် ပို့ဟူသော စကားအတိုင်း ကိုဘိုးဆိုင်သည် ပဲခူးသို့ သွားရောက်ပို့ပေးခဲ့လေ၏။ သက်ရှိ လူရွယ်လေးလိုကား မဟုတ်။ သက်မဲ့ ဖြစ်နေပြီဖြစ်သော လူရွယ်လေးနှင့် တူမတို့ ချစ်သူနှစ်ဦး၏ ရင်နင့်ဖွယ် သတင်းကိုသာတည်း။

ဤရင်နင့်ဖွယ် ဖြစ်ရပ်သည် နှစ်အတော်ကြာခဲ့ပြီဖြစ်သော်ငြား ခေါင်းဆေးကျွန်းတွင် မိချောလှတို့ ချစ်သူနှစ်ဦး မကြာမကြာ ဘုရားဖူးလာကြသည်ဟူသော သတင်းကား မွှေးပျံ့နေဆဲဖြစ်လေတော့၏။

မိတ်ဆွေကြီး ပြောပြသော ဇာတ်ကြောင်း၌ သူ၏ တူမနှင့် လူရွယ်ကလေးတို့သည် ဥစ္စာစောင့်များလေလား။

"မောင်တော်နှင့် တွေ့ရင် ပြန်ခေါ်ပါ"ဟူသော စကားအတိုင်း မိချောလှအား ပြန်ခေါ်လိုက်လေရော့သလား။ တွေးဆဖွယ်ရာတည်း ■

* * *

ကိုမောင်သန်းဝင်း



www.burmeseclassic.com

www.burmeseclassic.com

# မျက်ရိုးကိုက် မျက်ရည်ပူကျ ဇက်ကြောထိုး မျက်စိကျိန်းစပ်လျှင် ပြုလုပ်ပေးရန်နည်း

နတ်မောက် မှတ်ကျောက်

ကျွန်ုပ်ကိုယ်တွေ့ လက်တွေ့ အသုံးပြုခဲ့သည့် မျက်ရိုးကိုက်ခြင်း၊ မျက်ရည်ပူကျခြင်း၊ ဇက်ကြောထိုးခြင်း၊ မျက်စိကျိန်းစပ်ခြင်းကို ၂နာရီအတွင်း လက်တွေ့ ပျောက်ကင်းသည့် နည်းလမ်း(ဆေးမြီးတို)ကို ရေးသားတင်ပြလိုပါသည်။

အသက် ၁နှစ်မှ အသက် ၄၀နှစ်အတွင်းကို ဆိုလိုပါသည်။ အသက် ၄၀ကျော်လျှင် လူတစ်ရာတွင် ကိုးဆယ်သည် မျက်ကြည်လွှာချို့ယွင်းပြီး အမြင်ကြည်လင်မှု အားနည်းကာ မျက်စိမှုန်နေတတ်ပါသည်။ တစ်နည်းအားဖြင့် အသက် ၄၀ကျော်လျှင် မျက်စိအားနည်းလာတတ်ပါသည်။ ထိုအခါ မျက်စိမှ ပါဝါမျက်မှန်အနီးအဝေးတောင်းဆို ဆန္ဒပြသည့်အနေဖြင့် မျက်ရိုးကိုက်ခြင်း၊ မျက်ရည်ပူကျခြင်း၊ ဇက်ကြောထိုးခြင်း၊ မျက်စိကျိန်းစပ်ခြင်း ဝေဒနာများ ခံစားလာရတတ်ပါသည်။ ထိုသို့ အသက် ၄၀ကျော်သဖြင့် မျက်စိအားနည်းပြီးဖြစ်သောရောဂါများအတွက် ယခု ဆေးနည်းသုံးရန်မဟုတ်ပါ။ သုံးရန် မသင့်ပါ။ အသက် ၄၀အတွင်း လူများသာ အသုံးပြု ပျောက်ကင်းသော နည်းစနစ်၊ နည်းလမ်း၊ ဆေးမြီးတိုဖြစ်ပါသည်။

အသက် ၄၀အရွယ်အတွင်း ပုဂ္ဂိုလ်များ နေပူပူတွင် ခရီးသွားများခြင်း၊ ဆီးဝမ်းဓာတ်လေ မမှန်ဘဲ ဝမ်းချုပ်၍ အပူအပုပ် အနိုးများ မျက်စိမှ မှုတ်ထုတ်သောအခါများတွင် မျက်ရိုးကိုက်ခြင်း၊ မျက်ရည်ပူကျခြင်း၊ ဇက်ကြောထိုးခြင်း၊ မျက်စိကျိန်းစပ်ကာ အလင်းရောင်ကို မကြည့်နိုင်ခြင်း၊ အမြင်ဝေဝါးမှုန်သီပြီး ကြည်လင်ပြတ်သားမှုမရှိခြင်း၊ မျက်စိကို မှိတ်ထားလိုခြင်း စသည်များ ကြုံတွေ့ဖြစ်ပေါ်ခံစားလာရတတ်ပါသည်။ ထိုသို့ ဖြစ်ပေါ်လာလျှင် အောက်ပါ နည်းလမ်းများသည် ကျွန်ုပ်ကိုယ်တွေ့ အသက် ၃၅နှစ်မှ ၄၀အတွင်း လက်တွေ့ အသုံးပြုခဲ့သော နည်းလမ်းမှန်များဖြစ်၍ ရဲဝံ့စွာ တင်ပြ အပ်ပါသည်။

ဦးစွာပထမ နံနက်စောစော အိပ်ရာမှ ထလျှင် လက် ညှိုး၊ လက်ခလယ်၊ လက်သူကြွယ်သုံးချောင်း ခပ်ကျဲကျဲ ထား၍ မီးဖိုချောင်သုံး ဆားအိုးထဲမှ ဆားပါသမျှ ကောက်ယူ ပြီး ရေအေးတစ်ခွက်ပြည့်ပြည့်နှင့် သောက်လိုက်ပါ။ ပြီး မျက်နှာသစ်၊ ကိုယ်လက်သန့်စင်ပါ။ ဝမ်းတွင်းမှ အစာဟောင်း ကို ဆေးကြောသုတ်သင်သည့်သဘောဖြစ်ပါသည်။

မျက်စဉ်းခတ်ရန်အတွက် ကွမ်းနဝါတစ်ရွက်၊ သေး လျှင် နှစ်ရွက်ယူ၍ ရေစင်စွာ ဆေးပြီး ကွမ်းရွက်မျက်နှာပြင် တွင် ရိုးရိုး အိမ်သုံးဆား ပါးပါးသုတ်လိမ်းကာ ခြေမွအရည် ညှစ်ယူပါ။ ကွမ်းရွက်စိမ်း သတ္တုရည်ဟု ခေါ်ပါသည်။ ထိုကွမ်း ရွက်စိမ်း သတ္တုရည်ကို ထမင်းအိုးအဖုံးမှ ချွေးရည်နှင့်အ[illegible] စပ်ပြီး မျက်လုံးထဲသို့ တစ်စက် နှစ်စက် သင့်တော်အောင် ခတ်ပေးပါ။

အထက်ပါအတိုင်း သုံးရက်ခန့် ဆက်တိုက်ကျင့်သုံး ပြုပေးခြင်းဖြင့် ဆီး၊ ဝမ်း၊ ဓာတ်၊ လေမှန်ကန် အပူအပုပ် ကင်းလျက် မျက်ရိုးကိုက်၊ မျက်ရည်ပူကျ၊ ဇက်ကြောထိုး၊ မျက်စိကျိန်းခြင်းတို့ ကင်းကင်းရှင်းရှင်းပျောက်ကင်းသွား မည်။ ကျွန်ုပ် လက်တွေ့ကျင့်သုံးခဲ့သောနည်းဖြစ်၍ လက်ဆောင် ကမ်း တင်ပြအပ်ခြင်းဖြစ်ပါသည်။

(မှတ်ချက်။ အသုံးပြုသော ဆားသည် အိုင်အိုဒင်း ဆားမဖြစ်ရပါ။ ရိုးရိုးဆားသာ ဖြစ်စေရပါမည်။)□

* * *

နတ်မောက်မှတ်ကျော[illegible]

www.burmeseclassic.com

www.burmeseclassic.com

( ၂၀၁၃ ခုနှစ် ဇူလိုင်လ )

# ၁၂-ရာသီခွင်နှင့် သင့်ကံတရား

တက္ကသိုလ် စိုးမိုးနိုင်

## မိဿရာသီ



ARIES

( မတ်လ (၂၁) ရက်မှ ဧပြီလ (၂၀) ရက်အတွင်း )

ထူးခြားသော ကံကြမ္မာနှင့် တွေ့ကြုံရသော ကာလဖြစ်သည်။ သင်၏ မှန်ကန်သော ဇွဲ၊ လုံ့လ၊ ဝီရိယကြောင့် ရည်ရွယ်ချက်များ ဆက်တိုက် အောင်မြင်ပါလိမ့်မည်။ ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များနှင့် အကျိုးအမြတ်ရှိပါလိမ့်မည်။ လူတစ်ယောက်၏ ကျန်းမာရေးအတွက် အရေးကြီးသော သွားကျန်းမာရေးကို ဂရုစိုက်ရမည့်ကာလပါ။ သွားကြောင့် ရောဂါဝေဒနာ မခံစားရစေရန် နေ့စဉ် နံနက်၊ ည သွားမှန်မှန်တိုက်ပါ။

ထီထိုးသင့်သောနေ့ - တနင်္ဂနွေ၊ ဗုဒ္ဓဟူး။

ရွေးချယ်ရမည့်ဂဏန်း - (၁)အစ (၉)အဆုံး။ (၄)အစ (၇)အဆုံး။

ယတြာ - အိမ်ရှိ ဘုရားမှာ ရေမွှေးနှင်းဆီ (၁၀)ပွင့်၊ အောင်သပြေ၊ ရေချမ်း၊ ပေါက်ပေါက်ဆွမ်းများ ကပ်လှူပြီး ဓမ္မစကြာဒေသနာတော်ကို ရွတ်ဖတ် ပူဇော်ပါ။

## ပြိဿရာသီ



TAURUS

( ဧပြီလ (၂၁) ရက်မှ မေလ (၂၀) ရက်အတွင်း )

သစ်လွင်သော စိတ်ကူးဆန္ဒများဖြင့် သင့်ဘဝကို လျှောက်လှမ်းနေသော ကာလဖြစ်သည်။ ထူးခြားသူတစ်ဦးထံမှ ကူညီမှု၊ ပံ့ပိုးမှုများစွာ ရရှိပါလိမ့်မည်။ ကုသိုလ်ကံ၊ ကံကြမ္မာကောင်းအားလုံးက သင့်ဘက်မှာ ရပ်တည်နေပါသည်။ ကံကောင်းသည်ထက် ကောင်းစေရန် ဘာသာတရားနှင့်အညီ နေထိုင်ပါ။ ကျန်းမာရေးအတွက် ဆေးဝါးကို ကောင်းစွာ မှီဝဲသည့်အပြင်၊ အစားအာဟာရကိုလည်း ချင့်ချိန်စားသောက်သင့်သည်။ မစားလို့ သေတာထက်၊ စားလို့ သေတာက ပိုများသောကြောင့် လျှာ၏အလိုကို မလိုက်ဘဲ တည့်သောအစာကို ရွေးချယ်စားသောက်ပါ။

ထီထိုးသင့်သောနေ့ - တနင်္လာ၊ စနေ။

ရွေးချယ်ရမည့်ဂဏန်း - (၁)အစ (၇)အဆုံး။ (၂)အစ (၄)အဆုံး။

ယတြာ - မိမိ၏မွေးနေ့မှာ တန်ခိုးကြီးဘုရားသုံးဆူဖူးပြီး အဓိဋ္ဌာန်ပုတီး ကိုးပတ်စိပ်ပါ။

## မေထုန်ရာသီ



GEMINI

( မေလ (၂၁) ရက်မှ ဇွန်လ (၂၀) ရက်အတွင်း )

မျှော်လင့်ချက်၊ မျှော်မှန်းချက်တိုင်း အောင်မြင်မည့်ကာလဖြစ်သည်။ ပြောင်းလဲမှုတစ်ခုကြုံပြီး ကံကောင်းများအားလုံး သင့်ထံ ရေ့မှောက်အရောက် ရောက်လာမည်။ အင်္ဂါနံပစ္စည်းအတွက် အကြိတ်အနယ်စကားပြောဆိုရပြီး သင့်အတွက် အကျိုးရှိပေလိမ့်မည်။ ဉာဏ်ရှိသလောက် တီထွင်ဆန်းသစ်မှုများ လုပ်ဆောင်နေပေလိမ့်မည်။ မိမိအတွက်သာမက၊ အများအတွက်ပါ အကျိုးရှိစေမည့် ကိစ္စရပ်များကို လုပ်ဆောင်ခွင့်ရရှိပေလိမ့်မည်။ ကျန်းမာရေးအတွက် မိမိပတ်ဝန်းကျင်ရှိ သူများ၏ အပြစ်ကို ရှုပြီး ဒေါသပွားမနေဘဲ မိမိခန္ဓာ၏ သဘောကို ရှုမှတ်ပွားများပါ။

ထီထိုးသင့်သောနေ့ - ဗုဒ္ဓဟူး၊ သောကြာ။

ရွေးချယ်ရမည့်ဂဏန်း - (၀)အစ (၅)အဆုံး။ (၈)အစ (၂)အဆုံး။

ယတြာ - မွေးနေ့တွင် ပထမဆုံးတွေ့သောသူတစ်ဦးကို မုန့်ဟင်းခါး၊ လက်ဖက်ရည် နှင့် အီကြာကွေး ဒါနပြုကျွေးမွေးပါ။



www.burmeseclassic.com

www.burmeseclassic.com

## ကရကဋ်ရာသီ



CANCER

( ဇွန်လ (၂၁) ရက်မှ ဇူလိုင်လ (၂၁) ရက်အတွင်း )

စိတ်ကူးယဉ် တွေဝေမှု များနေသော ကာလဖြစ်ပေလိမ့်မည်။ လုပ်ငန်းခွင်မှာသာမက၊ မိသားစုအတွင်းမှာပါ စိတ်ညစ်စရာများ တစ်ပူပေါ် တစ်ပူဆင့်နေလိမ့်မည်။ အပြောအဆိုများယွင်းပြီး စေတနာက ဝေဒနာဖြစ်ရတတ်သည်။ လုပ်ငန်းတူ ပြိုင်ဘက်များ တစ်ယောက်ထက်မက ရှိနေပေလိမ့်မည်။ လောဘကြီးမှုကြောင့် လုပ်ငန်းခွင်မှာ ဆုံးရှုံးမှုအချို့ကြုံရတတ်သည်ကို သတိပြုစေချင်သည်။ ကျန်းမာရေးအတွက် "အသက်ကို ဉာဏ်စောင့်"ဆိုသော စကားနှင့်အညီ မိမိကိုယ်မိမိ စောင့်ရှောက်ထိန်းသိမ်းပါ။ အအေးခံခြင်း၊ ပန်ကာလေ၊ အဲကွန်း လေခံခြင်းများကို လျှော့ပါ။ ရေချိုး၊ ခေါင်းလျှော် ဆင်ခြင်ပါ။

ထီးထိုးသင့်သောနေ့ - အင်္ဂါ၊ စနေ။
ရွေးချယ်ရမည့်ဂဏန်း - (၅)အစ (၇)အဆုံး၊ (၂)အစ (၄)အဆုံး။
ယတြာ - မွေးနေ့တူ သူငယ်ချင်းသုံးဦးကို ပဝါလက်ဆောင်ပေးပါ။

## သိဟ်ရာသီ



LEO

( ဇူလိုင်လ (၂၂) ရက်မှ ဩဂုတ်လ (၂၁) ရက်အတွင်း )

နွေးထွေးပျော်ရွှင်ဖွယ်ကောင်းသော အောင်မြင်မှုများ ရရှိမည့်ကာလဖြစ်သည်။ လူတကာကြားမှာ သင့်စွမ်းဆောင်ရည်များ ပေါ်ပြူလာဖြစ်နေပေလိမ့်မည်။ ပတ်ဝန်းကျင်နှင့် ရင်းရင်းနှီးနှီး နွေးနွေးထွေးထွေး ပြောဆိုဆက်ဆံတတ်ခြင်းကြောင့် လူချစ်လူခင်များနေပေလိမ့်မည်။ ရင့်ကျက်တည်ငြိမ်မှုရှိသော လုပ်ဆောင်ချက်ကြောင့် လုပ်ငန်းခွင်မှာ အဆင်ပြေနေပေလိမ့်မည်။ ကျန်းမာရေးကောင်းစေရန်အတွက် ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းကို မှန်မှန်လုပ်ဆောင်ပေးပါ။ အဆီအအိမ့်များသော အစာနှင့် ဝက်သား၊ ဘဲကင်၊ ငါးသလောက်ပေါင်း၊ ဆိတ်ကလီစာ၊ ကြက်ကလီစာ၊ ပုစွန်ထုပ်ကြီးကြီး၊ အုန်းထမင်း၊ ဒံပေါက် စသော အစာများကို ရှောင်ပါ။

BURMESE CLASSIC .com

ထီးထိုးသင့်သောနေ့ - တနင်္လာ၊ အင်္ဂါ။
ရွေးချယ်ရမည့်ဂဏန်း - (၁)အစ (၇)အဆုံး၊ (၄)အစ (၂)အဆုံး။
ယတြာ - မိမိပတ်ဝန်းကျင်ရှိ ကလေးများကို ကောက်ညှင်းပေါင်းနှင့် ငါးခြောက်ဖုတ် ကျွေးမွေးကာ ဒါနပြုပါ။

## ကန်ရာသီ



VIRGO

( ဩဂုတ်လ (၂၂) ရက်မှ စက်တင်ဘာလ (၂၂) ရက်အတွင်း )

လူ့ပ်ရှားပျော်ရွှင် အောင်မြင်နေမည့် ကာလဖြစ်သည်။ အပေါင်းအသင်းများနှင့် ပျော်ရွှင်ဖွယ် ခရီးသွားလာရပေလိမ့်မည်။ အတွေးသစ်၊ ပတ်ဝန်းကျင်သစ်နှင့် အကျိုးပေးကောင်းပေလိမ့်မည်။ ဗီရိယကို ရှေ့ဆောင်လျက် စေတနာပါပါ လုပ်ဆောင်မှုကြောင့် လုပ်ငန်းခွင်မှာ ထင်ပေါ်နေမည်။ ဝင်ငွေများစွာ ရရှိပေလိမ့်မည်။ လောဘနည်းသောကြောင့် သောကနည်းနေပေလိမ့်မည်။ ကုသိုလ်လည်းရ ဝမ်းလည်း ဝစေမည့်ကိစ္စရပ်များ လုပ်ဆောင်ခွင့်ရပေလိမ့်မည်။ ကျန်းမာရေးခေါင်ခေါင်မြည်ကောင်းပြီး မိမိအကျိုး အများအကျိုးကို ရွက်သယ်ပိုးခွင့်ရပေလိမ့်မည်။

ထီးထိုးသင့်သောနေ့ - ကြာသပတေး၊ သောကြာ။
ရွေးချယ်ရမည့်ဂဏန်း - (၃)အစ (၉)အဆုံး၊ (၆)အစ (၀)အဆုံး။
ယတြာ - အောင်သင့် အောင်ထိုက်သော အောင်မြင်မှု ရရှိစေရန် မွေးနေ့တွင် ကိုးပါးသီလခံယူပြီး ဂုဏ်တော်ကိုးပါးကို အမိဋ္ဌာန်ပုတီး ကိုးပတ်စိပ်ပါ။



www.burmeseclassic.com

www.burmeseclassic.com

တူရာသီ



LIBRA

( စက်တင်ဘာလ (၂၃) ရက်မှ အောက်တိုဘာလ (၂၂) ရက်အတွင်း )

ငါးရံ့နှစ်ကောင်ကို တစ်ပြိုင်တည်း ဖမ်းခွင့်ရသော ကာလဖြစ်သည်။ အခွင့်ထူး ကြီးကြီးမားမားနှစ်ခု တစ်ပြိုင်တည်းရရှိမည်။ စုတ်ရော လာဘ်ပါ ရရှိမည့် ကံကောင်းခြင်းရှိနေပေသည်။ ရပ်ဝေး၊ ပြည်ပနိုင်ငံများသို့ ခရီးသွားလာခွင့်ရမည်။ ခရီးသွားပြီး ကြီးပွားပေလိမ့်မည်။ လုပ်ငန်းသစ်၊ လုပ်ငန်းဟောင်း နှစ်မျိုးစလုံးမှ ဝင်ငွေထူးများ ရရှိပေလိမ့်မည်။ အရာရာကို တက်တက်ကြွကြွ လုပ်ဆောင်တတ်ခြင်းကြောင့် လုပ်ငန်းခွင်မှာ ရာထူးတိုးမြှင့်ပေလိမ့်မည်။ ကျန်းမာရေးကောင်းသည်ထက် ပိုမိုကောင်းမွန်စေရန် ရာသီပေါ် သီးနှံများကို စားသုံးပေးပါ။ ကြော်ခဲသော အစာ၊ ကောက်ညှင်းပါသော အစာတို့ကို ရှောင်ရှားပါ။

BURMESE CLASSIC .com

ထီထိုးသင့်သောနေ့ - တနင်္လာ၊ ကြာသပတေး။
ရွေးချယ်ရမည့်ဂဏန်း - (၀)အစ (၇)အဆုံး၊ (၆)အစ (၉)အဆုံး။
ယတြာ - ဘေးအန္တရာယ်အပေါင်းကို ကျော်ဖြတ်နိုင်စေရန် အိမ်ရှိ ဘုရားမှာ ဖယောင်းတိုင်သုံးခုကပ်လှူပြီး သမ္ဗုဒ္ဓေဂါထာကို ၂၇ခေါက် ရွတ်ဖတ်ပါ။

ဗြိစ္ဆာရာသီ



SCORPIS

( အောက်တိုဘာလ (၂၃) ရက်မှ နိုဝင်ဘာလ (၂၂) ရက်အတွင်း )

ဘဝတက်လမ်း တိုးတက်ခွင့်များစွာနှင့် ကြုံရသောကာလဖြစ်သည်။ လုံ့လ ဝီရိယ၏ အကျိုးကျေးဇူးကို ခံစားရပေလိမ့်မည်။ စီးပွားရေးတိုးတက်ဖို့အတွက် မိမိကိုယ်တိုင် ဦးဆောင်လျက် အင်တိုက်အားတိုက် လုပ်ဆောင်နေပေလိမ့်မည်။ မိသားစုအသိုင်းအဝိုင်းထံမှလည်း အကြံဉာဏ်နှင့် အကူအညီများစွာ ရရှိပေလိမ့်မည်။ လတ်တလောကိစ္စအတွက် ဆန်းပြားသော အတွေးသစ်တစ်ခုရရှိပေလိမ့်မည်။ မိမိကျန်းမာရေးအတွက် မည်သည့်ကိစ္စကိုပဲ လုပ်လုပ်၊ ဒေါသကို ရှေ့မထားဘဲ စေတနာ၊ မေတ္တာအပြည့်ဖြင့် လုပ်ဆောင်ပါ။ သူတော်ကောင်း နတ်ကောင်းမပြီး ကျန်းမာသည်ထက် ကျန်းမာလာပါလိမ့်မည်။

ထီထိုးသင့်သောနေ့ - အင်္ဂါ၊ စနေ။
ရွေးချယ်ရမည့်ဂဏန်း - (၀)အစ (၅)အဆုံး၊ (၇)အစ (၄)အဆုံး။
ယတြာ - မေတ္တာဘာဝနာ ပွားများပါ။ ဤလတွင် မေတ္တာသုတ်ကို နေ့စဉ်ရွတ်ဆိုပါ။

ဓနုရာသီ



SAGITTARIUS

( နိုဝင်ဘာလ (၂၃) ရက်မှ ဒီဇင်ဘာလ (၂၀) ရက်အတွင်း )

ဆင်ခြင်တုံတရား အားကောင်းနေသော ကာလဖြစ်သည်။ တောက်ပ သားနားသော ဘဝအနေအထားကို ဖော်ဆောင်နိုင်ပါလိမ့်မည်။ ပြိုင်ဘက်များစွာက သင့်အနားမှာ တစ်ယောက်ထက်မက ရှိနေသော်လည်း စစ်မှန်သော လုံ့လ၊ ဝီရိယကြောင့် ဘဝခမ်းနား ထည်ဝါသွားပါလိမ့်မည်။ လတ်တလောကိစ္စ အောင်မြင်မှုရရှိမှာ အသေအချာဖြစ်ပါသည်။ ကျန်းမာရေးကောင်းပြီး ပျော်ရွှင်သော မိသားစုဘဝကို တည်ဆောက်နိုင်ရန် အရက်သေစာသောက်စားခြင်းကို ရှောင်ရှားပါ။ ငါးပါးသီလမြဲအောင် နေထိုင်ခြင်းဖြင့် မိမိကျန်းမာရေးကို မိမိစောင့်ရှောက်ပါ။

ထီထိုးသင့်သောနေ့ - အင်္ဂါ၊ ကြာသပတေး။
ရွေးချယ်ရမည့်ဂဏန်း - (၄)အစ (၄)အဆုံး၊ (၇)အစ (၇)အဆုံး။
ယတြာ - သီလရှင်များကို ဆန်၊ ဆီ၊ ဆေးနှင့် ငွေကြေးလှူဒါန်းပါ။ သင့်ဆန္ဒများ အားလုံး ပြည့်ဝလာပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

## မကာရရာသီ



CAPRICORN

( ဒီဇင်ဘာလ (၂၁) ရက်မှ ဇန်နဝါရီလ (၁၉) ရက်အတွင်း )

အရာရာကို စိတ်ရှည်သည်းခံလျက် ဆောင်ရွက်နေသော ကာလဖြစ်သည်။ ဘဝမြင့်မြင့်သို့ တက်လှမ်းလိုသော ဆန္ဒများ ပြည့်ဝ အောင်မြင်ပါလိမ့်မည်။ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေ လုပ်ကိုင်ပြောဆိုနေပေလိမ့်မည်။ စီးပွားဥစ္စာတိုးပွားစေမည့် အလားအလာကောင်းများစွာ ရှိနေသည်။ ကြိုးစားအားထုတ်မှု၏ ဆုလာဘ်ကို မလွဲမသွေ ခံစားရပေလိမ့်မည်။ ထက်မြက်သွက်လက် ရဲရင့်ခြင်းတို့ကြောင့် လုပ်ငန်းခွင်မှာ အသိအမှတ်ပြုမှု ခံရပေမည်။ ကျန်းမာရေးအနေဖြင့် ဆရာသမားကောင်းတွေ့ပြီး ဆေးကောင်းဝါးကောင်းကို မှီဝဲခွင့်ရမည်။ ကံ-ကံ၏ အကျိုးကြောင့် ခံစားနေရသော ဝေဒနာများသက်သာပျောက်ကင်းသွားပေလိမ့်မည်။

ထီထိုးသင့်သောနေ့ - တနင်္လာ၊ ကြာသပတေး။
ရွေးချယ်ရမည့်ဂဏန်း- (၀)အစ (၈)အဆုံး၊ (၇)အစ (၂)အဆုံး။
ယတြာ - တန်ခိုးကြီးဘုရားတစ်ဆူသို့သွားပြီး သီလခံယူကာ အဖြူရောင်ပန်းများ ကပ်လှူပြီး ပရိတ်ကြီး ၁၁သုတ်ကို ရွတ်ဖတ်ပူဇော်ပါ။

## ကုမ်ရာသီ




AQUARIUS

( ဇန်နဝါရီလ (၂၀) ရက်မှ ဖေဖော်ဝါရီလ (၁၈) ရက်အတွင်း )

စိတ်ဝင်စား ရင်ခုန်နေရသော ကာလဖြစ်သည်။ လုပ်ငန်းခွင်မှာ ထူးထူးခြားခြား အစွမ်းပြခွင့်ရပေလိမ့်မည်။ အများထက် တစ်ပန်းသာသော အခွင့်ထူးတစ်ခုရရှိပြီး ဘဝထည်ဝါခန့်ညားသွားပေလိမ့်မည်။ ဗုဒ္ဓဟူးနံပစ္စည်းရောင်းဝယ်မှု အဆင်ပြေသွားလိမ့်မည်။ ပြောသကဲ့သို့ လုပ်ဆောင်တတ်ပြီး၊ လုပ်သကဲ့သို့ ပြောတတ်ပါသည်။ လူအများ၏ လေးစားယုံကြည်မှုကို ရရှိပေလိမ့်မည်။ ကျန်းမာအဆက်ရှည်ခြင်း၏ လျှို့ဝှက်ချက်တစ်ခုမှာ စိတ်လွတ်လက်လွတ် ရယ်မောခြင်းဖြစ်ပေသည်။ ထို့ကြောင့် ကျန်းမာစေရန် သောကများကို ရင်ဝယ်ပိုက်များ မထားဘဲ ပျော်ရွှင်စွာ ရယ်မောလိုက်ပါ။

ထီထိုးသင့်သောနေ့ - အင်္ဂါ၊ စနေ။
ရွေးချယ်ရမည့်ဂဏန်း- (၁)အစ (၀)အဆုံး၊ (၄)အစ (၇)အဆုံး။
ယတြာ - အိမ်ရှိဘုရားမှာ ပန်းအဖြူသုံးပွင့်၊ ရေချမ်းသုံးခွက်၊ ထီးဖြူသုံးလက်၊ ပေါက်ပေါက်ဆွမ်းသုံးပွဲ ကပ်လှူကာ ပဋ္ဌာန်းဒေသနာတော်ကို ရွတ်ဖတ် ပူဇော်ပါ။

## မိန်ရာသီ



PISCES

( ဖေဖော်ဝါရီလ (၁၉) ရက်မှ မတ်လ (၂၀) ရက်အတွင်း )

"နတ်တို့ဖန်၊ ရေကန်အသင့် ကြာအသင့်"ဆိုသကဲ့သို့ ပြည့်စုံ ကြွယ်ဝသော ကာလဖြစ်သည်။ ကိုယ်ရည်ကိုယ်သွေး ထက်မြက်တက်ကြွခြင်းကြောင့် အောင်မြင်ခြင်း လေ့ကားကြီး ဘွားခနဲပေါ်လာမည်။ ကြံသမျှ ဟန်ကျစေရန် ကူညီသူ၊ ပံ့ပိုးသူ၊ လမ်းညွှန်သူများ သင့်အနားမှာ ရှိနေပါသည်။ စာချုပ်ချုပ်ဆိုရာမှာ "နှုတ်တစ်ရာ၊ စာတစ်လုံး"ဆိုသော စကားကို မမေ့မလျော့ဘဲ သတိရှိသင့်ပါသည်။ ကျန်းမာရေးအနေဖြင့် ဗိုက်ကျကျနေထိုင်ခြင်း၊ အအေးခံခြင်းတို့ကြောင့် ချူချူချာချာဖြစ်နေရတတ်သည်။ ကျန်းမာစေရန် ရာသီဥတုနှင့်အညီ ဝတ်စားနေထိုင် စားသောက်ပါ။

ထီထိုးသင့်သောနေ့ - တနင်္လာ၊ သောကြာ။
ရွေးချယ်ရမည့်ဂဏန်း - (၀)အစ (၂)အဆုံး၊ (၇)အစ (၅)အဆုံး။
ယတြာ - ကံမြင့်၊ ကံကောင်းစေရန် တရားထိုင်ပါ။ တရားနာပါ။ တရားစာအုပ်ဖတ်ပါ။

*****



www.burmeseclassic.com